1269


မြန်မာ့
စွယ်စုံကျမ်း
ဒုတိယတွဲ

၁၉၈၅

216e



ကြေငြာချက်



ကျောင်းဖွင့်ပွဲအခမ်းအနား

ကြေငြာခြင်း

၁၄၂၉ ခုနှစ်

ပထမအကြိမ်ပုံနှိပ်ခြင်း၊ ၁၀,၀၀၀
၁၉၇၂ ခုနှစ်

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်အဖွဲ့
တွဲဘက်ညွှန်ကြားရေးမှူး ဒေါ်အုန်းကြည်က (မှတ်ပုံတင်အမှတ် ၀၂၇၁၉)ဖြင့် စာပေဗိမာန်
ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၀၃၀၂၅) ဖြင့် ထုတ်ဝေသည်။

ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် ၁၅ တွဲပြည့်သည့်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့်ထုတ်ဝေပြီးသော်လည်း စာပေဗိမာန်သည် စာပေတာဝန်ကျေပြီဟု မယူဆခဲ့ပါ။

စွယ်စုံကျမ်း ပုံနှိပ်ထုတ်ဝေသူတို့သည် စွယ်စုံကျမ်းနောက်ဆုံးအတွဲကို ပုံနှိပ်ထုတ်ဝေပြီးတိုင်း မိမိတို့ထုတ်ဝေခဲ့သော စွယ်စုံကျမ်းကို အစဉ်အမြဲခေတ်မီနေစေရန် နှစ်စဉ်လိုပင် နှစ်ချုပ်ကျမ်းများကို အဖြည့်ကျမ်းများအဖြစ် ဆက်လက်၍ ပုံနှိပ်ထုတ်ဝေခဲ့ကြသည်သာ ဖြစ်ပါသည်။

ဤလူဘောင်သမိုင်းစဉ်သည် တဖြည်းဖြည်းတရွေ့ရွေ့အားဖြင့် အဆင့်ဆင့်ပြောင်းလဲ၍ နေလေသည်။ ခေတ်ဟောင်း၊ စနစ်ဟောင်းတို့သည်လည်း တဖြည်းဖြည်းချုပ်ငြိမ်းခဲ့ပြီ ဖြစ်သည်။ ၁၉၈၁ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော ဤလူဘောင်သမိုင်းစဉ်သည် ၁၉၈၂ ခုနှစ်နှင့် မတူနိုင်တော့ချေ။ နိုင်ငံတနိုင်ငံ၏ သမိုင်းဖြစ်စဉ်ကိုကြည့်ပါ။ ၁၉၈၁ ခုနှစ်တွင် အုပ်ချုပ်ခံနယ်မြေတခုသည် ၁၉၈၂ ခုနှစ်တွင် လွတ်လပ်ရေးရသော သမ္မတနိုင်ငံဖြစ်လာသည်လည်း ရှိသည်။ နယ်မြေအမည်ပါပျောက်၍ အခြားနယ်မြေများနှင့် ပူးပေါင်းသွားသည်လည်း ရှိသည်။ အမည်သစ်ပြောင်း၍ သွားသည်လည်း ရှိသည်။ စွယ်စုံကျမ်းပါ ပုဂ္ဂိုလ်တို့အနက် အခွိုရာထူးအရှိန်အဟုန် အတက်အကျလည်း ရှိသည်။ ကွယ်လွန်သွားကြသည်လည်း ရှိသည်။ သိပ္ပံစက်မှုသမိုင်းစဉ် ပြောင်းလဲတိုးတက်သည်လည်း ရှိသည်။ ယင်းသို့သော နေ့စဉ်ပြောင်းလဲဖြစ်ပေါ်နေသည့် သမိုင်းစဉ်များကို စွယ်စုံကျမ်း ပြုစုပုံနှိပ်ထုတ်ဝေသူတို့သည် မျက်ခြည်ပြတ်မခံပဲ လေ့လာဆည်းပူး၍ နေရမည်သာဖြစ်သည်။

စွယ်စုံကျမ်းဖတ်ပရိသတ်များအား ကမ္ဘာ့သမိုင်းဖြစ်စဉ်များကို နောက်ဆုံးအခြေအနေအထိ သုတေသနပြု၍ တင်ပြရမည်မှာ စွယ်စုံကျမ်းထုတ်ဝေသူတို့၏ တာဝန်တရပ်ဟု ယူဆသည့်အတိုင်း ဗြိတိန်က စွယ်စုံကျမ်းထုတ်ဝေရေးတိုက်သည် ဗြိတိန်ကစွယ်စုံကျမ်း နှစ်ချုပ်ကိုလည်းကောင်း၊ ကမ္ဘာ့စွယ်စုံကျမ်း ထုတ်ဝေရေးတိုက်သည် ကမ္ဘာ့စွယ်စုံကျမ်းနှစ်ချုပ်ကိုလည်းကောင်း၊ ထိုမှတပါးအခြားအခြားသော စွယ်စုံကျမ်းပုံနှိပ်ထုတ်ဝေသော စာပေတိုက်ကြီးများသည် စွယ်စုံကျမ်းနှစ်ချုပ် အသီးသီးကိုလည်းကောင်း ပြုစုပုံနှိပ်ထုတ်ဝေလေ့ရှိပါသည်။

ထို့အတူပင် မြန်မာ့စွယ်စုံကျမ်းကို ပုံနှိပ်ထုတ်ဝေသော စာပေဗိမာန်သည် မြန်မာ့စွယ်စုံကျမ်းနောက်ဆုံးအတွဲကို ထုတ်ဝေပြီးသည်နှင့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ ယခု မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၂ ကို စာပေပညာရှင်များ၏ အကူအညီဖြင့် ပြုစုပုံနှိပ် ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာဝမ်းမြောက်ရပါသည်။ ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေရာ၌ ကူညီခဲ့ကြသူ စာပေပညာရှင်များကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

စာပေဗိမာန်

ဤကျမ်းကို မရွှစားမိ

အောက်ပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်း နှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတဆူအဖြစ် လွယ်ကူစွာ အသုံးပြုတတ်ပါမည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများလည်း ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၁ ခုနှစ်ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၁ ခုနှစ်ပါ အကြောင်းရပ်များနှင့် ဆက်စပ်ဖတ်ရှုနိုင်ရန် ရည်ရွယ်၍ ၁၉၈၁ နှစ်ကုန်ပိုင်းအထိ လေ့လာပြုစုဖော်ပြထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း အများအပြားပါဝင်ပါသည်။

မြန်မာ့စွယ်စုံကျမ်းများ၌ မပါခဲ့ပဲ ၁၉၇၀ ပြည့်နှစ်မတိုင်မီက ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးများကိုမူ သက်ဆိုင်ရာကျမ်းတွဲများ ပြန်လည်ပုံနှိပ်သည့်အခါ ဖြည့်စွက်ချက်များအဖြစ် ထည့်သွင်းဖော်ပြမည်ဖြစ်ပါသည်။ ဥပမာ မိုးညှင်းဆရာတော်၊ မိုးကုတ်ဆရာတော် စသည်တို့သည် ၁၉၇၀ ပြည့်နှစ်မတိုင်မီ ပျံလွန်တော်မူခဲ့သဖြင့် စွယ်စုံအတွဲ ဂ ပြန်လည်ပုံနှိပ်သည့်အခါ ဖြည့်စွက်ထည့်သွင်း ဖော်ပြမည်ဖြစ်ပါသည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သူများကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ ၁၉၈၁ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သူများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၂ တွင် ထည့်သွင်းဖော်ပြထားပါသည်။

ဤကျမ်းသည် ၁၉၈၁ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၈၂ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၁၉၈၂ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၃ ခုနှစ် ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးလေးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၈၁ ခုနှစ်အတွင်း ထင်ရှားသော ဖြစ်ရပ်များကို နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ၁၉၈၁ ခုနှစ်အတွင်းဖြစ်ပျက်ခဲ့သော ထူးခြားချက် စိတ်ဝင်စားဖွယ်ရာ အကြောင်းရပ်များကို ရွေးချယ်စိစစ်၍ ဆောင်းပါးကြီးများအဖြစ် ပြုစုတင်ပြထားပါသည်။ တတိယပိုင်း၌ မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များကို ဆောင်းပါးလေးပုဒ်ဖြင့် အကျဉ်းချုံး၍ ဖော်ပြထားပါသည်။ စတုတ္ထပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၈၁ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်းရပ်များ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာ့စွယ်စုံကျမ်းပါ အကွာရာစဉ် စနစ်အတိုင်း ဖော်ပြထားခြင်းသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲပါ အကြောင်းရပ်များနှင့် နှစ်ချုပ်ပါအကြောင်းရပ်များကို ဆက်စပ်၍ ဖတ်ရှုနိုင်ရန်ဖြစ်ပါသည်။ နှစ်ချုပ်ပါအကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အကွာရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

စာပေဗိမာန်

မာတိကာ

ကျမ်းဦးစကား

ဤကျမ်းကို မရှုစားမီ

အပိုင်း တစ်

၁၉၇၁ ခုနှစ် သတင်းဖြစ်ရပ်များ ၁

အပိုင်း နှစ်

နှစ်ချုပ် အထူးဆောင်းပါးများ

— မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ

စတုတ္ထအကြိမ် ပါတီညီလာခံ ၄၀

— ရေနံ ၅၆

— သားငှက်ဘေးမဲ့တော ၆၆

— အနောက်တိုင်း ဗိသုကာလက်ရာ ၇၆

အပိုင်း သုံး

မြန်မာနှင့် ကမ္ဘာ့မျက်မှောက်ရေးရာဆောင်းပါးများ

— တတိယအကြိမ်ပြည်သူလွှတ်တော် ၉၂

— နိုင်ငံတကာ မသန်မစွမ်းသူများနှစ် ၁၀၄

— ၁၉၇၀ – ၇၁ ခုနှစ် ကမ္ဘာ့စီးပွားရေးအခြေအနေ ၁၁၀

— အုံဖွယ်ရာ ဆေးပညာ ၁၁၈

အပိုင်း လေး

၁၉၇၁ ခုနှစ် အကြောင်းရပ်များ ၁၂၃

အကွာရာစဉ်အညွှန်း ၃၂၁


အပိုင်း တစ်

၁၉၈၁ ခုနှစ် သတင်း ဖြစ်ရပ်များ


၁၉၈၁ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာ ဖြစ်ရပ်များကို နေ့စဉ် သတင်းမှတ်တမ်းများအဖြစ် ရေးသား ပြုစုဖော်ပြထားပါသည်။

မြန်မာ့
စွယ်စုံကျမ်း
နှစ်ချုပ် (၁၉၈၂)


မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များ


















မုံအမှတ်များသည် အကြောင်းရပ်ပါ စာမျက်နှာများကို ညွှန်းပါသည်။

၁၉၈၁ ခုနှစ် သတင်း ဖြစ်ရပ်များ

ဇန္နဝါရီလ

၁

ဥရောပဘုံစျေးအဖွဲ့(အီးအီးစီ) က ဂရိနိုင်ငံအား ၁၀ နိုင်ငံမြောက် အဖွဲဝင်အဖြစ် လက်ခံသည်။

လက်ဗန္ဓနှိုင်ငံပေါ်တွင် ဆီးရီးယားနှင့် အစ္စရေး လေယာဉ်တို့ ကောင်းကင်ယံတိုက်ပွဲ ဖြစ်ပွားသည်။

၂

၁၉၈၁–၈၂ ခုနှစ် အတွက် ဝန်ကြီးအဖွဲ့ စီးပွားရေးညှိနှိုင်းမှုကော်မတီနှင့် ပြည်နယ်တိုင်း ပြည်သူကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဥက္ကဋ္ဌများ စီမံကိန်း အပြီးသတ်ညှိနှိုင်းစည်းဝေးပွဲကို ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမေရိကန်ပြည်ထောင်စု လက်အောက်တွင် နှစ်ပေါင်း ၃၀ နေခဲ့ရသော ဖိလစ်ပိုင်နိုင်ငံအရှေ့ဘက် မိုင် ၅၀၀ အကွာရှိ ပါလောကျွန်းစုသည် တိလောသမ္မတနိုင်ငံအဖြစ် လွတ်လပ်သော နိုင်ငံတနိုင်ငံ ဖြစ်လာသည်။

ပါရှင်ပင်လယ်ကွေစပ်ပွဲ စတင်ဖြစ်ပွားချိန်မှစ၍ ပိတ်ထားသော ဘဂ္ဂဒက်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ပြန်လည်ဖွင့်လှစ်ပြီးဖြစ်ကြောင်း အီရတ် လေကြောင်းဌာနက ကြေငြာသည်။



ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ် ရောက်ရှိနေသော တရုတ်ပြည်သူသမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် ကျောက်ကျိယန်အား အလုံလမ်းရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်

၄

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ၃၃ နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်။

နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းက လွတ်လပ်ရေးနေ့ညှိုခံပွဲနှင့် ညစာစားပွဲကို အလုံလမ်းသမ္မတအိမ်တော်၌ကျင်းပသည်။

တရုတ်နိုင်ငံသို့ အမေရိကန် လက်နက်များ ရောင်းချရေးကို မိမိပယ်ချခြင်း မပြုခဲ့ကြောင်းဖြင့် တရုတ် ကွန်မြူနစ်ပါတီ ဒုတိယဥက္ကဋ္ဌ တိန့်ရှောင်ဖိန်နှင့် ဆွေးနွေးအပြီးတွင် အမေရိကန် အထက်လွှတ်တော် ရီပတ်ဘလီကင် အမတ် စတီဗင်က ပြောကြားသည်။

တီဟီရန်ရှိ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ထိန်းသိမ်းထားသော အမေရိကန် သံတမန် ခေါ်းစာခံသုံးဦးကို နေရာသစ်တခုသို့ ရွှေ့ပြောင်းထားလိုက်သည်။

၅

တိဗက်၏ ဘာသာရေး ခေါင်းဆောင် ဒလိုင်လားမားသည် တိဗက်မှ အိန္ဒိယသို့ တိမ်းရှောင်နေသော ၂၂ နှစ် အတွင်း ပထမဆုံး အကြိမ်အဖြစ် နီပေါနိုင်ငံသို့ လာရောက်လည်ပတ်ခွင့် ရရှိသည်။

စင်ကာပူ ဝန်ကြီးချုပ် လီကွမ်ယူသည် အစိုးရအဖွဲ့ အတွင်း ဝန်ကြီး အပြောင်းအလဲများ ပြုလုပ်ကြောင်း ကြေငြာသည်။

အမေရိကန်နိုင်ငံတွင် နှစ်သစ်ကူး ရုံးပိတ်ရက် လေးရက်အတွင်း မြို့ပြင်လမ်းမကြီးများပေါ်၌ ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုများကြောင့် လူပေါင်း ၄၆၃ ယောက် သေဆုံးခဲ့ရကြောင်း အာဏာပိုင်များက ကြေငြာသည်။

၆

၂၂၀ ပြည့်နှစ် ကရင် နှစ်သစ်ကူးနေ့ အခမ်းအနားကို ဘားအံမြို့နယ် ပြည်သူကောင်စီရုံးရှေ့၌ စည်ကားစွာ ကျင်းပ၏။

ဖြိုတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာသည် ၁၉၇၉ ခုနှစ် မေလ၌ အစိုးရအာဏာကိုရယူပြီးသည်မှစ၍ အဖွဲဝင် ၂၂ ဦးပါဝင်သော အစိုးရအဖွဲ့အတွင်း ပထမဆုံးရာထူး အပြောင်းအလဲများ ပြုလုပ်သည်။ ကုန်သွယ်ရေးဝန်ကြီး ဂျွန်နော့သည် ကာကွယ်ရေးဝန်ကြီး ဖြစ်လာသည်။

၇

လယ်ယာနှင့် သစ်တောဝန်ကြီးဌာန သစ်လုပ်ငန်း ကော်ပိုရေးရှင်း ပရိဘောဂ စက်ရုံသစ်ဖွင့်ပွဲကို ရန်ကုန်မြို့ အလုံရှိ သစ်လုပ်ငန်းကော်ပိုရေးရှင်း ပရိဘောဂ စက်ရုံဝင်း၌ ကျင်းပသည်။

မနီလာမြို့ရှိ လစ်ဗျသံရုံးကို လစ်ဗျနှိုင်ငံသား ငါးဦးက သိမ်းပိုက်လိုက်ပြီး ပြည်သူ့ဗျူရိုအဖြစ် ပြောင်းလဲလိုက်သည်။

သတင်းဖြစ်ရပ်များ

၇

ထုမညစက်စဲစခန်းနှင့် ရေနံသာစခန်းများသို့ သွားထောက် အပန်းပြေကြမည့် စံပြလုပ်သားများအား စံပြလုပ်သားစီမံကိန်း ဗဟိုကော်မတီ အလုပ်အမှုဆောင် ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး သိန်းမြင့်က ရန်ကုန်မြို့ အင်းလျားလေး လူငယ်စခန်းဌာနတွေ့ဆုံ၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အမေရိကန် ဒုတိယ နိုင်ငံခြားရေး ဝန်ကြီး ခရစ္စတိုဖာသည် အမေရိကန်ဓားစာခံများ လွတ်မြောက်ရေး အတွက် အမေရိကန်နှင့် အိရန်တို့ ပြုလုပ်ခဲ့သော အပေးအယူကိစ္စများကို အယ်ဂျီးရီးယား အရာရှိများနှင့် ဆွေးနွေးရန် အယ်ဂျီးယားမြို့သို့ ထွက်ခွာသည်။

ရက်သတ္တတပတ်ကြာမည့် နမီးဗီးယား (အနောက်တောင် အာဖရိက) ၏ အနာဂတ်ရေးဆိုင်ရာ ညီလာခံကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းက ဖွင့်လှစ်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်း၏ အထက်တန်း လက်ထောက်တဦးသည် အာဖဂန်စိတန်အကျပ်အတည်းပြေလျှင်းရန်အတွက် ပါကစ္စတန်၊ အာဖဂန်စတန်နှင့် အိရန်တို့ ဆွေးနွေးရေးညှိနှိုင်းမှုများကို အဆိုပါနိုင်ငံသုံးနိုင်ငံမှ ကိုယ်စားလှယ်များနှင့် စတင်ဆွေးနွေးသည်။

၈

လယ်ယာ စိုက်ပျိုးရေး ကော်ပိုရေးရှင်း အသုံးချစိုက်ပျိုးရေး သုတေသန ဌာန၏ သီးနှံမျိုးစေ့ အရည်အသွေး စမ်းသပ် ဆန်းစစ်ရေး သင်တန်းဖွင့်ပွဲကို ကြို့ကုန်း အသုံးချစိုက်ပျိုးရေး သုတေသန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဗီယက်နမ်နိုင်ငံမှ ဗီသုကာများသည် "စံပျော်ဖွယ်ရာအိမ်ကေဟာ" အမည်ရှိနိုင်ငံတကာ ဗီသုကာလက်ရာပြိုင်ပွဲတွင် အပူပိုင်းဒေသ အိမ်ပုံစံဆု တဆုကို ဆွတ်ခူးသည်။

၉

၁၉၇၉-၈၀ ခုနှစ်အတွက် ရွှေချယ်ခြင်းခံရသော ဆိုရှယ်လစ်လုပ်သားကောင်းများနှင့် စံပြလုပ်သားများအား ဆုတံဆိပ်နှင့် ဆုလက်မှတ်များ ချီးမြှင့်သည့်အခမ်းအနားကို လူငယ်အင်းလျားလေးစခန်း၌ ကျင်းပသည်။

အင်ဒိုနီးရှားနိုင်ငံ အမျိုးသမီးလူမှုရေး ပညာရှင် မစ္စက်တီတီမိမက်တာနုမိယာယာသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်ထားသော ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်) ၏ အရှေ့အာရှဒေသ ရုံးခွဲတွင် ပထမဆုံး အမျိုးသမီးအကြီးအကဲတဦးဖြစ်လာသည်။

၁၀

ရန်ကုန်တိုင်းတရား သူကြီး အဖွဲ့နှင့် တိုင်းအတွင်းရှိ မြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌများ တွေ့ဆုံ၍ တရားစီရင်ရေး လုပ်ငန်း စီမံခန့်ခွဲရေးလုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို တိုင်းတရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၁၁

ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ငြိမ်းနှင့် အဖွဲ့သည် မန္တလေးတိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးချစ်စိန်နှင့်အတူ မန္တလေးမြို့နယ် လေးမြို့နယ်ရှိ မြို့နယ် ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့်တွေ့ဆုံကာ ပညာရေး လုပ်ငန်းများ ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပသည်။

၁၂

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနဝန်ကြီး သူရဦးထွန်းတင်သည် ကချင်ပြည်နယ် ပြည်သူ့ကောင်စီ အစည်းအဝေး ခန်းမ၌ ကချင် ပြည်နယ် စီးပွားရေးကိစ္စများ ညှိနှိုင်းဆွေးနွေးသည်။

၁၃

ဂုန်လျော် ထုတ်လုပ်သော နိုင်ငံများနှင့် ဝယ်ယူသုံးစွဲသော နိုင်ငံများ တက်ရောက်ဆွေးနွေးကြသည့် သုံးပတ်ကြာ ကျင်းပမည့် နိုင်ငံတကာဂုန်လျော်ညီလာခံကို ဂျီနီဗာမြို့၌ စတင်ကျင်းပ၏။

လစ်ဗျာနှင့် ချဒ်နိုင်ငံ ပေါင်းစည်းရေးကိစ္စကို တိုဂိုနိုင်ငံ လိုမေမြို့တွင် အာဖရိက နိုင်ငံအကြီးအကဲ ၁၁ ဦးနှင့် နိုင်ငံခြားရေး ဝန်ကြီးနှစ်ဦးတို့ တွေ့ဆုံဆွေးနွေးကြသည်။

သတင်းဖလှယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် လောနိုင်ငံနှင့် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) တို့ သဘောတူညီသည်။

၁၅

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ် ထွက်ရှိနေသော ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီယွန်အုတ်နှင့် အဖွဲဝင်များသည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခ အား ဝန်ကြီးချုပ်ရုံးခန်းမ၌ သွားထောက် တွေ့ဆုံနှုတ်ဆက်သည်။

သိရီလင်္ကာဝန်ကြီးချုပ်ဟောင်း မစ္စက် သိရီမာဗို ဘန္ဒာရနိုက်ကေး အပေါ် တွင် သမ္မတကဖွဲ့စည်းပေးထားသော ကော်မရှင်၏ တွေ့ရှိချက်အရ ပြည်သူ့အခွင့်အရေးများ ချုပ်သိမ်းခဲ့ခြင်းနှင့် စပ်လျဉ်း၍ အယူခံလွှာ တင်သွင်းခဲ့ခြင်းကို သိရီလင်္ကာနိုင်ငံ တရားရုံးချုပ်က ပယ်ချသည်။

၁၆

မြန်မာနိုင်ငံတွင် ထောက်ရှုနေသော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့ သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီယွန်အုတ်နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခတို့သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးလေးမောင်နှင့်အတူ ပုဂံညောင်ဦးသို့ သွားထောက် လေ့လာသည်။

တိဟိရန် အာဏာပိုင်များသို့ ပြန်လည်လွှဲပြောင်း ပေးနိုင်ရန်အတွက် ထိန်းချုပ်ထားသော အီရန်ပိုင် ငွေကြေးပစ္စည်းများကို ရွှေပြောင်းပေးရန် ဝါရှင်တန်က စတင်ဆောင်ရွက်သည်။

၁၇

ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီယွန်အုတ်နှင့် အဖွဲဝင်များသည် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

ဒီမိုကရက်တစ် ကိုရီးယားပါတီ (ဒီကေပီ)က ပါတီ၏ သမ္မတလောင်းအဖြစ် ယိုချီဆွန်အား ရွေးချယ်သည်။

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့သည် ရှစ်နှစ်ကြာလာပြီ ဖြစ်သော စစ်အုပ်ချုပ်ရေးကို ပြန်လည်ရုပ်သိမ်းသည်။

တိုက်ချင်းပစ်ဒုံးပျံကို ဖျက်ဆီးပစ်နိုင်သည့် လေဆာရောင်ခြည် လက်နက်ကို အမေရိကန် လေတပ်က အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပြီဟု ကြေငြာသည်။

၁၈

အာဖဂန်စတန်နိုင်ငံတွင် အခြေအနေများ ပိုမို တည်ငြိမ်လာပြီဖြစ်ရာ ပါကစ္စတန်သို့ ရောက်ရှိနေကြသော အာဖဂန်စတန် ဒုက္ခသည် ၁၀သန်း ၄ သန်းတို့ကို အာဖဂန်စတန်သို့ ပြန်လာကြရန် အာဖဂန်စတန်အစိုးရက ဖိတ်ခေါ်သည်။

၁၉

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးလေးမောင်သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး လေတပ်ဗိုလ်ချုပ်ကြီး ဆစ်ဒီဆာဝက်ဆီလာ၏ ဖိတ်ကြား ချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသည်။

ဟောင်ကောင်မြို့ဆိပ်ကမ်း၌ နယ်သာလင်နိုင်ငံ၏ ပထမဆုံးသော ရေပေါ်ပြပွဲအဖြစ် "ဟော်လန်အိပ်စပို – ၈၁" ကို ဟောင်ကောင်ဘုရင်ခံ ဆာမာရေမက်လီဟ္ဝီက ဖွင့်လှစ်ပေးသည်။


အီရန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် အမေရိကန် ဓားစာခံ ၅၂ ဦး ပြန်လွှတ်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။

ဆိုဗီယက်ပြည်ထောင်စုသည် ဆော့–၂ စာချုပ်ကို ပလပ်စေမည့် လက်နက်ကန့်သတ်ရေး ဆွေးနွေးပွဲဆိုလျှင် မည်သည့် ဆွေးနွေးပွဲသို့မျှ တက်ရောက်လိမ့်မည် မဟုတ်ဟု ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုက ကြေငြာသည်။

၂၀

မစ္စတာ ရော်နယ်ရေဂင်သည် အမေရိကန်ပြည်ထောင်စု၏ ၄၀ ကြိမ်မြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

အီရန်နိုင်ငံတွင် ၄၄၄ ရက်ကြာမျှ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသော အမေ



အမေရိကန် ပြည် ထောင် စု ၏ သမ္မတ အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုနေသော မစ္စတာ ရော်နယ်ရေဂင်

အီရန်အာဏာပိုင်များက ပြန်လွှတ်ပေးလိုက်၍ အမိနိုင်ငံသို့ပြန်လည်ရောက်ရှိလာကြသော ဓားစာခံ အမေရိကန် သံအမှူထမ်းများ

ရိကန် သံအမှူထမ်း ၅၂ ဦးကို တီဟီရန် အာဏာပိုင်များက ပြန်လွှတ်ပေးသည်။

၂၁

အီရန်နိုင်ငံမှ ပြန်လွှတ်လိုက်သော အမေရိကန် ဓားစာခံ ၅၂ ဦးအား အမေရိကန် သမ္မတဟောင်း ဂျင်မီကာတာက တွေ့ဆုံသည်။

ဖြိုတိန်နိုင်ငံသည် ပိုလန်နိုင်ငံ၏ စီးပွားရေး ပြဿနာများကို ကူညီဖြေရှင်းနိုင်ရန် နှစ်တိုအစီအစဉ်တရပ်အနေဖြင့် ပိုလန်နိုင်ငံသို့ စုစုပေါင်း စတာလင်ပေါင် သုံးကုဋေ (ဒေါ်လာ ၄၂ သန်း) ထုတ်ချေးသည်။

၂၂

ဂျပန်နိုင်ငံအစိုးရက ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ်နှင့် မေမြို့ရှိ အော်တိုတယ်လီဖုန်းအိပ်ချိန်းများတွင် လိုအပ်သော ထိန်းသိမ်းရေး အပိုပစ္စည်းများ ရယူရေးအတွက် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရသို့ ယန်း ၃၅ သန်း(ကျပ် တသန်းခန့်) ထောက်ပံ့ရေး စာချုန်လွှာ လက်မှတ်ရေးထိုးပွဲကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်ရှိန်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာမာဆာတာဒါတာချိဘာနာတို့က နှစ်နိုင်ငံ ကိုယ်စားလက်မှတ်ရေးထိုးသည်။



ပြင်သစ်နှင့်အစ္စရေးတို့၏ သဘောထားကွဲလွဲမှုများကို လေးနက်ပွင့်လင်းစွာ ဆွေးနွေးပြီး အမြင်ချင်း ဖလှယ်ခဲ့ကြသည်ဟု အစ္စရေး လေဘာပါတီခေါင်းဆောင် ရှီမွန် ပီရတ်က ပြင်သစ်သမ္မတ ဂျစ်စကတ်ဒင်စတိုင်းနှင့် ဆွေးနွေးပြီး ပြောကြားသည်။

၂၃

အမေရိကန် သမ္မတသစ် ရေဂင်က အစိုးရ အသုံးစရိတ်တွင် ဒေါ်လာ သန်း ၃၀၀ ဖိုးခန့် ဖြတ်တောက်ပစ်ရန် အမိန့်ပေးသည်။

သေဒဏ်အပြစ်ပေးခံရသော ကိုရီးယားသမ္မတနိုင်ငံ အတိုက်အခံ ခေါင်းဆောင် ကင်ဒေယုံအား သေဒဏ် အပြစ်အစား တသက်တကျွန်း အပြစ်ဒဏ်သို့ သမ္မတချုန် ဒူးဝှမ်က လျှော့ပေါ့ပေးသည်။

၂၄

သမ္မတ ပတ်ချုံဟီး အသတ်ခံခဲ့ရပြီးသည့် နောက် လွန်ခဲ့သည့် ၁၅ လမှစ၍ တောင်ကိုရီးယား တနိုင်ငံလုံးတွင် သတ်မှတ်ခဲ့သော စစ်အုပ်ချုပ်ရေးအာဏာကို တောင်ကိုရီးယားသမ္မတ ချုန်ဒူးဝှမ်က ရုပ်သိမ်းသည်။

နမီးဗီးယား လွတ်မြောက်ရေးအတွက် အရေးပေါ် ရန်ပုံငွေထူထောင်ရန် ကိစ္စကို အာဖရိက ညီညွတ်ရေးအဖွဲ့ (အိုအေယူ)

အစည်းအဝေး၌ လွှတ်မြောက်ရေး ကော်မတီက သဘောတူလက်ခံသည်။

လွန်ခဲ့သော ၁၅ လကျော် အချိန်ကာလမှစ၍ ငတ်မွတ် ခေါင်းပါးမှု ဘေးအန္တရာယ် ခြိမ်းခြောက်မှုကို ခံခဲ့ကြရသော ကမ်ပူးချား ပြည်သူတို့အတွက် အနောက်နိုင်ငံများမှ အစားအစာ ပေးပို့နေမှုကို ပထမဆုံးအကြိမ်အဖြစ် ရပ်ဆိုင်းလိုက်သည်။

၂၅

၁၉၇၀ ပြည့်နှစ် ဓမ္မာစရိယနှင့် ပါဠိ ပထမပြန် မဟာဘွဲ့နှင်းသဘင်၊ စူဠဘွဲ့နှင်းသဘင်နှင့် အဘိဓမ္မာ ဝိသုဒ္ဓိမဂ် ဆုနှင်းသဘင် အခမ်းအနားကို မန္တလေးမြို့ မဟာမုနိ ၄၅ တာအတွင်းရှိ ရတနာဗိမာန်အဆောက်အအုံ၌ ကျင်းပသည်။

ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ် သွားရောက်ခဲ့သော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးလေးမောင်သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၂၉ ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်း ဘောလုံး အသင်းက ပဲခူးတိုင်းဘောလုံးအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

အီရန်နိုင်ငံတွင် ရက်ပေါင်း ၄၄၄ ရက်ကြာ ဖမ်းဆီးခံရပြီး လွှတ်မြောက်လာသော အမေရိကန် ဓားစာခံ ၅၂ ဦးသည် အမေရိကန်နိုင်ငံသို့ ပြန်လည်ဆိုက်ရောက်သည်။

ကွယ်လွန်သူ မော်စီတုန်း၏ဇနီး ချန်ချင်းနှင့် ရှန်ဟဲမြို့တော်ဝန်ဟောင်း ကျန်းချင်းချောင်တို့အား ဆိုင်းငံ့ ကာလ နှစ်နှစ်ဖြင့် သေဒဏ်ချမှတ်သည်။

တတိယအကြိမ်မြောက် အစ္စလာမ် ထိပ်သီးညီလာခံကို ဆအူးဒီအာရေဗျ ဘုရင် ခါလစ်က ဖွင့်လှစ်ပေးသည်။

၂၆

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၏ ဖိတ်ကြားချက်အရ ငါးရက်ကြာ ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် တရုတ် ပြည်သူသမ္မတ နိုင်ငံနိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် ကျောက်ကျီယန်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ပါလက်စတိုင်း လူမျိုးများ၏ ခွဲခြားရှိမရနိုင်သည့် အခွင့်အရေးများကို ဖော်ပြထုတ်ဝေသော ကုလသမဂ္ဂ တံဆိပ်ခေါင်းသည် အကြမ်းဖက် ဝါဒအား တရားဝင်အောင် ဆောင်ရွက်ခြင်းမဟုတ်သည့်အပြင် မည်သည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ၏ တရားဝင်အခွင့်အရေးကိုမျှ ထိခိုက်အောင်ပြုလုပ်ခြင်းမဟုတ်ကြောင်း ကြေငြာသည်။

၂၂

တရုတ်ပြည်သူသမ္မတနိုင်ငံက ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်မှ ဆန်တန်ချိန် ၈၀,၀၀၀ ဝယ်ယူမည့် အရောင်းအဝယ်စာချုပ် လက်မှတ် ရေးထိုးပွဲကို မြန်မာ့ ထုတ်ကုန်သွင်းကုန် ကော်ပိုရေးရှင်းခန်းမ၌ ကျင်းပသည်။

၂၈

နေ ကြတ် ခြင်း ကြောင့် မျိုး ဆက် ပေါက်ပွားမှု ဖောက်ပြန်ပြောင်းလဲမှု ဖြစ်ခဲ့ရသည့် ပထမဆုံးအထောက်အထားကို အိန္ဒိယသိပ္ပံပညာရှင်များက ဖော်ပြကြသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ် ဗားဟိုင်းက ဆအူးဒီအာရေဗျဘုရင် ခါလစ်အား ကမ္ဘာ့ငြိမ်းချမ်းရေး ဆောင်ရွက်မှုအတွက် ကုလသမဂ္ဂ ရွှေတံဆိပ် ဆုကို ချီးမြှင့်သည်။

၂၉

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးဦးနေဝင်းသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ် ပြည်သူသမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် ကျောက်ကျီယန်အား အလုံလမ်းရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ဂမ္ဘီယာနိုင်ငံမှ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးဌာန ဒုတိယဝန်ကြီး မစ္စတာ ကီမိုးစန်နေ ခေါင်းဆောင်၍ အဖွဲ့ဝင်နှစ်ဦးပါသည့် ကိုယ်စားလှယ် အဖွဲ့သည် ဆန် အရောင်းအဝယ် ကိစ္စများ ဆွေးနွေးရန် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ရန်ကုန် မြို့တော်ခန်းမတွင် တနှစ်တာ ရပ်နားခဲ့သည့် ပြည်ထောင်စုအလံတော်ကို ၃၄ နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် သယ်ယူရေးအတွက် ယနေ့ ညနေ ၆ နာရီတွင် မြို့တော်ခန်းမရှေ့ရှိမဟာဗန္ဓုလပန်းခြံအတွင်း အသင့် ဆောက်လုပ်ထားသောစင်မြင့်ပေါ်ရှိ ငွေဖလားဌာန ရန်ကုန်မြို့တော်ဝန်ကိုယ်စား မြို့တော် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိချုပ် ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်သုန်က စိုက်ထူသည်။

စပိန်နိုင်ငံအား အာဏာရှင် နိုင်ငံမှ ဒီမိုကရေစီ နိုင်ငံအဖြစ်သို့ လမ်းညွှန်ခဲ့သူ ဝန်ကြီးချုပ် ဆွာရက်သည် ထုတူးမှ နုတ်ထွက်လိုက်ပြီး ၎င်း၏နုတ်ထွက်စာကို စပိန်ဘုရင် ဝှမ်ကာလို့က လက်ခံသည်။

၃၀

ည့်သည်တော် တရုတ်ပြည်သူသမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် ကျောက်ကျီယန်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသွားကြသည်။

ပြည်ထောင်စုအလံတော်သည် ပြည်နယ်နှင့်တိုင်းများသို့ လှည့်လည်ရန် ယနေ့နံနက်က ရန်ကုန်လေဆိပ်မှ လေကြောင်းခရီးဖြင့် စတင်ထွက်ခွာရာ မုန်းလဲပိုင်းတွင် တနသာရီတိုင်း ထားဝယ်မြို့သို့ ရောက်ရှိသည်။

စပိန်ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်သွားသော ဆွာရက်၏နေရာ၌ အစားထိုးခန့်ရန် ဒုတိယ ဝန်ကြီးချုပ် ဆိုတဲလိုကို စပိန်နိုင်ငံ၏ အာဏာရ ဒီမိုကရက်တစ် ပဟိုသမဂ္ဂ(ယူစီဒီ)က ရွေးချယ်သည်။

တရုတ်ဝန်ကြီးချုပ် ကျောက်ကျီယန်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ လေးရက်ကြာခရီးအဖြစ် ရောက်လာပြီးနောက် ထိုင်း ဝန်ကြီးချုပ် ပရမ်တင်ဆူလာနွန်ဒါနှင့် တွေ့ဆုံကာ ကမ်ပူးချား အရေးကိစ္စကို စတင်ဆွေးနွေးသည်။

ကုလသမဂ္ဂ ဆိုင်ရာ အမေရိကန် ပြည်ထောင်စု၏ သံအမတ်ကြီး အဖြစ် တက္ကသိုလ် ပါမောက္ခတဦးဖြစ်သူ မစ္စက်ဂျင်းကတ်ပက်ထရစ် အား ခန့်အပ်သည်။ သမ္မတရေဂင်၏အစိုးရအဖွဲ့တွင် တဦးတည်းသော ဒီမိုကရက်တစ်ပါတီဝင် အမျိုးသမီး ဖြစ်သည်။

၃၁

၃၄ နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သည် ရောဝတီတိုင်း ပုသိမ်မြို့သို့ ရောက်ရှိသည်။

ဖေဖွာရီလ

၁

ပြည်ထောင်စုအလံတော် ရ ခိုင် ပြည် နယ် သံတွဲမြို့သို့ ရောက်ရှိသည်။

အီရန်နိုင်ငံသည် ဂျော်ဒန်နိုင်ငံ၊ မော် ရော့ကိုနိုင်ငံတို့နှင့် သံတမန်အဆက်အသွယ် များ ဖြတ်တောက်လိုက်သည်။

၂

ပြည်ထောင်စု အလံတော် မကွေး တိုင်း မကွေးမြို့သို့ ရောက်ရှိသည်။

ကုလသမဂ္ဂ လူအခွင့်အရေး ကော်မတီ ၃၇ ကြိမ်မြောက် အစည်းအဝေးကိုစတင် ကျင်းပပြီး ဗဟုဇီးသံအမတ်ကြီး ကာလော့ ကယ်ဒါရိုရှိဒရိဂွေးကို ကော်မတီဥက္ကဋ္ဌ အဖြစ် ရွေးချယ် တင်မြှောက်လိုက်သည်။

၃

ပြည်ထောင်စု အလံတော် မန္တလေးတိုင်း မန္တလေးမြို့သို့ ရောက်ရှိသည်။

ကုလသမဂ္ဂ လက်နက် ဖျက်သိမ်းရေး ညီလာခံကို ဂျီနီဗာမြို့တွင် စတင်ကျင်းပ သည်။ ညီလာခံသို့ ကုလသမဂ္ဂလက်နက် ဖျက်သိမ်းရေးကော်မတီဝင် နိုင်ငံ ၄၀ မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

၄

ပြည်ထောင်စု အလံတော် စစ်ကိုင်း တိုင်း စစ်ကိုင်းမြို့သို့ ရောက်ရှိသည်။

၃၄ နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်း ပရေးဗဟိုကော်မတီ ဒုတိယအကြိမ်အစည်း အဝေးကို ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စု နေ့ကျင်းပရေး ဗဟိုကော်မတီရုံး အစည်း အဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ များဖြစ်ကြသော နိုင်ငံတော်ကောင်စီဝင် ဦးသောင်းကြည်၊ ဝန်ကြီးချုပ် ဦးမောင် မောင်ခန့်တို့ ဗဟိုကော်မတီဝင်များ တက် ရောက်ကြသည်။

၅

ပြည်ထောင်စု အလံတော် ချင်းပြည်နယ် တီးတိန်မြို့သို့ ရောက်ရှိသည်။

နော်ဝေ ဝန်ကြီးချုပ် မစွက်ဟာလင် ဘရန့်လင်း၏ လူနည်းစု လေဘာအစိုးရ သည် အော်စလိုမြို့၌ ကျမ်းသစ္စာကျိန်ဆို သည်။

၆

ပြည်ထောင်စုအလံတော် ကချင်ပြည်နယ် ဗန်းမော်မြို့သို့ ရောက်ရှိသည်။

ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင် တံဆိပ် များ ချီးမြှင့်အပ်နှင်းခြင်း အ ခမ်း အနားကို သမ္မတအိမ်တော်ဝင်း အတွင်းရှိ ဗဟို အ စည်း အ ဝေး ခန်းမ၌ ကျင်း ပ ရာ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံ ဆိပ် များ ကို နိုင် ငံ တော် သမ္မတကြီး ဦးနေဝင်းကိုယ်တိုင် ချီးမြှင့်အပ်နှင်းသည်။

လက်ဗန္ဓနိုင်ငံဆိုင်ရာ ဂျော်ဒန် သံရုံး တာဝန်ခံသံမှူး ဟစ်ဟမ်မိုရှီဆန်သည် ဘေ ရွတ်မြို့နေအိမ်တွင် ပြန်ပေးဆွဲခံရသည်။

၇

ပြည်ထောင်စု အလံတော် ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ရောက်ရှိသည်။

မြန် မာ့ ဆို ရှယ် လစ် လမ်း စဉ် ပါ တီ အထွေထွေ အတွင်းရေးမှူးနှင့် နိုင်ငံတော် ကောင်စီ အတွင်းရေးမှူး ဦးစန်းယုသည် ဖြိတိန်နိုင်ငံ၌ ဆေးကုသမှုခံယူပြီး၍ ရန်ကုန် မြို့သို့ ပြန်လည်ရောက်ရှိသည်။

၈

ပြည်ထောင်စုအလံတော် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော်၊ နိုင်ငံတော်သမ္မကကြီးဦးနေဝင်း သည် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ၃၄ နှစ် မြောက် ပြည်ထောင်စုနေ့ ပြခန်းများကို လှည့်လည် ကြည့်ရှုလေ့လာသည်။

ကိုးကြိမ်မြောက် ဘက်မလိုက်နိုင်ငံခြား ရေးဝန်ကြီးများ ညီလာခံကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် စတင်ဖွင့်လှစ်သည်။

၉

ပြည်ထောင်စု အလံတော် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်အတွင်း နိုင်ငံတော် တာဝန် ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းအား လုံးနှင့် အငြိမ်းစားဝန်ထမ်းများ အတွက် ၁၉၈၁ ခု ပြည်လမှစ၍ အပိုထောက်ပံ့ကြေး များပေးမည့် အစီအစဉ်တရပ်ကို ထုတ်ပြန် ကြေငြာသည်။

ပိုလန်နိုင်ငံ ဝန်ကြီးချုပ် ဂျိုးဇက်ပင် ကော့စကီးသည် ရာထူးမှ နုတ်ထွက်သည်။

၁၀

ပြည်ထောင်စုအလံတော် မွန်ပြည်နယ် မော် လမြိုင်မြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းသည် အင်းလျားကန် ဟိုတယ်၌ ကျင်းပပြုလုပ် မည့် ၁၈ ကြိမ်မြောက် မြန်မာ့ကျောက် မျက်ရတနာပြပွဲ အကို ခင်းကျင်းပြသမှု များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ငါးလကြာပြီဖြစ်သော အီရန် - အီရတ် နိုင်ငံစစ်ပွဲတွင် အပစ်အခတ်ရပ်စဲရန် အီရတ် နိုင်ငံက ကမ်းလှမ်းသည်။

၁၁

ပြည်ထောင်စု အလံတော် ပဲခူးတိုင်း ပဲခူး မြို့သို့ ရောက်ရှိသည်။

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန် မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီး ဦးနေ ဝင်းသည် အလုံလမ်း သမ္မတအိမ်တော်၌ ၃၄ နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲ နှင့် ညစာစားပွဲ တည်ခင်းသည်။

ကျိုက္ကဆံကွင်း ဆရာစံ ခန်းမဆောင် တွင် ၃၄ နှစ်မြောက် ပြည်ထောင်စုနေ့ ဆွေးနွေးပွဲကျင်းပရာ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဦးစန်းယု မိန့်ခွန်းပြော ကြားပြီး ပြည်နယ်နှင့်တိုင်း ၁၄ ခုမှ တိုင်း ရင်းသားကိုယ်စားလှယ် ၁၄ ဦးတို့က ဆွေး နွေးကြသည်။

စက်တင်ဘာလ ၁ ရက်နေ့ကို ဘက် မလိုက်မှုနေ့အဖြစ်သတ်မှတ်ကြောင်းအိန္ဒိယ နိုင်ငံ နယူးဒေလီမြို့တွင်ကျင်းပသော ဘက် မလိုက်နိုင်ငံခြားရေးဝန်ကြီးများ ညီလာခံ ကကြေငြာသည်။

ဓနသဟာယအဖွဲ့၏ စားနပ်ရိက္ခာ လယ် ယာစိုက်ပျိုးရေးနှင့် ကျေးလက် ဖွံ့ဖြိုးရေး

သတင်းဖြစ်ရပ်များ

ညီလာခံကို ဘင်္ဂလားဒေ့ရှနိုင်ငံ၊ ဒက္ကားမြို့တွင် စတင်ကျင်းပထာ နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

၁၂

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ၃၄ နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။

ပိုလန်နိုင်ငံတပ်မတော်(ကြည်း)ဗိုလ်ချုပ်ကြီး ရိုဆိယက်ဂျာရူဇယ်စကီးကို ပိုလန်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သည်။

အမေရိကန် စစ်အခြေစိုက်စခန်းအဖြစ် အသုံးပြုနေသော ဒီဂိုဂါးစီးယားကျွန်းသည် ဖြိတိန်က မောရစ်ရှနိုင်ငံအား လွှတ်လပ်ရေးမပေးမီ မောရစ်ရှနိုင်ငံမှ တထားမဝင် သောနည်းဖြင့် ခွဲထုတ်ချန်လှပ်ထားခဲ့သော ကျွန်းဖြစ်သဖြင့် ထိုကျွန်းကိုပြန်လည်ပေးအပ်ရန် မောရစ်ရှနိုင်ငံက ဘက်မလိုက်ညီလာခံ၌ တောင်းဆိုသည်။

၁၃

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ကြီးမှူးကျင်းပသော တိုင်းရင်းသား ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးပဲ့ကို အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ကျင်းပထာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း တက်ရောက်၍ လမ်းညွှန်မိန့်ခွန်း မြွက်ကြားသည်။

အစ္စရေး တိုက်လေယာဉ်များက ဘေရွတ်မြို့အရှေ့ဘက် ကောင်းကင်ယံတွင် ဆီးရီးယား တိုက်လေယာဉ် တစင်းကို ပစ်ချသည်။

၁၄


ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနက တေးသံသွင်း လှုပ်ငန်းများကို ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်းများ ပြုလုပ်ရေးအတွက် ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီး ပွား ရေး စ နစ် တည်ဆောက်မှုအတွက် လှုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေအရ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည်။

အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့ ညကလပ်တခုတွင် ရုတ်တရက်မီးလောင်မှုဖြစ်ပွားထာလူပေါင်း ၅၆ ဦးထက်မနည်းသေဆုံးပြီး လူ ၁၃၀ ခန့် ဒဏ်ရာရခဲ့သည်။

၁၆

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးဦးနေဝင်းက ဗြိတိသျှဘုရင်မ၏အတိုင်ပင်ခံ ကောင်စီဝင်နှင့် ဗြိတိသျှပါလီမန်အမတ် မစ္စတာအာသာလျော့ဘော်တွမ်လီအား အောင်ဆန်းတံခွန်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို အလုံလမ်း သမ္မတအိမ်တော်၌ ကျင်းပသည်။

ဘက်မလိုက် နိုင် ငံ များ ၏ စုပေါင်းသတင်းလှုပ်ငန်းတွင်ပါဝင်ကြသော သတင်းဌာနများ၏သုံးရက်ကြာညီလာခံကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်စတင်ကျင်းပသည်။



၃၄ နှစ်မြောက် ပြည်ထောင်စုနေ့ ပြခန်းပွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

၁၇

၃၄ နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်ကို ကျိုက္ကဆံကွင်းမှ တနှစ်တာရပ်နားမည့် ရန်ကုန်မြို့တော်ခန်းမသို့ အထူးမော်တော်ယာဉ်များဖြင့် သယ်ဆောင် ပြောင်းရွှေ့ ထားရှိသည်။

ဘာသာစာပေနှင့် ယဉ်ကျေးမှုပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲကို ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဝိဇ္ဇာခန်းမ၌ကျင်းပသည်။

၁၈

ပါရှင် ပင်လယ်ကွေစပ်ပွဲ ပြီးဆုံးရေးအတွက် ကြားဝင်စေ့စပ်ပေးရန် အီရတ်နှင့်အီရန်သို့ တတိယအကြိမ် ခရီးထွက်ခဲ့သော ကုလသမဂ္ဂ အထူးသံတမန် အိုလော့ပမ်းသည် ဘဂ္ဂဒတ်မြို့တွင် အီရတ်ဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးသည်။

၁၉

စိုက်ပျိုးရေး၊ဇီဝနှင့် သစ်တောသိပ္ပံပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲကို ကြိုကုန်း လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း အသုံးချ သုတေသနခန်းမ၌ ကျင်းပသည်။

ဖင်လန် အစိုးရသည် ဟယ်ဆင်ကီးမြို့တွင် ပါလက်စတိုင်း လွှတ်မြောက်ရေးအဖွဲ့(ပီအယ်အို)ရုံး ဖွင့်လှစ်ခွင့် ပြုသည်။

၂၁

၁၈ ကြိမ်မြောက် မြန်မာ့ကျောက်မျက်၊ကျောက်စိမ်းနှင့် ပုလဲရတနာပြပွဲ အစီအစဉ်အရ အင်းလျားကန် ဟိုတယ်၌ မြန်မာ့ကျောက်စိမ်းများကို စတင် လေ လံ တင်ရောင်းချသည်။

လက်နက်ကိုင်ကျူးဗားလူမျိုး ၃၀ ခန့်သည် ကျူးဗားနိုင်ငံရှိ အက်ဇာဒေါသံရုံးကို ရက်သတ္တပတ်ကျော် သိမ်းပိုက်ထားရာမှ ကျူးဗား လုံခြုံရေးတပ်များက အလုံးအရင်းဖြင့် အတင်းဝင်ရောက်ပြန်လည် သိမ်းပိုက်သည်။

၂၃

စပိန်နိုင်ငံတွင် အရပ်သား လက်နက်ကိုင် အစောင့်တပ်သားများက စပိန်အမျိုးသား လွှတ်တော်ကိုဝင်ရောက်သိမ်းပိုက်ပြီး လွှတ်

တော်ကိုယ်စားလှယ် သုံးဆူကျော်တို့အား ခေးစာခံအဖြစ် ဖမ်းဆီး ထားလိုက်သည်။

ထိုင်းနိုင်ငံက လောနိုင်ငံနှင့်ဆက်သွယ် ထားသော နယ်ခြားလမ်းကို ပြန်လည်ဖွင့် လှစ်ပေးလိုက်သည်။

၂၄

စပိန်နိုင်ငံမြို့ပြဆိုင်ရာ အစောင့်တပ်မှဒုတိယ ဗိုလ်မှူးကြီး အန်တိုနီယို တေဂျယ်ရီသည် စပိန်နိုင်ငံပါလီမန်အမတ် ၃၅၀ ခန့်ကို ပါလီမန် အစည်းအဝေးခန်းမတွင်း၌ ၁၇ နာရီ ကျော်ကြာမျှ ခေးစာခံအဖြစ် ဖမ်းဆီးထား ပြီးနောက် လက်နက်ချအညံ့ခံသည်။

၂၅

ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း စာပေ ဗိမာန်အဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ ကဗျာ စာတမ်းဖတ်ပွဲကို ရန်ကုန်မြို့တော် ခန်းမ၌ စတင်ကျင်းပသည်။

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ချန်ဒူး ဝှမ်သည် သမ္မတရွေးချယ်ပွဲတွင် ၉၀ ဒသမ ၂ ရာခိုင်နှုန်း ထောက်ခံမဲရရှိပြီး သမ္မတ အဖြစ် ပြန်လည် အရွေးခံရသည်။

၂၂

၁၈ ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ ပြီးဆုံးသည်။ ပြပွဲရက် အတွင်း ကျောက်မျက်ရတနာများ ရောင်းရငွေ စုစုပေါင်းသည် မြန်မာငွေကျပ် ၄,၇၃,၁၈,၈၃၆ (အမေရိကန်ဒေါ်လာ ၃၀,၆၃,၇၇၈ ဒေါ်လာ) ဖြစ်သည်။

၂၈

အီရန်နှင့် အီရတ်နိုင်ငံတို့ ဖြစ်ပွားနေသည့် ငါးလကြာ စစ်ပွဲပြီးဆုံးစေရန် ကြိုးပမ်းနေသော အစ္စလာမ် မစ်ရှင် အဖွဲ့ တဖွဲ့သည် အီရန်နိုင်ငံမှ စစ်ဘက်ဆိုင်ရာခေါင်းဆောင်များနှင့် တိဟီရန်တွင် တွေ့ဆုံ ဆွေးနွေးသည်။

မတ်လ

၂

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ တောင်သူလယ်သမားနေ့ဖြစ်သည်။

တောင်သူလယ်သမားနေ့ လူထုအစည်းအဝေးများသို့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းထံမှ သဝဏ်လွှာ ပေးပို့သည်။

တောင်အာဖရိက နိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့ကို ကုလသမဂ္ဂ အထွေထွေညီလာခံမှ ဆုတ်ပယ်လိုက်ပြီး နှမိးဗီးယားအရေးဆွေးနွေးပွဲ၌ ပါဝင်ခွင့်ကိုလည်း ပိတ်ပင်သည်။

ကမ္ဘာ့သတင်း လုပ်ငန်းအဖွဲ့ နှစ်ပတ်လည်ညီလာခံကို နိုင်ဂျီးရီးယားမြို့တွင် စတင် ကျင်းပသည်။

အစ္စရေး စစ်လေယာဉ်များသည် လက်ဗန္ဓနတောင်ပိုင်းရှိ ပါလက်စတိုင်း စခန်းနှစ်ခုကို ဗုံးကြဲတိုက်ခိုက်သည်။ ပါလက်စတိုင်းပြောက်ကျားများကလည်း အစ္စရေးမြောက်ပိုင်းရှိ ကာယတ်ရှိုး မွန်နာမြို့ကို ဒုံးပျံများဖြင့် တိုက်ခိုက်ခဲ့သည်။

၃

တောင်ကိုရီးယား သမ္မတ ချန်ဒူးဝှမ်သည် နောက်ထပ် ခုနစ်နှစ် သက်တမ်းအတွက် ကိုရီးယား သမ္မတနိုင်ငံ၏ အကြီးအကဲအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၅

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် ပြည်လမ်း ခုနစ်မိုင်ခွဲရှိ ကုန်းမြင့် သာယာ၌ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးစန်းယုက တည်ခင်းကျေးခဲ့သော ညစာစားပွဲသို့ တက်ရောက်လာကြသည့် စစ်ကိုင်းရှာသစ်ကြီး ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံမှ နောက်ဆုံးနှစ် သင်တန်းသား သင်တန်းသူများအား ရင်းနှီးစွာတွေ့ဆုံသည်။

၆

ပီရူးနိုင်ငံနှင့် အက်ကွာဒေါ နှစ်နိုင်ငံနယ်ခြား ပြဿနာနှင့်စပ်လျဉ်း၍ အလျင်အမြန် ကျေအေးရေး အစီအစဉ်ကို ကြေငြာသည်။

၇

နယ်သာလန်နိုင်ငံ ပညာရေးနှင့်သိပ္ပံဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ အေရွန်ပိုင်းနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိသည်။

ခမာနီခေါင်းဆောင် ခီယူဆမ်ပန်နှင့် တရုတ်ခေါင်းဆောင် ကျောက်ကျိယန်တို့သည် ပဆမအကြိမ်အဖြစ် ပီကင်းမြို့တွင် ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးကြသည်။

၈

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့်အဖွဲ့သည် အလယ်ပိုင်းတိုင်း စစ်ကျွန်းမြေ ပြည်မြို့သို့ သွားရောက် လှည့်လည်စစ်ဆေးသည်။

၉

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့် အဖွဲ့ဝင်များသည် အလယ်ပိုင်းတိုင်း စစ်ကျွန်းမြေ ပြည်မြို့မှ ဘီအေစီ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိသည်။

ထိုင်းနိုင်ငံ၏ ကမ်းလွန် ရေပိုင်နက်ကို သဘာဝ အရင်းအမြစ်များ ကာကွယ်ရန်နှင့် စွမ်းအင် အလားအလာများ ရှာဖွေရန် ရေမိုင် ၂၀၀ အထိ စီးပွားရေးဇုံ အဖြစ်သတ်မှတ်ကြောင်း ကြေငြာသည်။

၁၀

အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်)၏ ၃၇ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စတင်ကျင်းပရာ ကမ္ဘာ့စီးပွားရေး အကျိုးခံစားခွင့်များကို ပိုမိုခံစားခွင့်ပြုရန် အာရှနိုင်ငံများက တောင်းဆိုသည်။

သတင်းဖြစ်ရပ်များ

၁၂

ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရမ် တင်ဆူလာနွန်ဒါသည် အဖွဲ့ဝင် ၃၉ ဦး ပါဝင်သော အဖွဲ့ဖြင့် အစားထိုး၍ အစိုးရ အဖွဲ့ကို ဖွဲ့စည်းသည်။

၁၄

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော် မတီ(၁၅)ကြိမ်မြောက် အစည်းအဝေးကို အလုံလမ်း သမ္မတအိမ်တော် ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန် မာ့ ဆို ရှယ် လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက သဘာပတိအဖြစ် ဆောင် ရွက်သည်။

၁၆

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် ဒုတိယအကြိမ် ပြည်သူလွှတ် တော် သတ္တမအစည်းအဝေးကို အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်း အဝေးခန်းမ၌ စတင်ကျင်းပသည်။

၁၈

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင် ဆင်သည့်ဥပဒေ (၁၉၈၁ ခုနှစ်၊ ပြည်သူ လွှတ်တော်ဥပဒေ အမှတ် ၁)ကို ထုတ်ပြန် ကြေငြာသည်။

ထိုင်းပင်လယ်ကွေ့ဒေသအနီး နယ်စပ် တွင် ထိုင်းတပ်များနှင့် ဗီယက်နမ်ဦးဆောင် သော ကမ်ပူးချား တပ်များသည် တိုက်ပွဲ သုံးကြိမ် ဖြစ်ပွားသည်။

၂၀

အမေရိကန် ပြည်ထောင်စုသမ္မတ ရော်နယ် ရေဂင်သည် ဂျပန် ဝန်ကြီးချုပ်ဟောင်း တာကေအိုပူကူဒါအား သမ္မတအိမ်တော် တွင် လက်ခံတွေ့ဆုံသည်။

၂၁

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် ဒုတိယအကြိမ် ပြည်သူလွှတ် တော် သတ္တမအစည်းအဝေးကို အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်း အဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အထူး အ စိ အ စဉ် တရပ်အဖြစ် နိုင် ငံ တော် သမ္မတကြီး ဦးနေဝင်း မိန့်ခွန်းမြွက်ကြား သည်။

အိဂျစ် နိုင်ငံနှင့် ဆူဒန် နိုင်ငံ တို့သည် သံအမတ်ကြီးအဆင့် သံတမန် ဆက်ဆံမှု များ ပြန်လည်စတင်သည်။

၂၂

ဂျပန်နိုင်ငံက ပါကစ္စတန်နိုင်ငံအား စီးပွား ရေးအကူအညီ ဒေါ်လာသန်းပေါင်း ၁၈ ဒသမ ၅ သန်း ဖိုး ပေး ရန် သဘောတူ စာချုပ်သုံးခုကို လက်မှတ်ရေးထိုးသည်။

၂၄

၁၉၈၁ ခုနှစ် စီး ပွား ရေး စီ မံ ကိန်း ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက် များဆိုင်ရာ ဥပဒေနှင့် ၁၉၈၁ ခုနှစ် နိုင်ငံ တော်၏ဘဏ္ဍာငွေအရ၊ အသုံးဆိုင်ရာဥပဒေ တို့ကို ပြည်သူလွှတ်တော်မှ ပြဋ္ဌာန်းသည်။

အ မေ ရိ ကန် နိုင် ငံ ခြား ရေး ဝန် ကြီး အလက်ဇန္ဒားဟိတ်နှင့် ဆိုဗီယက် သံအမတ် ကြီး အနာတိုလီဒိုဘရိုင်နှင့် တို့သည် ဆိုဗီ ယက် - အမေရိကန် ဆက်ဆံရေးနှင့် ပတ် သက်၍ ဝါရှင်တန်မြို့တွင် ကျယ်ကျယ် ပြန့် ပြန့် ဆွေးနွေးညှိနှိုင်းကြသည်။

တရုတ်လူမှုရေးသိပ္ပံ အကယ်ဒမီ ကမ္ဘာ့ စီးပွားရေးဌာနနှင့် စတင်းပို နိုင်ငံတကာ သုတေသနဌာနတို့က ကြီးမှူးကျင်းပသော ကမ္ဘာ့စီးပွားရေးဆိုင်ရာ ညီလာခံကို ဟန် ချောင်မြို့တွင် စတင်ဖွင့်လှစ်လိုက်သည်။

၂၆

အင်ဂိုလာနိုင်ငံ၏ ပြည်တွင်းရေး ကိစ္စ ရပ်များကို အမေရိကန်အစိုးရက တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဝင်ရောက်စွက် ဖက်လျှင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် အာဖရိက ညီညွတ်ရေး အဖွဲ့ချုပ် (အိုအေ ယူ) ၏ ပဋိညာဉ် စာတမ်းများကို ချိုး ဖောက်ခြင်းပင် ဖြစ်သည်ဟု အိုအေယူအဖွဲ့ က အပြင်းအထန် သတိပေးသည်။

၂၇

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော်၏ ၃၆ နှစ်မြောက် တပ်မတော် နေ့ဖြစ်သည်။

ပြည် ထောင် စု ဆို ရှယ် လစ် သမ္မ တ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတကြီး ဦး နေ ဝင်း က တည် ခင်း သော ၃၆ နှစ် မြောက် တပ်မတော် အထိမ်းအမှတ် ညစာစားပွဲကို အလုံလမ်း သမ္မတအိမ်တော် ၌ ကျင်းပသည်။

၂၈

လာမည့်နှစ်တွင် ဆိုင်းနိုင်း ကျွန်းဆွယ်မှ အစ္စရေးတို့ ရုပ်သိမ်းသွားပြီးနောက် ထို ဒေသတွင် ကင်းလှည့်ရန်အတွက် နိုင်ငံစုံ ငြိမ်းချမ်းရေးတပ်ဖွဲ့တဖွဲ့ ဖွဲ့စည်းရန်ကိစ္စနှင့် စပ်လျဉ်း၍ အမေရိကန် ပြည်ထောင်စုနှင့် အိဂျစ်နိုင်ငံတို့သည် ကိုင်ရိုမြို့တွင် စတင် ဆွေးနွေးသည်။

၂၉

တောင်ကိုရီးယားမှ လက်နက်ကိုင်နိုင်ငံခြား တပ်များ ရုပ်သိမ်းရေးအတွက် အယ်ကျီး ယားမြို့တွင် ကျင်းပပြုလုပ်သော လွတ်လပ် ပြီး ငြိမ်းချမ်းသည့် ကိုရီးယားပေါင်းစည်း ရေးဆိုင်ရာ တတိယအကြိမ် ညီလာခံသို့ တက်ရောက်ကြသည့် နိုင်ငံပေါင်း ၁၀ နှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၇ ခုတို့မှကိုယ် စားလှယ် ၂၀၂ ဦးတို့က တောင်းဆိုသည်။

၃၀

တတိယ လေးနှစ်စီမံကိန်း၏ စတုတ္ထနှစ်ဖြစ် သော ၁၉၈၁–၈၂ ခုနှစ်အတွက် စီးပွား ရေးစီမံကိန်း ရည်မှန်းချက်များ အကောင် အထည်ဖော်ရေး ကိစ္စနှင့် စပ်လျဉ်း၍ ဝန် ကြီးအဖွဲ့ စီးပွားရေး ညှိနှိုင်းမှုကော်မတီနှင့် ပြည်နယ်နှင့်တိုင်း ပြည်သူကောင်စီ ဥက္ကဋ္ဌ များ ညှိနှိုင်း အစည်းအဝေးကို ဝန်ကြီး ချုပ်ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပ သည်။

အမေရိကန် သမ္မတ ရော်နယ်ရေဂင် အား လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုဖြစ် ပွားခဲ့ရာ သမ္မတရေဂင်သည် ဝါဘက်ရင်အုံ တွင် ဒဏ်ရာရရှိပြီး သမ္မတ၏ သတင်းဘက် ဆိုင်ရာ အ တွင်း ဝန် ဂျိမ်းဘရက်ဒီ၊ လုံခြုံ ရေးတပ်ဖွဲ့ဝင် တဦးနှင့် ရဲတဦး တို့လည်း ဒဏ်ရာရရှိသည်။

၃၁

ပိုလန်နိုင်ငံ၏ စီးပွားရေး အကျပ်အတည်း များမှ ကျော်လွှားနိုင်ရန် နှစ်ရှည်စီးပွား ရေးနှင့် ဘဏ္ဍာရေးအကူများ ထပ်တိုး၍ ပေးမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံ သမ္မတ ဂျစ်စကတ်ဒက်စတိုင်းက ကတိပေးသည်။

၉ပြီလ

၁

သတ္တုတွင်း ဝန်ကြီးဌာန အမှတ် (၁) သတ္တု တူးဖော်ထုတ်လုပ်ရေး ကော်ပိုရေးရှင်း၏ နမ့်တူဘော်တွင်း၌ တနေ့ သတ္တု တန် ၅၀၀ ကြိတ်ခဲ့ သန့်စင်နိုင်သည့် စက်ရုံသစ်ကို ဖွင့်လှစ်သည်။

ထိုင်းနိုင်ငံတွင် ဒုတိယ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆန်ချီပါတီမှာ ဦးဆောင်သော စစ်ဘက်မှ အာဏာသိမ်းယူမှု ဖြစ်ပွားသည်။ သို့သော် ယင်းအာဏာ သိမ်းယူမှုသည် မအောင်မြင်ပဲ ဝန်ကြီးချုပ်အဖြစ် မိမိတည်ရှိဆဲဖြစ်သည်ဟု ထိုင်းဝန်ကြီးချုပ် ပရမ်တင်ဆူလာနွန်ဒါက ဗန် ကောက် မြို့ မှ အရှေ့မြောက်ဘက် ၁၃၃ မိုင် ကွာဝေးသော ဒေသမှနေ၍ ရုပ်မြင်သံကြားဖြင့် အသံလွှင့် ကြေငြာသည်။

၂

ဂင်္ဂါမြစ်ရေ ခဲ့ဝေသုံးစွဲမှုနှင့် စပ်လျဉ်း၍ ၁၉၇၇ ခုနှစ်က ယာယီ သဘော တူချက်ကို ပြန်လည် သုံးသပ်ရန် ဘင်္ဂလားဒေ့ရှနှင့် အိန္ဒိယနိုင်ငံ ဆည်မြောင်းဌာန ဝန်ကြီး နှစ်ဦးတို့သည် ဒက္ကားမြို့၌ တွေ့ဆုံ ဆွေးနွေးကြသည်။

၃

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လူငယ် အခြေစိုက် လုပ်အားပေးစခန်းဖွင့်ပွဲ အခမ်းအနားကို လှည်းကူးမြို့နယ် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး လူငယ် အခြေစိုက် စခန်း၌ဖွင့်လှစ်ရာ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်တက်ရောက်၍ အဖွင့် အမှာစကား ပြောကြားသည်။

အိန္ဒိယ သမုဒ္ဒရာတွင် အင်အားကြီး နိုင်ငံများ စစ်ရေးတည်ဆောက်မှု တိုးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ တန်ဇားနီးယားနှင့် အိန္ဒိယနိုင်ငံတို့က များစွာ စိုးရိမ် မကင်းရှိကြောင်းဖြင့် တန်ဇားနီးယား သမ္မတ ဉီရေးရေး၏ အိန္ဒိယနိုင်ငံခရီးအပြီးတွင် နယူးဒေလီမြို့၌ ထုတ်ပြန်သော နှစ်နိုင်ငံ ပူးတွဲကြေငြာချက်တွင် ဖော်ပြသည်။

ဒေးဗစ်ဒက်ကိုသည် အလယ်ပိုင်း အာဖရိကနိုင်ငံ၏ သမ္မတ အဖြစ် ကျမ်းသစ္စာကျိန်ဆိုအပြီးတွင် ယခင်အစိုးရ လက်ထက်က တရားရေးဝန်ကြီး ဘိုဇန်ဂါအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။

၄

စိုက်ပျိုး မွေးမြူရေး ကေဒါသင် တန်းအမှတ်စဉ် ၃ ဆင်းပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး အေးကိုနှင့် ဗိုလ်မှူးချုပ် တင်ဦးတို့က အမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော် တည်ဆောက်ရေး လူငယ် လုပ်အားပေး စခန်းဖွင့်ပွဲအခမ်းအနားတွင် ဗိုလ်မှူးချုပ် လှဝွန်းက အမှာစကားပြောကြားသည်။


၁၉၈၁ ခုနှစ်တက္ကသိုလ်၊ကောလိပ်ဝေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ အောင်ဆန်း အားကစား ပြိုင်ကွင်း၌ ကျင်းပရာ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ငြိမ်းတက်ရောက် အမှာစကား ပြောကြား၍ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆိုဖီယာမြို့၌ ပြုလုပ်သော ဗူလဂေးရီးယား ကွန်မြူနစ်ပါတီ၏ ၁၂ ကြိမ်မြောက် ညီလာခံ နောက်ဆုံးနေ့တွင် ဗူလဂေးရီးယား ကွန်မြူနစ်ပါတီကို ၂၅ နှစ်ကြာ ဦးဆောင်နေခဲ့သည့် တိုဒေါ်ဇီးကော့သည် ဗူလဂေးရီးယား ကွန်မြူနစ်ပါတီ ခေါင်းဆောင်အဖြစ် ပြန်လည် အရွေးခံရသည်။

လက်ဗန္ဓနှင့် ပြည်သူ့စစ် ခေါင်းဆောင် ဘိရှာဂီမာယယ်က ကုလသမဂ္ဂ အနေဖြင့် အစွမ်းရေးနှင့် နယ်ချဲ့ဆက်စပ်လျက်ရှိသော လက်ဗန္ဓနှင့် တောင်ပိုင်းကိုသာမက လက်ဗန္ဓနှင့်တနိုင်ငံလုံးကိုပါ တာဝန်ယူ ထိန်းသိမ်းရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ်ဗာ ဟိုင်း ထံ စာ ဖြင့် အကြောင်းကြားတိုက်တွန်းသည်။

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး အလက်ဇန္ဒားဟိတ်သည် အီဂျစ်သမ္မတ ဆဒတ်နှင့် ကိုင်ရိုမြို့တွင် တွေ့ဆုံဆွေးနွေးပြီး အရှေ့အလယ်ပိုင်း အခြေအနေနှင့် စပ်လျဉ်း၍ အမေရိကန်နှင့် အီဂျစ်တို့ မဟာဗျူဟာအကဲဖြတ်မှုတွင် အမြင်ချင်း တူညီသဖြင့် သမ္မတ ရေဂင် အစိုးရသည် အစွမ်းရေးနှင့် အီဂျစ်တို့အကြား အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ဆက်လက်ပါဝင်မည်ဟု ကတိပြုပြောကြားသည်။

အမေရိကန်လွှန်းပဲ့အာကာသယာဉ် ကိုလံဗီယာကို အာကာသယာဉ်မှူး ဂျန်ယန်းနှင့် ရောဗတ်ခရစ်ပင်တို့ လိုက်ပါလျက် ပထမဆုံးအကြိမ် ပစ်လွှတ်သည်။



၆

ချက်ကိုဆလိုဗက် ကွန်မြူနစ် ပါတီ၏ ၁၆ ကြိမ်မြောက် ကွန်ဂရက်ကို ပရာဟာမြို့တွင် ကျင်းပရာ ချက်ကိုဆလိုဗက်သမ္မတ ဂုစတပ် ဟူဆက်က အဖွင့်မိန့်ခွန်း ပြောကြားသည်။

ဆိုဗီယက် ဝန်ကြီးချုပ် တိခိုနော့သည် နှစ်နိုင်ငံ စီးပွားရေး နိုင်ငံရေး ဆက်ဆံမှုများ တောင်မြောက် ဆွေးနွေးပွဲ များနှင့် စပ်လျဉ်း၍ ဩစတြီးယားဝန်ကြီးချုပ် ဘရူနို ခရိုက်စကီးနှင့် ဗီယင်နာမြို့တွင် တွေ့ဆုံဆွေးနွေးသည်။

၈

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဟိတ်သည် အရှေ့အလယ်ပိုင်း ခရီးစဉ်အပြီး ဥရောပခရီးကို စတင်ရာ ရောမမြို့သို့ ရောက်ရှိလာပြီး အီတလီ နိုင်ငံခြားရေးဝန်ကြီး ကိုလံဘိုနှင့် မိနစ်၉၀ ကြာတွေ့ဆုံဆွေးနွေးပြီးနောက် စပိန်နိုင်ငံ မဒရစ်မြို့သို့ ထွက်ခွာ သွားသည်။

ချက်ကိုဆလိုဗက် ကွန်မြူနစ် ပါတီမှ ဂုစတပ် ဟူဆက်အား ချက်ကိုဆလိုဗက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအဖြစ် ပြန်လည် ရွေးချယ်တင်မြှောက်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဟိတ်သည် ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး လော့ဒ်ကာရင်တန်နှင့် တွေ့ဆုံ ဆွေးနွေးရန် စပိန်နိုင်ငံ မဒရစ်မြို့မှ လန်ဒန်မြို့သို့ ရောက်ရှိလာသည်။

၁၀

ရက်စက် ကြမ်းကြုတ်သည့် သမားရိုးကျ လက်နက်များ အသုံးချမှုကို တားမြစ်ထိန်းချုပ်ရန် ရည်ရွယ်သည့် နိုင်ငံတကာ လက်နက် ထိန်းချုပ်ရေး စာချုပ်တရပ်ကို ကုလသမဂ္ဂဌာနချုပ်တွင် နိုင်ငံပေါင်း ၃၄ နိုင်ငံက သဘောတူ လက်မှတ်ရေးထိုးသည်။

၁၁

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် ဂျပန်နိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ နံနက် (ဂ) နာရီတွင် အထူးလေယာဉ်ဖြင့် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည်။ ဂျပန်နိုင်ငံ တိုကျိုလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၂၅ မိနစ်တွင် ရောက်ရှိသည်။

ဗိုလ်စိုပိုင်နိုင်ငံအတွက် သမ္မတအုပ်ချုပ်ရေး စနစ်သစ်တရပ်ကို ဖော်ဆောင်ပေးမည့် ပြည်သူဆန္ဒ ခံယူအတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲမှုများကို သမ္မတမားကိုက ၎င်း၏ နောက်ထပ် သက်တမ်း ခြောက်နှစ်အတွက် ရေးဆွဲချမှတ်ထားသည့် အစီအစဉ်များနှင့်အတူ တရားဝင်ထုတ်ပြန်ကြေငြာသည်။

ယူဂိုဆလားဗီးယားနှင့် ပါကစ္စတန်နိုင်ငံတို့သည် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် စပ်လျဉ်းသည့် စာချုပ်တရပ်ကို နှစ်နိုင်ငံ ကိုယ်စားလှယ် များက ဗဲလဂရိတ်မြို့တွင် လက်မှတ် ရေးထိုးကြသည်။

၁၂

မဟာသကြိန် အကြိုနေ့ဖြစ်သည်။

ကုလသမဂ္ဂ၏ အာဖဂန်စတန် အရေးဖြေရှင်းရေးဆိုင်ရာ အထူးသံတမန် ပဲရက် ဒေကွေးလျာသည်အာဖဂန်စတန်အရေးကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ကိစ္စအတွက် ပါကစ္စတန် အစိုးရနှင့် တွေ့ဆုံ ဆွေးနွေးသည်။

ဆာ့ဦးဒီအာရေဗျနိုင်ငံ ဂျက်ဒါမြို့တွင် ဒေါ်လာသန်း ၅ ဝဝဝ တန် လေယာဉ်ကွင်းသစ် ဖွင့်ပွဲပြုလုပ်ရာ ဆာ့ဦးဒီအာရေဗျဘုရင် ခါလစ် တက်ရောက် ဖွင့်လှစ်ပေးသည်။ ယင်းလေယာဉ်ကွင်း ဖွင့်လှစ်လိုက်ခြင်းအားဖြင့် မက္ကာသို့ ဘုရားဖူးသွားနိုင်မည့် လမ်းပွင့်သွားပြီး ဆာ့ဦးဒီအာရေဗျနိုင်ငံအနေဖြင့် အာရပ်ကမ္ဘာ၏ လေယာဉ်ခရီးလမ်းဆုံအဖြစ် ရောက်ရှိလာမည် ဖြစ်သည်။

၁၀ နှစ်ကျော်မျှ တည်ဆောက်ခဲ့ရသော အာကာသတွင်ပျံသန်းရန် ပြန်လည်အသုံးပြုနိုင်မည့် ကိုလံဗီယာအမည်ရှိ ဒေါ်လာ သန်း ၉,၀၀၀ ကျော်တန် အမေရိကန် လွန်းပျံအာကာသယာဉ်ကို ပစ်လွှတ်သည်။

၁၃

မဟာသကြိန် အကျနေ့ဖြစ်သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ချစ်ကြည်ရေး အလည်အပတ် ရောက်ရှိနေသော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်းအား ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဇင်ကိုဆူဇူကီးတို့သည် ဂျပန် ဝန်ကြီးချုပ်ရုံး ညှဉ်ခန်းမ၌ ညနေ ၃ နာရီတွင် တွေ့ဆုံဆွေးနွေးကြသည်။

မြန်မာနိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်းအား ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဇင်ကိုဆူဇူကီးက ညနေ ၆ နာရီခွဲတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းကျွေးခဲ့သည်။

၁၄

မဟာသကြိန် ပထမ အကြတ်နေ့ ဖြစ်သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ချစ်ကြည်ရေး အလည်အပတ် ရောက်ရှိနေသော မြန်မာနိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်းအား ဂျပန် ဝန်ကြီးချုပ်ဟောင်းများနှင့် ဂျပန် လွှတ်တော် ကိုယ်စားလှယ် မစ္စက်အိုတာကတို့က အသီးသီး လာရောက် တွေ့ဆုံ နှုတ်ဆက်ကြသည်။

၁၅

မဟာသကြိန် ဒုတိယ အကြတ်နေ့ ဖြစ်သည်။

ဂျပန် နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ချစ်ကြည်ရေးအလည်အပတ် ရောက်ရှိနေသည့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် ဂျပန်ဘုရင်မင်းမြတ် ဟီရိဟီတိုအား ဘုရင့်နန်းတော်တွင် သွားရောက်တွေ့ဆုံ နှုတ်ဆက်သည်။

၁၆

မဟာသကြိန် အတက်နေ့ဖြစ်သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ချစ်ကြည်ရေး အလည်အပတ် ရောက်ရှိနေသော မြန်မာနိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်းအား မြန်မာ ဂျပန် ချစ်ကြည်ရေး အသင်း အမှုဆောင် အဖွဲဝင်များ၊ ရဲဘော် သုံးကျိပ်၏သင်တန်းဆရာများ၊ ဒုတိယ ကမ္ဘာစစ် အတွင်းက မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်သွားခဲ့ကြသော ဂျပန် ရဲဘော် ဟောင်း အသင်း၏ ကိုယ်စားလှယ်အဖွဲဝင်များနှင့် ဗိုလ်မိုးကြိုး၏ဇနီးတို့သည် လာရောက်တွေ့ဆုံ နှုတ်

အာဖရိကနိုင်ငံများ အနေဖြင့် တောင်အာဖရိက နိုင်ငံအား အရေးယူ ပိတ်ဆို့ရန် တောင်းဆိုချက်များကို စွန့်လွှတ်ကြရေးနှင့် နမီးဗီးယား (အနောက်တောင်အာဖရိက) ပြဿနာကို စေ့စပ်ညှိနှိုင်းခြင်းဖြင့် ဖြေရှင်းပြေလည်ရေးအတွက် ဆက်လက် ကြိုးပမ်းရန် ဖြိတိန်နိုင်ငံက မေတ္တာရပ်ခံသည်။

၂၄

ဂျပန်နိုင်ငံ အစိုးရ၏ ဖိတ် ကြား ချက် အရ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင် ငံ တော် သမ္မတ ကြီး နှင့် နိုင် ငံ တော် ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် ဂျပန် နိုင်ငံတွင် ချစ်ကြည်ရေးခရီး သွားရောက် ခဲ့ပြီးနောက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် လေ ကြောင်း ခရီး ဖြင့် ရန်ကုန်မြို့သို့ ပြန် လည်ရောက်ရှိသည်။

ကုန်မြူနစ် နိုင်ငံ များက တောင်ကိုရီး ယားနိုင်ငံနှင့် ဆက်ဆံရေး တည်ထောင်မည် ဆိုလျှင် နယူးဇီလန် နိုင်ငံအနေဖြင့်မြောက် ကိုရီးယားနှင့် ဆက်ဆံမည်ဟု နယူးဇီလန် ဝန်ကြီးချုပ် ရောဗတ်မူဒွန်းက ပြောကြား ကြောင်း ၎င်းနှင့် တောင်ကိုရီးယား ဝန်ကြီး ချုပ် နန်ဒတ်ဝူးတို့ ဆိုးလ်မြို့တွင် ပူးတွဲထုတ် ပြန်သည့် နှစ်နိုင်ငံ ပူးတွဲကြေငြာချက်တွင် ဖော်ပြသည်။

၂၅

မသန်မစွမ်းသူများသည် မိမိတို့ နိုင်ငံများ အလိုက် စီးပွားရေး၊လူမှုရေးနှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် စုစည်း ပါဝင်နိုင် ရေးအတွက် အထောက်အကူ ဖြစ်စေမည့် ခိုင်မာ တိကျသော အစီအစဉ်များ ချမှတ် ဆောင်ရွက်ပေးရန် နိုင်ငံတကာ ပါလီမန် များ သမဂ္ဂ (အိုင်ပီယူ)က ပါလီမန်များ နှင့်အစိုးရများအား တိုက်တွန်းသည်။

၂၆

အမေရိကန် နိုင်ငံက ဆာ့ဒ်ဒီ အာရေဗျ နိုင်ငံသို့ ရေဒါ တပ်ဆင်ထားသော ခေတ်မီ ကင်းထောက်လေယာဉ်များ (အော်ဝက်စ) ရောင်းချရန် သမ္မတ ရေဂင် ၏ ကမ်း လှမ်း ချက်အပေါ် အစွရေးအစိုးရ၏ ရှုတ်ချချက် များကို အစွရေးဝန်ကြီးအဖွဲ့က အတည်ပြု သည်။

ဆက်ကြရာ နိုင်ငံတော် သမ္မတကြီးက ထို ပုဂ္ဂိုလ်များအား နွေလယ်စာဖြင့် တည်ခင်း ကျွေးခဲ့သည်။

၁၇

မြန်မာနှစ်ဆန်းတရက်နေ့ ဖြစ်သည်။

ဂျပန် နိုင်ငံတွင် ချစ်ကြည်ရေး အလည် အပတ် ရောက်ရှိနေသော မြန်မာနိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ ကြီး ဦးနေဝင်းနှင့်အဖွဲ့သည် မတ်ဆူရှိတာ လျှပ်စစ် လုပ်ငန်းကုမ္ပဏီသို့ သွားရောက် ကြည့်ရှုကြသည်။

၁၈

ဂျပန် နိုင်ငံတွင် ချစ်ကြည်ရေး အလည် အပတ်ရောက်ရှိနေသော မြန်မာနိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ ကြီး ဦးနေဝင်းနှင့် အဖွဲ့ဝင်များသည် ကျိုတို မြို့မှ နာရာမြို့ အမျိုးသားပန်းခြံသို့ ရောက် ရှိသည်။

ဇင်ဗာဗွေနိုင်ငံအနေဖြင့် အပြုသဘော ဆောင်သည့် ဘက်မလိုက် နိုင်ငံခြားရေး ဝါဒကို ဆက်လက် ကျင့်သုံးမည် ဖြစ် ကြောင်း၊ တချိန်တည်းမှာပင် တောင် အာဖရိကနှင့် နမီးဗီးယား ပြောက်ကျား များ၊ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) နှင့် ဆာဟာရ အနောက် ပိုင်း ပိုလီဆာရီယိုတပ်ဦးတို့အား ထောက်ခံ ကြောင်း ဇင်ဗာဗွေနိုင်ငံဝန်ကြီးချုပ် မူဂါဆီ က အတည်ပြု ပြောကြားလိုက်သည်။

လက်ဗန္ဓန် တောင်ပိုင်းမှ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်များ ရုပ် သိမ်းပါက ယင်းဒေသတွင် ကြီးမားသော ပဋိပက္ခသစ် တရပ်ကို ဖြစ်ပေါ်စေနိုင်သည် ဟု နော်ဝေ နိုင်ငံ ဝန်ကြီးချုပ် မစွက်ဘရန် လင်းက ပြောကြားလိုက်သည်။

ဂျော်ဒန်ဘုရင်ဟူစိန်သည် ဖြိတိန်နိုင်ငံ ၌ ရက်သတ္တပတ်ကြာမျှ သွားရောက် လည် ပတ်ကာ ဖြိတိန် ဘုရင်မ အယ်လီဇာဘက်၊ ဖြိတိန် ဝန်ကြီးချုပ် မာဂရက်သက်ချာတို့ နှင့် တွေ့ဆုံပြီး အရှေ့အလယ်ပိုင်းဖြစ်ပေါ် ပြောင်းလဲမှုများ၊ ပင်လယ်ကွေ့ လုံခြုံရေးနှင့် နှစ်နိုင်ငံ ဆက်ဆံရေး ကိစ္စရပ်များကို ဆွေး နွေးခဲ့ပြီး အမှန်မြို့သို့ ပြန်လည် ရောက်ရှိ သည်။

၂၀

ဂျပန်နိုင်ငံတွင် ချစ်ကြည်ရေး အလည် အပတ် ရောက်ရှိနေသော မြန်မာနိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ ကြီး ဦးနေဝင်းနှင့် အဖွဲ့ဝင်များသည် ရှင်၊ ရှီ၊ မိုနိုဆိကီရှိ မစ်ဆူဘီရှိ အကြီးစားစက်မှု ကုမ္ပဏီ၊ အကြီးစား စက်မှုလုပ်ငန်းများနှင့် သဘော်ဝကျင်းကို လေ့ လာ ကြည့် ရှု ကြ သည်။

အမေရိကန် နိုင် ငံ ခြား ရေး ဝန် ကြီး အလက်ဇန္ဒားဟိတ်သည် ပါကစ္စတန် နိုင်ငံ ခြားရေး ဝန်ကြီး အဂ္ဂါရှာဟီနှင့် ဝါရှင်တန် မြို့ရှိ နိုင်ငံခြားရေးဌာနဦး လေးနာရီကြာခန့် တွေ့ဆုံကာ ပါကစ္စတန်နိုင်ငံအတွက် အမေ ရိကန်က အကူအညီသစ်များ ပေးအပ်ရန် အဆိုပြု ကမ်းလှမ်းထားသည့် ကိစ္စကို ညှိ နှိုင်း ဆွေးနွေးကြသည်။

၂၁

ဂျပန်နိုင်ငံ နာဂါစကီမြို့တွင် ချစ်ကြည်ရေး ခရီး ရောက်ရှိ နေသည့် မြန်မာ နိုင်ငံ တော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ ကြီးဦးနေဝင်းအား ကျူးရှူးကျန်းရှိ မိနာမိ အဖွဲ့ဝင်ဟောင်းများက လာရောက် တွေ့ဆုံ နှုတ်ဆက်ပြီး ဂါရဝပြုကြသည်။

ဝန်ကြီးချုပ် ဦးမောင်မောင်ခန့်၏ အဖွဲ့ ဝင်များသည် မြန်မာနိုင်ငံ အထက် ပိုင်း ရှိ စက်ရုံများသို့ သွားရောက်ကြည့်ရှု စစ်ဆေး ပြီး ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန် လည်ရောက်ရှိသည်။

၂၂

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ချစ်ကြည်ရေး ခရီး ရောက်ရှိနေသည့် ပြည်ထောင်စုဆိုရှယ် လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး နှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေ ဝင်းအား ဂျပန်-မြန်မာ ပါလီမန်အသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အထက် လွှတ် တော် အမတ်များ၊ မစ်ဆူအိဘက် ဥက္ကဋ္ဌ မစ္စတာဝိုင်၊အီကေဒါ၊ အောင်ဆန်းတံခွန်ဆု ချီးမြှင့်ခြင်းခံရသည့် မိနာမိ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ဆိုင်ရာ ဂျပန် သံ အ မတ် ကြီး ဟောင်း မစ္စတာ တီစုဇူကီးတို့ လာ ရောက် တွေ့ဆုံနှုတ်ဆက်ကြသည်။

၂၂

အာဂျ၊ အာဖရိက၊ အမေရိကနှင့် ဥရောပ နိုင်ငံများမှ စီးပွားရေးပညာရှင်များ၊ တာဝန်ရှိ ပဂ္ဂိုလ် များ၊ ကိုယ် စား လှယ် များ စုစုပေါင်း ၆၀၀ ခန့် တက်ရောက် ကြသည့် ကျူးဗားနိုင်ငံ ဟာဗားနားမြို့တွင် ပြုလုပ် သောဖွံ့ဖြိုးဆဲ နိုင်ငံများမှ စီးပွားရေး ပညာရှင်များအသင်း၏ဒုတိယအကြိမ် ကွန်ဂရက် တွင် ကမ္ဘာ့အရင်းရှင်စနစ်အား တင်းကျပ် စွာဆုပ်ကိုင်ထားသည့် စီးပွားရေး အကျပ် အတည်းက ဖွံ့ဖြိုးဆဲနိုင်ငံငယ်များရှိ ပြည်သူ များအား အကြီးအကျယ် ထိခိုက်စေသည် ဟု ကျူးဗားကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပထမ အတွင်းရေးမှူး ဖီဒယ်ကတ်စထြိုက ပြောကြားသည်။

အနောက် ဂျာ မနီ ဝန်ကြီးချုပ် ရှမစ် သည် ဆအူးဒီ အာရေဗျ နိုင်ငံနှင့် အာရပ် စော်ဘွားများနိုင်ငံ (ယူအေအီး) သို့ လေး ရက်ကြာ လည်ပတ် နေထိုင်ရန် ရီယတ်မြို့သို့ ရောက်ရှိလာသည်။

အင်ဒို နီးရှား နိုင်ငံ ဂျကာတာမြို့တွင် လေးရက်ကြာ ကျင်းပမည့် လူဦးရေ ကန့် သတ်မှုနှင့်ပတ်သက်သော မိသားစု စီမံကိန်း ဆိုင်ရာ နိုင်ငံတကာညီလာခံကို အင်ဒိုနီးရှား သမ္မတ ဆူဟာတိုက ဖွင့်လှစ် ပေးသည်။

၂၃

အရှေ့တောင်အာရှနိုင်ငံများအသင်း (အေ ဆီယင်) နှင့် အင်ဒိုချိုင်းနား နိုင်ငံ များ အကြား ကုဟာချက်ကို ပေါင်းကူးဆက်ဆံ ပေးရန် ကြိုးပမ်းချက်တရပ် အဖြစ် လော နှင့် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးများ သည် ဒေသဆိုင်ရာနှင့်နှစ်နိုင်ငံပြဿနာများ ကို ဂျာကာတာမြို့တွင် ဆွေးနွေးကြသည်။

အမေရိကန် ပြည်ထောင်စုက ဆိုဗီယက် ပြည်ထောင်စုအပေါ် သီးနှံပိတ်ဆို့ထားမှုကို လွန်ခဲ့သော ရက်သတ္တပတ်တွင် ရုပ်သိမ်းပြီး နောက် ဥရောပဘုံစျေးအဖွဲ့ (အီးအီးစီ)က ဆိုဗီယက်ပြည်ထောင်စုသို့ လယ်ယာထွက် ပစ္စည်း ရောင်းချမှု ပိတ်ပင်ထားခြင်းကို ရုပ်သိမ်းကြောင်း ကြေငြာသည်။

နိုင်ငံတကာ သတင်း စာ များ အဖွဲ့ နှင့် တကွ လက်တင်အမေရိက သတင်းစာများ အဖွဲ့ချုပ်နှင့် နီက ရာဂွါ သတင်းစာ ဆရာ များသမဂ္ဂတို့မှ ကြိုးမှုးကျင်းပသော ကမ္ဘာ့ သတင်းစာ ဆရာများ ညီလာခံကို နီက ရာဂွါနိုင်ငံ မနာဂွါမြို့၌ စတင်ဖွင့်လှစ်သည်။

၂၀

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ လမ်းစဉ် လူငယ်စည်းရုံးရေးဗဟိုကော်မတီက ကြိုးမှူး ၍ အဋ္ဌမအကြိမ် စီမံကိန်းဝင် လူငယ်များ တွေ့ဆုံပွဲ အခမ်းအနားကို ရန်ကုန်မြို့ ပြည် လမ်း ခြောက်မိုင်ခွဲ လူငယ်အင်းလျားလေး စခန်း၌ ကျင်းပသည်။

အနောက်ဂျာမနီ ဝန်ကြီးချုပ် ရှမစ်သည် အာရပ် စော်ဘွားများ နိုင်ငံ (ယူအေအီး) တွင် ၄ဂ နာရီကြာ နေထိုင် လည်ပတ်ရန် ရီ ယတ် မြို့ မှ ရောက် ရှိ လာ ပြီး နောက် ယူအေအီးနိုင်ငံ အကြီးအကဲ ဇိတ် စုလတန် အဲလ်နာ ဟာယင်နှင့် နှစ် နိုင် ငံ ပူး ပေါင်း ဆောင်ရွက်မှု ခိုင်မာရေးကို အဓိကထား ဆွေးနွေးကြသည်။

အစ္စလာမ်မာဗတ်မြို့သို့ ရောက် ရှိ နေ သော အနောက်ဂျာမနီ ခရစ်ယာန် ဆိုရှယ် ယူနီယံ ပါတီဥက္ကဋ္ဌ ဖရန့်ဂျိုးဆက်စထရော့ သည် ပါကစ္စတန်သမ္မတ ဇီယာအူးလဟက်၊ နိုင်ငံ ခြားရေး ဝန် ကြီး အဂ္ဂရှာဟီ တို့နှင့် သီးခြား တွေ့ဆုံကာ အာဖဂန်စတန် ကိစ္စ၊ အရှေ့ အနောက် ဆက်ဆံရေးနှင့် အရှေ့ အလယ်ပိုင်းကိစ္စများကို ဆွေးနွေးကြောင်း ကြေငြာသည်။

မေလ

၁

အလုပ်သမားနေ့ ဖြစ်သည်။

အလုပ်သမားနေ့ လူထုအစည်းအဝေးပွဲ များသို့ လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်း ထံမှ သဝဏ်လွှာ ပေးပို့သည်။

ပြည် ထောင် စု ဆို ရှယ် လစ် သ မ္မ တ မြန်မာနိုင်ငံတော် အတွင်း မှီတင်းနေထိုင် ကြသော တိုင်းရင်းသားလူမျိုး အားလုံး၏ သမိုင်းကြောင်း ဘာသာ စာပေတို့ကို ပြုစု မှတ်တမ်းတင်ရန်နှင့် ရိုးရာဓလေ့ ယဉ်ကျေး မှုများကို ဖော်ထုတ်ရန်အတွက် တိုင်းရင်း သား လူမျိုးများ၏ သမိုင်းကြောင်း ယဉ် ကျေးမှု ဖော်ထုတ်ရေးအဖွဲ့ကို ဖွဲ့စည်းလိုက်

ကြောင်းဖြင့် ဝန်ကြီးအဖွဲ့က ၁၉၇၁ ခုနှစ် ဧပြီလ ၂၂ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂/၇၁ ဖြင့် ထုတ်ပြန်ကြေငြာသည်။

တောင်အာဖရိက နိုင်ငံအား အာဘက် ဘက်မှ စီးပွား ပိတ်ဆို့မှုများ ပြုလုပ်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ် ချက်ကို အမေရိကန်ပြည်ထောင်စု၊ ဗြိတိန် နှင့် ပြင်သစ်နိုင်ငံတို့က ဗီတို အာဏာဖြင့် ပယ်ချသည်။

၄

အမေရိကန် ဒေါ်လာ ၆၂ သန်းကုန်ကျ မည့် အိန္ဒိယသမုဒ္ဒရာအတွင်း ဓနသဟာယ

နိုင်ငံများ၏ ပင်လယ်ရေအောက်ကြေးနန်း ဆက်သွယ်မှုစနစ် (အိုင်အိုကွန်း) ထူထောင် ရေး သဘောတူညီချက် တရပ်ကို မလေး ရှား၊ ဗြိတိန်၊စင်ကာပူ၊သိရိလင်္ကာ၊ကနေဒါ၊ သြစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့မှ ကြေး နန်း ဆက်သွယ်ရေးဌာန အကြီးအကဲများ က လက်မှတ်ရေးထိုးကြသည်။

၅

ဆိုဗီယက် ကွန်မြူနစ်ပါတီ ဗဟို ကော်မတီ အထွေထွေအတွင်းရေးမှူး လီယိုနစ် ဗရက် ဇညက်သည် ဆိုဗီယက် ပြည်ထောင်စုသို့

တရားဝင် လည်ပတ်ရန် ရောက်ရှိနေသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းအား ကရင်မလင်နန်းတော်၌ လက်ခံတွေ့ဆုံသည်။

အရှေ့အုပ်စုနှင့် အနောက်အုပ်စုနိုင်ငံတို့ မပြေမလည် ဖြစ်သောကြောင့် သတ်မှတ်ထားချိန်ထက်နှစ်လကျော်ပိုမိုကြာညောင်းခဲ့သော ဥရောပ လုံခြုံ ရေး ကွန် ဖ ရင့် ကို စပိန်နိုင်ငံ မဒရစ်မြို့တွင် ပြန်လည်ကျင်းပသည်။

၂

အင် ဒို နီး ရှား နိုင် ငံသည် ပြည်တွင်းတွင် ထုတ်လုပ်သော ပထမဆုံး ဒုံးပျံကို ပါမင်းဟုတ် ဒုံးပျံပစ်စခန်းမှ ပစ်လွှတ်သည်။

၃

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့် အဖွဲ့သည် မေလ ၅ ရက်နေ့မှ ၉ ရက် နေ့ ထိ အ နောက် တောင် တိုင်း စစ် ဌာ န ချု ပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့်အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ် မြေ များ သို့ လှည့်လည် စစ်ဆေး ကြည့်ရှုသည်။

နီပေါနိုင်ငံသည် ၂၂ နှစ်တာ ကာလ အတွင်း ပထမဆုံးအကြိမ်အဖြစ် အထွေထွေ ရွေးကောက်ပွဲများ စတင် ကျင်းပသည်။

၁၀

ပြင်သစ် ဆိုရှယ်လစ် ပါတီ ခေါင်းဆောင် ဖရန်စွာမီးထရောင်းသည် ပြင်သစ် သမ္မတ ရွေးကောက်ပွဲတွင် လက်ရှိ သ မ္မ တ ဂျစ် စကတ်ဒက်စတိုင်းအား အနိုင်ရရှိသည်။


၁၂

တတိယအကြိမ် ပြည်သူလွှတ်တော်နှင့်ပြည်သူကောင်စီ အဆင့်ဆင့်၏ ပုံမှန်သက်တမ်း အတွက် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူကောင်စီ အဆင့်ဆင့်၏ မဲဆန္ဒနယ် အရေအတွက် သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီမှ မေလ ၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၆/၈၁ ကို ထုတ်ပြန်သည်။

စင်ကာပူ သမ္မတ ဘင်ဂျာမင် ဟင်နရီ ရှီးယား (၇၃) နှစ်သည် ဦးနှောက်သွေးကြောပြတ်ရောဂါဖြင့်ကွယ်လွန်သွားသည်။

၁၃

ဗရင်ဂျီ သာသနာပိုင် ဒုတိယမြောက် ပုပ္ပ ဂျန်ပေါ (၆၀) နှစ်သည် သေနတ်သမား တဦး၏ ပစ်ခတ်မှုကို ခံရပြီး ဒဏ်ရာရရှိသွားသည်။



ပြင်သစ်နိုင်ငံ သမ္မတသစ် အဖြစ် ရွေးကောက်ခံရသော ဖရန်စွာမီးထရောင်း

၁၄

မြန် မာ့ ဆို ရှယ် လစ် လမ်း စဉ် ပါတီ၊ ဗဟို ကော်မတီ ၁၆ ကြိမ်မြောက် အစည်းအဝေး ကို အောင်မြင်စွာ ကျင်းပ ပြီးစီးသည်။

ဂျပန်နိုင်ငံခြားရေး ဝန်ကြီး မာဆယိုရှိ အီတိုသည် လွန်ခဲ့သည့် ရက် သ တ္တ ပတ် က ဝါရှင်တန်မြို့၌ ထုတ်ပြန်ခဲ့သည့် ဂျပန်၊အမေရိကန် ပူးတွဲကြေငြာချက်နှင့်စပ်လျဉ်းသော အငြင်းပွားမှုကြောင့် ရာထူးမှ နုတ်ထွက်လိုက်သည်။

၁၆

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦး နေ ဝင်း က ပါတီ ဗဟို ကော် မ တီ ၁၆ ကြိမ် မြောက် အ စည်း အ ဝေး သို့ တက် ရောက်ခဲ့သည့် ဗဟိုကော်မတီဝင် များအား အလုံလမ်း သမ္မတ အိမ်တော်ဝင်း၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ကျွေးခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထူထောင်ခဲ့သူ ဆွန်ယက်ဆင်၏ ဇနီး ဆွန်ချင်လင်း



သေနတ်သမားတဦး၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သော ဗရင်ဂျီသာသနာပိုင် ဒုတိယမြောက် ပုပ္ပဂျန်ပေါ

သတင်းဖြစ်ရပ်များ

အား တရုတ် ကွန်မြူနစ်ပါတီဝင်အဖြစ် ဝင်ခွင့်ပြုလိုက်ပြီး တရုတ်ပြည်သူ သမ္မတနိုင်ငံကုက်ထူးဆောင် သမ္မတ အဖြစ် ခန့်အပ်သည်။

၂၀

အစ္စရေး၏ တိုက်ခိုက်မှုကို ခံရပါက ဆီးရီးယားဘက်မှ အာရပ်နိုင်ငံ အားလုံး ပါဝင်တိုက်မည် ဖြစ်ကြောင်း ဆအူးဒီ အာရေဗျနိုင်ငံ အိမ်ရှေမင်းသား ဖဟ်ဒ်က ဗာရိန်းမြို့တွင် ကြေငြာသည်။

၂၁

ပြင်သစ်နိုင်ငံ၏ သမ္မတအဖြစ် ခုနစ်နှစ်တာထမ်း ဆောင်ရမည့် တာဝန်ကို သမ္မတဟောင်း ဂျစ်စကတ် ဒက်စတိုင်းထံမှသမ္မတသစ် ဖရန်စွာမီးထရောင်းက လွှဲပြောင်းတာဝန်ယူသည်။ သမ္မတရာထူး လက်ခံပြီးနောက် သမ္မတ မီးထရောင်းသည် အလယ်အလတ် ဆိုရှယ်လစ် ဝါဒီ ပဲ့ျမိုရွှိုင်းအားဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်ထားသည်။

၂၂

လက်ဗန္ဓန် ဒုံးပျံပြဿနာနှင့် ပတ်သက်ပြီး ဆီးရီးယားသည် အစ္စရေးနှင့် စစ်ဖြစ်မည်ဆိုပါက ဆီးရီးယားအား အီဂျစ်က ကူညီမည် မဟုတ်ကြောင်းဖြင့် သမ္မတ အန္နဝါ ဆဒတ်က ကြေငြာသည်။

အစ္စရေး လေယာဉ်နှစ်စင်းကို လက်ဗနွန်နိုင်ငံတွင် ပစ်ချလိုက်ကြောင်း ဒမတ်စကတ် အသံလွှင့်ဌာနက ကြေငြာသည်။

၂၃

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီသည် ပုဂ္ဂိုလ် ၁၂ ဦးအား နိုင်ငံကုက်ရည်ဘွဲ့ ဒုတိယဆင့်ကို အပ်နှင်းလိုက်ကြောင်း အမိန့်ကြေငြာစာ အမှတ် ၃၈/၈၁ ဖြင့် ထုတ်ပြန်ကြေငြာသည်။

၂၄

အက်ကွာဒေါနိုင်ငံ သမ္မတ ဂျိမ်းရှိ.ဒို သည် အက်ကွာ ဒေါ နှင့် ပီရူး နယ်စပ် အနီးတွင် လေယာဉ်ပျက်ကျ၍ ကွယ်လွန်သည်။

၂၅

နမီးဗီးယား လွတ်လပ်ရေးနှင့် စပ်လျဉ်း၍ တောင်အာဖရိကနိုင်ငံနှင့် စေ့စပ်ဆွေးနွေးနေသော အနောက်ပိုင်း ငါးနိုင်ငံတို့သည် ကုလသမဂ္ဂ၏ အစီအစဉ်နှင့် မကိုက်ညီပဲ လမ်းလွဲလျက် ရှိနေသည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစွတာ ဗားဟိုင်းက ကြေငြာသည်။

၂၆

အီတလီနိုင်ငံ၏ ခရစ်ယာန် ဒီမိုကရက်တစ်ဝန်ကြီးချုပ် မစွတာ အာနော်ဒိုဖော်လာနီ ခေါင်းဆောင်သော လေးပါတီ ညွှန့်ပေါင်းအစိုးရအဖွဲ့သည် လျှို့ဝှက်အဖွဲ့အစည်းတရပ်၏ သူလျှိုလုပ်မှုနှင့် စပ်လျဉ်းသော အရေးအခင်း ပေါ်လာခြင်းကို အကြောင်းပြု၍ နုတ်ထွက်သွားသည်။

၂၇

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ပုံစံမျိုး တောင်အတ္တလန္တိတ်ဒေသတွင် ကာကွယ်ရေးအဖွဲ့တရပ် ဖွဲ့စည်းရန် အမေရိကန်ပြည်ထောင်စု၏ အဆိုပြုချက်ကို အာဂျင်တီးနား၊ ဗရာဇီးနိုင်ငံ တို့က ဆန့်ကျင်ကြောင်း ကြေငြာသည်။

တရုတ်ပြည်သူသမ္မတနိုင်ငံ၏ ဂုက်ထူးဆောင် သမ္မတ မဒမ် ဆွန်ချင်လင်းသည် သွေးကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

၂၉

စွမ်းအင် နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရေး နည်းလမ်းများကို ဆွေးနွေးရန်အတွက် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(အေဆီယင်)ငါးနိုင်ငံ စီးပွားရေး ဝန်ကြီးများသည် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် တွေ့ဆုံကြသည်။

၃၀

ဘင်္ဂလားဒေ့ရှသမ္မတ ဇီယာရာမန်သည် စစ်တကောင်းမြို့တွင် လုပ်ကြံခြင်းခံရကြောင်းနှင့် တနိုင်ငံလုံးတွင် အရေးပေါ်အခြေအနေကို ထုတ်ပြန်ထားကြောင်း အိန္ဒိယသတင်းဌာန (ပီတီအိုင်) က သတင်းဖော်ပြသည်။

၃၁

သမ္မတ ဇီယာရာမန်အား လုပ်ကြံသတ်ဖြတ်ခြင်းဖြင့် စတင်ပေါ်ပေါက်ခဲ့သော ပုန်ကန်မှုကိုဘင်္ဂလားဒေ့ရှ အစိုးရတပ်များက ဖြိုခွင်းလိုက်ပြီး သူပုန်များ သိမ်းထားသော စစ်တကောင်း ဆိပ်ကမ်းမြို့ကို အစိုးရတပ်များက ပြန်လည်သိမ်းပိုက်သည်။



ကွယ်လွန်သူ မဒမ်ဆွန်ချင်လင်း အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ် အခမ်းအနားကို ပီကင်းမြို့ ပြည်သူခန်းမ၌ ပြုလုပ်စဉ်

ဌနှ်လ

၁

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့သည် ဖမ်းဆီးရမိသော မျောင်ခို ပစ္စည်းများအ ပေါ် ဆုငွေ ချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော အမိန့်အမှတ် ၁/၇၀၊ ၂/၇၀ နှင့် ၁၉၇၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့စွဲဖြင့်ထုတ်ပြန်ခဲ့သောအမိန့်အမှတ် ၃/၇၀ တို့ကို အမိန့်အမှတ် ၁/၇၁ ဖြင့် ပယ်ဖျက်လိုက်ပြီး ယင်းတို့အစား ပိုမိုပြည့်စုံတိကျပြီး တစုတစည်းတည်း ဖြစ်စေရန်အတွက် အမိန့်အမှတ် ၂/၇၁ နှင့် ၃/၇၁ တို့ကို အသစ် ထုတ်ပြန် ကြေငြာသည်။

မြေထဲပင်လယ်ဒေသလုံခြုံရေး ရည်မှန်းချက်များနှင့် စပ်လျဉ်းသော ကြေငြာစာတမ်းပါ အချက်အလက်များကို ဥရောပလုံခြုံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးညီလာခံက သဘောတူညီ လိုက်သည်။ ယင်းကြေငြာစာတမ်းကို ဂရိနိုင်ငံက အဆိုပြုခဲ့ပြီး အဖွဲ့ဝင် ၃၃ နိုင်ငံက လက်ခံအတည်ပြုသည်။

၂

အရှေ့အလယ်ပိုင်း ဒေသတွင် ခိုင်မာသော ငြိမ်းချမ်းရေး ရရှိရန်နှင့် တိုက်ခိုက်မှုများပြေရှင်းရန်အတွက် ပြုလုပ်သောမည်သည့် စေ့စပ် ဆွေးနွေးပွဲတွင်မဆို ပါလက်စတိုင်း ကိုယ်စားလှယ် ပါဝင်နိုင်ရေး အပေါ် တွင်တည်နေသည်ဟု ဗြိတိန် နိုင်ငံခြား ရေး ဝန် ကြီး လော့ဒ်ကာရင်တန်က လန်ဒန်မြို့တွင် ပြောကြားလိုက်သည်။

လက်ဗန္ဓနတောင်ပိုင်းရှိ ပါလက်စတိုင်းတို့အခိုင်အမာပြုကာ နေထိုင်ကြသည့်နေရာများကို အစ္စရေးလေယာဉ်များက တိုက်ခိုက်ခဲ့ပြီး ဆီးရီးယား တို့ကလည်း ခရစ်ယာန် ပြည်သူစစ်များ လွှမ်းမိုးထားသည့် ဇာလီမြို့ကို တိုက်ခိုက်ခဲ့ကြကြောင်း လက်ဗန္ဓန် အသံလွှင့်ဌာနမှ ကြေငြာသည်။


၃

နိုင်ငံတကာ အာလုပ်သမား အဖွဲ့ချုပ် (အိုင်အယ်အို) ၏ ၆၁ နှစ်မြောက် နှစ်ပတ်လည် ကွန်ဖရင့်ကို ဂျီနီဗာမြို့တွင် စတင်ကျင်းပသည်။

၄

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သတ္တုတွင်း ဝန်ကြီး ဌာန၏ ကျောက်မျက် ရတနာ သိုက်များ၊ သတ္တုသိုက်များ ရှာဖွေပေး သူများ အား ဆုငွေ ချီးမြှင့်ခြင်းဆိုင်ရာအမိန့်အမှတ် ၂၆/၇၁ နှင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ ကျောက်မျက်ရတနာ ကော်ပိုရေးရှင်း၏ ကျောက်သံပတ္တမြားပစ္စည်းရောင်းချလိုသူ နိုင်ငံသားများထံမှ ဝယ်ယူမည့် အစီအစဉ်တို့ကို ထုတ်ပြန်ကြေငြာသည်။

လောပြည်သူဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဖွန်စီပါစွတ် ခေါင်းဆောင်သော အဖွဲဝင် ရှစ်ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲသည် ရန်ကုန်လေဆိပ်သို့ရောက်ရှိသည်။



အစ္စရေး လေယာဉ်တို့၏ ပုံးကြဲတိုက်ခိုက်မှုကိုခံရသော လက်ဗန္ဓန် တောင်ပိုင်းတနေရာ

လက်ဗန္ဓန်နိုင်ငံရှိ ပါလက်စတိုင်းအခြေစိုက် စခန်းများအား အစ္စရေးတို့ ထိုးဖောက် တိုက်ခိုက်ခြင်းကို အဆုံးသတ်ရန် အီဂျစ် သမ္မတ အန္နဝါဆဒတ်၏ မေတ္တာရပ်ခံချက်ကို အစ္စရေးဝန်ကြီးချုပ် ဗယ်ဂင်က ငြင်းပယ်သည်။

၇

လောပြည်သူ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဖွန်စီပါစွတ်ခေါင်းဆောင်သောအဖွဲသည် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မောင် ခေါင်းဆောင်သော မြန်မာအဖွဲနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန တိုးချဲ့အဆောက်အအုံတွင် နှစ်နိုင်ငံအကျိုးတူ ကိစ္စများကို ဆွေးနွေးသည်။

ကုလသမဂ္ဂ - မြန်မာ မူးယစ် ဆေးဝါး အန္တရာယ် ကာကွယ် တားဆီးရေး အစီအစဉ်အရ ၁၉၇၁ ခုမှ ၁၉၇၆ ခုနှစ် အထိ ဒုတိယအဆင့် ကုလသမဂ္ဂ - မြန်မာသဘောတူ စာချုပ်ကို ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး မင်းနောင်နှင့် ကုလသမဂ္ဂ မှူဖြိုးမှု အစီအစဉ် ယာယီဌာနေကိုယ်စားလှယ် မာ့တာဂျေးဟောက်ကိုတို့ လက်မှတ်ရေးထိုးသည်။

လက်ဗန္ဓနတွင် အလျင်အမြန် အပစ်အခတ် ရပ်စဲရန် အစ္စလာမ်မစ် နိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများက ဘဂ္ဂဒက် ညီလာခံ၌ တောင်းဆိုလိုက်ပြီး ထိုဒေသ၌ ငြိမ်းချမ်းရေး ရရှိရေးအတွက် အာရပ်အဖွဲချုပ်၏ ကြိုးပမ်း ဆောင်ရွက် မှုများကို ထောက်ခံအားပေးကြရန်တိုက်တွန်းသည်။

၈

အစ္စရေးတို့က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီးရှိ ချူးကလီးယားဓာတ်ပေါင်းဖိုကို ဗုံးကြဲဖျက်ဆီးသည်။

လွတ်လပ်သောနမီးဗီးယား (အနောက်တောင် အာဖရိက) တွင် အနာဂတ်၌ လူဖြူလူနည်းစုအတွက် အာမခံချက် ရှိစေ

မည်ဖြစ်ကြောင်းဖြင့် ပြောက်ကျား ခေါင်းဆောင် ဆမ်နဂျိုမာက ဆော့ဘာရီမြို့တွင် ကတိပေး ပြောကြားလိုက်သည်။

၈

လောပြည်သူ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖွန်စီပါစွတ် ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ရန်ကုန်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။

၉

တောင်ပစိဖိတ် သမုဒ္ဒရာအတွင်းရှိ ပြိတိသျှနှင့် ပြင်သစ်တို့ ပူးတွဲအုပ်စိုးမှု အောက်မှ လွတ်မြောက် လာခဲ့သော ဗာနွာတူကျွန်းနိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့သို့ အဖွဲ့ဝင် အဖြစ် လျှောက်ထားသည်။

၁၀

အီရန်နိုင်ငံ ခေါင်းဆောင် အယာတိုလာခိုမေနီက သမ္မတ ဗာနီဆာဒါအား အီရန်လက်နက်ကိုင်တပ်မျာ၏ ဦးစီးချုပ်အဖြစ်မှ ဖယ်ရှားလိုက်သည်ဟု အီရန်အစိုးရ ရေဒီယို က ကြေငြာသည်။

၁၁

အီရတ်နျူးကလီးယားဓာတ်ပေါင်းဖိုတခုကို အစ္စရေးနိုင်ငံက လေကြောင်းမှ တိုက်ခိုက်ဖျက်ဆီးခဲ့ရာတွင် အဆိုပါ ဓာတ်ပေါင်းဖိုတည်ရာ မြေပြင်အောက် ပေ ၁၃၀ ရှိ လျှို့ဝှက်မြေအောက်စခန်းကိုပါ ဖျက်ဆီးနိုင်ခဲ့သည်ဟု အစ္စရေးဝန်ကြီးချုပ် ဗယ်ဂင်က တဲလ်အဗစ်မြို့တွင် ပြောကြားသည်။

၁၂

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ စတုတ္ထ အကြိမ် ပါတီညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဦးစန်းယုနှင့်အဖွဲဝင်များသည် အင်းစိန်မြို့နယ် ပါတီယူနစ် မျက်နှာစုံညီအစည်းအဝေးနှင့် ရွေးချယ်တင်မြောက်ပွဲ ကျင်းပပုံကို သွားရောက် လေ့လာ ကြည့်ရှုသည်။


၁၃

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ အစည်းအဝေးကို ကမ္ဘာအေးကုန်းမြေရှိ ဗဟိုအစည်းအဝေး ခန်းမ၌ စတင်ကျင်းပသည်။

အီရတ် နျူးကလီးယားစက်ရုံကို တိုက်ခိုက်ခဲ့သောအစ္စရေးနိုင်ငံ၏ကျူးကျော်မှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြစ်ပေးနိုင်ရေးအတွက် အမေရိကန် ပြည်ထောင်စု အနေဖြင့် ယင်း၏ ဗီတိုအာဏာ သုံးပိုင်ခွင့်ကို လက်လွှတ်ပေးရန် အာရပ်အဖွဲ့ချုပ် ဝင်နိုင်ငံများက တောင်းဆိုလိုက်သည်။

၁၅

နိုင်ငံတကာ အခြေအနေများ ပိုမို ဆိုးရွားလာနေသည့် ယခုအခါမျိုးတွင် အရှေ့နှင့်အနောက်နိုင်ငံများ ဆွေးနွေးခြင်းသည် အထူးအသုံးဝင် အကျိုးရှိသည်ဟု ဆိုဗီယက်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲဝင် ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုက မော်စကိုမြို့တွင် အလေးအနက်ထား ပြောကြားသည်။



အစ္စရေးအက်ဖ ၁၆ တိုက်လေယာဉ်များ ဖျက်ဆီးခံခဲ့ရသော အီရတ်နျူးကလီးယားဓာတ်ပေါင်းဖို တည်ဆောက်စဉ်က တွေ့ရပုံ

၁၆

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးသည် အတည်ပြုခြင်း ရှစ်ရပ်၊ ရွေးချယ် တင်မြောက်ခြင်း တရပ်၊ ဆုံးဖြတ်ချက် နှစ်ရပ်၊ မှတ်တမ်းတင်ခြင်းနှစ်ရပ်တို့ကို ချမှတ်တော်မူကာ အောင်မြင်စွာပြီးစီးသွားသည်။

အစ္စရေးအား ပိတ်ဆို့အရေးယူမှု ပြုရန် အဆိုကို တတိယ ကမ္ဘာ့နိုင်ငံများက ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးတွင် ထပ်မံ တင်သွင်းသည်။

၁၇

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် ကောင်စီက ဆက်

ကပ်လှူဒါန်းခဲ့သည့် အဘိဓမ္မဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆထုတော် ကြီးများအား ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လှင်က ဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ပွဲကို ကမ္ဘာအေးကုန်းမြေရှိမဟာပါသာဏ လိုဏ်ဂူတော်၌ ဆင်ယင် ကျင်းပသည်။

အမေရိကန်ပြည်ထောင်စုသည် တောင်အာဖရိက နိုင်ငံနှင့် စစ်ရေးအရ ပိုမိုနီးကပ်စွာ ပူးပေါင်းရန် ညှိနှိုင်းဆွေးနွေးနေသည်ဟု အမေရိကန် သမ္မတ ရော်နယ်ရေဂင်က ကြေငြာသည်။

၁၈

သမ္မတ ဆထူးမှ ဖြုတ် ချ ရန် ပါ လီမန် က ကြိုးစားနေမှုများနှင့် ရင်ဆိုင် နေရသော အီရန်သမ္မတ ဗာနီဆာဒါသည် ရှောင်ပုန်းသွားပြီ ဖြစ်သည်။ နိုင်ငံတွင်းမှပင် ထွက်ပြေးသွားပုံရသည်ဟူ၍ တီဟီရန်တော်လှန်ရေး ရှေနေချုပ်ရုံးမှ ကြေငြာသည်။

၁၉

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ စတုတ္ထအကြိမ် ပါတီညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌဦးစန်းယုနှင့်အဖွဲ့သည် လှိုင်မြို့နယ် ပါတီယူနစ်နှင့် ဗဟန်းမြို့နယ် ပါတီယူနစ်များ၏ မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ် တင်မြှောက်ပွဲများကို လေ့လာကြည့်ရှုသည်။

ပရိတိုးရီးယားမြို့တွင် ရှိသော လူဖြူလူနည်းစု အစိုးရကို ပိတ်ဆို့အရေးယူရန်နှင့် တောင်အာဖရိက ကုမ္ပဏီများနှင့် အဆက်အသွယ်အားလုံး ဖြတ်တောက်ရန် အစီရင်ခံစာတစောင်ကို နိုင်ငံတကာ အလုပ်သမား အဖွဲ့ချုပ်(အိုင်အယ်အို)က လက်ခံအတည်ပြုသည်။

၂၀

အမေရိကန် ပြည်ထောင်စုသည် ဗီယက်နမ် နိုင်ငံနှင့် ပုံမှန်ဆက်ဆံမှုများ ပြုလုပ်လိမ့်မည်မဟုတ်ကြောင်းဖြင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟိတ်က အရွှေတောင်အာရှ နိုင်ငံများ အဖွဲ့ (အေဆီယင်) သို့ ပြောကြားသည်။

၂၁

မြန်မာနိုင်ငံတွင် နိုင်ငံရေး ခိုလှုံခွင့်ဖြင့် နေထိုင်လျက်ရှိသော ထိုင်းနိုင်ငံ အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဆန်ချစ်ပါတီ မာသည် ထိုင်းနိုင်ငံအစိုးရက ထုတ်ပြန်ထားသော လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာသွားသည်။

အီရတ် ရှုံးကလီးယားသုတေသနဌာနအား အစွဖေး နိုင်ငံက ဗုံးကြဲ တိုက်ခိုက်ရာတွင် အမေရိကန်လုပ် စစ်လေယာဉ်များကို အသုံးပြုခဲ့သဖြင့် အမေရိကန် ပြည်ထောင်စုသို့ ရေနံဆောင်းချမှုကို ပိတ်ပင်ရန် အာရပ်အဖွဲ့ချုပ်က ထောက်ခံသည်။

အီရန် သမ္မတ ဗာနီဆာဒါအား အီရန်တော်လှန်ရေးခေါင်းဆောင် အယာတိုလာ ခိုမေနီက ရာထူးမှ ထုတ်ပယ်သည်။

၂၄

အာဖရိက ညီညွတ်ရေးအဖွဲ့ (အိုအေယူ)၏ ၁၈ ကြိမ်မြောက် ထိပ်သီး ညီလာခံကို နိုင်ရိုဘီမြို့တွင် စတင်ဖွင့်လှစ်သည်။

အရှေတောင်အာရှနိုင်ငံများအဖွဲ့(အေဆီယင်)၏ ပထမအကြိမ် စာပေလုပ်သားညီလာခံကို ဖိလစ်ပိုင် နိုင်ငံခြားရေး ဝန်ကြီး ကာလို့စရိမ္ဘူလိုက မနီလာမြို့တွင် ဖွင့်လှစ်သည်။

၂၅

လာမည့် ဧပြီလတွင် ဆိုင်းနိုင်းကျန်းဆွယ်မှ အစွရေးတို့ ရုပ်သိမ်းသွားလျှင် ထိန်းသိမ်းစောင့် ရှောက် ရန် အတွက် နိုင်ငံစုံမှ တပ်သားအင်အား နှစ်သောင်းပါဝင်သည့် ငြိမ်းချမ်းရေးတပ်ဖွဲ့ ဖွဲ့စည်းရေးကို အီဂျစ်၊ အစွရေးနှင့် အမေရိကန် ပြည်ထောင်စုတို့ သဘောတူညီမှု ရရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကိုယ်စားလှယ် မစ္စတာ မီချေးစတာနာက ကိုင်ရိုမြို့တွင် ကြေငြာသည်။

ဗြိတိန်နိုင်ငံသည် ဒေါ်လာ ၄ ဒသမ ဂ သန်း ချေတာနိုင်ရေးအတွက် ပင်လယ်ရပ်ခြား အသံလွှင့် လုပ်ငန်းများတွင် ဘာသာစကားပေါင်း ၄၀ ဖြင့် အသံလွှင့်နေထုမှ ဘာသာစကား ခုနစ်ခုကို လျှော့ချကန့်သတ် သွားမည်ဟု ဗြိတိန် အစိုးရက ကြေငြာသည်။

၂၆

ပါကစ္စတန်နိုင်ငံသည် ၁၉၇၁–၇၂ ဘဏ္ဍာနှစ်အတွင်းချူးကလီးယားစွမ်းအင်စီမံကိန်းတွင် ယမန်နှစ်ကထက် ၁၂ ရာခိုင်နှုန်း တိုးကာ ဒေါ်လာ ၅၆ သန်းကျော် သုံးစွဲမည် ဖြစ်ကြောင်း ကြေငြာသည်။

၂၇

အီရန်နှင့် အီရတ်စစ်ပွဲ ဖြေရှင်းရေး အကြမ်းဖျင်း အစီအစဉ်များ တင်ပြရန် ကုလသမဂ္ဂအထူးသံတမန် အိုလော့ဗမ်းသည် တီဟီရန်မှ ဘဂ္ဂဒက်မြို့သို့ ဆောက်ရှိလာသည်။

ဗိုလစ်ဗီးယားသမ္မတ ဗိုလ်ချုပ်ကြီး လူဝီ ဂါဆီယာမီဇာအား ရာထူးမှ ဖြုတ်ချလိုက်ကြောင်း စစ်ဘက်ဆိုင်ရာမှ ကြေငြာသည်။

၂၈

အဖွဲ့ဝင်နိုင်ငံ ၅၀ ပါဝင်သော အာဖရိက ညီညွတ်ရေးအဖွဲ့ (အိုအေယူ) အတွင်းသဘောထား ကွဲလွဲမှု တစုံတရာမရှိပဲ ၁၈ ကြိမ်မြောက် အိုအေယူ ထိပ်သီးညီလာခံသည် ကျင်းပပြီးစီးသွားသည်။

တီဟီရန်မြို့ရှိ ဩဇာအာရ အစွလာမ်ဂီ ပတ်ဗလီကင်ပါတီ (အိုင်အာပီ) ဌာနချုပ်တွင် ဗုံးတလုံးပေါက်ကွဲရာ အီရန်နိုင်ငံ၏ ဩဇာအရှိန်အဝါ ဒုတိယအကြီးဆုံး ပုဂ္ဂိုလ်ဖြစ်သူ အယာတိုလာ မိုဟာမက်ဘီဟက်ရှတီ အပါအဝင် လူ ၂၅ ဦးထက်မနည်း သေဆုံးကြောင်း ပါးစသတင်းဌာနက သတင်းထုတ်ပြန်သည်။

၂၉

ဥရောပဘုံစျေးအဖွဲ့ (အီးအီးစီ) ထိပ်သီးအစည်းအဝေးကို လူငင်ဘတ်မြို့တွင် စတင်ကျင်းပသည်။

တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ ၁၁ ကြိမ်မြောက် ဗဟိုကော်မတီ ဆဋ္ဌမ မျက်နှာစုံညီအစည်းအဝေးက ပါတီဗဟိုကော်မတီဥက္ကဋ္ဌအဖြစ်မှ လည်းကောင်း၊ ပါတီစီစစ်ရေးကော်မရှင် ဥက္ကဋ္ဌ အဖြစ်မှလည်းကောင်း နုတ်ထွက်ခွင့်ပြုရန် ဟွာကိုဖုန်း၏ မေတ္တာရပ်ခံချက်ကို လက်ခံ အတည်ပြုလိုက်ပြီး ဟုယိုပန်အား တရုတ် ကွန်မြူနစ် ပါတီ ဗဟိုကော်မတီ ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်လိုက်သည်။

သတင်းဖြစ်ရပ်များ

ဌူလိုင်လ

၂

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ စတုတ္ထ အကြိမ် ပါတီညီလာခံကျင်းပရေး ကော်မရှင် စီမံ ခန့် ခွဲ ရေး ကော်မတီ၏ ညှိနှိုင်း အစည်းအဝေးကို မင်္ဂလာဒုံ ဗဟိုနိုင်ငံရေး တက္ကသိုလ် ဝင်း အ တွင်း ရှိ စီမံခန့်ခွဲရေး ကော်မတီရုံး အစည်းအဝေးခန်းမ၌ကျင်းပ သည်။

ပြင်သစ်သမ္မတဖရန်စွာ မီးထရောင်းနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ်ဗာ ဟိုင်းတို့သည် စက်မှုနိုင်ငံများနှင့် တတိယ ကမ္ဘာဆက်ဆံရေးကိစ္စများကို ပါရီမြို့တွင် တွေ့ဆုံဆွေးနွေးသည်။

စီး ပွား ရေး အပြန်အလှန် အကူအညီ ပေးရေးကောင်စီ (ကွန်မီကွန်) ၏ နှစ်ပတ် လည် ထိပ်သီး အစည်း အဝေးကို ဗူလ ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့တွင် စတင် ကျင်းပသည်။

၃

ဝန်ကြီးချုပ် ယာဇူဇယ်စကီး၏ မေတ္တာ ရပ်ခံ ချက် အရ ပိုလန်ပါလီမန်က ပိုလန် အစိုးရအဖွဲ့အတွင်း ဝန်ကြီးရှစ်ဦးကို ထုတ်ပယ် မှ ဖယ်ရှားလိုက်ပြီး ဝန်ကြီးသစ် ငါးဦးကို ခန့်အပ်သည်။

၄

ဗီယက်နမ် အ မျိုး သား လွှတ် တော် ဥက္ကဋ္ဌ ဟောင်း တရောင်ချင်းအား ဗီယက်နမ် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌအဖြစ် ရွေးချယ် သည်။

၆

နိုင်ငံတကာ အဏုမြူ အင်အား အေဂျင်စီ (အိုင်အေအီးအေ)မှ လုံခြုံရေး စစ်ဆေးမှုး တဦးဖြစ်သော ဆော်ဂျားရစ်တာ အား လျှို့ဝှက်သတင်း ပေါက်ကြားမှုနှင့် လုပ်ငန်း မှားယွင်းလုပ်ဆောင်မှုတို့ကြောင့် ရာထူးမှ ထုတ်ပယ်သည်။

၇

သီရိလင်္ကာနိုင်ငံ၌ သမ္မတ ကျေယာဝါဒီနီ၏ အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့် အရ အကျဉ်းသား ၁၀၀၀ ကျော်ကို လွှတ်ပေးသည်။

၈

နိုင်ငံတော်ကောင်စီက ကြီးမှူးကျင်းပသော မြန်မာစာပေဆိုင်ရာ ဆွေးနွေးပွဲကို အလုံ လမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟို အ စည်း အ ဝေး ခန်း မ ၌ ကျင်း ပ ရာ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ တော် သမ္မတကြီး ဦးနေဝင်းက သဘာပတိ အဖြစ် ဆောင်ရွက်ပြီး လမ်း ညွှန် မိန့် ခွန်း မြွက်ကြားသည်။

ယခုလအတွင်းကျင်းပမည့် အီရန်နိုင်ငံ သမ္မတ ရွေး ကောက် ပွဲ တွင် အာ ဏာ ရ အစ္စလာမ်မစ်ရီပတ်ဗလစ်ပါတီ (အိုင်အာပီ)၏ သမ္မတ လောင်း အဖြစ် လက်ရှိ ဝန်ကြီး ချုပ် မိုဟာမက်အလီရာဂျေးအား ရွေးချယ် သည်။

၉

၁၉၇၁-၇၂ ခုနှစ် ပ ထ မ သုံး လ ပတ် လယ် ယာ သား ငါး နှင့် သစ် တော ကဏ္ဍ ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ နတ်မောက် လမ်းရှိ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေး ရှင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၁၁

စာတတ်မြောက်ရေး လုပ်အားပေးဂုဏ်ပြုပွဲ ကို ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ငြိမ်း တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြော ကြားသည်။

အစ္စရေးနိုင်ငံ၏ အထွေထွေရွေးကောက် ပွဲ အနိုင် အရှုံး စာရင်း များ ကို တရား ဝင် ထုတ်ပြန်ရာတွင် ဝန်ကြီးချုပ် ဗယ်ဂင်၏ ပါတီမှ အနိုင်ရသည်။

၁၃

ကုလသမဂ္ဂမှ ကြီးမှူးကျင်းပသော ကမ်ပူး ချားဆိုင်ရာ နိုင်ငံတကာညီလာခံကို စတင် ကျင်းပသည်။ ညီလာခံအဖွင့်တွင် ကမ်ပူး ချား ပြဿနာသည် မျက်မှောက်ခေတ်တွင် ကြေကွဲဖွယ်ရာအကောင်းဆုံးသော ဖြစ်ရပ် တခုဖြစ်ကြောင်း၊ အင် ဒို ချိုင်း နား တွင် ငြိမ်းချမ်းရေး ပြန် လည် ရ ရှိ ရေး အ တွက် အလွန်လိမ္မာပါးနပ်စွာ ကိုင် တွယ် ဖြေ ရှင်း ကြရန် မေတ္တာရပ်ခံကြောင်းဖြင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းက ပန်ကြားသည်။

၁၇

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ စတုတ္ထ အကြိမ် ပါတီညီလာခံကျင်းပရေး ကော်မရှင် ဆက်သွယ်ရေးနှင့် သတင်းထုတ်ပြန်ရေး ကော်မတီ၊ ဆပ်ကော်မတီနှင့် လုပ်ငန်း အဖွဲ့ခွဲများ၏ ညှိနှိုင်းမှု အစည်းအဝေးကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ် အစည်းအဝေးခန်းမ ၂ ၌ ကျင်းပရာ ဆက်သွယ်ရေးနှင့် သတင်းထုတ်ပြန်ရေး ကော် မ တီ ဥက္ကဋ္ဌ ဝန် ကြီး ချုပ် ဦးမောင်မောင်ခနှင့် ကော် မ တီ ဝင် များ၊ ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တက် ရောက်ကြသည်။

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံနယ်စပ် ဒေသရှိ ပဋ္ဋန်ချဒေသတွင် အိန္ဒိယနှင့် ပါကစ္စ တန်တပ်သားတို့သည် အပြန်အလှန်ပစ်ခတ် မှုများဖြစ်ပွားခဲ့သည်။

၁၈

ကမ်ပူးချားနိုင်ငံအတွင်းရှိ ပြည်ပတပ်များ ရုပ်သိမ်းရန်၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေး တပ်ကို အမြန်စေလွှတ်ရန်နှင့် ကုလသမဂ္ဂ ကြီးကြပ်ကွပ်ကဲသည့် ရွေးကောက်ပွဲများ ကျင်းပရန် တောင်းဆိုချက်များကို ကမ်ပူး ချားပြဿနာဆိုင်ရာ နိုင်ငံတကာ ညီလာခံ ၌ တောင်းဆိုသည်။

ပါလက်စတိုင်း ပြောက်ကျား တို့၏ တိုက်ခိုက်မှုကို လက်တုံ့ပြန်သော အားဖြင့် အစ္စရေးနိုင်ငံက ဘေရွတ်မြို့နှင့် လက်ဗန္ဓနံ တောင်ပိုင်းကို လေကြောင်းမှ တိုက်ခိုက် သည်။

၁၈

နမီးဗီးယား အမျိုးသားရေး အုပ်စုမှ ပြောက်ကျားများသည် အင်ဂိုလာနှင့် နယ်စပ် ရွာအာကာနာရှိ တောင်အာဖရိက စစ်စခန်းကို ဖျက်ဆီးလိုက်သည်။

၁၉

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ၃၄ နှစ်မြောက် အာဇာနည်နေ့ ဖြစ်သည်။

၂၁

လက်ဗန္ဓနှင့် အစွမ်းရေးနယ်စပ် တလျှောက် တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွားနေ့ မှန်သမျှကို အမြန်ဆုံး ရပ်ဆိုင်းရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက တိုက်တွန်းသည်။

ကနေဒါနိုင်ငံ အော့တဝါမြို့တွင် ခုနစ်ရက်ကြာ ကျင်းပခဲ့သော အနောက်စက်မှုနိုင်ငံ ခုနစ်နိုင်ငံ၏ ထိပ်သီးညီလာခံ အပြီးတွင် အနောက်အုပ်စု၏ အဓိကနိုင်ငံကြီး ခုနစ်နိုင်ငံတို့သည် ငွေကြေး ဖောင်းပွမှုနှင့် အလုပ်လက်မဲ့ ပြဿနာကို တန်းတူ ဦးစားပေးကာ တပြိုင်တည်း ကိုင်တွယ် ဖြေရှင်းမည် ဖြစ် ကြောင်း ပူးတွဲ ကြေ ကြာ ချက် ထုတ်ပြန်သည်။

၂၂

အိန္ဒိယနိုင်ငံ၏ စမ်းသပ်အဆင့် ဆက်သွယ်ရေး ဂြိုဟ်တု တလုံးကို လွှန်ခဲ့သည့် လက ကမ္ဘာပတ် လမ်းကြောင်းအတွင်းသို့ ပစ်လွှတ်ခဲ့ပြီး နောက် ပထမဆုံး အကြိမ် အဖြစ် ရုပ်မြင်သံကြား အစီအစဉ်တရပ်ကို တဆင့် ထုတ်လွှင့်သည်။

၂၃

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ စတုတ္ထ အကြိမ် ပါတီညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဦးစန်းယုသည် အလုပ်အမှုဆောင် ကော်မတီဝင်များ လိုက်ပါလျက် ပါတီညီလာခံ ကျင်းပမည့် ဗဟိုနိုင်ငံရေး တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုသည်။

စိန့်ပီတာ ရင်ပြင်တွင် ရဟန်းမင်းကြီး ဂျွန်ပေါကို သေနတ်ဖြင့် လုပ်ကြံရန် ကြိုးပမ်းသူ တူရကီ အကြမ်းဖက်သမား အလီ အက်ကာအား ထောင်ဒဏ်တသက် အပြစ်ဒဏ် ချမှတ်သည်။

၂၄

ဆေးခြောက် သောက်ရှူခြင်းသည် ဦးနှောက် သွေးလည်ပတ်မှု၊ အဆုတ်နှင့် အာရုံကြောများ ဆိုင်ရာ ပြဿနာဖြစ်စေနိုင်သည်ဟု အမေရိကန် ဆရာဝန်များ အသင်း(အေအမ်အေ)က သတိပေးသည်။

၂၅

စတုတ္ထ အကြိမ် ပါတီညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်း တိုင်းလုံးကျတ် သန့်ရှင်းရေး လုပ်အားပေးပွဲကို နံနက် ၈ နာရီမှ ၁၀ နာရီအထိ တချိန်တည်းကျင်းပရာ အနုပညာရှင် ၅၀၀ က သီဆိုတီးမှုတ်ကခုန် ဖျော်ဖြေကြသည်။

ဘင်္ဂလားပင်လယ်အော်ရှိ နယ်မြေကျန်းကို ဘင်္ဂလားဒေ့ရှနိုင်ငံက ၎င်းတို့ ပိုင်ဆိုင်ကြောင်း ကြေငြာ တောင်းဆိုခဲ့ရာ အိန္ဒိယ ဝန်ကြီးချုပ် မစ္စက် အင်ဒီရာဂန္ဒီက ပယ်ချသည်။

၂၆

အမေရိကတိုက်ရှိ ပြိတိန်နိုင်ငံ၏ လက်ကျန်ကိုလိုနီတခု ဖြစ်သော ဗာလီင်နိုင်ငံသည် ၁၉၈၁ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် လုံးဝလွတ်လပ်ရေး ရရှိတော့မည်ဟု ပြိတိန်နိုင်ငံခြားရေးရုံးက ကြေငြာသည်။

၂၇

အမေရိကတိုက်ရှိ ပြိတိန်နိုင်ငံ၏ လက်ကျန်ကိုလိုနီတခု ဖြစ်သော ဗာလီင်နိုင်ငံသည် ၁၉၈၁ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် လုံးဝလွတ်လပ်ရေး ရရှိတော့မည်ဟု ပြိတိန်နိုင်ငံခြားရေးရုံးက ကြေငြာသည်။

၂၈

ရာထူးမှ ဖြုတ်ချခံရသော အီရန်သမ္မတ ဗာနီဆာဒါသည် ပြင်သစ်နိုင်ငံသို့ ရောက်ရှိပြီး နိုင်ငံရေး ခိုလှုံခွင့် ရရှိသွားသည်။

၂၀

ဂမ္ဘီယာနိုင်ငံ သမ္မတ ဒေါ်ဒါကိုင်ရာဘာ ကျဝါရာသည် လန်ဒန်တွင် ချားလ် မင်းသား လက်ထပ်ပွဲသို့ တက်ရောက်နေစဉ် ဂမ္ဘီယာ စစ်ဘက်မှ အာဏာသိမ်းသည်။

၃၁

တောင်အာဖရိကတပ်များသည် အင်္ဂိုလာနိုင်ငံတောင်ပိုင်း သား ၄၀,၀၀၀ ကို ခေါ်ယူ အင်အားပြည့်တင်းပြီးနောက် အင်ဂိုလာနိုင်ငံတောင်ပိုင်းကိုချင်းနင်းဝင်ရောက်ပြီးအင်အားပြည့်တပ်သား အများစုကို နမီးဗီးယားနယ်စပ်တွင် တပ်စွဲထားသည်ဟု အင်ဂိုလာနိုင်ငံကကုလသမဂ္ဂလုံခြုံရေးကောင်စီသို့တိုင်ကြားသည်။



အနောက်စက်မှုခုနစ်နိုင်ငံမှ ခေါင်းဆောင်များ၊ အော့တဝါမြို့တွင် ထိပ်သီးညီလာခံပြုလုပ်စဉ်က ဤသို့တရင်းတနှီး တွေ့မြင်ရသည်။

သြဂုတ်လ



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စတုတ္ထအကြိမ်ပါတီညီလာခံကို မဂ်လာဒုံ ဗဟိုနိုင်ငံရေးတက္ကသိုလ်ရှိ ညီလာခံခန်းမ၌ ကျင်းပခဲ့သည်။

၁

နိုင်ငံတော်၏ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုတွင် သီးနှံများ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနက တောင်သူလယ်သမားများအား နှီးဆော်သည့် နှီးဆော်ချက် အမှတ် ၁/၈၁ ကို ဆိုင်ရာမှ ထုတ်ပြန်ကြေငြာသည်။

နိုင်ငံတကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရေးအတွက် အခြေခံအချက်အလက်များ ချမှတ်နိုင်ရန် မျော်မှန်းချက်ဖြင့် ချမ်းသာနှင့် ဆင်းရဲနိုင်ငံ ၂၂ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ၏ ပထမအကြိမ်ဆွေးနွေးပွဲကို မက္ကဆီကိုနိုင်ငံ ကန်ကွန်မြို့တွင် စတင်ကျင်းပသည်။

အလီဈာကျေး အနေဖြင့် ဝန်ကြီးသစ်များကို လွတ်လွတ်လပ်လပ် ရွေး ချယ် နိုင်ခွင့် ရစေရန်အတွက် အီရန် အစိုးရအဖွဲ့ ဝန် ကြီး ချုပ် အ ဖြစ်မှ နုတ် ထွက် လိုက်ကြောင်းကြေငြာသည်။

၂

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ စတုတ္ထအကြိမ် ပါတီညီလာခံ ကျင်းပရေး အကြို ညှိနှိုင်း အစည်းအဝေးကို မဂ်လာဒုံ ဗဟိုနိုင်ငံရေးတက္ကသိုလ်ဝင်းအတွင်းရှိ ညီလာခံခန်းမ၌ ကျင်းပသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီ (၁၇) ကြိမ်မြောက် အစည်းအဝေးကို မဂ်လာဒုံဗဟိုနိုင်ငံရေးတက္ကသိုလ်ဝင်းအတွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးစန်းယုက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အ တွင်း ရေး မှူး ဦးထွန်းဝေက ဆောင်ရွက်သည်။

အီရန်ဝန်ကြီးချုပ်ဟောင်း အလီဈာကျေးအား အီရန်နိုင်ငံ၏ သမ္မတအဖြစ် အီရန်တော်လှန်ရေးခေါင်းဆောင် ခိုမေနီက အတည်ပြုကြောင်းကြေငြာသည်။

၃

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ စတုတ္ထအကြိမ် ပါတီညီလာခံကို မဂ်လာဒုံ ဗဟိုနိုင်ငံရေးတက္ကသိုလ်ဝင်းအတွင်းရှိ ညီလာခံခန်းမ၌ နံနက် ၈ နာရီတွင် စတင်ကျင်းပရာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးနေဝင်း၊ ပါတီ အထွေထွေအတွင်းရေးမှူးနှင့် ပါတီညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဦးစန်းယုနှင့် ပါတီညီလာခံ ကိုယ်စားလှယ်များ လေ့ လာသူများ စုံညီစွာတက်ရောက်ကြသည်။


နျူးကလီးယား လက်နက် ဖျက်သိမ်းရေးနှင့်တကွ လက်နက်အပြိုင်တပ်ဆင်မှုနှင့် ကမ္ဘာစစ်တရပ် ဖြစ်ပွားမည့်အရေး စိုးရိမ်မှုများအဆုံးသတ်စေရန်အတွက် ၁၉၈၁ ခုနှစ် အဏုမြူဗုံးနှင့် ဟိုက်ဒြိုဂျင်ဗုံး ဆန့်ကျင်ရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကို ဂျပန်နိုင်ငံတို့ကျို့မြို့၌ ကျင်းပသည်။ ၁၂ နိုင်ငံမှ ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ကြသည်။

၄

မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ စတုတ္ထအကြိမ် ပါတီညီလာခံ ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပသည်။

ဂျပန်နိုင်ငံ တို့ကျို့မြို့တွင် ကျင်းပသော အဏုမြူနှင့် ဟိုက်ဒြိုဂျင်ဗုံးများ ဆန့်ကျင်ရေးဆိုင်ရာ ၁၉၈၁ ခုနှစ် ကမ္ဘာ့ညီလာခံ ပြီးဆုံးသည်။ ယင်းညီလာခံတွင် ကိုယ်စားလှယ် ၁၀၀ ကျော်တို့က နျူးကလီးယား လက်နက်ဖျက်သိမ်းရေးကို တောင်းဆိုသည့် ကြေငြာချက်တစောင် ထုတ်ပြန်သည်။

အီဂျစ်သမ္မတ ဆဒတ်သည် အမေရိကန်နိုင်ငံတွင် ငါးရက်ကြာနေထိုင်လည်ပတ်ရန် ဝါရှင်တန်မြို့သို့ ရောက်ရှိလာသည်။



စတုတ္ထအကြိမ် ပါတီညီလာခံ စတုတ္ထနေ့ အစည်းအဝေးတွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဝင်များကို ရွေးချယ်တင်မြှောက်ရန် ဆန္ဒမဲပေးနေသော ပါတီအထွေထွေအတွင်းရေးမှူး ဦးစန်းယု

၅

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ စတုတ္ထ အကြိမ် ပါတီညီလာခံ စတုတ္ထနေ့ အစည်း အဝေး ဆက်လက်ကျင်းပသည်။ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဝင်များကို ရွေးချယ်တင်မြှောက်ရန် ပါတီ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးနေဝင်းနှင့် တက္ကသိုလ်ပါတီညီလာခံ ကိုယ်စား လှယ် များ သည် ဆန္ဒမဲ ပေးရေး အစီအစဉ်အရ ဆန္ဒမဲပေး ကြသည်။

၆

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ စတုတ္ထ အကြိမ် ပါတီညီလာခံ စတုတ္ထနေ့ အစည်း အဝေး ဆက်လက်ကျင်းပသည်။ ပိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ရောက်ရှိ နေသော တရုတ်ဝန်ကြီးချုပ် ကျောက်ကြီ ယန်သည် ပိလစ်ပိုင်သမ္မတ မားကို့နှင့် တွေ့ ဆုံကာ နှစ်နိုင်ငံ အရေးကိစ္စများကို ဆွေး နွေးကြပြီး နှစ်နိုင်ငံ ကုန်သွယ်မှုဌာ လက်ရှိ မညီမမျှဖြစ်နေခြင်းကို ပြင်ဆင်ရန် နှစ်ဘက် သဘောတူညီကြသည်။

ကျူးဗားခေါင်းဆောင်ကတ်စထြိုသည် မက္ကဆီကို သမ္မတ ပေါ်တီလိုနှင့် တွေ့ဆုံ ဆွေးနွေးရန် မက္ကဆီကိုနိုင်ငံ ကာရစ်ဘီယံရှိ အပန်းဖြေကျွန်းသို့ ရောက်ရှိသည်။

၇

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ စတုတ္ထ အကြိမ် ပါတီညီလာခံ ပဉ္စမနေ့ အ စည်း အ ဝေး ဆက်လက်ကျင်းပသည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ရောက်ရှိ နေသော တရုတ်ဝန်ကြီးချုပ် ကျောက်ကြီ ယန်သည် ပိလစ်ပိုင်သမ္မတ မားကို့နှင့် တွေ့ ဆုံကာ နှစ်နိုင်ငံ အရေးကိစ္စများကို ဆွေး နွေးကြပြီး နှစ်နိုင်ငံ ကုန်သွယ်မှုဌာ လက်ရှိ မညီမမျှဖြစ်နေခြင်းကို ပြင်ဆင်ရန် နှစ်ဘက် သဘောတူညီကြသည်။

ကျူးဗားခေါင်းဆောင်ကတ်စထြိုသည် မက္ကဆီကို သမ္မတ ပေါ်တီလိုနှင့် တွေ့ဆုံ ဆွေးနွေးရန် မက္ကဆီကိုနိုင်ငံ ကာရစ်ဘီယံရှိ အပန်းဖြေကျွန်းသို့ ရောက်ရှိသည်။

၈

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ စတုတ္ထ အကြိမ် ပါတီညီလာခံ ဆဋ္ဌမနေ့ အစည်း အဝေးကို ဆက်လက်ကျင်းပပြီး နံနက် ၁၁ နာရီတွင် ကြေးကြော်သံများဖြင့် အောင် မြင်စွာ ရုပ်သိမ်းလိုက်သည်။

အရှေ့တောင်အာရှ နိုင်ငံများ အသင်း (အေဆီယင်) ထူထောင် သည့် ၁၄ ကြိမ် မြောက် နှစ်ပတ်လည် အ ခမ်း အ နား ကို အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့ရှိ အေဆီ ယင် အတွင်းရေးမှူးအဆောက်အအုံရှေ့တွင် အလံတင် အခမ်းအနားနှင့် အတူ ကျင်းပ သည်။ ထိုင်း သံ အ မတ် ကြီး ဒေါက် တာ ကန်နာဝက်က လွန်ခဲ့သော ၁၄ နှစ်မှ အေ ဆီယင်၏ကြေငြာချက်ကို ဖတ်ကြားသည်။

အဆောက်အအုံများ ပျက်စီးစေခြင်း ထက် လူအများကိုပိုမိုထိခိုက် သေစေနိုင်ရန် စိမ်ထားသည့် ဓာတုကလီးယားဗုံးများ ထုတ် လုပ်သိုလှောင် ထားရန် အမေရိကန်သမ္မတ ရေဂင်က အတည်ပြုသည်။

၉

ဂျပန်နိုင်ငံ နဂါစကီမြို့တွင် ကျင်းပသော နဂါစကီမြို့ပေါ်သို့ အမေရိကန် အဏုမြူဗုံး ကြဲချသည့် ၃၆ ကြိမ်မြောက် နှစ်ပတ်လည် နေ့ အထိမ်းအမှတ် နှစ်ရက်ကြာ ညီလာခံ

၏ အပြီးသတ်နေ့ အစည်းအဝေးတွင် အမေ ရိကန် သမ္မတရေဂင်၏ဓာတုလက်နက်ဗုံးထုတ်လုပ် ရေး ဆုံးဖြတ်ချက်ကို ချက်ချင်း ရုပ်သိမ်း ပေးရန် တောင်း ဆို သည့် ကန့် ကွက် လွှာ တစောင်ကို သမ္မတရေဂင်ထံသို့ပေးပို့သည်။

၁၀

ခုနစ်လ သက်တမ်းရှိ ပေါ်တူဂယ်ညွှန့်ပေါင်း အစိုးရအနေဖြင့် ပါတီထောက်ခံမှုကို တည် တည်တံ့တည်းရရှိရန် မကြိုးပမ်းနိုင်သဖြင့် ပေါ်တူဂယ်ပန်ကြီးချုပ်ဘာဆီမိုသည်ရာထူး မှ နုတ်ထွက်သည်။

အီရန်အီရတ်စစ်ပွဲ စတင်ဖြစ်ပွားသည့် အ ချိန်မှစ၍ ရုတ်အယ် အာရပ်ရေကြောင်း လမ်းတွင် ပိတ်မိနေသော သဘော်များ အနေဖြင့် နှစ်နိုင်ငံပဋိပက္ခအလုံးစုံဖြေရှင်းမှု ရရှိပြီးသည့် တိုင်အောင် ယင်း ဒေ သ တွင် စောင့်ဆိုင်းနေရဦးမည်ဖြစ်ကြောင်း ကုလ သမဂ္ဂမှ တာဝန်ရှိ ပုဂ္ဂိုလ်တဦးက ပြော ကြားသည်။

၁၁

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော် မတီ ဒုတိယအကြိမ် အ စည်း အ ဝေး ကို

သတင်းဖြစ်ရပ်များ

နံနက် ၁၀ နာရီတွင် အလုံလမ်း သမ္မတ အိမ်တော်၀င်းအတွင်းရှိ ဗဟိုအစည်းအဝေး ခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ ဦးနေဝင်းက ဆောင်ရွက်ပြီး အာခမ်း အာနား မှူး အဖြစ် အတွင်းရေး မှူး ဦးသန်းလှိုင်က ဆောင်ရွက်သည်။

၁၂

ဂျပန်နိုင်ငံ လယ်ယာ၊ သစ်တော၊ သားငါး ဝန်ကြီးဌာနဝန်ကြီးမစ္စတာ တာကာအိုကာမီအိုကာ ခေါင်းဆောင်၍ အဖွဲ့ဝင် ရှစ်ဦးပါဝင်သော အဖွဲ့သည် မြန်မာနိုင်ငံတွင် ရက်သတ္တ တပတ်ခန့်နေထိုင်ပြီးနှစ်နိုင်ငံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ ပူးပေါင်း ဆောင်ရွက်ရေးအတွက် လေ့လာဆွေးနွေးကြရန် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

ကုလသမဂ္ဂ အသားအရောင် ခွဲခြားမှုတိုက်ဖျက်ရေးအထူးကော်မတီက ကြီးမှူး၍ နယူးယောက်၌ကျင်းပသည့် တောင်အာဖရိကနှင့် နမိးဗီးယားမှ လူမည်းအမျိုးသမီးများ သွေးစည်းညီညွတ်ရေး အထူးအစည်းအဝေးတွင် မာတင်လူသာကင်း၏ ဇနီးနှင့် ချီလီသမ္မတဟောင်း ယန်ဒေး၏ဇနီးတို့ တက်ရောက် မိန့်ခွန်းပြောသည်။

၁၃

ငြိမ်းချမ်းရေးထိန်းသိမ်းရန် နည်းလမ်းများကို ဆွေးနွေးရေးအတွက် မိမိတို့တွေ့ဆုံသင့်ကြောင်း အဆိုပြုဖော်ပြထားသော စာတစောင်ကို မိမိက ဆိုဗီယက်သမ္မတ ဗရက်ဇ်ညက်ထံ ပေးပို့လိုက်ကြောင်း အမေရိကန်သမ္မတ ရေဂင်က ကယ်လီဖိုးနီးယားတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဩဂုတ်လ ၃ ရက်နေ့က ၀ါရှင်တန်မြို့တွင် လက်မှတ် ရေးထိုးခဲ့ကြသော ဆိုင်နိုင်းသံကန္တာရ၌ နိုင်ငံစုံငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ထားရှိရေးအတွက် အစ္စရေးအမေရိကန်တို့နှင့်သဘောတူညီချက်ကို အီဂျစ် ပါလီမန်က အတည်ပြုသည်။

ပင်လယ်ကွေ့ စစ်ပွဲတွင် အီရတ်တပ်ဖွဲ့များက အီရန်ကိုတိုက်ခိုက်ရာတွင် ဓာတုဗေဒ လက်နက်များ သုံးစွဲခဲ့သည်ဟူသော အီရန်၏စွပ်စွဲချက်မှာ မဟုတ်မှန်ကြောင်း အီရတ်က ငြင်းဆိုသည်။

၁၄

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အလုပ်သမားအစည်းအရုံး ဗဟို ဦးစီးအဖွဲ့ အထူးအစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို အလုပ်သမားအစည်းအရုံး ဗဟို ဦးစီးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကွတ်ဗားဟိုင်း၏ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးတွင် ဆက်ခံနိုင်ရေးအတွက် အာဖရိကနိုင်ငံများက လျာထားသတ်မှတ်ထားသော တန်ဇားနီးယား နိုင်ငံခြားရေး၀န်ကြီးဆလင်အာမက်ဆလင်အားထောက်ခံရန် အာဖရိကမှ နိုင်ငံ ၅၀ ကဘက် မ လိုက် နိုင် ငံ များ အား တိုက်တွန်းသည်။

လောလောဆယ် သိုလှောင်ထားသော ကြားခံ အရန်ဆန်သည် ပြည်တွင်းလိုအပ်ချက်အတွက် လုံလောက်ရုံမျှသာရှိသောကြောင့် ၁၉၈၁ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံက ဆန်တင်ပို့ ရောင်းချတော့မည် မဟုတ်ဟု ဖိလစ်ပိုင် နိုင်ငံလုံးဆိုင်ရာ စားနပ်ရိက္ခာ အာဏာပိုင်အဖွဲ့က ကြေငြာသည်။

၁၅

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် အမှတ်(၂) လမ်းစဉ်လူငယ် စည်းရုံးရေး ကော်မတီက ကြီးမှူး၍ ပညာရည်ချွန်နှင့် စီမံကိန်း၀င် လူငယ်များ ဂုဏ်ပြုပွဲအခမ်းအနားကို ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

၁၆

ရေနံစျေးကွက်တွင် စျေးကွက် တည်ငြိမ်ရေး၊ ရေနံသုံးစွဲမှုနှင့် ဖြန့်ဖြူးမှုညီညွတ်ရေးတို့ကို ရရှိစေနိုင်ရန် ရည်ရွယ်၍ ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်) ဝင်နိုင်ငံများအနေဖြင့် ယင်းတို့၏ ရေနံ စျေးနှုန်းကို တညီတညွတ်တည်းဖြစ်စေရန် တစည်လျှင် အခြေခံစျေးနှုန်း ၃၄ ဒေါ်လာ သတ်မှတ်တားရှိရန် အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး) က တိုက်တွန်းသည်။

၁၇

မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ဂျပန်နိုင်ငံ လယ်ယာ၊ သစ်တော၊ ငါးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး မစ္စတာ တာကာအို ကာမီအိုကာ ခေါင်းဆောင်၍ အဖွဲ့ဝင်ရှစ်ဦး ပါဝင်သော အဖွဲ့ သည် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူသားချင်း စာနာရေး နယ်ပယ်များတွင် ပိုမိုရင်းနှီးစွာ ဆက်သွယ်ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ကုလသမဂ္ဂ အထွေထွေ ညီလာခံအစည်းအဝေး အစီအစဉ်တွင် အာရပ်အဖွဲ့ချုပ်ဝင် နိုင်ငံများနှင့် ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်ရေးဟူသော အစီအစဉ်တရပ် ထည့်သွင်းပေးပါရန် ကုလသမဂ္ဂရှိ အာရပ်အုပ်စုက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ်ဗားဟိုင်းထံ စာဖြင့် မေတ္တာရပ်ခံသည်။

၁၈

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ပြုလုပ်သည့် ကမ္ဘာ့ရေရရှိရေး စီမံခန့်ခွဲမှုဆိုင်ရာ နိုင်ငံတကာညီလာခံဖွင့်ပွဲတွင် ရေအရင်းအမြစ်များနှင့် စပ်လျဉ်းသည့် လှုပ်ရှားမှုအားလုံးတွင် ယခုထက် ပိုမိုကြိုးပမ်းကြရန် လိုအပ်သဖြင့် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ကြရန် ကုလသမဂ္ဂ စီးပွားရေး သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ညွှန်ကြားရေးမှူးချုပ် အမ်တိုးက တောင်းဆိုသည်။

အမေရိကန် ပြည်ထောင်စုတွင် ချူးထရွန်ထိပ်ဖူး ထုတ်လုပ်မှုသည် လက်နက်အပြိုင်အဆိုင် တပ်ဆင်မှုကို အရှိန်အဟုန်မြင့်တက်စေပြီး ချူးကလီးယား စစ်ပွဲ၏ခြိမ်းခြောက်မှု အန္တရာယ်ကို တိုးပွားစေသည်ဟူသော ၀ါဆောစာချုပ်အဖွဲ့၏ စွပ်စွဲချက်ကို ကုလသမဂ္ဂမှကြီးမှူးသည့် နိုင်ငံ ၄၀ ပါဝင်သော လက်နက်ဖျက်သိမ်းရေး ကော်မတီ၀င် ဗြိတိန်နိုင်ငံက ပယ်ချသည်။

၁၉

အစ္စရေး လေယာဉ်များ ဗုံးကြဲဖျက်ဆီးသွားသော အီရတ်ချူးကလီးယား ဓာတ်ပေါင်းဖိုပြန်လည်တည်ဆောက်ရေးအတွက် အသင့်ပြင်ထားကြောင်း၊ သို့သော် ယင်း ဓာတ်ပေါင်းဖိုကိုစစ်ရေး ရည်ရွယ်ချက်များအတွက် အသုံးမချရန် တင်းကျပ်စွာ ထိန်းသိမ်းရမည် ဖြစ်ကြောင်း ပြင်သစ်က အီရတ်အား အကြောင်းကြားလိုက်သည်ဟု ပြင်သစ်သမ္မတရုံးမှ ပြောကြားသည်။

အိန္ဒိယသမုဒ္ဒရာနှင့် ပင်လယ်ကွေ့တွင်

အရှေ့အလယ်ပိုင်းပြဿနာ ဖြေရှင်းရေးနှင့် ပတ်သက်၍ ဆအူး ဒီအာရေဗျ နိုင်ငံအိမ်ရှေမင်းသား ဖာ့ဒ်တင်ပြသည့် အမေရိကန်နိုင်ငံ၏ အရှေ့အလယ်ပိုင်းဆိုင်ရာ မူဝါဒ ပြောင်းလဲပေးရန် အချက်ရှစ်ချက် ပါဝင်သော အဆိုပြုချက်ကို အခိုင်အမာ ထောက်ခံကြောင်း ပါကစ္စတန်နိုင်ငံက ထုတ်ပြန်ကြေငြာသည်။

၂၁

အငြင်း ပွားနေသော ဆဟာရ အနောက်ပိုင်း၌ နေထိုင်သူများသည် မော်ရိုကို၏ အုပ်စိုးမှုအောက်တွင် ဆက်လက်နေထိုင်ရန် ဆန္ဒရှိမရှိ ဆုံးဖြတ်ကြရေးအတွက် ပြည်သူဆန္ဒခံယူပွဲကျင်းပရန် မော်ရိုကို ဘုရင် ဟက်ဆန်က အတည်ပြုပြောကြားသည်။

၂၂

နိုင်ငံတကာ သဘောထား ကွဲလွဲမှုများကို ကျိုးကြောင်းညီညွတ်၍ မျှမျှတတ ဖြေရှင်းရေးအတွက် အရှေ့အုပ်စုနှင့်အနောက်အုပ်စု တို့စတင်ဆွေးနွေးရန် ဆိုဗီယက်သမ္မတပရက်ဇည်နှင့် အရှေ့ဥရောပ ခေါင်းဆောင်များ၏ ပင်လယ်နက်ဒေသ၌ ညှိနှိုင်းသုံးသပ်ချက်များအပေါ် အခြေခံပြီး ဆိုဗီယက်ကွန်မြူနစ်ပါတီဗဟိုကော်မတီနိုင်ငံရေးဦးဆောင်အဖွဲ့မှ ထုတ်ပြန်သော ကြေငြာချက်တွင် အဆိုပြုတိုက်တွန်းသည်။

ချဒ်နိုင်ငံ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်များကို စေလွှတ်ရန် နိုင်ဂျီးရီးယား သမ္မတ ရှာဂါရီက အာဖရိက ညီညွတ်ရေးအဖွဲ့ (အို အေယူ)အား တိုက်တွန်းနှိုးဆော်သည်။

၂၃

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ ကာကွယ်ရေး ဦးစီးချုပ်ရုံး စည်းရုံးရေး ကော်မတီနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ် စည်းရုံးရေး ကော်မတီတို့ ပူးပေါင်းလျက် မြစိမ်းရောင် စစ်ဆင်ရေး (၁၉၈၁) မိုးရာသီ စပါးစိုက်ပျိုးရေး လှုပ်ငန်းတွင် ကြည်း၊ ရေ၊ လေ တပ်မတော်သားများ လယ်ယာ လုပ်ငန်းခွင်၌ လုပ်အားပေး ကာလအတွင်း တပ်မတော်ဆေးကုသမှု ပါရဂူအဖွဲ့သည် ရွှေဝါထွန်း ၈၈ ကြောင်းဖြင့် သုံးခွမြို့သို့ သွားရောက်၍ ကျေးရွာ လုပ်သား ပြည်သူများအား ဆေးဝါး ကုသပေးသည်။

၂၄

ပါလက်စတိုင်း ပြဿနာဖြေရှင်းရေးအတွက် သံတမန် ဆိုင်ရာ ရှေ့ဆောင် ရှေ့ရွက်ပြုမှု အသစ်တရပ် ကြိုးပမ်းရန် လိုအပ်ကြောင်း အမျိုးသား နိုင်ငံထူထောင် ခြင်းသည်သာလျှင် ပါလက်စတိုင်း ပြဿနာကို ဖြေရှင်းနိုင်မည် ဖြစ်သည့်ပြင် အနောက်ဘက်ကမ်းဂါဇာကမ်းမြောင်ဒေသနှင့် အခြား အာရပ်နယ်မြေများရှိ ပါလက်စတိုင်း ဒုက္ခသည်များ၏ အခွင့်အရေးများကို ပြန်လည် ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း ပါလက်စတိုင်းလွတ်မြောက်ရေး အဖွဲ့ (ပီအယ်အို) ခေါင်းဆောင် ယာဆာအာရာဖတ်က တိုက်တွန်းတောင်းဆိုသည်။

၂၅

ပါလက်စတိုင်း ပြဿနာဖြေရှင်းရေးအတွက် သံတမန် ဆိုင်ရာ ရှေ့ဆောင် ရှေ့ရွက်ပြုမှု အသစ်တရပ် ကြိုးပမ်းရန် လိုအပ်ကြောင်း အမျိုးသား နိုင်ငံထူထောင် ခြင်းသည်သာလျှင် ပါလက်စတိုင်း ပြဿနာကို ဖြေရှင်းနိုင်မည် ဖြစ်သည့်ပြင် အနောက်ဘက်ကမ်းဂါဇာကမ်းမြောင်ဒေသနှင့် အခြား အာရပ်နယ်မြေများရှိ ပါလက်စတိုင်း ဒုက္ခသည်များ၏ အခွင့်အရေးများကို ပြန်လည် ပေးစွမ်းနိုင်မည်ဖြစ်ကြောင်းပါလက်စတိုင်းလွတ်မြောက်ရေး အဖွဲ့ (ပီအယ်အို) ခေါင်းဆောင် ယာဆာအာရာဖတ်က တိုက်တွန်းတောင်းဆိုသည်။

၂၆

တောင်သူ လယ်သမားအစည်းအရုံး ဗဟို ဦးစီးအဖွဲ့ ပဉ္စမအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ဆရာစံခန်းမ၌ နံနက် ၉ နာရီတွင် စတင်ကျင်းပရာ သဘာပတိ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦး သောင်း ကြည်က အဖွင့် မိန့်ခွန်း ပြောကြားသည်။

အာရှ၊ အာဖရိက၊ လက်တင်အမေရိက၊ ဥရောပ နိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်း ၁၂ ခုမှ ကိုယ်စားလှယ် ၇၉ ဦး တက်ရောက်သော ဖွံ့ဖြိုးဆဲကမ္ဘာ၏ စားနပ်ရိက္ခာနှင့်လယ်ယာ ထုတ်လုပ်မှု မြှင့်တင်ရေး နည်းလမ်းများဆိုင်ရာ နိုင်ငံတကာ ညီလာခံ တရပ်ကို မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့တွင် ဖွင့်လှစ်သည်။

အိုဂျစ်နှင့် အစွရေးတို့၏ ဒေးဗစ်စခန်း သဘောတူညီချက်ကို ဦးဆောင် ဆန့်ကျင်သည့် အာရပ် ခေါင်းဆောင်များ ဖြစ်ကြသော လစ်ဗျနိုင်ငံအကြီးအကဲ ကဒတ်ဖီနှင့် ဆီးရီးယား သမ္မတ ဟာဖက်အာဆတ်တို့သည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ အာရပ် ကမ္ဘာ၏ အရေးကိစ္စများကို ပြန်လည် သုံးသပ်ပြီး ဒေးဗစ်စခန်း သဘောတူညီမှုမျှော်မှန်းချက်များ၏ အန္တရာယ်နှင့် ရင်ဆိုင်ရန် နည်းလမ်းကို ဆွေးနွေးညှိနှိုင်းကြသည်။

၂၇

အာဖရိကတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ကျင်းပလျက်ရှိသော ကုလသမဂ္ဂ လောင်စာစွမ်းအင် ညီလာခံတွင် အစွရေးကိုယ်စားလှယ်က ခုခံကာကွယ် ပြောကြားခိုက် အာရပ်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ညီလာခံမှ ထွက်ခွာသွားသည်။

၂၈

အလုပ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ အထူးအစည်းအဝေးကို ရန်ကုန်မြို့ ခြောက်ထပ်ရုံးသစ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ခအဖွင့်မိန့်ခွန်းပြောကြားသည်။

ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံတို့သုံးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဝန်ကြီးအဆင့် ဆွေးနွေးပွဲကို တိုကျိုမြို့တွင် စတင်ကျင်းပရာ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဆိုနိုဒါနှင့် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး လိုရှင်ယွန်းတို့ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးကြသည်။

ဘင်္ဂလားဒေ့ရှ်အနီးရှိ အီရတ် ချူးကလီးယား ဓာတ်ပေါင်းဖို့ကို အစွရေးနိုင်ငံက ဗုံးကြဲတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ကျင်းပလျက်ရှိသော ကုလသမဂ္ဂ လောင်စာစွမ်းအင် ညီလာခံတွင် အစွရေးကိုယ်စားလှယ်က ခုခံကာကွယ် ပြောကြားခိုက် အာရပ်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ညီလာခံမှ ထွက်ခွာသွားသည်။

၂၉

အလုပ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ အထူး အစည်းအဝေးကိုဆက်လက် ကျင်းပပြီး နံနက် ၈ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာ ရပ်သိမ်းသည်။

ပင်လယ်ကြမ်းပြင်အောက်တွင် ဓာတ်သတ္တုရှာဖွေတူးဖော်မှုကို ကြီးကြပ် ကွပ်ကဲရန်အတွက် နိုင်ငံတကာ ပင်လယ်ကြမ်းပြင် အာဏာပိုင်အဖွဲ့၏ ဌာနချုပ် ဖွင့်လှစ်ထားရှိရန် ဂျမေကာနိုင်ငံအား ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေ ညီလာခံက ရွေးချယ်သည်။

သတင်းဖြစ်ရပ်များ

၂၇

ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဆရာစံ ခန်းမတွင် ကျင်းပသော တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ ပဉ္စမအကြိမ် အစည်းအဝေးကို နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းသည်။

အင်ဂိုလာနိုင်ငံ တောင်ပိုင်း ပြည်နယ်မြို့တော် အင်ဂျိဗာအန်း၌ အင်ဂိုလာတပ်မျှးနှင့် တောင်အာဖရိက တပ်များ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားရာ တောင်အာဖရိကတပ်များက တင့်ကားများ၊ ရဟတ်ယာဉ်များ အသုံးပြုကြောင်း အင်ဂိုလာနိုင်ငံက ကြေငြာသည်။

၂၈

ပါကစ္စတန် နိုင်ငံက အလိုရှိသည့် အက်ပ ၁၆ ဂျက်လေယာဉ်များ ထုတ်လုပ်ရေးကို အရှိန်တိုးမြှင့်ရန် အမေရိကန်ပြည်ထောင်စုက ကြိုးပမ်းလျက်ရှိပြီး အဆိုပါ ဂျက်လေယာဉ်များကို ပါကစ္စတန်သို့ ဖြစ်နိုင်သမျှ အမြန်ဆုံး တင်ပို့ပေးမည်ဟု အစ္စလာမ်မာဗတ်မြို့သို့ ရောက်ရှိလာသော ကုလသမဂ္ဂဆိုင်ရာအမေရိကန် သံအမတ်ကြီး ဂျင်းကတ်ပက်ထရစ်က သတင်းထောက်များအား ပြောကြားသည်။

အင်ဂိုလာသို့ တောင် အာဖရိကနိုင်ငံက စစ်ရေးဖြင့် ကျူးကျော်ဝင်ရောက်မှုကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းက ပြစ်တင်ရှုတ်ချလိုက်ပြီး တောင်အာဖရိကတပ်များ ချက်ချင်း ပြန်လည်ရုပ်သိမ်းသွားအောင် အစ္စမ်းကုန် ဆောင်ရွက်မည် ဖြစ်ကြောင်း ကတိပြု ပြောကြားသည်။

လစ်ဗျနိုင်ငံ ထရိပိုလီမြို့တွင် ပြုလုပ်သော လစ်ဗျနိုင်ငံနှင့် သွေးစည်းညီညွတ်ရေးဆိုင်ရာ ကမ္ဘာ့ညီလာခံ၌ ကုလသမဂ္ဂ ဌာနချုပ်ကို အမေရိကန် နိုင်ငံမှ အခြားတနိုင်ငံသို့ ပြောင်းရွှေ့သင့်ကြောင်း လစ်ဗျခေါင်းဆောင် ကဒတ်ဖီက အကြံပြု ပြောကြားသည်။

၂၉

ရှိမေးနီးယား နိုင်ငံ၌ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု ကျဆင်းနေခြင်းကို ပြန်လည်မြှင့်တင်ရာတွင် အထောက်အကူဖြစ်စေရန် အတွက် ပဂ္ဂလိက တဦးချင်းအား မြေကွက်များခွဲဝေချထားပေးမည်ဟု ရှိမေးနီးယား သမ္မတ ချောင်ဆက်စကူးက ဗူခါရက်မြို့ ကွန်မြူနစ် ပါတီဌာနချုပ်၌ ပြုလုပ်သော လယ်ယာစိုက်ပျိုးရေး အစည်းအဝေးတွင် ပြောကြားသည်။


တောင်ကိုရီးယားနိုင်ငံ အရှေ့ပိုင်းကမ်းလွန်ရှိ အငြင်းပွားနေသည့် ကျန်းအန်းတွင် ဂျပန်နိုင်ငံမှ ကင်းလှည့် ရေယာဉ်တစင်း ဝင်ရောက်သဖြင့် ရေကြောင်းပိုင်နက် ချိုးဖောက်မှုဖြင့် ဂျပန်နိုင်ငံအား တောင်ကိုရီးယား နိုင်ငံက ကန့်ကွက်သည်။

အာဖဂန်စတန်ပြည်တွင်းရေးတွင် အီရန်နှင့် ပါကစ္စတန်တို့က လက်နက်ကိုင် ဝင်ရောက်စွက်ဖက်မှု အဆုံးသတ်ရန် အာဖဂန်၏ တောင်းဆိုချက်များကို အီရန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့က လက်ခံမည်ဆိုပါက ဆိုဗီယက်ပြည်ထောင်စုအနေဖြင့် မိမိတပ်များကို အာဖဂန်စတန်မှ ရုပ်သိမ်းပေးမည်ဟု ဆိုဗီယက်က ကတိပေး ပြောကြားသည်။

ဟောင်ကောင် ပြည်သူများအား နိုင်ငံတကာ စာနယ်ဇင်းများကို ဖြန့်ချိဖြည့်တင်းပေးလိုသော ရည်မှန်းချက်ဖြင့် ကုလသမဂ္ဂ ပညာရေး သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)မှ ထုတ်ဝေဖြန့်ချိသည့် စာနယ်ဇင်းများနှင့် စပ်လျဉ်း၍ ဟောင်ကောင်အစိုးရပြန် ကြား ရေး ဌာ န နှင့် ယူ နက် စကို တို့ သဘောတူညီမှုတရပ်ရရှိကြောင်း ကြေငြာသည်။

ဇီယွန်ဝါဒနှင့်လူမျိုးခွဲခြားရေးဝါဒ ဆန့်ကျင်ရေး တပ်ဦးအဖြစ် လစ်ဗျ၊အီသီယိုးပီးယားနှင့်တောင်ယေမင်နိုင်ငံတို့က နိုင်ငံရေး၊ စီးပွားရေးနှင့်အခြားဆက်ဆံရေးကိစ္စများ၌ ပူးပေါင်း ညှိနှိုင်း၍ ဆောင် ရွက် သွား ရန် သဘောတူ လက်မှတ်ရေးထိုးခဲ့သော ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကို တောင်ယေမင်နိုင်ငံ ပြည်သူ့လွှတ်တော်က အတည်ပြုသည်။

အင်ဂိုလာနိုင်ငံသို့ စစ်ရေးအရ ကျူးကျော်ဝင်ရောက်လာသော တောင်အာဖရိကတပ် တစိတ်တဒေသကို တွေ့ရပုံ



၃၀

အာရပ် ရေနံထုတ်နိုင်ငံ ခုနစ်နိုင်ငံက ကုလသမဂ္ဂ နိုင်ငံတကာ ကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)သို့ ဒေါ်လာသန်းပေါင်းများစွာ မတည်ထားသည့် ယင်းတို့၏ ရန်ပုံငွေအဖွဲ့မှတဆင့် စုစုပေါင်း ဒေါ်လာ သန်း ၄၀ ကူညီထောက်ပံ့ရန် ကတိပြုလိုက်သည်ဟု ဆအူးဒီ အာရေဗျမင်းသား အဗ္ဗဒူအဇစ်က ပြောကြားသည်။

အလယ်ပိုင်းအာဖရိက သမ္မတနိုင်ငံတွင် တပ်မတော်အကြီးအကဲဗိုလ်ချုပ်ကြီး အင်ဒရီကိုလင်းဘားကအာဏာသိမ်းလိုက်သည်။

စက်တင်ဘာလ

၁

ကမ္ဘာ့ အဆင်းရဲဆုံး နိုင်ငံ (အယ် ဒီ စီ) ၃၁ နိုင်ငံ ညီလာခံကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် စတင်ကျင်းပသည်။ ကုလသမဂ္ဂ အဖွဲဝင် နိုင်ငံ ၁၅၅ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလယ်ပိုင်းအာဖရိက သမ္မတနိုင်ငံတွင် စစ်တပ်က အာဏာ လွှဲပြောင်း ယူလိုက်ပြီး သမ္မတ ဒေးဗစ်ဒက်ကိုသည် ထာထူးမှ နုတ်ထွက် သွား ကြောင်း စစ် ၄၁ ရ ချုပ် မှ ကြေငြာသည်။

၂

မိဟာမက် ရီဇာ မာဒါဗီ ကနီ အား အိရန် နိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် လျာထား ခြင်းကို အိရန်ပါလီမန်က အတည်ပြုသည်။

၃

ရန် ကုန် တိုင်း တိုင်း လုံး ကျတ် စာတတ် မြောက်ရေး အောင်ပွဲနှင့် ပြပွဲပြိုင်ပွဲအခမ်း အနားကို ရန်ကုန်မြို့ ဦး ဝိ စာ ရ လမ်း ရှိ အင်ဇိုင်းခန်းမ၌ ကျင်းပသည်။

၄

အာဖဂန်စတန် နိုင်ငံအတွင်းမှ ဆိုဗီယက် တပ်များ ရုပ်သိမ်းရေးအတွက် ဆိုဗီယက် ပြည်ထောင်စုအား ဆက်လက် တွန်းအား ပေးကာ တောင်းဆို ကြမည်ဟု ဥရောပ ဘုံစျေးအဖွဲ့မှ နိုင်ငံခြားရေး ဝန်ကြီးများက ဆုံးဖြတ်ကြသည်။

၅

အရှေ့အလယ်ပိုင်း ဒေသတွင် တရား မျှတပြီး ဂုဏ်သိက္ခာ ရှိသော ငြိမ်းချမ်းမှု ရရှိနိုင်ရေးအတွက် နိုင်ငံတကာ ညီလာခံ တရပ် ကျင်းပပြုလုပ်ရန် ဂျော်ဒန်ဘုရင် ဟူစိန်က တိုက်တွန်းသည်။

ဘာသာရေး ပဋိပက္ခများ ဖြစ်ပွားမှုကို တားဆီးရန် စီစဉ်မှုများအဖြစ် အီဂျစ်နိုင်ငံ သား ခရစ်ယာန် ဘာသာဝင် အကြီးအကဲ များ၏ အာဏာနှင့် အချို့သော အစွန်လာမ် အုပ်စုများ၏ တရားဝင် လှုပ်ရှားခွင့်များကို မိမိ ရုပ်သိမ်းခဲ့သည်ဟု အီဂျစ်သမ္မတ ဆဒတ် က ကြေငြာသည်။

၆

အာဖဂန်စတန် နိုင်ငံအတွင်းမှ ဆိုဗီယက် တပ်များ ရုပ်သိမ်းရေးအတွက် ဆိုဗီယက် ပြည်ထောင်စုအား ဆက်လက် တွန်းအား ပေးကာ တောင်းဆို ကြမည်ဟု ဥရောပ ဘုံစျေးအဖွဲ့မှ နိုင်ငံခြားရေး ဝန်ကြီးများ က ဆုံးဖြတ်ကြသည်။

၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် တတိယအကြိမ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်း ညှိနှိုင်း အစည်း အဝေးကို ကျိုက္ကဆံကွင်း ဆရာစံ ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ကောင်စီ အတွင်း ရေးမှူး ဦးစန်းယုအား ဗဟန်း မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း အဖြစ် အတည်ပြုကြောင်း ကြေငြာသည်။

အရှေ့တောင် အာရှနိုင်ငံများ အဖွဲ့ (အေဆီယင်) မှ လေးနိုင်ငံ အမျိုးသား သတင်းဌာနများ၏ နှစ်ပတ်လည် အစည်း အဝေးကို ဗန်ကောက်မြို့၌ စတင်ကျင်းပ သည်။

၈

တတိယ အကြိမ် ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ် တင် မြှောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခံရမည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း များ၏ အမည်စာရင်းကို တတိယ အကြိမ် ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ ရေး ကော်မရှင်က ကြေငြာချက် အမှတ် ၂၅ ဖြင့် စတင်ထုတ်ပြန် ကြေငြာသည်။

၁၉၈၁ ခုနှစ် နိုင်ငံ တကာ စာတတ် မြောက်ရေးနေ့ အထိမ်း အမှတ် အခမ်း အနားကို ပြည်လမ်းလိပ်ခုံးခန်းမ၌ ကျင်းပ သည်။ အဆိုပါအခမ်းအနားတွင် ၁၉၈၂ ခု မြန်မာနိုင်ငံ စာတတ်မြောက်ရေး လှုပ်ရှား မှု တိုးခဲ့မြို့နယ် ၂၈ မြို့နယ်၏ အမည်စာရင်း ကို ကြေငြာသည်။

အာရပ်ပြည်သူများ၏ တရားဝင်အခွင့် အရေးများကိုလျစ်လျူရှုထားခြင်းအတွက် အမေရိကန်နိုင်ငံအား တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဟွမ်ဟွာက ပြစ်တင်ရှုတ်ချလိုက်ပြီး အမေရိကန်၏ အရှေ့အလယ်ပိုင်း မူဝါဒကို ပြောင်းလဲပစ်ရန် တိုက်တွန်းသည်။

ဆီးရီးယားနိုင်ငံသည် မြေထဲပင်လယ် တွင် ရေပိုင်နက်ကို ရေမိုင် ၁၂ မိုင်မှ ၃၅ မိုင် သို့ တိုးချဲ့သည်။

၉

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် ရသေ့ တောင်မြို့နယ်သား မော်တော်ကားလမ်းမ ကြီးပေါ် ရှိ မိုင်တိုင် ၁၀/၂ အနီးပေပေါင်း ၃၄၀ အရှည်ရှိ ကျောက်တန်းချောင်းဖြတ် သံမဏိကြိုးတံတားသစ်ဖွင့်ပွဲ ကျင်းပသည်။

ပြင်သစ်နိုင်ငံ၏အဓိကဘဏ်ကြီးများကို ပြည်သူပိုင်သိမ်းမည့် ဥပဒေကြမ်းတရပ်ကို ပြင်သစ်အစိုးရက အတည်ပြုသည်။

၁၀

နယူးယောက်မြို့တွင် ကျင်းပမည့် ကုလ သမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက် ရန် မြန်မာကိုယ်စားလှယ်အဖွဲဝင်များသည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာ သည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုး ရေးအဖွဲ့ အာရှနှင့် ပစိဖိတ် ဆိုင်ရာ လက် ထောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ

သတင်းဖြစ်ရပ်များ

ဒီအယ်လအူမလီသည် လေကြောင်း ခရီးပြင့် ရန်ကုန်မြို့သို့ ထွက်ရှိသည်။

အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးနိုင်ငံတို့သည် မဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ အလွန်အရေးကြီးသည့် သဘောတူညီချက်တရပ်ကို မူအားဖြင့်ရရှိထားပြီဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် မီနာချင်ဗယ်ဂင်က ဝါရှင်တန်မြို့တွင် ထုတ်ဖော်ပြောကြားသည်။

ကုတ် ဗား ဟိုင်း သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တတိယ ငါးနှစ် သက်တမ်း အတွက် ဝင်ရောက် အရွေးခံရန် အမည်စာရင်း တင်သွင်း လိုက်ကြောင်း ကုလသမဂ္ဂမှ ထုတ်ပြန်ကြေငြာသည်။

၁၁

တောင်အာဖရိကနိုင်ငံသည် အင်ဂိုလာနိုင်ငံအတွင်းသို့ ကျူးကျော် တိုက်ခိုက်နေမှုကို ခုခံတိုက်ခိုက်ထု၌ အင်ဂိုလာနိုင်ငံအား စိတ်ဓာတ်ရေး၊ သံတမန်ရေးနှင့် လက်နက်ပစ္စည်းစသည်အားဖြင့်ထောက်ပံ့ကူညီသွားရန် လေဂို့စမြို့တွင် ကျင်းပသော ရွှေတန်းခြောက်နိုင်ငံခေါင်းဆောင်များ၏ အစည်းအဝေး၌ နိုင်ဂျီးရီးယားသမ္မတ ရှာဂါရီက ကြေငြာသည်။

တောင်ကိုရီးယားနှင့်မြောက်ကိုရီးယားတို့သည် အပစ်အခတ်ရပ်စဲရေး နယ်မြေကို ဖြတ်ကျော်ကာ တဘက်နှင့်တဘက် စက်သေနတ်များဖြင့် အပြန်အလှန် ပစ်ခတ်ကြကြောင်း တောင်ကိုရီးယား ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ဖော် ကြေငြာသည်။

၁၂

အမေရိကန်သမ္မတရေဂင်သည် ဘတ်ဂျက်ညီမျှမှုရှိစေရန်ကြိုးပမ်းချက်တစိတ်တဒေသအဖြစ် လာမည့်သုံးနှစ်အတွင်း အမေရိကန် ကာကွယ်ရေး အသုံးစရိတ်တွင် ဒေါ်လာ ကုဋေ ၁,၃၀၀ ဖြတ်တောက်သွားရန်ဆုံးဖြတ်လိုက်ကြောင်းဖြင့် အိမ်ဖြူတော်မှ ကြေငြာသည်။

၁၃

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း ဘီဟာပြည်နယ်တွင် မိုးကြိုးသည်းထန်စွာ ရွာသွန်းပြီး ရေလျှံခြင်းကြောင့်သီးနှံစိုက်ခင်း ဟက်တာ ခုနှစ်သိန်း ရေမြုပ်ပြီး လူ ၃၁,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း တရားဝင်ကြေငြာသည်။

၁၄

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် တဝန်းလုံးတွင် ကျင်းပမည့် တတိယအကြိမ်ပြည်သူလွှတ်တော်နှင့် ပြည်သူကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲများ၌ တနိုင်ငံလုံးရှိ လူဦးရေ ၃၄ သန်းကျော်အနက် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ ၁၇ သန်းကျော်တို့က ရွေးချယ်တင်မြှောက်ကြမည့်ကိုယ်စားလှယ်များမှာ လွှတ်တော် ကိုယ်စားလှယ် ၄၇၅ ဦး၊ ပြည်နယ်တိုင်း ပြည်သူကောင်စီဝင် ၉၇၆ ဦး၊ မြို့နယ်ပြည်သူကောင်စီဝင် ၂၂,၀၅၀ ဦး၊ ရပ်ကွက်ကျေးရွာ အုပ်စု ပြည် သူ ကောင် စီ ဝင် ၁,၆၃,၃၄၂ ဦးဖြစ်ကြောင်း ကြေငြာသည်။

တောင်အာဖရိကနိုင်ငံအပေါ် အလုံးစုံစီးပွားရေးပိတ်ဆို့အရေးယူရန် ကုလသမဂ္ဂ အထွေထွေညီလာခံက ထောက်ခံမဲ ၁၁၇ မဲ ကန့်ကွက်မဲမရှိဖြင့် မဲခွဲဆုံးဖြတ်သည်။

ကုလသမဂ္ဂအဖွဲ့ဝင် ၁၅၅ နိုင်ငံမှ ကိုယ်စားလှယ်များသည် ၁၄ ရက်ကြာဆွေးနွေးပြီးနောက် ကမ္ဘာ့ အဆင်းရဲဆုံး ၃၁ နိုင်ငံအား မျော်လင့်ချက်ကင်းမဲ့နေသော ဘဝမှ လွှတ်မြောက်စေရေးအတွက် အားလုံးလက်ခံသဘောတူသည့် အကူအညီပေးရေး အစီအစဉ်တရပ်ကို အတည်ပြု ပြဋ္ဌာန်းသည်။

ဖြိုတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာသည် အစိုးရအဖွဲ့မှ ဝန်ကြီးခြောက်ဦးကို တာဝန်မှရပ်စဲသည်။

၁၅

အာဖဂန်စတန် နယ်စပ်နှင့် ကပ်နေသော ပါကစ္စတန်နယ်စပ်ကို ကာကွယ်ရန် အဓိကလိုအပ်သည့် စစ်လက်နက်ပစ္စည်းများအမြန်ဆုံး လွှဲပြောင်းပေးရေး ကိစ္စနှင့် စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုနှင့် သဘောထား ကွဲလွဲမှုများကို ဖြေရှင်းပြီး ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံက ထုတ်ပြန်ကြေငြာသည်။

၁၆

သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက်လယ်ယာနှင့် သစ်တောဝန်ကြီးဌာနက နှီးဆော်ချက်အမှတ် ၂/၈၁ ကို ထုတ်ပြန်ကြေငြာသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရဒေသ ပြည်နယ်တွင် အစိုးရပိုင် ပို့ဆောင်ရေးခရီးသည်တင်ကားတစီး ဂင်္ဂါမြစ်တွင်းသို့ ထိုးကျသွားရာ လူပေါင်း ၄၀ ထက်မနည်းသေဆုံးသည်။

၁၇

ဆိုဗီယက်သမ္မတ ဗရက်ဇ်နက်သည် ဖြိုတိန် လေဘာပါတီခေါင်းဆောင် မိုက်ကယ်ဖုအား ကရင်မလင် နန်းတော်တွင် လက်ခံတွေ့ဆုံသည်။

၁၈

ဗလီဇ်နိုင်ငံ လွှတ်လပ်ရေးကို ဆိုင်းငံ့ထားရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအစည်းအဝေးတရပ် ကျင်းပရန် ဂွာတီမာလာနိုင်ငံ၏ မေတ္တာရပ်ခံချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပယ်ချသည်။

၁၉၇၉ ခုနှစ် ဇန္နဝါရီလက ကမ်ပူးချားနိုင်ငံတွင် အာဏာမဲ့သွားသော ခမာနီ အစိုးရအဖွဲ့ကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်အဖွဲ့ခန့်အပ်လွှာကို ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အတည်ပြုသည်။

၁၉

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သမ္မတကြီး၏ ကိုယ်စား ရန်ကုန်တိုင်းပြည်သူကောင်စီ ဥက္ကဋ္ဌသည် ရန်ကုန်တိုင်းအတွင်းရှိ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရ ပုဂ္ဂိုလ်များ၊ လွှတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များအား အဆောင်အယောင် တံဆိပ်နှင့် ဂုဏ်ပြုစာလွှာများ အပ်နှင်းသည့် အခမ်းအနားကို မြို့တော်ခန်းမတွင် ကျင်းပသည်။

အစ္စရေးနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့၏မဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေးမူသစ်ကို တုံ့ပြန်နိုင်ရေးအတွက် ဆိုဗီယက်ပြည်ထောင်စုနှင့် ပို၍အနီးကပ်ဆက်ဆံသွားရန် အမာခံအာရပ်နိုင်ငံများက ဆုံးဖြတ်ကြသည်။

၂၀

အကျပ်အတည်းဖြစ်နေသော သံမဏိစက်မှုလုပ်ငန်းအား ငွေကြေးအထောက်အပံ့ပေးရေးနှင့် ပတ်သက်၍ ဝန်ကြီးအဖွဲ့အတွင်းသဘောထားကွဲကြပြီးနောက် ဗယ်လ်ဂျီယံညွှန်ပေါင်းအစိုးရအဖွဲ့ နုတ်ထွက်သွားသည်။

နိုင်ငံတကာ အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဆိုများကို ကမ္ဘာ့ဖွံ့ဖြိုးဆဲ နိုင်ငံများမှ ကိုယ်စားလှယ်များက ဝါရှင်တန်မြို့တွင် ရေးဆွဲညှိနှိုင်း ကြသည်။

၂၆

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သမ္မတကြီး ဦးနေဝင်းသည် အနုပညာရှင်များနှင့် တွေ့ဆုံ မိတ်ဆက်ရန်နှင့် အနုပညာ လောကမှ မိတ်ဟောင်းဆွေဟောင်းများကို တွေ့ဆုံ ဂုဏ်ပြု ရန် အတွက် အလုံလမ်း သမ္မတ အိမ်တော်ဝင်း၌ ညစာစားပွဲဖြင့် တည်ခင်း ကျွေးခဲ့သည်။

၂၂

ပီအယ်အိုသည် အကြမ်းဖက်မှုများ ပြုလုပ်ခြင်းကြောင့် ဗြိတိန်နိုင်ငံသည်ပီအယ်အိုနှင့် ဝန်ကြီးအဆင့် ဆွေးနွေးပွဲ ပြုလုပ်မည် မဟုတ်ဟု ဗြိတိန် ဝန်ကြီးချုပ် မာဂရက် သက်ချာက ကူဝိတ်မြို့တွင် ကြေငြာသည်။

အသည်းဝေဒနာကြောင့် သတိ မေ့မြောနေသော ၁၂ နှစ်သားအရွယ် ကလေးငယ် တဦးအား ချီကာဂို ကလေးဆေးရုံတွင် အသည်းအစားထိုးကုသမှု အောင်မြင်စွာ ပြုလုပ်ခဲ့သည်။

၂၈

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဟိတ်နှင့် ဆိုဗီယက်နိုင်ငံခြားရေး ဝန်ကြီး အင်ဒရေဂရိုမီကိုတို့သည် ကုလသမဂ္ဂတွင် ငါးနာရီကြာ တွေ့ဆုံဆွေးနွေးကြပြီး နောက်တကြိမ် တွေ့ဆုံ ဆွေးနွေးကြရန် သဘောတူညီကြသည်ဟု အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနက ကြေငြာသည်။

၂၉

ဆိုဒင် ဝန်ကြီးချုပ်ဟောင်း အိုလော့ပမ်းအား ဆိုရှယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ပါတီခေါင်းဆောင်အဖြစ် ၂၀ ကြိမ်မြောက် ပါတီကွန်ဂရက်က ရွေးချယ်ခဲ့သည်။

နိုင်ငံ ၄၁ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်သည့် နေသဟာယ ထိပ်သီးဆွေးနွေးပွဲများကို မဲလဘုန်းမြို့တွင် စတင်ကျင်းပသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဒုံးပျံတစ်စင်းတည်းဖြင့်ဂြိုဟ်တုသုံးလုံးကို အာကာသတွင်းသို့ တပြိုင်တည်း လွှတ်တင်ခဲ့သည်။

၂၁

တတိယအကြိမ်ပြည်သူ့လွှတ်တော်နှင့် ပြည်သူကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲလှုံဆော်ရေး ပိုစတာများကို နိုင်ငံတဝန်းလုံးတွင် လုပ်သားပြည်သူများက စုပေါင်းစိုက်ထူကြသည်။

နိုင်ငံတကာအကူမြို့ စွမ်းအင်အဖွဲ့ (အိုင်အေအီးအေ) ၂၅ ကြိမ်မြောက် အထွေထွေညီလာခံကို ဖွင့်လှစ်သည်။

ဗြိတိန်နိုင်ငံ၏ ကျန်ရှိနေသော အကြီးဆုံး ကိုလိုနီတခုဖြစ်သည့် ဗလိဇ်နိုင်ငံသည် လွတ်လပ်ရေး ရရှိသည်။



ဗြိတိသျှကိုလိုနီဖြစ်ခဲ့သော ဗြိတိသျှဟွန်ဒူးရပ်ဒေသသည် ဗလိဇ်အမည်ဖြင့် လွတ်လပ်သော ကမ္ဘာ့နိုင်ငံ တနိုင်ငံ ဖြစ်လာသည်။
ဗလိဇ်မြို့တော်၏ မြို့လယ်ပြင်ကွင်းတခု

၂၃

ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် အဖွဲ့သည် မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းများသို့ သွားရောက်ချမှတ် စက်ရုံစိမ်ကိန်း၊ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေး၊ သတ္တုဗေဒ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းဌာန စိမ်ကိန်းနှင့် စက္ကူစက်ရုံများကို စစ်ဆေးကြည့်ရှုသည်။

ဗြိတိန်နိုင်ငံမှ ဂလောက်စတာမြို့စားကြီးသည် မြန်မာနိုင်ငံတွင် ခေတ္တလည်ပတ်ရန် ရန်ကုန် လေဆိပ်သို့ အထူး လေယာဉ်ဖြင့် ရောက်ရှိလာသည်။

၂၄

ဝန်ကြီးချုပ်ဦးမောင်မောင်ခနှင့် အဖွဲ့သည် မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းများသို့ သွားရောက်ချမှတ် စက်ရုံစိမ်ကိန်း၊ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေး၊ သတ္တုဗေဒ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းဌာန စိမ်ကိန်းနှင့် စက္ကူစက်ရုံများကို စစ်ဆေးကြည့်ရှုသည်။

ဗြိတိန်နိုင်ငံမှ ဂလောက်စတာမြို့စားကြီး မြောက် အစည်းအဝေးကို ဗီယင်နာမြို့တွင် စတင်ကျင်းပသည်။

၂၅

အမေရိကန် နိုင်ငံ တရားလွှတ်တော်ချုပ်၏ ပထမဦးဆုံး အမျိုးသမီး တရားသူကြီး ချုပ်အဖြစ် တာဝန်ထမ်းဆောင်မည့် စန္ဒရာဒေးအိုကော်နာသည် ကျမ်းသစ္စာကျိန်ဆိုသည်။

အောက်တိုဘာလ

၁

ကမ္ဘာပေါ်တွင် ရေနံအများဆုံး တင်ပို့ရောင်းချသည့် ဆအူးဒီ အာရေဗျနိုင်ငံသည် လစဉ် ရေနံထုတ်လုပ်မှု ပမာဏကို မူသစ်တရပ်ဖြင့် စတင် ကျင့်သုံးသည်။

အီရန် ဝန်ကြီးချုပ် ကနီသည် သမ္မတ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင် အရွေးခံခြင်း မပြုပဲ နုတ်ထွက် သွားကြောင်း တီဟီရန် ရေဒီယိုက ကြေငြာသည်။

၂

ပြင်သစ်နိုင်ငံတွင် နိုင်ငံရေး ခိုလှုံခွင့်ရရှိနေသော အီရန်သမ္မတဟောင်း ဗာနီဆာဒါနှင့် မူဂျဟီဒင် ခေါင်းဆောင် ရာဂျာဗီ တို့အား ပြင်သစ်နိုင်ငံတွင် နိုင်ငံရေး မပြုလုပ်ပါဟူသော ကတိကို လေးစား လိုက်နာခြင်း မရှိမှုနှင့် စပ်လျဉ်း၍ ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ကန့် ကွက် စာ ဖြင့် သတိ ပေးသည်။

အီရန်နိုင်ငံတွင် ကျင်းပသည့် သမ္မတ ရွေးကောက်ပွဲ၌ အာ ဏာ ရ အစွဲလာမ် ရီပတ်ဗလီကင် ပါတီခေါင်းဆောင် ဟိုဂျာတိုလီဆလမ် အလီခါမေနီအနိုင်ရရှိကြောင်း တီဟီရန် ရေဒီယိုက ကြေငြာသည်။

ဝါရှင်တန်မြို့တွင် ကျင်းပသော အီဂျစ် ဒုတိယသမ္မတ မူဘာရက်နှင့် အမေရိကန်မှ တာဝန်ရှိပုဂ္ဂိုလ်များ၏ အရွှေအလယ်ပိုင်း ပြဿနာဆွေးနွေးပွဲ ပြီးဆုံးသည်။

၄

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ ကောင်စီ အဆင့်ဆင့် ရွေး ချယ် တင် မြှောက်ပွဲများကို စတင် ကျင်းပသည်။

၅

ထိုင်းနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး အခြေအနေအရ အစိုးရနှင့်ပြည်သူတို့အား ကမ်ပူးချားနှင့် အခြားအင်ဒိုချိုင်းနား ဒုက္ခသည်များဆိုင်ရာ ကြီးမားလေးလံလှသော ဝန်ထုပ် ဝန်ပိုးများကို အချိန်ကာလ အကန့် အသတ် မရှိ ထမ်းရွက်စေလိမ့်မည် မဟုတ်ကြောင်း ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရမ် တင်ဆူလာနွန်ဒါက ကုလသမဂ္ဂ အထွေထွေညီလာခံတွင် သတိပေး ပြောကြားလိုက်သည်။

၆

အီဂျစ် နိုင်ငံ သမ္မတ အနွဝါဆဒတ် သည် စစ်ရေးပြ အခမ်းအနားတွင် မသမာလူတစု၏ လုပ်ကြံ သတ်ဖြတ်ခြင်းခံရသည်။

၇


၁၉၇၀–ဂ၁ ခုနှစ်အတွက် စံပြလုပ်သားများရွေးချယ် အတည်ပြုရန် စံပြလုပ်သား စီမံကိန်း ဗဟိုကော်မတီ အ စည်း အ ဝေး ကို ကျင်းပပြီး ၁၉၇၀–ဂ၁ ခုနှစ်အတွက် ဆို ရှယ်လစ် လုပ်သားကောင်း ၅၀ ဦး၊ ဒုတိယ ဆင့် စံပြလုပ်သား ၁၂၆ ဦး၊ တတိယဆင့် ၃၆၇ ဦး၊ စုစုပေါင်း စံပြလုပ်သား ၅၄၃ ဦး တို့ကို ရွေးချယ် အတည်ပြုသည်။



ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် လှိုင်မြို့နယ် ၁၂ ရပ်ကွက် မဲရုံအမှတ် ၇ တွင် ဆန္ဒမဲပြား ထုတ်ယူစဉ်

၈

စံပြလုပ်သား စီမံကိန်း ဗဟို ကော် မ တီ က ၁၉၇၀ - ဂ၁ ခုနှစ် အတွက် ရွေးချယ်သော



အီဂျစ်နိုင်ငံ သမ္မတ အနွဝါဆဒတ်သည် တပ်မတော်၏ စစ်ရေးပြအခမ်းအနားတွင် ဗိုလ်ရွှေသဘင်ခံယူနေစဉ် မသမာလူတစု၏ ဣန္ဒြေသို့ ရက်စက်စွာ ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။

ပြည်နယ်နှင့် တိုင်းအလိုက် စံပြလုပ်သား များစာရင်းကို သက် ဆိုင် ရာ မှ ထုတ် ပြန် ကြေငြာသည်။

ပါကစ္စတန် နိုင်ငံသို့ ရောက်ရှိ နေသော ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာသည် ပါကစ္စတန် သမ္မတ ဇီယာ အူးလဟက်နှင့် တွေ့ဆုံကာ နှစ်နိုင်ငံ ကိစ္စရပ်များ၊ ဒေသ ဆိုင်ရာ အရေးကိစ္စများနှင့်တကွ ပါကစ္စတန် နိုင်ငံအနေဖြင့် အင်အားကြီး နိုင်ငံများနှင့် ဆက်ဆံမှု၊ အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့်ဆက် ဆံမှုများကို ဆွေးနွေး ညှိနှိုင်းသည်။

၉

လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်ထိန် ခေါင်းဆောင်၍ အ ဖွဲဝင် ခုနစ်ဦးပါဝင်သော မြန်မာ ကိုယ်စား လှယ်အဖွဲသည် မက္ကဆီကိုနိုင်ငံ၌ ကျင်းပ မည့် ၂၀ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပျားမွေးမြူရေး ညီလာခံသို့ တက်ရောက်ရန် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာ သွားသည်။

ဒေါ်လာ သန်းပေါင်း ၁,၅၃၀ တန်ဖိုးရှိ ၁၉၈၂–၈၃ ခုနှစ်အတွက် ကုလသမဂ္ဂ ဘတ် ဂျက် ကို အတည်ပြုပေးရန် ကုလသမဂ္ဂ အ တွင်း ရေး မှူး ချုပ် ကွတ် ဗာ ဟိုင်း က ကုလသမဂ္ဂ အထွေထွေညီလာခံ ဘတ်ဂျက် ကော်မတီသို့ တင်သွင်းသည်။

ကွယ်လွန်သူ အီဂျစ် သမ္မတ အန္ဝါ ဆဒတ်၏ အရိုက်အရာကို ခံယူ ရန် အီ ဂျစ် ဒုတိယ သမ္မတ မူဘာရက်က တရား ဝင် လက်ခံလိုက်သည်။

၁၀

ကုလသမဂ္ဂအနေဖြင့် အစွမ်းတို့ သိမ်း ပိုက်ထားသော အာရပ် နယ်မြေ များ နှင့် နမီးဗီးယားဒေသ၏ စီးပွားရေး အလာ အ လာ ဆိုင် ရာ အ ချက် အ လက် များ စု ဆောင်း ရေး အ တွက် ပါ လက် စ တိုင်း လွှတ် မြောက် ရေး အ ပွဲ (ပီ အယ် အို)၊ အနောက်တောင် အာဖရိက ပြည်သူ့အပွဲ (ဆွာပို) တို့နှင့်ရင်းနှီးစွာ လက်တွဲဆောင် ရွက်ရေးကို အ မေ ရိ ကန် က ဆန့်ကျင်နေ သော်လည်း မဲခွဲရာတွင် တတိယကမ္ဘာနှင့် ကွန်မြူနစ်နိုင်ငံများက အနိုင်ရရှိသွားသည်။

၁၁

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံ ခြားရေး ဝန်ကြီး ဌာန ဝန်ကြီး၏ ဖိတ်ကြားချက် အရ အိ န္ဒိ ယ သမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီး ဌာန ဝန်ကြီး ရှရီ၊ ပီ၊ ဗွီ၊ နာရာဆင်ဟာရော်း သည် သုံးရက်ကြာ ချစ် ကြည် ရေး ခ ရီး လာရောက် လည်ပတ်ရန်အတွက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၁၂

ပွဲပြိုးဆဲနိုင်ငံများအား ဆန့်ကျင်ထိုးနှက်မည့် နယ်ချဲ့တို့၏အစီအမံများကိုအင်ဒိုနီးရှားနှင့် တန်ဇားနီးယား နိုင်ငံတို့က တညီတညွတ် တည်း ပြစ်တင် ရှုတ်ချကြောင်း အင်ဒို နီးရှား နိုင်ငံသို့ တန်ဇားနီးယား သ မ္မ တ ညီရေးရေး လာရောက် လည်ပတ်ပြီးနောက် ထုတ်ပြန်သော ပူး တွဲ ကြေငြာ ချက်တွင် ဖော်ပြသည်။

အင်ဂိုလာ သမ္မတ ဆန်းတေ့ သည် ချက်ကိုစလို ဗက်ကီးယား နိုင်ငံ၌ သုံးရက် ကြာ နေထိုင်လည်ပတ်ပြီးနောက် ပြန်လည် မထွက်ခွာမီ အင်ဂို လာနှင့် ချက် ကိုစလို ဗက် ကီး ယား နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး စာချုပ်တရပ်ကို ချက် ကို စ လို ဗက် သ မ္မ တ ဂုစတပ်နှင့် လက်မှတ်ရေးထိုးသည်။

၁၃

ညေ့သည်တော် အိန္ဒိယနိုင်ငံ ပြည်ပရေးရာ ဝန်ကြီး ဌာနဝန်ကြီး ရှရီ၊ ပီ၊ ဗွီ၊ နာရာဆင် ဟာရော်းနှင့် အဖွဲသည် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်လေဆိပ်မှ ပြန်လည် ထွက်ခွာသွားသည်။

မြန်မာ၊ ဂျပန် ကျမ်းကျင်မှု ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု အ စီ အ စဉ် အရ သုဝဏ္ဏမြို့နှင့် သာကေတမြို့ကို ဆက်သွယ် ဆောက် လုပ် မည့် ငါ မိုး ရိပ် ချောင်း ကူး သုဝဏ္ဏ တံတား ဆောက်လုပ်ရေး စီမံကိန်း တံတား အုတ်မြစ် ပန္နက်ချအခမ်းအနားကို သုဝဏ္ဏမြို့ တံတားဆောက်လုပ်ရေး လုပ် ငန်းခွင်၌ ကျင်းပသည်။

အီရန်နိုင်ငံ၏ တတိယမြောက် သမ္မတ အဖြစ် အလီ ခါမေနီသည် ကျမ်းသစ္စာ ကျိန်ဆိုကာ ရာထူးလက်ခံလိုက်သည်။

၁၄

ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံးသည် ၁၉၈၁ ခုနှစ် ငြိမ်းချမ်းရေး နိုဗယ်ဆုကို ဆွတ်ခူးရရှိသည်။ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးသည် နိုင်ငံ တကာ အဖွဲအစည်းတရပ် အနေဖြင့် တတိယ အကြိမ်မြောက် ချီး မြှင့် ခံရခြင်း ဖြစ်သည်။

၁၅

ပြန်ကြားရေး ဝန်ကြီး ဌာန ပုံနှိပ် ရေးနှင့် စာ အုပ် ထုတ် ဝေ ရေး ကော်ပို ရေး ရှင်း စာပေဗိမာန် အဖွဲ၏ ၁၉၇၉–၈၀ ပြည့်နှစ် အမျိုးသား စာပေဆု စီစစ် ရွေးချယ်ရေး ကော်မတီသည် ၁၉၈၀ ပြည့် နှစ် အတွက် ဘာသာရပ် အသီးသီးတွင် အကောင်းဆုံး စာအုပ်များအဖြစ် အမျိုးသား စာပေဆု ချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ် များကို ထုတ်ပြန်ကြေငြာသည်။

၁၉၇၂ ခုနှစ် ဇန္နဝါရီလ ၁ ရက်မှ စတင်၍ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၌ နှစ်နှစ်တာ သက်တမ်းသစ်အတွက် အဖွဲဝင် နိုင်ငံများအဖြစ် ဂိုင်ယာနာ၊ ဂျော်ဒန်၊ ပိုလန်၊ တိဂိုနှင့် ဇိုင်ယာနိုင်ငံတို့အား ကုလ သမဂ္ဂ အထွေထွေ ညီလာခံက ရွေးချယ် တင်မြောက်လိုက်သည်။

ကမ်ပူးချား ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်း ရေးနှင့် စပ်လျဉ်း၍ စစ်မှန်သော တိုးတက်မှု မရှိကြောင်း ကု လ သမဂ္ဂ အ တွင်း ရေး မှူး ချုပ် ကွတ်ဗားဟိုင်း က အထွေထွေ ညီလာခံသို့ တင်ပြ အစီရင်ခံ လိုက် ပြီး ထိုပြဿနာ ဖြေ ရှင်း ရန် မိ မိ ဆက်လက် ကြိုးပမ်းသွားမည် ဖြစ်ကြောင်း ကတိပေး ပြောကြားသည်။

၁၆

ပထမ အကြိမ် က မ္ဘာ့ စားနပ် ရိက္ခာနေ့ အ ခမ်း အ နား ကို ည နေ ၅ နာ ရီ တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

သတ္တုတွင်း ဝန်ကြီးဌာန အမှတ် (၃) သတ္တု တူးဖော်ထုတ်လုပ်ရေး ကော်ပိုရေး ရှင်းက မေမြို့ အနီးစခန်း၌ တည်ဆောက် ခဲ့သည့် အမှတ် (၁) သံစီမံကိန်းစက်ရုံ စတင် ဖွင့်လှစ်သည်။

အစွမ်းရေး ဗိုလ်ချုပ်ကြီး ပို့ရှေဒါယန်း (၆၆) နှစ်သည် နှလုံးရောဂါဖြင့် အစွမ်း ရေးနိုင်ငံ၌ ကွယ်လွန်သည်။

၁၇

ကမ္ဘာ့စားနပ်ရိက္ခာ အခြေအနေသည် မရေ ရာ ဆဲပင် ဖြစ်ကြောင်း၊ ဒေ သ အ လိုက်

သို့မဟုတ် တမျိုးသားလုံး စားနပ်ရိက္ခာ ပြတ်လပ်မှုသည် ၁၉၇၉ ခုနှစ်က ၁၇ နိုင်ငံ မျှသာ ရှိရာမှ ယခုနှစ်အလယ်ပိုင်းတွင်မူ ၃၁ နိုင်ငံအထိ ရှိလာကြောင်း ကုလသမဂ္ဂ အတွင်း ရေးမှူးချုပ် ကွတ် ဗား ဟိုင်း က ပြောကြားသည်။

၁၈

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)၏ ကာကွယ်ရေး အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ရန် အမေရိကန်၏စီမံကိန်းသည် အရှေ့အုပ်စုနှင့် အနောက်အုပ်စု အကြား အင် အား ညီမျှမှု ထပ်မံ ရ ရှိ စေ ရေး ကို အထောက်အကူ ဖြစ်လိမ့်မည် ဖြစ်ကြောင်း အမေ ရိကန် နိုင် ငံ သို့ ရောက် ရှိ နေ သော ပြင်သစ်သမ္မတ မီးထရောင်းက အမေရိကန် သမ္မတရေဂင်၊ နိုင်ငံခြားရေးဝန်ကြီး ဟဲတ် တို့နှင့် တွေ့ဆုံဆွေးနွေးအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။

ပိုလန်နိုင်ငံ တပ်မတော် အ ကြီး အ ကဲ ဗိုလ်ချုပ်ကြီး ရိုဆီယက် ဂျာရူ ဇယ် စ ကီး သည် အာဏာရ ကွန်မြူနစ်ပါတီ၏ ခေါင်း ဆောင် အဖြစ် တာဝန် လွှဲပြောင်း ထမ်း ဆောင်သည်။

၁၉

ပညာရေး ဝန်ကြီးဌာန အထက်တန်းပညာ ဦးစီးဌာနက ကြီးမှူး၍ တက္ကသိုလ်ဘာသာ ရပ်များကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြား ရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ပညာရေး တက္ကသိုလ် ခန်းမ၌ ကျင်း ပ ရာ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကျော် ငြိမ်း တက်ရောက်၍ အဖွင့် အမှာ စကား ပြောကြားသည်။

ကျူးဗားနှင့် အင်ဒို နီးရှား နိုင်ငံ တို့ သည် ၁၀ နှစ်ကြာမျှ သံတမန် အဆက် အသွယ် ပြတ်တောက် နေ ခဲ့ ရာ မှ ပုံမှန် သံတမန်ဆက်သွယ်မှုများ ပြုလုပ်သည်။

အိန္ဒိယနှင့် ပါကစ္စတန်မကျူးကျော်ရေး စာချုပ် ချုပ်ဆိုရေးနှင့် စပ်လျဉ်း၍ ဆွေး နွေး ညှိနှိုင်းရန် အတွက် မိမိ ကမ်း လှမ်း ချက်ကို တုံ့ပြန်ပါရန် ပါကစ္စတန် သမ္မတ ဇီယာ အူးလဟက်က အိန္ဒိယ နိုင် ငံ အား မေတ္တာရပ်ခံသည်။

၂၀

ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ ခေါင်း ဆောင် ယာဆာအာရဖတ်နှင့် ဆိုဗီယက် သမ္မတ ဗရက်ဇ်ညက်တို့သည် ကရင်မလင် နန်းတော်၌ တွေ့ဆုံဆွေးနွေးပြီး မော်စကိုရှိ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ရုံးကို သံရုံးအဆင့်သို့ အပြည့် အဝ တိုးမြှင့်ဖွင့်လှစ်ခွင့် ပြုလိုက်ကြောင်း ဆိုဗီယက်ပြည်ထောင်စုက ကြေငြာသည်။

၂၁

ဥရောပတွင် ဒုံးပျံသစ်များ တပ်ဆင်ထားရှိ ရေး ဆုံးဖြတ်ချက်ကို နေတိုးကာကွယ်ရေး ဝန်ကြီးများက တညီတညွတ်တည်း အတည် ပြုလိုက်ကြပြီး နယ်သာလင်နှင့် ဗယ်လ်ဂျီယံ နိုင်ငံတို့က ၁၉၈၃ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ပါရှင်း ၂ နှင့် ခရုစ်ဒုံးပျံ ၅၇၂ စင်းကို တပ်ဆင်ရန်ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသည့် နေတိုးအဖွဲ့ ချုပ်ကလီးယား စီမံကိန်းအုပ်စု၏ နောက်ဆုံးကြေငြာချက်တွင် လက်မှတ် ရေးထိုးသည်။

၂၂

ကမ္ဘာ့ ဆင်းရဲသော နိုင်ငံများနှင့် ချမ်း သာသော နိုင်ငံများအနက်မှ ၂၂ နိုင်ငံတို့ ပထမဆုံးအကြိမ် အတူတကွပေါင်းဆုံသည့် ဆင်းရဲနှင့် ချမ်းသာသော နိုင်ငံများ၏ တောင်နှင့်မြောက် ထိပ်သီးညီလာခံကို မက္ကဆီကို နိုင်ငံ ကန်ကွန်မြို့တွင် ကျင်းပ ရာ မက္ကဆီကိုသမ္မတ လိုပက်ပေါ်တီလိုက ညီလာခံကို ဖွင့်လှစ်ပေးလိုက်သည်။

၂၃

လောင်စာဈေးနှုန်းများ အဆမတန် ကြီး မြင့်မှုဒဏ်ကို အပြင်းထန်ဆုံး ခံကြရသော နိုင်ငံများတွင် လောင်စာစွမ်းအင် ထုတ် လုပ်မှုမြှင့်တင်ရန်အတွက် နိုင်ငံတကာရန်ပုံ ငွေ အသစ်တရပ် ထူထောင်ရေးကို ထောက် ခံရန် အ သင့် ရှိ ကြောင်း ဖြင့် ဆင်း ရဲနှင့် ချမ်းသာ နိုင်ငံများ၏ တောင်မြောက် ထိပ်သီး ညီလာခံကို တက် ရောက် လျက် ရှိသော ရေနံထုတ် နိုင်ငံများက ပြော ကြားသည်။

အမေရိကန်ပြည်ထောင်စုသည် ပါကစ္စ တန်သို့ ဒေါ်လာ သန်း ၃၀၀ ဖိုး စီးပွား ရေးနှင့် လက်နက်များ အကူအညီပေးရေး အစီအစဉ်၏ တစိတ်တဒေသအဖြစ် အက်ဖ ၁၆ အမျိုးအစား ခေတ်မီ တိုက်လေယာဉ် အစင်း ၄၀ ရောင်းချရန် လိုလားကြောင်း ကာကွယ်ရေးဌာနက ကွန်ဂရက်လွှတ်တော်သို့ တရားဝင် အသိပေးသည်။

စင်ကာပူနိုင်ငံ၏ တတိယမြောက်သမ္မတ အဖြစ် ဝါရင့်နိုင်ငံရေးသမားနှင့် အလုပ် သမား သမဂ္ဂခေါင်းဆောင်ဖြစ်သူ စီဗွီဒီဗန် နိုင်ယာကို စင်ကာပူပါလီမန်က တညီ တညွတ်တည်း ရွေးချယ်တင်မြောက်သည်။

၂၄

၃၆ နှစ်မြောက် ကုလသမဂ္ဂနေ့ဖြစ်သည်။

ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်း အနားကို ရန်ကုန်မြို့ မြို့ တော် ခန်း မ ၌ ကျင်းပသည်။

မက္ကဆီကိုနိုင်ငံ ကန်ကွန်မြို့တွင် နှစ် ရက်ကြာ ကျင်းပသည့် ဆင်းရဲသောနိုင်ငံ များနှင့် ချမ်းသာသောနိုင်ငံများ၏တောင် နှင့်မြောက် ထိပ်သီးညီလာခံ ပြီးဆုံးသည်။

၂၅

ချဒ်နိုင်ငံတွင် အာဖရိက ညီညွတ်ရေးအဖွဲ့ (အိုအေယူ)၏ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ထားရှိရန် ပြင်သစ်နိုင်ငံ၏ အဆိုပြု ချက်ကို အမေရိကန်နိုင်ငံက အခိုင်အမာ ထောက်ခံကြောင်း အမေရိကန် နိုင်ငံခြား ရေးဝန်ကြီးဟိတ်က ကန်ကွန်၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။

၂၆

ဂျရူးဆလမ်းရှိ ဘာသာရေးနေရာများအား လုံးတွင် တူးဖော်နေမှုများကို အစွမ်းရေး က ချက်ချင်းရပ်ဆိုင်းလိုက်ရန် ကုလသမဂ္ဂ အထွေထွေညီလာခံ အထူးနိုင်ငံရေးကော် မတီက တောင်း ဆို လိုက် ပြီး ဆအူး ဒီ အာရေဗျ၊ လစ်ဗျ၊ အီရန်နှင့် အီရတ်တို့အပါ အဝင်မူဆလင် ၂၉ နိုင်ငံက ကမကထ ပြု လုပ်ဘင်္ဂလားသော ဆုံးဖြတ်ချက် မူကြမ်း ကို အတည်ပြုသည်။

ပါလက်စတိုင်း ကိုယ်ပိုင် အုပ်ချုပ်ရေး ကို ဖော်ဆောင်မည့် အုပ်ချုပ်ရေးကောင်စီ တရပ် ဖွဲ့စည်းရေးအတွက် သဘောတူညီ ချက်တရပ် ရရှိမည်ဆိုလျှင် အစွမ်းရေးတို့ သိမ်းပိုက်ထားသော အနောက်ဘက်ကမ်း နှင့် ဂဇာကမ်းမြောင်ဒေသမှ အစွမ်းရေး

တပ်ဖွဲ့များ အခိုင်စောပြီး ရုပ်သိမ်းပေးမည်ဟု အစွဓရေးဝန်ကြီးချုပ် ဗယ်ဂင်က အစွဓရေးသို့ ထောက်ရှုနေသော အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ကမဲဟက် ဆန် အလီနှင့် တွေ့ဆုံ ဆွေးနွေးရာတွင် ကတိပေးသည်။

၂၇

လောပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဌာန ဝန်ကြီး မစ္စတာဗုန်စီပရာစွတ်နှင့် အဖွဲ့သည် မော်စကိုမြို့မှ ဗီယင်ကျန်းမြို့သို့အပြန် နံနက် ၁၁ နာရီတွင် ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်လာပြီး ခေတ္တရပ်နားသွားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ် ဗားဟိုင်းအနေဖြင့် တတိယအကြိမ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တာဝန်ကို ဆက်လက်ရယူရေး ကြိုးပမ်းရာတွင် လုံခြုံရေးကောင်စီ၌ ထောက်ခံမှု ခိုင်မာစွာ ရရှိသော်လည်း လေးကြိမ်တိုင် ဗီတိုအာဏာဖြင့် ပယ်ချခံရသည်။

သုံးလကြာရပ်နားထားခဲ့သော ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညီလာခံကို မက်ဒရစ်မြို့၌ ပြန်လည် ကျင်းပသည်။

၂၈

ဂျရူးဆလမ်းရှိ ဘာသာရေးသမိုင်းဝင်နေရာများ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ နေရာဒေသများကို တူးဖော်ခြင်းနှင့်အတွင် ပြောင်းလဲခြင်းတို့ကို စောင့်စည်းထိန်းချုပ်ရန် ကုလသမဂ္ဂ အထွေထွေညီလာခံက အစွဓရေး နိုင်ငံအား ပြော ကြား သည်။

ဆအူးဒီအာရေဗျနိုင်ငံသို့ အမေရိကန်၏ ဝေဟင်မှ ကြိုတင်သတိပေး ထိန်းချုပ်ရေးစနစ်သုံး (အောက်စ) လေယာဉ်များ ရောင်းချရေးကို အမေရိကန်အထက်လွှတ်တော်က သဘောတူအတည်ပြုသည်။

ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာ၏ စီးပွားရေးမူဝါဒများအပေါ် အယုံအကြည် မရှိကြောင်း အဆိုကို ပါလီမန်၌ မဲခွဲဆုံးဖြတ်ရာ အယုံအကြည်မရှိအဆို ရှုံးနိုမ့်သွားပြီး မာဂရက်သက်ချာက အနိုင်ရရှိသည်။

၂၉

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးဦးနေဝင်းသည် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ ပျားဂေဟာသို့ သွားရောက်၍ ပျားမွေးမြူရေးဆိုင်ရာ လုပ်ငန်းရပ်များကို သုံးနာရီကျော်ကြာမျှ အသေးစိတ်လေ့လာကြည့်ရှုသည်။

ကျူးဗားအစိုးရ၏ ပူးပေါင်းကြံစည်မှုဖြင့် ကျူးဗားနိုင်ငံအတွင်း ခိုလှုံနေသော ဂျမေကာနိုင်ငံက အလိုအရှိဆုံးလူသုံးဦးကို ပြန် လည် ပေး ပို့ ရန် ပျက် ကွက် သ ဖြင့် ဂျမေကာနိုင်ငံက ကျူးဗားနိုင်ငံနှင့် သံ

တမန်အဆက်အသွယ် ဖြတ်တောက်လိုက်သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးမူဆာဗီအား အီရန်ဝန်ကြီးချုပ်အဖြစ် အီရန်ပါလီမန်က ထောက်ခံအတည်ပြုသည်။

၃၀

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးဦးနေဝင်းသည် နံနက် ၉ နာရီအချိန်တွင် ရန်ကုန်မြို့ငါးထပ်ကြီး ဘုရားလမ်း အမှတ် ၉၀ ရှိ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာ ဌာနနှင့် တာဝါလိန်းလမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်သည့် အာဖရိကမှ ကိုယ်စားလှယ်လောင်း ဆလင်အာမက်ဆလင်အား အမေရိကန်က ဗီတိုအာဏာဖြင့် ပယ်ချမှုကို စွန့်လွှတ်ရပ်ဆိုင်းရန် ကုလသမဂ္ဂရှိ အာဖရိက နိုင်ငံများက အမေရိကန်အား မေတ္တာရပ်ခံသည်။

၃၁

ဝန်ကြီးချုပ်ဦးမောင်မောင်ခသည် အဖွဲဝင်များလိုက်ပါလျက် ကြံခင်းဘိလပ်မြေစက်ရုံအမှတ် ၂ သို့ ရဟတ်ယာဉ်ဖြင့် ထောက်ရှုလာပြီး ဘိလပ်မြေစက်ရုံနှင့် ထန်းတပင်ရေနံမြေများကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုဝင်ဘာလ

၁

ဗြိတိန်နိုင်ငံ၏ ကိုလိုနီ အုပ်စိုးမှု လက်အောက်၌ ၃၄၉ နှစ်ကြာ ကျရောက်ခဲ့သော အင်တီဂွာနှင့် ဘာဘူဒါနိုင်ငံတို့ လွတ်လပ်ရေးရရှိသည်။

ပါလီမန်ဖွင့်ပွဲနှင့်အလံတင်အခမ်းအနား တွင် ဗြိတိန်ဘုရင်မ ကိုယ်စား တက်ရောက်သည့် မာဂရက်မင်းသမီးထံမှ လွတ်လပ်ရေးဆိုင်ရာ တရားဝင် စာချုပ် စာတမ်းများကိုအင်တီဂွာနှင့် ဘာဘူဒါနိုင်ငံ ဝန်ကြီးချုပ်ကွန်ဝေါဘတ်က လက်ခံယူသည်။

၂

၁၉၇၂ ခုနှစ် ၃၄ နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အခြေခံဥပဒေနေ့ အခမ်းအနားကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် တဝန်းလုံးတွင် ကျင်းပပြုလုပ်နိုင်ရေးအတွက် နိုင်ငံတော် ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ် ပါဝင်သော ၁၉၇၂ ခုနှစ် ၃၄ နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အခြေခံဥပဒေနေ့ ကျင်းပရေး ဗဟိုကော်မတီကို ဖွဲ့စည်းလိုက်ကြောင်း ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ဝန်ကြီးအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် ၆/၈၁ ဖြင့် ထုတ်ပြန်ကြေငြာသည်။

ဆအူးဒီအာရေဗျနိုင်ငံ၏ ငြိမ်းချမ်းရေး အစီအစဉ်နှင့် စပ်လျဉ်း၍ အစွဓရေးနှင့် အငြင်းပွားမှု ပြေငြိမ်းစေရန် အမေရိကန်သမ္မတရေဂင်နှင့် ဂျော်ဒန်ဘုရင် ဟူစိန်တို့သည် ဝါရှင်တန်မြို့၌ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဖြေရှင်းမှုဆိုင်ရာ အလားအလာများကို ဆွေးနွေးကြသည်။

ချဒ်နိုင်ငံ အတွင်း ထောက်ရှုနေသော လစ်ဗျတပ်များ ရုပ်သိမ်းပေးရန် ချဒ်

သတင်းဖြစ်ရပ်များ

နိုင်ငံသမ္မတ ဂေါက်ကိုနိ၏ မေတ္တာရပ်ခံချက်ကို ချဒ်နိုင်ငံ၏ နိုင်ငံရေးနှင့် စစ်ရေး အဖွဲ့အစည်း နှစ်ရပ်က ကြိုဆိုထောက်ခံလိုက်ပြီး လစ်ဗျတပ်များ ရပ်သိမ်းပေးရန် လစ်ဗျအစိုးရက သဘောတူလက်ခံခြင်းမရှိလျှင် အင်အားသုံးရလိမ့်မည် ဖြစ်ကြောင်း သတိပေးသည်။

၃

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ် ရွေးချယ်လျာထားရေး၌ သောင်မတင်ရေမကျဖြစ်နေမှုအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်များသည် တံခါးပိတ်ညှိနှိုင်းဆွေးနွေးကြပြီး နောက်တကြိမ်မဲပေးပွဲထပ်မံပြုလုပ်ရန် သဘောတူကြသည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး လော့ဒ်ကာရင်တန်သည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ပီအယ်အို ပါဝင်ရေး အတွက် ဆအူးဒီအာရေဗျနိုင်ငံ၏ အစီအစဉ်နှင့် ဥရောပ ဘုံစျေးအဖွဲ့၏ ရွှေဆောင် ရွေ့ရွက်ပြုမှုနှစ်ရပ်တွင် တူညီသော အခြေခံအချက်များရှာဖွေရန် ဘုံစျေးအဖွဲ့၏ စေလွှတ်ချက်အရ ဆအူးဒီအာရေဗျ ခေါင်းဆောင်များနှင့် ဆွေးနွေးရန် ရီယတ်မြို့သို့ ရောက်ရှိသည်။

အာဖရိက နိုင်ငံများ၏ ဖိအားပေးမှုကြောင့် နမီးဗီးယား (အနောက်တောင်အာဖရိက) တွင် ငြိမ်းချမ်းသောနည်းဖြင့် လွှတ်လပ်ရေး ရရှိရန် ကြိုးပမ်း နေသော အမေရိကန်၊ ကနေဒါ၊ အနောက် ဂျာမနီ၊ ဗြိတိန်နှင့် ပြင်သစ်အနောက်အုပ်စု ငါးနိုင်ငံ ဆက်သွယ်ရေးအဖွဲ့တွင် ဆက်လက်ပါဝင်ရန် ပြင်သစ်နိုင်ငံက ဆုံးဖြတ် ထားသည်ဟု ပြင်သစ်သမ္မတ မီးထရောင်းက ပါရီမြို့တွင် ပြုလုပ်သည့် ၃၂ နိုင်ငံပါဝင်သော ပြင်သစ်အာဖရိက ထိပ်သီးညီလာခံဖွင့်ပွဲတွင် ပြောကြားသည်။

၄

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ် ရွေးချယ်ရေး အတွက် ကြိုးပမ်းရာတွင် ရွေးမတိုးပဲ ဖြစ်နေခြင်းကို အဆုံးသတ်စေရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ထပ်မံမဲပေးပွဲပြုလုပ်သော်လည်း အောင်မြင်မှု မရပဲ ပြီးဆုံးသွားသည်။

၅

အရှေ့တောင်အာရှဒေသ တည်ငြိမ်ရေးအတွက် စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ် နှစ်မျိုးစလုံးတွင် ထိုင်းနှင့် ဂျပန်နိုင်ငံတို့ အနေဖြင့် ပူးပေါင်းဆောင်ရွက်မှု ထပ်မံတိုးမြှင့်ရန်လိုအပ်ကြောင်း ဂျပန်နိုင်ငံတွင် အလည်အပတ် ရောက်ရှိနေသော ထိုင်းဝန်ကြီးချုပ် ပရမ် တင်ဆူလာနွန်ဒါနှင့် ဂျပန်ဝန်ကြီးချုပ် ဆူဇူကီးတို့ သဘောတူညီကြသည်။

နိုင်ငံတကာတရားရုံးတွင် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ စတင်မည့် ကိုးနှစ်သက်တမ်းကာလအတွက် တာဝန်ယူ ထမ်းဆောင်ရန်အာဂျင်တီးနား၊ ဗြိတိန်၊ ပြင်သစ်၊ အိန္ဒိယနှင့် ဆီနီဂေါ နိုင်ငံတို့မှ ထင်ရှားကျော်ကြားသည့် ဥပဒေပါရဂူ ငါးဦးကို တရားသူကြီးများအဖြစ် ရွေးချယ်သည်။

ဆိုင်နိုင်းဒေသကို အစွဲရေးက အီဂျစ်သို့ ၁၉၇၂ ခုနှစ် ဧပြီလအတွင်း ပြန်လည်လွှဲပြောင်း ပေးအပ်ပြီးနောက် ဆိုင်နိုင်းဒေသ ကြီးကြပ်ရေးအတွက် ထားရှိမည့် နိုင်ငံစုံတပ်ဖွဲ့တွင် ဥရောပဘုံစျေး အဖွဲ့ဝင် နိုင်ငံများမှ တပ်များပါဝင်ရေးကို အခြားသော အာရပ်နိုင်ငံများနည်းတူ ဆအူးဒီအာရေဗျနိုင်ငံကလည်း ဆန့်ကျင်သည်။

၆

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ တတိယအကြိမ်မြောက်အစည်းအဝေးကို အလုံလမ်းသမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ နံနက် ၉ နာရီတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးသိန်းငွေက ဆောင်ရွက်သည်။ အစည်းအဝေးတွင် ဝန်ကြီးချုပ်ဦးမောင်မောင်ခက မြန်မာ့ရေနံကော်ပိုရေးရှင်းမှ ရေနံမြေသစ်များထပ်မံ တွေ့ရှိခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ချဒ်နိုင်ငံမှ ရုပ်သိမ်းသွားသည့် လစ်ဗျ တပ်ဖွဲ့များ၏ နေရာတွင် အစားထိုးချထားရန် ချဒ်နိုင်ငံသို့ ရောက်ရှိလာမည့် အာဖရိကငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့အတွက် ကြိုတင်ပြင်ဆင်ရန် ပါရီမြို့တွင် ရောက်ရှိနေသော ချဒ်သမ္မတ ဂေါက်ကိုနိသည် ပါရီမှ ချဒ်နိုင်ငံသို့ ထွက်ခွာသွားသည်။

၇

အာရပ် စော်ဘွားများနိုင်ငံ၏ သမ္မတ ဇိတ်စုလတန် အဲလ် နာဟာယင်နှင့် ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်ဖြစ်သူ ဇိတ်ဆုရှစ်ဘင်ဆက် ဘင်မတ်တန်တို့အား တတိယအကြိမ်မြောက် ငါးနှစ်သက်တမ်းအဖြစ် အာရပ်စော်ဘွားများနိုင်ငံ၏ နိုင်ငံတော်ကောင်စီက ပြန်လည်ရွေးချယ်သည်။

၈

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၄ နာရီတွင် အလုံလမ်းသမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက ဆောင်ရွက်၍၊ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးဝင်းမောင်က ဆောင်ရွက်သည်။

မြန် မာ့ ဆို ရှယ် လစ် လမ်း စဉ် ပါ တီ အထွေထွေ အတွင်းရေးမှူး၊ နိုင်ငံတော်ကောင်စီဝင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် (၁) မဲဆန္ဒနယ် ပြည်သူလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းကြည်နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) သည် နှလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန် အနိစ္စရောက်သည်။


အီဘလီနိုင်ငံ ဝန်ကြီးချုပ် စပါဒိုလီနိုသည် ဗြိတိန်ဝန်ကြီးချုပ် မာဂရက် သက်ချာနှင့် တွေ့ဆုံဆွေးနွေးရန် လန်ဒန်မြို့သို့ ထွက်ခွာသွားသည်။

၉

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူ လွှတ်တော် ပထမ အစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ နံနက် ၁၀ နာရီတွင် စတင် ကျင်းပသည်။ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့၊ ဗဟိုအာဏာပိုင်အဖွဲ့များကို ရွေးချယ်ဖွဲ့စည်းသည်။ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးစန်းယုအား နိုင်ငံတော်သမ္မတဖြစ်ကြောင်း ကြေငြာသည်။



နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဦးအေးကိုက နိုင်ငံတော်ကောင်စီ၏ အစီရင်ခံစာကို ပြည်သူလွှတ်တော်သို့ တင်သွင်းစဉ်



တတိယအကြိမ် ပြည်သူလွှတ်တော် အစည်းအဝေးကျင်းပနေပုံ

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပသော ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (အက်ဖအေအို) ညီလာခံတွင် နိုင်ငံတကာ ဒေကြေး ရန်ပုံငွေအဖွဲ့နှင့် လယ်ယာစိုက်ပျိုးမှု ဖွံ့ဖြိုးရေးနိုင်ငံတကာ ရန်ပုံငွေ အဖွဲ့တို့က လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံများသို့ ကူညီထောက်ပံ့မှု အစီအစဉ် သစ်များ ချမှတ်ပေးရန် အိန္ဒိယဝန်ကြီးချုပ် မစွက် အင်ဒီရာဂန္ဒီက တောင်းဆိုသည်။

၁၀

တတိယအကြိမ် ပြည်သူလွှတ်တော် ပထမ အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ဆက်လက်ကျင်းပသည်။

ဥရောပတွင် စစ်မြေပြင်သုံး အာဏာမြှုပ်လက်နက်များ သုံးစွဲပြီးခဲ့သည့်တိုင်အောင် အမေရိကန်နှင့် ဆိုဗီယက်တို့သည် မိမိတို့နယ်မြေများပေါ်၌ မဟာဗျူဟာမြောက်ချုံးကလီးယား လက်နက်များ သုံးစွဲတိုက်ခိုက်ခြင်းမှ ရှောင်လွဲနိုင်လိမ့်မည် ဟုယုံကြည်ကြောင်း အမေရိကန်သမ္မတရေဂင်က အိမ်ဖြူသတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

သိမ်းပိုက်ထားသော နယ်မြေများ အတွင်းရှိအရပ်သားများအား အကာအကွယ်ပေးရေးနှင့် စပ်လျဉ်းသော စာတွဲဆု ဂျီနီဗာသဘောတူချက်ကို ချိုးဖောက်မှု အတွက် အစ္စရေးနိုင်ငံအား ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသော နိုင်ငံတကာ ကြက်ခြေနီညီလာခံက ရှုတ်ချပြစ်တင်သည်။

ဘင်္ဂဒက်မြို့အနီးရှိ ချုံးကလီးယား ဓာတ်ပေါင်းဖိုကို အစ္စရေးက ဗုံးကြဲဖျက်ဆီးခဲ့ခြင်းနှင့်စပ်လျဉ်း၍ အစ္စရေးသို့ လက်နက်ပစ္စည်း ရောင်းချမှု ရပ်ဆိုင်းရေးအတွက် နိုင်ငံအားလုံးအား မေတ္တာရပ်ခံရန် ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် အီရတ်ကိုယ်စားလှယ်က တိုက်တွန်းသည်။

ချဒ်နိုင်ငံ အရှေ့ပိုင်းနှစ်နေရာမှ မိမိတပ်မျာ်းကို ရုပ်သိမ်းပြီးစီးကြောင်းနှင့် ထိုဒေသများတွင် အပြင်းအထန် တိုက်ပွဲဖြစ်ပွားနေသော်လည်း ကာကွယ်မည်မဟုတ်တော့ကြောင်း လစ်ဗျနိုင်ငံက ကြေငြာသည်။

၁၂

တတိယအကြိမ် ပြည်သူလွှတ်တော် ပထမအစည်းအဝေးကို တတိယနေ့အဖြစ် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပပြီး နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ အစည်းအဝေးတွင် ပြဋ္ဌာန်းခြင်းနှစ်ရပ်၊ ရွေးချယ်တင်မြှောက်ခြင်းရှစ်ရပ်၊ ဆုံးဖြတ်ခြင်းတရပ်၊ အတည်ပြုခြင်းနှစ်ရပ်၊ ကြေငြာခြင်းတရပ်၊ ဖွဲ့စည်းခြင်းနှင့် တာဝန်ခွဲဝေခြင်း ကိုးရပ်နှင့် မှတ်တမ်းတင်ခြင်း သုံးရပ်တို့ကို ဆောင်ရွက်ပြီးစီးသည်။

အာကာသတွင်းသို့ ဒုတိယအကြိမ် ပြန်လည်ပျံသန်းနိုင်မည့် ပထမဆုံးသော အာကာသ လွှန်းပျံယာဉ် ကိုလံဗီယာကို ယာဉ်မှူးကျိုးအိန်ဂျယ်နှင့် ရစ်ချ်ဒ်ထရူလီတို့ လိုက်ပါလျက် အမေရိကန်နိုင်ငံ ကာနေဗာရယ်အင့ချမှ အောင်မြင်စွာလွှတ်တင်သည်။

၁၃

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ပဉ္စမအကြိမ်မြောက်အစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးအေးကိုက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးထွေးဟန်က ဆောင်ရွက်သည်။

စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးနှင့် အတတ်ပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အတူ မီရုပ်တိုက်လေယာဉ်များကို အိန္ဒိယက ဝယ်ယူရန်အတွက် ဒေကြေးအကူအညီပေးရန် ပြင်သစ်က အဆင်သင့်ရှိကြောင်း ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ရောက်ရှိနေသော အိန္ဒိယဝန်ကြီးချုပ် အင်ဒီရာဂန္ဒီနှင့် တွေ့ဆုံအပြီးတွင် ပြင်သစ်ဝန်ကြီးချုပ် ပဲ့ျမိုရှိုင်းက ကြေငြာသည်။

ကမ်ပူးချား ပြဿနာဆိုင်ရာ သဘောကွဲလွဲနေမှုများကိုဖြေရှင်းရေးအတွက် ထိုင်းနှင့် လောနိုင်ငံတို့၏ ဒုတိယအကြိမ် ထိပ်

တန်းအဆင့် ဆွေးနွေးပွဲကို ဗန်ကောက်မြို့တွင် ကျင်းပရာ ထိုင်းနိုင်ငံတွင် အစိုးရည့်သည်တော်အဖြစ်ရောက်ရှိနေသော လောနိုင်ငံခြားရေးဝန်ကြီးဖွန်စီပရာစုတ်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆစ်ဒီဆာဝက်ဆီလာတို့ တွေ့ဆုံဆွေးနွေးသည်။

၁၄

အီတလီနိုင်ငံ ရောမမြို့တွင် နိုဝင်ဘာလ ၇ ရက်မှ ၂၆ ရက်နေ့အထိကျင်းပသော ၂၁ ကြိမ်မြောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ညီလာခံသို့ တက်ရောက်ရန် အတွက် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနဝန်ကြီး ဦးရဲခေါင် ခေါင်းဆောင်သော မြန်မာ ကိုယ် စား လှယ် အ ဖွဲ့ သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

ဂမ္ဘီယာ နိုင်ငံနှင့် ဆီနီဂေါ နိုင်ငံတို့သည် ဆီနီဂမ္ဘီယာ နိုင်ငံအမည်ဖြင့် နှစ်နိုင်ငံပေါင်းစည်းဖွဲ့စည်းလိုက်ရာ ဆီနီဂေါသမ္မတ ဒါဝတ်က သမ္မတ ဖြစ်လာပြီး ဂမ္ဘီယာ သမ္မတ ဂျဝါရာက ဒုတိယ သမ္မတ ဖြစ်လာသည်။ နှစ်နိုင်ငံ သဘောတူစာချုပ်ကို ဂမ္ဘီယာမြို့တော် ဘန်ဂျူးမြို့၏ အရှေ့ဘက်မိုင် ၁၂၀ ကွာရှိ ကောမြို့၌ ချုပ်ဆိုသည်။

အမေရိကန် အာကာသ လွန်းပျံယာဉ် ကိုလံဗီယာသည် လျှပ်စစ် ဓာတ်အားပေးကိရိယာ တခု ချွတ်ယွင်း သွား မှု ကြောင့် ဒုတိယအကြိမ် ကမ္ဘာပတ်ခရီးစဉ်ကို ဖြတ်တောက်၍ ကမ္ဘာ မြေ ပြင် သို့ ပြန်လည် ဆင်းသက်ခဲ့ရသည်။

၁၅

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆဋ္ဌမအစည်းအဝေးကို နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့ မြို့မစာသင်တိုက် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဉာဏာဘိဝံသရအမှူးပြုသည့်အဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။

၁၆

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်၏ လယ်ယာလုပ်ငန်းများတွင် လူထုလှုပ်ရှားမှုဖြင့် ပါဝင်လုပ်အားပေးရေး လမ်းညွှန်ချက်အရ ရန်ကုန်တိုင်း အတွင်း စပါးအထူးအထွက်တိုးမြှင့်နယ် ငါးမြှင့်နယ်၌ လယ်ယာလုပ်အားပေးရေးအတွက် ကြည်း၊ ရေ၊ လေ၊ တပ်မတော်သားများနှင့် ပြည်သူရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ရွှေဝါမြေစစ်ဆင်ရေး ၁၉၈၁ စစ်ကြောင်းငါးကြောင်းသည် လုပ်အားပေးမည့် မြို့နယ်များသို့ စတင်ထွက်ခွာသွားကြသည်။

၁၉၈၂ ခုနှစ်၊ ၃၅ နှစ် မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟို ကော်မတီဖွဲ့စည်းလိုက်ကြောင်း နိုင်ငံတော်ကောင်စီက အ မိန့် ကြော် ငြာ စာ အမှတ် ၉၆/၈၁ ဖြင့် ထုတ်ပြန်ကြေငြာသည်။

၁၇

၂၁ ကြိမ်မြောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ညီလာခံကို အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပလျက်ရှိရာ အဆိုပါညီလာခံသို့ တက်ရောက်လျက် ရှိသော မြန်မာ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနဝန်ကြီး ဦးရဲခေါင် မိန့်ခွန်းပြောကြားသည်။

အခြေခံပညာအဆင့်မြင့်တန်း အောင်မြင်သူများအား တက္ကသိုလ်ကောလိပ်များသို့ တိုက်ရိုက် ဝင်ရောက် ခွင့်ပြုရေးနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန အထက်တန်းပညာဦးစီးဌာနက ကြေငြာချက်တရပ် ထုတ်ပြန်သည်။

အာဏာရ ဘဂ်လားဒေ့ရှ အမျိုးသားပါတီ (ဘီအင်ပီ) သမ္မတလောင်းဆတ္တားသည် ဘဂ်လား ဒေ့ရှ နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ထောက်ခံမဲ ၆၅ ဒသမ ဂ ရာခိုင်နှုန်းရရှိပြီး အနိုင်ရရှိသည်။

ချဒ်နိုင်ငံဆိုင်ရာ အာဖရိက နိုင်ငံပေါင်းစုံ ငြိမ်းချမ်းမှု ထိန်း သိမ်း ရေး တပ် ဖွဲ့ ၏ တပ်မှူး ဗိုလ်ချုပ်ကြီး ဂျီအိုအီဂျဂါ သည် ချဒ်နိုင်ငံ ခေါင်းဆောင်များနှင့် ဆွေးနွေးရန်အတွက် ချဒ်နိုင်ငံ အင်ဂျာမီနာမြို့သို့ ရောက်ရှိသည်။

၁၈

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် ကောင်စီသည် နိုင်ငံရေးတာဝန် ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့ကိုယ် စား လှယ် များ အား တာ ဝန် ထမ်း ဆောင်သည့်ကာလ လေးနှစ် မပြည့်စေကာမူ နိုင်ငံရေး ပင်စင်ခံစားခွင့် ရှိစေရေး အတွက် ဆုံးဖြတ်သော နိုင်ငံတော်ကောင်စီကြေငြာချက်အမှတ် ၅/၈၁ ကို ထုတ်ပြန်ကြေငြာသည်။

တတိယအကြိမ် ပြည် သူ့ လွှတ် တော် ပထမအစည်းအဝေးက အတည်ပြု ပြဋ္ဌာန်းလိုက်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ၁၉၈၁ ခုနှစ် ပြည်သူ့ လွှတ်တော်ဥပဒေ အမှတ် ၄၊ မြန်မာစာအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ၁၉၈၁ ခုနှစ် ပြည်လူ့လွှတ်တော် ဥပဒေအမှတ် ၅ တို့ကို နိုင်ငံတော် ကောင်စီဥက္ကဋ္ဌက လက်မှတ်ရေးထိုးထုတ်ပြန်ကြေငြာသည်။

၂၀

ဘင်္ဂလားဒေ့ရှ ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် မစ္စတာ ဆတ္တားသည် ဘင်္ဂလားဒေ့ရှ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

တောင်ကိုရီးယားနှင့် ဇိုင်ယာ နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုခိုင်မြဲရန်အတွက် ကုန်သွယ်ရေး၊ စီးပွားရေးနှင့် စက်မှု အတတ်ပညာ ပူးပေါင်း ဆောင်ရွက်ရေး၊ ယဉ်ကျေးမှု ဖလှယ်ရေး နှစ်နိုင်ငံစာချုပ်များကို တောင်ကိုရီးယားနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် ချုပ်ဆိုကြသည်။

၂၁

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

ရန် ကုန် မြို့ တော် ၆၁ ကြိမ် မြောက် အမျိုးသားနေ့ အခမ်းအနားကို မြို့တော်ခန်းမရှေ့ပစာဒ်၌ ကျင်းပသည်။ အလားတူပင် အမြို့မြို့အနယ်နယ်၌လည်း အမျိုးသားနေ့အခမ်းအနားများကို စည်ကား သိုက်မြိုက်စွာကျင်းပသည်။

အာဂျင်တီးနားသမ္မတ ရော ဘတ် တို ဗိုင်အိုလာသည် ကျန်းမာရေး မဒကောင်းသဖြင့် ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဟိုရာစီယိုလီယင်ဒိုက ကြား ကာ လ တွင် သမ္မတအဖြစ် တာဝန် စတင်ထမ်းဆောင်သည်။

၂၂

ဂျာမန် ပြည်တောင်စု သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဟဲလမို့ရှမစ်၏ ဖိတ်ကြားချက်အရ ဆိုဗီယက်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးနှင့်ဆိုဗီယက် ပြည်ထောင်စု ဆိုဗီယက် ဦးစီး လွှတ်တော်ခုံရုပ် သဘာပတိအဖွဲ့ ဥက္ကဋ္ဌ ဗရက်ဇနက်သည် ဂျာမန် ပြည်ထောင်စု သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

၂၃

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် လယ်ယာနှင့်သစ်တောဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း ဖွင့်လှစ်သော စိုက်ပျိုး မွေးမြူရေး ကေဒါသင်တန်း အမှတ်စဉ် ၉ ဖွင့်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန် တပ်နယ်ခန်းမတွင် ကျင်းပသည်။

ဆိုဗီယက်ခေါင်းဆောင် ဗရက်ဇနက်နှင့် အနောက်ဂျာမနီဝန်ကြီးချုပ် ရှမစ်တို့၏ ဆွေးနွေးပွဲကို အနောက် ဂျာမနီနိုင်ငံ ဘွန်းမြို့တွင် စတင်ကျင်းပသည်။

၂၄

ကမ္ဘာ အနှံ့အပြားတွင် ချူးကလီးယား ဖောက်ခဲ့စမ်းသပ်မှု အားလုံးကို မည်သည့် အခါတွင်မျှမပြုလုပ်ရန် ပိတ်ပင်တားမြစ်ရေး စာချုပ် ချုပ်ဆိုရန် တိုက်တွန်းသည့် ဆုံးဖြတ်ချက်တရပ်ကို ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ထောက်ခံမဲ ၁၀၃ မဲ၊ ကန့်ကွက်မဲ ၂ မဲနှင့် မဲမပေးပဲ နေသည့် မဲ ၂၁ မဲတို့ဖြင့် ချမှတ်သည်။

အရှေ့တီမောဒေသအား အင်ဒိုနီးရှားက တောင်းဆိုနေမှုကို လုံးဝပယ်ချလိုက်ပြီး အရှေ့တီမော ပြည်သူများအနေဖြင့် မိမိတို့၏ အနာဂတ်ရေးရာကို လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့် ရှိရမည်ဟု ကုလသမဂ္ဂ အထွေထွေညီလာခံက ကြေငြာသည်။

ဆူဒန်သမ္မတ နိမေရီသည် စနစ်ကျနမှု ရှိသော စီးပွားရေး အစီအစဉ် တရပ်ကို ဆောင်ရွက်ရန်အတွက် အစိုးရ အဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းသည်။

၂၅

ဒုတိယအကြိမ်တောင်သူလယ်သမားအစည်းအရုံး ညီလာခံ ပထမနေ့ အစီအစဉ်ကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ဆရာစံခန်းမ၌ နံနက် ၈ နာရီတွင် စတင်ကျင်းပသည်။

ချူးကလီးယား လက်နက်များ တည်ဆောက်မှုလျှော့ချရေးအတွက် အမေရိကန်နှင့် ဆိုဗီယက်တို့ ကျင်းပမည့် ဆွေးနွေးပဲ့သည် ဖြစ်နိုင်သမျှ အနိမ့်ဆုံးအဆင့်အထိ အရှေ့အနောက် အားမျရေးကို ဖန်တီးရန် ဦးတည် သင့်ကြောင်း ဆိုဗီယက်ခေါင်းဆောင် ဗရက်ဇနက်နှင့် အနောက်ဂျာမနီဝန်ကြီးချုပ် ရှမစ်တို့၏ ဆွေးနွေးပဲ့ အပြီး ထုတ်ပြန်သော နှစ်နိုင်ငံ ပူးတွဲကြေငြာချက်တွင် ဖော်ပြသည်။

၂၆

ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဆရာစံခန်းမတွင် ကျင်းပလျက်ရှိသော ဒုတိယအကြိမ် တောင်သူ လယ်သမားအစည်းအရုံး ညီလာခံဒုတိယနေ့အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

၂၇

ဒုတိယအကြိမ်တောင်သူလယ်သမားအစည်းအရုံး ညီလာခံ တတိယနေ့ အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

အမေရိကန်နှင့် ဆိုဗီယက် လက်နက်ကိစ္စ ဆွေးနွေးပဲ့အတွက် ထားရှိသော အမေရိကန်သမ္မတရေဂင်၏စေ့စပ်ညှိနှိုင်းရေးမူဝါဒကို ဥရောပ ဘုံစျေးအဖွဲ့က သဘောတူလက်ခံသည်။

တူရကီနိုင်ငံအကြီးအကဲ ဗိုလ်ချုပ်ကြီး ကီနန်အီဗရင်သည် ပါကစ္စတန်နိုင်ငံသို့ လာရောက်သည့် အလည်အပတ် ခရီးစဉ်အဆုံးတွင် သတင်းစာရှင်းလင်းပွဲတရပ်ကို ကရာချီမြို့၌ ပြုလုပ်သည်။ လက်နက် ခဲယမ်းမီးကျောက် ဖြန့်ဖြူးသည့် ပြည်ပနိုင်ငံများအပေါ် မှီခို နေရမှုမှ ကင်းလွတ် စေရန် အတွက် ကာကွယ်ရေး ပစ္စည်းစက်ရုံတရုံ ပူးပေါင်း ဆောင် ရွက် တည် ဆောက် ရန် သဘော တူညီကြကြောင်း နှစ်နိုင်ငံပူးတွဲ ကြေငြာချက်တွင် ဖော်ပြသည်။

၂၈

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော် သမ္မတကြီး ဦးစန်းယုတို့သည် တာဝန်ရှိ ပုဂ္ဂိုလ်များလိုက်ပါလျက် ကျိုက္ကဆံကွင်း မြောက်ဘက်စွန်းဌာလယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းမှ ပြသထားသည့် စိုက်ပျိုးရေးပြခင်းများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာလျက် လိုအပ်သည်များကို ဆွေးနွေးလမ်းညွှန်ကြသည်။

ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဆရာစံခန်းမဌာ ကျင်းပလျက်ရှိသော ဒုတိယအကြိမ် တောင်သူလယ်သမားအစည်းအရုံး ညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ဟန်ဂေရီသမ္မတ ပါလိုဆောင်ဇနှင့် ဟန်ဂေရီသို့ တရားဝင်အလည်အပတ် ရောက်ရှိနေသော စိုက်ပရပ် သမ္မတ ကိပရီယာနော တို့သည် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် စီးပွားရေး၊ စက်မှုလက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လက်နက်ပြိုင်ဆိုင်မှု ထိန်းချုပ်ရေး၊ မြေထဲပင်လယ်ဒေသနှင့် စိုက်ပရပ်ပြဿနာတို့ကို ဗူဒါပက်မြို့တွင် ဆွေးနွေးသည်။

၂၉

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံတွင် နှစ်ပတ်ကြာ လှည့်လည် လေ့လာရန် စီးပွားရေးတက္ကသိုလ် ပါမောက္ခ ချုပ် ဒေါက်တာခင်မောင်ညွန့်ခေါင်းဆောင် သောအဖွဲဝင် ငါးဦးပါဝင်သည့် ပညာရေး လေ့လာရေးအဖွဲသည် လေကြောင်းခရီးဖြင့် ရန်ကုန်လေဆိပ်မှ ထွက်ခွာသွားကြသည်။

ဆူးအက် တူးမြောင်း ဖြတ်သန်းခွင့် အကောက်ခွန် နှုန်းထားကို ၁၉၈၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ၁၀ ရာခိုင်နှုန်း အထိ တိုးမြှင့် စည်းကြပ်ရန် ဆူးအက် တူးမြောင်း အာဏာပိုင် များက ဆုံးဖြတ်ကြောင်း ထုတ်ပြန်ကြေငြာသည်။

၃၀

ပညာရေးစိမ်ချက်အရ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်များ၊ ကောလိပ်များနှင့် ဒေသကောလိပ်များ ကို ပြန် လည် ဖွဲ့စည်း လိုက် ကြောင်း အထက်တန်းပညာ ဦးစီးဌာနက ထုတ်ပြန် ကြေငြာသည်။

အမေရိကန် ပြည်ထောင်စုနှင့် ဆိုဗီယက် ပြည်ထောင်စုတို့သည် ဥရောပရှိ ချူးကလီးယား လက်နက် အရေအတွက် လျှော့ချရန် စေ့စပ် ဆွေးနွေးပဲ့ကို ဂျီနီဗာမြို့တွင် စတင် ကျင်းပသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဇူကီးသည် ဝန်ကြီး ၂၁ ဦးပါဝင်သော အစိုးရအဖွဲ့သစ်ကို ပြန် လည် ဖွဲ့စည်းသည်။ အစိုးရအဖွဲ့ သစ်တွင် လူသစ် ၁၅ ဦး ပါဝင်သည်။

ဒီဇင်ဘာလ

၁

လယ်ယာလုပ်ငန်းများတွင် လူထုလှုပ်ရှားမှုဖြင့် ပါဝင်လုပ်အားပေးရေး အစီအစဉ်အရ ရန်ကုန်တိုင်းအတွင်း စပါးအထူးအထွက်တိုးရေးအတွက် ရွှေဝါမြေ စစ်ဆင်ရေး (၁၉၇၁)ဒုတိယအဆင့် စစ်ကြောင်းမှ ကြည်း၊ ရေ၊ လေ တပ်မတော်သားများနှင့် တိုင်းပြည်သူ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၁,၄၀၀ ပါဝင်သော စစ်ကြောင်းကြီးငါးကြောင်းသည် လုပ်အားပေးမည့် မြို့နယ်များသို့ ထွက်ခွာသွားသည်။

၂

၁၉၇၂ ခုနှစ် ၃၄ နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အခြေခံ ဥပဒေနေ့ ကျင်းပရေး ဗဟိုကော်မတီ အစည်းအဝေးကို ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

၃

တရုတ်နိုင်ငံက ဗီတိုအာဏာဖြင့် ၁၆ ကြိမ်ပယ်ချခဲ့သည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းသည် အတွင်းရေးမှူးချုပ် ရာထူးတွင် တတိယသက်တမ်းအတွက် ယှဉ်ပြိုင်အရွေးခံရာမှ နုတ်ထွက်သည်။

၄

ကာရစ်ဘီယံ ဒေသရှိ နိုင်ငံများ၏ ပြဿနာ ဖြေရှင်းရေးတွင် အထောက်အကူ ဖြစ်စေမည့် ကုန်သွယ်ရေး အထူးအခွင့် အရေးများကို အမေရိကန်က ဖန်တီးပေးမည်ဟု အမေရိကန် နိုင်ငံများအဖွဲ့ (အိုအေအက်) အထွေထွေညီလာခံ၌ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဟိတ်က အခိုင်အမာ ထုတ်ဖော် ပြောကြားသည်။

မြေထဲပင်လယ်နှင့် ပင် လယ် သေ ကို ဆက်၍ တူးမြောင်း ဖောက်လုပ်ရန် အစီအရေး နိုင်ငံ၏ အစီအစဉ်သည် နိုင်ငံတကာ ဥပဒေနှင့် ဆန့်ကျင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံ၏ နိုင်ငံရေးအထူးကော်မတီတွင် အစ္စရေး၏ ရေအားလျှပ်စစ် စီမံကိန်းနှင့် စပ်လျဉ်း၍ အချေအတင် ဆွေးနွေးရာ၌ ဥရောပ ဘုံစျေးအဖွဲ့ကိုယ်စား ဗြိတိန်နိုင်ငံမှ ချားဟမ်ဖရေက ပြောကြားသည်။

၅

လက်ဗန္ဓနှင့် နိုင်ငံ တောင်ပိုင်း တွင် ပါလက်ဖတိုင်း ပြောက်ကျားများက အင်အားပြန်လည် ပြည့်တင်းနေခြင်းကို မိမိတို့လက်ပိုက် ကြည့်နေမည်မဟုတ်ကြောင်း အစ္စရေးနိုင်ငံက သတိပေး ပြောကြားနေသည့် တချိန်တည်းမှာပင် အမေရိကန် အထူး သံတမန် ဖိလစ်ဟာဘစ်သည် အစ္စရေး နိုင်ငံခြားရေးဝန်ကြီး ကာကွယ်ရေးဝန်ကြီးတို့နှင့် တွေ့ဆုံဆွေးနွေးပြီး အရှေ့အလယ်ပိုင်း ပြဿနာဖြေရှင်းရေး ဆက်လက်ဆောင်ရွက်ရန် ကျေရွေးဆလမ်းမှ ထွက်ခွာသွားသည်။

၆

ဒုတိယအကြိမ် အလုပ်သမား အစည်းအရုံး ညီလာခံ ပထမနေ့အစီအစဉ်ကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ဆရာစံခန်းမ၌ နံနက် ၈ နာရီတွင် စတင်ကျင်းပရာ အလုပ်သမား အစည်းအရုံးဗဟို ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ခ အဖွင့်မိန့်ခွန်း ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးအတွက် လက်ရှိအတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းနှင့်ယှဉ်ပြိုင်အရွေးခံသူ တန်ဇားနီးယားနိုင်ငံခြားရေးဝန်ကြီး ဆလင်အာမက် ဆလင်သည် အမေရိကန် ပြည်ထောင်စုက ဗီတိုအာဏာဖြင့် ပိတ်ဆို့ခဲ့သောကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် လျှို့ဝှက်မဲစာရင်းမှ ၎င်း၏အမည်ကို ရုပ်သိမ်းသွားသည်။

၇

ဒုတိယ အကြိမ်အလုပ်သမား အစည်းအရုံး ညီလာခံ ဒုတိယနေ့ အစီအစဉ်များကို ဆက်လက်ကျင်းပသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် နေထဲ့အတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိလစ်ပိုင်၊ မောရစ်ဿ၊ အက်ကွာဒေါ်နှင့် ကိုလံဗီယာနိုင်ငံများမှ ယှဉ်ပြိုင်သူများ တိုးလာသည့်အပြင် ပီရူး၊ အီရန်၊ ဂိုင်ယာနာ၊ အာဂျင်တီးနားနှင့်ပနားမားနိုင်ငံတို့မှလည်း အမည်စာရင်းထပ်မံတင်သွင်းရာ နောက်ဆုံးသတ်မှတ်ချိန်တွင် စုစုပေါင်းကိုးဦး ရှိသည်ဟု ကုလသမဂ္ဂ လုံခြုံရေး ကောင်စီဥက္ကဋ္ဌက ထုတ်ဖော်ကြေငြာသည်။

၁၀

ဒုတိယအကြိမ် အလုပ်သမားအစည်းအရုံး ညီလာခံ တတိယနေ့ အစီအစဉ်များကို ဆက်လက်ကျင်းပသည်။

၁၁

ဒုတိယအကြိမ် အလုပ်သမား အစည်းအရုံး ညီလာခံ စတုတ္ထနေ့အစီအစဉ်များကို ဆက်လက် ကျင်းပရာ နံနက် ၁၀ နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ပဥ္စမမြောက် အတွင်းရေးမှူးချုပ် အဖြစ် ပီရူးနိုင်ငံမှ ဟာဗီးယားပဲရက်စဒေကွေးလျားအား ခန့်အပ်ထားရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက တညီတညွတ်တည်း ရွေးချယ်လိုက်ကြောင်း ကောင်စီဥက္ကဋ္ဌက လျှို့ဝှက်ရွေးချယ်ပွဲအပြီးတွင် ကြေငြာသည်။

အာဂျင်တီးနားနိုင်ငံ သမ္မတ ဇောဘတ်တိုဗိုင်အိုလာအား အာဏာရ စစ်ကောင်စီက သမ္မတရာထူးမှ ဖယ်ရှားလိုက်သည်။

၁၂

ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်မစွမ်းသူများအားကစားပြိုင်ပွဲကို နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ကွင်း၌ ပြုလုပ်ရာ လူမှုဝန်ထမ်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပေါခန်သန်းက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အနောက် ဂျာမနီ နိုင်ငံဝန်ကြီးချုပ် ရှမစ်နှင့် အရှေ့ဂျာမနီနိုင်ငံ ခေါင်းဆောင် ဟွန်နက်ကားတို့သည် ၁၁ နှစ် အတွင်း



ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးစန်းယုနှင့် အဖွဲဝင်များ သန်လျင်ဖန်ချက်စက်ရုံအတွင်း လေ့လာကြည့်ရှုစဉ်

ဂျာမန်မြေပေါ်တွင် ပထမဆုံးအကြိမ်ထိပ်သီးချင်း တွေ့ဆုံကာ ဂျီနီဗာမြို့တွင် ကျင်းပနေသော ဆိုဗီယက် အမေရိကန်လက်နက်ကန့်သတ်ရေးစေ့စပ်ဆွေးနွေးပွဲ အောင်မြင်ရေးအတွက် အထောက်အကူ ဖြစ်စေရန် ဆွေးနွေးကြသည်။

၁၃

ပိုလန်နိုင်ငံတွင် စစ်အုပ်ချုပ်ရေး အောက်မှ အရေးပေါ် အခြေအနေ ပြဋ္ဌာန်းလိုက်ကြောင်း၊ ညအချိန် အပြင်မထွက်ရအမိန့် ထုတ်ပြန်လိုက်ကြောင်း၊ တားမြစ်ထုတ်ပြန်ချက်များကို မလိုက်နာလျှင် စစ်ဘက်အနေဖြင့် အင်အားသုံးခွင့် ရှိကြောင်း ပိုလန်အစိုးရက ကြေငြာသည်။

၁၄

၃၅ နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ အစည်းအဝေးကို နံနက် ၉ နာရီတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၁၅

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကုတ်ဗာဟိုင်း၏နေထွက်ကို ၁၉၇၂ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့မှစပြီး ငါးနှစ် သက်တမ်း အတွက် ဆက်ခံရန် ရွေးချယ် ခံရသော ပီရူးနိုင်ငံမှ သံတမန် ဟာဗီးယားပဲရက်စဒေကွေးလျား အား ကုလသမဂ္ဂ အထွေထွေ ညီလာခံက အတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်လိုက်ရာပဲရက် စ ဒေ ကွေး လျား သည် အင် လိပ် ဘာသာစကားဖြင့် ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးကို လက်ခံသည်။

၁၆

မြန်မာနိုင်ငံ ပန်းချီပန်းပု ပညာရှင်များ၏ မျက်နှာစုံညီ အစည်းအဝေးကို နံနက် ၈ နာရီတွင် ကျိုက္ကဆံကွင်းရှိ ဆရာစံခန်းမ၌ ကျင်းပရာ ဗဟိုနှင့် မြို့နယ် ပန်းချီ ပန်းပု ကောင်စီများကို ဖျက်သိမ်းပြီး ပန်းချီပန်းပု ပညာရှင်များ စည်းရုံးရေး ကော်မတီ ပွဲစည်းရန် ဆုံးဖြတ်သည်။

၁၇

ပြန်ကြားရေး ဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း၊စာပေဗိမာန်အဖွဲ၏ ၁၉၈၀ ပြည့်နှစ် စာပေဗိမာန် စာမူဆု အပ်နှင်းပွဲကို စာပေဗိမာန်ပြည်သူ စာကြည့်တိုက်၌ ကျင်းပသည်။

ဆီးရီးယားနိုင်ငံပိုင် ဂိုလန် ကုန်းမြင့်ကို အစွရေးက သိမ်းယူ ပေါင်းစည်းခြင်းသည် တရားမဝင်ကြောင်း ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက တညီတညွတ်တည်း သဘောတူ ကြေငြာသည်။

၁၈

လက်ဗန္ဓနှိုင်ငံ တောင်ပိုင်းတွင် အင်အား ၆,၀၀၀ ရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်း သိမ်းမှုတပ်ဖွဲ့(ယူနိဖီးလ်)အား ၁၉၇၂ ခုနှစ် ဇွန်လ ၁၉ ရက်အထိ နောက်ထပ် ခြောက်လ ဆက်လက်ထားရှိရန် ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ဆုံးဖြတ်သည်။

ဆီးရီးယားပိုင် ဂိုလန် ကုန်းမြင့်အား အစ္စရေးက သိမ်းယူ ပေါင်းစည်းမည့် ဆုံးဖြတ်ချက်သည် ကုလသမဂ္ဂနှင့် အိုအေယူတို့၏ ဆုံးဖြတ်ချက်များကို ချိုးဖောက်လိုက်ခြင်းဖြစ်သည့်ပြင် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နှောင့်နှေးစေရန် ရည်ရွယ်၍ပြုလုပ်သည့် ခြေလှမ်းတရပ်ဖြစ်သည်ဟု အာဖရိက ညီညွတ်ရေးအဖွဲ(အိုအေယူ)က ရှုတ်ချသည်။

၁၉

ထိုင်းညွှန်ပေါင်း အစိုးရအား ထောက်ခံမှုခိုင်မြဲစေရန် အတွက် အစိုးရ အဖွဲအား အဓိက အပြောင်းအလဲပြုလုပ်ရာတွင် ထိုင်းဝန်ကြီးချုပ် ပရမ် တင်ဆူလာနွန်ဒါသည် ထိုင်းနိုင်ငံတွင် အကြီးဆုံး ပါတီဖြစ်သည့် ဆိုရှယ်အက်ရှင်ပါတီမှ ဝန်ကြီး ကိုးဦးအား ထည့်သွင်းခန့်ထားလိုက်သည်။

၂၀

အမေရိကန်နှင့် ချုပ်ဆိုထားသော မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ဖျက်သိမ်းလိုက်ပြီ ဖြစ်ကြောင်း အစွရေး အစိုးရအဖွဲ၏ သုံးနာရီကြာ အစည်းအဝေး အပြီးတွင် အစွရေးက ထုတ်ပြန် ကြေငြာလိုက်သည်။

အနောက်ဥရောပ၏ အရှိယန်းအာကာသဒုံးပျံကို ပြင်သစ် ဂီယာနာရှိ ကူရူအာကာသစခန်းမှ အောင်မြင်စွာ ပစ်လွှတ်သည်။

၂၁

နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယုနှင့် အဖွဲသည် နံနက် ၈ နာရီတွင် သန်လျင်မြို့သို့သွားရောက်၍ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများကို လှည့်လည် စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို ဆွေးနွေး လမ်းညွှန်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း၊စာပေဗိမာန်အဖွဲက ကြီးမှူးကျင်းပသော မြန်မာစကားပြေ စာတမ်းဖတ်ပွဲကို ရန်ကုန်မြို့၊ မြို့တော်ခန်းမ၌ ကျင်းပသည်။

အာဖရိက နိုင်ငံများဖြစ်သော ကိုမိုရို ကျွန်းစုနိုင်ငံ၊ ဂျီဗူတီ၊အီသီယိုးပီးယား၊ ကင်

ညာ၊ မာလာဝီ၊ မောရစ်ရှ၊ ဆိုမာလီးယား၊ ယူဂန်းဒါးနှင့် ဇမ်ဘီးယားနိုင်ငံတို့သည် အရှေ့နှင့် တောင်ပိုင်း အာဖရိက အကျုံးဝင်သည့် ဒေသဆိုင်ရာ ကုန်သွယ်ရေး သဘောတူစာချုပ်ကို လူဆာကာမြို့တွင် လက်မှတ်ရေးထိုးသည်။

၂၂

ဗဟို သမဝါယမ အသင်း ကောင်စီ ဆဋ္ဌမ အကြိမ် အစည်းအဝေးကို နံနက် ဂ နာရီတွင် ကျွှိက္ကဆံကွင်း ဆရာစံခန်းမ၌ ကျင်းပရာ ဗဟိုသမဝါယမ အသင်းကောင်စီ ဥက္ကဋ္ဌ သမဝါယမဝန်ကြီး ဌာနဝန်ကြီး ဦးစိန်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

ကိုလန် ကုန်းမြင့်ဒေသအား အစွဖရေး ကသိမ်းယူပေါင်းစည်းလိုက်မှုအပေါ် အာရပ်တို့သည် တန်ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးရန် ဆအူးဒီအာရေဗျ နိုင်ငံသို့ ရောက်ရှိ လာသော ဆီးရီးယား သမ္မတ အာဆတ်အား ဆအူးဒီ အာရေဗျ ဘုရင် ခါလစ်က ရီယတ် လေဆိပ်၌ ကြိုဆိုပြီး နှောက်ချက်ချင်းပင် စတင်ဆွေးနွေးသည်။

အာဂျင်တီးနားနိုင်ငံ၏ ဆိုးရွားသော စီးပွားရေး အကျပ်အတည်းနှင့် ဒီမိုကရေစီပြန်လည် ရရှိရေးအတွက် ပြည်သူများ၏ အကျပ်ကိုင်မှု တိုးပွားလာခြင်းကို ရင်ဆိုင်ဖြေရှင်းရန် အာဂျင်တီးနား တပ်မတော်မှ ဗိုလ်ချုပ်ကြီး ဂါတီယာရီသည် သမ္မတအဖြစ်စတင် တာဝန်ထမ်းဆောင်သည်။

၂၄

ဗဟို သမဝါယမအသင်းကောင်စီ ဆဋ္ဌမ အကြိမ်အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးသည်။

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် စစ်မဖြစ်ရေးစာချုပ်ချုပ်ဆိုရေးကို အဓိကထား ဆွေးနွေးရေးအတွက် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး အဂ္ဂါရှာဟီအား နယူးဒေလီမြို့သို့ လာရောက်ပါရန် တရားဝင် ဖိတ်ကြားသည်။

၂၅

၁၉၆၇ ခုနှစ်ဇွန်လာမတိုင်မီက အာရပ်တို့ ပိုင်ဆိုင်ခဲ့သောနယ်မြေ ဒေသများအထိ အစွေရးတပ်များ ပြန်လည်ရုပ်သိမ်းပေးရန် အမေရိကန်ပြည်ထောင်စု၏ အစီအစဉ်များကို ဆန့်ကျင်ပြီး အစွေရးနိုင်ငံအနေဖြင့် ဂိုလန်ကုန်းမြင့်ကို မလွှဲမရှောင်သာ သိမ်းယူခဲ့ရခြင်းဖြစ်သည်ဟု အစွေရး ကာကွယ်ရေးဝန်ကြီးအာရီယယ်ရှာရွန်က တဲလ်အဗစ်မြို့တွင် ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

၂၆

၂၂၁ ခုနှစ် ကရင်နှစ်သစ်ကူးနေ့ဖြစ်သည်။

မဲခေါင်မြစ်ကော်မတီဝင် လော၊ ကမ်ပူး ချားနှင့်ဗီယက်နမ်နိုင်ငံတို့၏ အစည်းအဝေးကို ဟနွိုင်မြို့တွင် ကျင်းပပြီး မြစ်တွင်း သဘာဝ အရင်းအမြစ်များနှင့် ယင်းအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရေးနှင့်စပ်လျဉ်းသည့် အကောင်းဆုံးနည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်ဟု တရားဝင် ကြေငြာချက် ထုတ်ပြန်သည်။

၂၇

အမေရိကန်နိုင်ငံ အနေဖြင့် အမှီခိုကင်းသည့် အာဖဂန်စတန်နိုင်ငံ ဖြစ်ရေး ကို ထောက် ခံ ကြို း ပမ်း သွား မည် ဖြစ်သဖြင့် အာဖဂန်စတန်နိုင်ငံမှ ဆိုဗီယက်တပ်များ ရုပ်သိမ်းပေးရန် အမေရိကန်သမ္မတ ရေဂင်က တောင်းဆိုသည်။

၂၈

မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာန ဆေးပညာဦးစီးဌာနနှင့် က မ္ဘာ့ ကျန်း မာရေး အဖွဲ့တို့ ပူးတွဲကျင်းပသော ပြည်သူအကျိုးပြု ဘွဲ့ကြို ဆေးပညာ သင်ရိုး ညွှန်းတမ်း ပြန်လည် သုံးသပ်ရေး အမျိုးသား နှီးနှော ဖလှယ်ပွဲကို သွားဘက် ဆိုင်ရာ ဆေး တက္ကသိုလ်စာသင်ခန်းမတွင် ကျင်းပသည်။

ဒေးဗဝ်စခန်း ငြိမ်းချမ်းရေး စာချုပ်နှင့် အညီ ဆိုင်းနိုင်းကျန်းဆယ်ရှိ ကျန်ရှိသော အစိတ်အပိုင်းများမှ အစွေရးတို့ ပြီလ ၂၅ ရက်နေ့တွင်ရုပ်သိမ်းပေးရန်ကတိပြုထားချက်ကို စောင့်ထိန်းလိုက်နာမည် ဖြစ်ကြောင်း အစွေရး ဝန်ကြီးချုပ်၏ ထပ်မံအတည်ပြုချက်ကို အီဂျစ်သမ္မတ မူဘာရက်က လက်ခံရရှိသည်။

ကျူးဗားခေါင်းဆောင် ဖီဒယ်ကတ် စထြိုအားကျူးဗားနိုင်ငံအကြီးအကဲအဖြစ် ကျူးဗားလွှတ်တော်မှ ပြန်လည်ရွေးချယ် တင်မြှောက်လိုက်သည်။

၂၉

အမေရိကန်နိုင်ငံသည် တိုင် ဝမ် နိုင် ငံ သို့ ခေတ်မီလက်နက်များ ရောင်းချရေးကိစ္စကို တရုတ်ပြည်သူသမ္မတ နိုင်ငံက ဆန့် ကျင် ကြောင်း ပြောကြားပြီး အမေရိကန်အနေဖြင့် တိုင်ဝမ်သို့ ခေတ် မီ လက် နက် များ ရောင်းချရေးကို ဆက် လက် ဆောင် ရွက် ပါက အမေရိကန်နှင့် ဆက်ဆံရေးလျှော့ချမည်ဟု တရုတ်နိုင်ငံက သတိပေးသည်။

အီဂျစ်နှင့် အမေရိကန် နှစ်နိုင်ငံအကြား ချူးကလီးယာစမ်းအင် ငြိမ်းချမ်းစွာ အသုံးပြုရာတွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို အီဂျစ်နိုင်ငြခားရေးဝန်ကြီး ဟက်ဆန်အလီနှင့် အမေရိကန် သံအမတ်ကြီး အေသာတန်တို့သည် ကိုင်ရိုမြို့တွင် လက်မှတ်ရေးထိုးပြီး အ တည် ပြု စာ ရွက် စာတမ်းများကို ဖလှယ်ကြသည်။

၃၀

ပါ လက် စ တိုင်း လွတ် မြောက် ရေး အ ဖွဲ့ (ပီအယ်အို) အနေဖြင့် အစွေရး နိုင်ငံအား အသိအမှတ် ပြုမည်မဟုတ်ကြောင်း အစွေရးအား ရင်ဆိုင်ရန်အတွက် အာရပ်တို့၏ ခိုင်မာသော မဟာဗျူဟာတရပ်ချမှတ်ရန် ပီအယ်အိုကတိုက်တွန်းကြောင်း အဖွဲ့ဝင် ၃၀ ပါဝင်သည့် ပီအယ်အို ဗဟိုကော်မတီက ထုတ်ပြန်သော ကြေငြာချက်တွင် ဖော်ပြသည်။

၃၁

၁၉၇၉ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်သည့်အခမ်းအနားကို ညနေ ၆ နာရီတွင် ရန်ကုန်မြို့ဂေါ် ဒဝင်လမ်းရှိ ယဉ်ကျေးမှုလဟာပြင်ဇာတ်ရုံ၌ ကျင်းပသည်။

ဂါနာနိုင်ငံတွင် လေတပ် ဗိုလ်ကြီးဂျာရီ ရောလင်းသည် ဒေါက်တာဟောလာလီမန်း ဦးဆောင်သည့် ပြည်သူ အမျိုးသားပါတီ အစိုးရ၏ အုပ်ချုပ်မှုအပေါ် အပြင်းအထန် မကျေနပ် သောကြောင့် သမ္မတ ဟောလာလီမန်းအား ဖြုတ်ချပြီး အာဏာသိမ်းလိုက်သည်။ဂါနာနိုင်ငံတွင် သုံးနှစ်အတွင်းဒုတိယ အကြိမ် အာဏာသိမ်းခြင်းဖြစ်သည်။

အဝိုင်း နှစ်

နှစ်ချုပ် အထူးဆောင်းပါး

၁၉၈၁ ခုနှစ်အတွင်း လူအများက အာရုံစိုက်ခဲ့ရသော အကြောင်းရပ်များကို မြန်မာ့စွယ်စုံနှစ်ချုပ်ကျမ်းဖတ်ရှုကိုးကားလိုသူများအတွက် အထူးဆောင်းပါးများ အဖြစ် ရေးသားပြုစုထားသည်ကို စိတ်ဝင်စားဖွယ်ရာ ဖတ်ရှုရမည်ဖြစ်ပါသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ စတုတ္ထအကြိမ် ပါတီညီလာခံ	တက္ကသိုလ် သခ်ာ	၄၀
ရေနံ	ဦးတင်ညွန့်	၅၆
သားငှက် ဘေးမဲ့တော	ဦးချစ်ကိုကို	၆၆
အနောက်တိုင်း ဗီသုကာလက်ရာ	ဒေါက်တာ လွင်အောင်	၇၆





မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ

စတုတ္ထ အကြိမ် ပါတီညီလာခံ

၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် ၁၉၈၁ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် သက်တမ်းအားဖြင့် ၁၉ နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။


အမြဲတေပါတီ ကာလတွင် ပါတီသည် နိုင်ငံတော်တော်လှန်ရေးကောင်စီ၏ ဦးဆောင် လမ်းညွှန်မှုကို ခံယူလျက် ပါတီ၏ ရှင်သန်တိုးတက်ရေးကို ပျိုးထောင်ခဲ့သည်။ ပါတီဝင်များကို စည်းရုံးစုဆောင်းခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊ စမ်းသပ်တာဝန်ပေးခြင်း စသည်ဖြင့် လူထုလူတန်းစားအလှာအသီးသီးကို စည်းရုံးလှုပ်ရှားခဲ့သည်။

ဤသို့စည်းရုံးဆောင်ရွက်ယင်း လုပ်သားပြည်သူများ၏ အတွေးအခေါ် ပြောင်းလဲရေး၊ ခေတ်အဆက်ဆက်တွင် အသာစီးရရှိခဲ့ကြသည့် ခြယ်လှယ်သူလူတန်းစားနှင့် ယင်းတို့၏ အခြေခံအဆောက်အအုံဖြစ်သော အရင်းရှင်စနစ် ဖျက်သိမ်းရေးကို အလေးပေးဆောင်ရွက်ခဲ့သည်။ တချိန်တည်းတွင် တောင်သူလယ်သမားနှင့် အလုပ်သမားတို့အား တိုင်းပြည်၏ လုပ်အားရှင်များအဖြစ် နေရာမှန်သို့ရောက်ရှိရေး၊ နိုင်ငံရေးစိတ်ဓာတ်နှင့် ဆိုရှယ်လစ်ရေး အသိတရား ပြည့်ဝလာရေးတို့အတွက် ပြည်သူ့တောင်သူလယ်သမား ကောင်စီနှင့် ပြည်သူ့အလုပ်သမား ကောင်စီတို့ကိုလည်း ပါတီဦးဆောင်မှုဖြင့် ဖွဲ့စည်းပေးခဲ့လေသည်။

အမြဲတေပါတီကာလအတွင်း ပါတီနှီးနှောဖလှယ်ပွဲကို လေးကြိမ်တိုင်တိုင် ပြုလုပ်ခဲ့သည်။ အမြဲတေပါတီကာလ ကိုးနှစ်တာခရီးတွင် ပါတီသည် လုပ်သားပြည်သူများအား ဆိုရှယ်လစ် ဒီမိုကရေစီကို လေးလေးနက်နက် သက်ဝင်ယုံကြည်လာအောင် လေ့ကျင့်ပျိုးထောင်ပေးခဲ့သည်။

အမြဲတေပါတီမှ ပြည်သူ့ပါတီသို့

ထိုသို့ကြိုးပမ်းယင်း အမြဲတေပါတီမှ ပြည်သူ့ပါတီအဖြစ် ကူးပြောင်းဖွဲ့စည်းနိုင်ရန် ပြည်သူ့ပါတီနှင့် ဆီလျော်မည့် ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပါတီဝင်ထု၏ တူညီသော ဆန္ဒဖြင့် ရေးဆွဲခဲ့လေသည်။ထိုရေးဆွဲခဲ့သော ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ၁၉၇၁ ခုနှစ် ဇွန်လ ၂၈ ရက်နေ့မှ



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စတုတ္ထအကြိမ် ပါတီညီလာခံ ဆင်ခမန်နေ့တွင် ပါတီဗဟိုကော်မတီဥက္ကဋ္ဌ ဦးနေဝင်းက မိန့်ခွန်းမြွက်ကြားစဉ်

ဇူလိုင်လ ၁၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ်ပါတီညီလာခံတွင် အတည်ပြုပြဋ္ဌာန်းခဲ့လေသည်။

ပထမအကြိမ်ပါတီညီလာခံကို ကျင်းပပြီးနောက် ပြည်သူ့ပါတီဘဝကို ခံယူခဲ့သော မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် အရှိန်အဟုန်မပျက် ပါတီညီလာခံများကို ဆက်လက်ကျင်းပခဲ့သည်။ ၁၉၇၃ ခုနှစ် အောက်တိုဘာလ ဂ ရက်နေ့မှ ၂၁ ရက်နေ့အထိ ဒုတိယအကြိမ် ပါတီညီလာခံကိုလည်းကောင်း၊ ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ မတ်လ ၁ ရက်နေ့အထိ တတိယအကြိမ် ပါတီညီလာခံကိုလည်းကောင်း ကျင်းပခဲ့လေသည်။



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စတုတ္ထအကြိမ် ပါတီညီလာခံ
ပထမနေ့တွင် အထွေထွေအတွင်းရေးမှူး ဦးစန်းယုက
ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာအကျဉ်းကို
တင်သွင်းစဉ်

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ပါတီညီလာခံများကို ပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ နည်းစနစ်များနှင့်အညီကျင်းပ၍ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားများအတွက် ရွေလှုပ်ငန်းစဉ် ဆုံးဖြတ်ချက်များကို ချမှတ်ပေးခဲ့သည်။

စတုတ္ထအကြိမ် ပါတီညီလာခံကျင်းပခြင်း

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် ပါတီသက်တမ်း ၁၉ နှစ်ကာလအတွင်း ရရှိထားပြီးဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ စည်းရုံးရေးဆိုင်ရာ အောင်မြင်မှု အရပ်ရပ်ကို အရှိန်အဟုန် ပိုမိုမြင့်မားရေးအတွက် မြင့်တင်ပေးနိုင်ရန် ရည်ရွယ်လျက် စတုတ္ထအကြိမ်ပါတီညီလာခံကို ၁၉၈၁ ခုနှစ် သြဂုတ်လ ၃ ရက်နေမှ ၈ ရက်နေအထိ ခြောက်ရက်တိုင်တိုင် မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးတက္ကသိုလ်ဝင်း အတွင်းရှိ ညီလာခံခန်းမတွင် ကျင်းပခဲ့လေသည်။

စတုတ္ထအကြိမ် ပါတီညီလာခံသို့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်း အမှူးပြုသော ပါတီ ညီလာခံကိုယ်စားလှယ် ၁,၁၈၁ ဦး တက်ရောက်ခဲ့ကြလေသည်။

ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာ၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် စတုတ္ထ လေးနှစ်စီမံကိန်း လမ်းညွှန်မှုများ၊ ပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပြင်ဆင်ရန် တင်ပြချက်များ၊ သဘောတရား လေ့လာပြုစုပျိုးထောင်ရေးအဖွဲ့သို့ ပေးပို့ခဲ့သော အကြံပြုချက်များနှင့် စပ်လျဉ်း၍ ဒေသပါတီကော်မတီနှင့် တပ်မတော် ပါတီကော်မတီတို့မှ ဘာသာရပ်အလိုက် ဆွေးနွေးမည့် ပုဂ္ဂိုလ်များစာရင်းကို ညှိနှိုင်းရွေးချယ်ကြသည်။



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စတုတ္ထအကြိမ် ပါတီညီလာခံ
ပထမနေ့တွင် တွဲဖက်အထွေထွေအတွင်းရေးမှူး
ဦးသောင်းကြည်က ပါတီဖွဲ့စည်းပုံအခြေခံ
စည်းမျဉ်းပြင်ဆင်ရန် တင်ပြချက်ကို တင်ပြစဉ်

ညီလာခံပထမနေ့

သြဂုတ်လ ၃ ရက်နေ့တွင် ညီလာခံကို စတင်ကျင်းပသည်။ ညီလာခံသဘာပတိအဖြစ် နံနက်ပိုင်းတွင် ရဲဘော် လက္ခယ်တူး (ကချင်ပြည်နယ်ဒေသပါတီကော်မတီ) က လည်းကောင်း၊ နေ့လယ်ပိုင်း သဘာပတိအဖြစ် ရဲဘော် ဂိုက်တားနို (ကယားပြည်နယ် ဒေသပါတီကော်မတီ) က လည်းကောင်း ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ရဲဘော် ညိန်းမောင်က ဆောင်ရွက်သည်။

စတုတ္ထအကြိမ်ပါတီညီလာခံကို ဂုဏ်ပြုသောအားဖြင့် ပြည်တွင်းပြည်ပမှ ပေးပို့လာသည့် သဝဏ်လွှာများကို အခမ်းအနားမှူး ရဲဘော် ညိန်းမောင်က ဖတ်ကြားပြီး သဘာပတိ ရဲဘော်လက္ခယ်တူးက မိန့်ခွန်းပြောကြားသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးစန်းယုက ဗဟိုကော်မတီ နိုင်ငံရေးအစီရင်ခံစာအကျဉ်းကို ဖတ်ကြားတင်သွင်းသည်။

နိုင်ငံရေးအစီရင်ခံစာတွင် အပိုင်း ငါးပိုင်း ပါရှိသည်။ ယင်းအပိုင်းငါးပိုင်းတွင် နိုင်ငံရေးပိုင်း၊ စီးပွားရေးပိုင်း၊ စည်းရုံးရေးပိုင်း၊ နိုင်ငံရေး၊ စီးပွားရေးနှင့် စည်းရုံးရေး ကဏ္ဍများအပေါ် လေ့လာသုံးသပ်ချက်အပိုင်းနှင့် ပါတီ၏ ရှေ့လုပ်ငန်းစဉ်အပိုင်းများ ပါဝင်လေသည်။

ပါတီဗဟိုကော်မတီ၏နိုင်ငံရေးအစီရင်ခံစာကိုတင်သွင်းပြီးနောက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီဥာနချုပ် အတွင်းရေးမှူး ဦးထွန်းဝေက ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်စတုတ္ထလေးနှစ်စီမံကိန်းလမ်းညွှန်မှုများကိုလည်းကောင်း၊ ယင်းလမ်းညွှန်မှုများနှင့် စပ်လျဉ်းသော အစီရင်ခံစာတို့ကိုလည်းကောင်း ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ တဝဖက် အထွေထွေ အတွင်းရေးမှူး ဦးသောင်းကြည်က ပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပြင်ဆင်ချက်ကို တင်ပြသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဥာနချုပ် အတွင်းရေးမှူး ဦးသိန်းငွေကလည်း ပါတီဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ နည်းစနစ်များ၊ ပါတီစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊လမ်းစဉ်လူငယ်စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ စသည်တို့နှင့် စပ်လျဉ်းသည့် ပြင်ဆင်ချက်များကို သိသာရန်နှင့် မှတ်တမ်းထားရှိနိုင်ရန် တင်ပြသည်။

ထို့နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီဥာနချုပ်အတွင်းရေးမှူး ဦးသန်းလှိုင်က သဘောတရားလေ့လာပြုစုပျိုးထောင်ရေးအဖွဲ့သို့ ပေးပို့ခဲ့သည့် အကြံပြုချက်များအနက် လက်ခံနိုင်သော အချက်များကို တင်ပြသည်။

အစီအစဉ်အရ အထွေထွေအတွင်းရေးမှူး ဦးစန်းယုက ဗဟိုကော်မတီတွင် ပါဝင်ရမည့် ကော်မတီဝင် ဦးရေကို ပါတီညီလာခံက သတ်မှတ်ပေးရမည်ဖြစ်သဖြင့် ဗဟိုကော်မတီဝင်အနည်းဆုံးဦးရေကို ၂၅၀၊ အများဆုံးဦးရေကို ၂၆၀ သတ်မှတ်ပေးရေးအတွက်တင်ပြရာ ပါတီညီလာခံကိုယ်စားလှယ်အားလုံးက သဘောတူကြသဖြင့် သဘာပတိကြီးက အတည်ပြုကြောင်း ကြေငြာသည်။

ညီလာခံဒုတိယနေ့

သြဂုတ်လ ၄ ရက်နေ့တွင် ကျင်းပသည့် ညီလာခံဒုတိယနေ့တွင် နံနက်ပိုင်းသဘာပတိအဖြစ် ရဲဘော်စောဘာနီ (ကရင်ပြည်နယ် ဒေသပါတီကော်မတီ)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ရဲဘော်တင်လတ်က ဆောင်ရွက်သည်။

နေ့လယ်ပိုင်းတွင် သဘာပတိအဖြစ် ရဲဘော်ရှန်အုပ် (ချင်းပြည်နယ် ဒေသပါတီကော်မတီ) က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ရဲဘော်အုန်းမောင်က ဆောင်ရွက်သည်။

အခမ်းအနားမှူး ရဲဘော်တင်လတ်က စတုတ္ထအကြိမ် ပါတီညီလာခံသို့ ပေးပို့လာသည့် အဖွဲ့အစည်းအသီးသီးတို့မှ သဝဏ်လွှာများကို ဖတ်ကြားသည်။ ထို့နောက် ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာကို ပါတီညီလာခံကိုယ်စားလှယ် ၁၅ ဦးတို့က ထောက်ခံဆွေးနွေးကြသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စတုတ္ထအကြိမ် ပါတီညီလာခံတွင် ပါတီဥက္ကဋ္ဌ ဦးနေဝင်းနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်စဉ်



အစီအစဉ်အရ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် စတုတ္ထလေးနှစ်စီမံကိန်း လမ်းညွှန်မှုမျှားနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ပါတီညီလာခံကိုယ်စားလှယ် ၁၀ ဦးတို့က ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် စတုတ္ထအကြိမ် ပါတီညီလာခံကျင်းပရေး ကော်မရှင်အတွင်းရေးမှူး ဦးသိန်းငွေက သြဂုတ်လ ၃ ရက်နေ့က အစုအဖွဲ့လိုက် ညှိနှိုင်းခဲ့သည့် ဗဟိုကော်မတီဝင် လောင်း ၂၆၀ ဦးတို့၏ အမည်စာရင်းကိုတင်ပြရာ ပါတီညီလာခံ ကိုယ် စား လှယ် မျှား က သ ဘော တူ သ ဖြင့် သဘာပတိကြီးက ဗဟိုကော်မတီဝင်လောင်း အမည်စာရင်းကို အတည်ပြုကြောင်း ကြေငြာသည်။

ညီလာခံတတိယနေ့

သြဂုတ်လ ၅ ရက်နေ့တွင်ကျင်းပသည့် ညီလာခံတတိယနေ့တွင် နံနက်ပိုင်း သဘာပတိအဖြစ် ရဲဘော်သန်းမြင့် (စစ်ကိုင်းတိုင်း ဒေသပါတီကော်မတီ) က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ရဲဘော်မင်းကြည်က ဆောင်ရွက်သည်။


နေ့လယ်ပိုင်းတွင် သဘာပတိအဖြစ် ရဲဘော်စံလင်း (တနင်္သာရီတိုင်း ဒေသပါတီကော်မတီ) က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ရဲဘော်အောင်ခင်က ဆောင်ရွက်သည်။

အခမ်းအနားမှူး ရဲဘော်မင်းကြည်က စတုတ္ထအကြိမ် ပါတီညီလာခံသို့ အဖွဲ့အသီးသီးမှ ပေးပို့သည့် သဝဏ်လွှာများကို ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် စတုတ္ထ လေးနှစ်စီမံကိန်း လမ်းညွှန်မှုများကို လည်းကောင်း၊ ယင်းလမ်းညွှန်မှုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို လည်း ကောင်း ပါတီ ညီလာခံ ကိုယ်စားလှယ် ငါးဦးတို့က ဆက်လက်ထောက်ခံ ဆွေးနွေးကြသည်။

ဆက်လက်ပြီး သဘောတရားလေ့လာပြုစု ပျိုးထောင်ရေးအဖွဲ့သို့ ပေးပို့ခဲ့သော အကြံပြုချက်များအနက် ဗဟိုကော်မတီက လက်သင့်ခံနိုင်သော အကြံပြုချက်များနှင့် စပ်လျဉ်း၍ ပါတီညီလာခံ ကိုယ်စားလှယ် သုံးဦးတို့က ထောက်ခံဆွေးနွေးကြသည်။

အစီအစဉ်အရ စတုတ္ထအကြိမ်ပါတီညီလာခံသို့ တင်သွင်းလာသော ပါတီဝင်များ၏ အသနားခံလွှာများနှင့် စပ်လျဉ်း၍ အသနားခံလွှာ စိစစ်ရေး ကော်မတီကိုယ်စားယင်းကော်မတီအတွင်းရေးမှူး ရဲဘော်အုန်းမောင်က တင်ပြသည်။ ပါတီညီလာခံ ကိုယ်စားလှယ်များက ဆန္ဒမဲပေး၍ အဆုံးအဖြတ်ပြုကြသည်။



ဗဟိုကော်မတီဝင်များကို ရွေးချယ်တင်မြှောက်ရာတွင် ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ ဦးနေဝင်း ဆန္ဒမဲထည့်နေစဉ်

ဆက်လက်၍ ပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပြင်ဆင်ရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ပါတီညီလာခံကိုယ်စားလှယ် ၁၅ ဦးတို့က ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာနှင့် စတုတ္ထလေးနှစ် စီမံကိန်းလမ်းညွှန်မှုများနှင့် စပ်လျဉ်း၍ ပါတီညီလာခံ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အထွေထွေအတွင်းရေးမှူး ဦးစန်းယုက ပြန်လည်ဆွေးနွေးသည်။ ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ရန် တင်ပြချက်များနှင့်စပ်လျဉ်း၍ ပါတီညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးချက်ကို တဲ့ဖက် အထွေထွေ အတွင်းရေးမှူး ဦးသောင်းကြည်က ပြန်လည်ဆွေးနွေးသည်။

ပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပြင်ဆင်ရန် တင်ပြချက်များနှင့်စပ်လျဉ်း၍ ပါတီညီလာခံ ကိုယ်စားလှယ်များက ဆန္ဒမဲဖြင့် အဆုံးအဖြတ်ပေးကြရန် ဖြစ်ကြောင်း အခမ်းအနားမှူးက ရှင်းလင်း တင်ပြပြီးနောက် ပါတီညီလာခံ ကိုယ်စားလှယ်များက ဆန္ဒမဲပေးကြသည်။

ညီလာခံစတုတ္ထနေ့

သြဂုတ်လ ၆ ရက်နေ့တွင် ကျင်းပသည့် ညီလာခံ စတုတ္ထနေ့တွင် သဘာပတိအဖြစ် ရဲဘော်အုန်း (ပဲခူးတိုင်း ဒေသပါတီကော်မတီ) က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ရဲဘော်ဒေါက်တာချစ်က ဆောင်ရွက်သည်။

စတုတ္ထအကြိမ် ပါတီညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဦးစန်းယုက ဗဟိုကော်မတီဝင်များ ရွေးချယ် တင်မြှောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ် များ၊ သဘောထားများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွေးချယ် တင်မြှောက်ပွဲ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းကြည်က ဆန္ဒမဲပေးပုံ ပေးနည်း များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပါတီညီလာခံကိုယ်စားလှယ်များကဆန္ဒမဲပေးကြသည်။


ညီလာခံပဉ္စမနေ့

သြဂုတ်လ ၇ ရက်နေ့တွင် ကျင်းပသည့် ညီလာခံပဉ္စမ နေ့တွင် သဘာပတိအဖြစ် ရဲဘော်တိုက်ကြွယ် (မကွေးတိုင်း ဒေသပါတီကော်မတီ) က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ရဲဘော်ကျော်သန့်က ဆောင်ရွက်သည်။

ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းကြည်က ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟို ကော်မတီဝင် ၂၆၀ ဦး၏ အမည်စာရင်းကို ကြေငြာသည်။

ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုကော်မတီဝင် များက ကတိသစ္စာပြုကြသည်။

ထိုနေ့၌ပင် ဗဟိုကော်မတီ ပထမ အစည်းအဝေးကို ကျင်းပ၍ ဗဟိုဦးဆောင်ကော်မတီဝင်များကို ရွေးချယ်တင် မြှောက်ကြသည်။



ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် သဘာပတိ ပါတီဥက္ကဋ္ဌ ဦးနေဝင်းက ဗဟိုကော်မတီဝင်များ၏ သဘောတူ အတည်ပြုချက်ရယူနေစဉ်

ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေး

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ပထမ အကြိမ်အစည်းအဝေးကို ၁၉၇၁ ခုနှစ် သြဂုတ်လ ၇ ရက်နေ့ နံနက်တွင် ဗဟိုနိုင်ငံရေး တက္ကသိုလ်ရှိ အစည်းအဝေးခန်းမ ၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်



ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များကို သဘာပတိ ပါတီဥက္ကဋ္ဌ ဦးနေဝင်းက အတည်ပြုလက်မှတ်ရေးထိုးစဉ်



စတုတ္ထအကြိမ်ပါတီညီလာခံက မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများကို ပါတီညီလာခံဆင္ခမနေ့အစည်းအဝေးတွင် တဲဖက် အထေ့ထေ့အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီးအေးကိုက တင်ပြသည်။

ပါတီ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးနေဝင်းက ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးထွေးဟန်က ဆောင်ရွက်သည်။

ပါတီဥက္ကဋ္ဌရွေး

ရွေးချယ်တင်မြှောက်ပွဲ အစီအစဉ်များကို ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌဦးသောင်းကြည်က ရှင်းလင်းတင်ပြသည်။

ထိုနောက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် ဦးနေဝင်းအား ရွေးချယ်တင်မြှောက်ကြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ၁၄ ဦးကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့အပြင် ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ဦးသောင်းကြည်အား လည်းကောင်း၊ တဲဖက် အထွေထွေအတွင်းရေးမှူးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး အေးကိုအား လည်းကောင်း ရွေးချယ် တင်မြှောက်ကြသည်။

ဦးဆောင်ကော်မတီနှစ်ရပ်


ထို့နောက်ပါတီလုပ်ငန်း စိစစ်ရေးကော်မတီဝင် ကိုးဦးကိုလည်းကောင်း၊ ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင် ၂၀ ဦးကို လည်းကောင်း အသီးသီးရွေး ချယ်တင်မြှောက်ကြသည်။

ထို့နောက် ပါတီလုပ်ငန်း စိစစ်ရေးကော်မတီနှင့် ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီ အစည်းအဝေးများက သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် ဒုတွင်းရေးမှူးများကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် ရွေးချယ်ဘင်မြှောက်ပွဲ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းကြည်က ရွေးချယ် တင်မြှောက်ခြင်းခံကြရသော ပါတီလုပ်ငန်းစိစစ်ရေး ကော်မတီနှင့် ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီတို့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ တာဝန်ပေးအပ်ခြင်းခံရသော ဗဟို အလုပ်အမှုဆောင် ကော်မတီကို အထောက်အကူပြုရမည့် အတွင်းရေးမှူးများ၊ ဗဟိုဌာနများနှင့် ဗဟိုလုပ်ငန်း အဖွဲ့အစည်းများ၏ ဌာနမှူးများ၊ဗဟိုရေးရာ ကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဒေသပါတီကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ အမည်စာရင်းများကို ကြေငြာသည်။

ညီလာခံဆင္ခမနေ့

သြဂုတ်လ ဂ ရက်နေ့တွင် ကျင်းပသည့် ညီလာခံဆင္ခမနေ့တွင် သဘာပတိအဖြစ် ရဲဘော်ထွန်းဖေ (မန္တလေးတိုင်း



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေး ကျင်းပနေစဉ်

ဒေသပါတီကော်မတီ) က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ရဲဘော်အောင်သိန်းက ဆောင်ရွက်သည်။

အခမ်းအနားမှူး ရဲဘော်အောင်သိန်းက စတုတ္ထအကြိမ် ပါတီညီလာခံသို့ အဖွဲ့အသီးသီးမှ ပေးပို့သည့် သဝဏ်လွှာများကို ဖတ်ကြားသည်။

အစီအစဉ်အရ ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းကြည်က ၁၉၇၁ ခုနှစ် သြဂုတ်လ ၇ ရက်နေ့က ကျင်းပ ပြုလုပ်ခဲ့သည့် ဗဟိုကော်မတီ ပထမ အစည်းအဝေးတွင် ရွေးချယ်တင်မြှောက်ခြင်း ခံကြရသည့် ဗဟိုဦးဆောင် ကော်မတီဝင်များ၏ အမည် စာရင်းနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီက တာဝန် ပေးအပ်ခဲ့သူများ၏ အမည်စာရင်းကို ကြေငြာသည်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းတွင် မူလအဓိပ္ပာယ်နှင့် ကွဲလွဲမှုမရှိပဲ ပြင်ဆင်ရန် လိုအပ်ပါက လုပ်ပိုင်ခွင့်ကို ဗဟိုကော်မတီသို့ လွှဲအပ်ပေးရေးနှင့် စတုတ္ထလေးနှစ် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် မမျှော်မှန်းနိုင်သော အခြေအနေ များကြောင့် ပြုပြင် သတ်မှတ်ရန် လိုအပ်ပါက လုပ်ပိုင်ခွင့်ကို ဗဟိုကော်မတီသို့ လွှဲအပ်ပေးရေးနှင့် ပြင်ဆင်ချက်များကို အနီးကပ်ဆုံး ပါတီ ညီလာခံသို့ အတည်ပြုချက် ရယူသွားရေး တို့ကို ပါတီညီလာခံက အဆုံးအဖြတ် ချမှတ်ပေးပါရန် အထွေထွေအတွင်းရေးမှူး ဦးသောင်းကြည်ကတင်ပြသည်။

ထိုသို့ တင်ပြပြီးနောက် သဘာပတိကြီးက အထွေထွေ အတွင်းရေးမှူး ဦးသောင်းကြည် တင်ပြခဲ့သည့် တင်ပြချက် နှစ်ရပ်နှင့် စပ်လျဉ်း၍ ပါတီညီလာခံက သဘောတူ မတူ မေးမြန်းရာ ပါတီညီလာခံ ကိုယ်စားလှယ်များက သဘောတူကြောင်း အသံဖြင့် ဆန္ဒပြုသဖြင့် သဘာပတိကြီးက အတည်ပြုကြောင်း ကြေငြာသည်။

ထို့နောက် စတုတ္ထအကြိမ် ပါတီညီလာခံအတွင်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အကြောင်းအရာ ကိစ္စရပ်များအလိုက် မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်းနှင့် ဆုံးဖြတ်ခြင်းများပြုလုပ်နိုင်ရန် အခမ်းအနားမှူးကတင်ပြသည်။

စတုတ္ထအကြိမ် ပါတီညီလာခံတွင် မှတ်တမ်းတင်ခြင်းလေးရပ်၊ အတည်ပြုခြင်း ခြောက်ရပ်နှင့် ဆုံးဖြတ်ချက်လေးရပ်တို့ကို ပါတီ ညီလာခံ ကိုယ်စားလှယ်များက တညီ



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စတုတ္ထအကြိမ်ပါတီညီလာခံကို ကြေးကြော်သံများဖြင့် အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

တညီတ်တည်း သဘောတူ ချမှတ်ခဲ့ကြပြီးနောက် စတုတ္ထအကြိမ် ပါတီညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဦးစန်းယုက ပါတီ ညီလာခံနှင့် စပ်လျဉ်း၍ စတုတ္ထအကြိမ် ပါတီညီလာခံ ကျင်းပရေး ကော်မရှင် အနေဖြင့် ဆောင်ရွက် ခဲ့ သည့် ကိစ္စရပ်များကို တင်ပြသည်။

ထို့နောက် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက မိန့်ခွန်း မြွက်ကြားသည်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး မိန့်ခွန်း မြွက်ကြားပြီးနောက် သဘာပတိ ရဲဘော် ထွန်းဖေက နိဂုံးချုပ်မိန့်ခွန်း ပြောကြားကာ စတုတ္ထအကြိမ် ပါတီညီလာခံကို ကြေးကြော်သံများ ကြေးကြော်၍ ရုပ်သိမ်းခဲ့လေသည်။

တက္ကသိုလ် သခင်

စတုတ္ထအကြိမ် ပါတိညိလာခံမှ ရွေးချယ်တင်မြှောက်သော ဗဟိုကော်မတီဝင်များ

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စတုတ္ထအကြိမ်ပါတီညီလာခံ စတုတ္ထနေ့ ၁၉၈၁ ခုနှစ် သြဂုတ်လ ၆ ရက်နေ့တွင် ပါတီညီလာခံကိုယ်စားလှယ်များက ဗဟိုကော်မတီဝင်များကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် ဗဟိုကော်မတီဝင်များ၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ဦးနေဝင်း
၂။ ဦးစန်းယု
၃။ ဦးကံကြီး
၄။ ဗိုလ်မှူးကြီး ကံညွန့်
၅။ ဦးကံလှဘဲ
၆။ ဗိုလ်မှူးချုပ် ကိုကြီး
၇။ ဦးကမ်တဲ့
၈။ ဦးကျော်ခင်ဝင်း
၉။ ဦးကျော်ငြိမ်း
၁၀။ ဦးကျော်ငြိမ်း
၁၁။ ဦးကျော်စိန်
၁၂။ ဦးကျော်စိန်ဝင်း
၁၃။ ဗိုလ်ချုပ်ကြီး သူရကျော်ထင်
၁၄။ ဦးကျော်ထိန်
၁၅။ ဦးကျော်ထွန်း
၁၆။ ဦးကျော်မင်း
၁၇။ ဦးကျော်မောင်
၁၈။ ဗိုလ်မှူး ကျော်မောင်
၁၉။ ဒုတိယဗိုလ်မှူးကြီး ကျော်မြင့်
၂၀။ ဦးကျော်သန့်
၂၁။ ဦးကျော်သန်း
၂၂။ ဗိုလ်မှူးကြီး ကျော်သိန်း
၂၃။ ဦးကျော်အေး
၂၄။ သူရဦးကျင်တင်
၂၅။ ဦးကြား
၂၆။ ဒေါ်ကြူကြူမား
၂၇။ ဦးခင်ဇာမံ
၂၈။ ဦးခင်မောင်
၂၉။ ဦးခင်မောင်
၃၀။ ဗိုလ်မှူးချုပ် ခင်မောင်ကျော်
၃၁။ ဦးခင်မောင်ကြီး
၃၂။ ဦးခင်မောင်ကြည်
၃၃။ ဦးခင်မောင်ထိန်
၃၄။ ဦးခင်မောင်ရီ
၃၅။ ဗိုလ်မှူးကြီး ခင်မောင်ဝင်း
၃၆။ ဦးခင်မောင်သန်း
၃၇။ ဦးခင်မောင်သန်း
၃၈။ ဦးခင်မောင်သိန်း
၃၉။ ဦးခင်အေး
၄၀။ ဦးခင်အုန်း
၄၁။ ဒေါက်တာချစ်
၄၂။ ဗိုလ်မှူးကြီး ချစ်ဆွေ
၄၃။ ဦးချစ်လှိုင်
၄၄။ ဦးချစ်အောင်
၄၅။ ဦးဂိုက်တားနို
၄၆။ ဦးဂျေနော
၄၇။ ဦးငွေစိုး
၄၈။ ဦးငွေဆိုင်
၄၉။ ဦးစောစိုးညွန့်
၅၀။ ဦးစောနေဝေထူး
၅၁။ သူရဦးစောဖြူ
၅၂။ ဦးစောဘာနီ
၅၃။ ဦးစောဘိုးနီ
၅၄။ ဗိုလ်မှူးချုပ် စောမောင်
၅၅။ ဦးစောမြင့်သိန်း
၅၆။ ဦးစောရိန်းဘိုး
၅၇။ ဦးစောလှရွှေ
၅၈။ ဦးစောဟန်သိန်း
၅၉။ ဦးစောအောင်ထူး
၆၀။ ဦးစံညွန့်
၆၁။ ဦးစံညွန့်
၆၂။ ဦးစံထွန်း
၆၃။ ဦးစံလင်း
၆၄။ ဦးစံသိန်း
၆၅။ ဗိုလ်မှူးကြီး စိုးမြင့်
၆၆။ ဗိုလ်မှူးကြီး စိုးမြင့်
၆၇။ ဦးစိုးလှိုင်
၆၈။ ဦးစိုင်းစံထွန်း
၆၉။ ဦးစိုင်းမိုင်း
၇၀။ ဦးစိုင်းမြတ်အောင်
၇၁။ ဦးစိုင်းသက်မွန်
၇၂။ ဦးစန်ဝင်း
၇၃။ ဦးစိန်ခေါ်ဦး
၇၄။ ဦးစိန်ထွန်း
၇၅။ ဦးစိန်ရ
၇၆။ ဦးစိန်လှင်
၇၇။ ဦးစိန်လှိုင်
၇၈။ ဗိုလ်မှူးကြီး စိန်ဝင်း
၇၉။ ဗိုလ်မှူးကြီး စိန်အောင်
၈၀။ ဦးစည်ညွန့်အောင်
၈၁။ ဦးဇော်ဝင်း
၈၂။ ဗိုလ်မှူးကြီး ဉာဏ်လင်း
၈၃။ ဦးညီညီ
၈၄။ ဦးညီအေး
၈၅။ ဦးညိန်းမောင်
၈၆။ ဦးညိန်းဟန်
၈၇။ ဦးညွန့်သိမ်း
၈၈။ ဦးဒွေးအောင်
၈၉။ ဦးတောမိဟန်
၉၀။ ဦးတိုက်ကြွယ်
၉၁။ ဦးတိုက်စိုး
၉၂။ ဦးတင်စိုး
၉၃။ ဗိုလ်ချုပ် တင်စိန်
၉၄။ ဦးတင်မောင်
၉၅။ ဗိုလ်မှူးကြီး သူရတင်မောင်အေး
၉၆။ သူရဦးတင်မြတ်
၉၇။ ဦးတင်လတ်
၉၈။ ဦးတင်လှ
၉၉။ ဦးတင်အေး
၁၀၀။ ဦးတင်အောင်

၁၀၀။ ဦးတင်အုန်း
၁၀၁။ ဗိုလ်မှူးချုပ် တင်ဦး
၁၀၂။ ဗိုလ်မှူးကြီး တင်ဦး
၁၀၃။ ဦးတင့်ဆွေ
၁၀၄။ ဗိုလ်မှူးချုပ် တောင်ဇာခိုင်
၁၀၅။ ဦးထိန်လင်း
၁၀၆။ ဦးထွေးဟန်
၁၀၇။ ဒုတိယဗိုလ်မှူးကြီး ထွန်းကျော်
၁၀၈။ သူရဦးထွန်းတင်
၁၀၉။ ဦးထန်းတင်
၁၀၉။ ဦးထွန်းတင်
၁၁၀။ ဦးထွန်းမြ
၁၁၁။ ဦးထွန်းမြို့င်
၁၁၂။ ဗိုလ်ချုပ် ထွန်းရီ
၁၁၃။ ဦးထွန်းရီ
၁၁၄။ ဒုတိယဗိုလ်မှူးကြီးထွန်းရင်လော
၁၁၅။ ဗိုလ်မှူးကြီး ထွန်းလှဖြူ
၁၁၆။ ဦးထွန်းဝေ
၁၁၇။ ဦးထွန်းအေး
၁၁၈။ ဦးနိုင်ဘာထွန်း
၁၁၉။ ဦးနိုင်ဝင်း
၁၂၀။ ဦးပိုကျော်ဟန်
၁၂၁။ ဦးပိတာလဆန်ဂေါင်
၁၂၂။ ဦးပေါ် ခန်သန်း
၁၂၃။ ဦးပေါင်ဒိုနန်
၁၂၄။ ဦးပန်းမြို့င်
၁၂၅။ ဦးဖီးလစ်ဆမ်
၁၂၆။ ဗိုလ်မှူးချုပ် ဖေမြို့င်
၁၂၇။ ဦးဖေလိန်းမောင်
၁၂၈။ ဦးဖော်ယူခါး
၁၂၉။ ဦးဗန်ကူး
၁၃၀။ ဦးဘစိန်
၁၃၁။ ဦးဘဖြူ
၁၃၂။ ဦးဘသော်
၁၃၃။ ဗိုလ်မှူးကြီး ဘသိန်း
၁၃၄။ ဗိုလ်မှူးကြီး ဘိုနီ
၁၃၅။ ဦးဘုန်းခင်
၁၃၆။ ဗိုလ်မှူးကြီး ဘုန်းမြင့်
၁၃၇။ ဦးဘုန်းလွိုင်
၁၃၈။ ဒေါ် မေမေအောင်
၁၃၉။ ဦးမင်းကြည်
၁၄၀။ ဗိုလ်ချုပ် မင်းဂေါင်
၁၄၁။ ဦးမင်းဇင်
၁၄၂။ ဒုတိယဗိုလ်မှူးကြီး မင်းဒင်
၁၄၃။ ဦးမင်းနောင်
၁၄၄။ သူရဦးမင်းသိမ်း
၁၄၅။ ဦးမောင်ချို
၁၄၆။ ဦးမောင်ညို
၁၄၇။ ဦးမောင်နှစ်
၁၄၈။ ဒေါက်တာ မောင်မောင်
၁၄၉။ ဦးမောင်မောင်
၁၅၀။ ဗိုလ်မှူးကြီး မောင်မောင်
၁၅၁။ ဦးမောင်မောင်
၁၅၁။ ဦးမောင်မောင်ခ
၁၅၂။ ဗိုလ်မှူးကြီး မောင်မောင်ခင်
၁၅၃။ ဗိုလ်မှူးချုပ် မောင်မောင်ဝင်း
၁၅၄။ ဒေါက်တာ မောင်မောင်အေး
၁၅၅။ ဦးမောင်မောင်ဦး
၁၅၆။ ဒေါက်တာ မောင်ရှိန်
၁၅၇။ ဦးမောင်အုံး
၁၅၈။ ဦးမန်းစံမြတ်ရှေ
၁၆၀။ ဦးမန်းလှသိန်း
၁၆၁။ ဦးမျိုးညွန့်
၁၆၂။ ဦးမျိုးမြင့်
၁၆၃။ ဗိုလ်မှူးချုပ် မျိုးအောင်
၁၆၄။ ဦးမြကျော်
၁၆၅။ ဦးမြမောင်
၁၆၆။ ဦးမြမောင်
၁၆၇။ ဦးမြမောင်
၁၆၈။ ဦးမြလွင်
၁၆၉။ ဗိုလ်မှူးကြီး မြသင်း
၁၇၀။ ဦးမြင့်ဆွေ
၁၇၁။ ဦးမြင့်မောင်
၁၇၂။ ဗိုလ်မှူးကြီး မြင့်လွင်
၁၇၃။ ဗိုလ်မှူးကြီး မြင့်အောင်
၁၇၄။ ဦးရဲခေါင်
၁၇၅။ ဦးရဲမြင့်
၁၇၆။ ဦးရဲဝင်း
၁၇၇။ ဦးရွှေသွင်
၁၇၈။ ဦးလအုန်းယော်
၁၇၉။ ဗိုလ်မှူးကြီး လူမော်
၁၈၀။ ဦးလော်ပေါ် ရော်
၁၈၁။ ဦးလျှန်ကြီး
၁၈၂။ ဦးလှစိုး
၁၈၃။ ဦးလှတင့်
၁၈၄။ ဦးလှထွန်း
၁၈၅။ ဦးလှထွန်း
၁၈၆။ ဦးလှဖြူသံ
၁၈၇။ ဗိုလ်မှူးကြီး လှဘူး
၁၈၈။ ဦးလှဘုန်း
၁၈၉။ ဗိုလ်မှူးကြီး လှမော်
၁၉၀။ ဦးလှမိုး
၁၉၁။ ဦးလှမင်း
၁၉၂။ ဦးလှမောင်
၁၉၃။ ဗိုလ်မှူးကြီး လှမြင့်
၁၉၄။ ဦးလှရွှေ
၁၉၅။ ဗိုလ်မှူးချုပ် လှဦး
၁၉၆။ ဦးလှိုင်မြင့်
၁၉၇။ ဦးဝင်းထိန်
၁၉၈။ ဦးဝင်းမောင်
၁၉၉။ ဦးဝင်းမောင်
၂၀၀။ ဦးဝင်းရှိန်
၂၀၁။ ဦးသာကျော်
၂၀၂။ ဦးသာထွန်း
၂၀၃။ ဦးသာရှင်း
၂၀၄။ ဗိုလ်မှူးကြီး သက်ဝေ
၂၀၅။ ဦးသောင်းကြည်
၂၀၆။ ဦးသောင်းညွန့်
၂၀၇။ ဗိုလ်မှူးကြီး သောင်းဒန်
၂၀၈။ ဦးသောင်းဝင်းဦး
၂၀၉။ ဦးသန့်စင်
၂၁၀။ ဗိုလ်မှူးချုပ် သန်းညွန့်
၂၁၁။ ဦးသန်းတင်
၂၁၂။ ဦးသန်းမောင်
၂၁၃။ ဦးသန်းယု
၂၁၄။ ဗိုလ်မှူးကြီး သန်းရွှေ
၂၁၅။ ဗိုလ်မှူးကြီး သန်းလှ
၂၁၆။ ဦးသန်းလွိုင်
၂၁၇။ ဦးသန်းဦး
၂၁၈။ ဦးသိန်းငွေ
၂၁၉။ ဦးသိန်းတန်
၂၂၀။ ဦးသိန်းထွန်း
၂၂၁။ ဦးသိန်းထွန်း
၂၂၂။ ဗိုလ်ကြီး သိန်းဟန်
၂၂၃။ ဦးသိန်းအောင်
၂၂၄။ ဒုတိယဗိုလ်မှူးကြီး သိန်းအောင်
၂၂၅။ ဦးသိမ်းတင်
၂၂၆။ ဦးသိမ်းအောင်
၂၂၇။ ဦးသွမ်ခါးရ်
၂၂၈။ ဦးဟန်ရွှေ

၂၂၉။ ဒုတိယဗိုလ်မှူးကြီး အိကေကော်(မ)ငင်း
၂၃၀။ ဦးအေး
၂၃၁။ ဒုတိယဗိုလ်ချုပ်ကြီး အေးကို
၂၃၂။ ဦးအေးကို
၂၃၃။ ဗိုလ်မှူးကြီး အေးစန်
၂၃၄။ ဦးအေးဖေ
၂၃၅။ ဦးအေးဖေ
၂၃၆။ ဒေါ်အေးမြင့်
၂၃၇။ ဗိုလ်မှူးကြီး အေးသောင်
၂၃၈။ ဦးအင်ဒီဇော်တောင်

၂၃၉။ ဦးအောင်ကျော်မြင့်
၂၄၀။ ဦးအောင်ကျင်
၂၄၁။ ဦးအောင်ခင်
၂၄၂။ ဗိုလ်ချုပ် အောင်ခင်
၂၄၃။ ဦးအောင်ဌေး
၂၄၄။ ဗိုလ်မှူးကြီး အောင်ထွန်း
၂၄၅။ ဦးအောင်မြင့်
၂၄၆။ ဦးအောင်မြင့်
၂၄၇။ ဗိုလ်မှူးကြီး အောင်ရဲကျော်
၂၄၈။ ဗိုလ်မှူးကြီး အောင်ဝင်း
၂၄၉။ ဒုတိယဗိုလ်မှူးကြီး အောင်သန်း

၂၅၀။ ဦးအောင်သိန်း
၂၅၁။ ဦးအောင်သိန်း
၂၅၂။ ဦးအုန်းကြည်
၂၅၃။ ဦးအုန်းစိန်
၂၅၄။ ဦးအုန်းမောင်
၂၅၅။ ဦးအုန်းမြင့်
၂၅၆။ ဦးအိပ်ချိုင့်ဇမ်း
၂၅၇။ ဦးအမ်ဆင်ဆားရ
၂၅၈။ ဦးအုန်းကျော်
၂၅၉။ ဗိုလ်မှူးကြီး အယ်လ်ကွန်ဖန်
၂၆၀။ ဒုတိယ ဗိုလ်မှူးကြီး ဧးခိုင်



ပါတီညီလာခံ စတုတ္ထနှေအစည်းအဝေးတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဝင်များကို ရွေးချယ်တင်မြှောက်ရန် လမ်းစဉ်ပါတီဥက္ကဋ္ဌ ဦးနေဝင်းနှင့် ပါတီညီလာခံကိုယ်စားလှယ်များ ဆန္ဒမဲပေးကြစဉ်

စတုတ္ထအကြိမ် ပါတီညီလာခံ ပဉ္စမနှေ အစည်းအဝေး၌ ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုကော်မတီဝင်များက သဘာပတိအဖွဲဝင်များရှေမှောက်တွင် ကတိသစ္စာပြုကြစဉ်



ဗဟိုဦးဆောင်ကော်မတီများ

မဂ်လာဒုံ ဗဟိုနိုင်ငံရေးတက္ကသိုလ်ရှိ အစည်းအဝေးခန်းမ၌ ၁၉၈၁ ခုနှစ် သြဂုတ်လ ၇ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပသော မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေး၌ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုဦးဆောင်ကော်မတီ အသီးသီးကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်လိုက်သည်။

ဗဟိုအလုပ်အမှုဆောင် ကော်မတီ

၁။ ဦးနေဝင်း ဥက္ကဋ္ဌ
၂။ ဦးသောင်းကြည် အထွေထွေအတွင်းရေးမှူး
၃။ ဒုတိယ ဗိုလ်ချုပ်ကြီး အေးကို တွဲဖက်အထွေထွေအတွင်းရေးမှူး

ကော်မတီဝင်များ

၄။ ဗိုလ်ချုပ်ကြီး သူရ ကျော်ထင်
၅။ ဦးချစ်လှိုင်
၆။ သူရ ဦးစောဖြူ
၇။ ဦးစိန်ထွန်း
၈။ ဦးစိန်လွင်
၉။ ဦးဇော်ဝင်း
၁၀။ ဗိုလ်မှူးချုပ် တင်ဦး
၁၁။ သူရ ဦးထွန်းတင်
၁၂။ ဗိုလ်ချုပ် မင်းဂေါင်
၁၃။ ဒေါက်တာ မောင်မောင်
၁၄။ ဦးမောင်မောင်ခ
၁၅။ ဦးရဲခေါင်

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းကြည်သည် ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ နံနက်တွင် ကွယ်လွန်သွားသဖြင့် လစ်လပ်သွားသော ပါတီအထွေထွေ အတွင်းရေးမှူး နေရာအတွက် တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးအေးကိုအား ပါတီအထွေထွေအတွင်းရေးမှူး အဖြစ်လည်းကောင်း၊ လစ်လပ်သွားသော တွဲဖက်အထွေထွေအတွင်းရေးမှူးနေရာတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဗိုလ်မှူးချုပ်တင်ဦးအား လည်းကောင်း ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသော မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ စတုတ္ထအကြိမ် မြောက် အစည်းအဝေး၌ ဗဟိုကော်မတီဝင်များက လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ကြသည်။

၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပသော မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ပဉ္စမ အကြိမ် အစည်းအဝေးမှ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီတွင် လစ်လပ်သည့် ဗဟို အလုပ်အမှုဆောင် ကော်မတီဝင်နေရာအတွက် ဒုတိယ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ် ထွန်းရီအား လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်သည်။

သို့ဖြစ်၍ လက်ရှိ ဗဟိုအလုပ်အမှုဆောင် ကော်မတီသည် အောက်ပါအတိုင်း ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင် ကော်မတီ

၁။ ဦးနေဝင်း ဥက္ကဋ္ဌ
၂။ ဦးအေးကို အထွေထွေအတွင်းရေးမှူး
၃။ ဗိုလ်မှူးချုပ် တင်ဦး တွဲဖက်အထွေထွေအတွင်းရေးမှူး

ကော်မတီဝင်များ

၄။ ဗိုလ်ချုပ်ကြီး သူရ ကျော်ထင်
၅။ ဦးချစ်လှိုင်
၆။ သူရ ဦးစောဖြူ
၇။ ဦးစိန်ထွန်း
၈။ ဦးစိန်လွင်
၉။ ဦးဇော်ဝင်း
၁၀။ သူရ ဦးထွန်းတင်
၁၁။ ဗိုလ်ချုပ် ထွန်းရီ
၁၂။ ဗိုလ်ချုပ် မင်းဂေါင်
၁၃။ ဒေါက်တာ မောင်မောင်
၁၄။ ဦးမောင်မောင်ခ
၁၅။ ဦးရဲခေါင်

ပါတီလုပ်ငန်းစဉ်ရေးကော်မတီ

၁။	ဦးစန်းယု	ဥက္ကဋ္ဌ
၂။	ဦးဘသော်	အတွင်းရေးမှူး
၃။	ဦးကြား	ကော်မတီဝင်
၄။	ဦးခင်မောင်	။
၅။	ဗိုလ်မှူးကြီး စိန်ဝင်း	။
၆။	ဦးညွန့်သိမ်း	။
၇။	ဦးထိန်လင်း	။
၈။	ဦးမောင်ညို	။
၉။	ဦးမန်းစံမြတ်ရွှေ	။

ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီ

၁။	သူရဦးမင်းသိမ်း	ဥက္ကဋ္ဌ
၂။	ဦးခင်အေး	အတွင်းရေးမှူး
၃။	သူရဦးကျင်တင်	ကော်မတီဝင်
၄။	ဦးစောစိုးညွန့်	။
၅။	ဗိုလ်မှူးကြီး စိုးမြင့်	။
၆။	ဦးစိုင်းသက်မွန်	။
၇။	ဦးတင်အောင်	။
၈။	ဦးထွန်းဘင်	။
၉။	ဦးပီတာလဆန်ဂေါင်	။
၁၀။	ဦးပေါ်ခန်သန်း	။
၁၁။	ဦးဗန်ကူး	။
၁၂။	ဗိုလ်မှူးကြီး ဘသိန်း	။
၁၃။	ဦးမျိုးညွန့်	။
၁၄။	ဗိုလ်မှူးကြီး လူမော်	။
၁၅။	ဦးလှဖြူသံ	။
၁၆။	ဗိုလ်မှူးကြီး သောင်းဒန်	။
၁၇။	ဒုတိယဗိုလ်မှူးကြီး သိန်းအောင်	။
၁၈။	ဗိုလ်မှူးကြီး အောင်ဝင်း	။
၁၉။	ဦးအုန်းကြည်	။
၂၀။	ဦးအိပ်ချ်ဒိုင်မ်း	။

ဗဟိုအလုပ်အမှုဆောင်ကော်မတီကို အထောက်အကူပြုရမည့် အတွင်းရေးမှူးများ

၁။ ဦးထွေးဟန်
၂။ ဦးသန်းလွင်
၃။ ဦးသိန်းဌေ
၄။ ဦးဝင်းမောင်

ဗဟိုဌာနမှူးများ

၁။	ဦးညိန်းမောင်	စည်းရုံးရေးဌာနမှူး
၂။	ဦးကျော်စိန်ဝင်း	စီမံခန့်ခွဲရေးဌာနမှူး
၃။	ဦးတင်လတ်	ပညာပေးရေးဌာနမှူး

ဗဟိုလုပ်ငန်းအဖွဲ့အစည်း ဌာနမှူးများ

၁။	ဗိုလ်ချုပ် မင်းဂေါင်	ဗဟိုနိုင်ငံရေးတက္ကသိုလ် ကျောင်းအုပ်ကြီး
၂။	ဦးခင်မောင်ကြည်	ပါတီစာနယ်ဇင်းဌာနမှူး
၃။	ဦးသိန်းတန်	ပါတီသုတေသနဌာနမှူး

ဗဟိုနိုင်ငံရေးတက္ကသိုလ်

၁။	ဦးညိန်းဟန်	ဒုတိယ ကျောင်းအုပ်ကြီး သင်ကြားပို့ချရေး ညွှန်ကြားရေးမှူး
၂။	ဦးလှထွန်း	

ဘဏ္ဍာရေးနှင့်အမျိုးသား စီမံကိန်းရေးရာကော်မတီ

၁။	ဦးဟန်ရွှေ	အတွင်းရေးမှူး
၂။	ဦးစိုင်းမိုင်း	ကော်မတီဝင် (အချိန်ပြည့်)
၃။	ဦးခင်မောင်သိန်း	ကော်မတီဝင် (အချိန်ပြည့်)
၄။	ဦးသိန်းထွန်း	ကော်မတီဝင် (အချိန်ပြည့်)
၅။	ဦးတင်မောင်	ကော်မတီဝင် (အချိန်ပြည့်)

၆။	ဒေါက်တာ မောင်ရှိန်	ကော်မတီဝင်	(အချိန်ပိုင်း)
၇။	ဦးအေးကို	ကော်မတီဝင်	(အချိန်ပိုင်း)
၈။	ဗိုလ်ချုပ် အောင်ခင်	ကော်မတီဝင်	(အချိန်ပိုင်း)
၉။	ဦးလှတင့်	ကော်မတီဝင်	(အချိန်ပိုင်း)

စက်မှုလက်မှုနှင့်သယံဇာတပစ္စည်း ဆိုင်ရာရေးရာကော်မတီ

၁။	ဦးကျော်သန့်	အတွင်းရေးမှူး	
၂။	ဦးစိန်လှိုင်	ကော်မတီဝင်	(အချိန်ပြည့်)
၃။	ဦးသန်းမောင်	ကော်မတီဝင်	(အချိန်ပြည့်)
၄။	ဗိုလ်ကြီး သိန်းဟန်	ကော်မတီဝင်	(အချိန်ပြည့်)
၅။	ဦးမောင်ချို	ကော်မတီဝင်	(အချိန်ပိုင်း)
၆။	ဦးတင့်ဆွေ	ကော်မတီဝင်	(အချိန်ပိုင်း)
၇။	ဦးမောင်အုံး	ကော်မတီဝင်	(အချိန်ပိုင်း)

သမဝါယမ၊ စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောရေးရာကော်မတီ

၁။	ဒေါက်တာ ချစ်	အတွင်းရေးမှူး	
၂။	ဦးကံကြီး	ကော်မတီဝင်	(အချိန်ပြည့်)
၃။	ဦးကမ်တဲ့	ကော်မတီဝင်	(အချိန်ပြည့်)
၄။	ဦးမောင်မောင်ဦး	ကော်မတီဝင်	(အချိန်ပြည့်)
၅။	ဦးမောင်မောင်	ကော်မတီဝင်	(အချိန်ပြည့်)
၆။	ဗိုလ်မှူးကြီး အောင်ရဲကျော်	ကော်မတီဝင်	(အချိန်ပိုင်း)
၇။	ဦးကျော်ထိန်	ကော်မတီဝင်	(အချိန်ပိုင်း)
၈။	ဗိုလ်မှူးကြီး သန်းလှ	ကော်မတီဝင်	(အချိန်ပိုင်း)
၉။	ဦးခင်မောင်ရီ	ကော်မတီဝင်	(အချိန်ပိုင်း)

ကူးသန်းရောင်းဝယ်ရေး၊ ဆောက်လုပ်ရေးနှင့် ဆက်သွယ်ရေးရာကော်မတီ

၁။	ဦးတင်အုန်း	အတွင်းရေးမှူး	
၂။	ဦးအုန်းစိန်	ကော်မတီဝင်	(အချိန်ပြည့်)
၃။	ဦးထွန်းရီ	ကော်မတီဝင်	(အချိန်ပြည့်)
၄။	ဦးအေးဖေ	ကော်မတီဝင်	(အချိန်ပြည့်)
၅။	ဦးခင်မောင်ကြီး	ကော်မတီဝင်	(အချိန်ပိုင်း)
၆။	ဦးလှထွန်း	ကော်မတီဝင်	(အချိန်ပိုင်း)
၇။	ဦးသန်းတင်	ကော်မတီဝင်	(အချိန်ပိုင်း)

သိပ္ပံနှင့်နည်းပညာရေးရာကော်မတီ

၁။	ဦးလှမိုး	အတွင်းရေးမှူး	
၂။	ဦးတင်အေး	ကော်မတီဝင်	(အချိန်ပြည့်)
၃။	ဦးသောင်းဝင်းဦး	ကော်မတီဝင်	(အချိန်ပြည့်)
၄။	ဦးခင်မောင်သန်း	ကော်မတီဝင်	(အချိန်ပြည့်)
၅။	ဗိုလ်မှူးကြီး လှဘူး	ကော်မတီဝင်	(အချိန်ပိုင်း)
၆။	ဦးလှိုင်မြင့်	ကော်မတီဝင်	(အချိန်ပိုင်း)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးရာကော်မတီ

၁။	ဦးကျော်မင်း	အတွင်းရေးမှူး	
၂။	ဦးမင်းဇင်	ကော်မတီဝင်	(အချိန်ပြည့်)
၃။	ဗိုလ်မှူးကြီး ကျော်သိန်း	ကော်မတီဝင်	(အချိန်ပြည့်)
၄။	ဦးစောဘာနီ	ကော်မတီဝင်	(အချိန်ပြည့်)
၅။	ဗိုလ်မှူးချုပ် မောင်မောင်ဝင်း	ကော်မတီဝင်	(အချိန်ပိုင်း)
၆။	ဗိုလ်မှူးချုပ် ကိုကြီး	ကော်မတီဝင်	(အချိန်ပိုင်း)
၇။	ဗိုလ်ချုပ် ထွန်းရီ	ကော်မတီဝင်	(အချိန်ပိုင်း)
၈။	ဗိုလ်မှူးကြီး လှမော်	ကော်မတီဝင်	(အချိန်ပိုင်း)

လူထုလူတန်းစားအဖွဲ့အစည်းများ ရေးရာကော်မတီ

၁။	ဦးအောင်ခင်	အတွင်းရေးမှူး	
၂။	ဦးခင်မောင်ထိန်	ကော်မတီဝင်	(အချိန်ပြည့်)
၃။	ဦးမြမောင်	ကော်မတီဝင်	(အချိန်ပြည့်)
၄။	ဦးစောမြင့်သိန်း	ကော်မတီဝင်	(အချိန်ပြည့်)
၅။	ဦးစိုင်းစံထွန်း	ကော်မတီဝင်	(အချိန်ပြည့်)
၆။	ဦးသန်းယု	ကော်မတီဝင်	(အချိန်ပိုင်း)
၇။	သူရဦးတင်မြတ်	ကော်မတီဝင်	(အချိန်ပိုင်း)
၈။	ဦးလှရွှေ	ကော်မတီဝင်	(အချိန်ပိုင်း)
၉။	ဦးမောင်မောင်	ကော်မတီဝင်	(အချိန်ပိုင်း)

အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးနှင့် နိုင်ငံခြားရေးရာကော်မတီ

၁။	ဦးမင်းကြည်	အတွင်းရေးမှူး	
၂။	ဦးတိုက်စိုး	ကော်မတီဝင်	(အချိန်ပြည့်)
၃။	ဦးခင်မောင်သန်း	ကော်မတီဝင်	(အချိန်ပြည့်)

၄။	ဦးစန်ဝင်း	ကော်မတီဝင် (အချိန်ပြည့်)
၅။	ဦးမြင့်မောင်	ကော်မတီဝင် (အချိန်ပိုင်း)
၆။	ဦးလှဘုန်း	ကော်မတီဝင် (အချိန်ပိုင်း)

တရားဥပဒေနှင့်ပြည်သူ့စီမံခန့်ခွဲရေးရာကော်မတီ

၁။	ဦးအုန်းမောင်	အတွင်းရေးမှူး
၂။	ဦးအင်ဒီဇော်တောင်	ကော်မတီဝင် (အချိန်ပြည့်)
၃။	ဒုတိယဗိုလ်မှူးကြီးမင်းဒင်	ကော်မတီဝင် (အချိန်ပြည့်)
၄။	ဦးအေးဖေ	ကော်မတီဝင် (အချိန်ပြည့်)
၅။	ဗိုလ်မှူးကြီး ဘိုနီ	ကော်မတီဝင် (အချိန်ပိုင်း)
၆။	ဗိုလ်မှူးကြီး ကံညွန့်	ကော်မတီဝင် (အချိန်ပိုင်း)
၇။	ဦးသိမ်းအောင်	ကော်မတီဝင် (အချိန်ပိုင်း)

ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဝန်ထမ်းရေးရာကော်မတီ

၁။	ဦးဖေလိန်းမောင်	အတွင်းရေးမှူး
၂။	ဒေါ်မေမေအောင်	ကော်မတီဝင် (အချိန်ပြည့်)
၃။	ဦးငွေစိုး	ကော်မတီဝင် (အချိန်ပြည့်)
၄။	ဦးချစ်အောင်	ကော်မတီဝင် (အချိန်ပြည့်)
၅။	ဦးစောနေဝေထူး	ကော်မတီဝင် (အချိန်ပြည့်)
၆။	ဦးကျော်ငြိမ်း	ကော်မတီဝင် (အချိန်ပိုင်း)
၇။	ဦးအောင်ဌေး	ကော်မတီဝင် (အချိန်ပိုင်း)

နိုင်ငံရေးပညာပေးနှင့်ယဉ်ကျေးမှုရေးရာကော်မတီ

၁။	ဦးအုန်းမြင့်	အတွင်းရေးမှူး
၂။	ဦးမြမောင်	ကော်မတီဝင် (အချိန်ပြည့်)
၃။	ဦးကံလှဘွဲ့	ကော်မတီဝင် (အချိန်ပြည့်)
၄။	ဦးဖိုးလစ်ဆမ်	ကော်မတီဝင် (အချိန်ပြည့်)
၅။	ဦးအောင်ကျော်မြင့်	ကော်မတီဝင် (အချိန်ပိုင်း)
၆။	ဗိုလ်မှူးချုပ် စောမောင်	ကော်မတီဝင် (အချိန်ပိုင်း)

ကချင်ပြည်နယ် ဒေသပါတီကော်မတီ

၁။	ဗိုလ်မှူးကြီး အယ်လ်ကွန်ဖန်	ဥက္ကဋ္ဌ
၂။	ဦးလအုန်းယော်	အတွင်းရေးမှူး
၃။	ဦးမြင့်ဆွေ	ကော်မတီဝင်
၄။	ဦးအမ်ဆင်ဆားရ်	ကော်မတီဝင်
၅။	ဦးလျေနော	ကော်မတီဝင်

ကယားပြည်နယ် ဒေသပါတီကော်မတီ

၁။	ဦးသာရှင်း	ဥက္ကဋ္ဌ
၂။	ဦးစောလှရွှေ	အတွင်းရေးမှူး
၃။	ဦးပန်းမိုင်	ကော်မတီဝင်
၄။	ဦးအောင်သိန်း	ကော်မတီဝင်
၅။	ဦးဂိုက်တားနို	ကော်မတီဝင်

ကရင်ပြည်နယ် ဒေသပါတီကော်မတီ

၁။	ဦးကျော်ခင်ဝင်း	ဥက္ကဋ္ဌ
၂။	ဦးစောဟန်သိန်း	အတွင်းရေးမှူး
၃။	ဦးစောအောင်ထူး	ကော်မတီဝင်
၄။	ဦးနိုင်ဘထွန်း	ကော်မတီဝင်
၅။	ဦးစောဘိုးနီ	ကော်မတီဝင်

ချင်းပြည်နယ် ဒေသပါတီကော်မတီ

၁။	ဒုတိယဗိုလ်မှူးကြီး အိုးကေကင်(မ်)ငင်း	ဥက္ကဋ္ဌ
၂။	ဦးစိန်ခေါ်ဦင်	အတွင်းရေးမှူး
၃။	ဦးလျန်ကြီး	ကော်မတီဝင်
၄။	ဦးပေါင်ဒိုနန်	ကော်မတီဝင်
၅။	ဦးသွန်ခါးရ်	ကော်မတီဝင်

စစ်ကိုင်းတိုင်း ဒေသပါတီကော်မတီ

၁။	ဗိုလ်မှူးချုပ် သန်းညွန့်	ဥက္ကဋ္ဌ
၂။	ဦးငွေးအောင်	အတွင်းရေးမှူး
၃။	ဦးခင်မောင်	ကော်မတီဝင်
၄။	ဦးဘုန်းလှိုင်	ကော်မတီဝင်
၅။	ဦးကျော်ငြိမ်း	ကော်မတီဝင်
၆။	ဦးလှစိုး	ကော်မတီဝင်
၇။	ဦးလော်ပေါ်ရော်	ကော်မတီဝင်

တနင်္သာရီတိုင်း ဒေသပါတီကော်မတီ

၁။	ဦးရဲဝင်း	ဥက္ကဋ္ဌ
၂။	ဦးထွန်းမြ	အတွင်းရေးမှူး
၃။	ဦးအေး	ကော်မတီဝင်
၄။	ဦးစံလင်း	ကော်မတီဝင်
၅။	ဒုတိယဗိုလ်မှူးကြီး အောင်သန်း	ကော်မတီဝင်

ပဲခူးတိုင်း ဒေသပါတီကော်မတီ

၁။	ဦးပီကျော်ဟန်	ဥက္ကဋ္ဌ
၂။	ဦးအောင်မြင့်	အတွင်းရေးမှူး
၃။	ဦးသန့်စင်	ကော်မတီဝင်
၄။	ဦးသိမ်းတင်	ကော်မတီဝင်
၅။	ဦးစောရိန်းဘိုး	ကော်မတီဝင်
၆။	ဒေါ်အေးမြင့်	ကော်မတီဝင်
၇။	ဒုတိယဗိုလ်မှူးကြီး ထွန်းကျော်	ကော်မတီဝင်

မကွေးတိုင်း ဒေသပါတီကော်မတီ

၁။	ဦးလှမောင်	ဥက္ကဋ္ဌ
၂။	ဦးစံညွန့်	အတွင်းရေးမှူး
၃။	ဦးမောင်နှစ်	ကော်မတီဝင်
၄။	ဦးဘုန်းခင်	ကော်မတီဝင်
၅။	ဦးသိန်းအောင်	ကော်မတီဝင်
၆။	ဦးနိုင်ဝင်း	ကော်မတီဝင်
၇။	ဦးတိုက်ကြွယ်	ကော်မတီဝင်

မန္တလေးတိုင်း ဒေသပါတီကော်မတီ

၁။	ဦးရဲမြင့်	ဥက္ကဋ္ဌ
၂။	ဦးမြမောင်	အတွင်းရေးမှူး
၃။	ဦးသန်းဦး	ကော်မတီဝင်
၄။	ဦးအောင်ကျင်	ကော်မတီဝင်
၅။	ဦးကျော်အေး	ကော်မတီဝင်
၆။	ဦးတင်လှ	ကော်မတီဝင်
၇။	ဦးသာထွန်း	ကော်မတီဝင်

မွန်ပြည်နယ် ဒေသပါတီကော်မတီ

၁။	ဗိုလ်မှူးချုပ် ဖေမြိုင်	ဥက္ကဋ္ဌ
၂။	ဦးကျော်စိန်	အတွင်းရေးမှူး
၃။	ဦးရွှေသင်	ကော်မတီဝင်
၄။	ဦးဝင်းရှိန်	ကော်မတီဝင်
၅။	ဗိုလ်မှူးကြီး အောင်ထွန်း	ကော်မတီဝင်

ရခိုင်ပြည်နယ် ဒေသပါတီကော်မတီ

၁။	ဗိုလ်မှူးကြီး စိုးမြင့်	ဥက္ကဋ္ဌ
၂။	ဦးကျော်မောင်	အတွင်းရေးမှူး
၃။	ဗိုလ်မှူး ကျော်မောင်	ကော်မတီဝင်
၄။	ဦးစံသိန်း	ကော်မတီဝင်
၅။	ဦးညီညီ	ကော်မတီဝင်

ရန်ကုန်တိုင်း ဒေသပါတီကော်မတီ


၁။	ဦးအောင်သိန်း	ဥက္ကဋ္ဌ
၂။	ဦးစံထွန်း	အတွင်းရေးမှူး
၃။	ဒုတိယဗိုလ်မှူးကြီး ကျော်မြင့်	ကော်မတီဝင်
၄။	ဦးတင်စိုး	ကော်မတီဝင်
၅။	ဦးဘစိန်	ကော်မတီဝင်
၆။	ဦးလှမင်း	ကော်မတီဝင်
၇။	ဦးကျော်သန်း	ကော်မတီဝင်

ရှမ်းပြည်နယ် ဒေသပါတီကော်မတီ

၁။	ဗိုလ်မှူးကြီး အေးစန်	ဥက္ကဋ္ဌ
၂။	ဦးဌေးဆိုင်	အတွင်းရေးမှူး
၃။	ဦးမြလွင်	ကော်မတီဝင်
၄။	ဒုတိယဗိုလ်မှူးကြီး ထွန်းရင်လော	ကော်မတီဝင်
၅။	ဦးဘမြူ	ကော်မတီဝင်
၆။	ဦးကျော်ထွန်း	ကော်မတီဝင်
၇။	ဦးစဝ်ညွန့်အောင်	ကော်မတီဝင်
၈။	ဒေါ်ကြူကြူမား	ကော်မတီဝင်
၉။	ဦးစိုင်းမြတ်အောင်	ကော်မတီဝင်
၁၀။	ဦးညိုအေး	ကော်မတီဝင်
၁၁။	ဦးတော်မိဟန်	ကော်မတီဝင်

ရောဝတီတိုင်း ဒေသပါတီကော်မတီ

၁။	ဗိုလ်မှူးကြီး မြင့်လွင်	ဥက္ကဋ္ဌ
၂။	ဦးထွန်းမြိုင်	အတွင်းရေးမှူး
၃။	ဒုတိယဗိုလ်မှူးကြီး ဧးခိုင်	ကော်မတီဝင်
၄။	ဦးသောင်းညွန့်	ကော်မတီဝင်
၅။	ဦးထွန်းအေး	ကော်မတီဝင်
၆။	ဦးသိန်းထွန်း	ကော်မတီဝင်
၇။	ဦးမန်းလှသိန်း	ကော်မတီဝင်




ဂရုနှံ

ယနေ့ကမ္ဘာတွင် ရေနံသည် လိုသည်ထက်ပို၍ ထွက်ရှိနေသည်ဟုဆိုသည်။ သို့သော် ဤကဲ့သို့ရေနံပိုလျှံနေသည်မှာ စီးပွားရေးနှင့် နိုင်ငံရေးစစ်ပွဲများကြောင့် ယာယီအခိုက်အတန့်အားဖြင့် ပိုလျှံနေခြင်း ဖြစ်သည်။ ကမ္ဘာကြီး၏ မြေအောက်တွင်ရှိသော ရေနံသိုက်များရှိ ရေနံပမာဏမှာမူ တနေ့တခြား လျော့နည်းလျက်ရှိနေပြီ ဖြစ်သည်။ ကမ္ဘာ့စီးပွားရေး၊ လူမှုရေးနှင့်စက်မှုလက်မှု လုပ်ငန်းများ ရှင်သန်တိုးတက်ရေးအတွက် ကမ္ဘာ့ရေနံပမာဏ တိုးတက်လာရန် ရေနံကို ဆတက်ထမ်းပိုး တိုးတက်ရှာဖွေရန် လိုအပ်နေပြီ ဖြစ်သည်။

ခရစ်မပေါ်မီ ဘီစီ ငါးရာစု အတွင်းကပင် ရေနံကို သုံးစွဲလျက် ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။ ထိုစဉ်က ကမ္ဘာအနှံ့တွင် မြေပြင်ပေါ်ရှိ ကျောက်များမှ ယိုစီးစိမ့်ထွက်နေသည့် ရေနံများကို အဓိကအားဖြင့် မီးထွန်းညှိရာတွင် အသုံးပြုခဲ့ကြသည်။ ရှေးယခင်က ရေနံကို လက်နှင့် တူးဖော် ထုတ်လုပ်ခဲ့ကြသည်။ စက်ဖြင့် စနစ်တကျ ရေနံတူးဖော် ထုတ်လုပ်ခြင်းကို ခရစ်နှစ် ၁၇၅၉ ခုတွင်မှ စတင်ခဲ့သည်ဟု အဆိုရှိသည်။

ရေနံသည် အဓိကလောင်စာ ဖြစ်သည်။ ရေနံတွင် ဟိုက်ဒရိုကျင်နှင့် ကာဗွန်တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ဟိုက်ဒရိုကာဗွန် ဓာတ်ပေါင်းများ အဓိကပါဝင်ပေသည်။ ဘဘာဝဓာတ်ငွေ့နှင့် ရေနံသည် ဆက်စပ်လျက်ရှိသည်။ သဘာဝဓာတ်ငွေ့တွင်လည်း မီသိန်းဓာတ်ငွေ့ အစရှိသော ပေါ့ပါးသည့် ဟိုက်ဒရိုကာဗွန်များ အဓိကပါဝင်သည်။ သဘာဝဓာတ်ငွေ့၏ ထူးခြား ချက် သည် အလွယ်တကူ မီးလောင်ကျွမ်းနိုင်ခြင်းဖြစ်၍ လောင်စာအဖြစ် အလွယ်တကူ အသုံးပြုနိုင်သည်။ မြေအောက်ဘူမိဗေဒ အနေအထားများတွင် သဘာဝဓာတ်ငွေ့ကို ရေနံတွင် ပျော်ဝင်လျက်လည်းကောင်း၊ ရေနံသိုက်၏အပေါ်ပိုင်းတွင် ရေနံနှင့် ဆက်စပ်လျက်လည်းကောင်း၊ ရေနံမရှိပဲ သီးခြားသဘာဝဓာတ်ငွေ့သိုက်အဖြစ်လည်းကောင်း တွေ့ရှိရသည်။

ရေနံသည် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အဓိကလောင်စာဖြစ်သည်။ ဓာတ်ဆီ၊ ရေနံဆီ၊ လေယာဉ်ဆီ၊



ဂျပန်နိုင်ငံမှ ကမ္ဘာ့ အကြီးဆုံး ပူကျွိုးမား နျူးကလီးယားစက်ရုံ

ဒီဇယ်ဆီ၊ မီးထိုးဆီ၊ ဖယောင်း၊ ကတ္တရာစေးနှင့် ရေနံမီးသွေး စသည်များကို ရေနံမှ ချက်လုပ်ရရှိသည်။ သဘာဝဓာတ်ငွေ့မှ ရရှိသော အပူစွမ်းအင်ကို အိမ်သုံးအဖြစ် လည်းကောင်း၊ လျှပ်စစ် ဓာတ်အားပေး စက်ရုံများ လည်ပတ်ရန်လည်းကောင်း ကျယ်ပြန့်စွာအသုံးပြုကြသည်။ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းများကို အခြေခံကုန်ကြမ်း ပစ္စည်းများအဖြစ် အသုံးပြု၍ ချည်မျှင်အမျိုးမျိုး၊ ပလတ်စတစ်ကုန်ကြမ်းအမျိုးမျိုး၊ ဓာတုဗေဒ ဆာဘာအမျိုးမျိုး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတု ဆေးအမျိုးမျိုးကို ထုတ်လုပ်နိုင်သည်။

ကမ္ဘာ့ရေနံစျေးနှုန်း

ရေနံကို နိုင်ငံရေးလက်နက်အဖြစ် အသုံးမပြုမီက ရေနံစွမ်းအင်၏ အရေးပါမှုကို သတိမမူ ဂူမမြင် ဖြစ်ခဲ့ကြသည်။ ရေနံကို ဖောဖောသီသီ သုံးလာခဲ့ကြသည်။ ၁၉၇၃ ခုနှစ်တွင် ရေနံကို အာရပ်နိုင်ငံများက နိုင်ငံရေး လက်နက်အဖြစ် အသုံးပြုလာကြသည့်အခါ လောင်စာ အကျပ်အတည်းနှင့် ကြုံတွေ့ကြရပေသည်။ ကမ္ဘာ့ရေနံစျေးနှုန်းများသည် တိုးမြင့်လာခဲ့သည်။ ၁၉၇၃ ခု၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ရေနံစိမ်းစျေးနှုန်းမှာ တပီပါလျှင် အမေရိကန် ဒေါ်လာ ၃ ဒသမ ၀၁ ဖြစ်သည်။ ၁၉၇၃ ခု၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၇ သို့ စျေးနှုန်းခုန်တက်ခဲ့သည်။ ၁၉၇၄ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့သို့ ရောက်သောအခါ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၅ သို့ စျေးနှုန်းခုန်တက်သွားပြန်သည်။ ရေနံထုတ်လုပ်ရောင်းချသော နိုင်ငံများအဖွဲ့(အိုပက်)မှ ရေနံစိမ်းရောင်း စျေးနှုန်းတိုးတက်ခဲ့ခြင်းကို အောက်ပါ ဇယားတွင် ဖော်ပြထားသည်။

ရေနံထုတ်လုပ်ရောင်းချသော နိုင်ငံများအဖွဲ့မှ ရေနံစိမ်း တပီပါလျှင် သတ်မှတ်ရောင်းစျေးနှုန်း (ပျမ်းမျှ)	
ခုနှစ်	အမေရိကန်ဒေါ်လာ
၁၉၇၃	၃.၃၉
၁၉၇၄	၁၁.၂၈
၁၉၇၅	၁၁.၀၂
၁၉၇၆	၁၁.၇၇
၁၉၇၇	၁၂.၈၈
၁၉၇၈	၁၂.၉၃
၁၉၇၉	၁၈.၆၄
၁၉၈၀	၃၀.၉၆
၁၉၈၁	၄၀.၀၀

ရေနံ အကျပ်အတည်း မပေါ်မီက ကမ္ဘာ့ရေနံသုံးစွဲမှု သည်တနှစ်လျှင် ၅ ရာခိုင်နှုန်း တိုးတက်လျက် ရှိခဲ့သည်။ ဤတိုးတက်နှုန်း အတိုင်းသာဆိုလျှင် ကမ္ဘာ၏ ရေနံလိုအပ်ချက်မှာ တနှေ့လျှင် ရေနံပီပါသန်းပေါင်း ၇၀ ရှိပေလိမ့်မည်။ ၁၉၉၀ ပြည့်နှစ်တွင် ရေနံပီပါသန်းပေါင်း ၁၀၀ လိုပေလိမ့်မည်။ ဤမျှ များပြားသော ရေနံကို ကမ္ဘာ၏ ရေနံပမာဏနှင့် ထုတ်လုပ်ပေးနိုင်စွမ်း ရှိမည်မဟုတ်ပေ။ ထို့ကြောင့် ရေနံသုံးစွဲမှု တိုးတက်လာခြင်းကို ထိန်းချုပ်နိုင်ရန် ရေနံစျေးနှုန်း တဖြည်းဖြည်းတိုးမြင့်လာရမည် ဖြစ်လေသည်။ သို့သော် ရေနံကိုနိုင်ငံရေးလက်နက်အဖြစ်အသုံးပြုလိုက်ခြင်းကြောင့် ရေနံစျေးနှုန်း ဖြည်းဖြည်းမှန်မှန် တက်လာရမည့်အစား တဟုန်တိုး တိုးမြင့် လာခဲ့ရခြင်းဖြစ်လေသည်။

ရေနံစျေးနှုန်း အဆမတန်မြင့်မားလာခဲ့သဖြင့် ရေနံကို ချွေတာသုံးစွဲလာကြသည်။ သို့သော် တနှစ်ပြီးတနှစ် ရေနံစျေးနှုန်း ပိုမိုမြင့်မားလာသဖြင့် ငွေကို တနှစ်ထက်တနှစ် ပိုမိုသုံးစွဲခဲ့ရသည်။ အမေရိကန်ပြည်ထောင်စုသည် ရေနံအကျပ်အတည်းကြောင့် အလူးအလဲခံခဲ့ရသည်။ ၁၉၇၉ ခုနှစ်တွင် ရေနံကို တနေ့ပျမ်းမျှပီပါ ဂ ဒသမ ၂ သန်း ဝယ်ယူ တင်သွင်းခဲ့ရ၍ တနှစ်တာကုန်ကျငွေပေါင်းသည် ဒေါ်လာသန်းပေါင်း ၆၄,၀၀၀ ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်တွင် တနေ့ပျမ်းမျှရေနံပီပါ သန်းပေါင်း ၆ ဒသမ ဂ သာ ဝယ်ယူခဲ့သော်လည်း ရေနံစျေးနှုန်း တက်လာခဲ့သဖြင့် ဒေါ်လာသန်းပေါင်း ဂ၇,၀၀၀ ကုန်ကျခဲ့ရသည်။ ၁၉၈၁ ခုနှစ်တွင် ရေနံတပီပါလျှင် (ပျမ်းမျှ) အမေရိကန်ဒေါ်လာ ၄၀ ဖြစ်၍ အမြင့်ဆုံးဖြစ်သည်။ ၁၉၈၂ ခု နှစ်ဦးပိုင်းတွင်မူ ရေနံစျေးနှုန်း သိသိသာသာ ကျဆင်းလာသည်။

အိုပက်၏ တရားဝင်စျေးနှုန်းသည် ရေနံတပီပါလျှင် ၃၄ ဒေါ်လာအထိ ကျဆင်းလာသည်။ ဗြိတိန်နိုင်ငံ မြောက်ပင်လယ်မှထွက်သည့် ရေနံစိမ်း စျေးနှုန်းသည် ရေနံတပီပါလျှင် ၃၁ ဒေါ်လာအထိ ကျဆင်းခဲ့သည်။ အိုပက်၏ ရေနံထုတ်လုပ်မှုသည် ၁၉၇၉ ခုနှစ်တွင် တနေ့ပျမ်းမျှပီပါ သန်းပေါင်း ၃၀ ဒသမ ၉ ရှိခဲ့ရာမှ ၁၉၈၁ ခုနှစ်တွင် တနေ့ပျမ်းမျှ ၁၆ပီပါသန်းပေါင်း ၂၂ ဒသမ ၅ အထိ ကျဆင်းလာသည်။ ရေနံစျေးနှုန်း ကျဆင်းလာရခြင်း၏ အဓိကအကြောင်းများကိုသုံးသပ်လျှင် အောက်ပါအတိုင်း တွေ့ရသည်။

- ရေနံစျေးနှုန်း အဆမတန် တက်လာသဖြင့် ရေနံကို ချွေတာသုံးစွဲလာကြခြင်း၊
- ကမ္ဘာတဝန်းလုံး စီးပွားရေးကျဆင်းလာပြီး ကုန်ထုတ်လုပ်မှု ကျဆင်းလာသဖြင့် လောင်စာဆီ လိုအပ်ချက်လည်း လျော့နည်းလာခြင်း၊

- ကမ္ဘာ့ရေနံ သုံးစွဲမှုနည်းပါးလာသော်လည်း ရေနံထုတ်လုပ်မှုသည် သိသိသာသာ လျော့နည်းမလာခြင်း၊
- ပိုလျှံသော ရေနံကို အရင်းရှင်နိုင်ငံများက ဝယ်ယူစုဆောင်း သိုလှောင်ထားကြရာ အတော်အတန် သိုလှောင်မိသည်နှင့် အရင်းရှင်နိုင်ငံများက စျေးကစားကြပြီး ရေနံထုတ်လုပ် ရောင်းချသောနိုင်ငံများကို အကျပ်ကိုင်ကြခြင်း။


(ဥပမာပြရလျှင် ၁၉၇၂ ခု မတ်လ ၂၂ ရက်နေ့၌ အမေရိကန် ပြည်ထောင်စုတွင် သိုလှောင်ထားသော ရေနံမှာ ရက်ပေါင်း ၁၄၀ အတွက် လုံလောက်သည်ဟုဆိုသည်။)

ရေနံစျေးနှုန်း ကျဆင်းလာမှုနှင့်စပ်လျဉ်း၍ အမျိုးမျိုး ဝေဖန်နေကြသည်။ရေနံစျေးနှုန်းကျဆင်းခြင်းသည် ယာယီ အခိုက်အတန့်သာ ဖြစ်သည်။ အရင်းရှင်နိုင်ငံများက ရေနံသိုလှောင်ထားပြီး စျေးကစားကြခြင်းကြောင့် ရေနံစျေးနှုန်းကျဆင်းလာရသည်။ သို့သော် ရေနံကို ရေရှည်ပိုလျှံအောင် အမြဲသိုလှောင်ထားနိုင်မည်မဟုတ် ဟုဆိုကြသည်။ အခြားတဘက်ကလည်း အစားထိုးလောင်စာများ သုံးစွဲလာကြပြီဖြစ်သဖြင့် ရေနံ၏အခန်းကဏ္ဍသည် မှေးမှိန်လာပြီဖြစ်သည်။ ရေနံစျေးနှုန်း ဆက်လက်ကျဆင်းမည်ဟု ဆိုကြပြန်သည်။ မည်သို့ပင်ဆိုစေ ရေနံစျေးနှုန်း ကြီးမြင့်မှုကြောင့် ရေနံကို ချွေတာသုံးစွဲလာကြ၍ ရေနံသည် ပိုလျှံလာခဲ့သည်။ သို့သော် ဤကဲ့သို့ အလျှံပယ်ဖြစ်နေရခြင်းသည် ကမ္ဘာမြေပေါ်တွင်ဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး စစ်ခင်းနေကြခြင်းကြောင့် ဖြစ်လေသည်။ ကမ္ဘာ့မြေအောက်ရှိ ရေနံသိုက်များ၏ ရေနံပမာဏမှာမူ များစွာလျော့နည်းနေပြီ ဖြစ်သည်။

ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ပမာဏ

၁၉၇၉ ခုနှစ်ကုန်တွင်ရှိသည့် ရေနံပမာဏသည် ပီပါသန်းထောင်ပေါင်း ၆၄၁ ဒသမ ၆ ဖြစ်၍ သဘာဝဓာတ်ငွေ့ပမာဏသည် ကုဗပေ သန်းထောင်ပေါင်း ၂၅,၇၃,၂၀၀ ဖြစ်သည်။

ရေနံပမာဏ အများဆုံးရှိသော သုံးနိုင်ငံမှာ ပထမဆအူးဒီအာရေဗျဖြစ်၍ ပီပါသန်းထောင်ပေါင်း ၁၆၁ ဒသမ ၄ ရှိ၏။ ဒုတိယ ဆိုဗီယက်ပြည်ထောင်စုဖြစ်၍ ပီပါသန်းထောင်ပေါင်း ၆၇ ရှိသည်။ တတိယမှာ အီရန်ဖြစ်၍ ပီပါသန်းထောင်ပေါင်း ၅၈ ရှိသည်။ သဘာဝဓာတ်ငွေ့အများဆုံးရှိသော သုံးနိုင်ငံမှာ ပထမ ဆိုဗီယက်ပြည်ထောင်စု (ကုဗပေ သန်းထောင်ပေါင်း ၉,၀၀,၀၀၀)၊ ဒုတိယ အီရန် (ကုဗပေ သန်းထောင်ပေါင်း ၄,၉၀,၀၀၀) နှင့် တတိယ



ကုန်းပိုင်းတွင် တူးဖော်နေသော ရေနံတွင်း တတွင်း


အမေရိကန် ပြည်ထောင်စု (ကုဗပေ သန်း ထောင် ပေါင်း ၁,၉၄,၀၀၀) ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများသည် ၁၉၈၀ ပြည့်နှစ်တွင် တန္နေလျှင် ရေနံပီပါသန်းပေါင်း ၆၀ ခန့် ထုတ်ယူသုံးစွဲခဲ့သည်။ ရှေ့လာမည့် နှစ်များအတွင်း လက်ရှိရေနံသုံးစွဲမှုနှုန်းအတိုင်း ဆက်လက်သုံးစွဲသည့်တိုင် တွေ့ရှိထားပြီး ရေနံပမာဏသည် လိုသောရေနံကို နှစ်တာရှည်လုံလောက်စွာ ပေးနိုင်စွမ်းရှိမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့ရေနံမြေများတွင် မြေအောက်ရေနံပမာဏ မည်မျှပင် ရှိနေစေကာမူ ရေနံထုတ်ယူခြင်း တာရှည်လာသည်နှင့်အမျှ ရေနံအထွက်နှုန်းလည်း ကျဆင်းလာစမြဲ ဖြစ်သောကြောင့် ဖြစ်သည်။

၁၉၇၉ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများက နေ့စဉ် ရေနံပီပါသန်းပေါင်း ၁၄၀ နှင့် ညီမျှသောစွမ်းအင်ကို သုံးစွဲခဲ့သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း ကမ္ဘာ့စွမ်းအင်သုံးစွဲမှု

တိုးတက်နှုန်းသည် တနှစ်လျှင် ၂ ဒသမ ၉ ရာခိုင်နှုန်း ဖြစ်သည်။ တနှစ်သုံးစွဲမှု တိုးတက်နှုန်း ၂ ဒသမ ၅ ရာခိုင်နှုန်း ထားလျှင် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ရေနံအပါအဝင် လိုအပ်ခဲသောစွမ်းအင်သည် နေ့စဉ် ရေနံပီပါသန်းပေါင်း ၂၂၅ နှင့်ညီမျှပေလိမ့်မည်။ ယင်းတို့အနက် ရေနံလိုအပ်ချက်သည် တနေ့ ပီပါသန်းပေါင်း ၇၇ ဖြစ်ပေးသည်။ သို့သော် တွေ့ရှိထားပြီး ရေနံသိုက်မျှားမှ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ထုတ်ယူရရှိနိုင်မည့်ရေနံသည် နေ့စဉ်ပီပါသန်းပေါင်း ၄၃ ခန့် ဖြစ်သည်။ အစားထိုးလောင်စာများမှ ရရှိနိုင်မည့်ရေနံသည် တနေ့လျှင် ပီပါ ခြောက်သန်းခန့် ရှိလိမ့်မည်ဟု ဆိုသည်။ ကမ္ဘာ့လိုအပ်ချက်ပြည့်မီရန်တနေ့လျှင် ရေနံပီပါသန်းပေါင်း ၂၀ ခန့် ထုတ်ပေးနိုင်စွမ်းရှိမည့် ရေနံသိုက်အသစ်များ အပူတပြင်း ရှာဖွေရန် လိုအပ်လာလေသည်။

၁၉၇၉ ခုနှစ်တွင် တကမ္ဘာလုံးသုံးစွဲခဲ့သော သဘာဝ ဓာတ်ငွေ့သည် တနေ့လျှင် ရေနံပီပါသန်းပေါင်း ၂၆ နှင့် ညီမျှသော စွမ်းအင်ရှိပေသည်။ ၁၉၇၃–၁၉၇၉ ခုနှစ်များအတွင်း သုံးစွဲမှု တိုးတက်နှုန်းသည် တနှစ်လျှင် ၃ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည်။ နောင်လာမည့်နှစ်များတွင် ၂ ဒသမ ၅ မှ ၃ ရာခိုင်နှုန်းအထိ တိုးတက်သုံးစွဲမည်ဟု ဆိုသည်။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် တကမ္ဘာလုံး၏ သဘာဝဓာတ်ငွေ့သုံးစွဲမှုသည် တနေ့လျှင် ရေနံပီပါသန်းပေါင်း ၄၅ နှင့် ညီမျှသော စွမ်းအင်အထိ တိုးတက်လာမည်ဟု ခန့်မှန်းထားကြသည်။ တွေ့ရှိပြီး သဘာဝဓာတ်ငွေ့သိုက်များမှ နေ့စဉ် ရေနံပီပါ ၃၁ ဒသမ ၅ သန်းနှင့်ညီမျှသော စွမ်းအင်နှင့် ကျောက်မီးသွေးအစရှိသော လောင်စာများမှ နေ့စဉ် ၁ ဒသမ ၃၅ ရေနံပီပါသန်းပေါင်းနှင့် ညီမျှသော စွမ်းအင်တို့ကို ရရှိနိုင်မည်ဟု ဆိုသည်။ ကမ္ဘာ့လိုအပ်ချက် ပြည့်မီရန် နေ့စဉ် ရေနံပီပါသန်းပေါင်း ၁၂ ဒသမ ၁၅ နှင့် ညီမျှသော



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရေနံတောင်မှ လူအားဖြင့် ရေနံ ထုတ်ယူနေသည့် ရေနံတွင်း

စွမ်းအင်ကို နေ့စဉ်ထုတ်ပေးနိုင်မည့် သဘာဝဓာတ်ငွေ့ သိုက်အသစ်များ ရှာဖွေတွေ့ရှိထားရန် အထူး လိုအပ်လျက် ရှိလေသည်။


ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု အခြေအနေ

၁၉၁၀ ပြည့်နှစ်တွင် ရေနံအများဆုံး ထုတ်လုပ်လျက် ရှိသော သုံးနိုင်ငံသည် ပထမ ဆိုဗီယက်ရုရှားဖြစ်၍ တနေ့လျှင် ပီပါသန်းပေါင်း ၁၁ ဒသမ ၉၉၂၅၅၊ ဒုတိယ ဆာအူးဒီအာရေဗျဖြစ်၍ တနေ့လျှင်ပီပါသန်းပေါင်း ၉ ဒသမ ၉၂၄၃ နှင့် တတိယ အမေရိကန်ပြည်ထောင်စုဖြစ်၍ တနေ့လျှင် ပီပါသန်းပေါင်း ၈ ဒသမ ၆၄၆၆ ထုတ်လုပ်လျက်ရှိကြသည်။ ၁၉၇၉ ခုနှစ်တွင် သဘာဝဓာတ်ငွေ့ အများဆုံး ထုတ်လုပ်



ရေနံချောင်း ရေနံမြေဠိ ရှေးယခင်က ရေနံများကို စဉ့်အိုးများတွင်ထည့်၍ လှည်းဖြင့် သယ်ယူရန် စီစဉ်နေပုံ

လျက်ရှိသောသုံးနိုင်ငံသည် ပထမ အမေရိကန်ပြည်ထောင်စု ဖြစ်၍ တနေ့ပျမ်းမျှကုဗပေသန်းပေါင်း ၅၄,၇၉၃၊ ဒုတိယ ဆိုဗီယက် ပြည်ထောင်စုဖြစ်၍ တနေ့ပျမ်းမျှ ကုဗပေ သန်း ပေါင်း ၃၉,၂၇၉ နှင့် တတိယ ကနေဒါဖြစ်၍ တနေ့ပျမ်းမျှ ကုဗပေသန်းပေါင်း ၉,၉၉၀ ထုတ်လုပ်လျက်ရှိသည်။



ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းတွင် မိုးဒဏ်မှ ကာကွယ်ရန် သက်ကယ်မိုးထားသည့် ရေနံတွင်း

ရေနံအလှျပယ် ထုတ်လုပ်လျက်ရှိသည့် ဒေသများသည် အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများ ဖြစ်ကြသည်။ ကျန်ဒေသများသည် ထွက်ရှိသည့်ရေနံနှင့် မလုံလောက်ကြပေ။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် လောင်စာပြဿနာ ဖြေရှင်းနိုင်ရေးအတွက် ရေနံနှင့် အခြားလောင်စာများ ရှာဖွေထုတ်လုပ်ရေး၊ ရေနံပိုမိုထုတ်လုပ်ရေး၊ ရေနံနှင့် သဘာဝ ဓာတ်ငွေ့သိုက်အသစ်များ ရှာဖွေဖော်ထုတ်ရေးနှင့် အစားထိုးလောင်စာများ ထုတ်လုပ်နိုင်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိကြသည်။


ရေနံနှင့် အခြားလောင်စာများ ရှာဖွေထုတ်ရေး

ကမ္ဘာ့နိုင်ငံများသည် လောင်စာပြဿနာပေါ်ပေါက်လာခဲ့သည့် အချိန်မှစ၍ ရေနံနှင့်အခြားလောင်စာများ ရှာဖွေထုတ်ရေးကို ဆောင်ရွက်ခဲ့ကြသော်လည်း အောင်မြင်သင့်သလောက် မအောင်မြင်ကြသေးပေ။ ကမ္ဘာ့ရေနံသုံးစွဲမှု တနေ့ပျမ်းမျှနှုန်းသည် ၁၉၇၉ ခုနှစ်တွင် ရေနံပီပါသန်းပေါင်း ၆၂ ဒသမ ၇ ဖြစ်၍ ၁၉၈၀ ပြည့်နှစ်တွင် ရေနံပီပါသန်းပေါင်း ၆၀ ခန့်ဖြစ်သည်။ တနေ့လျှင် ရေနံပီပါသန်းပေါင်း ၂ ဒသမ ၇ ခန့် လျှော့ပါသုံးစွဲနိုင်ခဲ့သည်။

သို့သော် ရေနံကို လျှော့ပါသုံးစွဲနိုင်ခဲ့သည့် အဓိက အကြောင်းရင်းများတွင်ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြောင့် ကုန်ထုတ်လုပ်မှုကျဆင်းပြီး လောင်စာ အသုံးနည်းလာခဲ့ရခြင်းသည်လည်း ပါဝင်နေလေသည်။

အမေရိကန် ပြည်ထောင်စုတွင် ရေနံနှင့် အစားထိုးလောင်စာများ ရှာဖွေသုံးစွဲရေး ကြိုးပမ်းချက်များတွင် အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေး ဥပဒေများကြောင့် ထုတ်လုပ်နိုင်သော ကျောက်မီးသွေးမိုင်းများ၏ ၂၂ ရာခိုင်နှုန်းမှာ ပိတ်ထားရသည်။ ထုတ်လုပ်လျက်ရှိသော ကျောက်မီးသွေးမိုင်းများတွင်လည်း ကုန်ထုတ်လုပ်အား ကျဆင်းလျက် ရှိသည်။ ၁၉၆၉ ခုနှစ်တွင် ကျောက်မီးသွေး ထုတ်လုပ်နိုင်မှုသည် လူဘယောက်လျှင် ၁၆ ဒသမ ဂ တန်ဖြစ်၍ ၁၉၇၉ ခုနှစ်တွင် ၇ ဒသမ ဂ တန် အထိ ကျဆင်းသွားခဲ့ရသည်။ ကျောက်မီးသွေးမိုင်း ၂၃၅ ခုတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၌ ကျောက်မီးသွေးလောင်စာအစား ရေနံ သို့မဟုတ် သဘာဝဓာတ်ငွေ့ကို ပြောင်းလဲအသုံးပြုခဲ့ကြသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့သုံးစွဲမှု ပိုမိုလာခဲ့ရသည်။


ကျောက်မီးသွေးမှ လောင်စာစွမ်းအင်ကို တိုက်ရိုက်ရရှိနိုင်သော်လည်း ပတ်ဝန်းကျင် သန့်ရှင်းရေး ဥပဒေများကြောင့် ဓာတ်ငွေ့ သို့မဟုတ် အရည်အဖြစ်ပြောင်းလဲသုံးစွဲရသဖြင့် စွမ်းအင်များစွာဆုံးရှုံးရသည်။ ၁၂,၀၀၀ (ဘီတီယူ)စွမ်းအင်ရှိသော ကျောက်မီးသွေးတပေါင်းကို ဓာတ်ငွေ့သို့ပြောင်းလျှင် ၆,၅၀၀ (ဘီတီယူ)သာ ရရှိပြီး အရည်အဖြစ်သို့ပြောင်းလျှင် ၅၀၀၀ (ဘီတီယူ)သာ ရရှိနိုင်သည်ဟု ဆိုသည်။



ယခုဧဝတ်၌ ရေနံဈက်စက်ရုံသို့ ရေနံပို့ပေးလျက်ရှိသည့် ရေနံပိုက်လိုင်းများ


ရေနံနှင့်သဘာဝခေတ်ဥသိုက်များရှာဖွေဖော်ထုတ်ရေး

ရေနံနှင့် သဘာဝခေတ်ဥသိုက်များ ရှာဖွေဖော်ထုတ်နိုင်ရန် ကုန်းပိုင်းနှင့် ကမ်းလွန်ဒေသများတွင် အစမ်းတွင်းများ အပူတပြင်းစမ်းသပ်တူးဖော်လျက်ရှိကြသည်။ ကမ္ဘာ့ကုန်းပိုင်းတွင်ရှိသော ရေနံနှင့် သဘာဝခေတ်ဥပမာကာ၏ ၅၀ ရာခိုင်နှုန်းခန့်ကိုထုတ်ယူသုံးစွဲခဲ့ပြီးဖြစ်သည်။ သို့သော် ကမ်းလွန်ဒေသရှိ ရေနံနှင့်သဘာဝခေတ်ဥကိုမူ ၂၀ ရာခိုင်နှုန်းခန့်သာထုတ်ယူသုံးစွဲရသေးသည်။ ထို့ကြောင့်ပင် ကမ်းလွန်ဒေသတွင် ရေနံနှင့် သဘာဝခေတ်ဥ ရှာဖွေတူးဖော်ထုတ်လုပ်ရေးကို အပူတပြင်း ဆောင်ရွက်နေကြခြင်း ဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် ကမ္ဘာ့ကမ်းလွန်ဒေသများ၌ စမ်းသပ်တူးဖော်နေသော တွင်းတူးစက် ၄၁၆ စက် ရှိသည်။ အာရှနှင့်ပစိဖိတ်ဒေသ၌ ၁၉၆၈ ခုနှစ်တွင် တွင်းပေါင်း ၂၇ တွင်း၊ ၁၉၈၀ ပြည့်နှစ်တွင် ၁၃၁ တွင်း၊ ၁၉၈၁ ခုနှစ်တွင် ၁၅၇ တွင်းခန့် တူးဖော်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ ကမ်းလွန်ဒေသများမှ ထုတ်ယူရရှိသော ရေနံမှာ တနေ့ပျမ်းမျှပီပါသန်းပေါင်း ၁၁ ဒသမ ၄၈ ဖြစ်၍ သဘာဝခေတ်ဥမှာ တနေ့ပျမ်းမျှ ကုဗပေသန်းပေါင်း ၂၆,၀၅၂ ဖြစ်သည်။



မက္ကဆီကို ပင်လယ်ကွေ့ ကမ်းလွန်ဒေသတွင် ရေနံရှာဖွေရန် တူးဖော်နေသော အစမ်းတွင်း တတွင်း

ကမ္ဘာ့နိုင်ငံများတွင် စီးပွားရေးအရ တွက်ခြေမကိုက်၍ ပိတ်ထားခဲ့ရသော ရေနံမြေ ဒဏ်မြောက်အများ ရှိသည်။ အဆိုပါရေနံမြေများ၌ တွင်းသစ်များထပ်မံတူးဖော်၍ ရေနံထုတ်လုပ်ရန် စီမံစိုင်းပြင်းလျက်ရှိကြသည်။ အမေရိကန်ပြည်ထောင်စုတွင် ပိတ်တားသော ရေနံမြေဟောင်းများ ၆၇၆ တွင်းရှိသည်။ အဆိုပါ ရေနံမြေဟောင်းများတွင် ရေနံ ပီပါသန်းပေါင်း ၁ ၀၀၀ ခန့် ရှိသေးသည်ဟုဆိုသည်။ ရေနံတွင်းတတွင်းနှင့်တတွင်း အလှမ်းကွာစွာ တူးဖော်ထုတ်လုပ်နေသော ရေနံမြေများလည်း ကမ္ဘာအနှံ့တွင်ရှိကြသည်။ အဆိုပါ ရေနံမြေများတွင်လည်း တွင်းဟောင်းများကြား၌ တွင်းသစ်များ ထပ်မံတူးဖော်၍ ရေနံထုတ်ယူနေကြသည်။



ရေနံချောင်း ရေနံမြေမှ လက် နှင့် တူးဖော် နေသည့်ရေနံတွင်း

အစားထိုးလောင်စာများ

ကျောက်မီးသွေး၊ ကဲရိုဂျင်ပါဝင်သော ရွှေလကျောက်၊ နျူးကလီးယားစွမ်းအင်၊ ဘူမိအပူစွမ်းအင်နှင့် နေစွမ်းအင်စသည်တို့မှ လောင်စာစွမ်းအင်ကိုရရှိနိုင်သည်။ အစားထိုးလောင်စာများ ထုတ်လုပ်ရန် ကြိုးစားနေကြသော အဓိကနိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ဩစတြေးလျ၊ တောင်အာဖရိက၊ ဗင်နီဇွဲလား၊ ဗရာဇီး၊ မော်ရော့ကိုနှင့် ဂျပန်တို့ ဖြစ်ကြသည်။ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် တောင်အာဖရိကနိုင်ငံတို့သည် ၁၉၇၅ ခုနှစ်တွင် အစားထိုးလောင်စာများကို စတင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက် ရှိကြသည်။ သို့ရာတွင် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှသာ သိသိသာသာ တိုးတက် ထုတ်လုပ်နိုင်မည်ကို တဘက်ပါဗေဒယ်အရ သိရှိနိုင်ပေသည်။

တကမ္ဘာလုံး၌ ၁၉၇၇ ခုနှစ်ကုန်တွင် တွေ့ရှိထားပြီး ကျောက်မီးသွေး ပမာဏသည် တန်တို သန်းထောင်ပေါင်း ၇၃၂ မှ ၇၀၇ အထိရှိပြီး နှစ်ပေါင်း ၁၀၀ ခန့် သုံးစွဲနိုင်မည်ဟု ဆိုသည်။ အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့၌ ရှိသော ကျောက်မီးသွေး ပမာဏသည် တကမ္ဘာလုံး၌ ရှိသော ကျောက်မီးသွေး ပမာဏ၏ ၉၀ ရာခိုင်နှုန်းခန့် ဖြစ်သည်။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ဂျာမနီ နိုင်ငံ သည် ကျောက်မီးသွေးမှ လောင်စာထုတ်လုပ် သုံးစွဲခဲ့ဖူးသည်။ ၁၉၀၅ ခုနှစ် နောက်ပိုင်းတွင် ကျောက်မီးသွေးမှ လောင်စာရည်နှင့် ဓာတ်ငွေ့တို့ကို ပိုမို ထုတ်လုပ်သုံးစွဲလာကြလိမ့်မည်ဟု ယူဆရသည်။ တပိပါလျှင် ၅၃ ဒေါ်လာခန့် ရောင်းစျေးရှိမည်ဟုဆိုသည်။

ကဲရိုဂျင်ပါသော ရွှေလကျောက်မှ ရေနံထုတ်ယူရရှိနိုင်သည်။ ကဲရိုဂျင်တွင် ဟိုက်ဒရိုကာဗွန်ဓာတ်ပေါင်းများ၊ ဟိုက်ဒရိုဂျင်၊ ကာဗွန်၊ နိုက်ထရိုဂျင်၊ အောက်ဆီဂျင်နှင့် ဆာလဖာဓာတ်များ ရောနှောပါဝင်သည်။ ကဲရိုဂျင်ပါဝင်သော ရွှေလ ကျောက်ကို ၉၀၁ ဒီဂရီ ဖရင်းဟိုက် အထိ အပူပေးလျှင် ရေနံငွေနှင့်ဓာတ်ငွေတို့ရရှိသည်။ ၎င်းတို့ကို အအေးခံလျှင် ရေနံရရှိသည်။ မြန်မာနိုင်ငံတွင် ကျိုက္ခမီနှင့် မြိတ်မြို့နယ်များ၌ ကဲရိုဂျင်ပါသော ရွှေလကျောက်များကို တွေ့ရှိရသည်။ ၁၉၇၇ ခုနှစ်ကုန်တွင် ကမ္ဘာတဝန်းလုံး၌ တွေ့ရှိထားပြီးသော ကဲရိုဂျင်ပါဝင်သော ရွှေလကျောက်များမှ ထုတ်ယူရရှိနိုင်မည့် ရေနံပမာဏမှာ ပီပါသန်းထောင်ပေါင်း ၁၉၀ ရှိသည်။ တပိပါရောင်းစျေးနှုန်း ၃၆ ဒေါ်လာရှိမည်ဟုဆိုသည်။

နျူးကလီးယားစွမ်းအင်ကို ယူရေးနီးယန်း သတ္တုမှ ရရှိသည်။ ဆိုရှယ်လစ်နိုင်ငံများမှအပ ကျန်ကမ္ဘာ့နိုင်ငံများ၌ ၁၉၇၇ ခုနှစ်ကုန်တွင်တွေ့ရှိထားပြီး ယူရေးနီးယန်း အောက်ဆိုက် ပမာဏသည် တန်တိုသန်းပေါင်း ၂ ဒသမ ၁၅ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် နျူးကလီးယားစက်ရုံ ၃၀ မှ ဖြန့်ဖြူးသော လျှပ်စစ်ဓာတ်အားမှာ တနိုင်ငံလုံး သုံးသော လျှပ်စစ်ဓာတ်အား၏ ၁၂ ရာခိုင်နှုန်းခန့် ရှိသည်။

၁၉၈၁ ခုနှစ်အတွင်း ကမ္ဘာ့နျူးကလီးယားဓာတ်အားထုတ်လုပ်မှုအများဆုံး သုံးနိုင်ငံမှာ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်နှင့် ဂျပန်နိုင်ငံတို့ဖြစ်သည်။ ၁၉၈၁ ခုနှစ် ကမ္ဘာ့နျူးကလီးယား ဓာတ်အား ထုတ်လုပ် မှုသည် စုစုပေါင်း ကီလိုဝပ် ၁၆၆ သန်း ရှိသည်။ အန္တရာယ်များသောကြောင့်

၁၉၈၅–၂၀၀၀ ခုနှစ်များအတွင်း အစားထိုးလောင်စာ ထုတ်လုပ်ရန် ရည်မှန်းချက် *

(စွမ်းအင်များကို တန်ဆေထုတ်လုပ်မှုရေနံပီပါ သန်းပေါင်းနှင့်ဖော်ပြထားသည်။)

နိုင်ငံအမည်	ခုနှစ်			
	၁၉၈၅	၁၉၉၀	၁၉၉၅	၂၀၀၀
အမေရိကန်ပြည်ထောင်စု	၀.၀၅	၀.၄၀	၁.၂၅	၂.၄၀
ဩစတြေးလျ	--	၀.၁၀	၀.၁၅	၀.၄၀
ကနေဒါ	၀.၁၀	၀.၁၅	၀.၂၅	၀.၅၀
တောင်အာဖရိက	၀.၁၀	၀.၁၅	၀.၂၀	၀.၂၅
ဗင်နီဇွဲလား	--	၀.၁၀	၀.၅၀	၁.၀၀
ဗရာဇီး	–	၀.၀၅	၀.၁၀	၀.၂၀
မော်ရော့ကို	–	၀.၀၅	၀.၁၀	၀.၂၀
ဂျပန်	–	၀.၂၀	၀.၄၀	၀.၆၀
အခြားနိုင်ငံများ	–	၀.၀၅	၀.၂၅	၀.၅၀
စုစုပေါင်း =	၀.၂၅	၁.၂၅	၃.၂၀	၆.၀၅

အကုန်မြှု ဓာတ်အားကို ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုကြသေးပေ။ ၂၃ နိုင်ငံတွင်သာ စက်ရုံပေါင်း ၂၆၆ ရုံ မှန်းကလီးယား ဓာတ်အား ထုတ်လုပ်လျက် ရှိသည်။

ဘူမိအပူစွမ်းအင်သည် ကမ္ဘာမြေကြီးအောက်၌ ရှိသော အပူစွမ်းအင်ဖြစ်သည်။ ကမ္ဘာမြေကြီး အတွင်း၌ ပေနက်ပိုင်းရောက်လေလေ အပူဓာတ် များလာလေ ဖြစ်သည်။ မီးတောင်များနှင့် မီးသင့်ကျောက်များ ရှိရာဒေသများ၌ မြေအောက် အပူစွမ်းအင် အများဆုံး ဖြစ်သည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် အနည်းဆုံး ၁၈၀ ဒီဂရီ စင်တီဂရိတ် သို့မဟုတ် ၃၅၆ ဒီဂရီဖရင်းဟိုက်ရှိသော ဘူမိအပူစွမ်းအင်လိုသည်ဟု ဆိုသည်။ မြန်မာနိုင်ငံ၌ တွေ့ရှိရသော ရေပူစမ်း များသည် ဘူမိအပူစွမ်းအင်များပင် ဖြစ်သည်။ ရေနံနှင့်သဘာဝဓာတ်ငွေထုတ်လုပ်သောဒေသများကို ရေနံမြေ သဘာဝဓာတ်ငွေမြေဟုခေါ်ဆိုသကဲ့သို့ဘူမိအပူစွမ်းအင် ထုတ်လုပ်သောဒေသများကို ဘူမိအပူစွမ်းအင်မြေဟု ခေါ်ဆိုကြသည်။

တွေ့ရှိ ရသော မှတ်တမ်းများ အရ ကမ္ဘာပေါ်တွင် ဘူမိအပူစွမ်းအင်မြေ ၄၆ ခုခန့် ရှိသည်။ ဘူမိအပူစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူလျက် ရှိသော အဓိက နိုင်ငံများမှာ အမေရိကန် ပြည်ထောင်စု၊ ဖိလစ်ပိုင်၊ အီတလီ၊ နယူးဇီလန်၊ ဂျပန်၊ မက္ကဆီကို၊ အိုက်စလန်နှင့် ဆိုဗီယက် ပြည်ထောင်စုတို့ ဖြစ်ကြသည်။


ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ဘူမိအပူစွမ်းအင်ကို အသုံးပြုနိုင်ရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက် ရှိလေသည်။ မအောင်မြင်၍ ပိတ်ထားရသော ရေနံတွင်းဟောင်းများတွင် အပူချိန် တိုင်းတာချက်အရ မြေအောက် ပေ ၁၀၀ နက်တိုင်းဘူမိအပူစွမ်းအင်သည် ၄ ဒသမ ဂ မှ ၅ ဒသမ ၉ ဒီဂရီ ဖရင်းဟိုက်နှုန်းပိုများလာကြောင်း တွေ့ရှိရသည်။


အနိုးအနားတွင် တွေ့ရှိရသောရေပူစမ်းများ၏ အပူရှိန်သည် ၃၆၅ ဒီဂရီဖရင်းဟိုက် ရှိသည်။ ထိုအချက်များအရ အနက် ပေ ၆,၂၀၀ မှ ၇,၆၀၀ အထိတွင်းများတူးဖော်လျှင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်သော ဘူမိအပူစွမ်းအင်ကို လုံလောက်စွာရနိုင်မည်ဟု ခန့်မှန်းထားကြသည်။

အမေရိကန်ပြည်ထောင်စုတွင် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ ရှာဖွေတူးဖော်စမ်းသပ်ခဲ့ပြီး မအောင်မြင်၍ ပိတ်ထားခဲ့ရသောတွင်းများ အမြောက်အမြားရှိသည်။ အမေရိကန်ပြည်ထောင်စုအစိုးရ စွမ်းအင်ဌာနမှ အဆိုပါ တွင်းများကို ပြန်လည်ဖွင့်လှစ်၍ ဘူမိအပူစွမ်းအင်သိရှိရန် မြေအောက်အပူရှိန်များကို တိုင်းတာလျက် ရှိသည်။ ဤတွင် ယုန်ထောင် ကြောင်မိ ဖြစ်ရပ်တခု ရှိခဲ့သည်။ တက်ဆပ်ပြည်နယ်တွင် လီယာရေနံရှာဖွေရေး ကုမ္ပဏီမှ အစမ်းတွင်း တတွင်း တူးဖော်ခဲ့သည်။ သို့သော် ရေနံနှင့် သဘာဝဓာတ်ငွေ့ မရရှိသဖြင့် တွင်းကိုပိတ်ထားခဲ့သည်။ ၁၉၈၁ ခုနှစ်အတွင်း တွင် စွမ်းအင်ဌာနမှ ဘူမိအပူစွမ်းအင် တိုင်းတာရန် အဆိုပါတွင်းကို ပြန်လည်ဖွင့်၍ စမ်းသပ်ခဲ့ရာ တနေ့ ရေနံပေါ် ၈၁ နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ သန်းပေါင်း ၁ ဒသမ ၂ ထုတ်ယူရရှိခဲ့သည်ကို တွေ့ရလေသည်။

နေစွမ်းအင်ကို ကမ္ဘာမှ မိုင်ပေါင်း ၉၃ သန်း ကွာဝေးသော နေ၏အပူဓာတ်မှ ရရှိသည်။ နေစွမ်းအင်ကို အလွယ်တကူ ရရှိနိုင်သည်။ နေစွမ်းအင်သည် ပတ်ဝန်းကျင် လေထုကိုလည်း မညစ်ညမ်းစေပဲ သုံးမကုန်နိုင်သော စွမ်းအင် ဖြစ်သည်။ နေစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့် သုံးနိုင်ရန် နေစွမ်းအင်ကို စုဆောင်း သိုလှောင် ထားနိုင် ရမည် ဖြစ်သည်။ သက္ကရာဇ် ၂၀၂၀ ခန့်တွင်မှ နေစွမ်းအင်ကို ကျယ်ပြန့်စွာအသုံးချနိုင်မည်ဟု မှန်းဆထားကြသည်။

ဓနစ်တကျ ရေနံထုတ်ယူခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ နီးပါး ကြာခဲ့ပြီဖြစ်သော်လည်း ရေနံထုတ်ယူ ရရှိလျက်ပင် ရှိသေးသည့် ရေနံချောင်း ရေနံမြေ





ဘ စမ်း တွင်း တူး ရာ တွင် ဘေးရန် အသွယ် သွယ်နှင့် ကြုံတွေ့ ရတတ် သည့် ကမ်းလွန်ဒေသ အ စမ်းတွင်း ပေါက် ကွဲ ၍ မီးလောင် နေစဉ် ကယ် ဆယ် ရေး အ ဖွဲ့ သွား ရောက်ဖြိမ်းသတ်ရန် စီစဉ် နေပုံ

မြန်မာ့ရေနံ

မြန်မာနိုင်ငံသည် ပြည်တွင်းတွင် ထွက်ရှိသည့် ရေနံနှင့် ဖူလုံနေ၍ ရေနံနှင့် စပ်လျဉ်း၍ သောကကင်းဝေး နေနိုင် လျက် ရှိလေသည်။

၁၉၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံအနေဖြင့် ရေနံရှာဖွေ ရေးသမိုင်းတွင် ထူးခြားသောအောင်မြင်မှုများ ရရှိခဲ့သည်။ ၁၉၁၁ ခုနှစ် ဇွန်လမှ အောက်တိုဘာလအတွင်း ရေနံမြေ အကြီးစားသုံးနေရာကို ရှာဖွေတွေ့ရှိခဲ့သည်။ ကြံခင်းမြို့နယ်မှ ထန်းတပင် ရေနံမြေ၊ ကျုံပျော်မြို့နယ်မှ ကျုံတနီးရေနံမြေ နှင့် ပုဂံ - တုရင်းတောင် ရေနံ မြေများ ဖြစ် သည်။ ရေ နံ နှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနေသည့် ကျောက်လွှာ များသည် ထန်းတပင်နှင့် ကျုံတနီး ရေနံမြေများတွင် ထုံးကျောက်များ ဖြစ်ကြပြီး ပုဂံ - တုရင်းတောင် ရေနံ မြေတွင်မူ သဲကျောက်များဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေနံ သမိုင်းတွင် ထုံးကျောက်လွှာများမှ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ တွေ့ရှိခြင်းသည် ပထမဦးဆုံး အကြိမ် ဖြစ်သည်။ ကမ္ဘာပေါ်တွင် ရေနံအကြွယ်ဝဆုံး နိုင်ငံတခု ဖြစ်သည့် ဆော့ဒီအာရေးဗျသည် ရေနံကို ထုံးကျောက်လွှာများမှ အဓိကထုတ်ယူရရှိလျက် ရှိသည်။


၁၉၁၁ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင်ရှိသည့် မြန်မာ နိုင်ငံ တနိုင်ငံလုံး၏ရေနံပမာဏမှာ ပီပါသန်းပေါင်း ၂,၁၄၁ ဖြစ်၍ သဘာဝဓာတ်ငွေ့ ပမာဏမှာ ရေနံပီပါ သန်းပေါင်း ၈၆၀ နှင့် ညီမျှသည့် ကုဗပေ သန်းထောင်ပေါင်း ၅,၁၅၈ ဖြစ်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ စုစုပေါင်းပမာဏ သည် ရေနံပီပါ သန်းပေါင်း ၃,၀၀၁ နှင့် ညီမျှသည်။ မြန်မာနိုင်ငံ၌ တွေ့ရှိထားပြီးဖြစ်သော ကဲရိုဂျင် ပါသော ရှေးကျောက် များမှလည်း ရေနံကို ထုတ် ယူ ရရှိနိုင် သည်။ အ မေ ရိ ကန် ပြည် ထောင် စု အစိုးရ ဘူမိဗေဒ ဌာနမှ ၁၉၆၆ ခုနှစ်တွင် ခန့်မှန်း တွက်ချက်ထားချက်အရ မြန်မာနိုင်ငံရှိ ရှေးကျောက်များတွင် ရှိနိုင်ကောင်း ရှိနိုင် သည့် ရေနံပမာဏသည် ရေနံပီပါ သန်းပေါင်း ၂၀၀၀ ရှိ သည်ဟု ဆိုသည်။

မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ပမာဏသည် မြန်မာနိုင်ငံအတွက် နှစ်ပေါင်း တာရှည်စွာ လုံလောက် သည်။ သို့သော် ဤမျှနှင့် ရောင့်ရဲတင်းတိမ်နေ၍ မဖြစ်ပေ။ မြန်မာနိုင်ငံသည် စက်မှုလက်မှု ထွန်းကားလာသည်နှင့်အမျှ ရေနံနှင့် သဘာဝဓာတ်ငွေ့ လောင်စာများကို တနှစ်ထက် တနှစ် ပိုမိုသုံးစွဲလာမည်။ ပိုမိုသုံးစွဲလာသည်ကို ကာမိရန် နှင့် ကမ္ဘာ့ဈေးလောင်စာလိုအပ်ချက်ကို ဖြည့်တင်းရန် ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေ ဖော်ထုတ်ရေးကို ပိုမို ဆောင်ရွက်ကြရမည် ဖြစ်သည်။

ရေနံ၏ အခန်းကဏ္ဍ

စက်မှုလက်မှု တိုးတက်ထွန်းကားလာသည်နှင့်အမျှ ရေနံ ကို အဓိကလောင်စာအဖြစ် ဆက်လက် အသုံးပြုနေကြရ ဦးမည်။ ယနေ့ ကမ္ဘာတွင် တွေ့ရှိပြီး ရေနံ ပမာဏသည် ကမ္ဘာ့စက်မှုလက်မှုနှင့် စီးပွားရေး ရှင်သန်တိုးတက်နိုင်ရေး အတွက် ရေရှည်မလုံလောက်ပေ။ တဘက်မှ အစားထိုး လောင်စာများ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလာသည်နှင့် အမျှ အခြားတဘက်မှလည်း ကမ္ဘာ့ရေနံပမာဏတိုးတက်လာရန် ရေနံနှင့် သဘာဝ ဓာတ်ငွေ့သိုက် အသစ်များကို ဆတက် ထမ်းပိုးတိုးတက်ရှာဖွေတူးဖော်ထုတ်လုပ်ကြရပေဦးမည်ဖြစ် သည်။ ရေနံနှင့်အစားထိုးလောင်စာများကို ဒွန်တွဲ၍ ရှာဖွေ ထုတ်လုပ်နိုင်မှသာ ကမ္ဘာ့လူမှုရေး၊ စီးပွားရေးနှင့် စက်မှု လက်မှု အရှိန်မပျက် တိုးတက်လာနိုင်မည် ဖြစ်လေသည်။

ဦးတင်ညွန့်



သားငှက်ဘေးမဲ့တော

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံ၏အကျယ်အဝန်းသည် စတုရန်းမိုင်ပေါင်း နှစ်သိန်း ခြောက်သောင်း ကျော် (၂,၆၁,၂၂၀) ကျယ်ဝန်းသည်။ သစ်တောများ ဖုံးလွှမ်းနေသည့် ဧရိယာအကျယ်အဝန်းသည် စတုရန်းမိုင် ၁,၄၉,၅၂၉ ရှိသည်။ တနိုင်ငံလုံး၏ ၅၇ ဒသမ ၂၄ ရာခိုင်နှုန်းခန့် ဖြစ်သည်။

မြန်မာ့ သစ်တောများကို ကြိုးဝိုင်းတော၊ ကြိုးပြင်ပ တောများဟု ခွဲခြားသတ်မှတ်ထားသည်။ ကြိုးဝိုင်းတော သည် သစ်တော ဦးစီးဌာနမှ တာဝန်ယူ၍ သစ်တော သိပ္ပံပညာအရ စနစ်တကျ ထိန်းသိမ်း စောင့်ရှောက်ရန် သီး သန့် သတ် မှတ် ထား သော သစ် တော ဖြစ် သည်။ မြန်မာနိုင်ငံတွင် ထိုကဲ့သို့ သတ်မှတ်ထားသော ကြိုးဝိုင်း သစ်တော အကျယ်အဝန်းသည် ၁၉၇၀ ခုနှစ် မေလ ၁ ရက် နေ့ စာရင်းဇယားများအရ စတုရန်းမိုင်ပေါင်း ၃၇,၄၅၅ ရှိသည်။ နိုင်ငံတော် အကျယ်အဝန်း၏ ၁၄ ဒသမ ၃၃ ရာခိုင်နှုန်းခန့် ရှိသည်။ ကြိုးပြင်ပတော ဧရိယာသည် စတုရန်းမိုင်ပေါင်း ၁,၁၂,၀၇၄ ခန့် ရှိလေသည်။

သီးသန့်ကြိုးဝိုင်းတော၏ အကျယ်အဝန်းသည် လျော့နည်းသွားသည်။ သစ်တောမြေများ လျော့နည်းရခြင်း အကြောင်းကို ဆန်းစစ်လေ့လာပြီး သစ်တောများထပ်မံ၍ မလျော့နည်းစေရေးအတွက်ပါ ကြိုးပမ်းကြရမည် ဖြစ်လေသည်။

ဒီရေရောက်သော ဒေသအကြိုက် လမု၊ လမဲ့၊ ပင်လယ်အုန်း၊ ကနစို့၊ မဒမကဲ့သို့သော သစ်တောများသည် မြန်မာနိုင်ငံ ပင်လယ်ကမ်း ရေငန်ရောက် ဒေသတလျှောက်တွင် ပေါက်ရောက်လျက် ရှိနေလေသည်။

မြန်မာနိုင်ငံတွင် အခြားတိုင်းပြည်များ၌ မတွေ့ရသော အလွန်မက်မောစရာကောင်းသည့် သားငှက်တိရစ္ဆာန်ရိုင်း အမျိုးပေါင်း မြောက်မြားစွာ သဘာဝအလျောက်ပေါက် ပွားလျက် ရှိနေလေသည်။

နိုင်ငံတကာမှ သဘာဝသမိုင်းပြတိုက်ပညာရှင်အဖွဲ့များသည် မြန်မာနိုင်ငံသို့ လာရောက်၍ သားငှက်တိရစ္ဆာန်ရိုင်း အသေကောင်များကို စုဆောင်း သုတေသန ပြုစု ရှာမှီးခဲ့ကြသည်ကို တဘက်ပါဇယား အတိုင်း တွေ့ရလေသည်။

ဗြိတိသျှ အစိုးရလက်ထက်တွင် သားငှက် တိရစ္ဆာန် ရိုင်းများကို ကာကွယ်စောင့်ရှောက်ရန်ဥပဒေများပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေများအရ ဆောင်ရွက်ရန် တာဝန်ကို သစ်တောမင်းကြီးချုပ်က တာဝန်ယူရလေသည်။ သစ်တော ဝန်ထမ်း ကြီးငယ်တို့သည် မိမိတို့နယ်ပယ်အတွင်း၌ တွေ့ရှိရသော တိရစ္ဆာန်များကို ထိန်းသိမ်း စောင့်ရှောက်ရန် ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ရလေသည်။ သို့ရာတွင် ထူးခြားရှားပါး၍ အဖိုးထိုက်တန်သော သားငှက်တိရစ္ဆာန် တောရိုင်းကောင်များကို မျိုးမသုဉ်းသွားစေရန် ဆောင်ရွက် ရသည်မှာလွယ်ကူသောကိစ္စတရပ် မဟုတ်ချေ။

သားငှက် တိရစ္ဆာန်ရိုင်းများ၏ အဖိုးထိုက်တန်မှုကို နားလည်သဘောပေါက်၍ ဝါသနာပါမှသာလျှင် တာဝန်ထမ်းဆောင်ရာတွင် ပိုမိုလွယ်ကူလိမ့်မည် ဖြစ်လေသည်။

ဝန်ထမ်းကောင်းတဦးသည် သစ်တောများ မပြုန်းတီးစေပဲ မိမိထိန်းသိမ်းစောင့်ရှောက်နေရသော သစ်တော အတွင်း လာရောက်ခိုလှုံသော သားငှက်တိရစ္ဆာန်ရိုင်း များလည်း အေးချမ်းစွာနေနိုင်အောင် ကြိုးစား၍ နည်း လမ်းရှာဖွေရမည်ဖြစ်သည်။

ခုနှစ်	အဖွဲ့
၁၉၂၃	အမေရိကန်ပြည်ထောင်စု၊ သဘာဝ သမိုင်းပြတိုက်
၁၉၃၁	ဗြိတိသျှနိုင်ငံသဘာဝသမိုင်းပြတိုက်
၁၉၃၄	ဆွီဒင်နိုင်ငံ စတော့ဟုမ်း မြို့တော် ပြတိုက်
၁၉၃၅	အမေရိကန်ပြည်ထောင်စု သဘာဝ သမိုင်းပြတိုက်
၁၉၃၆	အမေရိကန်ပြည်ထောင်စု သဘာဝ
၁၉၃၇	သမိုင်းပြတိုက်
၁၉၃၈	ဂျာမနီနိုင်ငံဘာလင်မြို့တော်ပြတိုက်
၁၉၃၈	ဗြိတိသျှနိုင်ငံ သဘာဝသမိုင်းပြတိုက်

ဗြိတိသျှ အစိုးရ လက်ထက်တွင် သားငှက်တိရစ္ဆာန်ရိုင်းများ သုဉ်းမသွားစေရန်သားငှက်တိရစ္ဆာန်ရိုင်း ဘေးမဲ့တော ၁၁ ခု၊ ၉၁၅ စတုရန်းမိုင်ကို သတ်မှတ်ကြေငြာပေးခဲ့လေသည်။

မြန်မာနိုင်ငံမြောက်ပိုင်း မြစ်ကြီးနားခရိုင်တွင် ပီဒေါင်း သားငှက် တိရစ္ဆာန်ရိုင်း ဘေးမဲ့တောကို ၁၉၁၈ ခုနှစ်မှစ၍ သတ်မှတ်ကြေငြာခဲ့ရာ ယခုအခါ လက်ရှိ ရေိယာမှာ ၂၇၉ စတုရန်းမိုင် ရှိသည်။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံသည်စစ်ဒဏ်ခံရသောကြောင့် စစ်သားများ၏ ပစ်ခတ်မှုဖြင့် တိရစ္ဆာန်ပေါင်း မြောက်များစွာ ပျက်စီး ဆုံးရှုံးခဲ့ရသည်။

မြန်မာနိုင်ငံ၌ ကမ္ဘာပေါ်တွင် ကျော်ကြားခဲ့သော ဘေးမဲ့တောများရှိသည်။ ဤဘေးမဲ့တောများကို အမျိုးသား ဥယျာဉ်အဆင့်သို့ အမြန်ဆုံး ရောက်နိုင်အောင် အပြည်ပြည်ဆိုင်ရာ သဘာဝ ထိန်းသိမ်းရေး အဖွဲ့ချုပ်မှ မည်ကဲ့သို့ ကူညီဆောင်ရွက်ရမည်ကို ၁၉၅၅ ခုနှစ်မှ အစပြု၍ စဉ်းစားဆွေးနွေးခဲ့ကြလေသည်။

၁၉၁၈ ခုနှစ်တွင် ကသာခရိုင်အတွင်း ၈၁ စတုရန်းမိုင်နှင့် ၁၉၂၉ ခုနှစ်တွင် မိုးမိတ်နယ်အတွင်း ၄၅ စတုရန်းမိုင်ကို တိုးခဲ့၍ ပေ ၆,၂၂၂ အမြင့်ရှိသော ရွှေဥဒေါင်းတောင်ကို အမှီပြုလျက် "ရွှေဥဒေါင်း" သားငှက် တိရစ္ဆာန်ရိုင်း ဘေးမဲ့တော ဟူ၍ သတ်မှတ် ကြေငြာပေးခဲ့သည်။ မူရင်း ရည်ရွယ်ချက်သည် ကြံ့များကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်လေသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ကြံ့ ၁၅ ကောင်ခန့် ရှိခဲ့သော်လည်း ၁၉၅၅ ခုနှစ် စစ်တမ်းအရ လေး၊ ငါးကောင်ခန့်သာ ကျန်ခဲ့ပြီး ယခုအခါ ကြံ့ကောင်များ ပျောက်ကွယ်လုနီးနီးအခြေသို့ ရောက်ရှိနေလေသည်။

၁၉၂၀ ခုနှစ်အတွင်း သထုံနှင့် သလွင်ခရိုင်အတွင်း ၆၂ စတုရန်းမိုင်ကို "ကာဟီလူ" သားငှက်တိရစ္ဆာန်ရိုင်း ဘေးမဲ့တောဟု သတ်မှတ်ကြေငြာခဲ့သည်။ ရည်ရွယ်ချက်မှာ ကြံ့ဆင်များရှိနေသေးသည်အထင်နှင့် ယင်းကြံ့ဆင်များကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီ ကြံ့ ငါးကောင်၊ ခြောက်ကောင်ခန့် ရှိသည်။ ၁၉၅၅ ခုနှစ် စစ်တမ်းအရ နှစ်ကောင်၊ သုံးကောင်ခန့်သာ ရှိတော့သည်။ ရှိနေသောကြံ့ များသည် ကြံ့ဆင်မဟုတ်။ ရွှေဥဒေါင်း သားငှက်တိရစ္ဆာန်ရိုင်း ဘေးမဲ့တော၌တွေ့ရှိသော ကြံ့မျိုးသာဖြစ်သည်။

၁၉၄၀ ပြည့်နှစ်အတွင်း မင်းဘူးခရိုင်တွင် ရွှေစက်တော် ဘုရားကို အမှီပြုပြီး ၂၁၃ စတုရန်းမိုင်ကို "ရွှေစက်တော်" သားငှက်တိရစ္ဆာန်ရိုင်းဘေးမဲ့တောဟု သတ်မှတ်ကြေငြာခဲ့သည်။ ရည်ရွယ်ချက်သည် ယင်းတောအတွင်းရှိ သမင်



ကြံ့သည် ယခုအခါ ရှားပါးသော တိရစ္ဆာန်ဖြစ်၍ မျိုးမသုဉ်းစေရန် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။

အကောင် ၁၀၀ ကျော်ကို ကာကွယ် စောင့်ရှောက်ရန် ဖြစ်ပေသည်။

ယခုအခါသမင် ၂၅၀၊ ပြောင် ၅၀၊ စိုင် ၈၀ အပြင် ဆတ်နှင့် ခွေးမျှားလည်းတိုးပွားနေသည်ဟု သတင်းရသည်။

၁၉၄၁ ခုနှစ်ဘွင် ရွှေဘိုနှင့် ကသာခရိုင်အတွင်း ၁၀၄ စတုရန်းမိုင်ကို "ကျတ်သင်း" သားငှက် တိရစ္ဆာန်ရိုင်း ဘေးမဲ့တောဟု သတ်မှတ်ကြေငြာခဲ့သည်။ ရည်ရွယ်ချက်သည် ယင်းတောအတွင်းရှိ သမင်အကောင် ၁၅၀ ကျော်ကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်သည်။ ယခုအခါသမင်များ ခန့်မှန်းခြေအရ ၅၀၀ နီးပါးရှိပြီး အုပ်စုအလိုက် သမင်များ နေထိုင်ကျက်စားနေသည်ကို တွေ့ရသည်ဟုဆိုသည်။ သမင်များအပြင် စိုင်နှင့်ခွေများလည်း ရှိသည်။ ရှားပါးစပြုလာပြီး အမျိုးသုဉ်းသွားမည်ကို စိုးရိမ်ရသော မန်ဒါလီဘဲများသည် အင်းအိုင်များအတွင်း ဆင်းသက်စားသောက်လျက် ရှိကြောင်းကိုလည်း ကြားသိရသည်။

အမည်	ကြေငြာသောနှစ်	တည်ရှိသောခရိုင်	ဧရိယာစတုရန်းမိုင်
မေမြို့	၁၉၁၈	မန္တလေး	၃၉.၉၁
မော့စကော့ကျန်းစု	၁၉၂၉	ထားဝယ်	၁၉.၀၀
တောင်ကြီး	၁၉၃၀	ရှမ်းပြည်တောင်ပိုင်း	၆.၂၀
မူလာရစ်	၁၉၃၆	ကျိုက္ခမီ	၅၃.၃၁
ဝက်ထီးကန်	၁၉၃၉	မင်းဘူး	၁.၇၀
ကေလာသတောင်	၁၉၄၂	သထုံ	၉.၄၅

အထက်ဖော်ပြပါ ဘေးမဲ့တောများသည် အရေးကြီးသော သားငှက်တိရစ္ဆာန်ရိုင်း ဘေးမဲ့တောများဖြစ်သည်။ ကျန် သတ်မှတ် ကြေငြာခဲ့သော သားငှက် တိရစ္ဆာန်ရိုင်း ဘေးမဲ့တောများမှာ အောက်ပါအတိုင်း ဖြစ်သည်။

မေမြို့ သားငှက်တိရစ္ဆာန်ရိုင်း ဘေးမဲ့တောသည် မေမြို့မြို့သူ မြို့သားများအတွက် သတ်မှတ် ကြေငြာခဲ့ခြင်း ဖြစ်သည်။ တောကြက်နှင့် ခွေများရှိသည်။ မကြာခဏလိုပင် ကျားနှင့် ကျားသစ်များ လာရောက်နေထိုင်ကြ၍ မြို့တွင်းမှ ခွေးစသည့် တိရစ္ဆာန်များကို စားသောက်တတ်ကြသည်။

ထိုနည်းတူစွာ တောင်ကြီး သားငှက်တိရစ္ဆာန်ရိုင်း ဘေးမဲ့တောသည် တောင်ကြီးမြို့သူ မြို့သားများအတွက် ကြေငြာခဲ့ခြင်းဖြစ်သည်။ ငှက်ဒေသမျိုးမျိုးနှင့် ခွေဒေသနည်းငယ်ရှိသည်။ ကျားသစ်များ တခါတရံ လာရောက်နေထိုင်၍ မြို့တွင်းမှ ခွေးများကို စားသောက်တတ်ကြသည်။

မူလာရစ် သားငှက်တိရစ္ဆာန်ရိုင်း ဘေးမဲ့တောသည် ယင်းတောင်ပေါ်ရှိ သံကုန်းသုံး နေထိုင်ခဲ့သော ဆရာ



မြန်မာ့ဘေးမဲ့တောများ၏ သဘာဝအလှကို ပဏာရစေမည့် သမင်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။

တော် ဦးနာရဒ၏ မေတ္တာရပ်ခံချက်အရ ကြေငြာခဲ့ခြင်း ဖြစ်သည်။ မည်သည့် တိရစ္ဆာန်မျိုး ရှိသည်ကို အတိအကျ မသိရချေ။

ဝက်ထီးကန် သားငှက် တိရစ္ဆာန်ရိုင်း ဘေးမဲ့တော သည် ကန်ကျောင်း ဆရာတော်၏ မေတ္တာရပ်ခံချက်အရ သတ်မှတ်ကြေငြာခဲ့ခြင်း ဖြစ်သည်။ ရေကြက်အမျိုးမျိုးနှင့် ဝမ်းဘဲအမျိုးမျိုးရှိသည်။

ကေလာသတောင် သားငှက်တိရစ္ဆာန်ရိုင်း ဘေးမဲ့တောသည် ယင်းတောင်ခြေရင်း၌ သံတင်းသုံး နေထိုင်လျက်ရှိသော ကေလာသတောင် ဆရာတော်၏ မေတ္တာရပ်ခံချက်အရ ကြေငြာခဲ့ခြင်း ဖြစ်သည်။ ငှက်ဒေသမျိုးမျိုး၊ ခွေနှင့် တောဆိတ်များရှိသည်။

မော့စကော့ကျန်း သားငှက် တိရစ္ဆာန်ရိုင်း ဘေးမဲ့တော၌ မျောက်များနှင့် ငှက်များရှိသည်။ ကျောက်တောင်ကြီးများ၌ ဇီဝဇိုးငှက်များ အသိုက် ပြုလုပ်ကြသည်။ ဆတ်၊ ဒရယ်၊ ခွေနှင့် တောဝက်များ သွားရောက်လှုပ်ထားရာ တောဝက်များသာ တိုးပွားခဲ့သည်။ ယခုအခါ တောဝက်အကောင် ၅၀၀ ကျော်ခန့် ရှိနေသည်။ ဆက်ခြောက်ကောင်မှ ကိုးကောင်ခန့်၊ ဒရယ်နှင့် ခွေများအစာရေစာ ခက်ခဲမှုကြောင့် သေဆုံးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေး အဖွဲ့ချုပ်

သားငှက် တိရစ္ဆာန် ရိုင်းများ ကာကွယ် ရေးသည် ဆန်းသစ်သောကိစ္စတရပ်မဟုတ်ချေ။ ပဝေသဏီက မိဂဒါဝုန်တော၌ သားကောင်များကို လုံးဝ ဘေးမဲ့ပေးခဲ့သည့် ထုံး ရှိခဲ့လေသည်။

သို့ရာတွင် ကမ္ဘာနှင့်အဝန်းချီ၍ ဤကိစ္စကို စိတ်ဝင်စား လာကြသည်မှာ ၁၉၄၈ ခုနှစ် မောင်တိန်ဘလူးမြို့၌ ကျင်း ပသော ယူနက်စကို အစည်းအဝေးမှ ပေါက်ဖွားလာပြီး အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေး အဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့သည်။ ဤအဖွဲ့ချုပ်၏ ရည်ရွယ်ချက်သည် ကမ္ဘာ တဝန်းလုံးရှိ သားငှက် တိရစ္ဆာန်ရိုင်းများကို ထိန်းသိမ်း ပြုစုရန်၊ သစ်တောဥယျာဉ်ကြီးများ ဖန်တီးရန်၊ အမျိုး ဆိတ်သုဉ်းမည့် အန္တရာယ်နှင့် ကြုံတွေ့နေရသော သားငှက် တိရစ္ဆာန်ရိုင်းများ ကာကွယ်စောင့်ရှောက်ရန်နှင့် ထိုကဲ့သို့ သော သားငှက်တိရစ္ဆာန်ရိုင်းများ ကာကွယ် ထိန်းသိမ်း ပြုစုနည်း နိဿျများကို တိုးပွား၍ ပျံ့နှံ့စေရန်ဖြစ်ပေသည်။ အဆိုပါအဖွဲ့ချုပ်တွင် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ ပြည်သူဝန်ထမ်းအဖွဲ့များနှင့် သဘာဝလေ့လာရေးအဖွဲ့များ ပါသည်။

တိုင်းပြည်အသီးသီး၌ သားငှက် တိရစ္ဆာန်ရိုင်းများကို ကာကွယ်စောင့်ရှောက်ရေး စီမံမှုများ

အမေရိကန်ပြည်ထောင်စု။ ။အမေရိကန် ပြည်ထောင်စု ကတွင်း အမျိုးသားဥယျာဉ်နှင့် အထိမ်းအမှတ် အဆောက် အအုံပေါင်း ၁၀၀ ရှိသည်။ အမျိုးသား ကိစ္စတရပ်အဖြစ် လက်ခံကြသည်။ အမျိုးသားဥယျာဉ်များကို ပြည်ထောင်စု အစိုးရ ပြည်တွင်းရေးဌာနမှ စီမံပြီး အမျိုးသား ဥယျာဉ် ဝန်ထမ်းအဖွဲ့မှ အုပ်ချုပ်လျက် ကုန်ကျသော စရိတ်ကို အစိုးရက ပေးလေသည်။ ရဲလိုစတုန်း အမျိုးသား ဥယျာဉ် သည် ကမ္ဘာပေါ်တွင် ကျော်ကြားသော အမျိုးသား ဥယျာဉ်ကြီး ဖြစ်လေသည်။

အာဖရိကတိုက်။ ။အာဖရိက အရှေ့ပိုင်း ဗယ်လဂျီယန် ကွန်ဂိုကို အစရှိသော ပြည်နယ်အသီးသီး၌ အမျိုးသား ဥယျာဉ်များ တည်ထောင်ထားရှိသည်။

စတုရန်းမိုင် ၈၀၀၀ မျှ ကျယ်ဝန်းသော ကရူးဂါး အမျိုးသားဥယျာဉ်သည် ကမ္ဘာပေါ်တွင် အထင်ရှားဆုံး သော သားငှက်တိရစ္ဆာန်ရိုင်း မျိုးစုံ ပြခင်းကြီးတခု ဖြစ်

ရသောက်ဆင်းလာသော စိုင်အုပ်တအုပ်



လေသည်။ သမ္မတကရူးဂါး၏ အမြော်အမြင်ကြီးမှုကြောင့် ပေါက်ပွားလာရသော အမျိုးသားဥယျာဉ်တခု ဖြစ်လေသည်။ နှစ်စဉ် ကမ္ဘာအရပ်ရပ်မှ ည့်သည် ၃၀,၀၀၀ ကျော် လာရောက်ကြည့်ရှုကြသည်။

အိန္ဒိယနိုင်ငံ။ ။၁၉၅၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ သစ်တောနှင့် စာနပ်ရိက္ခာဝန်ကြီးဌာန လက်အောက်တွင် သားငှက်တိရစ္ဆာန်ရိုင်းများ ကာကွယ်စောင့်ရှောက်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့သည် အမျိုးသားကိစ္စတရပ် အနေဖြင့် အရေးပါသော အဖွဲ့တခုအဖြစ် ပါလီမန်က အက်ဥပဒေ ပြဋ္ဌာန်းခဲ့လေသည်။ ပြည်နယ် အသီးသီး၌ အလားတူ အဖွဲ့များ ဖွဲ့စည်းရန် ညွှန်ကြား ထားသည်။ ပြည်နယ်အဖွဲ့များ၌ ပြည်နယ်ဝန်ကြီးချုပ်က ဥက္ကဋ္ဌ၊ သက်ဆိုင်ရာ သစ်တောဌာန ဝန်ကြီးက ဒုတိယ ဥက္ကဋ္ဌနှင့် ပြည်နယ်တွင် ရာထူးအမြင့်ဆုံးသော သစ်တောဝန်ထမ်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရသည်။ အမျိုးသား ဥယျာဉ် ၁၀ ခု သတ်မှတ်ကြေငြာရန် စီစဉ်လျက်ရှိသည်။

သီရိလင်္ကာနိုင်ငံ။ ။ဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံ ဖြစ်သည့်အလျောက် အာရှတိုက်၌ သားငှက်တိရစ္ဆာန်ရိုင်းများ ကာကွယ်စောင့်ရှောက်ရေး ကိစ္စတွင် ထိပ်တန်းနိုင်ငံတနိုင်ငံ ဖြစ်သည်။ သားငှက်တိရစ္ဆာန်ရိုင်းများ ကာကွယ်စောင့်ရှောက်ရေးဌာန သီးသန့်ထားသည်။

မလေးရှားနိုင်ငံ။ ။ဂျပန်ခေတ်အတွင်း မာလာယုကျွန်းဆွယ် သားငှက်တိရစ္ဆာန်ရိုင်းများ ကာကွယ်စောင့်ရှောက်ရေးဌာနသည် ပျောက်ကွယ်ခဲ့ပြီး သက်ဆိုင်သော စာရွက်စာတမ်းများပါ ပျက်စီးဆုံးရှုံးခဲ့ရလေသည်။ ၁၉၄၇ ခုနှစ်တွင် ထို ဌာနကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ပဋ္ဌမမြောက်ဂျော့ဘုရင်က အမျိုးသားဥယျာဉ်ကိုပြန်လည် တည်ထောင်ခဲ့လေသည်။

အင်ဒိုနီးရှားနိုင်ငံ။ ။မြန်မာနိုင်ငံနှင့် မာလာယုကျွန်းဆွယ်ကဲ့သို့ပင် စစ်ဘေးစစ်ဒဏ် ခံရသောနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ယခုအခါသဘာဝတင့်တယ်မှုများကို ထိန်းသိမ်းစောင့်ရှောက်ရေး၌ အာရှတိုက်နိုင်ငံများထဲတွင် ထိပ်တန်းလိုက်နေလေသည်။ သဘာဝတင့်တယ်မှုနှင့် သားငှက်တိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးဌာန သီးသန့်ထားရှိရာ ယင်းဌာနအရာရှိနှင့် အမှုထမ်းအရာထမ်း ပေါင်း ၂၂၀ ကျော်ရှိသည်။ ကြံ့ ဆင် အကောင် ၄၀ ခန့် ရှိသော ဘေးမဲ့တောကို လက်နက်ကိုင် အမှုထမ်းများက အမြဲ ကင်းလှည့် စောင့်ရှောက်လျက်ရှိသည်။



အစာရှာထွက်လာသော ဆတ်ကြီးအား တွေ့ရပုံ။ ဆတ်များသည် ပဲခူးရိုးမတောင်ပေါ်တွင် မကြာခဏတွေ့ရတတ်သည်။

မြန်မာနိုင်ငံ။ ။ပြည်ထောင်စုအတွင်း အမျိုးသုဉ်းရှင်းလုံးဝ ပျောက်ကွယ်သွားမည်ကို စိုးရိမ်နေရသောတိရစ္ဆာန်သည် ကြံ့ဖြစ်သည်။

ကြံ့ဆင်သည် ပြည်ထောင်စုအတွင်း မရှိတော့ဟု ယူဆကြသည်။ ကြံ့ဆင်ရှိခဲ့လျှင် ကျိုက်ထီးရိုး တောင်ပေါ်ရှိ ယာခင်းများသို့ ဝင်ရောက်ကျက်စား၍ကရင်များ တွေ့မြင်ရသော ကြံ့နှစ်ကောင်သာ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ကြံ့ဆင်ကို မြင်ဖူးသိကျွမ်းဖူးသော ပဂိုလ်တဦးတယောက်မျှ သွားရောက်ကြည့်ရှု စစ်ဆေးခွင့် မရပဲ ကြံ့ဆင်ဟု ကေန်မပြောနိုင်သေးချေ။

ကြံ့သည် ပြည်ထောင်စုအတွင်း အလွန်တောတောင် ထူထပ်၍ မုဆိုးများ မသွားရောက်နိုင်သော တနင်္သာရီရိုးမ၊ ပဲခူးရိုးမ၊ ရခိုင်ရိုးမ၊ ကချင်ပြည်နယ်၊ ချင်းတောင် အချို့ဒေသများနှင့် ကာဟိလူနှင့် ရှေဥဒေါင်းသားငှက် တိရစ္ဆာန်ရိုင်း ဘေးမဲ့တောများအတွင်း အနည်းငယ်စီ ရှိနေ

သေးသည်ဟု ခန့်မှန်းရသည်။ ၁၉၅၅ ခုနှစ် စစ်တမ်းခန့်မှန်းခြေအရ စုစုပေါင်း ၃၆ ကောင်မှ ၄၈ ကောင်ခန့်ထိရှိကောင်းရှိလိမ့်မည်။ ထိုအကောင်ရေမှာလည်း တကောင် နှစ်ကောင် စီ ပျံနှံ့လျက်ရှိနေ၍ ကာကွယ်စောင့်ရှောက်ရန် မလွယ်ကူလှပေ။ အင်ဒိုနီးရှားနိုင်ငံ၌ ကြုံဆင်အကောင် ၄၀ ခန့်သည် ဘေးမဲ့တောကြီးတခုတည်း၌ပင်ရှိ၍ ကြပ်မတ်စောင့်ရှောက်နိုင်ရုံမက ကြုံကလေးများလည်း ပေါက်ပွားတိုးတက်နိုင်သည်။ ပြည်ဆောင်စုအတွင်းရှိကြုံများ တိုးပွားရန်လည်း ခက်ခဲလှသည်။


သမင်သည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက အမျိုးသုဉ်းသွားမည်ကို အထူးစိုးရိမ်ခဲ့ရသော တိရစ္ဆာန်ဖြစ်သည်။ သမင်သည် လှပတင့်တယ်ထွားကျိုင်း၍ကမ္ဘာပေါ်တွင် ထူးခြားသော တိရစ္ဆာန်ဖြစ်သည်။ လူကိုလည်းရန်မမူ၊ သဘာဝအားဖြင့် ပေါက်ရောက်နေသော ရွက်နုများကိုသာ စားတတ်သည်။

သမင်အမျိုး သုံးမျိုး ရှိခဲ့သည့်အနက် မန်ပူမျိုးကို အိန္ဒိယနိုင်ငံ သစ်တောဌာနမှ လိုက်လံရှာဖွေရာ လုံးဝမတွေ့တော့ချေ။ အမျိုးသုဉ်းသွားပြီဟု ယူဆရသည်။



ပြောင်များကို တောင်ထူထပ်၍ စိုထိုင်းသော သစ်တောများတွင် တွေ့ရတတ်သည်။

ကချင်ပြည်နယ်ဘေးမဲ့တောအတွင်း တွေ့ရှိရသော ပြောင်အုပ်တအုပ်။ ဂ ကောင်မှ ၁၂ ကောင်အထိ အုပ်ဖွဲ့၍ နေလေ့ရှိသည်။



ယိုးဒယားအမျိုးသည်ယိုးဒယားနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတွင် ယခင်က ရှိသည်။ ယခုရှိနေသေးသည် သို့မဟုတ် အမျိုးသုဉ်းသွားသည်ကို မသိရပါ။ မြန်မာအမျိုးသည် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း၌ ပစ်ခတ်မှုမရှိ၍ တိုးပွားလာသည်။ ခဲယမ်းမီးကျောက်ရှားပါးပြီး တောလည်ပစ်ခတ်မှုမရှိ၍ သမင်များတိုးပွားလျက်ပင်ရှိသည်။ယခုခန့်မှန်းခြေအရ အကောင် ၂,၅၀၀ မှ ၃၀၀၀ ခန့်အတွင်းရှိနေ၍ ဝမ်းမြောက်ဖွယ်ရာဖြစ်သည်။ တိရစ္ဆာန်လောက တိရစ္ဆာန်ဗေဒကို လိုက်စားသူများသည် မြန်မာနိုင်ငံကို အားကိုးနေကြရသည်။

သမင်များကို ပိုမိုကြပ်တည်းစွာ ထိန်းသိမ်းရန်အချိန်သို့ ရောက်ရှိနေ၍ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး ဝန်ကြီးဌာနသည် ၁၉၅၅ ခု မတ်လအတွင်းက အုပ်ချုပ်ရေးအဖွဲ့၊ ရဲအဖွဲ့၊ စစ်တပ်များမှ အရာရှိများအား သမင်များကို ပစ်ခတ်သတ်ဖြတ်ခြင်းမှ လုံးဝ ရှောင်ကြဉ်ကြရန်နှင့် ပစ်ခတ် သတ်ဖြတ်ခြင်းမပြုရန် အတွက် နယ်လှူထုများသို့လည်း ဝါဒဖြန့်ဖြူးပေးရန် မေတ္တာ ရပ်ခံခဲ့သည်။ ထို့နောက် ၁၉၅၅ ခု ဩဂုတ်လ ၁၆ ရက် နေ့စဲ့ပါပြန်တမ်းအမှတ် ၂၃၇ အရ သမင်များကို လုံးဝမပစ်ခတ်ရဟု အမိန့်ထပ်ဆင့်ကြေငြာခဲ့သည်။

မင်းဒေါင်းသည် ပြည်ထောင်စုတောင်ဘက်စွန်း ကော့သောင်နယ်၌ အနည်းငယ် ရှိကောင်းရှိပါဦးမည်။ တနေ့တခြား ရှားပါးနေ၍ အမျိုးသုဉ်းသွားမည်ကို အထူးစိုးရိမ်နေရသည်။

ဆင်ရိုင်းသည် အမျိုးသုဉ်းသွားမည့် အန္တရာယ်နှင့် မကြုံရသေးပါ။ သို့သော် အဖိုးထိုက်တန်သဖြင့် ကာကွယ်စောင့်ရှောက်မှု အစီအစဉ်များ လိုအပ်လျက်ရှိသည်။

၁၉၃၅ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံအတွင်း ဆင်ရိုင်း ၁၀,၀၀၀ ခန့် ရှိလေသည်။ ယင်းတို့အနက် ၆၀၀၀ သည် ဆင်မများဖြစ်သည်ဟု ခန့်မှန်းခဲ့သည်။ ယင်း ၆၀၀၀ အနက် ၃၀၀၀ ခန့်သည် သားမွေးနိုင်သော ဆင်မများဟု ခန့်မှန်းသည်။ ဆင်မတကောင်သည် လေးနှစ်လျှင် သားတကြိမ် ပေါက်၍ ပျမ်းမျှခြင်းအားဖြင့် တနှစ်လျှင် ဆင်ငယ် ၇၅၀ ခန့် ပေါက်ဖွားနိုင်သည်။ တနှစ်လျှင် သေကြေသော ဆင်




ဆင်ရိုင်းတကောင်ကို ရခိုင်ရိုးမတောင်ပေါ်၌ အစာရှာဖွေစဉ် တွေ့ရပုံ

ကလေးများသည် ၁၂၅ ကောင်ဟု မှန်းဆကာ တနှစ်လျှင် တိုးပွားလာသော ဆင်ဦးရေသည် ၆၂၅ ကောင်ဖြစ်လေသည်။ ၁၀ နှစ် စီမံကိန်းဆွဲ၍ တနှစ်လျှင် ဆင်ရိုင်း အကောင် ၅၀၀ အထိ ဖမ်းဆီးခွင့် ပြုခဲ့လေသည်။

ထိုစီမံကိန်းနှင့် ဒွန်တွဲ၍ ၁၉၃၅ ခုနှစ်တွင် ဆင်ရိုင်းများသည် လယ်များ၊ ယာခင်းများ၊ သစ်တောပျိုးခင်းများ အများအပြား ဖျက်ဆီးသည်ဆိုကာ ဆင်ရိုင်းဦးရေကို ၄၀၀၀ မှ ၅၀၀၀ အတွင်းထားရှိရန် စီမံကိန်းကို အစိုးရက သဘောတူခဲ့သည်။ ယင်းစီမံကိန်းအရ ဆင်ရိုင်းကို လူနေနည်း၍ လယ်ယာပျိုးခင်းများနှင့် ဝေးကွာသော ဒေသများ၌ အကွက်များရွေးချယ်၍ ယင်းအကွက်များအတွင်း၌သာ သီးသန့်နေထိုင်စေရန် ဖြစ်သည်။ ဤကိစ္စအတွက် အမဲပစ် တောအုပ်များကို ခန့်ထားခဲ့သည်။ တောအုပ်များသည် ဇန္နဝါရီလ အလယ်အထိ လယ်များ၊ သစ်တော ပျိုးခင်းများသို့ ဝင်ရောက်ကျက်စားသော ဆင်ရိုင်းများကို ပစ်သတ်ရန် ထိုရက်မှ လွန်သောအခါ ရွေးချယ်သတ်မှတ်ထားသော အကွက်များ ပြင်ပတွင် တွေ့ရှိသော ဆင်ရိုင်းများကိုလိုက်လံပစ်သတ်ရန် ဖြစ်သည်။ ဤစီမံကိန်းအရ ၁၉၄၁ ခု မတ်လအကုန်ထိ ပစ်သတ်သော ဆင်ရိုင်းဦးရေသည် ၃,၂၂၈ ကောင်ဖြစ်သည်။ ၁၀ နှစ် စီမံကိန်းအရ ဖမ်းဆီးရမိသော လက်ကျန် ဆင်ရိုင်း ဦး ရေ သည် ၁,၂၀၆ ကောင်ဖြစ်သည်။ ယင်းနှစ်ခုပေါင်း ၄,၅၁၄ ကောင်ဖြစ်သည်။ သို့ဖြစ်၍ ၁၉၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံအတွင်းသို့ ပြန့်ပွားလာသောအခါ ဆင်ရိုင်း ၅,၅၀၀ ခန့် မြန်မာနိုင်ငံအတွင်း၌ ရှိနေသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဆင်ရိုင်းများကို ပစ်ခတ်မှုအလွန်နည်းပါး၍ သေကြေပျက်စီးသော ဆင်ရိုင်းဦးရေကို ထည့်၍ စဉ်းစားရန် လိုမည်မဟုတ်ပေ။ ၁၉၄၂ ခုနှစ်တွင် ဆင်းရိုင်း ၅၀၀၀ မူ တည်ပြီး နှစ်စဉ်တိုးပွားသော ဆင်ရိုင်းဦးရေကို တွက်ကြည့်လျှင် လေးနှစ်အတွင်း ဆင်းရိုင်း ၁,၂၅၀ တိုးပွားရန် အကြောင်းရှိသည်။ ၁၉၄၅–၄၆ ခုနှစ်၌ ဆင်ရိုင်းဦးရေမှာ ၆,၂၅၀ ရှိမည်ဟု ခန့်မှန်း၍ရသည်။

၁၉၄၅–၄၆ မှ ၁၉၅၁–၅၂ ခုနှစ်အတွင်း ပစ်ခတ်၍ သေကြေသော ဆင်ရိုင်းဦးရေသည် ၂၀ ကောင်ဖြစ်သည်။ သို့ဖြစ်၍ လက်ကျန်ဆင်ရိုင်းဦးရေသည် ၈၀၀၀ ခန့်ရှိနိုင်လေသည်။



ဆင်ကလေးအားနို့တိုက်ကျွေးနေသော ဆင်မိခင်ကြီးကို တောတွင်းတနေရာ၌ တွေ့ရပုံ

သားငှက်ဘေးမဲ့တော



ပဒေါင်းသားငှက်တိရစ္ဆာန်ဘေးမဲ့တောအတွင်း ကျက်စားနေထိုင်လျက်ရှိသော သားကောင်များ

သားငှက်တိရစ္ဆာန်များ ကာကွယ်ရေး

နိုင်ငံတော်အစိုးရသည် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနမှ ကွပ်ကဲ၍ သဘာဝထိန်းသိမ်းရေးနှင့် အမျိုးသားဥယျာဉ်များ တည်ထောင်ရေးအတွက် ၁၉၇၁ ခုနှစ်မှစ၍ စိမ်းကိန်းချပြီး ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ အနှံ့အပြား သင့်တော်မည့် ဒေသများ၌ သဘာဝအနေအထားအတိုင်း တောများနှင့် တောရိုင်း တိရစ္ဆာန်များကျန်ရှိနေသေးသော ဒေသများကို သတ်မှတ်ဖော်ထုတ်ပြီးလျှင် ကြိုးဝိုင်းများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် လက်ရှိဖွဲ့စည်းပြီးသော တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများနှင့် ဖွဲ့စည်းရန် အဆိုပြုထားသော ဘေးမဲ့တောများကို ပြန်လည်စိစစ်၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် ချမှတ်ထားသည်။

၁။ မျိုးဆက် ပြုန်းတီးသွားမည့် အန္တရာယ်အတွက် စိုးရိမ်ရသော တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်တို့ကို ထိန်းသိမ်းသွားရန်။

၂။ လှုပသည့် သဘာဝရှုခင်းများရှိသော ဒေသများကို ကာကွယ်ထိန်းသိမ်းပေးသွားရန်။


၃။ ဘူမိဗေဒအလျောက် ထူးခြားစွာ ဖြစ်ပေါ်တည်ရှိနေသော ဒေသများကို ထိန်းသိမ်းပေးသွားရန်။

၄။ အမျိုးသား ဥယျာဉ်များနှင့် ကြိုးဝိုင်းများကို တည်ထောင်ပေးခြင်းဖြင့် ဒေသန္တရဖွံ့ဖြိုးမှုကို အထောက်အကူပြုစေရန် စသည်တို့ဖြစ်သည်။

သဘာဝထိန်းသိမ်းရေးနှင့် အမျိုးသားဥယျာဉ်များ တည်ထောင်ရေးအတွက် လိုအပ်မည့်ဥပဒေ၊ နည်းဥပဒေ မူကြမ်းများကိုလည်း ရေးဆွဲသွားရန် ပြဋ္ဌာန်းခဲ့လေသည်။

၁၉၇၁ ခုနှစ် ပြီလတွင် ရန်ကုန်မြို့အနီး လှော်ကားဒေသ၌ သဘာဝတောရိုင်းတိရစ္ဆာန်ဥယျာဉ်တခုကို မြေးက ၃၃၀ ဒသမ ၅၆ ရှိ မြေနေရာပေါ်တွင် စတင်တည်ထောင်၍ တောရိုင်းတိရစ္ဆာန်များကို သဘာဝအနေအထားအတိုင်း လွတ်လပ်စွာ မွေးမြူထားပြီးလျှင် အများပြည်သူတို့ကြည့်ရှုလေ့လာနိုင်ရန်နှင့် ကျုံး၊ ဝင်းခြံ စသည်တို့အတွင်း မွေးမြူထားရန် စီစဉ်ဆောင်ရွက်လျက်ရှိလေသည်။

ဦးချစ်ကိုကို



အနောက်တိုင်း ဗိသုကာလက်ရာ

ဗိသုကာပညာသည် အနုပညာတရပ် ဖြစ်သည်သာမက အတတ်ပညာရပ်လည်း ဖြစ်သည်။ဗိသုကာပညာရပ်ဆိုသည်မှာအဆောက်အအုံများကိုလည်းကောင်း၊မြို့ပြများကိုလည်းကောင်း၊ တည်ဆောက်ရာတွင် ပန်းချီ၊ ပန်းပြောက်၊ ပန်းပုလက်ရာများဖြင့် တိတ်ဝင်ဖန်တီး ပြုလုပ်ပေးရသော ပညာရပ်ဖြစ်သည်။

အဆောက်အအုံ၏ အချိုးအဆစ်ပြေပြစ်စေခြင်း၊ ကြာရှည် ခိုင်မြဲစေခြင်း တို့အတွက်လည်း ဂရုစိုက်ရသည်။ ဆောက်လုပ်မှု အတတ်ပညာကိုလည်း ခြေခြေမြစ်မြစ် တတ်ကျွမ်းဖို့လိုပြန်သည်။

ဗိသုကာပညာရပ်၏ နောက်ထပ်အဓိကကဏ္ဍတရပ်သည် ယဉ်ကျေးမှုသမိုင်းစဉ်ဆက်၏ အနှစ်သာရကို ရှုမြင်တတ်၊ ခံစားတတ်၊ ဖန်တီးတတ်ရန် လိုအပ်ခြင်းပင်ဖြစ်သည်။

ဗိသုကာပညာ နယ်ပယ်သည် အပြောကျယ်လှသည်။ ဗိသုကာလက်ရာဟူသည် အနုပညာ၊ အတတ်ပညာနှင့် အသိပညာ ပေါင်းစပ်ထားသည့် ပညာရပ်မျိုးဖြစ်၍ ရှင်းလင်းခဲ့ခြားပြရန် အားထုတ်ကြသူတိုင်းအဖို့ အခက်အခဲတွေ့ရမြဲ ဖြစ်လေသည်။

ဆောက်လုပ်မှုအတတ်ပညာ တိုးတက်ပါမှ ဗိသုကာလက်ရာ အဆင့်မြင့်နိုင်ပေသည်။ သို့သော် ဆောက်လုပ်မှုအတတ်ပညာချည်း သက်သက်မျှဖြင့် ဗိသုကာလက်ရာကောင်း ဖြစ်နိုင်မည်မဟုတ်ချေ။ ဤအချက်ကို နှစ်ပေါင်း ၆၀၀၀ မျှသော အဆောက်အအုံများသမိုင်း၌ သက်သေထင်ရှား တွေ့နိုင်လေသည်။ ဗိသုကာလက်ရာတိုင်းတွင် လူအဖွဲ့အစည်းတခု၏ ယဉ်ကျေးမှု၊ သက်ဆိုင်သည့်ဟန်ပန်၊ ကြန်အင်္ဂါတို့ ထင်ဟပ်လျက်ရှိသည်။

အဆောက်အအုံ ဗိသုကာလက်ရာတို့သည် အဆောက်အအုံများ တည်ရှိရာဒေသရှိ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုအသိပညာ အဆင့်နှင့် အရည်အသွေးတို့ကို ဖော်ထုတ်ပြနေသည်ဟုဆိုပါလျှင် မည်သို့သောအဆောက်အအုံသည် မည်သည့်အရည်အချင်းများကို ကိုယ်စားပြု ဖော်ထုတ်နေကြပါသနည်း။

မြို့တမြို့ရှိ မြို့တော်ခန်းမသည် ထိုမြို့၏ ကျက်သရေဆောင် အဆောက်အအုံဖြစ်ရပေမည်။ မြို့တော်ခန်းမ အဆောက်အအုံ ဗိသုကာလက်ရာသည် မြို့တော်တွင် အကောင်းဆုံးဖြစ်ရပေမည်။ တနည်းဆိုရသော် မြို့တော်ခန်းမသည် မြို့တမြို့လုံး၏ အခြေအနေအရပ်ရပ်ကို ကိုယ်စားပြုနေရသည်။

အလားတူပင် တရားရုံးတော်အဆောက်အအုံသည် ထိုနယ်၊ထိုနိုင်ငံ၏ တရားဥပဒေစိုးမိုးနေခြင်းကို သွယ်ဝိုက်သော သဘောဖြင့် ဖော်ပြနေသည်ဟု ဆိုနိုင်သည်။ အနုပညာပြတိုက်များသည် ထိုဒေသ၌ အနုပညာဖွံ့ဖြိုးမှုအတိုင်းအတာကိုလည်းကောင်း၊ ကဇာတ်ရုံ၊ သဘင်ရုံ၊ ဂီတရုံ၊ အဆောက်အအုံတို့သည် ထိုနယ်ရှိလူတို့၏ ပန်တျာအနုပညာလိုက်စား မှု၊ ထွန်းကားမှု၊ အနိမ့်အမြင့်ကိုလည်းကောင်း ဖော်ညွှန်းနိုင်ပေသည်။

ဤကဲ့သို့ လူမျိုးတမျိုး၏ထက်မြက်မှုကို အရည်အသွေးအားဖြင့် အဆောက်အအုံအပေါ်တွင် ထင်ဟပ်ပြနိုင်အောင် ကြံဖန်တီထွင်ရသော အနုပညာသည် ဗိသုကာပညာရပ်ပင် ဖြစ်သည်။

မြို့ပြဗိသုကာ လက်ရာ

လူတို့သည် မြို့ပြပြည်ရွာများတည်ထောင်ကြသောအခါ လူမှုပြဿနာများကို နည်းပါးသည်ထက် နည်းပါးရအောင် စည်းကမ်းများ၊ စနစ်များ ချမှတ်ရမြဲဖြစ်သည်။ အဆောက်အအုံ၊ လမ်းပန်းများကို ဆောက်လုပ်ရန်ရည်ရွယ်လျှင် ရေရှည်ကာလကို ချဉ့်တွေးဆ၍ စီမံကိန်း၊ စီမံချက်များပြုလုပ် စီမံဆောင်ရွက်ကြရသည်။ ရှေးခေတ်တွင် မြို့နေပြည်သူတို့၏ စီးပွားရေးလုပ်ငန်း၊ အသက်၊ စည်းစိမ်၊ အိုးအိမ်များကို ကာကွယ်နိုင်ရန် မြို့ရိုး၊ ခံတပ်၊ ကျုံး၊ မြောင်းများ ဆောက်လုပ်ခဲ့ကြသည်။ လုပ်တင့်တယ် ရှုချင်စဖွယ်ရှိအောင်လည်း ပြအိုး၊ ပစ္စင်၊ ပြာသာဒ်ဆောင် စသည်ဖြင့် အဆောင်အယောင်များကိုပါ ထည့်သွင်းဆောက်လုပ်ထားခဲ့ကြသည်။ မင်းနေပြည်ဖြစ်လျှင် သက်ဆိုင်သည့်အဆင့်ကို ဖော်ညွှန်းသော သင်္ကေတပါသည့် အဆောင်အယောင်တို့ကို တင်ပြကြရသည်။

မြို့ပြဌာနလည်းကောင်း၊ အဆောက်အအုံဌာနလည်းကောင်း သင်္ကေတဖြင့် ဖော်ညွှန်းမှုပြုခဲ့ကြသောအရာသည် ထိုလူမျိုးတမျိုး၏ သမိုင်းစဉ်လာ ယုံကြည်စံလန်းမှုများကို ကိုယ်စားပြုကြသည့် အမှတ်အသားများပင် ဖြစ်သည်။ ထိုသင်္ကေတ

များ၏ အနက်အဓိပ္ပာယ်တို့ကိုလည်း နားလည် သဘော ပေါက်ထားပါမှ ဗိသုကာအသိပညာ၏ နက်နဲမှုကို ရရှိပေ လိမ့်မည် ဖြစ်လေသည်။

အပြောက်ဗိသုကာလက်ရာ

အဆောက်အအုံကြီးငယ်များကို လူသားတို့ မဆောက် လုပ်တတ်မီခေတ်ကပင် ပန်းချီ၊ ပန်းပုပညာရပ်များ စတင် ထွန်းကား ပေါ်ပေါက်နေခဲ့ပြီ ဖြစ်လေသည်။ ဗိသု ကာလက်ရာနှင့် ယှဉ်တွဲရောယှက်သုံးစွဲလျှင် ယင်းလက်ရာ များသည် အပြောက်ဗိသုကာလက်ရာများအဖြစ် ရှုမြင်ရ ပေသည်။

အပြောက်ဗိသုကာလက်ရာတို့၏ ကတ္တာသည် ဗိသုကာ အာဝါသ ပိုမိုစည်ပင်လာစေရန် ကူပံ့ပေးရခြင်းဖြစ်သည်။ မြန်မာ ဗိသုကာ လက်ရာများတွင် ပန်းချီ ပန်းပုစသော ပန်းပညာ ၁၀ ရပ်ဖြင့် မှမ်းမံချက်ဟူသမျှသည် အပြောက် ဗိသုကာလက်ရာများပင် ဖြစ်လေသည်။

ဆောက်လုပ်မှု(အင်ဂျင်နီယာ)ပညာ

အဆောက်အအုံကို အခိုင်အခန့်သဘောဖြင့် ဖန်တီး ရာတွင် ဆောက်လုပ်မှု(အင်ဂျင်နီယာ)ပညာသည် ပဓာန ကျသည်။ဗိသုကာလက်ရာ ဖွံ့ဖြိုးမှုအဆင့်တိုင်းတွင် ဆောက် လုပ်မှု ဟိုးတက်လာလေ့ရှိပေသည်။ရှေးခေတ်တွင် ကျောက် ထုပ်သုံးစွဲတတ်ခြင်း၊ နောက်တဆင့် ခုံးပေါက်ဆောက်လုပ် တတ်ခြင်း၊ဥမင်ပေါင်းကူးများ၊လိုဏ်ပေါင်းများဆောက်လုပ် တတ်လာခြင်းဖြင့် ဗိသုကာလက်ရာများ တိုးတက်ခဲ့သည်။ ဆောက်လုပ်မှု ပို၍ ပို၍ ကျွမ်းကျင်မှု ရှိလာကြသော ဘိုင် ဇန်တီး ဗိသုကာခေတ်၌ လုံးခြမ်းပေါင်းများ ပူးတွဲသော အဆင့်သို့ တက်လာခဲ့သည်။

ထိုမှတဆင့် ဂေါ့သစ်ဗိသုကာလက်ရာများ ပေါ်ထွန်း လာသောအခါ စေ့စပ်သေချာလှသော ဆောက်လုပ်မှု အတတ်ပညာသည် အဆင့်မြင့်မားလာပြန်သည်။ မျက် မှောက်ခေတ် နှစ်ပေါင်း ဂ၀ အတွင်းတွင် ဗိသုကာလက်ရာ ဖြစ်ထွန်းတိုးတက်နေခြင်း၏ အတိုင်းအဆ ပမာဏသည် နှစ်ပေါင်း ၅၀၀၀ ကျော် ကာလအတွင်း ဆောက်လုပ်ခဲ့ သော အဆောက်အအုံစုစုပေါင်း၏ အရေအတွက်ထက် များလေသည်။

ဗိသုကာလက်ရာတို့၏ ရသ

ဆောက်လုပ်မှု (အင်ဂျင်နီယာ) အတတ်ပညာ၊ အပြောက်ဗိသုကာလက်ရာ၊ အဆောက်အအုံဗိသုကာလက် ရာနှင့် မြို့ပြနှင့် မြို့တည် ဗိသုကာလက်ရာတို့သည် မျက် မှောက်ကာလတွင် အစဉ်တစိုက် တိုးတက်လျက်ရှိပေသည်။ အထူးသဖြင့် စက်မှုသိပ္ပံထွန်းကားသော အနောက်ကမ္ဘာရှိ နိုင်ငံများ၌ လျင်မြန်စွာ ပွားများသည်ကိုတွေ့ရသည်။

လူသမိုင်း၏ အစတွင် လူသားတို့သည် သဘာဝ အလျောက် ဖြစ်ပေါ်နေသော ဂူများ၊ သစ်ခက်သစ်ကိုင်း များဖြင့် ဆောက်လုပ်ထားသော တဲနှင့် ယာယီအိမ်ငယ် များ၌ နေထိုင်ခဲ့ကြသည်။ မိမိတို့ ပူဇော်ကိုးကွယ်ရာ အဆောက်အအုံများကို ဗိသုကာလက်ရာအဖြစ် အပြောက် အမွမ်းများနှင့် တွဲဖက်၍သုံးစွဲပြီး ခန့်ညားလှပသော ဗိသု ကာ လက်ရာများကို ဖန်တီးခဲ့ကြသည်။

တိုင်နှင့် ထုပ်ဆောက်လုပ်စနစ်

တိုင်နှင့်ထုပ် ဆောက်လုပ်စနစ်ဟူသည် သစ်နှင့်ဝါးတို့ကို သုံးစွဲနေကြရသော အရှေ့တောင်အာရှတိုက်သားတို့အတွက် မည်သို့မျှ မထူးဆန်းလှပေ။ သို့သော် ကျောက်တုံး အုတ်ခဲ စသည့်ပစ္စည်းများဖြင့် တိုင်နှင့်ထုပ်စနစ်သုံးပြီး ဆောက်လုပ် ကြရသည့်အခါ အလွန်ပင်ခက်ခဲမှုရှိလေသည်။

ကျောက်တုံးကြီးတို့၏ လေးလံလွန်းသည့် သဘာဝ၊ ကြုပ်ဆတ်သောသဘာဝတို့ကို သိထားရသည်။ တိုင်များ၏ ထိပ်တွင် ကျောက်တုံးကြီးတင်ထုပ်အဖြစ်တင်ရသည်။ ထိုတိုင်ထိုထုပ်များကို ချိမရန်ပင့်ရန်လွယ်ကူစေမည့် အတိုင်း အတာပမာဏဖြစ်အောင် ကျောက်များကို ဖြတ်တောက် ညှိချောပေးရသည်။ ထိုလုပ်ငန်းများ၌ အကျုံးဝင်သော ကျောက်ဆစ် အတတ်ပညာနှင့် ကြေးညှိသတ္တုလက်နက် ကိရိယာများကိုလည်း ပိုင်ဆိုင်ထားသည့်အဆင့်၌ ရှိပြီးမှ သာ ထိုကဲ့သို့သောစနစ်ကို သုံးစွဲနိုင်ကြမည် ဖြစ်ပေသည်။

ရှေးယဉ်ကျေးမှုကြီးများ

အနောက်ကမ္ဘာမှ ဗိသုကာလက်ရာသမိုင်းကို တဆယ့် သုံးခေတ်ခွဲထားရာ တိုင်နှင့် ထုပ်စနစ်ဖြင့် ဆောက်လုပ်မှုကို အစောဆုံးနှင့် အကြီးကျယ်အထင်ရှားဆုံး ဗိသုကာလက်ရာ များအဖြစ် တွေ့ရှိရသည်။ ထိုခေတ်သည် ဂေါတမဗုဒ္ဓ မြတ်စွာ ပွင့်တော်မမူမီ နှစ်ပေါင်း ၃၅၀၀ ခန့်က ဖြစ်သည်။ ထိုခေတ်အတွင်းတွင် ဆီးရီးယန်လူမျိုးတို့၏ ဗေဗီလုံးမြို့ပြ ဗိသုကာ လက်ရာသည် လည်းကောင်း၊ ဇစ်ဂုရပ် အဆောက်အအုံ ဗိသုကာလက်ရာများသည် လည်းကောင်း၊ ဒုတိယမြောက်ဆာဂွန်နန်းတော်၏ တံခါးမုခ်ဝ၌ ထုထွင်း ခြယ်သထားသည့် အပြောက်ဗိသုကာလက်ရာများသည် လည်းကောင်း တိုင်နှင့် ထုပ်စနစ်နှင့် ယှဉ်တွဲ၍ ဖြစ်ထွန်းခဲ့ သော လက်ရာများဖြစ်လေသည်။

ဗေဗီလုံးလွန်ခေတ်နှောင်း (ခရစ်မပေါ်မီနှစ် ၆၀ ခန့်) ကပင် အုတ်ခဲများဖြင့်စီဆောက်ပြီး အုတ်နုံရံတွင် ခုံးပေါက် ဆောက်လုပ်သည့်အတတ်ကို သုံးစွဲနေပြီဖြစ်သည်။

ပါရှားနိုင်ငံ (ယခု အီရန်နိုင်ငံ) ရှိ ပါဆီပိုလစ်မြို့တော်သည် ခရစ်မပေါ်မီ ၅၁၀ နှစ်တွင် စတင်ဆောက်လုပ်ခဲ့သည့် ဗိသုကာလက်ရာဟောင်းမြို့တစ်မြို့ဖြစ်သည်။ အနောက်တိုင်းဗိသုကာလက်ရာသမိုင်း ရှေးဦးခေတ်နှောင်းကာလပိုင်းတွင် စည်ပင်ခဲ့ပေသည်။

ခရစ်မပေါ်မီ နှစ်ပေါင်း ၃၀၀၀ ခန့်နှင့် ၂၀၀၀ အကြားတွင် သမိုင်းဖြစ်ရပ်များ၌ ထင်ရှားသည့် ထရိုင်မြို့ပြဗိသုကာလက်ရာနှင့် အေရှားမိုင်းနားဒေသ၌ပင် ထင်ရှားသည့် ဟစ်တိုက်လူမျိုးတို့၏ ဟေထုဆပ်(ဘိုဂါဇကိုဲ)မြို့တော် ဗိသုကာလက်ရာတို့တွင် တိုင်နှင့်ထုပ်စနစ်မှ လွတ်မြောက်ရန် ကြိုးပမ်းခဲ့သည်။ တိုင်နှင့်ထုပ်ဆောက်လုပ်စနစ်မှ အစွန်းထွက်ခုံးဆောက်လုပ်နည်းကို သုံးရန် ကြိုးပမ်းထား ချက်ကို ခရစ်နှစ် မတိုင်မီ ၁၂၅၀ ပြည့်တွင် ဆောက်လုပ်ခဲ့သော ခြသေ့မြို့တံခါး၌ တွေ့မြင်နိုင်ပေသည်။

အောဂျင်ပင်လယ်ကမ်းခြေတဝိုက်မှ ကရိမင်နိုအန် ယဉ်ကျေးမှုကြီးများ ထွန်းကားရာဒေသ၌လည်း မြို့ပြဗိသုကာလက်ရာများနှင့် အဆောက်အအုံဗိသုကာလက်ရာများစွာ ရှိသည်။

အီဂျစ်၊ မက်ဆို ပိုတေးမီးယားနှင့် အေရှားမိုင်းနားဒေသများ၏ ဗိသုကာ လက်ရာများခေတ်ကို ခေတ်ဦးယဉ်ကျေးမှုကြီးများခေတ်ဟု သတ်မှတ်ကြသည်။

ထိုခေတ် ယေဘုယျ ဗိသုကာ ကြန်အင် လက္ခဏာများသည် ပြင်ပ သဏ္ဌာန်၌ ထုထည်အား ကြီးမားသော အသွင်အပြင်ကို ဆောင်ထားကြသည်။ အတွင်း၌ ဟင်းလင်းခွင်မပါသလောက်ပင် ဖြစ်သည်။ အကယ်၍ အတွင်း၌ ဟင်းလင်းခွင် ရှိနေပါလျှင် ပြင်ပမှ မြင်နေရသော ထုထည်နှင့် နှိုင်းယှဉ်လျှင် အလွန်ပင် သေးငယ်ကြပေလိမ့်မည် ဖြစ်လေသည်။

အဆောက်အအုံ အမျိုးအစားတို့သည် သံချိုင်းဂူများ၊ နတ်ဘုရားကျောင်းများနှင့်နန်းတော် အဆောက်အအုံများသာလျှင် ဖြစ်သည်။ ကရိတန်ကျွန်းနှင့် ဟစ်တိုက်တို့၏ ဗိသုကာ လက်ရာများသည် မြေနေရာ အခြေ အနေ အလျောက် ပန္နက်ပုံကို ပြေပြစ်စွာ ဆောက်လုပ် တတ်ကြ၏။ အီဂျစ်နှင့် ဗေဗီလုံး စသော အခြား ယဉ်ကျေးမှုကြီးများ၏ ဗိသုကာ လက်ရာအားလုံးတို့သည် အလွန်တင်းကျပ်တိကျသော စနစ်ကြီး ချမှတ်မှုများနှင့်အညီ တင်းမာသောပန္နက်များဖြင့်သာ စီမံ ဆောက်လုပ်လေ့ ရှိသည်။


ခေါမခေတ်ဗိသုကာလက်ရာဟန်များ
အော်ဒါခေါ် အခြေခံတိုင်များ

ခေါမ ဗိသုကာ လက်ရာအချို့သည် ခရစ်မပေါ်မီ နှစ် ၁၂၀၀ မှ နှစ် ၂၀၀ အတွင်း ထွန်းကားခဲ့ပေသည်။

ရှေးခေတ် ခေါမလူမျိုးတို့ ချမှတ်ခဲ့သော အခြေခံအော်ဒါနှစ်ခုသည် ဒေါရစ်အော်ဒါနှင့် အိုင်ယိုးနစ်အော်ဒါတို့ ဖြစ်ကြသည်။ ထိုအော်ဒါများ၏သဘောသည် ကျောက်တိုင်လုံးကြီး အခြေ၏ ထိပ်ဝ၏တဝက် (အချင်းဝက်) ကို အခြေခံ အတိုင်းအတာအဖြစ် ထားပြီး၊ ကျောက်တိုင်၏ အရပ်ကို ထိုအတိုင်းအတာ၏ ခုနစ်ဆခွဲထားပြီး အဓိက တိုင်ကြီးများ(ဝါ)ကွန်းစင်တိုင်အဖြစ် ပုံထုတ် ဆောက်လုပ်ခြင်း၊ သို့မဟုတ် ရှစ်ဆခွဲထားပြီး ဆောက်လုပ်ခြင်း ပြုသည့် သဘောဖြစ်သည်။ ဒေါရစ် အော်ဒါစနစ်သည် ရှေးအကျဆုံး အရိုးခံအကျဆုံးနှင့် တိုင်လုံးပတ်နှင့် တိုင်အရပ် အချိုးသည် အကြီးဆုံး ဖြစ်ပေသည်။ ခေါမတို့ တီထွင်လိုက်သည့် စနစ်ကို နောင်အခါ ရောမတို့က ကော်ရိသီယန်အော်ဒါ ကွန်ပို ဇစ်အော်ဒါနှင့် တပ်စကန် အော်ဒါတို့ကို ဆက်လက် တီထွင်သွားကြသည်။ ယင်း အော်ဒါတိုင် စနစ်တို့သည် ခေတ်နှောင်းလာလေလေ၊ တိုင်လုံးပတ်နှင့်တိုင်အရပ်တို့ အချိုးငယ်လာလေလေ ဖြစ်သည်။ တနည်းအားဖြင့် တိုင်တို့၏ ထုသွင်သည် သေးသွယ်လာလေလေ ဖြစ်သည်။

အေသင်မြို့ရှိ အက်ခရိုပိုလစ်

ခေါမ ဗိသုကာ လက်ရာ အကြောင်း ဆွေးနွေးတိုင်း အက်ခရိုပိုလစ် တောင်ကုန်းပေါ်မှ ဗိသုကာ လက်ရာ အစုအဝေးကို ပင်တိုင် ထားကြစမြဲ ဖြစ်သည်။ ထိုဗိသုကာ လက်ရာများသည် အလွန်ပင် အဆင့်မြင့်သည်။ အီရက်သီယွန် အဆောက်အအုံ၊ ပါသီနွန် အဆောက်အအုံ၊ ပရိုပိုလေယာ မည်ရှိ (အက်ခရိုပိုလစ်တောင်ကုန်းအတက်) စောင်းတန်းဦး



ရောမ ဗိသုကာလက်ရာဟုဖြစ်သော ဒေါရစ်အဆောက်အအုံ (ခရစ်မပေါ်မီ ၅၀၀ခန့်)နှင့် ကျောက်တိုင်၏ အသေးစိတ်ပုံ

မုခ်ဝ အဆောက်အအုံ၊ သယ်ဇီယွန် အဆောက်အအုံ၊ ဆိုနီယွန် အဆောက်အအုံ တို့သည် ဤတောင်ကုန်း တခုတည်းပေါ်၌ စုဝေးနေကြသည်။

ခေါမခေတ် ဗီသုကာလက်ရာတွင် ကျောက်တိုင်ကြီးများနှင့် ကျောက်ထုပ်ကြီးများကို အဓိကထား၍ သုံးစွဲကြသည်ကို တွေ့ရသည်။ ခုံးနှင့်ပေါင်းခုံးများကို မသုံးစွဲတတ်ကြသေးချေ။ အတွင်း ဟင်းလင်းခွင်ကို အရေးပေး ပုံထုတ်ခြင်းမဟုတ်ပဲ အပြင်ဘက် အမြင်တင့်တယ်မှုကို ဦးစားပေးခဲ့လေသည်။

ထိုခေတ်တွင် အဓိကထား၍ သုံးစွဲ ခဲ့ကြသော ဆောက်လုပ်ပစ္စည်းများသည်မှာဘယ် ကျောက်သား ကျောက်တုံးများ၊အချောပြုပြင်ပြီး အခြား ကျောက်တုံးများနှင့် သစ်သား စသည်တို့ ဖြစ်ကြသည်။ ကျောက်ဆစ် ပန်းတမော့လက်ရာအလွန် ပြောင်မြောက်ကြသည်။ ကျောက်တုံးကြီးများကိုသရွတ်မပါပဲ ဆက်စပ် ဆောက်လုပ် ကြသည်။ ကျောက်တုံးကြီးများကို သံ သို့မဟုတ် ကြေးညိုစရွေးငုတ်များဖြင့်လည်း ဆက်စပ် တတ်ကြသည်။ ဂရိ ဗီသုကာလက်ရာ၏ ပြောင်မြောက်မှုသည် ဆောက်လုပ်ရာတွင် သေသပ်စေ့စပ်လွန်းခြင်းဟူသော စွမ်းရည်အပေါ် တွင် တည်သည်။ ထုသွင် ဖန်တီးမှု ရှုထောင့်မှကြည့်လျှင် ခေါမတို့၏ စိတ်ကူးစိတ်သန်းများသည် မမြင့်လွန်းလှပေ။ သို့သော် လှပ တင့်တယ်ခြင်း၊ ယင်း လှပမှုတွင် လေးနက်သော အဓိပ္ပာယ်တို့ ပါဝင် ပေါင်းစပ်လျက်ရှိအောင် ဖန်တီးတတ်ခြင်း၊ ငြိမ်သက်အေးချမ်းသော အမြင်သုခကို လှပ တင့်တယ်မှုတွင် ရောယှက်ပေးထားနိုင်စွမ်း ရှိခြင်းဟူသော ဗီသုကာ အရည် အသွေးစသည်တို့တွင် ခေါမ ဗီသုကာလက်ရာကို မီနိုင်ခြင်း မရှိသေးချေ။

ခုံးပေါက်၊ လိုဏ်ပေါင်းနှင့် ရောမ ဗီသုကာလက်ရာဟန်

ခရစ်မပေါ်မီ နှစ်ပေါင်း ၁၀၀ ခန့်မှ ခရစ်နှစ် ၃၀၀ ခန့်ထိ ရောမအင်ပါယာထွန်းကားခဲ့သည်။ စည်းကမ်းသေဝပ်သော အမျိုးသားဓလေ့နှင့် ဗီသုကာလက်ရာကို အားပေးခဲ့ကြသော မင်းတို့ကြောင့် ရောမခေတ် ဗီသုကာ လက်ရာများသည် ကြီးမားစွာ ဖြစ်ထွန်းခဲ့ရလေသည်။

ရောမတို့၏ မြို့ပြဗီသုကာလက်ရာ

ရောမ ဗီသုကာလက်ရာသမိုင်း၌ မြို့ပြမြို့တည် ဗီသုကာလက်ရာ၏ကြီးကျယ်ခမ်းနားခြင်းကို တွေ့ရသည်။ ရောမမြို့သည်အင်ပါယာကြီး၏မြို့တော်အဆင့်သို့ရောက်လာခဲ့သည်။ မြို့ပြဆိုင်ရာ ပြဿနာများစွာကို ဖြေရှင်းနိုင်ရန် ဆောက်လုပ်မှုများဆိုင်ရာ နည်းလမ်း၊ စည်းကမ်းများကို တီထွင်ခဲ့ကြသည်။ မြို့တွင်း သွားလာရေး၊ လူထုစုဝေးဆွေးနွေးရာ ခန်းမအဆောက်အအုံများ၊ သောက်သုံးရန် ရေသယ်စနစ်များ၊ လူထုရေချိုးရုံကြီးများ၊ ရောင်းဝယ်ဖောက်ကားရာ စျေးကွက်လပ်ကြီးများ၊ ပူဇော်ပသရာ နတ်ကွန်းအဆောက်အအုံကြီးများ၊ နန်းတော် အဆောက်အအုံကြီးများ၊ အားကစားပြိုင်ပွဲများ၊ နပမ်းသတ်ပွဲများ ကျင်းပရာ ရုံကြီးများ၊ ဇာတ်ပွဲကြီးများကျင်းပရာ လေဟာပြင်ဇာတ်ရုံကြီးများစွာကို တည်ဆောက်ခဲ့လေသည်။

ဖိုရမ် ဟု ခေါ်သော လူထုစုဝေးရာ မြို့တွင်းကွက်လပ်နေရာသည် ရောမမြို့ပြဗီသုကာလက်ရာ၌ အရေးပါလှသည်။ ဖိုရမ်ကွက်လပ်ကို ဘာဆီလီကာခေါ် လူထုစုဝေးရုံကြီးများ၊ နတ်ကွန်း အဆောက်အအုံများဖြင့် ဝန်းရံ၍ ဆောက်လုပ်ထားတတ်ကြသည်။ ဖိုရမ်များအနက် ရောမမြို့တော်ရှိ အင်ပီရီယယ်ဖိုရမ် သည် အရေးအပါဆုံး ဖြစ်သည်။ အရေးပါလှသည့် ဖိုရမ်ငါးခုဖြင့် စုစည်းပေါင်းစပ်ထားသော အင်ပီရီယယ် ဖိုရမ် ဖြစ်သည်။ ဤအစုတွင် ဆီဇာဘုရင်၏ဖိုရမ်၊ ဩဂတ်စတပ်ဘုရင်၏ ဖိုရမ်၊ နာဗာဘုရင်၏ ဖိုရမ်၊ သြဂတ်စတပ်ဘုရင်၏ ဖိုရမ်၊ တရာဂျန် ဘုရင်၏ ဖိုရမ် စသည်တို့ပေါင်းစုပါဝင်နေပေသည်။

ခရစ်နှစ် ၇၉ ခုဋ္ဌ မီးတောင်ပေါက်ကွဲပြီး ပြာပူနှင့် ချော်ရည်လွှာအောက်သို့ နစ်မြုပ်ခဲ့ရသော ပွန်ပီမြို့ငယ်နှင့် ဟာကြူလနီယန် မြို့ငယ်မှ ပြန်လည်တူးဖော်တွေ့ရှိချက်များသည် ရေ မဗီသုကာလက်ရာအဆင့်နှင့် အရည်အသွေးတို့ကို လွယ်ကူစွာ အကဲဖြတ်နိုင်စေသည်။ ပွန်ပီမြို့၌ တွေ့ရသော ဖိုရမ်ကွက်လပ်သည် အရွယ်အစားကြီးငယ် ဘာဆီလီကာ အဆောက်အအုံပေါင်း ၁၂ ခု ဝန်းရံနေသည့် ဖိုရမ် ဖြစ်လေသည်။

နန်းတော်များ

နန်းတော် အဆောက်အအုံများစွာတို့အနက် စပလင်အရပ်၌ တွေ့ရသော ဒိုင်အိုကလီတီယန် နန်းတော်သည် ပန္နက်ဖွဲ့ထားပုံမှအစ ထုသွင်ဖွဲ့ထားပုံအလယ်၊ အပြောက်အမွှမ်းခြယ်သထားပုံအဆုံး ကြီးကျယ်ခန့်ငြား တင့်တယ်ခြင်းများ ရှိနေပေရာ၊ ရောမတို့၏ နန်းတော် အဆောက်အအုံ ဗီသုကာလက်ရာအားလုံး၏ ကိုယ်စားပြုအဖြစ် လေ့လာသိရှိနိုင်ပေသည်။

ဇာတ်ရုံများ

မာစဲလပ်· ဇာတ်ရုံအဆောက်အအုံကြီး၊ ကိုလိုဆီယမ် အားကစား ရုံကြီးတို့၏ ကြီးကျယ်ခြင်းသည် နှစ်ဆယ်ရာစုနှစ် အဆောက်အအုံပမာ ကြီးကျယ်ပေသည်။ ကိုလိုဆီယမ် အဆောက်အအုံသည် သရွတ်မပါပဲအုတ်နှင့် ကျောက်တုံး

တို့ကို အလွတ်စီပြီး ဆောက်လုပ်ခဲ့သည်။ ဆောက်လုပ်မှု အတတ်တွင် အံ့ဖွယ်ရှိသော်လည်း ဗိသုကာအခြေခံထုသွင်တို့ ပေါင်းဖွဲ့ပေးရာတွင် ပြတ်သားမှုမရှိပေ။


လေဟာပြင် ဇာတ်ရုံကြီးများ

အမ်ဖီသီယေတာဟုခေါ်သော လေဟာပြင်ဇာတ်ရုံကြီးများသည် ခေါမဗိသုကာတို့၏ တီထွင်ချက်ဖြစ်သည်။ ရောမတို့ပိုင်ဆိုင်ခဲ့ဖူးသော ကိုလိုနီမြို့ကြီးတိုင်း၌ လေဟာပြင်ဇာတ်ရုံများ ဆောက်လုပ်ထားတတ်ကြသည်။ ရောမမြို့တော်ကြီးတွင်ရှိသော မာစဲလပ် ကဇာတ်ရုံ အဆောက်အအုံနှင့် ကိုလိုဆီယမ်လေဟာပြင်အားကစားရုံတို့ကို လေ့လာရုံမျှဖြင့် ရောမဗိသုကာတို့၏ ဇာတ်ရုံ အဆောက်အအုံ ဗိသုကာလက်ရာစွမ်းပကားကို သိနိုင်လောက်သည်။

ကိုလိုဆီယမ်အဆောက်အအုံကြီးကို ခရစ်နှစ် ၇၂ မှစ၍ ရှစ်နှစ်ကြာမျှ ဆောက်လုပ်ရသည်။ မြေညီဆပ် ပန္နက်ပုံသည် အဝန်း ၅၂၇ မီတာရှိသော ဘဲဥပုံ ဖြစ်သည်။ သုံးထပ်ပွဲကြည့်စင် ပါရှိသည်။ အပြင်ဘက် အမြင့်ဆုံးနံရံသည် ၄၈ မီတာ မြင့်သည်။ ဘဲဥပုံ၏ အလျားသည် ၁၈၅ မီတာ၊ အနံသည် ၁၅၆ မီတာရှိသည်။ အပြင်ဘက်မှ နံရံတွင် ခုံးပေါက် ၂၄၀ ပါဝင်သည်။ ခေါမဗိသုကာလက်ရာမှကျော်တိုင်လုံး သုံးမျိုးကို အလှဆင်သဘောဖြင့် အပြင်ဘက်မျက်နှာစာတွင် ထည့်သွင်းထားသည်။



ရောမမြို့ရှိ ပန်သီယွန် အဆောက်အအုံကြီး၏ အတွင်းပိုင်း ဗိသုကာလက်ရာ



အမ်ဖီသီယေတာခေါ် လေဟာပြင်ဇာတ်ရုံကြီး (သုံးရာစုနှစ်)

ရောမခေတ် ဆောက်လုပ်မှုပညာ

ရောမခေတ် ဗိသုကာလက်ရာတို့သည် ဆောက်လုပ်မှု (အင်ဂျင်နီယာ) အတတ်၌ ပြောင်မြောက်မှုကြောင့် အံ့သြဖွယ်ရာ ဖြစ်သည်။


ရောမဗိသုကာတို့ တီထွင်သုံးစွဲခဲ့သော ဆောက်လုပ်ပစ္စည်းသစ်တမျိုးသည် ယခုခေတ်သုံး ကွန်ကရစ်နှင့် ဆင်ဆင်တူသည့် သွန်းကျောက်ပစ္စည်း ဖြစ်သည်။ မီးတောင်မှ ရသော ချော်ပြာမှုန့်ကို သဲ၊ ကျောက်စရစ်တို့နှင့် ရောနှော၍ ရေနှင့် သမအောင်မွှေပေးပြီး၊ သစ်သားပုံစံခွက်တွင် သွန်းလောင်းရသည်။ အချိန်အတန်ကြာနှပ်ထားလျှင် ကျောက်သားပကတိကဲ့သို့ မာကျောလာတတ်သည့် ကျောက်တမျိုး ဖြစ်လာသည်။ ခုံးပေါက်၊ လိုဏ်ပေါင်း၊ လုံးခြမ်းပေါင်းတို့ ဖြင့်ဆောက်သော ဆောက်လုပ်စနစ်တွင် ဤသွန်းကျောက်တမျိုးသည် များစွာ ထိရောက်သည်။ မြို့ပြရေယာကျယ်ပြန့်လာပြီး မြို့နေလူဦးရေထူထပ်လာခြင်းကြောင့် ရေအသုံးများလာသည်ကို ရောမအင်ဂျင်နီယာတို့ ဖြေရှင်းရန် ကြိုးပမ်းကြရာတွင် ရေသွားတံလျှောက်ကြိုးများ၊ လူလျှောက်တံတားကြိုး များစွာတို့ကို ခုံးပေါက်ဆောက်လုပ်စနစ်ဖြင့် အောင်မြင်စွာ ဖြေရှင်းပေးနိုင်ခဲ့ပေသည်။

ခရစ်ယာန်ခေတ်ဦးနှင့် ဘိုင်ဇန်တီးခေတ်

ခရစ်နှစ် ၄၀၀ ရာစုမှ ၆၀၀ ရာစု ကာလအတွင်း ဗိသုကာလက်ရာ ဖြစ်ထွန်းခဲ့သော်လည်း စံပြုရနိုင်သော လက်ရာမွန်များစွာ မရှိခဲ့ပေ။ ဘိုင်ဇန်တီး ဗိသုကာလက်ရာသည် ၆၀၀ ရာစုနှစ်လောက်တွင် စတင်ဖွံ့ဖြိုး တိုးတက်လာခဲ့သည်။

အတွင်း ဟင်းလင်းခွင်ကို အရေးပေးလာခြင်း

ရောမခေတ် အဆောက်အအုံကြီးများသည် ကြီးကျယ်ခမ်းနားသလောက် အမြင်ရသတွင် ထူထဲ လေးလံလျက်ရှိ



ပုန်ဂျူဂတ်ရေသွားတံလျှောက်ကြီး (ခရစ်နှစ် ၁၄) သည် ခုံးပေါက်ဆောက်လုပ်စနစ်ဖြစ်သည်။

ခဲ့သည်။ ခေါမခေတ် ဗိသုကာလက်ရာများထက် ရောမခေတ်ဗိသုကာလက်ရာများ၌ အတွင်းဟင်းလင်းခွင်ကို ပို၍ အရေးပေးကာ ဆောက်လုပ်နိုင်ခဲ့ကြပြီ ဖြစ်သော်လည်း၊ ပေါ့ပါးသွက်လက်သော အသွင်အပြင်ကိုမူ မဆောင်နိုင်ကြသေးပေ။ ရောမတို့၏ ဆောက်လုပ်မှု (အင်ဂျင်နီယာ) အတတ်သည် အံ့မခန်းဖွယ်ရှိသော်လည်း ခရစ်ယာန် ယဉ်ကျေးမှု ခေတ်ဦး၏ အဆောက်အအုံ (အထူးသဖြင့် ဘိုင်ဇန်တီးခေတ်) နှင့် နှိုင်းယှဉ်လျှင် အမြင်ရသ၌ လေးလံနေသေးကြောင်း တွေ့မြင် ခံစားကြရပေလိမ့်မည်ဖြစ်သည်။

နေတီဗီတီ ခရစ်ယာန်ဝတ်ပြုကျောင်း၏ ဗိသုကာလက်ရာသည် အဆောင်အယောင်မပါ။ အနှစ်သာရ သက်သက်ကိုသာ ဖော်ကျူးထားသည်။ ခရစ်ယာန် ဘာသာရေး၏ အဆုံးအမကို ထင်ဟပ်ထားနိုင်သည်ဟု ဆိုရပေမည်။

ရာဗင်နာမြို့ရှိ သီအိုဒေါရစ်၏ သခင်္ဂါင်းဂူအဆောက်အအုံသည် ခရစ်ယာန်ခေတ်ဦးမှ ထင်ရှားသည့် ဗိသုကာလက်ရာတခု ဖြစ်ပါသည်။ မီလန်မြို့ရှိ စိန့်လောရင့် ဇိုမက်ဂီအို ခရစ်ဝတ်ကျောင်း အဆောက်အအုံသည် ဘိုင်ဇန်တီး လက်ရာဟန်၏ အစပျိုးနေခြင်းကို ဖော်ပြနေလေသည်။

ဆိုဖီယာဝတ်ကျောင်း

ဘိုင်ဇန်တီး ဗိသုကာလက်ရာ အဆောက်အအုံကြီးများအနက် ကွန်စတန်တီနိုပိုမြို့တော် (အစ်စတန်ဗူ) ရှိ ဟေဂီယဆိုဖီယာ ခရစ်ဝတ်ကျောင်းကြီးသည် ကမ္ဘာကျော် အဆောက်အအုံကြီး တခုဖြစ်ပေသည်။ ယခုတွေ့မြင်နေရသော ဆိုဖီယာဝတ်ကျောင်း၏ သဏ္ဌာန်သည် မူလအသွင်အပြင်မှ တစတစ ဖွံ့ဖြိုးခဲ့ပြီးသော သဏ္ဌာန်ဖြစ်၏။ ၁၄၅၃ ခုနှစ်တွင် အစ္စလာမ်တို့က မိမိတို့ဘာသာ ဝတ်ကျောင်းအဖြစ်သို့ပြောင်းလဲလိုက်သည်။

ရုရှနိုင်ငံတွင်းရှိ ဆိုဖီယာဝတ်ကျောင်းများ

ရုရှနိုင်ငံတွင် ဘိုင်ဇန်တီး မတိုင်မီကပင် ဗိသုကာလက်ရာများ ဖြစ်ထွန်းနေခဲ့သည်။ သို့သော် ဘိုင်ဇန်တီး ခေတ်တွင်မှ ကြီးကျယ် ထင်ရှားလာခဲ့သည်။ ကီးယက်ဖ် မြို့တွင်လည်းကောင်း၊ နို့ဗို့ဂေါ့ရော့ဒ် မြို့တွင်လည်းကောင်း ဆိုဖီယာဝတ်ကျောင်းများ အသီးသီး ဆောက်လုပ်ခဲ့ကြသည်။ ကီးယက်ဖ်မြို့မှ ဆိုဖီယာဝတ်ကျောင်းကို ခရစ်နှစ် ၁၀၁၈ – ၃၇ အတွင်း ဆောက်လုပ်ခဲ့သည်။ မြန်မာနိုင်ငံ ပုဂံပြည်တွင် ကျည်စိုးမင်းနှင့် စုကွတေးမင်းတို့ စိုးစံစဉ် ကာလကပင် ဖြစ်သည်။

ဤခေတ်တခုလုံးကို ခြုံ၍ သုံးသပ်ရလျှင် ရောမတို့က အရေးပေးလာခဲ့သော အတွင်းဟင်းလင်းခွင် ဖွဲ့စည်းမှုကို ဘိုင်ဇန်တီးခေတ်တွင် ဆက်လက်ဖွံ့ဖြိုး စေခဲ့သည်ဟု ဆိုနိုင်ပါသည်။ ရောမဗိသုကာလက်ရာ၌ ပါရှိနေသည့် လေးလံသောအမြင်ရသကို ပေါ့ပါးသောအသွင်ရအောင် ပြုပြင်တိုးကက်စေခဲ့သည်။ နံရံခုံးပေါက်များ၊ လိုဏ်ပေါင်းမိုးများ၊ စက်လုံးခြမ်း ပေါင်းမိုးများဖြင့်ပင် သွက်လက်သောအမြင်ရသ ရှိလာအောင် ဖန်တီးပေးနိုင်ခဲ့ကြသည်။

ကာရိုလိန်ဂျီအန်နှင့် အွတ်တိုနီယန် ဗိသုကာလက်ရာများခေတ်

ဤခေတ်ကို ရိုမင်နက်စ်အကြိုခေတ်ဟုလည်းခေါ်သည်။ ထိုခေတ် ဗိသုကာလက်ရာတို့သည် ပြန့်ပြူးသော နံရံပြင်၊ ချောမွေ့သော မျက်နှာပြင်၊ ထုကြီးသောနံရံတို့ဖြင့်ဆောက်လုပ်ထားသည်က များသည်။ ခုံးပေါက်ကြီးများကို အလွန်အသုံးများသော်လည်း လိုဏ်ပေါင်းမိုးများကိုမူ အသုံးနည်းသည်။ လေးမြောင့်တိုင်ကြီးများနှင့်တိုင်လုံးကြီးများကို ရှေးခေတ်

မှ အချိုးအဆစ်အတိုင်း မသုံးစွဲပဲ တိုတုတ်သော အချိုးအဆစ်ဖြင့် ဆောက်လုပ်ကြသည်။

ရှာလေမန်ဘုရင်လက်ထက် ဆောက်လုပ်သော ခရစ်ဝတ်ကျောင်းတော်ကို ခရစ်နှစ် ၇၉၈ တွင် ပြီးခဲ့သည်။ အာရစ်မြို့တွင်ရှိသည်။ အိန်ဂျလ်ဟိမ်မြို့ရှိ ရှာလေမန် ဘုရင့်နန်းတော် အဆောက်အအုံသည် ကာရိုလိန်ဂျီအန်ခေတ် ဗိသုကာလက်ရာကောင်းတခုဖြစ်သည်။ထိုလက်ရာတွင် ဗိသုကာလက်ရာဖွဲ့ထားချက်အရ ပါဝင်သော ထုသွင်များကို ယင်း၏ပတ်ဝန်းကျင်ရှိ ပြင်ပဟင်းလင်းပြင်တို့နှင့် သဟဇာတဖြစ်အောင် စီစဉ်ပေးမှုဌ် ကြိုးပမ်းနေခဲ့ပြီ ဖြစ်ကြောင်း ထင်ရှားစွာ မြင်ရပေသည်။

အန်တိုနီယန်ဗိသုကာလက်ရာများအနက် ဟီဒယ်ရှိမ်မြို့ရှိ စိန့်မိုင်ကယ်ခရစ်ဝတ်ကျောင်း ဗိသုကာလက်ရာသည် ပြင်ပထုသွင်သဏ္ဌာန်နှင့်အတွင်းဟင်းလင်းခွင်ဖွဲ့စည်းချက်တို့သည် လေးနက်သော အဓိပ္ပာယ်ကို ဆောင်ထားသည့် လက်ရာတခုဖြစ်သည်။

ရိုမန်နက်စ် ဗိသုကာလက်ရာခေတ်

ခရစ်နှစ် ၁၁ ရာစုနှင့် ၁၂ ရာစုတို့သည် ရိုမန်နက်စ် ဗိသုကာလက်ရာဟန် ထွန်းကားသည့်ခေတ် ဖြစ်သည်။ မြန်မာနိုင်ငံ၌လည်း ပုဂံခေတ် ဗိသုကာလက်ရာ ထွန်းကားသောကာလဖြစ်သည်။ရိုမန်နက်စ်ဗိသုကာလက်ရာဟန်၏ ထင်ရှားသည့် ကြန်အင်များသည် အမြင့်တွင် အင်အားကောင်းသော လိုဏ်ပေါင်းကြီးများနှင့် ထူထဲသော နံရံကြီးများ ရှိခြင်းဖြစ်သည်။ အတွင်းခန်းများနေရာကို စီမံပန်းကိန်ချရာ၌ မူလအခြေတည်လိုက်သည့် စတုရန်းကွက်အပေါ်တွင် ဆင့်ပွား ခွဲပေးခြင်း ပြုလေ့ရှိကြောင်း တွေ့ရသည်။ ယင်း စတုရန်းမှာအဆောက်အအုံ လက်တံနှစ်ခုတို့ ကြက်ခြေခတ် ဖြတ်သွားသည့်နေရာတွင် ဖြစ်သည်။ ပြင်သစ်နိုင်ငံ ဗာဂန်ဒီနယ်တခုတွင် ဆောက်လုပ်သော ခရစ်ဝတ်ကျောင်းများမှလွဲလျှင် ရိုမန်နက်စ်ဗိသုကာလက်ရာတို့တွင် စက်ဝိုင်းခြမ်းပုံ ခုံးပေါက်များကိုသာ သုံးကြကြောင်း တွေ့ရသည်။

ရိုမန်နက်စ် ဗိသုကာလက်ရာများတွင် ခေါက်ရိုးပါသော ကြက်ခြေခတ် ဥမင်လိုဏ်ပေါင်းများ စက်လုံးခြမ်းပေါင်းအမိုးများ၊ ဥမင်လိုဏ်ပေါင်းရှည်များ၊ ခန်းမကျယ် ခရစ်ဝတ်ကျောင်းများ၊ လုံးခြမ်းဆင့် ပေါင်းမိုးများ၊ လက်ရိုးတံပါ လိုဏ်ပေါင်းများ၊ ထိပ်ချွန်လိုဏ်ပေါင်းများစသည်တို့ကို တီထွင်သုံးစွဲ ဆောက်လုပ်ခဲ့ကြသည်။ ယင်းခေတ်၏ ဗိသုကာလက်ရာအချို့သည် ယနေ့ခေတ်တိုင်အောင် ထင်ရှားနေကြပေသည်။

ရိုမန်နက်စ်ဗိသုကာလက်ရာမှာ စက်ဝိုင်းခြမ်းပုံခုံးပေါက်များကို သုံးကြကြောင်း စိန့်အက်တီယန်ခရစ်ဝတ်ကျောင်း (၁၁ ရာစုနှစ်)၌ တွေ့မြင်နိုင်သည်။




ကွန်စတန်တီနိုပို့မြို့ရှိ ဆိုဖီယာဝတ်ကျောင်း (ခြောက်ရာစုနှစ်) သည် ဘိုင်ဇန်တီး ဗိသုကာလက်ရာဖြစ်သည်။



ဂေါ့သစ် ဗိသုကာလက်ရာဟန်များ

ဂေါ့သစ် ဗိသုကာ အဆောက်အအုံတို့တွင် အလွန်မြင့်သော ပြတင်းပေါက်ကြီးများ ရှိနေခြင်းသည် နံရံ၏ဆောင်တာနှင့် တိုင်၏ ဆောင်တာတို့ကို သီးသီးခြားခြား ခွဲခြားနိုင်ခြင်းကြောင့်ပင် ဖြစ်သည်။ ဂေါ့သစ် ဗိသုကာ လက်ရာတို့တွင် မြင့်မားသော တိုင်ရှည်ကြီးများကိုသုံး၍ ဆောက်လုပ်လေ့ရှိခြင်းကြောင့် ယင်းတိုင်ထိပ်များတွင် ကူးထားသော ရိုးလက်တံပါ ပေါင်းခုံးများက ဘေးသို့ ကန့်တွန်းနေသောအားကို ထိန်းထားရန် လိုပေသည်။ လိုအပ်သည့် တိုင်များကိုလည်း ပါးပျဉ်းနံရံများ ဆောက်လုပ်၍ ထိန်းပေးထားကြသည်။ ရိုမန်နက်စ် ဗိသုကာလက်ရာကို အမြင်ရသဖြင့် ပေါ့ပါးရလေအောင် ဂေါ့သစ်ဗိသုကာတို့က အဆင့်မြင့်တင်ပေးနိုင်ခဲ့သည်။ ရောမ ဗိသုကာလက်ရာ၏ အမြင်ရသကို ခရစ်ယာန်ခေတ်ဦးနှင့် ဘိုင်ဇန်တိုး ဗိသုကာတို့က ပို၍ သွက်လက်လာအောင် အဆင့်မြင့်ပေးခဲ့သကဲ့သို့ပင် ဖြစ်ပေသည်။ထို့ပြင် ဗိသုကာဝိညာဉ်သဘောကို ပို၍လည်း ပီပီပြင်ပြင် ဖော်ဆောင်ပြနိုင်ခြင်းလည်း ရှိခဲ့ပေသည်။

ဂေါ့သစ်ခေတ်ဦးကို ကိုယ်စားပြုနိုင်မည့် အဆောက်အအုံများကို အမည်ဖော်ပြရမည်ဆိုလျှင်–



စီယယ်နာကဲသီဒရယ် (၁၃ ရာစုနှစ်) သည် ဂေါ့သစ်ခေတ်ဦးလက်ရာဖြစ်သည်။ ကဲသီဒရယ်၏အတွင်းတွင် တိုင်မြင့်ကြီးများဖွဲ့ဟန်နှင့် ခုံးပျဉ်နှစ်ဆင့်တင်ထားပြီး မြေညီထပ်စကြံကို စီစဉ်ထားပုံကို မြင်နိုင်သည်။


ပါရီမြို့ရှိ စိန့်ဒဲနစ်အက်ဘီခရစ်ဝတ်ကျောင်း၊ စပိန်နိုင်ငံရှိ ဗားဂိုတိုလဲဒိုနှင့်လယ်ယွန်ကဲသီဒရယ်များ၊ အီတလီနိုင်ငံရှိ စီယယ်နာ့ ကဲသီဒရယ်တို့ ဖြစ်ကြလေသည်။ မြန်မာတို့အသိများကြသော နော့တာဒိမ်း ကဲသီဒရယ်သည် ဂေါ့သစ်ခေတ်ဦး ဗိသုကာလက်ရာပင် ဖြစ်သည်။

ခေတ်နှောင်းဂေါ့သစ် ဗိသုကာလက်ရာ

ခေတ်နှောင်း ဂေါ့သစ်ဗိသုကာလက်ရာတို့တွင် အတွင်းဟင်းလင်းခွင်ကို အလေးပေးပြီး တိတိကျကျ လုပ်ဆောင်လာကြကြောင်း တွေ့ရပေသည်။ အပြောက်ဗိသုကာ ကဏ္ဍတွင် ခွေးပန်း၊ ဇာပြောက်၊ စုလစ်၊ မွမ်းချွန်၊ အမွှမ်း အသများ လွှန်ကဲစွာ ပါဝင်လာသည်ကိုလည်း တွေ့ရပေသည်။

ထိုခေတ်ကို ကိုယ်စားပြုကြသည့် အဆောက်အအုံများမှာ ဂျာမနီနိုင်ငံတွင် ဆထရက်ဆဘာ့ ကဲသီဒရယ်၊ ဖရိုင်ဘာ့ကဲသီဒရယ်၊ ဂရိနိုင်ငံတွင် ဖလောရင့်မြို့ရှိ စိန့်မာရီယာဒယ်ဖိုင်ယာ ကဲသီဒရယ်၊ အီတလီနိုင်ငံတွင် ဆီယယ်နာမြို့ရှိ ပလာဇို ပုဗလီကိုခေါ် ပြည်သူ ရင်ပြင် စသည်တို့ဖြစ်ကြသည်။

အင်္ဂလန်နိုင်ငံတွင် ဂေါ့သစ်ခေတ်နှောင်းကိုမျဉ်းမတ်ကဲသော ဗိသုကာလက်ရာဟန်ဟု ခေါ်သေး၏။ ခေတ်နှောင်း ဂေါ့သစ် ဗိသုကာလက်ရာ ကောင်းများအနက် ဂလောက်ချက်စတာကဲသီဒရယ်သည် ၁၃ ရာစု ထက်ဝက်ကျီးလု အချိန်၌ ဆောက်လုပ်ခဲ့သည်။ အမှမ်းခေတ်ဟုခေါ်သော





မြန်မာတို့အသိများသော ပါရီမြို့ရှိ နော့တာဒိမ်းကဲသီဒရယ် (၁၂ ရာစုနှစ်)အတွင်းပိုင်းတွင် အလွန်မြင့်သော ပြတင်းပေါက်ကြီးများ နံရံဆောင်တာနှင့် တိုင်၏ဆောင်တာတို့ကို ခွဲခြားမြင်နိုင်သည်။

ဗိသုကာလက်ရာဟန်မှ သိသိသာသာ လမ်းခွဲ၍ ထွက်လာသည်။ ဤဂလောက်ချက်စတာ ကဲသီဒရယ်လက်ရာသည် အရေးပါသော ဗိသုကာ လက်ရာသမိုင်း၏ မှတ်တိုင်တခု သဖွယ်လည်းဖြစ်၏။

အင်္ဂလန်နိုင်ငံရှိ ခေတ်နှောင်း ဗိသုကာ အဆောက်အအုံများအနက် ကင်းဘရစ်တွင်ရှိသော ကင်းကောလိပ် ခဲ့ပယ်ကို မြန်မာတို့ အသိများကြသည်။

ဆထရောလ်ဆန်းမြို့ရှိ မြို့တော်ခန်းမသည် ဤမြို့တွင် နေထိုင်ကြသော ဟန်ဆီယန်လူမျိုးတို့ လူလတ်တန်းစားများ၏ သရုပ်ကို ပီပြင်စွာ ဖော်ပြနေသည်ဟု ဆိုရမည် ဖြစ်ပေသည်။

ရီနေဆွန်းခေါ် အနုပညာ ပြန်လည်ထွန်းကားသည့်ခေတ်

ဥရောပတွင် ဗိသုကာ၊ စာပေ၊ ပန်တျာ၊ ပန်းချီ၊ ပန်းပု စသည့် အနုပညာရပ်များကို ပိုမို လေးနက်စွာ လိုက်စားကြပြီး အားမာန်အပြည့်၊ လက်ရာဟန်အသစ်ဖြင့် ပြန်လည်ထွန်းကားသည့် ကာလသည် ခရစ်နှစ် ၁၄၀၀ မှ ၁၆၀၀ ပြည့်နှစ် ကာလပိုင်း ဖြစ်သည်။ ရီနေဆွန်းခေတ်ဟု ခေါ်လေ့ရှိသည်။

အပြင်ဘက်၌ မြင်ရသည့် အဆောက်အအုံ၏ ထုသွင်နှင့် အတွင်းမှပွဲစည်းထားသည့် ဟင်းလင်းခွင်တို့ကို အတိအကျထင်ဟပ်ပြနိုင်အောင် အားထုတ် ကြိုးပမ်းကြသည့် ခေတ်ဖြစ်ပေသည်။ ထို့အပြင် အဆောက်အအုံတခုလုံး၏ အတွင်းအပြင် ဟင်းလင်းနေရာတို့နှင့် အဆောက်အအုံ၏ ထုသွင်တို့ လိုက်လျောညီထွေရှိအောင်လည်း စိမံပုံထုတ်ကြသည်။

လေးနက်သော ဗိသုကာအမြင်များထွန်းကားခဲ့ကြစဉ်ထိုကာလ၏ အဆောက်အအုံတို့တွင် အပြောက်အမှမ်း အလွန်ပင် နည်းပါးကြပေသည်။ အပြောက်အမှမ်းရှိပါကလည်း အဆောက်အအုံ၏ မူလအစိတ်အပိုင်းများ၏ ကြန်အင်ပျက်ပြယ်၍ မသွားအောင် ထား၍သုံးစွဲကြကြောင်း တွေ့မြင်နိုင်ပေသည်။

ရီနေဆွန်းခေတ် လက်ရာကောင်းများ

ရီနေဆွန်းခေတ် ဗိသုကာလက်ရာကို ကိုယ်စားပြုနိုင်သည့် ထင်ရှားသော အဆောက်အအုံအချို့ကို ရွေးထုတ်ရမည်ဆိုလျှင် ဖလောရင့်ကဲသီဒရယ်၊ စိန့်စပစ်ရိတ် ခရစ်တော်ကျောင်း၊ ပါဖီချက်ပယ်၊ မန်တွာမြို့၌ရှိသည့် စိန့်အင်ဒရီး၊ ပီယင်ဇာမြို့၌ရှိသော ပီယာဇာပိုင်အို အဆောက်အအုံစု၊ ရောမမြို့တော်၌ရှိသော စိန့်ပီတာ ဝတ်ကျောင်းတော်ကြီး၊ ကယ်ပီတော်အဆောက်အအုံစု၊ ပြင်သစ်နိုင်ငံ၌ ယှက်တူးဒီယုမ်ထုတ်ရဲတိုက်ကြီး၊ ဂျာမနီနိုင်ငံ၌ အက်ယှာဖမ်ဘာ့ရဲတိုက်၊ အင်္ဂလန်နိုင်ငံ နော့တီဂမ်ရှိုင်းယားတွင် ရှိသည့် ဝိုလတ်တွန်ဟောခန်းမကြီးတို့ ဖြစ်လေသည်။

ဗဟ္ဒရော့ဟန် ဗိသုကာလက်ရာခေတ်

၁၇ ရာစုနှင့် ၁၈ ရာစု အနုပညာခေတ်ကို ဗဟ္ဒရော့ခေတ်ဟုခေါ်သည်။ ဤခေတ်၏ ဗိသုကာလက်ရာသည် အဖုအထစ်၊ အပိန်အဖောင်း၊ အနိမ့်အမြင့်၊ အချိုအချဉ်များကို အရေးပေး ကိုင်တွယ်ကြသည်။ထုသွင်အနုပညာနှင့် အတွင်းဟင်းလင်းခွင်ကိုလည်း အထူးအရေးပေး ဆောက်လုပ်ကြသည်။ ပန်းပုလက်ရာနှင့် ပန်းချီလက်ရာများကို ဗိသုကာလက်ရာနှင့် တသားတည်းဖြစ်အောင် ပေါင်းစပ်ပေးသည့် ခေတ်လည်း ဖြစ်ပေသည်။ ထိုဗဟ္ဒရော့ခေတ်၏ အထူးကျော်ကြားသော ဗိသုကာလက်ရာတခုသည် ပြင်သစ်နိုင်ငံ ဗာဆိုင်းနန်းတော် အဆောက်အအုံပင်ဖြစ်သည်။

ခေတ်နှောင်းဗဟ္ဒရော့ (ရိုကိုကို) ကာလတွင် ဂျာမနီနိုင်ငံ၌ ဗိသုကာ လက်ရာမြောက်မြားစွာ ထွန်းကားခဲ့သည်။ စပိန်၊ အင်္ဂလန်၊ ပြင်သစ်နိုင်ငံများတွင် ဗဟ္ဒရော့ ဗိသုကာလက်ရာများအသီးသီးဖြစ်ထွန်းခဲ့ပေသည်။ဗဟ္ဒရော့ အနုပညာ ဖန်တီးချက်တို့တွင် အမှမ်းအပြောက်တို့ အလွန်လျှင် ကဲလွန်းနေပေသည်။ ထိုနှောင်းခေတ်၏လက်ရာများကို ရို ကိုကို လက်ရာဟန်များဟုလည်းခေါ်ကြသေးသည်။

ရိုမန်တစ် ဂန္ဆဝင်ဟန် လက်ရာခေတ်

၁၈ ရာစုနှစ်အလယ်မှ ၁၉ ရာစုနှစ် အလယ် ဗိသုကာကာလပိုင်းတွင် ဥရောပတိုက်ရှိ ပဒေသရာဇ်တို့၏ ဩဇာအာဏာ မှေးမှိန်ကျဆင်းခဲ့သည်။ ဗိသုကာတို့သည် မိမိတို့ကြုံတွေ့နေရသော လက်ငင်းအခြေအနေနှင့်အညီ လက်ရာဖန်တီးကြရပေသည်။ ဤကာလမတိုင်မီ ခေတ်တိုင်းတွင် အာဏာပိုင်များ၏ သမိုင်းအမွေအနှစ်ကို ဆက်ခံ၍ ဖွဲ့ဖြိုးမြှင့်တင်ကြရသည်။ စက်မှုလုပ်ငန်း၊ လူမှုစီးပွားအခြေခံသစ် ပေါ်စတင် ကြီးစိုးသူတို့မှာ ဘိုးဘေးဘီဘင်ခေတ်မှ အမွေဆက်ခံကြသူများ မဟုတ်သော ပညာတတ်အရင်းရှင် လူတန်းစားများ ဖြစ်နေကြသည်။

ဗိသုကာပညာ သုတေသီတို့သည် အနောက်ကမ္ဘာ၏ သမိုင်းခေတ်ဟောင်း ဗိသုကာလက်ရာတို့ကို ပြန်လှန် စစ်ကြော လေ့လာကြပြီး ကောင်းနိုးရာရာများကို ရွေးထုတ်ယူကာ မိမိတို့တီထွင်ချက်အဖြစ် ပုံသစ်ထုတ်ကြသည်။

ထိုခေတ်၌ ထင်ရှားကြသည့် အင်္ဂလန်နိုင်ငံမှ ဗိသုကာကျော်များသည် ရောဘတ်အဒမ်၊ ချားလ်ဂရင်၊ လူဝီနှင့် လန်ဂန်တို့ ဖြစ်သည်။

တော်လှန်ရေး ဗိသုကာ အမြင်သစ်ပုံစံများ

ပြင်သစ်နိုင်ငံတွင် ဘူလီနှင့် လေဒွတ်တို့သည် တော်လှန်ရေး ဗိသုကာလက်ရာဟု အမည်ပေးသော ခေတ်ရှေ့ပြေးသည့် စိတ်ကူးယဉ်ဗိသုကာပုံစံသစ်များကို ရေးဆဲ့ တင်ပြခဲ့ကြသည်။

အီတလီနိုင်ငံတွင် ပီတာစပီး၊ အန်တိုနီယိုနီကိုနိုနီ၊ ဝိုင်ဘရင်နာတို့လည်း ရိုမန်တစ်ဂန္ဆဝင်ခေတ် ဗိသုကာအကျော်



ပြင်သစ်နိုင်ငံရှိ ဗာဆိုင်းနန်းတော်သည် ဗဟ္ဒရော့ခေတ်၏အထူးကျော်ကြားသော ဗိသုကာလက်ရာတခုဖြစ်သည်။

များ ဖြစ်ကြသည်။ ရှင်ကဲလ်သည် ဂျာမန်နိုင်ငံတွင် ဂီလီ၏ လက်ရာဟန်ကို ဆက်လက်ဖွံ့ဖြိုးအောင် ကြိုးစားခဲ့သည်။

အဆောက်အအုံသစ်ကြီးများ

ဒာဂ်လန်နိုင်ငံရှိ ဗြိတိသျှပြတိုက်ကြီးသည် ထိုခေတ်က ဆာရောဘတ်စမိတ်၏ လက်ရာဖြစ်သည်။ အီဒင်ဘာ အလယ်တန်းကျောင်း အဆောက်အအုံသည် သောမတ် ဟာမီလ်တန်၏ လက်ရာဖြစ်သည်။ထိုခေတ်ဗီသုကာလက်ရာ စံပြဟုဆိုကြသည်။ ဂျွန်နက်ရှ်၏ လန်ဒန်ရီဂျင့်ပါ့တ်ဥယျာဉ်ထဲမှ ကမ်ဘာလင်တဲရှေ့ အိမ်တန်းများ သည်လည်း ကျော်ကြားသည်။

သမိုင်းဟန်ခေတ် (ဟစ်ဆတိုရီဇမ်းခေတ်)

ထိုခေတ်တွင် ဆောက်လုပ် ပစ္စည်းသစ်များ ပေါများတွင်ကျယ်လာသည်။ အများဆုံးမှာ သံနှင့်ဖန်ချပ်တို့ ဖြစ်ကြသည်။ဆောက်လုပ်မှုအပိုင်းသည် အင်ဂျင်နီယာ အလုပ်ဖြစ်သည်။ အနုအလှဖန်တီးမှုသည် ဗီသုကာ အလုပ် ဖြစ်သည်ဟု ခွဲခြားလာကြသည်။

ရိုမန်တစ် ဂန္ထဝင်ခေတ်က ဗီသုကာများသည် သမိုင်းကြောင်းကိုလှန်၍ ဗီသုကာဟန်သစ်အတွက် အမြင်သစ်ကို ရှာဖွေသည်ဆိုသော်ငြားလည်း အနောက်ကမ္ဘာ၏လက်ရာသမိုင်းကိုသာ ကြည့်ခဲ့သည်။ ယခု သမိုင်းဟန်ခေတ်ကာလတွင်မူ အရှေ့ကမ္ဘာမှ ထင်ရှားသော အဆောက်အအုံများကိုပါ လေ့လာနည်းယူကြ၏။ သံနှင့် မှန်ပြား တို့ကိုလည်း တွင်တွင်ကျယ်ကျယ် သုံးကြသည်။

လန်ဒန်မြို့ရှိ ပါလီမန် အဆောက်အအုံကြီးသည် ဤသမိုင်းဟန်ခေတ်၏ ဗီသုကာလက်ရာတခု ဖြစ်ပေသည်။ အဆောက်အအုံကြီး၏ ပြင်ပထုသွင်ကို ဆာ၊ ချားလ်ဘယ်ရိက ပုံထုတ်သည်။ နီယိုဂေါသစ် လက်ရာဟန် ဟူ၍လည်း သိနားလည်နိုင်သည့် လက်ရာဖြစ်သည်။

ဟန်နိုးဗာမြို့ရှိ အောပရာဇာတ်ရုံအဆောက်အအုံ၊ ရှယ်ဝါရိန်မြို့ရှိ ဂရင်းဂျ၏ နန်းတော် အဆောက်အအုံတို့သည်သမိုင်းဟန် ခေတ်၏ ဗီသုကာ လက်ရာကောင်းများ ဖြစ်ကြပေသည်။

ပါရီမြို့ရှိ စိန့်ဂျီနီဗီယဲ စာကြည့်တိုက်ကြီးသည် အဆောက်အအုံအင်ဂျင်နီယာ အဘတ် ပညာနှင့် ဗီသုကာ အနုပညာတို့ ပေါင်းစပ်မိဖို့ အားထုတ်ဖန်တီးရန် ကြိုးပမ်းထားချက်ပမာ မြင်နေရသည်။ ဗီသုကာသည် ဟင်နရီ လူဘရော့စ်ဖြစ်သည်။ သံနှင့်မှန်ချပ်များကို သုံးစွဲထား၏။

လန်ဒန်မြို့ရှိ ကင်းခရော့ဘူတာရုံသည် လူဝီကျူဘစ်က ပုံထုတ်ပြီး ဆောက်လုပ်ခဲ့သည်။

ထိုခေတ်တွင် လူသိအလွန်များခဲ့သော အဆောက်အအုံကြီး တခုသည် ခရီဆတဲလ်နန်းတော်ဟုခေါ်သော မိုးလုံလေလုံ ကုန်စည်ပြပွဲရုံကြီးဖြစ်ပေသည်။ ပေါ့ပါးမှုတွင်လည်းကောင်း၊ အလင်းရောင်ရမှုတွင် လည်းကောင်း ယခု ရှိခဲ့ဖူးသည့် မည်သည့် အဆောက်အအုံနှင့်မျှ နှိုင်းယှဉ်၍ မရလောက်အောင် အမြင့်ဆန်းခဲ့သည်။ ဤအဆောက်အအုံကို ဂျိုးဇက်ပက်စ်တန်က ပုံထုတ်ခဲ့ပြီး ၁၀၅၁ ခုနှစ် နိုင်ငံတကာ ပြပွဲကြီးခင်းကျင်းရန်ဆောက်လုပ်ခဲ့သည်။

အိလက်တီဇမ်း အနုပညာဝါဒ

ပါရီမြို့ရှိ နယူးလူဗီယာအဆောက်အအုံသည် ရှေးသမိုင်းခေတ်ဟောင်းများမှ ကောင်းနိုးရာရာများကို ရောစပ်ထားသည့် လက်ရာတခုဖြစ်သည်။ ထိုနည်းကို အီလက်တီဇမ်းဟု အမည်ပေးထားကြသည်။

ပါရီမြို့ရှိ အော်ပရာဇာတ်ရုံကြီးသည် ပန္နက်ဖွဲ့ခြင်း၌ တော်ဝင်ဆန်သည်။ ဘရပ်ဆဲလ်မြို့ရှိတရားသူကြီး နန်းတော် အဆောက်အအုံတွင် ဗာ့ရောခေတ်ဟန်၊ ရီနေဆွန်း ခေတ်ဟန်၊ ရောမခေတ်ဟန်၊ ဂရိခေတ်ဟန်၊ အစ်ဆီးရီးယန်းခေတ်ဟန်တို့မှ အစိတ်အပိုင်းတို့ကို မျိုးစုံအောင် ရောစပ်ထားသည်မှာ စံပြုလောက်အောင် များပြားပေသည်။

အမ်စတာဒမ်မြို့ရှိ ရိုက်ပြတိုက်အဆောက်အအုံကြီးတွင်လည်း ဂေါသစ်ခေတ်နှောင်း လက်ရာဟန်၊ ပြင်သစ်ရီနေဆွန်းခေတ် လက်ရာဟန် ဂျာမန်တို့၏ ပစ်ချားရစ်ဟန်တို့ကို ပေါင်းစပ်ပြီး ပေါ့ပါးသွက်လက်သော အသွင်ဖြင့် ဆောက်လုပ်ထားပေသည်။ ပါရီမြို့၊ အီဖဲလ် မျော်စင်မြင့်သည် ၁၀၀၉ ခုနှစ် နိုင်ငံတကာ ကုန်စည်ပြပွဲအတွက် ဆောက်လုပ်လိုက်သော အင်ဂျင်နီယာ ဆောက်ဖွဲ့ချက်ကို ဖော်ပြသည့် လက်ရာသက်သက် ဖြစ်သည်။

အမေရိကန်နိုင်ငံတွင် ရိုမန်တစ်ဂန္ထဝင်လက်ရာဟန် နွယ်သော အလင်ဂင်နီကောင်တီထောင် အဆောက်အအုံသည် ရစ်ချာဆန်၏ လက်ရာဖြစ်သည်။ ၁၃ ထပ်မျှ မြင့်သော အဆောက်အအုံတို့ကို အမေရိကန်နိုင်ငံ၌ ၁၀၉၄ ခုတွင် စတင် ဆောက်လုပ်ကြပေပြီ။

နှစ်ဆယ်ရာစု ဗီသုကာလက်ရာ

နှစ်ဆယ်ရာစုတွင် လူသားကောင်းကျိုး ဖြစ်ပေါ် တိုးတက်မှု များစွာတို့အနက် ဗီသုကာလက်ရာများ တိုးတက်မှု၏ ပမာဏသည်လည်း အံ့မခန်းဖွယ် ဖြစ်အောင် ရှိသည်ဟု ဆိုရပေမည်။ အရည်အသွေးဘက်၌ ရှေးခေတ် ဗီသုကာ လက်ရာများကို သုတေသနပြုပြီး အနှစ်သာရကိုသာ လက်ခံသုံးစွဲခြင်း(၀၊)ကြောင်းကျိုးဆက်စပ်မှုကို ယထာဘူတကျသည့် နည်းနာများကိုသာ လက်ခံခြင်း ရှိသည်။

ယေဘုယျ သဘောဖြင့် ဆိုရလျှင် သွက်လက်သော မျဉ်းဖြောင့်များ၊ ပြတ်သားသောမျဉ်းကွေးများကို အဓိက အားပြုလာရသော နည်းလမ်း ဖြစ်လာပေသည်။ ယင်း


သည် မူလက လက်မှုပညာနှင့် ယှဉ်သော၊ အနုပညာနွယ်သော ပစ္စည်းများကို ပန်တီးရာဌ် ခံယူသည့် သဘောတရာ.များ ဖြစ်ခဲ့သော်လည်း လက်တွေ့တွင် ဗိသုကာပုံထုတ်ပညာနှင့် နီးစပ်လာသည်။ မှန်ချပ်၊ သံချောင်း၊ ကွန်ကရစ် စသော ဆောက်လုပ်ပစ္စည်းသစ်များနှင့် လျင်မြန်ကွာ ဆောက်လုပ် ပြီးစီးနိုင်သော နည်းနာသစ်များ၏ သဘာဝကြောင့် ပြတ်သားသော မျဉ်းဖြောင့်များ၊ သွင်လက်သော မျဉ်းကွေးများသည် ခေတ်သစ်ဗိသုကာ ပုံစံသစ် တီထွင်ဆောက်လုပ်ရေးဌ် ပိုမို အရေးပါလာခဲ့သည်။

ခရစ်နှစ် ၁၉၁၀ ခု နှောက်ပိုင်းတွင် ခေတ်သစ်ဗိသုကာလက်ရာဟန်ဟု အများက သိကြသည့် မော်ဒန်နီဇင်းလေးရာဟန်ကို ဗိသုကာ အများကပင် လိုက်နာ ကျင့်သုံးကြတော့သည်။ ထိုခေတ်ဦးတွင် ဗိသုကာလက်ရာဟန်သစ်ကို စမ်းသပ်၍ ရှေ့ပြေး ဂဿက်လုပ်ခဲ့သည့် အဆောက်အအုံများစွာတို့ အနက် အိုင်စတိုင်းတာဝါ အထိမ်းအမှတ် အဆောက်အအုံသည် ထူးခြားသည်။ ထိုဗိသုကာ အနုပညာလက်ရာဟန်ကို အက်ဆ်ပရက်ရှင်နီဇင်း လက်ရာဟန်ဟု ခေါ်ကြသည်။

နှစ်ဆယ်ရာစုနှစ် တဝက်ကျိုးပေါ် မြို့တည် ဗိသုကာလက်ရာဖန်တီးမှု များပြားလာခဲ့သည်။ စစ်အတွင်းမှ ပျက်စီးသည့် မြို့များကို ပြန်လည်ထူထောင်ရေးနှင့် ကမ္ဘာ့လူဦးရေ လျင်မြန်စွာ တိုးပွားမှုကြောင့် မြို့ပြတို့၏ လူမှုပြဿနာကြီးထွားလွန်းသည်ကို လျော့ပါးနိုင်စေမည့် နည်းလမ်းသစ်များကို အသုံးပြုခြင်းအဖြစ် မြို့သစ်ဆောက်လုပ်ရေး အားပေးလာကြသည်။ တခြား အကြောင်းတရပ်မှာလည်း စက်မှုလုပ်ငန်းများ တွင်ကျယ်စွာ တိုးချဲ့လုပ်ဆောင်နိုင်ရန် လုပ်သားများအတွက် စခန်းမြို့သစ်များ ဆောက်လုပ်ရန် လိုအပ်လာသောကြောင့် ဖြစ်သည်။


ရောမမြို့တွင် ၁၉၅၆–၅၇ ခုနှစ်ကဆောက်ခဲ့သော အင်ဂျင်နီယာ နာဗွီနှင့် ဗွီတယ်လိုဇီတို့၏ အိုလင်းပစ် အားကစားနန်းတော် အဆောက်အအုံသည် သံကူ ကွန်ကရစ်ဖြင့် ပေါ့ပါးသော၊ သေးသွယ်သော တိုင်များဖြင့် ဆောက်လုပ်ထားသည်။ အတွင်း ဟင်းလင်းခွင် အလွန်ကျယ်ပြန့်သော ဤအဆောက်အအုံမျိုးကို ဆောက်လုပ်ပစ္စည်း နည်းပါးစွာဖြင့် ပြုလုပ်နိုင်စွမ်းရှိသည်။ အထူးခြားဆုံး အချက်သည် ဤမျှ ပမာဏ ကြီးမားသော အဆောက်အအုံကို တန္ခစ်တာကာလဖြင့် လျင်မြန်စွာ ပြီးမြောက်အောင် စီမံဆောင်ရွက် ဆောက်လုပ်နိုင်ခဲ့သည့် အချက်ဖြစ်သည်။

ရွှန်ယှမ်း ခရစ်ဝတ်ကျောင်းသည် ဗိသုကာလက်ရာသဘောဖြင့် ရှုမြင်နိုင်သလို အလွန်ကြီးမားသော ပန်းပုလက်ရာတခု အဖြစ်ဖြင့်လည်း ရှုမြင်နိုင်သည်။ အတွင်းတွင် ရှိသော ဟင်းလင်းခွင်များကို အသုံးချထားသည်မှာ ခရုခွံ



ပါရီမြို့ရှိ အိဖဲလ်မျော်စင်မြင့် (၁၉ ရာစုနှစ်)သည် နိုင်ငံတကာကုန်စည်ပြပွဲအတွက် ဆောက်လုပ်ခဲ့သည်။
ပေပေါင်း ၁၀၀၀ မြင့်သည်။

နှင့် ခရုကောင်တို့ အံဝင်ခွင်ကျ ဖြစ်နေသည့်နှယ် ဖြစ်နေသောကြောင့် ပြင်ပတွင် ထုတ်ဖော် ထားချက်တို့သည် အနက်အဓိပ္ပာယ် အပြည့်အဝ ရှိနေပေသည်။ အတွင်း ဟင်းလင်းခွင်ကို အလင်းနှင့် အရောင်ပေးထားပုံများမှာ



ရွှန်းယှမ်းမြို့နယ်ရှိ နော့်တာဒိမ်းဂျူဟော့ခရစ်ဝတ်ကျောင်းသည် လီကောဘူဆီယေး၏ ဗီသုကာလက်ရာဖြစ်သည်။ ခရုခွံနှင့် ခရုကောင်တို့ အံဝင်ခွင်ကျဖြစ်နေသည့်နှယ် မြင်တွေ့ရသည်။ ဟင်းလင်းခွင်ကို အသုံးချကာ အလင်းနှင့် အရောင်ပေးထားပုံမှာ ပန်းချီဆန်လှသည်။

လည်း ပန်းချီသဘော၊ အပြည့်အဝကို ကိုင်တွယ် သုံးစွဲထားသည်။

ပြည်သူအိမ်ရာ အဆောက်အအုံများနှင့် စပ်လျဉ်း၍ အနောက်နိုင်ငံကြီးများတွင် စက်ရုံ၌ ကြိုတင်၍ နံရံပြားကြီးကို အချပ်လိုက်၊ အိမ်အခန်းလိုက် အပြီးပြင်ဆင်ပြီး ဆောက်မည့်နေရာသို့ သယ်ယူကာ အလွန်လျင်မြန်သော နှုန်းဖြင့် ဆောက်လုပ်ခြင်းကို ကျင့်သုံးလာနိုင်ကြသည်။

အနာဂတ်ကာလအတွက် အခြေခံများ

ဆောက်လုပ်မှုနှင့် ဆောက်ဖွဲ့ချက် အတတ်ပညာဘက်၌ ကျိယိုဒယ်ဆစ်ဒုံးဟု ခေါ်သော သတ္တုပြွန်ငယ် သို့မဟုတ် သတ္တုချောင်းငယ်များဖြင့် ခြင်းကြားကြီး မျှောက်ထားသည့်နှယ် အလွန် အဖွင့်ကျယ်သော အဆောက်အအုံကြီးများကို တီထွင်နိုင်ခဲ့ကြသည်။ ယင်းကဲ့သို့ ဆောက်လုပ်ပစ္စည်းများ အနည်းဆုံးသုံးပြီး အများဆုံးအသုံးချ ဟင်းလင်းခွင်ရစေရေးသည် ဗီသုကာတို့၏ ပထမ လိုက်နာကြရသည့် သိက္ခာပုဒ်နှင့်လည်း ညီညွတ်ပေရကား အနာဂတ်တွင် အလွန် တွင်ကျယ်နေဦးမည့် ဆောက်လုပ်နည်းစနစ်ဖြစ်နေပေလိမ့်မည်။

၁၉၅၀–၅၃ ခုနှစ်တွင် ဘာလင်မြို့နှင့် ဒရစ်ဇဒင် အနုပညာကျောင်းထွက် ဗီသုကာ ကွန်ရဒ်ဝက်ရှိမန်းသည် စပေ့ဖရိမ်ခေါ် ပြွန်သေးသတ္တုချောင်းများဖြင့် အလွန်ကြီးမားသော အမိုးပြားကြီး ဆောက်လုပ်စနစ်ကို တီထွင်ပေးခဲ့သည်။

နိဂုံး

အနောက်တိုင်း ဗီသုကာလက်ရာ မိတ်ဆက်သဖွယ်ဖြစ်သော ဤဆောင်းပါးတွင် အနောက်ဥရောပ ဗီသုကာလက်ရာကို အဓိကထား၍ တင်ပြထားခြင်း ဖြစ်ပါသည်။ ခေတ်ကာလသည် နှစ် ၆၀၀၀ ခန့်ကြာရှည်ခဲ့သည်။

သံကူကွန်ကရစ်နှင့် ပေါ့ပါးသေးသွယ်သောတိုင်များဖြင့် ဆောက်လုပ်ထားသော အိုလင်းပစ်အားကစားနန်းတော်ဖြစ်သည်။ ရောမမြို့၌ ၁၉၅၆-၅၇ ခုနှစ်က အင်ဂျင်နီယာ နာဗီနှင့် ဗီတယ်လိဇီတို့ ဆောက်လုပ်ခဲ့သည်။





တန်ဖိုးနည်းပြည်သူအိမ်ရာအဆောက်အအုံများကို အပေါ်စီးမှမြင်တွေ့ရပုံ။ နှစ်ဆယ်ရာစု လူသားကောင်းကျိုးအတွက် တိုးတက်မှုတရပ် ဖြစ်သည်။

ဗီသုကာ အနုပညာလက်ရာ ဖြစ်စဉ်သမိုင်းသည် အခြားသော အနုပညာ ဖြစ်စဉ်သမိုင်းတို့ကဲ့သို့ပင် တခေတ်၏ လက်ရာဟန် ပြီးပြတ်ပြီးမှ ခေတ်သစ်တခု ပေါ်ပေါက်ခဲ့သည် မဟုတ်မူ၍ ခေတ်သစ်တခုတိုင်းသည် ယင်းခေတ်၏ ရှေခေတ်ဟောင်း၏ ဝမ်းဗိုက်မှာ သန္ဓေတည်၍ ပေါက်ဖွားထွန်းကား ဖွံ့ဖြိုးရခြင်းသာဖြစ်မြဲပင်ဖြစ်သည်။

ဥပမာအားဖြင့် ၁၄၀၀ ပြည့်နှစ်မှ ၁၅၂၀ ပြည့်နှစ် ကာလတွင် အီတလီနိုင်ငံ၌ ရီနေဆွန်း အနုပညာလက်ရာ ဟန်နှင့် ဖန်တီးချက်များ အထွတ်အထိပ် ရောက်နေခဲ့ပြီ။ ထိုကာလတွင် ဥရောပ၏ အခြား နိုင်ငံများတွင် ဂေါသစ် ဗီသုကာ လက်ရာဟန်ကို အကောင်းဆုံး ကျင့်သုံးနေချိန် ဖြစ်သည်။ ၁၆၀၀ ပြည့်နှစ်ခန့်တွင် အီတလီနိုင်ငံ၌ ဗာရောဗီသုကာလက်ရာ ဟန်သို့ ကူးပြောင်းခဲ့ပြီ ဖြစ်သော်လည်း အခြား နိုင်ငံတို့တွင် ထိုကာလကျမှ ရီနေဆွန်းအမြင်သစ်ကို လက်တွေ့ကျင့်သုံး နေကြဆဲ ဖြစ်ပေသည်။

မျက်မှောက်ခေတ် ဗီသုကာလက်ရာဟန်များကို တီထွင်နေကြရသူ ဗီသုကာပညာရှင်များသည် မိမိတို့၏လက်ရာ၌ အနှစ်သာရရှိသော အတွေးအမြင်ဖြင့် ပုံသစ်တီထွင်ကြရပေသည်။

ဟင်းလင်းနှင့် ထုထည်ဟူသော မူလအခြေခံပစ္စည်းနှစ်ရပ်ဖြင့် တီထွင်ရာတွင် ဟင်းလင်းခွင်သည် လူတို့အသုံးချရာ၌ သက်သာလွယ်ကူစေရေးကို အဓိကထားပေသည်။ အလင်းရောင်မျှတခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်းနှင့် အတွင်းမှ အပြင်သို့ ရှုမျှော်ကွင်းကောင်းရစေခြင်းရှိစေရသည်။

ထုထည်ကို ဖန်တီးရာ၌ ဖြစ်ပေါ်လာမည့်ထုသွင်ကို မြင်ရသူတို့၏ စိတ်အာရုံတွင် ကျေနပ်မှု၊ ကြည်နူးမှု ရသတို့ကို ပေးနိုင်အောင် သောဘက အလှဖန်တီးမှုပညာဖြင့် တီထွင်ပုံထုတ်ကြရပေသည်။

အနောက်တိုင်း ခေတ်သစ် ဗီသုကာလက်ရာ၏ အနက်အဓိပ္ပာယ်ကို ဖန်ဖျင်နယ်လီဇမ်းဝါဒဖြင့် ရှုမြင်သုံးသပ်လျှင် အတော်အတန် နားလည်လွယ်ပါသည်။ သို့သော်လည်း ခေတ်သစ်သင်္ကေတဝါဒဖြင့် ဖန်တီးသည့်လက်ရာမျိုးလည်း ပညာရှင်တို့က လက်ခံကျင့်သုံးနေသည်။ ဥပမာအားဖြင့် သြစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့၏ကမ်းခြေတွင် ဆောက်လုပ်လိုက်သောဆစ်ဒနီအော်ပရာဇာတ်ရုံကဲ့သို့ သောအဆောက်အအုံဖြစ်သည်။

ခေတ်သစ်တွင်ရရှိလာသော ဆောက်လုပ်မှု အတတ်ပညာ၏ မြင့်မားမှု၊ ဆောက်လုပ်ပစ္စည်းအသစ်တို့၏ အရည်အသွေးကောင်းမွန်ခြင်းတို့ကိုလည်း ထိရောက်စွာ ပါဝင်သုံးစွဲ၍ တီထွင်ဖန်တီးရကြောင်းကို အထက်ဖော်ပြပါ အဆောက်အအုံများတွင် တွေ့မြင်နိုင်ပေသည်။

ဒေါက်တာ လှဝင်းအောင်

မြန်မာနှင့် ကမ္ဘာ့ မျက်မှောက်ရေးရာ ဆောင်းပါးများ

မြန်မာနှင့် ကမ္ဘာ့ မျက်မှောက်ရေးရာ အကြောင်းရပ် အချို့ကို သိရှိနိုင်ရန် ဆောင်းပါးလေးပုဒ်ဖြင့် အကျဉ်းချုံး၍ ရေးသားပြုစုထားပါသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော်	ဦးသောင်းလွင်	၉၂
နိုင်ငံတကာ မသန်မစွမ်းသူများနှစ်	ဒေါ်ညွှန့်မြင့်	၁၀၄
၁၉၇၀ – ၇၁ ခုနှစ် ကမ္ဘာ့စီးပွားရေးအခြေအနေ	ဦးသန်း	၁၁၀
အုံဖွယ်ရာ ဆေးပညာ	ဒေါက်တာ မောင်မောင်ညို	၁၁၇

တတိယအကြိမ် ပြည်သူ့လွှတ်တော်

တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်

ရွေးချယ် တင်မြှောက်ပွဲ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း (၁၂) ပုဒ်မ ၁၇၃ တွင် (က) လုပ်သားပြည်သူတို့ကို စစ်မှန်စွာ ကိုယ်စားပြုမည့် ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်း၊ (ခ) ရွေးချယ်တင်မြှောက်ရာတွင် နိုင်ငံသားများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ခြင်း၊ (ဂ) လုပ်သားပြည်သူတို့ကို စစ်မှန်စွာ ကိုယ်စားပြုမည့် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ အဖွဲ့အစည်းများကို ရွေးချယ် တင်မြှောက်ခြင်း စသည့် ရွေးချယ်တင်မြှောက်ပုံစနစ်၏ အခြေခံရည်ရွယ်ချက်များကို ပြဋ္ဌာန်းခဲ့လေသည်။

ယင်းနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဌ့ ပြဋ္ဌာန်းထား ချက်နှင့်အညီ ပြည်သူတို့လက်ဝယ်ရှိ ပြည်သူအပေါင်း၏ ပြည်သူ့ အာဏာကို အပ်နှင်းနိုင်ရေးအတွက် ပထမဦးစွာ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ကိုယ် စားလှယ်လောင်းများကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ က ဦးဆောင်လျှောထားချပြသည်ကို သက်ဆိုင်ရာ နယ်မြေရှိ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများက အကျေအလည်ညှိနှိုင်းဆွေး နွေးပြီး ကိုယ်စားလှယ်လောင်းများကို ရွေးချယ်အတည်ပြု ခဲ့ကြသည်။ မိမိတို့ ကိုယ်တိုင် ညှိနှိုင်း အတည်ပြုထား သော ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပ၍ လျှို့ဝှက် ဆန္ဒမဲပေး ရွေးချယ် တင်မြှောက်ခဲ့ ကြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၇၄ ခုနှစ်



နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီးဦးနေဝင်း မရမ်းကုန်းမြို့နယ် အမှတ် ၇ ရပ်ကွက် မဲရုံအမှတ် ၁ တွင် ဆန္ဒမဲပေးရန် ဆန္ဒမဲပြားထုတ်ယူစဉ်

ဇန်ဝါရီလ ၂၇ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၀ ရက်နေ့အထိ မြန်မာနိုင်ငံတဝန်းလုံးတွင် အောင်မြင် ထမြောက်စွာ ကျင်းပခဲ့သည်။ ပထမအကြိမ် ရွေးချယ် တင်မြှောက်ပုံ များတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လုပ်သားပြည်သူ ၁၄ သန်းကျော်တို့က မဲဆန္ဒပေးခဲ့ကြသည်။ မဲဆန္ဒရှင်တို့သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၅၁ ဦး၊ ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီဝင် ၉၂၆ ဦး၊ မြို့နယ်ပြည်သူ့ကောင်စီဝင် ၂၂,၆၅၂ ဦးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင် ၂,၆၄,၆၀၂ ဦး စုစုပေါင်း ပြည်သူ့ကိုယ်စားလှယ် ၂,၀၀,၆၀၁ ဦးကိုရွေးချယ်တင်မြှောက်ပေးခဲ့ကြသည်။ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်တို့၏ ပုံမှန်သက်တမ်းသည် ၁၉၇၀ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ကုန်ဆုံးခဲ့သည်။

ထို့ကြောင့် ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၇၀ ခုနှစ် ဇန်ဝါရီလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပခဲ့သည်။ ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ပွဲ များတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်လုပ်သားပြည်သူ ၁၆ သန်း ကျော်တို့က အားကြိုးမာန်တက် ဆန္ဒမဲ ပေးခဲ့ကြသည်။ လုပ်သားပြည်သူတို့သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၆၄ ဦး၊ ပြည်နယ်/တိုင်းပြည်သူ့ကောင်စီဝင် ၉၆၃ ဦး၊ မြို့နယ် ပြည်သူ့ကောင်စီဝင် ၂၂,၈၅၀ ဦးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင် ၁,၅၄,၃၅၅ ဦး စုစုပေါင်း ပြည်သူ့ကိုယ်စားလှယ် ၁,၇၀,၆၂၅ ဦး တို့ကို ရွေးချယ်တင်မြှောက် ခဲ့ကြသည်။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်တို့၏ သက်တမ်းသည် ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် ကုန်ဆုံးခဲ့သည်။

ထို့ကြောင့် တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်အတွက် ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်နိုင်ရန် ရွေးချယ်တင်မြှောက်ပွဲများကို ကျင်းပရန် လိုအပ်လာခဲ့သည်။

၁၉၇၁ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့မှ ၁၈ ရက်နေ့အတွင်း၌ နိုင်ငံတဝန်းလုံးတွင် တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို ခြိမ့်ခြိမ့်သဲသဲမျှ ကျင်းပနိုင်ခဲ့ကြသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လုပ်သားပြည်သူ ၁၇ သန်းကျော်တို့က ဆန္ဒမဲပေးခဲ့သည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲများတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၇၅ ဦး၊ ပြည်နယ်/တိုင်းပြည်သူ့ကောင်စီဝင် ၉၆၃ ဦး၊ မြို့နယ် ပြည်သူ့ကောင်စီဝင် ၂၂,၈၅၀ ဦးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင် ၁,၆၃,၃၄၂ ဦး၊ စုစုပေါင်း ပြည်သူ့ကိုယ်စားလှယ် ၁,၈၈,၅၄၀ ဦးတို့ကို ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကော်မရှင် ဥပဒေပုဒ်မ ၁၂(က)၊ (၁၃)အရ တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်က ထုတ်ပြန် ကြေငြာခဲ့သည်။



နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဦးစန်းယု ဗဟန်းမြို့နယ် ရွှေတောင်ကြား ၁ ရပ်ကွက် ကမ္မာဧရိပ်သာလမ်းရှိ မဲရုံအမှတ် ၂ တွင် ဆန္ဒမဲပေးရန် ဆန္ဒမဲပြား ထုတ်ယူစဉ်

တတိယအကြိမ်ပြည်သူလွှတ်တော် ပထမအစည်းအဝေး

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူလွှတ်တော် ပထမအစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟို အစည်းအဝေးခန်းမ၌ ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့ တွင် စတင်ကျင်းပရာ ပြည်သူလွှတ်တော်ကိုယ်စားလှယ် ၄၇၄ ဦး၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဆိုင်ရာ သံတမန်အကြီးအကဲများနှင့် လေ့လာသူ ဧည့်သည် တော်များ တက်ရောက်ကြသည်။


အစည်းအဝေးတွင် ပြည်နယ်နှင့်တိုင်းအလိုက် သဘာ ပတိအဖွဲ့ဝင် ၁၄ ဦးကို ညှိနှိုင်း ရွေးချယ်တင်မြှောက်ကြ သည်။

နိုင်ငံတော်ကောင်စီဝင်များ ရွေးချယ်

ပြည်နယ်နှင့် တိုင်းအလိုက် ရွေးချယ်တင်မြှောက်ခြင်း ခံရ သော နိုင်ငံတော်ကောင်စီဝင် ၁၄ ဦး၏ အမည်စာရင်းကို အလှည့်ကျသဘာပတိ ဦးငွေဆိုင် (ကျောက်မဲမြို့နယ်)က ကြေငြာသည်။ ဆက်လက်၍ ပြည်သူလွှတ်တော်ကိုယ်စား လှယ်အားလုံးထဲမှ နိုင်ငံတော်ကောင်စီဝင် ၁၄ ဦးကို ပြည် သူ လွှတ် တော် ကိုယ် စား လှယ် များ က ရွေး ချယ် တင်မြှောက်ကြသည်။

နိုင်ငံတော် ကောင်စီဝင်များက ၎င်းတို့အထဲမှ ဥက္ကဋ္ဌ ဗဟိုးနှင့် အတွင်းရေးမှူးတဦးကို ရွေးချယ် တင်မြှောက် နိုင်ရန်နှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းအသီးသီး၏ အဖွဲ့ ဝင်များကို ပြည်သူလွှတ်တော်က ရွေးချယ်တင်မြှောက် နိုင်ရန် အဖွဲ့ဝင်လောင်း အမည်စာရင်းကို နိုင်ငံတော် ကောင်စီက တင်သွင်းနိုင်ရေးအတွက် နိုင်ငံတော်ကောင်စီ အစည်းအဝေးကို ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးစန်းယု ပြည်သူလွှတ်တော်ပထမအစည်းအဝေး တက်ရောက်ကြောင်းလက်မှတ်ရေးထိုးစဉ်



နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတ

နိုင်ငံတော်ကောင်စီဝင်များက နိုင်ငံတော်ကောင်စီဝင်များအထဲမှ ဥက္ကဋ္ဌအဖြစ် ဦးစန်းယုအား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးအေးကိုအား လည်းကောင်း ရွေးချယ်တင်မြှောက်ကြကြောင်း အလှည့်ကျသဘာပတိက ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက တညီတညွတ်တည်း သဘောတူ အတည်ပြု ကြသည်။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၆၆ အရ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးစန်းယုသည် နိုင်ငံတော်သမ္မတ ဖြစ်ကြောင်း အလှည့်ကျသဘာပတိက ကြေငြာသည်။



နိုင်ငံတော်ကောင်စီဖွဲ့စည်းခြင်း

နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ ဦးစန်းယု၊ အတွင်းရေးမှူး ဦးအေးကို၊ ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ကောင်စီဝင်များနှင့် ဝန်ကြီးချုပ်တို့ဖြင့် နိုင်ငံတော်ကောင်စီကို ပြည်သူ့လွှတ်တော်က ဖွဲ့စည်းကြောင်း အလှည့်ကျသဘာပတိက ကြေငြာသည်။

အခြားအာဏာပိုင်အဖွဲ့အစည်းများ ဆက်လက်ဖွဲ့စည်း

ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့အသီးသီးကို ရွေးချယ်တင်မြှောက်ရန် နိုင်ငံတော်ကောင်စီက သဘာပတိအဖွဲ့သို့ အမည်စာရင်းကင်ပြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ကြသည်။

အလှည့်ကျသဘာပတိက နိုင်ငံတော်ကောင်စီက တင်ပြသော ဝန်ကြီးချုပ် ဦးမောင်မောင်ခ၊ ဒုတိယဝန်ကြီးချုပ်များအဖြစ် သူရဦးထွန်းတင်နှင့် ဗိုလ်ချုပ်ကြီး သူရကျော်ထင်တို့ပါဝင်သော ဝန်ကြီးအဖွဲ့ ဖွဲ့စည်းခြင်းကို လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် ဦးမောင်မောင်ကျော်ဝင်း ပါဝင်သော ပြည်သူ့တရားသူကြီးအဖွဲ့ ဖွဲ့စည်းခြင်းကို လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် ဦးမြင့်မောင်ပါဝင်သော ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းကို လည်းကောင်း၊

အစည်းအဝေးဒုတိယနေ့တွင် နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ဦးအေးကိုက ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်တွင် နိုင်ငံရေးတာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့ကိုယ်စားလှယ်များအတွက် နိုင်ငံရေးပင်စင်ခံစားခွင့်နှင့် စပ်လျဉ်း၍ တင်ပြစဉ်

တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးတွင် တက်ရောက်ကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ



ဥက္ကဋ္ဌ ဦးစန်းမောင်ပါဝင်သော ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ဝန်ကြီးအဖွဲ့ဝင်များအား ဝန်ကြီးဌာနအလိုက် တာဝန်ခွဲဝေသတ်မှတ်ခြင်းကိုလည်းကောင်း ကြေငြာသည်။

ပြဋ္ဌာန်းခြင်း၊ ဆုံးဖြတ်ခြင်းနှင့် ရွေးချယ်ခြင်းများ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးတွင် ပြဋ္ဌာန်းခြင်းနှစ်ရပ်၊ ရွေးချယ်တင်မြှောက်ခြင်း ရှစ်ရပ်၊ ဆုံးဖြတ် ခြင်း တ ရပ်၊ အ တည် ပြု ခြင်းနှစ်ရပ်၊ ကြေငြာခြင်းတရပ်၊ ဖွဲ့စည်းခြင်းနှင့် တာဝန်ခွဲဝေခြင်း ကိုးရပ်နှင့် မှတ်တမ်းတင်ခြင်း သုံးရပ်ကို ဆောင်ရွက်ခဲ့သည်။

ပြဋ္ဌာန်းခြင်း

ပြဋ္ဌာန်းခြင်း နှစ်ရပ်မှာ မြန် မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီသို့ ထောက်ပံ့ငွေပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းခြင်းနှင့် မြန်မာစာအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းခြင်းတို့ဖြစ်သည်။

ရွေးချယ်တင်မြှောက်ခြင်း

တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးတွင် ယာယီသဘာပတိ တင်မြှောက်ခြင်း၊ သဘာပတိအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်း၊ နိုင်ငံတော် ကောင်စီဝင်များ၊ ဝန်ကြီးအဖွဲ့ဝင်များ၊ ပြည်သူ့တရားသူကြီး အဖွဲ့ဝင်များနှင့် ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့ ဝင်များ ရွေး ချယ် တင်မြှောက်ခြင်းနှင့် ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီ ဝင်များ ရွေးချယ် တင်မြှောက်ခြင်း များကို ဆောင်ရွက်ခဲ့သည်။

ဆုံးဖြတ်ခြင်း

နိုင်ငံရေးတာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့ကိုယ်စားလှယ်များအား တာဝန်ထမ်းဆောင်သည့် ကာလ လေးနှစ်မပြည့်စေကာမူ နိုင်ငံရေးပင်စင် ခံစားခွင့် ရှိစေရန် ပြည်သူ့လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

အတည်ပြုခြင်း

နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌနှင့် အ တွင်း ရေး မှူး ၏ အမည်စာရင်းနှင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာ

တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးတွင် တက်ရောက်ကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ



ကော်မတီ ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်ကောင်စီဝင် လေးဦး၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်က အတည်ပြုသည်။

ကြေငြာခြင်း

နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌသည် နိုင်ငံတော် သမ္မတ ဖြစ်ကြောင်း ကြေငြာသည်။

ဖွဲ့စည်းခြင်းနှင့် တာဝန်ခွဲဝေခြင်း

တတိယ အကြိမ် ပြည်သူ့လွှတ်တော် ပထမ အစည်းအဝေးတွင် နိုင်ငံတော် ကောင်စီ၊ ဝန်ကြီး အဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့နှင့် ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့များကို ဖွဲ့စည်း ခြင်း၊ ဝန်ကြီးအဖွဲ့ဝင်များအား ဝန်ကြီးဌာနအလိုက် တာဝန်ခွဲဝေ သတ်မှတ်ခြင်း၊လွှတ်တော်ရေးရာကော်မတီအလိုက် တာဝန်ခွဲဝေ ဖွဲ့စည်း ခြင်းနှင့် အတွင်း ရေးမှူး များ ရွေး ချယ် တာဝန် ပေးအပ်ခြင်းကို ဆောင်ရွက်သည်။ ထို့ပြင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မတီ၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေး ချယ် တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်များကို ဖွဲ့စည်းသည်။

မှတ်တမ်းတင်ခြင်း

တတိယ အကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရေး ကော်မရှင်၏ အစီရင်ခံစာနှင့် နိုင်ငံတော်ကောင်စီနှင့် ဗဟို အာဏာပိုင် အဖွဲ့အစည်းများ၏ ပုံမှန်အစီရင်ခံစာများကို မှတ်တမ်းတင်သည်။


ထို့ပြင် ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် မဲဆန္ဒနယ် အမှတ် ၁ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းကြည် ကွယ်လွန် အနိစ္စဝေါက်ခြင်းအတွက် လွှတ်တော်က ဝမ်းနည်းကြောင်း မှတ်တမ်းတင်သည်။

ရုပ်သိမ်းခြင်း

တတိယ အကြိမ် ပြည်သူ့လွှတ်တော် ပထမ အစည်းအဝေး ဆုံးဖြတ်ချက်များကို သဘာပတိအဖွဲ့က လက်မှတ်ရေးထိုးကြပြီး ပြည်သူ့လွှတ်တော်အစည်းအဝေးကို ၁၉၇၁ ခုနှစ် နို ဝင်ဘာ လ ၁၂ ရက် နေ့ တွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ဦးသောင်းလွင်





တတိယအကြိမ်ပြည်သူလွှတ်တော် ပထမအစည်းအဝေးတွင် ပြောကြားခဲ့သည့် အမှာစကား

နိဒါန်းစာမျက်နှာ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ တတိယအကြိမ်ပြည်သူလွှတ်တော် ပထမအစည်းအဝေး၌ ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ကောင်စီဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ဦးစန်းယု	ဗဟန်း	ဥက္ကဋ္ဌ
၂။ ဦးအေးကို	တိုက်ကြီး (၁)	အတွင်းရေးမှူး
၃။ ဦးကျော်စိန်	မြိတ်အရှေ့ (၂)	အဖွဲ့ဝင်
၄။ သခင်ခင်ဇော်	ချောက် (၁)	အဖွဲ့ဝင်
၅။ ဦးခင်မောင်	ရေး (၁)	အဖွဲ့ဝင်
၆။ ဦးခင်အေး	စစ်ကိုင်း (၁)	အဖွဲ့ဝင်
၇။ ဦးစောအုံ	နမ္မတူ	အဖွဲ့ဝင်
၈။ ဦးစိုးလွိုင်	ကျောက်မဲ (၂)	အဖွဲ့ဝင်
၉။ ဦးစန်ကြည်	ရပ်စောက်	အဖွဲ့ဝင်
၁၀။ ဦးစိန်လွင်	မန္တလေး အနောက်မြောက် (၂)	အဖွဲ့ဝင်
၁၁။ ဦးစိန်ဝင်း	ထားဝယ် (၁)	အဖွဲ့ဝင်
၁၂။ ဦးဇော်ဝင်း	ခရမ်း (၂)	အဖွဲ့ဝင်
၁၃။ ဗိုလ်မှူးချုပ် တင်ဦး	မုဒုံ (၁)	အဖွဲ့ဝင်
၁၄။ ဦးဖော်ယူခါး	မြစ်ကြီးနား (၁)	အဖွဲ့ဝင်
၁၅။ ဦးဗန်ကူး	ဟားခါး	အဖွဲ့ဝင်
၁၆။ ဦးဘသော်	ဖြူး (၁)	အဖွဲ့ဝင်
၁၇။ သူရ ဦးမင်းသိမ်း	ပဲခူး (၂)	အဖွဲ့ဝင်
၁၈။ ဒေါက်တာ မောင်မောင်	မန္တလေး အရှေ့မြောက် (၁)	အဖွဲ့ဝင်
၁၉။ ဒေါက်တာ မောင်လွင်	ကျောက်ဆည် (၁)	အဖွဲ့ဝင်
၂၀။ ဦးမန်းစံမြတ်ရွှေ	ဘားအံ (၃)	အဖွဲ့ဝင်
၂၁။ ဦးလှမောင်	မော်လမြိုင်ကျွန်း (၂)	အဖွဲ့ဝင်
၂၂။ ဒေါက်တာ လှဟန်	ဖျာပုံ (၁)	အဖွဲ့ဝင်
၂၃။ ဦးသောကျော်	မြောက်ဦး (၂)	အဖွဲ့ဝင်
၂၄။ ဦးသိုင်းသန်းတင်	လွိုင်ကော် (၂)	အဖွဲ့ဝင်
၂၅။ ဦးသောင်းတင်	တွံတေး (၂)	အဖွဲ့ဝင်
၂၆။ ဦးသန်းစိန်	ပခုက္ကူ (၂)	အဖွဲ့ဝင်
၂၇။ သူရ ဦးအောင်ဖေ	မင်းဘူး (၁)	အဖွဲ့ဝင်
၂၈။ သခင် အောင်မင်း	မတူပီ (၁)	အဖွဲ့ဝင်
၂၉။ ဝန်ကြီးချုပ်		

ဝန်ကြီးအဖွဲ့

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ တတိယအကြိမ်ပြည်သူလွှတ်တော် ပထမအစည်းအဝေး၌ ရွေးချယ်တင်မြှောက်ခြင်း ခံရသော ဝန်ကြီးအဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဦးမောင်မောင်ခ	လှိုင် (၂)	ဝန်ကြီးချုပ်
၂။ သူရ ဦးထွန်းတင်	နတ်တလင်း (၁)	ဒုတိယ ဝန်ကြီးချုပ် ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန
၃။ ဗိုလ်ချုပ်ကြီး သူရ ကျော်ထင်	မင်္ဂလာဒုံ	ဒုတိယ ဝန်ကြီးချုပ် ဝန်ကြီး၊ ကာကွယ်ရေး ဝန်ကြီးဌာန
၄။ ဦးရဲခေါင်	ဟသ်ာတ (၂)	ဝန်ကြီး၊ လယ်ယာနှင့် သစ်တော ဝန်ကြီးဌာန
၅။ ဦးစိန်ထွန်း	မြင်းခြံ (၂)	ဝန်ကြီး၊ သမဝါယမ ဝန်ကြီးဌာန
၆။ သူရ ဦးစောဖြူ	စစ်တွေ (၁)	ဝန်ကြီး၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန
၇။ ဦးချစ်လှိုင်	မအူပင် (၁)	ဝန်ကြီး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန
၈။ ဦးတင့်ဆွေ	မော်ဘီ (၂)	ဝန်ကြီး၊ အမှတ်(၁)စက်မှု ဝန်ကြီးဌာန
၉။ ဦးမောင်ချို	ရေတာရှည် (၂)	ဝန်ကြီး၊ အမှတ်(၂)စက်မှု ဝန်ကြီးဌာန
၁၀။ ဦးလှထွန်း	ပန်းတောင်း (၁)	ဝန်ကြီး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန
၁၁။ ဦးသန်းတင်	ပုသိမ်အမှတ်၅ (၁)	ဝန်ကြီး၊ သတ္တုတွင်း ဝန်ကြီးဌာန
၁၂။ ဦးခင်မောင်ကြီး	ဒိုက်ဦး (၁)	ဝန်ကြီး၊ ကုန်သွယ်ရေး ဝန်ကြီးဌာန
၁၃။ ဦးကျော်ငြိမ်း	မန္တလေးအနောက်မြောက်(၁)	ဝန်ကြီး၊ ပညာရေး ဝန်ကြီးဌာန
၁၄။ ဦးအောင်ကျော်မြင့်	ညောင်ဦး (၂)	ဝန်ကြီး၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန
၁၅။ ဗိုလ်မှူးကြီး ဘိုနီ	ကျိုက်လတ် (၁)	ဝန်ကြီး၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန
၁၆။ ဦးအုန်းကျော်	ပေါင်းတည် (၁)	ဝန်ကြီး၊ လူမှုဝန်ထမ်း ဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာန
၁၇။ ဦးထွန်းဝေ	ရမည်းသင်း (၂)	ဝန်ကြီး၊ ကျန်းမာရေး ဝန်ကြီးဌာန

တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးမှ ရွေးချယ်တင်မြှောက်ခဲ့သည့် အဖွဲ့ဝင် ၁၇ ဦးပါဝင်သော ဝန်ကြီးအဖွဲ့





အမျိုးသားဒီမိုကရေစီပါတီတရားဝင်ကြေညာချက်ပြုစဉ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့

၁။	ဦးမောင်မောင်ကျော်ဝင်း	ပန်းဘဲတန်း	ညကြင်
၂။	ဦးခင်ဇာမုံ	တီးတိန် (၁)	အဖွဲ့ဝင်
၃။	ဦးတင်အောင်	လယ်ဝေး (၂)	အဖွဲ့ဝင်
၄။	ဦးတင်အောင်ဟိန်း	ရေတာရှည် (၁)	အဖွဲ့ဝင်
၅။	ဦးထွန်းရှိန်	လမ်းမတော်	အဖွဲ့ဝင်
၆။	ဦးမြကျော်	ကြည့်မြင်တိုင်	အဖွဲ့ဝင်
၇။	ဦးလှဘုန်း	မြောင်းမြ (၁)	အဖွဲ့ဝင်
၈။	ဦးသန့်စင်	ဖျာပုံ (၂)	အဖွဲ့ဝင်
၉။	ဦးအေးမောင်	ရွှေဘို (၂)	အဖွဲ့ဝင်

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့

၁။	ဦးမြင့်မောင်	မကွေး (၂)	ညကြင်
၂။	ဦးခင်အုန်း	ကဝ (၂)	အဖွဲ့ဝင်
၃။	ဦးစိုးလွိုင်	ဝက်လက် (၂)	အဖွဲ့ဝင်
၄။	ဦးစိုးသင်	ထားဝယ် (၂)	အဖွဲ့ဝင်
၅။	ဦးထွန်းတင်	မိုးကုတ်	အဖွဲ့ဝင်
၆။	ဦးလေးမောင်	အင်းစိန် (၁)	အဖွဲ့ဝင်



ပြည်သူလုပ်ငန်းစစ်ဆေးရေးအဖွဲ့

၁။	ဦးစန်းမောင်	ကျောက်တံတား	ဥက္ကဋ္ဌ
၂။	သူရ ဦးတင်မောင်	ဝန်းသို့	အဖွဲ့ဝင်
၃။	ဦးမောင်ညို	ကျိုက်ထို့ (၁)	အဖွဲ့ဝင်
၄။	ဦးဝင်းမောင်	သနပ်ပင် (၂)	အဖွဲ့ဝင်
၅။	ဦးအုန်းကြည်	အိမ်မဲ (၁)	အဖွဲ့ဝင်
၆။	ဦးအုံးတင်	အရာတော် (၁)	အဖွဲ့ဝင်


အဖွဲ့ဝင်ခြောက်ဦးပါဝင်သည့် ပြည်သူလုပ်ငန်းစစ်ဆေးရေးအဖွဲ့



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကော်မတီ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူလွှတ်တော် ပထမအစည်းအဝေး၌ ဖွဲ့စည်းလိုက်သော နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကော်မတီမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဝန်ကြီးချုပ်ကဆောင်ရွက်၍ အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်ကောင်စီဝင်များဖြစ်ကြသော ဗိုလ်မှူးချုပ်တင်ဦး၊ ဦးဇော်ဝင်း၊ ဦးစိန်လွင်နှင့် ဦးသာကျော်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးတို့ပါဝင်ကြသည်။



တတိယအကြိမ်ပြည်သူလွှတ်တော် ပထမအစည်းအဝေး သဘာပတိအဖွဲ့ဝင်များ

ဒုတိယဝန်ကြီးများ

နိုင်ငံတော်ကောင်စီက ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၁/၇၁ ဖြင့် ခန့်အပ်လိုက်သော ဒုတိယဝန်ကြီးများအား ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့က အမိန့် ကြော်ငြာစာအမှတ် ၇/၇၁ ဖြင့် ဝန်ကြီးဌာနအလိုက် အောက်ပါအတိုင်း တာဝန်ခွဲဝေ သတ်မှတ်လိုက်သည်။

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်	ဝန်ကြီးဌာန
၁။	ဦးအေးကို	မေမြို (၁)	စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
၂။	ဒေါက်တာမောင်ရှိန်	ပုလဲ (၁)	စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
၃။	ဗိုလ်ချုပ်တင်စိန်	ကွမ်းခြံကုန်း	ကာကွယ်ရေးဝန်ကြီးဌာန
၄။	ဦးကျော်ထိန်	တန့်ဆည် (၁)	လယ်ယာနှင့် သစ်တောဝန်ကြီးဌာန
၅။	ဦးလှိုင်မြင့်	အုတ်တွင်း (၂)	လယ်ယာနှင့် သစ်တောဝန်ကြီးဌာန
၆။	ဦးစံတင့်	ဘိုကလေး (၂)	သမဝါယမ ဝန်ကြီးဌာန
၇။	ဦးစောလှဖြူ	ကျောက်ဖြူ (၂)	ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန
၈။	ဦးစိန်ရ	မြန်အောင် (၁)	ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန
၉။	ဦးတင်အုန်း	တောင်ငူကလေးပ (၁)	နိုင်ငံခြားရေး ဝန်ကြီးဌာန
၁၀။	ဦးမောင်အုံး	ပန်းတောင်း (၂)	အမှတ်(၁) စက်မှုဝန်ကြီးဌာန
၁၁။	ဦးဘချစ်	ပုလဲ (၂)	အမှတ်(၁) စက်မှုဝန်ကြီးဌာန
၁၂။	ဒေါက်တာမန်းသက်စံ	ချောင်းဆုံ (၂)	အမှတ်(၂) စက်မှုဝန်ကြီးဌာန
၁၃။	ဦးကျော်ဇ	နောင်ချို	အမှတ်(၂) စက်မှုဝန်ကြီးဌာန
၁၄။	ဦးဘိုးဟန်	ပြည် (၂)	ဆောက်လုပ်ရေးဝန်ကြီးဌာန
၁၅။	ဦးမျိုးမြင့်	ကိုကိုးကျွန်း	သတ္တုတွင်းဝန်ကြီးဌာန
၁၆။	ဦးဝင်းထိန်	ညောင်တုန်း (၂)	သတ္တုတွင်းဝန်ကြီးဌာန
၁၇။	ဦးခင်မောင်ရီ	ဒီပဲယင်း (၁)	ကုန်သွယ်ရေးဝန်ကြီးဌာန
၁၈။	ဦးဘလှ	ဝမ်းတွင်း (၂)	ကုန်သွယ်ရေးဝန်ကြီးဌာန
၁၉။	ဒေါက်တာမောင်မောင်အေး	လသာ	ပညာရေးဝန်ကြီးဌာန
၂၀။	ဦးအောင်ဌေး	မင်္ဂလာတောင်ညွန့် (၁)	ပြန်ကြားရေးဝန်ကြီးဌာန
၂၁။	ဦးလှဖေ	မြောက်ဥက္ကလာပ (၂)	ယဉ်ကျေးမှုဝန်ကြီးဌာန
၂၂။	ဦးမင်းနောင်	ကျောင်းကုန်း (၂)	ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန
၂၃။	ဦးပေါ်သိမ်း	အင်္ဂပူ (၁)	ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန
၂၄။	ဦးပေါ်ခန့်သန်း	မုံရွာ (၁)	လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာန
၂၅။	ဗိုလ်မှူးကြီးထွန်းလှဖြူ	မင်းပြား (၂)	ကျန်းမာရေးဝန်ကြီးဌာန

လုပ်တော်ရေးရာကော်မတီဝင်များ

တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးတွင် လွှတ်တော်ရေးရာကော်မတီများကို အောက်ပါအတိုင်း တာဝန်ခွဲဝေ ဖွဲ့စည်းခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ

၁။	ဦးကျော်မင်း	အတွင်းရေးမှူး
၂။	ဦးမင်းဇင်	ရေးရာကော်မတီဝင်
၃။	ဗိုလ်မှူးကြီး ကျော်သိန်း	ရေးရာကော်မတီဝင်
၄။	ဦးဝင်းမောင်	ရေးရာကော်မတီဝင်
၅။	ဦးခင်အောင်ကြည်	ရေးရာကော်မတီဝင်

လွှတ်တော်ဘဏ္ဍာရေးနှင့် အမျိုးသားစီမံကိန်းရေးရာကော်မတီ

၁။	ဦးဟန်ရွှေ	အတွင်းရေးမှူး
၂။	ဦးသိန်းထွန်း	ရေးရာကော်မတီဝင်
၃။	ဦးလှတင့်	ရေးရာကော်မတီဝင်
၄။	ဦးသိန်းမြင့်	ရေးရာကော်မတီဝင်
၅။	ဒေါက်တာ ခင်မောင်ညွန့်	ရေးရာကော်မတီဝင်

လွှတ်တော်သမဝါယမ၊ စိုက်ပျိုးရေးနှင့် သစ်တောရေးရာကော်မတီ

၁။	ဒေါက်တာချစ်	အတွင်းရေးမှူး
၂။	ဦးကံကြီး	ရေးရာကော်မတီဝင်
၃။	ဦးမောင်မောင်ဦး	ရေးရာကော်မတီဝင်
၄။	ဦးခင်ဝင်း	ရေးရာကော်မတီဝင်
၅။	ဦးအောင်ခင် (မန္တလေးတိုင်း)	ရေးရာကော်မတီဝင်

လွှတ်တော်ကူးသန်းရောင်းဝယ်ရေးရာကော်မတီ

၁။	ဦးအုန်းစိန်	အတွင်းရေးမှူး
၂။	ဦးထွန်းရီ	ရေးရာကော်မတီဝင်
၃။	ဗိုလ်မှူးကြီး အောင်ရဲကျော်	ရေးရာကော်မတီဝင်
၄။	ဦးစံတင်	ရေးရာကော်မတီဝင်
၅။	ဦးဦးခင်	ရေးရာကော်မတီဝင်

လွှတ်တော်စက်မှုလက်မှုနှင့် သယ်ဇာတပစ္စည်းရေးရာကော်မတီ

၁။	ဦးကျော်သန့်	အတွင်းရေးမှူး
၂။	ဦးသန်းမောင်	ရေးရာကော်မတီဝင်
၃။	ဦးစိန်လှိုင်	ရေးရာကော်မတီဝင်
၄။	ဒေါ်မြင့်မြင့်ဆွေ	ရေးရာကော်မတီဝင်
၅။	ဗိုလ်မှူးကြီး ဦးစောလှ	ရေးရာကော်မတီဝင်

လွှတ်တော်ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးရာကော်မတီ

၁။	ဦးတင်အုန်း	အတွင်းရေးမှူး
၂။	ဦးအေးဖေ (ပဲခူးတိုင်း)	ရေးရာကော်မတီဝင်
၃။	ဦးခင်မောင်သိန်း	ရေးရာကော်မတီဝင်
၄။	ဦးအောင်ချိန်	ရေးရာကော်မတီဝင်
၅။	ဦးသိန်းလှိုင်	ရေးရာကော်မတီဝင်

လွှတ်တော်သိပ္ပံနှင့် နည်းပညာရေးရာ ကော်မတီ

၁။	ဦးလှမိုး	အတွင်းရေးမှူး
၂။	ဦးတင်အေး	ရေးရာကော်မတီဝင်
၃။	ဦးသောင်းဝင်းဦး	ရေးရာကော်မတီဝင်
၄။	ဦးအေးမြင့်	ရေးရာကော်မတီဝင်
၅။	ဦးစောလွင်	ရေးရာကော်မတီဝင်

လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးရာ ကော်မတီ

၁။	ဗိုလ်မှူးကြီးမင်းဒင်	အတွင်းရေးမှူး
၂။	ဦးအေးဖေ (စစ်ကိုင်းတိုင်း)	ရေးရာကော်မတီဝင်
၃။	ဦးသိမ်းအောင်	ရေးရာကော်မတီဝင်
၄။	ဦးတင်အောင်	ရေးရာကော်မတီဝင်
၅။	ဦးလှကျော်အောင်	ရေးရာကော်မတီဝင်

လွှတ်တော် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးနှင့် နိုင်ငံခြားရေးရာ ကော်မတီ

၁။	ဦးမင်းကြည်	အတွင်းရေးမှူး
၂။	ဦးတိုက်စိုး	ရေးရာကော်မတီဝင်
၃။	ဦးခင်မောင်သန်း	ရေးရာကော်မတီဝင်
၄။	ဦးမောင်ဦး	ရေးရာကော်မတီဝင်
၅။	ဒေါက်တာမောင်ဒီ	ရေးရာကော်မတီဝင်

လွှတ်တော် ဥပဒေကြမ်းရေးရာ ကော်မတီ

၁။	ဦးအုန်းမောင်	အတွင်းရေးမှူး
၂။	ဦးအင်ဒီဇော်တောင်	ရေးရာကော်မတီဝင်
၃။	ဦးမောင်မောင်	ရေးရာကော်မတီဝင်
၄။	ဦးခင်မောင်ဝင်း	ရေးရာကော်မတီဝင်
၅။	ဦးအောင်ရွှေဦး	ရေးရာကော်မတီဝင်

လွှတ်တော် လူမှုရေးရာ ကော်မတီ


၁။	ဦးဖေလိန်းမောင်	အတွင်းရေးမှူး
၂။	ဦးငွေစိုး	ရေးရာကော်မတီဝင်
၃။	ဒေါ်မေမေအောင်	ရေးရာကော်မတီဝင်
၄။	ဒေါက်တာတင်အောင်ဆွေ	ရေးရာကော်မတီဝင်
၅။	ဒေါ်နော်မြူရီယယ် (လ်) ထွန်းကျော်	ရေးရာကော်မတီဝင်

လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ

၁။	ဦးအောင်ခင် (ပဲခူးတိုင်း)	အတွင်းရေးမှူး
၂။	ဦးခင်မောင်ထိန်	ရေးရာကော်မတီဝင်
၃။	ဦးခင်စိုး	ရေးရာကော်မတီဝင်
၄။	ဒေါ်ကြည်ကြည်စိန်	ရေးရာကော်မတီဝင်
၅။	ဦးကျော်	ရေးရာကော်မတီဝင်

လွှတ်တော် တိုင်းရင်းသားလူမျိုးမျာ်းရေးရာ ကော်မတီ

၁။	ဦးအုန်းမြင့်	အတွင်းရေးမှူး
၂။	ဦးမြမောင်	ရေးရာကော်မတီဝင်
၃။	ဦးကံလျှံဘွဲ့	ရေးရာကော်မတီဝင်
၄။	ဦးမြင့်နိုင်	ရေးရာကော်မတီဝင်
၅။	ဦးလဘာန်ဂဆောင်	ရေးရာကော်မတီဝင်



နိုင်ငံတကာ မသန်မစွမ်းသူများ နှစ်

နိုင်ငံတကာ မသန်မစွမ်းသူများနှစ်သည် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ကြေငြာအတည်ပြုခဲ့သည့် နှစ်များဖြစ်၍ အဓိကမြင့်မားဆုံး နှစ်တနှစ်ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ ဆုံးဖြတ်ချက်အရ နိုင်ငံတကာက ပါဝင်ပူးပေါင်းကျင်းပခဲ့သည့်အတွက် ကမ္ဘာပေါ်တွင် မသန်မစွမ်းသူပေါင်းသည် ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းမျှ ရှိနေကြောင်းကို သိခဲ့ရသည်။ ထို့အပြင် ထိုသန်းပေါင်းများစွာသော မသန်မစွမ်းသူများ၏ လိုအပ်ချက်များကိုပါ ကမ္ဘာတဝန်းလုံးက တတ်အားသမျှ ဖြည့်ဆည်းကူညီထောက်ပံ့မှုပြုခဲ့သည်။

၁၉၈၁ ခုနှစ်ကို နိုင်ငံတကာ မသန်မစွမ်းသူများနှစ်အဖြစ် ကြေငြာသတ်မှတ်ရန် လစ်ဗျာနိုင်ငံက ပထမဆုံး အဆိုတင်သွင်းခဲ့သည်။ ထို့နောက် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပသော အထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက် အမှတ် ၃၂/၁၃၃ အရ နိုင်ငံတကာ မသန်မစွမ်းသူများနှစ် အကြံပေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဆုံးဖြတ်ချက်အမှတ် ၃၃/၁၇၀ အရ ထို့ကော်မတီတွင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ကော်မတီဝင်များကိုလည်း ကမ္ဘာ့ပထဝီအနေအထားအလိုက် မျှတစွာ ထည့်သွင်းခဲ့သည်။ ထိုကော်မတီ၏ မူလတာဝန်သည် မသန်မစွမ်းသူများနှစ် ကျင်းပရေးအစီအစဉ်များကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂ၏ အထူးအေဂျင်စီများနှင့် တိုင်ပင်ညှိနှိုင်း၍ စီမံရန်ဖြစ်သည်။ သို့သော် နောင်တွင် တာဝန်များကို တိုးချဲ့ဖြည့်တင်းပေးခဲ့သည်။

ယင်းအကြံပေးကော်မတီသည် အစည်းအဝေးသုံးကြိမ် ပြုလုပ်ခဲ့သည်။ သုံးကြိမ်စလုံးတွင်ပင် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှု ရာနှုန်းပြည့်ရရှိခဲ့သည်။ သို့အတွက် မသန်မစွမ်းသူတို့၏ပြဿနာအခန်းကဏ္ဍနှင့် မသန်မစွမ်းဖြစ်မှု ကာကွယ်တားဆီးရေးတို့သည် ကမ္ဘာ့နိုင်ငံရေးလောကတွင် မှတ်တမ်းတင်ထိုက်ဖွယ်အကောင်းဆုံး စည်းရုံးမှုတရပ် ဖြစ်သည်ဟု ဆိုရပေမည်။ အပြန်အလှန် နားလည်မှု အပြည့်ဝဆုံးဖြင့် လူတိုင်းဆက်သွယ်နိုင်ခဲ့သည့် ကဏ္ဍလည်းဖြစ်သည်။ လူသားတဦးတယောက်ချင်းမှအစ ကုလသမဂ္ဂအဖွဲဝင်နိုင်ငံ အစိုးရများ၊ ကုလသမဂ္ဂစနစ်အတွင်းမှ အဖွဲဝင်များကိုယ် တိုင် ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတကာမသန်မစွမ်းသူမျှားနှစ်၏ ခံယူချက်နှင့် ရည်ရွယ်ချက်


လူမှုလောကအတွင်း မသန်မစွမ်းသူမျှား အပြည့်အဝ ပါဝင်ဆင်နွှဲနိုင်ရေး၊

သူတို့နေထိုင်နေသည့် လူမှုဝန်းကျင်လောက ဖွံ့ဖြိုးမှုကို မြှင့်တင်ရေး၊


အခြားပြည်သူမျှားနည်းတူ နေမှုထိုင်မှု သာတူညီမျှဖြစ်ရေး၊

လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအလိုက် သူတို့၏ နေထိုင်မှုသည်လည်း ညီမျှလာစေရေး စသည်တို့ဖြစ်သည်။


ဤခံယူချက်များကို ဖွံ့ဖြိုးမှုအဆင့်မခွဲခြားပဲ နိုင်ငံတိုင်း၌ ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုမှ ဒေသ၊ နိုင်ငံတကာအဆင့်



ငယ်စဉ်ကပင် အရိုးပျော့ရောဂါကြောင့် အောက်ပိုင်းမသန်သူ ကလေးငယ်များကို ဤသို့ လေ့ကျင့်ပြုစုပျိုးထောင် ပေးလျက်ရှိသည်။



မျက်မမြင်တို့၏ ဘဝချမ်းမြေရေးအတွက် ပြေးခုန်ပစ်တားကစားပြိုင်ပွဲများကို နိုင်ငံတကာ၌ ကျင်းပပေးလျက်ရှိသည်။



ဘီးလှိမ့်ကုလားထိုင်များဖြင့် အောက်ပိုင်းမသန်သူများအတွက် ခရီးခုတ်ပြိုင်ပွဲပြုလုပ်ပေးခြင်းဖြင့် မိမိကိုယ်ကို စိတ်ချ ယုံကြည်စိတ်များ ပြည့်ဝစေခဲ့သည်။

အထိ တိုးမြှင့်လုပ်ဆောင်သွားရန် အကြံပေးကော်မတီက သတ်မှတ်ခဲ့သည်။

မသန်မစွမ်းသူများအတွက် နေမှု၊ ထိုင်မှု၊ သယ်ယူပို့ဆောင်ရေး၊လူမှုရေး၊ကျန်းမာရေး၊ပညာရေး၊ယဉ်ကျေးမှု၊ အားကစား၊ အပန်းဖြေရေးကဏ္ဍတို့၌ တန်းတူရည်တူ အခွင့်အရေးရရှိစေရန်အတွက်လည်း ဖန်တီးပေးရမည်ဖြစ်သည်။ တနည်းအားဖြင့်ဆိုရလျှင် လူလောကအတွင်း လူတိုင်းရရှိကျင့်သုံးနိုင်သည့် အခွင့်အရေးမှန်သမျှကို မသန်မစွမ်းသူများအနေဖြင့် အဟန့်အတားမရှိ၊ အပြည့်အဝ ပါဝင်ဆင်နွှဲနိုင်စေရေးပင်ဖြစ်သည်။

မသန်မစွမ်းသူများပြန်လည်ထူထောင်ရေး၊ မသန်မစွမ်းဖြစ်မှု ကာကွယ်တားဆီးရေးလုပ်ငန်းများကို တကမ္ဘာလုံးစည်းရုံးပူးပေါင်းကာ ဗျူဟာချမှတ်ဆောင်ရွက်ရန်ကိုလည်း ကြိုးစားပေးကြရမည်ဖြစ်သည်။

သမိုင်းကြောင်း

ကမ္ဘာပေါ်တွင် ကိုယ်ခန္ဓာနှင့် စိတ်မသန်စွမ်းသူ သန်းပေါင်း ၅၀၀ မျှ ရှိနေခြင်းကို တကမ္ဘာလုံးက အာရုံစိုက်မိသဖြင့် ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သော အထွေထွေညီလာခံကြီးမှ ၁၉၈၁ ခုနှစ်အား နိုင်ငံတကာ မသန်မစွမ်းသူများနှစ်အဖြစ်ကြေငြာရန်အကြောင်းပေါ် ပေါက်လာရခြင်းဖြစ်သည်။

လက်ရှိ ကမ္ဘာ့လူဦးရေတိုးနှုန်းအတိုင်းဆိုပါမူ ဤရာစုနှစ်အကုန်ပိုင်းတွင် ကမ္ဘာ့မသန်မစွမ်းသူ သန်းပေါင်း ၇၀၀ ပင် ရှိလာနိုင်၏။ လူ ၁၀ ဦးတွင် တဦးသည် တနည်းနည်းကြောင့် မသန်မစွမ်းဖြစ်နေရသည်။ယင်းအချိုးအရဆိုလျှင် မြန်မာနိုင်ငံတွင် လူသုံးသန်းမျှပင် မသန်မစွမ်းဖြစ်နေသည်ဟု ခန့်မှန်းနိုင်လေသည်။

သည်မတိုင်မီကပင် မသန်မစွမ်းသူများနှင့် ဆက်နွယ်လျက်ရှိသည့် ဆောင်ရွက်မှုများကို ကုလသမဂ္ဂမှ အကောင်အထည်ဖော်နိုင်ခဲ့သည်။ ၁၉၇၁ ခုနှစ်က စိတ်ရောဂါဝေဒနာရှင်များ၏ အခွင့်အရေးများဆိုင်ရာ ကြေငြာစာတမ်း၊ ၁၉၇၅ ခုနှစ်က မသန်မစွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကြေငြာစာတမ်းများကို ပြဋ္ဌာန်းနိုင်ခဲ့လေသည်။

ရည်မှန်းချက်များ

မသန်မစွမ်းသူများနှစ်အတွက် ချမှတ်ခဲ့သော အဓိက ရည်မှန်းချက်ကြီးငါးရပ်တွင် အောက်ပါတို့ပါဝင်သည်။

အောင်မြင်မှု ဥပမာအချို့

မသန်မစွမ်း သူများနှစ် အကြံပေး ကော်မတီ အပြင် ၁၉၈၀ ပြည့်နှစ်နှင့် ၁၉၈၁ ခုနှစ် များတွင် ယင်းနှစ် ဆိုင် ရာ အမျိုးသား ကော်မရှင်များ၊ ဆက် သွယ် ရေး ဌာ န များ စုစုပေါင်း ၁၂၀ ကို ဖွဲ့စည်းဖွင့်လှစ်နိုင်ခဲ့သည်။

ယင်းနှစ် အတွက် အမှုဆောင် အတွင်းရေးမှူး အဖြစ် ဇိုင်ယာ နိုင်ငံသူ မစွက်ဇာလာအင်ခန်းဇားအား ရွေးချယ် တင်မြှောက်ခဲ့သည်။ သူမသည် ကုလသမဂ္ဂ လူမှုရေးဖွံ့ဖြိုး မှုနှင့် လူသားရေးရာဗဟိုဌာန၏ ညွှန်ကြားရေးမှူးဖြစ်သည်။ တဖန် ကုလ သမဂ္ဂ အထွေထွေ အတွင်း ရေးမှူးချုပ် သည် ၎င်း၏ အထူးကိုယ်စားလှယ် အဖြစ် အင်ဒိုနီးရှား နိုင်ငံသူ မစွက် လယ်တီကာ ရှဟာနီ (ကုလသမဂ္ဂ လူမှုရေးဖွံ့ဖြိုးမှုနှင့် လူသားရေးရာ တာဝန်ခံ လက်ထောက် အထွေထွေ အတွင်း ရေးမှူးချုပ်)အား ခန့်အပ်ခဲ့သည်။

အဆိုပါ ကော်မရှင်များ၊ ဆက်သွယ်ရေးဌာနများသည် ကျန်းမာရေး၊ မသန်မစွမ်းဖြစ်မှု ကာကွယ်ရေး၊ ယာဉ်အန္တ ရာယ် ကာကွယ်ရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပို့ချရေး၊ အလုပ်အကိုင်ရရှိရေး စသော လုပ် ငန်းများအတွက် နိုင်ငံအလိုက် ဆောင် ရွက်မှု အစီအစဉ်

၁။ မသန် မစွမ်းသူများသည် ရုပ် ပိုင်း အ ရ လည်း ကောင်း၊ စိတ်ပိုင်းအရ လည်းကောင်း ပတ်ဝန်း ကျင် လူမှုလောကတွင် အဝင်ဆုံစေရန်အတွက် ဝိုင်းဝန်းကူညီရန်။

၂။ မသန်မစွမ်းသူများကို သင့်လျော်သည့် အထောက် အကူပြုမှု၊ လေ့ကျင့်မှု၊ ပြုစုစောင့်ရှောက်မှုနှင့် လမ်းညွှန်မှု၊အလုပ်အကိုင်ရရှိမှုအတွက် ကူညီရန်နှင့် လှုမှုလောကနှင့်မကင်းကွာစေရန်။

၃။ မသန်မစွမ်းသူများ နေ့စဉ်ဘဝ၌ လက်တွေ့ကျကျ ပါဝင် ဆောင်ရွက်နိုင်ရေးအတွက် လေ့လာမှုနှင့် သုတေသန စီမံကိန်းများကို မြေတောင်မြှောက် ပေးရန်။

၄။ မသန်မစွမ်းသူများသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဘဝတို့၌ ပါဝင်ခွင့်ရှိကြောင်း အများ ပြည်သူအား ပညာပေးခြင်း၊ အသိပညာဖြန့်ဖြူး ခြင်းများပြုလုပ်ရန်။

၅။ မသန်မစွမ်းဖြစ်မှုကာကွယ်ရေး၊ မသန်မစွမ်းသူများ ပြန်လည်ထူထောင်ရေးတို့အတွက် အကျိုးသက် ရောက်သည့် လုပ်ရပ်များမြှင့်တင်ရန် စသည်တို့ ဖြစ်သည်။



ခြေတုကို အားကိုးကာ ကားပေါ်မှ အဆင်း အတက်ပင် ပြုနိုင် နေပြီဖြစ်သော ကျောင်းသား တဦး

ဆောင်ရွက်မှု စိမံချက်တို့ကို ကြိုတင်ပြင်ဆင်၍ လုပ်ဆောင်ခဲ့ကြသည်။ ထို့ပြင် အထူး ညီလာခံများကို စည်းရုံးကျင်းပပေးနိုင်ခဲ့သည်သာမက မသန်မစွမ်းသူ ဦးရေကို မသန်မစွမ်းဖြစ်မှုအမျိုးအစားအလိုက် စာရင်းကောက်ယူခြင်း၊ အများပြည်သူထံ သတင်းဖြန့်ချိခြင်း စသည့် လုပ်ငန်းများကိုပါ ဆောင်ရွက် နိုင်ခဲ့သည်။ မသန်မစွမ်းသူများနှစ်ပြီးဆုံးသွားသည့်တိုင် ယင်းတို့အတွက် ရေရှည်စီမံချက်များ ချမှတ်ပေးထားနိုင်ခဲ့သည်။

နိုင်ငံတကာ မသန်မစွမ်းသူများ နှစ်အတွက် တံဆိပ်ကို ပြင်သစ်အမျိုးသား ကော်မရှင်မှ ရေးဆွဲ ပေးပို့ခဲ့သည်။ တံဆိပ်၏ အဓိပ္ပာယ်သည် ကုလသမဂ္ဂ အထိမ်းအမှတ်ဖြစ်သော သံလွင်ရွက်ခွေအတွင်း၌ လူနှစ်ဦး စည်းလုံးခြင်း၊ အပြန်အလှန် ပံ့ပိုးခြင်းသဘောဖြင့် အဆင့်အတန်းတူညီစွာ လက်တွဲထား ပေသည်။ ယင်းသင်္ကေတကို တနည်းအားဖြင့် ကြည့်ပါမူ ချိုင်းထောက်အသွင် ဖြင့်လည်း မြင်ရပေသည်။ အရောင်မှာ အဖြူနှင့် အနီရောင်ဖြစ်သည်။ ထို့ပြင်"အပြည့်



ခြေတဘက်ဆုံးရှုံးခဲ့သဖြင့် ချိုင်းထောက်ကိုအားကိုးကာ သံလုံးပစ်ပြိုင်ပွဲဝင်နေသော မသန်မစွမ်းသူတဦး

အဝ ပါဝင်ဆင်နွှဲခြင်းနှင့် သာတူညီမျှ ဖြစ်ရေး" ဆောင်ပုဒ်နှင့်အညီ ပိုစတာများကိုလည်း ထုတ်ဝေခဲ့သည်။ယူနက်စကိုမှ ပိုစတာပြိုင်ပွဲပြုလုပ်ရာတွင် ပိုလန်နိုင်ငံမှ ယာဆက် ဆွစ်ကလာ ၏ ဖယောင်းတိုင် အ ကောင်း တ တိုင် နှင့် အကျိုး တတိုင် တို့ ပူးပေါင်းပြီး မီးတောက်ကြီး ထွန်းလင်းလျက်ရှိနေဟန်ကို သရုပ်ဖော် ထားသော ပိုစတာက ဆောင်ပုဒ်နှင့် ညီသဖြင့် ပထမဆု ရရှိလေသည်။

မြန်မာနိုင်ငံနှင့် မသန်ပစွမ်းသူများနှစ်

မြန်မာ နိုင်ငံတွင် လမ်းစဉ် ပါတီ၏ ဦးဆောင် မှု ဖြင့် မသန်မစွမ်းသူများကို သူများနည်းတူ တန်းတူအခွင့်အရေးများ ခံစားနိုင်ရန်နှင့် လူမှု လောကအတွင်း ဝင်ဆံ့နိုင်ရန် အတွက် စိမံချက်များ ချမှတ်ကာ ဆောင် ရွက် ခဲ့ သည်။ မသန်မစွမ်း သူများအတွက် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ၏ လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်တွင်

(၁) မသန်မစွမ်းသူများ ပြန်လည် ထူထောင်ရေး အတွက် နည်းလမ်းများ ရှာကြံရန်။

(၂) ပြန် လည် ထူထောင်ပြီး မ သန် မ စွမ်း သူ များ ကုန်ထုတ် လုပ်ငန်း၌ ပါဝင် ဆင်နွှဲ နိုင်မည့် အခြေ အနေ ဖော်ထုတ်ရန်။


(၃)ပြန်လည် ထူထောင် ပေးခြင်းဖြင့် မ သန် မ စွမ်း သူများအား စိတ်ချ ယုံကြည်စိတ် ပြည့်ဝစေပြီး မှီခိုမှု ကင်းစေရန် ဟူ၍ ချမှတ်ထားပေသည်။

ထို့ပြင် မသန်မစွမ်း ဖြစ်မှု ကြိုတင် ကာကွယ်ရေးနှင့် ကုသရေး ဟူ သော ဗျူဟာကြီး နှစ်ရပ်ဖြင့် လက် တွဲ အကောင် အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ရောဂါ တိုက် ဖျက်ရေး နည်းစနစ်များဖြင့်လည်း မသန်မစွမ်းဖြစ်ရသည့် ဇာစ်မြစ်များကို မြေလှန်ပစ်ကြသည်။မျက်စိနှင့် နားရောဂါများကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု အဖွဲ့များက အစွမ်းကုန် ကုသပေးကြသည်။စိတ်ဝေဒနာရှင်များကိုစိတ်ရောဂါအထူးကုဆေးရုံမှ ဂရုစိုက်ကုသပေးသည်။ မသန်မစွမ်းသူများ ဆေးရုံ၌ ကိုယ်ခန္ဓာ မသန်စွမ်းသူများ ပြန်လည် ထူထောင် ရေးကို လည်း ကောင်း၊ မျက်မမြင်၊ နားမကြား၊ ဆွံအကျောင်းတွင် ယင်း ဝေဒနာရှင်များ လေ့ကျင့်ပျိုးထောင်ရေးကိုလည်းကောင်း အားသွန်ခွန်စိုက် ဆောင်ရွက် ကြသည်။

မြန်မာနိုင်ငံရှိ မသန်မစွမ်းသူများအား ကုသလေ့ကျင့် ပေးသည့် အဓိက ဌာနကြီး များမှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ မသန်မစွမ်း သူများဆေးရုံ၊ သမိုင်း (တပ်မတော် ဆေးရုံကြီးတွင်လည်း ရှိသည်။)

၂။ မျက်မမြင်ကျောင်း၊ ကြည့်မြင်တိုင်။



ဒလိမ့်လုံးလိုမ့်ကစားနည်းကို သက်ကြီးရွယ်အိုတို့ စုပေါင်းကစားခြင်းဖြင့် စိတ်အာရုံကို ကြည်လင်စေသည်။

၃။ မသန်မစွမ်း ကလေးများကျောင်း၊ သမိုင်း။
၄။ ဆွံအ၊ နားမကြားကျောင်း၊ တင့်လမ်း။
၅။ မသန် မစွမ်း သူ များ အ သက် မွေးဝမ်းကျောင်း သင်ကြားရေးဌာန၊ သမိုင်း။
၆။ ဆွံ အ၊ နား မ ကြား က လေး များ ကျောင်း၊ မန္တလေး (၁၉၈၁ ခု၊ စက်တင်ဘာလ၌ ဖွင့်လှစ်သည်။)

ဤမျှမက မသန်မစွမ်း သူများ အားကစားပြိုင်ပွဲ ကိုလည်း ကျင်းပပေးခဲ့သည်။ ထူးချွန်သူ များကို နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ကာ ပါဝင်ယှဉ်ပြိုင်စေခဲ့သည်။ ထိုပုဂ္ဂိုလ်များသည် နိုင်ငံတော်အတွက် အောင်ပန်းဆွတ်ခူး ပေးနိုင်ခဲ့သည်။ ၁၉၈၁ ခုနှစ် အောက်တိုဘာလ ၂၂ ရက်မှ ၂၅ ရက်အထိ ကျပန် နိုင်ငံ အောစုမြို၌ ကျင်းပ ခဲ့သည့် အပြည်ပြည်ဆိုင်ရာ မသန်မစွမ်းပြိုင်ပွဲ၌ မြန်မာအားကစား သမား ကိုးဦးက ရွှေတံဆိပ် ၁၃ ခု၊ ငွေတံဆိပ် ၅ ခု ဆွတ်ခူးခဲ့သည်။ ယင်းမတိုင်မီ ၁၉၇၅ ခုနှစ် နိုင်ငံတကာပြိုင်ပွဲတွင် မြန်မာ အားကစားသမား နှစ်ဦးက ရွှေ ၄ ခု၊ ငွေ ၁ ခုကို လည်းကောင်း၊ ၁၉၇၆ ခုနှစ်ပြိုင်ပွဲတွင် မြန်မာအားကစား သမား လေးဦးက ရွှေ ၁ ခု၊ ငွေ ၁ ခု၊ ကြေး ၁ ခုကို လည်းကောင်း၊ ၁၉၇၇ ခုနှစ် အားကစားပွဲတွင် မသန်မစွမ်း သူ ကိုး ဦး က ရွှေ ၁၄ ခု၊ ငွေ ၁၃ ခု၊ ကြေး ၁ ခုကို လည်းကောင်း ရယူ ပေးနိုင်ခဲ့ကြသည်။

စင်စစ်မသန်မစွမ်းဖြစ်မှုကို လုံးဝဥဿုံ ခြေထုဖျောက်၍ မရပါချေ။ သို့သော် အသိပညာသစ်၊ အတတ်ပညာသစ် တို့ဖြင့် ခန္ဓာကိုယ်နှင့် စိတ်မသန်မစွမ်းဖြစ်မှုဟူသော အတား အဆီးဘောင်ကို ချိုးဖျက်ကာ မျှော်လင့်ချက် ရောင်ခြည် များ ထွန်းညှိပေးနိုင်သည်ကား မလွဲချေ။

ထို့ကြောင့် လူတိုင်းသည် နှစ်စဉ် နှစ်တိုင်းကို မသန် မစွမ်းသူများ နှစ်အဖြစ် မှတ်ယူကာ မသန် မစွမ်း သူများ ကိုယ်ခန္ဓာမလွတ်လပ်မှု ဖြေဖျောက်ရေး၊ မိမိကိုယ်ကို စိတ်ချ ယုံကြည်မှုပြန်လည်ပျိုးထောင်ပေးရေးတို့အတွက် လက်တွဲ အားဖြင့် လည်းကောင်း၊ အနည်းဆုံး စိတ္တဇေဒအရ လည်းကောင်း ဝိုင်းဝန်း ကူညီ ပံ့ပိုးကာ လူမှုရေး လောက တွင် သူတို့တတွေ အပြည့်အဝ ပါဝင်ဆင်နွှဲနိုင်ပြီး တန်းတူ ရည်တူ ဖြစ်စေရန် ကြိုးပမ်း သင့်ပေသည်။

ဒေါ်ညွှန့်မြင့်



၁၉၀၀–၀၁ ခုနှစ်ကမ္ဘာ့စီးပွားရေးအခြေအနေ

"အမေရိကန်ပြည်ထောင်စု နှာချေသောအခါ ဥရောပ နိုင်ငံများ အအေးမိပြီး ဖျံဖြိုးဆဲနိုင်ငံများ အဆုတ်ရောင်ရောဂါ ဖြစ်သည်"ဟူသော ဆိုရိုးစကားတခုရှိသည်။ ကမ္ဘာ့စီးပွားရေးဆက်ဆံမှု အခြေအနေကို ဖော်ပြသော ထိုဆိုရိုးစကားသည် ယနေ့တိုင်မှန်ကန်နေဆဲဖြစ်သည်။ ရေးသားပုံမလေးနက်လှသော်လည်း ယင်းဆိုရိုးစကားသည် ပကတိတည်ရှိနေသော နိုင်ငံတကာ အပြန်အလှန် မှီခိုနေရမှုကို တိကျစွာ ထင်ဟပ်ဖော်ပြထားသည်။ အကယ်၍ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးကျဆင်းခဲ့လျှင် ကျန်ကမ္ဘာ့နိုင်ငံများလည်း လိုက်ပါ ကျဆင်းရသည် ဟူသော စကားသည် ကမ္ဘာ့စီးပွားရေး၏ ဥပဒေသ ဖြစ်သည်ဟုလည်း ဆိုလေ့ရှိကြသည်။

၁၉၀၀ ပြည့်နှစ်များသည် ကမ္ဘာ့စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ကောင်းမွန်စွာ လုပ်ဆောင်ခြင်း မပြုနိုင်သော ဆယ်စုနှစ် ဖြစ်သည်။ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုသည် ပြင်းထန်သော စီးပွားရေးပြဿနာများနှင့် ရင်ဆိုင်နေကြရဆဲဖြစ်ပြီး ဥဒေဖောင်းပွမှုနှုန်း ကျဆင်းစေရန် ကိုယ်စီကြိုးပမ်းအားထုတ်နေကြရသည်။ အမေရိကန်ပြည်ထောင်စုတွင် သမ္မတရေဂင်၏မူဝါဒကြောင့် ကြောက်ခမန်းလိလိ ဘတ်ဂျက် လိုငွေပြနေပြီး အတိုးနှုန်းများကိုလည်း မြင့်တက်စေခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် လွန်ခဲ့သော ဆယ်စုနှစ်က အတိုးနှုန်း ၅ ရာခိုင်နှုန်းသာရှိခဲ့သော်လည်း ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ နောက်ပိုင်းတွင် ၁၅½ ရာခိုင်နှုန်းထက် ကျဆင်းသည် မရှိပဲ ၁၉၈၂ ခုနှစ် ပထမသုံးလပိုင်းတွင် ၁၆½ ရာခိုင်နှုန်းပင် ရှိခဲ့သည်။

ထိုသို့ အတိုးနှုန်းမြင့်တက်လာမှုသည် ဥရောပရှိ အမေရိကန် ပြည်ထောင်စု၏ မဟာမိတ်များ၏ အခြေအနေမကောင်းလှသောစီးပွားရေးများကိုပို၍ဆိုးရွားစေခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ မြင့်မားသော အတိုးနှုန်းများကြောင့် ဥရောပရှိ ငွေများသည် အမေရိကန်ပြည်ထောင်စုသို့ ရင်းနှီးငွေများအဖြစ် အမြောက်အမြားယိုစီးဝင်ရောက်ရှိသွားခဲ့ရာ စက်ရုံသစ်များ ဆောက်လုပ်ရန်နှင့် အလုပ်အကိုင်များ ရရှိရေးအတွက် လုပ်ဆောင်ရန် ငွေကြေးမရှိပဲ ဖြစ်နေကြသည်။ ဗြိတိသျှလူမျိုးများ၏ စုဆောင်းငွေ ၂၅ ရာခိုင်နှုန်းကို ပြည်ပတွင် ရင်းနှီး မြှုပ်နှံကြသည်ဟု အင်္ဂလန်ဘဏ်က ခန့်မှန်းသည်။ ထိုအခါ ရင်းနှီးငွေများ မိမိတို့နိုင်ငံတွင်း၌ ရှိနေစေရန်အတွက် ဥရောပနိုင်ငံများကပါ အတိုးနှုန်းများကို တိုးမြှင့်ခဲ့ကြရာ မိမိတို့နိုင်ငံမှ လုပ်ငန်းရှင်များသည် အလုပ်အကိုင်တိုးချဲ့လုပ်ကိုင်ရန် ငွေချေးယူဖို့ စိတ်အား မထက်သန်ကြတော့ချေ။

ထို့ပြင် ပို့ကုန်အပေါ် အားထားနေရသည့် ဥရောပနိုင်ငံများ၏ စီးပွားရေးများသည်လည်း ဖောက်သည်နိုင်ငံများဖြစ်သော အမေရိကန် ပြည်ထောင်စုအပေါ် အားပြုနေရသည်ဖြစ်ရာ အမေရိကန် အတိုးနှုန်း မကျဆင်းသဖြင့် အမေရိကန်ကော်ပိုရေးရှင်းအများစုက ငွေသုံးစွဲမှုကို ခြိုးခြံနေကြရသည်။ ထိုအခါ ဥရောပနိုင်ငံများမှပို့ကုန် ကျဆင်းလာပြန်သည်။

မက်မောစရာကောင်းသော အမေရိကန်အတိုးနှုန်းများသည် အမေရိကန် ဒေါ်လာတန်ဖိုးကို မြင့်မားစေခဲ့သည်။ ဒေါ်လာတန်ဖိုး အတက်အကျဖြစ်မှုကြောင့် ဥရောပစီးပွားရေးများသည် ပြဿနာများနှင့် ရင်ဆိုင်ခဲ့ကြရသည်။

ကမ္ဘာ့စီးပွားရေးတွင် အရေးပါသည့် ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံဟူ၍တို့၏ စီးပွားရေး အခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရသည်။

အမေရိကန်ပြည်ထောင်စု

အမေရိကန်ပြည်ထောင်စု၏ စီးပွားရေး ကြီးထွားနှုန်း (စုစုပေါင်း အမျိုးသားထုတ်ကုန် အပြောင်းအလဲရာခိုင်နှုန်း) သည် ၁၉၈၀ ပြည့်နှစ်တွင် ဒသမ ၂ ရာခိုင်နှုန်း၊ ၁၉၈၁ ခုနှစ်တွင် ၁ ဒသမ ၇၅ ရာခိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ၃ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းသည်။ ၁၉၈၃ ခုနှစ်အထိ ကြီးထွားနှုန်းသည် ၃ ရာခိုင်နှုန်းထက်မပိုနိုင်ပေ။ ဌေဖောင်းပွနှုန်းမှာ ၁၉၈၀ ပြည့်နှစ်တွင် ၁၀ ဒသမ ၂ ရာခိုင်နှုန်း၊ ၁၉၈၁ ခုနှစ်တွင် ၈ ဒသမ ၂၅ ရာခိုင်နှုန်းရှိခဲ့သည်။ အလုပ်လက်မဲ့ဦးရေမှာ ၁၉၈၀ ပြည့်နှစ်တွင် ၇ ဒသမ ၅ သန်း၊ ၁၉၈၁ ခုနှစ်တွင် ၈ ဒသမ ၁ သန်းရှိသည်။

အမေရိကန် ပြည်ထောင်စုသည် စီးပွားရေးပြန်လည်နာလန်ထူလာသည့်တိုင်အောင် ဖွံ့ဖြိုးဆဲ နိုင်ငံများ အပါအဝင် ကမ္ဘာနှင့်အဝန်း စီးပွားရေးပြန်လည် ကောင်းမွန်လာရေးကို အထောက်အကူပြုနိုင်လောက်အောင် နာလန်ထူမှု လျင်မြန်မည်မဟုတ်ပေ။

အနောက်ဥရောပ

၁၉၈၂ ခုနှစ်ထဲတွင် ဥရောပဘုံစျေး၏ စီးပွားရေးအခြေအနေသည် ကောင်းလာမည်ဟု ဘရပ်ဆယ်မြို့ရှိ ဘုံစျေး စီးပွားရေးပညာရှင်များက ဆိုသည်။ ၁၉၈၁ ခုနှစ်က ဘုံစျေးဆယ်နိုင်ငံသည် ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ရာမှ ၁၉၈၂ ခုနှစ်တွင် ၂ ရာခိုင်နှုန်းတက်လာမည်ဟု ဆိုသည်။ ၂၄ နိုင်ငံ အိုအီးစီဒီခေါ် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့က အနောက်ဥရောပ နိုင်ငံများသည် သုံးနှစ်အတွင်း ပထမဆုံးအကြိမ် စီးပွားရေး ကြီးထွားလာခြင်းဖြစ်သည်ဟုဆိုသည်။ စီးပွားရေးအခြေအနေသည် အကောင်းဘက်သို့ ရွေ့ရှမ်နေပါလျက် ဌေဖောင်းပွမှုများက ဖျက်နေသည်။ ဗြိတိန်နိုင်ငံသည် ၁၉၈၁ ခုနှစ်တွင် ဌေဖောင်းပွမှုနှုန်းကို ၁၁ ရာခိုင်နှုန်းအောက်တွင် ထိန်းထားနိုင်သည်။ အနောက်ဂျာမနီနိုင်ငံကလည်း ၁၉၈၁ ခုနှစ်တွင် စားသုံးမှုဈေးနှုန်းကို ၆ ရာခိုင်နှုန်းအထိသာ တက်စေခဲ့သည်။ သို့ရာတွင် ဥရောပဘုံစျေး၏ ဌေဖောင်းပွမှုနှုန်းမှာ ၁၉၈၁ ခုနှစ်တွင် ၁၂ ဒသမ ၅ ရာခိုင်နှုန်းရှိနေသည်။

ပြင်သစ်နိုင်ငံ

၁၉၈၂ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၏ စီးပွားရေးကြီးထွားနှုန်းသည် ၃ ဒသမ ၃ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသော်လည်း ယင်းခန့်မှန်းချက်ထက် လျော့နည်းပြီး ၂ ဒသမ ၅ ရာခိုင်နှုန်းသာရှိမည်ဟု ဆိုသည်။ စီးပွားရေး အပြည့်အဝပြန်လည်နာလန်ထူလာမည်ဟု ဆိုသော်လည်း စီးပွားရေးလုပ်ငန်းရှင်များအနက် ၉၁ ရာခိုင်နှုန်းက အကောင်းမမြင်ကြချေ။ အဓိကအကြောင်းမှာ ဌေဖောင်းပွမှု တပတ်ပြန်ကျော့ လာမည်ကို စိုးရွံ့ခြင်းကြောင့် ဖြစ်လေသည်။


သမ္မတ မီထရောင်းက အလုပ်အကိုင်ရရှိရေး တခုတည်းကိုသာ ဖြစ်ဘည့်နည်းဖြင့် လုပ်ဆောင်မည်ကို လုပ်ငန်းရှင်များက စိုးရိမ်ကြသည်။ ၁၉၈၂ ခုနှစ်တွင် အလုပ်အကိုင်ပေါင်း ၄၁,၀၀၀ ပေးနိုင်ရန် အစိုးရသည် ဖရန့်ငွေသန်းထောင်ပေါင်းများစွာကို သုံးစွဲနေသည်။ သို့သော် နှစ်သန်းရှိနေသော အလုပ်လက်မဲ့ဦးရေ တိုးတက်နေမှုကို နှေးကွေးသွားစေရန်သာ တတ်နိုင်ပြီး ရပ်တန့်သွားအောင် လုပ်နိုင်မည်မဟုတ်ဟု ပဂ္ဂလိကလုပ်ငန်းရှင်များကဆိုသည်။

အနောက်ဂျာမနီနိုင်ငံ

နိုင်ငံခြား တင်ပို့ရောင်းချမှုသည် ၁၉၈၁ ခုနှစ်တွင် အနောက် ဂျာမနီနိုင်ငံ၏ စီးပွားရေး လုပ်ဆောင်ချက်များအတွက် အလွန်အရေးပါသည့် လုပ်ငန်းဖြစ်သည်။ ၁၉၈၁ ခုနှစ် ပထမကိုးလအတောအတွင်း နိုင်ငံခြားသို့တင်ပို့ရောင်းချမှုတွင် ၁၁ ရာခိုင်နှုန်း တိုးခဲ့သည်။ ထို့ထက်ပို၍ အခြေအနေကောင်းမွန်လာလျှင် ၁၉၈၂ ခုနှစ်တွင် သာမန် ရသုံးမှုန်းခြေ ဌေစာရင်း လိုငွေပြမှုပင် ပျောက်သွားနိုင်သည်ဟု စီးပွားရေးပညာရှင် အချို့ကဆိုသည်။

ဗြိတိန်နိုင်ငံ

နှစ်နှစ်မျှ ဆက်တိုက်ကျဆင်းခဲ့ရာမှ ၁၉၈၂ ခုနှစ်ထဲတွင် ဗြိတိန်နိုင်ငံ၏ စီးပွားရေးသည် အကောင်းဘက်သို့ မျက်နှာမူလာသည်။ စုစုပေါင်းကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုသည်



ကျောက်မီးသွေးမှ လောင်စာရည် ပြောင်းလဲထုတ်လုပ်မှုကို စမ်းသပ်လုပ်ကိုင်နေသော စက်ရုံတရုံ

သင့်တင့်စွာ တိုးတက်လာသည်။ လုပ်ငန်းများစွာတို့တွင် အမြတ်ပြလာနိုင်ပြီး ထုတ်လုပ်မှုစွမ်းရည် တိုးလာသည့်ပြင် ရင်းနှီးမြှုပ်နှံမှုအခြေအနေလည်း တဖြည်းဖြည်း ပြန်လည် ကောင်းမွန်လာသည်။ စုစုပေါင်း အမျိုးသား ထုတ်ကုန် တိုးတက်နှုန်းသည် နှစ်နှစ်မျက်ဆင်းခဲ့ရာမှ ၁၉၇၂ ခုနှစ်တွင် ၁ ရာခိုင်နှုန်းတိုးမည်ဟု ခန့်မှန်းကြသည်။ သို့ရာတွင် ဗြိတိန်နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေသည် သုံးသန်းနီးပါးရှိနေသည်။

အီတလီနိုင်ငံ

ကုန်စျေးနှုန်းများကို ထိန်းချုပ်၍မရခြင်းသည် အီတလီနိုင်ငံစီးပွားရေး၏ အဓိကပြဿနာဖြစ်သည်။ အလုပ်လက်မဲ့ဦးရေမှာလည်း ဥရောပတွင် ဒုတိယအများဆုံး ဖြစ်သည်။ အစိုးရက ဘတ်ဂျက်လိုငွေပြမှုကို လျော့နည်းအောင် ပြုလုပ်နိုင်လျှင် ငွေဖောင်းပွမှု ၁၆ ရာခိုင်နှုန်း ရှိမည်။ ကူညီထောက်ပံ့ရေး အသုံးစရိတ်များ လျော့ချခြင်း၊ အခွန်ပိုမို ရရှိရန် ကြိုးပမ်း ဆောင်ရွက်ခြင်းနှင့် ပဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကိုအထောက်အကူပြုရန် အတိုးနှုန်းများကျဆင်းအောင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် အီတလီနိုင်ငံ၏ စီးပွားရေးသည် အတိုးအဆုတ် မရှိပေ။ ၁၉၇၂ ခုနှစ်တွင် ၂ ရာခိုင်နှုန်းတိုးမည်ဟု စီးပွားရေး ပညာရှင်များက ခန့်မှန်းကြသည်။

ဤသည်တို့မှာ အနောက်ဥရောပမှ အရေးပါသော နိုင်ငံအချို့၏စီးပွားရေးအခြေအနေဖြစ်သည်။ အားလုံးခြုံကြည့်လျှင် အနောက်ဥရောပ၏ ကြီးထွားနှုန်းမှာ ၁၉၇၀ ပြည့်နှစ်တွင် ၁ ဒဿမ ၁ ရာခိုင်နှုန်း၊ ၁၉၇၁ ခုနှစ်တွင် ၃ဿမ ၅ ရာခိုင်နှုန်း၊ ၁၉၇၂ ခုနှစ်တွင် ၁ ဒဿမ ၅ ရာခိုင်နှုန်းရှိသည်။ ၁၉၇၃ ခုနှစ်တွင် ၂ ဒဿမ ၇၅ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းကြသည်။ ငွေဖောင်းပွမှုနှုန်းသည် ၁၉၇၀ ပြည့်နှစ်တွင် ၁၂ ဒဿမ ၄ ရာခိုင်နှုန်း၊ ၁၉၇၁ ခုနှစ်တွင် ၁၁ ဒဿမ ၅ ရာခိုင်နှုန်း၊ ၁၉၇၂ ခုနှစ်တွင် ၁၀ ဒဿမ ၇၅ ရှိပြီး ၁၉၇၃ ခုနှစ်တွင် ၉ ဒဿမ ၂၅ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းကြသည်။ အလုပ်လက်မဲ့ဦးရေသည် ၁၉၇၀ ပြည့်နှစ်တွင် ၁၁ ဒဿမ ၄ သန်း၊ ၁၉၇၁ ခုနှစ်တွင် ၁၄ ဒဿမ ၂၅ သန်း၊ ၁၉၇၂ ခုနှစ်တွင် ၁၆ သန်းရှိပြီး ၁၉၇၃ ခုနှစ်တွင် ၁၆ ဒဿမ ၅ သန်းရှိမည်ဟု ခန့်မှန်းကြသည်။

ဥရောပရှိ ဗဟိုဘဏ်လုပ်ငန်းရှင်များက အမေရိကန်ပြည်ထောင်စု၏ ဘဏ်တိုးနှုန်းများ ကျဆင်းပြီး ဥရောပ၏ အတိုးနှုန်းများပါ ကျဆင်းလာရန် မျှော်လင့်နေကြသည်။ သို့မှသာ အစိုးရများက ကုမ္ပဏီများကိုပို၍ ငွေထုတ်ချေးနိုင်ပြီး ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည်ဖြစ်သည်။ စီးပွားရေး ကျဆင်းနေသည့်ကြားမှ အမေရိကန်ပြည်ထောင်စု၏ အတိုးနှုန်းများ ပြန်လည်မြင့်မားလာပြီး ဥရောပစီးပွားရေး ပြန်လည် နာလန်ထူရေးကို ခြိမ်းခြောက်လာမည်ကို စိုးရိမ်နေကြသည်။

အာရှနိုင်ငံများနှင့် သြစတြေးလျ

လွန်ခဲ့သော နှစ်များအတွင်းတွင် အာရှနိုင်ငံများ၏ စီးပွားရေးသည် အံ့မခန်းတရှိန်ထိုး တိုးတက်ခဲ့သော်လည်း ၁၉၇၁ ခုနှစ် အာရှစီးပွားရေး အခြေအနေသည် ယင်းက တိုးတက်မှုများကို မှေးမှိန်စွာသာ ထင်ဟပ်နိုင်တော့သည်။ စီးပွားရေးအင်အားတောင့်တင်းသည့် ဂျပန်နိုင်ငံအပါအဝင် ဖြစ်သော ယင်းဒေသ၏ ၁၉၇၁ ခုနှစ် ကြီးထွားနှုန်းသည် ပျမ်းမျှ ၄ ရာခိုင်နှုန်းကျော်သာရှိသည်။ ၁၉၇၂ ခုနှစ်တွင် စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် စီမံခန့်ခဲ့လျက် ရှိသော်လည်း အာရှမှကုန်ပစ္စည်းများအပေါ် အနောက်နိုင်ငံများ၏ ဝယ်လိုအားသည် မသေချာသဖြင့် တိုးတက်မည့် အတိုင်းအတာကို အတိအကျပြောရန် ခက်သည်။ ၁၉၇၂ ခုနှစ်ထဲတွင် စီးပွားရေး လျင်မြန်စွာ ကြီးထွားသည့် ဒေသများအနက် အာရှသည် အပါအဝင် ဖြစ်နိုင်သည်။ သို့ရာတွင် အာရှ၏ အလားအလာသည် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများ၏ ကြီးထွားမှုနှင့် အခိုင်အမာ ဆက်နွယ်နေဆဲဖြစ်သည်။

မည်သည့် အာရှနိုင်ငံမျှ အမေရိကန် ပြည်ထောင်စု၏ စီးပွားရေးကျဆင်းမှုနှင့် အမေရိကန်ကွန်ဂရက် လွှတ်တော်က သွင်းကုန်များအပေါ် အရေးထားလာမှုကို လျစ်လျူရှုရှဲမရပေ။ ဂျပန်နိုင်ငံသည် ယခင်နှစ်ကသာ ပို့ကုန်ကြီးထွားမှုမရှိခဲ့လျှင် ကြီးမားသော စီးပွားရေးကျဆင်းမှုနှင့် ကြုံတွေ့ရမည်သာဖြစ်သည်။ အလားတူပင် ဟောင်ကောင်နှင့် စင်ကာပူနိုင်ငံတို့သည် အဆင့်မြင့် အီလက်ထရွန်နစ်ပစ္စည်းများနှင့် အပေါ့စားစက်မှုပစ္စည်းများကို အနောက်နိုင်ငံများသို့ တိုးချဲ့တင်ပို့ခြင်းဖြင့် ယင်းတို့၏စီးပွားရေးများကို ထိန်းထားခဲ့ကြသည်။

တောင်ကိုရီးယားနှင့် တိုင်ဝမ်တို့သည်လည်း ပို့ကုန်ဖြင့် စီးပွားရေး ကြီးထွားအောင် ပြုလုပ် နေကြရသည်။ သို့သော် အာရှ၏ ဖွံ့ဖြိုးဆဲ နိုင်ငံအများစုတွင် ပြည်တွင်းဝယ်လိုအားသည် အားပျော့နေဆဲ ဖြစ်သည်။ ရာဘာ၊ ခဲမ၊ သကြားနှင့် ရေနံစျေးနှုန်းများ ကျဆင်းနေခြင်းကြောင့် မလေးရှားနှင့် သြစတြေးလျနိုင်ငံတို့၏ စီးပွားရေးများကို အခက်အခဲတွေ့စေသည်။ တရုတ်နိုင်ငံတွင် စီးပွားရေးအမက်အခဲများ ဆက်လက်ကြုံတွေ့ နေရခြင်းကြောင့်လည်း ကြီးမားသည့် စျေးကွက်ဖြစ်ရန် အလားအလာရှိလျက်နှင့် တရုတ်နိုင်ငံသည် ဝယ်လိုအား ကောင်းသည့် စျေးကွက်ဖြစ်မလာခဲ့ပေ။ အကယ်၍ အာရှသည် ပို့ကုန်ကို

အခြေပြု၍ ကြီးထွားနှုန်း ရရှိအောင် ပြုလုပ်လိုလျှင် အနောက်နိုင်ငံ စျေးကွက်သည် အလွန်အရေးပါလှပေသည်။

၁၉၇၂ ခုနှစ်တွင် အာရှနိုင်ငံများ စီးပွားရေးကြီးထွားမှု၏ အရေးပါဆုံး အတားအဆီးသည် ကုန်သွယ်ရေး ကန့်သတ်မှုပင် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပ စျေးကွက်များသို့ ဂျပန်နိုင်ငံက မော်တော်ကား ရောင်းချရေးကို ကန့်သတ်ခြင်းသည် အနောက်နိုင်ငံများက ပြုလုပ်သည့် အသေးအဖွဲ ကန့်သတ်မှုဖြစ်သည်။ သို့သော် ကန့်သတ်ချုပ်ချယ်သည့် ချည်ခင်ရောင်းဝယ်မှု သဘောတူညီချက်ကား ဟောင်ကောင်၊တောင်ကိုရီးယားနှင့်တိုင်ဝမ်ရှိ အထည်အလိပ် လုပ်ငန်းများကို များစွာ ထိခိုက်စေခဲ့သည်။

ကမ္ဘာ့စီးပွားရေးတွင် အရေးပါသည့် အာရှနိုင်ငံအချို့၏ စီးပွားရေးအခြေအနေကို အောက်ပါအတိုင်းတွေ့ရှိရသည်။

ဂျပန်နိုင်ငံ


အာရှ၏ အကြီးဆုံးစီးပွားရေးဖြစ်သော ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ၁၉၇၁ ခုနှစ်က ၃ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ယင်းတိုးတက်မှုနှုန်းသည် နှစ်အနည်းငယ်အတွင်း အနည်းဆုံး စုစုပေါင်း အမျိုးသား ထုတ်ကုန် တိုးတက်မှုဖြစ်သည်။ ပို့ကုန်တန်ဖိုးသည် ဒေါ်လာသန်း ထောင်ပေါင်း ၉၆ ဒသမ ၂ ထိ တိုးခဲ့သော်လည်း ရေနံဓာတုဖွက္ကူး၊ဒန်သတ္တုနှင့်ရေနံချက်လုပ်ခြင်း စသော ပို့ကုန်မဟုတ်သည့်လုပ်ငန်းအချို့တွင် ကျဆင်းခဲ့သည်။ လက်ရှိ ဘဏ္ဍာရေးနှစ်တွင် ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးသည် ပို့ငွေ ဒေါ်လာသန်းထောင်ပေါင်း ၂၃ ဒသမ ၆ ပြခဲ့ရာ အနောက်နိုင်ငံများက ကုန်သွယ်ရေး အတားအဆီးများ ပြုလုပ်ရန် ခြိမ်းခြောက်ခဲ့ကြသည်။ ယင်းခြိမ်းခြောက်မှုများကြားတွင် အစိုးရသည် ၁၉၇၂ ခုနှစ်တွင် ကြီးထွားနှုန်း ၅ ဒသမ ၂ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။ အချို့က အမှန်တကယ်ကြီးထွားနှုန်းသည် ၃ ဒသမ ၅ နှင့် ၄ ရာခိုင်နှုန်း အကြားတွင် ရှိမည်ဟု ခန့်မှန်းသည်။



ဂျပန်နိုင်ငံ၏ စီးပွားရေးကြီးထွားမှုတွင် မော်တော်ကား တင်ပို့ရောင်းချခြင်းသည် အရေးပါသောကဏ္ဍတရပ်ဖြစ်သည်။

တရုတ်ပြည်သူသမ္မတနိုင်ငံ

၁၉၇၀ ပြည့်နှစ်၏ အလွန်ကြီးမားနေသော ဘတ်ဂျက်လိုငွေပြမှုကို လျော့ချရန် တရုတ်အစိုးရသည် ၁၉၇၁ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုကို ၄၀ ရာခိုင်နှုန်းလျော့ချခဲ့သည်။ ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးပိုင်းမှ သုံးစွဲမှုများကို များစွာဖြတ်တောက်လျော့ချခဲ့ရာ တရုတ်နိုင်ငံ၏ ကြီးထွားနှုန်းကို ၃ ရာခိုင်နှုန်းအထိ ကျဆင်းစေခဲ့သည်။ ယင်းသို့လုပ်ဆောင်ခဲ့ခြင်းကြောင့် လိုငွေကို ဒေါ်လာ သန်း ၂၀၀ အထိ



ရေနံစျေးနှုန်းကြီးမှုဒဏ်ကြောင့် စီးပွားရေးတွက်ခြေကိုက်သည့် အခြားလောင်စာစွမ်းအင်သုံး စက်ရုံများကို အစားထိုးတည်ဆောက်ကြသည်။

လျော့ချနိုင်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် အစိုးရသတ်မှတ်သည့် ငွေဖောင်းပွမှုနှုန်း ၆ ရာခိုင်နှုန်းရှိရာမှ ၁၉၇၁ ခုနှစ်တွင် ၃ ရာခိုင်နှုန်းသို့ ကျဆင်းစေခဲ့သည်ဟု ဆိုသည်။ ယခု ထုတ်လုပ်မှုစွမ်းရည် တိုးတက်လာစေရန် ကြိုးစားလျက်ရှိရာ ၁၉၇၂ ခုနှစ်တွင် စီးပွားရေးကြီးထွားနှုန်း ၄ ရာခိုင်နှုန်းရှိရန် မြင့်တင်သွားမည်ဟု ဆိုသည်။

ဩစတြေးလျနိုင်ငံ

အာရှနိုင်ငံများနှင့်မတူပဲ ဩစတြေးလျနိုင်ငံ၏ ပြည်တွင်း စားသုံးမှုသည် ၁၉၇၁ ခုနှစ်တွင် အားကောင်းမြဲကောင်းနေသည်။ သို့သော် ကုန်ကြမ်းပစ္စည်းပို့ကုန်သည် ကျဆင်းခဲ့သည်။ သွင်းကုန်များသည် ၂၀ ရာခိုင်နှုန်းမြင့်မားလာသဖြင့် ဆယ်စုနှစ်တခုအတွင်း ဩစတြေးလျနိုင်ငံသည် ကုန်သွယ်ရေးရှင်းတမ်းတွင် ပထမဆုံးအကြိမ်အဖြစ် အလိုပြုခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် စီးပွားရေးသည် ၃ ရာခိုင်နှုန်း ကြီးထွားခဲ့ပြီး ငွေဖောင်းပွမှုနှုန်းသည် ၁၀ ရာခိုင်နှုန်းရှိခဲ့သည်။ အလုပ်လက်မဲ့ဦးရေမှာ ၆ ဒသမ ၂ ရာခိုင်နှုန်း

ထိုင်းနိုင်ငံသည် ဆန်ကို တန်ချိန် ၁၈ သန်းကျော် ထုတ်လုပ်နိုင်ခဲ့သဖြင့် စားသောက်ကုန်တင်ပို့မှုကို မြှင့်တင်နိုင်ခဲ့သည်။ ထိုင်းနိုင်ငံတွင် သကြား၊ ပြောင်းနှင့် ပလောပီနံများကိုလည်း တန်ချိန်သန်းနှင့်ချီ၍ ထုတ်လုပ်သည်။ အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်း ရင်းနှီးမြှုပ်နှံမှု တောင့်တင်းသော်လည်း ငွေကြေးမူဝါဒသည် တင်းကျပ်သည်။ ငွေဖောင်းပွနှုန်းသည် ဂဏန်းနှစ်လုံးတွင် ဆက်လက်ရှိနေသည်။ သို့ရာတွင် ၁၉၈၂ ခုနှစ် ကြီးထွားနှုန်းသည် ၁၉၈၁ ခုနှစ်က နှုန်းဖြစ်သည့် ၆ ဒသမ ၅ ရာခိုင်နှုန်း ဆက်လက်ရှိနေမည်ဟု မျှော်လင့်ရသည်။ အကယ်၍ ထိုင်းနိုင်ငံ၏ ကမ်းလွှန်မှ သဘာဝဓာတ်ငွေ၊ မိသိန်းနှင့်ရေနံကို ထုတ်လုပ်နိုင်မည် ဆိုပါက စီးပွားရေးသည် သိသိသာသာ ကြီးထွားလာမည် ဖြစ်သည်။

ဟောင်ကောင်တွင် လုပ်သားအင်အားမှတပါး သယံဇာတအရင်းအမြစ်မရှိသော်လည်း ၁၉၈၁ ခုနှစ်တွင် စီးပွားရေးကြီးထွားနှုန်း ၁၀ ရာခိုင်နှုန်းရှိခဲ့သည်။ ငွေဖောင်းပွမှုနှုန်းသည် ၁၅ ရာခိုင်နှုန်းရှိနေပြီး အီလက်ထရွန်နစ်လုပ်ငန်းဖြစ်သည့် ဗီဒီယို၊ တယ်လီဗီးရှင်းများနှင့် ကွန်ပျူတာအစိတ်အပိုင်းများကြောင့် ပို့ကုန် ၇ ရာခိုင်နှုန်းတိုးခဲ့သည်။ ၁၉၈၂ ခုနှစ်တွင်လည်း ကြီးထွားနှုန်း ၁၀ ရာခိုင်နှုန်း ရှိမည်ဟု မျှော်လင့်ရသည်။

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ပို့ကုန်ပေါ်တွင် အမှီသဟဲပြုသည်။ ၁၉၈၀ ပြည့်နှစ် စီးပွားရေးကျဆင်းမှုမှ ပြန်လည်နာလန်ထူလာပြီး နိုင်ငံခြားတွင် ကုန်ပစ္စည်းများရောင်းချရမှုသည် ၁၉၈၁ ခုနှစ် စီးပွားရေး ကြီးထွားနှုန်း ၇ ဒသမ ၁ ရာခိုင်နှုန်းရှိရန် အထောက်အကူ ပြုခဲ့သည်။ ၁၉၈၂ ခုနှစ်တွင်လည်း ကြီးထွားနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟု စီးပွားရေးပါရဂူအများစုက ခန့်မှန်းကြသည်။

အာရှနှင့် ဩစတြေးလျနိုင်ငံများ၏ ကြီးထွားနှုန်းသည် ၁၉၈၀ ပြည့်နှစ်တွင် ၄ ဒသမ ဂ ရာခိုင်နှုန်း၊ ၁၉၈၁ ခုနှစ်တွင် ၄ ဒသမ ၂ ရာခိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ၅ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ၁၉၈၃ ခုနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းသည်။ ငွေဖောင်းပွမှုနှုန်းသည် ၁၉၈၀ ပြည့်နှစ်တွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်း၊ ၁၉၈၁ ခုနှစ်တွင် ၇ ဒသမ ၄ ရာခိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး ၁၉၈၃ ခုနှစ်တွင် ၆ ဒသမ ၉ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းသည်။ ပို့ကုန်မှာ ၁၉၈၀ ပြည့်နှစ်တွင် ဒေါ်လာသန်းထောင်ပေါင်း ၂၂၃ ဒသမ ၅၊ ၁၉၈၁ ခုနှစ်တွင် ဒေါ်လာသန်းထောင်ပေါင်း ၃၄၈၊ ၁၉၈၂ ခုနှစ်တွင် ဒေါ်လာသန်းထောင်ပေါင်း ၄၂၀ ရှိပြီး ၁၉၈၃ ခုနှစ်တွင် ဒေါ်လာသန်းထောင်ပေါင်း ၄၅၈ ရှိမည်ဟု ခန့်မှန်းသည်။

တိုးနေ၍ ဩစတြေးလျနိုင်ငံအတွက် ပြဿနာဖြစ်နေသည်။ ၁၉၈၃ ခုနှစ် ကုန်သွယ်ရေးရှင်းတမ်းတွင် အလိုပြမှုဆက်လက်ကြီးထွားနေဦးမည်ဖြစ်သော်လည်း စီးပွားရေး ကြီးထွားနှုန်းမှာမူ ယမန်နှစ်အတိုင်း ၃ ရာခိုင်နှုန်းရှိနေရန် ဆက်လက်ထိန်းထားနိုင်လိမ့်မည်ဟု ဆိုသည်။

အရှေတောင်အာရှ

၁၉၈၁ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ စီးပွားရေးကြီးထွားနှုန်းသည် ထူးခြားစွာပင် ၁၀ ရာခိုင်နှုန်းရှိခဲ့သည်။ ရှေတွင်လည်း အလားအလာဆက်ကောင်းဖွယ်ရှိသည်။ စင်ကာပူနိုင်ငံသည် အခြား အရှေတောင်အာရှနိုင်ငံများ အသင်းအဖွဲဝင်နိုင်ငံများနည်းတူ အနောက်နိုင်ငံများ၏ စီးပွားရေးကျဆင်းမှုဒဏ်ကို ခံရသည်။ သို့သော် စင်ကာပူနိုင်ငံ၏ အီလက်ထရွန်နစ်နှင့် စက်မှုပစ္စည်းတင်ပို့မှုနှေးကွေးသွားစဉ် ငွေကြေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်လာသဖြင့် စီးပွားရေး လည်ပတ်မှုအားမပျက်ခဲ့ပေ။ ၁၉၈၂ ခုနှစ်တွင် ကြီးထွားနှုန်း ၁၀ ရာခိုင်နှုန်း ဆက်လက်ထားရှိနိုင်ပြီး ငွေဖောင်းပွမှုသည် ၇ ဒသမ ၅ ရာခိုင်နှုန်းရှိမည်။ စင်ကာပူနိုင်ငံ၏ တခုတည်းသောပြဿနာသည် လုပ်သားအင်အားမလုံလောက်ခြင်းဖြစ်သည်။

ရေနံထွက်ရှိသည့် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် အခြေအနေမကောင်းလှချေ။ ကုန်ကြမ်းပစ္စည်းဈေးနှုန်းကျဆင်းပြီး ရေနံစိမ်းဝယ်လိုအား လျော့နည်းသွားသဖြင့် နှစ်နိုင်ငံစလုံး စီးပွားရေးကြီးထွားနှုန်းကျဆင်းခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ကြီးထွားနှုန်းသည် ၁၉၈၂ ခုနှစ်တွင် ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းမည်ဖြစ်ပြီး ငွေဖောင်းပွမှုကို ဂဏန်းနှစ်လုံးအဆင့်အောက်သို့ ရောက်ရှိစေရန် အစိုးရက ရေနံအတွက် ပံ့ပိုးငွေများကို ဆက်လက်ဖြတ်တောက်နေသည်။ မလေးရှားနိုင်ငံကလည်း မူလကြီးထွားနှုန်းအတိုင်း ဆက်လက်ထားရှိနိုင်ရန် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို အားပေးလျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံသည် အခက်အခဲများနှင့်ပိုမိုကြုံတွေ့နေရသည်။ စီးပွားရေးကျဆင်းမှုကို အခုအခံပြုလုပ်ရန် ရေနံခွန်မရှိသဖြင့် လည်းကောင်း၊ ကုန်ပစ္စည်း ဈေးနှုန်း ကျဆင်းမှုကြောင့် လည်းကောင်း များစွာ ထိခိုက်နစ်နာလျက်ရှိသည်။ ၁၉၈၁ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ကြီးထွားနှုန်းသည် ၄ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သော်လည်း ကုန်သွယ်ရေးလိုငွေပြမှုသည် ဒေါ်လာသန်းထောင်ပေါင်း ၂ ဒသမ ၂ ရှိခဲ့ပြီး အလုပ်လက်မဲ့ဦးရေသည် ၂၅ ရာခိုင်နှုန်းတိုးခဲ့သည်။ အစိုးရက နိုင်ငံခြားစွမ်းအင်အပေါ် မှီခိုနေရမှုကို လျှော့ချရန်နှင့် ပြည်တွင်းစားကုန်ထုတ်လုပ်မှုကို တိုးမြှင့်ရန် ကြိုးစားနေသော်လည်း တစိတ်တပိုင်းသာ အောင်မြင်သည်။

လက်တင်အမေရိက

အချိန်ကာလ ကြာမြင့်စွာကပင် လက်တင်အမေရိက၏ စီးပွားရေး မျှော်လင့်ချက်သည် ယင်းဒေသ၏ အကြီးဆုံး စက်မှုနိုင်ငံများဖြစ်သည့် ဗဟုဇီး၊ မက္ကဆီကို၊ အာဂျင်တီးနား နှင့် ဗင်နီဇွဲလားနိုင်ငံတို့အပေါ် တွင် တည်မှီနေသည်။ သို့ရာတွင် လွန်ခဲ့သောနှစ်က ယင်းစက်မှုနိုင်ငံကြီးများတွင် စီးပွားရေးမရေရာမှုများ ဖြစ်ခဲ့ရာ နိုင်ငံငယ်ပြီး သာယာဝပြောမှု အဆင့်နိမ့်သည့် လက်တင်အမေရိက နိုင်ငံများကို ကူးစက် ပျံနှံခဲ့သည်။ ဗဟုဇီးနှင့် အာဂျင်တီးနား နိုင်ငံများ၏ စီးပွားရေးအခြေအနေသည် ညံ့ဖျင်းပြီး ဗင်နီဇွဲလား နိုင်ငံတွင် သုံးနှစ်ဆက်တိုက် စီးပွားရေး ရပ်တန့်နေခဲ့သည်။ ရေနံထွက်သော မက္ကဆီကို နိုင်ငံသာလျှင် စီးပွားရေး ကြီးထွားခဲ့သည်။ သို့သော် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးမားသော အတိုင်းအတာဖြင့် ပြုလုပ်ခဲ့သဖြင့် ငွေဖောင်းပွမှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုနိုင်ငံ လေးနိုင်ငံ၏ လောလောဆယ် ရင်ဆိုင်နေရသော အခက်အခဲများသည် အနာဂတ်တွင် ဒေသတခုလုံးအတွက် အခက်အခဲများဖြစ်လာမည်ဟု အထင်အရှား ညွှန်ပြလျက်ရှိသည်။

လက်တင်အမေရိက နိုင်ငံများ၏ ကြီးထွားနှုန်းသည် ၁၉၇၀ ပြည့်နှစ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်း၊ ၁၉၈၀ ပြည့်နှစ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်း၊ ၁၉၈၁ ခုနှစ်တွင် ဒသမ ၅ ရာခိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ၁၉၈၃ ခုနှစ်တွင် ၅ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းရသည်။ ပို့ကုန်တန်ပိုးမှာ ၁၉၈၀ ပြည့်နှစ်ကွင် ဒေါ်လာသန်းထောင်ပေါင်း ၇၆၊ ၁၉၈၁ ခုနှစ်တွင် ဒေါ်လာသန်း ထောင်ပေါင်း ၆၂၊ ၁၉၈၂ ခုနှစ်တွင် ဒေါ်လာသန်း ထောင်ပေါင်း ၁၀၅ ရှိပြီး ၁၉၈၃ ခုနှစ်တွင် ဒေါ်လာသန်း ထောင်ပေါင်း ၁၂၈ ရှိမည်ဟု ခန့်မှန်းသည်။

ကမ္ဘာ့ကုန်သွယ်မှုပမာဏ

ကမ္ဘာ့ ကုန်ပစ္စည်း ထုတ်လုပ်မှုသည် ၁၉၈၁ ခုနှစ်တွင် ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ လယ်ယာ ထွက်ကုန်သည် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုထွက်ကုန်သည် ၁ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်နိုင်ခဲ့သော်လည်း ရေနံထုတ်လုပ်မှုသည် ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အခြား တွင်းထွက်ပစ္စည်းထုတ်လုပ်မှုသည် မတိုးမဆုတ် ရပ်တန့်နေသည်။

ကမ္ဘာ့ ကုန်သွယ်မှု ပမာဏသည် ၁၉၅၈ ခုနှစ်မှ စ၍ ၁၉၈၀ ပြည့်နှစ်အထိ နှစ်စဉ် တိုးတက်ခဲ့သည်။ သို့သော် ၁၉၈၁ ခုနှစ်တွင် မတိုးမဆုတ် ရပ်တန့်နေခဲ့သည်။ ထိုသို့ဖြစ်ရသည်မှာ ကမ္ဘာ့ရေနံတင်ပို့မှု ၁၄ ရာခိုင်နှုန်း ကျဆင်းပြီး တွင်းထွက် သယံဇာတပစ္စည်း တင်ပို့မှု ၅ ရာခိုင်နှုန်း



ဇရုတ်ကောင်းပင်စိုက်ခင်းတခင်းတွင် လုပ်ငန်းခွင်ဝင်နေသော အလုပ်သမားတစု

ကျဆင်းခဲ့ခြင်းကြောင့် ဖြစ်သည်။ လယ်ယာ ပို့ကုန်သည် ၅ ရာခိုင်နှုန်း၊ စက်မှုပို့ကုန်သည် ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၁၉၈၁ ခုနှစ် နောက်ဆုံး သုံးလပတ်တွင် တိုးတက်မှု အားနည်းခြင်းသည် ၁၉၈၂ ခုနှစ် ပထမ သုံးလပတ်အထိ ဆက်သွားဖွယ်ရာရှိသည်ဟု အကောက်ခွန်နှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေသဘောတူညီချက်အဖွဲ့ကြီး (ဂတ်) ၏ အစီရင်ခံစာက ဆိုသည်။

အရှေ့ဥရောပနှင့် တရုတ်နိုင်ငံ

အရှေ့ဥရောပနှင့် တရုတ်နိုင်ငံတို့မှ ဥရောပသို့ ပို့ကုန်တန်ဖိုးသည် ၁၉၇၃ ခုနှစ်တွင် ဒေါ်လာသန်းရှစ်ထောင်ခြောက်ရာ၊ ၁၉၈၀ ပြည့်နှစ်တွင် ဒေါ်လာသန်း ထောင်ပေါင်း ၂၆ ဒသမ ၆ ရှိသည်။ ဂျပန်နိုင်ငံသို့ ပို့ကုန်တန်ဖိုးသည် ၁၉၇၃ ခုနှစ်တွင် ဒေါ်လာသန်း နှစ်ထောင်၊ ၁၉၈၀ ပြည့်နှစ်တွင် ဒေါ်လာသန်းနှစ်ထောင် ရှိသည်။



သာမန်ရိုးကျစိုက်ပျိုးရေးစနစ်ဖြင့်ပင် သီးနှံပင်များကို စိုက်ပျိုးနေသော ဖွံ့ဖြိုးဆဲနိုင်ငံမှ ယာသမားတစု

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အနေအထား

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီလမှ ၁၉၈၁ ခုနှစ်၏ အလယ်ပိုင်းအထိ ကုန်ကြမ်းပစ္စည်းဈေးနှုန်းများ ကျဆင်းခဲ့သဖြင့် စီးပွားရေး ဖွံ့ဖြိုးမှုအရှိန်အဟုန် နှေးကွေးသွားသည်။ ကိုကိုး ၅၀ ဒသမ ဂ ရာခိုင်နှုန်း၊ ကော်ဖီ စေ့ ၄၂ ဒသမ ၅ ရာခိုင်နှုန်း၊ ခဲ ၃၃ ဒသမ ၃ ရာခိုင်နှုန်း၊ ကြေးနီ ၂၆ ဒသမ ၁ ရာခိုင်နှုန်း၊ ခဲမဖြူ ၂၀ ဒသမ ဂ ရာခိုင်နှုန်း၊ ရာဘာ ၁၆ ဒသမ ၄ ရာခိုင်နှုန်း အသီးသီး ဈေးနှုန်းများ ကျဆင်းခဲ့၏။ ဖွံ့ဖြိုးဆဲနိုင်ငံများစွာတို့၏ စီးပွားရေးကို ထိခိုက်စေသည့် အကြောင်းသည် ကုန်ကြမ်းပစ္စည်းများ၏ ဈေးနှုန်းကျဆင်းခြင်းကြောင့်သာ မဟုတ်ပဲ ရေနံကို ဈေးကြီးပေး၍ ဝယ်ယူရာတွင် ငွေကြေးပိုမိုသုံးစွဲရခြင်းနှင့် ပို့ကုန်မှ ဝင်ငွေကျဆင်းနေစဉ် ငွေကုန်ကြေးကျများသော ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် မကြုံစဖူး မြင့်မားသော အတိုးနှုန်းများဖြင့် ငွေချေး၍ နိုင်ငံခြား ကြွေးမြီများကို ပြန်ဆပ်နေရခြင်းကြောင့်လည်း ဖြစ်သည်။

ကုန်ကြမ်းဈေးနှုန်းများကျဆင်းခြင်းနှင့်အတိုးနှုန်းများ မြင့်မားခြင်းတို့သည် ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံများက ကျင့်သုံးသော ပြင်းထန်သည့် ငွေဖောင်းပွမှု ကျဆင်းရေး လုပ်ဆောင်ချက်များကြောင့် အဓိကဖြစ်သည်။ ချမ်းသာသော နိုင်ငံများက ခြိုးခြံချွေတာရန် ခါးပတ်တင်းကျပ်ခြင်းသည် လူဦးရေတိုးနှုန်းနှင့် ကာမိစေရန် စီးပွားရေး ခွဲထွင်မှုကို ဆောလျင်စွာ လုပ်ဆောင်နေကြရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ

အမေရိကန်ပြည်ထောင်စုသို့ ပို့ကုန်တန်ဖိုးသည် ၁၉၇၃ ခုနှစ်တွင် ဒေါ်လာသန်း နှစ်ထောင်ငါးရာ၊ ၁၉၈၀ ပြည့်နှစ်တွင် ဒေါ်လာသန်း ခုနစ်ထောင် ခြောက်ရာရှိသည်။

အရှေ့ဥရောပနှင့် တရုတ်နိုင်ငံတို့၏ ဥရောပမှ သွင်းကုန်တန်ဖိုးသည် ၁၉၇၃ ခုနှစ်တွင် ဒေါ်လာသန်း ရှစ်ထောင် ၁၉၈၀ ပြည့်နှစ်တွင် ဒေါ်လာသန်းထောင်ပေါင်း ၃၀ ဒသမ ဂ ရှိသည်။ ဂျပန်နိုင်ငံမှ သွင်းကုန် တန်ဖိုးသည် ၁၉၇၃ ခုနှစ်တွင် ဒေါ်လာသန်းနှစ်ထောင်သုံးရာ၊ ၁၉၈၀ ပြည့်နှစ်တွင် ဒေါ်လာသန်းခြောက်ထောင်ခုနစ်ရာရှိသည်။ အမေရိကန်ပြည်ထောင်စုမှ သွင်းကုန် တန်ဖိုးသည် ၁၉၇၃ ခုနှစ်တွင် ဒေါ်လာသန်းခြောက်ရာ၊ ၁၉၈၀ ပြည့်နှစ်တွင် ဒေါ်လာသန်း နှစ်ထောင်ငါးရာ ရှိသည်။

ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံများ အနေအထား

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အစီရင်ခံချက်အရ ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံများ၏ အမှန်တကယ်စီးပွားရေး ကြီးထွားနှုန်းသည် ၁၉၇၆ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း နှစ်စဉ် ပျမ်းမျှ ၄ ရာခိုင်နှုန်း ရှိခဲ့ပြီး ၁၉၈၀—၈၁ ခုနှစ်တွင် ၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရာ ၁၉၈၂ ခုနှစ်တွင် ဒသမ ၇၅ ရာခိုင်နှုန်းအထိ ကျသွားနိုင်သည်ဟု ဆိုသည်။

ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံများ၏ တနိုင်ငံချင်းအလုပ်လက်မဲ့ ရာခိုင်နှုန်းသည် အောက်ပါအတိုင်း ဖြစ်သည်။

ကနေဒါနိုင်ငံ၏ အလုပ်လက်မဲ့ ရာခိုင်နှုန်းသည် ၁၉၈၀ ပြည့်နှစ်တွင် ၇ ဒသမ ၅ ရာခိုင်နှုန်း၊ ၁၉၈၁ ခုနှစ်တွင် ၇ ဒသမ ၆ ရာမိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ၉ ဒသမ ၂ ရာခိုင်နှုန်း ရှိသည်။ အမေရိကန်ပြည်ထောင်စု၏ အလုပ်လက်မဲ့ ရာခိုင်နှုန်းသည် ၁၉၈၀ ပြည့်နှစ်တွင် ၇ ဒသမ ၂ ရာခိုင်နှုန်း၊ ၁၉၈၁ ခုနှစ်တွင် ၇ ဒသမ ၆ ရာခိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ၉ ဒသမ ၂ ရာခိုင်နှုန်း ရှိသည်။ အင်္ဂလန်နိုင်ငံ၏ အလုပ်လက်မဲ့ ရာခိုင်နှုန်းသည် ၁၉၈၀ ပြည့်နှစ်တွင် ၅ ဒသမ ၂ ရာခိုင်နှုန်း၊ ၁၉၈၁ ခုနှစ်တွင် ၈ ဒသမ ၅ ရာခိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ၁၀ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်။ ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့ရာခိုင်နှုန်းသည် ၁၉၈၀ ပြည့်နှစ်တွင် ၂ ဒသမ ၀ ရာခိုင်နှုန်း၊ ၁၉၈၁ ခုနှစ်တွင် ၂ ဒသမ ၂ ရာခိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ၂ ဒသမ ၃ ရာခိုင်နှုန်း ရှိသည်။ ပြင်သစ်နိုင်ငံ၏ အလုပ်လက်မဲ့ ရာခိုင်နှုန်းသည် ၁၉၈၁ ခုနှစ်တွင် ၈ ဒသမ ၁ ရာခိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ၈ ဒသမ ဂ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်တွင် ၈ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်။ အနောက်ဂျာမနီနိုင်ငံ၏ အလုပ်လက်မဲ့ ရာခိုင်နှုန်းသည် ၁၉၈၁ ခုနှစ်တွင် ၄ ဒသမ ဂ ရာခိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ၆ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ အီတလီနိုင်ငံ၏ အလုပ်လက်မဲ့ ရာခိုင်နှုန်းသည် ၁၉၈၁ ခုနှစ်တွင် ဂ ဒသမ ၄ ရာခိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ၉ ရာခိုင်နှုန်းရှိသည်။ ဗြိတိန်နိုင်ငံ၏ အလုပ်လက်မဲ့ ရာခိုင်နှုန်းသည် ၁၉၈၁ ခုနှစ်တွင် ၁၀ ဒသမ ၆ ရာခိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်း ရှိသည်။

အတွက် လည်ပင်းတွင် စွပ်ထားသော ကြိုးကွင်းကို တင်းကျပ်သကဲ့သို့ ဖြစ်နေသည်။

အိုပက်နိုင်ငံများ

အိုပက်ခေါ် ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများ၏ ပို့ကုန်တန်ဖိုးသည် ၁၉၇၁ ခုနှစ်တွင် ၉ ရာခိုင်နှုန်းကျဆင်းခဲ့၍ ဒေါ်လာ သန်းထောင်ပေါင်း ၂၇၀ သို့ ရောက်ရှိခဲ့သည်။ သဘော်တင် ရေနံပမာဏသည် ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အီရန်၊ အီရတ်၊ လစ်ဗျ၊ နိုင်ဂျီးရီးယား နိုင်ငံတို့သည် နစ်နာ ဆုံးရှုံးကြသည်။ ဆော်ဒီအာရေဗျ နိုင်ငံသာလျှင် ယင်း၏ ရေနံတင်ပို့မှု ပမာဏကို ထိန်းသိမ်းကာ ဝင်ငွေတိုးအောင် ပြုလုပ်နိုင်ခဲ့သည်။ အလားတူပင် အီဂျစ်၊ အိုမန်နှင့် ကင်မရွန်းနိုင်ငံတို့သည်လည်း ဝင်ငွေတိုးအောင် ပြုလုပ်နိုင်ခဲ့ကြသည်။

၁၉၇၁ ခုနှစ်တွင် အိုပက်အုပ်စုတခုလုံး၏ စျေးကွက်သည် မတည်မငြိမ်ဖြစ်ပြီး ယင်းတို့၏ သွင်းကုန်တန်ဖိုးမှာလည်း ဒေါ်လာ သန်းထောင်ပေါင်း ၁၅၅ အထိ မြင့်တက်ခဲ့သည်။

ရေနံမထွက်သော ဖွံ့ဖြိုးဆဲနိုင်ငံများ

ရေနံမထွက်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ပို့ကုန်တန်ဖိုးသည် ၁၉၇၁ ခုနှစ်တွင် ၆ ရာခိုင်နှုန်း တိုးလာသဖြင့် ဒေါ်လာ သန်းထောင်ပေါင်း ၃၀၈ အထိ ရှိခဲ့သည်။ သွင်းကုန်တန်ဖိုးသည် ၇ ရာခိုင်နှုန်း တိုးလာသဖြင့် ဒေါ်လာသန်းထောင်ပေါင်း ၃၃၀ ရှိခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံများ၏ လိုငွေမှာ ဒေါ်လာ သန်းထောင်ပေါင်း ၄၅ ရှိခဲ့ရာမှ ၁၉၇၁ ခုနှစ်တွင် အပိုအလိုမရှိဖြစ်လာသည်။ အိုပက်နိုင်ငံများ၏ ပို့ငွေသည် ဒေါ်လာ သန်းထောင်ပေါင်း ၁၁၅ မှ ၇၀ အထိ ကျဆင်းသွားသည်။

၁၉၇၀ ပြည့်နှစ်တွင် ရေနံမထွက်သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လိုငွေသည် ဒေါ်လာ သန်းထောင်ပေါင်း ၆၅ ရှိခဲ့ရာမှ ၁၉၇၁ ခုနှစ်တွင် ဒေါ်လာသန်းထောင်ပေါင်း ၇၀ သို့ မြင့်တက်သွားသည်ဟု အကောက်ခွန်နှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေသဘောတူညီချက်အဖွဲ့(ဂတ်) ၏ ၁၉၇၁ ခုနှစ် ကမ္ဘာ့ကုန်သွယ်ရေးနှင့် အလားအလာ အစီရင်ခံစာတွင် ဖော်ပြထားသည်။


ပို့ဖြိုးဆဲနိုင်ငံများအနက်မှ အောင်မြင်နေသည့် စက်မှုနိုင်ငံသစ်များဖြစ်ကြသော တောင်ကိုရီးယား၊ တိုင်ဝမ်၊ စင်ကာပူနှင့် ဗဟုဇီးနိုင်ငံတို့သည်လည်း ယင်းတို့၏ ပို့ကုန်လုပ်ငန်းများကို ပံ့ပိုးရန် ငွေအမြောက်အမြား ချေးယူနေကြရသောကြောင့် ကြွေးမြီ အလွန်များပြား နေသည်။ သို့ပါလျက် ယင်း ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကုန်ပစ္စည်းများကို စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများက ပိတ်ဆို့ရန် ပို၍ များပြားသော အကောက်ခွန်အတားအဆီးများ ပြုလုပ်မှုဖြင့် ရင်ဆိုင်ရဖွယ်ရာရှိသည်။

ရွှေအလားအလာ

တနိုင်ငံနှင့် တနိုင်ငံ သဘောထားချင်းမတူညီကြသော ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံများသည် မိမိတို့၏ စီးပွားရေးများပြန်လည် နာလန်ထူလာရေးအတွက် သီးခြား ကိုယ့်နည်းကိုယ်ဟန်ဖြင့် နည်းလမ်း ရှာဖွေနေကြသည်။ လုပ်ဖော်ကိုင်ဖက်နိုင်ငံများကို အကျပ်အတည်းတွေ့စေပြီး မိမိနိုင်ငံအတွက် အမြတ်ထုတ်ရန် ကြိုးပမ်းနေကြသည်။ အနောက်ဂျာမနီနိုင်ငံသည် စစ်ပြီးစခေတ်တွင် ကျင့်သုံးခဲ့ဖူးသော အခြားနိုင်ငံများကို သာယာဝပြောလာစေရန် မီးရထားခေါင်းတွဲအနေဖြင့်ဆွဲယူသည့်အခန်းကဏ္ဍမျိုးကိုလောလော ဆယ်ကျင့်သုံးရန် ငြင်းဆန်နေသည်။ ပြင်သစ်နိုင်ငံကလည်း အလုပ်လက်မဲ့ ဦးရေလျော့နည်းစေရန် ကြိုးစားသည့်အနေဖြင့် တမင် ငွေဖောင်းပွမှု အဖြစ်ခံပြီး ဥရောပငွေကြေးသဘောတူညီချက်များကို ဖျက်လိုဖျက်ဆီး လုပ်နေသည်။ ဂျပန်နိုင်ငံကလည်း ဥရောပနှင့် အမေရိကန်မှ ပို့ကုန်များ မိမိနိုင်ငံသို့ပို့မှုရောက်လာမည်ကို ခွင့်မပြုပဲ ကမ္ဘာသို့ ယင်း၏ စက်မှုကုန်ပစ္စည်းများကို ပုံအောပြန်ပို့နေသည်။ ကမ္ဘာနှင့်အဝန်း ဝယ်လိုအား ကျဆင်းနေသဖြင့် ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံကြီးများသည် စျေးကွက်အသစ်များ ရရှိရန် အကြိတ်အနယ် ပြိုင်ဆိုင်နေကြသည်။ မိမိနိုင်ငံစျေးကွက်ကို ဆက်လက် ထိန်းချုပ်ထားနိုင်ရန် အတားအဆီး အဟန့်အတားများပြုလုပ်ရန် ခြိမ်းခြောက်နေကြသည်။

ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံများ၏ စီးပွားရေးကြီးထွားမှုသည် ရပ်တန့်နေသည်။ စီးပွားရေးပြန်တက်လာမည့်အခြေအနေကိုလည်း မတွေ့မြင်ရသေးဟု အိုအီးစီဒီခေါ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့က ရှုမြင်သည်။ ယင်းအဖွဲ့သည် ၁၉၇၂ ခုနှစ် စီးပွားရေး လုပ်ဆောင်ချက်များအပေါ် ယခင်လအနည်းငယ်ကထက် ပို၍ အဆိုးမြင်သည်။အိုအီးစီဒီအဖွဲ့၏ စီးပွားရေးပညာရှင်များက အဖွဲ့ဝင် ၂၄ နိုင်ငံအတွက် စုစုပေါင်း အမျိုးသားထုတ်ကုန်တိုးတက်မှုသည် ဒသမ ၃ ရာခိုင်နှုန်းသာ ရှိမည်ဟု ခန့်မှန်းထားရာ ကြိုးထွားလာမှုမရှိသလောက်ပင် ဖြစ်သည်။ ထိုခန့်မှန်းချက်သည် စောစောပိုင်း ခန့်မှန်းချက်ဖြစ်သော ၁ ဒသမ ၂၅ ရာခိုင်နှုန်းမှ လျော့နည်း ကျဆင်းလာခြင်း ဖြစ်သည်။ ပဂ္ဂလိက အကဲဖြတ်သမားများကမူ ပို၍ဆိုးသော ခန့်မှန်းချက်များ ရှိနေသေးသည်ဟု ဆိုကြသည်။

ဦးသန်း




အုံဖွယ်ရာ ဆေးပညာ

ခဲစိတ်ကု ပညာ တိုးတက်မှု

လူနာကိုတိုက်ရိုက် ထိတွေ့ကုသရသော ဆေးလက်တွေ့ ပညာရပ်များဌ ခဲစိတ်ကုပညာသည် ခန္ဓာဗေဒပညာ တိုးတက်မှုကြောင့် ၁၈ ရာစုနှင့် ၁၉ ရာစုအတွင်းတွင် တိုးတက်ခဲ့သည်။ ၂၀ ရာစုနှစ်အတွင်းတွင်မူ ခဲစိတ်မှုထက် မေ့ဆေး၊ ထုံဆေးနှင့် ခဲစိတ်ကိရိယာများ အသစ်တီထွင်မှုတွင် ပို၍ တိုးတက်သည်။မေ့ဆေးနှင့် ပဋိဇီဝဆေးများပေါ်ပြီးနောက် ခဲစိတ်မှုပညာသည် လိုသလို ခဲစိတ်နိုင်သည့်အဆင့်သို့ ရောက်ခဲ့သည်။ ခဲစိတ်ပညာ၏ အုံဩဖွယ် တိုးတက်မှုများသည် ခဲစိတ်ကိရိယာများတီထွင်ခြင်း အပေါ် တွင်မူတည်နေသည်။ ယခုအခါ လူ၏ ပါးစပ်မှဖြစ်ဖစ၊ စအိုမှဖြစ်စေ ပျော့ပျောင်းသော ဖန်ပြွန်၊ မှန်ပြွန်တို့ကို အသုံးပြု၍ အစာအိမ်အတွင်း၊ အူအတွင်း၊ အူနှင့် ဆက်စပ်နေသော သည်းခြေပြွန်၊ ပန်ကရိယပြွန် စသည်တို့တွင် ဖြစ်ပွားသော ရောဂါများကို ကြည့်ရှု လေ့လာ နိုင်သည်။ ဤကိရိယာများကို အသုံးပြုရာတွင် ဗိုက်ကိုခဲ့ရန်မလို၊ မေ့ဆေးမလို၊ ထုံဆေးဖြင့်ပင် သုံး၍ ရလေသည်။

ထို့အတူပင် ရင်ခေါင်းအတွင်း၊ ဗိုက်အတွင်းရှိ အဆုတ်၊ နှလုံး၊ အစာအိမ်၊ အူသိမ်အူမ စသည်တို့၌ မည်သည့် ရောဂါ ဖြစ်နေသည်၊ မည်မျှ ပျက်စီးနေသည်၊ မည်သို့ ခဲစိတ်ကုသရမည် စသည်တို့ကို ပြောကြားနိုင်သည့် အသံလိုင်းပြန်ကိရိယာကို တီထွင်နိုင်ခြင်းသည်လည်း ခဲစိတ်မှ ပညာတိုးတက်မှုတခုပင် ဖြစ်လေသည်။

အသံလိုင်းပြန် ကိရိယာကဲ့သို့ပင် ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါများ၏ တည်နေပုံ၊ အရွယ်ပမာဏ၊ ရောဂါအခြေအနေများနှင့် သင့်တော်သော ခဲစိတ်ကုသမှုတို့ကို ဆရာဝန်အား ချက်ချင်းပြောပြနိုင်သည့် စက်ကိရိယာတခုကိုလည်း တီထွင်နိုင်ခဲ့သည်။ ယင်းသည် ဦးခေါင်းမှ ခြေထောက်အထိ ခန္ဓာကိုယ်တခုလုံးကို ဓာတ်မှန်ကဲ့သို့ လည်းကောင်း၊ ရုပ်မြင်သံကြားစက် ကဲ့သို့ လည်းကောင်း၊ စက်ဦးနှောက် ကဲ့သို့



အသံလိုင်းပြန်ကိရိယာကို အသုံးပြု၍ မိခင်ဝမ်းဗိုက်အတွင်းရှိ ကလေးဦ ရောဂါရှိမရှိ စမ်းသပ်ကြည့်နေပုံ

လည်းကောင်း ရောဂါမျိုးစုံကို စက်တခုတည်းနှင့် ရှာဖွေပေးနိုင်သော ကွန်ပျူတာသုံး ရုပ်လုံးဖော် ဓာတ်မှန် ကိရိယာပင် ဖြစ်သည်။

ဤသို့ဆိုသဖြင့် ခွဲစိတ်မှုပညာ တိုးတက်မှုများသည် စက်ကိရိယာ တိုးတက်မှုများချည်း ဖြစ်သည်ဟု မယူဆနိုင်ချေ။ အကြောင်းမူ ရှေးယခင်က ခွဲစိတ်မကုသနိုင်ခဲ့သည့် ခန္ဓာကိုယ် အစိတ်အပိုင်းများကို ခွဲစိတ်ကုသ ဒအောင်မြင်ခဲ့သောကြောင့် ဖြစ်သည်။ ဥပမာ ရှေးယခင်က ပေါင်ရင်းအဆက်ရောဂါ၊ လက်မောင်းရင်း အဆက် ရောဂါများကို ခွဲစိတ်ကုသရာ၌ ယင်းအဆက်များကို ခွဲထုတ်ပြီး ဖြုတ်လျှင် ဖြုတ်၊ မဖြုတ်လျှင် မလှုပ်နိုင်အောင် အသေဆက်ပေးရသည်။ ယခုမူ ယင်းရောဂါရှင်များအား လှုပ်ရှား၍ရသော အဆက်တုများ တပ်ပေးခြင်းဖြင့် လက်နှင့်ခြေကိုကောင်းစွာ လှုပ်၍ ရအောင် ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ ထို့အတူပင် မွေးကတည်းက ဦးခေါင်းခွံ အရိုးဆက်များကြားမှ အူကျသကဲ့သို့ ဦးနှောက်နှင့် အမြှေးများ ထွက်လာသည်ကိုလည်း အောင်မြင်စွာ ခွဲစိတ်ကုသ၍ ရခဲ့လေသည်။

နှလုံးအစားထိုးကုခြင်း၊ ရောဂါရှိနေသော နှလုံးကို လိုအပ်သလို ခွဲစိတ်ပြုပြင်ခြင်း စသည်တို့သည် လွန်ခဲ့သော ၁၀ နှစ် ၁၅ နှစ်ကတည်းက အောင်မြင်ခဲ့သည့် ခွဲစိတ်မှုဖြစ်သည်။ သို့သော် ယင်းခွဲစိတ် ကုသမှုများသည် လူကြီးမျှသာ အတွက်သာဖြစ်သည်။ မွေးစကလေးများ၌မူ လုံးဝခွဲစိတ်ကုသ၍ မရခဲ့ပေ။ ယခုမူ အမေရိကန် ပြည်ထောင်စု၌ နှလုံးရောဂါရှိသောမွေးပြီးစ ကလေးကိုပင် အောင်မြင်စွာ ခွဲစိတ်ကုသ၍ ရပေပြီ။ နောင်တွင် မွေးကတည်းက တကိုယ်လုံးပြာနေသော ကလေးများ၊အသက်ရှူမဝသောကလေးများ၊ နှလုံးရောဂါကြောင့် ချူချာသော၊ မကြီးထွားနိုင်သော၊ ဦးနှောက်ကောင်းစွာ မဖွံ့ဖြိုးနိုင်သော ကလေးများသည် မရှိနိုင်တော့ပြီ။ အကြောင်းမူ အမေရိကန်ပြည်ထောင်စု၌ နှလုံးရောဂါနှင့် မွေးလာသောကလေးများကို နှလုံးရောဂါ ရှိမှန်းသိလျှင် သိချင်းပင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနေသောကြောင့် ဖြစ်လေသည်။

ဆေးကုသမှုပညာနှင့် ဆေးဝါးပညာတိုးတက်မှု

ခွဲစိတ်မှုပညာနှင့်အတူ ဆေးကုသမှုပညာနှင့် ဆေးဝါးပညာများသည်လည်း အထူးတိုးတက်ခဲ့ဘည်။ ခွဲစိတ်ရန် မလိုသော နှလုံးရောဂါရှင် များအတွက် နှလုံးခုန်မှုန်ဆေးများ၊ နှလုံးခုန်မှုန်အောင် ပြုလုပ်ပေးသော စက်များသည် အထူးကောင်းမွန် တိုးတက်လာခဲ့သည်ကို တွေ့ရသည်။

နှလုံးသွေးမထွောက်သဖြင့် ရင်ဘတ်နာသူ၊ သတိမေ့မြောသူများ အတွက်လည်း ဆေးဝါးအသစ်များကို တီထွင်ပေါ်ထုတ် သုံးနိုင်ခဲ့သည်။ သွေးတိုးရောဂါအတွက် ဆေးဝါးများ၊ ဆီးရှင်ဆေးဝါးများ၊ အဆစ်ရောင်ရောဂါကု ဆေးဝါးများ၊ ဝမ်းကိုက်ရောဂါကု ဆေးဝါးများနှင့် ထုံဆေးစသည့် ဆေးဝါး အသစ်အဆန်းများကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်။

ဗီတာမင်အီးသည် ဆီးချို ရောဂါရှင်များ မျက်စိအတွင်းတိမ် မဖြစ်အောင် ကာကွယ် ပေးနိုင်သည်ကိုပင် တွေ့ရှိခဲ့သည်။ ဗီတာမင်အီးကို ကွာစေ့၊ နေကြာစေ့၊ ပဲပင်ပေါက်၊ မြေပဲဆီနှင့် နှမ်းဆီများမှ အမြောက်အမြား ရနိုင်သည်။ အလားတူပင် တရုတ်ပြည်၌ ပေါက်သောသစ်ပင်ဘမျိုးမှ ကင်ဆာကို ကာကွယ်နိုင်သော ဆေးတမျိုးကို ထုတ်ယူတွေ့ရှိခဲ့သည်။ ယင်းဆေးဖြင့် ကုသရာ သွေးကင်ဆာများ ပျောက်ကင်းသည်ကို တွေ့ရှိကြရသည်။ အလားတူ ဆေးများကို အမေရိကန်ပြည်ထောင်စု၌လည်း ဖော်စပ်၍ ရသည်ဟု သိရပေသည်။

ရောဂါများကို ကာကွယ်ရာ၌ ကာကွယ်ဆေးများသည် အကောင်းဆုံးပင်ဖြစ်သည်။ ကျောက်ရောဂါ ကာကွယ်ဆေးကြောင့် ကျောက်ရောဂါသည် ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားပေပြီ။ တိုက်ဖွိုက်၊ ကာလဝမ်း၊ ပလိပ်ရောဂါနှင့် အသားဝါ ရောဂါဆိုးတို့သည်လည်း ကာကွယ်ဆေးများကြောင့် အချို့နိုင်ငံများ၌ ရောဂါဖြစ်ပွားမှုများ လုံးဝ မရှိတော့ချေ။

ဤရောဂါများအတွက် ဆေးပညာရှင်တို့ သုတေသနပြုခဲ့ရာ သွေးမှကူးသော အသည်းရောင်ရောဂါအတွက် ကာကွယ်ဆေးသည် အောင်မြင်လုနီးပြီဟု သိရသည်။ အနာကြီးရောဂါကာကွယ်ဆေးနှင့် ငှက်ဖျားရောဂါကာကွယ် ဆေးသည် တိရစ္ဆာန်များဖြင့် စမ်းသပ်သည့် အဆင့်ကို ကျော်လွန်

အမေရိကန်ပြည်ထောင်စုတွင် နှလုံးရောဂါရှိသော မွေးပြီးစ ကလေးကိုပင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ပြီဖြစ်သည်။



၍ လူမျိုးတွင် အောင်မြင်စွာ စမ်းသပ် အသုံးပြုနေပြီဟု သိရသည်။

ကာလဝမ်းရောဂါသည် အမည်နှင့်လိုက်အောင်ကြောက် စရာကောင်းသော ရောဂါဖြစ်သည်။ အခြားသူများကိုလည်း အကူးအစက်မြန်၍ ကပ်ဆိုက်စေသည်။ သို့ဖြစ်၍ ကာလဝမ်း ရောဂါဖြစ်သည်ဟု ကြားလျှင် ရောဂါမကူးမပြန့်ရန် ရေကျို သောက်ခြင်းမှအစ ကာလဝမ်းရောဂါကာကွယ်ဆေးထိုးခြင်း အဆုံးအားလုံးကိုလုပ်ကြရသည်။ သို့သော် ကာလဝမ်းရောဂါ ကာကွယ်ဆေးသည် ရောဂါမဖြစ်မီသာ အသုံးဝင်၍ တခါထိုး လျှင် ခြောက်လသာ ရောဂါကို ကာကွယ်နိုင်သည်။ ရောဂါ ပိုးဝင်ပြီးဖြစ်လျှင် လုံးဝမကာကွယ်နိုင်ပေ။ သို့ဖြစ်၍ နိုင်ငံ တကာ ခရီးသွားသူများသည် ကာလဝမ်းရောဂါ ကာကွယ် ဆေးကို ကြိုကြိုတင်တင် ထိုးသွားရသည်။ သို့တိုင် ကိုယ် ဝန်ဆောင်များ၊ မွေးစကလေးများသည် ဥပဒ်ဖြစ်နိုင်သဖြင့် မထိုးနိုင်ချေ။ ယခုမူ အမေရိကန်ပြည်ထောင်စု တက္ကဆတ် ပြည်နယ်မှ ဆရာဝန်နှစ်ဦး၏ ကြိုးပမ်းမှုကြောင့် ကာလ ဝမ်းရောဂါကို ဆေးထိုးရန်မလိုပဲ စားဆေးဖြင့် ကာကွယ် နိုင်တော့မည်ဟု သိရသည်။

အနာကြီးရောဂါသည် လူသားတို့ကို ဒုက္ခပေးခဲ့သော၊ ပေးနေဆဲဖြစ်သော ရောဂါဆိုးကြီးပင် ဖြစ်သည်။ ယင်း ရောဂါကို ကာလနာ၊ ဝဋ်နာ၊ ကံနာ၊ ကျိန်စာနာ၊ မျိုးရိုး လိုက်နာအဖြစ် ယူဆယုံကြည်၍ ရောဂါရှိသူများကို ဝိုင်း ပယ် ထားခဲ့ကြသည်။ ခေတ်သစ်ဆေးပညာ တိုးတက်လာခဲ့ သည့်တိုင် ယခုရာစုနှစ် နောက်ပိုင်းကျမှသာလျှင် ရောဂါ ပျောက်စေသော ဆေးများကို တွေ့ရှိ ဖော်ထုတ်နိုင်ကြ သည်။ ယင်းဆေးများဖြင့် ကုသ၍ ရောဂါပျောက်ပါ ကလည်း ကိုယ်လက်မျက်နှာပျက်စီးမှု ချွတ်ယွင်းမှုများကို ပြန်လည် ကောင်းမွန်အောင် မတတ်နိုင်ကြပေ။ သို့ဖြစ်၍ အနာကြီးရောဂါအတွက် အကောင်းဆုံးဆေးသည် ရောဂါ ပျောက်ဆေးထက် ကာကွယ်ဆေးသာဖြစ်သည်။ သို့သော် အပြောလွယ်၍ အလုပ်ခက်ဆိုသကဲ့သို့ ယခုတိုင် ကာကွယ် ဆေး ဖော်စပ်ရန်အတွက် အနာကြီးရောဂါပိုးကို လူခန္ဓာ ကိုယ် အပြင်ဘက်သို့ထုတ်နုတ် မွေးမြူပြုပြင်၍ မရသေးပေ။

ယခုမူ ကမ္ဘာ့ ကျန်းမာရေး အဖွဲ့နှင့် အင်္ဂလန်နိုင်ငံမှ အမျိုးသား ဆေးပညာသုတေသနဌာနတို့ ပူးပေါင်းဆောင် ရွက်ချက်အရ သင်းခွေချပ်ကောင် တမျိုးတွင် အနာကြီး ရောဂါပိုးကိုမွေးမြူပြုပြင်၍ရပြီး ယင်းမှ ကာကွယ်ဆေးအဖြစ် ထုတ်နုတ်နိုင်ပြီဟု သိရသည်။ ယင်းကာကွယ်ဆေးကို တခါ ထိုးပေးထားလျှင် အနာကြီးရောဂါ လုံးဝမဖြစ်ကြောင်းကို ပူး၊ ကြွက်စသော ဓာတ်ခွဲခန်း သတ္တဝါများနှင့်အစမ်းသပ်ခံသူ လူအများတွင် တွေ့ရှိရသည်။ ကမ္ဘာ့လူအများတွင် အသုံး ပြုနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်စမ်းသပ်ဖို့သာ လို တော့သည်ဟု သိရှိရလေသည်။ အောင်မြင်ပါက အနာ ကြီးရောဂါကို ကျောက်ရောဂါကဲ့သို့ပင် ကာကွယ်ဆေးထိုး ဒဏ်ရာဖြင့် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်မှ ပျောက်ကွယ်သွား အောင် ဆောင်ရွက်နိုင်တော့မည် ဖြစ်လေသည်။

သားဖွားနှင့် မီးယပ်ပညာ တိုးတက်မှုများ

မြန်မာတို့သည် ကိုးလနှင့်မွေးလျှင် မိန်းကလေး၊ ဆယ်လ နှင့်မွေးလျှင် ယောကျ်ားကလေးဟု အယူရှိကြသည်။ လွန်ခဲ့ သော လေးငါးနှစ်လောက်ကအထိ မိခင်ဗိုက်ထဲရှိ ကလေး သည် ယောကျ်ားကလေးလော၊ မိန်းကလေးလောဆိုသည် ကို လိုချင်ရာရွေးနိုင်ရန်ဝေးစွ၊ ကြိုပြောနိုင်ရန်ပင် ခက်လှ သည်။ သဘာဝကပေးသည့် အတိုင်းသာ ယူကြရသည်။ သို့သော်ယခုမူ အမေရိကန် ပြည်ထောင်စု ချီကာဂိုမြို့မှ ဆေးပညာရှင်များ၏ ကြိုးပမ်းချက်အရ ယောကျ်ားကလေး လိုချင်လျှင် ယော ကျ်ားကလေးရအောင်၊ မိန်းကလေး လိုချင်လျှင် မိန်းကလေးရအောင် ကိုယ်ဝန်ကို ဖန်တီး၍ ရပေပြီ။ ယောကျ်ားကလေးရလိုလျှင် ယောကျ်ား ဖြစ်စေ သော မျိုးဥများကိုရွေး၍ မိခင်၏သားအိမ်ထဲထည့်ပေးခြင်း ဖြင့် သားကလေးရစေသည်။ သမီးကလေးလိုချင်လျှင် မိန်း ကလေးဖြစ်စေသော မျိုးဥကိုရွေး၍ ထည့်ပေးခြင်းဖြင့် သမီး ကလေးရစေသည်။ ဤသည်မှာ အခြားကြောင့် မဟုတ်၊ ကိုယ်ဝန်ဆောင်ရာ၌ သမီးမွေးမည် သားမွေးမည် ဆိုသည် ကို မိခင်၏မျိုးဥက မဆုံးဖြတ်နိုင်ပဲ ဘခင်၏ မျိုးဥကသာ ဆုံးဖြတ်နိုင်သောကြောင့် ဖြစ်သည်။

ထို့အပြင် ကိုယ်ဝန်နှစ်လ သုံးလနှင့်ပင် ဗိုက်ထဲရှိ ကလေး သည် သား၊ သမီး ဆိုသည်ကို အတိအကျ ပြောနိုင်သော နည်းရှိလာပေပြီ။ ဤနည်းကို သန္ဓေသား ကြည့်နည်းဟု ခေါ်သည်။ အလင်းရောင်ကို မှန်အတုဖြင့် အမိဝမ်းတွင်း သို့ ဖြတ်စေခြင်းအားဖြင့် လိုသောနေရာကိုကြည့်၍ရသည်။ ယင်းမှန်ကို ပြွန်တခုထဲတွင် ထည့်ထားကာ မိခင်လောင်း၏ ဝမ်းဗိုက်ကို ထုံဆေးဖြင့် တလက်မခန့်ခွဲ၍ ပြွန်ထည့်ပြီး ကြည့်ရသည်။ ကြည့်ရုံမက သန္ဓေသား၏ သွေးကိုပင် စုပ်ယူ၍ရသည်။ သို့ဖြင့် သန္ဓေသား၌ ခန္ဓာကိုယ်ချွတ်ယွင်း မှုရှိမရှိ၊ မျိုးရိုးလိုက်သော ရောဂါများရှိမရှိနှင့် သွေးရောဂါ ရှိမရှိကို စမ်းသပ်၍ရသည်။ ဤနည်းတွင် ဘတီထားစရာ တခုမှာ ကြည့်ပြီး ကိုယ်ဝန်သည်တရာအနက် ငါးယောက် သည် သန္ဓေလျော်နိုင်ခြင်းဖြစ်သည်။ သို့ဖြစ်၍ အမေရိကန် ၌ပင် ယေးနှင့် ကာလီဖိုးနီးယား ဆေးသိပ္ပံများ၌သာ ကြည့်၍ရသေးသည်ဟု ဆိုသည်။

သန္ဓေသားများကို သန္ဓေတည်သည်မှ မွေးသည်အထိ ကျန်းမာသန်စွမ်း၍ ဉာဏ်ကောင်းမည် ဆိုလျှင် ကောင်း သည်။ သို့ရာတွင် လူတယောက်ဖြစ်လာရန် အလွန်ခက်ခဲ

လုသည်။ သန္ဓေတည်ဖို့ ခက်ခဲသကဲ့သို့ မမွေးမီကျန်းမာဖို့လည်း အလွန်ခက်သည်။ အကြောင်းမှာ သန္ဓေသားအား ပျက်စီးစေနိုင်သော ရောဂါ ရစေနိုင်သော အကြောင်းများစွာ ရှိသောကြောင့် ဖြစ်သည်။

မိဘမျိုးရိုးဗီဇကြောင့် လည်းကောင်း၊ မိခင်လောင်း၏ ကျန်းမာရေး ချို့တဲ့မှုကြောင့် လည်းကောင်း၊ ဖျားနာမှုကြောင့် လည်းကောင်း၊ ဓာတ်မှန် ရောင်ခြည်၊ အဏုမြူ ရောင်ခြည် စသည်တို့ကြောင့် လည်းကောင်း၊ အာဟာရ ချို့တဲ့၍ လည်းကောင်း၊ မိခင်စားသော ဆေးများကြောင့် လည်းကောင်း သန္ဓေသားသည် ချွတ်ယွင်းနိုင်သည်။ လျော နိုင်သည်။ လမပြည့်ပဲ မွေးဖွားနိုင်သည်။ မွေးပြီးသေဉာဏ်သား သက်ဆိုးရှည်ခဲသည်။ အသက်ရှည်သည့်တိုင် ကိုယ်လက် အင်္ဂါ၊ ဉာဏ်ပညာ ချွတ်ယွင်းနိုင်သည်။

သန္ဓေမပျက်ရန်အတွက် သန္ဓေမပျက်စေသော ဆေး (မဟော်မုန်းပါသော ဒိုင်အီသိုင်းစတီဗီစထရောဝ)စားသော ကိုယ်ဝန်သည်များမှ မွေးဖွားလာသော သမီးမိန်းမကလေးများသည် ကြီးလာလျှင် မွေးလမ်းကြောင်း ကင်ဆာများရနိုင်၍ သားယောကျ်ားလေးများသည် အမြုံများ ဖြစ်နိုင်သည်ဟု သိရသည်။ ယင်းသမီးများ အရွယ်ရောက်၍ လက်ထပ်ပါက ကလေးလျော်ခြင်း၊ ကလေးသေမွေးခြင်းနှင့် နေရာလွဲ သန္ဓေများရခြင်းတို့ဖြစ်ပြီး ဒုက္ခရောက်နိုင်သည်ဟုဆိုသည်။

မည်သို့ပင်ဖြစ်စေ လူတိုင်းလိုလိုပင် သားသမီးများ ရလိုကြသည်။ သို့ဖြစ်၍ မြုံနေသောမိဘများပင်လျှင် ကလေးရအောင် အမျိုးမျိုးကြိုးစား ကြသည်။ ရှေးအခါက ရက္ခစိုးနှင့် နတ်ဒေဝါများထံတွင် သားဆုပန်ခဲ့သည်မှအစ ယခုခေတ်တွင် ဗီတာမင်အီးစားခြင်းအဆုံး နည်းအမျိုးမျိုးဖြင့် ကလေးရရန် ကြိုးစားကြသည်။ ယခုနောက်ဆုံးပေါ် အောင်မြင်သောနည်းသည် ဓာတ်ခွဲခန်းကို အသုံးပြု၍ ဖန်ပြွန်ထဲတွင် သားစပ်ယူခြင်းပင် ဖြစ်သည်။ ဖန်ပြွန်အတွင်း မှ အောင်မြင်သော သန္ဓေသားလောင်းကို မိခင်လောင်း၏ သားအိမ်တွင်းသို့ ထည့်သွင်းပေးခြင်းဖြင့် သဘာဝအတိုင်း ကြီးထွားလာကာ အချိန်ရောက်သောအခါ သူအလိုလို မွေးဖွားလာသည်။ ခက်လျှင်သာ ဗိုက်ခွဲမွေးပေးရန် လိုသည်။ ဤနည်းဖြင့် ကမ္ဘာ့ ပထမဆုံး ဖန်ပြွန် သန္ဓေသားကို အင်္ဂလန်နိုင်ငံ၌ ၁၉၇၈ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့က မွေးပေးခဲ့သည်။ သမီးလေးဖြစ်၍ ယခုအခါ ကျန်းမာလျက် ရှိသည်။

မည်သို့ပင် သန္ဓေတည်သည်ဖြစ်စေ မွေးဖွားလာသော ကလေးများ ကျန်းမာ၍ ဉာဏ်ချွန်သူများ ဖြစ်စေလိုမည်ကား လူတိုင်း၏ ဆန္ဒပင်ဖြစ်သည်။ ထိုသို့သောကလေးများ မွေးနိုင်ရန်အတွက် မျိုးရိုးဗီဇသည် အရေးအကြီးဆုံးဟု ယူဆပြီး နိုဗဲဆုရသော သိပ္ပံနှင့်အခြား ပညာရှင်များ၏ မျိုးရိုးဗီဇနှင့် ဉာဏ်ကောင်းသော မိန်းမများ၏ မျိုးဥကို စပ်ဖေးလျှင် အထက်ပါ ကလေးမျိုးများ ရလာနိုင်သည်ဟု အချို့က ယုံကြည်လက်ခံကြသည်။ သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စုမှ သင်္ဘေးတဦးသည် နိုဗဲဆုရသော ပုဂ္ဂိုလ်များ၏ဗီဇကို အလှူခံပြီး သိမ်းထားကာ ဉာဏ်ကောင်း၍ ကလေးလိုချင်သော အမျိုးသမီးများက ကလေးရနိုင်ရန် တောင်းခံလျှင် ယင်းဗီဇများဖြင့် မျိုးစပ်ဖေးလျက် ရှိသည်ဟု ဆိုသည်။ ဤသို့ မျိုးစပ်ဖေးခြင်းဖြင့် အမျိုးသမီး အချို့၌ပင် သန္ဓေရှိနေပြီဟု သိရသည်။

သို့ရာတွင် ကမ္ဘာ့ဆေးပညာရှင်ကြီးများနှင့် မျိုးရိုးဗေဒ ပညာရှင်များကမူ ဤနည်းဖြင့် သန္ဓေရလာလည်း မွေးလာ



အသံလွှင်းပြန်ကိရိယာကို အသုံးပြု၍ လည်ပင်းဥ သွေးကြောပိတ် ရောဂါကိုရှာဖွေ နေပုံ

သော ကလေးများသည် ဥဿ်ကောင်းချင်မှ ကောင်းမည်ဟုပြောကြသည်။ အကြောင်းမူ ဥဿ်ကောင်းသူများ၏ ကလေးများသည် သာမန် ကလေးများကဲ့သို့သော ဥဿ်ရည်ရွယ်တတ်ရုံမျှမက ဆေစဉ်မျိုးဆက် ဥဿ်ကောင်းခြင်းဆိုသည်မှာလည်း ရှားလှသောကြောင့်ဟု ဆိုသည်။ ထို့အပြင်ပို၍ ကြောက်စရာကောင်းသည်မှာ ဘခင်နှင့်မိခင်တို့၏ အသက်သည် ကြီးလာလေ (၃၅ နှစ်ကျော်လေ) သန္ဓေသားခ္ဒ ဥဿ်ထုံမှုအပါအဝင် မွေးရာပါရောဂါများ ပါလာရန်လည်း အခွင့်အလမ်း ပိုရှိလာလေဖြစ်သည်ဟု ဆိုသည်။ နိုဗဲဆုရပုဂ္ဂိုလ်များ၏ အသက်သည် အားလုံး ၇၀ နည်းပါးခန့် ရှိနေကြပြီ ဖြစ်သည်။

အခ့ါသန္ဓေသားများသည် မယုံနိုင်အောင်ပင် အသက်ပြင်းကြသည်။ ပုံစံအားဖြင့် ပြရလျှင် တောင်အာဖရိက နိုင်ငံခ္ဒ ၃၆ နှစ်အရွယ်ရှိ ကလေးခြောက်ယောက် မွေးပြီးသော အမျိုးသမီးတဦးသည် ဗိုက်နာ၍ ဆေးရုံတက်ခဲ့ရာ သားအိမ်အပြင်ဘက်တွင် ရေမြွာအိတ်မရှိ၊ အခြားအကာအကွယ်မရှိပဲ သားအိမ်နှင့်အူများကြားခ္ဒ သန္ဓေတည်နေသော ကလေးကို မွေးပေးလိုက်ရသည်ဟူ၏။

နိုင်ငံတကာခ္ဒ သန္ဓေတားနိုင်သည့် နည်းသစ်များကို အမြဲသုတေသနပြုလျက် ရှိကြသည်။

စင်စစ်မူ သားဖွားနှင့် မီးယပ်ပညာ တိုးတက်မှုများသည် ကလေးကျန်းမာရေး ပညာတိုးတက်မှုများနှင့် ယှဉ်၍ ဖြစ်နေသည်ဆိုလျှင် မမှားပေ။ အကြောင်းမူ သန္ဓေသားတိုင်း၏ ကျန်းမာရေးကို သားဖွားပညာက ပြုပြင်ပေးသကဲ့သို့ မွေးလာသမျှသော ကလေးများ၏ ကျန်းမာပျော်ရွှင်ရေး၊ အသက်ရှည်ရေးအတွက်ကိုလည်း ကလေးကျန်းမာရေးပညာကပင်ပြုပြင်ပေးသောကြောင့် ပေတည်း။


ကလေးကျန်းမာရေး ပညာတိုးတက်မှုများ

မည်သို့ပင် မွေးလာစေ၊ ကလေးကို မိခင်၏ နို့တိုက်ကျွေးခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ နောက်ဆုံးတွေ့ရှိချက်များအရ မိခင်၏နို့ရည်ထဲခ္ဒ အစွမ်းထက်သော ကြီးထွားမှု ဓာတ်များပါဝင်၍ပင် ဖြစ်သည်။ သွေးထဲတွင် လှည့်ပတ်၍ ခန္ဓာကိုယ်ကို ဖွံ့ဖြိုးကြီးထွားစေသော ဓာတ်ထက် နို့ရည်ထဲခ္ဒပါသော ဓာတ်သည် ငါးဆပို၍ အစွမ်းထက်သည်ဟု အမေရိကန်ပြည်ထောင်စု ဘော်စတွန်ကလေးဆေးရုံမှ သုတေသန ပညာရှင်များက တွေ့ရှိကြသည်။ မိခင်၏ ပထမဆုံးထွက်သော နို့ရည်ကြည်ထဲတွင် ယင်းဓာတ်ကို အများဆုံးတွေ့ရသည်။ ကလေးမွေးပြီး ခြောက်လခန့် အထိ ယင်းဓာတ်များ နို့ထဲတွင်ပါသည်။ ယင်းဓာတ်သည် ကြီးထွားမှုကိုဖြစ်စေရုံမျှမက ကလေးငယ်များခ္ဒ အူရောင်ဝမ်းလျှောရောဂါဖြစ်မှုကို ကာကွယ်ပေးနိုင်သည်ဟုလည်း ထင်ကြသည်။ ယင်းကြီးထွားမှုဓာတ်များကို နွားမများ၏ ပထမထွက်သော နို့ကြမ်းတွင်လည်း တွေ့ရသည်ဟုဆိုသည်။

မိခင်နို့သည်အာဟာရပြည့်ဝစုံလင်၍ ယင်းသို့ကြီးထွားမှုဓာတ်အပြင် ကလေးအား သံဓာတ်ကို ပိုမိုရရှိစေသောဓာတ်လည်းပါဝင်သည်။ ထို့အပြင် နှာစေးခြင်း၊အရေပြားယားယံခြင်း အစရှိသည့် ဓာတ်မတည့်မှုကြောင့်ဖြစ်သော ရောဂါများကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ဖင်လန်နိုင်ငံမှ ဆရာဝန်များက လေ့လာတွေ့ရှိကြသည်။

ကလေးများ၏ ကျန်းမာရေးအတွက် ရောဂါဖြစ်မှုကုသသည်ထက် မဖြစ်မီက ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ဖွံ့ဖြိုးဆဲနိုင်ငံများရှိကလေးပေါင်းသန်း ၆၀ ခန့်ကို ကာကွယ်ဆေးများ ထိုးပေးခဲ့ကြသည်။ ယင်းကာကွယ်ဆေးများမှာဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုးနှင့်မေးခိုင်ရောဂါ ကာကွယ်ဆေး၊ တီဘီ ကာကွယ်သည့် ဘီစီဂျီထိုးဆေး၊ ဝက်သက် ကာကွယ်ဆေးနှင့် သူငယ်နာ အကြောသေ(ပိုလီ






မေါင်းနှစ်လုံးဆက်နေသော အမြွာကို မခွဲစိတ်မီ တွေ့ရပုံ။ ခေါင်းချင်းဆက်အမြွာခ္ဒ အရိုး၊ သွေးကြောနှင့် ကြွက်သားများပါ ဆက်နေသည်။

ယို)ရောဂါ ကာကွယ်ဆေးများ ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါ၊ အသည်းရောင်ရောဂါနှင့် ဝမ်းလျှောရောဂါများအတွက် ကာကွယ်ဆေးများ ထိုးပေးနိုင်ရန်လည်း လိုအပ်သလို စီစဉ်သုတေသန ပြုခဲ့သည်။ ကလေး ဆေးပညာဌာန အတိုးတက်ဆုံးသည် ဆိုခဲ့သည်အတိုင်း မွေးစကလေးများ၏ နှလုံးရောဂါကို သိသိချင်း ခွဲစိတ်ကုသပေးနိုင်ခြင်းပင် ဖြစ်လေသည်။

ထို့အတူ မနှန်းစိုး၊ မနှန်းစံကဲ့သို့သော ယိုးဒယား အမြှာများကို အောင်မြင်စွာ ခွဲစိတ်ရန်ကားမလွယ်ပေ။ အထူးသဖြင့် အရေးကြီးသော ကိုယ်တွင်းအင်္ဂါများဖြစ်သည့် နှလုံး၊ ကျောက်ကပ်၊ အသည်းစသည်တို့ ပူးနေလျှင် ပို၍ခက်ခဲသည်။ ဦးနှောက်ချင်း ဆက်နေပါမူ ရှေးယခင်က ခွဲဖို့ပင် မကြိုးစားခဲ့ကြချေ။ယခုမူ အမေရိကန်ပြည်ထောင်စု ယေးတက္ကသိုလ်ဆေးရုံမှ ခွဲစိတ်ကုဆရာဝန်များသည် အသက် ၁၉ လရှိ လီဇာနှင့် အယ်လီဇာအမည်ရှိ ဦးနှောက်ချင်း ဆက်နေသည့် ယိုးဒယားအမြှာညီအစ်မနှစ်ဖော်ကို အောင်မြင်စွာ ခွဲစိတ်ကုသ ပေးလိုက်သည်။ ခွဲစိတ်မှုပေါင်း ကြိမ်ဖန်များစွာ ပြုလုပ်ရ၍ နောက်ဆုံးခွဲစိတ်မှုသည် ၁၆ နာရီမျှ ကြာသည်။

မျိုးရိုးဗေဒ (၀၂) ဗီဇဗေဒ တိုးတက်မှုများ

ကလေးများ၏ သန္ဓေ (၀၂) ဗီဇကောင်းရန် အရေးကြီးပေသည်။ ကလေးများ မျိုးရိုးဗီဇကောင်းရန် အတွက် အမိနှင့် အဘတို့ကိုယ်တိုင် မျိုးရိုးဗီဇကောင်းဖို့ လိုသည်။



မျိုးရိုးဗေဒပညာဘတ်ကြက်ယော်တကောင်ကို ထွေ့လာနေပုံ
(ဓံမျိုးစေ့မှ မွေးရှိ ရသောကြက်)

ကျန်းမာဖွံ့ဖြိုးသော မိန်းမမျှားနှင့် ကျန်းမာပြီးဉာဏ်ပညာထက်မြက်သော ယောကျ်းတို့၏ မျိုးစေ့တို့မှ သန္ဓေတည်သော ကလေးများသည် လူရည်ချွန်များ ဖြစ်လာနိုင်သည်ဟု အချို့ကယူဆကြသည်။

အမှန်မှာ ဗီဇမျိုးစေ့၏အခြေခံကို သိပ္ပံပညာရှင်တို့ အသေအချာမသိသေးချေ။ဗီဇမျိုးစေ့များသည် သတ္တဝါတို့၏ကလာပ်စည်းအတွင်းတည်ရှိသည်။ယင်းကလာပ်စည်း အမြူတေအတွင်းရှိ ကရိုမိုဆုန်းခေါ် ဗီဇမျိုးစေ့ သယ်ဆောင်သော အမျှင်များပေါ်၌ တည်ရှိသည်။ ယင်းဗီဇမျိုးစေ့၏ သဘာဝသည် ဒီအင်အေဖြစ်သည်ဟုသာ သိကြသေးသည်။ ဒီအင်အေ မည်သို့ပုံဆွဲ၍ မည်သို့ဗီဇကို ဖြစ်ပေါ်စေသည်ကို အတိအကျ မသိကြသေးချေ။ သို့ဖြစ်၍ မိမိလိုချင်သော ဗီဇသတ္တိရှိသည့် လူ သို့မဟုတ် သတ္တဝါကို ရရန်မှာ ဝေးလွန်းသေးသည်ဟု အချို့ကဆိုကြသည်။

အမေရိကန်ပြည်ထောင်စု ယေးတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ဓာတ်ခဲ့ခန်း အတွင်း၌ ကြွက်သန္ဓေသား၏ကလာပ်စည်းများမှ ဒီအင်အေများကို ထုတ်ယူပြီး စမ်းသပ်မွေးမြူခဲ့ရာ ခွေတ်စုပ်တူသော ကြွက်များကို မွေးရှိရပြီဟု သိရသည်။ ဤသို့ ဒီအင်အေဖြင့် မွေးရသည့် ကြွက်များသည် အမြှာများနှင့် မတူပေ။ မိဘနှစ်ဦး မျိုးစပ်ပြီးမှ ဖြစ်ပေါ်လာသည့် ကြွက်များနှင့်လည်းမတူပေ။ တကိုယ်မှ နှစ်ကိုယ်ခွဲ၊ နှစ်ကိုယ်မှသုံးကိုယ် လေးကိုယ်ခွဲသကဲ့သို့ သူ့အလိုလိုခွဲလာသော ဗီဇသတ္တိ အကုန်တူသည့် သတ္တဝါများသာဖြစ်သည်။ လူတွင် ဤသို့ ပွားများ၍ ရမရကိုမူ ယခုတိုင် မပြောနိုင်သေးချေ။ သို့သော် သတ္တဝါငယ်တို့၏ ဗီဇကို ပြောင်း၍ ရပြီဆိုသည်ကား အမှန်ပင်ဖြစ်၏။ ဤနည်းဖြင့် ကင်ဆာရောဂါကို တိုက်ဖျက်ရန်လည်း ကြိုးစားလျက်ရှိကြသည်။ လူ၏ခန္ဓာကိုယ်အတွင်း၌ ကင်ဆာရောဂါကို သက်နိုင်သည့် ဗီဇပါသော သွေးဖြူဥများကိုသာ ပွားများပေးနိုင်ပါက ကင်ဆာရောဂါသည် ခေါင်းထောင်လာနိုင်တော့မည်မဟုတ်ပေ။

ကင်ဆာသုတေသနတိုးတက်မှုများ

ခေတ်ပေါ်ရောဂါဆိုးများထဲတွင် ကင်ဆာရောဂါသည် ကြောက်စရာ အကောင်းဆုံးဟုပင် ဆိုရပေမည်။

ကင်ဆာရောဂါ အဘယ်ကြောင့် ဖြစ်ရသည်ကို မည်သူမျှ တိတိကျကျ မပြောနိုင်သေးချေ။ အကြောင်း များစွာကြောင့်ဟု ယူဆ၍ ထင်ကြေး အမျိုးမျိုးကို စမ်းသပ်မှု အမျိုးမျိုးဖြင့် သက်သေပြကာ ဆက်၍ ဆက်၍ စူးစမ်းလေ့လာဆဲပင် ဖြစ်သည်။ ယနေ့အထိ ကင်ဆာနှင့် ပတ်သက်၍ သိရသမျှကို ဖော်ပြရမည်ဆိုလျှင် ကင်ဆာဟူသည် ကိုယ်အင်္ဂါ ကလာပ်စည်းအချို့တို့၏မူမမှန်သော ကြီးထွား


မှု၊ အထိန်းအကွပ် အဟန့်အတားမရှိသော စည်းကမ်းမဲ့ကြီးထွားမှုပင်ဖြစ်သည်။ မူမမှန်အထိန်းအချုပ်မဲ့ ကြီးထွားသဖြင့် ကိုယ်အင်္ဂါတို့၏ လုပ်ငန်းကို ချွတ်ယွင်းစေသည်။ ကောင်းသော အင်္ဂါများ၊ ကလာပ်စည်းများ၏ အာဟာရကို ခွဲဝေသုံးစွဲ၍ ပွားသည်ထက်သာ ပွားနေကြသည်။ နောက်ဆုံးအင်္ဂါကောင်းများကို ဝါးမျိုဖျက်ဆီးကာ နေရာအနှံ့၊ခန္ဓာအနှံ့ ပြန့်သွားသည်။ သို့ဖြင့် အခြားခန္ဓာကိုယ် အစိတ်အပိုင်းများလည်း ကောင်းစွာ အလုပ်မလုပ်နိုင်တော့ချေ။

ကင်ဆာဖြစ်စေနိုင်သည်ဟု ယူဆရသော အကြောင်းများသည် များပြားလှသည်။ အစားအသောက် အလေ့အကျင့်မှစ၍ ပတ်ဝန်းကျင် လေထု၊ မြေထုနှင့် နေရောင်ခြည်မကျန် အရာရာသည် မနေတတ် မဆင်ခြင်တတ်ပါက ကင်ဆာရစေနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေး အဖွဲ့ချုပ်ကပင် ယူဆထားသည်။

အစားအသောက်နှင့် စပ်လျဉ်း၍ သုတေသီများက ယူဆသည်မှာ အဆီအဆိမ့် စားလွန်းခြင်းကြောင့် အနောက်နိုင်ငံမှ အမျိုးသမီးတို့သည် ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာနှင့် အူမကင်ဆာပို၍ အဖြစ်များကြရသည်ဟူ၏။ အဆီများသည် အူမကြီးအတွင်းရှိ ဗက်တီးရီးယား ပိုးမွှားများ၏ သဘာဝနှင့် သည်းခြေရည် ပျံ့နှံ့မှုကို ပြောင်းလဲစေသဖြင့် အဆီအဆိမ့် အစားများပြီး ဟင်းသီးဟင်းရွက် အနည်းငယ်သာ စားသော အနောက်နိုင်ငံသားတို့သည် အူမကင်ဆာပို၍ အဖြစ်များရသည်ဟု ဩစတြေးလျ သမားတော်တဦးက ဆိုသည်။ ယင်းသို့သော အာဟာရမျိုးကို စားသူများ၏ မစင်ကို စစ်ဆေးကြည့်သောအခါ ကင်ဆာဖြစ်စေနိုင်သော ဓာတုဗေဒ ပစ္စည်းများ ပို ပါသည်ကို တွေ့ရသည်။ထိုသူတို့သည် ဟင်းသီးဟင်းရွက် အစားနည်း၍ ဝမ်းချုပ်တတ်ရာ ယင်းကင်ဆာဖြစ်စေသော ဓာတုပစ္စည်းများက အူမကြီးနံရံနှင့် အချိန်ကြာမြင့်စွာ ထိတွေ့နေရသည်ဟုဆိုသည်။

အရက်အလွန်အကျံသောက်ခြင်းသည် ပါးစပ်နှင့် လည်ချောင်း ကင်ဆာ၊ အစာမျိုပြွန်ကင်ဆာနှင့် အသည်း ကင်ဆာတို့ကို ဆက်စပ်ဖြစ်ပေါ်စေနိုင်သည်ဟုလည်း သိရသည်။ စီးကရက် သောက်သူများ၊ အရက်သောက် သူများသည် မသောက်သူများထက် ၁၅ ဆပို၍ ကင်ဆာဖြစ်နိုင်သည်ဟု ဆိုသည်။ အစားအသောက်များပေါ်တွင် တက်သော မှိုအချို့သည်လည်း ကင်ဆာဖြစ်စေနိုင်သည်ဟုဆို၏။

ကင်ဆာ ဖြစ်စေနိုင်သည်ဟု ယူဆရသော အစားအသောက်များကဲ့သို့ပင် ကင်ဆာဖြစ်စေနိုင်သော ဓာတုပစ္စည်းများလည်း အများအပြားရှိသည်။



ကင်ဆာရောဂါသည် လူကြီးလူငယ်မရွေး ဖြစ်တတ်ပေရာ ကလေးငယ်များတွင်ပင် ရောဂါဖြစ်ပေါ်နိုင်သည်။
ကင်ဆာရောဂါကုသမှုခံယူနေသော ကလေးငယ်တဦးကိုတွေ့ရပုံ



ဓာတ်ရောင်ခြည်ပေး၍ ကင်ဆာရောဂါကုသခံနေသော အမျိုးသမီးတဦး

အဏုမြူရောင်ခြည်သည်လည်း ကင်ဆာဖြစ်စေနိုင်သော အကြောင်းများတွင် ပါဝင်ကြောင်း တွေ့ရှိထားကြသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ပြည်ဟီရိုရှီးမားမြို့နှင့် နာဂါဆကီမြို့များကို ဗုံးကြဲစဉ်က အဏုမြူရောင်ခြည်ဒဏ်ကိုခံရသော်လည်း မသေပဲ ကျန်ရစ်သူများသည် သာမန်လူတို့ထက် သွေးဆဲဖြူကင်ဆာ၊ ရင်သားကင်ဆာ၊ အူကင်ဆာ၊ ဦးနှောက်ကင်ဆာပို၍ အဖြစ်များသည်ကို တွေ့ရသည်ဟု ဆိုသည်။ ထို့ပြင် အဏုမြူရောင်ခြည်ကြောင့် ကင်ဆာဖြစ်ကြောင်း ခိုင်လုံသော အဖြစ်အပျက်တခုကို သိပ္ပံပညာရှင်များက ဤသို့ ဖော်ပြထားသည်။ အမေရိကန်ပြည် ထောင်စုတွင် နာမီဒိုင်ခွက်များနှင့်လက်တံများကို ညတွင်းမြင်ရအောင် ဆေးရေးဆေးခြယ်ရသော အလုပ်သမားများသည် အရိုးကင်ဆာပိုဖြစ်တတ်သည်။ အကြောင်းမူသူတို့သည် အဏုမြူ ရောင်ခြည်ထုတ် ပစ္စည်းများပါသော ဆေးစုတ်တံကို လျှာဖြင့်တို့၍တို့၍ ဆေးခြယ်ကြရာ ယင်း အဏုမြူ ရောင်ခြည်ထုတ်ပစ္စည်းများကို မျိုချမိကြသည်။ ယင်းပစ္စည်းများကို အရိုးက အခြားအင်္ဂါများထက် လက်ခံစုဆောင်း ထားနိုင်သဖြင့် ယင်းတို့သည် အရိုးထဲရောက်ပြီး အဏုမြူရောင်ခြည်ကိုဆက်လက်ထုတ်ပေးခြင်းကြောင့် အရိုးကင်ဆာ ဖြစ်ရသည်ဟူ၍ ဆိုသည်။

ဗိုင်းရပ်များသည် ကင်ဆာဖြစ်စေနိုင်သော အခြားအကြောင်းတခုဖြစ်သည်ဟု ဆိုကြသည်။ ကြက်၊ ငှက်၊ ဖား နှင့် မျောက်တို့တွင် ဗိုင်းရပ်သည် ကင်ဆာ ဖြစ်စေနိုင်ကြောင်း စမ်းသပ် တွေ့ရှိပြီးဖြစ်သည်။ လူတို့တွင်လည်း ရင်သားကင်ဆာနှင့် အရေပြားရှိ ကြွက်နို့မှဖြစ်သော ကင်ဆာတို့ ဖြစ်ပေါ်ရာတွင် ဗိုင်းရပ်များ ပါဝင်သည်ဟု ထင်မြင်ယူဆ၍ စမ်းသပ်ဆဲဖြစ်သည်။ ထို့ပြင် ဗိုင်းရပ်အသည်းရောဂါပိုးကြောင့် မကြာခဏ အသည်းရောင်ရောဂါရသူတို့သည် အသည်းကင်ဆာဖြစ်တတ်ကြောင်းကို တွေ့ရှိနေကြပြီဖြစ်သည်။

အသည်းကင်ဆာသည် ဖွံ့ဖြိုးဆဲ အာဖရိကနှင့် အာရှနိုင်ငံများတွင် အဖြစ်များပြီး ယင်းကို ထိထိရောက်ရောက်ကုသရန် နည်းလမ်းလည်း မရှိသေးသဖြင့် မဖြစ်မီ ကာကွယ်နိုင်ရန် ကြိုးစားလေ့လာနေရသည်ဟု ဆိုသည်။

အသည်းရောင်ရောဂါကဲ့သို့ပင် ကိုယ်ထဲ၌ အူရောင်ငန်းဖျားရောဂါပိုး ရှိနေသူများတွင် အသည်းနှင့် သည်းခြေတဝိုက် ကင်ဆာပိုဖြစ်နိုင်ကြောင်းကို တွေ့ရှိကြရသည်ဟု ဆိုသည်။

ဟော်မုန်းများသည်လည်း ကင်ဆာကိုဖြစ်ပေါ်စေနိုင်ကြောင်း အချို့ပညာရှင်များက တင်ပြကြသည်။ အိုစထရိုဂျင် မ ဟော်မုန်းပါသော ဆေးများကို နှစ်ရှည်လများသုံးစွဲသူတို့သည် သားအိမ်ကင်ဆာဖြစ်တတ်သည်ဟု ဆိုကြသည်။ အချို့ကလည်း ရင်သားကင်ဆာဖြစ်ရန် အခွင့်အလမ်းများလာသည်ဟု ဆိုကြ၏။ ကြွက်များတွင်မူ လက်တွေ့စမ်းသပ်တွေ့ရှိထားပြီး ဖြစ်ကြောင်း ဖော်ပြကြသည်။ ကိုယ်ဝန်မပျက်စေရန်သုံးသည့် မ ဟော်မုန်းပါသောဆေး (စတီဗီစထရော) သည်လည်း မွေးလမ်းကြောင်းကင်ဆာကို ဖြစ်စေသည်ဟု သိရသည်။

ကင်ဆာသည် လူဘဝကို တုံးစေ၊ သေစေသော အကြောင်းများအနက် အကြီးမားဆုံးသော အကြောင်းတခုဖြစ်သည်။ သို့သော် ကင်ဆာကြောင့် သေရမည့် အသက်ပေါင်းများစွာကို ကယ်တင်၍ ရနိုင်သေးသည်။ အကြောင်းမှာ ကင်ဆာကို စောစောသိ၊ စောစောတွေ့က စောစောကုလိုက်ခြင်းဖြင့် အသက်ကယ်နိုင်၍ ဖြစ်သည်။ ကင်ဆာဖြစ်စ၊ ကင်ဆာဖြစ်သည့်နေရာမှလွဲ၍ အခြားနေရာသို့ ကင်ဆာကလာပ်စည်း လုံးဝမရောက်သေးသည့်အချိန်ကို ဆိုလိုသည်။ ဤသို့ အချိန်ကောင်းတွင်ကုနိုင်က ကင်ဆာရောဂါရှင်၏ ဘဝသက်တမ်းသည် နောက်ထပ် ငါးနှစ်၊ ဆယ်နှစ် သို့မဟုတ် ထို့ထက်ပင်ပို၍ရှည်စွာ နေနိုင်သည်။

ဤသို့ဖြင့် ကင်ဆာရောဂါဖြစ်နေကြောင်း စောစောသိနိုင် တွေ့နိုင်ရန် သုတေသန ပညာရှင်များကလည်း နည်းစနစ်အမျိုးမျိုး ကိရိယာအမျိုးမျိုးကို တီထွင်အသုံးပြုနေကြသည်။ ကင်ဆာဟုထင်ရသော အဖုအကျိတ်အလုံးများမပေါ်မီကပင် သိရှိနိုင်အောင် နောက်ဆုံးတီထွင်ထားသော ကိရိယာသည် အသံလှိုင်းသုံး ဓာတ်မှန်ရိုက် ကိရိယာပင် ဖြစ်သည်။ ဤကိရိယာသည် တုန်ခါနှုန်း အလွန်မြင့်မားသော အသံလှိုင်းကို အသားထဲဖြတ်သွင်းစေ၍ အသံလှိုင်းနှင့် အသားစိုင်တို့ ထိတွေ့သော တုံ့ပြန်မှုကို ရုပ်မြင်သံကြားစနစ်ဖြင့် ပြန်ပေါ်စေသည်။ ယင်း အသံလှိုင်းဖြတ်သန်းမှု၊ တုံ့ပြန်မှုတို့သည် အဆီ၊ အသား၊ အရွတ် ကင်ဆာကလာပ်စည်း အစရှိသည်တို့တွင် တမျိုးစီဖြစ်ရာ အလွန်သေးငယ်သော ကင်ဆာကိုပင် တွေ့နိုင်သည်ဟုဆိုသည်။ ဤနည်းကို ရင်သားကင်ဆာ ရှာဖွေရာတွင် စမ်းသပ်အသုံးပြုရာ အောင်မြင်နေပြီဟု နယူးယောက်မြို့မှ ဆရာဝန်များက ဆိုကြသည်။ သုံးနေကျ ဓာတ်မှန်ရိုက်နည်းများ၊ အသားစထုတ်ယူ လေ့လာနည်းများထက် ပိုမိုထိရောက်သည်ဟုလည်း ဆိုကြသည်။ ဤနည်းဖြင့် ပန်ကရိယ အကျိတ်ကင်ဆာကို ရှာဖွေသိရှိနိုင်သည်ဟုဆိုသည်။

ဂျပန်နိုင်ငံမှ သားဖွားမီးယပ် ပါမောက္ခတဦးကမူ ကင်ဆာကလာပ်စည်းများကို ယင်းတို့ရှိသော နေရာမှာပင် ဆေးဆိုးကြည့်၍ ရှာဖွေသိရှိနိုင်သည်ဟုဆိုသည်။ ခန္ဓာကိုယ်၏ ဒဏ္ဍရာများနှင့် ဆက်စပ်နေသော အင်္ဂါများအတွင်း သေးငယ်သောပြဿနာများ၊ အဏုကြည့်မှန်ပြောင်းများသွင်းပြီး ဆေးဆိုးကြည့်ခြင်းပင် ဖြစ်သည်။ ကင်ဆာကလာပ်

စည်းမျဉ်းအတွက် အထူးစီစဉ်ထားသော ဆိုးဆေးမျဉ်းကို သုံးခြင်းဖြင့် ကင်ဆာကလာပ်စည်းမျဉ်းကို တွေ့နိုင်ပြီး ပို သေချာစေရန် ယင်းကလာပ်စည်းကို စုပ်ထုတ်၍ အပြင်တွင် ဆက်လက်လေ့လာနိုင်သည်။ ဤနည်းဖြင့် သား အိမ်၊ မမျိုးဥ၊ အစာမျိုပြွန်နှင့် အူမကင်ဆာတို့ကို ရှာဖွေ ရာ၌ သုံးနိုင်သည်။

အနောက်ဂျာမနီနိုင်ငံမှ သုတေသနပညာရှင် တဦးကမူ ကင်ဆာရောဂါဖြစ်နေသူ၏ သွေးဖြူဥမျဉ်းကို ထုတ်ယူစမ်း သပ်ရုံဖြင့် ကင်ဆာကို စောစောသိနိုင်လိမ့်မည်ဟုဆိုသည်။ ကင်ဆာရောဂါရှင်၏ သွေးဖြူဥမျဉ်းသည် ရိုးရိုးလူ၏ သွေး ဖြူဥထက် စုဝေးပေါင်းစည်းမှုနည်းပါးကြောင်း လေ့လာ တွေ့ရှိရသည်ဟုဆိုသည်။ သို့ရာတွင် ဤအခြေအနေမျိုးကို ကင်ဆာဖြစ်သူနှင့် ကလေးမွေးပြီးစအမျိုးသမီးမျဉ်း၊ ခွဲစိတ် ခံပြီးစ လူနာမျဉ်းမှအပ အခြားရိုးရိုးလူတို့တွင် မတွေ့ရဟု ဆိုသည်။

ဤသို့ဖြင့် ကင်ဆာကို စောစောရှာဖွေသိရှိနိုင်ရန် ကြိုး ပမ်းကြသကဲ့သို့ ကင်ဆာရောဂါကို နှိမ်နင်းနိုင်ရန်လည်း အမျိုးမျိုးရှာဖွေ စမ်းသပ်လေ့လာလျက်ရှိသည်။ ကင်ဆာ ရောဂါကို ခွဲစိတ်ကုသခြင်း၊ဓာတ်ရောင်ခြည်မျဉ်းဖြင့် ကုသ ခြင်း ကင်ဆာသေစေသောဆေးမျဉ်းဖြင့် ကုသခြင်း၊ ကိုယ် ခံအားကောင်းစေသော ကုထုံးမျဉ်းဖြင့် ကုသခြင်း အစ ရှိသည်တို့ဖြင့် အနည်းနည်းအဖုံဖုံ ကုသနေကြသည်။ ယခု အခါ သိပ္ပံပညာရှင်မျဉ်း၊ဆေးပညာရှင်မျဉ်းသည် ကင်ဆာ ပျောက်ဆေးအဖြစ် အသုံးပြုနိုင်မည့် ပစ္စည်းတမျိုးကို တွေ့ရှိပြီဟု သိရသည်။ ယင်းပစ္စည်းကား အခြားမဟုတ် အင်တာဖရွန်ဟု အမည်ပေးထားသော ဆေးပင်ဖြစ်သည်။ အင်တာဖရွန်သည် အခြားကင်ဆာဆေးမျဉ်းနှင့်မတူ၊ ခန္ဓာ ကိုယ်ကို ဥပဒ်အန္တရာယ်မပေးပဲ ကင်ဆာကို ကုသနိုင်သဖြင့် အလွန်ကောင်းသော ကင်ဆာပျောက်ဆေး ဖြစ်လာလိမ့် မည်ဟုဆိုကြသည်။ သို့သော် ယင်းအင်တာဖရွန်ထုတ်လုပ်မှု စရိတ်သည် ကြီးလှသဖြင့် လူအများ အသုံးပြုရန်အတွက် ထုတ်လုပ်ပေးနိုင်ခြင်း မရှိသေးပေ။ ယင်းကိုအများအပြား ထုတ်လုပ်ရန်ခက်ခဲဆဲ ဖြစ်သည်ဟု သိရသည်။ သို့သော် အနောက်နိုင်ငံများနှင့် ဂျပန်နိုင်ငံကွင် ဌေကြေးအရင်းအနှီး အမြောက်အများကုန်ကျခံကာ အင်တာဖရွန်ကိုကျယ်ကျယ် ပြန့်ပြန့် ဆက်လက်၍သုတေသနပြုလျက် ရှိနေလေသည်။

လူများအနေဖြင့်လည်း မိမိတွင် ကင်ဆာရောဂါ မဖြစ် အောင်နှင့် ကင်ဆာရောဂါရှိမရှိ စောစောသိ၍ စောစော ကုသမှုခံယူနိုင်အောင် ဂရုစိုက်နေထိုင်တတ်ဖို့ လိုအပ်သည်။ ကင်ဆာနှင့်ပတ်သက်၍ မသက်ဝင်ဖွယ် အရိပ်လက္ခဏာများ ကို သိထားလျှင် မိမိတွင်ဖြစ်စေ၊ မိမိနှင့် နီးစပ်သူတို့တွင် ဖြစ်စေ ဤသို့သောလက္ခဏာများ ပေါ်လာက ကြိုကြို တင်တင် ကာကွယ်နိုင်သည်။ အမေရိကန်ကင်ဆာအသင်းက ထုတ်ပြန်ထားသော ကင်ဆာသတိပေး လက္ခဏာများတွင်

(၁) တနေရာရာမှ သာမန်မဟုတ်သော သွေးယိုခြင်း သို့မဟုတ် အကျိအခဲ့ အရည်များထွက်ခြင်း
(၂) ရင်သားသို့မဟုတ် ခန္ဓာကိုယ်၏ အစိတ်အပိုင်း တနေရာရာ၌ အဖုအကျိတ် ပေါ်လာခြင်း
(၃) မကျက်နိုင်သော အနာရှိနေခြင်း
(၄) ဆီးနှင့် ဝမ်းသွားသော အကျင့် ပြောင်းလဲခြင်း
(၅) အကြောင်းမရှိပဲ အသံအက်ခြင်း၊ ပြာခြင်း စသော အသံ ပြောင်းလဲမှုနှင့် ချောင်းဆိုးခြင်း
(၆) အစာမကြေခြင်း၊ အစာမျိုရခက်ခြင်း
(၇) ကြွက်နို့၊ မွဲစသည်တို့ ကြီးထွားလာခြင်း၊အရောင် ပြောင်းလဲလာခြင်းတို့ ဖြစ်သည်။

ဤသို့သော လက္ခဏာများ ဖြစ်ပေါ်လာပြီး ရက်သတ္တ နှစ်ပတ်ထက်ကြာသည့်တိုင်မပျောက်လျှင် ဆရာဝန်နှင့်သွား ရောက်ပြသရန် တိုက်တွန်းထားသည်။ အကောင်းဆုံးသည် ကင်ဆာရောဂါဒဏ် မခံရအောင် အလျဉ်း သင့်သလို ကျန်းမာရေး စစ်ဆေးမှုများကို ပြုလုပ်ပေးရန် လိုသည်ဟု ဆိုသည်။ အထူးသဖြင့် ကင်ဆာအများဆုံးဖြစ်တတ်သော အသက် ၄၀၊ ၅၀ ကျော်များသည် နှစ်စဉ် ဆေးစစ်ခံ၍ အသက် ၂၀ မှ ၄၀ တွင်း ရှိသူတို့သည် သုံးနှစ်တကြိမ် စစ်ဆေးခံသင့်သည်ဟု သိရသည်။

မည်သို့ပင်ဖြစ်စေ၊ ကမ္ဘာ့ပြည်သူတို့၏ ကျန်းမာရေး အတွက် အသုံးပြု နိုင်မည့် ဆေးပညာ တီထွင်မှု များကို ၁၉၇၀ ပြည့်လွန်နှစ် များမှာပင် "လူ တိုင်း ကျန်း မာ၊ သက္ကရာဇ် နှစ်ထောင်မှာ" ဟူသော ဆောင်ပုဒ်နှင့်အညီ အကောင်အထည် ဖော်သွားနိုင်မည်ဖြစ်သည်။


(အံ့ဖွယ်ရာ ဆေးပညာ ဆောင်းပါးကို ရေးသားရာ၌ ၁၉၇၅ ခုနှစ်ထုတ် **Davidson's Principles and Practice of Medicine** စာအုပ်ကို လည်းကောင်း၊ ၁၉၇၉ ခုနှစ် မေလ ၂၂ ရက်နှင့် ၁၉၇၀ ပြည့်နှစ် ဧပြီလ ၂၂ ရက်နေ့ထုတ် **Asian Medical News** ကိုလည်းကောင်း၊ ၁၉၇၀ ပြည့် နှစ် ဇန်နဝါရီလ ၂၀ ရက်၊ မတ်လ ၁၀ ရက်၊ မတ်လ ၂၄ ရက်၊ မတ်လ ၃၁ ရက်၊ ဧပြီလ ၇ ရက်၊ ဧပြီလ ၂၀ ရက်၊ မေလ ၂၆ ရက်နှင့် ဇွန်လ ၉ ရက်နေ့ထုတ် **Time** မဂ္ဂဇင်းများကို လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ် မတ်လ ၁၇ ရက်၊ မတ်လ ၃၁ ရက်၊ ဧပြီလ ၇ ရက် နှင့် ဧပြီလ ၂၁ ရက် နေ့ ထုတ် **Newsweek** မဂ္ဂဇင်း များကို လည်း ကောင်း ကိုး ကား ပါသည်။)

ဒေါက်တာ မောင်မောင်ညို

အဖိုင်း ၎ဃ

၁၉၈၁ ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၈၁ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထား၍ ရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။ ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲပါ အကြောင်းရပ်များနှင့်လည်းကောင်း၊ ထုတ်ဝေပြီး မြန်မာ့စွယ်စုံနှစ်ချုပ်ကျမ်းများ (၁၉၇၈၊ ၁၉၇၉၊ ၁၉၈၀၊ ၁၉၈၁) ပါ အကြောင်းရပ်များနှင့်လည်းကောင်း ဆက်စပ်၍ ဖတ်ရှုနိုင်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှင့် ယခင်နှစ်ချုပ်ကျမ်းများတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း အများအပြားပါဝင်ပါသည်။ ဤအပိုင်းရှိ တိုင်းနိုင်ငံများတွင် ဖော်ပြထားသော လူဦးရေစာရင်းသည် ၁၉၈၁ ခုနှစ် သို့မဟုတ် ယင်းနှစ်နှင့် အနီးကပ်ဆုံး ရနိုင်သမျှနှစ်၏ လူဦးရေစာရင်းဖြစ်ပါသည်။



ကချင်ပြည်နယ်။ ။ကချင်ပြည်နယ်သည် အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်တွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် စစ်ကိုင်းတိုင်း၊ တောင်ဘက်တွင် ရှမ်းပြည်နယ်တို့ ထိစပ်လျက် တည်ရှိသည်။ ဧရိယာအားဖြင့် ၃၄,၃၇၉ စတုရန်းမိုင် ကျယ်ဝန်းပြီး မြန်မာတနိုင်ငံလုံး အကျယ်အဝန်း၏ ၁၃ ရာခိုင်နှုန်း ရှိသည်။

ကချင်ပြည်နယ်တွင် ဂျိန်းဖော၊ လီဆူး၊ အဇီး၊ လရှီ၊ ရဝမ်း၊ မရူ၊ ကဒူး၊ ကနန်း၊ ရှမ်း၊ မြန်မာစသော တိုင်းရင်းသားများ နေထိုင်ကြသည်။ ကချင်ပြည်နယ်တွင် မိုးညှင်းမြို့နယ်သည် လူဦးရေ ထူထပ်ဆုံးဖြစ်ပြီး မြစ်ကြီးနားမြို့နယ်သည် ဒုတိယ ထူထပ်ဆုံးဖြစ်သည်။ မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ ချီဗွေ၊ ဆောလော်၊ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ မန်စီ၊ ပူတာအို၊ကာမိုင်း၊မိုးကောင်း၊ မိုးညှင်း၊ ဆွမ်ပရာဘွမ်၊ မချမ်းဘော၊ ခေါ်ဘူဒဲ၊အင်ဂျန်းယန်နှင့် နောင်မွန်းဟူသော မြို့နယ် ၁၈ မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း ၆၉၉ ခု တို့ဖြင့် ဖွဲ့စည်းထားသော ကချင်ပြည်နယ်တွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူပေါင်း ၃,၀၉,၂၃၉ ဦး ရှိသည်။ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၂၀ ဦး၊ ပြည်နယ်အဆင့် ၅၁ ဦး၊ မြို့နယ်အဆင့် ၉၃ ဦး၊ ရပ်ကွက်အုပ်စု၊ ကျေးရွာအုပ်စု ၁၃၃ ဦး ရွေးချယ်တင်မြှောက်ထားသည်။

ကချင်ပြည်နယ်၏ရိယာတဝက်ခန့်သည် သစ်တောကြီးများဖြင့် ဖုံးလွှမ်းနေသည်။ မြစ်ကြီးနားမြို့နယ် အတွင်းရှိ ပိတောင်သစ်တောကြိုးဝိုင်း၊ မိုးညှင်း သစ်တောကြိုးဝိုင်းနှင့် ဗန်းမော်မြို့နယ် အတွင်းရှိ ရွှေကူသစ်တောကြိုးဝိုင်းများမှ အဖိုးတန်သစ်များ ထွက်ရှိသည်။ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းသည် လယ်ယာလုပ်ငန်း ဖြစ်သည်။ ပြည်နယ်တွင်းရှိ ဝါရှောင်ဆည်၊ မြို့သစ်ကလေးဆည်၊ ကုလားကုန်းဆည်တို့သည် ဆည်ရေသောက် လယ်များအတွက် များစွာအားထားရသည်။ ၁၉၆၁–၆၂ ခုနှစ်တွင် သီးနှံစိုက်ပျိုးသည့် ဧရိယာကေ ၂ ဒသမ ၅၄ သိန်းရှိခဲ့ရာမှ ၁၉၈၀ – ၈၁ ခုနှစ်တွင်ကေ ၂ ဒသမ ၉၈ သိန်းခန့်အထိ တိုးတက် စိုက်ပျိုးနိုင်ခဲ့သည်။

ပြည်နယ်ဒေသအတွင်းနှင့် ပြည်နယ်နှင့်တိုင်း ပို့ဆောင်ဆက်သွယ်ရေးလွယ်ကူစေရန် ပူတာအိုလေဆိပ်နှင့် ဗန်းမော်လေဆိပ်ဖွဲ့ဖြိုးရေး စီမံကိန်းများကို ၁၉၇၀ – ၇၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၉၈၆ – ၈၇ ခုနှစ်များတွင် ပြီးစီးမည်ဖြစ်သည်။ ပြည်နယ်ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးအတွက် လမ်းသစ်များဖောက်လုပ်ရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ရာ မန္တလေး၊ မိုးကုတ်၊ ရေဦး၊ ဗန်းမော်လမ်းတွင် မြစ်ဆုံ၊ မဘိန်း၊ ရေဦးအပိုင်းကို ၁၉၈၄ – ၈၅ ခုနှစ်တွင် ပြီးစီးရန်လည်းကောင်း၊ ကသာ၊ ရွှေကူ၊ ဗန်းမော်လမ်းကို ၁၉၈၆ – ၈၇ ခုနှစ်တွင် ပြီးစီးရန်လည်းကောင်း၊ မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်၊ ပူတာအိုလမ်းကို ၁၉၈၅ – ၈၆ ခုနှစ်တွင် ပြီးစီးရန် လည်းကောင်း လုပ်ငန်း အစီအစဉ်များ ချမှတ် ဆောင်ရွက်လျက် ရှိသည်။

ကချင်ပြည်နယ် ပညာရေး တိုးတက်မြင့်မားလာစေရေးအတွက် ကျောင်းသားပေါင်း ၁ ဒသမ ၆ သိန်းကို ကျောင်းဆရာ ဆရာမ ၃,၅၂၆ ဦးဖြင့် ပညာသင်ကြားပေးလျက် ရှိသည်။ ၁၉၈၀ – ၈၁ ခုနှစ်တွင် မူလတန်းအဆင့်ကျောင်း၊ အခြေခံအလယ်တန်းကျောင်းနှင့် အခြေခံအဆင့်မြင့်တန်းကျောင်း စုစုပေါင်း ၇၉၆ ကျောင်းအထိ တိုးတက်ဖွင့်လှစ်နိုင်ခဲ့သည်။ ဆရာအတတ်သင်ကျောင်း၊ စိုက်ပျိုးမွေးမြူရေးကျောင်း၊ အခြေခံယက်ကန်းကျောင်းများနှင့် မြစ်ကြီးနား ကောလိပ်တို့ကိုလည်း ဖွင့်လှစ်ပေးထားသည်။ ဒေသဆိုင်ရာ ကျန်းမာရေး တိုးတက်မှုများအတွက်လည်း ကချင်ပြည်နယ်တွင် ဆေးရုံ ၃၂ ရုံ၊ ဆေးပေးခန်း ၁၈ ခန်းနှင့် အခြား ကျန်းမာရေး ဌာနများ တိုးချဲ့ ဖွင့်လှစ် ထားသည့်ပြင် ကျန်းမာရေး ဝန်ထမ်းများကိုလည်း တိုးချဲ့ခန့်ထားသည်။


ကချင်ပြည်နယ်၏ တွင်းထွက်သယံဇာတ ပစ္စည်းများမှာ ရွှေ၊ ငွေ၊ ကြေးနီ၊ သံ၊ ခဲ၊ ပယင်း၊ ကျောက်စိမ်း၊ ကျောက်

သလင်းနှင့် ကျောက်မီးသွေးများ ဖြစ်သည်။ ကချင်ပြည်နယ်မှ ထုတ်လုပ်ရရှိသော ကျောက်စိမ်းများကို ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချခြင်းဖြင့် ပြည်နယ်နှင့် နိုင်ငံတော်အတွက် ဝင်ငွေများ တိုးပွားရရှိလေသည်။

ကချင်ပြည်နယ်နေ့သည် ဇန်နဝါရီလ ၁၀ ရက်နေ့ ဖြစ်သည်။

ကနေဒါနိုင်ငံ။ ။ကနေဒါဝန်ကြီးချုပ် ထရူးဒိုးသည် ၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် နိုင်ဂျီးရီးယား၊ ဆီနီဂေါ၊ ဗရာဇီးနှင့် မက္ကဆီကိုနိုင်ငံများသို့ သွားရောက်၍ သက်ဆိုင်ရာခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်ရေးအစီအစဉ်ကို ပယ်ချရန်၊ ဇြတိသျှ အောက်လှတ်တော် နိုင်ငံခြားရေးရာ ကော်မတီ၏ ဆုံးဖြတ်ချက်ရှိသော်လည်း ဖွဲ့စည်းပုံအခြေခံ



အကျယ်အဝန်း။	။၃၈,၄၉,၆၇၀ စတုရန်းမိုင်
လူဦးရေ။	။၂,၄၀,၈၈,၇၀၀
မြို့တော်။	။အော့တဝါမြို့

ဥပဒေဖြင့် အုပ်ချုပ်မှုကို အနိုင်ရရှိရေးအတွက်၊ မိမိဆက်လက် ကြိုးပမ်းမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ထရူးဒိုးက ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ပြောကြားသည်။

အမေရိကန်သမ္မတ ရော်နယ်ရေဂင်၊ ကနေဒါဝန်ကြီးချုပ် ထရူးဒိုး၊ ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာ၊ ဂျပန်ဝန်ကြီးချုပ် ဇင်ကိုဆူဇူကီး၊ အနောက်ဂျာမနီဝန်ကြီး ချုပ် ဟဲလမွတ်ရှမစ်၊ ပြင်သစ်သမ္မတ မီးထရောင်း၊ အီတလီဝန်ကြီးချုပ် ပါဒိုလီနီနှင့် ဥရောပအုပ်စု ကော်မရှင် ဥက္ကဋ္ဌ ဂတ်စတန်သွန်တို့ တက်ရောက် သော အော့တဝါးမြို့၌ ကျင်းပသည့် နှစ်ရက်ကြာ စီးပွားရေးနှင့် နိုင်ငံရေးစည်းဝေးပွဲသည် ဇူလိုင်လ ၂၁ ရက်နေ့တွင် ပြီးဆုံးသည်။

ယင်းအစည်းအဝေးတွင် စီးပွားရေး ရှင်သန် ဖွံ့ဖြိုးမှုသည် မိမိတို့၏ရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း သဘောတူကြသည်။ သို့ရာတွင် မည်သို့အောင်မြင်အောင် ဆောင်ရွက်ရမည်ဟူသောအချက်ကို သဘောတူညီမှုမရရှိပဲ ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြရန် ကတိပြုကြသည်။

ကနေဒါနိုင်ငံအား ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပေးရန် ဇြတိန်နိုင်ငံသို့ တောင်းဆိုထားသည့် ဆုံးဖြတ်ချက်တခုကို ကနေဒါပါလီမန်က ဒီဇင်ဘာလ ၂ ရက်နေ့တွင် တခဲနက်အတည်ပြုခဲ့သည်။ယင်းဆုံးဖြတ်ချက်သည် ကနေဒါနိုင်ငံအပေါ် ကိုလိုနီအုပ်စိုးမှုကို ဖယ်ရှားလိုက်သောလက္ခဏာဖြစ်သည်။ ဇြတိသျှ မြောက်အမေရိကဥပဒေသည် ကနေဒါနိုင်ငံ၏ဖွဲ့စည်းပုံ အခြေခံ ဥပဒေအနေဖြင့် ၁၁၇ နှစ်တိုင်တိုင် တည်ရှိခဲ့သည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေကြမ်းကို ဘုရင်ခံချုပ်ထံ မတင်သွင်းမီ နောက်ထပ် ဆွေးနွေး အတည်ပြုရေး အတွက် အထက်လှတ်တော်သို့ ပေးပို့မည်ဖြစ်သည်။ ကိုဗက်ပြည်နယ်အစိုးရအဖွဲ့ကသာ ယင်းဥပဒေကို ကန့်ကွက်သည်။ ပြင်သစ်စကားပြောသော ယင်းပြည်နယ်က ဗဟိုအစိုးရ၏ ဆောင်ရွက်ချက်ကို တရားရုံး၌ အဆုံးအဖြတ်ခံမည်ဟု ခြိမ်းခြောက်လျက်ရှိသည်။

ယင်းပြောင်းလဲမှုမှာ ဓနသဟာယ အဖွဲ့ဝင်အနေဖြင့် ကနေဒါ၏ရပ်တည်ချက်ကို ထိခိုက်မည်မဟုတ်ကြောင်း၊ ဘုရင်မအား နိုင်ငံ အကြီး အကဲနှင့် အစား ထိုးမည်မဟုတ်ကြောင်း ကနေဒါနိုင်ငံသားများအား ဝန်ကြီးချုပ် ထရူးဒိုးက ထပ်ခါတလဲလဲ ပြောကြားခဲ့လေသည်။ ဇြတိသျှပုံစံအတိုင်း ဖွဲ့စည်းပြုလုပ်ထားသော ပါလီမန်တရားလှတ်တော်ချုပ်၊ အထက်လှတ်တော်နှင့် အဖွဲ့အစည်းများကို ကနေဒါနိုင်ငံက ဆက်လက် ထိန်းသိမ်းထားမည်ဖြစ်သည်။

ကဗင်ဒစ်ရှစမ်းသပ်ခန်း။ ။ကမ္ဘာ့ဂန္ထဝင်စမ်းသပ်ခန်းကြီးများတွင် သိပ္ပံသမိုင်းတလျှောက်လုံးသာမက နှစ်ဆယ်ရာစု နှစ်တိုင် ဆက်လက်ကျော်ကြားနေသော စမ်းသပ်ခန်းကြီးသည် ဇြတိန်နိုင်ငံ ကိန်းဗရစ်တက္ကသိုလ် ရူပဗေဒ ဌာနရှိ ကဗင်ဒစ်ရှ စမ်းသပ်ခန်းကြီးပင် ဖြစ်သည်။

ကိန်းဗရစ်တက္ကသိုလ်သည် နာမည်ကြီးသိပ္ပံ ပညာရှင်ကြီးများကို မွေးထုတ်ပေးသည့် တက္ကသိုလ်ကြီး ဖြစ်ပေ


သည်။ နာမည်ကျော် သိပ္ပံပညာရှင် နယူတန်သည် ကိန်းဗရစ်ခြံပေါက် သိပ္ပံပညာရှင်တဦး ဖြစ်သည်။ နယူတန်သည် ရူပဗေဒပညာကို လက်တွေ့နှင့် သီအိုရီပိုင်းနှစ်ပိုင်းစလုံးကို ပိုင်နိုင်ခဲ့သူ ဖြစ်သည်။ နယူတန်၏ မက္ကင်းနစ်ပညာကိုရှေးရိုး ရူပဗေဒအပိုင်းဟု သတ်မှတ်ခဲ့ပြီး ယနေ့တိုင် အင်ဂျင်နီယာ သိပ္ပံအပိုင်းနှင့် ဘူမိရူပဗေဒ သိပ္ပံအပိုင်း တို့တွင် အသုံးချနေရဆဲ ဖြစ်သည်။ နှစ်ဆယ်ရာစု ရူပဗေဒ သမိုင်းတွင် သီအိုရီနှစ်မျိုးသည် အခိုင်အမာ ပေါ်ထွက်လာခဲ့သည်။ တမျိုးသည် အိုင်စတိုင်း၏သီးသန့်နှင့် ယေဘုယျရီလေတီဗီတီ သီအိုရီဖြစ်ပြီး နောက်တမျိုးသည် ဒိရက်၊ ဟိုက်ဇင်ဗတ်နှင့် ရှရိုဒင်ဂါးတို့၏ ကွမ်တမ် သီအိုရီ ဖြစ်သည်။ ယင်းသီအိုရီနှစ်ရပ်စလုံးမှာ နယူတန်၏ သီအိုရီကို ထပ်မံ၍ ဖြည့်စွက်သော သီအိုရီများ ဖြစ်ကြသည်။ ၎င်းခေတ်ပေါ် သီအိုရီ နှစ်ရပ်၏ နယ်ပယ်မှာ ပိုမို ကျယ်ဝန်းလှသော်လည်း အင်ဂျင်နီယာ သိပ္ပံအပိုင်းနှင့် ဘူမိရူပဗေဒ သိပ္ပံ အပိုင်းတို့တွင်မူ နယူတန်၏ သီအိုရီနှင့်ကွာခြားချက်မရှိသော ရလဒ်များကိုသာ ဖော်ထုတ်နိုင်သည်။



ကဗင်ဒစ်ရှ စမ်းသပ်ခန်း (မူလအဆောက်အအုံ) ကို ၁၈၇၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ လက်တွေ့ ရူပဗေဒပညာရှင်များသာမက သီအိုရီ ရူပဗေဒပညာရှင်များဖြစ်သော ၁၉၇၉ ခုနှစ် နိုဗယ်ဆုရှင် အဗ္ဗဒူ ဆလမ်နှင့် ၁၉၃၃ ခုနှစ် နိုဗယ်ဆုရှင် ဒိရက်တို့ သုတေသနပြုရာ ဗိမာန်ကြီးဖြစ်ပေသည်။

ပေါ့ပါးပြီး ရွှေရှားနေသော အမှုန် – ဥပမာ၊ အီလက်ထရွန်၊ ပရိုတွန်၊ မယ်စွန်များအတွက် ကွမ်တမ် သီအိုရီကို အသုံးပြုမှ မှန်ကန်သောအဖြေကို ရရှိနိုင်ပြီး အလင်းအမြန်နှုန်းပါး ရွှေရှားနေသော အမှုန်များအတွက် သီးသန့် ရီလေတီဗီတီကို အသုံးပြုသည်။ ရုပ်လောကတွင် အကြီးစား အဖွဲ့အစည်းကြီးများ ဖြစ်သောကြယ်၊ ဂလက်ဆီ၊ စကြဝဠာတို့၏ လှုပ်ရှားမှု၊ ရွှေရှားမှု၊ ပြန့်ကားမှုများကို ဖော်ပြနိုင်သည့် သီအိုရီသည် ယေဘုယျ ရီလေတီဗီတီ ဖြစ်သည်။

နယူတန်၏ သီအိုရီကို ၁၆၆၅ ခုနှစ်တွင် ဖော်ထုတ်ခဲ့သည်။ ခေတ်ပေါ် ရီလေတီဗီတီသည် နယူတန်သီအိုရီ ပေါ်ပေါက်လာပြီး နှစ်ပေါင်း နှစ်ရာ့ငါးဆယ်ကြာမှ ပေါ်ထွက်လာသည်။ ခေတ်ပေါ် ကွမ်တမ် သီအိုရီမှာလည်း နှစ်ပေါင်း နှစ်ရာ့ခြောက်ဆယ်ကြာမှသာ ပေါ်ထွက်လာသည်။ သို့ရာတွင် အိုင်စတိုင်းသည် မိမိသီအိုရီမှန်မမှန်ကို ရီလေတီဗီတီကို နီးပါးပြု၍ နယူတန်၏ နိယာမများ ရမရဖြင့် ချိန်ထိုး



ကဗင်ဒစ်ရှ စမ်းသပ်ခန်းကို စတင် တည်ထောင်သူမှာ စကော့လူမျိုး ရူပဗေဒပညာရှင် ပါမောက္ခ မက်ဆွဲ (အောက်ပုံ) ဖြစ်သည်။ အပေါ်ပုံမှာ ဗြိတိသျှ-ကျန်းစု၏ ပထမဆုံး ရူပဗေဒ နိုဗယ်ဆုရရှိခဲ့သူ ရယ်လေဖြစ်သည်။

ကြည့်ခဲ့သည်။ ဒိရက်၊ ဟိုက်ဇင်ဗတ်၊ ရှရိုဒင်ဂါးတို့သည်လည်း ကွမ်တမ်မက္ကင်းနစ်ပညာမှ နယူတန်၏ ညီမျခြင်းများ ရရှိနိုင်ကြောင်း ကနဦးအစတွင် စမ်းသပ်လက်ခံခဲ့ကြသည်။ နယူတန်မှာ ကျောင်းသားဘဝတွင် စနစ်တကျ

လက်တွေ့စမ်းသပ်မှု လုံးဝလုပ်ဆောင်ခဲ့ရသူ မဟုတ်ပေ။ အကြောင်းသော်ကား ကိန်းဗရစ်တက္ကသိုလ်တွင် လက်တွေ့ပြုလုပ်နိုင်သော စမ်းသပ်ခန်းသည် ၁၈၇၄ ခုနှစ်မှသာ စတင်ဖွင့်လှစ်နိုင်ခဲ့၍ ဖြစ်ပေသည်။ ယင်းစမ်းသပ်ခန်း၏ အမည်သည် ကဗင်ဒစ်ရှ စမ်းသပ်ခန်းဖြစ်သည်။

နယူတန်နှင့် အခြား ရူပဗေဒပညာရှင်များသည် လက်တွေ့ ရူပဗေဒ သုတေသနကို မိမိတို့၏ အခန်းထဲ၌ ကိုယ်စီကိုယ်စီ ပြုလုပ်ခဲ့ကြရသည်။ နယူတန်သည် ကိန်းဗရစ်တက္ကသိုလ်၏ အထင်ရှားဆုံး ပညာရှင်တဦး ဖြစ်သကဲ့သို့ နယူတန်အား ခန့်အပ်ခဲ့သော လူကာရှင်း ပါမောက္ခ ရာထူးမှာလည်း ခေတ်အဆက်ဆက်တွင် ရူပဗေဒ ပညာရှင် အကျော်အမော်များ ဖြစ်ကြသော စတုတ်၊ လာမော်၊ ဒိရက်၊ လိုက်ဟီးလ်၊ ဟောကင်းတို့ ဆက်ခံခဲ့သော ရာထူး ဖြစ်သည်။ ကိန်းဗရစ် တက္ကသိုလ်တွင် ယင်းရာထူးကဲ့သို့ ထင်ရှားသော ရာထူးတခုသည် ကဗင်ဒစ်ရှ ပါမောက္ခ ရာထူး ဖြစ်သည်။

ကဗင်ဒစ်ရှနှင့် လက်တွေ့ ရူပဗေဒ။ ။သိပ္ပံ ပညာသည် လက်တွေ့နှင့် ကင်းကွာစကောင်းသော ပညာရပ် မဟုတ်ချေ။ သိအိုရီရူပဗေဒ ပညာရှင်ဖြစ်လင့်ကစား အိုင်စတိုင်းသည် ဓျူးကလီးယား ရူပဗေဒပညာရှင် ဇီလတ်နှင့်အတူ ရေခဲစက် နမူနာတခုကို တည်ဆောက်ခဲ့ဖူးသည်။ အခြားလက်တွေ့သုတေသနလည်း ပြုခဲ့ဖူးသည်။ ထိုနည်းတူ ဒိရက်သည်လည်း အိုင်ဆိုတုပ် ခဲစက်တခုကို တီထွင်ခဲ့ဖူးသည်။ ထိုမျှ အရေးပါလှသော လက်တွေ့သိပ္ပံပိုင်းကို ၁၈၇၄ ခုနှစ်အထိ ကိန်းဗရစ်တက္ကသိုလ်တွင် စနစ်တကျသင်ကြားခြင်း မရှိခဲ့ချေ။ ပါမောက္ခရာထူးဖြင့် အမှုထမ်းနေသော သီအိုရီပညာရှင် ကြီးများပင်လျှင် လက်တွေ့ကို အထူးတလည် ဂရုပြု၍ လုပ်ဆောင်နေကြရ၍ ကိန်းဗရစ် တက္ကသိုလ်တွင် ရူပဗေဒ စမ်းသပ်ခန်းနှင့်အတူ ရူပဗေဒပါမောက္ခ ရာထူး အသစ်တခုကို တီထွင်ရန် ၁၈၆၉ ခုနှစ်တွင် ပညာရှင် အသိုင်းအဝန်းက လက်ခံသဘောတူခဲ့ကြသည်။ တက္ကသိုလ် အသိုင်းအဝန်းတွင် ငွေကြေးကျပ်တည်းမှုမှာ ယင်းကာလကပင် ရှိခဲ့သည်။ စမ်းသပ်ခန်းတခု တည်ဆောက်ရန် ပေါင်စတာလင် ၆,၃၀၀ လိုခဲ့သည်။ ထိုငွေကို တက္ကသိုလ် အဓိပတိကြီးဖြစ်သူ ဒဲဗွန်းရှားမြို့စားကြီးက ပေးလှူလေသည်။

၁၈၇၁ ခုနှစ်တွင် ကဗင်ဒစ်ရှပါမောက္ခ ရာထူးတခုကို ထိုကိန်းဗရစ် တက္ကသိုလ်တွင် တီထွင်နိုင်ခဲ့သည်။ ပါမောက္ခအဖြစ် စကော့လူမျိုး ရူပဗေဒ ပညာကျော်ကလာခ မက်ဆွဲအား ခန့်အပ်လိုက်လေသည်။ ပါမောက္ခ မက်ဆွဲသည် ကိန်းဗရစ် တက္ကသိုလ်တွင် သခ်ၤာနှင့် ရူပဗေဒဘာသာရပ် ဂုဏ်ထူးတန်း ဝိဇ္ဇာဘွဲ့ကို ဒုတိယနေရာမှ



အီလက်ထရွန်တွေ့ရှိမှုဖြင့် ၁၉၀၆ ခုနှစ် နိုဗဲဆုရရှိခဲ့သူ ပါမောက္ခ ဆာဂျေဂျေသွန်မဆင် (အောက်ပုံ) လက်ထက်တွင် နိုဗဲဆုရှင် အမြောက်အမြား မွေးထုတ်နိုင်ခဲ့သလို ကဗင်ဒစ်ရှ၏ပဉ္စမမြောက် ပါမောက္ခ ဆာလောရင့်ဗရက် (အပေါ်ပုံ) လက်ထက်တွင်လည်း နိုဗဲဆုရှင် ငါးယောက် မွေးထုတ်ပေးခဲ့သည်။



၁၉၀၁ ခုနှစ်တွင် နိုဗဲဆုရရှိခဲ့သော ဓျူးကလီးယား ရူပဗေဒ၏ ဖခင်ကြီး လော့ရပ်သာဗို့ဖြစ်သည်။ စတုတ္ထမြောက် ကဗင်ဒစ်ရှ ပါမောက္ခ ဖြစ်သည်။



၁၉၇၇ ခုနှစ်တွင် အခဲအခြေရူပဗေဒအတွက် နိုဗယ်ဆု ရခဲ့သူ ကဗင်ဒစ်ရှပါမောက္ခ ဆာနဗဲလဓမာ(တ)နှင့် ကဗင်ဒစ်ရှတွင် နှစ်ပေါင်းများစွာ သုတေသနပြုခဲ့သူ အမေရိကန် ရူပဗေဒပညာရှင် ဒေါက်တာ အင်ဒါဆင်



လက်ရှိ ကဗင်ဒစ်ရှပါမောက္ခ ဒေါက်တာ ပိပါ၊ လွန်ကဲလျှပ်ကူး ရူပဗေဒတွင် သုတေသနပြုသည်။


အောင်မြင်ခဲ့သူဖြစ်သည်။ ကိန်းဗရစ်တက္ကသိုလ်တွင် သိပ္ပံနှင့် ဝိဇ္ဇာဘာသာရပ် အားလုံးအတွက် တခုတည်းသော ဘွဲ့သည် ဝိဇ္ဇာဘွဲ့ဖြစ်ခဲ့သည်။ ယင်းရူပ - သခ်ၤာတွဲ စာမေးပွဲသည် အလွန်အမင်း ပညာထူးချွန်သူများသာ ဝင်ရောက်ယှဉ်ပြိုင်ရကြပြီး နှစ်စဉ် ပထမ၊ ဒုတိယ၊ တတိယ နေရာမှ အောင်မြင်သူများကို ထိုနှစ်အတွက် အတော်ဆုံး ပညာရှင်များဟု သတ်မှတ်ကြသည်။ မက်ဆဲသည်လန်ဒန်တက္ကသိုလ်တွင် ရူပဗေဒပါမောက္ခအဖြစ် ငါးနှစ်ကြာ အမှုထမ်းဆောင်ဖူးသည်။ သို့ရာတွင် ပင်မအားဖြင့် လျှပ်စစ် သံလိုက်နှင့် အပူဒိုင်းနမစ်ပညာရပ်များအတွက် ကျော်ကြားသူ သီအိုရီပညာရှင်ဖြစ်လေသည်။

မက်ဆဲသည် ကဗင်ဒစ်ရှစမ်းသပ်ခန်းကို တာဝန်ခံ၍ တည်ဆောက်ရာ ၁၈၇၄ ခုနှစ်တွင် ဖွင့်လှစ် နိုင်ခဲ့သည်။ ကဗင်ဒစ်ရှဟု အမည် တွင်ရသည်မှာ ဒဗွန်းရှား မြို့စားသည် ရူပဗေဒပညာရှင် ကဗင်ဒစ်ရှနှင့် ဆွေမျိုး တော်စပ်သူ ဖြစ်ပြီး ဥရောပ တိုက်သားတို့၏ ထုံးစံအရ မိသားစုအမည်မှာ ကဗင်ဒစ်ရှ ဖြစ်သည်ကို အစွဲပြု၍ မှည့်ခေါ်ထားခြင်း ဖြစ်သည်။ ပထမ ကဗင်ဒစ်ရှ ပါမောက္ခ မက်ဆဲနှင့်အတူ ရူပဗေဒဌာနတွင် သရုပ်ပြ ဆရာတဦးပါ ခန့်အပ်ခဲ့၍ ၁၈၇၁ ခုနှစ် ကိန်းဗရစ် တက္ကသိုလ်ရှိ ရူပဗေဒဌာနတွင် ပါမောက္ခတယောက်နှင့်သရုပ်ပြဆရာတယောက် ရှိခဲ့သည်။ မက်ဆဲသည် သင်ကြားရေးတွင် ကျောင်းသားကြိုက်မသင်ကြားလိုချေ။ မက်ဆဲသည် ကိန်းဗရစ်တက္ကသိုလ်




နှစ်ဆယ်ရာစု၏ သီအိုရီ ရူပဗေဒဖခင်ကြီးဖြစ်သူ ဒေါက်တာ ဒီရက်။ နယူတန်၏ ရာထူးဖြစ်သော လူကာရှင်း ပါမောက္ခရာထူးတွင် ၃၇ နှစ်မျှ အမှုထမ်းခဲ့ပြီး ယနေ့တိုင် ရူပဗေဒ သုတေသနပြုဆဲ ဖြစ်သည်။

၏ ပညာရေး ရေစီးကြောင်းကို ပြောင်းပေးနိုင်ခဲ့သူ ဖြစ်သည်။ ကိန်းဗရစ် တက္ကသိုလ်တွင် ပထမဦးဆုံး ကဗင်ဒစ်ရှ ပါမောက္ခအဖြစ် ခန့်အပ်ခြင်းမခံရမီကာလတွင် မက်ဆွဲသည် သခ်ၤာ - ရူပစာမေးပွဲ အတွက် စာစစ်လူကြီးအဖြစ် ထမ်းဆောင်ခဲ့သည်။ ထိုစာမေးပွဲအတွက် သင်ရိုးတွင် အပူရူပဗေဒ၊ လျှပ်စစ်သံလိုက်ပညာနှင့် အလင်းပညာကို ထည့်သွင်းခဲ့သူသည် မက်ဆွဲဖြစ်သည်။ မက်ဆွဲသည် စေးပျစ် ရူပဗေဒ အပိုင်း၊ အပူဒိုင်းနမစ်အပိုင်းနှင့် လျှပ်စစ် သံလိုက်အပိုင်းတို့တွင် လက်တွေ့နှင့် သီအိုရီ ဘက်စုံ သုတေသနပြုလေသည်။ မက်ဆွဲသည် စီမံခန့်ခွဲမှုအပိုင်းကို အောင်မြင်စေရန် သုတေသန ပြုမှုအတွက် အချိန်ကို လျှော့ခဲ့ရသည်။ ကဗင်ဒစ်ရှ စမ်းသပ်ခန်းကြီး ဖြစ်မြောက်ရန် ကိန်းဗရစ် အသိုင်းအဝိုင်းမှ သိပ္ပံဘာသာရပ်နှင့် မပတ်သက်သော ပညာရှင်များ၏ပုံပိုးမှု၊ နားလည်မှုကို မက်ဆွဲက ရယူနိုင်လေသည်။ မက်ဆွဲ၏ စွမ်းဆောင်မှုဖြင့် ကိန်းဗရစ် တက္ကသိုလ် ရူပဗေဒ ကျောင်းသားများသည် လက်တွေ့ရူပဗေဒကို ၁၈၇၄ ခုနှစ်မှ စ၍ စနစ်တကျ လုပ်ဆောင်နိုင်ခဲ့သည်။ ရူပဗေဒပညာ၏အခြေခံမှာ လက်တွေ့ပြုဓဆောင်ချက်များပေါ်တွင် တည်ရှိကြောင်းကို ကိန်းဗရစ်ပညာရှင်များ လက်ခံထားကြလေသည်။



အခြေခံအပူန် ရူပဗေဒအတွက် ယနေ့ထက်တိုင် အသုံးပြုနေရသောတိမ်ဇွေတိုက်ခန်းတခုကို တီထွင်ခဲ့သူ ၁၉၂၇ ခုနှစ် နိုဗဲဆုရှင် ဒေါက်တာ ဝီလဆင်



၁၉၇၄ ခုနှစ်တွင် ရူပဗေဒနိုဗဲဆုကို ရရှိခဲ့သော ကဗင်ဒစ်ရှ စမ်းသပ်ခန်းမှ ဆာမာတင်ရိုင်းနှင့် ဒေါက်တာ ဟယူဝစ်။ စကြဝဠာ ပြန့်ကားမှုအထောက်အထားနှင့် နျူထရွန်ကြယ်များ တွေ့ရှိမှုဖြင့် ဆုရရှိခဲ့ကြသည်။



၁၉၂၂ ခုနှစ်အတွက် ဓာတုဗေဒနိုဗဲဆုရရှိသူ ရူပဗေဒပညာရှင် ဒေါက်တာအက်စတွန်။ ဂျေဂျေသွန်မဆင်၏ လက်ထောက်ဖြစ်သည်။

မက်ဆွဲ ကွယ်လွန်ပြီး အနှစ်တရာ ပြည့်မြောက်သည့် ၁၉၇၉ ခုနှစ် ရူပဗေဒနိုဗဲဆုရှင်တဦးဖြစ်လာသောပါကစ္စတန်နိုင်ငံဖွား ကိန်းဗရစ် ခြံပေါက် အဗ္ဗဒူ ဆလမ်သည် သီအိုရီရူပဗေဒပညာရှင်ဖြစ်လင့်ကစား ဆရာဖြစ်သူ နက္ခတ္တရူပဗေဒပညာရှင် ဖရက်တိုင်း၏ စိမ်ချက်အရ အဆင့်မြင့်လက်တွေ့ သုတေသနကို ကဗင်ဒစ်ရှ သုတေသနဗိမာန်တွင် တနှစ်ကြာ ပြုလုပ်ခဲ့ရသည်။



နျူးကလီးယား ရူပဗေဒအတွက် ဗွေဆော်ဉီး အရှိန်ပေးစက်တလုံး တည်ဆောက်နိုင်ခဲ့သူဒေါက်တာ ကော့ခရော့နှင့် ဒေါက်တာ ဝါလတန် တို့ကို ရပ်သာဖို့ (အလယ်လူ) နှင့်အတူ တွေ့ရပုံ။ ယင်းပညာရှင် နှစ်ဦးသည် ၁၉၅၁ ခုနှစ်အတွက် နိုဗယ်ဆုကို ရရှိခဲ့ကြသည်။



၁၉၃၅ ခုနှစ်အတွက် နိုဗယ်ဆုရရှိခဲ့သူ ဒေါက်တာ ချဒ်ဝစ်မှာ နျူထရွန်ကို တွေ့ရှိခဲ့သည်။



၁၉၃၃ ခုနှစ် လွန်ကဲလျှပ်ကူးရူပဗေဒဖြင့် နိုဗယ်ဆုရရှိ ခဲ့သူ ဒေါက်တာ ဂျီစဖာစင်မှာ လက်ရှိကဗင်ဒစ်ရှ ပါမောက္ခ ပီပါ၏ဒေါက်တာဘွဲ့သုတေသန ကျောင်းသား ဖြစ်သည်။



၁၉၄၈ ခုနှစ်အတွက် နိုဗယ်ဆုရှင် လော့ဗလက်ကစ်သည် ကော့စမစ်ရောင်ခြည်ကို သုတေသန ပြုလုပ်ခဲ့သည်။ ပိုစီထရွန်ခေါ် အမှုန်ကိုလည်း တွေ့ရှိခဲ့သည်။



ဆိုဗီယက် ရူပဗေဒပညာရှင် ကပီဇာမှာ ၁၉၇၈ ခုနှစ်အတွက် နိုဗယ်ဆုကို ရရှိခဲ့သည်။ ဤပုံတွင် (ဝဲမှယာသို့) ကပီဇာကို ရက်ကလစ်၊ ရပ်သာဖို့တို့နှင့် အတူတွေ့ရပုံ

မက်ဆဲ့ ကွယ်လွန်ပြီးနောက် ရူပဗေဒ ပါမောက္ခ ရာထူးကို ဆက်ခံရသူသည် နောင်တွင် ဗြိတိသျှကျွန်းစု၏ ပထမဦးဆုံး ရူပဗေဒ နိုဗဲဆုကို ၁၉၀၄ ခုနှစ်အတွက် ရရှိသွားသူ ရယ်လေးဖြစ်သည်။ ရယ်လေးသည် ကုလုံကြွယ်ဝချမ်းသာသူဖြစ်၍ ပါမောက္ခ ရာထူးကို ငါးနှစ်သာ တာဝန်တရပ်အနေဖြင့် ဆောင်ရွက်ပေးမည်ဟု ကြိုတင်ကတိပေးထားသူဖြစ်သည်။ ရယ်လေးသည် လျှပ်စစ်စံ စနစ်အတွက် သုတေသနအပြင် အလင်းပညာ (အဝေးကြည့်မှန်ပြောင်း သုတေသန) နှင့် လိုင်း နှင့် အသံပညာပိုင်း ဆိုင်ရာ သုတေသန မော်လီကျူး ရူပဗေဒ သုတေသနတို့ကို ကျယ်ကျယ် ပြန့်ပြန့် ပြူလုပ်နိုင်သူတဦး ဖြစ်၏။ ရယ်လေးသည် ကဗ်ဒစ်ရှ စမ်းသပ်ခန်းကို ရွှေဆောင်လမ်းပြ သုတေသနဗိမာန်အဖြစ် သို့ ရောက်ရှိသည်အထိ လုပ်ဆောင်နိုင်ခဲ့သည်။ ၁၈၀၄ ခုနှစ်တွင် ဂျေဂျေသွန်မဆင်သည် ကဗ်ဒစ်ရှ ပါမောက္ခဖြစ်လာပြီး သူ၏လက်ထက်တွင် ကမ္ဘာ့ရူပဗေဒသုတေသိများ မွေးထုတ်ပေးရာ သုတေသနဗိမာန်ကြီးအဖြစ် ဖန်တီးပေးနိုင်ခဲ့သည်။ ဂျေဂျေသွန်မဆင်သည် အီလက်ထရွန် တွေ့ရှိမှုဖြင့် ၁၉၀၆ ခုနှစ်အတွက် နိုဗဲဆုရရှိခဲ့ပြီး အီလက်ထရွန်နှင့် အက်တမ် ရူပဗေဒတို့ကို စတင်ပြီး တရှိန်ထိုး တိုးတက်ခိုင်မြဲလာသည်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ သွန်မဆင် လက်ထက်တွင် ကမ္ဘာကျော် ရူပဗေဒ ပညာရှင် တိုင်းလောက်ပင် ကဗ်ဒစ်ရှစမ်းသပ်ခန်းကို တခါတခေါက်ရောက်ရှိလာတတ်သည့်အထိ နာမည်ကြီးသုတေသနဗိမာန်ကြီးဖြစ်ခဲ့ရသည်။ အီလက်ထရွန် တွေ့ရှိမှုမှာ အက်တမ် ရူပဗေဒ အတွက် ဗေဒဆော်ဦးခြေလှမ်းဟု ဆိုနိုင်ပေသည်။ ဂျေဂျေသွန်မဆင်၏တပည့်ကျော်တဦးသည် ၁၉၂၂ ခုနှစ်တွင် ဓာတုဗေဒ နိုဗဲဆုရရှိသော အက်စတွန် ဆိုသူဖြစ်၏။ အက်စတွန်သည် ဒြပ်ထုဆောင်စဉ်တိုင်းကိရိယာကိုတီထွင်ပြီး အိုင်ဆိုတုပ်သုတေသန၏ပဂေးကြီးတဦး ဖြစ်လေသည်။

နောက်တဦးမှာမူကား နယူးဇီလန်ပြည်သား ရပ်သာဖို့ဖြစ်လေသည်။ ရပ်သာဖို့သည် ရှူးကလီးယား ရူပဗေဒ၏ ဖခင်တဦးဟု သမုတ်ခံရသူ ဖြစ်သည်။ ရေဒီယို သတ္တိကြွ ရူပဗေဒနှင့် ရှူးကလီးယား ရူပဗေဒကို စွမ်းစွမ်းတမံပြုလုပ်ခဲ့ပြီး ၁၉၀၈ ခုနှစ်တွင် ဓာတုဗေဒ နိုဗဲဆုကို ရရှိခဲ့လေသည်။ မိမိရှူးကလီးယား သုတေသနတွင် ဒြပ်စင်တခုကိုအခြားတခုအဖြစ်သို့ ပြောင်းလဲပုံများ တွေ့ရှိခဲ့ရ၍ ရူပဗေဒပညာရှင် ဖြစ်လျက် ဓာတုဗေဒဆုရခဲ့ခြင်းမှာ အံ့သြစရာဟု ထင်ခဲ့သော်လည်း မိမိကို ဓာတုဗေဒညာရှင်အဖြစ်သို့တမှုတ်ချင်း ပြောင်းလဲပေးခဲ့သော နိုဗဲဆုမှာ ပို၍ပင် အံ့သြစရာကောင်းသည်ဟူ၍ ပြောဆိုခဲ့ပူးသည်။

ဂျေဂျေသွန်မဆင် လက်ထက်တွင်ပင် စီတီအာဝီလဆင်ဆိုသူသည် ကော့စမစ်ဇောင်ခြည်နှင့် အခြေခံအမှုန်များကို ဖမ်းယူလေ့လာနိုင်သော တိမ်ငွေတိုက်ခန်းခေါ် ကိရိယာတခုကို တီထွင်ခဲ့လေသည်။ ယင်းလုပ်ဆောင်မှု အတွက် ၁၉၂၇ ခုနှစ်တွင် ဝီလဆင်သည် ရူပဗေဒ နိုဗဲဆု ချီးမြှင့်ခြင်း ခံရသည်။ ဂျေ ဂျေ သွ န် မ ဆင် ၏ တ ပည့် ကျော်တယောက်မှာ အိပ် စ ဇောင် ခြည် လိုင်း ကွေ ခြင်း ဖြင့် အက်တမ်နှင့်မော်လီကျူးဖွဲ့စည်းပုံကို ဖော်ထုတ်သည့် လုပ်ငန်းအတွက် ၁၉၁၄ ခုနှစ်အတွက် ရူပဗေဒနိုဗဲဆုရရှိသော လောရင့်ဗရက်ဆိုသူဖြစ်သည်။ အသက်အစိတ်တွင် နိုဗဲဆုကို ဖခင် ဝီလယံဗရက်နှင့်အတူ ဆွတ်ခူးခဲ့သူ ဗရက်သည် နိုဗဲဆုရှင်များထဲတွင် အသက်အငယ်ဆုံးဖြစ်သည်။ လောရင့် ဗရက်သည် ရပ်သာဖို့၏ အရိုက်အရာဖြစ်သော ကဗ်ဒစ်ရှ ပါမောက္ခရာထူးကို ဆက်လက်ရရှိသူ ဖြစ်၏။ ရပ်သာဖို့ လက်ထက်တွင် ကော့ခရော့နှင့် အိုင်ယာလန်ပြည်သား ဝါလတန်တို့သည် အခြေခံအမှုန်များအတွက် ဗေဒဆော်ဦး အရှိန်ပေးစက်တလုံး တည်ဆောက်နိုင်ခဲ့ပြီး ၁၉၅၁ ခုနှစ်အတွက် နိုဗဲဆုကို ရရှိခဲ့သည်။

ပထမ ကမ္ဘာစစ်အတွင်းက ရေတပ်မတော်တွင် အရာရှိအဖြစ် အမှုထမ်းခဲ့သော ဗလက်ကစ်သည်လည်း ရပ်သာဖို့၏ တပည့်ကျော်တဦး ဖြစ်ပြီး သိအိုရီ ရူပဗေဒ ပညာရှင် ဒီရက်၏ ဟောကိန်းထုတ်ခဲ့သော ပထမ ဆန့်ကျင်ဘက် အမှုန်ဖြစ်သော ပိုစီထရွန် (အီလက်ထရွန်နှင့် ဒြပ်ထုတူ လျှပ်စစ်သဘာဝ ဆန့်ကျင်သော အမှုန်)ကို အမေရိကန်ပြည်သား အင်ဒါဆင်နှင့်အတူ တွေ့ရှိခဲ့၍ ၁၉၄၈ ခုနှစ်အတွက် ရူပဗေဒနိုဗဲဆု ရရှိခဲ့သည်။ ရပ်သာဖို့၏ တပည့်တဦးမှာ ရှူထရွန် အမှုန်ကို တွေ့ရှိသဖြင့် ၁၉၃၅ ခုနှစ် နိုဗဲဆု ရရှိခဲ့သော ချဒ်ဝစ်ဖြစ်၏။ ဆိုဗီယက်နိုင်ငံမှ ရပ်သာဖို့ထံ လာရောက်၍ ဒေါက်တာဘွဲ့အတွက် သင်ကြားသူမှာ ၁၉၇၈ ခုနှစ်တွင် အသက် ၈၀ ကျော်မှနိုဗဲဆုရခဲ့သူ ကပီဇာဖြစ်၏။ ရပ်သာဖို့၏တပည့်များတွင် ရှူးကလီးယား ရူပဗေဒကို ဆက်၍ သုတေသနမပြူပဲ ပြင်းအားမြင့်သံလိုက်နှင့်အအေးလွှန် ရူပဗေဒအပိုင်းကို စတင်ခဲ့သူသည် ကပီဇာဖြစ်ပေသည်။ ၁၉၇၈ ခုနှစ်တွင် နိုဗဲဆု အပ်နှင်းသောအခါ ဆိုဗီယက်နိုင်ငံသို့ ပြန်ရောက်သည်မှာ နှစ်ပေါင်း များစွာကြာခဲ့ပြီး ဖြစ်သော်လည်း ကဗ်ဒစ်ရှ သုတေသနဗိမာန်တွင် ၁၂ နှစ်ကျော်ကျော် ချိန်တာအတွင်း ပြူလုပ်ခဲ့သော သုတေသန လုပ်ငန်းအတွက် ရူပဗေဒဆုကို ပေးခဲ့ခြင်း ဖြစ်သည်။ ကပီဇာရှိစဉ် ကဗ်ဒစ်ရှ စမ်းသပ်ခန်းတွင် လာရောက်၍ သုတေသနပြူသူတဦးမှာ လူကာရှင်း ပါမောက္ခ ဒီရက်ဖြစ်သည်။ ဒီရက်မှာ ရှရိုဒင်ဂါးနှင့်အတူ ၁၉၃၃ ခုနှစ်အတွက် နိုဗဲဆုရခဲ့သူ ဖြစ်ပြီး ယခုအခါ အသက် ၀၀ ရှိပြီး ဖြစ်သော်လည်းအသက် ၀၀ ကျော် ကပီဇာကဲ့သို့ ရူပဗေဒသုတေသနကို အပတ်တကုတ်ပြူလုပ်ဆဲ ဖြစ်သည်။


ဇီဝရူပဗေဒ၊ရေဒီယိုရူပဗေဒနှင့် ကဗင်ဒစ်ရှ။ ။ချူးကလီးယားရူပဗေဒပညာရှင် ရပ်သာဖို့သည် ၁၉၃၇ ခုနှစ်တွင် မမျှော်လင့်ပဲ ကွယ်လွန်ခဲ့လေသည်။ တနှစ်ကြာသော် ကဗင်ဒစ်ရှ ပါမောက္ခရာထူးတွင် ဗရက်အား ခန့်ထားလိုက်လေသည်။ ဗြိတိသျှကျွန်းစုတွင် ပြုလုပ်သော ချူးကလီးယား ရူပဗေဒ သုတေသနသည် ထိုအချိန်တွင် ကျဆင်းစပြုနေပြီ ဖြစ်သည်။ အကြောင်းသော်ကား ဗြိတိသျှ၏ နိုင်ငံရေး ဩဇာသည်လည်း ယခင်လောက် မရှိတော့သည် သာမက စီးပွားရေးမှာလည်း အမေရိကန်ပြည်ထောင်စုကဲ့သို့သော နိုင်ငံမျိုးကို မယှဉ်နိုင်တော့ချေ။ ချူးကလီးယားရူပဗေဒအတွက် အရှိန်ပေးစက်နှင့် ပစ္စည်း ကိရိယာများအတွက် ငွေကုန်ကျမှုများသည် ဗြိတိသျှနိုင်ငံအတွက် ကျော်လွန်နိုင်သော အခက်အခဲမျိုး မဟုတ်တော့ပေ။ ဗရက်သည် အက်တမ်နှင့် ချူးကလီးယား ရူပဗေဒနှင့် နာမည်ကြီးခဲ့သည်။ စမ်းသပ်ခန်းတွင် အခဲအခြေရူပဗေဒ၊ ရေဒီယိုနက္ခတ္တရူပဗေဒနှင့် ဇီဝ ရူပဗေဒ သုတေသနများကို အစားထိုးပြုလုပ်ခဲ့လေသည်။

အစဉ်အလာကို အလွန်ထိန်းသိမ်းတတ်သော ကိန်းဗရစ်အသိုင်းအဝိုင်းက ကဗင်ဒစ်ရှ စမ်းသပ်ခန်းသည် တခေတ်ပြောင်း၍ ကောင်းနိုင်ပါဦးမည်လောဟု သို့လော သို့လော ဖြစ်ခဲ့ရသည်။ ဝေဖန်သူများပြီး အားပေးသူနည်းခဲ့သည်။ အမှန်မှာ ရပ်သာဖို့ လက်ထက်တွင်ပင် ပျက်စီးလုနီးပါးရှိ မထင်ရှားသော အဆောက်အအုံ (တဲ ဟု မှည့်ခေါ်ကြသည်)၌ အိုင်ယာလန်ပြည်သား ဗာနဲသည် သုတေသနကျောင်းသား ပီရူနှင့်အတူ ပရိုတင်းနှင့် ဗိုင်းရပ်များ၏ မော်လီကျူး အဖွဲ့အစည်းကို အိပ်စရောင်ခြည် လှိုင်းကွေနည်းဖြင့် လေ့လာနေခဲ့သည်။ သို့ရာတွင် ၁၉၃၀ ခုနှစ်တွင် ဗာနဲမှာ လန်ဒန်တက္ကသိုလ် ဘားဘက်ကောလိပ်တွင် ရူပဗေဒ ပါမောက္ခရာထူးကို ရရှိ၍ ကဗင်ဒစ်ရှမှ ထွက်ခွာသွား၏။ ပီရူသည် ဒေါက်တာဘွဲ့ရရှိရန် ဗရက်နှင့် ဆက်လက်၍ သုတေသန ပြုလုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း လေတပ်မတော်တွင် အမှုထမ်းခဲ့သော ကင်ဒရူးဆိုသူသည် ကဗင်ဒစ်ရှသို့ ၁၉၄၃ ခုနှစ်လောက်တွင် ရောက်ရှိလာပြီး အခဲအခြေ ရူပဗေဒ နည်းစနစ်များသုံး၍ ဇီဝပိုင်းဆိုင်ရာ အဖွဲ့အစည်းဖြစ်သော ပရိုတင်း ပုံဆောင်ခဲများကို ဗရက်၊ ပီရူတို့နှင့်အတူ လေ့လာသည်။

ပီရူသည် ၁၉၄၀ ပြည့်နှစ်တွင်လည်းကောင်း၊ ကင်ဒရူးသည် ၁၉၄၉ ခုနှစ်တွင်လည်းကောင်း၊ ဒေါက်တာဘွဲ့များရရှိခဲ့သော်လည်း ကိန်းဗရစ်အသိုင်းအဝိုင်းက သူတို့လုပ်သော သုတေသနကို ချူးကလီးယားရူပဗေဒမဟုတ်၍ မနှစ်မြို့ကြပေ။ ကဗင်ဒစ်ရှ စမ်းသပ်ခန်းတွင် သုတေသန ပြုနေသော်လည်းအချိန်ပြည့် ရူပဗေဒကထိကအဖြစ်ခန့်ထားရန် တက္က သိုလ်ရူပဗေဒအသိုင်းအဝိုင်းက ငြင်းဆန်ကြသည်။ သို့ရာတွင် ပီရူသည် အခက်အခဲကြားမှပင် ဇီဝရူပဗေဒကထိကအဖြစ် အမှုထမ်းနိုင်ခဲ့လေသည်။ ၁၉၄၇ ခုနှစ်တွင် ခရစ်ဆိုသူသည် ပီရူနှင့်တွဲဖက်၍ သုတေသနပြု၏။ ၁၉၅၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ ဝပ်ဆင်ရောက်ရှိလာသည်။ ဗရက် ကြီးမှူးပြီး ပီရူခေါင်းဆောင်သော အုပ်စုတွင် ကင်ဒရူး၊ခရစ်၊ဝပ်ဆင်အပြင် အယ်လင်ဟောကင်းနှင့် ဟပ်စလီတို့ ပါဝင်ကြသည်။ ၁၉၆၂ ခုနှစ်တွင် ပီရူနှင့် ကင်ဒရူးတို့သည် မိုင်ယိုဂလိုဗင်နှင့် ဟေမိုဂလိုဗင် မော်လီကျူး ဖွဲ့တည်ပုံ အိပ်စရေး သုတေသနအတွက် ဓာတုဗေဒနိုဗယ်ဆုရရှိကြပြီး ခရစ်နှင့် ဝပ်ဆင်တို့သည် ဒီအင်အေဖွဲ့တည်ပုံအတွက် ဆေးပညာနှင့် ဇီဝကမ္မဗေဒဆုကို ရရှိကြသည်။ ၁၉၆၃ ခုနှစ်တွင် ပါမောက္ခ ဗနား၏ပထမဦးဆုံး ဒေါက်တာဘွဲ့ ကျောင်းသူဒေါ်ရသီ ဟောကင်းသည် ဗစ်တာမင်ဘီ (၁၂) အတွက် ဓာတုဗေဒဆုကို ရရှိပြီး အယ်လင်ဟောကင်းနှင့် ဟပ်စလီတို့သည် ကြွက်သားတည်ဖွဲ့ပုံကို အိပ်စရေး လှိုင်းကွေခြင်းနည်းဖြင့် လေ့လာမှုအတွက် ဆေးပညာနှင့် ဇီဝကမ္မဗေဒဆုကို ရရှိခဲ့လေသည်။ ကဗင်ဒစ်ရှတွင် ဗရက်ဦးဆောင်ခဲ့သော သုတေသနနှောက်တခုသည်ရေဒီယိုနက္ခတ္တရူပဗေဒပညာဖြစ်သည်။ မာတင်ရိုင်း ဆိုသူသည် ဒုတိယကမ္ဘာစစ်အတွင်း ရေဒါသုတေသနသုံးအီလက်ထရွန်နစ်ပစ္စည်းဟောင်းများကိုသုံး၍ ရေဒီယိုဘယ်လီစကုပ်ကို ဒေါက်တာဘွဲ့ ကျောင်းသား ဟယူဝစ်နှင့်အတူ ဆောက်လုပ် သုတေသန ပြုခဲ့၏။ ယင်းလုပ်ငန်းနှင့် ပါလစာခေါ် ချူထရွန်ကြယ်နှင့် ကွေစာများတွေ့ရှိမှုအတွက် ၁၉၇၄ ခုနှစ်တွင် ရူပဗေဒနိုဗယ်ဆုကို ရရှိသွားကြသည်။

၁၉၅၄ ခုနှစ်တွင် မော့ (တ) သည် ကဗင်ဒစ်ရှ ပါမောက္ခဖြစ်လာပြီး အခဲအခြေ ရူပဗေဒအပိုင်းအတွက် ဆက်လက်သုတေသနပြု၏။ ကဗင်ဒစ်ရှခြံပေါက် ဂျိုစဖာဆင်သည် ၁၉၇၃ ခုနှစ်အတွက် လွန်ကဲလျှပ်ကူး ရူပဗေဒအတွက် နိုဗယ်ဆုကိုရရှိပြီး ပါမောက္ခ မော့ (တ) မှာ ၁၉၇၇ ခုနှစ်တွင် နိုဗယ်ဆုကို ရရှိလေသည်။ လက်ရှိ ကဗင်ဒစ်ရှ ပါမောက္ခမှာ ပီပါဖြစ်ပြီး လွန်ကဲလျှပ်ကူးရူပဗေဒပိုင်းတွင် သုတေသနပြုနေသည်။ ၁၉၇၃ ခုနှစ် နိုဗယ်ဆုရှင် ဗရိုင်ဂျိုစဖာဆင်သည် ပါမောက္ခပီပါ၏ ဒေါက်တာဘွဲ့အတွက် လေ့လာခဲ့သော ကျောင်းသား ဖြစ်သည်။

ကယားပြည်နယ်။ ။ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ ပြည်နယ်ခုနစ်ခုအနက် အငယ်ဆုံးပြည်နယ် ဖြစ်သည်။ မြန်မာတနိုင်ငံလုံး အကျယ်အဝန်း၏ ၁ ဒသမ ၇၃ ရာခိုင်နှုန်းသာရှိ၍၊ ၄,၅၃၀ စတုရန်းမိုင် ကျယ်ဝန်းသည်။ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ မြောက်ဘက်တွင် ရှမ်းပြည်နယ်၊



အနောက်ဘက်နှင့် တောင်ဘက်တွင် ကရင်ပြည်နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ကယားပြည်နယ်ကို လွိုင်ကော်၊ ဒီမောဆိုး၊ ဖရူးဆိုး၊ ဖားဆောင်း၊ ဘောလခဲ နှင့် ရှားတောဟူသော မြို့နယ်ခြောက်မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စု ၁၀၆ ခုတို့ဖြင့် ဖွဲ့စည်းထားသည်။ ဂေခို၊ ဂေဘား၊ ကယား၊ ကယမ်း၊ ပရဲ၊ ဘွဲ့၊ မနုမနော၊ယင်းဘော်၊ ယင်းတလဲ၊ ပကူး၊ ရွမ်း၊ မြန်မာ၊ ပအို၀် စသောတိုင်းရင်းသားများ စုစည်းနေထိုင်ကြသည်။ ပြည်နယ်အတွင်း မဲဆန္ဒပေးပိုင်ခွင့်ရှိသူပေါင်း ၆၆,၁၉၆ ဦးရှိရာ ပြည်သူလွှတ်တော် ကိုယ်စားလှယ်ရွစ်ဦး၊ပြည်နယ်အဆင့် ၃၀ ဦး၊ မြို့နယ်အဆင့် ၂၀၁ ဦးနှင့် ရပ်ကွက်ကျေးရွာအုပ်စုအဆင့် ကိုယ်စားလှယ် ၁,၅၄၀ ဦး ရွေးချယ်တင်မြှောက်ထားသည်။

ကယားပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းသည် လယ်ယာနှင့် သစ်တောလုပ်ငန်း ဖြစ်သည်။ ပြည်နယ်ဧရိယာတခုလုံး၏ ၆၉ ရာခိုင်နှုန်းသည် သစ်တောကြီးများဖြစ်၍ ကျွန်းသစ်ထုတ်လုပ်ရေး လုပ်ငန်းသည် ကယားပြည်နယ်၏ စီးပွားရေးသော့ချက်ဖြစ်သည်။ ထိုသစ်တောကြီးများမှ ကျွန်းသစ်၊ သစ်မာများအပြင် အခြားသစ်တောထွက် အပိုးတန်ပစ္စည်းများလည်းရရှိသည်။ လယ်ယာစိုက်ပျိုးရေးတွင် ဆန်စပါး၊ ပြောင်းဖူး၊ နှံစားပြောင်းနှင့် မြေပဲတို့ကို အဓိကထား စိုက်ပျိုးကြသည်။ သီးနှံများ စိုက်ပျိုးထုတ်ုင် စိုက်ပျိုးမြေအချို့ကို ရေသွင်း၍ စိုက်ပျိုးခဲ့ရာ မိုးဗြဲရေကာတာကြီးကြောင့် မြေကေပေါင်း ၂၇,၀၀၀ ကျော်ကို တနှစ်ပတ်လုံး ရေသွင်းစိုက်ပျိုးနိုင်သည်။ မိုးဗြဲ

ဆည်မြောင်း စီမံကိန်းသည် ၁၉၈၁ – ၈၂ ခုနှစ်တွင် ပြီးဆုံးမည်ဖြစ်ရာ ယင်းစီမံကိန်းကြီး ပြီးဆုံးပါက လွိုင်ကော်မြို့နယ်အတွင်းရှိ မြေရိယာ ကေ ၁၉,၉၄၂ ကိုလည်းကောင်း၊ သီးနှံရိယာ ကေ ၃၅,၀၆၉ ကိုလည်းကောင်း ဆည်ရေပေးသွင်းနိုင်မည် ဖြစ်သည်။ ပြည်နယ်တွင်းရှိ အခြားဆည်များမှာ လွိုင်ကော်မြို့နယ်ရှိ ဟိုတာဆည်၊ နွားလပို့ဆည်၊ ဒေါ်စဆည်၊ ဒီမောဆိုးမြို့နယ်ရှိ ငွေတောင်ဆည်၊ ညောင်ကိုင်းဆည်တို့ ဖြစ်ကြသည်။ ထိုဆည်များကြောင့်လည်း ၁၉၈၀ – ၈၁ ခုနှစ်တွင် သီးနှံအမျိုးမျိုးစိုက်ကေ ၆ ဒသမ ၁ သောင်းအထိ တိုးဘက်စိုက်ပျိုးနိုင်ခဲ့သည်။ လွိုင်နန်းမ၊ နန်းဖက်ခုံဒေသ ဆည်မြောင်း စီမံကိန်းကို ၁၉၈၁ – ၈၂ ခုနှစ်တွင် စတင်ဆောင်ရွက်ပြီး ၁၉၈၄ – ၈၅ ခုနှစ်တွင် လုပ်ငန်းစီမံကိန်းများ ပြီးစီးမည်ဖြစ်ရာ ယင်းဆည်မြောင်းများမှ ဒီမောဆိုးမြို့နယ်ရှိ မြေရိယာ ကေ ၁၀,၁၀၀ ကို ရေပေးသွင်းနိုင်မည်ဖြစ်သည်။ လွိုင်ကော်မြို့၌ ၃၅ ကေရှိ စံပြည်ယျာဉ်၊ ဒီမောဆိုးမြို့၌ ကေ ၂၅၀ ရှိ စံပြည်ယျာဉ်နှင့် ဖားဆောင်းမြို့၌ ၁၁ ကေရှိ စံပြည်ယျာဉ်များ ဖွင့်လှစ်ထားပြီး သိပ္ပံနည်းကျ စိုက်ပျိုးရေးပညာများကို ဖြန့်ဖြူးပေးလျက် ရှိသည်။

မိုးဗြဲရေကာတာကြီးသည် အင်းလေးကန်တောင်ဘက်ဖျားရှိ လီဂေါင်းကျေးရွာမှ မိုးဗြဲအထိ ဘိလူးချောင်းကို ၃၄ မိုင်ရှည်သော ရေလှောင်ကန်ကြီးသဖွယ် တည်ဆောက်ထားခြင်းဖြစ်ရာ ရေလှောင်ကန်အတွင်း ငါးအကြီးအကျယ် မွေးမြူနိုင်ရုံမျှမက အင်းလေးကန်မှ လွိုင်ကော်အထိ ရေလမ်းခရီး ကောင်းမွန်လာသည်။

ကယားပြည်နယ်သည် သေးငယ်သော်လည်း အဖိုးတန် သယံဇာတများ ထွက်ရှိရာ ခနောက်စိမ်း၊ ခဲမဖြူ၊ အဖြိုက်နက်များကို နိုင်ငံခြားသို့ တင်ပို့နိုင်သည်။ လွိုင်ကော် ကျောက်ပြားစက်ရုံမှလည်း အခင်းကျောက်များ နှစ်စဉ် စတုရန်းပေ ၈၀၀၀ နှင့် ကျောက်တုံးကုဗမီတာ ၃,၄၀၀ ထုတ်လုပ်သည်။ လောပီတ ဘိလူးချောင်း ရေအားလျှပ်စစ်စက်ရုံကလည်း ကီလိုဝပ် ၁,၆၀,၀၀၀ ထုတ်ပေး လျက် ရှိလေသည်။

ကယားပြည်နယ်၏ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ၁၉၈၀ – ၈၁ ခုနှစ်တွင် မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အခြေခံ ပညာအဆင့်မြင့်တန်းကျောင်း စုစုပေါင်း ၁၃၃ ကျောင်းအထိ တိုးတက်ပွင့်လှစ် ပေးနိုင်ခဲ့ပြီး ကျောင်းသားဦးရေ ၂ ဒသမ ၅ သောင်းကို ဆရာ ဆရာမ ၃၆၀ တို့ဖြင့် သင်ကြားပို့ချပေးလျက် ရှိသည်။ ပြည်နယ်ဒေသ ကျန်းမာရေးအတွက်လည်း ၁၉၈၀ – ၈၁ ခုနှစ်တွင် ဆေးရုံ ၁၃ ရုံအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ကယားပြည်နယ်နေ့သည် ဇန်နဝါရီလ ၁၅ ရက်ဖြစ်သည်။

ကရိုနင်, အာချီဗား ဂျိုးဇက် (ခရစ် ၁၈၉၆–၁၉၈၁) ။ ။ နာမည်ကျော် ပြိတိသျှ စာရေးဆရာကြီး အေ၊ ဂျေ၊ ကရိုနင်ကို စကော့တလန်ရှိ ဒန်ဘာတန်ပြည်နယ်၊ ဟယ်လင်ဘတ်မြို့လေးတွင် ၁၈၉၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် မွေးဖွားသည်။ ကရိုနင်သည် ဂလပ်စကိုတက္ကသိုလ်တွင် ဆေးပညာကို ဆည်းပူး၍ ခွဲစိတ်ဆရာဝန်အဖြစ် လည်းကောင်း၊ သတ္တုတွင်းဆိုင်ရာ ဆေးမှူးတာဝန်ကိုလည်းကောင်း ၁၉၃၀ ပြည့်နှစ်အထိ ထမ်းဆောင်သည်။ ၁၉၃၀ ပြည့်နှစ်မှစတင်၍ စာရေးဆရာ ဖြစ်လာသည်။

ကရိုနင်သည် ကုန်သည်တဦး၏ တဏှာလောဘဇောကို ရေးဖွဲ့ထားသည့် "ဟက်တာ၏ ရဲတိုက်ကြီး" ဝတ္ထု (၁၉၃၁)ကို ပထမဆုံးထုတ်ဝေခဲ့ရာ တဟုန်ထိုးကျော်ကြားခဲ့သည်။ အမျှားအကျိုး ပြုလုပ်ငန်းများ ဆောင်ရွက်ရန် လွှဲဆောင်ထားသော "ကရာင် နိုင်ငံတော်၏ သေဉ္စာက်များ" (၁၉၄၁) ဝတ္ထုတွင် တရုတ်ပြည်၌ သာသနာပြုခဲ့သူ ကက်သလစ်ဘုန်းတော်ကြီးတပါး၏ ကိုယ်ကျိုးစွန့်လျက် သာသနာရေးကိစ္စဆောင်ရွက်ပုံများကို ရေးသားခဲ့သည်။

"စပိန်ဥယျာဉ်မှူး" ဝတ္ထု (၁၉၅၀) တွင် အဖေတခု၊ သားတခု ဖြစ်နေသော အမေရိကန်ကောင်စစ်ဝန် သားအဖနှင့် သံယောဇဉ် ငြိတွယ်လာခဲ့ရသည့် စပိန်ပြည်သား ဥယျာဉ်မှူး လူငယ်တယောက်၏ သနားဖွယ်ကောင်းသော ဘဝကို ဖော်ကျူးထားသည်။

အေ၊ဂျေ၊ကရိုနင်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိဟု ဆိုစမှတ် ပြုကြသည့် "နှစ်လောကမှစွန့်စားခန်းများ" ဝတ္ထု (၁၉၅၂) တွင် ကျောင်းစရိတ်ရအောင် အသက်မွေးဝမ်းကျောင်းပြုခဲ့ရသည့် ဆေးခန်းစာရေးဘဝ၊ လီဗာပူမြို့မှ ကာလကတ္တားမြို့သို့သွားသော ရာဝါပင်ဒါသဘော်ပေါ်မှ ယာယီသဘော်ဆရာဝန်ဘဝ၊ စကော့တလန်ရွာငယ် တန်နေ့ဘရေးတွင် လက်ထောက်ဆရာဝန်ဘဝ၊ ပျားရည်ဆမ်းခရီး ပထမဆုံးညမှာပင် တာဝန်စတင်ထမ်းဆောင်ရသည့် ထရီဂျင်နီကျောက်မီးသွေးမိုင်းတွင်း ဆရာဝန်ဘဝ၊ လန်ဒန်မြို့ပေါ်တွင် ထင်ပေါ်ကျော်ကြားလာသော ဆရာဝန်ဘဝတို့တွင် တွေ့ကြုံရသမျှကို စိတ်လှုပ်ရှားဖွယ်၊ ကြည်နူးဖွယ်၊ လေးစားဖွယ်၊ စက်ဆုပ်ဖွယ် ရသစုံဖြင့် ခြယ်မှုန်းတင်ပြထားသည်ကို တွေ့ရသည်။ ဆရာဝန်ဘဝတလျှောက် တွေ့ကြုံသိခဲ့ရသော လူစရိုက်၊ လူသဘာဝကို ဝတ္ထုများရေးဖွဲ့လိုသော ဆန္ဒကြောင့်ပင် စာရေးဆရာ ဖြစ်လာရသည်ဟု ဖွင့်ဟထားသည်။ ထို စာအုပ်တွင် ဆရာဝန်လောကနှင့် စာပေလောက ဟူသော နှစ်လောကၵ် လှုပ်ရှားရုန်းကန်ခဲ့ရသည့် မိမိ ဘဝခရီးကို မှတ်တမ်းပြုထားသည်။

"စိမ်းလန်းသောနှစ်များ"၊ "ဤနေရာမှအလွန်"၊ "ဂိတ စာဆိုလေး"၊ "ကရူးဆိတ် သူရဲကောင်းများ၏ သခ်ျိုင်းဂူ"၊ "ကြက်သွေးရောင်ပန်းများနှင့် မိန်းမပျို" ဝတ္ထုများသည်လည်း ထင်ရှားသည်။ "ဂျူပီတာ ရယ်သည်။" အမည်ရှိ ပြဇာတ်ကို ရေးခဲ့သည်။ သတ္တုတွင်း အလုပ်သမားများ၏ ဘဝနှင့် အလုပ်ခွင်၊ မေတ္တာရေးရာဖြစ်ရပ်များ၊ တိုက်ပွဲများနှင့် နာကျည်းဖွယ် အတွေ့အကြုံများကို ဖော်ကျူးထားသည့် "ကြယ်အပေါင်းတို့ငုံကြည့်သည်။" ဝတ္ထု၊ ဆေးကျောင်းဆင်းစဉ် သတ္တုတွင်းဆရာဝန် ဖြစ်လာသော ဒေါက်တာ အင်ဒရူးမန်စင်ဆိုသူ၏ ယောင်ချာချာ ဘဝနှင့် လန်ဒန်မြို့လူတန်းစားတွင် ဝင်ဆံ့ခွင့် ရလာသော ဆရာဝန်ဘဝတို့ကို နှိုင်းယှဉ်ရေးဖွဲ့ထားသည့် "နန်းမြို့ရိုး" ဝတ္ထုစသည်တို့ကို ရုပ်ရှင်ရိုက်ကူးခဲ့ရသည်။


၁၉၇၉ ခုနှစ်တွင် ကရိုနင်၏ "ဥတ္တရအလင်း" ဝတ္ထုကို မြန်မာစာရေးဆရာ ဝင်းတင်က မြန်မာပြန် ဆိုခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် "ယုဒသစ်ပင်" ဝတ္ထုကို "အဆိပ်" ဟူသော အမည်ဖြင့် စာရေးဆရာထင်လင်းက မြန်မာ ပြန်ဆိုကာ စာပေဗိမာန်မှ ထုတ်ဝေခဲ့သည်။

အေ၊ ဂျေ၊ ကရိုနင်ရေးသော "ယုဒသစ်ပင်" ဝတ္ထုတွင် ငယ်စဉ်က မိဘသေဆုံးခဲ့၍ ချီငဲ့စ္ဓာ ပညာသင်ခဲ့ရသော စိတ်ကောင်းရှိသည့် ဆရာဝန်လူတော်ကလေးတယောက်က မှန်မြတ်သောရည်မှန်းချက်ဖြင့် ရိုးသားစွာ အလုပ်လုပ်လိုပါသော်လည်း၊ စည်းစိမ်ဥစ္စာ၊ လောကီအာရုံ ကာမဂုဏ်တို့၏ ဖြားယောင်းမှုကို ခံရသောအခါ သစ္စာယုဉ်းပျက်၍ ကြေကွဲဖွယ် ဇာတ်သိမ်းသွားရပုံကို စံမက်စရာ ရေးသားခဲ့သည်။

၁၉၂၀ ပြည့်နှစ်များတွင် ဗြိတိန်နိုင်ငံ သတ္တုတွင်း လုပ်သားများ၏ ကျန်းမာရေးဆိုင်ရာ ပြန်တမ်းနှစ်စောင်ကို အစိုးရအတွက် ပြုစုထုတ်ဝေခဲ့သည်။ ပထမကမ္ဘာစစ်အတွင်းတွင် ကရိုနင်သည် ခွဲစိတ်ကု ဆရာဝန်အဖြစ် အမှုထမ်းပြီး ဒုတိယ ကမ္ဘာစစ် အတွင်း၌ အမေရိကန် ပြည်ထောင်စုရှိ ဗြိတိသျှ ပြန်ကြားရေးဌာနခွဲ အမှုထမ်းသည်။ ထို့နောက် ပြင်သစ်နိုင်ငံရိုးဗီးယားရား၌ နေထိုင်သည်။ ၁၉၅၅ ခုနှစ်မှစ၍ ဆွစ်ဇာလန်နိုင်ငံသို့ ပြောင်းရွှေ့ခဲ့သည်။ ကရိုနင်သည် ပိုဒ္ဒိုင်း ကောလိပ်နှင့် လာဖရက် ကောလိပ်တို့မှ စာပေပါရဂူဘွဲ့ အပ်နှင်းခြင်း ခံရသည်။

မနှစ်စွာခုံမင်မှုမရှိပဲ ရိုးသားစွာနေတတ်သော ကရိုနင်သည် ဆွစ်ဇာလန်နိုင်ငံ မွန်ထရက်မြို့၌ ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကွယ်လွန်သည်။

ကရင်ပြည်နယ်။ ။ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ အရှေ့ဘက်ပိုင်းတွင် တည်ရှိပြီး ဧရိယာအားဖြင့် မြန်မာတနိုင်ငံလုံး အကျယ်အဝန်း၏ ၄ ဒသမ ၄၉ ရာခိုင်နှုန်းရှိ၍ ၁၁,၇၃၁ စတုရန်းမိုင် ကျယ်ဝန်းသည်။ တောင်နှင့်မြောက် မိုင် ၂၀၀ ကျော်ရှည်လျားပြီး အရှေ့နှင့်အနောက် မိုင် ၂၀ မှ



၄၀ . ခန့်အထိသာရှိသော ကရင်ပြည်နယ်၏ မြောက်ဘက်၌ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ကရင်ပြည်နယ်တွင် စကော၊ ပိုး၊ ဘွဲ့၊ ပကူးကရင်များနှင့်အတူ ရှမ်း၊ပအို်ဝ်၊မြန်မာ၊မွန် စသည့် တိုင်းရင်းသားများ စုစည်းနေထိုင်ကြသည်။ ဘားအံ၊ လှိုင်းဘွဲ့၊ ဖာပွန်၊ သံတောင်၊ ကော့ကရိတ်၊ မြဝတီ၊ ကြာအင်း (ဆိပ်ကြီး) ဟူသော မြို့နယ်ခုနစ်မြို့နယ်နှင့် ကျေးရွာအုပ်စုပေါင်း ၄၁၀ တို့ဖြင့် ပွဲစည်းထားရာ ကရင်ပြည်နယ်တွင် မဲဆန္ဒပေးပိုင်ခွင့် ရှိသူပေါင်း ၅,၃၃,၈၅၅ ဦးရှိ၍ ပြည်သူလွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး၊ ပြည်နယ်အဆင့် ၅၅ ဦး၊ မြို့နယ်အဆင့် ၅၅၁ ဦးနှင့် ရပ်ကွက်ကျေးရွာအုပ်စုအဆင့် ၄,၁၆၃ ဦးတို့ကို ပြည်သူကိုယ်စားလှယ်များအဖြစ် ရွေးကောက် တင်မြောက်ထားသည်။ ပြည်နယ်မြို့တော်သည် ဘားအံဖြစ်သည်။ ကရင်ပြည်နယ်နေသည် နိုဝင်ဘာလ ၇ ရက်နေ့ဖြစ်ပြီး ကရင်အမျိုးသားနေသည် ပြာသိုလဆန်းတရက်နေ့ဖြစ်သည်။

ကရင်ပြည်နယ်တွင် စပါး၊ မြေပဲ၊ ကွမ်းသီး၊ နှမ်း၊ ဆေးရွက်၊ ကြံ၊ ကြက်ပေါင်စေးတို့ကို အဓိကထားစိုက်ပျိုးလျက်ရှိသည်။ ၁၉၈၀–၈၁ ခုနှစ်တွင် စိုက်ပျိုးမြေကေ ၅ ဒသမ ၈ သိန်းအထိ တိုးတက် စိုက်ပျိုးသည်။ ကရင်ပြည်နယ်ဒေသတွင်း မွေးမြူရေး လုပ်ငန်းတရပ်အဖြစ် ပျားမွေးမြူရေးစီမံကိန်းကို ၁၉၇၉–၈၀ ပြည့်နှစ်မှ စတင် ဆောင်ရွက်ခဲ့ရာ ယင်းစီမံကိန်းအရ ပျားမွေးမြူရေးလုပ်ငန်းသည် ဘိန်းအစားထိုးလုပ်ငန်းတရပ်ဖြစ်သည်။ ပြည်နယ်ဒေသ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအနေဖြင့် ဘားအံဘိလပ်မြေစက်ရုံစီမံကိန်းကို ၁၉၈၁–၈၂ ခုနှစ်မှ စတင် ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ် အကျယ်အဝန်းထက်ဝက်ခန့်သည် အမြဲစိမ်းသစ်တောများ ဖုံးလွှမ်းလျက်ရှိရာ သောင်ရင်းနယ်ရှိ သစ်တောကြိုးဝိုင်းသည် ၅,၂၆,၀၀၀ ဧက ကျယ်ဝန်းပြီး ပြည်နယ်၏ စုစုပေါင်း သစ်တောကြိုးဝိုင်း ဧရိယာသည် ၁,၆၂၀ စတုရန်းမိုင်ရှိသည်။ ယင်းသစ်တောများမှ ကျွန်း သစ်၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ သက်န်း၊ ကညင်၊ အင်၊ သစ်ရာနှင့် ပိတောက် စသည့် သစ်အမျိုးအစားများအပြင် အခြားသစ်တောထွက်ပစ္စည်းများအဖြစ် ကြိမ်၊ ဝါး၊ ဖာလာစေ့၊ ပျဉ်းရည်၊အင်တဲ့၊ သစ်ခွပန်းနှင့် ထင်းမီးသွေးများရရှိသည်။ ထို့ကြောင့် ကရင်ပြည်နယ်တွင် သစ်တောလုပ်ငန်းသည် ပြည်နယ်အနေဖြင့် ဝင်ငွေ ဒုတိယအများဆုံး ရရှိသော စီးပွားရေးလုပ်ငန်း ဖြစ်သည်။

ကရင်ပြည်နယ်သည် သယံဇာတ ပစ္စည်းများလည်း ကြွယ်ဝသည်ဖြစ်ရာ သံ၊ ခဲ၊ ကြေးနီ၊ သံဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်းများထွက်သည်။ ပြည်နယ်တွင်းရှိ သဘာဝဂူကြီးများမှလည်း မြေဩဇာအတွက် လင်းနို့ချေးများ ရရှိသည်။ ကရင်ပြည်နယ်တွင် ၁၉၈၀–၈၁ ခုနှစ်အတွင်း ပြည်သူပိုင် စက်ရုံ အလုပ်ရုံပေါင်း ၁၃ ရုံ ရှိရာ ဆန်စက်၊ ရေခဲစက်၊ သစ်မာခွဲစက်၊ ပုံနှိပ်စက်၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများပါဝင်သည်။

ပြည်နယ်တွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန် ဆောက်လုပ်ရေးကော်ပိုရေးရှင်းမှ အရှည်ပေ ၆၀၀၊ အကျယ် ၂၄ ပေရှိသော ဒုံသမိ ချောင်းကူးတံတားကို ၁၉၇၆ ခုနှစ်က စတင် ဆောက်လုပ်ခဲ့ရာ ၁၉၈၂ ခုနှစ် ဖေဖွဲ့ဝါရီလ ၁၂ ရက်နေ့တွင် ဖွင့်လှစ်မည် ဖြစ်သည်။ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ဆက်သွယ်ရေးကားလမ်းပေါ် တွင်ရှိပြီး ဒုံသမိချောင်းကို ဖြတ်ကျော် တည်ဆောက်ထားသော ယင်းတံတားသည် နှစ်ပြည်နယ် ခရီးလမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်အောင် အထောက်အကူ ပြုနေလေသည်။

ကရင်ပြည်နယ်တွင် ၁၉၈၀–၈၁ ခုနှစ်၌ စုစုပေါင်း ၇၂၂ ကျောင်းအထိ တိုးချဲ့ ဖွင့်လှစ်ထားပြီး ကျောင်းဆရာဆရာမပေါင်း ၂,၆၀၈ ဦးတို့ပြင့် ပညာသင်ကြားပေးလျက်

ရှိသည်။စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ အခြေခံ ယက်ကန်းကျောင်းနှင့် ဘားအံ ကောလိပ်တို့ကိုလည်း တိုးခဲ့ ဖွင့်လှစ်ထားသည်။ ဒေသန္တရကျန်းမာရေး ဖွံ့ဖြိုး တိုးတက်မှုအတွက် ၁၉၈၀–၈၁ ခုနှစ်တွင် ဆေးရုံနှင့် ဆေး ပေးခန်းများ ၁၇ ခုအထိ တိုးခဲ့ဖွင့်လှစ်နိုင်ခဲ့သည်နှင့်အညီ ကျန်းမာရေး ဝန်ထမ်းများကိုလည်း တိုးခဲ့ ခန့်ထားခဲ့ လေသည်။

ကုလသမဂ္ဂ။ ။ ၃၆ ကြိမ်မြောက် ကမ္ဘာ့ ကုလသမဂ္ဂ အထွေထွေညီလာခံကို နယူးယောက်မြို့၌ ၁၉၈၁ ခုနှစ် စက်တင်ဘာလ ၁၅ ရက်မှ ဒီဇင်ဘာလ ၁၈ ရက်အထိ သုံးလကြာကျင်းပပြီး ကမ္ဘာ့ပြဿနာပေါင်း ၁၃၈ ခုကို တင်သွင်းဆွေးနွေးခဲ့ကြသည်။ယင်းညီလာခံတွင် ဗာန္ဒာတူး၊ ဗလိဇ်၊ အင်တီဂွာနှင့် ဘာဘူဒါ နိုင်ငံတို့ကို ကုလသမဂ္ဂ အဖွဲ့ဝင်သစ်များအဖြစ် လက်ခံလိုက်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံ ပေါင်း ၁၅၇ နိုင်ငံ ရှိလာသည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံသစ်

ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံအနက် အလှည့်ကျ လုံခြုံရေးကောင်စီ အဖွဲ့ဝင် ငါးနိုင်ငံဖြစ်သော မက္ကဆီကို၊ ဖိလစ်ပိုင်၊ ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ နိုင်ဂျာနှင့်တျူနစ်ဇီးယားနိုင်ငံတို့၏ သက်တမ်းသည် ၁၉၈၁ ခုနှစ်အကုန်တွင် ကုန်ဆုံးသောကြောင့် ယင်းတို့၏နေရာတွင် ၁၉၈၂ ခုနှစ် ဇန္နဝါရီလ ၁ ရက်မှစ၍ နှစ်နှစ်တာသက်တမ်း အတွက် ဂိုင်ယာနား၊ ဂျော်ဒန်၊ ပိုလန်၊ တိုဂိုနှင့် ဇိုင်ယာ နိုင်ငံတို့အား ရွေးချယ်ခဲ့သည်။ ၁၉၈၁ ခုနှစ် ဇန္နဝါရီလ ၁ ရက်မှစ၍ နှစ်နှစ်တာသက်တမ်းအတွက် တာဝန်ယူထား သော အခြားအလှည့်ကျ လုံခြုံရေးကောင်စီအဖွဲ့ဝင် ငါး နိုင်ငံမှာ အိုင်ယာလန်၊ စပိန်၊ ဂျပန်၊ ယူဂန်းဒါး၊ ပနားမား နိုင်ငံတို့ဖြစ်ပြီး တရုတ်၊ ပြင်သစ်၊ ဗြိတိန်၊ ဆိုဗီယက်နှင့် အမေရိကန်နိုင်ငံတို့က အမြဲတမ်း လုံခြုံရေးကောင်စီ အဖွဲ့ဝင် များဖြစ်သည်။

အတွင်းရေးမှူးချုပ်သစ်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်း၏ ဒုတိယ အကြိမ်ရာထူးသက်တမ်းသည် ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်ကုန်ဆုံးရာ မစ္စတာကွတ်ဗာဟိုင်းက တတိယ သက်တမ်းအတွက် တာဝန်ပေးအပ်ခံရပါက ဆောင်ရွက်လို ကြောင်း ဆန္ဒပြုခဲ့သည်။ ဘက်မလိုက်နိုင်ငံများအုပ်စုက တန်ဇားနီးယား နိုင်ငံခြားရေး ဝန်ကြီး ဆလင်အာမက် ဆလင်၏ အမည်ကို ယှဉ်ပြိုင် တင်သွင်းခဲ့သည်။ လုံခြုံရေး ကောင်စီတွင် မဲခဲရွေးချယ်ရာ မစ္စတာဆလင်ကို အမေရိကန် ပြည်ထောင်စုက လည်းကောင်း၊ မစ္စတာကွတ်ဗာဟိုင်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက လည်းကောင်း ဗီတိုအာဏာ ဖြင့် ပယ်ချခဲ့သည်။

သို့ဖြစ်နေစဉ် ပီရူးနိုင်ငံသား ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူး ချုပ် ဟောင်း ဟာဗီးယား ပဲရက်ဒေကွေး လျားအား ပီရူးနိုင်ငံကိုယ်စားလှယ်အဖွဲ့က ဆန္ဒပြုခဲ့သည်။ လုံခြုံရေးကောင်စီသည် ပဲရက်ဒေကွေးလျားအား ထောက် ခံမဲ ၁၀ မဲဖြင့်ရွေးချယ်ခဲ့ပြီးအထွေထွေညီလာခံသို့ထောက်ခံ တင်ပြရာ ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အထွေထွေညီလာခံက အတည်ပြုခဲ့သည်။

ကမ်ပူးချားပြဿနာ


အထွေထွေညီလာခံကိုယ်စားလှယ်များ၏ ခန့်အပ်လွှာ စိစစ်ရေးကော်မတီက ဒီမိုကရက်တစ် ကမ်ပူးချားအစိုးရ ကိုယ်စားလှယ်ကို ညီလာခံတက်ရောက်ခွင့်ပြုရန် ထောက်ခံ တင်ပြ ခဲ့ပြီး အထွေထွေ ညီ လာ ခံ တွင် မဲခဲ့ ဆုံးဖြတ်ရာ ထောက်ခံမဲ ၇၇ မဲ၊ ကန့်ကွက်မဲ ၃၇ မဲ၊ ကြားနေမဲ ၃၁ မဲ ဖြင့် အတည်ပြု၍ ညီလာခံကိုယ်စားလှယ်အဖြစ်တက်ရောက် ခွင့်ပြုခဲ့သည်။ ကမ်ပူးချားနိုင်ငံတွင်းမှ နိုင်ငံခြားတပ်များ ရုပ်သိမ်းပေးရေးနှင့် ကုလသမဂ္ဂကြီးကြပ်မှုဖြင့် လွတ်လပ် သောရွေးကောက်ပွဲများကျင်းပရေးအဆိုကို မဲခဲ့ဆုံးဖြတ်ရာ ထောက်ခံမဲ ၁၀၀၊ ကန့်ကွက်မဲ ၂၅ မဲနှင့် ကြားနေမဲ ၁၉ မဲ ဖြင့် အတည်ပြုခဲ့သည်။ ထိုဆုံးဖြတ်ချက်ကို လက်မခံနိုင် ကြောင်း ကမ်ပူးချားပြည်သူ့သမ္မတနိုင်ငံအစိုးရက ကြေငြာ သည်။

အာဖဂန်စတန်ပြဿနာ

အာဖဂန်စတန်ပြဿနာကို နိုင်ငံရေးအရဖြေရှင်းရန်နှင့် အထူးသဖြင့် ထိုနိုင်ငံတွင်းမှ ဆိုဗီယက်တပ်များ ရုပ်သိမ်း ပေးရန်အဆိုမူကြမ်းကို ပါကစ္စတန်ကဦးဆောင်၍ ဖွဲ့ဖြိုးဆဲ ၄၄ နိုင်ငံကတင်သွင်းရာ ထောက်ခံမဲ ၁၁၆ မဲ၊ ကန့်ကွက်မဲ ၂၃ မဲနှင့် ကြားနေမဲ ၁၂ မဲဖြင့် ၁၉၈၁ ခု နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အထွေထွေညီလာခံက ဆုံးဖြတ်ချက် ချမှတ်ခဲ့ သည်။

အသားအရောင်ခွဲခြားမှုဝါဒတိုက်ဖျက်ရေး

အသားအရောင် ခွဲခြားမှုဝါဒကို ကျင့်သုံးလျက်ရှိသော တောင်အာဖရိကနိုင်ငံကို ကုန်သွယ်ရေး သပိတ်မှောက်မှု အပါအဝင် ထိရောက်စွာ အရေးယူရန်၊ ထိုသို့အရေးယူရာ တွင် တောင်အာဖရိကနိုင်ငံအား အကာအကွယ်ပေးနေ သော အစိုးရများကို ဟန့်တားရန်၊ အသားအရောင်ခွဲခြား မှု ဝါဒ တိုက်ဖျက်ရေးကော်မတီက အထွေထွေညီလာခံသို့



ခဖ ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ ကျင်းပစဉ်

အစီရင်ခံစာ တင်သွင်းခဲ့သည်။ ညီလာခံ ကိုယ်စားလှယ် အများစုက တောင်အာဖရိကနိုင်ငံအား အရေးယူသွားရန် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို ထောက်ခံကြသည်။

နမီးဗီးယားလွတ်လပ်ရေး

တောင်အာဖရိကနိုင်ငံသည် ယခုအချိန်အထိ နမီးဗီးယား (အနောက်တောင်အာဖရိက) အား လွတ်လပ်ရေး ပေးရန် ငြင်းဆိုနေသဖြင့် တောင်အာဖရိကနိုင်ငံကို နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနှင့် ယဉ်ကျေးမှုရေးရာများအရ ပြင်းထန်စွာ အရေးယူရန် ဆုံးဖြတ်ချက်ကို အထွေထွေညီလာခံကပါ အများစုထောက်ခံမဲဖြင့် အတည်ပြု ချမှတ်ခဲ့သည်။

နမီးဗီးယား လွတ်မြောက်ရေး အတွက် အနောက်တောင် အာဖရိက ပြည်သူအဖွဲ့ (ဆွာပို) ၏ ဦးဆောင်မှုအောက်တွင် လက်နက်ကိုင် တိုက်ပွဲဝင်နေကြသော နမီးဗီးယား ပြည်သူတို့၏ လွတ်လပ်ရေးတိုက်ပွဲကိုထောက်ခံကြောင်းနှင့် ဆွာပိုအဖွဲ့သည် နမီးဗီးယား ပြည်သူတို့ကို ကိုယ်စားပြုသည့် တခုတည်းသော တရားဝင် အဖွဲ့အစည်းဖြစ်သည်ဟူသောအဆိုကို အထွေထွေညီလာခံ၌ ထောက်ခံမဲ ၁၂၀၊ ကြားနေမဲ ၂၇ မဲ ကန့်ကွက်မဲ မရှိဖြင့် ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အတည်ပြုခဲ့သည်။

အရှေ့အလယ်ပိုင်းပြဿနာ

ပါလက်စတိုင်းနိုင်ငံ ထူထောင် ခြင်း ကို ထောက် ခံ ကြောင်းဆုံးဖြတ်ချက်၊ ဂျရူးဆလမ်းအပါအဝင် ၁၉၆၇ ခုနှစ်က သိမ်းပိုက်ခဲ့သော အာရပ်နယ်မြေများမှ အစွေရေးတို့ ဆုတ်ခွာပေးရန် တောင်းဆိုကြောင်း ဆုံးဖြတ်ချက်၊ ပါလက်စတိုင်းပြဿနာ ပြေလျင်းရာတွင် ၁၉၆၇ ခုနှစ် နောက် ဆုံးထား၍ ကုလသမဂ္ဂမှ ကြီးမှူးသည့် အပြည်ပြည်ဆိုင်ရာ ညီလာခံကျင်းပရန် ဆုံးဖြတ်ချက်၊ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ပါဝင်ခြင်းမရှိသော ဒေးဗစ်စခန်း သဘော တူညီချက်သည် အရှေ့အလယ်ပိုင်း ပြဿနာ ဖြေရှင်းရေး အတွက် ပြည့်စုံလုံလောက်ခြင်း မရှိဟူသော ဆုံးဖြတ်ချက် လေးရပ်ကို ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ချမှတ်ခဲ့သည်။

၁၉၇၁ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် အီရတ်အကျူးမြူခေတ်ပေါင်းဖိုကို ဗုံးကြဲတိုက်ခိုက်ခဲ့သည့် အစွေရေး၏လုပ်ရပ်ကို ပြစ်တင်ရှုတ်ချကြောင်း၊ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အစွေရေးအား လက်နက်များ ထောက်ပံ့ ကူညီခြင်းမပြုရန် တိုက်တွန်းကြောင်း၊ ပျက်စီးသွားသော အီရတ် အကျူးမြူခေတ်ပေါင်းဖိုအတွက် အစွေရေးက လျော်ကြေးပေးရန် တောင်းဆိုကြောင်း၊ နောက်နောင်တွင် အစွေရေးသည် အကျူးမြူခေတ်ပေါင်းဖိုများကို ထိုကဲ့သို့ တိုက်ခိုက်ခြင်းမပြုရန် သတိပေးကြောင်း စသည့် အချက်များ ပါဝင်သည့် ဆုံးဖြတ်ချက်ကိုလည်း အတည်ပြုခဲ့သည်။

၁၉၆၇ ခုနှစ် စစ်ပွဲအတွင်းက ဆီးရီးယားနိုင်ငံမှ အစွေရေးတို့ သိမ်းယူခဲ့သော ဂိုလန်ကုန်းမြင့်အား အစွေရေးတို့၏ ပိုင်နက်နယ်မြေအဖြစ် အစွေရေး အာဏာ သက်ရောက်စေသည့် ဥပဒေကြမ်းကို ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် အစွေရေးပါလီမန် (နက်ဆက်) ၌ ကိုယ်စားလှယ်အများစု ထောက်ခံချက်ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ တံခါးပိတ် အစည်းအဝေးက အစွေရေးနိုင်ငံ၏ ဆုံးဖြတ်ချက်သည် တရားမဝင်သဖြင့် ပြန်လည်ရုပ်သိမ်းရန် ကန့်ကွက်မဲမရှိပဲ တညီတညွတ်တည်း တောင်းဆို ဆုံးဖြတ်ခဲ့သည်။ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အစွေရေးနိုင်ငံက လက်မခံနိုင်ဟု ကြေငြာခဲ့သည်။

ချူးကလီးယားလက်နက် အပြီးအပိုင်ဖျက်သိမ်းရေးနှင့် ချူးကလီးယားစစ်ပွဲ ရှောင်ရှားရေး အတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ ချူးကလီးယားလက်နက် စမ်းသပ်မှုကို တားဆီးပိတ်ပင်သော စာချုပ်ချုပ်ဆိုရေး၊ ဓာတုဗေဒပိုးမွှားလက်နက်များနှင့် ချူးထရွန်လက်နက်များ ထုတ်လုပ်သုံးစွဲမှုကို တားဆီးပိတ်ပင်ရေး၊ အိန္ဒိယသမုဒ္ဒရာကို ငြိမ်းချမ်းသောဇုံအဖြစ်သတ်မှတ်ထားရှိရေး၊ အာကာသကို စစ်ရေးအဖြစ်အသုံးမချရေး စသည့်အချက်များ ပါဝင်သော လက်နက်ဖျက်သိမ်းရေးဆိုင်ရာအဆိုပြုချက် ၄၉ ချက်ကို နိုင်ငံရေးနှင့် လုံခြုံရေးရာကော်မတီက အထွေထွေညီလာခံသို့ တင်သွင်းခဲ့သည်။

အပြည်ပြည်ဆိုင်ရာစီးပွားရေးစနစ်သစ်ထူထောင်ရေး

အထွေထွေညီလာခံတွင် အပြည်ပြည်ဆိုင်ရာစီးပွားရေးစနစ်သစ်ထူထောင်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်း ဆွေးနွေးခဲ့သည်။ ၁၉၈၂ ခုနှစ်အတွင်း ညီလာခံကို တဖန်ပြန်၍ကျင်းပသောအခါ အပြည်ပြည်ဆိုင်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ညှိနှိုင်းဆွေးနွေးပွဲတရပ် အောင်မြင်စွာကျင်းပနိုင်ရေးကို ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ကြသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများဆိုင်ရာ ညီလာခံ။

။ကုလသမဂ္ဂအဖွဲ့ဝင် ဖွံ့ဖြိုးဆဲနိုင်ငံ ပေါင်း ၁၂၂ နိုင်ငံအနက်မှ ၃၁ နိုင်ငံကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဟု သတ်မှတ်ထားသည်။ ကုလသမဂ္ဂအဖွဲ့သည် သတ်မှတ်ထားသော စံများအရ ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများအုပ်စုဟူ၍ ၁၉၇၁ ခုနှစ်မှ စတင်သတ်မှတ်ခဲ့သည်။ ထိုစဉ်က ၂၅ နိုင်ငံသာရှိခဲ့သည်။

အာဖရိကတိုက်ရှိ ၂၁ နိုင်ငံဖြစ်သော ဗင်္ဂလား၊ ဗူရွန်ဒီ၊ ကိပ်ဗာဒီ၊ ချဒ်၊ အလယ်ပိုင်းအာဖရိက၊ ကိုမိုရော့စ်၊ အီသီယိုးပီးယား၊ ဂမ်ဘီယာ၊ ဂင်းနီ၊ ဂင်းနီဗစ်ဆော၊ လီဆိုသို၊ မာလာဝီ၊ မာလီ၊ နိုင်ဂျာ၊ အာဝမ်းဒါး၊ ဆိုမာလီးယား၊ ဆူဒန်၊ ယူဂန်းဒါး၊ တန်ဇားနီးယား၊ အထက်ဗော်လတာ တို့သည်လည်းကောင်း၊ အာရှ ကိုးနိုင်ငံဖြစ်သော အာဖဂန်စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဗူတန်၊ ဒီမိုကရက်တစ် ယေမင်၊ လာအို၊ မော်လဒိုက်၊ နီပေါ၊ ဆာမိုဝါး၊ ယေမင်အာရပ်သမ္မတနိုင်ငံ တို့သည်လည်းကောင်း၊ ကာရစ်ဘီယံဒေသရှိ ဟေတီနိုင်ငံ သည်လည်းကောင်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ ဖြစ်ကြသည်။

၁၉၈၁ ခုနှစ်စာရင်းအရ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင် စုစုပေါင်းလူဦးရေ ၂၈၂ ဒသမ ၆ သန်းရှိပြီး တရုတ်ပြည်မှအပ ဖွံ့ဖြိုးဆဲ နိုင်ငံများ အားလုံးတွင်ရှိသော စုစုပေါင်းလူဦးရေ၏ ရှစ်ပုံတပုံရှိသည်။ ယင်းနိုင်ငံများသည် ၁၉၇၉ ခုနှစ် ဈေးနှုန်းများအရ နှစ်စဉ် တဦးချင်း ဝင်ငွေသည် ၁၈၃ ဒေါ်လာမျှသာရှိသည်။ ထိုနိုင်ငံများ၏ အဓိကအားထားရသော စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး ပြည်တွင်း စုစုပေါင်းထုတ်ကုန်၏ ၄၄ ရာခိုင်နှုန်းနှင့် အလုပ်အကိုင်ချထားရေး၏ ၈၃ ရာခိုင်နှုန်းကို လယ်ယာစိုက်ပျိုးရေးမှ ဖြည့်ဆည်းပေးလျက်ရှိသည်။ အဆိုပါဒေသများတွင် ဆည်မြောင်း တာတမံမရှိသောနေရာများ၌ မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ မြေဆီလွှာတိုက်စားခြင်းနှင့် သဲကန္တာရများ ဖြစ်ထွန်းခြင်းများကို ကြုံတွေ့နေသည်။

အခြို့အာရှနိုင်ငံများတွင် လူဦးရေ အဆမတန် တိုးပွားမကြောင့်စိုက်ပျိုးရေး လုပ်ကိုင်ရန် မြေလွတ်မြေရိုင်းများပင် မကျန်တော့သည့် အခြေအနေသို့ ဆိုက်ရောက်နေသည်။ လယ်ယာကဏ္ဍသည် တိုးပွားနေသော လူဦးရေ အားစားနပ်ရိက္ခာဖူလုံအောင် ထုတ်လုပ်ပေးစွမ်းနိုင်ခြင်း မရှိပေ။ စက်မှု လုပ်ငန်းမှာလည်း ရှိသည်ဟု ဆိုရုံမျှသာရှိသည်။ သယ်ယူပို့ဆောင်ရေးနှင့် လမ်း ပန်း ဆက် သွယ် ရေး သည် မြို့တော်နှင့် မြို့ကြီးအနည်းငယ်တွင်သာရှိသည်။ စာမတတ်သူ အမြောက်အမြားရှိပြီး ရောဂါမျိုးစုံနှင့်ငတ်မွတ်မှုဘေးကို နှစ်ရှည်လများ ကြုံတွေ့ခံစားနေရသည့် နိုင်ငံများဖြစ်သည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများကို အရေးပေါ် အစီအစဉ်ချမှတ်၍ အထူးဦးစားပေးထောက်ပံ့ကူညီသွားရန် ၁၉၇၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သောပဋိမမြောက် ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးရေးကွန်ဖရင့်က ဆုံးဖြတ်ခဲ့သည်။ထိုဆုံးဖြတ်ချက်ကိုအကောင်အထည်ဖော်ရန် နောက်ဆက်တွဲ ညီလာခံတရပ်အဖြစ် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဆိုင်ရာ ကုလသမဂ္ဂ ညီလာခံကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၁၉၈၁ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည်။

ကုလသမဂ္ဂကုန်သွယ်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (အန်တက်)၏ အထွေထွေအတွင်းရေးမှူးချုပ် ဂါမနီကော်ရီးယားက ပါရီညီလာခံပြင်ဆင်ရေး အတွင်းရေးမှူးအဖွဲ့ကို တာဝန်ယူကြီးကြပ်ခဲ့ပြီး ညီလာခံ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဆက်လက်ဆောင်ရွက်ခဲ့သည်။

ညီလာခံကြီးသို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၅၅ နိုင်ငံမှ ကိုယ်စားလှယ် ၂၀၀၀ တက်ရောက်ခဲ့ပြီး ညီလာခံ သဘာပတိအဖြစ် ပြင်သစ်နိုင်ငံ သမဝါယမနှင့် ဖွံ့ဖြိုးရေးဌာနဝန်ကြီး ရန်းပါကော့အား ရွေးချယ် တင်မြှောက်ခဲ့သည်။ အယ်ဂျီးရီးယား၊ ဗိုလစ်ဗီးယား၊ ဗဟာဇီး၊ ဗူလဂေးရီးယား၊ ကနေဒါ၊ တရုတ်၊ အီသီယိုးပီးယား၊ ဟေတီ၊ အီရတ်၊ ဂျပန်၊ နီပေါ၊ နော်ဝေ၊ ဆိုဗီယက်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စု စသည့် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ကိုယ်စားလှယ်များအား ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်ခဲ့ကြသည်။

ညီလာခံကြီးတွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်း၊ အိမ်ရှင် ပြင်သစ်နိုင်ငံ သမ္မတ ဖရန့်စွာမီထရောင်း၊ အိုအေယူခေါ် အာဖရိကညီညွတ်ရေး အဖွဲ့၏ ဥက္ကဋ္ဌ၊ကင်ညာနိုင်ငံ သမ္မတဒင်နီရယ်တီ အာရပ်မဂ္ဂဇင်၊ အာဖရိကတိုက် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများကိုယ်စား ကိပ်ဗာဒီနိုင်ငံ ကိုယ်စားလှယ်နှင့် အာရှဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများကိုယ်စား နီပေါဘုရင်တို့က မိန့်ခွန်းအသီးသီး ပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံပေါင်း ၁၄၂ နိုင်ငံမှ ဆွေးနွေးသူ ၁၅၀ ဦးကလည်း သက်ဆိုင်ရာ အစိုးရများကို ကိုယ်စားပြု၍ ဆွေးနွေးတင်ပြကြသည်။

ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ တွေ့ကြုံ ခံစားရသည့် ဆိုးရွားပြင်းထန်သော စီးပွားရေးအကျပ်အတည်းများကို တင်ပြရာတွင် လွန်ခဲ့သောအနှစ် ၂၀ အတွင်း တစ်ရာခိုင်နှုန်း အောက်သာ တိုးလာသော တဦးချင်း ဝင်ငွေပြဿနာ၊ စာမတတ်မှု ပြဿနာ၊ ရိက္ခာနှင့် စွမ်းအင် မလုံလောက်မှု ပြဿနာ၊ ကြွေးထူပြောနေမှုပြဿနာများကို အဓိကထား တင်ပြခဲ့ကြသည်။ အချို့ကလည်း ပထဝီတည်နေရာအရ ကုန်းပိတ်နိုင်ငံ သို့မဟုတ် ကျွန်းနိုင်ငံ ဖြစ်နေရခြင်းကို အလေးထား ဆွေးနွေးသည်။ အချို့ကမူ ပြည်ပမှတင်သွင်းယူရသော ရေနံစျေးနှုန်းကြီးမြင့်မှု ပြဿနာကို ရှေတန်းတင်၍ ပြောကြားခဲ့သည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအား ဆိုးရွားပြင်းထန်သော စီးပွားရေးအကျပ်အတည်းမှ ထွက်ပေါက်ရရှိရန် ကူညီကြရေးအတွက် အစီအစဉ်တရပ်ကို မဲခဲရန်မလိုပဲ တညီတညွတ်တည်း ဆုံးဖြတ်ပြဋ္ဌာန်းနိုင်ခဲ့သည်။ ထိုအစီအစဉ်တွင် ကမ္ဘာ့အဆင်းရဲဆုံးနှင့် အင်အားအနည်းဆုံး နိုင်ငံများအား အာဟာရပြည့်ဝစေရေး၊ကျန်းမာရေး၊အိုးအိမ်တည်ဆောက်ရေးနှင့် ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စသည့် အရေးကိစ္စများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အတိုင်းအတာအရ ယုတ်စွအဆုံး အနိမ့်ဆုံးစံနှုန်းကို ပြည့်မီလာနိုင်ရန် ရည်ရွယ်ထားရှိသည်။

ထိုအစီအစဉ် ချမှတ်နိုင်ခြင်းသည် ကမ္ဘာ့တောင်ပိုင်း ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မြောက်ပိုင်းဖွံ့ဖြိုးပြီးနိုင်ငံများအကြား စီးပွားရေးကွာဟမှုပြဿနာကို ညှိနှိုင်းဆွေးနွေးမည့် တောင်မြောက်ဆွေးနွေးပွဲ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်နိုင်ရန် အဆင့်တဆင့်ပင်ဖြစ်သည်။

ထောက်ပံ့ကူညီသူနိုင်ငံများ၏ အမျိုးသားထုတ်လုပ်မှုတန်ဖိုးစုစုပေါင်း၏ သုညဒသမ ၁၅ ရာခိုင်နှုန်းကို ထောက်ပံ့ကူညီသွားခြင်းဖြင့် လက်ရှိထောက်ပံ့ကူညီမှုတန်ဖိုး ဒေါ်လာသန်း ၆၀၀၀ မှ ဒေါ်လာသန်း ၂၄,၀၀၀ ထိ ၁၉၉၀ ပြည့်နှစ်တွင် တိုးတက် ထောက်ပံ့ ကူညီသွားသင့်ကြောင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံ ၇၇ နိုင်ငံအုပ်စုက တောင်းဆိုခဲ့သည်။

ထိုဒသမ ၁၅ ရာခိုင်နှုန်း ထောက်ပံ့ကူညီရေးကို ဥရောပ ဘုံစျေးအဖွဲ့ဝင် ၁၀ နိုင်ငံက လက်ခံသည်။ သို့သော် ဖွံ့ဖြိုးပြီးနိုင်ငံများ အများစုအနေနှင့်မူ ထောက်ပံ့ကူညီမှုအတတ်နိုင်ဆုံး တိုးမြှင့် ပေးကြရန်နှင့် ဒသမ ၁၅ ရာခိုင်နှုန်း ထောက်ပံ့နိုင်သည်ထိ ကြိုးပမ်းပေးကြရန်ဟူသော အဆင့်တွင်သာ သဘောတူညီမှု ရခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကူညီထောက်ပံ့မှု နှစ်ဆဖြစ်လာစေရန်ကိုမူ ငွေဖောင်းပွမှုအခြေအနေကို ထည့်မတွက်ပဲ စိမံချက်ချမှတ်ခဲ့သည်။

ထိုညီလာခံကြီးတွင် နိုင်ငံအချို့က ကုလသမဂ္ဂဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဆိုင်ရာ ရန်ပုံငွေသို့ မိမိတို့နိုင်ငံအစိုးရက ထည့်ဝင်သည့်ငွေများကို ကြေငြာခဲ့သည်။ ဒိန်းမတ်နိုင်ငံက ဒေါ်လာနှစ်သန်း၊ ဆွီဒင်နိုင်ငံက ဒေါ်လာကိုးသန်းကို သုံးနှစ်ထည့်ဝင်ရန်၊ ဩစတြီးယားနိုင်ငံက ဒေါ်လာနှစ်သန်းနှင့် အခြားအကူအညီများပေးရန်နှင့် နော်ဝေနိုင်ငံက ဒေါ်လာ ၆ ဒသမ ၅ သန်းအသီးသီးထည့်ဝင်ရန် ကြေငြာခဲ့ကြသည်။


ကုလသမဂ္ဂ လောင်စာစွမ်းအင်သစ်နှင့် ပြန်လည်အသုံးချနိုင်သော လောင်စာ စွမ်းအင်ဆိုင်ရာ ညီလာခံ။

။နိုင်ငံတကာ စက်မှုစီးပွားရေး နယ်ပယ်တွင် ကြုံတွေ့နေရသော လောင်စာစွမ်းအင် အကျပ်အတည်းနှင့် ဆက်စပ်၍ ကျယ်ပြန့်သောလုပ်ငန်း စီမံချက် တရပ်ကို ၁၉၈၁ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ကျင်းပခဲ့သော ညီလာခံကြီးက ချမှတ်ခဲ့သည်။ ညီလာခံသို့ ကုလသမဂ္ဂအဖွဲ့ဝင် ၁၅၄ နိုင်ငံ ရှိသည့်အနက် ၁၂၅ နိုင်ငံ တက်ရောက်သည်။ကိုယ်စားလှယ်ပေါင်း ၃၀၀၀ ကျော် တက်ရောက်သည်။

စီးပွားဖြစ် ရောင်းဝယ်နေသော လောင်စာများကိုသာ လုံးလုံးလျားလျား မှီခိုသုံးစွဲနေရသော နိုင်ငံတကာ စီးပွားရေးပုံစံမှ တိုးတက်စူးစမ်း ရှာဖွေရရှိနိုင်သည့်ပြင် လုံးဝကုန်ခန်း မသွားပဲ ပြန်လည်ဖြစ်ထွန်းလာနိုင်သော လောင်စာစွမ်းအင်မျိုးစုံပေါ် တွင် အားထားရသော စီးပွားရေးပုံစံမျိုးသို့ ကူးပြောင်းနိုင်ရန် ရည်ရွယ် ကျင်းပသည်။ စွမ်းအင် ၁၄ မျိုး သတ်မှတ်ဆွေးနွေးခဲ့ကြသည်။ ၎င်းတို့မှာ နေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ လေစွမ်းအင်၊ ရေအား လျှပ်စစ်၊ ဇီဝဒြပ်ထု၊ ထင်း၊ မီးသေး၊ ရေနံအောင်း ရှေလကျောက်၊ သဲကတ္တရာ၊ ပင်လယ်အပူရှိန်အား၊ လှိုင်းအား၊ ဒီရေအား၊ သစ်ပုပ်နှင့် ခိုင်းတိရစ္ဆာန်အားတို့ ပါဝင်ကြသည်။ ညီလာခံက အဆိုပါစွမ်းအင်များကို ပေါ်ထုတ် အသုံးချနိုင်ရေးအတွက် အစီအစဉ်တရပ် ချမှတ်ခဲ့သည်။

၁၉၇၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ၃၃ ကြိမ်မြောက် ပဲ့ပုန်

ကုလသမဂ္ဂ လောင်စာ စွမ်းအင်သစ်နှင့် ပြန်လည် အသုံးချနိုင်သော လောင်စာ စွမ်းအင်ဆိုင်ရာ ညီလာခံ



လောင်စာစွမ်းအင်များအနက် ရေနံမှရရှိသော စွမ်းအင်ကို ကမ္ဘာ၌ ယနေ့တိုင် အဓိကထား သုံးစွဲလျက်ပင်ရှိသည်။ မက္ကဆီကို ပင်လယ်ကွေ့၌ ကမ်းလွန် ရေနံရှာဖွေနေပုံ

အစည်းအဝေးမှ ဆုံးဖြတ်ချက်အရ ဤလောင်စာစွမ်းအင် ညီလာခံကို ကျင်းပသည်။ ဤ ညီလာခံသည် ၁၉၇၃–၇၄ ခုနှစ် ရေနံဈေးနှုန်းများ မြင့်တက်ချိန်မှ အစပြု၍ ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများက စွမ်းအင် အခြေအနေကို အတူတကွ အချေအတင် ညှိနှိုင်းကြသည့် ပထမ ဆုံးသော ညီလာခံပင် ဖြစ်သည်။

ညီလာခံသဘာပတိအဖြစ် ကင်ညာနိုင်ငံ စွမ်းအင်ဆိုင်ရာ ဝန်ကြီးဂျွန် ဟင် နရီ အော့ ဝေး နိုး က ဆောင် ရွက် ပြီး အထွေထွေအတွင်းရေးမှူးအဖြစ် အင်ရီကီအစ်လီးစီးယာ့က ဆောင်ရွက်သည်။ ဒုတိယသဘာပတိအဖြစ် မက္ကဆီကိုနိုင်ငံမှ ပေါ်ဖိုင်ရီယိုမူနော့စ်လီဒိုကို ရွေးချယ်တင်မြှောက်သည်။


ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၁၃၃ နိုင်ငံအနက် နိုင်ငံ ၉၀ တွင် ရေနံ လုံးဝမထွက်ရှိ၊ အခြား ၁၃ နိုင်ငံတွင်လည်း မိမိတို့ လိုအပ်ချက်ပမာဏ၏ ရာခိုင်နှုန်း ၅၀ ခန့်ကို ပြင်ပမှ ဝယ်ယူ တင်သွင်းနေရသည့် ပြဿနာကို အလေးထား ဆွေးနွေးသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတို့သည် ၁၉၇၁–၇၅ ခုနှစ် အတွင်း လောင်စာစွမ်းအင်အတွက် နှစ်စဉ် ရင်းနှီး မြှုပ်နှံငွေ ဒေါ်လာ ကုဋေ ပေါင်း ၅,၄၀၀ ခန့် လိုမည်ဟူသော နှစ်စဉ် ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာကို အခြေပြု၍ နှိုးနှောက်ကြသည်။ ကမ္ဘာပေါ်တွင် လူဦးရေ သန်း ၁၀၀ ခန့်သည် ထင်းကို ပင် လုံလုံလောက်လောက် မရနိုင်ကြောင်း။ သန်း ၁၀၀၀ ကျော်ကမူ ထင်းလောင်စာအသစ် ဖြစ်ထွန်းလာသည့်နှုန်း ထက် ပိုမိုလျင်မြန်စွာ သုံးစွဲပစ်နေကြကြောင်း တင်ပြထား သော ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အစီရင် ခံစာကို ကိုးကား၍ စဉ်းစားကြသည်။

ခရစ်နှစ် ၂၀၀၀ တွင် ထင်းတောများ စိုက်ပျိုးမှုတိုး နှုန်း ငါးဆရှိလာစေရန် ကြိုးထွားနှုန်းမြန်သော ထင်း မျိုးသစ်များကို ရွေးချယ်စိုက်ပျိုးခြင်း၊ စမ်းသပ်စိုက်ပျိုးခြင်း အစီအစဉ်များကို ဦးစားပေးဒေသများ၌ သတ်မှတ်စိုက်ပျိုး ရန် ညီလာခံကြီးက တိုက်တွန်းခဲ့သည်။ ထို့ပြင် စွမ်းအင် သစ်နှင့် ပြန်လည်အသုံးချနိုင်သော စွမ်းအင်များ တိုးတက် ရန် ဆက်လက် အကောင်အထည်ဖော်မည့် အစီအစဉ်များ ကို ကြိုးကြပ်ကွပ်ကဲနိုင်မည့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ တဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ကြားဖြတ်ကော်မတီတရပ်က ၁၉၈၂ ခုနှစ်တွင် နှစ်ပတ်ကြာ ညှိနှိုင်းကာ ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးသို့ အစီရင်ခံစာ တင်သွင်းရေး ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။ ထိုနိုင်ငံပေါင်းစုံ ကြားဖြတ် ကော်မတီတွင် ကုလသမဂ္ဂ ဖွဲ့ဖြိုးရေးနှင့် နိုင်ငံတကာ စီးပွား ရေး ပူးပေါင်း ဆောင်ရွက်မှုရေးရာ ညွှန်ကြားရေးမှူးချုပ် ကင်းနက်ဒက်ဇီက ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည်။

နမီးဗီးယားနိုင်ငံ၏ လောင်စာစွမ်းအင် အရင်းအမြစ် များကို သုံးစွဲနေသည့် တောင်အာဖရိက နိုင်ငံနှင့် ၁၉၇၁ ခုနှစ်ဇွန်လ ၇ ရက်နေ့က အီရတ်နိုင်ငံ နျူးကလီးယား ဓာတ်ပေါင်းဖိုကို ဗုံးကြဲ တိုက်ခိုက်ခဲ့သော အစ္စရေး နိုင်ငံ တို့အား ရှုတ်ချကြောင်း ထိုလောင်စာ စွမ်းအင်ဆိုင်ရာ ညီလာခံကဆုံးဖြတ်ခဲ့သည်။ ထို့ပြင် ထိုညီလာခံကပင် မြေထဲ ပင်လယ်မှ ပင်လယ်သေသို့ တူးမြောင်းသွယ်၍ လျှပ်စစ် ဓာတ်အားထုတ်ယူရန် အစ္စရေး၏စီမံကိန်းအပေါ် ရှုတ်ချ ကြောင်းအဆိုကို ထောက်ခံမဲ ၆၃ မဲ၊ ကြားနေမဲ ၃၃ မဲ၊ ကန့်ကွက်မဲ ၁၆ မဲ (အစ္စရေး)ဖြင့် အတည်ပြုခဲ့သည်။

ကူဝိတ်နိုင်ငံ။ ။ကူဝိတ်နိုင်ငံသည် ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသတွင်တည်ရှိသော နိုင်ငံတနိုင်ငံဖြစ်ပြီး မြောက်ပိုင်းတွင် အီရတ်နိုင်ငံ၊ တောင်ပိုင်းတွင် ဆော်ဒီ အာရေဗျနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

ကူဝိတ်နိုင်ငံအတွင်း၌ အာရပ်လူမျိုး ၈၅ ရာခိုင်နှုန်းခန့် နေထိုင်ပြီး အိရန်လူမျိုး၊ အိန္ဒိယလူမျိုး၊ ပါကစ္စတန်လူမျိုး စုစုပေါင်း ၁၃ ရာခိုင်နှုန်းခန့် နေထိုင်လေသည်။



နိုင်ငံ၏ အကြီးအကဲမှာ ဇီတ်ကျဘာအယ် အာမက်အယ် ဆာဘားဖြစ်သည်။

စီးပွားရေးကဏ္ဍတွင် ရေနံထုတ်လုပ်မှုကို အဓိကထားသော နိုင်ငံဖြစ်သည်။ နိုင်ငံခြားသို့ ရေနံတင်ပို့ ရောင်းချမှုကို ၁၉၆၄ ခုနှစ်မှ စတင်ခဲ့သည်။ နိုင်ငံခြားတိုင်းပြည်များမှ သွင်းကုန်များကို ၁၉၈၀ ပြည့်နှစ်ကဒေါ်လာ ၇၂၉ ကုဋေဖိုး တင်သွင်းခဲ့ပြီး ပို့ကုန်အဖြစ် နိုင်ငံခြား တိုင်းပြည်များသို့ ဒေါ်လာ ၁,၉၉၇ ကုဋေဖိုး တင်ပို့ နိုင်ခဲ့သည်။ များသော အားဖြင့် ပြည်ပပို့ကုန်များကို ဂျပန်၊ ဗြိတိန်၊ နယ်သာလန်၊ အီတလီနိုင်ငံများသို့ တင်ပို့ပြီး၊ ဂျပန်၊ အမေရိကန် ပြည်ထောင်စု၊ ဗြိတိန်၊ ဂျာမန် ပြည်ထောင်စု သမ္မတနိုင်ငံတို့မှ ကုန်ပစ္စည်းများကို အများဆုံး တင်သွင်းခဲ့သည်။

လွတ်တော် ကိုယ်စားလှယ် ၅၀ ပါဝင်သော အမျိုးသား လွတ်တော် (ပါလီမန်) ရွေးချယ် တင်မြှောက်ပွဲကို ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ကျင်းပသည်။ ၁၉၇၆ ခုနှစ်က နိုင်ငံရေး အကျပ်အတည်းကြောင့် ယခင် အမျိုးသား လွတ်တော် ဖျက်သိမ်းခဲ့ရပြီး၊ ဇီတ်ကျဘာ အယ်အာမက်က ပါလီမန် စနစ်ကို ပြုပြင်ရန် ဦးဆောင်ကြိုးပမ်းသည်။ ယခု ရွေးချယ်တင်မြှောက်ပွဲတွင် ရွေးချိုး နိုင်ငံရေး သမားများ၊ လက်ယာ ဝါဒီများ၊ အစိုးရနှင့် ဘုရင်အပေါ် သစ္စာရှိသူများ၊ ဘီဒူဝင် အာရပ် ကိုယ်စားလှယ်များ၊ အနောက်နိုင်ငံများမှ ပညာတတ်လာသော ကြေးရတတ်လူငယ်များ အများဆုံး ရွေးချယ်ခံရသည်။ ၁၉၇၅ ခုနှစ် ရွေးကောက်ပွဲတွင် ပါလီမန်ကို လွှမ်းမိုးခဲ့သော အမျိုးသားရေး ဝါဒီများ၊ နိုင်ငံလူဦးရေ လေးပုံတပုံရှိ ရှီယိုက်မူဆလင်တို့၏ ကိုယ်စားလှယ်များသည် သိသိသာသာ ရှုံးနိမ့်ခဲ့သည်။

၁၉၇၈ ခုနှစ်ကဖွဲ့ခဲ့သော အိမ်ရှေ့မင်းသားဇီတ်အဗ္ဗဒူလာအယ်ဆလင် အယ်ဆာဘာဦးဆောင်သောအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နှုတ်ထွက်လိုက်ရသည်။ မတ်လ ၄ ရက်နေ့တွင် ဝန်ကြီးချုပ် အပါအဝင် အဖွဲ့ဝင် ၁၆ ဦးပါရှိသော ဝန်ကြီးအဖွဲ့ကိုဖွဲ့စည်းသည်။ အမျိုးသားလွှတ်တော်သစ်၏ ပထမအကြိမ် အစည်းအဝေးကို မတ်လ ၉ ရက်နေ့တွင် ကျင်းပသည်။

၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့က ကူဝိတ်ရေနံဝန်ကြီး အလီခါလီဖာအယ်ဆာဘားသည် ပြည်တွင်း ရေနံစိမ်းစျေးနှုန်းကို တစည်လျှင် ၃၅ ဒသမ ၅ ဒေါ်လာနှုန်းမှ ၃၁ ဒေါ်လာနှုန်းသို့ စျေးချခဲ့သည်။ ကူဝိတ်နိုင်ငံ၏ ရေနံထုတ်လုပ်မှုသည် တနေ့လျှင် ရေနံစိမ်းစည်ပေါင်း ၁ ဒသမ ၅ သန်း ထုတ်လုပ်နိုင်ခဲ့ရာမှာ ရှစ်သိန်းသို့ကျဆင်းသွားသည်။

အကျယ်အဝန်း။	။၇,၇၈၀ စတုရန်းမိုင်
လူဦးရေ။	။၁၃,၇၀,၀၀၀
မြို့တော်။	။ကူဝိတ်မြို့

၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရေနံဓာတ်ငွေ့စျေးနှုန်းကို တတန်လျှင် ၂၅၀ ဒေါ်လာနှုန်းမှ ၂၂၀ ဒေါ်လာနှုန်းသို့ လျော့ချလိုက်သည်။

ဝန်ကြီးချုပ် ဇီဘ်ဆာအက်အဗ္ဗဒူလာအယ်ဆလင်အယ်ဆာဘားသည် ၁၉၈၁ ခုနှစ် ဒီဇင်ဘာလအတွင်းက လစ်ဗျနိုင်ငံသို့ အလည်အပတ် ရောက်ရှိသွားပြီး လစ်ဗျခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အထူးသဖြင့် နှစ်နိုင်ငံခေါင်းဆောင်များသည် ရေနံထုတ်လုပ်မှုနှင့် ပတ်သက်၍ အဓိကထား ဆွေးနွေးခဲ့ကြသည်။ ဝန်ကြီးချုပ်နှင့်အတူ ဘဏ္ဍာရေးဝန်ကြီး၊ ကုန်သွယ်ရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးတို့လည်း လိုက်ပါသွားခဲ့သည်။ အယ်ဂျီးရီးယားနိုင်ငံသို့လည်း ဆက်လက်သွားရောက်လည်ပတ်ခဲ့ပြီး အယ်ဂျီးရီးယားနိုင်ငံသမ္မတ ချာဒလီဘန်ဂျဒစ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် အထူးသဖြင့် အရှေ့အလယ်

ပိုင်းဒေသအရေးအခင်းကို အဓိကထားဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တျူနစ်ဇီးယား၊ မော်ရိတေးနီးယား နိုင်ငံများသို့လည်း သွားရောက်လည်ပတ်ခဲ့ပြီး ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် မော်ရော့ကိုနိုင်ငံသို့ လေးရက်ကြာနေထိုင်လည်ပတ်ရန် ရောက်ရှိသွားခဲ့လေသည်။

ကိုကိုကြီး၊ဦး(တောင်တွင်း ကိုကိုကြီး)။ ။စာရေးဆရာ တောင်တွင်း ဦးကိုကိုကြီးသည် တပ်ကုန်းမြို့နယ် ရွောက်ကုန်းကျေးရွာ ဇာတိဖြစ်သည်။ ၁၉၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့ဟွင် အဖ ဦးဘိုးထိန်၊ အမိ ဒေါ်စံရွှင်တို့မှ မွေးဖွားသည်။ မွေးချင်းညီအစ်ကို သုံးယောက်ရှိသည့် အနက် ဦးကိုကိုကြီးသည် အကြီးဆုံးဖြစ်သည်။



ဆတောင်တွင်း ကိုကိုကြီး

ဦးကိုကိုကြီးသည် ငယ်စဉ်ကပင် မိဘများနှင့်အတူ တောင်တွင်းကြီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ မင်းဘူးမြို့အစိုးရအထက်တန်းကျောင်း၌ ၁၀ တန်းအောင်မြင်သည့် ၁၉၃၁ ခုနှစ်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၃၃ ခုနှစ်မှစ၍ ၁၉၄၀ ပြည့်နှစ် ကုန်သည်အထိ တောင်တွင်းကြီးဆရာတော် ရှင်ဥက္ကဋ္ဌ ထူထောင်သော ဗုဒ္ဓသာသနာပြု ကျောင်းတွင် စေတနာ့ဝန်ထမ်းကျောင်းဆရာ လုပ်သည်။ ၁၉၃၈ ခုနှစ်တွင် ဆရာဖြစ်သင်တန်း တက်ရောက်အောင်မြင်သည်။

၁၉၃၄ ခုနှစ်တွင်ကျောင်းဆရာလုပ်ယင်း တို့ဗမာအစည်းအရုံးသို့ ဝင်ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် တောင်တွင်းကြီးမြို့နယ် တို့ဗမာအစည်းအရုံး၏ အတွင်းရေးမှူးနှင့် လက်ရုံးတပ်တာဝန်ခံစသည့် တာဝန်များကို ထမ်းဆောင်သည်။ ၁၉၃၇ ခုနှစ်တွင် လီနင်အတ္ထုပ္ပတ္တိကို မြန်မာဘာသာဖြင့် ပထမဆုံး ပြန်ဆိုရေးသားသည်။ စစ်ကြိုခေတ် တို့ဗမာအစည်းအရုံးကြီး၏ ကြွေးကြော်သံဂျာနယ်၊ ဘားမား ဂျာနယ်၊ တိုးတက်ရေးမဂ္ဂဇင်းတို့၌ ဘာသာပြန်၊ အတ္ထုပ္ပတ္တိနှင့် ဆောင်းပါးများ ရေးခဲ့သည်။

၁၉၄၀ – ၄၁ ခုနှစ်တွင် မန္တလေးမြို့ ဗုဒ္ဓဘာသာ သာသနနုဂ္ဂဟ အမျိုးသားကျောင်း၌ ကျောင်းဆရာလုပ်သည်။

၁၉၄၈ ခုနှစ်၌ စာပေဗိမာန်တွင် စာပြုအဖြစ် အမှုထမ်းခဲ့သည်။ နိုင်ငံရေး အဘိဓမ္မာ၊ သမိုင်းစသည့် စာအုပ်များနှင့် ဝတ္ထုရှည်ဝတ္ထုတိုပေါင်း ၄၀ ကျော်ကို ဘာသာပြန်ခဲ့သည်။ ကလေးများအတွက် ဆောင်းပါးပုံပြင်ပေါင်း ၂၀၀ ကျော်ကိုလည်း မန္တလေး လူထုသတင်းစာ ဂျာနယ်နှင့် ရှမဝမဂ္ဂဇင်းများ၌ ရေးသားခဲ့သည်။ ဘာသာပြန်လုံးချင်း စာအုပ်ပေါင်း ၂၅ အုပ်ခန့် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ စာပေတိုက်ဖွင့်၍ ဂန္ဓဝင်မြောက် စာပေများ ရေးသားခဲ့ရာ "ဂေါ်ကီ"၊ "အမေ"အစ ရှိသည့်စာအုပ်များသည် ထင်ရှားလေသည်။

ရှုရှားစာရေးဆရာကြီး ဂေါ်ကီ၏ "သည်သရီး" ဝတ္ထုကို "သူတို့သုံးယောက်" အမည်ဖြင့် ဘာသာပြန်ခဲ့သည်။ ရှုရှား ကျောမဲ့တို့၏ အကြောင်း ဘဝသရုပ်ဖော်ဝတ္ထုဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် ဘာသာပြန်အမျိုးသားစာပေဆုကို ရရှိခဲ့သည်။


၁၉၈၁ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကွယ်လွန်သည်။ ဦးကိုကိုကြီး ကွယ်လွန်သည့်အချိန်တွင် ဇနီး ဒေါ်ခင်ခင်ကြီးနှင့် သားငါးယောက် ကျန်ရစ်သည်။

ကိုရီးယားဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံ။ ။ မြောက်ကိုရီးယားဟု လူသိများသော ဤနိုင်ငံသည် အာရှတိုက်၏ အရှေ့မြောက်ပိုင်းတွင်တည်ရှိသည်။ နိုင်ငံ၏မြောက်ပိုင်းတွင် တရုတ်ပြည်သူသမ္မတနိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စုတို့နှင့် လည်းကောင်း၊ တောင်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံနှင့်လည်းကောင်း နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။

ကိုရီးယားနိုင်ငံသည် ၁၉၁၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ဂျပန်လက်အောက်ခံဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ကိုရီးယားနိုင်ငံသည် မြောက်နှင့်တောင် ကွဲပြားသွားပြီး ဆိုဗီယက်တို့က မြောက်ပိုင်းကိုလည်းကောင်း၊ အမေရိကန်တို့က တောင်ပိုင်းကိုလည်းကောင်း သိမ်းပိုက်ထားလိုက်သည်။

ဆိုဗီယက်တို့ ပြန် လည် ဆုတ် ခွာ သွား သော အ ခါ တော်လှန်ရေးခေါင်းဆောင် ကင်အီဆွန်းသည် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံကို ၁၉၄၈ ခုနှစ် စက်တင်ဘာလမှစ၍ ဦး ဆောင် တည် ဆောင် ခဲ့ သည်။

နိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံများမှာ စပါးနှင့် ဂျုံတို့ဖြစ်ပြီး သတ္တုတူးဖော်ရေးကဏ္ဍတွင် ကျောက်မီးသွေး၊



သွပ်၊ ဂရက်ဖိုက်၊ မင်းဂနိုးစ်၊ အဖြိုက်နက်၊ သံ၊ ကြေးနီ၊ ရွှေ၊ ဖေဘ့စဖိတ်တို့ကို အခိုက ထုတ်လုပ်သည်။

သွင်းကုန်များကို အထူးသဖြင့် တရုတ်၊ ဆိုဗီယက်ပြည်ထောင်စု၊ ဂျပန်နိုင်ငံတို့မှ သွင်းယူပြီး ပို့ကုန်များကို ဆိုဗီယက်ပြည်ထောင်စု၊တရုတ်၊ ဂျပန်နှင့်အနောက်ဂျာမနီတို့သို့ တင်ပို့လေသည်။

၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၁၀ ရက်နေ့က ကိုရီးယားအလုပ်သမားပါတီ၏ ခြောက်ကြိမ်မြောက်ညီလာခံကို ကျင်းပခဲ့သည်။ ယင်းညီလာခံကို လေးနှစ်တကြိမ် ကျင်းပရန် ပါတီဖွဲ့စည်းပုံတွင် ပါရှိခဲ့သော်လည်း လွန်ခဲ့သည့် အနှစ်နှစ်ဆယ်အတွင်း ၁၉၆၁ ခုနှစ်တွင် စတုတ္ထအကြိမ်နှင့် ၁၉၇၀ ပြည့်နှစ်တွင် ပဉ္စမအကြိမ် စုစုပေါင်းနှစ်ကြိမ်သာ ကျင်းပနိုင်ခဲ့သည်။

၁၉၇၀ ပြည့်နှစ်မှ ၁၉၇၉ ခုနှစ်အတွင်း စက်မှလက်မှဆိုင်ရာ ကုန်ထုတ်လုပ်မှုတန်ဖိုးမှာ ၂၈၀ ရာခိုင်နှုန်းအထိ တိုးတက်လာသည်။ အကြီးစားစက်မှလုပ်ငန်းများမှ ယင်းနှစ်များအတွင်း ၂၉၀ ရာခိုင်နှုန်းအထိ တိုးတက်လာသည်။ ထို့ပြင် သတ္တုစက်ရုံသစ်များကိုလည်း တည်ဆောက်နိုင်ခဲ့သည်။ ဓာတုဗေဒဆိုင်ရာ လုပ်ငန်းသစ်များကိုပါ တိုးချဲ့တိုးထွင်နိုင်ခဲ့သည့်ပြင် ရေအားလျှပ်စစ်စက်ရုံများတိုးချဲ့တည်ဆောက်နိုင်ခဲ့ပြီး အသေးစားစက်မှလုပ်ငန်းမှလည်း ၂၀၇ ရာခိုင်နှုန်းအထိ တိုးတက်ထုတ်လုပ်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ကောက်ပဲသီးနှံ တန်သိန်းပေါင်း ၉၀ ခန့်ထွက်ရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ကောက်ပဲသီးနှံတန်သိန်းပေါင်း ၁၅၀ ထွက်ရှိခဲ့သည်။

ကိုရီးယား အလုပ်သမားပါတီညီလာခံတွင် ကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်းရေးနှင့် ပတ်သက်၍လည်းကောင်း၊ နိုင်ငံခြားရေးရာကိစ္စများကိုလည်းကောင်း ထည့်သွင်းဆွေးနွေးကြပြီး ယင်းညီလာခံသည် ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁၄ ရက်တွင် အဆုံးသတ်ခဲ့သည်။ အဆိုပါညီလာခံမှ ကိုရီးယား အလုပ်သမားပါတီ ဗဟိုကော်မတီ သစ်ကို ရွေးချယ်ဖွဲ့စည်းခဲ့သည်။

ဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူး အဖြစ် သမ္မတ ကင်အီဆွန်းကိုပင် ပြန်လည်ရွေးချယ်တင်မြှောက်သည်။

သမ္မတ၏ သားဖြစ်သူ မစ္စတာ ကင်ချောင်အီမှာ နိုင်ငံရေးဦးဆောင်အဖွဲ့တွင်လည်းကောင်း၊ သဘာပတိအဖွဲ့တွင်လည်းကောင်း၊ စစ်ဘက်ဆိုင်ရာ ကော်မရှင်အဖွဲ့တွင်လည်းကောင်း ပါဝင်ခဲ့သည်။

အကျယ်အဝန်း။	။၃၈,၀၃၁ စတုရန်းမိုင်
လူဦးရေ။	။၃,၉၁,၄၀,၀၀၀
မြို့တော်။	။ပြုံယမ်းမြို့

ကိုရီးယားနိုင်ငံ ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ ဒီမိုကရက်တစ်တပ်ဦးအဖွဲ့တွင် ပါဝင်သော ကွန်မြူနစ်မဟုတ်သည့် ပါတီနှစ်ပါတီရှိသည်။ ၎င်းတို့မှာ ကိုရီးယားဒီမိုကရက်တစ်ပါတီနှင့် ချွန်ဒူးအစ်ဇင် ချွန်ဂူးပါတီတို့ဖြစ်သည်။ ကိုရီးယား ဒီမိုကရက်တစ်ပါတီက ခြောက်ကြိမ်မြောက်ညီလာခံကို ၁၉၇၁ ခုနှစ် ဇန္နဝါရီလ ၂၇ ရက်နှင့် ၂၉ ရက်နေ့များတွင် ကျင်းပခဲ့ပြီး ပါတီအမည်ကို ကိုရီးယားဆိုရှယ်ဒီမိုကရက်တစ်ပါတီဟု ပြောင်းလဲမှည့်ခေါ်ခဲ့သည်။

ဇင်ဗာဗွေနိုင်ငံဝန်ကြီးချုပ် ရောဗတ် မူဂါဗီသည် ၁၉၇၀ ပြည့်နှစ်တွင် အာဏာရရှိပြီးနောက် ကိုရီးယားဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံသို့ ပထမဦးစားပေး အလည်အပတ်ရောက်ခဲ့သည်ကို တုံ့ပြန်သောအားဖြင့် ဝန်ကြီးချုပ် လီယွန်အုတ်သည် ၁၉၇၁ ခုနှစ် ဇွန်လတွင် ဇင်ဗာဗွေသို့ သွားရောက်ခဲ့သည်။ ဩဂုတ်လ ဂ ရက်နေ့တွင် စစ်အကြီးပေး ၁၀၀ ကျော်ကို ဇင်ဗာဗွေသို့ စေလွှတ်ကူညီခဲ့သည်။

၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် စတင်ကျင်းပခဲ့သော ဆိုဗီယက်ကွန်မြူနစ်ပါတီ ၂၄ ကြိမ်မြောက်ညီလာခံသို့ ဝန်ကြီးချုပ် လီယွန်အုတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ကိုရီးယားဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံနှင့် အိရန်နိုင်ငံတို့၏ ဆက်ဆံရေးမှာ အထူးကောင်းမွန်ခဲ့သည်။ အိရန်–အိရတ်စစ်ပွဲ စတင်ဖြစ်ပွားချိန် မရေးမနှောင်းမှာပင် အိရန်နိုင်ငံသို့ လက်နက်များပို့ပေးခဲ့သဖြင့် အိရတ်နိုင်ငံက သံတမန်အဆက်အသွယ်ဖြတ်လိုက်သည်။ အိရန်နိုင်ငံသည်

ကိုရီးယားဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံသို့ ရေနံစိမ်းများတင်ပို့ပေးခဲ့သည်။

အနောက်ဥရောပရှိ လက်ဝဲပါတီကြီးများ နှင့်လည်း ဆက်သွယ်ရင်းနှီးမှု ရယူခဲ့သည်။ ပြင်သစ်နိုင်ငံသမ္မတ မီးထရောင်းသည် သမ္မတလောင်းအဖြစ်ဖြင့်ပင် ၁၉၈၁ ခုနှစ် ဖေဖွဲ့ရီလအတွင်း၌ နှစ်ရက်ကြာ အလည်အပတ်လာရောက်သည်။ စပိန်ကွန်မြူနစ်ပါတီ ခေါင်းဆောင် စန်တီယာဂိုကာရီလိုသည် ဩဂုတ်လတွင် ၁၈ ရက်ကြာ လာရောက်လည်ပတ်ခဲ့သည်။

၁၉၈၁ ခုနှစ်အတွင်း ထင်ရှားသော နိုင်ငံရေးလှုပ်ရှားမှုသည် သမ္မတကင်အီဆွန်းကကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်း၍ "ကိုရီးယိုး ဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံ" ထူထောင်ရေးအတွက် လှုံ့ဆော်ခြင်းပင်ဖြစ်သည်။ သို့သော် သမ္မတကင်အီဆွန်းသည် သမ္မတနှစ်ဦး တွေ့ဆုံဆွေးနွေးရေးအတွက် တောင်ကိုရီးယားက အကြံပြု ဖိတ်ခေါ်မှုမျှကို ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် တကြိမ် ဇူလိုင်လ ၂ ရက်နေ့တွင် တကြိမ် ပယ်ချခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံ။ ။ကိုရီးယား သမ္မတ နိုင်ငံသည် အာရှတိုက်၏ အရှေ့မြောက်ပိုင်းတွင် တည်ရှိပြီး နိုင်ငံ၏မြောက်ပိုင်းတွင် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိလေသည်။

ကိုရီးယားသမ္မတနိုင်ငံသည် ဂျပန်လူမျိုးတို့၏ လက်အောက်သို့ ၃၆ နှစ်ကြာ ကျရောက်ခဲ့ပြီးနောက် ဒုတိယကမ္ဘာစစ်အပြီးတွင် ကိုရီးယား ဘောင်ပိုင်းနှင့် ကိုရီးယားမြောက်ပိုင်းဟူ၍ နှစ်ခြမ်းကွဲသွားခဲ့သည်။ ကိုရီးယားနိုင်ငံမြောက်ပိုင်းကို ဆိုဗီယက်တို့ကလည်းကောင်း၊ တောင်ပိုင်းကို အမေရိကန်တို့ကလည်းကောင်း သိမ်းပိုက်ထားခဲ့သည်။


၁၉၄၈ ခုနှစ်တွင် ကိုရီးယားနိုင်ငံတောင်ပိုင်းကို ကိုရီးယား သမ္မတနိုင်ငံအဖြစ် တည်ထောင်ခဲ့သည်။

၁၉၇၉ ခုနှစ်တွင် သမ္မတ ပတ်ချုံဟီး လုပ်ကြံခံရပြီးနောက်ပိုင်းမှစတင်၍ ကြေငြာထားခဲ့သောစစ်အုပ်ချုပ်ရေးဥပဒေကို ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့ညသန်းခေါင်အချိန်မှစ၍ ဖျက်သိမ်းကြောင်း ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့က ကြေငြာခဲ့သည်။ ပြည်သူ ငြိမ်ဝပ်ပိပြားရေးကို ပြန်လည် ရရှိပြီ ဖြစ်သည်က တကြောင်း၊ ၁၉၈၁ ခုနှစ် ဖေဖွဲ့ရီလ ၁၁ ရက်နေ့တွင် အီလက်စ်တိုတယ် ကောလိပ် ရွေးချယ်ပွဲနှင့် ဖေဖွဲ့ရီလ ၂၂ ရက် နေ့တွင် ရွေးကောက်ပွဲများ ရှိသည်က တကြောင်း တို့ကြောင့် ရုပ်သိမ်းခဲ့ရခြင်းဖြစ်လေသည်။

သမ္မတ ချန်ဒူးဝှမ်သည် စစ်ခုံရုံးမှ သေဒဏ် အပြစ်ပေးခံထားရသော အတိုက်အခံခေါင်းဆောင် ကင်ဒေးယုံအား ဇန္နဝါရီလ ၂၃ ရက်နေ့တွင် တသက်တကျွန်းအပြစ်ဒဏ်သို့ လျှော့ချပေးခဲ့သည်။

၁၉၈၀ ပြည့်နှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသော သမ္မတ ချန်ဒူးဝှမ်သည် ဒီဇင်ဘာလ ၂ ရက်နေ့က ကြေငြာခဲ့သော ဒီမိုကရက်တစ် တရားမျှတမှုပါတီ၏ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ၁၉၈၁ ခုနှစ် ဖေဖွဲ့ရီလ ၂၅ ရက်နေ့တွင် ကျင်းပသော ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိခဲ့သဖြင့် မတ်လ ၃ ရက်နေ့တွင် သမ္မတသက်တမ်းအသစ် ခုနစ်နှစ် အတွက် ကတိသစ္စာပြုခဲ့သည်။ သမ္မတ၏ ဒီမိုကရက်တစ် တရားမျှတမှုပါတီသည် အမျိုးသား လွှတ်တော်တွင်လည်း ၂၇၆ နေရာအနက် ၁၅၁ နေရာ၌ ရွေးချယ် တင်မြှောက်ခံရသည်။

၁၉၈၁ ခုနှစ် မတ်လ ၂ ရက်နေ့တွင် သမ္မတ ချန်ဒူးဝှမ် ပြန်လည် ရွေးချယ်ခံရခြင်း အထိမ်းအမှတ်ဖြင့် လူပေါင်း ၅,၂၂၁ ယောက်ကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။



၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့က ကိုရီးယား ဗဟို ထောက်လှမ်းရေးအဖွဲ့ကို အမျိုးသားလုံခြုံရေးစီမံကိန်းအဖွဲ့အဖြစ် အမည်ပြောင်းလဲခဲ့သည်။

၁၉၈၁ ခုနှစ် ဖေဖွဲ့ရီလတွင် အမေရိကန်သမ္မတ ရော်နယ်ရေဂင်၏ ဖိတ်ကြားချက်အရ သမ္မတ ချန်ဒူးဝှမ်သည်

အကျယ်အဝန်း။	။၃၈,၀၃၁ စတုရန်းမိုင်
လူဦးရေ။	။၃,၉၁,၄၀,၀၀၀
မြို့တော်။	။ဆိုးလ်မြို့



အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ်ရောက်ရှိ နေသော သမ္မတ ချန်ဒူးဝှမ်ကို သမ္မတ ရောင်နှင့်အတူ အိမ်ဖြူတော်တွင် တွေ့မြင်ရပုံ

အမေရိကန်နိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့သည်။ နယူးယောက်မြို့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကွတ် ဗားဟိုင်းနှင့်လည်း မြောက်ကိုရီးယားနှင့် တင်းမာမှုလျော့ ပါးရေး ကိစ္စကို ဆွေးနွေးခဲ့သည်။

၁၉၈၁ ခုနှစ် ဧပြီလတွင် အမေရိကန်နိုင်ငံမှ ကိုရီးယား သမ္မတနိုင်ငံသို့ အက် ဖ ၁၆ တိုက်လေယာဉ်များ ရောင်းချ ပေးရန်ဆုံးဖြတ်ခဲ့သည်။ ထိုလ ၂၃ ရက်နေ့တွင် အမေရိကန် ကာကွယ်ရေးဝန်ကြီး ဝိုင်ဘာဂါနှင့် တောင်ကိုရီးယား ကာ ကွယ်ခရေး ဝန်ကြီး ချူရန်းဗော့တို့သည် ဆန်ဖရန်စစ်စကိုမြို့ တွင် တောင်ကိုရီးယား နိုင်ငံ တပ်မတော်အင်အားတိုးမြှင့် ခေတ်မီရေးကိစ္စများကို ဆွေးနွေးခဲ့သည်။


စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကနေဒါနိုင်ငံဝန်ကြီး ချုပ်မစွတာထရူးဒိုးသည် ကိုရီးယားသမ္မတနိုင်ငံသို့ သုံးရက် ကြာ ချစ်ကြည်ရေးအလည်အပတ်ခရီး လာရောက်ခဲ့သည်။

ကင်ညာသမ္မတနိုင်ငံ။ ။၁၉၈၁ ခုနှစ် ဇန်ဝါရီလ ၅ ရက် နေ့တွင် နိုင်ရိုဘီမြို့တော် ဆင်ခြေဖုံးတွင် ဗုံးပေါက်ကွဲမှုတရပ် ဖြစ်ပွားခဲ့သည်။နှစ်သစ်ကူး အကြိုနေ့ညကလည်း ကင်ညာ နိုင်ငံ နိုင်ရိုဘီမြို့ဟိုတယ်တခုတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ၁၄ ဦးသေဆုံး ၁၅ ဦး ဒဏ်ရာရခဲ့သည်။

အာဖရိက ညီညွတ်ရေးအဖွဲ့ (အိုင်အေယူ) ဥက္ကဋ္ဌဖြစ် သောကင်ညာသမ္မတအာရုပ်မိုင်သည် ၁၉၈၁ခုနှစ်ဇန်ဝါရီလ တွင် ယူဂန်းဒါးသမ္မတသစ် အိုဘိုတေနှင့်လည်းကောင်း၊ဇမ်ဘီး ယား၊တန်ဇားနီးယား သမ္မတများနှင့်လည်းကောင်း တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ဇန်ဝါရီလ ၅ ရက်နေ့တွင် ယူဂန်းဒါး သမ္မတ အိုဘိုတေနှင့် တွေ့ဆုံအပြီး၌ နှစ်နိုင်ငံ နယ်စပ် ပြဿနာနှင့် ကုန်သွယ်ရေး လုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ကြရန် သဘောတူခဲ့သည်။ ဇန်ဝါရီလ ၁၇ ရက် နေ့တွင်လည်း ဇမ်ဘီးယားသမ္မတ ကက်နက်ကအွန်ဒါ၊တန်ဇား နီးယားသမ္မတ ညီရေးရေးတို့နှင့်တွေ့ဆုံပြီး အရှေ့အာဖရိက ဒေသ ကုန်သွယ်ရေးနှင့် အခြားကိစ္စများတွင် ပူးပေါင်း ဆောင်ရွက်ရေးများကို ဆွေးနွေးခဲ့ကြသည်။

၁၉၈၁ ခု ဖေဖွဝါရီလ အတွင်း သမ္မတ အာရုပ်မိုင်သည် အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီးသည် တောင်ကိုရီးယားနိုင်ငံသို့လည်းကောင်း သွားရောက်လည် ပတ်ခဲ့သည်။ အလားတူ အိန္ဒိယသမ္မတ ဆန်ဂျီဗာရက်ဒီ သည် ကင်ညာနိုင်ငံ နိုင်ရုဘီမြို့သို့ မေလတွင်း၌ လေး ရက်ကြာ လာရောက်လည်ပတ်သည်။

၁၉၈၁ ခု မတ်လတွင် ကင်ညာ၌ သမ္မတ အာရုပ်မိုင် အား လုပ်ကြံ၍ အစိုးရအာဏာသိမ်းရန် ကြိုးပမ်းမှုတရပ် ပေါ် ပေါက်ခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ ထိုလုပ်ကြံမှု တွင် ပြည်ထဲရေးဝန်ကြီး အင်ဂျန်ဂျီးလည်း ပါဝင်သည်ဟု သက်သေတဦးက ထွက်ဆိုရာ ပြည်ထဲရေး ဝန်ကြီးက မဟုတ် မှန်ကြောင်း၊နာမည်ပျက်အောင် လုပ်ခြင်းသာဖြစ်ကြောင်း ဖြင့် ပြန်လည်ဖြေရှင်းခဲ့သည်။ မေလတွင် သမ္မတ မိုင်က အစိုးရအဖွဲ့အတွင်း အနည်းငယ် အပြောင်းအလဲ ပြုလုပ်ခဲ့ သည်။ မေလ၌ပင် ကင်ညာနိုင်ငံ၌ ဆရာဝန်များ သပိတ်



အကျယ်အဝန်း။	။၂,၂၄,၉၆၀ စတုရန်းမိုင်
လူဦးရေ။	။၁,၆၄,၀၀,၀၀၀
မြို့တော်။	။နိုင်ရိုဘီမြို့

မှောက်ခဲ့ကြရာ အစိုးရက လုပ်ငန်းခွင်သို့ပြန်ဝင်ကြရန် သတိပေးခဲ့သည်။ဆရာဝန်များ၏သပိတ်ကို ထောက်ခံသောအားဖြင့် နိုင်ရိုဘီတက္ကသိုလ်ကျောင်းသားများက သပိတ်မှောက်ဆန္ဒပြကြရာ ရဲက အဆိုပါဆန္ဒပြမှုကို ဖြိုခွင်းခဲ့သည်။ ရဲနှင့် ကျောင်းသား အဓိကရုဏ်း ဖြစ်ကာ လူအများအပြား ဒဏ်ရာ ရကြသည်။ အစိုးရက ကျောင်းသား အချို့ကို ကျောင်းမှ ထုတ်ပယ်ခဲ့သည်။

ပြည်ထဲရေးဝန်ကြီး အင်ဂျန်ဂျီးအား သက်သေ အထောက်အထား မခိုင်လုံပဲ တရားစွဲဆိုသည်ဟု ဝေဖန်နေချိန်တွင် ရှေနေချုပ် ဂျိန်းဗိုရိုကာရုဂိုသည် နုတ်ထွက်သွားသည်။ ဇွန်လ ၄ ရက်နေ့တွင် သမ္မတ မိုင်ငက ဂျီးဇက်ကာမာဥ ကာမိရေးကို အစားထိုးခန့်အပ်သည်။ ရွေးကောက်ပွဲ ဥပဒေကို ချိုးဖောက်သည်ဟုဆိုကာ ထုတ်ပယ်လိုက်သော မွေးမြူရေးဖွံ့ဖြိုးမှုဝန်ကြီးနေရာတွင်လည်း ဒေါက်တာ အေမူကာဆာ မန်ဂိုအား ခန့်အပ်ခဲ့သည်။

၁၉၈၁ ခုနှစ် ဩဂုတ်လဆန်းတွင် ဆူဒန်နိုင်ငံ နယ်စပ်မြို့ ကာပါအိုတာတွင် ကင်ညာနှင့်ဆူဒန် နှစ်နိုင်ငံကိုယ်စားလှယ်များတွေ့ဆုံ၍ နယ်စပ်လုံခြုံရေး သဘောတူစာချုပ် ချုပ်ဆိုကြသည်။

ကင်ညာနိုင်ငံသည် နောက်ဝါးနှစ်အတွက် ဒေါ်လာသန်း ၅၀၀၀ အကူအညီလိုအပ်သည်ဟု ဒုတိယသမ္မတနှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ မာဝေးကီဘာကီက ပြောကြားသည်။ ကင်ညာနိုင်ငံသုံး သျှီလင်ငွေကို စက်တင်ဘာလတွင် ၁၅ ရာခိုင်နှုန်း တန်ဖိုးလျှော့ချခဲ့ရသည်။ ကင်ညာနိုင်ငံ၏ စီးပွားရေးပျက်စီးမှုအတွက် ကင်ညာရှိ အာရှတိုက်သားများကို သမ္မတမိုင်ငက စွဲချက်တင် ပြောကြားသည်။

ကင်ညာနိုင်ငံသည် ၁၉၈၁ ခုနှစ် အတွက် ပြောင်းဖူးစေ့ တန်ချိန် သုံးသိန်း၊ ဂျုံတန်ချိန် တသိန်းကျော်၊ နို့မှုန့်တန်ချိန် တသောင်းကျော် တင်သွင်းရလိမ့်မည်ဟု အစိုးရက မေလ ၁၁ ရက်နေ့တွင် ကြေငြာသည်။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်အဖွဲ့မှ ကင်ညာနိုင်ငံသို့ ဂျုံတန်ချိန် ၆,၃၀၀ ထောက်ပံ့ခဲ့သည်။ ကင်ညာနိုင်ငံတွင် မိုးခေါင်ရာမှ လူတသိန်းကျော် ငတ်မွတ်ခဲ့သည်။ ကင်ညာမြောက်ပိုင်း ဂါရီဆာပြည်နယ်မှ ကမ်းရိုးတန်းပြည်နယ် ဖြစ်သော လာမူးသို့ လမ်းဖောက်ရန်နှင့် ကျန်းမာရေးလုပ်ငန်းများအတွက် ဂျပန်နိုင်ငံမှ ကင်ညာသို့ ဒေါ်လာသန်း ၃၀ ခွဲးငှားမည်ဖြစ်ကြောင်းဖြင့် ကင်ညာအစိုးရက ဇွန်လတွင် ကြေငြာသည်။

လောင်စာစွမ်းအင်သစ်နှင့် ပြန်လည် အသုံးချနိုင်သော လောင်စာစွမ်းအင်ဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ တရပ်ကို နိုင်ရိုဘီမြို့တွင် ဩဂုတ်လ အတွင်းက ကျင်းပခဲ့သည်။ ထိုကွန်ဖရင့်သို့ ၁၂၅ နိုင်ငံမှ ကိုယ်စားလှယ် ၃၀၀၀ ကျော် တက်ရောက်သည်။ ၎င်းအစည်းအဝေးသို့ တက်ရောက်လာသော အိန္ဒိယ ဝန်ကြီးချုပ်အင်ဒီရာဂန္ဒီ၊ ကနေဒါဝန်ကြီးချုပ် ထရူးဒိုးနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကွတ်ဗာဟိုင်းတို့သည် ကင်ညာသမ္မတ မိုင်ငနှင့် တွေ့ဆုံခဲ့ကြသည်။


၁၉၈၁ ခု ဒီဇင်ဘာလအတွင်း ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့တော်နှင့် မိုင် ၂၀၀ အကွာ နန်ဒီရိုင်တွင် လူမျိုးစုနှစ်စုသည် နယ်မြေပြဿနာအငြင်းပွားယင်း အဓိကရုဏ်းဖြစ်ရာမှ ငါးဦးသေဆုံးပြီး မီးလောင်၍လူရာပေါင်းများစွာသည် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသည်။ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် သမ္မတ မိုင်ငက ဒေသခံနိုင်ငံရေးသမားများအား နန်ဒီနှင့် လူယာလူမျိုးစုများ အငြင်းပွားမှုတွင် ပါဝင်ပတ်သက်ခြင်း မပြုကြရန် သတိပေးခဲ့သည်။

ကင်းတား ရေလှောင်တမံ ဘက်စုံ စီမံကိန်း။ ။

ကင်းတား (ညောင်ကြပ်)ရေလှောင်တမံ ဘက်စုံစီမံကိန်းကို မန္တလေးတိုင်းရှိ ကျောက်ဆည်၊ မြစ်သား၊ တံတားဦးနှင့် ဝမ်းတွင်းမြို့နယ်များအတွက် လယ်ယာနှင့် သစ်တော ဝန်ကြီးဌာန၊ ဆည်မြောင်း ဦးစီးဌာနက ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိသည်။

ပန်းလောင်မြစ်သည် မြန်မာမင်းများ လက်ထက်ကတည်းက လယ်ယာ စိုက်ပျိုးရေးအတွက် အားကိုးအားထား ပြုခဲ့ရသော မြစ် ဖြစ်သည်။ ရှေးအခါကပင် ပန်းလောင်မြစ်ပေါ်၌ ရေလှဲဆည်များ တည်ဆောက်ကာ ရေပေးတူးမြောင်းများ ဖောက်သွယ်၍ ဆည်ရေသွင်းစိုက်ပျိုးခဲ့ကြသည်။ ၁၈၉၁–၉၂ ခုနှစ်တွင် ပြန်လည်မွမ်းမံ ပြင်ဆင်၍ ပန်းလောင်မြစ်ပေါ်၌ အဆင့်ဆင့် တည်ရှိနေသော ကင်းတားဆည်၊ နတ်လှဲဆည်၊ ကျီမဲဆည်နှင့် ထုံးကြီးဆည်တို့မှ ပေးဝေသော ရေတို့ကို ယနေ့တိုင်အောင်ပင် အသုံးပြုနေရပေသည်။ သို့သော် ထိုရေလှဲဆည်တို့သည် မြစ်အတွင်း ရေစီးရေလာကောင်းမှသာ ထိရောက်စွာ ရေပေးဝေနိုင်သည်။

ထို့ကြောင့် ကျောက်ဆည်၊ မြစ်သား၊ တံတားဦး၊ ဝမ်းတွင်းမြို့နယ်များအတွင်းမှ လယ်မြေများကို သီးထပ်သီးညှပ် စိုက်ပျိုးနိုင်သည်အထိ တန့်စပတ်လုံး ရေသွင်းပေးနိုင်မည့် ကင်းတား ရေလှောင်တမံကြီးကို မြစ်သားမြို့နယ်မှ လက်ရှိ ကင်းတား ရေလှဲဆည်အထက် ကိုးမိုင်ခန့် အကွာ ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်နေခြင်းပင်ဖြစ်သည်။ ထိုသို့ ရေသွင်းစိုက်ပျိုးရေးအတွက်သာမက ကင်းတားရေလှောင်တမံသည် လက်ရှိ ရေသောက်ရေယာအတွင်းမှ မြေရိယာအချို့ကို ရေကြီးမှုအန္တရာယ်မှ ကာကွယ်ပေးနိုင်မည့်အပြင် ရေအားလျှပ်စစ်ထုတ်လုပ်ပေးရန်ကိုပါ ရည်ရွယ်ထားလေသည်။



ရည်ညွှန်းချက်

- လက်ရှိ ဆည်ရေသောက် ဧရိယာ
- အသစ် ဆည်ရေသောက် ဧရိယာ
- လျှပ်စစ် ဓာတ်အားလိုင်း
- မြို့နယ်ခြား

ရေဆင်းဧရိယာ ဂဖ၅ စတုရန်းမိုင်ရှိမည့် ကင်းတား ရေလှောင်တမံသည် အမြင့် ၂၃၆ ပေ၊ အလျား ၂၀၃၄ ပေ ရှိမည်ဖြစ်ပြီး၊ ကန်ရေပြည့်အနက် ၂၁၆ ပေ၊ ရေလှောင်ပမာဏ ၇,ဂ၆,၀၀၀ ကေပေနှင့် ရေပြင်ကျယ်ဧရိယာ ဂ,၉၀၀ ကေ ရှိမည်ဖြစ်၏။ ရေလှောင်တမံမှ အချင်း ၂၄ဒသမ ၆ ပေရှိ၍ ရေထုတ်အားနှုန်း တစက္ကန့်လျှင် ၄,၀၂၄ ကုဗပေ ရှိသော ဉမင်လိုက်ခေါင်း ရေထုတ်ပြွန် အလျား ၁,၅၂၅ ပေကို တည်ဆောက်သွားမည် ဖြစ်သည်။

ထို့ပြင် ရေတံခါးတပ် ရေပိုလွှဲဆည် အလျား ၁၄၂ ဒသမ ၇ ပေကို တည်ဆောက်မည်ဖြစ်ပြီး၊ အကျယ် ၂၉ ဒသမ ၅ ပေ၊ အမြင့် ၃၄ ဒသမ ၄ ပေ ရှိသော ရေတံခါးလေးခုကို တပ်ဆင်မည်ဖြစ်သည်။ အရေးပေါ် ရေပိုလွှဲဆည် အလျား ၆၀၉ ပေကိုလည်း တည်ဆောက်မည် ဖြစ်သည်။

ရေအားလျှပ်စစ် ထုတ်လုပ်ရန် ၂၀ မီဂါဝပ်အား စက်နှစ်လုံး တပ်ဆင်မည့် ရေအားလျှပ်စစ် စက်ရုံကို တည်ဆောက်သွားမည် ဖြစ်သည်။

စီမံကိန်းတွင် ကျောက်ဖြည့်တမံ အပါအဝင် ရေလှောင်တမံဆိုင်ရာ ရေအားအဆောက်အအုံများ တည်ဆောက်ခြင်း၊ လက်ရှိ ဆည်ရေသောက် ဧရိယာအတွင်းမှ ရေပေးမြောင်း၊ ရေနုတ်မြောင်းနှင့် ရေအားအဆောက်အအုံများ ပြုပြင်ခြင်း၊ လက်ရှိ မိုးကောင်းသောက် ဧရိယာကို ရေပေးသွင်းနိုင်ရန် ရေသွင်း ရေနုတ်မြောင်းများနှင့် ရေအားအဆောက်အအုံများ အသစ်တည်ဆောက်ခြင်း၊ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံနှင့် အဆောက်အအုံများ တည်ဆောက်ခြင်း၊ စိုက်ပျိုးမှု တိုးခဲ့ရေး လုပ်ငန်းရပ်များ၊ စိုက်ပျိုးမှု သုတေသန လုပ်ငန်းများ၊ သွင်းအားစုဆိုင်ရာ ကိစ္စရပ်များနှင့် စက်မှုလယ်ယာစနစ်များကို တိုးခဲ့ အင်အား ဖြည့်တင်းပေးခြင်း လုပ်ငန်းများ စသည်ဖြင့် အဆင့်ဆင့် ပါဝင်သည်။

လက်ရှိ တူးမြောင်းများ ပြုပြင်ခြင်း လုပ်ငန်းတွင် မြောင်းမကြီးနှင့် မြောင်းလက်တံ အလျား ၂၁၅ ဒသမ ၇ မိုင်ရှိ၏။ ရေသောက်ဧရိယာ အသစ်တည်ဆောက်မှု လုပ်ငန်းတွင် မြောင်းမကြီး အလျား ၇၈ မိုင်၊ မြောင်းခဲ့ မိုင် ၁၄၀၊ မြောင်းလက်တံမိုင် ၂၈၀ စုစုပေါင်း ၄၉၈ မိုင် ပါဝင်သည်။

ယခုအခါ လက်ရှိ ဆည်ရေသောက် ဧရိယာသည် ၈၈,၀၀၀ ကေ ရှိသည်ဖြစ်၍ စီမံကိန်း ပြီးဆုံးချိန်တွင် ရေသောက် ဧရိယာအသစ် ၁,၁၃,၅၀၀ ကေ တိုးတက်လာမည်ဖြစ်ရာ ထိုဒေသတွင် စုစုပေါင်း ဆည်ရေသောက်ဧရိယာ ၂,၀၁,၅၀၀ ကေ ရှိလာမည်ဖြစ်သည်။ သီးနှံစိုက်ကေသည် လည်း ၃,၂၂,၄၀၀ ကေအထိ တိုးတက်မြင့်မားလာပြီး ရေကြီးမှုအန္တရာယ်မှ ကာကွယ်ပေးနိုင်မည့် ရိယာကေ တိုးသောင်း ရှိလာမည်ဟု မျှော်မှန်းထားပေသည်။

စီမံကိန်းကို အကောင်အထည် ဖော်ရာတွင် ဆည်မြောင်းကဏ္ဍအတွက် ခန့်မှန်းကျပ်ငွေ ၁,၀၆၀ ဒသမ ၄ သန်း ကုန်ကျမည်ဖြစ်ပြီး လျှပ်စစ်၊ စိုက်ပျိုးရေး၊ စက်မှုလယ်ယာနှင့် အခြားကဏ္ဍများ အပါအဝင် စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ၁,၅၀၆ ဒသမ ၇ သန်း ရှိမည်ဖြစ်သည်။

စီမံကိန်း၏ ရေအားလျှပ်စစ်ကဏ္ဍအတွက် လိုအပ်သော ချေးငွေ ဒီမတ် ဂ၁ သန်းကိုလည်းကောင်း၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းအတွက် လိုအပ်သော ချေးငွေ ဒီမတ်

သန်း ၇၀ ကိုလည်းကောင်း ပြည်ထောင်စုသမ္မတ ဂျာမနီ နိုင်ငံ၊ ကေအက်ဖဒဗလျူဘဏ်နှင့် လျှပ် စစ် ဓာတ် အား ကော်ပိုရေးရှင်း၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်တို့ ငွေ ချေးစာချုပ်များ ချုပ်ဆိုခဲ့ကြသည်။

ကင်းတား ရေလှောင်တမံ ဘက်စုံ စီမံကိန်းကာလကို ၁၉၈၁–၈၂ ခုနှစ်မှ ၁၉၈၆–၈၇ ခုနှစ်အထိ သတ်မှတ်ထား သည်။ စီမံကိန်းကို စတင် အကောင်အထည်ဖော်လျက် ရှိရာတွင် ၁၉၈၁ ခုနှစ် နှစ်လယ်ပိုင်း၌ တမံအဝင် ဆက် သွယ်ရေးလမ်း ၂၂ ဒသမ ၂ မိုင် ပြီးစီး၍ စခန်း ဝန်ထမ်း နေအိမ်၊ ရုံး၊ ဂိုဒေါင် စသောအဆောက်အအုံ ၂၈၅ လုံး တည်ဆောက်ပြီးစီးခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ချုပ်။ ။

(ကုလသမဂ္ဂ—ရှု။)



ဦးကျော်စိုး

ကျော်စိုး၊ ဦး (ခရစ် ၁၉၁၉–၁၉၈၁)။ ။ဗဟိုနိုင်ငံရေး တက္ကသိုလ်နှင့် ဗဟိုပြည်သူ့ဝန်ထမ်း တက္ကသိုလ်ကျောင်း အုပ်ကြီး ဦးကျော်စိုးသည် ၁၉၁၉ ခုနှစ် ဖေဖွဝါရီလ ၁၉ ရက်နေ့တွင် မင်းဘူးမြို့၌ အဖ ဦးဘိုးချိန်၊ အမိ ဒေါ်အိုကြီး တို့မှ မွေးဖွားသည်။

၁၉၃၆ ခုနှစ်တွင် သရက်မြို့ လူငယ်များ ကြီးပွားရေး အသင်း အမှုဆောင်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် သရက်မြို့ အစိုးရ အထက်တန်းကျောင်း ကျောင်းသားသပိတ်၌ စည်းရုံးဆောင်ရွက်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ ဝင်သည်။ ဂျပန်ခေတ် စစ်တက္ကသိုလ် ပထမပတ် ဗိုလ်သင်တန်းဆင်း ဖြစ်သည်။ ပထမပတ် စစ်တက္ကသိုလ်သို့ တက်ရောက် သင်ကြားသူ ၃၀၀ အနက်မှ ဂျပန်ပြည်သို့ ဆက်လက်၍ စစ်ပညာသင်ရန် ရွေးချယ်ခံရသည့် ရဲဘော် ၃၀ တွင် တဦးအပါအဝင် ဖြစ်သည်။

၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်နိုင်ငံ စစ် တက္ကသိုလ်၌ တက်ရောက်ခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ဗမာ့သေနတ်ကိုင်တပ်ရင်း ၄ ၌ ဒုတိယဗိုလ်မှ ဒုတိယဗိုလ်မှူးကြီးနှင့် တပ်ရင်းမှူးအထိ အဆင့်ဆင့် တိုး တက်၍ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၉ ခုနှစ်မှစ၍ မင်္ဂလာဒုံ လေ့ကျင့်ရေး တပ်တွင် တပ်ရင်းမှူး၊ မေမြို့ တပ်မတော် ဗိုလ်သင်တန်းကျောင်း တွင် ကျောင်းအုပ်ကြီး၊ တပ်မဟာ ၁၊ တပ်မဟာ ၄ နှင့် တပ်မဟာ ၉ တို့တွင် တပ်မဟာမှူးအဖြစ် တာဝန်ထမ်း ဆောင်သည်။ ဗထူးမြို့ တိုက်ခိုက်ရေးကျောင်းနှင့် စစ် တက္ကသိုလ်တို့တွင် ကျောင်းအုပ်ကြီး၊ ကာကွယ်ရေးဝန်ကြီး ဌာန တပ်မတော် စီစစ်ရေးအရာရှိချုပ်၊ စစ်ရာထူးခန့် အတွင်းဝန်စသည့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်မှစ၍ တော်လှန်ရေးကောင်စီဝင်၊ ပြည်ထဲ ရေး၊ တရားရေး၊ သာသနာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဌာန၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ် ရေးနှင့် ဒေသန္တရ အဖွဲ့ဌာနများ၏ဝန်ကြီး၊ ဗဟိုလုံခြုံရေး နှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌစသည့် တာဝန်များကို ထမ်း ဆောင်ခဲ့သည်။

နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအသစ် မူကြမ်း ရေးဆဲရေးအတွက် ပြည်သူများ၏ ဆန္ဒသဘော ထား ခံယူပွဲတွင် ကော်မရှင်အဖွဲ့ခဲ့ ၁၃ ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ် မတ်လအထိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့ သည်။ ၁၉၇၄ ခုနှစ် မတ်လမှစ၍ ပထမအကြိမ် ပြည်သူ လွှတ်တော်တွင် ပဲခူးတိုင်း နတ္တလင်း(၂)မဲဆန္ဒနယ် ပြည်သူ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေး ကော်မတီဝင်၊ နိုင်ငံတော် ကောင်စီဝင်အဖြစ် တာဝန်ယူ ထမ်းဆောင်ခဲ့ သည်။ ဒုတိယအကြိမ် ပြည်သူလွှတ်တော်တွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အမှတ်(၁)မဲဆန္ဒနယ် ပြည်သူလွှတ်တော် ကိုယ်စားလှယ်အဖြစ် ကွယ်လွန်ချိန်အထိ တာဝန်ထမ်း ဆောင်ခဲ့သည်။

ဦးကျော်စိုးသည် အမြဲတပါတီဘဝတွင် မြန်မာ့ဆိုရှယ် လစ် လမ်းစဉ်ပါတီ ပါတီစည်းရုံးရေး ဗဟိုကော်မတီ၊ပါတီ စည်းကမ်း ထိန်းသိမ်းရေး ကော်မတီ၊ တော်လှန်ရေး

ကောင်စီ၊ဘဏ္ဍာရေးကော်မတီဝင်၊ပြည်သူ့ပါတီ ကာလကွင်မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၇ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပသော အရေးပေါ် ပါတီညီလာခံတွင် ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီ တာဝန်သာမက ဗဟိုလုပ်ငန်းဌာနမှူးဖြစ်သော ဗဟိုနိုင်ငံရေးတက္ကသိုလ်ကျောင်းအုပ်ကြီးတာဝန်များကိုပါ ယူခဲ့သည်။

ပထမအကြိမ် ပြည်သူလွှတ်တော် အဋ္ဌမအစည်းအဝေး စတုတ္ထနေ့တွင် ဦးကျော်စိုးသည် နိုင်ငံတော် ကောင်စီဝင်အဖြစ်မှ မိမိ၏ဆန္ဒအလျောက် နုတ်ထွက်၍ ဗဟိုဝန်ထမ်းတက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အမှတ်(၁) မဲဆန္ဒနယ် ပြည်သူလွှတ်တော်ကိုယ်စားလှယ် ဗဟိုနိုင်ငံရေး တက္ကသိုလ်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် ကျောင်းအုပ်ကြီး ဦးကျော်စိုးသည် ၁၉၈၁ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့ညတွင် ကွယ်လွန်အနိစ္စရောက်သည်။

ကွယ်လွန်ချိန်တွင် ဦးကျော်စိုးတွင်ဇနီးဒေါ်ကြည်ကြည်နှင့် သားသမီး ငါးယောက် ကျန်ရစ်သည်။

ကျောက်မျက်ရတနာ ပြပွဲ (၁၉၈၁)

။မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို ၁၉၆၇ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်တွင် နှစ်စဉ်ကျင်းပခဲ့ရာ ၁၉၈၁ ခုနှစ် ဖေဖွဲ့ဝါရီလအတွင်း ကျင်းပခဲ့သည့် ကျောက်မျက်ရတနာပြပွဲအထိ ၁၈ ကြိမ် ခင်းကျင်းပြသခဲ့ပြီး ဖြစ်လေသည်။

၁၉၈၁ ခုနှစ် ၁၈ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့၊ အင်းလျားကန်ဟိုတယ်တွင် ဖေဖွဲ့ဝါရီလ ၁၉ ရက်မှ ၂၇ ရက်နေ့အထိ ခင်းကျင်းပြသရောင်းချခဲ့သည်။

ပြပွဲမကျင်းပမီ ဖေဖွဲ့ဝါရီလ ၁၁ ရက်နေ့တွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်း ပြသမှုများကို နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းကိုယ်တိုင် စိတ်ပါဝင်စားစွာ လည်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ ရတနာ ကုန်သည်များသည် ပြပွဲ၌ ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲရတနာများကို ဖေဖွဲ့ဝါရီလ ၁၈ ရက်နှင့် ၁၉ ရက်နေ့များတွင် ကြည့်ရှု စစ်ဆေး လေ့လာခဲ့ကြသည်။

၁၈ ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ကျောက်စိမ်းများကို လေလံတင် ရောင်းချရာ ဖေဖွဲ့ဝါရီလ ၂၁ ရက်နေ့တွင် မြန်မာငွေကျပ် လေးသန်း၊ ခြောက်သိန်း၊ ခုနစ်သောင်းကျော် (အမေရိကန်ဒေါ်လာ ၆,၉၇,၁၈၇ ဒေါ်လာ) တန်ဖိုးရှိကျောက်စိမ်းတုံပေါင်း ၅၂ တုံ၊ ဖေဖွဲ့ဝါရီလ ၂၂ ရက်နေ့တွင် မြန်မာငွေကျပ် လေးသန်း၊ ရှစ်သိန်း၊ ကိုးသောင်းကျော် (အမေရိကန်ဒေါ်လာ ၂,၃၀,၆၃၆ ဒေါ်လာ) တန်ဖိုးရှိ ကျောက်စိမ်းအတုံပေါင်း ၄၂ တုံနှင့် ဖေဖွဲ့ဝါရီလ ၂၃ ရက်နေ့တွင် မြန်မာငွေကျပ် ရှစ်သန်း၊ လေးသိန်း၊ သုံးသောင်းကျော် (အမေရိကန်ဒေါ်လာ ၁,၂၉,၀၃၂ ဒေါ်လာ) တန်ဖိုးရှိ ကျောက်စိမ်းအတုံပေါင်း ၁၂ တုံ ရောင်းချခဲ့ရသည်။

ဖေဖွဲ့ဝါရီလ ၂၄ ရက်နေ့တွင် မြန်မာ့ပုလဲရတနာများကို လေလံတင်ရောင်းချရာ မြန်မာကျပ်ငွေ တဆယ့်ခုနစ်သန်း၊ သုံးသိန်းကျော် (အမေရိကန်ဒေါ်လာ ၂၅,၈၃,၂၄၉ ဒေါ်လာ) တန်ဖိုးရှိ ပုလဲအတုံပေါင်း ၇၁ တုံနှင့် ဖေဖွဲ့ဝါရီလ ၂၅ ရက်နေ့တွင် မြန်မာကျပ်ငွေ ခုနစ်သန်း၊ နှစ်သိန်းခွဲကျော် (အမေရိကန်ဒေါ်လာ ၁,၈၃,၀၀၀) တန်ဖိုးရှိ ပုလဲအတုံပေါင်း ၈၁ တုံတို့ကို ရောင်းချခဲ့ရသည်။

ဖေဖွဲ့ဝါရီလ ၂၆ ရက်နေ့တွင် မြန်မာ့ကျောက်မျက်ရတနာများကို လေလံတင်ရောင်းချရာ မြန်မာကျပ်ငွေ နှစ်သန်း၊ ကိုးသိန်း၊ ကိုးသောင်းကျော် (အမေရိကန်ဒေါ်လာ ၄,၄၇,၃၁၆ ဒေါ်လာ) တန်ဖိုးရှိ ကျောက်မျက်ရကနာ ၄၆ တုံကို ရောင်းချခဲ့ရသည်။

ဖေဖွဲ့ဝါရီလ ၂၇ ရက်နေ့တွင် နောက်ဆုံးနေ့အဖြစ် လက်ဝတ်ရတနာများ၊ ကျောက်စိမ်းရုပ်တုများကို ဆက်လက်ရောင်းချရာ မြန်မာကျပ်ငွေ တသန်း၊ ခြောက်သိန်းကျော် (အမေရိကန်ဒေါ်လာ ၂,၄၆,၁၉၉ ဒေါ်လာ) ဖိုး ရောင်းချရသည်။

၁၈ ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲအတွင်း ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲရတနာများ၊ လက်ဝတ်ရတနာ၊ ကျောက်စိမ်းရုပ်တုများ၏ ရောင်းချရငွေစုစုပေါင်းမှာ မြန်မာကျပ်ငွေ လေးဆယ့်ခုနစ်သန်း၊သုံးသိန်း၊ နှစ်သောင်းခန့် (အမေရိကန်ဒေါ်လာ ၇၀,၆၃,၇၇၀ ဒေါ်လာ) ရရှိခဲ့သည်။

၁၈ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသို့ ရတနာကုန်သည် ၂၂၉ ဦး တက်ရောက်ခဲ့ကြသည်။ ၁၉၈၁ ခုနှစ်တွင် မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲသို့ ၁၈ နှစ်ဆက်တိုက် တက်ရောက်ခဲ့သူများ၊ ၁၅ နှစ်ဆက်တိုက် တက်ရောက်ခဲ့သူများနှင့် ၁၀ နှစ်ဆက်တိုက် တက်ရောက်ခဲ့သူများကို ဂုဏ်ပြု လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

၁၉၆၇ ခုနှစ် ပထမအကြိမ်ပြပွဲမှ ၁၉၈၁ ခုနှစ် ၁၈ ကြိမ်မြောက်ပြပွဲအထိ စုစုပေါင်း မြန်မာကျပ်ငွေ လေးထောင့်သုံးသန်း၊ ရှစ်သိန်းကျော်(အမေရိကန်ဒေါ်လာ ၆,၉၁,၇၉,၆၁၆ ဒေါ်လာ) ဖိုး ရောင်းချခဲ့ပြီး ဖြစ်လေသည်။

ခါမေနီ, ဟိုဂျာတိုလက်စလမ် အလီ။ ။အီရန် နိုင်ငံသမ္မတခါမေနီသည် အီရန်နိုင်ငံ၏ ဘာသာရေးခေါင်းဆောင် အယာတိုလာခိုမေနီ၏ လက်ထောက်တဦးဖြစ်ပြီး အီရန်သမ္မတဟောင်း ဗာနီဆာဒါ အီရန်နိုင်ငံမှ တိမ်းရှောင်သွားသည့် နောက်ပိုင်းတွင် ထင်ရှားလာသည်။

၁၉၇၁ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ခါမေနီသည် အီရန်နိုင်ငံ တီဟီရန်မြို့ရှိ အဘူဇာပလီဌာ မိန့်ခွန်းပြောကြားနေစဉ် သူ၏ရှေ့တွင်ရှိသည့် တိတ်ရကော်ဒါအတွင်း ဝှက်ထားသောဗုံး ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သည်။



ဟိုဂျာတို လက်စလမ် အလီ ခါမေနီ

ဩဂုတ်လ ၃၀ ရက်နေ့တွင် အီရန်ဝန်ကြီးချုပ်ရုံး၌ ဗုံးပေါက်ကွဲရာ အီရန်သမ္မတ အလီရာဂျေးနှင့် ဝန်ကြီးချုပ် ဘဟိုနာတို့ နှစ်ဦးစလုံး သေဆုံးသွားခဲ့သဖြင့် သမ္မတရာထူးအတွက် အထူးရွေးကောက်ပွဲ ကျင်းပရန် သမ္မတရေးရာကော်မတီကို ဩဂုတ်လ ၃၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။

နိုင်ငံတွင် ဒုတိယအာဏာအရှိဆုံး ပုဂ္ဂိုလ် ဘီဟက်ရှတီသည် ဇွန်လ ၂၉ ရက်နေ့တွင် အာဏာရ အစ္စလာမ်ရီပတ်ဘလစ်ပါတီ အစည်းအဝေးတွင် မိန့်ခွန်းပြောကြားနေစဉ် ဗုံးပေါက်ကွဲ၍ ကွယ်လွန်ခဲ့သဖြင့် ခါမေနီအား ပါတီခေါင်းဆောင်အဖြစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ခန့်အပ်ခဲ့သည်။

သမ္မတ ရွေးကောက်ပွဲကို အောက်တိုဘာလ ၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ သုံးလအတွင်း ဒုတိယအကြိမ်မြောက် ရွေးချယ်ရခြင်း ဖြစ်သည်။

အလီခါမေနီသည် မဲဆန္ဒ ၉၅ ရာခိုင်နှုန်းရရှိပြီး သမ္မတအဖြစ် အရွေးခံရသည်။ မဲဆန္ဒပေးသူ ၁,၆၈,၄၆,၉၆၆ ဦးအနက် ၁,၆၀,၀၇,၉၇၂ ဦးက ခါမေနီအား မဲဆန္ဒပေးသည်။

အလီခါမေနီသည် အီရန် တော်လှန်ရေး နောက်ပိုင်းတွင် တတိယမြောက် အရွေးခံရသော သမ္မတဖြစ်သည်။ သမ္မတဖြစ်သည့်အချိန်တွင် အသက် ၄၁ နှစ်ရှိပြီဖြစ်သည်။

ခါမေနီသည် အီရန်နိုင်ငံ သမ္မတသစ်အဖြစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။

ခဲဆိပ်သင့်ခြင်း။ ။မြန်မာနိုင်ငံတွင်သာမက၊ ကမ္ဘာတဝန်းမှာပင် ခဲဆိပ်သင့်ခြင်းကို အရေးကြီးသည့် လုပ်ငန်းခွင် အန္တရာယ်တမျိုးအဖြစ် အသိအမှတ်ပြုထားကြသည်။ ခဲဆိပ်သင့်ခြင်းဆိုသည်မှာ ခဲသတ္တုနှင့် ယင်း၏ဒြပ်ပေါင်းတမျိုးမျိုးကို အခိုးအငွေ့ရှူရှိုက်မိခြင်း၊ အမှုန်အစလေးများ ရှူရှိုက်မိခြင်း၊ အစာရေစာနှင့်အတူ မျိုချမိခြင်း၊ ကိုင်တွယ် အသုံးချမိခြင်း အစရှိသည့် အကြောင်းများကြောင့် သတ္တုဆိပ်တက်ရခြင်းကို ဆိုလိုပေသည်။

ခဲသတ္တုကို ရေပိုက်များ၊ သုတ်ဆေး၊ သဘော်ဆေးများ၊ ကြွေရည်သုတ်ဆေးများ၊ ဗက်ထရီများ၊ ဂဟေဆော် လုပ်ငန်းများ၌ တွင်တွင်ကျယ်ကျယ် အသုံးပြုနေရဆဲပင် ဖြစ်သည်။ ခဲမိုနိုအောက်ဆိုက်ကို အချို့သုတ်ဆေး၊ သဘော်ဆေးများ၌ ထည့်သွင်း အသုံးပြုကြသည်။ ခဲဖြူသို့မဟုတ် ခဲကာဗွန်နိတ်ကို သဘော်ဆေးများတွင် အများဆုံး သုံးကြသည်။ ခဲနီကိုမူ သဘော်ကြီးများ၊ တံတားကြီးများ အစရှိသည့် ထုထည်ကြီးမားသော ပစ္စည်းများကို ဆေးသုတ်ရာ၌ ထည့်သွင်းအသုံး ပြုကြသည်။

ခဲအာဆင်းနိတ်ကို အင်းဆက်ပိုးသတ်ဆေးများ ဖော်စပ်ရာတွင် သုံးစွဲခဲ့ကြသည်။ ခဲသတ္တုနှင့် အာဆင်းနစ်တို့ ရောထားခြင်းဖြင့် အလွန်အဆိပ်ပြင်းသည့် ဝတ္ထုပစ္စည်းဖြစ်လာသည်။ ခဲသတ္တုချည်းသက်သက်မဟုတ်ပဲ အခြားသတ္တုများနှင့်ရောရှေ့ သတ္တုတွဲအဖြစ် အသုံးပြုခြင်းမျိုးလည်း ရှိသည်။ အချို့သော အရောင်တင်ဆီလုပ်ငန်း၊ ဖန်ထည်လုပ်ငန်းများတွင်လည်း ခဲသတ္တုကို အသုံးပြုနေရဆဲ ဖြစ်လေသည်။ ခဲတက်ထရာအီသိုင်းကိုမူ ဓာတ်ဆီစသည့် လောင်စာဆီအချို့၌ ထည့်သွင်း အသုံးပြုနေ ရလေသည်။


ယနေ့ခေတ်တွင် သဘော်ဆေး၊ အရောင်တင်ဆီ အစရှိသည်တို့၌ ခဲသတ္တုပါဝင်နှုန်းကို လျှော့ချပြီး ထုတ်လုပ်လျက်ရှိသည်။ ထို့ကြောင့် လက်ရှိ အိမ်သုတ်ဆေးအများစု၌ ခဲသတ္တုမပါတော့ပေ။ တိုက်တေနီယမ်ဒိုင်အောက်ဆိုက်၊ လစ်သိုဖုံး၊ မဂ္ဂနီဆီယမ် ဆီလီကိတ်နှင့် သွတ်အောက်ဆိုက် အစရှိသည်တို့ကို ခဲသတ္တုနေရာတွင် အစားထိုး သုံးစွဲလျက်ရှိသည်။

ခဲဆိပ်သင့်ခြင်းအကြောင်းကို မည်သူစတင် ဖော်ထုတ်ခဲ့ကြောင်း အထောက်အထား တိကျစွာမရှိချေ။ လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော်ခန့်က အယ်တီပလင့်ချက်

အမည်ရှိ ပုဂ္ဂိုလ်တဦးသည် ခဲဆိပ်သင့်ရခြင်း၏ ရောဂါပြ လက္ခဏာများအပေါ် မူတည်ပြီး ခဲကြောင့် ဗိုက်အောင့်ခြင်း၊ ခဲကြောင့် အဆစ်အမြစ်ကိုက်ခြင်း၊ ခဲကြောင့် အကြောသေခြင်း၊ ခဲကြောင့်ရူးသွပ်ခြင်းဟူ၍ အမျိုးအစားလေးမျိုး ခွဲခြားပြခဲ့ကြောင်း တွေ့ရှိရပေသည်။

ခဲဆိပ်သင့်ရခြင်း အကြောင်းရင်းများအနက် ခဲအစအမှုန်လေးများနှင့် ခဲငွေများ ရှူရှိုက်မိခြင်းသည် ပဓာနအကြောင်းရင်းတခု ဖြစ်ပေသည်။ ဤကဲ့သို့ အသက်ရှူလမ်းကြောင်းမှတဆင့် ဝင်ရောက်ခြင်းသည် ကျန်းမာရေးကို ပိုမိုထိခိုက်စေနိုင်သည်။ ကလေးသူငယ်များ၌ ခဲဆိပ်သင့်ရခြင်းမှာ ခဲသတ္တုပါရှိသည့် ဝတ္ထုပစ္စည်းများကို ကိုင်တွယ်ကစားခြင်းကြောင့် အများဆုံး ဖြစ်တတ်ပေသည်။ ခဲသတ္တု၏ သြဂဲနစ် ဒြပ်ပေါင်းများသည် ခဲမှုန် ခဲငွေများထက်ပို၍ ပြင်းထန်စွာ အဆိပ်သင့်စေနိုင်သည်။ ဤသို့ဖြစ်ရခြင်းမှာ ယင်းအဆိပ်အတောက်သည် လူအရေပြားထဲသို့ပင် ပျံ့နှံ့စိမ့်ဝင် နိုင်စွမ်းရှိခြင်းကြောင့် ဖြစ်လေသည်။

ခဲဆိပ်သင့်ခြင်း၏ ရောဂါပြ သွင်ပြင်လက္ခဏာများမှာ ရောဂါအခြေအနေပေါ် မူတည်၍ အမျိုးမျိုး ဖြစ်နိုင်သည်။ များသောအားဖြင့် ဝမ်းဗိုက်နာကျင်ခြင်း၊ ဝမ်းချုပ်ခြင်းနှင့် ပျို့အန်ခြင်း ဝေဒနာများ ခံစားရလေ့ရှိသည်။ တခါတရံတွင်လည်း ဝမ်းလျှောခြင်းကို တွေ့ရတတ်သည်။ မကြာခဏ ဗိုက်အောင့်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မောပန်းလွယ်ခြင်း အစရှိသည့် ဝေဒနာများလည်း ခံစားရတတ်လေသည်။



ခဲဆိပ်သင့်ခြင်းကြောင့် သွားဖုံးနှင့် သွားအကြားအပြာစင်းများ ပေါ်လာပုံ

ခဲဆိပ်သင့်ခြင်းကို အချိန်ကြာမြင့်စွာ ခံစားရပါက အာရုံကြောချုတ်ယှင်းခြင်းနှင့် သွေးအားနည်းခြင်းတို့ ဖြစ်ပေါ်လာတတ်သည်။ သွားနှင့် သွားဖုံးအကြား ခဲဆာလဖိုက် အမှုန်များ ကပ်တင်နေခြင်းဖြင့် အပြာရောင် အစင်းများ တွေ့ရလေ့ရှိသည်။ ယင်းကို ဘဂဝ ပြည့်နှစ်၌ ဘာတန် ဆိုသူ စတင်တွေ့ရှိသဖြင့် ဘာတန်အစင်းကြောင်းဟု အမည်ပေးထားသည်။ ခန္ဓာကိုယ်အတွင်းသို့ ဝင်လာသည့် ခဲသတ္တုအဆိပ်အတောက်များသည် သွေးစီးကြောင်းမှတဆင့် ကိုယ်တွင်းအင်္ဂါများ ဖြစ်ကြသော အသည်း၊ အဆုတ်၊ သရက်ရွက်၊ နှလုံး၊ ကျောက်ကပ်၊ ဦးနှောက်၊ ကြွက်သားများနှင့် အရိုးများသို့ ပျံ့နှံ့ရောက်ရှိသွားနိုင်သည်။ ခဲအဆိပ်ကြောင့် ကြွက်သားများ အားပျော့လာခြင်းဖြင့် လက်ကောက်ဝတ် တွဲကျခြင်း ဖြစ်နိုင်သည်။ ဤလက္ခဏာကို ခဲဆိပ်ဒဏ်ဆိုးဝါးစွာ ခံနေရသူများ၌ တွေ့ရလေ့ရှိလေသည်။

ခဲဆိပ်သင့်ခြင်း၏ အန္တရာယ်ကို ထိန်းချုပ်ကာကွယ်ရာ၌ ခဲဆိပ်သင့်မည့် ပတ်ဝန်းကျင်တွင် ခဲသတ္တုပြုန်မှုကို ထိန်းပေးထားခြင်းနှင့် အလုပ်သမားများ ခဲဆိပ်မသင့်ရလေအောင် ထိန်းချုပ် ကာကွယ်ပေးခြင်း ဟူ၍ နည်းလမ်းနှစ်မျိုးရှိသည်။

ပတ်ဝန်းကျင်တခုလုံးကို ထိန်းပေးရန်မှာ အလွန်ရှုပ်ထွေးသည့် စက်ပစ္စည်းများလိုအပ်ပြီး ငွေကုန်ကြေးကျများစွာရှိနိုင်သည်။ သို့ဖြစ်၍လည်းအလုပ်သမားများအား အခါအားလျော်စွာ ကျန်းမာရေး စစ်ဆေးမှုများသာ ပြုလုပ်ပေးလေ့ရှိသည်။ ခဲဆိပ်သင့်နိုင်သော ပတ်ဝန်းကျင်သို့ လုပ်သားတဦး မရောက်မီကတည်းကပင် သူ၏သွေးနှင့် ဆီးထဲရှိ ခဲသတ္တုပမာဏကို ဓာတ်ခွဲတိုင်းတာကြည့်လေ့ရှိကြသည်။ ခဲဆိပ်သည် အမျိုးသမီးလုပ်သားများကို သန္ဓေပျက်စီးစေလေ့ရှိသဖြင့် ခဲသတ္တုသုံးစွဲနေရသည့် စက်ရုံများ၌ အမျိုးသမီးလုပ်သားကို နေရာချထားပေးလေ့ မရှိချေ။ အထွေထွေ ကျန်းမာရေး စစ်ဆေးမှု၌ သွေးရောင်ခြယ်တိုင်းတာခြင်းကို အနည်းဆုံး သုံးလတကြိမ် ထည့်သွင်းစစ်ဆေးပေးရမည် ဖြစ်သည်။ သွေးနှင့်ဆီးထဲရှိ ခဲသတ္တုတိုင်းမှတ်ကိုလည်း အခါအားလျော်စွာ တိုင်းတာပေးရမည် ဖြစ်သည်။ ယေဘုယျအားဖြင့် သွေး ၁၀၀ ကုဗစင်တီမီတာတွင် ခဲသတ္တု ၈၀ မိလီဂရမ်ထက်ပိုပြီးမပါလျှင် ခဲဆိပ်သင့်ခြင်းမရှိဟု ဆိုနိုင်သည်။ ဓာတ်ခုံအလုပ်ရုံ တခုလုံးအနေဖြင့်လည်း ခဲမှုန်ခဲစများ ပျံ့နှံ့မှုလျော့နည်းစေရန် လေဝင် လေထွက်ကောင်းအောင် စီစဉ်ထားသင့်သည်။ ခဲသတ္တုကို မလွဲမရှောင်သာ သုံးစွဲနေသူအလုပ်သမားများသည် တကိုယ်ရေသန့်ရှင်းခြင်းနှင့် ခဲဆိပ်မသင့်အောင် ဆင်ခြင်နေထိုင်နည်းတို့ကို စနစ်တကျလိုက်နာကျင့်သုံးကြရန် အထူးလိုအပ်လှသည်။

ခင်ခင်လေး၊ဒဂုန် (မြန်မာ ၁၂၆၅–၁၃၄၃)။ ။အမျိုးသမီး စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးကို မြန်မာသက္ကရာဇ် ၁၂၆၅ ခုနှစ် တပေါင်းလဆန်း ၆ ရက် စနေနေ့တွင် မန္တလေးမြို့ ဝက်မစုတ်ဝင်း၌ မြို့အုပ်ကလေး ဦးမြတ်ကျော်၊ ဒေါ်ခင်ခင်လတ်တို့မှ မွေးဖွားသည်။

စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏ အမည်ရင်းသည် ခင်လေးလတ် ဖြစ်သည်။



ဒဂုန်ခင်ခင်လေး

ရှေးခေတ်လူကြီးမိဘတို့အယူအဆဖြင့် အမျိုးသမီးများ စာပေပညာကို ပေါက်ရောက်အောင် အတန်းကျောင်းတက် ပညာသင်ခွင့် မပြုလိုသောကြောင့် ရွှေဘိုမြို့ အထက်တန်းကျောင်း၌ ခုနစ်တန်းအထိသာ သင်စေပြီး စာမေးပွဲမတိုင်မီ ကျောင်းမှနုတ်ထွက်လိုက်ရသည်။

အသက် ၁၀ နှစ် ကျော်ကျော်တွင် အဘိုး ဝက်မစုတ် မင်းကြီးကိုယ်တိုင် အိမ်တွင်ကြပ်မတ်ပြီး မြန်မာစာပေကျမ်းဂန်များကို ဆက်လက်သင်ကြားပို့ချပေးသည်။ အင်္ဂလိပ်စာကိုလည်း အင်္ဂလိပ်စာသင်ဆရာကို အိမ်ခေါ်၍ သင်ပေးလေသည်။

အသက်ငယ်စဉ်ဘဝကပင် စာပေဆောင်းပါးများ လက်တည့်စမ်းရေးသားခဲ့သည်။ "နွဲ့နွဲ့" ဝတ္ထုသည် ၁၉၁၇ ခုနှစ် ဝတ္ထုတိုပြိုင်ပွဲတွင် အကောင်းဆုံးဆု အပေးခံရသဖြင့် သူရိယမဂ္ဂဇင်းထုတ်စ အတွဲ ၁၊ အမှတ် ၆ ၌ ထည့်သွင်းဖော်ပြပေးခဲ့သည်။ "ရှင်မင်းညို" ဝတ္ထု နှင့် "ရဲလျှင်မင်းဖြစ်" အမည်ရှိ ဝတ္ထုများကိုလည်း ဆက်လက်ရေးသားခဲ့သည်။

အသက် ၁၈ နှစ်အရွယ်တွင် မန္တလေးမြို့၌ ကြည်တော် ဆက်ဝတ္ထုမဂ္ဂဇင်း ကို ၁၅ ရက် တကြိမ် မှန်မှန်ရေးသား ထုတ်ဝေခဲ့သည်။

ထို့နောက် မန္တလေး ဝဇီရာမဏ္ဍလ စာပုံနှိပ်တိုက်မှ ထုတ်ဝေသော နေရှင်နယ်ကျာနယ် တွင် တာဝန်ခံအယ်ဒီတာ အဖြစ်ဖြင့် တာဝန်ထမ်းခဲ့သည်။ ထို့နောက် "ပျော်ဆုံးသော ပတ္တမြားကြီး"၊ "မသန်းရီ"၊ "မျိုးချစ်လမ်းညွှန်"၊ "မာန"ဝတ္ထုတို့အပြင် ၁၉၂၁ ခုနှစ်မှအစပြု၍ ရုပ်ရှင် ဇာတ်လမ်း၊ ရုပ်ရှင် ဇာတ် ညွှန်း များ ကို လည်း မြန်မာရုပ်ရှင် ထုတ်လုပ်သူတို့တောင်းသမျှ ရေးသားပေးပို့ခဲ့သည်။

ရန်ကုန်မြို့သို့ ရောက်ရှိလာသောအခါ ဒဂုန်မဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာချုပ်ဖြစ်သူ လယ် တီ ပဏ္ဍိတ ဆရာဦးမောင်ကြီးနှင့် တွေ့ဆုံရင်းနှီးကာ သူ၏ဒဂုန်မဂ္ဂဇင်းတွင် ဝတ္ထုဆောင်းပါးများ အဆက်မပြတ်ရေးပေးပြီး ကလောင်နာမည်ကို ဒဂုန်ခင်ခင်လေး ဟူ၍ ပြောင်းခဲ့သည်။

ရန်ကုန်မြို့တွင် တိုင်းပြုပြည်ပြုပုံနှိပ်တိုက်တတိုက် ဖွင့်လှစ်ကာ ဒဂုန်ခင်ခင်လေး စာအုပ်တိုက်ဟူသောအမည်နှင့် တည်ထောင်ပြီး၊ ဝတ္ထုစာအုပ် အ မျာ း အ ပြာ း ကိုယ်တိုင် ရေးသားထုတ်ဝေယင်း နဂါး နီ စာ အုပ် တိုက် မန် နေ ဂျာ ဦးအုန်းခင်နှင့် အိမ်ထောင်ကျသည်။

ဒုတိယကမ္ဘာစစ်အတွင်းက "စစ်ရောင်ခြည်" လုံးချင်း ဝတ္ထုကို ရေးသားထုတ်ဝေခဲ့သည်။ နောက် "ကမ္ဘာ့ရန်သူ" ဝတ္ထုကို ဆက်ရေးသည်။ အစိုးရကထုတ်ဝေသော ဗမာ့ခေတ် သတင်းစာကို မိမိပုံနှိပ်တိုက်မှ အငှားစနစ်ဖြင့် ရိုက်နှိပ်ပေးယင်း အစိုးရကဆက်မထုတ်သောအခါ ၎င်းတို့ကပင် ဗမာ့ခေတ်သတင်းစာကို ဆက်လက်ထုတ်ဝေခဲ့သည်။

ဒဂုန်ခင်ခင်လေး အမည်အပြင် ဒဂုန်မဂ္ဂဇင်း ယုဝတီ စကျွတ်အခန်း၌ "ရတနာပုံထိပ်တင်လို့ငိုင်"၊ ဒဂုန်မဂ္ဂဇင်း မှော် ဆရာမှတ်တမ်း အခန်းတွင် စုန်းတစ္ဆေ၊ မှော်အတတ်ပညာ နှင့်ဆိုင်သော သည်းထိတ်ရင်ဖိုဝတ္ထုများကို "ကိုကိုလေး" ဟူသော ကလောင်အမည်နှင့် ရေးသားပြီး သတင်းစာ ဂျာနယ်တို့၌ "ယုဝတီလေနီ" အမည်ဖြင့် နိုင်ငံရေးဆောင်းပါး၊ လူမှုရေးဆောင်းပါးများကို ရေးသားခဲ့သည်။

၁၉၄၇ ခုနှစ်တွင် အမျိုးသမီးစာပေရှင်များ တည်ထောင်သည့် ယုဝတီအသင်းဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ကာ ယုဝတီဂျာနယ်ကိုလည်း ထုတ်ဝေခဲ့သည်။

မိမိတို့ကိုယ်ပိုင်ထုတ်ဝေနေသော ဗမာ့ခေတ်နေ့စဉ်သတင်းစာကို အကြောင်းအမျိုးမျိုးကြောင့် အပြီးအပိုင်ပိတ်လိုက်ရသော်လည်း ဒဂုန်ခင်ခင်လေးသည် ယုဝတီသတင်းစာတစောင်ကို ကိုယ်တိုင် ဦးစီးထုတ်ဝေသည်။

သို့သော် စရိတ်စကအကုန်အကျများလွန်းသော ဒဏ်ကို ကြုံကြိမ်ခံနိုင်သဖြင့် သတင်းစာသက် ရှစ်လအကြာတွင် အပြီးအပိုင်ပိတ်လိုက်ရသည်။ ထို့နောက် ၁၉၆၈ ခုနှစ်တွင် ယုဝတီဂျာနယ်ကို ဆက်လက် ထုတ်ဝေပြန်သည်။

ဒဂုန်ခင်ခင်လေး၏ စာပေတသက်တာတွင် လုံးချင်း

စာအုပ်ပေါင်း ၄၀ ကျော်၊ မဂ္ဂဇင်း၀တ္ထုတိုမျိုးစုံ ၃၀၀ ခန့်၊ ဆောင်းပါးပေါင်း ၃၀၀ ခန့် နှင့် ခရီးသွားမှတ်တမ်း၊ ကမ္ဘာလှည့် မှတ်တမ်းများကိုလည်း မြောက်မြားစွာ ရေးသားခဲ့သည်။

ဒေါ်ဒဂုန်ခင်ခင်လေးသည် မြန်မာ ၁၃၄၃ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ခင်ညွန့်၊ ဒေါ် (ယုဝတီ) (မြန်မာ ၁၂၇၈–၁၃၄၃)။ ။ ဒေါ်ခင်ညွန့်ကို စင်တော်မင်းသားကြီး ဦးကျော်သန်းနှင့် ဒေါ်အေးရွှေတို့မှ ၁၂၇၈ ခုနှစ်တွင် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း မင်းလမ်း၌ မွေးဖွားသည်။ မွေးချင်း နှစ်ယောက်အနက် အငယ်ဖြစ်သည်။ ငယ်မည်မှာ မမြိုင်ဖြစ်သည်။

အသက် ကိုးနှစ်အရွယ်တွင် ယိမ်းအကပညာကို သင်ယူခဲ့ပြီး အသက် ၁၂ နှစ်အရွယ်တွင် ခုနစ်ထေ ထွန်းရီနှင့်တွဲဖက်ကပြရသည်။ ဇာတ်ဆရာက သဘောကျ၍ အသက်ငယ်ရွယ်သူဖြစ်သော်လည်း ခေါင်းဆောင်မင်းသမီး ဖြစ်ခဲ့သည်။ ထိုဇာတ်ထဲတွင် မမြိုင်အမည်ကို ဖျောက်၍ မင်းသမီးကလေး မခင်ညွန့်ဟူ၍ ပြောင်းခဲ့သည်။

ဒေါ်ခင်ညွန့်သည် ၁၇ နှစ်သမီးအရွယ်တွင် ရန်ကုန်မြို့ ၁၁ လမ်း ဦးဘိုးတုတ်၊ ဦးဘသိမ်း၊ဒေါ်ကျင် (တရုတ်မလေးတင်ကြည်) တို့၏အဖွဲ့၌ ပါဝင် ကပြခဲ့သည်။ ထိုပြင် တလိုင်းကျော်ညွန့်ဟူသော အမည်ဖြင့် မင်းသားလုပ်၍ကသည်။ ထိုအငြိမ့်အဖွဲသည် ရန်ကုန်တက္ကသိုလ်၌ ရံဖန်ရံခါ သွားရောက်ကပြရ၏။ ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်၌ ကပြစဉ် ဒေါ်ခင်ညွန့်အား လူကြီး လူငယ်များက ကြိုက်နှစ်သက်ကြသဖြင့် ယုဝတီအမည်ကိုပေးကြသည်။ ထိုအချိန်မှစ၍ ယုဝတီမခင်ညွန့်ဟူ၍ နာမည်ကျော်ကြားလာသည်။

ယုဝတီဒေါ်ခင်ညွန့်သည် မော်လမြိုင်၊ မြိတ်၊ ထားဝယ်၊ ကော့သောင်၊ တနင်္သာရီတနယ်လုံး၌ မင်းသား တလိုင်းကျော်ညွန့်အမည်ဖြင့် ကပြသည်။ မင်းသား စိန်ကတုံးသည် မော်လမြိုင်သို့ လာရောက်ကပြရာတွင် ယုပတီ ဒေါ်ခင်ညွန့်အား ၎င်းနှင့် တွဲကရန် ဖိတ်ခေါ်သဖြင့် စိန်ကတုံးနှင့် တွဲကခဲ့သည်။ ထို့နောက် ဒေါ်ခင်ညွန့်သည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထိုစဉ် ကြည့်မြင်တိုင် စျေးကလေးမှ ဇာတ်ဆရာကြီး ဦးထွန်းရင်က ဖိတ်ခေါ်၍ ၎င်းတည်ထောင်သော ဇာတ်အဖွဲတွင် သိုက်နန်းစိန်၊ သောင်းညွန့်စိန်၊ ကျော်အုန်းလှိုင်တို့နှင့် တွဲဖက်ကပြခဲ့သည်။ ထို့နောက် ပုစွန်တောင်စင်ကာပူရပ်မှ ဦးစိန်နှင့် ဒေါ်နှင်းခင်တို့တည်ထောင်သော ဇာတ်အဖွဲသို့ ပြောင်း၍ တလိုင်းစိန်၊ ရွှေဘိုအေး၊ ရွှေဘိုသောင်းတို့နှင့် တွဲဖက်ကခဲ့ပြန်သည်။

ထို့နောက် စိန်တလေး၊ မြတလေး အစရှိသူတို့နှင့် ဇာတ်အဖွဲတဖွဲထောင်ပြီး ကပြပြန်သည်။ စစ်ပြီးခေတ်တွင် ယုဝတီဒေါ်ခင်ညွန့်မှာ ပို၍နာမည်ရလာပြီး ဘုရားတကာ ဂရိတ် ဖိုးစိန်ဇာတ်အဖွဲသို့ရောက်၍ ဦးဖိုးစိန်နှင့် တွဲကခဲ့သည်။

ယုဝတီဒေါ်ခင်ညွန့်သည် ၁၉၅၆ ခုနှစ်တွင် နိုင်ငံတော်အစိုးရပန်တျာကျောင်း၌ အကနည်းပြ ဆရာမကြီးအဖြစ် အမှုထမ်းရွက်သည်။



ယုဝတီ ဒေါ်ခင်ညွန့်

၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရ၏ တာဝန်ပေးချက်အရ တရုတ်ပြည်သူသမ္မတနိုင်ငံသို့ အကပညာကို သင်ပြရန်သွားရသည်။ ဒေါ်ခင်ညွန့်သည် သဘင်ပညာအကမျိုးစုံကို တတ်လွယ်၊ သိလွယ်သောနည်းများ တီထွင်၍ သင်ပြရာတရုတ်သဘင်ပညာရှင်များသည် အထူးနှစ်ခြိုက်ခဲ့ကြသည်။ ထိုကြောင့် ဒေါ်ခင်ညွန့်အား ရွှေချိန်သုံးကျပ်ရှိ ငြိမ်းချမ်းရေးချိုးရုပ် ဆုတံဆိပ်ဖြင့် အကပါရဂူဘွဲ့ထူးကို ချီးမြှင့်ခဲ့လေသည်။


ဒေါ်ခင်ညွန့်သည် ၁၉၇၅ ခုနှစ်တွင် ရှေးခေတ်အငြိမ့်သဘင်ကလာကို မြန်မာ့အသံမှ အသံလွှင့်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ပန်တျာကျောင်း အကနည်းပြဆရာမကြီးအဖြစ်မှ အငြိမ်းစားယူသည်။ ၁၉၇၇ ခုနှစ်တွင် အစိုးရ၏တာဝန်ပေးချက်ဖြင့် မူအမျိုးမျိုးကွဲပြားနေသော နတ်ကတော်၊ အပျိုတော်၊ ရှေးခေတ်တီးလုံးများကို သဘင်ပညာရှင်ကြီးများနှင့် ညှိနှိုင်းရာတွင် ဒေါ်ခင်ညွန့်သည် အဖွဲ၀င်အဖြစ် ပါဝင်ဆောင်ရွက်သည်။

၁၉၇၇ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ယဉ်ကျေးမှု ကဇာတ်ဌာနခွဲ အနုပညာ အကြံပေး ပုဂ္ဂိုလ် (ဇာတ်သဘင်) အဖြစ် နိုင်ငံတော်က တာဝန်ပေးအပ်သည်။

ယုဝတီဒေါ်ခင်ညွန့်သည် အနုပညာ အကြံပေး ပုဂ္ဂိုလ် အဖြစ် တာဝန်ထမ်းရွက်နေဆဲ ၁၉၈၁ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ခင်ပွန်း ဦးမြသောင်းနှင့် သားသမီး ၎င်းယောက် ကျန်ရစ်သည်။

ချီလီသမ္မတနိုင်ငံ။ ။ချီလီ သမ္မတနိုင်ငံသည် တောင်အမေရိကတိုက် တောင်ပိုင်းရှိ အနောက်ဘက် ကမ်းရိုးတန်းပေါ်တွင် တည်ရှိပြီး မြောက်ဘက်တွင် ပီရူးသမ္မတနိုင်ငံ၊ အရှေ့မြောက်ဘက်တွင် ဗိုလစ်ဗီးယားသမ္မတနိုင်ငံနှင့် အရှေ့ဘက်တွင် အာဂျင်တီးနား သမ္မတနိုင်ငံတို့ ဝန်းရံတည်ရှိသည်။

ချီလီနိုင်ငံမြောက်ပိုင်းသည် စပိန်လူမျိုးတို့ အုပ်စိုးမှုအောက်သို့ရောက်ခဲ့ပြီး ၁၈၁၈ ခုနှစ်တွင် ဒီစန်မာတင်နှင့် ဘာနန်ဒို၊ အို်ဟစ်ဂျင်တို့ ဦးဆောင်မှုဖြင့် လွတ်လပ်ရေးရရှိခဲ့သည်။ ချီလီနိုင်ငံသည် ပီရူးနှင့်ဗိုလစ်ဗီးယား နိုင်ငံတို့နှင့် တိုက်ခိုက်ရာ၊ အနိုင်ရသဖြင့် ၁၈၇၉-၈၄ ခုနှစ်တွင် မြောက်ပိုင်းဒေသကို ပြန်လည် ရရှိခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ဆေလ်ဗာဒိုအလန်ဒေးဂေါ်ဆန် သမ္မတ ဖြစ်လာခဲ့သည်။



၁၅၈

အလန်ဒေးအစိုးရသည် ပြည်သူပိုင်လုပ်ငန်းများ၊ ဆင်းရဲသား လုပ်သားပြည်သူများ ဘဝသာယာတိုးတက်ရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့သော်လည်း အစ္စန်းဇောက်ဝါဒီတို့၏ တရားမဝင်လုပ်ဆောင်မှုများ၊ အကြမ်းဖက်လုပ်ရပ်များကြောင့် လူထုထောက်ခံမှု မရရှိခဲ့ပေ။ ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် စစ်တပ်မှအာဏာသိမ်းခဲ့ပြီး ဗိုလ်ချုပ်ကြီး ဩဂတ်စတိုပီနိုချက် အူဂါတီကိုအား သမ္မတအဖြစ် တင်မြှောက်ခဲ့သည်။


၁၉၇၁ ခုနှစ် ဇန္နဝါရီလ ၃ ရက်နေ့တွင် ချီလီနိုင်ငံ၌ ပြည်ထဲရေးဝန်ကြီးက နိုင်ငံတော် လုံခြုံရေးကို မထိပါးပါက ပဂ္ဂလိက တက္ကသိုလ်များကို တည်ထောင်ခွင့်ပြုမည် ဖြစ်ကြောင်း ကြေငြာခဲ့သည်။ ထိုနေ့မှာပင် မည်သည့် တက္ကသိုလ်ကျောင်းသားမျှ နိုင်ငံရေးလှုပ်ရှားမှုများ မပြုလုပ်ရန် တားမြစ်ပိတ်ပင်သည့် ကြေငြာချက်တစောင် ထုတ်ပြန်ခဲ့သည်။

၁၉၇၃ ခုနှစ် အာဏာသိမ်းစဉ်မှစ၍ ပိတ်ပင်တားမြစ်ထားခဲ့သော လက်ဝဲပါတီရှစ်ခုမှ ပြည်ပြေးခေါင်းဆောင်များက ၁၉၇၁ ခုနှစ် ဇန္နဝါရီလလယ်ခန့်တွင် ကြေငြာချက်တရပ် ထုတ်ပြန်ခဲ့သည်။ ထိုကြေငြာချက်တွင် ၎င်းတို့အနေဖြင့် သမ္မတပီနိုချက်အစိုးရကို ပူးပေါင်း ဆန့်ကျင်ရေးအတွက် အချင်းချင်းညီညွတ်စွာ ပေါင်းစည်းရန် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်ဟု ဖော်ပြပါရှိသည်။

ချီလီနိုင်ငံအစိုးရအဖွဲ့၊ တပ်မတော်နှင့် ထောက်လှမ်းရေးဌာနအသီးသီးမှ အဖွဲဝင်ပုဂ္ဂိုလ်များကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားသူများအား စစ်ခုံရုံးတင် စစ်ဆေးမည့် အမိန့် တရပ်ကို ဖေဖွဲ့ရီလ ၂၁ ရက်နေ့၌ ထုတ်ပြန်ကြေငြာခဲ့သည်။ ၁၉၇၉ ခုနှစ် နိုဝင်ဘာလအတွင်းက ပိတ်ထားခဲ့သော အမေရိကန် ထုတ်ကုန် သွင်းကုန်ဘဏ်ကို သမ္မတရေဂင် အစိုးရက ဖေဖွဲ့ရီလ ၂၀ ရက်နေ့တွင် ပြန်လည်ဖွင့်ပေးခဲ့သည်။

၁၉၇၁ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ချီလီနိုင်ငံ၌ အခြေခံဥပဒေသစ်တရပ်ကို ပြဋ္ဌာန်းခဲ့ပြီး ထိုနေ့မှာပင် သမ္မတ ဗိုလ်ချုပ်ကြီး ပီနိုချက်သည် ယင်းအခြေခံဥပဒေသစ်အရ နောက်ထပ် ရှစ်နှစ်ကြာ သမ္မတ သက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အကျယ်အဝန်း။	။၂,၇၆,၃၉၆ စတုရန်းမိုင်
လူဦးရေ။	။၁၁,၀၁,၀၀,၀၀၀
မြို့တော်။	။စန်တီယာဂိုမြို့



ချီလီ နိုင်ငံအတွင်းသို့ စုံစမ်းထောက်လှမ်းရန် ပီရူးသူလျှို့များ စေလွှတ်မှုကြောင့် ၁၉၇၉ ခုနှစ် ဇန္နဝါရီလ အတွင်းက ဖြတ်တောက်ထားခဲ့သော ချီလီနှင့် ပီရူးနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၀၁ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် အပြည့်အဝ ပြန်လည်ဆက်ဆံခဲ့သည်။

၁၉၀၁ ခုနှစ် ဇူလိုင်လအတွင်းတွင် ချီလီနိုင်ငံသည် အမေရိကန် ပြည်ထောင်စုနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်လာသည်။

၁၉၀၁ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့၌ အမေရိကန် အထက်လွှတ်တော်တွင် နိုင်ငံခြားအထောက်အကူပြုရေးဆိုင်ရာ ဥပဒေပြင်ဆင်ချက် တရပ်ကို အတည်ပြုခဲ့သည်။ အဆိုပါ ပြင်ဆင်ချက်အရ ချီလီနိုင်ငံသို့ စစ်လက်နက်ပစ္စည်းရောင်းချခြင်း ရပ်ဆိုင်းထားမှုကို ပယ်ဖျက်လိုက်သည်။

ချင်းပြည်နယ်။ ။မြောက်ဘက်နှင့် အရှေ့ဘက်တွင် စစ်ကိုင်းတိုင်း၊ တောင်ဘက်တွင် မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ချင်းပြည်နယ်သည် ၁၃,၉၀၇ စတုရန်းမိုင် ကျယ်ဝန်း၍ မြန်မာတနိုင်ငံလုံးရဲ့ဧရိယာ၏ ၅ ဒသမ ၃၂ ရာခိုင်နှုန်းရှိသည်။ ပြည်နယ်အနေအထားသည် အရှေ့မှ အနောက်သို့ အကျယ်ဆုံးနေရာတွင် မိုင် ၁၀၀ ကျော်ရှိပြီး အကျဉ်းဆုံးနေရာတွင် မိုင် ၄၀ ခန့်ရှိကာ မြောက်မှတောင်သို့ မိုင် ၃၀၀ ကျော် ရှည်လျားသည်။

ချင်းမျိုးနွယ်စုများ၊ ရခိုင်၊ နာဂများအပြင် မြန်မာလူမျိုးများလည်း ထူထောနေထိုင်ကြသည်။ စုစုပေါင်း လူဦးရေ ၃,၄၉,၅၇၁ ဦးရှိသည်။ ချင်းပြည်နယ်ကို ဖလမ်း၊ ဟားခါး၊ တီးတိန်၊ ပလက်ဝ၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ တွန်းဇံနှင့် ထန်တလန်ဟူသော မြို့နယ်ကိုးမြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း ၅၀၅ အုပ်စုတို့ဖြင့် ဖွဲ့စည်းထားရာ မဲဆန္ဒပေးပိုင်ခွင့် ရှိသူပေါင်း ၁,၇၈,၂၁၁ ဦးရှိသည်။ ချင်းပြည်မှ ပြည်သူလွှတ်တော်ကိုယ်စားလှယ် ၁၃ ဦး၊ ပြည်နယ်အဆင့် ၃၅ ဦး၊ မြို့နယ်အဆင့် ၅၄၁ ဦးနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့် ၃,၉၄၄ ဦး ရွေးကောက်တင်မြောက်ထားသည်။ ပြည်နယ်မြို့တော်သည် ဟားခါးဖြစ်သည်။ ပြည်နယ်အတွင်း တီးတိန်မြို့နယ်တွင် လူဦးရေ ထများဆုံး နေထိုင်ပြီး ဒုတိယ လူဦးရေ အများဆုံးသည် ပလက်ဝမြို့နယ်ဖြစ်သည်။ ကန်ပက်လက်မြို့နယ်တွင် လူဦးရေ အနည်းဆုံးဖြစ်သည်။

ချင်းပြည်နယ်၏ အဓိက စီးပွားလုပ်ငန်းသည် စိုက်ပျိုးရေး လုပ်ငန်းပင် ဖြစ်သည်။ စပါး၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ နှံစားပြောင်း၊ နှမ်း၊ နေကြာ၊ မြေပဲ၊ ဝါကလေးပဲယင်း၊ ပဲပုပ်၊ ကော်ဖီနှင့် အာလူးများ စိုက်ပျိုးကြသည်။ သီးနှံအမျိုးမျိုး စိုက်ပျိုးကေသည် ၁၉၈၀-၈၁ ခုနှစ်တွင် ကေ ၈ ဒသမ ၉ သောင်းကျော်အထိ တိုးတက်လာခဲ့သည်။ တောင်ယာ၊ ကိုင်း စိုက်ပျိုးရေးများ အပြင် ဥယျာဉ်ခြံစိုက်ပျိုးရေးကိုလည်းလုပ်ဆောင်ကြရာ ဥယျာဉ်ခြံသီးနှံများဖြစ်ကြသော ပန်းသီး၊ လိမ္မော်၊ မက်မန်း၊ စပျစ်တို့လည်း လှိုင်လှိုင် ထွက်ရှိနေပြီ ဖြစ်သည်။

ချင်းပြည်နယ်တွင် ၁၉၇၉ ခုနှစ်က အစိုးရ မ,တည်ငွေဖြင့် ပိုးမွေးမြူရေးလုပ်ငန်းကို စမ်းသပ်လုပ်ကိုင်ခဲ့ရာ အောင်မြင်သဖြင့် ပိုးအိမ် ၄၃,၅၉၁ ပေါင်ခန့် ထုတ်လုပ်နိုင်ခဲ့သည်။ ထို့ကြောင့် ပိုးမွေးမြူရေးလုပ်ငန်းကိုလည်း အဓိကထားလုပ်ဆောင်လျက်ရှိသည့်ပြင် မင်းတပ်၊ မတူပီနှင့် တွန်းဇံမြို့များတွင် ပိုးမွေးမြူရေး သင်တန်းကျောင်းများ ဖွင့်လှစ်ထားသည်။ ပျားမွေးမြူရေး ပကာမလေ့လာစုံစမ်းရေး စီမံကိန်းတရပ်ကိုလည်း ၁၉၇၉ ခုနှစ်မှ စတင်၍ ဖလမ်းမြို့နယ်တွင် စမ်းသပ်ပြုလုပ်ခဲ့ရာ စီမံကိန်းအရ အဆင့်အတန်းမြင့်သော ပျားရည်နှင့် ပျားဖယောင်းများ ထုတ်လုပ်နိုင်ခဲ့သည်။

ချင်းပြည်နယ် ဒေသအတွင်း မြို့နယ်များ သာမက ကျေးရွာများပါ လျှပ်စစ်ဓာတ်အားရရှိစေရန် အသေးစား ရေအားလျှပ်စစ်စီမံကိန်းကို ၁၉၈၀-၈၁ ခုနှစ်မှစတင်ဆောင်

ရွက်လျက်ရှိရာ ယင်းလုပ်ငန်းစိမ်းကိန်းများသည် ၁၉၇၂–၇၃ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ လွိုးချောင်းမှ ရေအား လျှပ်စစ်ယူကာ တီးတိန်မြို့နယ်နှင့် အနီး ကျေးရွာများသို့ လည်းကောင်း၊ ဒေါင်းဗားချောင်းမှ ရေအားလျှပ်စစ်ယူကာ ဟားခါးနှင့် အနီးဝန်းကျင် ကျေးရွာများသို့လည်းကောင်း၊ ငဆစ်ဗာချောင်းမှ ရေအားလျှပ်စစ် ထုတ်ယူကာ ဖလမ်းမြို့နယ်နှင့် အနီး ကျေး ရွာ များ သို့ လည်း ကောင်း လျှပ်စစ်မာတ်အား ဖြန့်ဖြူးပေးမည်ဖြစ်သည်။

ချင်း ပြည် နယ် ၏ သစ်တော ကြိုးဝိုင်း ရေိယာ ၆၀၅ စတုရန်းမိုင် အတွင်းရှိ သစ်တောကြီးများမှ အဖိုးတန်သစ်မှေး၊ ထင်းရူး၊ ကျန်းသစ်နှင့် ကြိမ်များရရှိသည်။ သစ်တော ထုတ်ပစ္စည်းများမှ ထင်းရှူးဆီထုတ်လုပ်ခြင်း၊ ဆေးဘက်ဝင် အပင်များ၊ သစ်ခွများ စုဆောင်းခြင်း လုပ်ငန်းများလည်း ရှိသည်။


ချင်းပြည်နယ်တွင် မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အခြေခံပညာအဆင့်မြင့်တန်းကျောင်းများကို ၁၉၇၀–၇၁ ခုနှစ်တွင် စုစုပေါင်း ၆၇၅ ကျောင်းအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ရာ စုစုပေါင်းကျောင်းသား ကျောင်းသူ ဦးရေ ၆ ဒသမ ၉ သောင်းကျော်ရှိပြီး ဆရာဆရာမ ပေါင်း ၂,၁၄၁ ဦးရှိသည်။

ကျန်းမာရေးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေးအတွက်လည်း တိုးခဲ့ဆောင်ရွက်လျက်ရှိရာ ၁၉၇၀–၇၁ ခုနှစ်တွင် ဆေးရုံ ၁၇ ရုံ၊ မိခင်နှင့် ကလေးကျန်းမာရေးဌာနကိုးဌာန၊ ကျေးလက် ကျန်းမာရေးဌာန ၅၂ ဌာနနှင့် တိုင်းရင်းဆေးကု ဌာနသုံးဌာနတို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

ချဒ်သမ္မတနိုင်ငံ။ ။ချဒ်သမ္မတနိုင်ငံသည် အာဖရိက တိုက် အလယ်ပိုင်း၌ တည်ရှိသည်။ အရှေ့ဘက်တွင် ဆူဒန်နိုင်ငံ၊ အနောက်ဘက်တွင် ကမ္ဘာ့ရန်း၊ နိုင်ဂျာ၊ နိုင်ဂျီးရီးယားနိုင်ငံ၊တောင်ဘက်တွင် အလယ်ပိုင်း အာဖရိက သမ္မတနိုင်ငံနှင့် မြောက်ဘက်တွင် လစ်ဗျနိုင်ငံတို့ ဝန်းရံတည်ရှိသည်။

၁၉၆၀ ပြည့်နှစ် ဩဂုတ်လတွင် ပြင်သစ်ထံမှလွတ်လပ်ရေး ရရှိခဲ့ပြီးနောက် မြောက်ပိုင်းမှ အစ္စလာမ်ဘာသာဝင်များနှင့်တောင်ပိုင်းမှ ခရစ်ယာန်ဘာသာဝင်များ ပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့ရာ ယနေ့ထက်တိုင်အောင်ပင် ဖြစ်လေသည်။

၁၉၇၅ ခုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် ပြင်သစ်အကူအညီဖြင့် ခရစ်ယာန်လူနည်းစုအစိုးရကို ချဒ်စစ်တပ်မှဖြုတ်ချ အာဏာသိမ်းခဲ့သည်။ သို့ရာတွင် ချဒ်နိုင်ငံ မြောက်ပိုင်းမှ မူဆလင်သူပုန် ၁၁ ဖွဲ့ကို ပေါင်းစည်းထားသည့် ဖရိုလီနက် ခေါ် ချဒ်အမျိုးသား လွတ်မြောက်ရေး တပ်ဦးက ယင်း အာဏာသိမ်းမှုသည် ပြင်သစ်၏ အားပေးလုပ်ဆောင်ချက်



ဖြစ်သည်ဟုစွပ်စွဲကာ ပြည်တွင်းစစ် ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလကွင် လစ်ဗျနိုင်ငံနှင့် နိုင်ဂျာနိုင်ငံတို့၏ စေ့စပ်ပေးမှုကြောင့် သူပုန်တပ်များနှင့် အစိုးရတပ်များ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိခဲ့သော်လည်း သမ္မတနှင့်ဝန်ကြီးချုပ်တို့ ဆက်ဆံရေး ပဋိပက္ခဖြစ်လာပြီး ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလတွင် နှစ်ဘက်တပ်များ ပြန်လည်ပစ်ခတ်ခဲ့သည်။ မတ်လ ၁၁ ရက်နေ့တွင် နိုင်ဂျီးရီးယားနိုင်ငံ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် နှစ်ဘက်စေ့စပ်ဆွေးနွေးကာ ချဒ် အ မျိုး သား လွတ် မြောက် ရေးတပ်ဦး ခေါင်း ဆောင် တ ဦး ဖြစ် သူ ဂေါက်ကိုနီ ဦးဆောင်သော အမျိုးသား ပြန်လည်ပေါင်းစည်းရေး ယာယီကောင်စီကို ဖွဲ့စည်းခဲ့သည်။ သမ္မတ မာလွန်း ရာထူးမှ နုတ်ထွက်သွားခဲ့လေသည်။

၁၉၇၉ ခုနှစ် ဩဂုတ်လတွင် စတုတ္ထအကြိမ်စေ့စပ်ရေး ကွန်ဖရင့်ကို နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စမြို့၌ ကျင်းပပြီး အချက်ခြောက်ချက်ပါ သ ဘော တူ ညီ ချက် တရပ် ရရှိခဲ့သည်။ ယင်းသဘောတူညီချက်အရ မြောက်ပိုင်းသား ၁၂ ဦးနှင့် တောင်ပိုင်းသား ၁၀ ဦးတို့ပါဝင်သော အမျိုးသား ပြန်လည်ပေါင်းစည်းရေး ကြားဖြတ်အစိုးရကို ဖွဲ့စည်းခဲ့ရာ ဂေါက်ကိုနီသည် သမ္မတအဖြစ် ဆောင်ရွက်ခွင့် ရသည်။

အကျယ်အဝန်း။	။၄,၇၀,၀၀၀ စတုရန်းမိုင်
လူဦးရေ။	။၄,၂၀,၀၀,၀၀၀
မြို့တော်။	။အင်ဂျာမီနာမြို့

သမ္မတဂေါက်ကိုနိုကို လစ်ဗျနိုင်ငံက အားပေးထောက်ခံပြီး ယင်းသို့ အားပေးကူညီမှုကို ကာကွယ်ရေး ဝန်ကြီးဟာဗရိက ဆန့်ကျင်သည်။ထိုသို့သဘော ကွဲလွဲမှုကြောင့်ပင် သမ္မတ၏ တပ်များနှင့် ကာကွယ်ရေးဝန်ကြီး၏ တပ်များသည် ၁၉၈၀ ပြည့်နှစ် မတ်လတွင် တိုက်ပွဲများပြန်လည် ဖြစ်ပွားလာခဲ့၍ လေဂိုစ သဘောတူညီချက် ပျက်ပြားပြီး ပြည်တွင်းစစ် ဆက်လက်ဖြစ်ပွားခဲ့သည်။

ချင်သမ္မတ ဂေါက်ကိုနိနှင့် ကာကွယ်ရေး ဝန်ကြီး ဟာဗရိတို့ ဦးဆောင်တိုက်ခိုက်နေသည့် ချင်ပြည်တွင်းစစ်ပွဲ သည် ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် သမ္မတ၏ အစိုးရတပ်များက မြို့တော် အင်ဂျာမီနာတမြို့လုံးကို သိမ်းပိုက်လိုက်နိုင်ခြင်းဖြင့် ပြီးဆုံးသွားခဲ့သည်။

ချင်သမ္မတ ဂေါက်ကိုနိသည် လစ်ဗျနိုင်ငံသို့ ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့ထိ သွားရောက်



ပြည်တွင်းစစ်ကြောင့် အိမ်နီးချင်း ကမ္ဘရွန်းနိုင်ငံတွင် ထွက်ပြေးခိုလှုံနေခဲ့ကြသော ဒုက္ခသည်များကို ချင်နိုင်ငံသို့ ပြန်လည်ပို့ပေးနေပုံ

လည်ပတ်ခဲ့ပြီး ၆ ရက်နေ့တွင် နှစ်နိုင်ငံ ပူးတွဲ ကြေငြာချက်တရပ် ထုတ်ပြန်ရာ၌ ချင်နှင့် လစ်ဗျနှစ်နိုင်ငံ အပြည့် အဝပေါင်းစည်းတော့မည် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ချင်အရေးအခင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရန် အိုအေယူအပွဲဝင် အာဖရိက ၁၃ နိုင်ငံတို့၏ တရက်ကြာ ထိပ်သီးအစည်းအဝေးကို တိုဂိုနိုင်ငံ လိုမေမြို့၌ ဇန်နဝါရီလ ၁၄ ရက်နေ့က ကျင်းပခဲ့ပြီး ချင်–လစ်ဗျပေါင်းစည်းရေးကို ရွတ်ချသည်။ အလယ်ပိုင်း အာဖရိက နိုင်ငံက လစ်ဗျ တပ်များ အဆောတလျင်ဆုတ်ခွာပေးရန်လည်း တောင်းဆို ခဲ့လေသည်။

ဆူဒန်နိုင်ငံနှင့် အီဂျစ်နိုင်ငံသည် လစ်ဗျနိုင်ငံ၏ ချင်–လစ်ဗျ ပူးပေါင်းရေး အစီအစဉ်များကို ရွတ်ချပြီး ချင် နိုင်ငံတွင် ရွေးကောက်ပွဲများ ပြုလုပ်ရန်နှင့် အိုအေယူ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်များ ထားရှိရန် တိုက်တွန်း ခဲ့ကြသည်။ ၁၉၈၁ ခုနှစ် မေလ ၂၁ ရက်နေ့တွင် နိုင်ဂျီးရီး ယားသမ္မတ ရှဂါရီသည် ချင်နိုင်ငံမှ လစ်ဗျတပ်များ ရုပ်သိမ်းပေးရေး ဆွေးနွေးရန်အတွက် ချင်နိုင်ငံမြို့တော် အင်ဂျာမီနာသို့ ရောက်ရှိခဲ့သည်။


ပြင်သစ်နိုင်ငံသည် ချင်သမ္မတ ဂေါက်ကိုနို၏ တပ်များ အတွက် စစ်လက်နက် အကူအညီများ ပေးခဲ့သည်။ ထို အတောအတွင်း၌ ချင်နိုင်ငံတွင် သမ္မတ ဂေါက်ကိုနိုကို သစ္စာခံသော တပ်များနှင့် နိုင်ငံခြားရေးဝန်ကြီး အေစီ အာမက်ကို သစ္စာခံသောတပ်များ အကြိတ်အနယ်တိုက် ခိုက်ခဲ့ကြပြန်သည်။

သို့ဖြင့် ချင်နိုင်ငံမှ ဝန်ကြီးအဆင့်ကော်မတီနှင့် လစ်ဗျ အာဏာပိုင်တို့ ဆွေးနွေးပြီးနောက် လစ်ဗျတပ်များ ရုပ် သိမ်းမှုကို ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အပြီးသတ် ဆောင် ရွက်သင့်သည်ဟု ချင်အစိုးရကြေငြာချက်၌ ဖော်ပြခဲ့သည်။ ချင်နိုင်ငံအတွင်း၌ ရောက်ရှိနေသည့် အင်အား ၄,၅၀၀ ရှိ လစ်ဗျတပ်များ ရုပ်သိမ်းပေးရန်ဟူသော သမ္မတ ဂေါက် ကိုနို၏ မေတ္တာရပ်ခံချက်ကို ချင်နိုင်ငံရေးနှင့် စစ်ရေးအဖွဲ့ အစည်းအဝေး အများအပြားက ထောက်ခံ ကြိုဆိုခဲ့ ကြလေသည်။

နိုဝင်ဘာလ ၃ ရက်နေ့မှစတင်၍ ၄၈ နာရီအတွင်း ချင်နိုင်ငံ အရှေ့ပိုင်းရှိ ဂွရီဒါ၊ အေဒရီနှင့် အီရီဘာမြို့များမှ လစ်ဗျတပ်စခန်းအားလုံး ရွှေ့ပြောင်းခဲ့ကြသည်။ နိုဝင်ဘာ လ ၁၁ ရက်နေ့တွင် လစ်ဗျနိုင်ငံက ချင်နိုင်ငံ အရှေ့ပိုင်းမှ မိုမိတို့တပ်များ ရုပ်သိမ်းပြီးစီးကြောင်းနှင့် ထိုဒေသများ တွင် ချင်အစိုးရတပ်များကတဘက်၊ ဆူဒန်တပ်နှင့် ချင် ကာကွယ်ရေးဝန်ကြီးဟောင်း ဟာဗရိ၏ သူပုန်တပ်များက တဘက် အပြင်းအထန် ကိုက်ပွဲ ဖြစ်ပွားနေသော်လည်း မိမိတို့က ကာကွယ်ပေးတော့မည် မဟုတ်ကြောင်း ကြေငြာ ခဲ့သည်။ ထို့နောက် ချင်နိုင်ငံမှ လစ်ဗျတပ်များကို နိုဝင်ဘာလ တတိယရက်သတ္တပတ်တွင် လုံးဝရုပ်သိမ်းပြီးစီး ကြောင်းလစ်ဗျနိုင်ငံကကုလသမဂ္ဂသို့စာဖြင့်တင်ပြခဲ့သည်။

၁၀လကြာဖြစ်ပွားခဲ့သော ချင်နိုင်ငံပြည်တွင်းစစ်ကြောင့် အိမ်နီးချင်း ကမ္ဘရွန်း၊ နိုင်ဂျီးရီးယားနှင့် အလယ်ပိုင်း အာဖရိကသမ္မတနိုင်ငံများသို့ ထွက်ပြေးခိုလှုံနေခဲ့ကြသည့် ချင်ဒုက္ခသည် ၂,၀၀,၀၀၀ ခန့်အနက် ၅၁,၀၀၀ ကျော်ကို ချင်နိုင်ငံသို့ အောက်တိုဘာလ စောစောပိုင်းမှ စတင်၍ ပြန်လည်ပို့ပေးခဲ့သည်ဟု ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံးမှ နိုဝင်ဘာလ ၂၇ ရက်နေ့က ကြေငြာ ခဲ့လေသည်။ ချင်နိုင်ငံမှ လစ်ဗျတပ်များ ရုပ်သိမ်းသွားပြီး နောက်အစိုးရတပ်များနှင့် သူပုန်တပ်များသည် ဆက်လက် ရှိ တိုက်ခိုက်နေကြဆဲ ဖြစ်သည်။

ဂရိနိုင်ငံ။ ။ဂရိနိုင်ငံတွင် နိုင်ငံရေးပါတီ ၂၀ ခန့်ရှိသည့် အနက် ဝန်ကြီးချုပ် ကျွဲ့ရောလစ် ဦးဆောင်သည့် နယူးဒီမိုကရေစီပါတီ၊အင်ဒရီးယာစ ပါပန်ဒရီယို ဦးဆောင်သည့် ပင်ဟဲလင်းနစ် ဆိုရှယ်လစ် အက်ရှင်ပါတီ၊ အလယ်အလတ် ဝါဒီ ကျွဲ့ မာဗရေ့စ ဦးဆောင်သည့် စင်တာယူနီယံနှင့် ချာရီလောစ်ဖလိုရာကစ် ဦးဆောင်သည့် ဆိုဗီယက်လိုလား သော ဂရိကွန်မြူနစ်ပါတီတို့သည် အင်အားအကြီးဆုံး ဖြစ် ကြသည်။





ဂရိဂိုဏ်းချုပ် ရှေမော့ဂ်တွင် ကျမ်းသစ္စာ ကျိန်ဆိုနေသော ဝန်ကြီးချုပ် ပါပန်ဒရီယို

၁၉၆၇ ခုနှစ်တွင် လက်ရှိသမ္မတ ဖြစ်နေသော ဝန်ကြီး ချုပ်ဟောင်း ကွန်စတင်တိုင်း ကရာမန်လစ်သည် နယူးဒီမို ကရေစီပါတီကို တည်ထောင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ကျင်းပခဲ့သည့် ဂရိနိုင်ငံရွေးကောက်ပွဲတွင် နယူးဒီမိုကရေစီ ပါတီသည် ဆန္ဒမဲအားလုံး၏ ၅၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် အမတ်နေရာ ၃၀၀ အနက် ၂၂၀ ရရှိခဲ့ပြီး အစိုးရဖွဲ့စည်းနိုင် ခဲ့သည်။ ဝန်ကြီးချုပ် ကရာမန်လစ် ဦးဆောင်သောအစိုးရ အဖွဲ့က တင်သွင်းခဲ့သည့် ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေအရ သမ္မတ လက်တွင် အာဏာအမြောက်အမြားရရှိခဲ့သည်။ စစ်အုပ် ချုပ်ရေးကြေငြာနိုင်ခွင့်၊ ပါလီမန်ကို ဖျက်သိမ်းနိုင်ခွင့်နှင့် ဥပဒေပယ်ဖျက်နိုင်ခွင့်တို့ကို သမ္မတလက်တွင် အပ်နှင်း ထားသည်။

၁၉၇၄ ခုနှစ် ရွေးကောက်ပွဲတွင် အင်ဒရီးယာစ ပါပန် ဒရီယိုသည် ပင်ဟဲလင်းနစ်ဆိုရှယ်လစ်ပါတီကို ဖွဲ့စည်းထူ ထောင်ကာ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရာ ဆန္ဒမဲ ၁၄ ရာခိုင်နှုန်းရရှိခဲ့ပြီး တတိယနေရာလိုက်ခဲ့သည်။ ၁၉၇၇ ခုနှစ် ရွေးကောက်ပွဲတွင်မူ ကရာမန်လစ်၏ နယူးဒီမိုကရေစီပါတီ က ၁၇၃ နေရာ၊ ပင်ဟဲလင်းနစ်ပါတီက ၉၃ နေရာရရှိကာ ဒုတိယလိုက်လာသည်။ ၁၉၈၁ ခုနှစ် မေလတွင် ဝန်ကြီးချုပ် ကရာမန်လစ်သည် နယူးဒီမိုကရေစီပါတီ ခေါင်းဆောင်နှင့် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ပြီး ဂရိသမ္မတအဖြစ် ကူး ပြောင်းခဲ့ရာ နိုင်ငံခြားရေးဝန်ကြီး ကျွဲ့ရောလစ်သည် ပါတီ ခေါင်းဆောင်နှင့် ဝန်ကြီးချုပ် ဖြစ်လာသည်။

၁၉၈၁ ခုနှစ် အောက်တိုဘာလတွင်ကျင်းပသော ဂရို နိုင်ငံ အထွေထွေရွေးကောက်ပွဲတွင်မူကား ပင်ဟဲလင်းနစ် ပါတီသည် အမတ်နေရာ ၃၀၀ အနက် ၁၇၄ နေရာ အနိုင်ရရှိ သဖြင့် အာဏာရ နယူးဒီမိုကရေစီပါတီဝန်ကြီးချုပ် ကျွဲ့ ရောလစ်သည် ရာထူးမှ နုတ်ထွက်လိုက်သည်။ အောက်တို ဘာလ ၂၀ ရက်နေ့တွင် အင်ဒရီးယာစ ပါပန်ဒရီယိုသည် အမျိုးသမီး ဝန်ကြီးတဦး၊ ဒုတိယဝန်ကြီးနှစ်ဦး အပါအဝင်

အကျယ်အဝန်း။	။၅၀,၅၄၇ စတုရန်းမိုင်
လူဦးရေ။	။၉၅,၀၆,၀၀၀
မြို့တော်။	။အေသင်မြို့

ဝန်ကြီး ၂၀ နှင့် ဒုတိယဝန်ကြီး ၁၈ ဦးပါဝင်သော ကက်ဘိနက်အဖွဲ့နှင့်အတူ ရခိုင်သမ္မတနှင့် ဂိုဏ်းချုပ်တို့ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုသည်။ ပါပန်ဒရီယို၏ အစိုးရအဖွဲ့သည် ရခိုင်နိုင်ငံ၏ ပထမဆုံးသော ဆိုရှယ်လစ်အစိုးရ ဖြစ်သည်။

ရခိုင်နိုင်ငံသည် မြောက်အတ္တလန္တိတ် စစ်မဟာမိတ်အဖွဲ့(နေတိုး)နှင့် ဥရောပဘုံစျေးအဖွဲ့(အီးအီးစီ)တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ဥရောပတိုက် တောင်ပိုင်းတွင် စစ်ရေးအရ အချက်အချာကျသော နေရာတွင် တည်ရှိသည်။ ရခိုနိုင်ငံတွင် အမေရိကန်တပ်သား ၄၀၀၀ ခန့်ချထားပြီး အွန်းနက်ဂျန်နှင့် နိုက်ဟာကျူလီအမျိုးအစား ချူးကလီးယား ဒုံးပျံများနှင့် အမေရိကန်စစ်ခန်း လေးခုရှိသည်။ ထိုစစ်ခန်းများမှနေ၍ နေတိုးအဖွဲ့သည် ပင်လယ်နက်၊ အရှေ့အလယ်ပိုင်းဒေသနှင့် ဆူးအက်တူးမြောင်းသို့ သွားရာလမ်းများကို ထိန်းချုပ်ထားနိုင်သည်။ ဂရိနိုင်ငံ ခရိကျွန်းအနောက်မြောက်ပိုင်းရှိ ဆူးဒါး ပင်လယ်အော်သည် အမေရိကန်အမှတ် ၆ ရေတပ်သင်္ဘောများအတွက် အခြေစိုက်ရန် အသင့်တော်ဆုံးနေရာ ဖြစ်သည်။ ထို့ပြင် နေတိုးအဖွဲ့သည် ခရိကျွန်း ဟာရက်လီယွန်ဒေသရှိ အီလက်ထရွန်း နစ်ထောက်လှမ်းရေးစခန်းအပါအဝင် ရေဒါစခန်းငါးခုမှနေ၍ မြေထဲပင်လယ်တွင် ဆိုဗီယက်တို့၏ လှုပ်ရှားမှုများကို စောင့်ကြည့်နိုင်ပြီး ရန်သူလေယာဉ်များနှင့် စစ်တပ်များ၏ လှုပ်ရှားမှုကို ထောက်လှမ်းနိုင်သည်။

ဝန်ကြီးချုပ်ပါပန်ဒရီယိုသည် ရွေးကောက်ပွဲကာလတွင် ရခိုနိုင်ငံရှိ အမေရိကန် ချူးကလီးယား လက်နက်များနှင့် စစ်စခန်းများကိုဖယ်ရှားပစ်မည်။ မြောက်အတ္တလန္တိတ် စစ်မဟာမိတ်အဖွဲ့(နေတိုး)နှင့် ဥရောပဘုံစျေးအဖွဲ့(အီးအီးစီ)တို့မှ နုတ်ထွက်မည်ဟု ရွေးကောက်ပွဲကတိများ ပြုခဲ့သောကြောင့် အမေရိကန်ပြည်ထောင်စုနှင့် အနောက်ဥရောပ မဟာမိတ်နိုင်ငံများက စိုးရိမ်ပူပန်ခဲ့ကြသည်။

သို့သော် ရွေးကောက်ပွဲ နောက်ပိုင်းကာလများတွင် ပါပန်ဒရီယိုက နေတိုးအဖွဲ့၌ ရခိုနိုင်ငံဆက်လက်ပါဝင်ပြီး ရခိုနိုင်ငံတွင် အမေရိကန်စစ်စခန်းများ ဆက်လက်ထားရှိလိုလျှင် ရခိုစစ်တပ်အတွက် အမေရိကန်လက်နက်များ ထောက်ပံ့ရန် အာမခံချက်ပေးရမည်။ ရခိုနိုင်ငံသည် နေတိုးအဖွဲ့၏ စစ်ရေးလှုပ်ရှားမှုများတွင် ပါဝင်ခြင်းမပြုပဲ အဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်ရှိနေမည်ဟု တောင်းဆိုခဲ့သည်။ ထို့ပြင် ရခိုနိုင်ငံသည် နိုင်ငံငယ်တခုမျှသာဖြစ်သဖြင့် အိုး အိုး စီ ကိစ္စများတွင် သြဇာမလွှမ်းမိုးနိုင်မည်သာမက အိုးအိုးစီ အဖွဲ့ဝင်ဖြစ်ခြင်းကြောင့် ရခိုနိုင်ငံ၏လွတ်လပ်မှုကိုပင် ထိပါးစေပြီး နိုင်ငံ၏လယ်ယာနှင့် စက်မှုလုပ်ငန်းများကို ထိခိုက်မည်ဖြစ်ကြောင်း ပြောကြားသည်။ သို့သော် အိုးအိုးစီမှ ရခိုနိုင်ငံ နုတ်ထွက်ရေးအတွက် လူထုဆန္ဒခံယူပွဲ ပြုလုပ်ပေးနိုင်သည့် အာဏာမှာ ရခိုသမ္မတလက်တွင်သာရှိရာ ရခိုသမ္မတကွန်စတင်တိုင်း ကရာမန်လစ်သည် ရခိုနိုင်ငံ အီးအီးစီအဖွဲ့ဝင်ဖြစ်ရေးကို တက်ကြွစွာ ကြိုးပမ်းခဲ့သူဖြစ်သောကြောင့် ရခိုနိုင်ငံ အီးအီးစီမှထွက်ရေးမှာလည်း မသေချာချေ။

ရခိုနိုင်ငံသည် တူရကီနိုင်ငံနှင့် ရှေး အစဉ်အလာ အဆက်ဆက် ရန်ဖက်ဖြစ်ခဲ့ကြသည်။ ယခုအခါတွင်လည်း ယင်းနှစ်နိုင်ငံတို့သည် စိုက်ပရုပ်ပြဿနာ၊ အေဂျင်ပင်လယ်ကမ်းဦးရေတိမ်ပိုင်း ပိုင်ဆိုင်လိုမှုပြဿနာများကိုအကြောင်းပြု၍ နှစ်နိုင်ငံဆက်ဆံရေး မပြေမလည်ဖြစ်လျက်ရှိသည်။

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ

(၁၉၇၁ ခုနှစ်)။ ။ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၇၃၊ ပုဒ်မခွဲ(ဃ) နှင့် နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၂၀ တို့အရ နိုင်ငံတော်ကောင်စီသည် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် ပြဋ္ဌာန်းချက်နှစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

ပြဋ္ဌာန်းချက်တရပ်မှာ ဆိုရှယ်လစ်ဒီမိုကရေစီ နိုင်ငံတော် တည်ထောင်ရာတွင် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးအတွက် ရွေဆောင်ရွေရွက်ပြုသည့် ပုဂ္ဂိုလ်များ၊ ဆိုရှယ်လစ်ဒီမိုကရေစီ စနစ်ပြဟ်းရေးစနစ် ကိုးတက်ဖြစ်ပေါ်မှုအတွက် ကုန်ထုတ်လုပ်မှု မြင့်မားစေရေးအပိုင်းတွင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သည့် ပုဂ္ဂိုလ်များ၊ ဆိုရှယ်လစ်ဒီမိုကရေစီ ထွန်းကားရေးအတွက် စွမ်းစွမ်းတမံကြိုးပမ်း ဆောင်ရွက်သည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်သည့် ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ထိုက်တန်သည့် ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် ထုတ်ပြန်ခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သည်။

အခြားပြဋ္ဌာန်းချက် တရပ်မှာ မြန်မာ့သမိုင်း၌ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အကျိုးအတွက် ကိုယ်ကျိုးမဖက် အနစ်နာခံ၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များအနက်မှ အသက်မသေပဲ သက်ရှိထင်ရှားရှိနေကြသေးသော ပုဂ္ဂိုလ်ကြီးများအား ဂုဏ်ပြုချီးမြှင့်ရန်အတွက် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက် ဖြစ်လေသည်။


ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ၁၉၇၁ ခုနှစ် အတွင်း နိုင်ငံတော် ကောင်စီမှ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့် အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ် ဦးရေ စုစုပေါင်း ဂ,၀၂၀ ဦးရှိသည်။



နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းက ကွယ်လွန်သူ
ဗိုလ်မှူးကြီး၏ဇနီး မစွက်မီဆိုင်ယိုစူဇူ ကီးအား
အောင်ဆန်းတံခွန်ဘွဲ့ ချီးမြှင့်စဉ်

၁၉၇၁ ခုနှစ်အတွင်း ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များကို အမျိုးအစားအလိုက် အောက်ပါအတိုင်း ခွဲခြားတွေ့ရှိရလေသည်။

ဘွဲ့၊ တံဆိပ်အမျိုးအစား	ချီးမြှင့်အပ်နှင်းခြင်း ခံရသည့် ပုဂ္ဂိုလ်ဦးရေ	
အောင်ဆန်းတံခွန်ဘွဲ့	၈	ဦး
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)	၆၆	။
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)	၈၉	။
သီဟသူရဘွဲ့	၂	။
သူရဘွဲ့	၁၆	။
သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်	၅၈	။
လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)	၁	။
စက်မှုစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်)	၂	။
လူမှုထူးချွန်တံဆိပ် (ပထမဆင့်)	၂	။
လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)	၁	။
လူမှုထူးချွန်တံဆိပ် (တတိယဆင့်)	၃၈	။
ရဲသူရတံဆိပ်	၁	။
ရဲဗလတံဆိပ်	၂	။
ရဲကျော်သူတံဆိပ်	၂	။
စစ်မှုထမ်းကောင်းတံဆိပ်	၂၃၅	။
စုစုပေါင်း =	၈၀၂	



နိုင်ငံတော် သမ္မတကြီး ဦးနေဝင်း က မစွတာ
အာသာဂျော့ ဘော်တမ်လီအား
အောင်ဆန်းတံခွန်ဘွဲ့
ချီးမြှင့်အပ်နှင်းစဉ်

၁၉၇၁ ခုနှစ်တွင် အောင်ဆန်းတံခွန်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသူ ပုဂ္ဂိုလ် ရှစ်ဦးရှိခဲ့ရာ၊ ယင်းတို့တွင် ဂျပန်အမျိုးသမီးတဦး၊ ဂျပန်အမျိုးသားခြောက်ဦးနှင့် ဗြိတိန်နိုင်ငံသားတဦးတို့ ပါဝင်သည်ကို အောက်ပါအတိုင်း တွေ့ရှိရလေသည်။

၁။ ကွယ်လွန်သူ ဗိုလ်မှူးကြီး၏ဇနီး မစွက် မီဆိုင်ယိုစူဇူ ကီး၊
၂။ မစွတာ မိစုရု ဆူဂီး၊
၃။ မစွတာ အီနာမို မီဇူထနီ၊
၄။ မစွတာ တကဲနော ဘုကာဝါရှီမာ၊
၅။ မစွတာ ထက်စူရော အိဇုမီယ၊
၆။ မစွတာ ဟချီရော စူဇူကီး (ခေါ်) မစွတာ ဟချီရော အာကအိ၊
၇။ မစွတာ ဟချီရော တကာဟာရှီ (ခေါ်) မစွတာ ဟချီရော ကီတာဂျီးမား၊
၈။ မစွတာ အာသာ ဂျော့ဘော်တမ်လီ။

ဤသို့ ဂျပန်နှင့် ဗြိတိန်နိုင်ငံသားများ ပါဝင်ခြင်းသည် ၁၉၇၁ ခုနှစ်၏ ထူးခြားချက် ဖြစ်သည်။

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေး ခန်းမဆောင်တွင် ၁၉၇၁ ခုနှစ်၊ ဖေဖွဝါရီလ ၆ ရက်နေ့ နံနက် ၉ နာရီ အချိန်တွင် စတင် ကျင်းပရာ နိုင်ငံတော် သမ္မတကြီး ဦးနေဝင်း ကိုယ်တိုင် ဘွဲ့၊ တံဆိပ်များကို ချီးမြှင့် အပ်နှင်းခဲ့လေသည်။

ထိုအခမ်းအနားတွင် ၁၉၇၁ ခုနှစ်အတွင်း ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း ခံရသူများအား လည်းကောင်း၊ ၁၉၅၄ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အတွင်း စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခြင်းခံရသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လက်ခံရယူနိုင်ခဲ့ခြင်းမရှိ သေးသော ပုဂ္ဂိုလ်များအား လည်းကောင်း ချီးမြှင့်အပ်နှင်းခြင်း ပြုသည်။

၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကျင်းပသည့် အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ထူးဆောင် ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များကို လက်ခံရယူကြသည့် ပုဂ္ဂိုလ်များ ဦးရေသည် အောက်ပါအတိုင်း ဖြစ်သည်။

ဘွဲ့၊ တံဆိပ်အမျိုးအစား	ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်ဦးရေ
အောင်ဆန်းတံခွန်ဘွဲ့	၂
သီဟသူရဘွဲ့	၃
သူရဘွဲ့	၃၂
ရဲသီဟတံဆိပ်	၄
ရဲသူရတံဆိပ်	၂
ရဲဗလတံဆိပ်	၂
စုစုပေါင်း	၅၀

နိုင်ငံ့ဂုဏ်ရည်ဘွဲ့၊လယ်ယာစီးပွား ထူးချွန်တံဆိပ်၊ စက်မှုစီးပွားထူးချွန်တံဆိပ်နှင့် လူမှုထူးချွန်တံဆိပ်၊ ရဲကျော်စွာတံဆိပ်၊ ရဲကျော်သူ တံဆိပ်တို့ဖြင့် ချီးမြှင့်ခြင်းခံရသည့် ပုဂ္ဂိုလ်များကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းပြည်သူကောင်စီ ဥက္ကဋ္ဌများက နိုင်ငံတော် သမ္မတကြီးကိုယ်စားအခမ်းအနားဖြင့် ချီးမြှင့်အပ်နှင်းခြင်း ပြုသည်။

သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်နှင့် စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်ခြင်းခံရသည့် တပ်မတော်သားများအား ကာကွယ်ရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ဂုဏ်ပြုခဲ့လေသည်။

ဂုဏ်ဘဏ်၊ ဦး (မြန်မာ ၁၂၅၉ - ၁၃၄၂)။ ။ဆရာကြီး ဦးဂုဏ်ဘဏ်ကို မြန်မာသက္ကရာဇ် ၁၂၅၉ ခုနှစ်တွင် မုံရွာမြို့၌ဖွားမြင်သည်။ အဖမှာ မြန်မာဘုရင် သီပေါမင်းလက်ထက်က လေခပ်ချီဘွဲ့နှင့် ဝက္ကမမှ ကျော်ထင်ဘွဲ့ရ စာရေးတော်ကြီးဖြစ်၍ အင်္ဂလိပ်အစိုးရ လက်ထက် ကျက်သရေဆောင် ရွှေလွှယ်ဘွဲ့နှင့် ဘုရင့်တံဆိပ်တော်ရ ထင်ဝတ်ဝန်ထောက် ဦးသိုင်းဖြစ်၍ အမိမှာ ဒေါ်မမကောဖြစ်သည်။ မွေးချင်း ၁၁ ဦးအနက် ဒုတိယမြောက် သားဖြစ်သည်။

ဆရာကြီးဦးဂုဏ်ဘဏ်သည် မုံရွာမြို့ အင်္ဂလိပ်တက်စလီယံကျောင်းတွင် ပညာစတင်သင်ကြားခဲ့သည်။ အသက် ၁၂ နှစ်အရွယ်တွင် မုံရွာမြို့ ဇောင်းချမ်းပင် ကျောင်းတိုက်ဂိုဏ်းချုပ် ဆရာတော်၏ ကျောင်းတွင် ကိုရင်ဆီး၍ တဝါဆိုကာ မြန်မာ သင်ပုန်းကြီးသင်ရိုးကို သင်ကြားခဲ့သည်။ ထို့နောက် ဟင်္သာတမြို့ အမေရိကန် သာသနာပြုကျောင်း၊ ရန်ကုန်မြို့



ဦးဂုဏ်ဘဏ်

ဟိုက်စကူးကျောင်းတို့တွင် ပညာများကို သင်ကြားခဲ့ပြီး။ ၁၉၁၈ - ၁၉ ခုနှစ်တွင် အင်္ဂလိပ်မြန်မာ ၁၀ တန်း အောင်မြင်သည်။

ရှေးဦးစွာ အစိုးရစာတိုက်နှင့် ကြေးနန်းစာတိုက်ရုံးတွင် အလုပ်ဝင်ခဲ့ရာ မိမိဝါသနာနှင့်မကိုက်ညီသောကြောင့် နုတ်ထွက်၍ မုံရွာသို့ပြန်ကာ ဘုံဘောဘားမားကုမ္ပဏီတွင် ၁၀ နှစ်ကြာ အမှုထမ်းခဲ့သည်။ ဆရာကြီးသည်မုံရွာ ဆရာမြင်ကြီးထံတွင် ဂီတပညာကို လေ့လာခဲ့သည်။ ဆရာကြီးသည် သဘင်၊ ဂီတတွင် ဝါသနာထုံသည့်အလျောက် တယော၊ ဘင်ဂျို၊ မယ်ဒလင်၊ ပတ္တလားစသည်တို့ကို ကျွမ်းကျင်စွာ တီးနိုင်သည်။

၁၉၃၉ ခုနှစ်တွင် ဘုံဘောဘားမားကုမ္ပဏီမှထွက်၍ ရန်ကုန်သို့ ဆင်းလာပြီး စာတိုက်သမဝါယမတွင် ဝင်ရောက် အလုပ် လုပ်သည်။ စာတိုက်မင်းဦးအရိမ်နှင့်တွဲ၍ 'ခြင်းယိုင်ခတ်' ပြဿနာ စာအုပ်ကို ပြုစုထုတ်ဝေခဲ့သည်။ ဆရာကြီးသည် အားကစားဘက်တွင်လည်း ထူးချွန်သူ ဖြစ်သည့် အလျောက် ဘောလုံး၊ ဘတ်စကက်ဘော၊ တင်းနစ်ပြိုင်ပွဲများတွင် ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

ငယ်စဉ်ကပင် မျက်မှန်ထူထူကိုတပ်ထားခဲ့ရာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်စစ်သားတဦးက ဆရာကြီး၏ မျက်မှန်ကို ယူသွားသောကြောင့် မျက်စိအားနည်းကာ တဖြည်းဖြည်း ကွယ်သွားခဲ့သဖြင့် တူရိယာ၊ ဂီတဘက်ကို ပိုမိုအာရုံစူးစိုက်ကာ လေ့လာဆည်းပူးခဲ့သည်။ လွတ်လပ်ရေးခေတ်တွင် ရန်ကုန်သို့ရောက်လာပြီး မြန်မာညွန့်ဦးချစ်မောင်နှင့် ဒေါ်အောင်ကြည်တို့ထံတွင် ဂီတပညာ၏သဘောတရားများကို လေ့လာဆည်းပူးလေသည်။ ဆရာကြီးသည် ဇာတ်မင်းသားကြီးများ၊ မင်းသမီးကြီးများ၊ လူရွင်တော်များ၊ လူကြမ်းများ၊ ဇာတ်ပို့သူများ အကြောင်းကို မဂ္ဂဇင်းများတွင် ရေးသားခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ပြည်လမ်းစာပေဗိမာန် လေဟာပြင်ရုံ၌ ဆရာကြီးသည် မြန်မာ့ဆိုင်းအကြောင်းကို စတင်ဟောပြောခဲ့သည်။ ထိုဟောပြောချက်များကို ၁၉၅၄ ခုနှစ်၌ မြန်မာ့ဆိုင်းဝိုင်းနှင့် ဇာတ်ပွဲအမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။ မြန်မာ့ဂီတအကြောင်း၊ မြန်မာ့ဇာတ်ပွဲအကြောင်း၊ မြန်မာ့ ရုပ်သေးပွဲအကြောင်း၊ မြန်မာ့ အားကစားပညာအကြောင်းများကို သောကြာပတ်တိုင်း ဆက်လက်ဟောပြောခဲ့သည်။ဆရာကြီး၏ဟောပြောချက်များကို စုပေါင်း၍ မြန်မာ့ ယဉ်ကျေးမှုစာစဉ် (၁၊ ၂၊ ၃) စာအုပ်ငယ်များကို ထုတ်ဝေခဲ့သည်။

ဆရာကြီးသည် ၁၉၅၉ ခုနှစ် ဇန်ဝါရီလမှစ၍ တဲ့ဖက် မြန်မာ့အသံမှ 'အနုပညာနှင့် သူ့အမြင်' အခန်းကို စတင် အသံလွှင့်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် တဲ့ဖက်အသံလွှင့် ဌာနနှင့် ပင်ရင်းအသံလွှင့်ဌာနတို့ကို ပူးပေါင်းလိုက်သော အခါ 'မြန်မာ့အနုသဘင်' ဟူသောအမည်ဖြင့်ဆက်လက်အသံလွှင့်ခဲ့သည်။ ထို့ပြင် ဝဏ္ဏကျော်ထင် ဒေါ်အောင်ကြည်နှင့် ညီနှိုင်း၍ မြန်မာ့ကျေးလက်တေးသံ အခန်းကို တီထွင်အသံလွှင့်ခဲ့သည်။


ဆရာကြီးသည် လွတ်လပ်ရေးခေတ် ပဒေသာမဂ္ဂဇင်းမှစ၍ ဆောင်းပါးများကို ရေးသားသည်။ ဦးစ ဟူသောကလောင်အမည်ဖြင့်လည်း ရေးသားခဲ့သည်။

ဆရာကြီးသည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပန်တျာမူမှန်ပြုလုပ်ရေးအဖွဲ့၊ သဘင်မြှင့်တင်ရေးအဖွဲ့နှင့် အသံလွှင့်ဌာနသီချင်းစစ်ဆေးရေး ဘုတ်အဖွဲ့တို့တွင် အဖွဲဝင်လူကြီးဖြစ်ပြီး သဘင်ကောင်စီ၊ ဂီတကောင်စီ၏နာယကလည်း ဖြစ်သည်။

ဆရာကြီးရေးသားခဲ့သော လုံးချင်းစာအုပ်များမှာ ဂီတသံစဉ်နည်းလမ်းယဉ်၊ ထံတျာတေပြဿနာ၊ မြန်မာဇာတ်သဘင်၊ မြန်မာဂီတအရသာ၊ တူရိယာဂီတအခြေခံပညာ၊ အခြေခံကြိုးသီချင်း ၁၃ ပုဒ်အဖွင့်၊ မြန်မာသီချင်း ၁၅ ပုဒ်အဖွင့်၊ မြန်မာစာသင်ပုံကျမ်း၊ ဂီတစာပေအထွေထွေနှင့် ရာဇမတ္တဟာသမဉ္ဇရီကျမ်းတို့ဖြစ်သည်။

ဆရာကြီးသည် ယဉ်ကျေးမှုကောင်စီဝင် လူကြီးအဖြစ်လည်းကောင်း၊ ယဉ်ကျေးမှုအနုပညာဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ကြီးအဖြစ်လည်းကောင်း၊ ဆောင်ရွက်ယင်း မြန်မာ့ဇာတ်သဘင်ဂီတသမိုင်းကို ပြုစုနေဆဲ ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်သန်းမေနှင့် သမီးဒေါ်နုနုအေးတို့ ကျန်ခဲ့သည်။

ဂျပန်နိုင်ငံ။ ။ဂျပန်နိုင်ငံသည် ၁၉၄၇ ခုနှစ် မေလ ၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေအပိုဒ် ၉ အရ စစ်အင်အားတည်ဆောက်မှုမျိုးအားလုံးကို တားမြစ်ထားသည်။ စစ်ဝါဒကိုလက်မခံ၊ စစ်ဖက်ပြိုင်ဆိုင်မှုကို စွန့်လွှတ်ပြီး၊ စစ်တိုက်ရန် အခွင့်အလမ်းများကိုပါ အသိအမှတ်မပြုပေ။



ထို့ကြောင့် ဂျပန်နိုင်ငံသည် စစ်အင်အားတိုးချဲ့မှုကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်က အင်အား ၂၅,၀၀၀ သာရှိသော အမျိုးသားအရန်ရဲတပ်ဖွဲ့ကို စတင်ထူထောင်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ဆန့်ဖရန်စစ္စကို

အကျယ်အဝန်း။	။၁,၄၃,၅၇၄ စတုရန်းမိုင်
လူဦးရေ။	။၁၁,၆၉,၀၀,၀၀၀
မြို့တော်။	။တိုကျိုမြို့

ငြိမ်းချမ်းရေးစာချုပ်နှင့် ဂျပန်၊ အမေရိကန် လုံခြုံရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် အမျိုးသားအရန်ရဲတပ်ဖွဲ့ကို အမျိုးသားလုံခြုံရေးတပ်ဖွဲ့ဟု အမည်ပြောင်းလိုက်ပြီး တချိန်တည်းမှာပင် အမျိုးသား လုံခြုံရေးအေဂျင်စီကို ဖွင့်လှစ်သည်။ ၁၉၅၄ ခုနှစ်တွင် အမျိုးသားလုံခြုံရေးတပ်ဖွဲ့ကို လက်ရှိဂျပန်နိုင်ငံ ကာကွယ်ရေး တပ်ဖွဲ့များအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။ထိုတပ်ဖွဲ့များကိုစီမံကွပ်ကဲသည့် ဌာနကိုလည်း ကာကွယ်ရေးအေဂျင်စီဟု အမည်ပေးပြီး ကာကွယ်ရေးဝန်ကြီးကို အေဂျင်စီ၏ ဦးစီးချုပ်အဖြစ် တာဝန်ပေးထားသည်။

၁၉၅၂ ခုနှစ် ဂျပန်၊ အမေရိကန်လုံခြုံရေးစာချုပ်အရ ဂျပန်နိုင်ငံတွင် အမေရိကန်တပ်များနှင့် အခြေခံ စစ်စခန်းများကို ထားရှိခွင့်ပြုထားသည်။ ၁၉၆၀ ပြည့်နှစ်တွင် ဂျပန်၊ အမေရိကန်နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနှင့် လုံခြုံရေး ၁၀ နှစ်စာချုပ်ကို လက်မှတ်ရေးထိုးသည်။ ဂျပန်၏ စစ်အသုံးစရိတ်ကို တမျိုးသားလုံးထုတ်လုပ်မှု တန်ဖိုးစုစုပေါင်း၏ တစ်ရာခိုင်နှုန်းအထိ သတ်မှတ်ရန် အမေရိကန်က အစဉ်တစိုက် တိုက်တွန်းခဲ့သည်။

ဂျပန်နိုင်ငံ၏ စစ်အသုံးစရိတ်သည် ၁၉၆၀ ပြည့်နှစ်တွင် ဒေါ်လာ ၄၄၁ သန်းရှိခဲ့ရာမှ ၁၉၇၀ ပြည့်နှစ်တွင် ဒေါ်လာ ၁,၅၉၂ သန်းနှင့် ၁၉၇၅ ခုနှစ်တွင် ဒေါ်လာ ၄,၄၀၄ သန်းအထိ တိုးမြှင့်လာသည်။ ၁၉၈၁ ဘဏ္ဍာရေးနှစ်တွင် တမျိုးသားလုံးထုတ်လုပ်မှုဘန်ဖိုး စုစုပေါင်း၏ သုည ဒသမ ၉၁ ရာခိုင်နှုန်းရှိသော စစ်အသုံးစရိတ် ဒေါ်လာသန်းပေါင်း ၁၀,၄၃၀ သုံးစွဲခဲ့သည်။ ၁၉၈၂ ဘဏ္ဍာရေးနှစ်တွင် အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ ခေတ်မီတိုးတက်ရေး ငါးနှစ်စီမံကိန်းအရ ၁၉၈၁ ခုနှစ်ထက် ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲရန် လျာထားထည်။

အမျိုးသားကာကွယ်ရေး တပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးကောင်စီ သဘာပတိ ဗိုလ်ချုပ်ကြီး တာကေဒါသည် ပွဲစည်းပုံအခြေခံဥပဒေက တားမြစ်ထားသော စစ်မှုမထမ်းမနေရ အစီအစဉ်ကို စတင် အကောင်အထည် ဖော်ရန် သတင်းစာရှင်းလင်းပွဲတခုတွင် အကြံပြုခဲ့မိသဖြင့် ၁၉၈၁ ခုနှစ် ဖေဖွာရီလ ၄ ရက်နေ့တွင် နုတ်ထွက်ရသည်။

ဂျပန် ဆိုရှယ်လစ်ပါတီနှင့် ဂျပန်ကွန်မြူနစ်ပါတီတို့က အာဏာရ လစ်ဗရယ် ဒီမိုကရက်တစ်ပါတီသည် ဂျပန်၊ အမေရိကန် စစ်ရေးပူးပေါင်းမှုကို ခိုင်မြဲအောင် ဦးတည်ဆောင်ရွက်နေသည်ဟု အစဉ်တစိုက် စွပ်စွဲလျက်ရှိသည်။ ဝန်ကြီးချုပ်ဆူဇူကီးနှင့် နိုင်ငံခြားရေးဝန်ကြီး မာဆာယိုရှိအီတို တို့သည် မေလ ၄ ရက်မှ ၉ ရက်အထိ အမေရိကန်သို့ သွားရောက်လည်ပတ်ခဲ့ရာ ဂျပန်၊ အမေရိကန်ပူးတွဲကြေငြာချက်တရပ် ထုတ်ပြန်ခဲ့သည်။ ထို ပူးတွဲကြေငြာချက်တွင်



ဂျပန်ဝန်ကြီးချုပ် ဆူဇူကီးသည် အေစီယင်အဖွဲ့ဝင် စင်ကာပူနိုင်ငံသို့ ရောက်ရှိစဉ်က ဝန်ကြီးချုပ် လီကွမ်းယူနှင့်အတူ တွေ့ရစဉ်

"မဟာမိတ်" ဟူသော အသုံးအနှုန်းပါရှိခဲ့သည်။ ထိုစကားလုံးသည် "ဂျပန်၊ အမေရိကန် စစ်ရေး မဟာမိတ်ဖွဲ့မှု" ဟု အဓိပ္ပာယ်ဆောင်၊ မဆောင် အငြင်းပွားဆုမှ မေလ ၁၆ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီး အီတို နုတ်ထွက်ရသည်။ အီတို၏ နေရာတွင် ယခင် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဆူနာအိုဆိုနိုဒါအား ခန့်ထားသည်။

နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဝန်ကြီးချုပ် ဆူဇူကီးသည် အစိုးရအဖွဲ့ကို အသစ်ပြန်လည်ပြင်ဆင်ဖွဲ့စည်းရာတွင် အာဏာရ လစ်ဗရယ်ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူးချုပ်ဟောင်း ယိုရှိအိုဆာကူရာဥချိအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်သည်။

၁၉၈၁ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ဂျပန်ကုန်တင်သဘော် "နစ်ရှိမရူး" သည် အရှေ့တရုတ်ပင်လယ်တွင် အမေရိကန် ရှူးကလီးယားရေငုပ်သဘော် "ဂျော့ဝါရှင်တန်" နှင့်တိုက်မိ၍ နစ်မြုပ်ခဲ့ရသည်။ ပိုလာရစ် ရှူးကလီးယား ဒုံးပျံများ သယ်ဆောင်သော ထိုရေငုပ်သဘော်သည် ကယ်ဆယ်ရေးလည်းမလုပ်၊ ဂျပန်အာဏာ

ပိုင်များထဲသို့လည်း အကြောင်းမကြားသဖြင့် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့သည်။ ဂျပန် နိုင်ငံ ဆိုင်ရာ အမေရိကန်သံအမတ် မိုက်မင်းစဖီးက ဂျပန်နိုင်ငံ ခြားရေးဝန်ကြီးကို တောင်းပန်သကဲ့သို့ အမေရိကန်သမ္မတ ကလည်း ဝန်ကြီးချုပ် ဆူဇူကီးထံ ဝမ်းနည်းကြောင်း စာ ဖြင့် ပန်ကြားခဲ့သည်။ ဂျပန်ကုန်တင် သဘော်ပိုင်ရှင်က သဘော်နှင့် ကုန်အတွက် လျော်ကြေးငွေ အမေရိကန် ဒေါ်လာ ၂,၆၀,၀၀,၀၀၀ ခန့်ကိုလည်းကောင်း၊ မသေပဲ ကျန်ရစ်သူများက သေဆုံးသူနှစ်ဦး၏ မိသားစုအတွက် အမေရိကန်ဒေါ်လာ ၇,၀၀,၀၀၀ အပါအဝင် လျော်ကြေး ငွေ အမေရိကန်ဒေါ်လာ ၁၇,၀၀,၀၀၀ ကို လည်းကောင်း တောင်းဆိုခဲ့သည်။

လူဦးရေ ခြောက်သောင်း နေထိုင်သော တစုရုဂါးမြို့ ကြီးရှိ ချူးကလီးယား ဓာတ်ပေါင်းဖိုတွင် ၁၉၈၁ ခုနှစ်၊ မတ်လ ဂ ရက်နေ့က ချူးကလီးယား စီမံ့ယိုမှု ဖြစ်ပွားခဲ့ သည်ဟု ဂျပန် အဏုမြူစွမ်းအင် ကုမ္ပဏီက ဝန်ခံခဲ့သည်။ ဂျပန်နိုင်ငံတွင် ချူးကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်



ဂျပန်နိုင်ငံ တစုရုဂါး မြို့ရှိ ချူးကလီးယား ဓာတ်ပေါင်းဖိုတွင် ချူးကလီးယား စီမံ့ယိုမှု ဖြစ်ပွားခဲ့သည်။

ပြီး ၂၁ လုံး၊ တည်ဆောက်ဆဲ ခုနစ်လုံး ရှိရာတည်ဆောက် ပြီး ၂၁ လုံးကို စစ်ဆေးရန် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ရှိကူဆူကီးတာနာက အမိန့်ပေးခဲ့သည်။

ဂျပန်နိုင်ငံသည် ၁၉၅၀ ပြည့်လွန် နှစ်များနောက်ပိုင်းမှ စ၍ ကမ္ဘာပေါ်တွင် ရေဒီယိုနှင့် အိမ်သုံး ပစ္စည်းများအများ ဆုံး ပြည်ပသို့ တင်ပို့ရောင်းချသည့် နိုင်ငံ ဖြစ်လာသည်။ အမေရိကန် ကားစျေးကွက်၏ ၂၃ ရာခိုင်နှုန်းကို ဂျပန် ကားများက လွှမ်းမိုးလျက်ရှိသည်။ ဂျပန်ကားများသည် တနှစ်အတွင်း ဥရောပစျေးကွက်၌ နှစ်ဆတိုး၍ ဝင်ရောက် လာခဲ့ရာ ၁၉၈၀ ပြည့်နှစ်များအတွင်း ဥရောပ ဘုံစျေး အဖွဲ့နိုင်ငံများ၏ မော်တော်ကား လုပ်ငန်း ပြဿနာကို ဂျပန်ကားတင်ပို့မှုက ဆိုးရွားစေခဲ့သည်။ ဂျပန်ကားများ အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ရောင်းချမှု ကန့်သတ် ချက်ကို ၁၉၈၁ ခုနှစ် မေလပထမပတ်က ဂျပန်က သဘော တူညီလိုက်လျောလိုက်သည်။ ဂျပန်က အမေရိကန်သို့ ကားတင်ပို့မှုကို ၁၉၈၁ ခုနှစ် ဧပြီလမှစ၍ ၃ ဒသမ ၂ ရာခိုင်နှုန်း လျှော့ချသွားရန် သဘောတူချက်ဖြင့် မော် တော်ကားပို့ကုန် ပြဿနာ ပြီးဆုံးသွားသည်။ ဥရောပ ဘုံစျေးအဖွဲ့သည်လည်း အလားတူ ကန့်သတ်မှုမျိုးပြုလုပ် ရန် ဂျပန်သို့တောင်းဆိုမည်ဟု ဘုံစျေးကော်မရှင်က မေလ ၆ ရက်နေ့က ကြေငြာခဲ့သည်။

အမေရိကန် ပြည်ထောင်စုနှင့် လည်းကောင်း၊ ဥရောပ ဘုံစျေးအဖွဲ့ (အီးအီးစီ) နှင့် လည်းကောင်း ကုန်သွယ် ရာတွင် ဂျပန်နိုင်ငံက တဘက်စောင်းနင်း အသာရနေ သည်ဟုဆိုကာ မကျေမနပ် ဖြစ်နေမှုသည် ရှိနေဆဲဖြစ် သည်။ ထိုအငြင်းပွားမှု လျော့ပါးသွားရေး မျှော်လင့် ချက်ဖြင့် ပြည်ပသွင်းကုန် ပိုမိုဝယ်ယူရန်အတွက် အထူး တာဝန်ပေးအပ်ထားသော အဖွဲ့တဖွဲ့ကို နိုဝင်ဘာလ ၇ ရက် နေ့တွင် ဂျပန်ဝန်ကြီးချုပ်က ဖွဲ့စည်းခန့်အပ်သည်။ ဂျပန် နိုင်ငံ၏ စီးပွားရေး လုပ်ရပ်များသည် တရားမျှတမှု မရှိ ဟူသော တင်ပြချက်များကို ထိုအဖွဲ့က တားဆီးကာကွယ် ပေးရမည် ဖြစ်သည်။

ကွန်ပျူတာနှင့် မိုက်ကရို အီလက်ထရွန်နစ် နည်းပညာ တင် ရွှေတန်း ရောက်နေသော ဂျပန်နိုင်ငံသည် စက်မှု တီထွင်ဆန်းသစ်မှုများကို အရှိန်မြှင့်နိုင်ရန် ၁၉၈၀ ပြည့် လွန်နှစ်များကို နည်းပညာဆယ်စုနှစ်ဟု သတ်မှတ်ဆောင် ရွက်နေသည်။ ထို့ကြောင့် သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာ ရင်းနှီးမှုများသည် ၁၉၇၀ ပြည့်လွန်နှစ် များအတွင်းက နှစ်စဉ်ပျမ်းမျ ၁၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ရာမှ ၁၉၈၀ ပြည့်လွန် နှစ်များ အတွင်းတွင် ဆက်လက် တိုးတက်လာမည် ဖြစ်သည်။ ၁၉၆၈ ခုနှစ်၌ ဂျပန်နိုင်ငံသည် စက်ရုပ်များကို စတင် ထုတ်လုပ်ခဲ့သည်။

ကျပန်နိုင်ငံ၌ စက်ရုပ်များ ထုတ်လုပ် ရောင်းချရေးသည် အထူးတိုးတက်လျက်ရှိနေသောကြောင့် ၁၉၈၀ ပြည့်နှစ်က ယန်းငွေ ၇၈ ဘီလီယံဖိုး ထုတ်လုပ်ခဲ့ရာမှ ၁၉၈၁ ခုနှစ်တွင် ယန်းငွေ ဘီလီယံ ၁၂၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သည်။

၁၉၈၀ ပြည့်နှစ် အကုန်တွင် ကျပန်ဝန်ကြီးချုပ် ဆူဇူကီးသည် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အေစီယင်) အဖွဲဝင် နိုင်ငံများသို့ သွားရောက်ခဲ့သည်။ ဆူဇူကီး၏ ပထမဆုံး ပြည်ပခရီးစဉ်ဖြစ်သကဲ့သို့ ဒုတိယ ကမ္ဘာစစ်ကြီး အပြီး သမိုင်းတွင် ကျပန်ဝန်ကြီးချုပ်တဦး၏ အမေရိကန် ခရီးစဉ်မှလွဲ၍ ပထမဆုံး တရားဝင် ပြည်ပခရီးစဉ် ဖြစ်လေသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းသည် ၁၉၈၁ ခုနှစ် ဧပြီလ ၁၁ ရက်နေ့မှစ၍ ကျပန်နိုင်ငံသို့ ၁၄ ရက်ကြာ သွားရောက်လည်ပတ်သည်။

ပါလက်စတိုင်း လွတ်မြောက်ရေး အဖွဲ (ပီအယ်အို) ခေါင်းဆောင် ယာဆာအာရာဖတ်သည် အောက်တိုဘာလ အတွင်းက ကျပန်နိုင်ငံသို့ သုံးရက်ကြာ လာရောက်လည်ပတ်သည်။

အေစီယင်အဖွဲဝင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရမ် တင်ဆူလာနွန်ဒါသည် နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျပန်နိုင်ငံသို့ အလည်အပတ် လာရောက်ခဲ့လေသည်။

ကျာမနီနိုင်ငံ၊ပြည်ထောင်စုသမ္မတ။ ။ပြည်ထောင်စုသမ္မတ ကျာမနီနိုင်ငံသည် ၁၉၈၁ ခုနှစ်တွင် စစ်ဆန့်ကျင်ရေးလှုပ်ရှားမှုကို များစွာရင်ဆိုင်ခဲ့ရသည်။ နျူးကလီးယားဆန့်ကျင်ရေးလှုပ်ရှားမှုများနှင့် အကျုံးမြူဒုံးကျည်များမထားရှိရေး ဆန္ဒပြမှုများ ဖြစ်သည်။

နိုင်ငံ၏မြောက်ပိုင်း အယ်ဘေမြစ်ဝှိ ဘရုတ်ဒေါ့မြို့တွင် နျူးကလီးယားစွမ်းအင်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ရန် ဝန်ကြီးချုပ် ရှမစ်က စီစဉ်သည်ကို လူငါးသိန်းကျော်က ၁၉၈၁ ခုနှစ် ဖေဖွဝါရီလ ၂၈ ရက်နေ့တွင် ဆန္ဒပြကန့်ကွက်ကြသည်။

အကျုံးမြူ အန္တရာယ် သတိပေးသည့် ပညာရှင်များ အစည်းအဝေးကို ဟမ်းဘတ်မြို့၌ ကျင်းပသည်။ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ပြုလုပ်သည့် ထိုအစည်းအဝေးသို့ နယ်သာလန်၊ ဗြိတိန်၊ ဆိုဗီယက်ပြည်ထောင်စုနှင့် ပြည်ထောင်စု သမ္မတ ကျာမနီနိုင်ငံတို့မှ ဆရာဝန်များ၊ သိပ္ပံပညာရှင်များ စုစုပေါင်း ၁,၅၀၀ တက်ရောက်၍ အကျုံးမြူဆန့်ကျင်ရေး ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။

အမေရိကန်လုပ် ပါရှင် ၂ ဒုံးကျည်နှင့် ခရုစ်ဒုံးကျည်များကို မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ (နေတိုး) နိုင်ငံများ၌ ချထားရန် အနောက်ဥရောပနိုင်ငံများသည် ၁၉၇၉ ခုနှစ် ဒီဇင်ဘာလတွင် သဘောတူခဲ့ကြသည်။ ထိုသဘောတူညီချက်အရ ဒုံးကျည်စုစုပေါင်း ၅၇၂ ခုအနက် ၂၀၄ ခုကို အနောက်ကျာမနီနိုင်ငံ၌လည်းကောင်း၊ ၉၆ ခုကို ဗြိတိန်နိုင်ငံ၌လည်းကောင်း ၁၉၈၃ ခုနှစ်တွင် ချထားရန် သဘောတူကြသည်။ အမေရိကန် ဒုံးကျည်ထားရှိမှုကို အကြောင်းအမျိုးမျိုးကြောင့် အနောက်ကျာမနီအပါအဝင် ဒတ်ချ်နိုင်ငံနှင့် ဗြိတိန်ပြည်သူတို့က မလိုလားကြချေ။

အောက်တိုဘာလ ၁၁ ရက်နေ့တွင် ဘွန်းမြို့တော်၌ နျူးကလီးယားဆန့်ကျင်ရေး ဆန္ဒပြပွဲကျင်းပရာ လူ နှစ်သိန်းခွဲခန့် တက်ရောက်သဖြင့် ဒုတိယ ကမ္ဘာစစ်အပြီးတွင် အကြီးဆုံးသော ဆန္ဒပြပွဲကြီး ဖြစ်လေသည်။ ဆန္ဒပြပွဲသို့ ချီတက်သူများတွင် အထူးရထား ၄၂ စင်း၊ ဘတ်စကား ၃၀၀၀ ဖြင့် လာရောက်သူများ ပါဝင်သည်။ နယ်သာလန်၊ ဒင်းမတ်၊ နော်ဝေ၊ ဗယ်လ်ဂျီယံနှင့် သြစတြီးယားနိုင်ငံတို့မှလူ ၁၀,၀၀၀ ခန့်လည်း ရောက်ရှိလာကြသည်။ ဆိုဗီယက်လိုလားသော အနောက်ကျာမန် ကွန်မြူနစ်ပါတီ (ဒီကေပီ) ဝင်များ၊ မက်ဝါဒအဖွဲဝင်များကလည်း ပူးပေါင်းချီတက်ကြသည်။ ထိုဆန္ဒပြပွဲတွင် [illegible] ဒုံးကျည်များအား ကန့်ကွက်မှု မပါပေ။

နောက်ပိုင်း[illegible] ဆန္ဒပြပွဲများတွင်မူ ဆိုဗီယက်လုပ် အ[illegible] ဒုံးကျည်ဟား



ဝန်ကြီးချုပ် မစ္စတာ ရှမစ်သည် မော်စကိုသို့
သွားရောက်ပြီး ဆိုဗီယက် သမ္မတ
ဗရက်ဇည်နှင့် တွေ့ဆုံဆွေးနွေးသည်။

ရှိမှုကိုပါ ကန့်ကွက်ကြသည်။ ဝါဆောစာချုပ်အဖွဲဝင် အရှေ့ဥရောပနိုင်ငံများ၌ ချထားသည့် ဆိုဗီယက်ဒုံးကျည် အရေအတွက်မှာ ၃၂၀ ဖြစ်သည်။

အဏုမြူဆန့်ကျင်ရေးဆန္ဒပြပွဲများအပြင် အိုးအိမ်မရှိသူတို့၏ အကြမ်းဖက်မှု၊ ဆန္ဒပြမှုတို့ကိုလည်း ဝန်ကြီးချုပ် ရှမစ်အစိုးရက ရင်ဆိုင်ခဲ့ရသည်။ ဘရိမင်မြို့တွင် အိုးမဲ့အိမ်မဲ့တို့က အစိုးရပိုင် အိုးအိမ် အဆောက်အအုံများပေါ် သို့ အတင်းအဓမ္မတက်၍ နေထိုင်ကြသည်ကို ရဲအဖွဲက လှုံ့ဆွဲ၍ ဆွဲထုတ်ကြရသည်။ မြို့တော်ခန်းမကို ဆန္ဒပြသူတို့က ခဲနှင့်ပေါက်သဖြင့် ရဲက မျက်ရည်ယိုဗုံးနှင့် ရေပိုက်များကို သုံးရလေသည်။ ဟမ်းဘတ်နှင့် အနောက်ဘာလင်တွင်လည်း အလားတူဆန္ဒပြကြသည်။

မိမိတို့၏ စားဝတ်နေရေး မဖူလုံမှုနှင့်ပတ်သက်၍ ငြိမ်းချမ်းစွာ ဆန္ဒပြကန့်ကွက်သူများနှင့်အတူ မျိုးချစ်စိတ်ဓာတ် အစဲအလမ်းသန်မှု၊ နိုင်ငံရေးစိတ်ပြင်းထန်မှုတို့ဖြင့် အကြမ်းဖက် တိုက်ခိုက်သူများလည်း တပါတည်းပေါ်ထွက်လာသည်။

၁၉၇၁ ခု နိုဝင်ဘာလတွင် ဟမ်းဘတ်မြို့နေ သစ်တော ဌာနဝန်ထမ်း ဟိန်းရစ်လင့်ကေးထံမှ သေတ္တာအလုံး ၉၀ နှင့် ထည့်ထားသော လက်ပစ်ဗုံး၊ သေနတ်၊ ကျည်ဆန်တို့ကို ရရှိလေသည်။ ထိုလက်နက်များကို မြို့စွန်မြို့ဖျား ၃၃ နေရာခွဲ၍ လျှို့ဝှက်သိုလှောင်ထားရာမှ ဖမ်းဆီးရရှိခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ အကြမ်းဖက် သမိုင်းတွင် အများဆုံးတွေ့ရှိရသော ဤလက်နက်များဖြင့် လင့်ကေး၏ဂိုဏ်းသည် ဒုစရိုက်မှုစုံကို ကျူးလွန်ကြရာ ၁၉၇၀ ပြည့်နှစ်တွင် ၁,၅၃၃ မှုကို အရေးယူအပြစ်ပေးရလေသည်။

၁၉၇၁ ခုနှစ်တွင်ကာကွယ်ရေးဌာနအတွက်မတ်ငွေသန်း ၄၀,၅၀၀(ဒေါ်လာ ၂၀,၂၅၀ သန်း)သုံးရန် အကြုံပြုသည်။ ၁၉၇၀ ပြည့်နှစ်တွင် မတ်ငွေ သန်း ၃၇,၀၀၀ သုံးခဲ့၍ ၄ ဒသမ ၄ ရာနှုန်းတိုးလာရန်ဖြစ်သော်လည်း ကော်ဘိနက် အဖွဲက ၄ ဒသမ ၂ ရာနှုန်းတိုးရန်ဆုံးဖြတ်သည်။

အောက်စ ခေါ် ကြိုတင် ထောက်လှမ်းရေး လေယာဉ်များကို နေတိုးအဖွဲအတွက်ဝယ်ယူရာ၌ အနောက်ဂျာမနီက ၂၇ ရာခိုင်နှုန်း ထည့်ဝင်ရသည်။

၁၉၇၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ် ဒီလီဗရန့် အစပျိုးခဲ့ပြီးနောက် ၁၉၇၂ ခုနှစ်တွင် အကောင်အထည်ပေါ်ခဲ့သော အော့စပိုလစ်တစ် ခေါ် အရှေ့နှင့် သဟဇာတဖြစ်စွာဆက်ဆံရေးမှုကို မစ္စတာ ရှမစ်အစိုးရသည် ဆက်လက်ကျင့်သုံးခဲ့သဖြင့် အရှေ့နှင့်အနောက် ခေါင်းဆောင်အချင်းချင်း အတုံ့အပြန်သွားလာဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

၁၉၇၁ ခုနှစ် နှစ်ဦးပိုင်းတွင် ဝန်ကြီးချုပ် မစ္စတာ ရှမစ်သည် မော်စကိုသို့သွားရောက်ခဲ့ပြီး ဆိုဗီယက်သမ္မတ ဗရက်ဇည်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ၁၉၇၁ ခုနှစ် ဒီဇင်ဘာလတွင် ဆိုဗီယက်သမ္မတ ဗရက်ဇည်သည် ဘွန်းမြို့သို့ လာရောက်ခဲ့သည်။ ဘွန်းတွင် သုံးရက်ကြာနေထိုင်ပြီး မစ္စတာရှမစ်နှင့် ဆွေးနွေးကြရာ၌ ဒုံးကျည်များချထားခြင်း ကိစ္စအပြင် ဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးနှင့် စီးပွားရေးကိစ္စများ ပါဝင်သည်။

ဆိုက်ဗေးရီးယားအနောက်ပိုင်းမှ ဥရောပအနောက်ပိုင်းသို့ ပိုက်လိုင်းကြီးများသွယ်၍ သဘာဝဓာတ်ငွေ့များပို့မည့် လုပ်ငန်းကြီးမှာ ဒေါ်လာသန်း ၁၅,၀၀၀ ကုန်မည်ဖြစ်၍ တနှစ်လျှင် ဓာတ်ငွေ့ကုဗမီတာ သန်း ၁၀,၅၀၀ ကို အနောက်ဂျာမနီက ၂၅ နှစ်ဝယ်မည်ဟု နှစ်ဘက်စာချုပ် ချုပ်ကြသည်။

ပိုက်လိုင်းသွယ်ရေး၌ လိုအပ်သော ကုန်ကြမ်းကုန်ချောပစ္စည်းများ၊ ကျွမ်းကျင်မှုပညာရပ်များကို ပြည်ထောင်စု သမ္မတဂျာမနီက ရောင်းချပါဝင်သွားရမည်ဖြစ်ရာ ပညာရှင်များနှင့် ကျွမ်းကျင်သူများ အလုပ်ရရှိကြမည်သာမက တိုင်းပြည်၏ စက်မှုလုပ်ငန်းနှင့် လူမှုရေးလုပ်ငန်းများကိုပါ အထောက်အကူပြုမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ ဂျာမနီနှင့် အရှေ့ဂျာမနီခေါ် ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဂျီဒီအာ)တို့၏ ဆက်ဆံရေးမှာလည်း ယခင်နှစ်ကကဲ့သို့ ကောင်းမွန်လျက်ရှိသည်။ အရှေ့ဘာလင်သို့မစ္စတာရှမစ် သွားမည့်ခရီးစဉ်ကို ပိုလန် အရေးအခင်းကြောင့် ဒီဇင်ဘာလသို့ ရွှေ့ဆိုင်းခဲ့ရသည်။

နှစ်နိုင်ငံ၌ ဖမ်းဆီးထားသော နိုင်ငံရေးအကျဉ်းသမား အချင်းချင်း လဲလှယ်ခြင်းပြုခဲ့သည်။ မစ္စတာ ဗရန် လက် ထက်တွင် နာမည်ကြီးခဲ့သော အရှေ့ကျမန်သူလျှို ဂီလွန်း အပါအဝင် အကျဉ်းသားများကို အနောက်ကျမန်က လွှတ်ပေးသကဲ့သို့ အပြန်အလှန်အားဖြင့် အနောက်ကျမန် လူမျိုး ၄၃ ဦးကိုလည်း အရှေ့ကျမန်က လွှတ်ပေးခဲ့သည်။

ကျမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ။ ။ကျမန် ဒီမို ကရက်တစ် သမ္မတနိုင်ငံသည် ကျမန်ဆိုရှယ်လစ်ညီညွတ်ရေး ပါတီ၏ ဦးဆောင်မှုဖြင့် စီမံကိန်း စီးပွားရေး စနစ်ကို ကျင့်သုံးသည့် နိုင်ငံဖြစ်သည်။ ၁၉၇၉–၁၉၈၀ ခုနှစ် ငါးနှစ် စီမံကိန်းတွင် စက်မှုကုန်ထုတ်လုပ်ငန်းကို အနည်းဆုံး ၃၄ ရာခိုင်နှုန်း အများဆုံး ၃၆ ရာခိုင်နှုန်း တိုးထုတ်ရန် သတ်မှတ် ထားခဲ့သည်။ အလုပ်သမားများ၏ ကုန်ထုတ် စွမ်းအားကို လည်း ၃၀ ရာခိုင်နှုန်း တိုးမြှင့်ရန် ရည်မှန်းချက် ပြထား ခဲ့သည်။

၁၉၈၁ ခုနှစ်တွင် ထုတ်လုပ်သည့် စက်မှုလုပ်ငန်းသည် သတ်မှတ်ချက် ထက်ပို၍ အောင်မြင်သည်ဟု နိုင်ငံအကြီး အကဲဖြစ်သူ အဲရစ်ဟွန်နက်ကာက ၁၉၈၂ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့က ပြန်လည် သုံးသပ်ယင်း ပြောကြားသည်။



စီးပွားရေး အခြေအနေ မဆိုးရွားခြင်းသည် ပတ်ဝန်းကျင် နိုင်ငံများနှင့် ဆက်ဆံရေး ကောင်းသောကြောင့်လည်း ပြစ်သည်။

ဂျီဒီအာနိုင်ငံသည် ဆိုဗီယက်ယူနီယံနှင့် စီးပွားရေး စာချုပ်ကို ၁၉၇၅ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ချုပ်ဆိုသည်။ ထိုစာချုပ်တွင် ချစ်ကြည်ရေး၊ ပူးပေါင်း

ဆောင်ရွက်ရေးနှင့် အပြန်အလှန် ကူညီရေးတို့ ပါဝင်သည်။ ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် ယခင် စာချုပ်ထက် ပို၍ တိုက်ကျနက်ရှိုင်းသော စာချုပ်ကို ချုပ်ကြပြန်သည်။ ထိုစာချုပ်တွင် စက်မှုလုပ်ငန်းကို ဖွံ့ဖြိုးစေခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းတို့ ပါရှိရာ ၁၉၉၀ ပြည့်နှစ်ထိ တည်နေမည့် စာချုပ်ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်ရေး စာချုပ်အရ၊ ဂျီဒီအာအမျိုး သား သုတေသနပြုသူ ၁၀၀၀ သည် ဆိုဗီယက်ယူနီယံသို့ ပညာလေ့လာ သင်ကြားရန် သွားရောက်ကြသည်။ အပြန် အလှန်အနေဖြင့် ဆိုဗီယက်သုတေသနပညာရှင် ၅၀၀၀ သည် ဂျီဒီအာသို့ ရောက်ရှိလာကြသည်။

အာကာသ သိပ္ပံပညာကိုလည်း ဂျီဒီအာ အမျိုးသား တို့သည် ဆိုဗီယက်တို့နှင့် ပူးတွဲလေ့လာလုပ်ကိုင်ကြသဖြင့် ၁၉၇၈ ခုနှစ်တွင် ဂျီဒီအာ အာကာသယာဉ်မှူး ဆစ်ဂမန် ယန်း ပေါ်ထွက်လာခဲ့သည်။ ၎င်းသည် ဆိုယုဇ် ၃၁ အာ ကာသယာဉ်ဖြင့် အောင်မြင်စွာ ကမ္ဘာပတ်နိုင်ခဲ့လေသည်။

ဆိုဗီယက်ယူနီယံနှင့် ဆက်ဆံရေး ကောင်းသကဲ့သို့ ပြည်ထောင်စုသမ္မတ ကျမန်နိုင်ငံနှင့်လည်း သင့်မြတ်စွာ ဆက်ဆံနိုင်သည်။

၁၉၇၀ ပြည့်နှစ်တွင် ထိုစဉ်က နိုင်ငံအကြီးအကဲ ဖြစ် သော ဝီလီဗရန့် ချမှတ်ခဲ့သည့် အော့ပိုလစ်တစ်မူအရ နှစ်နိုင်ငံချစ်ကြည်လာခဲ့ရာ ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက် နေ့တွင် သံတမန်ဆက်သွယ်နိုင်ခဲ့သည်။ ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် စာချုပ်ဖြင့် ကီလိုမီတာ ၁,၃၀၀ ရှည်သည့် နယ်နိမိတ်ကို သတ်မှတ်နိုင် ခဲ့သည်။

အကျယ်အဝန်း။	။၎၀,၆၄၆ စတုရန်းမိုင်
လူဦးရေ။	။၁,၆၈,၀၀,၀၀၀
မြို့တော်။	။ဘာလင်မြို့

အနောက်ကျမန်ရှိ ဆွမျိုးများနှင့်တွေ့လိုသူ ၃၀၁၀ ကိုလည်း တွေ့ဆုံသွားလာခွင့်ပြုလိုက်သည်။ ထိုအတွက် အနောက်ကျမန်က ဒေါ်လာငွေ ၄၅ သန်း တောင်းပြန် ကူညီ သည်။ အနောက်ကျမန်ထဲမှ နှစ်စဉ်ဒေါ်လာ သန်း၃၀၀ ကျော်ကို အတိုးမဲ့ချေးငှားရယူနိုင်ခဲ့သည်။

ချစ်ကြည်မှုအနေဖြင့် အနောက်ကျမန် ဝန်ကြီးချုပ် မစ္စတာရှမစ်သည် ဂျီဒီအာသို့ ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ တွင် အလည်အပတ်ထောက်ရှိကာ မစ္စတာဟွန်နက်ကာနှင့် တွေ့ဆုံ ဆွေးနွေးသည်။ မစ္စတာရှမစ်၏ ဧရိယာစဉ်သည်

အီရန်-အီရတ် စစ်ပွဲနှင့် စပ်လျဉ်း၍ ဆီးရီးယားနိုင်ငံနှင့် ဂျော်ဒန်နိုင်ငံတို့ မသင့်မမြတ်ဖြစ်ခဲ့ကြရာ ဆအူးဒီအာရေဗျ က ဖျန်ဖြေသဖြင့် ပြေငြိမ်းသွားသည်။

၁၉၇၁ ခုနှစ် ဖေဖွာရီလတွင် လက်ဗန္ဓနိုင်ငံ ဘေရွတ် မြို့၌ လက်ဗန္ဓနိုင်ငံဆိုင်ရာ ဂျော်ဒန်တာဝန်ခံ သံအမတ် ဟီရှန်မိုဟောဆင်အား ပြန် ပေး ဆွဲ ခံရသည့် အမှုသည် ဆီးရီးယားက အားပေးသော ပါလက်စတိုင်း ပြောက်ကျား တို့၏ လက်ရာဖြစ်သည်ဟု ဂျော်ဒန်နိုင်ငံက စွပ်စွဲသည်။ ထို ပြောက်ကျား တပ်ကို ဦးစီး ခေါင်းဆောင် သူသည် ဆီးရီးယားသမ္မတ အာဆတ်၏ညီ ရီဖတ်ဖြစ်သည်။


ဂျော်ဒန်နိုင်ငံသည် ဆီးရီးယားရန်အပြင် အစ္စရေး၏ အန္တရာယ်ကိုလည်း စိုးရိမ်ရသည်။ သိမ်းပိုက်ထားသော ဂျော်ဒန်မြစ် အနောက်ဘက်ကမ်း နယ်မြေတွင် အစ္စရေး အခြေစိုက်စခန်းများ တည်ဆောက်ခြင်း၊ ဂျူးဆလမ်မြို့သို့ အစ္စရေးအစိုးရရုံးများ ရွှေ့ပြောင်းခြင်းတို့အတွက် ဂျော်ဒန်အစိုးရကကုလသမဂ္ဂသို့ တိုင်ကြား ကန့်ကွက်ခြင်း ပြုခဲ့သည်။

ဂျော်ဒန်နိုင်ငံတွင် ၁၉၇၁ ခုနှစ် ဇူလိုင်လ၌ အာဏာသိမ်းရန် ကြံစည်မှု ပေါ်ပေါက်ခဲ့သည်။ ဘုရင်ဟူစိန်၏ အစိုးရကို ဖြုတ်ချရန် ကြံစည်မှုဖြင့် စစ်အရာရှိ ၂၅ ဦးနှင့် အပေါင်းပါ ၁၅၀ တို့ကို ဖမ်းဆီးအရေးယူခဲ့သည်။

ဂွာတီမာလာ သမ္မတနိုင်ငံ။ ။ဂွာတီမာလာ သမ္မတနိုင်ငံသည် အလယ်ပိုင်း အမေရိကနိုင်ငံ တနိုင်ငံဖြစ်သည်။ အရှေ့ဘက်တွင် အယ်ဆာဗေဒို၊ ဟွန်ဒူးရပ်နှင့် ဗလိဇ်နိုင်ငံ၊ မြောက်ဘက်နှင့် အနောက်ဘက်တွင် မက္ကဆီကိုနိုင်ငံ၊ တောင်ဘက်တွင် ပစိဖိတ်သမုဒ္ဒရာတို့ ဝန်းရံတည်ရှိ၏။ လူဦးရေ၏ ၅၃ ရာခိုင်နှုန်းမှာ တိုင်းရင်းသား အင်ဒီယန်း လူမျိုးများဖြစ်ကြပြီး မက်တီဇိုခေါ် ဥရောပ–အင်ဒီယန်း ကပြား ၄၅ ရာခိုင်နှုန်းနှင့် လူဖြူ ၂ ရာခိုင်နှုန်းတို့ အသီးသီး ဖြစ်ကြ၏။ စပိန်ဘာသာကို တရားဝင်ရုံးသုံးဘာသာစကား အဖြစ် အသုံးပြုသည်။

ဂွာတီမာလာနိုင်ငံတွင် ဗိုလ်ချုပ်ကြီး ရိုမီယိုလူကတ် ဂါစီယာ ဦးဆောင်သည့် လက်ရှိအစိုးရသည် အင်အား ၅၀၀ မှ ၂၀၀၀ ခန့်အထိရှိသော ကိုယ်ပိုင်တပ်ဖွဲ့များကိုယ်စီ ရှိသည့် လက်ယာဝါဒီများနှင့် နီးကပ်စွာ ပူးပေါင်းလျက် ရှိသည်။

၁၉၈၀ ပြည့် နှစ်ကုန်ပိုင်းနှင့် ၁၉၈၁ ခုနှစ် အစပိုင်းတွင် ဂွာတီမာလာနိုင်ငံ၌ ပြောက်ကျားတိုက်ပွဲများ မကြာခဏ ဖြစ်ပွားနေခဲ့သည်။ ၁၉၈၁ ခုနှစ် ဇန်နဝါရီလလယ်ပိုင်းတွင် ချာဂျူးဒေသနှင့် အခြားဒေသများ၌ ပြောက်ကျားတို့ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ မေလအတွင်း၌မူ အစိုးရ



စစ်တန်းလျားများကိုပင် ဝင်ရောက် တိုက်ခိုက်လာခဲ့ကြသည်။ အစိုးရလုံခြုံရေးတပ်ဖွဲ့များက ဂွာတီမာလာမြို့တော်ရှိ အိုအာပီအပြောက်ကျား အခြေစိုက်စခန်းများကို ရှာဖွေဖျက်ဆီးခဲ့သော ဇူလိုင်လအတွင်းတွင် အိုအာပီအနှင့် အီးဂျိပီ အဖွဲ့တို့ပူးပေါင်း၍ ဂွာတီမာလာနိုင်ငံ မြောက်ဘက်နှင့် အနောက်ဘက်ရှိ အစိုးရတပ်များကို တိုက်ခိုက်ခဲ့ကြသည်။

၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အဓိက ပြောက်ကျား အဖွဲ့အစည်းလေးခု ဖြစ်သည့် အီးဂျိပီ၊ အိုအာပီအေ၊ အက်အေအာနှင့် ပီဂျီတီတို့က ပူးတွဲကြေငြာချက်တရပ် ထုတ်ပြန်ခဲ့၏။ ယင်းကြေငြာချက်တွင် မိမိတို့၏ အဖွဲ့အစည်းများသည် တော်လှန်ရေးတိုက်ပွဲ၌ ညီညွတ်စွာပူးပေါင်းပါဝင် ဆင်နွှဲကြမည် ဖြစ်ပြီး မိမိတို့နှင့်အတူ လက်တွဲပါဝင်ပါရန် ပြည်သူတရပ်လုံးသို့ ပန်ကြား တိုက်တွန်းထားသည်။

၁၉၇၇ ခုနှစ် သမ္မတကာတာလက်ထက်က ရပ်ဆိုင်းခဲ့သော စစ်လက်နက်အကူအညီများ ပေးအပ်ရေး ကိစ္စကို ၁၉၈၁ ခုနှစ် မေလအတွင်း၌ အမေရိကန် ပြည်ထောင်စုနှင့် ဂွာတီမာလာနှစ်နိုင်ငံတို့ တရားဝင်ပြန်လည် ဆွေးနွေးခဲ့ကြပြီး၊ ဇွန်လ ၁၈ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ ဂွာတီမာလာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၁,၀၀,၀၀၀

အကျယ်အဝန်း။	။၄၂,၀၄၂ စတုရန်းမိုင်
လူဦးရေ။	။၇၂,၆၀,၀၀၀
မြို့တော်။	။ဂွာတီမာလာမြို့

တန်ဖိုးရှိ စစ်ထရပ်ကားအစီး ၅၀ နှင့် ဂျစ်ကားစင်းရေ ၁၀၀ ရောင်းချမည်ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။

၁၉၈၁ ခုနှစ် မတ်လတွင် ဗလိုင်နိုင်ငံ အရေးအခင်းနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရနှင့် ဂွာတီမာလာအစိုးရတို့ ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲမှ သဘောတူညီချက်များအရ ဂွာတီမာလာနိုင်ငံက ဗလိုင်နိုင်ငံ၏ အချုပ်အခြာ အာဏာနှင့် နယ်မြေ ပိုင်ဆိုင်မှုကို အသိအမှတ်ပြုရမည်ဖြစ်ပြီး ဗလိုင်ဆိပ်ကမ်းမှ ဂွာတီမာလာနိုင်ငံအတွင်းသို့ လမ်းပန်းဆက်သွယ်ခွင့်နှင့် ထိုဆိပ်ကမ်းမှတဆင့် ကုန်ကူးသန်းခွင့်ကို ဗလိုင်နိုင်ငံက ဂွာတီမာလာနိုင်ငံသို့ ပေးရမည်ဖြစ်သည်။ သို့ရာတွင် ၁၉၈၁ ခုနှစ်ဇူလိုင်လတွင် အသေးစိတ်ဆွေးနွေးကြသောအခါတွင်မူ ထိုသဘောတူညီချက်သည် ပျက်ပြားသွားခဲ့သည်။


ဇူလိုင်လ ၂၈ ရက်နေ့တွင် ဆန်တီယာဂိုမြို့၌ အမေရိကန် သာသနာပြုမစ်ရှင်အဖွဲ့မှ ဘုန်းတော်ကြီးတပါး အသတ်ခံရသည်။ အသတ်ခံရသော ဘုန်းတော်ကြီးမှာ ၁၉၈၀ ပြည့်နှစ်မှစ၍ ယခုတပါးအပါအဝင် ၁၀ ပါးရှိ ပြီဖြစ်သည်။

၁၉၈၁ ခုနှစ်အလယ်ပိုင်းလောက်တွင် လာမည့် ၁၉၈၂ ခုနှစ် မတ်လ၌ကျင်းပမည့် သမ္မတရွေးကောက်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်ရန် သမ္မတလောင်းများ ရွေးချယ်ခဲ့ကြသည်။ အလားအလာ အရှိဆုံးမှာ ဗိုလ်ချုပ်ကြီး အင်နီဘယ် ဂီဗာရာ ဖြစ်သည်။ ဂီဗာရာသည် တော်လှန်ရေးပါတီနှင့် ဒီမိုကရက်တစ် အင်စတီကျူးရှင်နယ်ပါတီ၏ သမ္မတလောင်းဖြစ်ရန် အလားအလာရှိသည်။ အထက်ပါ ပါတီနှစ်ရပ်သည် ၁၉၇၈ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိသွားခဲ့သော ဗိုလ်ချုပ်ကြီး လူကတ်ဂါစီယာကို ထောက်ခံခဲ့သည့် ပါတီသုံးရပ်အနက် နှစ်ရပ်ဖြစ်သည်။

၁၉၈၁ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ အသတ်ခံခဲ့ရသော လက်ယာဝါဒီများမှာ လစဉ် ၂၅၀ ထက်မနည်း ရှိခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနမှ သတင်းထုတ်ပြန်ခဲ့ပြီး လက်ဝဲပြောက်ကျားနှင့် လက်ယာတပ်ဖွဲ့များပါဝင်သည့် အစိုးရတပ်တို့အကြား ဖြစ်ပွားနေသော ဂွာတီမာလာနိုင်ငံ ပြည်တွင်းစစ်ပွဲအတွင်း အသတ်ခံရသူပေါင်းမှာ ၃၀၀၀ ခန့်ရှိပြီဟု အောက်တိုဘာလ ၂၈ ရက်နေ့၌ ဂွာတီမာလာနိုင်ငံမှ ထုတ်ပေါ်ပြောကြားသည်။

၁၉၈၁ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဗြိတိသျှအစိုးရက ဗလိုင်နိုင်ငံအား ၁၉၈၁ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် လွတ်လပ်ရေးပေးမည်ဖြစ်ကြောင်း ကြေငြာခဲ့ရာ ဂွာတီမာလာနိုင်ငံက ထိုကြေငြာချက်မှာ တဘက်သတ် လွတ်လပ်ရေးကြေငြာခြင်းဖြစ်၍ မိမိတို့အသိအမှတ်မပြုနိုင်ကြောင်း ကန့်ကွက်ကာ ဗြိတိန်နိုင်ငံနှင့် သံအဆက်အသွယ် ဖြတ်တောက်မည်ဟု စက်တင်ဘာလ ၇ ရက်နေ့က ခြိမ်းခြောက်ခဲ့သည်။ တဖန် ဗလိုင်နိုင်ငံ၏ လွတ်လပ်ရေးကို ဆိုင်းငံ့ထားရေးအတွက် လုံခြုံရေးကောင်စီ အစည်းအဝေး ကျင်းပပေးရန် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့သို့ တင်ပြတောင်းဆိုခဲ့ပြန်သည်။ သို့ရာတွင် လုံခြုံရေးကောင်စီက ထိုအဆိုပြုချက်ကို ပယ်ချခဲ့သည်။

စပိန်နိုင်ငံ။ ။၁၉၇၆ ခုနှစ် ဇူလိုင်လမှစ၍ ဝန်ကြီးချုပ်ဖြစ်လာသော အဒေါ်ဖိုဆွာရက်ဂွန်ဇာလက်သည် ၁၉၇၁ ခုနှစ် ဇန္နဝါရီလ ၂၉ ရက်နေ့တွင် ဝန်ကြီးချုပ်ရာထူးမှ လည်းကောင်း၊ အာဏာရ စင်တာဒီမိုကရက်တစ် ယူနီယံပါတီ ဥက္ကဋ္ဌ အဖြစ်မှ လည်းကောင်း နုတ်ထွက်ခဲ့သည်။ စပိန်နိုင်ငံ ဘာစကေဒေသ လွတ်လပ်ရေးအတွက် အကြမ်းဖက်တိုက် ပွဲဝင် နေ သည့် အီးတီအေ ခေါ် ဘာစကေဒေသ



အကျယ်အဝန်း။	။၁,၉၄,၈၈၅ စတုရန်းမိုင်
လူဦးရေ။	။၃,၂၅,၂၅,၀၀၀
မြို့တော်။	။မက်ဒရစ်မြို့

လွတ်လပ်ရေး လှုပ်ရှားမှုအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို မဟန့်တားနိုင်ခြင်း၊ အလုပ်လက်မဲ့ ၁၂ ရာခိုင်နှုန်း၊ ငွေဖောင်းပွမှု ၁၄ ဒသမ ၅ ရာခိုင်နှုန်းရှိသော စီးပွားရေးပြဿနာကို မပြေလျှင်းနိုင်ခြင်းတို့ကို အတိုက်အခံ နိုင်ငံရေးပါတီများကသာမက ဆွာရက်၏ အာဏာရပါတီကပါ ဝေဖန်ပြစ်တင်မှုများ မြင့်မားလာသဖြင့် ရာထူးမှ နုတ်ထွက်လိုက်ခြင်း ဖြစ်သည်။

အာဏာရ ပါတီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်လောင်းအဖြစ် ကာလဗို ဆိုတဲလိုကို ရွေးချယ်ခဲ့သည်။ သို့သော် ဖေဖော်ဝရီလ

နှစ်ကြိမ်ရွေးချိုးပြီးမှ ထွက်လာသော ခရီးစဉ်ဖြစ်သည်။ အာဖဂန်စတန်နိုင်ငံသို့ ဆိုဗီယက်တပ်မျာ း ဝင်ရောက်လာ စဉ်ကတကြိမ်၊ ပိုလန်အရေးအခင်း ဖြစ်ပွားစဉ်က တကြိမ် ရွေးချိုးရခြင်း ဖြစ်သည်။ အနောက်ကျွမန်သို့ ဆိုဗီယက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတွင် အရွေ့ကျွမန်ကိုဖြတ်၍ ပို့ရမည် ဖြစ်ရာ အရွေ့ကျွမန်၏ အကူအညီကို ယူရမည် ဖြစ်သည်။

ပိုလန်အရေးအခင်းတွင် မစ္စတာဟွန်နက်ကာ အစိုးရသည် ပိုလန်အစိုးရဘက်က ရပ်တည်သည်။ ပိုလန်သွေးစည်းခိုင်မာရေး အဖွဲဝင်တို့ လှုပ်ရှားနေစဉ် အနောက်အုပ်စုနိုင်ငံများမှ ခရီးသည်များအား ပိုလန်သို့ မဝင်နိုင်စေရန် နယ်စပ်များကို ၁၉၈၀ ပြည့်နှစ်က ပိတ်ထားခဲ့သည်။


ဖွဲ့ဖြိုးဆဲနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း နိုင်ငံ၏ အင်အားနှင့်အညီ ကူညီဆက်ဆံခဲ့ရာ ၁၉၈၁ ခုနှစ် တွင် ဖွံ့ဖြိုးဆဲ ၃၇ နိုင်ငံတို့သို့ အကူအညီပေးခဲ့သည်။ မစ္စတာ ဟွန်နက်ကာကိုယ်တိုင် အာဖရိကနိုင်ငံများသို့ ခရီးလှည့်လည်ကာ မိတ်ဖွဲ့ခဲ့ရာ မိုဇမ်ဘစ်၊ အင်ဂိုလာ နိုင်ငံများနှင့် ချစ်ကြည်ရေးစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

ဂျီဗူတီ သမ္မတနိုင်ငံ

နိုင်ငံ၏ အကြီးအကဲမှာ သမ္မတ ဟာ်ဆန်ဂူးလက်အက် တီဒွန်ဖြစ်သည်။ ၁၉၇၇ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် နိုင်ငံလွတ်လပ်ရေးရသည့်အချိန်မှအစပြု၍ သမ္မတ ဖြစ်လာသော အက်တီဒွန်သည် ၁၉၈၁ ခုနှစ် ဇွန်လ ရွေးကောက်ပွဲတွင် နောက်သက်တမ်း ခြောက် နှစ်အတွက် ထပ်မံ၍ ရွေးချယ်တင် မြှောက် ခြင်း ခံခဲ့ရသည်။ ဝန် ကြီး ချုပ် ဂူ ရက် ဟာမာဒူသည် သမ္မတ ရွေးကောက်ပွဲအပြီး ဇွန်လ ၃၀ ရက်နေ့တွင် အစိုးရအဖွဲ့ နုတ်ထွက်စာကို သမ္မတထံ တင် သွင်းခဲ့သည်။ သမ္မတက လက်ခံခဲ့ပြီး ဇူလိုင်လ ၇ ရက်နေ့ တွင် အစိုးရအဖွဲ့သစ်ကို အဓိက ရာထူးပြောင်းလဲမှု မရှိပဲ ယခင်အတိုင်း ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။ ပြည်သူ့ လုပ် ငန်းနှင့် စက်မှုဝန်ကြီးများသာ လူသစ်များဖြစ်ခဲ့ပြီး ကျန် ပုဂ္ဂိုလ်များမှာ အစိုးရအဖွဲဝင်ဟောင်းများ ဖြစ်သည်။

ဂျီဗူတီနိုင်ငံသည် အီသီယိုးပီးယားနှင့် ဆိုမာလီးယား နှစ်နိုင်ငံ ပြဿနာတွင် ငြိမ်းချမ်းမှုရစေရန် ကြားဝင်ဆောင် ရွက်ပေးခဲ့သော နိုင်ငံဖြစ်သည်။ ဂျီဗူတီသမ္မတ အက်တီဒွန် သည် ၁၉၈၁ ခု မတ်လ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့ထိ အီသီယိုးပီးယားနိုင်ငံသို့လည်းကောင်း၊ မတ်လ ၂၁ ရက်မှ ၂၅ ရက်ထိ ကင်ညာနိုင်ငံသို့လည်းကောင်း၊ ဧပြီလ ၁၀ ရက်မှ ၁၆ ရက်နေ့ထိ ဆိုမာလီးယားနိုင်ငံသို့လည်းကောင်း၊ ဧပြီလ ၁၈ ရက်မှ ၂၀ ရက်နေ့ထိ ဆူဒန်သို့လည်းကောင်း၊ တောင်ယီမင်နိုင်ငံသို့လည်းကောင်း ချစ်ကြည်ရေး ခရီးစဉ် များအဖြစ် သွားရောက်လည်ပတ်ခဲ့သည်။

အကျယ်အဝန်း။	။၈,၉၉၆ စတုရန်းမိုင်
လူဦးရေ။	။၃,၈၆,၀၀၀
မြို့တော်။	။ဂျီဗူတီမြို့



အီသီယိုးပီးယားနိုင်ငံ ခရီးစဉ်အပြီးတွင် နှစ်နိုင်ငံသမ္မတ များသည် ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး သဘောတူ စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ သဘောတူညီမှုအရ စီးပွားရေး နည်းပညာနှင့် သိပ္ပံပညာရပ်များတွင် နှစ်နိုင်ငံသည် ပူးပေါင်းဆောင်ရွက် ကြမည်ဖြစ်သည်။ ထို့ပြင် သယ်ယူပို့ဆောင်ရေးနှင့် စပ် လျဉ်း၍လည်း အထွေထွေ သဘောတူညီချက်ကို လက်မှတ် ရေးထိုးခဲ့သည်။ ယင်းသဘောတူညီချက်တွင် အီသီယိုးပီး ယားနှင့်ဂျီဗူတီ မီးရထားလမ်းဖောက်ရေးနှင့် စပ်ဆိုင်သော စီမံချက်များ ပါဝင်လေသည်။ ယင်းမီးရထားလမ်းသည် အီသီယိုးပီးယား နိုင်ငံ၏ ပြည်ပပို့ကုန် ၆၀ ရာခိုင်နှုန်းကို တင်ပို့ရာ ခရီးလမ်းဖြစ်ပြီး စောစောပိုင်းက ဆိုမာလီးယား တို့က ဖျက်ဆီးမှုပြုခဲ့သည်။


ကင်ညာခရီးစဉ် အပြီးဌာလည်း ကင်ညာနှင့် ဂျီဗူတီ သမ္မတ နှစ်ဦးတို့သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် ထပ်မံ၍ ဆုံးဖြတ်အတည်ပြုခဲ့ကြသည်။

ဆိုမာလီးယားနိုင်ငံ ခရီးစဉ်အပြီးတွင်လည်း နှစ်နိုင်ငံ သမ္မတများသည် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး အာဖရိက ဦးချို ဒေသတွင် ငြိမ်းချမ်းရေးရရှိစေရန် အစွမ်းရှိသရွေ့ ဆောင်ရွက်ကြရန်ကိုလည်း နှစ်နိုင်ငံ ပူးတွဲကြေငြာချက်၌ ဖော်ပြထားသည်။

ဂျီဗူတီ အမျိုးသားလွတ်တော် သဘာပတိ အက်ဒီ ကာဒါဝါဘရီသည် စက်တင်ဘာလ ၁၆ ရက်နေ့တွင် တရုတ်ပြည်သူသမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

ဂျီဗူတီနိုင်ငံသည် အနောက်ဂျာမနီနှင့် အီရတ်နိုင်ငံများထံမှ အကူအညီ အထောက်အပံ့များ ရရှိမည်ဖြစ်ကြောင်း ဖြင့် ဂျီဗူတီအစိုးရပိုင်းက ကြေငြာသည်။ အီရတ်နိုင်ငံမှ ဒေါ်လာ ၄,၈၅,၀၀၀ အကူအညီရရှိမည် ဖြစ်ပြီး၊ အနောက် ဂျာမနီနိုင်ငံထံမှခရီးသည်တင် သဘော်တစင်း၊ ယာဉ်မျိုးစုံ တဒါဇင်နှင့်အတူ ရေဒီယိုပစ္စည်းများပါ ရရှိမည်ဖြစ်ကြောင်း ဖြင့် မတ်လ ၂၃ ရက်နေ့တွင် ကြေငြာသည်။


ဂျီဗူတီနိုင်ငံတွင် လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ မိုးခေါင် နေခဲ့ရာမှ ၁၉၈၁ ခုနှစ်မတ်လအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ ဂျီဗူတီ အရှေ့မြောက်ပိုင်းတွင် ရေလျှံမှုကြောင့် လူတသိန်း အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပြီး လူ ၂၅ ဦး သေဆုံးခဲ့ရသည်။ ဂျီဗူတီနိုင်ငံသို့ နိုင်ငံအများအပြားမှ အရေးပေါ် အကူအညီများ ပေးခဲ့ကြပြီး အစ္စလာမ်မစ်ကွန် ဖရင့်အဖွဲ့၏ သွေးစည်းညီညွတ်ရေးရန်ပုံငွေမှ ဒေါ်လာသုံး သိန်း ထောက်ပံ့ရန် ကတိပြုခဲ့လေသည်။



အမေရိကန်နိုင်ငံသို့ အလည်အပတ် ရောက်ရှိခဲ့သော
ဂျော်ဒန်ဘုရင် ဟူစိန်ကို သမ္မတ ရေဂင်က
ကြိုဆိုနှုတ်ဆက်နေပုံ


ဂျော်ဒန်နိုင်ငံနှင့် ဆအူးဒီအာရေဗျနိုင်ငံတို့၏ ဆက်ဆံရေးသည် ကောင်းမွန်ဆဲပင် ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်တွင် စတင်ဖြစ်ပွားခဲ့ပြီး ၁၉၈၁ ခုနှစ် ကုန်ဆုံးသည့်တိုင်အောင် မပြီးဆုံးသေးသော အီရန် - အီရတ် စစ်ပွဲတွင် ဂျော်ဒန်နိုင်ငံနှင့် ဆအူးဒီအာရေဗျနိုင်ငံတို့သည် အီရတ်ဘက်မှ ထောက်ခံခဲ့ကြသည်။

အကျယ်အဝန်း။	။၃၇,၂၉၇ စတုရန်းမိုင်
လူဦးရေ။	။၃၂,၀၀,၀၀၀
မြို့တော်။	။အမ္မန်မြို့



ဂျော်ဒန်နိုင်ငံ။ ။အာရှတိုက်အနောက်ပိုင်း အာရေဗျသဲကန္တာရကျွန်းဆွယ်ကြီး၏ အနောက်မြောက်ဖျားနှင့် မြေထဲပင်လယ်အစပ်တွင်ရှိသောဂျော်ဒန်နိုင်ငံသည် မိုးနှင်းပါး၍ ခြောက်သွေ့သော ဒေသဖြစ်သည်။ နိုင်ငံ၏ ငါးပုံတပုံသည် သဲကန္တာရ ဖြစ်ပြီး မြောက်ဘက်ရှိ ပင်လယ်သေဒေသနှင့် ဂျော်ဒန်မြစ်ဝှမ်းပိုင်းသည် ပင်လယ်ရေ မျက်နှာပြင်ထက် နိမ့်သည်။ မြေထဲပင်လယ်ဒေသတွင် မိုးရေချိန် ၁၀ လက်မမှ လက်မ ၂၀ ထိရှိပြီး ကျန်ဒေသ၌ ၁၀ လက်မအောက်ရှိသည်။ မြောက်ပိုင်းတွင် ဂျုံ၊ စပျစ်နှင့်သစ်သီးများစိုက်ပျိုးကြ၍ တောင်ပိုင်း၌ သိုး၊ ဆိတ်မွေးမြူကြသည်။

ခရာတ်သတ္တု သယံဇာတ ပစ္စည်းများ မထွက်သဖြင့် အာရပ်နိုင်ငံများအနက် ဆင်းရဲသောနိုင်ငံတနိုင်ငံဖြစ်သည်။



အိရန်-အီရတ် စစ်ပွဲနှင့် စပ်လျဉ်း၍ ဆီးရီးယားနိုင်ငံနှင့် ဂျော်ဒန်နိုင်ငံတို့ မသင့်မမြတ်ဖြစ်ခဲ့ကြရာ ဆအူးဒီအာရေဗျ က ဖျန်ဖြေသဖြင့် ပြေငြိမ်းသွားသည်။

၁၉၇၁ ခုနှစ် ဖေဖွာရီလတွင် လက်ဗန္ဓနိုင်ငံ ဘေရွတ် မြို့၌ လက်ဗန္ဓနိုင်ငံဆိုင်ရာ ဂျော်ဒန်တာဝန်ခံ သံအမတ် ဟီရှန်မိုဟောဆင်အား ပြန်ပေးဆွဲ ခံရသည့် အမှုသည် ဆီးရီးယားက အားပေးသော ပါလက်စတိုင်း ပြောက်ကျား တို့၏ လက်ရာဖြစ်သည်ဟု ဂျော်ဒန်နိုင်ငံက စွပ်စွဲသည်။ ထို ပြောက်ကျား တပ်ကို ဦးစီး ခေါင်းဆောင် သူသည် ဆီးရီးယားသမ္မတ အာဆတ်၏ညီ ရီဖတ်ဖြစ်သည်။

ဂျော်ဒန်နိုင်ငံသည် ဆီးရီးယားရန်အပြင် အစ္စရေး၏ အန္တရာယ်ကိုလည်း စိုးရိမ်ရသည်။ သိမ်းပိုက်ထားသော ဂျော်ဒန်မြစ် အနောက်ဘက်ကမ်း နယ်မြေတွင် အစ္စရေး အခြေစိုက်စခန်းများ တည်ဆောက်ခြင်း၊ ဂျူးဆလမ်းမြို့သို့ အစ္စရေးအစိုးရဝန်းများ ရွှေ့ပြောင်းခြင်းတို့အတွက် ဂျော်ဒန်အစိုးရကကုလသမဂ္ဂသို့ တိုင်ကြား ကန့်ကွက်ခြင်း ပြုခဲ့သည်။

ဂျော်ဒန်နိုင်ငံတွင် ၁၉၇၁ ခုနှစ် ဇူလိုင်လ၌ အာဏာသိမ်းရန် ကြံစည်မှု ပေါ်ပေါက်ခဲ့သည်။ ဘုရင်ဟူစိန်၏ အစိုးရကို ဖြုတ်ချရန် ကြံစည်မှုဖြင့် စစ်အရာရှိ ၂၅ ဦးနှင့် အပေါင်းပါ ၁၅၀ တို့ကို ဖမ်းဆီးအရေးယူခဲ့သည်။

ဂွာတီမာလာ သမ္မတနိုင်ငံ။ ။ဂွာတီမာလာ သမ္မတနိုင်ငံသည် အလယ်ပိုင်း အမေရိကနိုင်ငံ တနိုင်ငံဖြစ်သည်။ အရှေ့ဘက်တွင် အယ်ဆာဗေဒို၊ ဟွန်ဒူးရပ်နှင့် ဗလိဇ်နိုင်ငံ၊ မြောက်ဘက်နှင့် အနောက်ဘက်တွင် မက္ကဆီကိုနိုင်ငံ၊ တောင်ဘက်တွင် ပစိဖိတ်သမုဒ္ဒရာတို့ ဝန်းရံတည်ရှိ၏။ လူဦးရေ၏ ၅၃ ရာခိုင်နှုန်းမှာ တိုင်းရင်းသား အင်ဒီယန်း လူမျိုးများဖြစ်ကြပြီး မက်တီဇိုခေါ် ဥရောပ–အင်ဒီယန်း ကပြား ၄၅ ရာခိုင်နှုန်းနှင့် လူဖြူ ၂ ရာခိုင်နှုန်းတို့ အသီးသီး ဖြစ်ကြ၏။ စပိန်ဘာသာကို တရားဝင်ရုံးသုံးဘာသာစကား အဖြစ် အသုံးပြုသည်။

ဂွာတီမာလာနိုင်ငံတွင် ဗိုလ်ချုပ်ကြီး ရိုမီယိုလူကတ် ဂါစီယာ ဦးဆောင်သည့် လက်ရှိအစိုးရသည် အင်အား ၅၀၀ မှ ၂၀၀၀ ခန့်အထိရှိသော ကိုယ်ပိုင်တပ်ဖွဲ့များကိုယ်စီ ရှိသည့် လက်ယာဝါဒီများနှင့် နီးကပ်စွာ ပူးပေါင်းလျက် ရှိသည်။

၁၉၈၀ ပြည့် နှစ်ကုန်ပိုင်းနှင့် ၁၉၈၁ ခုနှစ် အစပိုင်းတွင် ဂွာတီမာလာနိုင်ငံ၌ ပြောက်ကျားတိုက်ပွဲများ မကြာခဏ ဖြစ်ပွားနေခဲ့သည်။ ၁၉၈၁ ခုနှစ် ဇန်နဝါရီလလယ်ပိုင်းတွင် ချာဂျူးဒေသနှင့် အခြားဒေသများ၌ ပြောက်ကျားတို့ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ မေလအတွင်း၌မူ အစိုးရ စစ်တန်းလျားများကိုပင် ဝင်ရောက် တိုက်ခိုက်လာခဲ့ကြသည်။ အစိုးရလုံခြုံရေးတပ်ဖွဲ့များက ဂွာတီမာလာမြို့တော်ရှိ အိုအာပီအေပြောက်ကျား အခြေစိုက်စခန်းများကို ရှာဖွေဖျက်ဆီးခဲ့သော ဇူလိုင်လအတွင်းတွင် အိုအာပီအေနှင့် အီးဂျိပီ အဖွဲ့တို့ပူးပေါင်း၍ ဂွာတီမာလာနိုင်ငံ မြောက်ဘက်နှင့် အနောက်ဘက်ရှိ အစိုးရတပ်များကို တိုက်ခိုက်ခဲ့ကြသည်။

၁၉၈၁ ခုနှစ် ဇန္နဝါရီလ ၂၇ ရက်နေ့တွင် အဓိက ပြောက်ကျား အဖွဲ့အစည်းလေးခု ဖြစ်သည့် အီးဂျိပီ၊ အိုအာပီအေ၊ အက်အေအာနှင့် ပီဂျိတီတို့က ပူးတွဲကြေငြာချက်တရပ် ထုတ်ပြန်ခဲ့၏။ ယင်းကြေငြာချက်တွင် မိမိတို့၏ အဖွဲ့အစည်းများသည် တော်လှန်ရေးတိုက်ပွဲ၌ ညီညွတ်စွာပူးပေါင်းပါဝင် ဆင်နွှဲကြမည် ဖြစ်ပြီး မိမိတို့နှင့်အတူ လက်တွဲပါဝင်ပါရန် ပြည်သူတရပ်လုံးသို့ ပန်ကြား တိုက်တွန်းထားသည်။

၁၉၇၇ ခုနှစ် သမ္မတကာတာလက်ထက်က ရပ်ဆိုင်းခဲ့သော စစ်လက်နက် အကူအညီများ ပေးအပ်ရေး ကိစ္စကို ၁၉၈၁ ခုနှစ် မေလအတွင်း၌ အမေရိကန် ပြည်ထောင်စုနှင့် ဂွာတီမာလာနှစ်နိုင်ငံတို့ တရားဝင်ပြန်လည် ဆွေးနွေးခဲ့ကြပြီး၊ ဇွန်လ ၁၈ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ ဂွာတီမာလာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၁,၀၀,၀၀၀

အကျယ်အဝန်း။	။၄၂,၀၄၂ စတုရန်းမိုင်
လူဦးရေ။	။၇၂,၆၀,၀၀၀
မြို့တော်။	။ဂွာတီမာလာမြို့

တန်ဖိုးရှိ စစ်ထရပ်ကားအစီး ၅၀ နှင့် ဂျစ်ကားစင်းရေ ၁၀၀ ရောင်းချမည်ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။

၁၉၈၁ ခုနှစ် မတ်လတွင် ဗလိုင်နိုင်ငံ အရေးအခင်းနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရနှင့် ဂွာတီမာလာအစိုးရတို့ ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲမှ သဘောတူညီချက်များအရ ဂွာတီမာလာနိုင်ငံက ဗလိုင်နိုင်ငံ၏ အချုပ်အခြာ အာဏာနှင့် နယ်မြေ ပိုင်ဆိုင်မှုကို အသိအမှတ်ပြုရမည်ဖြစ်ပြီး ဗလိုင်ဆိပ်ကမ်းမှ ဂွာတီမာလာနိုင်ငံအတွင်းသို့ လမ်းပန်းဆက်သွယ်ခွင့်နှင့် ထိုဆိပ်ကမ်းမှတဆင့် ကုန်ကူးသန်းခွင့်ကို ဗလိုင်နိုင်ငံက ဂွာတီမာလာနိုင်ငံသို့ ပေးရမည်ဖြစ်သည်။ သို့ရာတွင် ၁၉၈၁ ခုနှစ်ဇူလိုင်လတွင် အသေးစိတ်ဆွေးနွေးကြသောအခါတွင်မူ ထိုသဘောတူညီချက်သည် ပျက်ပြားသွားခဲ့သည်။


ဇူလိုင်လ ၂၈ ရက်နေ့တွင် ဆန်တီယာဂိုမြို့၌ အမေရိကန် သာသနာပြုမစ်ရှင်အဖွဲ့မှ ဘုန်းတော်ကြီးတပါး အသတ်ခံရသည်။ အသတ်ခံရသော ဘုန်းတော်ကြီးမှာ ၁၉၈၀ ပြည့်နှစ်မှစ၍ ယခုတပါးအပါအဝင် ၁၀ ပါးရှိ ပြီဖြစ်သည်။

၁၉၈၁ ခုနှစ်အလယ်ပိုင်းလောက်တွင် လာမည့် ၁၉၈၂ ခုနှစ် မတ်လ၌ကျင်းပမည့် သမ္မတရွေးကောက်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်ရန် သမ္မတလောင်းများ ရွေးချယ်ခဲ့ကြသည်။ အလားအလာ အရှိဆုံးမှာ ဗိုလ်ချုပ်ကြီး အင်နီဘယ် ဂီဗာရာ ဖြစ်သည်။ ဂီဗာရာသည် တော်လှန်ရေးပါတီနှင့် ဒီမိုကရက်တစ် အင်စတီကျူးရှင်နယ်ပါတီ၏ သမ္မတလောင်းဖြစ်ရန် အလားအလာရှိသည်။ အထက်ပါ ပါတီနှစ်ရပ်သည် ၁၉၇၈ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိသွားခဲ့သော ဗိုလ်ချုပ်ကြီး လူကတ်ဂါစီယာကို ထောက်ခံခဲ့သည့် ပါတီသုံးရပ်အနက် နှစ်ရပ်ဖြစ်သည်။

၁၉၈၁ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ အသတ်ခံခဲ့ရသော လက်ယာဝါဒီများမှာ လစဉ် ၂၅၀ ထက်မနည်း ရှိခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနမှ သတင်းထုတ်ပြန်ခဲ့ပြီး လက်ဝဲပြောက်ကျားနှင့် လက်ယာတပ်ဖွဲ့များပါဝင်သည့် အစိုးရတပ်တို့အကြား ဖြစ်ပွားနေသော ဂွာတီမာလာနိုင်ငံ ပြည်တွင်းစစ်ပွဲအတွင်း အသတ်ခံရသူပေါင်းမှာ ၃၀၀၀ ခန့်ရှိပြီဟု အောက်တိုဘာလ ၂၈ ရက်နေ့၌ ဂွာတီမာလာနိုင်ငံမှ ထုတ်ဖော်ပြောကြားသည်။

၁၉၈၁ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဗြိတိသျှအစိုးရက ဗလိုင်နိုင်ငံအား ၁၉၈၁ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် လွတ်လပ်ရေးပေးမည်ဖြစ်ကြောင်း ကြေငြာခဲ့ရာ ဂွာတီမာလာနိုင်ငံက ထိုကြေငြာချက်မှာ တဘက်သတ် လွတ်လပ်ရေးကြေငြာခြင်းဖြစ်၍ မိမိတို့အသိအမှတ်မပြုနိုင်ကြောင်း ကန့်ကွက်ကာ ဗြိတိန်နိုင်ငံနှင့် သံအဆက်အသွယ် ဖြတ်တောက်မည်ဟု စက်တင်ဘာလ ၇ ရက်နေ့က ခြိမ်းခြောက်ခဲ့သည်။ တဖန် ဗလိုင်နိုင်ငံ၏ လွတ်လပ်ရေးကို ဆိုင်းငံ့ထားရေးအတွက် လုံခြုံရေးကောင်စီ အစည်းအဝေး ကျင်းပပေးရန် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့သို့ တင်ပြတောင်းဆိုခဲ့ပြန်သည်။ သို့ရာတွင် လုံခြုံရေးကောင်စီက ထိုအဆိုပြုချက်ကို ပယ်ချခဲ့သည်။

စပိန်နိုင်ငံ။ ။၁၉၇၆ ခုနှစ် ဇူလိုင်လမှစ၍ ဝန်ကြီးချုပ်ဖြစ်လာသော အဒေါ်ဖိုဆွာရက်ဂွန်ဇာလက်သည် ၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဝန်ကြီးချုပ်ရာထူးမှ လည်းကောင်း၊ အာဏာရ စင်တာဒီမိုကရက်တစ် ယူနီယံပါတီ ဥက္ကဋ္ဌ အဖြစ်မှ လည်းကောင်း နုတ်ထွက်ခဲ့သည်။ စပိန်နိုင်ငံ ဘာစကေဒေသ လွတ်လပ်ရေးအတွက် အကြမ်းဖက်တိုက်ပွဲဝင်နေသည့် အီးတီအေ ခေါ် ဘာစကေဒေသ



အကျယ်အဝန်း။	။၁,၉၄,၈၈၅ စတုရန်းမိုင်
လူဦးရေ။	။၃,၂၅,၂၅,၀၀၀
မြို့တော်။	။မက်ဒရစ်မြို့

လွတ်လပ်ရေး လှုပ်ရှားမှုအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို မဟန့်တားနိုင်ခြင်း၊ အလုပ်လက်မဲ့ ၁၂ ရာခိုင်နှုန်း၊ ငွေဖောင်းပွမှု ၁၄ ဒသမ ၅ ရာခိုင်နှုန်းရှိသော စီးပွားရေးပြဿနာကို မပြေလျှင်းနိုင်ခြင်းတို့ကို အတိုက်အခံ နိုင်ငံရေးပါတီများကသာမက ဆွာရက်၏ အာဏာရပါတီကပါ ဝေဖန်ပြစ်တင်မှုများ မြင့်မားလာသဖြင့် ရာထူးမှ နုတ်ထွက်လိုက်ခြင်း ဖြစ်သည်။

အာဏာရ ပါတီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်လောင်းအဖြစ် ကာလဗို ဆိုတဲလိုကို ရွေးချယ်ခဲ့သည်။ သို့သော် ဖေဖော်ဝရီလ

၂၀ ရက်တွင် စပိန် အောက်လွှတ်တော် အစည်းအဝေးဦး ဝန်ကြီးချုပ်လောင်း ကာလဗို ဆိုတဲလိုအပေါ် အယုံအကြည် ရှိကြောင်း အဆိုကို မဲခဲဆုံးဖြတ်ရာ သတ်မှတ်ထားသော ထောက်ခံမဲ ၁၇၆ မဲ မရရှိသဖြင့် အရေးနိမ့်ခဲ့သည်။ ဖေဖွာရီလ ၂၃ ရက်နေ့တွင် ဒုတိယအကြိမ် မဲခဲ ဆုံးဖြတ်နေခိုက် ဒုတိယ ဗိုလ်မှူးကြီး အန်တိနီယို တေဂျီရိုမိုလီနာ ဦးဆောင်သည့် မြို့စောင့်တပ်ဖွဲ့ဝင် ၂၀၀ ခန့်တို့သည် စပိန် အမျိုးသား လွှတ်တော်ကို ဝင်ရောက်စီးနင်းပြီး ၁၈ နာရီကြာ သိမ်းပိုက်ခဲ့သည်။

ဘုရင်ဝှမ်ကာလို့က ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထိန်းသိမ်းရန် ကွပ်ကဲနိုင်ခဲ့ခြင်း၊ တပ်မှူးများက ဘုရင်၏ အခိုင်အမာ ရပ်တည်မှုကို ထောက်ခံခြင်းတို့ကြောင့် ထိုအာဏာသိမ်းရန် ကြိုးပမ်းမှုသည် အရေးနိမ့်သွားခဲ့သည်။

ဖေဖွာရီလ ၂၅ ရက်နေ့တွင် ဝန်ကြီး ချုပ် လောင်း ကာလဗို ဆိုတဲလိုကို ထောက်ခံမဲ ၁၈၆ မဲဖြင့် ဝန်ကြီးချုပ် အဖြစ် အောက်လွှတ်တော် အမတ်များက ရွေးချယ် တင်မြှောက်လိုက်ကြသည်။ ဝန်ကြီးချုပ်သည် ဖေဖွာရီလ ၂၆ ရက်နေ့တွင် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သည့် အစိုးရအဖွဲ့ အမည်စာရင်းကို ထုတ်ပြန်ကြေငြာခဲ့ရာ စပိန်ပြည်တွင်းစစ် နောက်ပိုင်း ဖွဲ့စည်းခဲ့သော အစိုးရများအနက် အရပ်သားများသာ ပါဝင်သည့် ပထမဦးဆုံးသော အစိုးရအဖွဲ့ဖြစ်သည်။

၁၉၈၁ ခုနှစ် ဇွန်လအတွင်းတွင် ကျင်းပသော ပြည်သူ့ဆန္ဒသဘောထား ခံယူပွဲတွင် စပိန်အာဏာရ စင်တာ ဒီမိုကရက်တစ်ပါတီသည် ထောက်ခံမှု ၂၃ ဒသမ ၆ ရာခိုင်နှုန်း ခန့်သာ ရရှိခဲ့ပြီး အတိုက်အခံ ဆိုရှယ်လစ်ပါတီက ၄၅ ရာခိုင်နှုန်း ရရှိခဲ့သည်။

စပိန်ဝန်ကြီးချုပ် ဆိုတဲလိုသည် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဝန်ကြီးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလိုက်ရာ ဝန်ကြီးအဖွဲ့ သစ်တွင် အမျိုးသမီးတဦး ဝန်ကြီးသစ်အဖြစ် ပါဝင်လာသည်။ ဝန်ကြီးအဖွဲ့ဝင်အားလုံးသည် ဝန်ကြီးချုပ်၏စင်တာ ဒီမိုကရက်တစ် ယူနီယံ ပါတီဝင်များသာ ဖြစ်သည်။

ဒီဇင်ဘာ ၂ ရက်နေ့တွင် စပိန်နိုင်ငံသည် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန် တရားဝင် လျှောက်ထားခဲ့ရာ လက်ရှိ နေတိုးအဖွဲ့ဝင် ၁၅ နိုင်ငံက ထောက်ခံကြိုဆိုခဲ့ကြသည်။

စာပေဗိမာန် စာပေနှိုးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲများ (၁၉၈၁)။ ။စာပေဗိမာန်အဖွဲ့ ဥပဒေတွင် "စာပေတိုးတက်ပြန့်ပွားစေရန် အလို့ငှာ၊ စာပေကို လူတိုင်း စိတ်ဝင်စားလာအောင် လှုံ့ဆော်ခြင်း၊ စာပေနှိုးနှောဖလှယ်ပွဲများ၊ စာပေသဘင်များ၊ စာပေညီလာခံများနှင့် စာပေပြပွဲများ ကြီးမှူးကျင်းပခြင်း" ဟူ၍ ပြဋ္ဌာန်းထားလေသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း၊ စာပေဗိမာန်အဖွဲ့သည် လုပ်သားပြည်သူများ ခေတ်နှင့်အမီ ဗဟုသုတများ ရရှိရန်နှင့် မြန်မာစာပေဖွံ့ဖြိုး တိုးတက်ရေးကို ရှေးရှုလျက် စာပေနှိုးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများကို ၁၉၆၃ ခုနှစ်မှ စတင်၍ နှစ်စဉ် ကျင်းပခဲ့သည်။

ထိုကဲ့သို့ နှစ်စဉ်ကျင်းပရာတွင် ၁၉၆၃ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ၁၆ ကြိမ် ပြုလုပ်ခဲ့သည်။ စာပေနှိုးနှောဖလှယ်ပွဲများတွင် စာတမ်းရှင်က စာတမ်းကို တင်ပြီးနောက် စာတမ်းအတွက် ဝေဖန်ဆွေးနွေး အကြံပြုလိုက စင်မြင့်ပေါ်သို့ တက်ရောက်၍ ပါဝင်ဆွေးနွေးခွင့် ရှိပြီး၊ စာတမ်းရှင်က မရှင်းလင်းသည့် အချက်များ၊ အကြံပေး

နှစ်အလိုက် စာပေနှိုးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲများ

၁၉၆၃	ခုနှစ်–	မြန်မာစာအုပ်လုပ်ငန်းနှိုးနှောဖလှယ်ပွဲ
၁၉၆၅	။	– ကလေးစာပေ နှိုးနှောဖလှယ်ပွဲ
၁၉၆၇	။	– သိပ္ပံစာပေ နှိုးနှောဖလှယ်ပွဲ
၁၉၆၈	။	– စာကြည့်တိုက်ပညာ နှိုးနှောဖလှယ်ပွဲ
၁၉၆၉	။	– ဘာသာပြန်စာပေ နှိုးနှောဖလှယ်ပွဲ
၁၉၇၀	။	– ပြဇာတ်နှင့်ပြဇာတ်စာပေ နှိုးနှောဖလှယ်ပွဲ
၁၉၇၁	။	– အတ္ထုပ္ပတ္တိစာပေ နှိုးနှောဖလှယ်ပွဲ
၁၉၇၂	။	– နိုင်ငံတကာ စာအုပ်နှစ် အထိမ်းအမှတ် စာတမ်းဖတ်ပွဲ
၁၉၇၃	။	– ကလေးလူငယ်စာပေ နှိုးနှောဖလှယ်ပွဲ
၁၉၇၅	။	– စာနယ်ဇင်းသမိုင်း စာတမ်းဖတ်ပွဲ
၁၉၇၇	။	– သုတစာပေ စာတမ်းဖတ်ပွဲ
၁၉၇၈	။	– ဝတ္ထုတို စာတမ်းဖတ်ပွဲ
၁၉၇၉ (မတ်လ)	။	– ခရီးသွားစာပေ စာတမ်းဖတ်ပွဲ
၁၉၇၉ (ဒီဇင်ဘာ)	။	– ဝတ္ထုရှည် စာတမ်းဖတ်ပွဲ
၁၉၈၀	။	– မြန်မာကဗျာစာတမ်းဖတ်ပွဲ
၁၉၈၁	။	– မြန်မာစကားပြေ စာတမ်းဖတ်ပွဲ

ချက်များကို ပြန်လည် ဖြေကြားသည်။ စာတမ်းဖတ်ပွဲများတွင်မူ စာတမ်းရှင်က စာတမ်းတင်ပြီးနောက် စာတမ်းအတွက် ဆွေးနွေးအကြံပြုလိုက ကိုယ်တိုင်ပါဝင် ဆွေးနွေးခွင့်မရှိပဲ အကြံပြုချက်များ မရှင်းလင်းသည့် အချက်များကို ရေးသားတင်ပြရပြီး စာတမ်းရှင်က တူညီသည့် ကဏ္ဍအလိုက်စုပေါင်း ဖြေကြားပေးသည်။

မြန်မာစကားပြေ စာတမ်းဖတ်ပွဲကို၊ ရန်ကုန်မြို့တော်ခန်းမတွင် ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်မှ ၂၃ ရက်အထိ အောင်မြင်စွာ ကျင်းပခဲ့သည်။ ယင်း စာတမ်းဖတ်ပွဲတွင် စာတမ်းလေးခု ဖတ်ကြားတင်သွင်းရာ၊ ဒီဇင်ဘာလ ၂၁ ရက်တွင် ရှေးခေတ် မြန်မာစကားပြေ စာတမ်းကို ဦးခင်အေး (မောင်ခင်မင် - ဓနုဖြူ) ကလည်းကောင်း၊ ဒီဇင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် ကိုလိုနီခေတ်မြန်မာစကားပြေ စာတမ်းကို ဦးထင်ဖတ် (မောင်ထင်)က လည်းကောင်း၊ ညနေပိုင်းတွင် စစ်ပြီးခေတ် မြန်မာစကားပြေစာတမ်းကို ဦးညီညီ (လင်းယုန်နီ) က လည်းကောင်း၊ ဒီဇင်ဘာလ ၂၃ ရက်တွင် မျက်မှောက်ခေတ် မြန်မာစကားပြေစာတမ်းကို ဒေါ်စိစိဝင်းကလည်းကောင်း ဖတ်ကြား တင်သွင်းခဲ့သည်။

၁၉၆၃ ခုနှစ်နှင့် ၁၉၆၅ ခုနှစ် စာပေနှိုးနှောဖလှယ်ပွဲ စာတမ်းများမှလွဲ၍ စာပေနှိုးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲများမှ စာတမ်းများကို စာပေဗိမာန်အဖွဲ့က စာအုပ်အဖြစ် ပုံနှိပ်ဖြန့်ချိလျက်ရှိရာ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ဝတ္ထုရှည်စာတမ်းအထိ၊ စာအုပ်အဖြစ် ပုံနှိပ်ပြီးစီး ခဲ့သည်။

စာပေဗိမာန် စာမူဆု (၁၉၈၀ ပြည့်နှစ်)။ ။၁၉၈၀ ပြည့်နှစ်အတွက် စာပေဗိမာန် စာမူဆုနှင်းပွဲကို ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကုန်သည်လမ်း၊ စာပေဗိမာန် ပြည်သူစာကြည့်တိုက်တွင် ကျင်းပသည်။

ယင်းစာမူဆုနှင်းပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စာပေဗိမာန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဌေး တက်ရောက်၍ မိန့်ခွန်းမြွက်ကြားခဲ့သည်။

စာပေဗိမာန် စာမူဆုများကို ၁၉၆၉ ခုနှစ်မှ စတင်၍ ချီးမြှင့်ခဲ့ရာ ၁၉၈၀ ပြည့်နှစ်တွင် ၁၂ နှစ်တာ ကာလသို့ ရောက်ရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ် စာမူဆုအတွက် တင်သွင်းခဲ့သော စာမူပေါင်းမှာ ၂၃၆ ခုဖြစ်၍ ၁၂ နှစ်အတွင်း ပြိုင်ပွဲဝင် စာမူအများဆုံးဝင်သောနှစ် ဖြစ်သည်။

၁၉၆၉ ခုနှစ် စာမူဆုမှ ၁၉၇၉ ခုနှစ် စာမူဆုအထိ နှစ်စဉ် ပထမဆု ၅၀၀ ကျပ်၊ ဒုတိယဆု ၃၀၀ ကျပ်၊ တတိယဆု ၂၀၀ ကျပ် အသီးသီး ချီးမြှင့်ခဲ့ရာမှ ၁၉၈၀ ပြည့်နှစ်အတွက် စာမူဆုမှစ၍ ပထမဆု ၅၀၀၀ ကျပ်၊ ဒုတိယဆု ၃၀၀၀ ကျပ်၊ တတိယဆု ၂၀၀၀ ကျပ် အသီးသီးတိုး၍ ချီးမြှင့်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ပြိုင်ပွဲဝင် ဘာသာရပ် ၁၁ မျိုးအနက် ဘာသာရပ် ကိုးမျိုးတွင် ဆု ဆွတ်ခူးနိုင်ခဲ့သည်။

စာပေဗိမာန် စာမူဆုအတွက် ရွေးချယ်ရာတွင် စာပေလုပ်သားတို့၏ အကြောင်းအမျိုးမျိုးကြောင့် စက်တင်ပုံနှိပ်ခြင်းမပြုနိုင်ခဲ့သည့် ကောင်းမွန် ပြောင်မြောက်သော စာမူများကို စာအုပ်အဖြစ် ထွက်ပေါ်လာစေရန်နှင့် ယင်းသို့ ထွက်ပေါ်လာသော စာအုပ်တို့ကို အမျိုးသားစာပေ

မြန်မာစကားပြေ စာတမ်းဖတ်ပွဲကို မြို့တော်ခန်းမတွင် စတင်ကျင်းပစဉ်





၁၉၈၀ ပြည့်နှစ် စာပေဗိမာန် စာမူဆုပေးပွဲသို့ ပြန် ကြား ရေး ဝန် ကြီး ဌာန ဒုတိယ ဝန် ကြီး၊ စာပေဗိမာန် အဖွဲ့ဥက္ကဋ္ဌ ဦး အောင် ဌေး တက် ရောက် အမှာစကား ပြော ကြား နေပုံ

ဆုအတွက် စဉ်းစားနိုင်ရန် ရည်သန်၍ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ စာပေနှင့်စာနယ်ဇင်းဆိုင်ရာ မူဝါဒခုနစ်ချက် နှင့် စာပေဆု စိစစ်ရေးဆိုင်ရာ မူဘောင်ချက်တို့နှင့် ချိန်ထိုး၍ စစ်ဆေးရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ဆုရွေးချယ်ရေး အဖွဲ့သည် အထက်ပါမူများနှင့်အညီ အကျေအလည် ဆွေးနွေးစဉ်းစားကာ ၁၉၈၀ ပြည့်နှစ်အတွက် အောက်ပါဆုများကို စာပေဗိမာန်စာမူဆုချီးမြှင့်ရန် တညီတညွတ်တည်းဆုံးဖြတ်ခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ် စာပေဗိမာန် စာမူဆုများ

ဝတ္ထုရှည်ဆု

ဒုတိယဆု – သံမဏိနှလုံးသား — **မောင်နွယ်မြင့် ရွှေသဥ္ဇာ**
တတိယဆု – နှင်းမှုန်

ဝတ္ထုတိုပေါင်းချုပ်ဆု

ပထမဆု – ဘဝတောင်တန်း — **ချစ်သက်ဦး**
တတိယဆု – သူလဲလေ — **မောင်ယဉ်လိုင်း (ပျဉ်းမပြိုင်)**
လောကီသားပေမို့

စာပဒေသာဆု

တတိယဆု – ပန်းမခင်းသော ဆူးနှင်းလမ်း — **ထွန်းထွန်း**

ဘာသာပြန်စာပေဆု

ပထမဆု – မြကမ္ဘလာ လူအာကျိုးဆောင်
သီးနှံများ — **ချစ်ဝင်းညွှန့်**

ကလေးစာပေဆု

ဒုတိယဆု – တောင်ငူလပ်ပန်းနီနီနှင့်
အခြားဝတ္ထုတိုများ — **ဖိုးစပယ်(ပညာရေး)**

တတိယဆု – ပအို့ဝ်သွေးချင်း
ညီနောင်ရင်း — **မောင်ခွန်နွယ် (အင်းလေး)**

လူငယ်စာပေဆု

ပထမဆု – တဒင်္ဂလေးများစွာ — **မောင်ညွှန့်လွင် ရွှေသဥ္ဇာ အင်းလေးသန္တာခင်**
ဒုတိယဆု – ငွေကြယ်ရွှန်းလက်
တတိယဆု – ချစ်သူနှစ်ဦး

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု

ဒုတိယဆု – မြန်မာ့ဓား — **မင်းယက္ခ**


သုတပဒေသာ (ဝိဇ္ဇာပညာရပ်)

ပထမဆု – ပြည်သူကို ပညာပေးသော
တံဆိပ်ခေါင်းများ — **ဘုတလင် သစ်နီ**

သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)

ဒုတိယဆု – အထူးအထွက်တိုး စပါးစိုက်ပျိုးရေး — **လွင်ဦး**

စောဒီထူး၊ ဦး၊ နိုင်ငံတော်ကောင်စီဝင် (ခရစ် ၁၉၀၀–၁၉၇၁)။ ။နိုင်ငံတော်ကောင်စီဝင် ဦးစောဒီထူးသည် ၁၉၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အဖ ဦးစောအပါး၊ အမိ ဒေါ်နော်ယူဘွဲ့တို့မှ ဖာပွန်မြို့နယ် ဖောဘကျေးရွာ၌ မွေးဖွားသည်။ ဖာပွန်မြို့နှင့် ရွှေကျင်မြို့တို့တွင် ပညာသင်ကြားခဲ့ရာ ဒသမတန်းအောင်မြင်ခဲ့သည်။



ဦးစောဒီထူး

ဦးစောဒီထူးသည် ၁၉၁၇ ခုနှစ် နိုဝင်ဘာလတွင် ၂/၇၀ ဘားအံရိုင်ဖယ်တပ်သို့ ဝင်ရောက်ခဲ့ပြီး ၁၉၂၆ ခုနှစ်တွင် ဗိုလ်အဆင့်သို့ ရာထူး တိုးမြှင့်ခံရသည်။

၁၉၄၈ ခုနှစ်တွင် ဒုတိယ ဗိုလ်မှူးကြီးအဆင့်သို့ ရာထူး တိုးမြှင့်ခံရပြီး အမှတ် (၃) ကရင်တပ်ရင်းတွင် တပ်ရင်းမှူး အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၅၉ ခုနှစ် နိုဝင်ဘာလတွင် ဗိုလ်မှူးကြီးအဆင့်ဖြင့် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

ဦးစောဒီထူးသည် ကရင်ပြည်နယ် သံတောင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်သူလွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး ၁၉၇၈ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေး ပထမနေ့တွင် နိုင်ငံတော်ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

နိုင်ငံတော်ကောင်စီဝင် ဦးစောဒီထူးသည် ၁၉၈၁ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့ ဝင်ဒါမီယာကရက်ဆင့် အမှတ် (၂၀) နေအိမ်၌ ကွယ်လွန်သည်။

စောလှထွန်း၊ ဒေါက်တာ (ခရစ် ၁၉၀၆–၁၉၈၁)။ ။ ဒေါက်တာ စောလှထွန်းသည် အမျိုးသားရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးတို့တွင် တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့သော ကရင်အမျိုးသား ဆရာဝန်တဦး ဖြစ်သည်။ ၁၉၀၆ ခုနှစ်



ဒေါက်တာ စောလှထွန်း

ဩဂုတ်လ ဂ ရက်နေ့တွင် အဖ ဦးညိမ်းမောင်၊ အမိ ဒေါ်ခါဦးတို့မှ မွေးဖွားသည်။ မွေးချင်း ရှစ်ယောက်အနက် တတိယမြောက် ဖြစ်သည်။ ငယ်စဉ်က မော်လမြိုင်မြို့တွင် ပညာစတင်သင်ကြားခဲ့သည်။

မော်လမြိုင် ဂျပ်ဆင်အထက်တန်းကျောင်းမှ ၁၀ တန်း အောင်မြင်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ရန်ကုန်ဆေးကျောင်းသို့ ရောက်ရှိခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ဆေးပညာဒီပလိုမာ ရရှိပြီး ဆရာဝန်ဖြစ်လာသည်။

ဒေါက်တာ စောလှထွန်းသည် ရွှေဘို၊ မြင်းခြံ၊ မြစ်ကြီးနား၊ သာယာဝတီ၊ သထုံ၊ ပဲခူး စသည့်မြို့များတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဂျပန်တော်လှန်ရေးကာလ၌ သထုံ၊ ဘားအံ၊ မော်လမြိုင်ဒေသတွင် ဖက်ဆစ်တော်လှန်ရေး အင်အားစုများနှင့် ပေါင်းစည်းမိသည်။ ကရင်အမျိုးသားတို့၏ ခေါင်းဆောင်များအနက် တဦးအပါအဝင် ဖြစ်လာသည်။ ဂျပန်ကင်ပေတိုင်များ၏ ဖမ်းဆီးမှုကိုခံရသော်လည်း အသက်မသေပဲ ပြန်လွတ်လာသည်။

တဖန် ၁၉၄၈ ခုနှစ်တွင် မော်လမြိုင်မြို့ကို ကေအင်ဒီအို များ တိုက်ခိုက်ခဲ့စဉ်က ဒေါက်တာ စော လှ ထွန်း လည်း ဖမ်းဆီးခံခဲ့ရပြီး အခက်အခဲများကြားမှ ပြန်လည် လွတ်မြောက်ခဲ့သည်။

နောက်ဆုံးတွင် အနှစ် ၂၀ နီးပါးထမ်းဆောင်ခဲ့သော ဆရာဝန်ဘဝနှင့် အခွင့်အရေးများကိုစွန့်လွှတ်ပြီး အမျိုးသားရေးနှင့် နိုင်ငံ့အရေးဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

ဒေါက်တာစောလှထွန်း ဝင်ရောက်ခဲ့သော ကရင်အမျိုးသားကမ္ပဝအစည်းသည် ကရင်ပြည်နယ်ဒေသကို အခြေခံပွဲစည်းထားသော ယူကေအိုခေါ် ပြည်ထောင်စုကရင်အမျိုး

သားအဖွဲ့ဖြစ်သည်။ ယူကေအိုအဖွဲ့၏ စည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၁–၅၂ ခုနှစ် အထွေထွေ ရွေး ကောက် ပွဲတွင် ကြာအင်း မဲဆန္ဒနယ်၏ ပါလီမန် လွှတ်တော်အမတ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံခဲ့ရသည်။ ထို့နောက် အစိုးရ အဖွဲ့ဝင် ဝန်ကြီးနှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့ ဥက္ကဋ္ဌ ဖြစ်လာသည်။

၁၉၅၆ ခုနှစ် အထွေထွေ ရွေး ကောက် ပွဲ တွင်လည်း ကြာအင်းမဲဆန္ဒနယ်မှပင် လွှတ်တော်အမတ်အဖြစ် ပြန်လည် ရွေးချယ်ခံရသည်။ ၁၉၅၆ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် အစိုးရအဖွဲ့သစ်ဖွဲ့စည်းသောအခါ ဒေါက်တာ စောလှထွန်း သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့ ဥက္ကဋ္ဌအဖြစ် ပြန်လည်အရွေးခံရသည်။

၁၉၅၈ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရ တက်လာသောအခါတွင်လည်း ဒေါက်တာ စောလှထွန်း သည် ကရင်ပြည်နယ် ဦးစီးအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆက်လက် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေး ကောင်စီ တက်လာပြီးနောက် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲအတည်ပြုသည့်ကာလအထိ ကရင်ပြည်နယ် ဦးစီးဥက္ကဋ္ဌတာဝန်ကို ဆက်လက်ဆောင်ရွက်သည်။

ဒေါက်တာ စောလှထွန်းသည် ကရင် တိုင်းရင်းသား ယဉ်ကျေးမှုဖော်ထုတ်ရေး ကော်မတီတွင်လည်း အဖွဲ့ဥက္ကဋ္ဌ အဖြစ် တာဝန်ယူ ဆောင်ရွက်ပြီး ကရင်ပြည်နယ်၌ ဗုဒ္ဓ သာသနာ ပြန့်ပွားရေး လုပ်ငန်း များကိုလည်း လုပ် ဆောင် ခဲ့သည်။

ဒေါက်တာစောလှထွန်းသည် နိုင်ငံတော်မှချီးမြှင့်သော နိုင်ငံ့ဂုဏ်ရည် ပထမဆင့်ကို ရရှိခဲ့သည်။

ဒေါက်တာ စောလှထွန်းသည် ၁၉၈၁ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့ အသက် ၇၅ နှစ်အရွယ်တွင် ကွယ်လွန်သည်။

စက္ကူရုပ်ချိုးပညာ (အော်ရိဂါမီ)။ ။အော်ရိဂါမီ ဟူသော ဝေါဟာရသည် ဂျပန်စကားဖြစ်၍ စက္ကူခေါက် ခြင်း၊ စက္ကူချိုးခြင်းဟု အဓိပ္ပာယ်ရသည်။ ဂျပန်လူမျိုးတို့ သည် အော်ရိဂါမီပညာရပ်ကို နိုင်ငံ၏ ယဉ်ကျေးမှုတွင် အရေးပါအရာရောက်၍ မရှိမဖြစ်သော အခန်းကဏ္ဍတရပ် အဖြစ် သဘောထားကြသည်။ ကျော်ကြားသော ဂျပန် လူမျိုး အော်ရိဂါမီပညာရှင်များအနက် အကီရာယိုရှိဇဝါနှင့် အိုကီမာဆာအူချီယာမာ တို့သည် အထူး ထင် ရှားသည်။

ယခုအခါတွင် ကလေး၊ လူငယ်များသာမက လူကြီး များပင် စက္ကူဖြင့် အရုပ်ချိုးခြင်းကို စိတ်ပါဝင်စားလာကြ သည်။


အရုပ်ချိုး လက်မှုပညာကို ဂျပန်နိုင်ငံ၏ ဟီယန်ခေတ် (ခရစ် ၇၈၂ - ၁၁၈၅) အတွင်းက အစောဆုံး တွေ့ရှိရ သဖြင့် အရုပ်ချိုးအလေ့အထများသည် လွန်ခဲ့သောနှစ် ၁၀၀၀ ခန့်ကပင် ထွန်းကားနေခဲ့သည်ဟု ယူဆနိုင်သည်။ ဟီယန်ခေတ်နောက်ပိုင်းနှင့် အီဒို ခေတ် အ လယ် ပိုင်း တွင် စက္ကူခေါက်ပညာရပ်များ ထွန်းကားခဲ့သည့် အထောက် အထားများကို တွေ့ရသည်။

အရှေ့တိုင်းတွင်သာမက အနောက်နိုင်ငံများတွင်လည်း စိတ်ပါဝင်စားသူများ တဖြည်းဖြည်း တိုးတက်များပြား လျက် ရှိသည်။ စပိန်နှင့် အာဂျင်တီးနား နိုင်ငံများတွင် ထင်ရှားသော အော်ရိဂါမီ ပညာရှင်များ ပေါ်ထွန်းခဲ့လေ သည်။ ယင်းတို့အနက် ဗစ်ဆန်တီဂိုလောဇာနို၊ လစ်ဂါမွန်တို ယာ၊ ဒေါက်တာ မွန်တေးရိုးတို့သည် အော်ရိဂါမီ ဝါသနာ အိုးများအတွက် မမေ့နိုင်သောအမည်များ ဖြစ်သည်။

အလားတူပင် အင်္ဂလန်နိုင်ငံနှင့် အမေရိကန်နိုင်ငံများ တွင်လည်း အရုပ်ချိုးနည်းသစ်များ၊ ရုပ်ပုံအသစ်အဆန်း များကို တီထွင်နိုင်ခဲ့ကြသည်။

အင်္ဂလန်နိုင်ငံမှ ထင်ရှားသော စက္ကူရုပ်ချိုးပညာရှင် များမှာ အီရစ်ကင်ဝေ၊ အိုက်ရစ်ဝေါကားနှင့် အောက်စဖို့ဒ် တက္ကသိုလ်မှ လူငယ်နှစ်ဦးဖြစ်သော ကရီဗွာဟက်ချက်နှင့် တင်ဝဒ်တို့ဖြစ်ကြသည်။ ယခုအခါ အင်္ဂလန်နိုင်ငံ ဘာမင် ဂန်မြို့တွင် အော်ရိဂါမီအသင်း တသင်းကို ဖွဲ့စည်းထားရှိ သည်။

နယူးယောက်မှ မ စ္စ လီ လီ ယန် အိုပင်ဟိန်းမားသည် အော်ရိဂါမီကို လူအများစိတ်ဝင်စားလာအောင် ကြိုးပမ်း



စက္ကူရုပ်ချိုးပညာဖြင့် အာလာဒင်မီးခွက်
စက္ကူရုပ်ကို ဖြူလုပ်ထားပုံ


ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ အိုပင်ဟိန်းမားသည် နယူးယောက်မြို့တွင် အော်ဂိုဂါမီသင်တန်းဖွင့်ထားသည်။ အော်ရိဂါမီပညာရပ်နှင့်ဆိုင်သော စာအုပ်တအုပ်ကိုလည်း ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

အရုပ်ချိုးစက္က။ဖြင့် လက်တွေ့မလုပ်ကိုင်မီ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များရှိသည်။

အော်ရိဂါမီသည် လက်ဖြင့်ခေါက်၍ ချိုး၍ ပြုလုပ်ရသော လက်မှုပညာဖြစ်သော်လည်း အတွေးအခေါ်စိတ်ကူးစိတ်သန်းလိုသည်။ ကျမ်းကျင်သူတဦး ပြုလုပ်သွားသည်ကို အမြန်မှတ်သားနိုင်စေရန် မျက်စိနှင့် ဦးနှောက် အလေ့အကျင့် လုပ်ထားရသည်။ တခါတရံတွင် စက္က။ရုပ်ချိုးခြင်းသည် စစ်တုရင်ကစားသကဲ့သို့ အတွေးအခေါ်ပါသည်။ ပုံသေကားကျ မှတ်သားထားခြင်းသည် မစွဲမြဲချေ။ စာအုပ်ကြည့်နေခိုက်သာ မှတ်မိနိုင်မည်ဖြစ်သည်။

စက္က။အရုပ်ချိုးခြင်းကို· ဝါသနာပါလာသောအခါ အခက်အခဲများတွေ့တိုင်း စိတ်ရှည်ရှည် ငဲ့ရှိရှိနှင့်ပြီးမြောက်သည်အထိ ပြုလုပ်လိုစိတ်၊ အလုပ်တခုကို မဖြစ်မနေ လုပ်လိုစိတ် ဖွံ့ဖြိုးတိုးတက်လာသည်။ တစုံတရာကို အချိန်တိုတို အတွင်း စူးစိုက်နိုင်မှု အလေ့အကျင့်များ ရရှိလာသည်။ အချိန်ကို အလဟဿဖြုန်းတီးသော အလေ့အထများ ပပျောက်စေနိုင်သည်။

မီးလောင်၍ဖြစ်စေ၊ အခြားထိခိုက်ဒဏ်ရာကြောင့် ဖြစ်စေ၊ ရောဂါတမျိုးမျိုးကြောင့်ဖြစ်စေ၊ လက်ချောင်းများ မသန်မစွမ်း ဖြစ်နေသူများအား ပုံမှန် လှုပ်ရှား နိုင်ရန် အဘွက် စက္က။ရုပ်ချိုးခြင်းအလုပ်ကို ပေးထားခြင်းဖြင့် ဒေလ့ကျင့်ပေးနိုင်လေသည်။



အကျယ်အဝန်း။	။၃,၅၃၂ စတုရန်းမိုင်
လူဦးရေ။	။၆,၃၀,၀၀၀
မြို့တော်။	။နီကိုရှားမြို့

စိုက်ပရပ်သမ္မတနိုင်ငံ။ ။စိုက်ပရပ် သမ္မတ နိုင်ငံသည် မြေထဲပင်လယ်အတွင်း၌ တည်ရှိသော ကျွန်းနိုင်ငံတခု ဖြစ်သည်။


ဂရိ၊ တူရကီ နှင့် ဗြိတိသျှ လက်အောက်သို့ အဆင့်ဆင့် ကျရောက် ခဲ့ရသော စိုက်ပရပ်နိုင်ငံသည် ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၁၆ ရက် နေ့တွင် လွတ်လပ်ရေး ရရှိ ခဲ့သည်။ အထက်ပါ သုံးနိုင်ငံ၏ သဘောတူညီချက်အရ သမ္မတအဖြစ် ဂရိ နွယ်ဖွား အမျိုးသား ခေါင်းဆောင် ဘုန်း တော်ကြီး မာကာရီယို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

၁၉၇၄ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ဂရိ အစုရှိများ ဦးဆောင်သော စိုက်ပရပ်အမျိုးသား ကာကွယ်ရေးတပ်က သမ္မတ မာကာရီယို့ ထံမှ အာဏာ သိမ်းယူ လိုက် သဖြင့် မာကာရီယို့သည် နိုင်ငံမှ ထွက်ပြေးတိမ်းရှောင် ခဲ့ရသည်။ အာဏာသိမ်းသူများသည် ရွေးနေ နီကိုလပ် ဆင်ပဆင် အား သမ္မတအဖြစ် တင်မြှောက်ခဲ့ကြသည်။ သို့သော် မကြာမီပင် တူရကီ နွယ်ဖွားနှင့် ဂရိ နွယ်ဖွား တို့ အချင်းချင်း တိုက်ခိုက် ကြပြန်သည်။ ၁၉၇၄ ခု ဇူလိုင်လ ၂၄ ရက် နေ့တွင် ဂရိအစိုးရအဖွဲ့သစ်က ဘုန်းတော်ကြီး မာကာရီယို့ အား စိုက်ပရပ် နိုင်ငံ၏ တရားဝင် သမ္မတအဖြစ် အသိအမှတ် ပြုကြောင်း ကြေငြာသည်။ သို့သော် တူရကီ နွယ်ဖွား စိုက်ပရပ် အမျိုးသားများကလည်း ၁၉၇၅ ခုနှစ် ဇွန်လ ဂ ရက်နေ့တွင် တူရကီနွယ်ဖွား စိုက်ပရပ်အမျိုးသား ကိုယ်ပိုင် အုပ်ချုပ်ရေးကို ထူထောင် လိုက်ကြ သည်။ ၁၉၇၇ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ဘုန်းတော်ကြီး မာကာရီယို့ ကွယ်လွန်သွားသဖြင့် ထိုလ ၃၁ ရက်နေ့တွင် စပိုင်ရှိ ကီပရီယာနောက သမ္မတဖြစ်လာသည်။

၁၉၈၁ ခုနှစ် ဇွန်လအတွင်းက ပြုလုပ်သော ရွေးကောက်ပွဲတွင် အကဲပါတီက မဲဆန္ဒ ၃၂ ဒသမ ဂ ရာခိုင်နှုန်း၊ တကြိမ်က ယာယီသမ္မတဖြစ်ခဲ့ဖူးသူ ကလဲရီဒက်၏ပါတီက မဲဆန္ဒ ၃၁ ဒသမ ၉ ရာခိုင်နှုန်း ရရှိကာ လက်ရှိသမ္မတ ကီပရီယာနော၏ ဒီမိုကရက်တစ်ပါတီမှာ တတိယနေရာတွင်ရှိခဲ့သည်။ သို့သော် ဒီမိုကရက်တစ်ပါတီမှ ကျော့ လာဒါကပင် သမ္မတအဖြစ် အရွေးခံခဲ့ရသည်။

စိုက်ပရပ်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂ ရာခိုင်နှုန်းမျှသာဖြစ်၍ တဦးချင်း ဝင်ငွေသည်လည်း ဆယ်နှစ်တာကာလ အတွင်း နှစ်ဆ ဖြစ်လာခဲ့သည်။ ငွေကြေးပေါင်းပွမှု ပမာဏမှာ ၁၃ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်သည်။

စင်ကာပူသမ္မတနိုင်ငံ။ ။စင်ကာပူ သမ္မတနိုင်ငံသည် အရှေ့တောင်အာရှတွင်ရှိ၍ မြောက်ဘက်တွင် မလေးရှား နိုင်ငံနှင့်ထိုင်းနိုင်ငံ၊ အရှေ့ဘက်တွင် ဆာဘားနှင့်ဆာရာဝက်၊ တောင်ဘက်တွင် အင်ဒိုနီးရှားနိုင်ငံတို့ ဝန်းရံတည်ရှိသည်။ မြို့တော်မှာ စင်ကာပူမြို့ ဖြစ်သည်။



အကျယ်အဝန်း။	။၂၃၀ စတုရန်းမိုင်
လူဦးရေ။	။၂၄,၀၀,၀၀၀ ခန့်
မြို့တော်။	။စင်ကာပူမြို့

စင်ကာပူမြို့သည် အရှေ့တောင်အာရှတွင် အကြီးဆုံး ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ပြီး ကမ္ဘာပေါ်တွင် စတုတ္ထ အကြီးဆုံး ဆိပ်ကမ်းမြို့ ဖြစ်သည်။

စင်ကာပူနိုင်ငံရှိ လူဦးရေ၏ ၇၆ ရာခိုင်နှုန်းသည် တရုတ် အမျိုးသားများ ဖြစ်သည်။ ၁၅ ရာခိုင်နှုန်းသည် မလေးလူမျိုးများဖြစ်သည်။ ၇ ရာခိုင်နှုန်းသည် အိန္ဒိယအမျိုးသားများဖြစ်သည်။

ရုံးသုံးဘာသာစကားအဖြစ် အင်္ဂလိပ်ဘာသာ၊ မလေးရှား ဘာသာ၊ တမီလ် ဘာသာနှင့် တရုတ်ဘာသာ စကားများကို သုံးစွဲသည်။


ရေနံ တူး ဖော် ချက် လုပ် ခြင်း လုပ်ငန်း၊ သဘော်ဘာတည်ဆောက်ခြင်းလုပ်ငန်း၊ရာဘာလုပ်ငန်း၊လျှပ်စစ်လုပ်ငန်းစသော အသေးစား စက်မှုလုပ်ငန်းများကို လုပ်ကိုင်သည်။ နိုင်ငံခြားသို့ အဓိကပို့ကုန်အဖြစ် လျှပ်စစ်နှင့် ဆိုင်သော စက်ပစ္စည်းများ၊ လျှပ်စစ် လူသုံးကုန်ပစ္စည်းများ တင်ပို့သည်။ နိုင်ငံခြားမှ ဆန်စပါး၊ စက်ပစ္စည်းများနှင့် ရေနံကို ဝယ်ယူတင်သွင်းသည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သမ္မတသည် နိုင်ငံ၏ အကြီးအကဲဖြစ်သည်။ ဝန်ကြီးချုပ်က အစိုးရအဖွဲ့ကို ဦးဆောင်ပြီး ပါလီမန်ဒီမိုကရေစီ စနစ်ဖြင့် အုပ်ချုပ်သည်။ သမ္မတရာထူးကို လေးနှစ်တကြိမ် ရွေးကောက်တင်မြှောက်သည်။

ပါလီမန်ကို ဝန်ကြီးချုပ် လီကွမ်းယူ ဦးဆောင်သော ပြည်သူ့လှုပ်ရှားမှုပါတီ (ပီအေပီ)က ၁၉၅၉ ခုနှစ်မှစတင်၍ လွှမ်းမိုးလာခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကျင်းပသော ရွေးချယ်တင်မြှောက်ပွဲတွင် ပီအေပီက ပါလီမန် ကိုယ်စားလှယ် ၇၅ နေရာစလုံးကို ထောက်ခံမဲ ၇၅ ဒသမ ၅၅ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့ပြန်သည်။ သို့သော် ၁၉၈၁ ခုနှစ် အောက်တိုဘာလတွင် သမ္မတရွေးကောက်ပွဲအပြီး၌ ကျင်းပသောကြားဖြတ်ပါလီမန်ရွေးကောက်ပွဲတွင်မူ အလုပ်သမားပါတီ၏ အထွေထွေအတွင်းရေးမှူးချုပ် ဂျေယာရက် တနမ်က ပီအေပီ၏ ကိုယ်စားလှယ်လောင်းကို အနိုင်ရခဲ့သဖြင့် ပါလီမန်တွင် ၁၉၆၈ ခုနှစ်မှ အစပြု၍ မရှိဖူးသေးသော အတိုက်အခံပါလီမန် အမတ်ရှိလာသည်။

စစ်ကိုင်းတိုင်း။ ။စစ်ကိုင်းတိုင်းသည် မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းတွင်တည်ရှိသည်။အနောက်ဘက်တွင် ချင်းပြည်နယ်၊ အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့ဘက်တွင် ရှမ်းပြည်နယ်၊ တောင်ဘက်တွင် မကွေးတိုင်း၊ မန္တလေးတိုင်းတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ စစ်ကိုင်းတိုင်းသည် ဧရိယာအားဖြင့် ၃၆,၅၃၄ စတုရန်းမိုင် ကျယ်ဝန်းသဖြင့် မြန်မာနိုင်ငံရှိ တိုင်းများအနက် အကျယ်ဝန်းဆုံး တိုင်းဖြစ်သည်။ ကနီ၊ ကလေး၊ ကလေးဝ၊ ကသာ၊ ကောလင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ ခင်ဦး၊ ချောင်းဦး၊ ခန္တီး၊ ငါန်းဇွန်၊ စစ်ကိုင်း၊ ဆားလင်းကြီး၊ တမူး၊ တန့်ဆည်၊ ထီးချိုင့်၊ ဒီပဲယင်း၊ နန်းယွန်း၊ ပုလဲ၊ ပင်လယ်ဘူး၊ ဖောင်းပြင်၊ ဗန်းမောက်၊ ဘုတလင်၊ မုံရွာ၊ မင်းကင်း၊ မြင်းမူ၊ မြောင်၊ မော်လိုက်၊ ယင်းမာပင်၊ ရေဦး၊ ရွှေဘို၊ လဟယ်၊ လေရှီး၊ ဝက်လက်၊ ဝန်းသို၊ ဟုမ္မလင်း၊ အရာတော်၊ အင်းတော် ဟူသော မြို့နယ် ၃၈ မြို့နယ်နှင့် ရပ်ကွက် ကျေးရွာအုပ်စုပေါင်း ၁၉၈၁ ခုတို့ဖြင့် ဖွဲ့စည်းထားသည်။ စစ်ကိုင်းတိုင်းတွင် မြန်မာ၊ ကချင်၊ ချင်း၊ နာဂ၊ ရှမ်း စသော တိုင်းရင်းသားလူမျိုးများ နေထိုင်ကြသည်။

စုစုပေါင်းလူဦးရေ ၃၅,၆၄,၈၄၀ ဦးခန့်ရှိပြီး မဲဆန္ဒပေးပိုင်ခွင့်ရှိသူဦးရေသည် ၁၉,၀၄,၁၇၅ ဦးဖြစ်သည်။ စစ်ကိုင်းတိုင်းမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၅၃ ဦး၊ တိုင်းအဆင့် ၈၆ ဦး၊ မြို့နယ်အဆင့် ၂,၆၁၂ ဦးနှင့် ရပ်ကွက် ကျေးရွာအုပ်စုအဆင့် ၁၈,၉၁၅ ဦးတို့ကို ပြည်သူကိုယ်စား



လယ်များအဖြစ် ရွေးချယ်တင်မြှောက်ထားသည်။ တိုင်းမြို့တော်သည် စစ်ကိုင်းမြို့ဖြစ်သည်။

စစ်ကိုင်းတိုင်းသည် စိုက်ပျိုးရေးကို အဓိက ထားသော တိုင်းဖြစ်သည်။ စပါး၊ ဂျုံ၊ ပြောင်းဖူးစေ့၊ နှံစားပြောင်း၊ မြေပဲ၊ နှမ်း၊ ဝါ၊ ပဲမျိုးစုံနှင့် မြန်မာဆေး၊ ဗာဂျီးနီးယားဆေးကွိကို စိုက်ပျိုးသည်။ တနိုင်ငံလုံးတွင် ဂျုံနှင့် ပဲမျိုးစုံ အထွက်ဆုံး တိုင်းတတိုင်းဖြစ်သည်။ တိုင်းအတွင်း စိုက်ပျိုးရေးအတွက် ရေပူလုံစွာရရှိစေရန် ဆောင်ရွက်လျက်ရှိရာ ရွှေဘိုမြို့နယ်ရှိ ကာဘိုးဆည်ကြီးသည် ဆည်ရေသောက်လယ်မြေကေ ၅၀,၀၀၀ ကျော်အတွက် အားထားရသော ဆည်ကြီး ဖြစ်ပေသည်။ စစ်ကိုင်းတိုင်းအတွင်း အပူပိုင်းဒေသကျေးရွာ ရေရရှိရေး လုပ်ငန်းကိုလည်း အကောင်အထည် ဖော်ခဲ့ရာ ၁၉၇၉-၈၀ ပြည့်နှစ်တွင် စက်ရေတွင်း ပေါင်း ၁၂၅ တွင်း တူးဖော်နိုင်ခဲ့သည်။ ထို့ကြောင့် ၁၉၈၀-၈၁ ခုနှစ်တွင် စစ်ကိုင်းတိုင်းအတွင်း စိုက်ပျိုးမြေကေပေါင်း ၃ ဒသမ ၈ သန်းကျော်ရှိလာသည့်အထိ တိုးချဲ့လာနိုင်ခဲ့သည်။

စစ်ကိုင်းတိုင်းအတွင်း၌ အပိုးတန် ကျွန်းသစ်တောကြီးများရှိသဖြင့် သစ်ထုတ်လုပ်ရေး လုပ်ငန်းသည်လည်း စစ်ကိုင်းတိုင်း၏ အဓိက လုပ်ငန်းကြီးတရပ် ဖြစ်သည်။ သစ်လုပ်ငန်း ကော်ပိုရေးရှင်းမှ အာရှဖွံ့ဖြိုးရေးဘဏ် အကူအညီဖြင့် ဆောင်ရွက်ခဲ့သော စစ်ကိုင်းတိုင်း သစ်လုပ်ငန်း စီမံကိန်းမှာ ၁၉၇၉-၈၀ ပြည့်နှစ်တွင် ပင်မလုပ်ငန်းများ ပြီးစီးသွားခဲ့ရာ ၁၉၈၀-၈၁ ခုနှစ်တွင် ကျွန်းသစ်ကုဗတန် ၆၀၀၀ နှင့် သစ်မာကုဗတန် ၁ ဒသမ ၃ သိန်း ထုတ်လုပ်နိုင်ခဲ့သည်။

တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ ဆိလုပ်ငန်း၊ ဆားလုပ်ငန်း၊ အိုးလုပ်ငန်း၊ ထန်းလျက်လုပ်ငန်း၊ သင်ဖျာလုပ်ငန်း၊ အင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ စစ်ကိုင်းမြို့အနီးရွာထောင်ရွာမှ ငွေထည်လုပ်ငန်းသည်လည်း ကျော်ကြားသည်။ ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ဆားလင်းကြီးမြို့နယ်ရှိ စယ်တောင်နှင့် ကြေးစင်တောင်များ၌ အမှတ် ၁ ကြေးနီစီမံကိန်းကို အကောင်အထည်ဖော်လျက် ရှိသည်။ စစ်ကိုင်းတိုင်းအတွင်း တည်ဆောက်ဆဲ စက်ရုံ အလုပ်ရုံများ အပါအဝင် ပြည်သူပိုင် စက်ရုံအလုပ်ရုံပေါင်း ၂၂၇ ရုံရှိရာ ချည်မျှင်နှင့် အထည်စက်၊ မီးရထားစက်ခေါင်းပြင် စက်ရုံကြီးများ ပါဝင်သည်။

စစ်ကိုင်းတိုင်းအတွင်း ဒေသဆိုင်ရာ ပညာရေးတိုးတက်ဖွံ့ဖြိုးမှုကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ၁၉၈၀-၈၁ ခုနှစ်တွင် တိုင်းအတွင်း မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အခြေခံပညာ အဆင့်မြင့်တန်းကျောင်း စုစုပေါင်း ၂,၅၆၁ ကျောင်းအထိ ရှိလာပြီး အသက်မွေးဝမ်းကျောင်း သိပ္ပံကျောင်း၊ ကောလိပ်ကျောင်းများနှင့် တိုင်းရင်းသား ဖွံ့ဖြိုးရေး သိပ္ပံကျောင်းတို့ကိုလည်း ဖွင့်လှစ်ထားရှိသည်။

ဒေသဆိုင်ရာကျန်းမာရေးတိုးတက်ဖွံ့ဖြိုးမှုအတွက်လည်း ၁၉၈၀-၈၁ ခုနှစ်တွင် ဆေးရုံ ၂၃ ရုံနှင့် ဆေးပေးခန်း ၂၂၃ ခန်းအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

စံပြလုပ်သားစီမံကိန်း။ ။ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သည် ၁၉၆၄ ခုနှစ် ပြည်သူအလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ ၃၊ (ဂ) နှင့် (ဃ) တို့ကို ရည်ညွှန်းလျက် စံပြလုပ်သားစီမံကိန်းကို ၁၉၆၄–၆၅ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ခဲ့သည်။ ဤကဲ့သို့အကောင်အထည် ဖော်ခဲ့သည်မှာ ဆိုရှယ်လစ်လုပ်သားကောင်းများ ပေါ်ထွက်လာရေးသာမက ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် အလုပ်သမားများ၏ ဘဝသာယာပြောင်ပြူးရေးကိုပါ အဓိကရည်ရွယ်ချက်ထားပြီး ဤစီမံကိန်းကြီးကို အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်လေသည်။

စံပြလုပ်သားများကို ရွေးချယ်ထုတ်ရာ၌ သတ်မှတ်ထားသည့် အရည်အချင်း 'စံ' ကိုးချက်နှင့် အကဲဖြတ်

ချိန်ထိုး၍ ရွေးချယ်ခြင်းဖြစ်သည်။ ယင်း 'စံ' ကိုးချက်မှာ–

၁။ အထူးကြိုးစားသော အလုပ်သမားဖြစ်ခြင်း၊

၂။ အလုပ်သမားအများစုက ယုံကြည်လေးစားရသူ ဖြစ်ခြင်း၊

၃။ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် အများဆုံး ကြိုးပမ်းသူဖြစ်ခြင်း၊

၄။ အဖွဲ့လိုက် ဆောင်ရွက်သူဖြစ်ခြင်း၊

၅။ ဆက်ဆံမှု ပြေပြစ်သူဖြစ်ခြင်း၊

၆။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ခြင်း၊

၇။ ရက်ပျက်အနည်းဆုံးရှိသူ ဖြစ်ခြင်း၊

၈။ စည်းကမ်းကို ရိုသေလိုက်နာသူဖြစ်ခြင်းနှင့်

၉။ လုပ်အားပေးနာရီကို အလုပ်ခွင်စည်းကမ်းဘောင် အတွင်းမှ အများဆုံးပေးနိုင်သူ ဖြစ်ခြင်းတို့ ဖြစ်သည်။

ယင်းစီမံကိန်းကို ၁၉၆၄–၆၅ ခုနှစ်မှ စတင်အကောင်အထည် ဖော်ခဲ့ခြင်းဖြစ်ရာ ၁၉၈၀–၈၁ ခုနှစ်တွင် ၁၇ ကြိမ်တိတိ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ယခုနှစ်တွင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနပေါင်း ၃၄၇ ခုမှ အလုပ်သမားပေါင်း ၁,၉၇,၈၆၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ၎င်းတို့အနက်မှ ရွေးချယ်ခြင်းခံရသည့် စံပြလုပ်သားများမှာ ဆိုရှယ်လစ် လုပ်သားကောင်း ပထမဆင့် စံပြလုပ်သား ၅၀ ဦး၊ ဒုတိယဆင့် စံပြလုပ်သား ၁၂၆ ဦးနှင့် တတိယဆင့် စံပြလုပ်သား ၃၆၇ ဦး၊ စုစုပေါင်း ၅၄၃ ဦး ဖြစ်သည်။ ၁၉၇၉–၈၀ ခုနှစ်ကထက် စံပြလုပ်သား ၁၁ ဦး ပိုမိုရွေးချယ်ခံခဲ့ရသည်။

၁၉၈၀–၈၁ ခုနှစ်အတွက် ရွေးချယ်ခဲ့သော ဆိုရှယ်လစ် လုပ်သားကောင်းနှင့် စံပြလုပ်သား ၅၄၃ ဦးတို့ကို မွန်ပြည်နယ် ရာမညစက်စဲ့ အပန်းဖြေစခန်းနှင့် ရှမ်းပြည်နယ် အင်းလေးခေါင်တိုင် အပန်းဖြေစခန်းများ၌ အနားယူ အပန်းဖြေနိုင်ရန် အလုပ်သမားဝန်ကြီးဌာနမှ ရွေးချယ် စီစဉ်ခဲ့သည်။

စံဝင်း၊ ဦး (မြန်မာ ၁၂၆၆–၁၃၄၂)။ ။ပန်းချီဆရာကြီး ဦးစံဝင်းသည် မြန်မာသက္ကရာဇ် ၁၂၆၆ ခုနှစ် တပေါင်းလဆုတ် ၂ ရက်တွင် ကျိုက္ခမီမြို့၌ အဖ ဦးဖိုးမောင်နှင့် အမိ ဒေါ်သွန်းမေတို့မှ မွေးဖွားသည်။ အသက် ၁၃ နှစ်သားအရွယ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး၊ အစိုးရ ဟိုက်စကူး ကျောင်းကြီးတွင် ဆက်လက် ပညာသင်ကြားခဲ့သည်။

ပန်းချီပညာရှင်တဦးဖြစ်သော ယူနီဘာစိတီကောလိပ်၊ ရူပဗေဒပါမောက္ခ မစ္စတာအမ်ဝပ်နှင့် တွေ့ဆုံသည်။ မောင်စံဝင်း ရေးဆွဲသော လက်ရာများ တွေ့ရှိပြီး ခဲတန်ဖြင့် ရေးနည်း၊ ပယ်စတယ် ဆေးတောင့် ရောင်စုံဖြင့် ရေးဆွဲနည်းများကို သင်ပေးသည်။ ရေဆေးရေးဆွဲနည်းကို တန္နစ်ခန့်၊ ဆီဆေးရေးဆွဲနည်းကို နောက်နှစ်နှစ်ခန့် သင်ပေးသည်။ မောင်စံဝင်းသည် ဟိုက်စကူး ဖိုင်နယ်ခေါ် ဆယ်တန်းစာမေးပွဲ အောင်မြင်သော နှစ်၌ပင် ပါမောက္ခ မစ္စတာဝပ် အနိစ္စရောက်လေသည်။

မောင်စံဝင်းသည် ယူနီဘာစတီကောလိပ်တွင် ဆက်လက် ပညာသင်ကြားစဉ် ကောလိပ်ပန်းချီအသင်း၌ ပါဝင်လှုပ်ရှားရုံမျှမက တင်းနစ်ကစားရာ၌လည်းထူးချွန်သည်။

၁၉၃၃ ခုနှစ်တွင် ရန်ကုန်မြို့ ယူနီဘာစိတီ ဆရာအတတ်သင်ကောလိပ် (ယခု ပညာရေးတက္ကသိုလ်) တွင် အထက်တန်း ပန်းချီဆရာအဖြစ် စ၍အမှုထမ်းသည်။ နောက်နှစ်တွင် ပန်းချီပညာအုပ်အဖြစ် ပြောင်းရွှေ့ လုပ်ကိုင်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ပထမဦးဆုံးဖွင့်လှစ်သော အစိုးရပန်းချီနှင့် တူရိယာ ပညာသင်ကျောင်း၌ ကျောင်းအုပ်ချုပ်ရေးကိုပါ တဲ့ဖက်လုပ်ကိုင်သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၄ ခုနှစ်တွင် ဟယ်လပင်လမ်းရှိ နိုင်ငံတော် ပန်းချီသိပ္ပံ၌ ကထိကအဖြစ်ဖြင့် ပန်းချီ ဦးဘကြည်နှင့် တဲ့ဖက်လုပ်ကိုင်ခဲ့သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်၌ လန်ဒန်မြို့ရှိ ဂိုးစမစ်ကောလိပ်တွင် ပန်းချီပညာ နှစ်နှစ် ဆည်းပူးခွင့်ရသည်။ ထိုစဉ်က ပန်းချီ ပညာတော်သင်များ ဖြစ်သော ဦးဘကြည်၊ ဦးခင်မောင်တို့နှင့် စုပေါင်း၍ "မြန်မာ့ပန်းချီပြပဲ့" တခု ကျင်းပခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ ပြန်ရောက်လာပြီး ပန်းချီပညာဝန်ထောက်ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်း ခံရသည်။ ၁၉၅၁ ခုနှစ်တွင် အမေရိကန်ပြည် နယူးယောက်မြို့ရှိ ကိုလံဗီယာ ဆရာဖြစ်သင်တက္ကသိုလ်၌ ကျောင်းသင်ပန်းချီနှင့် စပ်လျဉ်း၍ အထူးလေ့လာခွင့်ရခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ယူနက်စကိုမှ အရှေ့အနောက် ယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ်အရ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ အမေရိကန်၊ ဂျပန်၊ ထိုင်း စသော နိုင်ငံများတွင် တလစီ၊ နှစ်လစီနေ၍ ပန်းချီပညာများကို လေ့လာခွင့်ရခဲ့သည်။ ထိုသို့ နိုင်ငံပေါင်းစုံ လှည့်လည်ယင်း ပန်းချီကျောင်းများ၊ ပန်းချီပြတိုက်များ၊ ပန်းချီအသင်းအဖွဲများ၊ ပန်းချီပြပွဲများ စသည်တို့သို့ သွားရောက် လေ့လာခဲ့သည်။

ဦးစံဝင်းသည် စေတီဘုရား၊ ကျောင်းကန် ဇရပ်ပုံများ ရေးဆွဲရာ၌ ကြည်ညိုဖွယ် ခြယ်မှုန်းနိုင်သည်။ ရှုခင်းသာ ရေးဆွဲခြင်း၌ နာမည်ကျော်ကြားသည်။

ဦးစံဝင်း၏ လက်ရာမြောက်သော ပန်းချီကားများသည် မြန်မာ့ယဉ်ကျေးမှုပြတိုက်၊ အမေရိကန် ဝါရှင်တန်သံရုံး၊ တိုကျိုသံရုံး၊ ချက်ကိုဆလိုဗက်ကီးယားသံရုံးနှင့် မြန်မာပန်းချီ ဝါသနာရှင်များထံတွင် များစွာရှိသည်။ ရန်ကုန်မြို့နတ်မောက်လမ်းရှိ အင်ဂျင်နီယာကျောင်းတွင် အလျား ပေ ၂၀ အနံ ရှစ်ပေရှိ မိုဇိုက်ကျောက်စီ ပန်းချီကားချပ်ကြီးနှစ်ခုသည် ဦးစံဝင်း၏ ဈေးအရဆုံး လက်ရာဖြစ်သည်။ ကျပ်ငွေ တသောင်းငါးထောင် ရသည်။

ဦးစံဝင်းသည် ဘားမားအတ်ကလပ်တွင်လည်းကောင်း၊ အမျိုးသားပန်းချီအသင်းတွင်လည်းကောင်း၊ဘားမားအတ်ကောင်စီတွင်လည်းကောင်း အဖွဲဝင် လူကြီးအဖြစ် ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံ ပန်းချီ ပန်းပု ကောင်စီတွင်လည်း ဥက္ကဋ္ဌအဖြစ် သုံးနှစ်တိုင် ဆောင်ရွက်ခဲ့သည်။ဝန္ဆောကျော်ထင် ဘွဲ့တံဆိပ်ကိုလည်း ချီးမြှင့်ခြင်း ခံရသည်။

၁၉၆၃ ခုနှစ်တွင် အစိုးရအမှုထမ်း ဘဝမှ အငြိမ်းစား ယူပြီး ၁၉၈၁ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် ကွယ်လွန်သည်။



ဦးစံသာအောင်

စံသာအောင်၊ဦး၊ညွှန်ကြားရေးမှူးချုပ်(ခရစ် ၁၉၂၅–၁၉၈၁)။ ။ဦးစံသာအောင်ကို ၁၉၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် စစ်တွေမြို့ ရွှေပြားရပ်၌ အဖဦးသာဇံ အေတီအမ်၊ ကေအက်အမ် (အငြိမ်းစား စက်ရှင်တရားသူကြီး) အမိ ဒေါ်မဘုတို့မှ မွေးဖွားသည်။ ၁၉၄၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကို ရှုပဗေဒဘာသာနှင့် ဓာတုဗေဒ ဘာသာတို့တွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၁ ခုနှစ်အထိ လည်းကောင်း၊ ကာလကတ္တားတက္ကသိုလ်တွင် ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ လည်းကောင်း ပညာသင်ကြားခဲ့ပြီး ၁၉၄၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ရှုပဗေဒဂုဏ်ထူးဘွဲ့ကို အမြင့်ဆုံးအဆင့်ဖြစ်သော ပထမတန်းမှအောင်မြင်ခဲ့သည်။ ပါမောက္ခဒေါက်တာမောင်မောင်ခင်၏ ပထမဦးဆုံး ဂုဏ်ထူးတန်း ကျောင်းသားဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ ဟားဗတ်တက္ကသိုလ်ကြီးတွင် ဘွဲ့လွန်ရှုပဗေဒပညာကို လေ့လာဆည်းပူးခဲ့ရာ မဟာဝိဇ္ဇာ(ရှုပဗေဒ) ဘွဲ့ကို ၁၉၅၄ ခုနှစ်တွင် ရရှိခဲ့သည်။ (ဟားဗတ်တက္ကသိုလ်တွင် သိပ္ပံဘာသာရပ်များ အတွက်လည်း မဟာဝိဇ္ဇာဘွဲ့ကို ပေးအပ်လေ့ရှိသည်။)

ရန်ကုန်တက္ကသိုလ် ရှုပဗေဒဌာနတွင် ၁၉၅၀ ပြည့်နှစ်မှစ၍ သရုပ်ပြဆရာအဖြစ် စတင်အမှုထမ်းသည်။ ၁၉၅၁ ခုနှစ်တွင် ရှုပဗေဒ လက်ထောက်ကထိကအဖြစ် လည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် ကထိကအဖြစ် လည်းကောင်း၊ ၁၉၆၄ ခုနှစ်တွင် ရှုပဗေဒ ပါမောက္ခအဖြစ် လည်းကောင်း အမှုထမ်းသည်။

၁၉၇၀ ပြည့်နှစ်တွင် တက္ကသိုလ်များ အုပ်ချုပ်ရေးရုံး၌ ညွှန်ကြားရေးမှူးအဖြစ် ရာထူး တိုးမြှင့်ခန့်ထားခြင်း ခံရပြီး ၁၉၇၁ ခုနှစ်တွင် တက္ကသိုလ်များ အုပ်ချုပ်ရေးအဖွဲ့မှ ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် ဂုဏ်ပြုချီးမြှင့်ခဲ့လေသည်။ ၁၉၇၂ ခုနှစ် မတ်လတွင် အထက်တန်းပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ရာထူးတိုးမြှင့်ခြင်း ခံရသည်။

ဦးစံသာအောင်သည် ၁၉၅၈ ခုနှစ်မှစ၍ ပါမောက္ခဒေါက်တာ မောင်မောင်ခန့်၏ တွဲဖက်၍ အထက်တန်းကျောင်းသုံး ရှုပဗေဒ စာအုပ်များကို လည်းကောင်း၊ သိပ္ပံဥပစာတန်းများအတွက် အင်္ဂလိပ် - မြန်မာ ရှုပဗေဒစာအုပ်များကိုလည်းကောင်း ရေးသားခဲ့သည်။တက္ကသိုလ် တတိယနှစ်သုံး မက္ကင်းနှစ် စာအုပ်ကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည်။ မြန်မာနိုင်ငံ သုတေသန ဂျာနယ်တွင် ခေတ်ပေါ် ရှုပဗေဒနှင့် နက္ခတ္တ ရုပဗေဒ ဆိုင်ရာ စာတမ်းနှစ်စောင်ရေးသားခဲ့သည်။ပါမောက္ခ ဦးစံသာကောင်သည် စာပေ အရေးအသား ကောင်းသူတဦးလည်းဖြစ်၍ ၁၉၇၁ ခုနှစ်အတွက် အမျိုးသားစာပေဆုကို သိပ္ပံနှင့် အသုံးချ

သိပ္ပံဘာသာရပ်၌ "ရူပဗေဒ အ ကြောင်း သိကောင်းစရာ" စာအုပ်ဖြင့် ဆုတ်ခူးရရှိခဲ့သည်။

သိပ္ပံ၊ ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာဆိုင်ရာ ဆောင်းပါးများကို သတင်းစာ ဂျာနယ်များတွင် ရေးသားခဲ့သည်။ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ စာအုပ်များဖြစ်သော ရူပဗေဒ အကြောင်းသိကောင်းစရာ(၁၉၇၁)၊ကွန်ပျူတာ(၁၉၇၃)၊ အက်တမ်နှင့် နျူးကလီးယားစွမ်းအင် (၁၉၇၄)၊ အေဒီ ခြောက်ရာစုနှင့် ယင်းမတိုင်မီရခိုင်ပြည်သုံးအက္ခရာ(၁၉၇၄)၊ အာနန္ဒစန္ဒြရှစ်ရာစု ရခိုင်ဝေသာလီမင်း (၁၉၇၅)၊ ရခိုင် ဒင်္ဂါးများ (၁၉၇၉)၊ The Buddhist Art of Ancient Arakan (၁၉၇၉) စသည့် စာအုပ်များကိုလည်း ပြုစုရေးသားခဲ့သည်။

၁၉၅၄ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ် အထိ အိန္ဒိယ၊ တရုတ်၊ ပြည်သူသမ္မတနိုင်ငံနှင့် ဗီယင်နာ အဏုမြူစွမ်းအင်အေဂျင်စီများတွင် ပြုလုပ်သော သိပ္ပံ ဆွေးနွေး ပွဲများ၊ အဏုမြူဓာတ်ပေါင်းဖိုဆိုင်ရာ နှီးနှောဖလှယ်ပွဲများ၊ သိပ္ပံကိရိယာ နှီးနှောဖလှယ်ပွဲများ၊ အာကာသသိပ္ပံ ဆွေးနွေးပွဲများသို့ ပြည်ထောင်စုမြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ ၁၉၇၅ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ ၁၉၇၇ ခုနှစ်တွင် ဆိုဗီယက်နိုင်ငံတို့၌ ပညာရေး လုပ်ငန်းများ သွားရောက်လေ့လာခဲ့သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထအစည်းအဝေးတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် စစ်တွေမြို့ မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ အစည်းအဝေးတွင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ အစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်အဖြစ် လည်းကောင်း ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက် နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်၍ အင်ဒိုနီးရှားနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့သည်။

တက္ကသိုလ်များ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီတွင် စတင် တည်ထောင်သည့်နှစ်မှစ၍ ၁၉၇၀ ပြည့်နှစ်အထိ ဒုတိယ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ်မှ ကွယ်လွန်သည်အထိ နာယကအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ထင်ရှားသော ရူပဗေဒပညာရှင်ကြီး တဦးဖြစ်သူ ဦးစံသာအောင်သည် ၁၉၈၁ ခုနှစ် မေလ ၂၅ ရက်၊ အသက် ၅၆ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်စောနှင့် သားတယောက်၊ သမီးနှစ်ယောက်ကျန်ရစ်သည်။

ဆဒတ်၊ အနဂဝါအယ် (ခရစ် ၁၉၁၈ – ၁၉၈၁)။ ။ ကွယ်လွန်သူ အိန္ဒိယသမ္မတနိုင်ငံ၏ တတိယမြောက် သမ္မတဖြစ်သူ ဆဒတ်ကို ၁၉၁၈ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် နိုင်းမြစ်ဝှမ်းရှိ မစ်အက္ကအယ်ကွမ်အမည်ရှိသော ရွာကလေးဌာ ဆင်းရဲနွမ်းပါးသော မိဘနှစ်ပါးမှ မွေးဖွားသည်။ ဖခင်ဖြစ်သူမှာ စစ်ဆေးရုံ ရုံးစာရေးကလေးဖြစ်ပြီး မိခင်ဖြစ်သူသည် ဆူဒန်အမျိုးသမီး ဖြစ်သည်။

ဆဒတ်သည် အထက်တန်းစာမေးပွဲကို အောင်မြင်ပြီးနောက် စစ်မှုထမ်းရန် စိတ်သန်ခဲ့သည့်အလျောက် ၁၉၃၇ ခုနှစ်တွင် အာဘာဆီးယားမြို့ရှိ စစ်တက္ကသိုလ်သို့ ဝင်ရောက်ခွင့်ရခဲ့သည်။ ယင်းစစ်တက္ကသိုလ်တွင် နောင်အိန္ဒိယနိုင်ငံ သမ္မတကြီးဖြစ်လာမည့် နတ်ဆာနှင့် တွေ့ဆုံရင်းနှီးခဲ့သည်။

၁၉၃၈ ခုနှစ်တွင် ဒုတိယဗိုလ်အဖြစ် တာဝန်ယူခဲ့စဉ် ကတည်းက ဗြိတိသျှ သြဇာခံ အိန္ဒိယဘုရင့် အစိုးရကို ဖြုတ်ချရန် ကြံစည်ခဲ့သည့်အတွက် စစ်တပ်မှ ထုတ်ပယ်ခံရပြီး ထောင် နှစ် နှစ် ကျခံခဲ့ရသည်။ ၁၉၄၄ ခုနှစ်တွင် ထောင်မှ လွှတ်မြောက်လာသည်။ ၁၉၄၇ ခုနှစ်တွင် တဖန် အစိုးရဆန့်ကျင်ရေးအဖွဲ့တွင် ပါဝင်သည်ဟု ယူဆခံရပြီး ထောင်ကျခဲ့ပြန်သည်။ သို့သော် အပြစ်ကင်းရှင်းကြောင်း တွေ့ရ၍ ထောင်မှ လွှတ်ခဲ့သည်။

ဆဒတ်သည် ဗြိတိသျှ အခြွယ်အလှယ်ခံ အိန္ဒိယဘုရင် ဖာရော့ကို ဖြုတ်ချ၍ အာဏာသိမ်းရာတွင် ပါဝင်ခဲ့သည်။ ထိုအချိန်က အနဂဝါဆဒတ်သည် ဗိုလ်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။

ဆဒတ်သည် ၁၉၆၆ ခုနှစ်တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ၁၉၆၉ ခုနှစ်တွင် ဒုတိယ သမ္မတဖြစ်လာသည်။ ၁၉၇၀ ပြည့်နှစ်တွင် အိန္ဒိယသမ္မတ နတ်ဆာ ရုတ်တရက် ကွယ်လွန်ခဲ့သောအခါ ဒုတိယ သမ္မတအဖြစ် တာဝန်ထမ်းဆောင်နေသူ ဆဒတ်သည် ယာယီသမ္မတအဖြစ် တာဝန်ယူခဲ့သည်။

၁၉၇၀ ပြည့်နှစ် အောက်တိုဘာလတွင် အထွေထွေ ရွေးကောက်ပွဲကျင်းပရာ အိန္ဒိယပြည်သူများ၏ ထောက် ခံမဲ ၉၀ ဒသမ ၁၄ ရာခိုင်နှုန်းဖြင့် ဆဒတ်သည် သမ္မတ

အဖြစ် ရွေးချယ်ခံရသည်။ ၁၉၇၀ ပြည့်နှစ်မှ ကွယ်လွန်သည် အထိ အာရပ်ဆိုရှယ်လစ် ယူနီယံ၏ ဥက္ကဋ္ဌဖြစ်သည်။


သမ္မတ ဆဒတ်နှင့် အစ္စရေး ဝန်ကြီးချုပ် ဗယ်ဂင် တို့သည် အမေရိကန် သမ္မတ ကာတာနှင့်အတူ အီဂျစ် အစ္စရေး ငြိမ်းချမ်းရေး စာချုပ်ကို အမေရိကန် ပြည် ထောင်စုရှိ အိမ်ဖြူတော်တွင် ၁၉၇၉ ခုနှစ် မတ်လ ၂၆ ရက် နေ့က လက်မှတ် ရေးထိုး ခဲ့ကြသည်။ အစ္စရေးနိုင်ငံ ဂျရူးဆလမ်းမြို့သို့ ပထမဦးစွာ သွားရောက်ခဲ့သော အာရပ် ခေါင်းဆောင်တဦးလည်း ဖြစ်သည်။

၁၉၇၇ ခုနှစ်တွင် ဂျရူးဆလမ်းမြို့သို့ စွန့်စားသွားရောက် လုပ်ဆောင်ခဲ့သည်မှ အစပြု၍ နှစ်သုံးဆယ်ကျော် ရန်မီး အေးငြိမ်းအောင် ကြိုးပမ်းခဲ့ကြသူများအဖြစ် မှတ်တမ်း တင်ကာ နိုဗဲ ငြိမ်းချမ်းရေးဆုကြီးကို ၁၉၇၈ ခုနှစ်တွင် အစ္စရေး ဝန်ကြီးချုပ် ဗယ်ဂင်နှင့်အတူ ပူးတွဲချီးမြှင့်ခြင်း ခံရသည်။

၁၉၅၅–၅၆ ခုနှစ်တွင် အာလ်ဂျာဟူရီယာနှင့် အာလ်တား ရီယာ သတင်းစာတို့၏ အယ်ဒီတာအဖြစ် ဆောင်ရွက်ဖူး သည်။ "အညတရ စာမျက်နှာများ"၊ "အီဂျစ်တော်လှန် ရေး၏ လျှို့ဝှက်ချက်များ"၊ "အာရပ်စည်းလုံးညီညွတ်ရေး၏ ဇာတ်ကြောင်း"၊ "ဒါဟာ မင်းရဲ့ ဦးဦးဂါယ်ဗယ်ပေါ့၊ ငါ့ သားရယ်"၊ "တော်လှန်ရေး ဇာတ်လမ်းစုံ"၊ "သစ်လွင်သော ရှင်ပြန်ထမြောက်ခြင်းအတွက်" အမည်ရှိစာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ကိုယ်ရေး အတ္ထုပ္ပတ္တိစာအုပ်ရေးသားခဲ့သည်။

ဆဒတ်သည် ၁၉၈၁ ခုနှစ် အောက်တိုဘာလ ၆ ရက် နေ့တွင် ရန်သူ၏လုပ်ကြံမှုကြောင့် ကွယ်လွန်သည်။ထိုနေ့က သမ္မတဆဒတ်သည် စစ်ရေးပြအခမ်းအနားသို့ တက်ရောက် အလေးပြုခံယူနေစဉ် စစ်ဝတ်စုံဝတ်ထားသော လူတစုက လုပ်ကြံခဲ့ခြင်းဖြစ်သည်။

ဆအူးဒီအာရေဗျနိုင်ငံ။ ။ကမ္ဘာတွင် ရေနံ ဒုတိယ အများဆုံးထွက်သော ဆအူးဒီအာရေဗျနိုင်ငံသည် ပြည်ပ သို့ ရေနံအများဆုံး ထုတ်ရောင်းသောနိုင်ငံလည်းဖြစ်သည်။ ရေနံတွင်းများ၌ အလုပ်လုပ်မည့်သူ နိုင်ငံခြားသား တသန်း ခန့်ကိုပင် ခေါ်ယူငှားထားရလေသည်။ ရေနံမှ ဝင်ငွေ အများအပြားရရှိခြင်း၊ လက်ရှိအခြေအနေနှင့် ဟန်ချက် ညီစေခြင်းတို့ကို အခြေတည်၍ ဒေါ်လာသန်း ၉၀,၀၀၀ သုံးမည့် နိုင်ငံတော် ရသုံးခန့်မှန်းခြေငွေစာရင်းကို ၁၉၈၁ ခုနှစ် မေလ ၃ ရက်နေ့က ဆအူးဒီ ဘဏ္ဍာရေးဝန်ကြီးဌာနက ကြေငြာသည်။ စုစုပေါင်း အသုံးစရိတ်၏ လေးပုံတပုံဖြစ် သော ဒေါ်လာသန်း ၂၅,၀၀၀ ကို ကာကွယ်ရေးနှင့် လုံခြုံ ရေးကဏ္ဍ၌ သုံးပြီး၊ စစ်ဘက် ထုထည်းဝန်ထမ်းများအား လစာတိုးပေးမည်ဖြစ်သည်။ နိုင်ငံ၏ဝင်ငွေမှာ ဒေါ်လာငွေ သန်းပေါင်း တသိန်းဖြစ်၍ ပိုလျှံငွေမှာ ဒေါ်လာ သန်း ၁၃,၀၀၀ ဖြစ်လိမ့်မည်ဟု ခန့်မှန်းသည်။



ဆအူးဒီအာရေဗျနိုင်ငံတွင် လူတဦးကျ ပျမ်းမျှဝင်ငွေမှာ ၁၉၇၉ ခုနှစ်တွင် ဒေါ်လာ ၁၁,၅၀၀ ဖြစ်သည်။ နိုင်ငံ၏ မင်းညီမင်းသား၊ ဆွေမျိုးတစုသည် ဝင်ငွေ ပိုမိုများပြား သည်။

ဝင်ငွေပိုလျှံသောကြောင့် ဆအူးဒီအစိုးရသည် ဖွံ့ဖြိုးဆဲ ဆင်းရဲသောနိုင်ငံများသို့ အကူအညီ အမြောက်အမြား ပေးနိုင်သည်။ စုစုပေါင်း ထုတ်ကုန်တန်ဖိုး၏ ၃ ဒသမ ၇၇ ရာခိုင်နှုန်းဖြစ်သော ဒေါ်လာငွေ ၁,၁၈၆ သန်းကို ၁၉၈၀ ပြည့်နှစ်က ကူညီခဲ့သည်။ ပြည်ပတွင် ငွေကြေးအမြောက် အမြားကိုလည်း ရင်းနှီးမြှုပ်နှံထားလေသည်။ အမေရိကန် ပြည်ထောင်စုတွင် ဒေါ်လာသန်းပေါင်းတသိန်း မြှုပ်နှံထား ပြီး အခြား နိုင်ငံများ၌လည်း စီးပွားရေးလုပ်ငန်း အများ အပြား၌ ထည့်ဝင်ထားသည်။

ခေတ်မီ စက်မှုလုပ်ငန်းကို ထူထောင်ရာ၌၊ အလွန် ကြီးမားသော ရေနံပိုက်လိုင်းကို ၁၉၈၁ ခု ဇူလိုင်လ ၁ ရက် နေ့တွင် စတင်ဖွင့်လှစ်၍ ပြည်ပသို့ ရေနံထုတ်ရောင်းနိုင် ခဲ့သည်။ ပါရှင်ပင်လယ်ကွေ့အနီးရှိ ရေနံမြေမှ ပင်လယ်နီ ကမ်းခြေရှိ ယန်ဘူး ရေနံချက်စက်ရုံအထိ မိုင် ၇၅၀ ရှည်

အကျယ်အဝန်း။	။	၈,၇၃,၀၀၀ စတုရန်းမိုင်
လူဦးရေ။	။	၉၂,၉၂,၀၀၀
မြို့တော်။	။	ရီယတ်မြို့

သော ရေနံပိုက်လိုင်းကြီး တည်ဆောက်ရာတွင် ဒေါ်လာသန်း ၁,၆၀၀ ကုန်ပြီး၊ တနေ့လျှင် ရေနံစည်တသန်း ငါးသိန်း ပို့နိုင်သည်။

ဆာ့ဂူးဒီအစိုးရသည် ဂြိုဟ်တုဆက်သွယ်ရေး လုပ်ငန်းတခုကို အခြား အာရပ်နိုင်ငံ ကိုးနိုင်ငံနှင့်အတူ စတင် ထူထောင်လျက်ရှိရာ ၁၉၇၁ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ ဒေါ်လာသန်း ၂၀၀ ကုန်မည့် ထို ဂြိုဟ်တု ဆက်သွယ်ရေး လုပ် ငန်း တွင် ဆာ့ဂူးဒီအာရေဗျ၊ လက်ဗန္ဓန်၊ ဂျော်ဒန်၊ ကူဝိတ်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ကာတာ၊ အယ်ဂျီးရီးယား၊ မော်ရော့ကို၊ တျူနစ်ဇီးယားနှင့် ဆီးရီးယားတို့ ပါဝင်သည်။ အာရပ်ဆက်သွယ်ရေးဂြိုဟ်တုကို အာကာသဟင်းလင်းပြင်၌ လွှင့်တင်ထားမည်ဖြစ်ရာ မြေပြင် ဆက်သွယ်ရေးစခန်းကို ရီယတ်မြို့၌ ထားရှိမည်ဖြစ်သည်။

ဆာ့ဂူးဒီအစိုးရက ဦးစီးသည့် ထိုလုပ်ငန်းကြီးများနှင့် သယံဇာတ ပေါကြွယ်ဝလှသော နိုင်ငံကြီးကို ကာကွယ် စောင့်ရှောက်ရန် ခိုင်မာ တောင့်တင်းသည့် စစ်တပ်နှင့် ခေတ်မီစစ်ပစ္စည်းများကို ထားရှိရန် လိုအပ်သောကြောင့် အမေရိကန်လုပ် 'အေဝက်စ' ကြိုတင် ထောက်လှမ်းရေး ရေဒါလေယာဉ် အပါအဝင် အက်ဖ ၁၅ လေယာဉ်များကို အမေရိကန် ပြည်ထောင်စုထံမှ ဝယ်ယူသည်။

တဖန် ရေနံထွက်သော ပါရှင်ပင်လယ်ကွေ့ကို ကာကွယ် စောင့်ရှောက်ရန် ဆာ့ဂူးဒီအာရေဗျ၊ ကူဝိတ်၊ အာရပ် စော်ဘွားများပြည်ထောင်စု၊ ကာတာ၊ အိုမန်နှင့် ဗာရိန်း ခြောက်နိုင်ငံတို့သည် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေး ကောင်စီဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲသဘောတူကြသည်။ နိုဝင်ဘာလတွင် ခြောက်နိုင်ငံ ခေါင်းဆောင်များသည် ရီယတ်မြို့တွင် စည်းဝေး၍ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းကို ချမှတ်ကြလေသည်။

ဆာ့ဂူးဒီအာရေဗျနိုင်ငံသည် အာရပ်နိုင်ငံများ ပါဝင်သည့် အာရပ်အဖွဲ့ချုပ်၌ ပါဝင်ကာ၊ သွေးစည်း ညီညွတ်ရေး ပြုလုပ်နေစဉ် နိုင်ငံအချို့နှင့် သဘော ကွဲလွဲသည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့လေသည်။ အီရန် – အီရတ်စစ်ပွဲတွင် ဆာ့ဂူးဒီသည် အီရတ်ဘက်ကရှိ၍ ဆီးရီးယားက အီရန်ဘက်က ရှိလေသည်။ အီဂျစ်ကို ဆန့်ကျင်ရာတွင် လက်တွဲခဲ့သော ဆာ့ဂူးဒီနှင့်ဆီးရီးယားတို့သည် အီရန်–အီရတ်စစ်၌ လက်တွဲပြုတ်တော့မလောက် ဖြစ်ခဲ့သည်။ ထို့နောက် လက်ဗန္ဓန် အရေးတွင် ဆာ့ဂူးဒီက ဆီးရီးယားသို့ များစွာ ကူညီခဲ့သည်။ လက်ဗန္ဓန်ပြည်တွင်းစစ်တွင် ကာကွယ်စောင့်ရှောက်မည့် ဆီးရီးယား စစ်သား ၃၀,၀၀၀ တွင် အာရပ်အဖွဲ့ချုပ် နိုင်ငံများမှ စစ်သား အချို့ကျ ကူညီကြကာ ဆာ့ဂူးဒီက ငွေအမြောက်အမြား ထည့်ဝင်သည်။

အရှေ့အလယ်ပိုင်းဒေသခေါ် အာဖရိက အရှေ့မြောက်စွန်းနှင့် အာရှ အနောက်ဖျားနိုင်ငံ များတွင် ဆာ့ဂူးဒီအာရေဗျသည်ငွေကြေးတောင့်တင်းသောနိုင်ငံဖြစ်သည်နှင့် အမျှ နိုင်ငံရေးသြဇာညောင်းသည့် နိုင်ငံလည်း ဖြစ်သည်။ ထို့ကြောင့် အရှေ့အလယ်ပိုင်း ဒေသ ငြိမ်းချမ်းရေးကို ဦးဆောင်နိုင်ရမည် ဆိုသော ခံယူချက်ဖြင့် ဆာ့ဂူးဒီ အိမ်ရှေ့မင်းသားကြီး ဖာ့ဒ်က ငြိမ်းချမ်းရေးမူ ရှစ်ချက်ကို တင်ပြလေသည်။

ထိုမူရှစ်ချက်မှာ –

(၁) ၁၉၆၇ ခုနှစ်မှစ၍ သိမ်းပိုက်ခဲ့သော အာရပ်နယ်မြေများမှ အစ္စရေးတပ်များ ရုပ်သိမ်းပေးရမည်။

(၂) ဂျော်ဒန်မြစ် အနောက်ဘက်ကမ်း ဒေသနှင့် အခြား သိမ်းပိုက်နယ်မြေများကို ပြန်ပေးရမည်။

(၃) ထိုနယ်မြေများ၌ လွတ်လပ်စွာ ဘုရားဝတ်ပြုခွင့်ကို အာမခံချက် ပေးရမည်။

(၄) ပါလက်စတိုင်း အမျိုးသား နှစ်သန်း၏ အခွင့်အရေးကို အစ္စရေးက အသိအမှတ်ပြုရမည်။

(၅) ဂျော်ဒန် အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသ၌ ကုလသမဂ္ဂ စောင့်ရှောက်ရေးတပ်များကို ကြားကာလတွင် ချထား ပေးရမည်။

(၆) ပါလက်စတိုင်းနယ်မြေ ထူထောင်ပေးရမည်။


(၇) ယင်း အချက်များကို အမေရိကန် ပြည်ထောင်စု အပါအဝင် ကုလသမဂ္ဂ နိုင်ငံများက အာမခံရမည်။

(၈) အရှေ့အလယ်ပိုင်း ဒေသရှိ နိုင်ငံများသည် ငြိမ်းချမ်းစွာ ရပ်တည် နေထိုင် သွားကြမည်။

ယင်း ရှစ်ချက်ကို သြဂုတ်လတွင် မင်းသားကြီး ဖာ့ဒ်က တင်ပြသောအခါ ပါရှင် ပင်လယ်ကွေ့ ငါးနိုင်ငံက အလေးအနက် ထောက်ခံစဉ် ဆီးရီးယား အပါအဝင် အာရပ်ရှစ် နိုင်ငံက သဘော မတူကြချေ။ အစ္စရေး တည်ရှိမှုကို တဘက်တလမ်း အသိအမှတ်ပြုထားသော မူရှစ်ချက်ဟု အကြောင်းပြကြသည်။ ထို့ကြောင့်ပင် မော်ရော့ကိုနိုင်ငံ ဖက်မြို့တွင် နိုဝင်ဘာလ၌ ကျင်းပရန် စီစဉ်သည့် အာရပ် ၂၁ နိုင်ငံ၏ ထိပ်သီးအစည်းအဝေးသည် ပျက်ပြားသွားလေသည်။ မင်းသားကြီးဖာ့ဒ်၏ အဆိုကို အစ္စရေး အစိုးရက လုံးဝ လက်မခံချေ။ ပါလက်စတိုင်း အဖွဲ့ကမူ ငြိမ်းချမ်းရေး၏ နိဒါန်းအစ ဖြစ်သည်ဟု ပြောကြားကာ မတိမကျ ထောက်ခံမှု ပေးလေသည်။

ဆိန်ဂမ္ဘီယာပြည်ထောင်စု။ ။အာဖရိကတိုက်၏ အနောက်ဘက် အတ္တလန္တိတ်သမုဒ္ဒရာကမ်းခြေရှိ ဆိန်ဂေါသမ္မတနိုင်ငံနှင့် ဂမ္ဘီယာသမ္မတနိုင်ငံတို့ကို ပေါင်းစည်း၍ ပြည်ထောင်စု ဖွဲ့စည်းထားခြင်းဖြစ်သည်။

စတုရန်းမိုင် ၂၆,၁၂၄ ကျယ်ဝန်းသော ဆိန်ဂေါနိုင်ငံတွင် လူဦးရေ ၅၆,၆၀,၀၀၀ နေထိုင်၍ စတုရန်းမိုင် ၄,၀၀၃ ကျယ်ဝန်းသော ဂမ္ဘီယာနိုင်ငံတွင် လူဦးရေ ၆,၀၀,၀၀၀ နေထိုင်သည်။ ဆိန်ဂေါနိုင်ငံ၏ မြို့တော်သည် ဒါကာဖြစ်ပြီး ဂမ္ဘီယာနိုင်ငံ၏မြို့တော်သည် ဘန်ဂျူးဖြစ်သည်။



ဆိန်ဂမ္ဘီယာပြည်ထောင်စုသည် ၁၉၆၁ ခုနှစ် ဇူလိုင်လအတွင်း ဂမ္ဘီယာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မအောင်မြင်သော အာဏာသိမ်းမှုကို အကြောင်းပြု၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။

၁၉၆၁ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ဂမ္ဘီယာသမ္မတ ဆာဒေါ် ဒါ ကိုင်ရာဘာ ဂျာဝါရာသည် ဗြိတိန်နိုင်ငံမှ ချားလ်မင်းသား၏ လက်ထပ်ပွဲသို့ တက်ရောက်နေခိုက် မြို့တော်ဘန်ဂျူးတွင် လက်ဝဲဝါဒီတို့က အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည်။ အဆိုပါ အာဏာသိမ်းမှုကို ဂမ္ဘီယာဆိုရှယ်လစ်နှင့်တော်လှန်သော လေဘာပါတီခေါင်းဆောင် ကူကိုင်း ဆန်ဘာ ဆန်ယန်းက ဦးဆောင်ပြီး မြို့တော်ကာကွယ်ရေးတပ်ဖွဲ့က ထောက်ခံအားပေးခဲ့သည်။ သမ္မတဂျာဝါရာ၏အကူအညီ တောင်းခံချက်အရ ဆိန်ဂေါတပ်ဖွဲ့များသည် ဂမ္ဘီယာနိုင်ငံတွင်းသို့ ဝင်ရောက်၍ သူပုန်တပ်ဖွဲ့များကို နှိမ်နင်းခဲ့သည်။ ဂျာဝါရာသည် လန်ဒန်မြို့မှ ဆိန်ဂေါမြို့တော် ဒါကာသို့ သွားရောက်ခဲ့သည်။ ဆိန်ဂေါတပ်ဖွဲ့များက ဘန်ဂျူးလေဆိပ်နှင့် အခြား အရေးကြီးသောနေရာများကို ပြန်လည်သိမ်းပိုက်သည်။ သူပုန်တပ်ဖွဲ့များသည် ဂျာဝါရာ၏ဇနီးနှင့် ကလေးရှစ်ဦး အပါအဝင် ခြားစာခံ ၃၀ ကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ အာဏာသိမ်းခေါင်းဆောင် ဆန်ယန်းသည် ဂင်းနီဗစ်ဆောနိုင်ငံသို့ ထွက်ပြေးခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်ဖမ်းဆီးမိသည်။

ဩဂုတ်လ ၂ ရက်နေ့တွင် ဂမ္ဘီယာသမ္မတ ဂျာဝါရာသည် မြို့တော်ဘန်ဂျူးသို့ ပြန်ရောက်သည်။ ထို့နောက် တနိုင်ငံလုံး၌ အရေးပေါ် အခြေအနေ ကြေငြာသည်။ အဆိုပါ မအောင်မြင်သော အာဏာသိမ်းမှုတွင် လူ ၅၀၀ မှ ၈၀၀ အထိ သေဆုံးခဲ့သည်။ လူ ၁၂၄ ဦး ဖမ်းဆီးခဲ့ပြီး ရုံးတင်စစ်ဆေးရာ ဂမ္ဘီယာရှိ တရားသူကြီးများနှင့် မလုံလောက်၍ ဂါနာ၊ နိုင်ဂျီးရီးယား၊ သီရိလင်္ကာ နိုင်ငံစသည်တို့မှ တရားသူကြီး ၂၀ ခေါ်ယူခဲ့ရသည်။

၁၉၇၁ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် နှစ်နိုင်ငံသမ္မတများ ဆွေးနွေးပြီး ပြည်ထောင်စု ဖွဲ့စည်းရန် ကြေငြာသည်။ စက်တင်ဘာလ ၇ ရက်နေ့တွင် ဆိန်ဂေါသမ္မတက ဆိန်ဂေါနှင့် ဂမ္ဘီယာနှစ်နိုင်ငံသည် ၁၉၇၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့၌ ပေါင်းစည်း၍ ပြည်ထောင်စု ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။

၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် နှစ်နိုင်ငံ ပြည်ထောင်စု ဖွဲ့စည်းရေး သဘောတူညီချက်ကို ဆိန်ဂေါသမ္မတနှင့် ဂမ္ဘီယာသမ္မတတို့ လက်မှတ် ရေးထိုးခဲ့သည်။ ဆိန်ဂေါသမ္မတ အက် ဗ ဒူ ဒါ ဝတ် က ဆိန်ဂမ္ဘီယာပြည်ထောင်စု၏ သမ္မတ ဖြစ် လာ ပြီး ဂမ္ဘီယာ သမ္မတ ဆာဒေါ် ဒါဂျာဝါရာက ယင်း ပြည် ထောင် စု ၏ ဒုတိယသမ္မတဖြစ်လာခဲ့သည်။ ဤသဘောတူညီချက်အရ နှစ်နိုင်ငံသည် လက်နက်ကိုင်တပ်ဖွဲ့များ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးကိစ္စတို့တွင် ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည်။ အလားတူ နိုင်ငံခြားရေးဝါဒတွင် လည်းကောင်း၊ ဆက်သွယ်ရေးနှင့် အခြားနယ်ပယ် အသီးသီးတွင် လည်းကောင်း တစည်းတပေါင်းတည်း ဆောင်ရွက်ကြမည် ဖြစ်သည်။


ယင်းသို့ နှစ်နိုင်ငံ ပြည်ထောင်စု ဖွဲ့စည်းခြင်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရန် မလိုကြောင်း၊ နှစ်နိုင်ငံပါလီမန်များတွင်သာ ဆန္ဒခံယူခြင်းဖြင့် ယင်း ပြည်ထောင်စုကို တရားဝင်ပြုလုပ်ရန် လိုကြောင်းဖြင့် ဂမ္ဘီယာသမ္မတ ဂျာဝါရာက နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကြေငြာခဲ့သည်။

ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် နှစ်နိုင်ငံ သမ္မတများသည် ဆိန်ဂေါနိုင်ငံ ဒါကာမြို့တွင် ဆိန်ဂမ္ဘီယာပြည်ထောင်စု ဖွဲ့စည်းခြင်းစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဂမ္ဘီယာနိုင်ငံသည် ယင်းနိုင်ငံတွင် လက်ရှိ

သုံးစွဲနေသော ဒါလာစီငွေကြေးကို စွန့်လွှတ်ကာ ဆိနီဂေါ နိုင်ငံအပါအဝင် ပြင်သစ်စကားပြော အာဖရိကနိုင်ငံများတွင် သုံးစွဲသည့် စီအက်အေဖရန့် ကို သုံးစွဲရမည်ဖြစ်သည်။ အဆိုပါ သဘောတူညီချက်အရ ဆိနီဂမ္ဘီယာ ပြည်ထောင်စုသည် ၁၉၇၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စ၍ တရားဝင်မည် ဖြစ်သည်။

နှစ်နိုင်ငံ ပြည်ထောင်စု ဖွဲ့စည်းခြင်းကို သက်ဆိုင်ရာ နိုင်ငံများ၏ ပါလီမန် အသီးသီးမှ အတည်ပြုကြောင်း ကြေငြာခဲ့ကြသည်။

ဆီးရီးယားသမ္မတနိုင်ငံ။ ။ဆီး ရီး ယား နိုင် ငံ တွင် လက်ရှိ အာဏာရပါတီမှာ ဘတ်ပါတီဖြစ်သည်။ ၁၉၇၇ ခုနှစ် သြဂုတ်လအတွင်း ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် အနိုင် ရရှိခဲ့ခြင်း ဖြစ်သည်။ သမ္မတ၏ သက်တမ်းသည် ခုနစ်နှစ် ဖြစ်ပြီး ပြည်သူလူထုက တိုက်ရိုက်ဆန္ဒမဲဖြင့် ရွေးကောက် တင်မြှောက်ရသည်။ လက်ရှိသမ္မတသည် ဟာဖတ် အာဆတ် ဖြစ်ပြီး ဝန်ကြီးချုပ်သည် အဗ္ဒဒယ်ရ ကက်ဆင် ဖြစ်သည်။



၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ပထမအပတ်အတွင်း ဘတ်ပါတီ၏ ညီလာခံကို ကျင်းပပြီး ဗဟိုကော်မတီသစ်ကို ရွေးချယ်ခဲ့သည်။ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဝန်ကြီးချုပ်သစ် အဗ္ဒဒယ်ရ ကက်ဆင်ဦးဆောင်သော အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့သည်။ ဝန်ကြီးအဖွဲ့၏ သုံးပုံ နှစ်ပုံနီးပါးသည် လူသစ်များ ဖြစ်သည်။

၁၉၆၀ ပြည့်နှစ် ဇွန်လ ၂၇ ရက်နေ့တွင် ဒမတ်စကတ်မြို့တော်၌ သမ္မတအာဆတ်ကို လက်ပစ်ဗုံးဖြင့် ပစ်ခတ်လုပ်ကြံမှုတရပ် ဖြစ်ပွားခဲ့သည်။ သို့သော် သမ္မတ အာဆတ်သည် အနည်းငယ်မျှသာ ဒဏ်ရာရရှိပြီး သက်တော်စောင့်တဦး သေဆုံးသွားခဲ့သည်။

၁၉၆၀ ပြည့်နှစ် သြဂုတ်လ ၁၈ ရက်နေ့တွင် အီရတ်အစိုးရသည် ဘဂ္ဂဒက်မြို့တော်ရှိ ဆီးရီးယားသံရုံးထဲတွင် လက်နက်ခဲယမ်းအမြောက်အမြား တွေ့ရှိသည်ဟုဆိုကာ ဆီးရီးယားသံအဖွဲ့ကို ၄၈ နာရီအတွင်း နိုင်ငံမှထွက်ခွာရန် နှင်ထုတ်ခဲ့သည်။ သို့ဖြင့် ဆီးရီးယား နိုင်ငံကလည်း မိမိနိုင်ငံရှိ အီရတ်သံတမန်များကို နိုင်ငံမှနှင်ထုတ်ခဲ့သည်။

သမ္မတအာဆတ်သည် စက်တင်ဘာလ ၈ ရက်နေ့တွင် လစ်ဗျနိုင်ငံ ထရီပိုလီမြို့သို့သွားရောက်ခဲ့ပြီး လစ်ဗျခေါင်းဆောင် ကဒတ်ဖီနှင့်တွေ့ဆုံကာ နှစ်နိုင်ငံပေါင်းစည်းရေးကိစ္စကို ဆွေးနွေးခဲ့သည်။ "ဆီးရီးယားနှင့် လစ်ဗျတို့ကို တနိုင်ငံတည်းအဖြစ် ပေါင်းစည်းမည် ဖြစ်ကြောင်း" အချက် ၁၄ ချက်ပါ ပူးတွဲကြေငြာချက်တစောင်ကို စက်တင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်သည်။

အောက်တိုဘာလ ၈ ရက်နေ့တွင် သမ္မတအာဆတ်နှင့် ဆိုဗီယက် ပြည်ထောင်စုသမ္မတ ဗရက်ဇ်နက်တို့သည် နှစ် ၂၀ သက်တမ်းရှိ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တရပ်ကို မော်စကိုမြို့တွင် လက်မှတ်ရေးထိုးသည်။

ဂျော်ဒန်နိုင်ငံ အမှန်မြို့၌ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပရန်ဖြစ်သော အာရပ်ထိပ်သီးညီလာခံကို ရက်ရွှေ့ဆိုင်းရန် ဆီးရီးယားနိုင်ငံက တောင်းဆိုရာ ငြင်းပယ်ခဲ့သောကြောင့် ယင်းညီလာခံကို ဆီးရီးယားနိုင်ငံက သပိတ်မှောက်ခဲ့သည်။

ဆီးရီးယားနိုင်ငံအတွင်း အကြမ်းဖက် လှုပ်ရှားမှုများ ပြုလုပ်နေသော မူဆလင်ညီနောင်များအဖွဲ့ကို ဂျော်ဒန်နိုင်ငံက နောက်ပိုင်းမှကူညီနေကြောင်း ဆီးရီးယားနိုင်ငံတွင် အစိုးရစာစောင် သတင်းစာက ရေးသားခဲ့ပြီးနောက် ဂျော်ဒန် - ဆီးရီးယားနယ်စပ်၌ နိုဝင်ဘာလနောက်ဆုံးပတ်တွင် ဆီးရီးယားတပ်များ စုရုံးခဲ့ရာ ဂျော်ဒန်နိုင်ငံကလည်း မိမိတပ်များကို နယ်စပ်သို့စေလွှတ်ပြီး တပ်လှန့်ထားခဲ့သည်။ ယင်းသို့ နှစ်နိုင်ငံနယ်စပ်တွင် တင်းမာမှု ဖြစ်ပွားနေခြင်းကို ဆအူးဒီအာရေဗျနိုင်ငံက ဝင်ရောက် ဖျန်ဖြေပေးခြင်းဖြင့် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဆီးရီယားတပ်များ စတင်ရုပ်သိမ်းပြီး ၁၁ ရက်နေ့တွင် ဂျော်ဒန်တပ်များ ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။

အကျယ်အဝန်း။	။၇၁,၄၉၈ စတုရန်းမိုင်
လူဦးရေ။	။၈,၇၀,၀၀၀
မြို့တော်။	။ဒမတ်စကတ်မြို့

သမ္မတအာဆတ်သည် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် လစ်ဗျနိုင်ငံသို့ သွားရောက်ခဲ့ပြီး လစ်ဗျခေါင်းဆောင် ကဒတ်ဖီနှင့် နှစ်နိုင်ငံပေါင်းစည်းရေး ကိစ္စများကို ငါးရက်ကြာ ဆွေးနွေးခဲ့သည်။

၁၉၇၈-၇၉ ခုနှစ်တွင် လက်ဗန္ဓနှိုက်ရှိ အာရပ်ကာကွယ်ရေးတပ်သည် အခြားနိုင်ငံတပ်များ ရုပ်သိမ်းသွားပြီးချိန်မှစ၍ ဆီးရီးယားတပ်သား ၂၃,၀၀၀ နှင့် ဖွဲ့စည်းထားရသည်။ ထိုဆီးရီးယားတပ်သည် အစွန်ရေး တပ်များနှင့် လက်ဗန္ဓနှိုက်တောင်ပိုင်းတွင် လေကြောင်းတိုက်ပွဲများ ဖြစ်ပွားသည်။ ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလတွင်မူ လက်ဗန္ဓနှိုက်တွင် ဆီးရီးယားနှင့် အစွန်ရေးတို့သည် ပထမဆုံးသော မြေပြင် စစ်ပွဲများ ဖြစ်ပွားသည်။ ၁၉၈၁ ခုနှစ်တွင် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ ခြေကုပ် စခန်းများကို အစွန်ရေးက လေကြောင်း၊ ကြည်းကြောင်း၊ ရေကြောင်းတို့မှ ထိုးစစ်များ သိသိသာသာ ဆင်နွှဲလာသည်။ ၁၉၇၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ကုန်ဆုံးချိန်တွင် စတင်တိုက်ခိုက်မှု ၅၂ ရာခိုင်နှုန်းကျဆင်းသွားစေသည့် အစွန်ရေး၏ ကြိုတင် အမြစ်လှန် ချေမှုန်းထားရေး မူဝါဒအရ ထိုးစစ်ဆင်လာခြင်း ဖြစ်သည်။ ထို့ကြောင့် ဆီးရီးယားနိုင်ငံသည် ၁၉၈၀ ပြည့်နှစ် နှစ်ဦးပိုင်းမှစ၍ လက်ဗန္ဓနှိုက်တွင် မိမိတပ်များ ပြန်လည်တပ်စွဲထားရန် စီစဉ်ခဲ့သည်။ ထိုကိစ္စနှင့်စပ်လျဉ်း၍ သမ္မတအာဆတ်သည် လက်ဗန္ဓနှိုက်ခေါင်းဆောင်များနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့သည်။

သို့သော် ဆီးရီးယားတို့နှင့် ပဋိထားသော အာရပ်ကာကွယ်ရေး တပ်များအတွက် အရေးပါသည့် တပ်စခန်းများတွင် လက်ဗန္ဓနှိုက်တပ်များနှင့် အစားထိုးရန် ဆုံးဖြတ်ချက်ကို ၁၉၈၀ ပြည့်နှစ် ဖေဖွဲ့ဝရီလ ၆ ရက်နေ့၌ လက်ဗန္ဓနှိုက် အစိုးရက ကြေငြာခဲ့သည်။

၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၁ ရက်မှ ၂၆ ရက်နေ့အထိ လက်ဗန္ဓနှိုက်နိုင်ငံဘေရွတ်မြို့ အရှေ့ဘက် ၂၅ မိုင်အကွာရှိ လူဦးရေ တသိန်းကျော် နေထိုင်ထု ခရစ်ယာန်မြို့ တမြို့ဖြစ်သည့် ဇာလေမြို့တွင် ခရစ်ယာန် ပြည်သူစစ်များနှင့် အာရပ်ကာကွယ်ရေးတပ်ဖွဲ့တို့ ပြင်းထန်စွာ တိုက်ပွဲများ ဖြစ်ပွားထု ဆီးရီးယားစစ်သားငါးယောက် သေဆုံး၍ နှစ်ယောက် ဒဏ်ရာရသည်။

ဆူဒန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ။ ။ဆူဒန် နိုင်ငံသည် အာဖရိကတိုက် မြောက်ပိုင်းတွင် တည်ရှိပြီး အီဂျစ်၊ လစ်ဗျ၊ ချဒ်၊ အလယ်ပိုင်းအာဖရိကနိုင်ငံ၊ ဇိုင်ယာ၊ ယူဂန်း ဒါး၊ ကင်ညာ၊ အီသီယိုးပီးယားနိုင်ငံများနှင့်နယ်နိမိတ်ချင်း ထိစပ်လျက် ရှိသည်။ ဆူဒန်နိုင်ငံ၏ မြောက်ပိုင်းတွင် အစွန်လာမ်ဘာသာဝင် အာရပ်လူမျိုးများ နေထိုင်ကြပြီး


တောင်ပိုင်းတွင် ခရစ်ယာန် ဘာသာနှင့် ရိုးရာနတ်များကိုးကွယ်ကြသည့် နီဂရိုးလူမျိုးစုများ နေထိုင်ကြသည်။

ဆူဒန်နိုင်ငံမြောက်ပိုင်းရှိအာရပ်လူမျိုးများနှင့် တောင်ပိုင်းရှိ နီဂရိုးလူမျိုးတို့သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ပဋိပက္ခများ ဖြစ်ပွားခဲ့ရာ ၁၉၇၃ ခုနှစ်တွင် သမ္မတဂါဖာ နိမေရီက တောင်ပိုင်းဒွီ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးပြီး ဖြေရှင်းခဲ့သည်။ သို့ရာတွင် လူမျိုးနှစ်မျိုးအကြားတင်းမာမှုများမှာ ရှိနေဆဲပင် ဖြစ်သည်။ ဆူဒန်နိုင်ငံ၏ တခုတည်းသော တရားဝင်ပါတီဖြစ်သည့် အာရာဗစ် ဆူဒန်ဆိုရှယ်လစ်ယူနီယံပါတီ၏ ၁၉၈၀ ပြည့်နှစ် ဇန္နဝါရီလတွင် ကျင်းပခဲ့သော ပါတီကွန်ဂရက်တွင် ဆူဒန်နိုင်ငံ၌ ကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်ငါးခု ထူထောင်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့ဆုံးဖြတ်ချက်အရ ဆူဒန်သမ္မတ နိမေရီသည် ၁၉၈၁ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ဆူဒန်အမျိုးသား လွှတ်တော်နှင့် တောင်ပိုင်းပြည်နယ် လွှတ်တော်ကို ဖျက်သိမ်းလိုက်ပြီး နှစ်လအတွင်း ရွေးကောက်ပွဲကျင်းပရန် ကြေငြာခဲ့သည်။ ပြည်နယ်ငါးခုအတွက် ဒေသဆိုင်ရာပါလီမန် အဖွဲ့ငါးဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဒေသဆိုင်ရာပါလီမန် အဖွဲ့များသည် ဒေသအလိုက် လုံခြုံရေး၊ ကျန်းမာရေး၊ ပို့ဖြိုးရေး၊ ပညာရေးနှင့် ကူးသန်းသွားလာရေးကိစ္စရပ်များကို တာဝန်ယူ ဆောင်ရွက်ကြရမည် ဖြစ်သည်။ လက်ရှိ ပြည်သူ့ လွှတ်တော်တွင် အဖွဲ့ဝင် ၃၆၆ ဦး ရှိရာမှ အသစ် ဖွဲ့စည်းမည့် ပြည်သူ့လွှတ်တော်တွင် အဖွဲ့ဝင် ၁၅၁ ဦးသာ ပါဝင်တော့မည် ဖြစ်သည်။

ဆူဒန်သမ္မတ နိမေရီသည် နိုဝင်ဘာလ ၉ ရက် နေ့တွင် ဆူဒန်အစိုးရအဖွဲ့အား ဖျက်သိမ်းကြောင်း ကြေငြာလိုက်ပြီး နိုဝင်ဘာလ ၂၄ ရက်နေ့တွင် သမ္မတနိမေရီ ဦးဆောင်သည့် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းသည်။ အဖွဲ့သစ်တွင် အစိုးရအဖွဲ့ဟောင်းမှ အဖွဲ့ဝင်ကိုးဦးကို ရှိရင်းစွဲထုထူးများတွင် ပြန်လည်ခန့်ထားသည်။

ဆူဒန်နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေး ဖြစ်သည်။ ၁၉၇၄ ခုနှစ်က အာရပ်နိုင်ငံများ၏ အကူအညီဖြင့် စက်မှုလယ်ယာ ထူထောင်ပြီး စိုက်ပျိုးရေး နိုင်ငံကြီး တနိုင်ငံအဖြစ် ရပ်တည်နိုင်ရန် စီးပွားရေးစီမံချက်များ ချမှတ်၍ ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ထို့ပြင် ဆူဒန်နိုင်ငံ၏ နိုင်ငံခြားဝင်ငွေ ၇၀ ရာခိုင်နှုန်း ရရှိသော

အကျယ်အဝန်း။	။၉,၆၇,၄၉၁ စတုရန်းမိုင်
လူဦးရေ။	။၁,၀၀,၉၆,၇၀၀
မြို့တော်။	။ခါတ္တုန်မြို့



ချဒ်နိုင်ငံ၌ တပ်စွဲနေကြခြင်း ဖြစ်သည်။ ချဒ်နိုင်ငံ အစိုးရအား ဆန့်ကျင်ပုန်ကန်နေသော ချဒ်ကာကွယ်ရေး ဝန်ကြီးဟောင်း ဟာဗရီဦးဆောင်သောအဖွဲ့ကို ဆူဒန်အစိုးရက အကူအညီပေးနေသည်ဟု ချဒ်နိုင်ငံက စွပ်စွဲခဲ့သည်။

၁၉၇၁ ခုနှစ် ဒီဇင်ဘာလတွင် ချဒ်တရားရေးဝန်ကြီး ကူမာကိုရီသည် ဆူဒန်နှင့် အီဂျစ် နိုင်ငံများသို့သွားရောက် ဆွေးနွေးခဲ့ပြီးနောက် ဆူဒန်နိုင်ငံ၊ အီဂျစ်နိုင်ငံတို့နှင့် ပုံမှန် သံတမန်ဆက်ဆံမှုများ ပြန်လည် ပြုလုပ်မည်ဖြစ်ကြောင်း ကြေငြာသည်။



ရေကြည်ရာ မျက်နှာသို့ လှည့်လည်၍ နေထိုင်ကြသောဆူဒန်မိသားစုတစု

အဓိက ပို့ကုန်ဖြစ်သည့် ဝါဂွမ်းအထွက်မှာ ၁၉၇၁ ခုနှစ်တွင် ရာခိုင်နှုန်း ၅၀ ခန့် ကျဆင်းသွားခြင်း၊ ပြည်ပသွင်းကုန်များ ပိုမိုတင်သွင်းရခြင်းတို့ကြောင့် ဆူဒန်နိုင်ငံ၏ စီးပွားရေး သည်များစွာ ထိခိုက်ခဲ့ရသည်။

ဆူဒန်နိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းများ တွေ့နေရစဉ်တွင်ပင် ဆူဒန်နိုင်ငံနှင့် မိုင် ၁၀၀၀ ခန့် နယ်နိမိတ်ချင်း ဆက်စပ်နေသော ချဒ်နိုင်ငံတွင် အင်အား ၅၀၀၀ ခန့်ရှိသော လစ်ဗျတပ်များ ရှိနေခြင်းကိုလည်း စိုးရိမ်နေခဲ့ရသည်။ ချဒ်နိုင်ငံတွင် နှစ်ရှည်ကြာစွာ ဖြစ်ပွားနေသော ပြည်တွင်းစစ်တွင် သူပုန်များအား နှိမ်နင်းရေးအတွက် ချဒ်သမ္မတ ဂေါက်ကိုနီအား အကူအညီပေးရန် လစ်ဗျတပ်များသည် ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလမှ စ၍

ဆူဒန်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံ တနိုင်ငံ ဖြစ်သော အီဂျစ်နိုင်ငံတို့ ဆက်ဆံရေးမှာ အထူးကောင်းမွန်ခဲ့သည်။ ဆူဒန်သမ္မတ နိမေရီသည် အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုသော အီဂျစ်နိုင်ငံ၏ လုပ်ရပ်ကို ထောက်ခံသည့် တဦးတည်းသော အာရပ်ခေါင်းဆောင် ဖြစ်သည်။ ဤကဲ့သို့ အီဂျစ်နိုင်ငံအား ထောက်ခံမှုကြောင့် ဆူဒန်နိုင်ငံသည် အီဂျစ်နိုင်ငံအား ပြင်းပြင်းထန်ထန်ဆန့်ကျင်ကြသည့် အခြား အာရပ်နိုင်ငံများနှင့် ဆက်ဆံရေး ပျက်ပြားခဲ့ရသည်။

အီဂျစ်နိုင်ငံကလည်း အပြန်အလှန်အားဖြင့် ဆူဒန်နိုင်ငံအား နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအကူအညီများပေးသည်။

ဆူဒန်နိုင်ငံသည် အရှေ့ဘက် အိမ်နီးချင်းနိုင်ငံဖြစ်သော အီသီယိုးပီးယား နိုင်ငံနှင့် ဆက်ဆံရေး တင်းမာလျက်ရှိသည်။ သို့ရာတွင် ၁၉၇၁ ခုနှစ် အောက်တိုဘာလမှ စ၍ ဆူဒန်နိုင်ငံသည် အီသီယိုးပီးယား နိုင်ငံနှင့် ဆက်ဆံရေး ပြေပြစ်စေရန် ကြိုးပမ်းသည့် အနေဖြင့် အီသီယိုးပီးယား အစိုးရအား ဆန့်ကျင်သည့် လှုတ်မြောက်ရေး အဖွဲ့များ ခြေကုပ်ယူလှုပ်ရှားရာ ဆူဒန်နယ်စပ်ကို ပိတ်ပစ်ခဲ့လေသည်။

အမေရိကန် ပြည်ထောင်စုနှင့်လည်း ဆူဒန် နိုင်ငံသည် ဆက်ဆံရေး ကောင်းမွန်သည်။ ဆူဒန်သမ္မတ နီမေရီသည် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စုသို့ သွားရောက်ကာ အမေရိကန် သမ္မတ ရေဂင်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။ အမေရိကန်က ဆူဒန်နိုင်ငံသို့ စစ်ရေး အကူအညီ ဒေါ်လာ သန်း ၁၀၀ ဖိုးအထိ တိုးမြှင့်ထောက်ပံ့ပြီး ဆူဒန်နိုင်ငံကလည်း စစ်လေယာဉ်ကွင်းများနှင့်ရေတပ် စခန်းများ တိုးခဲ့ခြ စီစဉ်မည် ဖြစ်ပြီး ယင်းစခန်းများကို အရေးပေါ် ကာလတွင် အမေရိကန် ပြည်ထောင်စုအား အသုံးပြုခွင့်ပေးရန် သဘောတူညီကြသည်။

၁၉၇၁ ခုနှစ် မတ်လတွင် ဆူဒန်နိုင်ငံတွင် စစ်တပ်မှ အာဏာသိမ်းရန် ကြိုးပမ်းမှုတရပ်ပေါ် ပေါက်ခဲ့သည်။ နီမေရီ အစိုးရက နှိမ်နင်းဖြိုခွဲနိုင်ခဲ့ပြီး ယင်းသို့ အာဏာသိမ်းရန် ကြိုးပမ်းမှုသည် ဆိုဗီယက်၏ အားပေးကူညီမှုကြောင့် ဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ ဆိုဗီယက်နှင့် ဆက်ဆံရေးမပြေလည်သည့် နောက်ပိုင်းတွင် ဆူဒန်နိုင်ငံသည် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး ကိုးတက် ကောင်းမွန်ခဲ့သည်။ ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဆူဒန်ဒုတိယ သမ္မတ ခါလိသည် တရုတ်နိုင်ငံသို့ တရားဝင် အလည်အပတ်ခရီး သွားရောက်ခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေး တိုးမြှင့်ရန် ကိစ္စများကို ဆွေးနွေး ခဲ့သည်။

ဆေးရဲ့သမ္မတနိုင်ငံ။ ။ဆေးရဲ့ သမ္မတ နိုင်ငံသည် ကျွန်းစုနိုင်ငံတနိုင်ငံဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာအတွင်းရှိ၍ မာဒါဂတ်စကားကျွန်း၏ အရှေ့မြောက်ဘက် မိုင် ၇၀၀ အကွာတွင်ရှိသည်။ အနောက်မြောက်ဘက်တွင် ဆိုမာလီးယားနိုင်ငံရှိသည်။ အနီးဆုံးနိုင်ငံမှာ မာဒါဂတ်စကား ကျွန်းနိုင်ငံဖြစ်သည်။


ဆေးရဲ့ကျွန်းရှိ ကျွန်း ၉၂ ကျွန်းအနက် တဝက်သည် သန္တာကျွန်းများဖြစ်၍ ကျန်တဝက်မှာ ဂဝံကျောက်ကျွန်းများ ဖြစ်ကြသည်။ ဂဝံကျောက်ကျွန်းများမှာ တောင်ကုန်းထူထပ်ပြီး သစ်တောများ ပုံးလွှမ်းနေသည်။

ပူအိုက်စွတ်စိုသော အိုကေတာ ရာသီဥတုမျိုးရှိသည်။ သို့သော် ရာသီဥတုမျှတသည်။ ပျမ်းမျှအပူချိန် ဖရင်းဟိုက် ၇၅ ဒီဂရီမှ ၈၅ ဒီဂရီအထိရှိသည်။

လူမျိုးများသည် ပြင်သစ်၊ဗြိတိသျှ၊ အာဖရိကတိုင်းရင်းသားများနှင့် ယင်းတို့သွေးနှောနေသည့် လူမျိုးများ ဖြစ်ကြသည်။ နောက်ပိုင်းတွင် အာရှနိုင်ငံများမှ တရုတ်လူမျိုး၊အိန္ဒိယလူမျိုးနှင့် မလေးလူမျိုးများရောက်ရှိလာသည်။ ပြင်သစ်ဘာသာစကားပေါ် တွင် အခြေခံပြီး အိန္ဒိယ၊ ဘန်တူနှင့် အင်္ဂလိပ်စကားလုံးများ ရောစပ်ထားသည့် ခရီအိုးလ် ဘာသာစကားကို အများဆုံး ပြောဆိုသည်။ အင်္ဂလိပ် ဘာသာစကားကို ဒုတိယအများဆုံးပြောဆိုကြပြီး လူဦးရေ၏ ငါးရာခိုင်နှုန်းခန့်မှာ ပြင်သစ်စကား ပြောကြသည်။ အင်္ဂလိပ် ဘာသာစကားသည် တရားဝင် ရုံးသုံးဘာသာစကားဖြစ်သည်။

လူဦးရေ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ခရစ်ယာန် ဘာသာကို ကိုးကွယ်ကြသည်။ အစ္စလာမ်ဘာသာ၊ ဗုဒ္ဓဘာသာနှင့် နတ်ကိုးကွယ်သူအနည်းငယ်ရှိသည်။

၁၉၇၆ ခုနှစ် ဇွန်လ ၂၀ ရက်နေ့မှ ၂၉ ရက်နေ့သို့အကူးညဉ့်သန်းခေါင်အချိန်တွင် ပြင်သစ်လက်အောက်ခံ နှစ်ပေါင်း ၅၀ ကျော်၊ ဗြိတိသျှလက်အောက်ခံ နှစ်ပေါင်း ၁၆၀ ကျော်၊ ကိုလိုနီသက်တမ်းရှည်ခဲ့သော ဆေးရဲ့ကျွန်းစုသည် ဆေးရဲ့သမ္မတနိုင်ငံဟူသော အမည်ဖြင့် လွတ်လပ်သောနိုင်ငံ ဖြစ်လာသည်။ ဆေးရဲ့နိုင်ငံ၏ ပထမဆုံး သမ္မတသည် ဂျိမ်းမန်ချမ် ဖြစ်သည်။ တနှစ်ကြာသောအခါ အာဏာအသိမ်းခံရသည်။ အာဏာသိမ်းသူမှာ ဆေးရဲ့ ပြည်သူ့တိုးတက်မှုတပ်ဦးပါတီမှ ဖရန့်အယ်လဗတ်ရီနီ ဖြစ်သည်။



အကျယ်အဝန်း။ ။၁၇၁ စတုရန်းမိုင်
လူဦးရေ။ ။၇၀,၀၀၀
မြို့တော်။ ။ဗစ်တိုးရီးယားမြို့

၁၉၇၈ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် သမ္မတရီနီသည် ၁၉၇၈–၈၂ အတွက် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ထုတ်ပြန်ကြေငြာခဲ့သည်။ ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ မသင်မနေရ အခမဲ့ ပညာရေးစနစ်ကိုလည်း စတင်ဆောင်ရွက်သည်။ ဆေးရဲ့နိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးနှင့် စပ်လျဉ်း၍ သမ္မတရီနီက ကြေငြာရာ၌ အိန္ဒိယသမုဒ္ဒရာ၏ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသော နိုင်ငံများမှ စစ်သင်္ဘောများကို ဆေးရဲ့နိုင်ငံ၏ကျွန်းများတွင် ကပ်ခွင့်မပြုကြောင်း ပါရှိသည်။

၁၉၇၉ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ထုတ်ပြန်ကြေငြာသည်။ အမတ် ၂၅ ဦး ပါဝင်သော အမျိုးသားလွှတ်တော်နှင့် ဆိုရှယ်လစ် တပါတီစနစ်ကို တည်ဆောက်ရန် အခြေခံမူချမှတ်သည်။ သမ္မတကို ငါးနှစ်တကြိမ် သက်တမ်းသုံးကြိမ်ထက်မပိုပဲရွေးချယ်သည်။

ပါလီမန်နှင့်သမ္မတရွေးကောက်ပွဲများကို ဆေးရဲ့နိုင်ငံ၌ ၁၉၇၉ ခုနှစ် ဇွန်လ ၂၃ ရက်မှ ၂၆ ရက်နေ့အထိ ကျင်းပသည်။ ထိုနှစ် မတ်လ ၂၆ ရက်နေ့က အစိုးရကထုတ်ပြန်ကြေငြာသော ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်၏ အခြေခံမူအရ ရွေးချယ်ကြခြင်းဖြစ်သည်။ လွှတ်တော်၏ အမတ် ၂၅ နေရာအနက် ၂၃ နေရာကို ဆေးရဲ့ပြည်သူတိုးတက်မှုတပ်ဦးမှ ၅၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အဆိုပါ ၂၃ နေရာကို အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ရှစ်ဦးရွေးချယ်ခံရသည်။ သမ္မတ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတဖြစ်သူ ဆေးရဲ့ပြည်သူ တိုးတက်မှုတပ်ဦး ပါတီခေါင်းဆောင် ဖရန့်အယ်လဗတ် ရီနီ တဦးတည်းသာယှဉ်ပြိုင်ပြီး သမ္မတဖြစ် ဆက်လက် အရွေးချယ်ခံရသည်။

၁၉၈၁ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးပတ်တွင် ဆေးရဲ့တပ်များနှင့် လူဖြူ ကြေးစားတပ်များ တိုက်ပွဲဖြစ်ပြီးနောက် နေဝင်မိုးငြိမ်း အမိန့် ထုတ်ပြန်ကြေငြာခဲ့သည်။ ဆေးရဲ့နိုင်ငံတကာလေဆိပ်တွင် တိုက်ပွဲဖြစ်ပြီးနောက် နေဝင်မိုးငြိမ်း အမိန့်ထုတ်ပြန်စဉ် ကာလအတွင်း လွှတ်မြောက် သွားကြသော ကြေးစားစစ်သားများသည် အိန္ဒိယ လေကြောင်း ကုမ္ပဏီမှ လေယာဉ်တစင်းကိုအပိုင်စီးကာ တောင်အာဖရိက နိုင်ငံ ဒါဗန်မြို့သို့ ပျံသန်းသွားခဲ့ကြသည်။

တောင်အာဖရိက အစိုးရသည် လေယာဉ် အပိုင်စီးကာ ဒါဗန်မြို့သို့ ထွက်ပြေးလာသည့် ကြေးစား စစ်သား ၄၄ ယောက်အနက် ၃၀ ယောက်ကို လွှတ်ပေးရန် ဆုံးဖြတ်ခဲ့သည်။ ဆေးရဲ့နိုင်ငံတွင် အာဏာသိမ်းရန်ကြိုးပမ်းမှုအတွက် သေဒဏ်နှင့် ရင်ဆိုင်နေရသော ကြေးစား စစ်သားတပ်ဖွဲ့ ဗိုလ်မှူးကြီးမက်မိုက်နှင့် အခြားလေးဦးတို့ကို တောင်အာဖရိက တရားရုံးက အာမခံပေးၫလွှတ်လိုက်ပြီး ကျန်သောကြေးစားစစ်သား ၃၉ ဦးအား လည်း အကျဉ်းမှလွှတ်လိုက်သည်။


လူဖြူ ကြေးစားစစ်သားများ ဦးဆောင်သည့် မအောင်မြင်သော အာဏာသိမ်းမှုနှင့် စပ်လျဉ်း၍ စုံစမ်းပေးပါရန် ကုလသမဂ္ဂသို့ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဆေးရဲ့နိုင်ငံက ပန်ကြားလိုက်သည်။ ဆေးရဲ့နိုင်ငံခြားရေးဝန်ကြီး ဟိုဒွူးက သမ္မတရီနီသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းထံသို့ အကြောင်းကြားစာ ပေးပို့လိုက်ပြီး ဖြစ်ကြောင်း ယင်းစုံစမ်းရေးတွင် အကူအညီပေးရန်အတွက် ဘက်မလိုက်နိုင်ငံများဥက္ကဋ္ဌ ကျူးဗားသမ္မတ ကတ်စထြို့ထံသို့လည်း အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း ပြောကြားသည်။

ကြေးစားစစ်သားတစု၏ မအောင်မြင်သော အာဏာသိမ်းမှုကိစ္စနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးအမြန်ဆုံးခေါ်ယူကျင်းပပေးရန် ဆေးရဲ့နိုင်ငံက ဒီဇင်ဘာလ ၉ ရက်နေ့တွင် ပန်ကြားလိုက်သည်။

ဆေးရဲ့နိုင်ငံခြားရေးဝန်ကြီး ဟိုဒွူးသည် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့သို့ ရောက်ရှိလာပြီး ဆေးရဲ့နိုင်ငံတွင်ကြေးစားစစ်သားများ၏မအောင်မြင်သော အာဏာသိမ်းမှု၌ ကင်ညာနိုင်ငံက ပါဝင်ပတ်သက်သည်ဟူသောကြေးစားစစ်သားများ၏ ထွက်ဆိုချက်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ အဆိုပါ အာဏာသိမ်း ကြိုးပမ်းမှုတွင် ကင်ညာနိုင်ငံ ပါဝင်ကြောင်း အထောက်အထားမတွေ့ရဟု ဆေးရဲ့ သတင်းအေဂျင်စီက တရားဝင်ဖော်ပြသည်။

ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတ နိုင်ငံ။ ။၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ မတ်လ ၃ ရက်နေ့အထိ မော်စကိုမြို့တွင် ဆိုဗီယက် ယူနီယံ ကွန်မြူနစ် ပါတီ၏ ၂၆ ကြိမ်မြောက် ပါတီညီလာခံကို ကျင်းပသည်။ ပြည်ပနိုင်ငံ ၁၀၉ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ပေါင်း ၁၂၃ ဖွဲ့ အပါအဝင် ကိုယ်စားလှယ်ပေါင်း ၄,၉၄၄ ယောက် တက်ရောက်ခဲ့ပြီး ဗဟို ကော်မတီနှင့် အတွင်းရေးမှူးများအဖွဲ့ကို အပြောင်းအလဲ မရှိပဲ ပြန်လည် ဖွဲ့စည်းသည်။ မစ္စတာ ဗရက်ဇနက်သည် ပါတီ ဗဟိုကော်မတီ အထွေထွေ အတွင်းရေးမှူးအဖြစ် ပြန်လည် အရွေးခံရပြီး ၁၁ ကြိမ်မြောက် ငါးနှစ် စီးပွားရေး စီမံကိန်းကို မတ်လ ၂ ရက်နေ့တွင် အတည်ပြုခဲ့သည်။ နဝမအကြိမ်

အကျယ်အဝန်း။	။၈၆,၄၉,၄၉၀ စတုရန်းမိုင်
လူဦးရေ။	။၂၆,၆၆,၇၀,၀၀၀
မြို့တော်။	။မော်စကိုမြို့



ငါးနှစ် စီးပွားရေး စီမံကိန်းနှင့် နှိုင်းစာလျှင် အမျိုးသား ဝင်ငွေ ရှာဘယ် သန်းပေါင်း ၃၁,၂၉,၀၀၀ ပိုမို တိုးတက်လာစေရန် ချမှတ်ထားသော ယင်း စီမံကိန်းတွင် ပြည်သူတို့၏ အမှန်တကယ် တိုးတက်လာမည့် ဝင်ငွေကို ၁၇ ရာခိုင်နှုန်း အထိ လျာထား သတ်မှတ်ထားသည်။

ဆိုဗီယက် ပြည်ထောင်စုတွင် ကုန်ထုတ် စွမ်းအားသည် ၁၉၇၀ ပြည့်နှစ်ကထက် ၅၀ ရာခိုင်နှုန်းနီးပါး တိုးတက်လာသည်။ စိုက်ပျိုးရေး ထုတ်လုပ်မှုတွင် တဟက်တာ အထွက်နှုန်းသည် လွန်ခဲ့သော ဆယ်စုနှစ်ထက် တစ် ဒသမ သုံးဆ တိုးတက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် တဦးချင်း လုပ်ခလစာသည် ၁၉၇၀ ပြည့်နှစ်ထက် တစ် ဒသမ လေး ဆ နီးပါးသို့ တိုးတက်လာသည်။

၁၉၈၈ ပြည့်နှစ်၊ ဇန်နဝါရီလတွင် အမေရိကန်ပြည်ထောင်စုသည် ဆိုဗီယက်တပ်မျှား အာဖဂန်နိစတန်နိုင်ငံသို့ဝင်ရောက်ခြင်းကို အကြောင်းပြု၍ ဆိုဗီယက်သို့ သီးနှံတင်ပို့မှုကို ရပ်ဆိုင်းထားခဲ့ရာ ၁၉၈၁ ခုနှစ် ဧပြီလ ၂၄ ရက်တွင် သမ္မတ ရေဂင်က ထိုရပ်ဆိုင်းထားခြင်းကို ပယ်ဖျက်ပေးလိုက်သည်။ ထို့ကြောင့် ၁၉၈၁ ခုနှစ်အတွင်း အမေရိကန် ဆိုဗီယက်ကုန်သွယ်မှုသည် နှစ်ဆတိုးပြီး၊ သွင်းကုန်နှင့် ပို့ကုန် စုစုပေါင်း ဒေါ်လာ သန်း ၄၀၀၀ ပိုးခန့် ရှိလာသည်။ အမေရိကန် ပြည်ထောင်စုမှ ဆိုဗီယက်သို့ ကုန်ပစ္စည်းစုစုပေါင်း ဒေါ်လာ သန်း ၃,၂၀၀ ပိုး တင်ပို့ကာ၊ ဆိုဗီယက် ပြည်ထောင်စုမှ အမေရိကန်ပြည်ထောင်စုသို့ ကုန်ပစ္စည်း ဒေါ်လာ သန်း ၈၀၀ ပိုးခန့် တင်ပို့သည်။

ဆိုဗီယက် ပြည်ထောင်စုသည် တရုတ်ပြည်သူ သမ္မတ နိုင်ငံနှင့်လည်း ကုန်သွယ်ရေး ဆွေးနွေးပွဲများကို နှစ်စဉ် ကျင်းပပြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေး ပမာဏကို အရှေ့ဥရောပ နိုင်ငံများနှင့် တန်းတူနီးပါး တိုးမြှင့်သွားရန် ကြိုးပမ်း ညှိနှိုင်းလျက် ရှိသည်။ ၁၉၈၁ ခုနှစ်ကနှစ်နိုင်ငံကုန်သွယ်ရေးတွင် စုစုပေါင်း ဒေါ်လာ သန်း ၂၄၀ ပိုးရှိပြီး၊ ၁၉၈၀ ပြည့်နှစ်ကထက် ၄၅ ရာခိုင်နှုန်း လျော့နည်းသွားသည်။ ၁၉၈၀ ပြည့်နှစ်က နှစ်နိုင်ငံ ကုန်သွယ်ရေးတွင် ဒေါ်လာ သန်း ၄၆၀ ပိုး ရှိခဲ့သည်။

ဆိုဗီယက် ပြည်ထောင်စု ဆိုက်ဗေးရီးယား ပြည်နယ် ကျောက်မီးသွေးနှင့် သစ်တောလုပ်ငန်း တိုးချဲ့ရေးအတွက် ဆိုဗီယက် ပြည်ထောင်စုသည် ဂျပန်နိုင်ငံမှ အမေရိကန်





ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီ၏ ၂၆ ကြိမ်မြောက် ပါတီညီလာခံ ကျင်းပနေပုံ

ဒေါ်လာ ၉၂ ကုဋေနှင့်ညီမျှသော ယန်းငွေ ကုဋေ ၂၀,၀၀၀ ကို ချေးယူရန် ၁၉၈၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် စာချုပ် ချုပ်ဆိုခဲ့သည်။

၁၉၈၁ ခုနှစ် ဧက်တင်ဘာလ ၁၅ ရက်နေ့မှစ၍ ဆိုဗီယက် ပြည်ထောင်စု၏ ဓာတ်ဆီ စျေးနှုန်းကို ရာခိုင်နှုန်း ၁၀၀ မြှင့်တင်ခဲ့သည်။ ဓာတ်ဆီ စျေးနှုန်း မြှင့်တင်ကြောင်း ကြေငြာရာတွင် အရက်သေစာများ၊ ကျောက်မျက်ရတနာများ၊ သားမွေးများကိုလည်း သုံးစွဲမှုကန့်သတ်ရန် စျေးနှုန်း မြှင့်ထားကြောင်း၊ အခြေခံ စားကုန် ပေါင်မုန့်နှင့် အသားစျေးနှုန်းများကိုမူ ရှိရင်းအတိုင်း သတ်မှတ်ကြောင်း၊ ဆေးဝါးနှင့် အဝတ်အထည် စျေးနှုန်းကို ရှိရင်းထက် လျှော့ချလိုက်ကြောင်း တို့ကိုပါ ဖော်ပြခဲ့သည်။

ဆိုဗီယက် ပြည်ထောင်စုသည် ၁၉၇၆ ခုနှစ်မှစ၍ ကမ္ဘာ့ထိပ်တန်း ရေနံထုတ်နိုင်ငံ ဖြစ်လာသည်။ ဓာတ်ဆီ စျေးကို ရာခိုင်နှုန်း ၁၀၀ မြှင့်တင် လိုက်ခြင်းကြောင့် တဂါလံလျှင် မူလ ၁ ဒသမ ၂၂ ဒေါ်လာမှ ၂ ဒသမ ၄၄ ဒေါ်လာ ဖြစ်သွားသည်။ ၁၉၇၈ ခုနှစ်ကလည်း အလားတူ ဓာတ်ဆီ စျေးနှုန်းကို ရာခိုင်နှုန်း ၁၀၁ မြှင့်တင်ခဲ့သည်။


ဆိုဗီယက် ပြည်ထောင်စု၏ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုသည် ၁၉၈၁ ခုနှစ် ကုန်တွင် ကုဗမီတာသန်းပေါင်း လေးသိန်း နှစ်သောင်းခန့် ရှိသည်။ ဆိုက်ဗေးရီးယားဒေသမှ ထုတ်လုပ်မှုမှာ ရာခိုင်နှုန်း ၄၀ ရှိသည်။ ဆိုက်ဗေးရီးယား အရှေ့ဘက် ဒေသတွင်ရှိသည့် ဗဟို အေရှနှင့် ယာကွတ်တီးယား ဒေသများတွင် ဓာတ်ငွေ့သိုက် အများအပြားရှိ၍ ၁၉၈၀ ပြည့်နှစ်တွင် ဆိုက်ဗေးရီးယားအနောက်ဘက်ဒေသရှိ ဓာတ်ငွေ့သိုက် ခြောက်ခုမှ အများဆုံး ထုတ်လုပ်ခဲ့သည်။

ဆိုက်ဗေးရီးယားမှ အနောက် ဥရောပသို့ မိုင် ၃,၅၀၀ ရှည်လျားပြီး၊ တနှစ်လျှင် ကုဗမီတာ သန်းပေါင်း နှစ်သိန်း ခုနစ်သောင်း အထိ တင်ပို့ ရောင်းချပေးနိုင်မည့် ဓာတ်ငွေ့ပိုက်လိုင်းကြီးကို တည်ဆောက်လျက် ရှိသည်။ တည်ဆောက်မှုကို ၁၉၈၄ ခုနှစ်တွင် အပြီးသတ်ရန် ရည်မှန်းထားသည်။ အနောက် ဥရောပ နိုင်ငံများသည် ဆိုဗီယက်မှ သဘာဝဓာတ်ငွေ့ ၁၀ ရာခိုင်နှုန်းကို နှစ်စဉ် ဝယ်ယူ သုံးစွဲနေရဆဲ ဖြစ်သည်။ ထို့ကြောင့် ထိုပိုက်လိုင်း တည်ဆောက်ရေးကို အနောက် ဥရောပ နိုင်ငံများက အားပေးလျက် ရှိသည်။ ထိုပိုက်လိုင်းဖြင့် သဘာဝ ဓာတ်ငွေ့များကို အနောက်ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ ဟော်လန်၊ ဗယ်လ်ဂျီယံနှင့် ဩစတြီးယား နိုင်ငံများသို့ ပို့လွှတ် ရောင်းချမည် ဖြစ်သည်။

တကမ္ဘာလုံးရှိ ဓာတ်ငွေ့ ပမာဏ စုစုပေါင်း၏ သုံးပုံတပုံခန့် ရရှိရန် သေချာသော ဆိုဗီယက် ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ဓာတ်ငွေ့သိုက် အကြွယ်ဝဆုံး ဖြစ်သည်။ နှစ်စဉ် နှစ်တိုင်း အနောက်ဥရောပ နိုင်ငံများသို့ သဘာဝ ဓာတ်ငွေ့ ကုဗမီတာ သန်း ၄၀,၀၀၀ တင်ပို့သည့် အနက် လေးပုံ သုံးပုံကျော်သည် ဥရောပ ဘုံစျေး အဖွဲဝင် နိုင်ငံများ (အီး အီး စီ)သို့ တင်ပို့ခြင်း ဖြစ်သည်။

ဆတ္တား၊ အဗ္ဗဒပ်။ ။(ဘင်္ဂလားဒေ့ရှ သမ္မတနိုင်ငံ—ရှု။)

ဆို့ဒင်နိုင်ငံ။ ။ဆို့ဒင်နိုင်ငံသည် ဥရောပမြောက်ပိုင်း အအေးပိုင်းဇုံအတွင်း တည်ရှိပြီး မြောက်ပိုင်းဒေသသည် အာတိတ်စက်ဝိုင်းအတွင်း ကျရောက်သည်။ ဆို့ဒင်နိုင်ငံ၏ မြောက်ပိုင်းဒေသသည် တောင်ထူထပ်သည်။ မြောက်ပိုင်းဒေသတွင် ဆို့ဒင်နိုင်ငံနှင့် နော်ဝေနိုင်ငံတို့ကို နယ်နိမိတ် အဖြစ် ပိုင်းခြားထားသော ကျိုလင်တောင်တန်းရှိသည်။ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများမှာ မြေနိမ့်ဒေသဖြစ်သည်။ တောင်ပိုင်းမှာမူ မြစ်ဝှမ်းများ၊ လွင်ပြင်များ၊ သစ်တောများ ပေါများပြီး မြေဩဇာအလွန်ကောင်းမွန်သော ဒေသ ဖြစ်သည်။ ဆို့ဒင်နိုင်ငံ၏ ပင်လယ် ကမ်းခြေတလျှောက်တွင် ကျန်းငယ်များစွာရှိပြီး အကြီးဆုံးကျွန်း နှစ်ကျွန်းမှာ ဂေါ့တလန်နှင့် အော်လန်ကျွန်းများဖြစ်သည်။



ပြည်ပနှင့် ဆက်သွယ်ရာတွင် ရေကြောင်းလမ်းဖြင့် အများဆုံးဆက်သွယ်သည်။ ပြည်တွင်းတွင် စတော့ဟုမ်းနှင့် ဂိုတေးဘို့မြို့ကို ဆက်သွယ်ထားသော မိုင် ၃၆၀ ရှည်လျားသည့် ဂိုတာတူးမြောင်းသည် ထင်ရှားသည်။ အဓိကမြို့ကြီးများဖြစ်သော စတော့ဟုမ်း၊ ဂိုတေးဘို့နှင့် မာမိုးမြို့

ကို ဆက်သွယ်ထားသော မီးရထားလမ်းများသည် မိုင် ပေါင်း ၁၀၀၀ ခန့်ရှိ၍ မော်တော်ကားလမ်းသည် ၆၀,၃၀၄ မိုင်ခန့်ရှိသည်။

ဆွီဒင်နိုင်ငံသည် ကုလသမဂ္ဂနှင့် ယင်းလက်အောက်ခံ အဖွဲ့အစည်းများ၊ ဒေသန္တရ အဖွဲ့အစည်းများဖြစ်သော ဥရောပကောင်စီ၊ နော်ဒစ်ကောင်စီ၊ လွတ်လပ်သောဥရောပ ကုန်သွယ်ရေးအသင်းနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးအဖွဲ့တို့တွင် ပါဝင်သည်။

ဆွီဒင်နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသော နိုင်ငံဖြစ်သော်လည်း စက်မှုလုပ်ငန်းများကိုပါ တနွေ့တခြား တိုးတက်လုပ်ကိုင်ဆောင်ရွက်လာခဲ့သည်။ အဓိက စီးပွားရေးလုပ်ငန်းများကို အစိုးရပိုင်၊ ပုဂ္ဂလိကပိုင်နှင့် သမဝါယမပိုင်များအဖြစ် လုပ်ကိုင်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် သံရိုင်းအကြွယ်ဝဆုံးနိုင်ငံဖြစ်သည်။ ကြေးနီ၊ ရွှေ၊ ငွေ၊ ခဲ၊ မင်းဂနိုးစ်သတ္တုရိုင်းနှင့် အာဆင်းနစ် သတ္တုရိုင်းများထွက်သည်။ စက္ကူ၊ သစ်နှင့်သစ်တောထွက်ပစ္စည်းများ၊ သံရိုင်း၊ သံမဏိနှင့် လျှပ်စစ်ဓာတ်အားသုံး စက်မှုကိရိယာများသည် ဆွီဒင်နိုင်ငံ၏ အဓိက ပြည်ပပို့ကုန်များဖြစ်သည်။ ဆွီဒင်နိုင်ငံသည် စကင်ဒီနေဗီးယားနိုင်ငံများအနက် အချမ်းသာဆုံးနှင့် လူဦးရေအထူထပ်ဆုံးသောနိုင်ငံဖြစ်သည်။ လက်ရှိအာဏာရအစိုးရက အခြေသောစီးပွားရေး လုပ်ငန်းများကို

အကျယ်အဝန်း။	။၁,၇၃,၆၆၅ စတုရန်းမိုင်
လူဦးရေ။	။၈၃,၁၀,၀၀၀
မြို့တော်။	။စတော့ဟုမ်းမြို့

သာ နိုင်ငံပိုင်လုပ်ခဲ့ပြီး ဆွီဒင်စက်မှုလက်မှု လုပ်ငန်းများ၏ ရာခိုင်နှုန်း ၉၀ ကို ပုဂ္ဂလိကပိုင်အဖြစ် ထားရှိသည်။ သို့ရာတွင် အစိုးရက နိုင်ငံ၏စီးပွားရေး လုပ်ငန်းအများအပြားကို ချုပ်ကိုင်ထားနိုင်စွမ်းရှိသည်။ ဗြိတိသျှ သမဝါယမစီမံကိန်းကိုနမူနာပြုလျက် ၁၈၉၉ ခုနှစ်မှစ၍ သမဝါယမအဖွဲ့များကို စတင်တည်ထောင်ခဲ့သည်။ အဓိကအားဖြင့် စားသုံးသူ သမဝါယမများနှင့် ထုတ်လုပ်သူ သမဝါယမများပဲ့စည်းခဲ့သည်။

ဆွီဒင်နိုင်ငံသည် စည်းမျဉ်းခံ ဘုရင်စနစ်ကို လက်ခံကျင့်သုံးသည်။ ၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်သော လွှတ်တော်အမတ် ၃၅၀ ဦးပါဝင်သည့် လွှတ်တော်တရပ်တည်းရှိသော စနစ်ကို ကျင့်သုံးသည်။ ပြည်နယ် ၂၄ ခု ခွဲခြားအုပ်ချုပ်သည်။ ဘုရင်သည် တဆယ့် ခြောက်ဆက်မြောက် ဂုစတပ်ကားဖြစ်၍ လက်ရှိ ဝန်ကြီးချုပ်သည် သော်ကျန်ဖောလဒင်ဖြစ်သည်။

၁၉၁၁ ခုနှစ်ဖေဖွာရီလ ၉ ရက်နေ့တွင် ဆွီဒင် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး လေ့ဖလင်းသည် နယူးဒေလီမြို့၌ကျင်းပသောဘက်မလိုက်ညီလာခံသို့တက်ရောက်သည်။

၁၉၁၁ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ဆွီဒင် ဝန်ကြီးချုပ် သော်ဂျန်ဖောလဒင်သည် တရုတ်နိုင်ငံ ပီကင်းမြို့သို့ ရက်သတ္တပတ်ကြာ တရားဝင် လည်ပတ်ခဲ့ပြီး တရုတ်ပြည်သူသမ္မတနိုင်ငံ ဝန်ကြီးချုပ် ကျောက်ကျိယန်နှင့် တွေ့ဆုံဆွေးနွေးသည်။

အမေရိကန်က ဆွီဒင်နိုင်ငံအား စစ်လေယာဉ်အင်ဂျင်စက်တမျိုး ပူးတွဲထုတ်လုပ်ရေးကို ၁၉၁၁ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် သဘောတူ စာချုပ်တရပ် ချုပ်ဆိုလိုက်သည်။

၁၉၁၁ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် စတော့ဟုမ်းမြို့၌ ကျင်းပသော အကြိမ် ၂၀ မြောက် ဆိုရှယ် ဒီမိုကရက်တစ်ပါတီ ကွန်ဂရက်က ဆွီဒင် ဝန်ကြီးချုပ်ဟောင်း အိုလော့ပမ်းအား ပါတီခေါင်းဆောင်အဖြစ် ပြန်လည်ရွေးချယ် တင်မြှောက်ခဲ့သည်။

၁၉၁၁ ခုနှစ် နိုဝင်ဘာလတွင် အယ်လဘေးနီးယားနိုင်ငံမှ ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဆွီဒင်သို့ လာရောက်၍ ငါးနှစ်အတွက် ကုန်သွယ်ရေး စာချုပ်တရပ်ကို ချုပ်ဆိုခဲ့သည်။

ဆွန်ချင်လင်း၊ မဒမ် (ခရစ် ၁၈၉၃-၁၉၁၁) ။ ။တရုတ်ပြည်သူသမ္မတနိုင်ငံ၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသော မဒမ်ဆွန်ချင်လင်းသည် ၁၈၉၃ ခုနှစ် ဇန္နဝါရီလ ၂၇ ရက်နေ့တွင် ကွမ်းတုန်ပြည်နယ်၌ မွေးဖွားသည်။



မဒမ်ဆွန်ချင်လင်း

၁၉၀၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၁၃ ခုနှစ်တွင် တရုတ်ပြည်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဒေါက်တာ ဆွန်ယက်ဆင်၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၁၅ ခုနှစ်တွင် ဒေါက်တာဆွန်ယက်ဆင်နှင့် အိမ်ထောင်ပြုသည်။

၁၉၂၇ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ရှန်ဟိုင်းမြို့၌ တန်ပြန်တော်လှန်ရေး အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက် ဆွန်ချင်လင်းနှင့် ကူမင်တန်ပါတီမှ လက်ဝဲသမား များက မော်စီတုန်း ခေါင်းဆောင်သော တရုတ်ကွန်မြူနစ်များနှင့် ပူးပေါင်းကာ ချန်ကေရှိတ်အား ရှုတ်ချကြသည်။

နန်ချန်းပုန်ကန်ထကြွမှု ပေါ်ပေါက်သည့်အခါ ချူအင်လိုင်းနှင့်အဖွဲဝင် ၂၄ ဦး ပါဝင်သည့် တော်လှန်ရေးကော်မတီကို ဖွဲ့စည်းခဲ့ရာ ဆွန်ချင်လင်းသည် တော်လှန်ရေးကော်မတီ၏ သဘာပတိ ခုနစ်ဦးအဖွဲ့တွင် ပါဝင်ခဲ့သည်။

ဆွန်ချင်လင်းသည် နိုင်ငံတကာ နယ်ချဲ့တော်လှန်ရေး လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ရာ ၁၉၂၉ ခုနှစ်တွင် နယ်ချဲ့ဆန့်ကျင်ရေးအဖွဲချုပ်၏ ဒုတိယကွန်ဂရက်တွင် ဂုဏ်ထူးဆောင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။

၁၉၃၁ ခုနှစ်တွင် ဆွန်ချင်လင်း တရုတ်ပြည်သို့ ပြန်လည်ရောက်ရှိပြီး ဂျပန်ဆန့်ကျင်ရေး အမျိုးသားညီညွတ်ရေးတပ်ဦးကို ဖွဲ့စည်းကာ ချန်ကေရှိတ်အစိုးရအား ဆန့်ကျင်ခဲ့သည်။

ဆွန်ချင်လင်းသည် ကူမင်တန် အစိုးရက ပေးသည့် ရာထူးကို လက်မခံပဲ ကွမ်ကျုံးမြို့နှင့် ဟောင်ကောင်မြို့များသို့ သွားရောက်ကာ တရုတ်ကာကွယ်ရေးအဖွဲ့ကိုထူထောင်သည်။

၁၉၄၉ ခုနှစ် တရုတ်ပြည်သူ သမ္မတနိုင်ငံ ထူထောင်လိုက်သည့်အခါ ဗဟိုပြည်သူအစိုးရအဖွဲ့တွင် ဆွန်ချင်လင်းအား ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်သည်။

၁၉၅၄ ခုနှစ်တွင် ပြည်လုံးဆိုင်ရာ ကွန်ဂရက်၏ အမြဲတမ်း ကော်မတီတွင် ဒုတိယ ဥက္ကဋ္ဌ၊ ၁၉၅၉ ခုနှစ်နှင့် ၁၉၆၅ ခုနှစ်တွင် တရုတ်ပြည်သူ သမ္မတနိုင်ငံ၏ ဒုတိယ ဥက္ကဋ္ဌ၊ ၁၉၇၅ ခုနှစ်တွင် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူကွန်ဂရက်၏ အမြဲတမ်းကော်မတီတွင် ဒုတိယ ဥက္ကဋ္ဌအဖြစ် ထပ်မံ ရွေးချယ်ခံရသည်။


၁၉၅၂ ခုနှစ်တွင် ကွန်မြူနစ်ပါတီဥက္ကဋ္ဌ မော်စီတုန်းနှင့်အတူ ဆိုဗီယက်ပြည်ထောင်စုသို့ သွားရောက်ခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံစသည့် အိမ်နီးချင်းနိုင်ငံများသို့လည်း ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့သည်။

၁၉၆၁ ခုနှစ် မေလ ၁၅ ရက်နေ့တွင် တရုတ်ကွန်မြူနစ်ပါတီသည် မဒမ်ဆွန်ချင်လင်းအား တင်းပြည့် ပါတီဝင်အဖြစ် လက်ခံကြောင်း တညီတညွတ်တည်း သဘောတူဆုံးဖြတ်သည်။

၁၉၆၁ ခုနှစ် မေလ ၁၆ ရက်နေ့တွင် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူကွန်ဂရက်၏ အမြဲတမ်း ကော်မတီသည် မဒမ်ဆွန်ချင်လင်းအား ဂုဏ်ပြုသော အားဖြင့် တရုတ်ပြည်သူ သမ္မတနိုင်ငံ၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့သည်။

မဒမ်ဆွန်ချင်လင်းသည် ၁၉၆၁ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် သွေးကင်ဆာရောဂါဖြင့် တရုတ်ပြည်သူ သမ္မတနိုင်ငံ ပီကင်းမြို့တော်တွင် ကွယ်လွန်ခဲ့သည်။

ဇင်ဗာဗွေ သမ္မတ နိုင်ငံ။ ။ဇင်ဗာဗွေ နိုင်ငံသည် ၁၉၆၀ ပြည့်နှစ် ဧပြီလတွင် ဗြိတိသျှ ကိုလိုနီဘဝမှ လွတ်မြောက်ကာ လွတ်လပ်ရေး ရရှိလာသည်။ ဇင်ဗာဗွေနိုင်ငံကို ဝန်ကြီးချုပ် ရောဗတ်မူဂါဗီ ခေါင်းဆောင်သော ဇင်ဗာဗွေ ညွှန်ပေါင်းအစိုးရက ဦးဆောင်လျက်ရှိလေသည်။



ဇင်ဗာဗွေ အစိုးရသည် နိုင်ငံလွတ်လပ်ရေးရချိန်မှစ၍ နိုင်ငံပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မြေယာပြန်လည်နေရာချထားရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒုက္ခသည်များ နေရပ်သို့ပြန်ရေးနှင့် နေရာချထားရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သည်။ ထို့ပြင် ရောဗတ်မူဂါဗီကို သစ္စာခံသည့် ဇန်လာတပ်ဖွဲ့၊ အင်ကိုမိုကို သစ္စာခံသည့် ဇစ်ပရာတပ်များနှင့် လူဖြူများ ဦးဆောင်သည့် ဇင်ဗာဗွေတပ်မတော်တို့ကို ပူးပေါင်း၍ အမျိုးသားတပ်မတော်သစ်တရပ် ထူထောင်နိုင်ရန် ကြိုးပမ်းခဲ့သည်။ တဆက်တည်းမှာပင် ဇင်ဗာဗွေနိုင်ငံကို

စီးပွားရေးတိုးတက်မှုရှိပြီး လူမှုရေးအရ ညီမျှမှုရှိသောနိုင်ငံတော်အဖြစ်–တည်ထောင်ရန်၊ လူဖြူနှင့် လူမည်းတို့အကြား ဝင်ငွေကွာဟမှုနည်းပါးစေရန်၊ စီးပွားရေးဆိုင်ရာမူဝါဒများ ချမှတ်၍ ဆောင်ရွက်ခဲ့သည်။ ရောဗတ်မူဂါဗီသည် အိမ်နီးချင်း အာဖရိက လူမည်းနိုင်ငံများနှင့် ချစ်ကြည်စွာ ဆက်ဆံသည့်အပြင် နိုင်ငံပြန်လည် ထူထောင်ရာတွင် စီးပွားရေး အကူအညီ အများဆုံး ပေးကြမည့် ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၊ အီတလီနိုင်ငံတို့နှင့် ဆက်ဆံရေးကောင်းမွန်အောင် ကြိုးပမ်းခဲ့လေသည်။

ဇင်ဗာဗွေ နိုင်ငံသည် ကမ်းရိုးတန်းမဲ့ နိုင်ငံတနိုင်ငံဖြစ်ရာ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်ရာတွင် တောင်အာဖရိက နိုင်ငံ၏ ဆိပ်ကမ်းများ၊ မီးရထားလမ်းများကို အားကိုးနေရလေသည်။ ထို့ကြောင့် ဇင်ဗာဗွေအစိုးရသည် အသားအရောင် ခွဲခြားမှုစနစ်ကို ကျင့်သုံးလျက်ရှိသော တောင်အာဖရိကနိုင်ငံနှင့် နိုင်ငံရေး၊ သံတမန်ရေးနှင့် အားကစားဆိုင်ရာ ကိစ္စများတွင်အဆက်အသွယ် မပြုလိုကြောင်း ကြေငြာပြီး သံအဆက်အသွယ် ဖြတ်တောက်ခဲ့သော်လည်း နှစ်နိုင်ငံကုန်သွယ်မှု ကိစ္စများကိုမူ ပုံမှန်အတိုင်း ထားရှိခဲ့ရလေသည်။ တချိန်တည်းမှာပင် နမီးဗီးယားပြဿနာနှင့် စပ်လျဉ်း၍ တောင်အာဖရိက နိုင်ငံအပေါ် နိုင်ငံတကာ ကုန်သွယ်ရေး အရေးယူ ပိတ်ဆို့မှု ပြုလုပ်ပါက ဇင်ဗာဗွေ နိုင်ငံအနေဖြင့် ပါဝင်မည် မဟုတ်ကြောင်း ကြေငြာခဲ့လေသည်။

ဇင်ဗာဗွေဝန်ကြီးချုပ် ရောဗတ်မူဂါဗီသည် ၁၉၈၁ ခုနှစ် ဇန္နဝါရီလတွင် ဇင်ဗာဗွေအစိုးရအဖွဲ့ကို ပထမဆုံးအကြိမ် ပြောင်းလဲဖွဲ့စည်းသည်။ အစိုးရအဖွဲ့ အပြောင်းအလဲ ပြုလုပ်ခြင်းကြောင့် ဝန်ကြီးချုပ်၏ ဇာနူးမျိုးချစ် တပ်ဦးပါတီသည် လုံခြုံရေးနှင့်ဆိုင်သည့် ဝန်ကြီးဌာန နှစ်ခုစလုံးကို ထိန်းချုပ်ထားနိုင်ပြီး ပါတီ၏အနေအထားကို ပိုမိုခိုင်မာစေခဲ့သည်။ ထိုသို့ ဖွဲ့စည်းရာတွင် ပြည်ထဲရေး ဝန်ကြီးဂျိုရွှဝါအင်ကိုမိုကို ပြည်သူ့လုပ်ငန်းဝန်ကြီးအဖြစ် ပြောင်းလဲခန့်အပ်သည်။ သို့သော် အင်ကိုမိုက ရောဗတ်မူဂါဗီသည် လုံခြုံရေးနှင့်ဆိုင်သော ဝန်ကြီးဌာနများကို မျိုးချစ်တပ်ဦးပါတီနှင့် ဇာနူးမျိုးချစ်တပ်ဦးပါတီတို့ ခွဲဝေယူကြမည်ဟု သောသဘောတူညီချက်ကိုချိုးဖောက်ခြင်းကြောင့် ဝန်ကြီးနေရာ အပြောင်းအလဲကို လက်မခံနိုင်ဟု ကြေငြာသည်။

ထို့ပြင် အင်ကိုမို၏ နောက်လိုက်များကလည်း ပြည်သူ့လုပ်ငန်း ဝန်ကြီးဌာနသည် အင်ကိုမိုနှင့် သင့်လျော်ခြင်း မရှိသဖြင့် ထိုသို့အပြောင်းအလဲ လုပ်ခြင်းသည် အင်ကိုမိုအား သိက္ခာချခြင်းပင် ဖြစ်သည်ဟုယူဆပြီး မျိုးချစ်တပ်ဦးပါတီအနေဖြင့် အစိုးရအဖွဲ့မှနုတ်ထွက်ရန် တိုက်တွန်းခဲ့သည်။ ထို့ကြောင့် ရောဗတ်မူဂါဗီသည် အမျိုးသား ညီညွတ်ရေးကိုရှေးရှု၍ အင်ကိုမိုကို ဌာနလက်ကိုင်မရှိ ဝန်ကြီးအဖြစ် ပြောင်းလဲခန့်အပ်ခဲ့သည်။ ရာထူးသစ်အရ အင်ကိုမိုသည် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ရောဗတ်မူဂါဗီကို ကူညီမှုများပေးရမည်ဖြစ်ပြီး အစိုးရအဖွဲ့၏ လုံခြုံရေးကော်မတီနှင့်ဆိုင်သည့် အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိမည် ဖြစ်လေသည်။

ဇင်ဗာဗွေအစိုးရသည် နိုင်ငံ၏စီးပွားရေး ပြန်လည်ထူထောင်ရာတွင် လိုအပ်လျက်ရှိသည့် ပြည်ပငွေကြေး အကူအညီများရရှိစေရန်ရည်ရွယ်လျက် အကူအညီပေးကြမည့် နိုင်ငံများ၏ကွန်ဖရင့်ကို ၁၉၈၁ ခုနှစ် မတ်လ ၂၃ ရက်နေ့မှ ၂၇ ရက်နေ့အထိ ဇင်ဗာဗွေနိုင်ငံ ဆော့ဘာရီမြို့တွင် ကျင်းပခဲ့သည်။ ကွန်ဖရင့်သို့ ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စု၊ပြည်ထောင်စုသမ္မတဂျာမနီ၊တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်နှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၂ ခုမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။ ကွန်ဖရင့်တွင် ဗြိတိန်နိုင်ငံသည် ၁၉၈၁–၈၃ ခုနှစ်များအတွက် အကူအညီ ဒေါ်လာ ၃၀၇ သန်း ကို လည်းကောင်း၊ အမေရိကန်နိုင်ငံက ၁၉၈၀–၈၁ ခု ဘဏ္ဍာနှစ်အတွက် ဒေါ်လာ ၂၂၅ သန်းကိုလည်းကောင်း၊ ဆို့ဒင်နိုင်ငံက လောလောဆယ်တွင် ဒေါ်လာ ၁၀ သန်း ခွဲပေးထားပြီး နောက်ထပ် ဒေါ်လာ ၂၂ ဒသမ ၅ သန်းကို လည်းကောင်း ဇင်ဗာဗွေနိုင်ငံသို့ အကူအညီ ပေးမည်ဟု ကတိပြု ခဲ့ကြသည်။ တဆက်တည်းမှာပင် ရောဗတ်မူဂါဗီသည် ပြည်ပစီးပွားရေး အကူအညီများ ထပ်မံရရှိရေးအတွက် ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့လေသည်။

၁၉၈၁ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ရောဗတ်မူဂါဗီသည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ငါးရက်ကြာနေထိုင် လည်ပတ်ရန်တရုတ်ပြည်သူ သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ပြီး တရုတ်ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ဟူယိုပန်နှင့်လည်းကောင်း၊ ဝန်ကြီးချုပ် ကျောက်ကျိယန်နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ မေလ ၁၄ ရက်နေ့တွင် တရုတ်နှင့်ဇင်ဗာဗွေ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှု အပြန်အလှန် ဖလှယ်ရေး သဘောတူညီချက်နှစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်။

မေလ ၁၇ ရက်နေ့တွင် ရောဗတ်မူဂါဗီနှင့် အဖွဲ့သည် ဂျပန်နိုင်ငံတိုကျိုမြို့သို့ ရောက်ရှိသည်။ မေလ ၁၉ ရက်နေ့

အကျယ်အဝန်း။	။၁,၅၀,၃၃၃ စတုရန်းမိုင်
လူဦးရေ။	။၇၃,၆၀,၀၀၀
မြို့တော်။	။ဆော့ဘာရီမြို့


တွင် ဂျပန်ဝန်ကြီးချုပ် ဇင်ကိုဆူဇူကီးနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ဂျပန်ဝန်ကြီးချုပ်က ဂျပန်နိုင်ငံသည် ဇင်ဗာဗွေနိုင်ငံသို့ စီးပွားရေးအကူအညီ ဒေါ်လာ ၆ ဒသမ ၃၆ သန်း ပေးအပ်မည်ဖြစ်ပြီး ၁၉၈၁ ခုနှစ်တွင် ဇင်ဗာဗွေနိုင်ငံ၏ လမ်းလုပ်ငန်းစီမံချက်များအတွက် ချေးငွေဒေါ်လာ ၁၆ ဒသမ ဂ သန်း ကူညီမည်ဟု ကတိပြုခဲ့လေသည်။

ဝန်ကြီးချုပ်ရောဗတ်မူဂါဗီသည် မေလ ၂၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ဆိုက်ရောက်ခဲ့ပြီး ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီနှင့် တွေ့ဆုံဆွေးနွေးသည်။ မေလ ၂၂ ရက်နေ့တွင် အိန္ဒိယနှင့်ဇင်ဗာဗွေနိုင်ငံတို့သည် ငါးနှစ်သက်တမ်းရှိသော နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

မေလ ၂၃ ရက်နေ့တွင် ရောဗတ်မူဂါဗီသည် ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိလာပြီး ပါကစ္စတန်သမ္မတ ဇီယာအူးလဟာက်နှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် ပါကစ္စတန်နှင့်ဇင်ဗာဗွေနိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုး ခဲ့ကြသည်။

ဇမ်ဗီးယားသမ္မတနိုင်ငံ။ ။၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် သမ္မတ ကာ့န်ဒါသည် နောက်ထပ် သမ္မတ ငါးနှစ်သက်တမ်းအတွက် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။ တချိန်တည်းမှာပင် သမ္မတကာ့န်ဒါသည် ညီညွတ်သော အမျိုးသား လွတ်လပ်ရေးပါတီနှင့် အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းကာ ထိထိရောက်ရောက် လုပ်ကိုင်နိုင်ရန်အတွက် အစိုးရအဖွဲ့ဝင်ဦးရေကို လျှော့ချခဲ့ပြီး ၁၉၇၉ ခုနှစ် ဇန္နဝါရီလ ၂ ရက်နေ့တွင် အစိုးရအဖွဲ့သစ် စာရင်းကို ထုတ်ပြန်ခဲ့သည်။

၁၉၇၈ ခုနှစ်အတွင်း ဇမ်ဗီးယားနိုင်ငံသည် စီးပွားရေးအခက်အခဲ ပြင်းပြင်းထန်ထန် ခံစားရသည်။ ဇမ်ဗီးယား



နိုင်ငံ ထွက်ကုန်၏ ၉၀ ရာခိုင်နှုန်းဖြစ်သော ကြေးနီတင်ပို့ရောင်းချခြင်းကို တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ထားခြင်းနှင့် သယ်ယူပို့ဆောင်ရေး အခက်အခဲများ ပေါ်ပေါက်ခြင်းတို့ ဖြစ်သည်။

ဆိုးဝါးသော စီးပွားရေး အခြေအနေများ ပေါ်ပေါက်လာသောကြောင့် ၁၉၇၈ ခုနှစ်တွင် ဇမ်ဗီးယားနိုင်ငံ သုံးငွေကုဋာချာကို ၁၀ ရာခိုင်နှုန်း တန်ဖိုးလျှော့ချခဲ့ရသည်။ ၁၉၇၆ ခုနှစ် ဇူလိုင်လကလည်း ၂၀ ရာခိုင်နှုန်း ငွေတန်ဖိုးလျှော့ချခဲ့ရသေးသည်။

၁၉၈၀ ပြည့်နှစ် အောက်တိုဘာလအတွင်းက အာဏာသိမ်းရန် ကြံစည်ကြိုးပမ်းမှုတရပ်ကို တားဆီးနိုင်ခဲ့သည်။ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဇမ်ဗီးယားတပ်ဖွဲ့များသည် အာဏာသိမ်းရန် ကြံစည်သော တပ်ဖွဲ့များနှင့် လူဆာကာမြို့ တောင်ဘက်ရှိ ချီလန်ဂါအနီးတွင် တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားသည်။ အဆိုပါတိုက်ပွဲတွင် ဖမ်းဆီးရမိသော စာရွက်စာတမ်းများအရ လူဆာကာမြို့ရှိ အရေးကြီးသော နေရာများကို အောက်တိုဘာလ ၁၇ ရက်နေ့တွင် တိုက်ခိုက်ရန် စီစဉ်ထားကြောင်း သိရသည်။

ချီလန်ဂါ အရေးအခင်းဖြစ်ပြီးနောက်တွင် လုံခြုံရေးကို တင်းကျပ်စွာ ကိုင်တွယ်ကာ လူဆာကာမြို့နှင့် အခြားမြို့ကြီးများတွင် အောက်တိုဘာလ ၂၃ ရက်မှ ဒီဇင်ဘာလ ၇ ရက်နေ့အထိ ညမထွက်ရ အမိန့်ထုတ်ပြန်သည်။ ထို့နှစ် အောက်တိုဘာလ ၁၉ ရက်နေ့နှင့် ၂၆ ရက်နေ့များတွင် နိုင်ငံ၏ မြောက်ဘက်ပိုင်းတွင် အခြေစိုက်သော ဘမ်ဘာလူမျိုးစုများနှင့် ဆက်နွယ်သည့် စီးပွားရေးသမား အများအပြားကို ဖမ်းဆီးခဲ့သည်။ ဇမ်ဗီးယားနိုင်ငံ၏ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းထားနိုင်ပြီ ဖြစ်ကြောင်း နိုဝင်ဘာလ ၇ ရက်နေ့တွင် သမ္မတကာ့န်ဒါက ကြေငြာသည်။

၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် အစိုးရအဖွဲ့နှင့် ပါတီအတွင်း အပြောင်းအလဲများပြန်လည်ပြုလုပ်သည်။

၁၉၈၀ ပြည့်နှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်းက ဒေါက်တာ ကာ့န်ဒါသည် အရှေ့ဥရောပနိုင်ငံများသို့ လည်းကောင်း၊ အီရတ်၊အိန္ဒိယနှင့်ဂျပန်နိုင်ငံများသို့လည်းကောင်း သွားရောက်ခဲ့သည်။

ဇမ်ဗီးယားနိုင်ငံသည် ၁၉၈၀ ပြည့်နှစ်က ဂမ္ဘာတွင် ပဉ္စမမြောက် ကြေးနီထုတ်လုပ်သည့်နိုင်ငံ ဖြစ်သည်။ ကြေးနီတန်ချိန် ၆,၀၉,၉၃၅ ထုတ်လုပ်သည်။ ထို့ပြင် ကမ္ဘာ့ဒုတိယ

အကျယ်အဝန်း။	။၂,၉၀,၂၂၄ စတုရန်းမိုင်
လူဦးရေ။	။၅၆,၄၉,၀၀၀
မြို့တော်။	။လူဆာကာမြို့

ကိုဘော့သတ္တုအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ၁၉၇၀ ပြည့်နှစ်အတွင်းက တန်ချိန် ၃,၃၁၀ ခန့် ထုတ်လုပ်ခဲ့သည်။

၁၉၇၁ ခုနှစ် ပထမနှစ်ဝက်အတွင်း သမ္မတ ကအွန်ဒါသည် နိမ့်ကျနေသော စီးပွားရေး အခြေအနေ၊ နိုင်ငံရေးနှင့် စက်မှုလုပ်ငန်း မတည်ငြိမ်မှုများကို တိုက်ဖျက်ကာ အစိုးရအဖွဲအတွက် အရေးပါသော စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ လုပ်ဆောင်ချက်များကို ဆောင်ရွက်ခဲ့သည်။

၁၉၇၁ ခုနှစ် ဖေဖွာရီလ ၁၇ ရက်နေ့တွင် သမ္မတ ကအွန်ဒါသည် ညီညွတ်သော အမျိုးသား လွတ်လပ်ရေးပါတီ (ယူအင်အိုင်ပီ) အတွင်းရေးမှူးချုပ် မစ္စတာ မိန်ဇာချိုနာနှင့် ဝန်ကြီးချုပ် မစ္စတာ ဒန်နီယယ် လီဆူလူတို့ နေရာတွင် မစ္စတာ ဟမ်ဖရီ မူလမ်ဗာနှင့် မစ္စတာ နလမ်မီနိုတို့အား အသီးသီးပြောင်းလဲခန့်ထားသည်။ ထိုနေ့၌ပင် ဝန်ကြီးဌာန အပြောင်းအလဲများ ပြုလုပ်သည်။

ဇမ်ဘီယား လုံခြုံရေး တပ်ဖွဲ့များသည် ၁၉၇၁ ခုနှစ် ဇွန်လ ၁၇ ရက်နေ့က အာဏာသိမ်းရန် ကြံစည်သော လူတစုကို ရှာဖွေ ဖမ်းဆီးခဲ့သည်။

ယူအင်အိုင်ပီ ပါတီမှ အလုပ်သမား သမဂ္ဂ ခေါင်းဆောင် ၁၇ ဦးအား ၁၉၇၁ ခုနှစ် ဇွန်၀ါရီလ ၁၆ ရက်နေ့က ပါတီမှ ထုတ်ပစ်ခဲ့သောကြောင့် ပြည်တွင်းဥ္စ စက်မှုလုပ်ငန်းများတွင် ဆူပူမှုများဖြစ်ပွားလာခဲ့သည်။ သတ္တုတွင်းအလုပ်သမားများက ၎င်းတို့၏ ခေါင်းဆောင်များကို မူလနေရာတွင် ပြန်ထားရန် တောင်းဆိုကာ သပိတ်မှောက်ခဲ့ကြသည်။ ပညာရေးဌာနအပါအဝင် အခြားအရေးကြီးသော လုပ်ငန်းများရှိ အလုပ်သမားများပါ ပူးပေါင်း၍ သပိတ်မှောက်သည်။ ထို့ကြောင့် ဧပြီလ ၂၄ ရက်နေ့တွင် ယူအင်အိုင်ပီ အတွင်းရေးမှူးချုပ်သည် ပါတီမှ ထုတ်ခဲ့သော အလုပ်သမား သမဂ္ဂခေါင်းဆောင် ၁၇ ဦးအား ပါတီသို့ ပြန်လည်ဝင်ခွင့် ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ဆရာတော် ဘဒ္ဒန္တဥာဏုတ္တရ

ရှင်သာမဏေဘွဲ့မှာ ရှင်ဥာဏုတ္တရ ဖြစ်သည်။ ၁၂၀၂ ခုနှစ်တွင် အနောက်ဆိတ်တဲကျောင်း ပထမဆရာတော် ဦးသုန္ဒရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တဥာဏုတ္တရသည် ရှင်သာမဏေဘ၀ကပင် ပြည်မြို့၊ မင်းကျောင်းဆရာတော်နှင့် မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတော် ဦးနာရဒတို့ထံတော်၌ ပါဠိတော် အဋ္ဌကထာ၊ ဋီကာတို့ကို သင်ယူခဲ့သည်။

ရဟန်းဘ၀သို့ ရောက်သောအခါ မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက်ဆရာတော် ဦးပရမ၊ ဆရာတော်ဦးဥေယျ ပင်းသာဆရာတော်ဦးခန္တီ၊ ရွှေဘုန်းရှိန်ဆရာတော် ဦးနာရဒ၊ ဆရာတော်ဦးကြယ်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်များထံတော်၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့သည်။ မန္တလေးမြို့၊ သက္ကသီဟဓမ္မာစရိယ စာမေးပွဲကိုလည်း အောင်မြင်တော်မူခဲ့သည်။ ဝိပဿနာ စက္ခုကျမ်း၊ ဥပုသ်သည် အလင်းပြကျမ်း စသည်တို့ကို ပြုစုခဲ့သည်။

ဆရာတော်သည် သီကွာ ၁၀ ဝါ အရတွင် ဆိတ်တဲကျောင်းတိုက်၌ စာပေပို့ချခဲ့သည်။ ထိုနောက် တောင်ဘွဲရွာ၌ စာသင်တိုက်တည်ထောင်၍သံဃာ ၅၀ ကျော်ကို စာပေပို့ချခဲ့သည်။ ထိုနောက် ပန်းတောင်းမြို့ သဒ္ဓမ္မဝံသ ပေါင်းတည်ကျောင်းတိုက်ကို အုပ်ချုပ်၍ ယနေ့အထိ စာပေပို့ချလျက်ရှိသည်။ ပြည်မြို့၌ ထာ၀ယ်ကျောင်းတိုက်ကို တည်ထောင်၍ တပည့်ကြီး ဦးစက္ကဝရအာ၀လ္ဘအပ်၍ စာပေပို့ချစေခဲ့သည်။

ဆဋ္ဌသင်္ဂါယနာပွဲ၌ ပါဠိဝိသောဓက ဆရာတော်၊ မြို့နယ်ဝိနိစ္ဆယတာ၀နခံဆရာတော်၊ ပြည်မြို့၊ ရွှေဆံတော် ဘုရား


ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပြည်မြို့ပါဠိပထမပြန် စာမေးပဲ့ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ မော်ဘီမြို့၌ ကျင်းပသော သာသနာသန့်ရှင်းရေး ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးသို့ ပန်းတောင်းမြို့ သံဃာ့ ကိုယ်စားလှယ်အဖြစ် ကြွရောက်တော်မူခဲ့သည်။ ယခုအခါ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များအဖွဲ့၌ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဆရာတော်သည် ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုနှင့် ပရိယတ္တိ ပဋိပတ္တိများကို ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်ကောင်စီက လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူသည်။

တနင်္သာရီတိုင်း။ ။တော်လှန်ရေးကောင်စီက ၁၉၇၂ ခုနှစ် ဇွန်လ ၂၀ ရက်နေ့မှစ၍ သတ်မှတ်ခဲ့သော တနင်္သာရီတိုင်း အမှတ် ၂ သည် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းလိုက်သောအခါ တနင်္သာရီတိုင်းဖြစ်လာသည်။ မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်ပိုင်းသို့ မိုင် ၅၀၀ ခန့် မြေကြောဆန့်လျက်ရှိသော တနင်္သာရီကမ်းမြောင်ဒေသဖြစ်သည့် တနင်္သာရီတိုင်းသည် မြောက်ဘက်တွင် မွန်ပြည်နယ်၊အရှေ့ဘက်နှင့် အရှေ့တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်ပြင်တို့နှင့် နယ်နိမိတ်ချင်းဆက်ဧပ်လျက်ရှိသည်။ မြန်မာ့ပင်လယ်ကမ်းရိုးတန်းတလျှောက်၌ ကျွန်းပေါင်း တထောင်ကျော်ခန့် ရှိသည့်အနက် တနင်္သာရီကမ်းရိုးတန်းတခုတည်း၌ပင် ကျွန်းပေါင်း ဂဝဝ ကျော် ရှိနေလေသည်။

တနင်္သာရီတိုင်းသည် ဧရိယာအားဖြင့် ၁၃,၇၃၆ စတုရန်းမိုင်ကျယ်ဝန်း၍ ထားဝယ်၊ လောင်းလုံ၊ သရက်ချောင်း၊ ရေဖြူ၊ မြိတ်အရှေ့၊ မြိတ်အနောက်၊ ဘုတ်ပြင်း၊ ပုလော၊ တနင်္သာရီ၊ ကော့သောင်းဟူသော မြို့နယ် ၁၀ မြို့နယ်ရပ်ကွက် ကျေးရွာအုပ်စု ၃၁၇ ခုတို့ဖြင့် ဖွဲ့စည်းထားသည်။ တိုင်းအတွင်း၌မူန်၊ ဆလုံ၊ မြန်မာ၊ ကရင်၊ ပအို၀်၊ ထားဝယ်၊ ပသျူး စသည့် လူမျိုးစုများနေထိုင်ကြရာ စုစုပေါင်းလူဦးရေ ဂ,၀၇,၄၃၀ ဦးရှိပြီး မဲဆန္ဒ ပေးပိုင်ခွင့်ရှိသူ ၄,၂၄,၄၄၁ ဦးရှိသည်။ တနင်္သာရီတိုင်းမှ ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၁၃ ဦး၊ တိုင်းအဆင့် ၅၀ ဦး၊ မြို့နယ်အဆင့် ၆၂၂ ဦးနှင့် ရပ်ကွက် ကျေးရွာ အုပ်စုအဆင့် ၃,၂၉၈ ဦးတို့ကို ပြည်သူကိုယ်စားလှယ်များအဖြစ် ရွေးချယ် တင်မြှောက်ထားသည်။ တိုင်း မြို့တော်သည် ထားဝယ်မြို့ဖြစ်သည်။

တနင်္သာရီတိုင်းသည် ကွမ်းသီး၊ အုန်း၊ ကြက်ပေါင်စေးနှင့် ဓနိတို့ကို အဓိကထားစိုက်ပျိုးသည်။ ပိုင်လာပီနံနှင့် ကြက်မောက်၊ ဒူးရင်း၊ မင်းကွတ်ပင်များကိုလည်း အများအပြား စိုက်ပျိုးလုပ်ကိုင်ကြသည်။ တနှစ်ထက်တနှစ် စိုက်ပျိုးမြေကေများတိုးခဲ့လာရာ ၁၉၈၀-၈၁ ခုနှစ်တွင် စိုက်ပျိုးမြေကေစုစုပေါင်း လေးဒသမ ခြောက်သိန်းအထိ ရှိလာသည်။ စိုက်ပျိုးရေးလုပ်ငန်းစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ရာဘာပြန်လည်ထူထောင်ရေး စီမံကိန်း၊ ဆီအုန်းတိုးခဲ့ရေး စီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေလေသည်။



တနင်္သာရီတိုင်းသည် သယံဇာတပေါကြွယ်ဝသော တိုင်းတတိုင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ခဲမဖြူသန့်စင်နှင့် အဖြိုက်နက်သန့်စင်တို့ကို တနင်္သာရီတိုင်းအတွင်းမှသာရရှိပြီး ခဲမဖြူနှင့် အဖြိုက်နက်ရောရာ သတ္တုအထွက်နှုန်းမှာလည်း တနိုင်ငံလုံး၏ ၆၂ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ထင်ရှားသော သတ္တုတွင်းများမှာ ဟိန္ဒား၊ ဟာမြင်းကြီး၊ ကံပေါက်၊ ရာဝ၊ ကျောက်မဲတောင်၊ နန်းသီတာနှင့် ရတနာပုံတို့ဖြစ်သည်။ ၁၉၈၀-၈၁ ခုနှစ်တွင် စုစုပေါင်းခဲမဖြူတန်ချိန် ၁,၃၃၂ နှင့် အဖြိုက်နက်သန့်စင်တန်ချိန် ၆၀၅ တန် အသီးသီး တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ။ ။တရုတ် အမျိုးသား ပြည်သူ့ ကွန်ဂရက် အမြဲတမ်း ကော်မတီအစည်းအဝေးကို ၁၉၈၁ ခုနှစ် ဖေဖွဝါရီလ ၂၅ ရက်နေ့က ပီကင်းမြို့တွင် စတင် ကျင်းပခဲ့သည်။ယင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ် နှင့် နိုင်ငံတော် စီးပွားရေး ကော်မရှင်ဝန်ကြီး ယော်ယီလင်း သည်တရုတ်ပြည်၏ စီးပွားရေးနှင့်စပ်လျဉ်းသော အစီရင် ခံစာတစောင်ကို တင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာတွင် တရုတ်ပြည်သည် စီးပွားရေးပြန်လည်ညှိနှိုင်းရန် လိုအပ် လျက်ရှိကြောင်း၊ ၁၉၈၁ ခုနှစ်တွင် လုပ်ဆောင်ရမည့် လုပ်ငန်း တာဝန်များသည် နိုင်ငံ၏ ရင်ဆိုင်နှင့် သုံးဆေးကို ကာမိစေရန်အတွက် ထိန်းသိမ်းရန်နှင့် ကုန်စျေးနှုန်း တည် ငြိမ်ရေး လုပ်ဆောင်ရာတွင် ပြည်တွင်းဆေးကြေး ထုတ်လုပ်မှု ကို ဖြတ်တောက်ရန်ဖြစ်ကြောင်း စသည်တို့ ပါရှိသည်။

ထို့ပြင် ယင်းအစည်းအဝေးတွင် တရုတ်ပြည်တဝန်း လုံးရှိ ကော်မတီအဆင့် ပြည်သူ့ကွန်ဂရက်များသို့ တိုက် ရိုက် ရွေးချယ်တင်မြှောက်ခြင်းနှင့် စပ်လျဉ်းသော အစီ ရင်ခံစာကို လည်းကောင်း၊ မော်စီတုန်း၏ဇနီး ချန်ချင်း နှင့် အခြားသောတရားခံ ကိုးဦးအား တန်ပြန်တော်လှန် ရေး မူခင်းအတွက် စီရင်ချက်နှင့်စပ်လျဉ်းသည့် အစီရင်ခံ စာ တစောင်ကို လည်းကောင်း တင်သွင်းခဲ့သည်။

တရုတ်ပြည်သည် နိုင်ငံ၏ စီးပွားရေး အခြေအနေ သစ်နှင့် လိုက်လျောညီထွေ ဖြစ်စေရန်အတွက် အစိုးရ အဖွဲ့အတွင်း အပြောင်းအလဲတရပ်ကို ပြုလုပ်ခဲ့သည်။


ပင်လယ်ငါးဖမ်းလုပ်ငန်းကို ပြည်တွင်းစားသုံးမှု ဖူလုံ ရေးသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်ရေးအတွက် တိုးချဲ့လုပ်ဆောင်လျက်ရှိရာ ကျောက်နီမော်၊ပထော်ပထက်၊ ပန်းလုံးအော်၊ ကော့သောင်းတို့တွင် ရွှေဟင်္သာ စီမံကိန်း ဟူသော ငါးလုပ်ငန်းစခန်းများ တည်ဆောက်နေပြီ ဖြစ် သည်။ အာရှဖွံ့ဖြိုးရေးဘဏ်မှ အကူအညီ ရယူပြီး တည် ဆောက်နေသော ယင်းငါးလုပ်ငန်းစခန်းများတွင် ဖမ်းဆီး ရမိသောငါးကို သိုလှောင်ထားနိုင်ရန်အတွက် အအေးခန်း နှင့် ရေခဲစက်များပါ တည်ဆောက်ထားရှိမည် ဖြစ်သည်။ ကမ္ဘာ့ရတနာစျေးကွက်တွင် ရောင်းပန်းလှသော အရည် အသွေးကောင်းသည့် ပုလဲများမှာ တနင်္သာရီတိုင်းထွက် ရတနာများပင်ဖြစ်သည်။ မြို့တစ်မြို့မှ ဂ၅ မိုင်ကွာဝေးသော ပုလဲကျွန်းတွင် မုတ်ကောင်များကို စနစ်တကျမွေးမြူကာ ပုလဲလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာသဖြင့် မြန်မာ့ကျောက် မျက်ရတနာပြပွဲများတွင် တနှစ်ထက်တနှစ် နိုင်ငံခြားဝင် ငွေများ တိုးတက်ရရှိခဲ့သည်။ တနင်္သာရီတိုင်း၏ အခြား စီးပွားရေး လုပ်ငန်းကြီး တခုသည် ငှက်သိုက်လုပ်ငန်းပင် ဖြစ်သည်။ ယင်းလုပ်ငန်းကို ယခုအခါ သမဝါယမအသင်းမှ ဦးစီးလုပ်ကိုင်သည်။

တနင်္သာရီတိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေး ကတ္တား တွင် ကားလမ်းနှင့် ရေလမ်းခရီးကိုသာ အားထားကြရ သည်။ တနင်္သာရီတိုင်းတွင် မီးရထားလမ်းမရှိပေ။ထားဝယ် မြစ်ကို ဖြတ်၍ တည်ဆောက် ထားသော ကမ္ပောကင်း တံတားကြောင့် လောင်းလုံ၊ သရက်ချောင်းနှင့် ရေဖြူမြို့ များသို့ လွယ်ကူစွာ ကူးသန်း သွားလာ နိုင်ကြသည့်ပြင် ထားဝယ်မြို့နယ်ရှိ မောင်းမကန်ဆိပ်ကမ်းသာသို့လည်း သွား လာရေး လွယ်ကူ ဖြောင့်ဖြူးသွားလေသည်။ မြို့တစ်မြို့နှင့် ထားဝယ်မြို့များတွင် လေယာဉ်ကွင်းများ ရှိသဖြင့် လေ ကြောင်းခရီးဖြင့်လည်း သွားလာနိုင်ကြသည်။

တနင်္သာရီတိုင်းအတွင်းရှိ တိုင်းရင်းသား လုပ်သားပြည် သူများ၏ ပညာရေး တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ဆောင် ရွက်လျက်ရှိရာ ၁၉၈၀-ဂ၁ ခုနှစ်တွင် မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အခြေခံပညာ အဆင့်မြင့်တန်း ကျောင်း စုစုပေါင်း ၆၉၈ ကျောင်းအထိ ရှိလာပြီဖြစ်၍ ကျောင်းသူ ကျောင်းသား ၁၂၇,၀၀၀ ကျော်ကို ဆရာ ဆရာမပေါင်း ၂,၉၁၃ ဦးတို့က တာဝန်ယူပညာသင်ကြား ပေးလျက်ရှိသည်။အထက်တန်းပညာရေးအတွက် ထားဝယ် ကောလိပ်တခုကိုပါ ဖွင့်လှစ်ပေးခဲ့သည်။

ကျန်းမာရေးကတ္တားတွင်လည်း တိုးမြှင့်ဆောင်ရွက်လျက် ရှိရာ တနင်္သာရီတိုင်းအတွင်း၌ ၁၉၈၀-ဂ၁ ခုနှစ်တွင် ဆေး ရုံ ၂၁ ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ၃၅ ဌာနအထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

အကျယ်အဝန်း။	။၃၆,၉၁,၅၀၂ စတုရန်းမိုင်
လူဦးရေ။	။၁,၀၂,၃၀,၀၀,၀၀၀
မြို့တော်။	။ပီကင်းမြို့





စစ်ရေးရာကော်မရှင် ဥက္ကဋ္ဌ တိန့်ရှောင်ဖိန်နှင့် တရုတ် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဟုယိုပန် တွေ့ဆုံဆွေးနွေးစဉ် ဟွကိုဖုန်း (အတွင်းပုံ)

၁၉၇၁ ခုနှစ် မေလ ၁၆ ရက်နေ့တွင် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူကွန်ဂရက်၏ အမြဲတမ်းကော်မတီသည် ဒေါက်တာ ဆွန်ယက်ဆင်၏ ဇနီး မဒမ်ဆွန်ချင်လင်းအား ဂုဏ်ပြုသောအားဖြင့် တရုတ်ပြည်သူ သမ္မတနိုင်ငံ၏ ဂုဏ်ထူးဆောင် သမ္မတအဖြစ် ခန့်အပ်ခဲ့သည်။

တရုတ်ပြည် ကွန်မြူနစ်ပါတီ (၁၁) ကြိမ်မြောက် ဗဟိုကော်မတီ ဆဋ္ဌမအကြိမ် မျက်နှာစုံညီ အစည်းအဝေးကို ဇွန်လ ၂၇ မှ ၂၉ ရက်ထိ ပီကင်းမြို့တွင် ကျင်းပသည်။ ယင်းအစည်းအဝေးသို့ ဗဟိုကော်မတီဝင် ၁၅၅ ယောက်နှင့် အရန်ဗဟိုကော်မတီဝင် ၁၁၄ ယောက် တက်ရောက်သည်။

ယင်း မျက်နှာစုံညီ အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌနှင့် စစ်ရေးရာ ကော်မရှင်ဥက္ကဋ္ဌ ဟွကိုဖုန်း၏ နုတ်ထွက်လွှာကို တညီတညွတ်တည်း လက်ခံအတည်ပြုခဲ့ကြသည်။

ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် ဟုယိုပန်အား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ကျောက်ကျိယန်နှင့် ဟွကိုဖုန်းတို့အား လည်းကောင်း၊ စစ်ရေးရာ ကော်မရှင် ဥက္ကဋ္ဌအဖြစ် တိန့်ရှောင်ဖိန်အား လည်းကောင်း ရွေးချယ်ခဲ့သည်။ ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့၏ အမြဲတမ်းကော်မတီကို ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများဖြင့် ဖွဲ့စည်းခဲ့သည်။ ၎င်းတို့မှာ ဟုယိုပန်၊ ယဲ့ကျန့်ယင်း၊ တိန့်ရှောင်ဖိန်၊ ကျောက်ကျိယန်၊ လီရှန်နင့်၊ ချင်ယွင်နှင့် ဟွကိုဖုန်းတို့ဖြစ်သည်။ ရှီကျန့်ရှင်းအား ဗဟိုကော်မတီ အတွင်းရေးမှူးအဖြစ် ရွေးချယ်ခဲ့သည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် တိုင်ဝမ်တို့သည် အမြန်ဆုံး ပြန်လည်ပေါင်းစည်းနိုင်ရန်အတွက် တရုတ်ကွန်မြူနစ် ပါတီနှင့် တိုင်ဝမ်ရှိ တရုတ်အမျိုးသားပါတီတို့ တိုက်ရိုက် ဆွေးနွေးပွဲများ ကျင်းပရန် မာရှယ်ယဲ့ကျန့်ယင်းက ထုတ်ဖော် ပြောကြားသည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံ အမျိုးသားပြည်သူ ကွန်ဂရက် အစည်းအဝေးကို နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာ ၁၃ ရက်ထိ ကျင်းပခဲ့သည်။ ယင်း အစည်းအဝေးတွင် နိုင်ငံခြားကုမ္ပဏီများနှင့် စီးပွားရေးကန်ထရိုက်များအတွက် ဝင်ငွေခွန် ဥပဒေသစ်ပြဋ္ဌာန်းမှုကို အတည်ပြုခဲ့သည့်အပြင် နိုင်ငံတော် ဘဏ္ဍာရေးလိုင်စေပြမှုများ လျော့ပါးပေျာက် စေရန်နှင့် စျေးနှုန်းများ တည်ငြိမ်မှုရှိစေရန်တို့ကို တောင်းဆို အတည်ပြုခဲ့ကြသည်။ ထို့ပြင် အစည်းအဝေးပထမနေ့တွင် တင်သွင်းသည့် ဝန်ကြီးချုပ် ကျောက်ကျိယန်၏ စီးပွားရေး အစီရင်ခံစာကိုလည်း အတည်ပြုခဲ့သည်။

တရုတ်ပြည်သည် နိုင်ငံ၏စီးပွားရေးလိုင်စေပြမှုကို ကျော့လွှားအောင်မြင်မှု ရရှိစေရန်အတွက် ယွမ်ငွေလေးဘီလီယံမှ ငါးဘီလီယံအထိ တန်ဖိုးရှိသော ငွေစုလက်မှတ်များကို ထုတ်ဝေဖြန့်ချိလိမ့်မည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြောကြားသည်။ ယင်းလက်မှတ်များကို နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများနှင့် ဒေသဆိုင်ရာ စီမံခန့်ခွဲရေးဌာနများက ဝယ်ယူရလိမ့်မည် ဖြစ်သည်။ ထို့ပြင် အခြားသော ပြည်သူ့အဖွဲ့အစည်းများ၊ တပ်မတော်တပ်ဖွဲ့များနှင့် ပြည်သူ့ဘုံအဖွဲ့များအား လည်း ယင်းလက်မှတ်များ ဝယ်ယူရန် တိုက်တွန်းထားသည်။ လူတဦးချင်းသည်လည်း မိမိတို့၏ဆန္ဒအရဝယ်ယူနိုင်သည်။ နိုင်ငံခြားသားများနှင့် ပင်လယ်ရပ်ခြား တရုတ်အမျိုးသားများကိုမူ ဝယ်ယူခွင့်မပြုခဲ့ချေ။ ယင်းလက်မှတ်များကို ၁၉၉၀ ပြည့်နှစ်တွင် ငွေသားအဖြစ် ပြန်လည်ပေးအပ်မည် ဖြစ်ပြီး အတိုးနှုန်းမှာ တနှစ်လျှင် ၄ ရာခိုင်နှုန်းဖြစ်သည်။

တရုတ်ပြည် စိုက်ပျိုးရေးဘဏ်သည် ကျေးလက်ဒေသ စီးပွားရေး တိုးတက်ရန်အတွက် လယ်သမားများအား အမေရိကန်ဒေါ်လာ ၂၀၆ သန်းကို ထုတ်ချေးကူညီခဲ့သည်။ သဘာဝအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသော ဒေသများရှိ လယ်သမားများကိုမူ အတိုးမဲ့ချေးငှားခဲ့သည်။

စီးပွားရေးလုပ်ငန်းရပ်များတွင် ဒီမိုကရေစီ နည်းကျသော စီမံအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပီကင်းမြို့တွင် ကျင်းပပြီးစီးခဲ့သည့် နိုင်ငံလုံးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကြီးမှ ဆုံးဖြတ်ချက်တရပ်ကို ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်မှာ တရုတ်ပြည်၏ စီးပွားရေး လုပ်ငန်းရပ်များတွင် အလုပ်သမား ကွန်ဂရက်စနစ် ကျင့်သုံးရန် ဖြစ်သည်။

တရုတ်ပြည်၏စီးပွားရေးမှာ ၁၉၇၁ ခုနှစ်တွင် ဒသမ ၅ ရာခိုင်နှုန်းသာ တိုးတက်မည်ဟုဆိုသည်။ ဤသို့တိုးတက်

မှုန့်နှုန်း နည်းသွားခြင်းမှာ အကြီးစား စက်မှုလုပ်ငန်း ထုတ်လုပ်မှု သိသိသာသာ ကျဆင်း သွား ခြင်းကြောင့် ဖြစ်သည်။

တရုတ်ပြည်၏ စီးပွားရေး ပြန်လည်ညှိနှိုင်းမှု မူဝါဒ၏ အဓိကရည်မှန်းချက်ဖြစ်သည့် အမျိုးသား ပြန်လည်တည် ဆောက်ရေး အသုံးစရိတ်များကို အကြီးအကျယ် လျှော့ချခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။ ယင်းအသုံးစရိတ်သည် ၂၁ ဘီလီယံရှိသဖြင့် ၁၉၇၀ ပြည့်နှစ်ကထက် အမေရိကန်ဒေါ်လာ ကိုးဘီလီယံ လျှော့နည်းသွားသည်။

တူရကီသမ္မတနိုင်ငံ။ ။တူရကီ နိုင်ငံသည် အာရှတိုက် အနောက်ဖျား အာရှမိုင်းနားကျွန်းဆွယ်မှ ဒါဒနယ် ရေလက်ကြား၊ မာမရပင်လယ်နှင့် ဘော့စပိုရပ် ရေလက်ကြားတို့ကို ကျော်ဖြတ်၍ ဥရောပတိုက် အရှေ့တောင်ပိုင်း ဘော်လကန် ကျွန်းဆွယ်နယ်မြေအထိ ကျယ်ဝန်းသည်။ အရှေ့ဘက်၌ အီရန်နိုင်ငံနှင့် ဆိုဗီယက် ပြည်ထောင်စု၊ တောင်ဘက်၌ အီရတ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံ၊ အနောက်ဘက်၌ အေဂျင်ပင်လယ်၊ မြောက်ဘက်၌ ပင်လယ်နက်တို့ ရှိသည်။

၁၉၂၃ ခုနှစ်တွင် သမ္မတအဖြစ်တာဝန်ယူသော ကီမာ အာတာတတ် လက်ထက်မှ ၁၉၇၃ ခုနှစ် သမ္မတ ဖာရိ ကိုရှတတ်အထိ သမ္မတခြောက်ဆက် ပြောင်းခဲ့သည်။

သမ္မတ ကိုရှတတ်လက်ထက်တွင် အကြမ်းဖက်မှုမျှား ထူပြောခြင်း၊ စီးပွားရေးအခြေအနေမကောင်းခြင်း၊ ပါတီ အချင်းချင်း၊ လူအချင်းချင်း ရန်ငြိုးထားယှဉ်ပြိုင်ကြခြင်း၊ လက်ဝဲလက်ယာ တယူသန်ချင်း သတ်ဖြတ်ခြင်း၊ ပြည်နယ် ခွဲထွက်ရေးသမားတို့ သောင်းကျန်းခြင်း စသည်တို့ကြောင့် ဗိုလ်ချုပ်ကြီး ကီနန် အီဗရင်းဦးဆောင်သော တပ်မတော် အရာရှိများက ၁၉၆၀ ပြည့်နှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် သွေးထွက်သံယိုမှုမရှိဘဲ ဝန်ကြီးချုပ်ဆူလေမန်ဒီမိုင်ရယ် အစိုးရထံမှ အာဏာ သိမ်းယူသည်။


ထိုအာဏာ မသိမ်းယူမီ ၁၉၆၀ ပြည့် နှစ်ဆန်းကပင် မစ္စတာကိုရူတတ်သည် သမ္မဘသက်တမ်း ကုန်ဆုံးသဖြင့် နုတ်ထွက်သွားခဲ့သည်။ သမ္မတသစ် ရွေးချယ်ခြင်းမပြုနိုင်မီ ယခုကဲ့သို့ တတိယမြောက် အာဏာသိမ်းခြင်း ဖြစ်သည်။

ဗိုလ်ချုပ်ကြီး အီဗရင်းအပါအဝင် စစ်ခေါင်းဆောင် ငါးဦးတို့က ပူးပေါင်း အုပ်ချုပ်သွားစဉ် ဗိုလ်ချုပ်ကြီး အီဗရင်းသည် သဘာမမြောက် သမ္မတဖြစ်လာသည်။ ၁၉၆၀ ပြည့်နှစ် စက်တင်ဘာလတွင် အငြိမ်းစား ရေတပ်ဗိုလ်ချုပ်ကြီး ဗူးလင့်အူလူဆူးအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ကာ အရပ်သား ၂၆ ဦး ပါဝင်သော ဝန်ကြီးများအဖွဲ့ကို ဖွဲ့စည်းသည်။

ဗိုလ်ချုပ်ကြီး အီဗရင်း၏ အမျိုးသား လုံခြုံရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ရေးဆွဲပြီး အစိုးရသစ် ဖွဲ့စည်းပြီးသည်အထိ အုပ်ချုပ် သွားမည်ဟု ကတိပေးခဲ့သည့် အတိုင်း အခြေခံဥပဒေရေးဆွဲရေး အကြံပေး လွှတ်တော်ကို အောက်တိုဘာလတွင် ဖွဲ့စည်းကာ အောက်တိုဘာလ ၂၃ ရက်နေ့တွင် လွှတ်တော် စတင်စည်းဝေးသည်။

ထိုအကြံပေး လွှတ်တော်တွင် ယခင် နိုင်ငံရေး သမားများ မပါဝင်သော လူတန်းစား အလွှာအသီးသီးမှ ပုဂ္ဂိုလ် ၁၆၀ ပါဝင်သည်။ ထို ၁၆၀ တွင် အငြိမ်းစား ဗိုလ်ချုပ် ၁၂ ဦး၊ ကြည်းတပ်ဦးစီးမှူး တဦးအပါအဝင် စစ်ဘက်အရာရှိ ၂၃ ဦး ပါဝင်သည်။ ကျန်ပုဂ္ဂိုလ်များတွင် ကျွမ်းကျင်သူ ပညာရှင်များ၊ စိုက်ပျိုးရေး ပညာရှင်နှင့် အင်ဂျင်နီယာတို့ ပါဝင်သည်။ ထို့ပြင် အမျိုးသမီး ငါးဦး လည်း ပါဝင်သည်။ သတင်းစာဆရာနှစ်ဦး၊ ပြဇာတ် ဒါရိုက်တာ တဦး၊ နှလုံးရောဂါခွဲစိတ်ကုဆရာဝန်တဦးနှင့် အလုပ်သမားခေါင်းဆောင် နှစ်ဦးတို့လည်း ပါဝင်သည်။

ထို ၁၆၀ အနက် ၄၀ မှာ အမျိုးသား လုံခြုံရေးကောင်စီက တိုက်ရိုက်ခန့်ထားသူများဖြစ်ပြီး ၁၂၀ သည် ပြည်နယ် ၆၂ နယ်က ရွေးချယ်စာရင်းပေးသော ၃၆၀ ထဲမှ စကာတင် ရွေးလိုက်ခြင်း ဖြစ်ပေသည်။ လက်ဝဲလက်ယာ တယူသန်များ မပါဝင်ချေ။



အကျယ်အဝန်း။	။၃,၀၁,၃၀၀ စတုရန်းမိုင်
လူဦးရေ။	။၎,၅၃,၆၀,၀၀၀
မြို့တော်။	။အန်ကာရာမြို့

၁၉၆၀ ပြည့်နှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေကို ရုပ်သိမ်းကာ အစားထိုးမည့် ဤဥပဒေသည် သမ္မတအား အာဏာပို၍ ပေးအပ်ထားပြီး ဒီမိုကရေစီဖွံ့ဖြိုးစေသည့် ဥပဒေဖြစ်သည်ဟု ဆိုသည်။

အကြံပေးလွှတ်တော် ဥက္ကဋ္ဌအဖြစ် ပါတီအငြိုအစွန်းမရှိသူ ယခင်ဝန်ကြီးချုပ်ဟောင်း ဆဒီအီမတ် အရွေးခံရသည်။ အခြေခံ ဥပဒေမူကြမ်းကို ၁၉၇၂ ခုနှစ်တွင် လူထုဆန္ဒခံယူပြီး အတည်ပြုမည်ဖြစ်သည်။

ထိုအခြေခံဥပဒေအရဖွဲ့စည်းလိုက်သော အစိုးရလက်သို့ ဗိုလ်ချုပ်ကြီး အီဗရင်း၏ အမျိုးသား လုံခြုံရေးကောင်စီ အစိုးရသည် ၁၉၇၃ ခုနှစ်တွင် အာဏာလွှဲပြောင်းပေးအပ်ရန် စီစဉ်ထားပေသည်။

တူရကီ စစ်ကောင်စီအစိုးရသည် အကြမ်းဖက်သမားများနှင့် ဥပဒေဖောက်ဖျက်ကျူးလွန်သူများကို ဖမ်းဆီးအရေးယူရာ အာဏာသိမ်းပြီးတနှစ်တိတိကြာသောအချိန်ကာလတွင် ဖမ်းဆီးသမျှ လူဦးရေမှာ ၂၉,၉၂၉ ဦး ဖြစ်သည်။ ထိုနိုင်ငံရေးအကျဉ်းသမားများအနက် ၂၄,၃၀၀ ကို တရားဝင်စွဲချက်တင်ထားပြီး ၃,၇၃၁ ဦးကို ထိန်းသိမ်းထားသည်။ ၁,၀၉၀ ဦးမှာ အပြစ်ရသူများ ဖြစ်သည်ဟု ဗိုလ်ချုပ်ကြီး အီဗရင်းက ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့က ပြောကြားသည်။

ကဒ်လူမျိုးဖြစ်သော ပြည်သူလုပ်ငန်းဌာန ဝန်ကြီးဟောင်း ဆီရာဖက်တင်အယ်ဆီသည် ကဒ် အရေးနှင့် ပတ်သက်၍ အစိုးရ၏ လုပ်ကိုင်ဆောင်ရွက်ပုံကို ဝေဖန်ပြစ်တင်သည့် စာရွက်စာတမ်း ဖြန့်ဝေမှုကြောင့် ထောင်ဒဏ် နှစ်နှစ် သုံးလ ကျခံရသည်။ ဝန်ကြီးချုပ်ဟောင်း အက်ချဗစ်ကလည်း အလားတူ ဝေဖန်သဖြင့် အန်ကာရာ စစ်အုပ်ချုပ်ရေးတရားရုံးက နှိုဝင်ဘာလ ၃ ရက်နေ့တွင် ထောင်ဒဏ် သုံးလ ချခဲ့သည်။

အာဏာသိမ်းအပြီး ခြောက်လအကြာ၌ တူရကီနိုင်ငံနှင့် မြို့ကြီးများ၏ အခြေအနေမှာ များစွာ ပြောင်းလဲသွားခဲ့သည်။

လက်ဝဲလက်ယာ သေနတ်သမားတို့၏ ပစ်ခတ်သံများ ဆိတ်သုဉ်းသွားခဲ့သည်။ ယခင်က ရာဇဝတ်မှုခင်းဇယားတွင် တနေ့လျှင် လူ ၂၂ ဦး အသတ်ခံရသည်ဟု ဖော်ပြထားရာမှ ယခု အသတ်ခံရသူ တနေ့လျှင် နှစ်ဦးသာ ကျန်ရှိတော့သည်။ ကပ္ပဒိုးများ၊ စားသောက်ဆိုင်များတွင် ဘေးကင်းစွာ ကြည့်ရှုစားသောက်နိုင်ကြသဖြင့် လမ်းများ၌ စည်ကားလျက်ရှိသည်။

တူရကီနိုင်ငံတွင် သီးခြားပြည်နယ်တောင်းဆိုနေသော ကဒ် လူမျိုးများနှင့် အာမေနီယံလူမျိုး အကြမ်းဖက်သမားတို့ရန်လည်း ရှိနေသည်။ လူဦးရေ ၄၅ သန်းရှိသော တူရကီ၌ ကဒ် ရှစ်သန်းရှိသည်။ ထိုလူမျိုးစုထဲမှ လက်နက်ကိုင် သောင်းကျန်းသူများကို နှိမ်နင်းနေရသည်။

နိုင်ငံကာကွယ်ရေးနှင့်လုံခြုံရေးအတွက် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)တွင် ပါဝင်ထားသည်သာမက လက်နက်ခဲယမ်းများကိုလည်း အမေရိကန်ထံမှ ဝယ်ယူတင်သွင်းရသည့်အပြင် အမေရိကန်စစ်စခန်း ၁၂ ခုကို ခွင့်ပြုထားရသည်။ အတုံ့အပြန်အနေဖြင့် အမေရိကန်က စစ်ရေးနှင့်စီးပွားရေးအကူအညီ ဒေါ်လာ သန်း ၂,၅၀၀ ပေးရသည်။ ဆိုဗီယက်ယူနီယံ၏ တောင်ဘက်ပင်လယ်နက်ထွက်ပေါက်များဖြစ်သော ဒါဒနယ်ရေလက်ကြားနှင့်ဘော့စ်ပိုရပ်ရေလက်ကြားများကို ချုပ်ကိုင်ထားနိုင်သော တူရကီနိုင်ငံသည် နိုင်ငံကြီးများ၏ စစ်ရေး၌ အလွန်အရေးပါနေလေသည်။

သောင်းကျန်းမှုနှင့် ပစ်ခတ်တိုက်ခိုက်မှုများ မရှိသောကြောင့် အရောင်းအဝယ် ကောင်းလာသဖြင့် ငွေကြေးဖောင်းပွမှုနှုန်းသည် ၁၀၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းသို့ လျော့ကျသွားသည်ကို တွေ့ရသည်။ သို့ရာတွင် နိုင်ငံခြားကြေးမှာ ယခင်ထက်ပိုလာသည်။

နိုင်ငံ၏စီးပွားရေးနှင့်စီမံကိန်းရေးတွင် အားရကျေနပ်လောက်အောင် တိုးတက်မှုမရှိသေးသည့်အတွက် ဝန်ကြီးချုပ် အူလူဆူးသည် ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် အရပ်သားဝန်ကြီးများပါသောအစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ စီးပွားရေး၌ အားကိုးရသော ဒုတိယဝန်ကြီးချုပ် တာဂတ်အိုဇာနှင့် နိုင်ငံခြားရေးဝန်ကြီး အီလတာတာ့ခမင်ကိုမူ မူလ ဝန်ကြီးဌာန၌ပင် ထားရှိသည်။

တောင်သူလယ်သမား အစည်းအရုံး။ ။တော်လှန်ရေးကောင်စီသည် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်၏ အာဏာကို လွှဲပြောင်းတာဝန်ယူရာမှ စ၍ တောင်သူလယ်သမားတို့ဘဝ ရှင်သန် လူးလွန့်လာရလေသည်။

တော်လှန်ရေးကောင်စီ၏ ဝါဒသဘောထားကို ၁၉၆၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့သည်။ထို ဝါဒသဘောထားကြေငြာချက်တွင် တောင်သူလယ်သမား အလုပ်သမားများခေါင်းပုံဖြတ်ခံဘဝမှ လွတ်မြောက်စေရန် ရည်ရွယ်၍ ဆိုရှယ်လစ်လောကသစ်ကို - တောင်သူလယ်သမား၊ အလုပ်သမားတို့၏ အင်အားဖြင့် တည်ဆောက်မည်ဟု ပါရှိလေသည်။

ထို့နောက် တော်လှန်ရေးကောင်စီသည် ၁၉၆၃ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေနှင့် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့် ဥပဒေ၊ ၁၉၆၃ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ၁၉၆၃

ဗဟိုအလုပ်အမှုဆောင် ကော်မတီ

စဉ်	အမည်	အကြောင်းအရာ
၁။	ဦးရဲခေါင်	ဥက္ကဋ္ဌ
၂။	ဦးစိုး	ဒုတိယ ဥက္ကဋ္ဌ
၃။	ဦးချစ်ဆွေ	ဒုတိယ ဥက္ကဋ္ဌ
၄။	ဦးသန်းယု	အတွင်းရေးမှူး
၅။	ဦးဘသန်း	တွဲဖက်အတွင်းရေးမှူး
၆။	ဦးကျော်	တွဲဖက်အတွင်းရေးမှူး
၇။	ဦးကံထွန်း	ကော်မတီဝင်
၈။	ဦးစောချစ်စိန်	။
၉။	ဦးခင်ဝင်း	။
၁၀။	ဦးခင်သိန်း	။
၁၁။	ဒေါက်တာချစ်	။
၁၂။	ဦးငြိမ်းအောင်	။
၁၃။	ဦးစိုးနိုင်	။
၁၄။	ဦးစိန်မောင်	။
၁၅။	ဦးညီဘင်	။
၁၆။	ဦးညွန့်တင်	။
၁၇။	ဦးတင်ညွန့်	။
၁၈။	ဦးတင်အောင်ဟိန်း	။
၁၉။	ဦးထိန်လင်း	။
၂၀။	ဦးထွန်းဝေ	။
၂၁။	ဦးဘလှ	။
၂၂။	ဦးမင်းနောင်	။
၂၃။	ဦးမောင်မောင်စိုး	။
၂၄။	ဒေါက်တာမောင်မောင်အေး	။
၂၅။	ဦးမန်းလျန်	။
၂၆။	ဦးမျိုးမြင့်	။
၂၇။	ဦးရဲနိုင်	။
၂၈။	ဦးလှိုင်မြင့်	။
၂၉။	ဦးဝဖိုင်နော်	။
၃၀။	ဦးဝင်းမောင်	။
၃၁။	ဦးသန်းစိုးလေး	။
၃၂။	ဗိုလ်မှူးကြီးသန်းလှ	။
၃၃။	ဦးအေးကို	။
၃၄။	ဦးအောင်မြိုင်	။
၃၅။	ဦးအုံးတင်	။

ခုနှစ် သီးစားချထားရေး နည်းဥပဒေများ၊ ၁၉၆၅ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ၁၉၆၅ ခုနှစ် သီးစားချထားရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေများကို အသီးသီး ထုတ်ပြန်ကြေငြာခဲ့သည်။

တောင်သူလယ်သမားများ၏ အခွင့်အရေးကို ဥပဒေဖြင့် အကာအကွယ် ပေးလိုက်ခြင်းသည် ငွေရှင်၊ ကြေးရှင်တို့၏ မတရား ခေါင်းပုံဖြတ်သည့် အန္တရာယ်ကို အကာအကွယ်ပေးလိုက်ခြင်းပင် ဖြစ်သည်။

တဖန် တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲနှင့် တောင်သူလယ်သမားနေ့ အခမ်းအနားများကို ကျင်းပပေးခြင်းဖြင့် တောင်သူလယ်သမားထုအတွင်း စည်းလုံးညီညွတ်မှု ပိုမိုရရှိခဲ့သည်။ နိုင်ငံရေး အသိစိတ်ဓာတ်များလည်း နိုးကြားလာသည်။

အုန်းတော နှီးနှောဖလှယ်ပွဲကို စစ်ကိုင်းမြို့နယ်၊ အုန်းတောကျေးရွာတွင် ၁၉၆၂ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်မှ ၁၉၆၃ ခုနှစ် ဇန္နဝါရီလ ၁ ရက်ထိ ကျင်းပခဲ့သည်။ ဒူးယား နှီးနှောဖလှယ်ပွဲကို ဟသ်ာတမြို့နယ် ဒူးယားကျေးရွာတွင် ၁၉၆၃ ခုနှစ် ဇန္နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၁ ရက်ထိလည်းကောင်း၊ ပုပွားနှီးနှောဖလှယ်ပွဲကို ကျောက်ပန်းတောင်းမြို့နယ် ပုပွားတွင် ၁၉၆၃ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်မှ ၁၉၆၄ ခုနှစ် ဇန္နဝါရီလ ၂ ရက်နေ့အထိ လည်းကောင်း၊ ခပေါင်း နှီးနှောဖလှယ်ပွဲကို တောင်ငူမြို့နယ် ခပေါင်းကျေးရွာတွင် ၁၉၆၄ ခုနှစ် မတ်လ ၂ ရက်မှ ၆ ရက်ထိ လည်းကောင်း အသီးသီး ကျင်းပခဲ့သည်။

၁၉၆၅ ခုနှစ်၊ ၁၉၆၆ ခုနှစ်၊ ၁၉၆၇ ခုနှစ်နှင့် ၁၉၆၈ ခုနှစ်တို့တွင် တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲနှင့် တောင်သူလယ်သမားနေ့များကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် လေးနှစ်ဆက်တိုက် ကျင်းပခဲ့သည်။

၁၉၆၅ ခုနှစ် တောင်သူလယ်သမားနေ့ အစည်းအဝေးကြီးတွင် တောင်သူလယ်သမားအဖွဲ့ စတင်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည်။ ၁၉၆၆ ခုနှစ် တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲ၌ တောင်သူလယ်သမားကောင်စီ ဖွဲ့စည်းပုံမူကြမ်းကို တင်ပြဆွေးနွေး၍ တောင်သူလယ်သမားကိုယ်စားလှယ်တော်ကြီးများ၏ အကြံဉာဏ်ကို ရယူခဲ့သည်။

၁၉၆၇ ခုနှစ် မတ်လ ၂ ရက်နေ့မှစ၍ တောင်သူလယ်သမားကောင်စီ အဆင့်ဆင့်ကို ဖွဲ့စည်းသည်။ ဗဟိုပြည်သူ တောင်သူလယ်သမားကောင်စီကို ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဖွဲ့စည်းခဲ့သည်။

ဆိုရှယ်လစ်ဒီမိုကရေစီ အဆောက်အအုံနှင့် လျော်ညီစွာ တောင်သူလယ်သမား အစည်းအရုံး ဖွဲ့စည်းနိုင်ရေးအတွက် တောင်သူလယ်သမား အစည်းအရုံး ဖွဲ့စည်းပုံ စည်းမျဉ်း၊ ပထမ မူကြမ်းကို ၁၉၇၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ပြုစုခဲ့သည်။ ဒုတိယမူကြမ်းကို ၁၉၇၆ ခုနှစ်၊ ဝက်တင်ဘာလ ၇ ရက်တွင် ရေးဆွဲသည်။ ပါတီဗဟိုကော်မတီ၏ ၁၇ ကြိမ်မြောက် အစည်းအဝေးက ဒုတိယမူကြမ်းကို ၁၉၇၆ ခုနှစ်၊ နိုဝင်ဘာလက အတည်ပြုခဲ့သည်။

ပထမအကြိမ် တောင်သူလယ်သမား အစည်းအရုံး ညီလာခံကို ၁၉၇၇ ခုနှစ် ဇူလိုင်လ ၂၅ ရက်မှ သြဂုတ်လ ၁ ရက်ထိ ကျင်းပခဲ့သည်။ ပထမအကြိမ် တောင်သူလယ်သမားအစည်းအရုံး ညီလာခံ သက်တမ်းတွင် တောင်သူလယ်သမားမြို့နယ် အစည်းအရုံးနှစ်ခု၊ မြို့နယ်စည်းရုံးရေးကော်မတီနှစ်ခု၊ ကျေးရွာအုပ်စုနှင့် ရပ်ကွက်အစည်းအရုံး ၁၉၈ ခု နှင့် တောင်သူလယ်သမား အစည်းအရုံးဝင် နှစ်သိန်းခွဲခန့် တိုးချဲ့စည်းရုံး ဖွဲ့စည်းနိုင်သည်။


ပထမအကြိမ် တောင်သူလယ်သမား အစည်းအရုံး ညီလာခံတွင် မှတ်တမ်းတင်ခြင်း သုံးရပ်၊ အတည်ပြုခြင်း နှစ်ရပ်၊ ပြဋ္ဌာန်းချက် တရပ်နှင့် ဆုံးဖြတ်ချက် ခြောက်ရပ်တို့ကို ချမှတ်ခဲ့သည်။

ဒုတိယအကြိမ် တောင်သူလယ်သမား အစည်းအရုံး ညီလာခံကို ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်မှ ၂၈ ရက်ထိ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ဆရာစံခန်းမတွင် ကျင်းပသည်။

ဒုတိယအကြိမ် တောင်သူလယ်သမားအစည်းအရုံး ညီလာခံမှ မှတ်တမ်းတင်ခြင်း ငါးရပ်၊ အတည်ပြုခြင်း လေးရပ်၊ ဆုံးဖြတ်ချက် ခြောက်ရပ်တို့ကို ချမှတ်သည်။ ညီလာခံမှ ရွေးချယ်လိုက်သော ဗဟိုဦးစီးအဖွဲ့သည် တောင်သူလယ်သမားအစည်းအရုံး ညီလာခံ တခုနှင့် တခုအကြားတွင် တာဝန်ယူ ဆောင်ရွက်ရသော အဖွဲ့ဖြစ်သည်။

တောင်သူလယ်သမား အစည်းအရုံး အဆင့်ဆင့်ကို ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်း တည်ဆောက်နိုင်၍ နိုင်ငံတော်၏ စီးပွားရေး တည်ဆောက်မှု အခြေခံဖြစ်သော လယ်ယာကဏ္ဍ စီမံကိန်းများ ရည်မှန်းချက်ထက် ကျော်လွန်အောင် တောင်သူလယ်သမားများအား စည်းရုံးအကောင်အထည် ဖော်နိုင်ခဲ့လေသည်။

၁၉၈၁ ခုနှစ်အတွင်း ကျင်းပခဲ့သော ဒုတိယအကြိမ် တောင်သူလယ်သမားအစည်းအရုံး ညီလာခံတွင် ရွေးချယ်တင်မြှောက်ခံရသော ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များမှာ ဖော်ပြပါအတိုင်းဖြစ်သည်။



တောင်အာဖရိကသမ္မတနိုင်ငံ။ ။တောင်အာဖရိကနိုင်ငံတွင် လူနည်းစုဖြစ်သောလူဖြူ ၄ ဒသမ ၅ သန်းတို့သည် နိုင်ငံရေး အချုပ်အခြာ အာဏာကို ကိုင်စဲ့ပြီး တနိုင်ငံလုံး လူဦးရေ၏ ၈၃ ရာခိုင်နှုန်းရှိသော လူမည်းနှင့် အခြားလူမျိုးများအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ အဘက်ဘက်က ဖိနှိပ်ချုပ်ချယ်လျက် ရှိသည်။ လူဖြူလူနည်းစုသည် နိုင်ငံ၏မြေယာ ၈၇ ရာခိုင်နှုန်းကို သိမ်းပိုက်ထားပြီး လူမည်းများက ကျန် ၁၃ ရာခိုင်နှုန်းသာ ရရှိသည်။ လူဖြူများအတွက် ရယူထားသော မြေများမှာ မြို့ကြီးများ၊ လေယာဉ်ကွင်းများ၊ စိန်နှင့်ရွှေတွင်းများတည်ရှိပြီး မြေဩဇာကောင်းမွန်သော ဒေသများ ဖြစ်ကြသည်။ လူမည်းတို့ အတွက် ရရှိသော မြေများမှာ တိုင်းရင်းသားတို့၏ အဓိကလုပ်ငန်းများ ဖြစ်ကြသော စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် သင့်ဖြင်းသည့်မြေများ ဖြစ်သည်။

လူမည်းဒေသများမှ လူဖြူဒေသများသို့ သွားလိုသော လူမည်း တိုင်းရင်းသားများသည် နယ်မြေ ကူးသန်းသွားလာခွင့် ဥပဒေအရ ခွင့်ပြုချက်လက်မှတ် ရရှိမှသာ သွားလာနိုင်သည်။ ထို့ပြင် တောင်အာဖရိက အလုပ်သမားတို့သည် လုပ်ငန်းတူပင် လုပ်ကိုင်သော်လည်း အသားအရောင်ကိုလိုက်၍ လုပ်ခကွာခြားကြသည်။ လူဖြူများသည် အခြားလူမျိုးများထက် လုပ်ခ ပိုမိုရရှိကြသည်။ တိုင်းရင်းသားလူမည်းများသည် တောင်အာဖရိကနိုင်ငံသားအဖြစ် ခံယူခွင့် မရှိ။ ကျမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများကို လုပ်ခွင့် မရှိပဲ ထိုလုပ်ငန်းများကို လူဖြူနှင့်လူမည်းမဟုတ်သော အခြား တိုင်းရင်းသားများအတွက် သီးသန့်ထားရှိသည်။ ဤသို့ တောင်အာဖရိက အစိုးရ၏ အသားအရောင် ခွဲခြားမှု၊ ဖိနှိပ်ချုပ်ချယ်မှုများကို လူမည်းများနှင့် အသားအရောင်ရှိသော လူမျိုးစုများက တော်လှန်လျက်ရှိပြီး တချိန်တည်းမှာပင် အာဖရိက အမျိုးသားကွန်ဂရက်၊ပန်အာဖရိကကွန်ဂရက်ကဲ့သို့သော တောင်အာဖရိက နိုင်ငံရေး ပါတီများက ဆန့်ကျင် တော်လှန်လျက် ရှိကြသည်။

အကျယ်အဝန်း။	။၄,၇၁,၈၁၉ စတုရန်းမိုင်
လူဦးရေ။	။၂,၉၂,၉၀,၀၀၀
မြို့တော်။	။ကိတ်တောင်းမြို့


တောင်အာဖရိက အစိုးရသည် တိုင်းရင်းသား လူမည်းများနှင့် အသားအရောင်ရှိသော လူမျိုးစုများ၏ ဆန့်ကျင်အုံကြွမှု လျော့နည်းလာစေရန်အတွက် အသားအရောင် ခွဲခြားရေးဆိုင်ရာ သာမန်ဥပဒေအချို့ကို ပြင်ဆင်ပေးခဲ့သည်။ တိုင်းရင်းသား လူမည်းများကမူ အခြေခံ အခွင့်အရေးများဖြစ်သည့် နိုင်ငံသားအဖြစ် ခံယူပိုင်ခွင့်၊ မဲပေးပိုင်ခွင့်၊လူမျိုးရောနှောခြင်းနှင့် လက်ထပ်ခွင့်၊ ပညာကောင်းစွာ သင်ကြားခွင့်နှင့် အလုပ်အကိုင်ကောင်းများ ရရှိခွင့်၊ မည်သည့် နေရာဌာနဆိုလှုတ်လပ်စွာ နေထိုင်ခွင့်များ ပေးအပ်ရန် တောင်းဆိုလျက် ရှိသည်။

တောင်အာဖရိက နိုင်ငံတွင် လူမည်းများအပြင်၊ အခြားအသားအရောင်ရှိသော လူမျိုးစုံ ဦးရေ သုံးသန်းခန့်ရှိရာ ယင်းတို့သည် ယခင်က လူဖြူတို့ကို အစဉ်အမြဲ ထောက်ခံခဲ့ကြသော်လည်း ယခုအခါ လူမည်းများနှင့် နိုင်ငံရေးအရ ပိုမို ပူးပေါင်းလာကြသည်။ ထို့ကြောင့် တောင်အာဖရိက လူဖြူအစိုးရသည် အသားအရောင်ရှိသော တောင်အာဖရိက နိုင်ငံသားများ၏ ယုံကြည်မှုကို ပြန်လည်ရယူရန် ဆွဲဆောင်သည့်အနေဖြင့် အဖွဲဝင် ခြောက်ဆယ်ပါသော သမ္မတ အတိုင်ပင်ခံ ကောင်စီကို ထူထောင်ခဲ့သည်။ ထိုကောင်စီတွင် အဓိကအားဖြင့် လူဖြူများပါဝင်ပြီး အသား အရောင်ရှိသူများဖြစ်သော အိန္ဒိယ၊ တရုတ်လူမျိုးများ ပါဝင်ကြသည်။ သမ္မတ အကြံပေးကောင်စီသည် နိုင်ငံတော်ဖွဲ့စည်းပုံ ရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရမည် ဖြစ်သည်။

သမ္မတ အတိုင်ပင်ခံကောင်စီတွင် တိုင်းရင်းသား လူမည်းများ မပါဝင်သောကြောင့် မီမိတို့လည်း ထိုကောင်စီတွင် ပါဝင်ဆောင်ရွက်ခြင်း ပြုမည်မဟုတ်ဟု အသားအရောင်ရှိသူများက ကြေငြာသည်။ ထိုအခါ တောင်အာဖရိက ဝန်ကြီးချုပ် ပီဘိုသာက လူမည်းများသည် တောင်အာဖရိက နိုင်ငံသားများမဟုတ်ပဲ သက်ဆိုင်ရာ လူမည်းကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ နိုင်ငံသားများသာ ဖြစ်သဖြင့် လူမည်းများအနေဖြင့် တောင်အာဖရိကနိုင်ငံ၏ ဖွဲ့စည်းပုံဥပဒေ ပြောင်းလဲရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခွင့်မရှိ။ လူမည်းများအတွက် သီးခြား လူမည်းအတိုင်ပင်ခံကောင်စီတခု ဖွဲ့စည်းပေးမည်ဟု ထုတ်ဖော်ကြေငြာသည်။ သို့သော် လူမည်းများက ထိုကမ်းလှမ်းချက်ကို လက်မခံပဲ ပယ်ချခဲ့သည်။

ဤသို့ တောင်အာဖရိကနိုင်ငံက လူမျိုး ခွဲခြားရေးနှင့် အသားအရောင်ခွဲခြားရေးဝါဒကို ကျင့်သုံးလျက်ရှိနေသဖြင့် တောင်အာဖရိကနိုင်ငံအား အရေးယူရန် အဆိုမူကြမ်းကို ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တင်သွင်းခဲ့ကြသည်။ အများစုသည် တောင်အာဖရိကနိုင်ငံအား စီးပွားရေး သပိတ်မှောက်ရန် တောင်းဆိုထားကြသည်။ ယင်းအဆိုမူကြမ်းများကို ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် မဲခွဲဆုံးဖြတ်ပြီး အတည်ပြုကြောင်း ကြေငြာခဲ့သည်။ ၁၉၇၁ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေညီလာခံတွင် လည်း တောင်အာဖရိကနိုင်ငံ၏ အသားအရောင် ခွဲခြားရေးဝါဒကို တိုက်ဖျက်ရေးအတွက် ဆွေးနွေးကြပြီး ညီလာခံသို့ တက်ရောက်လာသော ကိုယ်စားလှယ် အများစုကြီး သည် အသားအရောင် ခွဲခြားမှုဝါဒကို ကျင့်သုံးနေသော တောင်အာဖရိကနိုင်ငံအား အရေးယူသွားရန် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို ထောက်ခံကြသည်။

တောင်အာဖရိက အစိုးရသည် နမီးဗီးယား(အနောက်တောင်အာဖရိက) ဒေသကိုလည်း စွဲမြဲစွာ ချုပ်ကိုင်ထားသည်။ ဒုတိယ ကမ္ဘာစစ်ကြီးအပြီး ၁၉၄၅ ခုနှစ်ကတည်းက ကုလသမဂ္ဂအဖွဲ့ကြီးက အနောက်တောင်အာဖရိက နယ်ကို ပြန်အပ်ရန် တောင်းဆိုသော်လည်း တောင်အာဖရိက အစိုးရက ပြန်မပေးချေ။ ထိုစဉ်က ဗြိတိသျှသြဇာရိပ်ရှိသဖြင့် ထိထိရောက်ရောက် မတောင်းခဲ့ကြပေ။ ၁၉၆၁ ခုနှစ်တွင် ဒတ်ချ်နယ်ဖွားများ တောင်အာဖရိက အစိုးရဖြစ်




တောင်အာဖရိက သမ္မတနိုင်ငံနေ့တွင် စစ်ရေးပြပွဲကျင်းပနေပုံ၊ ဝန်ကြီးချုပ် ပီဘိုသာ (အတွင်းပုံ)

လာသောအခါ ဗြိတိသျှ ဓနသဟာယမှ နုတ်ထွက်လိုက်ကြပြီးနောက် လူမည်း အများစုအပေါ် ၌ စာနာမှု မရှိပဲ ဖိနှိပ်အုပ်ချုပ်လာခဲ့ကြသည်။ နမီးဗီးယား ပြည်သူများကလည်း လွှန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကပင် လွတ်လပ်ရေးအတွက် တောင်အာဖရိကအစိုးရအား တိုက်ပွဲ ဝင်လာခဲ့ကြသည်။ သို့သော်လည်း တောင်အာဖရိက နိုင်ငံသည် ကုလသမဂ္ဂ အပါအဝင် ကမ္ဘာ့နိုင်ငံ အများစု၏ တောင်းဆိုချက်ကို ဥပေက္ခာပြုကာ ဆက်လက်အုပ်ချုပ်လာခဲ့သည်။ တောင်အာဖရိက အစိုးရသည် နမီးဗီးယားအား လွတ်လပ်ရေးပေးရန် ငြင်းဆိုနေဆဲ ဖြစ်သဖြင့် ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် တောင်အာဖရိကနိုင်ငံကို နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနှင့် ယဉ်ကျေးမှု ရေးရာများအရ ပြင်းထန်စွာ အရေးယူရန် ဆုံးဖြတ်ချက်နှင့် အနောက်တောင် အာဖရိကပြည်သူအဖွဲ့ (ဆွာပို) သည် နမီးဗီးယားပြည်သူတို့ကို ကိုယ်စားပြုသည့် တခုတည်းသော တရားဝင်အဖွဲ့အစည်း ဖြစ်သည်ဟူသော အဆိုတို့ကို ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အတည်ပြုခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် ရေနံမှလွဲ၍ ကမ္ဘာပေါ်တွင် အဖိုးတန် သယံဇာတ အများဆုံးထွက်ရှိရာ နိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်တွင် ရွှေနှင့်စိန် အများဆုံး ထုတ်လုပ်သော နိုင်ငံဖြစ်ပြီး ကာဗွန်ယိုင်းပစ္စည်းများ ထုတ်လုပ်ရာတွင် အရေးအကြီးဆုံးဖြစ်သည့် ခရိုမိုက်နှင့် ပလက်တီနမ် အမြောက်အမြား ထွက်ရှိသည်။ကမ္ဘာပေါ်တွင် ယူရေနီယံသတ္တုကို တတိယ အများဆုံး၊ ကျောက်မီးသွေး ကို ပဉ္စမ အများဆုံးတွေ့ရှိရာ နိုင်ငံလည်းဖြစ်သည်။ အနောက်အုပ်စု နိုင်ငံများသည် ယင်းသယံဇာတများအတွက် တောင်အာဖရိကနိုင်ငံအပေါ် မှီခိုနေကြရာ တောင်အာဖရိကနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို တနှစ်ထက် တနှစ် တိုးခဲ့လာကြသည်။ ပြည်တွင်း သယံဇာတ ကြွယ်ဝမှု၊ ပြည်ပကုမ္ပဏီကြီးများ၏ ငွေကြေးမြှုပ်နှံမှုများကြောင့် တောင်အာဖရိကနိုင်ငံသည် အာဖရိကတိုက်တွင် ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံးနှင့် စီးပွားရေးတောင့်တင်းဆုံးနိုင်ငံဖြစ်လာခဲ့သည်။ သို့သော်လည်း လူမည်းများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများတွင် အလုပ်အကိုင် ရှားပါးမှုနှင့် အလုပ်လက်မဲ့ဦးရေ တိုးတက် များပြားလာမှုတို့ကြောင့် လူမည်းများ၏ အမျိုးသား ကုန်ထုတ်လုပ်မှုသည် အာဖရိကတိုက်တွင် အဆင်းရဲဆုံး နိုင်ငံတနိုင်ငံ၏ ကုန်ထုတ်လုပ်မှုထက်ပင် နိမ့်ကျလျက်ရှိသည်။

တန်ဇားနီးယား ပြည်ထောင်စု သမ္မတနိုင်ငံ။ ။ ၁၉၆၀ ပြည့်နှစ် ဇန္နဝါရီလ ၅ ရက်နေ့တွင် တန်ဇားနီးယား အစိုးရအဖွဲ့ကို အပြောင်းအလဲပြုလုပ်ရာတွင် သမ္မတဂျူးလီးယပ် ညီရေးရေးသည် စိမ်ကိန်းနှင့် စီးပွားရေးဆိုင်ရာဝန်ကြီးဌာနသစ်တခုကို တိုးထွင် ဖွဲ့စည်းခဲ့သည်။ ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် ဇန်ဇီဗာကျွန်း၏ တော်လှန်ရေးကောင်စီက လက်ခံအတည်ပြုခဲ့သောဇန်ဇီဗာကျွန်းဖွဲ့စည်းပုံအခြေခံဥပဒေအရ ဇန်ဇီဗာကောင်စီ ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ပွဲကို ၁၉၆၀ ပြည့်နှစ် ဇန္နဝါရီလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ တန်ဇားနီးယား ပြည်ထောင်စုသမ္မတနိုင်ငံ၏ဒုတိယ သမ္မတဖြစ်သော ဂျမ်ဗီသည် ဇန္နဝါရီလ ၇ ရက်နေ့တွင် ဇန် ဇီ ဗာ တော် လှန် ရေး ကောင် စီ ကိုယ်စားလှယ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ ထို့နောက် ဇန္နဝါရီလ ၁၂ ရက်နေ့တွင် ဗိုလ်မှူးချုပ် ရမ်မာဒါနီဟက်ဂျီဆာကီအား ဇန်ဇီဗာ အစိုးရအဖွဲ့ စိမ်ကိန်း ဝန်ကြီးအဖြစ် ခန့်ထားသည်။



အကျယ်အဝန်း။	။၃,၆၂,၈၂၀ စတုရန်းမိုင်
လူဦးရေ။	။၁,၇၄,၀၀,၀၀၀
မြို့တော်။	။ဒါရက်ဆလမ်မြို့

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲ၌ သမ္မတ ဂျူးလီးယပ် ညီရေးရေးသည် ယှဉ်ပြိုင်ဘက်မရှိပဲ သမ္မတအဖြစ် ငါးကြိမ်မြောက် ဆက်တိုက်အရွေးခံရသည်။ ဆန္ဒမဲ ၉၃ ဒသမ ၀၁ ရာခိုင်နှုန်း ရရှိသည်။ အလားတူပင် ဇန်ဇီဗာကျွန်း ရွေးကောက်ပွဲကို သီးခြားကျင်းပခဲ့ရာ သမ္မတ ဂျမ်ဗီ အရွေးခံရပြီးထို့နှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ဇန်ဇီဗာသမ္မတနှင့် ဇန်ဇီဗာနှင့် ပန်ဗာကျွန်းများ၏ တော်လှန်ရေးကောင်စီဥက္ကဋ္ဌအဖြစ် အရွေးခံရသည်။

တန်ဇားနီးယား အမျိုးသားလွှတ်တော်အတွက် ရွေးကောက်ပွဲများကိုလည်း အောက်တိုဘာလ ၂၆ ရက်နေ့တွင် အလားတူ ကျင်းပခဲ့သည်။

ထိုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ဝန်ကြီးချုပ် မစ္စတာ အက်ဒွပ်ဆိုကိုင်းသည် ကျန်းမာရေးအကြောင်းပြ၍ ရာထူးမှ အနားယူသွားသောကြောင့် မစ္စတာ ကလီယိုပါ ဒေးဗစ်မဆုရာ ဦးဆောင်သော အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းကြောင်း သမ္မတ ညီရေးရေးက နိုဝင်ဘာလ ၇ ရက်နေ့တွင် ကြေငြာခဲ့သည်။

ဇန်ဇီဗာကျွန်းတွင်လည်း သမ္မတဂျမ်ဗီသည် နိုဝင်ဘာလ ၉ ရက်နေ့တွင် ဝန်ကြီး ၁၅ ဦးပါသော ဝန်ကြီးများအဖွဲ့ကို ထုတ်ပြန်ကြေငြာခဲ့သည်။

၁၉၈၀ ပြည့်နှစ် ဇူလိုင်လထဲတွင် ဇန်ဇီဗာသမ္မတဂျမ်ဗီကို ဖြုတ်ချ၍ အာဏာသိမ်းရန်ကြံစည်မှု ဖြစ်ပွားခဲ့သည်။

အစိုးရအသိအမှတ်ပြု အဖွဲ့အစည်းများတွင် ဖြစ်စေ၊ သို့မဟုတ် အစိုးရကျန်းမာရေး ဌာနများတွင်ဖြစ်စေ ဆရာဝန်များသည် လခစားအဖြစ် ဝင်ရောက် အမှုထမ်းကြရန် လိုအပ်သည်ဟု ပြဋ္ဌာန်းသည့် ဥပဒေအရ ကိုယ်ပိုင်ဆေးခန်းများ ဖွင့်လှစ်ခြင်းကို ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ရပ်စဲစေခဲ့သည်။ ထိုကာလ အတောအတွင်း တန်ဇားနီးယားနိုင်ငံတွင် အလုပ် လုပ်နေကြသော ကျူးဗားနိုင်ငံမှ ဆရာဝန်နှစ်ဦးအား ၁၉၈၀ ပြည့်နှစ်မတ်လတွင် နှစ်ဘက်အစိုးရများ ပူးပေါင်း ဆောင်ရွက်မှု သဘောတူစာချုပ်အရ နောက်ထပ်နှစ်နှစ် ဆက်လက်နေခွင့် ပြုခဲ့သည်။


၁၉၆၀ ပြည့်နှစ်တွင် အာဝမ်းဒါးနိုင်ငံမှ ထွက်ပြေးလာကြသော တူဆီလူမျိုးစု ဒုက္ခသည် ၃၆,၀၀၀ အား တန်ဇားနီးယား သမ္မတ နိုင်ငံသားများအဖြစ် အသိအမှတ် ပြုမည် ဖြစ်ကြောင်း ဩဂုတ်လ ၂၁ ရက်နေ့က ကြေငြာသည်။

၁၉၇၉ ခုနှစ်က ယူဂန်းဒါးသမ္မတနိုင်ငံတွင် သမ္မတ အီဒီအာမင်ကို တော်လှန်ဖြုတ်ချခဲ့သော ယူဂန်းဒါးအမျိုးသား လွတ်မြောက်ရေးတပ်ဦးနှင့်အတူ လက်တွဲတိုက်ခိုက်ခဲ့သည့် တန်ဇားနီးယားစစ်သားများအနက် လက်ကျန် ၁၀,၀၀၀ ကို ၁၉၈၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့က အပြီးသတ် ရုပ်သိမ်းလိုက်သည်။ ယူဂန်းဒါးနိုင်ငံတွင်း၌ ကုန်ကျခဲ့ရသည့် တန်ဇားနီးယားနိုင်ငံ၏ စစ်ရေးကုန်ကျစရိတ်သည် ဒေါ်လာသန်း ၅၀၀ ဖြစ်၍ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုအတွက် နောက်ဆယ်ကုန်ကျစရိတ် ဒေါ်လာသန်း ၁၀၀ ဖြစ်သည်။ ငြိမ်းချမ်းရေးထိန်းသိမ်းမှုစရိတ်ကို ယူဂန်းဒါးနိုင်ငံက ပြန်လည်ပေးဆပ်ရန် သဘောတူညီချက် ရှိထားသည်။ ယူဂန်းဒါးနိုင်ငံတွင် ဥပဒေထိန်းသိမ်းရေးနှင့် လုံခြုံရေးအတွက် ကူညီရန် တန်ဇားနီးယား ရဲတပ်ဖွဲ့ဝင် ၁၀၀၀ ကို ဆက်လက် ထားရှိမည်ဟု ဇွန်လ ၂၄ ရက်နေ့တွင် တန်ဇားနီးယား အစိုးရက ကြေငြာခဲ့သည်။

တန်ဇားနီးယားသမ္မတ ဂျူးလီးယပ် ညီရေးရေး သည် ယခင် ကုန်သွယ်ရေး ဝန်ကြီးဟောင်း ကာဒူးမားကို ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဝန်ကြီးအဖြစ်လည်းကောင်း၊ ယခင် ပြည်ထဲရေးအတွင်းဝန် အမ်ချမိုးကို ကုန်သွယ်ရေးဝန်ကြီးအဖြစ်လည်းကောင်း ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ခန့်အပ်လိုက်သည်။ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဝန်ကြီး အမ်ဝင်ဂီရာအား တန်ဇားနီးယား လေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်း စီမံခန့်ခွဲမှုတွင် ချုတ်ယွင်းချက်ရှိသဖြင့် ဇန်နဝါရီလ ၂၃ ရက်က ထုတ်ပယ်ခဲ့သည်။

တျူးနစ်ဇီးယား သမ္မတနိုင်ငံ။ ။ဒက်စတိုးသစ်ပါတီသည် အခြားမျိုးချစ်အင်အားစုများနှင့် အတူ ပြင်သစ်လက်အောက်ခံဘဝမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့ရာ ၁၉၅၇ ခုနှစ်တွင် တျူးနစ်ဇီးယား သမ္မတနိုင်ငံကို ထူထောင်နိုင်ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် စတင်ဖွဲ့စည်းလာသော ဒက်စတိုးသစ်ပါတီသည် ၁၉၆၄ ခုနှစ်တွင် ဒက်စတိုးဆိုရှယ်လစ်ပါတီဟု အမည်ပြောင်းခဲ့ပြီး ယနေ့ထိ အာဏာရပါတီ ဖြစ်ခဲ့သည်။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း နိုင်ငံ

အကျယ်အဝန်း။	။၆၃,၃၇၈ စတုရန်းမိုင်
လူဦးရေ။	။၆၃,၆၀,၀၀၀
မြို့တော်။	။တျူးနစ်မြို့



ခြားသားပိုင် စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင် သိမ်းခြင်း၊ ပြည်သူပိုင်စက်မှုလုပ်ငန်းများတိုးခဲ့ခြင်း၊ သမဝါယမလယ်ယာများ တည်ထောင်ခြင်းစသည်တို့ကို ဒက်စတိုးဆိုရှယ်လစ်ပါတီက ဦးဆောင် ချမှတ် လုပ်ကိုင်ခဲ့သည်။ နောင်တွင် ပါတီတွင်း၌ လက်ယာဝါဒီများ လွှမ်းမိုးလာကာ ပါတီအထွေထွေအတွင်းရေးမှူး အာမက်ဗင်ဆာလာကို ဖြုတ်ချခဲ့သည်။

၁၉၇၁ ခုနှစ် အောက်တိုဘာလတွင် ဒက်စတိုးဆိုရှယ်လစ်ပါတီ အဋ္ဌမမြောက်ညီလာခံက ပဂ္ဂလိကစီးပွားရေး တိုးချဲ့မှုနှင့် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုရန် ချမှတ်ခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း တျူးနစ်ဇီးယား သမ္မတနိုင်ငံသည် လူမှုရေး၊ စီးပွားရေး အကျပ်အတည်းများနှင့်ရင်ဆိုင်ခဲ့ရသည်။ ၁၉၇၅ ခုနှစ်တွင် နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ချက်ထုတ်ပြန်၍ ဟာဗစ်ဗော်ဂိုဗာအား ထာသက်ပန် သမ္မတအဖြစ် အမျိုးသားလွှတ်တော်က ကြေငြာသည်။ သမ္မတ ငါးနှစ်သက်တမ်း ဆက်တိုက် သုံးကြိမ်သာ သတ်မှတ်ပေးထားသည်ကို ပယ်ဖျက်သည်။

၁၉၇၂ ခုနှစ်တွင် လွှတ်လပ်ရေးခေတ်အတွင်း အပြင်းထန်ဆုံးသောဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့သည်။ ၁၉၇၆ ခုနှစ်မှစ၍ ဆန္ဒပြပွဲများ၏ တောင်းဆိုချက်တိုင်းတွင် အတိုက်အခံ နိုင်ငံရေးပါတီများ ပြန်လည်ဖွဲ့စည်း လှုပ်ရှားခွင့်ပြုရေးကို ထည့်သွင်း တောင်းဆိုခဲ့သည်။ တျူးနစ်ဇီးယန်း အထွေထွေအလုပ်သမားသမဂ္ဂနှင့် အာဏာရပါတီတို့သည် ယင်းသပိတ်များကြောင့် ဆက်ဆံရေး တင်းမာခဲ့ကြရာ ၁၉၇၈ ခုနှစ် ဇန္နဝါရီလတွင် အထွေထွေသပိတ်ကြီးဖြစ်ပွားခဲ့သည်။ ၁၉၈၀ ပြည့်နှစ် နှစ်ဦးပိုင်းတွင် ဂက်ဆာမြို့အနီး၌ အစွန်းရောက် သူပုန်တပ်များ၏ လက် နက် ကိုင် အကြမ်းဖက်မှု ဖြစ်ပွားသည်။

၁၉၈၀ ပြည့်နှစ်တွင် သမ္မတ ဗော်ဂိုဗာက ထင်ရှားလှကြည်ညိုသူများသော နိုင်ငံရေးသမား မိုဟာမက် မဇလီကို ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ ပါတီအထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း ခန့်အပ်ခဲ့သည်။ ၁၉၈၁ ခုနှစ် ဧပြီလတွင် ဒက်စတိုးဆိုရှယ်လစ်ပါတီ ၁၁ ကြိမ်မြောက် အရေးပေါ်ညီလာခံက ပါတီစုံစနစ်သို့ ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ပြီးနောက် ဗဟိုကော်မတီအသစ်ကို ရွေးချယ်တင်မြှောက်ခဲ့သည်။ ဝန်ကြီးချုပ် မဇလီသည် ပါတီအထွေထွေ အတွင်းရေးမှူးအဖြစ် ပြန်လည်ရွေးချယ်ခံရသည်။ ထိုလတွင်ပင် တျူးနစ်ဇီးယန်း အထွေထွေ အလုပ်သမားသမဂ္ဂ အရေးပေါ်ညီလာခံကျင်းပပြီး တိုင်ယက်ဘက်ကွပ်ရှအား အထွေထွေအတွင်းရေးမှူးသစ်အဖြစ် တင်မြှောက်ခဲ့သည်။ အတိုက်အခံပါတီများ ပြန် လည် လှုပ် ရှား နိုင်ပြုဖြစ်၍ ၁၉၆၃ ခုနှစ် ဇန္နဝါရီလက ပိတ်ပင်တားမြစ်ခဲ့သော တျူးနစ်ဇီးယန်း ကွန်မြူနစ်ပါတီလည်း ပြန်လည်ဖွဲ့စည်းလှုပ်ရှားနိုင်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသမားများနှင့် စပ်လျဉ်းသော လွှတ်ငြိမ်းချမ်းသာခွင့် ဥပဒေရေးဆွဲရန် ဇူလိုင်လ ၃၁ ရက်နေ့တွင် သမ္မတက ဝန်ကြီးချုပ် မဇလီအား ညွှန်ကြားခဲ့သည်။ ထိုလွှတ်ငြိမ်းချမ်းသာခွင့်တွင် ၁၉၇၀ ပြည့်နှစ်က အကျဉ်း ချထားခြင်းခံရသော ပါတီအတွင်းရေးမှူးဟောင်း အာမက်ဗင်ဆာလာနှင့် အပေါင်းပါတို့သည် အကျုံးမဝင်ခဲ့ချေ။ ဗင်ဆာလာသည် ၁၉၇၃ ခုနှစ်တွင် ထောင်မှ လွှတ်မြောက်ထွက်ပြေးပြီး ပြည်ပသို့ရောက်ရှိနေသည်။

၁၉၈၁ ခုနှစ် ဇူလိုင်လတွင် တျူးနစ်ဇီးယားနိုင်ငံ အနှံ့အပြားတွင် အစွန်လာမ်အခြေခံဝါဒီများကို အစိုးရက စစ်ဆင်ရေးတရပ်ဖြင့် ဖမ်းဆီးခဲ့သည်။ လူထုငြိမ်ဝပ် ပိပြားရေး၊ လုံခြုံရေးနှင့် လွှတ်လပ်ရေးကို ထိပါးသည်ဟုဆိုကာ အစွန်လာမ်ဝါဒီ ၁၀၇ ဦးကို ဩဂုတ်လတွင်တရားစွဲဆိုခဲ့သည်။ စက်တင်ဘာလ ၄ ရက်နေ့တွင် ၁၀၅ ဦးကို ထောင်ဒဏ် အသီးသီးစီရင်ခဲ့ပြီး နှစ်ဦးကို လွှတ်ပေးခဲ့သည်။

အောက်တိုဘာလ ၄ ရက်နေ့တွင် လက်ရှိအာဏာရပါတီနှင့် အလုပ်သမားသမဂ္ဂတို့ ပူးပေါင်းကာ အမျိုးသားတပ်ဦးဖွဲ့စည်းခဲ့သည်။ နိုဝင်ဘာလ ၁ ရက်နေ့တွင် တျူးနစ်ဇီးယား သမ္မတနိုင်ငံသမိုင်း၏ ၂၅ နှစ်အတွင်း ပထမဆုံး အကြိမ် ပါတီစုံယှဉ်ပြိုင်သည့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကို ကျင်းပသည်။ အမျိုးသားတပ်ဦးအပြင် ပါဝင်ယှဉ်ပြိုင်သော ပါတီများသည် ဆိုရှယ်လစ် ဒီမိုကရက်လှုပ်ရှားမှုပါတီ၊ ကွန်မြူနစ်ပါတီ၊ ပေါ်ပြူလာယူနီတီပါတီတို့ဖြစ်သည်။

အမျိုးသားညီညွတ်ရေးတပ်ဦးက ထောက်ခံမဲ ၉၄ ဒသမ ၆ ရာခိုင်နှုန်းဖြင့် မဲဆန္ဒနယ် ၁၃၆ နယ်လုံးတွင် အနိုင်ရရှိသည်။ အတိုက်အခံပါတီများသည် တနေရာမျှပင်အနိုင်မရရှိခဲ့ချေ။ နိုဝင်ဘာလ ၈ ရက်နေ့တွင် သမ္မတသည် ဝန်ကြီးချုပ် မိုဟာမက် မဇလီအား အစိုးရအဖွဲ့ ဖွဲ့ရန် တာဝန်ပေးအပ်ရာ အပြောင်းအလဲမရှိသော အစိုးရသစ်ကို ဖွဲ့စည်းခဲ့သည်။

၁၉၈၁ ခုနှစ် ဇန္နဝါရီလတွင် မြောက်ကိုရီးယားနိုင်ငံနှင့် ကုန်သွယ်မှုသဘောတူညီချက်စာချုပ်ကို ချုပ်ဆိုခဲ့သည်။ မတ်လအတွင်းတွင် တရုတ်ပြည် ပြည်ပ ကုန် သွယ်ရေး ဝန်ကြီးလီကွင်းသည် တျူးနစ်ဇီးယား သမ္မတနိုင်ငံသို့ လာရောက် လည်ပတ်သည်။

တျူးနစ်ဇီးယား သမ္မတနိုင်ငံ၏ ရေနံထုတ်လုပ်မှုသည် တနှေ့လျှင် အမေရိကန်စည်ပေါင်း တသိန်းတသောင်း ရှိသဖြင့် အာရပ် ရေနံထုတ်လုပ်သူများအသင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းလျက်ရှိသည်။

ထိုင်းနိုင်ငံ။ ။ထိုင်းနိုင်ငံတွင်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ပရမ်တင်ဆူလာနွန်ဒါ၏ ညွှန်ပေါင်းအစိုးရအဖွဲ့မှ ဒုတိယ ဝန်ကြီးချုပ် ဘွန်ချူရိုဂျာနာစထီယင် ဦးဆောင်လျက် စီးပွားရေးပြုပြင်မှုများ ပြုလုပ်ခဲ့သည်။ သို့ရာတွင် ငွေကြေး ဖောင်းပွမှုသည် အခြေခံ ပြဿနာ ဖြစ်လျက်ရှိသည်။ ထိုငွေကြေးဖောင်းပွမှု ကျဆင်းရေးအတွက် မစ္စတာဘွန်ချူဦးဆောင်လျက် ဇင်ထိုင်းခေါ် စီမံကိန်းတရပ် ချမှတ်လုပ်ဆောင်ရာတွင်လည်း မအောင်မြင်ချေ။ ထိုအတွင်း သကြားရွားပါးမှု၊ စားကုန်စျေးနှုန်းများ မြင့်တက်မှုနှင့် ငွေကြေးဖောင်းပွမှုပြဿနာစသည့် စီးပွားရေး အကျပ်အတည်းများကြောင့် စီးပွားရေးဌာနများကို ချုပ်ကိုင်ထားသော ဆိုရှယ်အက်ရှင်ပါတီအပေါ် အခြား ပါတီများက ဝေဖန်တိုက်ခိုက်လာကြသည်။ ဤသို့ အစိုးရအဖွဲ့အတွင်း နိုင်ငံရေးပါတီများ အချင်းချင်း တိုက်ခိုက်မှုပြင်းထန်လာပြီးနောက် ၁၉၇၁ ခုနှစ် ဇန္နဝါရီလအတွင်း၌ သယ်ယူပို့ဆောင်ရေးဌာန ဒုတိယဝန်ကြီး ဖွန်ရန်ပရာဆာဝစ်နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးတန်ချိုင်းခမ်ဖာတိုတို့ နှစ်ဦးနုတ်ထွက်ခဲ့ကြသည်။ ထို့ကြောင့် ဝန်ကြီးချုပ် ပရမ်က အစိုးရအတွင်း ပြောင်းလဲမှု အနည်းငယ်ပြုလုပ်ခဲ့ရသည်။

လော၊ ထိုင်းနှင့် ဗီယက်နမ်တို့ ပါဝင်သော ကြားဖြတ်မဲခေါင်ကော်မတီသည် ဇန္နဝါရီလ ၁၃ ရက်မှ ၁၉ ရက်နေ့အထိ ဗန်ကောက်မြို့၌ တွေ့ဆုံဆွေးနွေးပြီး သုံးနိုင်ငံတွင် အကောင်အထည်ဖော်နေသော လုပ်ငန်းများကို ပြန်လည်ဆန်းစစ်ကြသည်။ ဗန်ကောက်မြို့တွင် ကျင်းပသည့် ကြားဖြတ်မဲခေါင်ကော်မတီ အစည်းအဝေးသို့ ၁၉၇၅ ခုနှစ်မှ စတင်ခဲ့သည့် မဲခေါင်မြစ် ဖွံ့ဖြိုးရေးစီမံချက်များတွင် ပါဝင် ပူးပေါင်းဆောင်ရွက်နေသော နိုင်ငံ ၂၁ နိုင်ငံမှ




ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ် ရောက်ရှိလာသော တရုတ်ဝန်ကြီးချုပ် ကျောက်ကျိယန်အား ဝန်ကြီးချုပ်ပရမ်တင်ဆူလာနွန်ဒါကကြိုဆိုနှုတ်ဆက်စဉ်

ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ၁၃ ခုမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဇန္နဝါရီလ ၁၇ ရက်နေ့တွင် ဂျပန်ဝန်ကြီးချုပ် ဇင်ကို ဆူဇူကီးသည် အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့ (အေဆီယင်) ဝင်နိုင်ငံများသို့ လည်ပတ်ယင်း ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့သည်။

ဇန္နဝါရီလ ၁၉ ရက်နေ့က ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလေးမောင်သည် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး လေတပ် ဗိုလ်ချုပ်ကြီး ဆစ်ဒီဆာဝက်ဆီလာ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့သည်။

ထိုင်းနိုင်ငံတွင် လေးရက်ကြာ လည်ပတ်နေထိုင်ရန် အတွက် တရုတ်ပြည်သူသမ္မတနိုင်ငံ ဝန်ကြီးချုပ်ကျောက်ကျိယန်သည် ၁၉၇၁ ခု ဇန္နဝါရီလ ၃၀ ရက်နေ့တွင် ဗန်ကောက်မြို့သို့ ရောက်ရှိခဲ့သည်။



အကျယ်အဝန်း။	။၁,၉၇,၄၅၅ စတုရန်းမိုင်
လူဦးရေ။	။၄,၇၁,၆၀,၀၀၀
မြို့တော်။	။ဗန်ကောက်မြို့

ထိုင်းနှင့် လောနိုင်ငံနယ်စပ်တွင် အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် ထိုင်းအစိုးရက နယ်စပ်ကို ၁၉၈၁ ခုနှစ် ဖေဖွဝါရီလ ၈ ရက်နေ့မှစ၍ ပိတ်ခဲ့သည်။ မဲခေါင်နယ်စပ်ကို ရက်သတ္တနှစ်ပတ်ကြာ ပိတ်ခဲ့ပြီး ဖေဖွဝါရီလ ၂၂ ရက်နေ့တွင် ပြန်လည် ဖွင့်ပေးသည်။

ဆိုဗီယက် နိုင်ငံခြားရေး ဒုတိယဝန်ကြီး နီကိုလိုင်ဖီယူဗင်သည် ၁၉၈၁ ခုနှစ် ဧပြီလအတွင်းတွင် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ချွန်ဒူးဝှမ်သည် ဇူလိုင်လ ၃ ရက်နေ့တွင် လည်းကောင်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်သစ် ဒါတုတ် မဟာသီယာ မိုဟာမက်သည် ဩဂုတ်လအတွင်းတွင် လည်းကောင်း ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြသည်။

၁၉၈၁ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ထိုင်းနိုင်ငံ၏အကြီးမားဆုံး နိုင်ငံရေးပါတီဖြစ်သည့် ဆိုရှယ်အက်ရှင်ပါတီ (အက်အေပီ)မှ ဝန်ကြီး အဖွဲဝင်များသည် သက်တမ်းတန့်ရှိ အာဏာရ ညွှန်ပေါင်းအစိုးရ အဖွဲမှ နုတ်ထွက်လိုက်သဖြင့် ထိုင်းနိုင်ငံရေးအကျပ်အတည်းကို ပိုမိုနက်ရှိုင်းစေသည်။

တချိန်တည်းမှာပင် ဒီမိုကရက်တစ်ပါတီမှလည်း အစိုးရသစ် ပြန်လည်ဖွဲစည်းရေးတွင် ပိုမိုလွှတ်လပ်စေရန်ဟု ဆိုကာ ထိုပါတီမှ ဝန်ကြီးအဖွဲဝင်များကလည်း နုတ်ထွက်သွားခဲ့ကြသည်။ ထိုသို့သော နိုင်ငံရေး အကျပ်အတည်းကြောင့် ထိုင်းနိုင်ငံတွင် စစ်တပ်မှ အာဏာသိမ်းလိမ့်မည် ဟူသော ကောလာဟလသတင်းများ ထွက်ပေါ်လာခဲ့သည်။

ထိုအခြေအနေများကြောင့် ဝန်ကြီးချုပ် ပရမ်သည် နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် ၁၉၈၁ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် အဖွဲဝင် ၄၀ ပါဝင်သော ဒုတိယညွှန်ပေါင်းအစိုးရအဖွဲကို ဖွဲစည်းခဲ့သည်။ ထိုဒုတိယညွှန်ပေါင်းအစိုးရတွင် ချတ်ထိုင်းပါတီ၊ ဒီမိုကရက်တစ်ပါတီ၊ ဆာမာပတ်ပါတီ၊ ဂူအမ်ထိုင်းပါတီ၊ မတ် လိုင်းပါတီနှင့် အတတ်ပညာရှင်များ၊ ဥပဒေပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ စသည်တို့ ပါဝင်ကြသည်။ သို့ရာတွင် အင်အားအကြီးဆုံး နိုင်ငံရေးပါတီဖြစ်သော ဆိုရှယ်အက်ရှင်ပါတီမှမူ တဦးမျှ ပါဝင်ခြင်း မရှိချေ။

အစိုးရ ဖွဲစည်းပြီးနောက် တလခန့်ကြာ ဧပြီလ ၁ ရက်နေ့တွင် ထိုင်းကြည်းတပ်မတော်မှ ဗိုလ်ချုပ်ကြီး ဆန့်ချစ်ပါတီမှာက ဦးဆောင်၍ အာဏာသိမ်းရန် ကြိုးပမ်းသည်။ ဗိုလ်ချုပ်ကြီး ဆန့်ချစ်ပါတီမှာက တော်လှန်ရေးကော်မတီတရပ် ဖွဲစည်းကြောင်းနှင့် ထိုင်းနိုင်ငံ၏ ဖွဲစည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ကို ဖျက်သိမ်းကြောင်း ကြေငြာသည်။ သို့ရာတွင် ကိုရတ်မြို့သို့ ရောက်ရှိနေသော ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရမ်တင်ဆူလာနွန်ဒါနှင့် အစိုးရသစ္စာရှိတပ်များက ဧပြီလ ၃ ရက်နေ့တွင် ဗန်ကောက်မြို့တော်သို့ ချီတက် သိမ်းပိုက်လိုက်နိုင်ခြင်းကြောင့် ၅၆ နာရီကြာ အာဏာသိမ်းမှုမှာ အရေးနိမ့်သွားသည်။

ဝန်ကြီးချုပ် ပရမ်တင်ဆူလာနွန်ဒါသည် စစ်တပ်အတွင်း အပြောင်းအလဲများ ပြုလုပ်ခဲ့သည်။ အာဏာသိမ်းမှုတွင် ပါဝင်ခဲ့သူ လူငယ်အရာရှိအုပ်စုမှ ၃၆ ဦးအား ရာထူးမှ ထုတ်ပယ်ခဲ့ပြီး ၂၁ ဦးကိုမူ ဒေသပြောင်းရွှေ့ခဲ့သည်။ အာဏာသိမ်းမှုတွင် ပါဝင်ပတ်သက်မှုဖြင့် ဖမ်းဆီးထားသော စစ်ဘက်ဆိုင်ရာ အရာရှိကြီးများ၏နေရာတွင် မိမိယုံကြည်စိတ်ချရသော အရာရှိကြီး ၅၇ ဦးကို အစားထိုး ခန့်အပ်သည်။ တပ်ရင်းကြီး ခုနစ်ခုနှင့် တပ်ရင်းတခုတွင် တပ်ရင်းမှူးသစ်များ ခန့်အပ်လိုက်သည်။

လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအကျပ်အတည်းများနှင့် မပြတ် ရင်ဆိုင်နေရသောကြောင့် ပြဿနာပြေလည်ရေးအတွက် ထိုင်းအစိုးရအဖွဲကို ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ထပ်မံပြုပြင် ဖွဲစည်းလိုက်သည်။ ထိုင်းဝန်ကြီးချုပ် ပရမ်ဘင်ဆူလာနွန်ဒါသည် မိမိ၏ ညွှန်ပေါင်းအစိုးရအဖွဲအတွက် တောင့်တင်း ခိုင်မာသော ထောက်ခံမှုရရှိစေရန် ၁၉၈၁ ခုနှစ်အတွင်း တတိယအကြိမ်အဖြစ် အစိုးရအဖွဲကို ပြုပြင်ဖွဲစည်းမှု ပြုရာတွင် ထိုင်းနိုင်ငံ၌ အကြီးဆုံးပါတီဖြစ်သည့် ဆိုရှယ်အက်ရှင်ပါတီ (အက်အေပီ) မှ ဝန်ကြီးကိုးဦး ပါဝင်လာသည်။

ထိုင်းနိုင်ငံ၏ ကမ်းလွန်ရေပိုင်နက်တွင် သဘာဝအရင်းအမြစ်များကို ကာကွယ်ရန်နှင့် စွမ်းအင်အလားအလာများ ရှာဖွေရန် ရေမိုင် ၂၀၀ ကို စီးပွားရေးဇုံအဖြစ် မတ်လ ၄ ရက်နေ့က ကြေငြာခဲ့သည်။

ထိုင်းနိုင်ငံ၏ ပထမဆုံး ပင်လယ်ရေအောက် ဓာတ်ငွေ့ပိုက်လိုင်း ဖွင့်ပွဲကို စက်တင်ဘာလ ၁၂ ရက်နေ့တွင် ဗန်ကောက်မြို့၏ အရှေ့တောင်ဘက်ရှိ ဗန်ပါကွန်တွင် ကျင်းပသည်။

ဒါယန်း, မိုရှေ (ခရစ် ၁၉၁၅–၁၉၈၁)။ ။ဆိုင်နိုင်းကျွန်းဆွယ်စစ်ပွဲတွင် နာမည်ကျော်ခဲ့သူ အစ္စရေးဗိုလ်ချုပ်ကြီး မိုရှေဒါယန်းကို အဘဆင်မြူရယ်ဒါယန်းနှင့် အမိ ဒဗိုရာတို့က ၁၉၁၅ ခုနှစ်မေလ ၂၀ ရက်နေ့တွင် မွေးဖွားခဲ့သည်။

ဒါယန်းအသက် ၁၂ နှစ်သားအရွယ်တွင် ကျေးရွာကာကွယ်ရေးအတွက် ကင်းစောင့်တာဝန်ကို ယူခဲ့သည်။ အသက် ၁၄ နှစ်သို့ရောက်သော် ဟာဂါနာမျိုးချစ်တပ်ဖွဲဝင်တဦးဖြစ်လာသည်။ အသက် ၁၈ နှစ်သားအရွယ်တွင် ဟာဂါနာမျိုးချစ်တပ်ဖွဲဝင် အသစ်များကို စစ်သင်တန်းပေးခဲ့သည်။ တချိန်တည်းမှာပင် နဟာလာရှိ စိုက်ပျိုးရေးသင်တန်းကျောင်း၌ ပညာဆည်းပူးခဲ့သည်။ ထိုကျောင်း

တွင် ဂျရူးဆလမ်းမြို့မှ ရွှေနေတဦး၏သမီးဖြစ်သူ ရုရှေးဝပ်နှင့် ဆုံဆည်းခဲ့သည်။ အသက် ၂၀ တွင် အိမ်ထောင်ပြုခဲ့ပြီး သားနှစ်ယောက်နှင့် သမီးတယောက် ထွန်းကားခဲ့သည်။

ပြောက်ကျားစစ်တွင် နာမည်ကျော်သော ဗြိတိသျှ စစ်ဗိုလ်ကြီးဝင်းဂိတ်က ဂျူးအမျိုးသားများကို စစ်ပညာသင်ကြားပေးရာတွင် ဒါယန်းသည် အလွန်ထူးချွန်ခဲ့သည်။ ထို့ကြောင့် ဒါယန်းသည် အသက် ၂၂ နှစ် အရွယ် တွင် ဝင်းဂိတ်၏ စစ်ဘက်ဆိုင်ရာ လက်ထောက်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ၁၉၃၉ ခုနှစ်၌ ဟာဂါနာ မျိုးချစ်တပ်ဖွဲ့ဝင်များကို ယာဗနီယယ်ရှာတွင် လျှို့ဝှက်စစ်သင်တန်းပေးနေခိုက်အဖမ်းခံရပြီး ထောင်ဒဏ် ၁၀ နှစ်အပြစ်ပေးခြင်းခံရသည်။ဒုတိယ ကမ္ဘာစစ်စတင်ဖြစ်ပွားသည့်အခါ ဒါယန်းနှင့်အပေါင်းပါများကို ထောင်မှလွတ်ပေးခဲ့သည်။ ၁၉၄၁ ခုနှစ် လက်ဗန္ဓနစစ်မြေပြင်၌ ဒါယန်း၏မှန်ပြောင်းကို ရန်သူကျည်ဆန်ထိမှန်ပြီး မှန်ကွဲများမျက်စိကိုစူးသဖြင့် နှစ်ကြိမ်တိုင် ခဲစိတ်ကုသမှု ပြုသော်လည်း မအောင်မြင်ပဲ ဝဲဘက်မျက်စိပျက်စီးခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်အခါ ဟာဂါနာမျိုးချစ်တပ်ဖွဲ့တွင် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ပြီး ဒုတိယဗိုလ်မှူးကြီးအဆင့်သို့ ရောက်ခဲ့သည်။ ၁၉၄၈ ခုနှစ် မေလ ၁၅ ရက်နေ့တွင် ဇာတိဖြစ်သော ဒဂါနီယာမြို့ကိုကာကွယ်စောင့်ရှောက်ရန် အထူးတပ်မှူးအဖြစ် ခန့်ထားခြင်း ခံရသည်။ ၁၉၄၉ ခုနှစ်တွင် အာရပ်အစွန်းစစ်ရပ်စဲရေးသဘောတူညီချက်ကို အစွန်းကိုယ်စားလှယ်အနေဖြင့် လက်မှတ်ရေးထိုးသည်။ ၁၉၅၀ ပြည့်နှစ်တွင် ဗိုလ်မှူးချုပ်ရာထူးသို့တိုးမြှင့်ခံရပြီးမြောက်ပိုင်းတိုင်းမှူးအဖြစ်တာဝန်ထမ်းဆောင်သည်။

ဒါယန်းသည် ၁၉၅၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံရှိ အထက်တန်းစစ်အရာရှိများ လေ့ကျင့်ရေးကျောင်း၌ စစ်ပညာသင်ယူပြီး ပြန်လာသောအခါ အစ္စရေး လက်နက်ကိုင်တပ်များ၏ ဒုတိယဦးစီးချုပ်ရာထူးသို့ တိုးမြှင့်ခြင်းခံရသည်။ ၁၉၅၃ ခုနှစ်တွင် ဂျော်ဒန် - အစ္စရေးပြဿနာ တင်ပြ ရန်အတွက် ကုလသမဂ္ဂသို့စေလွှတ်သော ကိုယ်စားလှယ်အဖွဲ့တွင် ဒါယန်းလည်း ပါဝင်သည်။ အဆိုပါ အစည်းအဝေးတက်နေစဉ် ကာလ အတွင်း အစ္စရေးအစိုးရက ပြန်လည်ခေါ်ယူပြီး စစ်ဦးစီးချုပ် ရာထူးသို့ တိုးမြှင့်ခန့်ထားသည်။ ထိုအချိန်က ဒါယန်းမှာ အသက် ၃၈ နှစ်သာရှိသေးသည်။

၁၉၅၆ ခုနှစ် နိုဝင်ဘာလတွင် ဆင်နွှဲခဲ့သော ဆိုင်းနိုင်းကျွန်းဆွယ်စစ်ပွဲတွင် ခြောက်ရက်ဖြင့် အပြီးသတ် အောင်ပွဲဆင် နိုင် ခဲ့ သော ကြောင့် အထူး ကျော်ကြားလာသည်။ ၁၉၅၈ ခုနှစ်နှင့် ၁၉၅၉ ခုနှစ် များတွင် ဗင်ဂူရီယန်၏ ပါတီအတွက် ပါဝင်ဆောင်ရွက်ပေးသဖြင့် ရွေးကောက်ပွဲ၌ ဗင်ဂူရီယန်အနိုင်ရရှိခဲ့သည်။ ဗင်ဂူရီယန်က ဒါယန်းကို စိုက်ပျိုးရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် အစ္စရေးနိုင်ငံ ဆက်လက် တည်တံ့ရေးအတွက် ဒါယန်းကို ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်ထားခဲ့သည်။ သို့သော် ၁၉၇၃ ခုနှစ်က အာရပ် အစ္စရေးစစ်ပွဲတွင် အစ္စရေးတို့အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီး ဒါယန်းသည်လည်း ကာကွယ်ရေးဝန်ကြီးရာထူးမှ နုတ်ထွက်ခဲ့သည်။

ဗယ်ဂင်အစိုးရ တက်လာသည့်အခါ နိုင်ငံခြားရေးဝန်ကြီးရာထူး ရရှိခဲ့ပြီး ဒေးဗစ်စခန်း သဘောတူညီချက်များရေးဆွဲရာ၌ ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် ပါလက်စတိုင်း အရေးအခင်းနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့နှင့်သဘောကွဲလွဲမှုကြောင့် နိုင်ငံခြားရေးဝန်ကြီးရာထူးမှ နုတ်ထွက်လိုက်သည်။

မိုရှေဒါယန်းသည် ၁၉၈၁ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

ဒေကွေးလျား, ပဲရက်ဟာဗီးယား (ခရစ် ၁၉၂၀) ။ ။ ပီရူးနိုင်ငံသားဖြစ်သူ ပဲရက်ဒေကွေးလျားသည် ၁၉၈၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးကို ထမ်းဆောင်ခွင့်ရသူ ဖြစ်သည်။ ခရစ် ၁၉၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ပီရူးနိုင်ငံ လီမာမြို့တွင် အလယ်အလတ်တန်းစား မိသားစုမှ မွေးဖွားသည်။



ပဲရက် ဟာဗီးယား ဒေကွေးလျား

ပီရူးနိုင်ငံ သံတမန်ရေးရာ တက္ကသိုလ်တွင် သံတမန်ဥပဒေပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၄၀ ပြည့်နှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ သံတမန်ရေးရာ တာဝန်များကို စတင်ဆောင်ရွက်သည်။ ပြင်သစ်၊ ဗြိတိသျှ၊ ဗိုလစ်

ဗီးယား၊ ဗရာဇီး နိုင်ငံတို့တွင် သံရုံး အတွင်းဝန်အဖြစ် လည်းကောင်း၊ ကောင်စစ်ဝန်အဖြစ် လည်းကောင်း ထမ်းဆောင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် နိုင်ငံခြားရေးရုံးတွင် ပြန်လည် တာဝန်ထမ်းပြီး ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ် အထိ ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးဖြစ်လာသည်။

၁၉၆၆ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ နိုင်ငံခြားရေးရုံးတွင် အတွင်းရေးမှူးချုပ်အဖြစ် တာဝန် ထမ်းဆောင်ပြီး နောက် ၁၉၆၉ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ဆိုဗီယက် ပြည်ထောင်စုနှင့် ပိုလန်နိုင်ငံဆိုင်ရာ ပီဂူးနိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်ထားခြင်း ခံရသည်။

၁၉၇၁ ခုနှစ်မှစ၍ ကုလသမဂ္ဂဆိုင်ရာ ပီဂူးနိုင်ငံ၏ သံအမတ်ကြီးဖြစ်လာသည်။ ၁၉၇၅ ခုနှစ်မှ ၁၉၇၈ ခုနှစ် အထိ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ စိုက်ပရပ်အရေး အခင်းဆိုင်ရာ အထူးသံတမန်အဖြစ် ဆောင်ရွက်ခဲ့သော အခါ ဂရိနှင့် တူရကီ လူမျိုးနှစ်မျိုးစလုံး၏ ယုံကြည်မှုကို ခံခဲ့ရသည်။ ၁၉၇၀ ပြည့်နှစ်တွင် ကုလသမဂ္ဂ နိုင်ငံရေးဆိုင်ရာ လက်ထောက် အတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခြင်း ခံရသည်။ ထိုတာဝန်နှင့်အတူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အာဖဂန်စတန် အရေးအခင်း ဆိုင်ရာ အထူးသံတမန်အဖြစ် ထမ်းဆောင်ခဲ့သည်။

စတုတ္ထမြောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ်ဗားဟိုင်း၏ ဒုတိယအကြိမ် ရာထူးသက်တမ်းသည် ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကုန်ဆုံး၍ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသော လုံခြုံရေးကောင်စီ အစည်းအဝေးက ဟာဗီးယား ပဲရက် ဒေကွေးလျှားကို အထွေထွေ အတွင်းရေးမှူးချုပ်လောင်းအဖြစ် တညီတညွတ်တည်း ရွေးချယ်ခဲ့သည်။ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အထွေထွေညီလာခံကလည်း ပဲရက် ဒေကွေးလျှားကို ကုလသမဂ္ဂ၏ ပဉ္စမမြောက် အထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် အတည်ပြုပေးခဲ့သည်။

မစ္စတာ ပဲရက်ဒေကွေးလျှားသည် ရွေးဟောင်း တေးဂီတကို မြတ်နိုးပြီး အနုပညာနှင့် ဗီသုကာကိုလည်း ဝါသနာပါသည်။ ရောမမြို့ရှိ ရွှေးဟောင်း ကျောက်တိုင်ကြီးများနှင့် ဘုရားရှိခိုး ကျောင်းများကို အပျော်ထမ်း လေ့လာနေသူဖြစ်သည်။ နိုင်ငံတကာဥပဒေနှင့် စပ်လျဉ်း၍ စာအုပ်နှစ်အုပ်ရေးသားပြုစုခဲ့သည်။

နမီးဗီးယားဒေသ။ ။နမီးဗီးယားဒေသသည် အာဖရိကတိုက် အနောက်တောင်ဘက်တွင် တည်ရှိ၍ အတွင်းလန်ဒ်တ် သမုဒ္ဒရာကို မျက်နှာမူလျက်ရှိသည်။ စတုရန်းမိုင် ၃,၁၇,၂၆၁ ကျယ်ဝန်းပြီး ၁၉၇၀ ပြည့်နှစ် ခန့်မှန်းချက် အရ လူဦးရေ ၁ ဒသမ ၅ သန်းခန့် ရှိသည်။

နမီးဗီးယားဒေသသည် ပထမကမ္ဘာစစ်အတွင်းက ဂျာမန် ကိုလိုနီဖြစ်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ အစောင့်အရှောက်ခံဒေသအဖြစ် တောင်အာဖရိက နိုင်ငံက အုပ်ချုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ကုလသမဂ္ဂ ညီလာခံများက နမီးဗီးယားဒေသကို လွတ်လပ်ရေး ပေးရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း တောင် အာဖရိကနိုင်ငံက မလိုက်နာပဲ ဆက်လက်အုပ်ချုပ်ခဲ့သည်။ နမီးဗီးယားဒေသတွင်လူဦးရေတသန်းခွဲရှိရာ လူမည်းတသန်း ကျော်မှာ လူဖြူလူနည်းစုတို့၏လက်အောက်တွင် ဖိနှိပ်ခံနေ ရသဖြင့် နမီးဗီးယားဒေသလွတ်မြောက်ရေးအတွက် ပထမ ဆုံး လက်နက်ကိုင် တော်လှန်ရေးကို ၁၉၆၆ ခုနှစ်တွင် ဆမ်နုဂျိုမာ ဦးဆောင်သည့် အနောက်တောင်အာဖရိက ပြည်သူ့အဖွဲ့ (ဆွာပို) က ဦးဆောင်၍ စတင်လှုပ်ရှားခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂသည် ဆွာပိုအဖွဲ့ကို နမီးဗီးယား ပြည်သူတို့၏ စစ်မှန်သော ကိုယ်စားလှယ်အဖြစ် အသိ အမှတ်ပြုထားသည်။ အင်အား ၆၀၀၀ မှ ၇၀၀၀ အထိ ရှိသော ဆွာပိုပြောက်ကျားများသည် အိမ်နီးချင်း အင်ဂိုလာနိုင်ငံတွင် အခြေစိုက်ကာ နမီးဗီးယားဒေသအတွင်း ပြောက် ကျား လှုပ် ရှား မှု များ ကို ပြုလုပ်လျက်ရှိသည်။ တောင်အာဖရိက အာဏာပိုင်များကလည်း နမီးဗီးယား ဒေသသို့ တပ်ဖွဲ့ဝင်အင်အား ၁၅,၀၀၀ အထိ စေလွှတ်ကာ ပြောက်ကျားလှုပ်ရှားမှုများကို နှိမ်နင်းလျက်ရှိသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ၁၉၇၈ ခုနှစ် စက်တင်ဘာလတွင် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရ နမီးဗီးယား လွတ်လပ်ရေးကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် တောင်အာဖရိက အစိုးရနှင့် အနောက် တောင် အာ ဖ ရိ က ပြည် သူ အ ဖွဲ့ (ဆွာပို) တို့



နမီးဗီးယားဒေသအတွင်း ကင်းလှည့်နေသော တောင်အာဖရိကတပ်သားအချို့ကို တွေ့ရပုံ

အကြား တိုက်ပွဲများ ဖြစ်နေခဲ့သည့်အတွက် အကောင်အထည်ဖော်ရန်နှောင့်နှေးကြန့်ကြာခဲ့သည်။ ၁၉၇၀ ပြည့်နှစ် ပထမ နှစ်ဝက်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကွတ်ဗားဟိုင်းက နမီးဗီးယားဒေသနှင့် အင်ဂိုလာနိုင်ငံအကြား အပစ်အခတ်ရပ်စဲရေး ဇုံတခုထူထောင်ပြီး ကုလသမဂ္ဂ ကြားခံတပ်ဖွဲ့များ ချထားရန်၊ ကုလသမဂ္ဂ ကြီးကြပ်မှုဖြင့် ရွေးကောက်ပွဲ ကျင်းပရန်၊ ဖွဲ့စည်းပုံ ရေးဆွဲပြီး လွှတ်လပ်ရေးကြေငြာကာ အာဏာလွှဲအပ်ပေးရန် အချက်များပါဝင်သော အကြံပြုချက်တရပ် တင်ပြခဲ့သည်။


နမီးဗီးယား လွှတ်လပ်ရေး ဆွေးနွေးပွဲတွင် တောင်အာဖရိကအစိုးရက ထောက်ခံပြီး လူဖြူအများစုပါဝင်သည့် နမီးဗီးယားဒေသဆိုင်ရာ လက်ရှိ အာဏာရပါတီဖြစ်သော ဒီမိုကရက်တစ်တန်းဟောအလိုင်းယင့်ပါတီအပါအဝင်အခြား နိုင်ငံရေး ပါတီများလည်း ပါဝင်နိုင်ရေးကို လည်းကောင်း၊ ဆွာပိုအဖွဲ့သည် နမီးဗီးယား ပြည်သူများ၏ ကိုယ်စားလှယ် အစစ်အမှန်ဖြစ်သည်ဟူသော ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ကို ပြင်ဆင်ပေးရေးကိုလည်းကောင်း တောင်အာဖရိကနိုင်ငံက တောင်းဆိုခဲ့သည်။ ဤသို့ မပြေလည်မှုများကြောင့် နမီးဗီးယား လွှတ်လပ်ရေးသည် အလှမ်းကွာဝေးလျက်ရှိနေသည်။

ဤ အခြေအနေများကို ဖြေရှင်းနိုင်ရန်အတွက် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် ဘရိုင်ယန်အာခတ်သည် ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလတွင် တောင်အာဖရိကနိုင်ငံသို့ သွားရောက်ပြီး ဆွေးနွေးခဲ့သည်။ တောင်အာဖရိက ဝန်ကြီးချုပ် ပီဘိုသာက ပါတီစုံပါဝင်သည့် ညီလာခံတရပ်ကျင်းပပြီးမှသာ အပစ်အခတ်ရပ်စဲရေးနှင့် ရွေးကောက်ပွဲများပြုလုပ်ရန် ပြန်လည်တင်ပြသည်။ ဆွာပိုအဖွဲ့ခေါင်းဆောင် ဆမ်နုဂျိုမာကလည်း တောင်အာဖရိက အစိုးရနှင့်သာ တိုက်ရိုက် ဆွေးနွေးမည် ဖြစ်ကြောင်း၊ အခြား နိုင်ငံရေးပါတီများနှင့် ဆွေးနွေးမည် မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကွတ်ဗားဟိုင်းသည် ပါတီစုံညီလာခံကို ၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် စတင်ကျင်းပရန်၊ အပစ်အခတ် ရပ်စဲရေးကို မတ်လတွင် စတင်ပြီးနောက် ခုနစ်လ အကြာတွင် ကုလသမဂ္ဂက ကြီးကြပ်ကွပ်ကဲသော ရွေးကောက်ပွဲကျင်းပရန်၊ ၁၉၇၁ ခုနှစ်အကုန်တွင် နမီးဗီးယားကို လွှတ်လပ်ရေးပေးရန်ဟူသော အချက်များပါဝင်သည့် နမီးဗီးယားနှင့် စပ်လျဉ်းသော အစီရင်ခံစာတစောင်ကို လုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့သည်။

နမီးဗီးယား အနာဂတ်ရေးဆိုင်ရာ ညီလာခံကို ကုလသမဂ္ဂက ကြီးမှူး၍ ၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် စတင် ကျင်းပသည်။ ညီလာခံသို့ ဆွာပိုကိုယ်စားလှယ်များ၊ နမီးဗီးယားဒေသရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တောင်အာဖရိက ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။ ဆွာပိုအဖွဲ့ခေါင်းဆောင် ဆမ်နုဂျိုမာက မိမိတို့သည် အပစ်အခတ်ရပ်စဲရေး သဘောတူချက်ကို လက်မှတ်ရေးထိုးရန် အသင့်ရှိကြောင်း၊ နမီးဗီးယားဒေသသို့ ကုလသမဂ္ဂတပ်ဖွဲ့အင်အား ၇,၅၀၀ ရောက်ရှိလာမည့် ရက် သတ် မှတ် ရေး ကို လည်း သဘောတူကြောင်း ကြေငြာသည်။ သို့သော် တောင်အာဖရိက ကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂက ဘက် လိုက်သည်ဆိုကာ နမီးဗီးယားအနာဂတ်ရေးနှင့် စပ်လျဉ်းသော ကုလသမဂ္ဂအစီအစဉ်များကို လက်မခံပဲ ငြင်းပယ်ခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် ယခုအချိန်အထိ နမီးဗီးယားအား လွှတ်လပ်ရေးပေးရန် ငြင်းဆိုနေသဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံက တောင်အာဖရိကနိုင်ငံကို ပြင်းထန်စွာ အရေးယူရန် ဆုံးဖြတ်ချက်တရပ်ကို ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အတည်ပြုခဲ့သည်။ နမီးဗီးယားလွှတ်မြောက်ရေးအတွက် အနောက်တောင်အာဖရိကပြည်သူအဖွဲ့ (ဆွာပို) ၏ ဦးဆောင်မှုအောက်တွင် လက်နက်ကိုင် တိုက်ပွဲဝင်နေကြသော နမီးဗီး ယား ပြည်သူတို့၏ လွှတ်လပ်ရေးတိုက်ပွဲကို ထောက်ခံကြောင်းနှင့် ဆွာပိုအဖွဲ့သည် နမီးဗီးယားပြည်သူတို့ကို ကိုယ်စားပြုသည့် တခုတည်းသော တရားဝင်အဖွဲ့အစည်းဖြစ်သည်ဟူသော အဆိုကို ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဒီဇင်ဘာလ ၁၁ ရက်နေ့က အတည်ပြုခဲ့သည်။

နယူးဇီလန်နိုင်ငံ။ ။၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် လက်ရှိအာဏာရ အမျိုးသားပါတီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် လယ်ယာနှင့်သားငါးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဒန်ကန်မက်အင်တိုင်ယာအား ရွေးချယ် တင်မြှောက်ခဲ့သည်။ ပါတီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပြီးနောက် အစိုးရအဖွဲ့တွင်လည်း ဒုတိယ ဝန်ကြီးချုပ် ရာထူးကိုပါ ရရှိခဲ့သည်။ အဆိုပါရာထူးများကို ယခင်က မစ္စတာဘရိုင်ယန် တော်ဗိုင်းက ရရှိထားခဲ့ပြီး ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် တော်ဗိုင်းသည် အဆိုပါရာထူးများမှ အနားယူခဲ့သည်။ ဝန်ကြီးချုပ် မစ္စတာ ရော ဗတ်မူဒွန်းသည် မိမိ၏အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများပြုလုပ်ကြောင်း ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကြေငြာခဲ့သည်။ ဝန်ကြီးအဖွဲ့သစ်တွင် ရာထူးနေရာများ ပြန်လည်ခွဲဝေချထားခြင်း ပြုလုပ်ခဲ့ပြီး ဝန်ကြီးသစ် ၄စ်ဦးကို အသစ်ခန့်ထားခဲ့သည်။ အစိုးရအဖွဲ့သစ်တွင် ရော ဗတ်မူဒွန်းက



ဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ဝန်ကြီးအဖွဲဝင် ၂၀ ရှိသည်။ ၁၉၈၁ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ယခု လက်ရှိ ဝန်ကြီးသုံးဦးက ၎င်းတို့ ပါဝင်ယှဉ်ပြိုင်တော့မည် မဟုတ်ကြောင်းကြေငြာသည်။

ဇွန်လအတွင်းက ကင်ဘာနိုင်ငံ နိုင်ဂျီဘီ မြို့တော်၌ ကျင်းပခဲ့သည့် အာဖရိက ညီညွတ်ရေး အဖွဲ့ (အိုအေယူ)၏ ၁၈ ကြိမ်မြောက် နိုင်ငံ အကြီးအကဲများ၏ ညီလာခံတွင် တောင်အာဖရိကနိုင်ငံ၏ ချစ်ကြည်ရေး အားကစားပွဲနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်တခု ချမှတ်ခဲ့သည်။ ၎င်းမှာ တောင်အာဖရိကနိုင်ငံမှ ရပ်ဘီဘောလုံးအဖွဲသည် နယူးဇီလန် နိုင်ငံတွင် ဇူလိုင်လအတွင်း သွားရောက် ကစားမည် ဖြစ်ရာ အဆိုပါအဖွဲကို နယူးဇီလန်နိုင်ငံအနေဖြင့် လက်မခံရန် မေတ္တာရပ်ခံခဲ့သည်။ တဆက်တည်းမှာပင် အိုအေယူ ညီလာခံ၏ ထိုမေတ္တာရပ်ခံချက်ကို နယူးဇီလန် နိုင်ငံက လက်မခံခဲ့ပါက ၎င်းအား အပြည်ပြည်ဆိုင်ရာ အားကစား ပွဲများတွင် ပါဝင်ခွင့်မပြုရေး၊ နယူးဇီလန်နိုင်ငံတွင် ပြုလုပ်မည့် ဓနသဟာယ နိုင်ငံများ၏ ဘဏ္ဍာရေး ဝန်ကြီးများ အစည်းအဝေးကို ဖျက်သိမ်းရေး(သို့မဟုတ်) အခြား နိုင်ငံတခုတွင် ပြုလုပ်ရေးနှင့် ၁၉၈၂ ခုနှစ်တွင် ပြုလုပ်မည့် ဓနသဟာယနိုင်ငံများ၏ အားကစားပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့် မပေးရေး စသည်တို့ကို လုပ်ဆောင်ရန် သဒ္ဓါဘာတူ ဆုံးဖြတ်ခဲ့ကြသည်။

၁၉၇၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မှ အောက်တိုဘာလ ၇ ရက်နေ့အထိ ဓနသဟာယနိုင်ငံများအဖွဲ၏ နိုင်ငံအကြီးအကဲများအဆင့် အစည်းအဝေးကို ဩစတြေးလျနိုင်ငံ မဲလဘုန်းမြို့၌ ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ ဓနသဟာရ အဖွဲကြီး၏ အစီရင်ခံစာကို အဖွဲ၏ အထွေထွေအတွင်းရေးမှူးက တင်သွင်းခဲ့သည်။ အစီရင်ခံစာတွင် ဓနသဟာယ အဖွဲဝင်နိုင်ငံများနှင့် တောင်အာဖရိကနိုင်ငံတို့အကြား အားကစား ဆက်သွယ်မှုနှင့် စပ်လျဉ်း၍ အငြင်းပွားမှုကိုတင်ပြခဲ့သည်။ ဤသို့ဖြင့် တောင်အာဖရိကနိုင်ငံအား ဖိတ်ကြားထားမှုကို ရုပ်သိမ်းပေးရန် နယူးဇီလန် ရပ်ဘီဘောလုံးအဖွဲချုပ်သို့ ဝန်ကြီးချုပ် မူဒွန်းက မေတ္တာရပ်ခံခဲ့သည်။ သို့သော် ဝန်ကြီးချုပ်၏ မေတ္တာရပ်ခံချက်ကို ရပ်ဘီဘောလုံးအဖွဲချုပ်က ပယ်ချခဲ့သည်။

တောင်အာဖရိကနိုင်ငံမှ ရပ်ဘီဘောလုံးအဖွဲသည်စီစဉ်ထားသည့်အတိုင်း နယူးဇီလန် နိုင်ငံသို့ ရောက်ရှိခဲ့ရာ အသားအရောင်ခဲခြားရေးကို ဆန့်ကျင်သည့် လူထုက ဆန္ဒပြခဲ့ကြပြီး ရဲအဖွဲနှင့် အဓိကရုဏ်းများ ဖြစ်ပွားခဲ့သည်။ ထို့ပြင် တောင်အာဖရိက နိုင်ငံ၏ ချစ်ကြည်ရေးခရီးစဉ်နှင့် ပတ်သက်၍ ၁၉၇၂ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၌ကျင်းပမည့် ဓနသဟာယ နိုင်ငံများ၏ အားကစားပွဲတွင် နယူးဇီလန် နိုင်ငံအား ထုတ်ပယ်ရေးအတွက် ဓနသဟာယ အားကစား အဖွဲချုပ်မှ အထူးအစည်းအဝေး ခေါ်ယူပေးရန်နှင့် နယူးဇီလန်နိုင်ငံတွင် ကျင်းပမည့် ဓနသဟာယ အဖွဲဝင် နိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို ဗဟားမားနိုင်ငံသို့ ပြောင်းရွှေ့ရန် အာဖရိကနှင့် ကာရစ်ဘီယံဒေသများရှိ ဓနသဟာယ နိုင်ငံများက တောင်းဆိုခဲ့သည်။


နိုဝင်ဘာလ ၂၇ ရက်နေ့တွင် နယူးဇီလန်နိုင်ငံ၏ အထွေထွေ ရွေးကောက်ပွဲကို စတင်ကျင်းပသည်။ တနိုင်ငံလုံးတွင် မဲဆန္ဒနယ်မြေ ၉၂ ခု ရှိရာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံသူ ကိုယ်စားလှယ်ပေါင်း ၃၃၀ ကျော်ရှိသည်။ အဓိကပြိုင်ဘက် နိုင်ငံရေး ပါတီကြီးများဖြစ်သည့် လေဘာပါတီ၊ အမျိုးသားပါတီနှင့် ဆိုရှယ်ခရက်ဒစ်ပါတီများမှ ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်မြေတိုင်းတွင် ဝင်ရောက်အရွေးခံခဲ့ကြသည်။ ဂစ်ဘွန်း၊ ဟယ်လင်ဗီး၊ တောင်ပိုနှင့်အီဒင်အစရှိသည့် မဲဆန္ဒနယ်မြေလေးခုတွင် မဲရေတွက်မှု မှားယွင်းခြင်းကြောင့်မဲပြန်လည် ရေတွက်ပေးခဲ့ရသည်။ ယင်းမဲဆန္ဒနယ်မြေများတွင် အမျိုးသားပါတီကသာအနိုင်ရရှိခဲ့သည်။ တနိုင်ငံလုံး၌ မဲဆန္ဒပေးသူ စုစုပေါင်း ၉၀ ရာခိုင်နှုန်း ရှိခဲ့သည်။ အမျိုးသားပါတီက မဲဆန္ဒ ၃၉ ဒသမ ၂ ရာခိုင်နှုန်း၊ လေဘာပါတီက ၃၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဆိုရှယ်ခရက်ဒစ်

အကျယ်အဝန်း။	။၁,၀၃,၈၈၃ စတုရန်းမိုင်
လူဦးရေ။	။၃၂,၀၀,၀၀၀
မြို့တော်။	။ဝယ်လင်တန်မြို့

ပါတီမှ ၂၀ ဒသမ ဂ ရာခိုင်နှုန်း အသီးသီးရရှိခဲ့ကြသည်။ ပါတီကြီးသုံးခုမှ ခေါင်းဆောင်များသည် မိမိတို့ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့သည့်မဲဆန္ဒနယ်မြေ အသီးသီးမှ ပြန်လည်ရွေးချယ် တင်မြှောက်ခံရသည်။ ယခင် အစိုးရ အဖွဲ့ဝင် ဝန်ကြီးဖြစ်သူ မစ္စတာ ဝီလျံယန်း (လုပ်ငန်းများနှင့် တိုးတက်မှုဆိုင်ရာ ဝန်ကြီး) သာလျှင် ယခု ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည်။

ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဝန်ကြီးချုပ်ရောဘတ်မူဒွန်းက အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းကြောင်း ကြေငြာခဲ့သည်။ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးသစ် သုံးဦးကို ခန့်ထားခဲ့ပြီး ရာထူးနေရာများ ခွဲဝေချထားပေးခဲ့သည်။ ဝန်ကြီးသစ် သုံးဦး ခန့်ထားရခြင်းသည် ယခင် အစိုးရအဖွဲ့အတွင်းမှ ဝန်ကြီးသုံးဦး ရွေးကောက်ပွဲတွင် ဝင်ရောက် မယှဉ်ပြိုင်တော့၍ဖြစ်သည်။ ဝန်ကြီးချုပ် ရောဘတ်မူဒွန်း ဦးဆောင်သည့် အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးအဖွဲ့ဝင် ၁၉ ဦး ပါဝင်သည်။

နာဂသေနာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မော်လမြိုင်မြို့၊ တောင်လေးလုံးကျောင်းတိုက် (မြန်မာ ၁၂၆၄)။ ။ဆရာတော် ဘဒ္ဒန္တ နာဂသေနာဘိဝံသသည် စစ်ကိုင်းတိုင်း၊ ဒီပဲရင်းမြို့နယ် ပေါင်းထောင်ကူရွာ ခမည်းတော် ဦးဘိုးအန့်၊ မယ်တော် ဒေါ်သာမိတို့မှ သက္ကရာဇ် ၁၂၆၄ ခုနှစ်၊ တန်ဆောင်မုန်း



ဆရာတော် ဘဒ္ဒန္တ နာဂသေနာဘိဝံသ

လဆန်း ၉ ရက်နေ့တွင် ပွားမြင်တော်မူသည်။ သားခြောက်ယောက်၊ သမီးနှစ်ယောက် ထွန်းကားခဲ့ရာ ဆရာတော်သည် ဒုတိယ သားရတနာဖြစ်သည်။ မောင်ထွန်းအေးဟု အမည်တွင်သည်။

ဆရာတော်သည် ရှစ်နှစ်သားအရွယ်၌ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရွာသစ်ကျောင်း ဆရာတော် ဦးလက္ခဏကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ရှင်သာမဏေဘွဲ့မှာ ရှင်တေဇဝန္တဖြစ်သည်။

၁၀ နှစ်သား အရွယ်ခန့်တွင် မန္တလေးမြို့ရှိ ဘိုးတော်အရင်း ဖြစ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရှင် ပေါင်းထောင်ကူ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တပညာသာမိထံသို့ လိုက်ပါသွားလေသည်။

ထို့နောက် မန္တလေးမြို့ အနောက်ပြင် တောင်တော်သာသနာပိုင်တိုက်တော် အလယ် ရွှေကျောင်းကြီးထက်၌ အဘိုးဆရာတော်ကြီးနှင့်အတူ နေထိုင်လျက် ဆရာတော်ကြီးထံ၌ ကျောင်းသားအရွယ်ကပင် ပရိတ်ကြီးနှင့် သဒ္ဒါကြီး ရှစ်စောင်လုံးကုန်အောင် သင်ကြားခဲ့သည်။ အဘိုးဆရာတော်ကြီးကပင် ဒုတိယအကြိမ် ပဗ္ဗဇ္ဇာ မင်္ဂလာပြု၍ ရှင်နာဂသေနဟူသော ဘွဲ့အမည်ကို ပေးတော်မူသည်။

ဆရာတော်သည် အဘိုးဆရာတော်ကြီးထံ၌ ဆက်လက်၍ ရှင်သာမဏေ ခုနစ်ဝါရသည့် တိုင်အောင် သင်္ဂြိဟ်၊ ဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဝစ္စဝါစက၊ ဝိဘတ္တိတ္ထ၊ အဘိဓာန်၊ ရူပသိဒ္ဓိ၊ ဝိထိလင်္ကာရိုး၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်းသုံးချက်စု ပစ္စည်းပြိုင်တို့ကိုသင်ကြားသည်။

အဘိုး ဆရာတော်ကြီးက စေခိုင်း တိုက်တွန်းတော်မူသဖြင့် ကျောင်းတိုက်ချင်းနီးကပ်နေသော ခေမာသီဝံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကလည်းဖြစ် သုဓမ္မာဝင် သာသနာပြု ဆရာတော်လည်းဖြစ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ခတော်ရ ခေမာသီဝံ ဆရာတော်ဘုရားကြီးထံတော်၌ ၁၄ နှစ်အရွယ်မှစ၍ ရဟန်းသိက္ခာလေးဝါရသည်တိုင်အောင် ၁၁ နှစ်ပတ်လုံး ပရိယတ္တိကျမ်းဂန်များကို သင်ကြားသည်။

ဆရာတော်သည် အသက်နှစ်ဆယ်ပြည့်သောအချိန်တွင် ဘိုးတော်အရင်း ပေါင်းထောင်ကူ ဆရာတော် ဘုရားကြီး ဘဒ္ဒန္တပညာသာမိကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ကျော် လေး ကျော် ဘွဲ့ရသော ဆရာတော်ဖြစ်သည်။ အမျိုးသားစာမေးပွဲတွင် ပထမကျော်နှစ်ကျော်ရ၍ အစိုးရစာမေးပွဲတွင် ပထမကျော် နှစ်ကျော် ရရှိပါသည်။ နောက်ဆုံး ပထမကျော်မှာ ပထမကျော်ထက် ကျော်လွန်သော အဂ္ဂမဟာ ပထမကျော်ဖြစ်သည်။

ဆရာတော် ဘဒ္ဒန္တနာဂသေနာဘိဝံဆသည် ၁၃၁၂ ခုနှစ်မှ ၁၃၂၆ ခုနှစ်အထိ နိုင်ငံတော် သြဝါဒိစရိယ ဆင်္ဃသံဃါယနာ၌ ပါဠိပဋိဝိသောဓက၊ မော်ဘိုကိုးပေါင်းစုံ

သမ္မတ ဆိုမိုဇာမိသားစု၏ အနှစ် ၄၀ ကျော်ကြာ ဖိနှိပ်အုပ်စိုးမှုကို ဆန့်ဒီနစ္စတာပြောက်ကျားများက ၁၉၆၁ ခုနှစ်မှစ၍ လက်နက်ကိုင် တော်လှန်ခဲ့ကြသည်။ ပြည်သူတို့က ဆန့်ဒီနစ္စတာ ပြောက်ကျားများကို ထောက်ခံခဲ့ကြသည်။အိမ်နီးချင်း ကော့စတာရီကာ၊ ဟွန်ဒူးရပ်နိုင်ငံများ၌ ခြေကုပ်ယူကာ နိကရာဂွာ ပြည်တွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသော ဆန့်ဒီနစ္စတာ ပြောက်ကျားတို့သည် ၁၉၇၉ ခုနှစ် ဇူလိုင်လအတွင်း၌ မနာဂွာမြို့တော်ကို ထိုးစစ်ဆင်ခဲ့သည်။ အာဏာရှင်ဆိုမိုဇာသည် ဇူလိုင်လ ၁၇ ရက်နေ့၌ နိကရာဂွာနိုင်ငံမှ အပြီးအပိုင် ထွက်ခွာသွားခဲ့ခြင်းဖြင့် ပြောက်ကျားတို့သည် ယာယီအစိုးရသစ်ကို ဖွဲ့စည်းနိုင်ခဲ့သည်။

၁၉၈၁ ခုနှစ် ဖေဖွာရီလအတွင်း၌ အမေရိကန် ပြည်ထောင်စုက နိကရာဂွာနိုင်ငံကို စီးပွားရေးအကူအညီ ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့သည်။

အာဏာရှင် ဆိုမိုဇာ အစိုးရလက်ထက်၌ ရာဇဝတ်မှုကျူးလွန်ခဲ့သူများကို ဖမ်းဆီးအရေးယူရန် ၁၉၇၉ ခုနှစ် အတွင်းက ဖွဲ့စည်းခဲ့သော အထူးရာဇဝတ်ခုံရုံးများကို ၁၉၈၁ ခုနှစ် ဖေဖွာရီလ ၂၀ ရက်နေ့တွင် ဖျက်သိမ်းခဲ့သည်။

အာဏာရှင်ဆိုမိုဇာအစိုးရလက်ထက်က ရပ်ဆိုင်းခဲ့သော နိကရာဂွာ၊ ဗရာဇီးဆက်ဆံရေးကို ၁၉၈၁ ခုနှစ် ဧပြီလ အတွင်း၌ ပြန်လည်စတင်ခဲ့သည်။ ယခုအခါ နိကရာဂွာနိုင်ငံသည် ပါရာဂွေးနှင့် ဗိုလစ်ဗီးယား နှစ်နိုင်ငံမှလွဲ၍ ကျန်လက်တင် အမေရိကနိုင်ငံအားလုံးနှင့် ဆက်ဆံနေပြီဖြစ်သည်။

မေလဆန်းပိုင်း၌ နယ်စပ်တိုက်ပွဲများကြောင့် နှစ်နိုင်ငံ စစ်ဖြစ်ပွားတော့မည့် အနေအထားသို့ ရောက်ရှိခဲ့သော်လည်း နိကရာဂွာနိုင်ငံ ခေါင်းဆောင် ဆာအော်တီဂါဆာ ဗီဒရာနှင့် ဟွန်ဒူရပ်နိုင်ငံသမ္မတ ပိုလီကာပိုပက်ဂါစီယာတို့၏ မေလ ၁၃ ရက်နေ့ ဆွေးနွေးပွဲပြီးသည့် နောက်ပိုင်းတွင် တင်းမာမှု အခြေအနေ လျော့ပါးသွားခဲ့သည်။

၁၉၈၁ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် နိကရာဂွာနိုင်ငံအစိုးရ၏ ကက်ဘိနက်ဝန်ကြီးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ လက်ရှိ ဝန်ကြီးများအပြင် ဝန်ကြီးသစ်ငါးဦး ထပ်မံပါဝင်လာသည်။


ဆန်ဒီနစ္စတာ အစိုးရသည် စက်တင်ဘာလ ၉ ရက်နေ့တွင် နိုင်ငံ၏ လူမှုစီးပွားရေးဆိုင်ရာ အရေးပေါ်အခြေ

သံဃာ့အစည်းအဝေးကြီး၌ ဦးဆောင် ၂၁ ပါး၏ အတွင်းရေးမှူးချုပ်၊ မော်လမြိုင်မြို့ သဓမ္မာဂိဏ်းလုံးဆိုင်ရာ နာယကနှင့် ဝိနည်းဓိရ်၊ ပရိယတ္တိ သဒ္ဓမ္မပါလ အသင်းကြီး၌ နာယကအဖွဲ့ ဥက္ကဋ္ဌ၊ သုသမာစာရအဖွဲ့၌ နာယက၊ ကျိုက်သလွန်စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ဇနမာရ်အောင်စေတီတော် ဂေါပကအဖွဲ့၏ နာယက၊ ကျိုက်သလွန်စေတီတော် ရှေ့သင်္ကန်းကပ်လှူရေးအဖွဲ့၌ နာယကစသော သာသနာတော်ရေး ကိစ္စများကို ဆောင်ရွက်ခဲ့သည်။

ဆရာတော် ဘဒ္ဒန္တနာဂသေနာဘိဝံသ ပြုစုရေးသားအပ်သော စာပေကျမ်းဂန်များမှာ – တောင်လေးလုံးသဒ္ဒါကြီး နိဿယသစ်ခေါ် သဒ္ဒါသင်နည်းကျမ်း သုံးတွဲ၊ ဆန်းသင်နည်းကျမ်း၊ ဓမ္မာစရိယလက်သုံး ပထမတွဲ၊ ဓမ္မာစရိယသင်နည်းကျမ်း နှစ်တွဲ၊ သင်္ဂြိဟ်သင်နည်းကျမ်း နှစ်တွဲ၊ အလင်္ကာသင်နည်းကျမ်း၊ ပဋ္ဌာန်းသုံးချက်စုသင်နည်းကျမ်း၊ ကစ္စာယနသာရ သင်နည်းကျမ်း၊ ဒဋ္ဌမာတိကာ သင်နည်းကျမ်း၊ ဓမ္မာစရိယ ပါဠိပါရဂူ သင်နည်းကျမ်း စသည်များကို ရေးသားတော် မူခဲ့သည်။

ဤသို့ သာသနာတော်အကျိုးကို ဆောင်ရွက်တော်မူသောကြောင့် ဘဒ္ဒန္တနာဂသေနာဘိဝံသအား ၁၃၄၂ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်ကောင်စီက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည်။

နိကရာဂွာ သမ္မတနိုင်ငံ။ ။နိကရာဂွာ သမ္မတနိုင်ငံသည် အမေရိကတိုက် အလယ်ပိုင်း၌ တည်ရှိပြီး အရှေ့ဘက်တွင် ကာရစ်ဘီယံပင်လယ်၊ အနောက်ဘက်တွင် ပစိဖိတ်သမုဒ္ဒရာ၊ တောင်ဘက်တွင် ကော့စတာရီကာနိုင်ငံ၊ မြောက်ဘက်တွင် ဟွန်ဒူးရပ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်တည်ရှိသည်။




အကျယ်အဝန်း။	။၅၇,၁၄၃ စတုရန်းမိုင်
လူဦးရေ။	။၂၃,၄၀,၀၀၀
မြို့တော်။	။မနာဂွာမြို့

အနေတရပ်ကို ထုတ်ပြန်ခဲ့သည်။ အစိုးရ၏ စားနပ်ရိက္ခာ၊ သယ်ယူပို့ဆောင်ရေးနှင့် အခြားအစိုးရ ဌာနများအတွက် အသုံးစရိတ်တို့ကိုပါ ဖြတ်တောက်ခဲ့ပြီး အလယ်ပိုင်း အမေရိက၏ ပြင်ပမှ တင်သွင်းလာသော ဇီမ်ခံပစ္စည်းများအပေါ် အခွန်ကြီးလေးစွာ ကောက်ခံရေးကိုလည်း ကြေငြာခဲ့သည်။

ဟွန်ဒူးရပ်နိုင်ငံနှင့် နီကရာဂွာ နှစ်နိုင်ငံအနီးရှိ ကာရစ်ဘီယံပင်လယ်တွင် အမေရိကန်၊ ဟွန်ဒူးရပ် ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်မည့်တရက်အလို အောက်တိုဘာလ ၆ ရက်နေ့၌ နီကရာဂွာ အစိုးရက အရပ်သားနှင့် စစ်သားများအသင့်အနေအထား၌ ရှိနေကြရန် အမိန့်ထုတ်ပြန်သည်။ ကုလသမဂ္ဂသို့လည်း ယင်းပူးတွဲ စစ်ရေး လေ့ကျင့်မှုသည် မိမိတို့ နိုင်ငံကို ကျူးကျော်ရန် အစမ်း လေ့ကျင့်နေမှုဖြစ်ကြောင်း တိုင်ကြားစာတစောင် ပေးပို့ခဲ့သည်။ နီကရာဂွာ နိုင်ငံ၌ ကျူးဗားတပ်သား ၃၀၀၀ နှင့် ဗီယက်နမ်လေတပ်သား ၁၀၀၀ ရှိနေသည်ဟူသော အမေရိကန် စာနယ်ဇင်းများ၏ ရေးသားချက်ကို ကန့်ကွက် ငြင်းဆိုခဲ့သည်။

နီပေါနိုင်ငံ။ ။နီပေါနိုင်ငံသည် ဘုရင်စနစ်ဖြင့် အုပ်ချုပ်သော နိုင်ငံ တနိုင်ငံဖြစ်သည်။ ဟိမဝန္တာတောင်တန်းကြီး၏ တောင်ဘက်တွင် တည်ရှိသည်။



ဘုရင်မဟိန္ဒရာဘာဘိကရမ်ရှာဒေဝသည် မိမိနိုင်ငံအား ခေတ်မီတိုးတက်စေရန် ကြိုးပမ်းယင်း ၁၉၇၂ ခုနှစ်တွင် ကွယ်လွန်သွားရာ အိမ်ရှေမင်းသားဖြစ်သူ ဘီရင်ဒရာက ထီးနန်းအရိုက်အရာကို ဆက်ခံခဲ့သည်။

နီပေါနိုင်ငံ၏ အဆထွေထွေရွှေးကောက်ပွဲကို ၁၉၈၁ ခုနှစ် မေလ ၉ ရက်နေ့တွင် ကျင်းပခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ် ၁၄၀ ရှိသော ပန်ချာယတ် လွှတ်တော်အတွက် ကိုယ်စားလှယ်ပေါင်း ၁,၁၀၀ ဝင်ရောက် အရွေးခံကြသည်။ လွှတ် တော် ကိုယ် စား လှယ် ၁၁၂ ယောက်ကို ပြည်သူလူထုက ရွေးချယ်ခဲ့ကြပြီး ဘုရင်ဘီရင်ဒရာက လွှတ်တော်ကိုယ်စားလှယ် ၂၈ ယောက်ကို ဘုရင့်အာဏာဖြင့် တိုက်ရိုက် ရွေးချယ်ခန့်အပ်သည်။ ပန်ချာယတ် လွှတ်တော်စနစ်ကို ၁၉၈၀ ပြည့်နှစ်က ပြည်သူဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

အကျယ်အဝန်း။	။၅၄,၃၆၂ စတုရန်းမိုင်
လူဦးရေ။	။၁,၄၆,၀၈,၀၀၀
မြို့တော်။	။ခတ္တမန္ဒူမြို့

ဝန်ကြီးချုပ်အဖြစ် ဗဟာဒူး သာပကို ရွေးချယ်ခဲ့သည်။ ဗဟာဒူး သာပသည် ယခင်က နီပေါနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့ဖူးသူ ဖြစ်သည်။ လွှတ်တော်ရွေးကောက်ပွဲအပြီးတွင် ဝန်ကြီးအဆင့် ခြောက်ဦးနှင့် ဒုတိယဝန်ကြီးအဆင့် ၁၂ ဦးကို ခန့်အပ်သည်။

နီပေါနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ခဲ့ကြောင်းကို ဘုရင်ဘီရင်ဒရာက ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကြေငြာသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ကြေငြာချက်တွင် ယခင် လေးနှစ်တကြိမ် ကျင်းပခဲ့သော လွှတ်တော်ကိုယ်စားလှယ် ၁၁၂ ယောက်ပါဝင်သည့် ပန်ချာယတ် လွှတ်တော်အတွက် အထွေထွေ ရွေးကောက်ပွဲကို ငါးနှစ်တကြိမ် မှန်မှန်ကျင်းပရေး၊ ကိုယ်စားလှယ် ၂၈ ယောက်ကို ဘုရင့်အာဏာဖြင့် တိုက်ရိုက်ခန့်အပ်ရေး၊ ဝန်ကြီးချုပ်ကို လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်ပေးရေး၊ အစိုးရအဖွဲ့ကို ဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် ဘုရင်က ခန့်အပ်ပေးရေးနှင့် နီပေါနိုင်ငံအား ငြိမ်းချမ်းရေး ဇုန်နယ်မြေအဖြစ် သတ်မှတ်ထားရေး စသည်များ ပါဝင်လေသည်။

နိုဗဲဆုများ (၁၉၈၁)။ ။ဆေးပညာဆု–ဦးနှောက်နှင့် မျက်စိလုပ်ဆောင်ချက်များအပေါ် ရှာဖွေတွေ့ရှိချက်များအတွက် ဆေးပညာ သိုမဟုတ် ဇီဝကမ္မပညာရပ်ဆိုင်ရာ နိုဗဲဆုကို အမေရိကန်နိုင်ငံသားများဖြစ်သော ရော်ဂျာစပယ်ရီနှင့် ဒေးဗစ်ဟူဗယ်၊ ဆွီဒင်အမျိုးသား တော်စတင် ဝီဆယ် တို့သည် အောက်တိုဘာလ ၉ ရက်နေ့တွင် ဆွတ်ခူးသွားကြသည်။

ဦးနှောက်ကြီးလုံးခြမ်း၏ လုပ် ဆောင် ချက် များ နှင့် စပ်လျဉ်း၍ ရှာ ဖွေ တွေ့ ရှိ ချက် များ အ တွက် ဒေါ်လာ

၁,၈၁,၈၁၈ တန် ဆုတဝက်ကို ကယ်လီဖိုးနီးယား စက်မှုတက္ကသိုလ်မှ အသက် ၆၈ နှစ်အရွယ်ရှိ ဒေါက်တာ စပယ်ရီက ရရှိ၏။ အမြင်စနစ်အတွင်း ဆင့်တက်ပြုပြင်မှုနှင့် စပ်လျဉ်း၍ ရှာဖွေတွေ့ရှိချက်များအတွက် အသက် ၇၅ နှစ်အရွယ်ရှိ ဒေါက်တာ ဟူဗယ်နှင့် အသက် ၅၇ နှစ်အရွယ်ရှိ ဒေါက်တာ ဝီဆယ်တို့က ကျန်တဝက်ကို ခွဲဝေယူကြရလေသည်။ ဒေါက်တာ ဟူဗယ်မှာ ကနေဒါနိုင်ငံ၌ မွေးဖွားပြီးယခုအခါ အမေရိကန်နိုင်ငံသားဖြစ်နေသည်။ သူတို့နှစ်ဦးစလုံး မက်ဆာချူးဆက်ပြည်နယ် ဟားဗတ်ဆေးတက္ကသိုလ်တွင် ဆေးပညာကို သင်ကြားပို့ချနေကြသည်။

အိပ်မက်ဆိုးသဖွယ် အတွေ့အကြုံကို ရေးဖွဲ့ထားသည်။ ဗူလဂေးရီးယားနိုင်ငံ ရုစတချောက်မြို့၌ ရဟူဒီအမျိုးအနွယ် မိသားစုမှ ၁၉၀၅ ခုနှစ်တွင် မွေးဖွားခဲ့သည့် ကနိတီသည် ဗီယင်နာ၊ ဇူးရစ်နှင့်ဖရန့်ဖုတ်မြို့များတွင် ပညာဆည်းပူးခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ပါရီမြို့သို့ ရွှေပြောင်းနေထိုင်ပြီးယခုအခါ ဗြိတိသျှနိုင်ငံသားအဖြစ်ခံယူကာ လန်ဒန်မြို့တွင် နေထိုင်သည်။

ဘောဂဗေဒဆု – အလုပ်အကိုင်၊ ကုန်ထုတ်လုပ်ငန်း၊ ကုန်စျေးနှုန်းအတက်အကျတို့နှင့် ငွေကြေးစီမံခန့်ခွဲသော စျေးကွက်များ ဆက်စပ်ပုံကို စိစစ်ခြင်းအတွက် ဘောဂဗေဒပညာရှင် ဂျိမ်းတိုဗင်နှင့် ဒေါက်တာ ဂယ်ရီဘက်ကာတို့ ပူးတွဲ၍ ဘောဂဗေဒဆု ရရှိခဲ့သည်။ ဂျိမ်းတိုဗင်သည် ဆိုဗီယက်သမ္မတနိုင်ငံ ရုရှားတွင် ၁၉၁၅ ခုနှစ်၌ မွေးဖွားခဲ့ပြီး ၁၉၃၀ ပြည့်နှစ်တွင် အမေရိကန်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည်။ ဂယ်ရီဘက်ကာသည် ၁၉၃၀ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုတွင် မွေးဖွားခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ချီကာဂိုတက္ကသိုလ်မှ ဘွဲ့ရခဲ့သည်။



ရော်ဂျာပယ်ရီ



ဒေးဗစ်ဟူ ဗယ်




တော်ဝတင်ဝီဆယ်

အီလီးယပ်စကနိတီ



ဂျိမ်းတိုဗင်



အာသာ စချော်လို



နိုကိုလတ်ဘလိုယမ် ဗာဂျင်



ဒေါက်တာရိုနယ် ဟိုဖမင်

စာပေဆု – စိတ်ကူးယဉ်ဝတ္ထုများနှင့် အစမ်းစာများကို ဂျာမန်ဘာသာဖြင့် ရေးသော ဗူလဂေးရီးယားနိုင်ငံဖွား စာရေးဆရာ အီလီးယပ်စကနိတီသည် စာပေဆိုင်ရာနိုဗဲဆုကို အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဆွတ်ခူးခဲ့သည်။ တွေးခေါ်မြော်မြင်ပုံ ကျယ်ဝန်း၍ စိတ်ကူးစိတ်သန်း ဝေဆာကာ အနုပညာအင်အား ပါရှိသောရေးသားချက်များအတွက် ယင်းဆုကိုရသည်။ တက္ကသိုလ်၏ပြင်ပ၌ လူသိနည်းသော ကနိတီ၏ဝတ္ထုများနှင့် အစမ်းစာများတွင် အချစ်အလွမ်း အဓိကဝါဒနှင့် ထုတ်ဖော်မှုအဓိကဝါဒ ရေးဖွဲ့နည်းများ ပေါင်းစပ်ထားသည်။

ကနိတီ၏ အကျော်ကြားဆုံးဝတ္ထုသည် ၁၉၃၅ ခုနှစ်က ထုတ်ဝေခဲ့သော "လှည့်စားခြင်း" ဝတ္ထုဖြစ်သည်။ ဗီယင်နာရှိ ဖရိဖရဲနိုင်လှသော အိမ်တန်းလျားတခုမှ အိမ်စေမတဦးနှင့် ကျမ်းဝင်မိသော တရုတ်ဘာသာပါမောက္ခလူပျိုတဦး၏ ဆိုင်ရာ နိုဗဲဆုကို ယေးတက္ကသိုလ်ပါမောက္ခ ဂျိမ်းတိုဗင်က အောက်တိုဘာလ ၁၃ ရက်နေ့တွင် ရရှိလေသည်။ အသက် ၆၃ နှစ်ရှိပြီဖြစ်သော ဂျိမ်းတိုဗင်သည် ၁၉၆၁ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ သမ္မတ ကနေဒီ၏ စီးပွားရေးအကြံပေးကောင်စီတွင် အဖွဲဝင်တဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၅၅ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ အမေရိကန် ဘဏ္ဍာရေးဌာနဦး အကြံပေးပုဂ္ဂိုလ်အဖြစ်လည်း အကြိမ်များစွာ ပါဝင်ထမ်းဆောင်သည်။

အီလီနိုင်းပြည်နယ်၊ ချမ်ပိန်မြို့၌ မွေးဖွားခဲ့သူ တိုဗင်သည် ၁၉၃၉ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်မှ ဘွဲ့ရ၍ ၁၉၄၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့နှင့် ၁၉၄၂ ခုနှစ်တွင် ဘောဂဗေဒဘာသာ ဒေါက်တာဘွဲ့ကို ရရှိလေသည်။ အမေရိကန် အမျိုးသား နိုဗဲဆုရပုဂ္ဂိုလ်များအနက် ၁၅၇ ယောက်မြောက် ဖြစ်လေသည်။

ရူပဗေဒဆု – လေဆာရောင်ခြည်ကို သုံးလျက် အဏုမြူစနစ်အပေါ် သုတေသနပြုခြင်းအတွက် စတင်းဖို့တက္ကသိုလ်မှ အသက် ၆၀ အရွယ်ရှိ ဒေါက်တာ အာသာစချော်လိုနှင့် ဟားဗတ်တက္ကသိုလ်မှ အသက် ၆၁ နှစ်အရွယ်ရှိ ဒေါက်တာ နီကိုလတ်ဘလိုယမ်ဗာဂျင်တို့က ရူပဗေဒဆိုင်ရာ နိုဗဲဆုကို ခွဲဝေယူကြရသည်။ အခြားတဝက်ကို ဆွီဒင်နိုင်ငံ ဥပဆာလာတက္ကသိုလ်မှ ဒေါက်တာ ကိုင်အမ်ဆိုက်ဘန်က ရရှိသည်။ ရှုပ်ထွေးလှသော ရုပ်ဝတ္ထုအတွင်းပိုင်း လျှို့ဝှက်ချက်များကို လေ့လာသော ကိရိယာများနှင့် လေဆာရောင်ခြည်သုံး စက်မှုနည်းပညာများကို တီထွင်ဖော်ထုတ်ခြင်းအတွက် သူတို့အား နိုဗဲဆုချီးမြှင့်ခြင်း ဖြစ်လေသည်။

ဓာတုဗေဒဆု – ကော့နဲလ်တက္ကသိုလ်မှ အသက် ၄၄ နှစ် အရွယ်ရှိ ဒေါက်တာ ရိုနယ်ဟိုဖမင်နှင့် ဂျပန်နိုင်ငံ ကျိုတို တက္ကသိုလ်မှ ဒေါက်တာ ကီနိုချီဖူကူအီတို့က ဓာတုဗေဒ ဘာသာရပ်တွင် ဒေါ်လာ နှစ်သိန်းတန် နိုဗဲဆုကို ရရှိကြသည်။ ဓာတုဗေဒဆိုင်ရာ တုံ့ပြန်မှုများကို ကြိုတင်သိရှိရန် အဏုမြူနှင့် မော်လီကျူးများ၏ သခ်ၤာဆိုင်ရာနိယာမ သိအိုရီတခုဖြစ်သော ကွမ်တမ်စက်များဆိုင်ရာ သီအိုရီများကို အသုံးပြုခြင်းဖြင့် နိုဗဲဆုရရှိခဲ့ကြလေသည်။ ဓာတုဗေဒနိုဗဲဆုရသူနှစ်ဦးသည် ရည်မှန်းချက် တခုတည်းအတွက် ပူးတွဲလုပ်ကိုင်ခဲ့ကြသော်လည်း အမျိုးအနွယ်အားဖြင့် ကွဲပြားသည်။ ဒေါက်တာ ဟိုဖမင်မှာ ပိုလန်နိုင်ငံသား ဇာတိဖြစ်၍ ဒေါက်တာ ကီနိုချီဖူကူအီမှာ ဂျပန်နွယ်ဖွား ဖြစ်လေသည်။

ငြိမ်းချမ်းရေးဆု – ဂျိနီဗာမြို့တွင် အခြေစိုက်သော ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ၁၉၇၁ ခုနှစ် ငြိမ်းချမ်းရေးဆုကို ရရှိသည်။ ယခုနှစ် ရရှိမည့်ဆုငွေသည် ဒေါ်လာ နှစ်သိန်းဖြစ်လေသည်။ ၁၉၅၁ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ကြီးက တည်ထောင်ခဲ့သော အဆိုပါရုံးသည် ၁၉၅၄ ခုနှစ်က တကြိမ်နှင့် ယခု ဒုတိယ အကြိမ်ဆု ရရှိခဲ့လေသည်။ ယခု လက်ရှိ မဟာမင်းကြီး သည် ဒိန်းမတ် ဝန်ကြီးချုပ်ဟောင်း ပေါလ်ဟာတလင် ဖြစ်သည်။

တကမ္ဘာလုံး၌ ဒုက္ခသည်များအား ကူညီရန် တန်ဖိုးရှိသော အလုပ်ကို အပြင်းအထန် ဆောင်ရွက်ခြင်းအတွက် ငြိမ်းချမ်းရေး နိုဗဲဆုကို ပေးရခြင်းဖြစ်ကြောင်း အဖွဲ့ဝင် ငါးဦးပါဝင်သော ဆုပေးရေးကော်မတီ၏ဥက္ကဋ္ဌ ဂျန်ဆင်နိစ်က ပြောကြားလေသည်။ နိုင်ငံရေးအခက်အခဲ များစွာကို ရင်ဆိုင်လျက် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း၊ အာရှနှင့် အာဖရိကက္ဆဲသို့သော ဒေသများ၌ ဒုက္ခသည် ဘဝ သန်းနှီးပါးကို ကူညီခဲ့ရကြောင်း ကော်မတီဥက္ကဋ္ဌက ပြည့်စုံကျေပြကြားသည်။

ပဒုမာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် (မြန်မာ ၁၂၆၂)။ ။ဆရာတော် ဘဒ္ဒန္တ ပဒုမာဘိဝံသသည် ရောဝတီတိုင်း မော်လမြိုင်ကျန်းမြို့နယ်၊ ဖြန့်ကြီးကျေးရွာတွင် ခမည်းတော် ဦးသာဟန်၊ မယ်တော် ဒေါ်ငယ်တို့မှ



ဆရာတော် ဘဒ္ဒန္တ ပဒုမာဘိဝံသ

၁၂၆၂ ခုနှစ် ဝါခေါင်လဆန်း ၁၅ ရက် ကြာသပတေးနေ့၌ ဖွားမြင်သည်။ ဦးသာဟန် - ဒေါ်ငယ်တို့၏ သားသမီး ခြောက်ယောက်အနက် ဆရာတော်သည် တတိယမြောက် သားဖြစ်၍ မောင်ဖိုးချစ်ဟု အမည်တွင်ခဲ့သည်။

ဆရာတော်သည် သက်တော် ၁၁ နှစ်သား အရွယ်သို့ ရောက်သောအခါ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မော်လမြိုင်ကျန်းမြို့နယ်၊ မြစ်ကလေးတန်းကျောင်း ဆရာတော် အရှင်သောဘိတထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူခဲ့သည်။ ရှင်သာမဏေဘဝတော်သည် ရှင်ပဒုမ ဖြစ်သည်။

၁၂၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ တနလ်ာနေ့၌ မော်လမြိုင်ကျန်းမြို့နယ် မအူကုန်းကျေးရွာ၊ ဥဒကုက္ကေပသိမ်၌ သောင်တန်းဆရာတော် အရှင်ကုမာရဓမ္မာဘိဝံသ ထေရ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းပဉ္စင်း အဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၂ နှစ်သား အရွယ်တွင် သာမဏေကငယ် ရှင်ပဒုမသည် မန္တလေးမြို့သို့ ကြွရောက်တော်မူပြီးလျှင် အနောက်ပြင်၊ ချမ်းသာကြီးတိုက်၊ မြို့အုပ်ကျောင်း၌ သီတင်းသုံးလျက် ပိဋကတ်အခြေခံကျမ်းစာများကို သင်ကြား ဆည်းပူးတော်မူသည်။ သက်တော် ၁၅ နှစ်သားအရွယ်တွင် ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်တော်ကြီးသို့ ကြွရောက်တော်မူ၍

မကုဋ္ဌာလင်္ကာရကျောင်း၌ သီတင်းသုံးတော်မူလျက် သာမဏေအဖြစ်ဖြင့် ငါးဝါ၊ ရဟန်းအဖြစ်ဖြင့် နှစ်ဝါတိုင်တိုင် ဂဏမဟာဝိနာယက ဖြစ်တော်မူကြသော အဂ္ဂမဟာပဏ္ဍိတ အရှင်၊ ဉာဏမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင် နန္ဒဝံသမဟာထေရ်တို့ အထံတော်၌ နိကာယ်ငါးဖြာ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းကြီးများကို ကျနပိုင်နိုင်စွာ ဆိုဝါလိုက်ဝါတို့ဖြင့် သင်ကြားဆည်းပူးတော်မူခဲ့သည်။

ဆရာတော်သည် ၁၂၀၃ ခုနှစ်မှစ၍ ၁၂၉၁ ခုနှစ်အထိ မန္တလေးမြို့ အနောက်ပြင်၊ မစိုးရိမ်ကျောင်းတိုက်ကြီး၌ လည်းကောင်း၊ တောင်ပြင်ဘုရားကြီး ကျောင်းတိုက်၌ လည်းကောင်း သီတင်းသုံးတော်မူကာ အရှင် သူရိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဦးငြိမ်း စသော စာချအကျော် ဆရာတော်တို့ အထံ၌ မန္တလေးစာသင်နည်းကို ကျမ်းရိုးကျမ်းသွားကျကျ သင်ကြား ဆည်းပူးတော်မူပြီး စာမေးပဲ့များကိုလည်း ဝင်ရောက်ဖြေဆိုတော်မူရာ အစိုးရပါဠိ ပထမပြန်စာမေးပဲ့၊ ပထမငယ်တန်း၊ ပထမလတ်တန်းတို့ကို အောင်မြင်တော်မူခဲ့သည်။ ၁၂၀၆ ခုနှစ်၌ သက္ကသီဟစာသင်တန်းကို ဖြေဆိုအောင်မြင်တော်မူ၍ ၁၂၉၁ ခုနှစ် သက္ကသီဟစာချတန်းကို အောင်မြင်တော်မူသဖြင့် “ဘဒ္ဒန္တပဒုမာဘိဝံသ မန္တလေးမြို့၊ ပရိယတ္တိ ဓမ္မာစရိယ သီးခြားစာချ” ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသည်။

ထို့ပြင် ၁၃၁၂ ခုနှစ်မှစ၍ မကွေးမြို့နယ်၊ ဝိနိစ္ဆယဌာန၊ ဝိနည်းဓိုရ် တာဝန်ခံ ဆရာတော်အဖြစ်ဖြင့် လည်းကောင်း၊ ဆင္ဒသင်္ကိယနာမူလပါဠိဝိသောဓကအဖြစ်ဖြင့်လည်းကောင်း၊ ၁၃၁၉ ခုနှစ်မှစ၍ ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ဝင် ဆရာတော်အဖြစ်ဖြင့် လည်းကောင်း၊ တော်လှန်ရေး အစိုးရလက်ထက် သာသနာတော် သန့်ရှင်းရေး မှော်ဘီ အစည်းအဝေးကြီး၌ သမ္မုတိရ သံဃဉ်ကိုယ်စားလှယ်ဆရာတော်အဖြစ်ဖြင့် လည်းကောင်း၊ ၁၃၂၂ ခုနှစ်မှစ၍ မဟာဝိသုတာရာမိကဂဏဝါစကနိကာယ ဂဏအနုဝိနာယက အဖြစ်ဖြင့် လည်းကောင်း၊ ၁၃၄၁ ခုနှစ်မှစ၍ မဟာဝိသုတရာမိက ဂဏဝါစကနိကာယ ဂဏမဟာဝိနာယက အဖြစ်ဖြင့် လည်းကောင်း၊ မြသလွန် ဗောဓိဂေါပကအဖွဲ့၏ ဩဝါဒါစရိယအဖြစ်ဖြင့်လည်းကောင်း သာသနာရေးကိစ္စအဝဝကို ဆောင်ရွက်တော်မူခဲ့သည်။

ဤသို့ သာသနာတော် အကျိုးစီးပွားတို့ကို ကြိုးစားအားထုတ် ပြုလုပ်ဆောင်ရွက်တော် မူခဲ့သည့် ဘဒ္ဒန္တပဒုမာဘိဝံသထေရ်သည် ၁၃၄၂ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသောအဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို ရရှိတော်မူသည်။

ပါကစ္စတန် သမ္မတနိုင်ငံ။ ။၁၉၇၇ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ပါကစ္စတန် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇီယာအူးလဟက် ဦးဆောင်သည့် စစ်တပ်က နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့ပြီး နိုင်ငံတဝန်းလုံး၌ စစ်အုပ်ချုပ်ရေးကြေငြာခဲ့သည်။



သမ္မတ ဇီယာအူးလဟက်သည် နိုင်ငံရေးပါတီအားလုံးကို ပိတ်ပင်တားမြစ်ခဲ့သော်လည်း နိုင်ငံရေးပါတီများသည် လျှို့ဝှက်လှုပ်ရှားခဲ့ကြသည်။ အတိုက်အခံပါတီများအနက် သမ္မတဟောင်း အလီဘူတို၏ဇနီးဖြစ်သူ ဘီဂမ်နုဆရက်၏ ပါကစ္စတန်ပြည်သူပါတီသည် အင်အားအတောင့်တင်းဆုံးဖြစ်သော်လည်း ဘီဂမ်နုဆရက်သည် လက်ယာပါတီအုပ်စုများနှင့် မပူးပေါင်းပဲ အထီးတည်း ရပ်တည်ခဲ့ခြင်းကြောင့် အစိုးရကို ယှဉ်ပြိုင်နိုင်လောက်သည့် အင်အားမရှိခဲ့ပေ။ သို့ရာတွင် ၁၉၈၁ ခုနှစ် ဖေဖွဝရီလဆန်းပိုင်း၌ နိုင်ငံရေးပါတီ ခြောက်ပါတီက ရေးဆွဲထားသော ကြေငြာစာတမ်းတွင် ဘီဂမ်နုဆရက် ပါဝင် လက်မှတ်ရေးထိုးခဲ့သည်။ ထို ကြေငြာချက်တွင် စစ်အုပ်ချုပ်ရေးကို ချက်ချင်းရုပ်သိမ်းပေးရန်နှင့် သုံးလအတွင်း လွတ်လပ်သော ရွေးကောက်ပွဲ ကျင်းပပေးရန်တို့ ပါဝင်သည်။

ထို့နောက် နိုင်ငံရေးပါတီ ကိုးပါတီတို့ စုစည်းကာ ဒီမိုကရေစီ ပြန်လည်ထူနိုင်းကားရေး လှုပ်ရှားမှုအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့သည်။ ထို ကိုးပါတီညွှန့်ပေါင်းအဖွဲ့သည် နိုင်ငံရေးရည်မှန်းချက်များ မတူညီသောနိုင်ငံရေးပါတီများ ပူးပေါင်းဖွဲ့စည်းထားခြင်းဖြစ်ပြီး ရွေးကောက်ပွဲ ကျင်းပသည့်အခါ

သီးခြားစီ ပါဝင် ယှဉ်ပြိုင်မည် ဖြစ်သည်။ တူညီသော ရည်မှန်းချက်မှာမူ ပါတီကိုယ်စားလှယ်များ ပါဝင်သည့် ကြားဖြတ်အစိုးရအဖွဲ့ကို ဖွဲ့စည်းရန်နှင့် သုံးလအတွင်း အထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးရန်တို့ဖြစ်သည်။ သမ္မတ ဇီယာအူးလဟက်သည် သုံးလအတွင်း အထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးရန်ကိစ္စကို ပယ်ချခဲ့သည်။

၁၉၈၁ ခုနှစ် ဖေဖွဲ့ရီလ ၁၄ ရက်နေ့မှစ၍ ကျောင်းသား ဆူပူလှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့သည်။ မူလတန်မြို့တွင် စတင် ဖြစ်ပေါ် ခဲ့ရာမှ လာဟိုမြို့၊ ရာဝါပင်ဒီမြို့၊ ကရာချီမြို့နှင့် မြို့တော် အစွလာမ်မာဗတ် စသည့်မြို့များသို့ ပျံ့နှံ့သွားခဲ့သည်။ ဆန္ဒပြကျောင်းသားများသည် စစ်အုပ်ချုပ်ရေး ရပ်သိမ်းပေးရေး၊ ဖမ်းဆီးထားသော နိုင်ငံရေး အကျဉ်းသားများ လွှတ်ပေးရေးနှင့် ရွေးကောက်ပွဲအမြန် ဆုံး ကျင်းပပေးရေးတို့ကို တောင်းဆိုခဲ့ကြသည်။

ဆူပူလှုပ်ရှားမှုများကြောင့် အစိုးရက နိုင်ငံရေးခေါင်း ဆောင်များ၊ အလုပ်သမားများနှင့် ကျောင်းသားများ အပါအဝင် လူ၂၀၀ ကျော်ခန့်ကို ဖမ်းဆီးခဲ့သည်။ မတ်လ ၈ ရက်နေ့တွင် မစွက်ဘူတို (ဘီဂမ်နုဆရက်) နှင့် သမီး ဖြစ်သူ ဘီနာဇာဘူတို့ ဖမ်းဆီးခြင်းခံရသည်။ မစွက်ဘူတို ကို ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည်။

လာဟိုမြို့ တရုံးရုံးမှ ရွှေနေများအသင်းက စစ်အုပ်ချုပ်ရေး ရပ်ဆိုင်းရေး၊ ရွေးကောက်ပွဲ အမြန်ဆုံးကျင်းပ ရေး၊ ဖမ်းဆီးထားသော ကျောင်းသားများ၊ ပညာရှင်များ နှင့် နိုင်ငံရေးသမားများကို ပြန်လွှတ်ပေးရေးတို့ အတွက် မတ်လ ၂ ရက်နေ့တွင် သပိတ်မှောက်ကြရန် ဆုံးဖြတ်ချက် ချခဲ့ရာ ထိုသပိတ်မှောက်ရန် စီစဉ်နေသော ရွှေနေများ အနက် ၅၃ ဦးကို အစိုးရက ဖမ်းဆီးခဲ့သည်။ မတ်လ ၃ ရက်နေ့တွင် ဆင်းပြည် နယ် တရုံးရုံးချုပ် ရွှေနေများ အသင်းက ထိုရွှေနေများအပါအဝင် ဖမ်းဆီးထားသူများ အား ပြန်လွှတ်ပေးရန် ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။

ထိုသို့ ဆန္ဒပြမှုများ ပေါ်ပေါက်နေစဉ်အတွင်းမှာပင် မတ်လ ၂ ရက်နေ့တွင် ကရာချီမြို့မှ ပက်ရှဝါမြို့သို့ ပျံသန်း သော ပါကစ္စတန် နိုင်ငံတကာလေကြောင်းပိုင် ခရီးသည် ၁၄၈ ဦးတင်ဆောင်လာသော ဘိုးအင်း ၇၂၇ လေယာဉ် တစီးကို အကြမ်းဖက်သမားသုံးဦးက အာဖဂန်စတန်နိုင်ငံ ကဘူးလေဆိပ်သို့ ပြန်ပေးဆွဲသွားခဲ့သည်။ လေယာဉ် ပြန်ပေးဆွဲသူများက ပါကစ္စတန်တွင် ဖမ်းဆီးထားသော နိုင်ငံရေးသမား ၈၀ ကို လွှတ်မပေးလျှင် လေယာဉ်အား ဖောက်ခဲ့ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

မတ်လ ၁၄ ရက်နေ့တွင် ပါကစ္စတန်အစိုးရက ထိန်း သိမ်းခံ နိုင်ငံရေးသမား ၅၄ ဦးကို ပြန်လွှတ်ပေး၍ လေ ယာဉ်ဖြင့် ဆီးရီးယားနိုင်ငံသို့ ပို့ပေးခဲ့သည့်အတွက် လေ ယာဉ်ပြန်ပေးဆွဲသူများသည် လေယာဉ်ပေါ်ရှိ ခရီးသည် များကို ပြန်လွှတ်ပေးခဲ့သည်။ လေယာဉ်ပြန်ပေးဆွဲထား စဉ် အတောအတွင်း၌ အကြမ်းဖက်သမား များသည် ပါကစ္စတန် သံတမန်တဦးအား ပစ်သတ်ခဲ့သည်။

ဖေဖွဲ့ရီလနှင့် မတ်လတို့တွင် ဖမ်းဆီးထားခဲ့သူများ အနက် ၁၀၀ ခန့်ကို မေလ ၅ ရက်နေ့တွင် ပြန်လွှတ်ပေး ခဲ့သည်။

ဇူလိုင်လ ၁၅ ရက်နေ့တွင် လာဟိုမြို့၌ ဒီမိုကရေစီ ပြန်လည် ထွန်းကားရေး လှုပ်ရှားမှုအဖွဲ့ ဗဟိုကော်မတီ အစည်းအဝေး ကျင်းပနေစဉ် ရဲအဖွဲ့မှ ရုတ်တရက် ဝင်ရောက် ၍ ဖမ်းဆီးရာ အစည်းအဝေးသို့ ရောက်ရှိနေသူများအနက် ၁၄ ဦး ဖမ်းဆီးခံရသည်။

ပါကစ္စတန်နိုင်ငံက အာဖဂန်စတန်နိုင်ငံတွင် ဆိုဗီယက် တပ်များဝင်ရောက်ခဲ့ခြင်းကို အကြိမ်ကြိမ်ကန့်ကွက်ခဲ့သည်။ ပါကစ္စတန်အတွင်းသို့ အာဖဂန်စတန်မှ ဝင်ရောက်လာသော ဒုက္ခသည် ၁ ဒသမ ၃ သန်းခန့်ကို ကျွေးမွေးရန်ပြဿနာ ကိုလည်း ရင်ဆိုင်နေရသည်။

၁၉၈၁ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် အမေရိကန်သမ္မတ ရော်နယ်ရေဂင် အစိုးရက ပါကစ္စတန်နိုင်ငံသို့ဒေါ်လာသန်း ၆၀၀ အထိ နှစ်နှစ်တာ အကူအညီ ပေးရန် စီစဉ်ထား ကြောင်း ကြေငြာသည်။ ထိုငွေကြေးသည် ရေရှည် စီးပွားရေးနှင့် စစ်ရေးအကူအညီ ပေးရေး၏ ပထမအဆင့် ဖြစ်ပြီး လုံခြုံရေးအာမခံချက်လည်း ပါဝင်ကြောင်း ဖော်ပြ ထားသည်။

ပါကစ္စတန် နိုင်ငံသည် တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် ဆက်ဆံရေး ကောင်းမွန်လျက်ရှိပြီး တရုတ်ပြည်သူသမ္မတ နိုင်ငံမှ စစ်ရေး၊ စီးပွားရေးအကူအညီများ ရရှိခဲ့သည်။


ပါကစ္စတန် နိုင်ငံနှင့် အိမ်နီးချင်း အိန္ဒိယ နိုင်ငံတို့သည် လက်နက်ဝယ်ယူမှု၊ အင်အားကြီးနိုင်ငံများနှင့် ဆက်ဆံရေး တို့နှင့်စပ်လျဉ်း၍ တနိုင်ငံနှင့် တနိုင်ငံ သတင်းများ အပြန် အလှန် ထုတ်ပြန်ကာ နှစ်နိုင်ငံ အခြေအနေ တင်းမာမှု လမ်းစကို ဖော်လျက်ရှိကြသည်။ သို့ရာတွင် ၁၉၈၁ ခုနှစ် ဖေဖွဲ့ရီလဒုတိယပတ်အတွင်း အိန္ဒိယနိုင်ငံနယူးဒေလီမြို့တွင် ကျင်းပခဲ့သော ဘက်မလိုက် နိုင်ငံခြားရေး ဝန်ကြီးများ ညီလာခံသို့ တက်ရောက်ခဲ့စဉ်က ပါကစ္စတန် နိုင်ငံခြားရေး ဝန်ကြီး အဂ္ဂရှာဟီသည် အိန္ဒိယဝန်ကြီးချုပ် မစွက် အင်ဒီရာ ဂန္ဒီနှင့် တွေ့ဆုံကာ ပါကစ္စတန်နိုင်ငံရှိ အိန္ဒိယစစ်သုံပန်းများ

အကျယ်အဝန်း။	။၃,၄၂,၇၅၀ စတုရန်းမိုင်
လူဦးရေ။	။၈,၁၅,၀၀,၀၀၀
မြို့တော်။	။အစ္စလာမ်မာဗတ်မြို့

ပြန်လည် ပေးအပ်ရေးအပြင် နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေးကို ဆွေးနွေးခဲ့သည်။

၁၉၇၁ ခုနှစ် ဆန်းပိုင်းတွင် သမ္မတ ဇီယာအူးလဟက် သည် အာရပ်နိုင်ငံများဖြစ်သော ကူဝိတ်၊ ကာတာ၊ ဗာရိန်း နှင့် အိုမန်နိုင်ငံများသို့ အလည်အပတ် သွားရောက်ခဲ့သည်။

ပီရူးသမ္မတနိုင်ငံ။ ။ပီရူးအစိုးရက အခြေခံ စားကုန် များနှင့် လောင်စာဆီများ၏ ဈေးနှုန်းကို ၂၀ ရာခိုင်နှုန်း၊ စားသုံးဆီဈေးနှုန်းကို ၉၄ ရာခိုင်နှုန်း တိုးမြှင့်ကြောင်း ၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကြေငြာသည်။ အမှုထမ်းများ၏ လုပ်ခကို ၁၂ ရာခိုင်နှုန်းသာ တိုးမြှင့်ထား ပြီး၊ အနိမ့်ဆုံးလစာများကို ၈ ရာခိုင်နှုန်းသာ တိုးပေးထား ရာ ယင်းဈေးနှုန်းတိုးမြှင့်မှုအပေါ် အလုပ်သမား သမဂ္ဂ လေးခုက ကန့်ကွက်သည့် အထွေထွေသပိတ်ကို ဇန်နဝါရီလ ၁၅ ရက်နေ့က ဆင်နွှဲခဲ့သည်။



၁၉၇၀ ပြည့်နှစ် နှစ်လယ်ပိုင်းလောက်မှစ၍ အစိုးရဆန့် ကျင်သူ မော်ဝါဒီအုပ်စု၏ လက်ချက်ဟု အစိုးရကစွပ်စွဲ ထားသည့် ဗုံးပေါက်ကွဲမှုများသည် လီမာ၊ အယာကူချို၊ ကက်စကိုနှင့် ပြည်နယ်မြို့ကြီးများတွင် ဖြစ်ပွားခဲ့သည်။

၁၉၇၁ ခုနှစ် နှစ်ဦးပိုင်းတွင် ပီရူးတပ်ဖွဲ့များနှင့်အက်ကွာ ဒေါတပ်ဖွဲ့များသည် ကွန်ဒိုတောင်တန်းဒေသတွင် ငါးရက် ကြာ တိုက်ပွဲဖြစ်ပွားသည်။ပီရူးနိုင်ငံ မြောက်ပိုင်းရှိ ဧရိယာ စတုရန်းမိုင် ၁,၂၅,၀၀၀ ကျယ်ဝန်းသော နှစ်နိုင်ငံနယ်စပ်ဒေ သအတွက် အငြင်းပွားလျက်ရှိရာ မကြာခဏ တိုက်ပွဲများ ဖြစ်ပွားလေ့ရှိသည်။ ဤ လိုရိတိုဒေသကို အက်ကွာဒေါနိုင်ငံ ကပိုင်ဆိုင်ကြောင်းကြေငြာခဲ့သည်မှာနှစ်ပေါင်း ၁၅၀ ကျော် ကြာခဲ့ပြီဖြစ်သကဲ့သို့ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့ တွင် အာဂျင်တီးနား၊ ဗရာဇီး၊ ချီလီနှင့် အမေရိကန်နိုင်ငံ တို့ပါ တာဝန်ခံ၍ နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုး ခဲ့သော ရိယိုဒီဂျနေးရိုစာချုပ်အရမူ လိုရိတိုဒေသတခွင် လုံးကို ပီရူးနိုင်ငံအတွင်းသို့ ထည့်သွင်းသတ်မှတ်ခဲ့သည်။ ထိုစာချုပ်အရ အမေဇုံမြစ်ညာပိုင်းရှိ မြစ်လက်တက်များ အသုံးပြုခွင့်ကို အက်ကွာဒေါက ရခဲ့သည်။ လိုရိတိုဒေသ၏ အဓိက ရေကြောင်းခရီးဖြစ်သော မာရာန္ဒန်မြစ်၏ မြစ် လက်တက် စီနီပါမြစ်ကို ကွန်ဒိုတောင်တန်း ဒေသတွင် ရှာဖွေတွေ့ရှိရာမှ အက်ကွာဒေါနိုင်ငံက ထိုမြစ်အသစ်ကို ပိုင် ဆိုင်လိုကြောင်း ၁၉၅၁ ခုနှစ်တွင် တောင်းဆိုခဲ့ပြန်သည်။ ၁၉၆၀ ပြည့်နှစ်တွင် အက်ကွာဒေါနိုင်ငံက ရိယိုဒီဂျနေးရို စာချုပ်ကို အတည်မပြုကြောင်း ကြေငြာသည်။


ပီရူးနိုင်ငံသည် ယင်းစာချုပ်ကို ကိုင်စွဲ ရပ်တည်လျက်ရှိ သော်လည်း၊အက်ကွာဒေါနိုင်ငံ၏ အစိုးရအစဉ်အဆက်သည် လိုရိတိုဒေသပိုင်ဆိုင်ကြောင်း အခိုင်အမာ ပြောဆိုရုံမက၊ တရားဝင်နိုင်ငံမြေပုံတွင် ထိုဒေသကို ထည့်ဆွဲထားသည်။

၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် နှစ်နိုင်ငံ နယ် စပ်တိုက်ပွဲများ ထပ်မံဖြစ်ပွားသည်။ ပီရူးနိုင်ငံပိုင် လေ ယာဉ်တစင်းကို အက်ကွာဒေါနိုင်ငံ နယ်ခြားစောင့် တပ်က

အကျယ်အဝန်း။	။၄,၉၆,၂၂၂ စတုရန်းမိုင်
လူဦးရေ။	။၁,၇၇,၀၀,၀၀၀
မြို့တော်။	။လီမာမြို့

ပစ်ချရာမှ စတင်ဖြစ်ပွားခဲ့သည်။ နှစ်နိုင်ငံပြဿနာကို ဖြေ ရှင်းပေးရန် ဇန်နဝါရီလ ၂၉ ရက်နေ့က ဝါရှင်တန်မြို့တွင် အမေရိကန်နိုင်ငံများအဖွဲ့ အမြဲတမ်းကောင်စီအစည်းအဝေး ကို ကျင်းပပြီး၊ နယ်စပ်အငြင်းပွားမှု စစ်ဆေးရေးကော်မရှင် ကို ဖွဲ့စည်းခဲ့သည်။ ယင်းကော်မရှင်ကို ပီရူးနိုင်ငံက လက် မခံခဲ့ပေ။ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဗရာဇီးနိုင်ငံ၏ မြို့ တော် ဗရာဇီးလီးယားမြို့တွင် အာဂျင်တီးနား၊ ဗရာဇီး၊ ချီလီ၊ အမေရိကန်၊ပီရူးနှင့်အက်ကွာဒေါနိုင်ငံ ကိုယ်စားလှယ် များ နာရီ ၂၀ ကြာ ဆွေးနွေးပြီးနောက် အပစ်အခတ်ရပ် စဲရန် ဆုံးဖြတ် ကြသည်။ ဖေဖွာရီလ ၂ ရက်နေ့မှစ၍ အပစ်အခတ်ရပ်စဲခဲ့သည်။

သို့ရာတွင် ဖေဖွာရီလ ၂၀ ရက်နေ့တွင် နယ်စပ်၌ ပစ်ခတ်မှုများ ထပ်မံဖြစ်ပွားပြန်သည်။ ပီရူးရဟတ်ယာဉ်တ




စင်းကို အက်ကွာဒေါနိုင်ငံကပစ်ချသဖြင့် ပီဂူးလေယာဉ်များက အက်ကွာဒေါနယ်ခြားစောင့်တပ်ဖွဲ့များကို တိုက်ခိုက်ရာမှ စတင်ဖြစ်ပွားသည်။ ရီယိုဒီဂျနေးရိုစာချုပ်ကို တာဝန်ခံခဲ့သည့် နိုင်ငံများမှ သံတမန်များသည် ဖေဖွာရီလ ၂၃ ရက်နေ့တွင် ဗရာဇီးလီးယားမြို့၌ တွေ့ဆုံ ဆွေးနွေးကာ ပီဂူးနှင့် အက်ကွာဒေါနှစ်နိုင်ငံစလုံးက အငြင်းပွားဒေသရှိ မိမိတပ်ဖွဲ့များကို နယ်စပ်မှ ကိုးမိုင်အကွာသို့ ဆုတ်ခွာရန် ဆုံးဖြတ်ခဲ့ကြသည်။ နှစ်နိုင်ငံ ဆွေးနွေးပဲ့များကိုလည်း ပီဂူးနှင့် အက်ကွာဒေါနိုင်ငံတို့တွင် တလွှည့်စီကျင်းပခဲ့ပြီး၊ မတ်လ ၅ ရက်နေ့တွင် တပ်ဖွဲ့များရုပ်သိမ်းရန်နှင့် နှစ်နိုင်ငံ ငြိမ်းချမ်းစွာ ဆက်ဆံမှုများကို ထိန်းသိမ်း ဆောင်ရွက်ရန် သဘောတူညီချက်များ ချမှတ်ခဲ့သည်။ ဧပြီလ ၂ ရက်နေ့တွင် နယ်စပ်ကို ပြန်လည်ဖွင့်လိုက်သည်။

ချီလီနိုင်ငံသည် ပီဂူးနိုင်ငံတွင် အဖျက်လုပ်ငန်းများ လုပ်ဆောင်နေသည်ဟူသော စွပ်စွဲချက်များဖြင့် ပီဂူးနိုင်ငံက ချီလီနိုင်ငံအား ၁၉၇၉ ခုနှစ် ဇန္နဝါရီလက သံတမန်အဆက်အသွယ် ဖြတ်တောက်ခဲ့သည်ကို ၁၉၈၁ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် ပြန်လည်ဆက်သွယ်လိုက်သည်။

ပဲခူးတိုင်း။ ။ ပဲ ခူး တိုင်း သည် မြောက် ဘက် တွင် မန္တလေးတိုင်းနှင့် မကွေးတိုင်း၊ အနောက်ဘက်တွင် ရခိုင် ပြည်နယ်နှင့် ရောဝတီတိုင်း၊ တောင်ဘက်တွင် ရန်ကုန်တိုင်း၊ အရှေ့ဘက်တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ် တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ယင်းသည် မြေနိမ့်လွင်ပြင်ဒေသ ဖြစ်သည်။ တိုင်းအရှေ့ဘက် ခြမ်းသည် စစ်တောင်းမြစ်အခြမ်း ဖြစ်၍ တိုင်းအနောက်ဘက် ခြမ်းသည် ရောဝတီမြစ်အခြမ်း ဖြစ်သည်။ ပဲခူးရိုးမသည် ပဲခူးတိုင်းကို ကျောရိုးသဖွယ် တောင်နှင့်မြောက်တန်းလျက် တည်ရှိနေသည်။ တောင်ဘက်ပိုင်းတွင် ရာသီဥတု ပိုမိုစွတ်စိုပြီး မြေလွှာပိုင်းကျလေခြောက်သွေ့ လာလေဖြစ်သည်။

ပဲခူးတိုင်းကို မြို့နယ် ၂၀ ခု၊ ရပ်ကွက်ကျေးရွာအုပ်စု ပေါင်း ၁,၆၂၄ ခုတို့ဖြင့် ဖွဲ့စည်းထားသည်။ ပါဝင်သော မြို့နယ်များမှာ ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်၊ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ပို့၊ ဇီးကုန်း၊ နတ္တလင်း၊ မိုးညို၊ ကြို့ပင်ကောက်၊ တောင်ငူ၊ ရေတာရှည်၊ ကျောက်ကြီး၊ ဖြူး၊ အုတ်တွင်း၊ ထန်းတပင်၊ ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ရွှေကျင်တို့ ဖြစ်ကြသည်။ ပဲခူးတိုင်းတွင် ကရင်၊ မြန်မာ၊ မွန်လူမျိုးများ နေထိုင်ကြပြီး စုစုပေါင်းလူဦးရေ ၃၄,၆၅,၂၁၅ ဦးရှိ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပေါင်း ၁၉,၀၈,၄၀၈ ဦးရှိသည်။ ပဲခူးတိုင်းမှ ပြည်သူလွှတ်တော်ကိုယ်စားလှယ် ၅၁ ဦး၊ တိုင်းအဆင့် ၈၈ ဦး၊ မြို့နယ်အဆင့် ၂,၂၆၅ ဦးနှင့် ရပ်ကွက် ကျေးရွာ အုပ်စုအဆင့် ၁၅,၉၀၅ ဦးတို့ကို ရွေးချယ်တင်မြှောက်ထားသည်။

ပဲခူးတိုင်း၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး ဖြစ်သည်။ ဆန်စပါးစိုက်ပျိုးရေး အထူးအောင်မြင်ဖြစ်ထွန်းသဖြင့် မြန်မာနိုင်ငံတွင် ဆန်စပါး ဒုတိယ အထွက်အများဆုံးဒေသဖြစ်သည်။ ဆန်စပါးအပြင် မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ ဂုန်လျော်၊ ကြက်ပေါင်စေး၊ ဆေးရွက်ကြီးနှင့် ကြံပင်များလည်း စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သည်။ ၁၉၈၀ - ၈၁ ခုနှစ်တွင် သီးနှံမျိုးစုံစိုက်ပျိုးကေ ၃ ဒသမ ၁ သန်းကျော်အထိ ရှိလာသည်။ ၁၉၈၀ - ၈၁ ခုနှစ်တွင် ပဲခူးတိုင်းအတွင်း စပါးအထူးအထွက်တိုးစိမ်ချက်ဖြင့် မြို့နယ်ပေါင်း ၁၂ မြို့နယ်ကို ရွေးချယ်လုပ်ဆောင်ခဲ့သည်။ တိုင်းအတွင်း သီနှံအထွက်တိုးရေးနှင့် စိုက်ပျိုးရေးတိုးတက်မြင့်မားလာစေရေးအတွက် မြောက်နဝင်းဆည်မြောင်း စိမ်ကိန်း၊ ဆည်မြောင်း ၁ စိမ်ကိန်း၊ မြေယာဖော်ထုတ်ပြုပြင်ရေးနှင့် စိုက်ကွင်းများတည်ထောင်ရေးစိမ်ကိန်း၊ စပါးအလေအလွင့် ထိန်းသိမ်းရေးစိမ်ကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၁၉၆၇ - ၆၈ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး မြန်မာနိုင်ငံရှိ တည်ဆောက်ပြီးဆည်များတွင် အကြီးဆုံးဖြစ်သော မြောက်နဝင်းဆည်ကြီးသည် စိမ်ကိန်းအရ ၁၉၈၀ -



၈၁ ခုနှစ်တွင် တည်ဆောက်မှုလုပ်ငန်းအားလုံး ပြီးစီးသွားပြီဖြစ်ရာ ပြည်၊ ပေါက်ခေါင်းနှင့် သဲကုန်းမြို့နယ်များအတွင်းရှိ ဆည်ရေသောက်လယ်မြေများအတွက် ရေဖူလုံစွာပေးဝေနိုင်ပြီဖြစ်သည်။

ပဲခူးတိုင်းသည် မော်တော်ကားလမ်း၊ မီးရထားလမ်းများဆုံရာဒေသဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် စီးပွားရေးအချက်အချာကျသော တိုင်းဖြစ်သည်နှင့်အညီ တိုင်းအတွင်း စက်မှုလုပ်ငန်းကြီးများစွာရှိသည်။ ဇေယျဝတီသကြားစက်၊ သာယာဝတီပန်းကန်စက်၊ ဆွာအထပ်သားစက်ရုံ၊ ဆင်တဲမော်တော်ယာဉ်စက်ရုံများအပါအဝင် တည်ဆောက်ပြီး စက်ရုံအလုပ်ရုံ ၇၆ ရုံနှင့် တည်ဆောက်ဆဲ ၁၅ ရုံရှိသည်။

ပဲခူးရိုးမ သစ်တောဝါးတောကြီးများသည်လည်း တိုင်းစီးပွားရေးအတွက် အားထားရာများဖြစ်ကြသည်။ ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်းစသော အဖိုးတန်သစ်များ ထွက်ရှိသဖြင့် ယခုအခါ ခေတ်မီယန္တရားစက်ကြီးများဖြင့် သစ်ထုတ်လုပ်ရေးလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့ဘဏ်ချေးငွေ အကူအညီဖြင့် သစ်ထုတ်လုပ်ရေးစီမံကိန်းအပိုင်း (၁) နှင့် (၂) ကိုချမှတ်ကာ ဆောင်ရွက်လျက်ရှိရာ ၁၉၇၀-၇၁ ခုနှစ်တွင် ကျွန်းသစ် ကုဗတန် ၂၁,၇၀၀ နှင့် သစ်မာကုဗတန် ၁၇,၃၂,၀၀၀ အထိ တိုးတက်ထုတ်လုပ်သည်။ ပဲခူးတိုင်းအတွင်းမှ ရေနံများလည်း ထွက် သည်။


၁၉၇၀-၇၁ ခုနှစ်၌ ပဲခူးတိုင်းအတွင်း မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အခြေခံပညာအဆင့်မြင့်တန်းကျောင်း စုစုပေါင်း ၂,၇၇၃ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ယင်းကျောင်းများတွင် ဆရာ ဆရာမပေါင်း ၁၂,၇၂၄ ဦးက ကျောင်းသူကျောင်းသား ခြောက်သိန်းကျော်ကို တာဝန်ယူ သင်ကြားပို့ချပေးလျက်ရှိသည်။ ဆရာအတတ်သင်ကျောင်း၊ စိုက်ပျိုးမွေးမြူရေး အဆင့်မြင့်တန်းကျောင်း၊ အထက်တန်းယက်ကန်းကျောင်းနှင့် အထက်တန်းပညာအဆင့် အတွက် ပဲခူး ကောလိပ်တို့လည်း ဖွင့်လှစ်ထားသည်။

ပဲခူးတိုင်းအတွင်း ကျွန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆေးရုံနှင့်ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ၁၉၇၀-၇၁ ခုနှစ်အတွင်း ဆေးရုံနှင့်ဆေးခန်း ၂၂၃ ခုအထိရှိလာပြီဖြစ်ပြီး ကျွန်းမာရေးဝန်ထမ်းများကိုလည်း တိုးချဲ့ခန့်ထားနိုင်ခဲ့လေသည်။

ပေါ် တူဂယ်သမ္မတနိုင်ငံ။ ။၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ဝန်ကြီးချုပ် ဒေါက်တာ ဖန်စစ္စကိုဆာကာနေရှိ လေယာဉ်ပျက်ကျ ကွယ်လွန်ပြီးနောက် ၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၉ ရက်မှစ၍ ဝန်ကြီးချုပ်ဖြစ်လာသော ဒေါက်တာ ဖရန်စစ္စကို ကျို့ဆယ်ပီရေရာ ပင်တိုဗာစီမိုသည် ထိုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် နုတ်ထွက်သွားသည်။ ဒီမိုကရက်တစ် မဟာမိတ်အစိုးရအဖွဲ့ကို မိမိ၏ ဆိုရှယ်ဒီမိုကရက်တစ် ပါတီတွင်းမှပင် ဆန့်ကျင်နေသည်ဟု ယူဆသဖြင့် မိမိအားထောက်ခံမှုရှိမရှိ မဲခွဲရန် ဩဂုတ်လ ၉ ရက်နေ့နှင့် ၁၀ ရက်နေ့များတွင် ဆိုရှယ်ဒီမိုကရက်တစ် ပါတီ၏ အမျိုးသားကောင်စီအစည်းအဝေးကို ခေါ်ယူခဲ့သည်။ ကောင်စီဝင် ၇၄ ဦး ရှိသည့်အနက် ၅၄ ဦး တက်ရောက်ကာ ဝန်ကြီးချုပ် ဗာစီမိုအား ကောင်စီဝင်ထက်ဝက်က ထောက်ခံ ဆန္ဒပေးခဲ့ကြသည်။ သို့သော် ယင်းဆန္ဒပြုမှုကို အသိအမှတ်မပြုတော့ပဲ ဝန်ကြီးချုပ်က နုတ်ထွက်လှာ တင်ခဲ့သည်။

သမ္မတ ဗိုလ်ချုပ်ကြီး အန်တိုနီယိုဒို ဆန်တိုယာမာဟိုက နုတ်ထွက်လှာကို ဩဂုတ်လ ၁၁ ရက်နေ့တွင် လက်ခံပြီး နောက် ဝန်ကြီးချုပ်အပေါ် ယုံကြည်အားကိုးလျက် ရှိနေသေးကြောင်း ကြေငြာသည်။ ဆိုရှယ်ဒီမိုကရက်တစ် ပါတီ၏ အမျိုးသားကောင်စီသည် ဩဂုတ်လ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် အစည်းအဝေးထပ်မံကျင်းပပြီး၊ ဗာစီမိုအား နုတ်ထွက်လှာ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ် တိုက်တွန်းခဲ့သည်။ ညွှန်ပေါင်းအစိုးရအတွင်း ညီညွတ်မှု တည်ဆောက်ရန် လွှန်ခဲ့သော ပါတီညီလာခံ၏ ဆုံးဖြတ်ချက်ကို ထပ်မံအတည်ပြုထောက်ခံခဲ့ကြသည်။ ဩဂုတ်လ ၂၀ ရက်နေ့တွင် ဒေါက်တာ ပင်တိုဗာစီမိုသည် နုတ်ထွက်လှာကို ပြန်လည်ရုပ်သိမ်းကာ အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့သည်။ အတိုက်အခံ ဒီမိုကရက်ဘစ် ဆိုရှယ်ဗဟိုပါတီ ခေါင်းဆောင် ပါမောက္ခ ဒို့အမာရယ်သည် ဒုတိယဝန်ကြီးချုပ် ရာထူးကို လက်ခံခဲ့သည်။ ဩဂုတ်လ ၂၅ ရက်နေ့တွင် ညွှန်ပေါင်းအစိုးရအတွင်း ပါဝင်သော ပါတီများနှင့် ဆွေးနွေးညှိနှိုင်းကာ တင် သွင်း

ပိုလန်ပြည်သူသမ္မတနိုင်ငံ။ ။၁၉၅၂ ခုနှစ်ဘွဲ့ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပေါ်ထွက်လာသော ပိုလန်ပြည်သူသမ္မတနိုင်ငံကို ၁၉၅၄ ခုနှစ်၌ ဝါဒီစလော ဂိုမူးလကားက ပါတီခေါင်းဆောင်တာဝန်ကိုယူကာ ဦးဆောင်ခဲ့သည်။



အကျယ်အဝန်း။	။၁,၂၀,၃၅၉ စတုရန်းမိုင်
လူဦးရေ။	။၃,၂၅,၀၀,၀၀၀
မြို့တော်။	။ဝါဆောမြို့

၁၉၂၀ ပြည့်နှစ်တွင် ပို လန် ၌ ကုန် စေး နှုန်း များ မြင့်တက်လာသဖြင့် အလုပ်သမားတို့က လစာတိုးပေးရေး၊ ဆုငွေတိုးပေးရေးကို တောင်းဆိုကြယင်း ထိုနှစ်ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဂဒန်မြို့၌ဆန္ဒပြကြသည်။ ထိုဆန္ဒပြပွဲတွင် အလုပ်သမား ၄၅ ဦး သေဆုံးခဲ့သဖြင့် ပါတီခေါင်းဆောင် ဂိုမူးလကား ရာထူးမှ နုတ်ထွက်ရပြီး ဘက်ဒွပ် ဂီရက်က ဆက်ဆောင်ရွက်သည်။

၁၉၇၀ ပြည့်နှစ် ဖေဖွာရီလ ၁၅ ရက်နေ့တွင် ကျင်းပသော ပါတီ ကွန်ဂရက်က ဝန်ကြီးချုပ် ယာဂိုဆိတစ် ကို ဖြုတ်ချပြီး စီးပွားရေး ပညာရှင် အက်ဒွပ်ဘာဘီအုချ ကို ဝန် ကြီး ချုပ် အ ဖြစ် တင် မြှောက် ကြ သည်။ ပါ တီ ခေါင်းဆောင်မှာမူ အက်ဒွပ်ဂီရက်ပင် ဖြစ်သည်။

ဂီရက်သည် ၁၉၇၀ ပြည့်နှစ် မတ်လ ၂၃ ရက် နေ့တွင် ပါလီမန် လွှတ်တော် ရွေးကောက်ပွဲကို ကျင်းပ ပေးသည်။ ရွေးကောက်ပွဲကို သပိတ်မှောက်ရန် လှုံဆော် သော်လည်း မဲဆန္ဒရှင် ၂၅ သန်း၏ ၉၀ ဒသမ ၇ ရာခိုင် နှုန်းက မဲဆန္ဒပေးကြသည်။

သော အစိုးရအဖွဲ့သစ် အမည်စာရင်းကို သမ္မတက စက်တင်ဘာလ ၁ ရက်တွင် အတည်ပြုပေးခဲ့သည်။ အစိုးရအဖွဲ့သစ်တွင် ညွှန့်ပေါင်းသုံးပါတီမှ ခေါင်းဆောင်အားလုံးသည် ပထမဆုံးအကြိမ်အဖြစ် ပါဝင်လာသည်။

စက်တင်ဘာလ ၁၄ ရက်တွင် ဒေါက်တာ ဗာစီမိုသည် စီးပွားရေး နာလန် ထူလာနိုင်ရေးအတွက် အဓိကရည်ရွယ်သည့် အစိုးရ၏ မူဝါဒနှင့် အစီအစဉ်များကို လွှတ်တော်သို့ တင်သွင်းခဲ့သည်။ ထိုအစီအစဉ်ကို လွှတ်တော်က ၁၂၆ မဲ-၉၈ မဲဖြင့် အတည်ပြုပေးခဲ့သည်။ ထိုအစည်းအဝေးတွင် ကွန်မြူနစ်၊ ဆိုရှယ်လစ်နှင့် ပေါ်တူဂယ် ဒီမိုကရက်တစ် လှုပ်ရှားမှု ပါတီတို့မှ တင်သွင်းလာသော အယုံအကြည်မရှိကြောင်း အဆိုများလည်း အရေးနိမ့်သွားခဲ့သည်။

ပေါ်တူဂယ်အစိုးရသည် နိုင်ငံပိုင်ကဏ္ဍမှ လုပ်ခတိုးတက်နှုန်းများကို များစွာမတိုးတက်အောင် ထိန်းသိမ်းထားမည်ဖြစ်၍ ငွေဖောင်းပွမှုနှုန်းကို လျှော့ချနိုင်မည်ဟု မျှော်လင့်ထားသည်။ ငွေဖောင်းပွမှုနှုန်းသည် ၁၉၇၀ ပြည့်နှစ်တွင် ၂၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၇၁ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ ကျဆင်းလာသည်။

၁၉၇၄ ခုနှစ်တွင် ဥရောပဘုံစျေးအဖွဲ့သို့ ဝင်ရောက်ခွင့်ရရှိလာအောင် ကြိုးပမ်းလျက်ရှိသော ပေါ်တူဂယ်နိုင်ငံသည် သီးခြားဌာနတရပ်ကို ဖွဲ့စည်းပြီး ဥရောပဘုံစျေးအဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ အရေးပေါ် စီးပွားရေးကိစ္စများ ကိုင်တွယ်ဖြေရှင်းခြင်းတို့ကို အပြင်းအထန် ဆောင်ရွက်လျက်ရှိသည်။

အကျယ်အဝန်း။	။၃၅,၃၄၀ စတုရန်းမိုင်
လူဦးရေ။	။၉၉,၄၀,၀၀၀
မြို့တော်။	။လစ္စဗွန်းမြို့

ဥရောပဘုံစျေးအဖွဲ့နှင့် ပေါ်တူဂယ် နိုင်ငံခြားရေးဝန်ကြီးတို့၏ စတုတ္ထအကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲကို ၁၉၇၁ ခုနှစ် မေလအတွင်းက ပြုလုပ်ခဲ့သည်။ ဆွေးနွေးသည့်ကိစ္စရပ်များတွင် ပို့ဆောင်ရေးဆိုင်ရာ မူဝါဒကိစ္စရပ်များနှင့် အကောက်ခွန်စနစ် အချင်းချင်း ပေါင်းစည်းရေးကိစ္စရပ်များ ပါဝင်သည်။

၁၉၇၁ ခုနှစ်တွင် ပေါ်တူဂယ်နိုင်ငံသည် နှစ်ပေါင်း ၁၀၀ အတွင်း အဆိုးရွားဆုံး မိုးခေါင်မှုနှင့် ရင်ဆိုင်ရသဖြင့် သွင်းကုန်များတွင် နောက်ထပ် ဒေါ်လာသန်း ၄၀၀ ဖိုး ပို့မှုရှိ တင်သွင်းရမည်ဖြစ်ရာ သွင်းကုန် ထိန်းချုပ်ရန် အခက်အခဲကြုံတွေ့ခဲ့ရသည်။ ၁၉၇၀ ပြည့်နှစ်က ပို့ကုန်များမှ ဝင်ငွေ ခုနစ်ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ၁၉၇၁ ခုနှစ်တွင် ငါးရာခိုင်နှုန်း တိုးတက်ရန်ပင် အခက်အခဲရှိနေသည်။

မဲစုစုပေါင်း၏ ၉၉ ဒသမ ၅၂ ရာခိုင်နှုန်းကို ကွန်မြူနစ်ပါတီဦးဆောင်သော အမျိုးသား ညီညွတ်ရေးတပ်ဦးက ရရှိသည်။ ကွန်မြူနစ်ပါတီဝင် ၂၅၀၊ လယ်သမား ပါတီဝင် ၁၁၃ ဦးနှင့် ဒီမိုကရက်ဘစ် အမတ် ၅၅ ဦးအပြင် ဗရင်ကျီဘာသာရေးဂိုဏ်းမှ ၁၈ ဦး အရွေးခံရသည်။

ဤသို့ ပြည်သူတို့ နှစ်သိမ့်ကျေနပ်ရေးကို ဆောင်ရွက်စေကာမူ အလုပ်သမားတို့၏ ဆန္ဒပြည့်ဝရေးကို မဖန်တီးနိုင်ချေ။ ၁၉၈၀ ပြည့်နှစ် ဩဂုတ်လ ၁၂ ရက် နေ့တွင် ဘတ်စကားသမားများနှင့် ထရပ်ကားသမားများ စတင် သပိတ်မှောက်ကြသည်။ စက်ရုံ အလုပ်ရုံ အလုပ်သမားများ သဘော်ကျင်း အလုပ်သမားများ စသော အလုပ် သမား မျိုးစုံ ပါဝင်သည့် အမ်ကေအက်စ ခေါ် ပူးတဲ့ သပိတ်ကော်မတီကို ဖွဲ့ကြသည်။

ဂဒန့်မြို့ရှိ စက်ရုံအလုပ်ရုံ ၂၁ ရုံ၏ အချက် ၂၁ ချက်ပါ တောင်းဆိုချက်ကို ဩဂုတ်လ ၁၇ ရက် နေ့တွင် အမ်ကေအက်စက ကြေငြာသည်။ နောက်ဆုံးတွင် ပါတီ နိုင်ငံရေးဦးဆောင်အဖွဲဝင် (ပေါလစ်ဗျူရို) ဝင် ဘာ စီ ကောင်စကီ ဦးဆောင်သော အစိုးရ အထူးကော်မရှင်သည် မစ္စတာ လက် ဝါလီဆာ ဦးဆောင်သည့် သပိတ် ကော် မ တီ နှင့် ဆွေးနွေးသည်။ထို့နောက် ဒုတိယဝန်ကြီးချုပ်ဂျီယယ်စကီ ကိုယ်တိုင် ပါဝင်ဆွေးနွေးသည်။

ဩဂုတ်လ ၂၄ ရက်နေ့တွင် ကွန်မြူနစ်ပါတီ ဗဟို ကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ဝန်ကြီးချုပ် ဘာဘီအုချ အစိုးရသည် နုတ်ထွက်လိုက်ပြီးနောက် မစ္စတာ ဂျိုးဆက် ပင်ကောင်စကီ ခေါင်းဆောင်သောအစိုးရအဖွဲ့ကို ဖွဲ့လိုက်သည်။

ပါ တီ ခေါင်း ဆောင် ဂီ ရက် သည် နှ လုံး ရော ဂါ ဖြင့် ဆေးရုံတက်ရ၍ မစ္စတာ ဂီရက်၏နေရာတွင် ပေါ် လစ် ဗျူရို အဖွဲဝင် စ တန့် နစ္စလော ကာနီယာကို ခန့် ထား ကြောင်း စက်တင်ဘာလ ၆ ရက် နေ့တွင် ကြေငြာသည်။ ထိုနေ့မှာပင် အလုပ်သမားတို့၏ အနည်းဆုံး လခကို ဒေါ် လာ ၈၀ သို့လည်းကောင်း၊ပင်စင်စားတို့၏ အနည်းဆုံး လခကို ဒေါ် လာ ၇၀ သို့ လည်းကောင်း တိုးမြှင့်သတ်မှတ် လိုက်ကြောင်း အစိုးရက ကြေငြာသည်။ သွေးစည်းညီညွတ်ရေး အလုပ် သမား သမဂ္ဂကိုလည်း တရားဝင် တည်ရှိခွင့် ပေးလိုက်သည်။

ပင်ကောင်စကီ အစိုးရသည် မော် တော် ယာဉ်အသုံးပြုမှုကို ၂၅ ရာခိုင်နှုန်း လျော့ချလိုက်ပြီး အ စိုး ရ ရုံး အဆောက်အအုံ ၇၀ တည်ဆောက်မှု ကိုလည်း ရပ်ဆိုင်းလိုက်သည်။ ရိက္ခာ အတွက် အစိုးရ၏ ပံ့ပိုး ကူညီမှုကို ဒေါ် လာ သန်း ၇၀၀ သို့ ဟိုးမြှင့်လိုက်ကြောင်း ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကြေငြာသည်။

ဝန်ကြီးချုပ် ဂျိုးဆက်ပင်ကောင်စကီသည် ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပိုလန်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေး၌ ရာထူးမှ နုတ်ထွက်သွားရာ ထိုလ ၁၂ ရက် နေ့တွင် ပိုလန်နိုင်ငံကြည်းတပ်မတော် ဗိုလ်ချုပ်ကြီး ဂျိုဆီယက် ဂျာရူဇယ်စကီးကို ပိုလန်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။

၁၉၈၁ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ပိုလန် နိုင်ငံအား ရိက္ခာပိုမိုကူညီရန်နှင့် နိုင်ငံခြားကြွေးများအပေါ် သက်ညှာသော သတ်မှတ်ချက်များ ထားရှိရန် ဥရောပဘုံစျေးအဖွဲ့ (အီးအီးစီ) ခေါင်းဆောင်များက ပိုလန်နိုင်ငံကို ကတိပေးကြသည်။

သို့ရာတွင် ပိုလန်နိုင်ငံ၏ စီးပွားရေး အခြေအနေမှာ အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့ နေဆဲဖြစ်သည်။ ထို့ကြောင့် ၁၉၈၁ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ပိုလန် ဝန်ကြီးချုပ် ဂျာရူဇယ်စကီးသည် ဝန်ကြီး ငါးဦးကို ရာထူးမှ ထုတ်ပယ်လိုက်ပြီး တိုင်းပြည်၏ ဆိုးရွားနေသော စီးပွားရေး အခြေအနေကို ဖြေရှင်းပေးရေးအတွက် အစိုးရအဖွဲ့ကို ပြုပြင်ဖွဲ့စည်းရန် အဆိုပြုခဲ့သည်။

ဝန်ကြီးချုပ် ဂျာရူဇယ်စကီး၏ မေတ္တာ ရပ်ခံချက် အရ ၁၉၈၁ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ပိုလန်ပါလီမန်က အစိုးရအဖွဲ့ ဝန်ကြီးရှစ်ဦးကို ရာထူးမှ ဖယ်ရှားလိုက်ပြီး ဝန်ကြီးသစ် ငါးဦးကို ခန့်အပ်လိုက်သည်။

၁၉၈၁ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင်ပြုလုပ်သောပိုလန် ကွန်မြူနစ်ပါတီ အရေးပေါ် ညီလာခံတွင် ပါတီပထမ အတွင်းရေးမှူးအဖြစ် စတန်နစ္စလော ကာနီယာသည် လျှို့ဝှက်ဆန္ဒမဲဖြင့် ပြန်လည်အရွေးခံရသည်။


သို့ရာတွင် ပိုလန် နိုင်ငံ၏ စီးပွားရေး အခြေအနေမှာ အခက်အခဲ များနှင့် ရင်ဆိုင်နေရပြီး အစိုးရက ကုန်ပစ္စည်း အချို့၏ ဈေးနှုန်းကိုမြှင့်တင် ခဲ့သည်။ အောက်တိုဘာလ ၁၄ ရက် နေ့တွင်ဝါဆောမြို့အနောက်ဘက် အထည်စက်ရုံ များမှ အမျိုးသမီးအလုပ်သမား ၁၂,၀၀၀ ခန့်သည် စက်ရုံ များကို သိမ်းပိုက် ဆန္ဒပြခဲ့ကြသည်။ ထို့အတူ နိုင်ငံအနှံရှိ ဓာတုဗေဒစက်ရုံ ၁၇ ရုံမှ အလုပ်သမားများ ကလည်း အား လပ်ခွင့်နှင့်အကျိုးခံစားခွင့် ပိုမိုရရှိရေးကို တောင်းဆို သောအားဖြင့် ဆန္ဒပြကြသည်။

ထို့နောက် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပိုလန် နိုင်ငံတပ်မတော်အကြီးအကဲနှင့် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ဂျိုဆီယက် ဂျာရူဇယ်စကီးသည် စတန်နစ္စလော ကာနီယာ၏ နေရာတွင် အာဏာရကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်အဖြစ် တာဝန်လွှဲပြောင်းထမ်းဆောင်သည်။

၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပိုလန်နိုင်ငံတွင် အရေးပေါ် အခြေအနေကြေငြာကာ နိုင်ငံကိုစစ်ဘက်

အုပ်ချုပ်မှု အောက်တွင် ထားရှိလိုက်သည်။ အမျိုးသား ကယ်တင်ရေးကောင်စီမှ ထုတ်ပြန်သော ကြေငြာချက်တွင် သပိတ်မှောက်ခြင်း၊ ဆန္ဒပြခြင်းနှင့် လူထုအစည်းအဝေးများ ပြုလုပ် ခြင်း ကို ပိတ်ပင်ကြောင်း ဖော် ပြ ထား သည်။ ည မထွက်ရအမိန့်ကိုလည်း ဝါဆောအသံလွှင့်ဌာနက ထုတ် ပြန်ကြေငြာသည်။ ပိုလန်သားများအား ပိုလန် နိုင်ငံမှ ထွက်ခွာခွင့်ကိုလည်း ပိတ်ပင် တား မြစ်လိုက်သည်။

ပိုလန်လေကြောင်းပိုင်နက်သို့ နိုင်ငံခြား လေယာဉ်များ ပျံသန်း သွားလာခွင့်ကို ပိတ်ပင် ထားခြင်းကြောင့် ပါရီ မြို့တော် ကောင်စီက ပိုလန်နိုင်ငံသို့ စားနပ်ရိက္ခာ တန်ချိန် ၁၃၀ နှင့် အခြားပစ္စည်းများ လေယာဉ်ဖြင့် တင်ပို့ပေးရေး အစီအစဉ်ကို ဒီဇင်ဘာလ ၁၆ ရက် နေ့တွင် ဖျက်သိမ်း လိုက်သည်။



ပြင်သစ်နိုင်ငံ။ ။ပြင်သစ်သမ္မတ ရွေး ကောက် ပွဲ ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ နှစ်ကြိမ်ကျင်းပလေ့ရှိရာ ပထမ အကြိမ် ရွေးကောက်ပွဲကို ၁၉၆၁ ခုနှစ် ဧပြီလ ၂၆ ရက် နေ့တွင် ကျင်းပခဲ့သည်။ သမ္မတရွေးကောက်ပွဲတွင် ပါဝင် ယှဉ်ပြိုင်သူတို့သည် ထက်ဝက်ကျော် ဆန္ဒမဲရရှိပါက ပထမ တကြိမ်တည်းဖြင့် အပြီး ရွေးချယ်ခံရသည်။ အကယ်၍ ထက်ဝက်ကျော် ဆန္ဒမဲ ရသူမရှိပါက ဒုတိယအကြိမ် ရွေးကောက်ပွဲ ထပ်မံကျင်းပရသည်။ သို့ရာတွင် ပထမ အကြိမ် ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၁၀ ရာခိုင်နှုန်း ထက် မနည်းရရှိထားသူများသာ ဒုတိယအကြိမ် ပြန်လည် ယှဉ်ပြိုင် အရွေးခံခွင့်ရှိသည်။ ဒုတိယအကြိမ်တွင် ထက်ဝက် ကျော် ဆန္ဒမဲရရန်မလိုပဲ အများစု၏ ထောက်ခံမဲရရှိလျှင်ပင် အရွေးခံရသည်။

ပထမအကြိမ် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်သူ ၁၀ ဦး အနက် သမ္မတ ဂျစ်စကတ်ဒက်စတိုင်းက မဲဆန္ဒ ၂၇ ဒသမ ၃၂ ရာခိုင်နှုန်း၊ ဆိုရှယ်လစ်ပါတီမှ ဖရန်စွာ မီးထရောင်းက ၂၅ ဒသမ ၀၅ ရာခိုင်နှုန်းရရှိသည်။

ဒုတိယအကြိမ် ရွေးကောက်ပွဲကို ၁၉၆၁ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ကျင်းပခဲ့ပြီး ဆိုရှယ်လစ်ပါတီမှ ဖရန်စွာ မီးထရောင်းနှင့် ဂျစ်စကတ်ဒက်စတိုင်းတို့ ယှဉ်ပြိုင်အရွေးခံ ရာ မီးထရောင်းက မဲတသန်းကျော်အသာဖြင့် အနိုင်ရရှိ သည်။ ဤသို့ဖြင့် ဆိုရှယ်လစ် ပါတီခေါင်းဆောင်ဖရန်စွာ မီးထရောင်းသည် ပြင်သစ်သမ္မတနိုင်ငံ၏ ၂၃ နှစ် သက်တမ်း တွင် လက်ဝဲအင်အားစုမှ ပထမဆုံး သမ္မတ ဖြစ်လာသည်။

ဖရန်စွာမီးထရောင်းသည် ၁၉၆၁ ခုနှစ် မေလ ၂၁ ရက် နေ့တွင် သမ္မတအဖြစ် တာဝန် စတင် ထမ်းဆောင်ပြီး

အကျယ်အဝန်း။	။၂,၁၂,၉၃၇ စတုရန်းမိုင်
လူဦးရေ။	။၅,၃၆,၈၀,၀၀၀
မြို့တော်။	။ပါရီမြို့

ပြင်သစ်နိုင်ငံသမ္မတသစ်အဖြစ် ရွေးကောက်ခံရသော ဖရန်စွာမီးထရောင်းအား ဆိုရှယ်လစ်ပါတီဝင်များနှင့်အတူ တွေ့ရပုံ



အလယ်အလတ် ဝါဒီတဦးဖြစ်သူ လီလ်လီမြို့တော်ဝန် ပဲ့ဂ မိဇ္ဈိုင်းကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ် ခန့်အပ်သည်။ ထို့နောက် မေလ ၂၂ ရက်နေ့တွင် ဝန်ကြီးချုပ်အပါအဝင် ဝန်ကြီး ၄၃ ဦး ပါဝင်သော အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းသည်။

တဖန် ဇွန်လ ၁၄ ရက်နှင့် ၂၅ ရက်နေ့များတွင် ကျင်းပသော ပြင်သစ်အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင်လည်း ဖရန့်စွာ မီးထရောင်း၏ ဆို ရှယ် လစ် ပါ တီ က အမတ် ၂၆၉ နေရာ၊ ကွန်မြူနစ်ပါတီက ၄၄ နေရာနှင့် အခြားလက်ဝဲစွန်းပါတီများက နေရာ ၂၀ ရရှိခဲ့ပြီး သမ္မတဟောင်း ဂျစ်စကတ်ဒက်စတိုင်း၏ ရီပတ်ဘလီ ကင်ပါတီက ၃၂ နေရာ၊ ပါရီမြို့တော်ဝန် ဂျက်ရှိရပ်၏ ဂေါလစ်ပါတီက ဂ၅ နေရာနှင့် အခြားလက်ယာပါတီငယ်များက ၄၁ နေရာ ရရှိကြသည်။

ဇွန်လ ၂၂ ရက်နေ့တွင် ဝန်ကြီးချုပ် ပဲ့မိုရွိုင်း၏ အစိုးရအဖွဲ့ကို ပြန်လည်ပြုပြင်၍ ဒုတိယအကြိမ် ဖွဲ့စည်းသည်။ မေလ ၂၂ ရက်နေ့က ဖွဲ့စည်းသောအစိုးရအဖွဲ့မှ အဖွဲဝင်ငါးဦးကို ပြန်လည်မခန့်အပ်တော့ပဲ၊ ကွန်မြူနစ်ပါတီမှ လေးဦးပါဝင်လာသည်။

အစိုးရသစ်သည် ၁၉၈၁ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစ၍ အနိမ့်ဆုံးလစာကို ၁၀ ရာခိုင်နှုန်း တိုးမြှင့်ပေးခဲ့ပြီး မိသားစုခံစားခွင့် ၂၅ ရာခိုင်နှုန်းအပါအဝင် အခြား လူမှုဖူလုံရေးခံစားခွင့်များကိုလည်း တိုးမြှင့်ပေးခဲ့သည်။ ဆိုရှယ်လစ်အစိုးရသစ်သည် ပုဂ္ဂလိကဘဏ်များ၊ လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများအပါအဝင် အဓိကစက်မှုလုပ်ငန်းကြီး ၁၁ ခုကို ပြည်သူပိုင်သိမ်းရေး၊ နိုင်ငံ၏အုပ်ချုပ်ရေးယန္တရားတွင် ဗဟို ချုပ်ကိုင်မှု လျော့ချရေး၊ အခွန်နှင့် တရားစီရင်ရေးစနစ် ပြန်လည်ပြင်ဆင်ရေး၊ နိုင်ငံပိုင် စက်မှုလုပ်ငန်းများတွင် အလုပ်အကိုင်သစ်ပေါင်း နှစ်သိန်းတသောင်းအထိ တိုးခွဲဖန်တီးပေးရေး၊ချမ်းသာသူတို့အပေါ် အခွန်တိုးမြှင့် ကောက်ခံရေး၊ ရက်သတ္တတပတ်အလုပ်ချိန်ကို ၃၅ နာရီအထိ လျော့ချရေး၊ အ မျိုးသား များအသက် ၆၀ တွင်လည်းကောင်း၊ အမျိုးသမီးများ အသက် ၅၅ နှစ်တွင်လည်းကောင်း အငြိမ်းစားယူရေးတို့ကို အ ကောင် အ ထည် ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိသည်။

၁၇၈၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပြင်သစ်တော်လှန်ရေးအပြီးတွင် ၁၇၉၂ ခုနှစ်မှစ၍ ပြင်သစ်နိုင်ငံ၌ စတင်ကျင့်သုံးခဲ့သော ခေါင်းဖြတ်စက်ဖြင့် သေဒဏ်အပြစ်ပေးခြင်းစနစ်ကို ပြင်သစ် အစိုးရသစ်က ၁၉၈၁ ခုနှစ် စက်တင်ဘာလမှစ၍ ဖျက်သိမ်းလိုက်သည်။

ပြင်သစ်နိုင်ငံတွင် ပြည်ထဲရေးဝန်ကြီးက ဒေသ ၉၅ ခု၏ အစိုးရအဖွဲ့များကို ခန့်အပ်သည့်စနစ်ကို နပိုလီယံလက်ထက်မှ စတင်ကျင့်သုံးခဲ့ရာမှ ယခုအခါ ဖျက်သိမ်းလိုက်ပြီ ဖြစ်သည်။ ၁၉၈၃ ခုနှစ်တွင် မြို့နိုစီပယ်နှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များကို ဒေသခံ ပြည်သူတို့က ရွေးချယ်တင်မြှောက် ဖွဲ့စည်းတော့မည်ဖြစ်သည်။


ပြင်သစ်နိုင်ငံသည် အာဖရိက နိုင်ငံများမှ စက်မှုကုန်ကြမ်းများကို တင်သွင်းပြီး အပြန်အလှန်အားဖြင့် အာဖရိကနိုင်ငံများသို့ လက်နက်နှင့် စက်မှုထွက်ကုန်များ တင်ပို့သည်။ ၁၉၈၁ ခုနှစ်တွင် ပြင်သစ်နိုင်ငံသည် အရွှေအလယ်ပိုင်းနှင့် အာဖရိကနိုင်ငံအချို့သို့ ပေါင်စတာလင် ၃,၇၂၀ သန်း တန်ဖိုးရှိသောလက်နက်များ တင်ပို့သည်။ လက်ရှိ ကမ္ဘာ့ လက်နက်စျေးကွက်တွင် နိုင်ငံခြားသို့ လက်နက်တင်ပို့ရောင်းချမှုဌ ပြင်သစ်နိုင်ငံသည် တတိယအများဆုံးနိုင်ငံ ဖြစ်သည်။ အယ် ဆာ ဗေ ဒို လက် ဝဲ ပြောက်ကျားများကို အယ်ဆာဗေဒိုအစိုးရနှင့် တန်းတူရည်တူ စေ့စပ်ဆွေးနွေးနိုင်သည့် ဒီမိုကရေစီအင်အားစုအဖြစ် အသိအမှတ် ပြုခဲ့ပြီးနောက် နီကာရာဂွာနိုင်ငံသို့ ဒေါ်လာ ၁၅ ဒသမ ဂ သန်း တန်ဖိုးရှိသော လက်နက်များ တင်ပို့ရောင်းချပေးခဲ့သည်။

လောလောဆယ်တွင် ပြင်သစ်နိုင်ငံ၌ အလုပ်လက်မဲ့ တစ်ဒသမ ရှစ်သန်းခန့်ရှိသည်။ဌေဖောင်းပွမှု ၁၄ ရာခိုင်နှုန်းအထိ ရှိပြီး ၁၉၈၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လိုငွေပေါင်စတာလင် သန်း ၇၀၀၀ ရှိပြီး စီးပွားရေးတိုးတက်မှု ဝ ဒသမ ၅ ရာခိုင်နှုန်း သာရှိသည်။

နိုင်ငံ၏ ပင်မ စီးပွားရေးလုပ်ငန်းကြီးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်အလက်များအရ ပြည်သူပိုင်မသိမ်းရန် အတိုက်အခံလက်ယာဝါဒီများက တင်သွင်းသော အဆိုသည် ၁၉၈၁ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့က ကန့်ကွက်မဲ ၃၃၀၊ ထောက်ခံမဲ ၁၅၄ မဲဖြင့် အရေးနိမ့်သွားသည်။

အလားတူပင် ပြည်သူပိုင်သိမ်းယူခြင်းသည် စီးပွားရေးအရ ထိရောက်မှုမရှိကြောင်း အဆိုကိုလည်း ဆိုရှယ်လစ်နှင့် ကွန်မြူနစ်များလွှမ်းမိုးထားသည့် အမျိုးသားလွှတ်တော်က ၃၃၁ မဲ၊ ၁၅၇ မဲဖြင့် ပယ်ချခဲ့သည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ။ ။၁၉၇၂ ခုနှစ်စက်တင်ဘာလ ၂၁ ရက်မှ စတင်ခဲ့သော စစ်အုပ်ချုပ်ရေးဥပဒေကို ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ရုပ်သိမ်းကြောင်း သမ္မတမားကို့က ကြေငြာသည်။ ကြေငြာပြီး နှစ်ရက်အကြာတွင် ဥပဒေပြုအာဏာကို အမျိုးသားလွှတ်တော်အား လွှဲပြောင်းပေးလိုက်သည်။ စစ်အုပ်ချုပ်ရေးဥပဒေကို ရုပ်သိမ်းလိုက်သော်လည်း သမ္မတမားကို့တွင် အမျိုးသားလုံခြုံရေးဥပဒေသစ်နှင့် ပြည်သူ့လုံခြုံရေးအက်ဥပဒေများအရ လုပ်ပိုင်ခွင့် အာဏာများ ရှိနေသေးသည်။ထိုဥပဒေများအရ ဖမ်းဆီးရန်



အမိန့်ပေးနိုင်ခြင်း၊ လူထုဆက်သွယ်ရေးဖြစ်သည့် စာနယ်ဇင်းများကို ပိတ်ပင်နိုင်ခြင်းနှင့် တရားရုံးတော်၏ စာချုန်အမိန့်များကို ရပ်ဆိုင်းရန်အမိန့်ပေးနိုင်သည့် အာဏာများ ရှိသည်။ သို့သော်လည်း စစ်အုပ်ချုပ်ရေးဥပဒေသည် မိုရို အမျိုးသားလွတ်မြောက်ရေးတပ်ဦး (မူဆလင်) နှင့် အစိုးရ တပ်များ တိုက်ပွဲဖြစ်ပွားရာ တောင်ပိုင်းပြည်နယ် အတော်များများတွင် ဆက်လက်ကျန်ရှိနေသည်။

စစ်အုပ်ချုပ်ရေးဥပဒေကို ရုပ်သိမ်းပြီးနောက် အကျဉ်းသား ၃၄၆ ယောက်ကို ထောင်မှလွှတ်ခဲ့သည်။ ယင်းတို့အနက် ၁၅၉ ယောက်သည် အမျိုးသားလုံခြုံရေးနှင့် ပြည်သူ့လုံခြုံရေးအက်ဥပဒေကို ချိုးဖောက်ကြသူများဖြစ်သည်။ ထောင်သား ၁၆၀၀ ကျော်အား စစ်ဘက်ထောင်မှ အရပ်သား အကျဉ်းထောင်သို့ ရွှေ့ပြောင်းခဲ့သည်။

၁၉၈၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် သမ္မတမာကိုသည် ၁၉၇၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင် ဖြည့်စွက်ခဲ့သည်။ ယင်းပြင်ဆင်ဖြည့်စွက်ချက်များမှာ သမ္မတရွေးချယ်ရာတွင် မဲဆန္ဒရှင်များက တိုက်ရိုက်မဲပေး ရွေးချယ်ရန်နှင့် ဝန်ကြီးချုပ်ကို သမ္မတက လျာထားရန်တို့ ဖြစ် သည်။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက်ကို ၁၉၈၁ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပကာ အတည်ပြုခဲ့သည်။ ဤပြင်ဆင်ချက်ကို အခြေခံ၍ ဇွန်လ ၁၆ ရက်နေ့တွင် သမ္မတရွေးကောက်ပွဲကို ကျင်းပလေသည်။ ယှဉ်ပြိုင်သူများအနက် မဲဆန္ဒ ၈၈ ထုခိုင်နှုန်းကို မားကို့က ရရှိပြီး မစ္စတာအလီဂျိုအက်ဆန်တိုက ၈ ထုခိုင်နှုန်းနှင့် မစ္စတာ ဘာတိုလိုမီစီကာဘန်ဘန်က ၃ ထုခိုင်နှုန်းရရှိသည်။ မားကို့သည် ဇွန်လ ၃၀ ရက်မှစ၍ နောက်ထပ်သက်တမ်း ခြောက်နှစ်အတွက် သမ္မတအဖြစ် ပြန်လည် ခရွီး ချယ်ခံရသည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံသည် ကမ္ဘာတစ်ဝှမ်းရှိ ကွန်မြူနစ်မဟုတ်သော နိုင်ငံများအနက် ဒုတိယမြောက် ကွန်မြူနစ်ဝါဒီ အင်အားကြီးမားသော နိုင်ငံဖြစ်သည်။ ပထမမြောက်မှာ အင်ဒိုနီးရှားဖြစ်သည်။ ဖိလစ်ပိုင်ကွန်မြူနစ်ပါတီသည် ၁၉၃၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့ပြီး ၁၉၅၀ ပြည့်နှစ်များတွင် ဆိုဗီယက်ပုံစံ တော်လှန်ရေးကို ဦးတည်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်ဟောင်း ဆိုရီယာနိုးဟုက်စ်၏ သားဖြစ်သူ ဆိုရီယာနိုးဟုက်စ် ဂျူနီယာက ဖွဲ့စည်းခဲ့သော ဒုတိယ ကွန်မြူနစ်ပါတီသည် ပြည်သူ့စစ်တပ်ကို ဖွဲ့စည်းခဲ့ပြီး ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်ဟောင်း ဆိုရီယာနိုးဟုက်စ်၏ သားဖြစ်သူ ဆိုရီယာနိုးဟုက်စ် ဂျူနီယာက ဖွဲ့စည်းခဲ့သော ဒုတိယ ကွန်မြူနစ်ပါတီသည် ပြည်သူ့စစ်တပ်ကို ဖွဲ့စည်းခဲ့ပြီး

အကျယ်အဝန်း။	။၁,၁၅,၈၃၁ စတုရန်းမိုင်
လူဦးရေ။	။၄,၈၄,၀၀,၀၀၀
မြို့တော်။	။ကေဆွန်းမြို့

အစား စုပေါင်းတာဝန်ယူ လုပ်ဆောင်ရမည် ဖြစ်သည်။

ဒုတိယ ဝန်ကြီးချုပ်များအဖြစ် မစ္စတာဂျိုစီကွန်ဇာဒို၊ မစ္စတာဖဲလီစီတပ်ဘာနာဒီဒို၊ မစ္စတာဂူလဘာတိုနှင့် မစ္စတာ အန်တိုနီယိုရိုမင်တို့အား ခန့်ထားသည်။ ဇူလိုင်လ ၃၁ ရက် နေ့တွင် ဗိုလ်မှူးချုပ် ပါဘီယင်စီဗာအား ကာကွယ်ရေးဦးစီး



ဖိလစ်ပိုင်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနေသော သမ္မတမားကို

ချုပ်အဖြစ် လည်းကောင်း၊ဗိုလ်ချုပ်ကြီးဖီဒယ်ဗီရှိမိုး အား ဒုတိယကာကွယ်ရေးဦးစီးချုပ်အဖြစ် လည်းကောင်း ခန့် ထားခဲ့သည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ဖြစ်ပွားသော မူဆလင် ပဋိပက္ခ သည် ၁၉၇၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် အစိုးရက ပြောက် ကျားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်အာမခံချက်နှင့် ထိုဒေသဖွံ့ဖြိုးတိုးတက်ရေး အကူအညီများ ခွဲဝေပေးရေး ပေါ်လစီကြောင့် လျော့နည်း လာသည်။ ထိုသူပုန်အဖွဲ့တွင် ပါဝင်သူအချို့မှာ ဒေသ လုပ်ငန်း များတွင် ခန့်ထားခြင်းခံရသည်။ သို့သော်လည်း ၁၉၇၁ ခု နှစ်ဦးပိုင်း တွင် တိုက်ပွဲများ ပြင်းပြင်းထန်ထန် ဖြစ်ပွားပြန်သည်။


သမ္မတမားကိုအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုနှင့် မဲဆန္ဒနယ်မြေများတွင် ဗုံးဖောက်ခွဲရန် ကြံစည်မှုများဖြင့် မူဆလင် ၂၀ အား ဖမ်းဆီးခဲ့သည်။ ဤ ကြံစည်မှုတွင် အတိုက်အခံနိုင်ငံရေးသမား ဘိနင်အကိုနို ပါဝင်ပတ်သက် သည်ဟု အစိုးရအရာရှိများက စွပ်စွဲပြောကြားသည်။

ဖိလစ်ပိုင်ဌေးငွေယူ ရှင်းတမ်း လိုင်စေမှာ ၁၉၇၁ ခုနှစ် ပထမ ၁၀ လပိုင်းတွင်ဒေါ်လာ ၅၁၁ ဒသမ ၄ သန်း တိုးလာ သည်ဟု ဗဟိုဘဏ်ကကြေငြာသည်။ ပြည်ပပို့ ကုန်တင်ပို့မှု သည် ၄ ဒသမ ၅ ဆုခိုင်နှုန်းမှ ၃ ဒသမ ၇၈ ဆုခိုင်နှုန်းထိ ကျဆင်းလာသည်။

ဖီဂျီနိုင်ငံ။ ။ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းရှိ ကိုရိုပင်လယ် ဝန်း ရံ နေ သည့် ဖီဂျီကျွန်းစုသည် နယူး ဇီ လန် နိုင် ငံ အော့ခလန်ကျွန်း၏ မြောက်ဘက် မိုင် ၁,၃၀၀ ခန့်အကွာ တွင် တည်ရှိသည်။ ဓနသဟာယအဖွဲ့ဝင်နိုင်ငံဖြစ်သော ဖီဂျီ နိုင်ငံကို ကျွန်းပေါင်း ၁၄၄ ကျွန်းဖြင့် ဖွဲ့စည်းထား၍ ကျွန်း ၁၀၀ ပေါ်တွင်သာ လူနေအိမ်ခြေရှိသည်။ ဗီတီလယ်ဗူး ကျွန်းသည် အကြီးဆုံးဖြစ်သည်။

ဒတ်ချလူမျိုး ရေကြောင်းသွားလာသူ တပ်စမန်သည် ထိုကျွန်းစုကို ၁၆၄၃ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်။ ၁၇၆၃ ခုနှစ် ပုန်ကန်မှုအပြီးတွင် ကက်ပတိန်ဗလိုက ပထမဆုံး ကျွန်းမြေပုံရေးဆွဲခဲ့သည်။ ၁၉ ဆုစုနှစ်အတွင်းတွင် ကရမက် ရှာဖွေသော ဥရောပ ကုန်သည်များသည် ဖီဂျီကျွန်းသို့ ပိုမိုရောက်လာခဲ့ကြသည်။ ၁၈၇၄ ခုနှစ်တွင် ဗြိတိသျှ လက် အောက်သို့ ကျရောက်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ဌာနေ အစိုးရအဖွဲ့ဖြင့် စတင်အုပ်ချုပ်သည်။ ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် လွတ်လပ်ရေးရရှိသည်။ ပါလီမန်ဒီမိုကရေစီ စနစ်ကျင့်သုံးသည်။

အာဏာပိုင်အဖွဲ့တွင် ဗြိတိန်ဘုရင်မကို ကိုယ်စားပြု သော ဘုရင်ခံချုပ်၊ ဗဟိုဦးစီးအရာ ခန့်အပ်တာဝန်ပေး သော အထက်လွှတ်တော်အဖွဲ့ဝင် ၂၂ ယောက်၊ ပြည်သူတို့



က ငါးနှစ်တကြိမ် ရွေးကောက်တင်မြှောက်သော အောက် လွှတ်တော်အမတ် ၅၂ ယောက်တို့ပါဝင်သည်။ အောက် လွှတ်တော်အမတ် ၃၂ ယောက်အနက် ဖီဂျီ ၁၂ ယောက်၊ အိန္ဒိယသား ၁၂ ယောက်နှင့် ဥရောပတိုက်သား ငါးယောက် သည် လူမျိုးစုအလိုက် ကိုယ်စားပြု ရွေးချယ်ခံရသူများ ဖြစ်၍၊ ကျန်ပုဂ္ဂိုလ်များသည် တမျိုးသားလုံး ကိုယ်စားပြု ရွေးချယ်ခံရသူများ ဖြစ်ကြသည်။

ဖီဂျီနိုင်ငံ၏ အကြီးမားဆုံး နိုင်ငံရေးပြဿနာမှာလူမျိုး ရေးတင်းမာမှုပင် ဖြစ်သည်။ ၁၉၇၇ ခုနှစ် ဧပြီနှင့်မေလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် အတိုက်အခံ အင် အက်ပီပါတီက မဖျော်လင့်ပဲ အနိုင်ရသွားခြင်းမှစ၍ လူမှု ရေးတင်းမာမှုသည် ပိုမိုပြင်းထန်လာသည်။ သို့သော် အင် အက်ပီပါတီ၏ အစီအမံအခန့်ခဲ့ ညှိဖျင်းမှုကို ဝေဖန်ကာ ဘုရင်ခံချုပ် ရာတူး ဂျော့ ကာကိုဘောင်းသည်လွှတ်လပ်ရေး ရပြီးကတည်းက အာဏာရထားသော မဟာမိတ်ပါတီကိုပင် လူနည်းစုအစိုးရအဖြစ် ပြန်လည်ခန့်အပ်တာဝန်ပေးခဲ့သည်။ အင်အက်ပီပါတီသည် သုံးအုပ်စုကွဲသွားသဖြင့် အင်အား လည်း နည်းသွားတော့သည်။ စက်တင်ဘာလတွင် ကျင်း ပသော ရွေးကောက်ပွဲ၌မူ အာဏာရ မဟာမိတ်ပါတီ သည် အောက်လွှတ်တော်အမတ် ၅၂ နေရာအနက် ၃၆ နေရာကို အနိုင်ရရှိခဲ့သည်။ အင်အက်ပီပါတီက ၁၅ နေရာ သာ အနိုင်ရပြီး၊ တသီးပုဂ္ဂလက တနေရာရရှိသည်။

အကျယ်အဝန်း။	။၇,၀၅၆ စတုရန်းမိုင်
လူဦးရေ။	။၆,၂၀,၀၀၀
မြို့တော်။	။ဆူဗားမြို့

အာဏာရ မဟာမိတ်ပါတီသည် လူမျိုးစုပါတီသုံးပါတီ ဖြင့် ညွှန့်ပေါင်း ပါတီ ကို ဖွဲ့စည်းထားသည်။ ဖိဂျီနိုင်ငံ လူဦးရေ၏ ၄၆ ရာခိုင်နှုန်းကို ကိုယ်စားပြုသော ဖိဂျီအမျိုး သားအသင်း၊ ဖိဂျီလည်းမဟုတ်၊ အိန္ဒိယလည်းမမည်သော အခြားလူမျိုး (ဥရောပနှင့်တရုတ်) ၃၀,၀၀၀ ကို ကိုယ်စား ပြုသည့် အထွေထွေ ရွေးချယ်ခံပိုင်သူများ အသင်းနှင့် အိန္ဒိယလူမျိုးစု၏ တစိတ်တဒေသကိုသာ ကိုယ်စားပြုသည့် အိန္ဒိယမဟာမိတ်အဖွဲ့တို့ဖြင့် ဖွဲ့စည်းထားသည်။

၁၉၇၇ ခုနှစ် စက်တင်ဘာလတွင် ကျင်းပသော အထွေ ထွေရွေးကောက်ပွဲတွင် ရာတူးကာမိစီမာရာမ၏ အစိုးရအဖွဲ့ သစ် ဖွဲ့စည်းပြီးနောက်၊ အစိုးရအဖွဲ့ကို မကြာခဏပြင်ဆင် ဖွဲ့စည်းနေရသည်။ ဝန်ကြီးချုပ်မာရာသည် အစိုးရအဖွဲ့ဝင် ခြောက်ဦးကို ပြောင်းလဲဖွဲ့စည်းကြောင်းနှင့် နိုင် ငံ တော် လောင် စာ စွမ်း အင် ရေး ရာ ဝန်ကြီးရာထူးသစ် ကိုလည်း ခန့်အပ်လိုက်ကြောင်း ၁၉၈၁ ခုနှစ် ဇန္နဝါရီလ လယ်တွင် ကြေငြာသည်။

၁၉၈၁ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင်လည်း အစိုးရ ရွှေနေချုပ်အသစ်အဖြစ် ဒီအိုကီကို ခန့်အပ်ခဲ့သည်။ ယခင် အစိုးရ ရွှေနေချုပ် ဗီဂျေးအာဆင်းသည် စီးပွားရေး စီမံ ကိန်း ဝန်ကြီး တာဝန်ကိုပါ ပူး တွဲ ထမ်း ဆောင် ၍ စီးပွား ရေး လုပ်ငန်းတရပ်၏ လိမ်လည်မှုတွင် ပါဝင် ပတ်သက် သဖြင့် ရာထူးမှ ထုတ်ပယ်ခံရသည်။ စီးပွားရေးစီမံကိန်း ရေးရာကို ဝန်ကြီးချုပ် မာရာက တာဝန်ယူလိုက်ပြီး ရွှေနေ ချုပ်အသစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ ထိုပြဿနာကြောင့် ဗီဂျေးအာဆင်း၏ ဦးကြီးဖြစ်သူ ဆက်သွယ်ရေး ဝန်ကြီး ကလည်း နုတ်ထွက်သွားသဖြင့် အသစ်ခန့်အပ်ရပြန်သည်။

ဖိဂျီနိုင်ငံ ဘုရင့်တပ်မတော်သည် လက်ဗန္ဓန်နိုင်ငံရှိ ကုလသမဂ္ဂတပ်ဖွဲ့သို့ ၁၉၇၈ ခုနှစ်မှစ၍ အင်အား ၆၀၀ ပို့ ထားခဲ့သည်။ ၁၉၈၁ ခုနှစ်အထိ လက်ဗန္ဓန်တွင် ကျဆုံးသူ ၁၂ ဦးရှိသည်။

ထို့ပြင် ဆိုင်းနိုင်း ကျွန်းဆွယ်တွင် အ ခြေ စိုက် မည့် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့သို့ အင်အား ၅၀၀ ပို့ပေးရန် သဘောတူထားပြီး ဖြစ်သည်။ ထို့ကြောင့် ဖိဂျီတပ်မတော်ကို စစ်သည်အင်အား တိုးချဲ့ရန် ပြင်ဆင် လျက်ရှိသည်။

၁၉၈၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံကလည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံကလည်းကောင်း ဖိဂျီနိုင်ငံ ဆူဗားမြို့တော်တွင် သံရုံးများစတင်ဖွင့်သည်။ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစွက်အင်ဒီရာဂန္ဒီသည် ၁၉၈၁ ခုနှစ် စက်တင် ဘာလတွင် လည်းကောင်း၊ ကနေဒါနိုင်ငံ ဝန်ကြီးချုပ် ထရူးဒိုးသည် အောက်တိုဘာလတွင် လည်းကောင်း ဖိဂျီနိုင်ငံသို့ အလည်အပတ် ရောက်ရှိကြသည်။

ဗတင်၊သခင် (ရေနံမြေ) (မြန်မာ ၁၂၆၆–၁၃၄၃)။ ။ သခင်ဗတင်ကို မြန်မာသက္ကရာဇ် ၁၂၆၆ ခု သီတင်းကျွတ် လဆန်း ၅ ရက်နေ့တွင် မြောင်းမြခရိုင် အိမ်မဲမြို့၌ အဖ ဦးဘိုးဆိုင်၊ အမိဒေါ်ပါငုံ တို့မှ မွေးဖွားသည်။ ၁၂၈၃ ခုနှစ်တွင် နဝမတန်း အောင်မြင်၍ ၁၂၈၄ ခုနှစ်တွင် မြောင်းမြ ဆရာအတတ်သင် ကျောင်းမှ အလယ်တန်း ဆရာဖြစ် စာမေးပွဲကို အောင်မြင်ခဲ့ပြီး အင်္ဂလိပ်စာကို ရန်ကုန်မြို့ဘီအီးတီကျောင်းတွင် သင်ကြားဆည်းပူးခဲ့သည်။ ၁၂၈၈ ခုနှစ်တွင် ရေနံချောင်းမြို့ရှိ မက္ကင်ဇီ ကုမ္ပဏီတွင် ဝင်ထောက်လုပ်ကိုင်ရာမှ ၁၂၉၀ ပြည့်နှစ်တွင် ဘီအိုစီကုမ္ပဏီ သို့ ပြောင်းရွှေ့လုပ်ကိုင်သည်။



သခင်ဗတင် (ရေနံမြေ)

ဂျီစဘီအေ ဦးစိုးသိမ်း၏ နိုင်ငံရေးတရားပွဲများသို့ သွား ထောက် နားထောင်ခဲ့ရာမှ နိုင်ငံရေးတွင် စိတ်ပါဝင်စားလာ ပြီး ရေနံချောင်းမြို့ ဘီအိုစီ ဟုံတန်းလျား၌ ဗုဒ္ဓဘာသာ ဝေယျာဝစ္စအသင်းကို တည်ထောင်၍ ဂျီစဘီအေနှင့် ဆက်သွယ်ခဲ့သည်။ သခင်ဘသောင်းက သခင်စာရင်းများ ပေးသွင်းရန် ခေါ်သည့်အခါ ရေနံချောင်းမြို့မှ ပထမဆုံး စာရင်းပေးသွင်းခဲ့၍ ၁၂၉၅ ခုနှစ်တွင် သခင်ဘသောင်း အိမ်၌ ကျင်းပခဲ့သည့် အစည်းအဝေးသို့ ဇနီးသခင်မ မပုနှင့် အတူ တက်ရောက်ခဲ့သည်။

၁၂၉၇ ခုနှစ်တွင် မြင်းခြံမြို့၌ ကျင်းပသော ဒုတိယ အကြိမ်မြောက် တို့ဗမာအစည်းအရုံးညီလာခံမှ သခင်ဗတင် အား ဗဟိုကော်မတီနှင့် အလုပ်သမားဌာနမှူးအဖြစ် ခန့်အပ် ခဲ့သည်။

၁၂၉၉ ခုနှစ်တွင် ချောက်မြို့ရှိ ဘီအိုစီ၊ ဘီဘီပီစီ၊ ပီဒီစီ၊ လမ်းရွာရှိ အိုင်ဘီပီနှင့် ရေနံချပ်ရှိ ဘီအိုစီအလုပ် သမားများ သပိတ်မှောက်ရာတွင် ချောက်မြို့ တို့ဗမာ

ရေနံမြေ အလုပ်သမားအစည်းအရုံး၏ အထွေထွေ အတွင်းရေးမှူးအဖြစ် ကြေငြာချက်ထုတ်ပြန်ကာ လှုံ့ဆော်စည်းရုံးခဲ့သည်။ ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၉ ရက် (၃၀-၁၁-၃၈) နေ့တွင် ရေနံမြေ သပိတ် တပ်ကြီးသည် ချောက်မြို့မှ စတင်ထွက်ခွာ ချီတက်ခဲ့သောအခါ ရေနံမြေ သပိတ် တပ်ကြီး ရန်ကုန်မြို့သို့ မရောက်စေရန် အင်္ဂလိပ် အာဏာပိုင်များက သပိတ်ခေါင်းဆောင်များကို ဖမ်းဆီးသဖြင့် သခင် ဗတင် လည်း ဖမ်းဆီးခံခဲ့ရသည်။

၁၉၄၅ ခုနှစ်တွင် သခင်ဗတင်သည် ကျောက်ပန်းတောင်းမြို့တွင် နယ်စီးတောအုပ်အဖြစ် အမှုထမ်းယင်း ဂျပန်တော်လှန်ရေးကို အားပေးကူညီခဲ့သည်။ ၁၉၄၆ ခုနှစ် တွင် ရေနံချောင်းမြို့၌ အိမ်ဌား၊ မြေဌားအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၀ ပြည့်နှစ်တွင် သခင်ဗတင်အား နိုင်ငံဂုဏ်ရည် ပထမဆင့်အဖြစ် နိုင်ငံတော်ကောင်စီက ချီးမြှင့်အပ်နှင်းခဲ့သည်။

၁၉၄၁ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ဇနီး သခင်မ ဒေါ်ပုနှင့် သားသမီးရှစ်ဦး ကျန်ရစ်သည်။

ဗရာဇီးသမ္မတနိုင်ငံ။ ။တောင်အမေရိကတိုက်ရှိ ဗရာဇီးနိုင်ငံသည် ၁၉၂၂ ခုနှစ်မှစ၍ ဒီမိုကရေစီ နိုင်ငံတော်သို့ တဖြည်းဖြည်း ကူးပြောင်းခဲ့သည်။ ၁၉၄၀ ပြည့်နှစ်မှစ၍ လက်တင်အမေရိက ၂၁ နိုင်ငံအနက် ဗရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့သည် စစ်ရေးအသုံးစရိတ်အများဆုံးသုံးစွဲခဲ့ကြပြီး ကိုယ်ပိုင်လက်နက်စက်ရုံများကိုလည်း တည်ဆောက်ထားခဲ့ကြသည်။ အထူးသဖြင့် ဗရာဇီးနိုင်ငံသည် လက်တင်အမေရိကဒေသတွင် လက်နက်ကိုင်တပ်ဖွဲ့အင်အား အများဆုံးရှိသည့်နိုင်ငံဖြစ်၍၊ မကြာမီ နှစ်များအတွင်းက အာဂျင်တီးနားနိုင်ငံနှင့်အတူ အိမ်နီးချင်းနိုင်ငံများသို့ စစ်ရေးအကူအညီနှင့် စစ်သင်တန်းများပေးခဲ့ကြသည်။


သမ္မတ ဖိဂ်ဂရီဒို ဆက်လက် အကောင်အထည် ဖော်နေသည့် နိုင်ငံရေးလှုပ်လှုပ်ခတ် တဖြည်းဖြည်း ပေးအပ်ရေး မူဝါဒအရ ပြည်နယ် ဘုရင်ခံများနှင့် လှုပ်တော် အမတ်များကို တိုက်ရိုက်ရွေးချယ်ရေးစနစ် ပြန်လည်ကျင့်သုံးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့သည်။

ယင်းဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ ၁၃ ရက်နေ့၌ ဗရာဇီးလှုတ်တော်မှအတည်ပြုခဲ့ပြီးဖြစ်သည်။ ၁၉၈၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ပါလီမန်နှင့် ဘုရင်ခံရွေးကောက်ပွဲများ၌ စတင်ကျင့်သုံးသွားမည်ဖြစ်သည်။

သမ္မတ ဖိဂ်ဂရီဒိုသည် ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့မှ ဖေဖွာရီလ ၁ ရက်နေ့အထိ ပြင်သစ်နိုင်ငံသို့ တရားဝင် အလည်အပတ်သွားရောက်ခဲ့၏။ ။ပြင်သစ်နိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ တန်ဖိုးရှိ ချေးငွေများ ချေးယူရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် ဖေဖွာရီလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ ပေါ်တူဂယ်နိုင်ငံသို့ဆက်လက် သွားရောက် လည်ပတ်ခဲ့သည်။ ပေါ်တူဂယ် အစိုးရနှင့် အမေရိကန်ဒေါ်လာ နှစ်ဆယ့်ရှစ်ကုဋေ့ တန်ဖိုးရှိ ဘဏ္ဍာရေး နှင့် ကူး သန်း ရောင်း ဝယ် ရေး ဆိုင် ရာ ပူး ပေါင်း ဆောင်ရွက်ရေး သဘောတူ စာ ချုပ် တရပ် ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်။

မတ်လ ၁၃ ရက်နေ့တွင် ဗရာဇီးအစိုးရသည် အတိုက်အခံပါတီများဖြစ်သော ဗရာဇီးဒီမိုကရက်တစ် လှုပ်ရှားမှုပါတီ၊ ပြည်သူပါတီနှင့် ဒီမိုကရက်တစ် အလုပ်သမားပါတီတို့မှ ခေါင်းဆောင်များနှင့် စတင်တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းသို့ အစိုးရနှင့်လက်ဝဲပါတီများတွေ့ဆုံဆွေးနွေးမှုအခြေအနေမှာ တိုးတက်သည့်အနေအထားသို့ ရောက်ရှိသော်လည်း လက်ယာဘေးမား စစ်အရာရှိများက အဆိုပါ လက်ဝဲပါတီများအနက် ဩဇာအရှိန်အဝါ ကြီးမားသော အလုပ်သမားပါတီနှင့် တရားဝင်ဆွေးနွေးမှုကို မိမိတို့ဆန့်ကျင်ကြောင်း သဘောထားတင်ပြခဲ့ကြသည်။

ဧပြီလ ၃၀ ရက်နေ့တွင် ရီယိုဒီကျင်နေရိုမြို့ ရီယိုခန်းမ၌ ဗရာဇီးဒီမိုကရက်တစ်ပဟိုအဖွဲ့မှ ကြီးမှူးကျင်းပသော ဂိတ



အကျယ်အဝန်း။	။၃၂,၈၆,၄၇၀ စတုရန်းမိုင်
လူဦးရေ။	။၁၂,၃၀,၃၀,၀၀၀
မြို့တော်။	။ဗရာဇီးလျှားမြို့

ပဒေသာ ကပဲ့အတွင်း ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ရာ စစ်ထောက်လှမ်းရေး အေးဂျင့်တဦး သေဆုံး၍ အခြားတဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

ဗရာင်းသမ္မတ ဖိဂ်ရီဒိုသည် မေလ ၁၈ ရက်နှင့် ၁၉ ရက် နေ့များတွင် အနောက်ဂျာမနီနိုင်ငံသို့ တရားဝင်အလည် အပတ်ခရီးထွက်ခဲ့သည်။

မေလ ၂၆ ရက်နေ့တွင် ဗရာင်းနိုင်ငံသမ္မတ ဖိဂ်ရီဒိုနှင့် အာဂျင်တီးနား သမ္မတ ဗိုင်အိုလာတို့ အာဂျင်တီးနား နယ်စပ်မြို့ဖြစ်သည့်ပက်ဆိုဒီလော့စ်လစ်ဘမီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အလယ်ပိုင်း အမေရိကနှင့်ပတ်သက်သည့် ကြားဝင်မှုအားလုံးကို ရှုတ်ချကြောင်းနှင့် တောင်အတ္တလန္တိတ်ကာကွယ်ရေး စာချုပ်နှင့် တကွ စစ်အုပ်စု ဖွဲ့စည်းမှုမျိုးဟူသမျှကို ကန့်ကွက်ကြောင်း ပူးတွဲ ကြေငြာချက်တရပ် ထုတ်ပြန်ခဲ့သည်။

၁၉၇၁ ခုနှစ် ပထမ နှစ်ဝက်ပိုင်းတွင် ဗရာင်းသမ္မတ ဖိဂ်ရီဒိုသည် နိုင်ငံရေးလွတ်လပ်ခွင့် တဖြည်းဖြည်းပေးအပ်ရေးမူဝါဒကို ဆက်လက် အကောင်အထည် ဖော်ခဲ့၏။ ယင်းမူဝါဒမှာ ဖိဂ်ရီဒို မတိုင်မီ သမ္မတဟောင်း ဗိုလ်ချုပ်ကြီး အားနက်စတိုဂေဆယ် လက်ထက်က ချမှတ်ခဲ့သောမူဝါဒဖြစ်သည်။ ယင်းသို့ အကောင်အထည်ဖော်ရေးကို ဗရာင်း တပ်မတော်ရှိဇင်းမာသောအယူအဆရှိသူများက ကန့်ကွက်ခဲ့ကြ၏။ သမ္မတ ဖိဂ်ရီဒိုသည် စာနယ်ဇင်းလွတ်လပ်ခွင့်ပေးမှုနှင့် ပတ်သက်၍လည်းကောင်း၊ အလယ်အလတ် လက်ဝဲပါတီများကို အလျော့ပေးလာမှုနှင့် ပတ်သက်၍ လည်းကောင်း များစွာ ဝေဖန်ခြင်းခံခဲ့ရသည်။ အလယ်အလတ် လက်ဝဲပါတီများကို အလျော့ပေးလာမှုကြောင့် ဥရောပ ကွန်မြူနစ်ပုံစံဗရာင်းကွန်မြူနစ်ပါတီအနေဖြင့် တရားဝင် ရပ်တည်ခွင့်တောင်းဆိုလာမည်ကို စစ်ဘက်မှစိုးရိမ်ခဲ့ကြသည်။

၁၉၇၁ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ဂိုလ်ဘယ်ရီဒိုကိုတိုအီးဆီးဗား (၇၀ နှစ်) နုဘ်ထွက်ခဲ့သည်။ ဂိုလ်ဘယ်ရီသည် နိုင်ငံရေး ပထဝီဝင် ပညာရှင် ဖြစ်ပြီး အမျိုးသား ထောက်လှမ်းရေး အေဂျင်စီကို စတင် တည်ထောင်ခဲ့သူလည်းဖြစ်သည်။ ၁၉၇၄ ခုနှစ်မှစ၍ သမ္မတ အိမ်တော်ဝန်ထမ်းအကြီးအကဲအဖြစ် အမှုထမ်းရွက်ခဲ့သည်။ ၁၇ နှစ် သက်တမ်းရှိ ဗရာင်းနိုင်ငံ စစ်အစိုးရကို နောက်ကွယ်မှ ကြိုးဆွဲနေခဲ့သူအဖြစ် လူသိများသော ဗိုလ်ချုပ်ကြီး ဂိုလ်ဘယ်ရီမှာ နိုင်ငံရေးလွတ်လပ်ခွင့် တဖြည်းဖြည်းပေးအပ်ရေး မူဝါဒကို စတင်ရေးဆွဲ အကြံပေးခဲ့သူ ဖြစ်သည်။

၁၉၇၁ ခုနှစ်အတွင်းတွင် ဗရာင်းနိုင်ငံ၌ စီးပွားရေးကယ်ဆိုက်မှုကြောင့် ကျေးလက်ပြဿနာများ အဓမ္မသိမ်းပိုက်ခြင်း၊ အစာရေစာငတ်မွတ်နေကြသော အရှေ့မြောက်ပိုင်း တောင်သူလယ်သမားများက အစိုးရရိုက်ခွဲ ဂိုဒေါင်များကို ဖောက်ထွင်းလုယက်ကြခြင်း စသည့်အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။ ဩဂုတ်လတွင် ဘတ်စကားခများ ရုတ်တရက် တိုးမြှင့် လိုက်ခြင်းကြောင့် ဆေဗာဒိုနှင့် မန်နပ် မြို့များတွင် ကားများကို မီးရှို့ ဆန္ဒပြခဲ့ကြရာ ဆေဗာဒိုတမြို့တည်း၌ပင် ဘတ်စကားအစင်းပေါင်း ၁၄၉ စင်း ပျက်စီးခဲ့သည်။

ဒီဇင်ဘာလ ၃ ရက်နေ့တွင် သမ္မတဖိဂ်ရီဒိုသည် အထူးလွှတ်တော် အစည်းအဝေးတရပ် ခေါ်ယူခဲ့သည်။ ယင်းသို့ ခေါ်ယူရခြင်းမှာ ၁၉၇၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အမျိုးသားရွေးကောက်ပွဲများနှင့် ပတ်သက်သည့် စည်းမျဉ်း ဥပဒေများဆိုင်ရာ ဥပဒေမူကြမ်းတရပ်ကို ဆက်လက် အကောင်အထည် ဖော်နိုင်ရေးအတွက် ဖြစ်သည်။ အဆိုပါ ဥပဒေ မူကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးနိုင်ရန် ယင်းအထူးလွှတ်တော် အစည်းအဝေးကို ၁၉၇၂ ခု ဇန်နဝါရီလ ၁၅ ရက် နေ့အထိ ကျင်းပခဲ့သည်။

အဆိုပါဥပဒေမူကြမ်းကို ဆွေးနွေးရန် ဒီဇင်ဘာလ ၂ ရက်နေ့၌ ကျင်းပသော ကော်မတီ အစည်းအဝေးတွင် ဆိုရှယ်ဒီမိုကရက်ပါတီ(ပီ၊ ဒီ၊ အက်စ) က အရေးပါသော ရာထူးသုံးနေရာစလုံးကို နေရာယူလိုက်သည့်အခါ အတိုက်အခံ လွှတ်တော်အမတ်များသည် အစည်းအဝေးမှ ထွက်ခွာသွားခဲ့ကြသည်။ ပီဒီအက်စပါတီသည် အထက်နှင့်အောက် လွှတ်တော်နှစ်ရပ်စလုံးတွင် နေရာအများဆုံးရရှိထားသော ပါတီဖြစ်သည်။

ဗရက်ဒလေ, အိုမာ နယ်လဆင် (ခရစ် ၁၈၉၃–၁၉၇၁)။ ။ဒုတိယကမ္ဘာစစ် အတွင်းက အမေရိကန် သူရဲကောင်း စစ်ဗိုလ်ချုပ်ကြီးဖြစ်သည်။ ဂျော့ဒ်မာရှယ်၊ ဒေါက်ဂလပ်မက်အာသာ၊ ဟင်နရီအာနိုးနှင့် ဒွိုက်ဒီ အိုင်



အိုမာ နယ်လဆင် ဗရက်ဒလေ

ဆင်ဟောင်းဝါးတို့ကဲ့သို့ အမေရိကန်တပ်မတော်၏ အမြင့်ဆုံး အဆင့်ရှိသော ကြယ်ငါးပွင့် ဗိုလ်ချုပ်ကြီးဖြစ်သည်။ ဗရက်ဒလေကို ၁၈၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ မိုင်းရီပြည်နယ်၊ ကလပ်မြို့၌ မွေးဖွားသည်။ ဖခင်သည် ကျောင်းဆရာ၊ မိခင်သည် အပ်ချုပ်သည် ဖြစ်သည်။ ဖခင်သည် ဗရက်ဒလေ ၁၃ နှစ်သား အရွယ်တွင် ကွယ်လွန်သည်။ တက္ကသိုလ်ပညာဆက်လက်သင်ယူရန် ငွေကြေးအခက်အခဲဖြစ်နေစဉ် ဝက်စပို့ငှ် စစ်တက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားခဲ့သည်။

ဗရက်ဒလေသည် ၁၉၁၅ ခုနှစ်တွင် ဝက်စပို့ငှ် စစ်တက္ကသိုလ်မှ သိပ္ပံဘွဲ့ရပြီး ခြေလျင်တပ် ဒုတိယဗိုလ်ဖြစ်လာသည်။ ပထမကမ္ဘာစစ်ကာလတွင် အမေရိကန် အနောက်မြောက်ပိုင်း စစ်စခန်းများ၌ ဗိုလ်ကြီးအဖြစ် လည်းကောင်း၊ ယာယီ ဗိုလ်မှူးအဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်သည်။ ၁၉၁၉ ခုနှစ်တွင် ဒါကိုတာတောင်ပိုင်း ပြည်နယ်ကောလိပ်တွင် စစ်ရေးသိပ္ပံနှင့် နည်းဗျူဟာပါမောက္ခ ဖြစ်လာသည်။ ၁၉၂၀ ပြည့်နှစ်တွင် ဝက်စပို့ငှ် စစ်တက္ကသိုလ်၌ သခ်ၤာဘာသာပို့ချသည်။ ဖို့ဘင်းနင်းရှိ ခြေလျင်တပ် သင်တန်းကျောင်း၊ ဖို့လီဗင်ဝပ်ရှိ ကွပ်ကဲရေးနှင့် စစ်ဦးစီးသင်တန်းကျောင်းနှင့် ဝါရှင်တန် စစ်ကောလိပ်တို့တွင် ပိုမိုနက်နဲသော အထက်တန်း စစ်ပညာများကို ဆက်လက် လေ့လာသည်။ ထို့နောက်ဝက်စပို့ငှ် စစ်တက္ကသိုလ်တွင် နည်းဗျူဟာသင်တန်းဆရာအဖြစ်လည်းကောင်း၊ စီမံကိန်းနှင့် သင်တန်းရေးရာ အရာရှိအဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။

ဗရက်ဒလေသည် ၁၉၃၁ ခုနှစ်တွင် ဗိုလ်မှူးချုပ်ဖြစ်လာ၍ ၁၉၄၂ ခုနှစ်တွင် ဗိုလ်ချုပ်အဖြစ် အဆင့်တိုးမြှင့်ခြင်း ခံရသည်။ ၁၉၄၃ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဒွိုက်ဒိအိုင်ဆင်ဟောင်းဝါး၏ စစ်မြေပြင် ကွပ်ကဲရေးလက်ထောက်အဖြစ် ဆောင်ရွက်သည်။ အမေရိကန် အမှတ် ၂ တပ်မကြီးကို ကွပ်ကဲ၍ တျူနစ်ဇီးယား စစ်မြေပြင်တွင် တိုက်ခိုက်သည်။ ထိုစစ်မြေပြင်၏ သေဉ့ချက်ဖြစ်သော တောင်ကုန်းအမှတ် ၆၀၉ သိမ်းပွဲသည် ဂျာမန်စစ်သား နှစ်သောင်းငါးထောင်ကို လျင်မြန်စွာ လက် နက် ခဲ့ စေနိုင်စွမ်းရှိသော စစ်ရေးအစီအမံအဖြစ် သမိုင်းတွင် ထင်ရှားသည်။ ထို့အောင်ပွဲကြောင့် ဒုတိယ ဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်ခံရသည့်ပြင် စစ်မှုထမ်းကောင်းတံဆိပ် အပ်နှင်းခြင်းခံရသည်။ စစ်စလီကျွန်း စစ်မြေပြင်တွင်လည်း အောင်ပွဲရသဖြင့် စစ်ရေးဂုဏ်ထူး ဆောင်ဘွဲ့ ချီးမြှင့်ခံရပြန်သည်။

၁၉၄၄ ခုနှစ်တွင် ဥရောပ အနောက်မြောက်ပိုင်းသို့ ဝင်ရောက် တိုက်ခိုက်သည့်အခါ ဗရက်ဒလေသည် အမေရိကန် ကြည်းတပ်များ၏ တပ်မှူးကြီးအဖြစ် တာဝန်ယူသည်။ ထိုနှစ် ဇွန်လ ၆ ရက်နေ့တွင် စတင်ခဲ့သော ဥရောပသိမ်းပွဲတွင် ဗရက်ဒလေသည် စစ်သားတသန်းသုံးသိန်းပါဝင်၍ အင်အား အကြီးဆုံးဖြစ်သည့် အမှတ် ၁၂ အမေရိကန်တပ်ပေါင်းစုကို ကွပ်ကဲရ၏။ တိုက်ပွဲအစတွင် ဗြိတိသျှဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏လက်အောက်တွင် အမှုထမ်းရသော်လည်း ဩဂုတ်လ ၁၀ ရက်နေ့မှစ၍ မောင်ဂိုမာရီနှင့် အဆင့်တညီတည်းဖြစ်လာသည်။ ဗရက်ဒလေ၏ တပ်များသည် ၁၉၄၄ ခုနှစ် ဆောင်းရာသီ၌ ဆီးဖရစ်ခံတပ်စစ်ကြောင်းအထိ ပေါက်ရောက်နိုင်ခဲ့သည်။ ဂျာမနီနိုင်ငံအတွင်းသို့ ချင်းနင်းတိုက်ခိုက်ရာ ဂျာမန်တို့ လက်နက်ချခါနီးတွင် ဂျာမန်နယ်မြေ အများအပြားကို သိမ်းပိုက်မိပြီးဖြစ်သည်။ ၁၉၄၅ ခုနှစ်တွင် ဗရက်ဒလေသည် ဗိုလ်ချုပ်ကြီးအဖြစ် ခန့်ထားခြင်းခံရသည်။ ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ စစ်ပြန်ရဲဘော်များ စီမံခန့်ခွဲရေး အကြီးအကဲအဖြစ်ဆောင်ရွက်သည်။ ၁၉၄၈ ခုနှစ်တွင် ကြည်းတပ်စစ်ဦးစီးချုပ် ဖြစ်လာသည်။ ၁၉၄၉ ခုနှစ်တွင် အမေရိကန်စစ်ဦးစီးချုပ်များအဖွဲ့ အမြဲတမ်းသဘာပတိအဖြစ် အသစ်ပေါ် ပေါက်လာသော ရာထူး၌ ပထမဦးစွာ ခန့်ထားခြင်းခံရသည်။ ဤရာထူး၌ ဆောင်ရွက်စဉ် ဗရက်ဒလေသည် ကြည်းတပ် ဗိုလ်ချုပ်ကြီး ဒေါက်ဂလပ်မက်အာသာ၏ အရှေ့ဖျားဆိုင်ရာစစ်ဝါဒ ကို အပြင်းအထန် ကန့်ကွက်ရာမှ အစ မက်အာသာ စုံစမ်းစစ်ဆေးရေးကိစ္စ ပေါ် ပေါက်ခဲ့ရသည်။ ၁၉၅၁ ခုနှစ်တွင် စစ်ဦးစီးချုပ်များအဖွဲ့ အမြဲတမ်း သဘာပတိရာထူးမှ နုတ်ထွက်သည်။ လွတ်တော်ဥပဒေအရ ကြယ်ငါးပွင့် ဗိုလ်ချုပ်ကြီး တာဝန်ကိုမူ ကွယ်လွန်သည့် အချိန်အထိ ထမ်းဆောင်သွားသည်။


၁၉၅၁ ခုနှစ်တွင် ဗရက်ဒလေသည် 'စစ်သားပုံပြင်' ခေါ် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို ရေးသားထုတ်ဝေသည်။ ၁၉၅၁ ခုနှစ်တွင် ဂျော့ဝါရှင်တန်အထိမ်းအမှတ်ဆုတံဆိပ်၊ ၁၉၅၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု လွတ်လပ်ရေးဆုတံဆိပ် တို့အပြင် ပြင်သစ်၊ ဗြိတိန်၊ ရုရှစသော နိုင်ငံရပ်ခြားတို့မှ ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူးများကိုလည်း ရရှိသည်။

ဗရက်ဒလေသည် ၁၉၆၁ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် နယူးယောက်မြို့၌ နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

ဗလိင်နိုင်ငံ။ ။ဗလိင်နိုင်ငံသည် ကာရစ်ဘီယံ ပင်လယ်ကမ်းခြေအလယ်ပိုင်း အမေရိကတိုက် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီနှင့် ၁၈ ½ ဒီဂရီ အကြား အနောက်လောင်ဂျီတွဒ် ၈၇ ဒီဂရီနှင့် ၈၉ ဒီဂရီ အကြား၌ တည်ရှိသည်။

မြောက်ဘက်နှင့် အနောက်မြောက်ဘက်တွင် မက္ကဆီကိုနိုင်ငံ၊ အနောက်ဘက်နှင့်တောင်ဘက်တွင်ဂွာတီမာလာနိုင်ငံ၊ အရှေ့တောင်ဘက်တွင် ဟွန်ဒူးရပ် ပင်လယ်ကွေ့နှင့် အရှေ့ဘက်တွင် ကာရစ်ဘီယံပင်လယ်တို့ တည်ရှိသည်။

နိုင်ငံ၏ မြောက်ဘက်ကမ်းခြေအနီး၌ ကမ်းဦးရေတိမ်ပိုင်းရှိပြီး ကျွန်းငယ်ကလေးများ အမြောက်အမြားစီတန်းလျက်ရှိသည်။ ထိုကျွန်းကလေးများ၏ အတွင်းဆုံးအပိုင်း၌ မိုင် ၂၀၀ နီးပါးခန့် ရှည်လျားသော သန္ဓာကျောက်တန်းကြီးရှိသည်။ ဗလိုင်နိုင်ငံသည် အပူပိုင်းဒေသအတွင်း၌ တည်ရှိသော်လည်း ကုန်သည်လေများကြောင့် ရာသီဥတုညီညွတ်မှုတသည်။ ကမ်းခြေဒေသများတွင် အပူချိန် ၅၀ ဒီဂရီ ဖရင်းဟိုက်မှ ၉၆ ဒီဂရီ ဖရင်းဟိုက်အတွင်း ရှိသည်။ မေလမှ မတ်လအထိ မိုးရွာသွန်းသည်။ မြောက်ပိုင်းမြေနိမ့်ဒေသများတွင် မိုးနည်းပါးသဖြင့် မိုးရွာနှုန်း ၅၁ လက်မသာရှိသည်။ တောင်ပိုင်းရှိ တောင်တန်းဒေသများ၌ မိုးရွာနှုန်းများပြားသဖြင့် မိုးရွာနှုန်း လက်မ ၇၀ ကျော်ရှိသည်။



ဗလိုင် နိုင်ငံ၏ အကျယ်အဝန်း ၉၂ ရာခိုင်နှုန်းသည် သစ်တောများဖုံးလွှမ်းလျက်ရှိသည်။ မဟောဂနီ၊ စီဒါအစရှိသော အဖိုးတန်သစ်ပင်များ၊ ထင်းရှူးပင်များပေါက်လျက်ရှိသည်။

ဗလိုင်နိုင်ငံတွင် လူဖြူနှင့် နီဂရိုးကပြား ၇၀ ရာခိုင်နှုန်းနှင့် မာယာ အင်ဒီယန်း ၁၇ ရာခိုင်နှုန်းခန့်ရှိသည်။ အင်္ဂလိပ်ဘာသာစကားကို ရုံးသုံးဘာသာအဖြစ် ထားရှိပြီး စပိန်ဘာသာစကားကို ကျယ်ပြန့်စွာ ပြောဆိုသုံးနှုန်းကြသည်။

စိုက်ပျိုးရေးသည် နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းရပ်ဖြစ်သည်။ စိုက်ပျိုးရေးတွင်ကြံကို အဓိကထား၍စိုက်ပျိုးပြီး စပါးနှင့် ငှက်ပျောပင်ကို တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ အခြားလုပ်ငန်းများမှာမွေးမြူရေးလုပ်ငန်း၊ သစ်ထုတ်လုပ်ရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသည် လက်ခံသော လုပ်ငန်းများဖြစ်သည်။ နွားနို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ပျားမွေးမြူရေးမှ ရရှိသော ပျားရည်ကို ဗြိတိန်နိုင်ငံသို့ အများအပြား တင်ပို့သည်။ ရေနက် ငါးဖမ်းလုပ်ငန်းများကို ငါးဖမ်း သမဝါယမဖွဲ့စည်း၍ လုပ်ကိုင်လျက်ရှိသည်။

ဗလိုင်နိုင်ငံသည် မူလက ဗြိတိသျှ ဟွန်ဒူးရပ် ဟူ၍ အမည်တွင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဗလိုင်ဟူသော အမည်သို့ ပြောင်းလဲ ခေါ်လာသည်။ ဗလိုင်နိုင်ငံသည် ခရစ်သက္ကရာဇ် ၃၀၀ မှ ၉၀၀ အထိ ယဉ်ကျေးမှုထွန်းကားခဲ့သော မာယာအင်ပါယာ၏ အစိတ်အပိုင်း ဖြစ်သည်။ ရှေးခေတ် အသုံးအဆောင် ဟောင်းများ၊ လူနေအိမ်ခြေ အဆောက်အအုံ အပျက်အစီးများကို ဗလိုင်နိုင်ငံ ကေယိုပြည်နယ်နှင့် လူဘန်းတမ်ဒေသများ၌ တွေ့ရှိရသည်။ ထို့ကြောင့် ဗလိုင်နိုင်ငံ၏ အတွင်းပိုင်း တောတောင် ထူထပ်သောဒေသများ၌ မာယာအင်ဒီးယန်းလူမျိုးအနွယ်များသည် ယနေ့တိုင် လယ်ယာ ကိုင်းကျန်းများ လုပ်ကိုင် နေထိုင်လျက် ရှိကြသေးသည်ကိုတွေ့ရသည်ဟု သုတေသီတို့က ဆိုကြသည်။

ခရစ္စတိုဖာကိုလံဘတ်သည်ဗလိုင်နိုင်ငံကမ်းခြေသို့ ၁၅၀၂ ခုနှစ်တွင်ရောက်ခဲ့သည်။ထိုအချိန်တွင် ဗလိုင်နိုင်ငံ၏ပတ်ဝန်းကျင် ဒေသများ၌ စပိန်လူမျိုးများ အခြေချနေထိုင်လျက်ရှိကြပြီးဖြစ်သည်။ဗလိုင်နိုင်ငံ၌အဖိုးတန်သစ်ပေါများသဖြင့် ဂျမေကာကျွန်းကို အုပ်ချုပ်လျက်ရှိသော ဗြိတိသျှလူမျိုးများသည် ၁၆၆၂ ခုနှစ်မှစ၍ ဗလိုင်နိုင်ငံအတွင်း အခြေချနေထိုင်ရန် ကြိုးပမ်းလာကြသည်။ ထိုအခါ ဗြိတိသျှနှင့် စပိန်လူမျိုးတို့သည် နယ်မြေလုတိုက်ပွဲများ မကြာခဏဖြစ်ပွားခဲ့ကြသည်။

၁၈၆၂ ခုနှစ်တွင် ဗြိတိသျှကိုလိုနီအဖြစ်သို့ ရောက်ရှိခဲ့သည်။ ထိုအချိန်မှစ၍ ဗြိတိသျှတို့သည် ဗလိုင်နိုင်ငံအား ဂျမေကာကျွန်း အုပ်ချုပ်ရေး အောက်တွင် ထည့်သွင်းအုပ်ချုပ်ခဲ့သည်။ ထို့နောက် ၁၈၈၄ ခုနှစ်တွင် သီးခြားအုပ်ချုပ်သော ကိုလိုနီနိုင်ငံဖြစ်လာသည်။

ဂွာတီမာလာနိုင်ငံသည် ၁၉ ရာစုနှစ် အလယ်ပိုင်းမှစတင်၍ ဗြိတိသျှအုပ်ချုပ်ရေးအောက်သို့ ရောက်ရှိသွားသော ဗလိုင်နိုင်ငံအား မူလကမိမိပိုင်နယ်မြေဖြစ်ကြောင်း၊ စပိန်အစိုးရက မိမိတို့ပိုင်နယ်မြေကို ခွဲစိတ်၍ ဗြိတိသျှတို့ကို

အကျယ်အဝန်း။	။ ၈,၀၆၆ စတုရန်းမိုင်
လူဦးရေ။	။ ၁,၄၅,၀၀၀
မြို့တော်။	။ ဘဲလမိုပန် မြို့

ပေးအပ်ခြင်းဖြစ်ကြောင်း စသည်ဖြင့် အကြောင်းပြကာ ကန့်ကွက်ခြင်းပြုသည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ် မတ်လ ၁၅ ရက်နေ့၌ ရေးဆွဲသော ဂွာတီမာလာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဗလိ၍နိုင်ငံအား မိမိတို့ပိုင်နယ်မြေအဖြစ် ထည့်သွင်းရေးဆွဲခြင်းပြုသည်။ ထိုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့၌ပင် ဂွာတီမာလာနိုင်ငံသည် ဗလိ၍နိုင်ငံအား ပြန်လည်ရရှိရေးအတွက် တရားဝင်တောင်းဆိုမှုများကို ပြုပြန်သည်။ ထို့ကြောင့် ဗြိတိသျှအစိုးရက ဗလိ၍အရေး အခင်းကို နိုင်ငံတကာတရားရုံးသို့တင်ပြ၍ အဆုံးအဖြတ် ယူရန် ဂွာတီမာလာနိုင်ငံအား ၁၉၄၆ ခုနှစ် ဇန္နဝါရီလ ၁၄ ရက်နေ့တွင် အကြံပြုခဲ့ရာ ဂွာတီမာလာနိုင်ငံက ပယ်ချခဲ့လေသည်။ ဗလိ၍နိုင်ငံ၌ မစ္စတာကျော့ပရိုက်ခေါင်းဆောင်သော ပြည်သူ့ညီညွတ်ရေးပါတီကို ၁၉၄၉ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့သည်။ ၎င်းပါတီသည် ကိုယ်ပိုင်အုပ်ချုပ်ရေးရရန် အစဉ်တစိုက်ကြိုးပမ်းလာခဲ့သဖြင့် ပြည်သူလူထု၏ ထောက်ခံမှုကို စတင်ရခဲ့သော ပါတီဖြစ်သည်။

ဗြိတိသျှအစိုးရက ၁၉၄၆ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထုတ်ပြန်၍ ဗလိ၍နိုင်ငံအား ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးခဲ့သည်။ ထိုအခြေခံဥပဒေအရ ဝန်ကြီးများအဖွဲ့သည် ပြည်တွင်းအုပ်ချုပ်ရေး အာဏာများရရှိပြီး ဗြိတိသျှဘုရင်မက ခန့်အပ်ထားသော ဘုရင်ခံ၏ လက်ဝယ်၌ ကာကွယ်ရေး၊ ပြည်ပဆက်ဆံရေးနှင့် နိုင်ငံလုံခြုံရေးအာဏာများကို ထား ရှိသည်။ ဝန်ကြီးချုပ်သည် ပြည်သူ့ညီညွတ်ရေးပါတီ ခေါင်း ဆောင် မစ္စတာကျော့ပရိုက် ဖြစ်သည်။


၁၉၅၁ ပြည့်နှစ် နိုဝင်ဘာလ၌ ဗလိ၍နိုင်ငံကို ၁၉၅၁ ခု နှစ်တွင် လွတ်လပ်ရေးပေးရန် အဆိုကိုတညီတညွတ်တည်း ဆုံးဖြတ်ခဲ့လေသည်။ ဗလိ၍ ဗြိတိသျှအစိုးရနှင့် ဂွာတီမာလာ အစိုးရ တို့သည် ဗလိ၍နိုင်ငံနှင့် ပတ်သက်၍ ၁၉၅၁ ခုနှစ် မတ်လတွင် ဆွေးနွေး၍ သဘောတူညီမှု ရရှိခဲ့ကြသည်။

၁၉၅၁ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ဗလိ၍နိုင်ငံအား လွတ်လပ်သော အချုပ်အခြာနိုင်ငံ ဖြစ်ကြောင်း ဗြိတိသျှအစိုးရက တရားဝင်ကြေငြာပေးခဲ့သည်။ လွတ်လပ်ရေးရသောအခါ ပြည်သူ့ညီညွတ်ရေးပါတီခေါင်းဆောင် ကျော့ပရိုက်သည် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်သည်။ ဗလိ၍နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက် နာရီပိုင်းအတွင်းမှာပင် ကုလသမဂ္ဂအဖွဲ့သို့ ဝင်ခွင့်ပြုရန် လျှောက်ထားခဲ့သဖြင့် ၁၉၅၁ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ၁၅၅ ကြိမ်မြောက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ် လာသည်။ ဗလိ၍နိုင်ငံသည် ကာရစ်ဘီယံ နိုင်ငံများ၏ ဘုံစျေးအဖွဲ့တွင်လည်း ၁၉၇၄ ခုနှစ်ကစ၍ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ လေသည်။

ဗဟိုအမျိုးသားသွေးလှူဘဏ်။ ။ မြန်မာနိုင်ငံတွင် အထူးကုဆေးရုံများ၊ အထူးရောဂါကု လူနာဆောင်များ၊ တဖြည်းဖြည်း တိုးခဲ့လာသည့်အလျောက် သွေးသုံးစွဲမှုမှာ အထူးများပြားလာသည်ကို တွေ့ရပေသည်။ ဗဟို အမျိုး သားသွေးလှူဘဏ်သည် ၁၉၇၅ ခုနှစ်တွင် တနှစ်အတွင်း သွေးပုလင်း ပေါင်း ၂၂,၁၅၆ ဖြန့်ဝေခဲ့ရာမှ ၁၉၈၀ ပြည့်နှစ် တွင် သွေးပုလင်း ပေါင်း ၃၄,၈၀၆ အထိ တိုးတက်ဖြန့်ဝေခဲ့ ရသည်။

နယ်ဆေးရုံများတွင်လည်း သွေးသွင်းကုသမှုကို ပြုလုပ် လျက်ရှိသော မြို့နယ်များ တိုးတက်လျက် ရှိသည်။ နိုင်ငံတော်က စီမံချက်ချမှတ်၍ အကောင်အထည်ဖော် လျက်ရှိသော ကျေးလက်ကျန်းမာရေး စီမံကိန်း အကောင် အထည်ပေါ်လာသည်နှင့်အမျှ လူများစုရှိရာ ကျေးလက်သို့ ခေတ်မီ ဆေးဝါး ကုသမှု တိုးတက် ရောက်ရှိ ခဲ့သဖြင့် သွေးသွင်းကုသမှု သည်လည်း တိုးတက်လျက် ရှိသည်ကို တွေ့ရလေသည်။

ဗဟိုအမျိုးသား သွေးလှူဘဏ်သည် မဟာရန်ကုန် အတွင်းရှိ ဆေးရုံများသို့ လိုအပ်သော သွေးများ ဖြန့်ဝေ ရသည်ဖြစ်ရာ ဌာနသို့ သွေးလာရောက် လှူဒါန်းသော သွေးလှူရှင်နှင့် မလောက်ငအောင်ရှိသဖြင့် စက်ရုံများ၊ ကျောင်းများ၊ ရပ်ကွက်များသို့သွားရောက်ကာ သွေးလှူ ရှင်များထံမှ လှူဒါန်းသော သွေးများကို ဖောက်ယူရ




ဗဟိုအမျိုးသားသွေးလှူဘဏ်၌ အသုံးပြုလျက်ရှိသော သွေးပုလင်းများသိုလှောင်ရာ အအေးခန်း

သည်။ ဤသို့ ပြင်ပတွင် သွေးဖောက်ယူရာ၌ သွေးလှောင်ရခဲသောတွာ တပ်ဆင်ထားသော သွေးသယ်မော်တော်ယာဉ်ကို အသုံးပြုရသည်။

ဗဟိုအမျိုးသား သွေးလှူဘဏ်သည် နေ့စဉ် သွေးပုလင်းတရာကျော်ကို ဖြန့်ဝေနိုင်ရန်အတွက် သွေးပုလင်းများစွာ သိုလှောင်ထားရန် လိုအပ်လေသည်။ ယခင်က သွေးများကို သွေးလှောင် ရခဲသောတွာများ အတွင်း သိုလှောင်လေ့ ရှိ၏။ သို့ရာတွင် သွေးပုလင်း များစွာ သိုလှောင်၍ မရခြင်း၊ ကြာရှည်အသုံးပြုရာ၌ စက်များ၏ တည်တံ့မှု စိတ်မချရခြင်း စသော အခက်အခဲများကြောင့် လုဝင်နိုင်အောင် ကြိုးမား၍ စက်အင်အားကောင်းသော အအေးခန်းဖြင့် သိုလှောင်မှုကို ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် စတင်ပြုလုပ်လျက်ရှိသည်။ ဤ သိုလှောင်နည်းကို ကမ္ဘာအရပ်ရပ်ရှိ ခေတ်မီနိုင်ငံများတွင် အသုံးပြုလျက်ရှိလေသည်။

သွေးဘဏ်လုပ်ငန်း ပုံမှန်လည်ပတ်ရေးအတွက် သွေးလှူရှင်ရရှိရေးသည် အဓိက ဖြစ်သည့်အလျောက်၊ ဘဘက်တွင်လည်း သွေးလှူရှင်စည်းရုံးရေးကို အရှိန်အဟုန်မပျက် ပြုလုပ်နေရ၏။ သွေးလှူရှင်များအတွက် အကြိမ်အလိုက် ဂုဏ်ပြုပွဲများကို ဗဟိုအမျိုးသားသွေးလှူဘဏ် ကော်မတီမှ ပြုလုပ်ပေးခဲ့ပြီး အကြိမ် ၅၀ အထက် သွေးလှူရှင်ကို ကျန်းမာရေးဌာနမှပေးသော ဆုတံဆိပ်အပြင် ကော်မတီ၏ ရန်ပုံငွေကို အသုံးပြုလျက် ရွှေတံဆိပ်ပါ ပြုလုပ်ချီးမြှင့်လျက်ရှိသည်။

အကြိမ်မြောက်များစွာ သွေးလှူနိုင်ရန် သွေးလှူရှင်တဦးအဖို့၊ စေတနာရှိ၍ ရည်ရွယ်ချက် ခိုင်မာရုံနှင့်မပြီးပဲ ကျန်းမာရေးကောင်းအောင် နေထိုင်ရန် လိုအပ်သည်။ ထို့ကဲ့သို့ အကြိမ်များစွာ သွေးလှူရန်မှာ မလွယ်ကူပေ။ ထို့ကြောင့် အကြိမ် ၄၀ အထက် သွေးလှူရှင်များသည် နိုင်ငံတော်အစိုးရမှ "လူမှုထူးချွန်ဆု တတိယဆင့်" ဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ခြင်းကို ခံကြရလေသည်။



၁၉၇၁ ခုနှစ် မေလအတွင်းမှာပင် ဂါဆီယာ အစိုးရအစား အရပ်သားနှင့်စစ်ဘက်ညွှန်ပေါင်း ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးရန် တောင်းဆိုသော ဖာလန်ဂီ ဆိုရှယ်လစ်တာလက်ယာပါတီ ခေါင်းဆောင်၏ လက်နက်ကိုင် ပုန်ကန်မှုနှင့် ဂါဆီယာနှင့် စစ်ဦးစီးများ နုတ်ထွက်ပေးရန် တောင်းဆိုသော တပ်တွင်းပုန်ကန်မှုတို့ ဖြစ်ပွားခဲ့သည်။ ထိုအခါ ဂါဆီယာမီဇာက တပ်မတော် စစ်ဦးစီးချုပ်အဖြစ်မှ နုတ်ထွက်တော့မည့်အပြင် ဗိုလ်စဗီးယား လွတ်လပ်ရေးနေ့ဖြစ်သော ဩဂုတ်လ ၆ ရက်နေ့တွင် သမ္မတ အာဏာကိုလည်း လွှဲပြောင်းပေးတော့မည်ဟု မေလအတွင်း ကြေငြာခဲ့သည်။ ထိုသို့ ကြေငြာချိန်အထိ နိုင်ငံခြား တိုင်းပြည် ၂၀ ကသာ ဂါဆီယာအစိုးရကို အသိအမှတ် ပြုပြီးသေးသည်။

ဇွန်လတွင် ဗိုလ်ချုပ်ကြီး လူစီယို အန်နက် ရီဗာရိုနှင့် ဗိုလ်ချုပ်ကြီး ဟမ်ဘာတို ကာဂျိုယာတို့ ဦးဆောင်ပြီး အာဏာသိမ်းရန် ကြိုးပမ်းခဲ့ရာ မအောင်မြင်ခဲ့။ တဖန် ၁၉၇၁ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး လူစီယို အန် နက် ရီ ဗာ ရို နှင့် ဗို လ် စီး ယား သ မ္မ တ ဟောင်း ဗိုလ်ချုပ်ကြီး အယ်ဘာတို ဘုရှတ်တို့သည် ဆန်တာကရုဇ်ကို အခိုင်အမာပြု၍ တော်လှန် ပုန်ကန်ခဲ့ကြပြီး သမ္မတ ဗိုလ်ချုပ်ကြီး ဂါဆီယာမီဇာ နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။

ဗိုလ်စဗီးယား အစိုးရသည် ဗိုလ်ချုပ်ကြီး အိန်ဂျယ် မာရစ်ကယ် ဦးဆောင်သည့် အပွဲဝင် သုံးဦး ပါဝင်သော

ဗိုလ်စဗီးယားနိုင်ငံ။ ။ဗိုလ်စဗီးယားနိုင်ငံတွင် ၁၈၂၅ ခုနှစ် လွတ်လပ်ရေး ရရှိနှစ်မှစ၍ ၁၈၉ ကြိမ်တိုင် အစိုးရအပွဲ အပြောင်းအလဲ ဖြစ်လာခဲ့ရာ ၁၉၈၁ ပြည့်နှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး လူဝီ ဂါဆီယာ မီဇာသည် အမျိုးသမီးသမ္မတ မစွက်လိုင်ဒီယာဂိုလာ အစိုးရကို ဖြုတ်ချ၍ အာဏာသိမ်းကာ သမ္မတ ဖြစ်လာသည်။ ၁၉၇၇ ခုနှစ်မှစ၍ ပွဲစည်းပုံ အခြေခံဥပဒေအရ ပွဲစည်းထားသော အစိုးရကို ဖြုတ်ချကာ အလုပ်သမား သမဂ္ဂများ၊ နိုင်ငံရေးပါတီများကို ဖျက်သိမ်းပြီး ဖမ်းဆီးခံ နိုင်ငံရေး ခေါင်းဆောင်များကို ပြည်နှင်ဒဏ် ပေးခဲ့သည်။

အကျယ်အဝန်း။	။၄,၂၄,၁၆၂ စတုရန်းမိုင်
လူဦးရေ။	။၅၆,၀၀,၀၀၀
မြို့တော်များ။	။ဆူကရီမြို့၊ လာပက်မြို့

စေ့စပ်ညှိနှိုင်းရေးအဖွဲ့ကို ဆန်တာကရုဇ်မြို့သို့ စေလွှတ်၍ သူပုန်ခေါင်းဆောင်များနှင့် ညှိနှိုင်းစေခဲ့၏။ သူပုန်များ လက်နက်ချလျှင် သမ္မတ ဂါဆီယာမီဇာ ရာထူးမှ နုတ်ထွက်ပေးမည်ဟု ကတိပြုခဲ့ကြသည်။ သူပုန် ခေါင်းဆောင်များကမူ သမ္မတ ဂါဆီယာမီဇာရာထူးမှ ချက်ချင်း နုတ်ထွက်ပေးရေးကို တောင်းဆိုခဲ့ကြသည်။ ထိုသို့ တောင်းဆိုမှုကို ဗိုလ်စိုးယား အမျိုးသား တပ်မတော်ကြီး ရှစ်ခုအနက် ခုနစ်ခုတို့က ထောက်ခံကြသည်။

သြဂုတ်လ ၅ ရက်နေ့၌ ရေတပ် စစ်ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး အော့စကာပန်မို၊ လေတပ် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဝါလ်ဒိုဘာနဲလ် ပီရေရာ တို့က သူပုန်များကို ထောက်ခံကြောင်း ကြေငြာခဲ့ကြသည်။ ကြည်းတပ် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တော်ရီလီယိုဗီလာကမူ သဘောထား ထုတ်ဖော်ပြောကြားခြင်း မပြုခဲ့ချေ။ ထို့ကြောင့် သမ္မတ ဂါဆီယာမီဇာသည် နိုင်ငံတော် အာဏာကို ကြည်း၊ ရေ၊ လေ စစ်ဦးစီးချုပ် သုံးဦးပါဝင်သည့် အုပ်ချုပ်မှုကောင်စီသို့ လွှဲအပ်၍ ရာထူးမှ နုတ်ထွက်သွားသည်။

ဤတွင် ဗိုလ်စိုးယား အုပ်ချုပ်မှုကောင်စီက ပုန်ကန်မှုများ အဆုံးသတ်ရန် တောင်းဆိုပြီး မလိုက်နာပါက သူပုန်ခေါင်းဆောင်များရှိရာ ဆန်တာကရုဇ်မြို့သို့ အစိုးရတပ်ဖွဲ့များ စေလွှတ်ပြီး ချေမှုန်းမည်ဟု ကြေငြာခဲ့၏။ သူပုန်ခေါင်းဆောင်များကလည်း အုပ်ချုပ်မှုကောင်စီ ဖွဲ့စည်းခြင်းကို သဘောမကျကြောင်းနှင့် အုပ်ချုပ်မှုကောင်စီ၏ အာဏာကို အသိအမှတ်မပြုကြောင်း ကြေငြာသည်။ ထို့ပြင် သူပုန် ခေါင်းဆောင်များက သမ္မတ ဂါဆီယာမီဇာ ဖွဲ့စည်းခဲ့သည့် စစ်တပိုင်း တပ်ဖွဲ့များ ဖျက်သိမ်းပေးရန်၊ ယခု ပုန်ကန်မှု အပါအဝင် သမ္မတဂါဆီယာမီဇာ ဦးဆောင်သည့် အစိုးရကို ဆန့်ကျင်ပုန်ကန်မှုများ၌ ပါဝင်ခဲ့သူ အားလုံးကို အပြစ်မှ ခွင့်လွှတ်ရန်နှင့် မူးယစ်ဆေးဝါး ကုန်သွယ်မှု အားလုံး အဆုံးသတ်ပစ်ရန် ထပ်ဆင့် တောင်းဆိုခဲ့ကြသည်။

သြဂုတ်လ ၇ ရက်နေ့တွင် ဗိုလ်စိုးယား အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်များသည် သူပုန်ခေါင်းဆောင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး အယ်ဘာတိုဘုရှ၊ ဗိုလ်ချုပ်ကြီး လူစီယို အန်နက်ရီဗာရို တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တဖန် သြဂုတ်လ ဂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ဘုရှန့်နှင့် အုပ်ချုပ်မှုကောင်စီ ခေါင်းဆောင် လေတပ်ဗိုလ်ချုပ်ကြီး ဝါလ်ဒိုဘာနဲလ်ပီရေရာတို့ နှစ်ဦးချင်း တွေ့ဆုံလျက် သဘောတူညီချက်တခုကို ချမှတ်နိုင်ခဲ့သည်။ ထိုသဘောတူညီချက်မှာ ကြားကာလ အစိုးရအဖွဲ့တရပ်ဖွဲ့စည်းမည်၊ သမ္မတရွေးကောက်ပွဲ ကျင်းပရန် စစ်အရာရှိကြီးများ အစည်းအဝေးတရပ် ကျင်းပမည်၊ စစ်တပိုင်းတပ်ဖွဲ့များနှင့် အထူးလုံခြုံရေး တပ်ဖွဲ့များကို ဖျက်သိမ်းပေးမည် စသည်တို့ ဖြစ်သည်။


ဤသို့ဖြင့် သြဂုတ်လ ၁၃ ရက်နေ့တွင် အဖွဲ့ဝင် ဝန်ကြီး ၁၈ ဦးပါဝင်သည့် ဗိုလ်စိုးယား အစိုးရသစ်ကို ဖွဲ့စည်းသည်။ သို့သော် နိုင်ငံအချုပ်အခြာအာဏာကို လေတပ် ဗိုလ်ချုပ်ကြီး ဝါလ်ဒိုဘာနဲလ်ပီရေရာ ဦးဆောင်သည့် အဖွဲ့ဝင် သုံးဦးပါ အုပ်ချုပ်မှုကောင်စီ၏ လက်တွင်သာ ထားရှိသည်။

ထို့နောက် ဗိုလ်စိုးယား ကြည်း၊ ရေ၊ လေ တပ်တို့မှ တပ်မှူးများက ၃၆ နာရီကျော်ကြာ အပြန်အလှန် ညှိနှိုင်းဆွေးနွေးပြီး စက်တင်ဘာလ ၄ ရက်နေ့တွင် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စဲဆို တော်ရီလီယို ဗီလာအား ဗိုလ်စိုးယား နိုင်ငံ သမ္မတအဖြစ် တရားဝင် ကြေငြာလိုက်သည်။ သမ္မတသစ် ဗိုလ်ချုပ်ကြီး တော်ရီလီယို ဗီလာသည် အစိုးရအဖွဲ့ဝင် ၁၁ ဦးအပါအဝင် ကက်ဘိနက်အဖွဲ့သစ်ကို စက်တင်ဘာလ ၅ ရက်နေ့၌ ဖွဲ့စည်းခဲ့သည်။

ဗိုလ်စိုးယားနိုင်ငံတွင် နိုင်ငံရေး မတည်ငြိမ်သည်နှင့် အမျှ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာလည်း ကျဆင်းနေသည်။ ၁၉၈၀ ပြည့်နှစ် အမျိုးသား အသားတင်ထုတ်လုပ်မှုတန်ဖိုးသည် ဒသမရှစ်ရာခိုင်နှုန်းသာ တိုးတက်ပြီး ငါးနှစ်အတွင်း အနိမ့်ဆုံးဖြစ်သည့်ပြင် ၁၉၈၁ ခုနှစ် မေလအထိ နိုင်ငံခြားချေးငွေ အမေရိကန် ဒေါ်လာ သန်းပေါင်း ၃,၇၀၀ တင် ရှိနေသည်။ နှစ် ၃၀ အတွင်း စီးပွားရေး အကျပ်အတည်းသည် ၁၉၈၁ ခုနှစ်တွင် အဆိုးရွားဆုံး ဖြစ်ခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ။ ။ဗင်နီဇွဲလားသမ္မတ လူးဝစ်ဟာရီ ရာကင်ပင်သည် မိမိ၏ အစိုးရအဖွဲ့ကို ၁၉၈၁ ခုနှစ် ဇန်နဝါရီ လ ၁၈ ရက်နေ့တွင် ပြန်လည် ဖွဲ့စည်းခဲ့သည်။ ဖေဖွဝါရီ လလယ်တွင် ကျင်းပခဲ့သော အတိုက်အခံ ဒီမိုကရက်တစ် အက်ရှင်း (အေဒီ) ပါတီ၏ ပါတီညီလာခံတွင် အထက်လွှတ်တော်အမတ် ဂျိမ်းလူစင်ချီအား ပါတီ အထွေထွေ အတွင်းရေးမှူးအဖြစ် ရွေးချယ် တင်မြှောက်ခဲ့သည်။

ဧပြီလ ၂ ရက်မှ ၃ ရက်နေ့အထိ ဂူယာနာနိုင်ငံ သမ္မတ မစ္စတာ ဘန်ဟမ်သည် ဗင်နီဇွဲလားနိုင်ငံသို့ တရားဝင်လာရောက် လည်ပတ်ခဲ့ပြီး ဗင်နီဇွဲလားသမ္မတ မစ္စတာကင်ပင်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ဂူယာနာနိုင်ငံပိုင် နယ်နိမိတ်ထဲမှ အက်ဆီကွိုကိုမြစ် အနောက်ပိုင်းရှိ နယ်မြေရှစ်ပုံငါးပုံကို ဗင်နီဇွဲလားနိုင်ငံက မိမိတို့ပိုင်နယ်မြေဟူ၍ တောင်းဆိုမှုနှင့် ကာရစ်ဘီယံနိုင်ငံများအတွက် မကွေ့ဆီကိုနိုင်ငံနှင့် ဗင်နီဇွဲလားနှစ်နိုင်ငံ ဖက်စပ်ပူးပေါင်း၍ ရေနံဖြန်ဖြူးရေး အစီအစဉ်တွင် ဂူယာနာနိုင်ငံ ပါဝင်ခွင့်ရရှိရေး စသည့် အဓိကပြဿနာများကို



ဆောင်ခြင်း ဖြစ်သည်။ ဆန်ဟိုဆေးစာချုပ်ဖြင့် အထူး အခွင့်အရေးရရှိကြသည့် နိုင်ငံများမှာ ဗာဗေးဒိုး၊ ကော့စတာရီကာ၊ ဒိုမေနီကန်၊ အယ်ဆာဗေဒို၊ ဂွာတီမာလာ၊ ဟွန်ဒူးရပ်၊ ဂျမေကာ၊ နီကာရာဂွာနှင့် ပနားမား နိုင်ငံတို့ ဖြစ်သည်။

လက်တင်အမေရိကနိုင်ငံများ ရေနံထုတ်လုပ်မှု၏ ရာခိုင်နှုန်း ၄၀ ကျော်ထုတ်နေသော မင်နီဇွဲလား နိုင်ငံသည် ကမ္ဘာပေါ်တွင် ပဉ္စမ အများဆုံး ရေနံတင်ပို့သော နိုင်ငံဖြစ်ပြီး ၁၉၁၀ ပြည့်လွန် နှစ်များအတွင်း ချမ်းသာကြွယ်ဝသော နိုင်ငံဖြစ်လာမည်ဟု ခန့်မှန်း ထားသည်။ နိုင်ငံသားတဦးချင်း ဝင်ငွေမှာ ဒေါ်လာ ၃,၁၀၀ (၁၉၁၀ ပြည့်နှစ်) ဖြစ်လာရာ လက်တင် အမေရိကနိုင်ငံများတွင် အများဆုံးဖြစ်သည်။

ဇွန်လ ၁၁ ရက်နေ့တွင် မင်နီဇွဲလားနိုင်ငံ၏ ရေနံစိမ်း စျေးနှုန်းကိုမပြောင်းလဲခဲ့သော်လည်း ပို့ကုန်ဖြစ်သည့် အည့်

အကျယ်အဝန်း။	။၃,၅၂,၁၄၃ စတုရန်းမိုင်
လူဦးရေ။	။၁,၄၅,၂၉,၀၀၀
မြို့တော်။	။ကာရာကတ်မြို့

စားရေနံ၏ စျေးနှုန်းကိုမူ တစည်လျှင် ၂ ဒသမ ၂၅ ဒေါ်လာနှင့် ၃ ဒသမ ၇၅ ဒေါ်လာအကြား စျေးနှုန်း လျှော့ချခဲ့သည်။ ရေနံသတင်းထောက်လှမ်းမှု အပတ်စဉ် စာစောင်၏ ဩဂုတ်လခန့်မှန်းခြေစာရင်းအရ မင်နီဇွဲလား နိုင်ငံ၏ ရေနံထွက်ရှိမှု နှုန်းမှာ ၁၉၁၀ ပြည့်နှစ်ကထက် လျော့နည်း လာခဲ့သည်ကို တွေ့ရသည်။ ၁၉၁၀ ပြည့်နှစ်က နေ့စဉ် ရေနံစည်ပေါင်း ၂ ဒသမ ၂၄ သန်းထွက်ရှိခဲ့သော်လည်း ၁၉၁၁ ခုနှစ် ဩဂုတ်လစာရင်းအရ ရေနံစည်ပေါင်း ၁ ဒသမ ၉၆ သန်းသာ ထွက်ရှိခဲ့သည်။

၁၉၁၁ ခုနှစ် ဇွန်လအတွင်းတွင် တပ်မတော်ထိပ်တန်း ရာထူးများ ပြောင်းလဲခန့်ထားခဲ့ပြီး ၁၉၁၁ ခုနှစ် နှစ်လယ် ပိုင်းတွင် မင်နီဇွဲလားနိုင်ငံ၏အစိုးရအဖွဲ့အတွင်း အပြောင်း အလဲများ ပြုလုပ်ခဲ့သည်။ ကာကွယ်ရေး ဝန်ကြီးဌာန၊ တရားရေး ဝန်ကြီးဌာနများတွင် ဝန်ကြီးသစ်များအပြင် မင်နီဇွဲလား အရင်းအနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့်မင်နီဇွဲလား ဗဟိုဘဏ် ဥက္ကဋ္ဌများကိုလည်း ပြောင်းလဲခန့်အပ်သည်။

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ။ ။ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ်ကိုက်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၏ အတည်ပြုပြဋ္ဌာန်းချက်များနှင့် ဆုံးဖြတ်ချက်ကို အောက်ပါအတိုင်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။



နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၂) က အဓမ္မဝါဒ ဆုံးဖြတ်ချက်ကို ဖတ်ကြားကြေငြာနေစဉ်

ရွေးချယ်တင်မြှောက်ခြင်းများ

မြန်မာနိုင်ငံတော် တဝန်းလုံးတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းပေါင်း ၄,၀၅,၆၀၇ ကျောင်းရှိ၍ ရဟန်းတော်ပေါင်း ၁,၂၀,၅၉၁ ပါးနှင့် ရှင်သာမဏေပေါင်း ၁,၅၄,၂၂၅ ပါး ရှိသည်။ ဂိုဏ်းအားဖြင့် သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်း၊ ဓမ္မာနုဓမ္မ(မဟာဒွါရ) နိကာယ၊ ဓမ္မဝိနယာနုလောမ (မူလဒွါရ)နိကာယ၊ အနောက်ချောင်းဒွါရဂိုဏ်း၊ ဝေဠုဝန် နိကာယဂိုဏ်း၊ စတုဘူမိက မဟာသတိပဋ္ဌာန် (ငှက်တွင်း)ဂိုဏ်း၊ ဂဏဝိမုတ် (ကူးတို့) ဂိုဏ်း၊ ဓမ္မယုတ္တိ နိကာယ (မဟာရင်) ဂိုဏ်းဟူ၍ သံဃာ့ဂိုဏ်းကြီး ကိုးဂိုဏ်း ရှိသည်။

သုဓမ္မာဂိုဏ်းမှတပါး ကျန်သောသံဃာ့ဂိုဏ်းရှစ်ဂိုဏ်းမှ ဝိနည်းဓိုရ်ဆရာတော်များ၊ သံဃာ့ဝန်ဆောင်ဆရာတော်များနှင့် သံဃနာယကဆရာတော်များကို သက်ဆိုင်ရာဂိုဏ်းဗဟိုဌာနက ဦးစီးညှိနှိုင်း၍ သက်ဆိုင်ရာဂိုဏ်းဝင်သံဃာတော်များ အစည်းအဝေးကျင်းပကာ သံဃဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

သုဓမ္မာဂိုဏ်းမှာမူ ရဟန်းသံဃာတော်ပေါင်း တသိန်းကျော်ရှိသဖြင့် သက်ဆိုင်ရာ ရပ်ကွက် ကျေးရွာအုပ်စု အလိုက်၊ မြို့နယ်အလိုက်၊ ရဟန်းသံဃာကုန် စည်းဝေးတော်မူကြ၍ ရပ်ကွက် ကျေးရွာအုပ်စု သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များ၊ မြို့နယ်သံဃာ့ဝန်ဆောင်ဆရာတော်များ၊ ပြည်နယ် တိုင်းသံဃာ့ဝန်ဆောင်ဆရာတော်များကို သံဃဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

မြို့နယ်သံဃနာယကဆရာတော်များကိုမူ သက်ဆိုင်ရာ မြို့နယ်သံဃာ့ ဝန်ဆောင်ဆရာတော်များ အစည်းအဝေးက ရွေးချယ်တင်မြှောက်ခဲ့သည်။ အလားတူပင် ပြည်နယ်တိုင်း သံဃနာယကဆရာတော်များကို သက်ဆိုင်ရာ ပြည်နယ် တိုင်း သံဃာ့ဝန်ဆောင်ဆရာတော်များ အစည်းအဝေးက ရွေးချယ်တင်မြှောက်ခဲ့သည်။

တပြည်လုံးတွင် သံဃာ့ဂိုဏ်းဂိုဏ်းမှ ဝိနည်းဓိုရ်ဆရာတော်စုစုပေါင်း ၅,၇၃၁ပါးကိုရွေးချယ်တင်မြှောက်ခဲ့သည်။ ရပ်ကွက် ကျေးရွာအုပ်စု သံဃနာယကဆရာတော်၃၄,၀၇၂ ပါးကို ရွေးချယ် တင်မြှောက်ခဲ့၍ ရပ်ကွက် ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ပေါင်း ၃,၇၇၇ ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ မြို့နယ်သံဃာ့ဝန်ဆောင်ဆရာတော် ၁၉,၀၅၆ ပါးနှင့် မြို့နယ် သံဃနာယကဆရာတော် ၃,၆၆၂ ပါးကို ရွေးချယ်တင်မြှောက်ခဲ့၍ မြို့နယ်သံဃနာယကအဖွဲ့ပေါင်း ၄၉၉ ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ပြည်နယ်တိုင်း သံဃာ့ဝန်ဆောင်ဆရာတော် ၁၀,၀၉၈ ပါးနှင့် ပြည်နယ်တိုင်း သံဃနာယကဆရာတော် ၂၈၇ ပါး တင်မြှောက်ခဲ့၍ ပြည်နယ် တိုင်း သံဃနာယက အဖွဲ့ပေါင်း ၃၉ ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

သာသနာဝင်မှတ်တမ်းဆက်ကပ်ခြင်း

ရှင်သာမဏေ ၈၆,၃၉၅ ပါးနှင့် ရဟန်းတော်ပေါင်း ၁,၀၆,၉၇၃ ပါးတို့အား သာသနာဝင်မှတ်တမ်းများ ဆက်ကပ်ပြီးဖြစ်သည်။

ဓမ္မ အဓမ္မ စိစစ်ဆုံးဖြတ်ခြင်း

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော်တွင် နှစ်ပေါင်းများစွာ ဖြစ်ပေါ်နေခဲ့သော အယူဝါဒရေးရာ အငြင်းပွားမှု များကို စစ်ဆေး ဆုံးဖြတ် ရန်အတွက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များပါဝင်သည့် နိုင်ငံတော် သီးခြား

ဝိနည်းဓိုရ်အဖွဲ့များကိုဖွဲ့စည်းပေးခဲ့သည်။ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁)သည် ကျောက်သင်္ဘောအယူဝါဒကိုစိစစ်သုံးသပ်ရာ ထေရဝါဒပိဋကတော်နှင့်မညီသည်ကိုတွေ့ရှိရသဖြင့် အဓမ္မဝါဒဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ အလားတူပင် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ် (၂)သည် လူသေလူဖြစ် ဦးဥက္ကဋ္ဌဝါဒ၊ သမ္မာဒိဋ္ဌိ သုတေသနဝါဒ၊ ရွှေအာဘိဓမ္မာဝါဒ တို့ကို စိစစ် သုံးသပ်ကြရာ ထေရဝါဒ ပိဋကတော်နှင့်မညီသည်ကိုတွေ့ရှိရ၍ အဓမ္မဝါဒဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းဝိနိစ္ဆယ ဆုံးဖြတ်ချက်များအရ အယူဝါဒများနှင့် စပ်ဆိုင်သည့် စာအုပ်စာတမ်းများ၊ အသံသင်းကြိုးခွေများ၊ အမည်ဆိုင်းဘုတ်များအား လုံးကို ဖျက်သိမ်းစေ၍ ထိုအယူဝါဒများကို ဟောပြောခြင်းမပြုလုပ်ရန်လည်း ပိတ်ပင်တားမြစ်မှုများကို ဆောင်ရွက်ခဲ့လေသည်။

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၃) ကလည်း ကြောင်ပန်းတောရဝါဒကို စိစစ်သုံးသပ်၍ ထေရဝါဒပိဋကတော်နှင့်ကိုက်ညီသည့် အချို့သော အယူဝါဒကို မမှဝါဒ၊ မကိုက်ညီသည့် အချို့သော အယူဝါဒကို အဓမ္မဝါဒအဖြစ် ခွဲခြားဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ ထေရဝါဒ ပိဋကတော်နှင့် မညီသည့် အယူဝါဒများကို စွန့်လွှတ်စေ၍ ညီသည့် အယူဝါဒများကိုမူ ဆက်လက် ဟောပြောခွင့်ပြုခဲ့သည်။

ဝိနိစ္ဆယဆိုင်ရာလုပ်ငန်းများ

ပါဠာဇီကအာပတ်ဖြင့်စပ်စွဲမှု ဝိဝါဒါဓိကရဏ်းမှုခင်း ၂၀ ကို ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ပြေလှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သံဃဝိနိစ္ဆယအဖွဲ့များဖွဲ့စည်း၍ စစ်ဆေးဆုံးဖြတ်ခဲ့သည်။

ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ဖြစ်ပွားသည့် ဝိဝါဒါဓိကရဏ်းမှုခင်းပေါင်း ၁၁၈ မှအနက် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးနေဆဲအမှုပေါင်း ၉၇ မှုရှိ၍ ဆုံးဖြတ်ပြီးစီး၍ ဆုံးဖြတ်ချက်အတိုင်း လိုက်နာအောင် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီသို့လွှဲပြောင်းပေးခဲ့သော အမှုပေါင်း ၂၁ မှုရှိသည်။


သာသနာတော်သန့်ရှင်းစင်ကြယ်ရေး ဆောင်ရွက်ချက်များ

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်အရ သီလမစင်ကြယ် အပျိုက်ပမာဖြစ်နေကြသည့် ရဟန်းတု ရဟန်းယောင်များကို စုံစမ်းဖော်ထုတ်အရေးယူခဲ့ရာ ရဟန်းတုရဟန်းယောင် ၃၀၀ ကျော်တို့သည် သက်ဆိုင်ရာမြို့နယ် သံဃနာယကအဖွဲ့များ၏ ရှေ့မှောက်၌ မိမိတို့၏အပြစ်များကို ဖွင့်ဟဝန်ခံကြပြီး ဗရိသုန္ဒပြုလူဝတ်လဲခဲ့ကြသည်။ ရဟန်းတော်များနေထိုင်ရာ ကျောင်းတိုက်အတွင်းမှ အမြဲနေ လူပုဂ္ဂိုလ်များ ဖယ်ရှားပေးရန်ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်မှ လူဦးရေ ၁,၃၆၉ ယောက်၊ အိမ်ထောင်စု ၃၃၆ စု၊ ဗဟန်းမြို့နယ် ဗောဓိကုန်းကျောင်းတိုက်မှ လူဦးရေ ၁၆၂ ယောက်၊ အိမ်ထောင်စု ၃၇ စုတို့ကို မြို့သစ်များသို့ စနစ်တကျ ရွှေ့ပြောင်းပေးခဲ့သည်။


ပညာရေးဆောင်ရွက်ချက်များ

ပါဠိပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲများကို ပြုပြင်ကျင်းပသွားရန်အတွက် ပရိယတ္တိပညာရေးစီမံကိန်းကို ရေးဆွဲလျက်ရှိသည်။ ထိုစီမံချက်အရ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများ ကျင်းပရန်နှင့် ကျောင်းထိုင်ဘုန်းကြီးများကို အရည်အချင်းမြှင့်တင်ရန်အတွက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းကိုပါ ဖွင့်လှစ်ရန် စီစဉ်လျက်ရှိလေသည်။

ဖြိုတိန်နိုင်ငံ။ ။ဖြိုတိန်နိုင်ငံသည် စီးပွားရေး အကျပ်အတည်းများ၊ ပြည်တွင်းရေး အခက်အခဲများနှင့် ရင်ဆိုင်နေရသောကြောင့် ဝန်ကြီးချုပ် မာဂရက်သက်ချာ ခေါင်းဆောင်သော ကွန်ဆာဗေးတစ် အစိုးရသည် စီးပွားရေးဆိုင်ရာ မူဝါဒများ ချမှတ်၍အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



အကျယ်အဝန်း။	။၉၄,၂၂၃ စတုရန်းမိုင်
လူဦးရေ။	။၅,၅၉,၂၅,၂၀၀
မြို့တော်။	။လန်ဒန်မြို့



ဗြိတိန်အိမ်ရှေမင်းသား ဝေလမ်္ဘီစား ချားလ်မင်းသားနှင့် လေဒီဒိုင်ယာနာတို့၏ လက်ထပ်မင်္ဂလာသဘင်အပြီးတွေ့ရပုံ

အလုပ်လက်မဲ့ဦးရေသည် တိုးတက်မြဲတိုးတက်လျက်ရှိသည်။ ၁၉၈၁ ခု ဖေဖွဝါရီလကုန်ပိုင်းတွင် အလုပ်လက်မဲ့ဦးရေ စုစုပေါင်း ၂၅,၁၇,၉၅၈ ဦး ရှိလာရာ အလုပ်လုပ်ကိုင်နိုင်သူဦးရေ၏ ၁၀ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ယင်းအနက် လူငယ် အလုပ်လက်မဲ့ဦးရေမှာ ၇၅ ရာခိုင်နှုန်းရှိကြောင်း အလုပ်အကိုင် ရှာဖွေရေးဌာနက ကြေငြာသည်။ တနှစ်အတွင်း အလုပ်လက်မဲ့ဦးရေ ၆၂ ရာခိုင်နှုန်းထိ တိုးလာသဖြင့် အခြေအနေအဆိုးရွားဆုံး ဖြစ်လာသည်။ ဗြိတိသျှအစိုးရက ထိုအလုပ်လက်မဲ့ပြဿနာ ပြေလည်စေရန် ပေါင်စတာလင် သန်းပေါင်း ၄,၆၀၀ အထိ သုံးစွဲခဲ့သည်။

လူနေမှုစရိတ် မြင့်တက်နေမှု၊ ငွေဖောင်းပွမှုနှုန်း မြင့်တက်နေမှုစသည့် စီးပွားရေးအကျပ်အတည်းကိုအကြောင်းပြု၍ လုပ်ခလစာတိုးမြှင့်ပေးရန် အလုပ်သမားနှစ်သိန်းခန့်က ဆန္ဒပြ တောင်းဆိုကြသည်။ လုပ်ငန်းပေါင်းစုံမှ အလုပ်သမားများ၊အထူးသဖြင့် သံမဏိထုတ်လုပ်ရေးအလုပ်သမားများစွာတို့က လုပ်ခလစာ တိုးမြှင့်ပေးရန် ဆန္ဒပြတောင်းဆိုမှုသည် ဗြိတိသျှသမိုင်းတွင် နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ အလုပ်သမားများ၏ ဆန္ဒပြ တောင်းဆိုမှုသည် ၁၉၇၄ ခုနှစ်က အက်ဒွပ်ဟီဦးဆောင်သော ကွန်ဆာဗေးတစ်အစိုးရ လက်ထက်၌ တွေ့ကြုံ ရင်ဆိုင်လာခဲ့ရသကဲ့သို့ ယခု မာဂရက်သက်ချာ ဦးဆောင်သော ကွန်ဆာဗေးတစ် အစိုးရလည်း ရင်ဆိုင်ရပြန်သည်။

လူမှုရေး၊စီးပွားရေး၊နိုင်ငံရေးပြဿနာရပ်များ ပြေလည်စေရန်အတွက် ဝန်ကြီးချုပ် မာဂရက်သက်ချာသည် အစိုးရအဖွဲဝင် ဝန်ကြီးများအပြောင်းအလဲကို ပထမဆုံး အကြိမ်အဖြစ် ၁၉၈၁ ခုနှစ် ဇန္နဝါရီလတွင် ပြုလုပ်ခဲ့သည်။ ဝန်ကြီးအဖွဲ့ အပြောင်းအလဲတွင် ကာကွယ်ရေးဝန်ကြီး ဖရန်စစ်ပင်းအား အောက်လ်တတ်တော် ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင်အဖြစ် လည်းကောင်း၊ ကုန်သွယ်ရေးဝန်ကြီး ဂျွန် နော့အား ကာကွယ်ရေးဝန်ကြီး အဖြစ်လည်းကောင်း၊ ဂျွန် ဘစ်တွန်အား ကုန်သွယ်ရေးဝန်ကြီး အဖြစ်လည်းကောင်း ပြောင်းလဲခန့်အပ်လိုက်သည်။ ဝန်ကြီးအဆင့်ရှိသူခြောက်ဦးကိုလည်း ရာထူးမှ ထုတ်ပယ်ခဲ့သည်။

အာဏာရ ကွန်ဆာဗေးတစ်ပါတီတွင်း၌ နိုင်ငံရေးနှင့် စီးပွားရေး အခက်အခဲများ ဖြေရှင်းရေးနှင့် စပ်လျဉ်း၍ သဘောကွဲလွဲမှုများ ပေါ်ပေါက်ခဲ့သောကြောင့် ကွန်ဆာဗေးတစ်ပါတီမှ အမတ်တဦး နုတ်ထွက်သွားသည်။ အတိုက်အခံ လေဘာပါတီတွင်လည်း ပါတီခေါင်းဆောင်ရွေးချယ်ရေးကို လက်ဝဲစွန်းသမားများ ဦးဆောင်သည်ဟု ဆိုကာ လက်ယာအယူအဆရှိသူ လေဘာပါတီ အမတ်လေးဦးက ပါတီမှ နုတ်ထွက်သွားကြသည်။ ပါတီတွင်း စည်းရုံးရေးအတွက်လေဘာပါတီခေါင်းဆောင် မိုက်ကယ်ဖုက ကြိုးပမ်းစည်းရုံးသော်လည်း မအောင်မြင်ခဲ့ချေ။ လက်ယာ အယူအဆရှိသူ အမတ်လေးဦးက လေဘာပါတီမှ ခွဲထွက်ပြီး၊ ဆိုရှယ်ဒီမိုကရက်တစ် ပါတီသစ်ကို ထူထောင်သည်။ ထိုပါတီသစ်သို့ လေဘာပါတီမှ အမတ် ၁၂ ဦး ဝင်ရောက်လာပြီး၊အထက်လွှတ်တော်မှ လေဘာအမတ်ကိုးဦးပါ ကူးပြောင်းလာကြသည်။ ဆိုရှယ်ဒီမိုကရက်တစ် ပါတီသစ်ထူထောင်မှုကို ဗြိတိသျှ မဲဆန္ဒရှင်များက ကြိုဆိုလျက်ရှိပြီး အဓိကအရေးပါသည့် ပါတီသစ်တရပ် ပေါ်ပေါက်လာမှုသည် ဗြိတိန်နိုင်ငံတွင် နှစ်ပေါင်း ၈၁ နှစ် အတွင်း ပထမဆုံးအကြိမ် ဖြစ်သည်။ ပါတီရန်ပုံငွေသို့ ထည့်ဝင်ငွေပေါင်းမှာ ၁၉၈၁ ခုနှစ် မတ်လ ၁၆ ရက်နေ့အထိ အမေရိကန် ဒေါ်လာ ၁,၃၀,၀၀၀ ရှိနေပြီ ဖြစ်သည်။

၁၉၈၁ ခုနှစ် ဇန္နဝါရီလ ၁၀ ရက်နေ့တွင် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး လော့ဒ်ကာရင်တန်သည် အီဂျစ်နိုင်ငံသို့ တပတ်ကြာ အလည်အပတ် ခရီးသွားရောက်ခဲ့သည်။

ဗြိတိန်နိုင်ငံသည် ပိုလန်နိုင်ငံ၏ စီးပွားရေးပြဿနာများကို ကူညီဖြေရှင်းရန် နှစ်တိုအစီအစဉ်တရပ် အနေဖြင့် ပိုလန်နိုင်ငံသို့ စုစုပေါင်း စတာလင်ပေါင် သုံးကုဋေ (ဒေါ်လာ ၇၂ သန်း) ရှိသော ချေးငွေများကို ၁၉၈၁ ခုနှစ်တွင်

ထုတ်ချေးလိုက်သည်။ ထိုချေးငွေများအနက် စတာလင်ပေါင် ၁၅ သန်း (ဒေါ်လာ ၃၆ သန်း) မှာ ဥရောပဘုံစျေးအဖွဲ့မှ စားနပ်ရိက္ခာများ ဝယ်ယူရန်ဖြစ်သည်။

ဗြိတိန်နိုင်ငံသား ဖခင်မှ ရရှိသောကလေးကို ဗြိတိန်နိုင်ငံသားအဖြစ် ခံယူခွင့်ပြုသကဲ့သို့၊ ဗြိတိန်နိုင်ငံသားမိခင်မှ မွေးဖွားသော ကလေးကိုလည်း ဗြိတိန်နိုင်ငံသားအဖြစ် ခံယူခွင့်ပြုသည့် ဗြိတိန်နိုင်ငံသား ဖြစ်မှုဥပဒေကို အကောင်အထည်ဖော် ကျင့်သုံးရန် ဗြိတိန်အစိုးရက ၁၉၄၁ ခုနှစ် ဖေဖွဲ့ဝရီလ ၁၉ ရက်နေ့က ဆုံးဖြတ်လိုက်သည်။

၁၉၄၁ ခု ဖေဖွဲ့ဝရီလ ၂၆ ရက်နေ့တွင် လစ်ဗျနိုင်ငံက ဗြိတိန်နိုင်ငံမှ ရွှေတန်ချိန် ၁၂ ဒသမ ၇ တန် (ဒေါ်လာ ၂၂၅ သန်းဖိုး) ဝယ်ယူ တင်သွင်းသည်။

ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာ သည် အမေရိကန်နိုင်ငံတွင် နှစ်ရက်ကြာ နေထိုင်ဆွေးနွေးရန် အမေရိကန်ပြည်ထောင်စုသို့ ၁၉၄၁ ခုနှစ် ဖေဖွဲ့ဝရီလ ၂၆ ရက်နေ့က သွားရောက်ခဲ့သည်။ ဥရောပ ဒုံးပျံစီမံကိန်းအရ အနောက်ဥရောပတွင် တာလတ်ဒုံးပျံများ တပ်ဆင်မည့် နေတိုးအဖွဲ့ ဆုံးဖြတ်ချက်ကိုနှစ်ဦးစလုံးထောက်ခံပြီး ပါရှင် ပင်လယ်ကွေ့ရေနံဒေသတွင် လုံခြုံမှု တိုးမြင့်လာရေးအတွက် ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန် ပြည်ထောင်စုတို့သည် အမြဲတမ်းရေတပ်ကို ထူထောင်ဖို့လိုကြောင်း ဆွေးနွေးခဲ့ကြသည်။

၁၉၄၁ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ဗြိတိန်အိမ်ရှေ့မင်းသား ဝေလ်မြို့စား ချားလ်မင်းသားနှင့် မြို့စားကြီး အားစပင်စာ၏သမီးငယ် လေဒီဒိုင်ယာနာတို့၏ လက်ထပ်မင်္ဂလာသဘင်ကို လန်ဒန်မြို့ စိန့်ပေါ် ကဲသီဒရယ်ခန်းမဆောင်၌ ကျင်းပသည်။

အိုက်စ်သမွတ အန္နဝါအယ်ဆဒတ်သည် ၁၉၄၁ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိခဲ့ပြီး အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အတွက် အဖြေရှာရေးနှင့် ပတ်သက်၍ ဗြိတိသျှဝန်ကြီးချုပ် မစွတ်သက်ချာနှင့် တွေ့ဆုံဆွေးနွေးသည်။

ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာ၏ စီးပွားရေးမူဝါဒများအပေါ် အယုံအကြည်မရှိအဆိုကို ပါလီမန်၌ တင်သွင်းလာသော်လည်း မစွတ်သက်ချာက ၃၂၁ မဲ၊ ၂၅၀ မဲဖြင့် အနိုင်ရရှိလိုက်သည်။

အင်္ဂလန်ဘဏ်က တရားဝင်အတိုးနှုန်း ကြေငြာသည့် စနစ်ကို ဖျက်သိမ်းလိုက်ခြင်းဖြင့် နှစ်ပေါင်း ၁၃၀ ရှည်ကြာခဲ့သည့် အစဉ်အလာတရပ်မှာ ရပ်စဲသွားသည်။

၁၉၄၁ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် အတိုက်အခံ လေဘာပါတီ၏ ခေါင်းဆောင်ပိုင်း နေရာအတွက် လက်ဝဲအုပ်စု၏ ယှဉ်ပြိုင်မှုကို ပါတီကပယ်ချပြီး ဒင်းနစ်ဟီးအား ဒုတိယခေါင်းဆောင်အဖြစ် ရွေးချယ်လိုက်သည်။

ဘသောင်း၊ သခင် (ခရစ် ၁၉၀၁–၁၉၆၁)။ ။ သခင် ဘသောင်းသည် အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုသမိုင်းတွင် အဓိကအခန်းမှ ပါဝင်ခဲ့သော တို်ဗမာ အစည်းအရုံးကို စတင်တည်ထောင်သူ ဖြစ်ရုံသာမက၊ ကျော်ကြားသော စာရေးဆရာတယောက်လည်းဖြစ်သည်။



သခင်ဘသောင်း

၁၉၀၁ ခုနှစ် ဖေဖွဲ့ဝရီလ ၇ ရက်၊ ကြာသပတေးနေ့တွင် မကွေးခရိုင် နတ်မောက်မြို့နယ် ဖုံကုန်းရွာ၌ မွေးဖွားသည်။ အဖမှာ သီပေါဘုရင် လက်ထက် နန်းတွင်း လက်ဖက်ရည်တော်ဖြစ်၍၊ နောင်တွင် တောင်တွင်းကြီးစစ်ကဲ အဖြစ် အမှုထမ်းကာ နယ်ခွဲဆန့်ကျင်ရေး ခေါင်းဆောင်တဦးဖြစ်ခဲ့သူ ဦးမြစ် ဖြစ်သည်။ အမိသည် ဒေါ်လေးခင် ဖြစ်သည်။ သားသမီးလေးယောက်အနက် ဒုတိယမြောက်ဖြစ်သည်။

ငယ်စဉ်က တောင်တွင်းကြီးမြို့ ဗိမာန်ကျောင်း၊ မြို့သစ်မြို့ ဆရာဦးစိုးမင်း၏ တိုင်းရင်းမြန်မာ မူလတန်းကျောင်း၊ တောင်တွင်းကြီးမြို့ အင်္ဂလိပ်မြန်မာ အစိုးရ အလယ်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၁၅ ခုနှစ်တွင် မန္တလေးမြို့ ဗုဒ္ဓ သာသန နုဂ္ဂဟ အထက်တန်းကျောင်း (ဘီ၊ တီ၊ အင်) တွင် ဆက်လက် ပညာသင်ယူခဲ့သည်။ စတုတ္ထတန်း အောင်မြင်စဉ်က မကွေးဒိစတြိတ်တွင် တနယ်လုံး ပထမရသဖြင့် ရွှေတံဆိပ် ချီးမြှင့်မြင်း ခံရသည်။ ၁၉၁၈ ခုနှစ်တွင် သတ္တမတန်း စကောလာရွှေဆုကို ဆွတ်ခူးရရှိသည်။ ဖခင် ကွယ်လွန်လျှင် ကျောင်းအုပ် ဆရာကြီး ဦးထွန်းရှိန် (ဖေ–ပု–ရှိန် ကိုယ်စားလှယ်အဖွဲ့ဝင်) က သားရင်းပမာ စောင့်ရှောက်ထားရာ သခင်ဘသောင်းသည် ဆရာကြီး၏ ဝံသာနုစိတ်ဓာတ်ကိုပါ အမွေရခဲ့သည်။

၁၉၂၀ ပြည့်နှစ် ပထမ ကျောင်းသားသပိတ် ဖြစ်ပွား သောအခါ ၁၀ တန်းကျောင်းသား သခင် ဘသောင်းသည် မန္တလေး သပိတ်မှောက် ကျောင်းသား ကိုယ်စားလှယ် အဖြစ် ရွေးချယ်ခံရသည်။ ၁၉၂၁ ခုနှစ် ဇန္နဝါရီလ ၁၄ ရက်နေ့တွင် ကျောင်းသား ခေါင်းဆောင်များသည် ကိုလိုနီ ပညာရေးကျောင်းများနှင့် ရန်ကုန်တက္ကသိုလ်သို့ လုံးဝပြန်မတက်တော့ကြောင်း ကြေငြာချက် ထုတ်ပြန် ချိန်မှစ၍ ကျောင်းသားဘဝကို သခင်ဘသောင်း စွန့်လွှတ် ခဲ့သည်။

၁၉၂၁ ခုနှစ်တွင် ဒိုင်အာခီ အုပ်ချုပ်ရေးအတွက် လာရောက်သော ဝိုက်ကော်မတီကို ကန့်ကွက်သဖြင့်၊ ထောင်ကျသည်။ ၁၉၂၂ ခုနှစ်တွင် အင်္ဂလိပ် အိမ်ရှေ့ မင်းသား (ဝေလမင်းသား) မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်ခါနီးတွင် မန္တလေး၊ စစ်ကိုင်း၊ ကျောက်ဆည် ခရိုင် သုံးခရိုင်အတွင်းမှ နယ်နှင်ခံခဲ့ရသည်။ ထိုအမိန့်ကို ဖီဆန်သဖြင့် ထောင်ဒဏ်အပြစ်ပေးခံရပြန်သည်။

အမျိုးသားပညာရေး လှုပ်ရှားမှုတွင် မန္တလေး၊ရွှေဘို၊ ပုသိမ် အမျိုး သား ကျောင်း များ၌ စေတနာ့ဝန်ထမ်း ဆရာအဖြစ် တာဝန်ထမ်းဆောင် ခဲ့သည်။ ၁၉၂၄–၂၅ ခုနှစ်တွင် မြန်မာပိုင် နယူးဘားမား အင်္ဂလိပ်သတင်းစာ တွင် လက်ထောက် အယ်ဒီတာအဖြစ် လုပ်ကိုင်သည်။ ထို့နောက် ကင်းဝန်မင်းကြီး ပို့ဆကတ်တိုက်တွင် လက် ထောက် ပို့ဆကတ်တိုက်မှူး အဖြစ် တာဝန် ထမ်းယင်း ဂန္ဓလောက က ကြီးမှူးကျင်းပသော ဘာသာပြန်ပြိုင်ပွဲ များတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ ပြိုင်ပွဲခြောက်ကြိမ်တွင် ပထမဆုငါးကြိမ်ရသည်။ ၁၉၂၈–၂၉ ခုနှစ်တွင် ကမ္ဘာ့ ရာဇဝင်ချုပ်ကို ဘာသာပြန်ရာ ဝေလမင်းသားဆုရသည်။ ၁၉၃၀ ပြည့်နှစ်တွင် သခင် ဘသောင်းသည် ရန်ကုန် တက္ကသိုလ် မြန်မာစာဌာနဌ ဘာသာပြန် နည်းပြဆရာ အဖြစ် အမှုထမ်းသည်။ ထိုသို့ တက္ကသိုလ် လူငယ်များကို စာပေသင်ကြားပို့ချယင်း အမျိုးသားရေးအတွက် စည်း ရုံးလှုံဆော်ခဲ့သည်။ တက္ကသိုလ်တွင် အမျိုးသားရေးဝါဒ မပြန့်ရဟု ပိတ်ပင်လိုက်သောအခါ အလုပ်မှ ထွက်ခဲ့သည်။

၁၉၃၀ ပြည့်နှစ် မေလ ၃၀ ရက်နေ့တွင် တို့ဗမာအစည်း အရုံး၏ ကြေငြာစာတမ်း၊ နိုင်ငံပြု စာစုအမှတ် (၁) ကို ထုတ်ဝေကာ တို့ဗမာအစည်းအရုံးကို စတင်ထူထောင် လိုက်သည်။ ၁၉၃၀ ပြည့်နှစ် စက်တင်ဘာလတွင် ဖွဲ့စည်း သော အမျိုးသားရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ကို ဆောင်ရွက်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်း အရုံး၌ အမှုဆောင်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၃၃ ခုနှစ် တွင် ရွှေဘိုမြို့၌ ဒိုင်အာခီ ဥပဒေပြု လွှတ်တော်အမတ် လောင်းအဖြစ် နယ်ခဲ့ဆန့်ကျင်ရေးတရားမျာ်းကို ဟော ပြောခဲ့ရာ ရွေးကောက်မခံရပဲ၊ ထောင်ကျ ခံရသည်။ အကျဉ်းထောင်ထဲတွင် အစာငတ်ခံ ဆန္ဒပြခဲ့သည်။

ထို့နောက် လွှတ်လပ်မှုကို ကြိုက်နှစ်သက်သူ ဖြစ်သည့် အတိုင်း အလွှတ်သတင်းစာဆရာ အဖြစ်ဖြင့် အပြင်မှ နေ၍ ဆောင်းပါးရေးခြင်း၊ ဘာသာပြန်ခြင်းကိုသာ ပြု သည်။ ဂန္ဓလောကမဂ္ဂဇင်း အယ်ဒီတာအဖြစ် တာဝန် ထမ်းဆောင်စဉ်က မိမိသဘောအတိုင်း ရေးသားခဲ့သော ခေါင်းကြီးတို့ကို စုပေါင်း၍ တို့ဗမာအစည်းအရုံး၏ နိုင်ငံပြု စာစု အမှတ် – ၂ အဖြစ် သီးသန့် ထုတ်ဝေခဲ့သေးသည်။ ၁၉၃၂ ခုနှစ်တွင် တို့ဗမာသတင်းစဉ် မှတ်တမ်းကို သခင် ဘသောင်းက ဦး ဆောင် ထုတ် ဝေ ပြီး အ မျိုး သား လွှတ်မြောက်ရေးအတွက် စာပေလက်နက်အဖြစ် သုံးကာ တိုက်ပွဲဝင်ခဲ့သည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရ လက် ထက် တွင် ပြန်ကြားရေးဌာန အသံလွှင့်ရုံတွင် စတင်၍ အစိုးရအမှု ထမ်းခဲ့သည်။ ထို့နောက် ပြန်ကြားရေးဌာန၊ စာပေစိစစ် ရေးမှူးအဖြစ်လည်းကောင်း၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ လူမှုဆက်ဆံရေးတပ်မှ ဦးစီး ထုတ် ဝေ သော မြန်မာနှင့် ကမ္ဘာစာစောင်တွင် အယ်ဒီတာ အဖြစ် လည်းကောင်း တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၆၅ ခုနှစ်မှစ၍ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ်၌ ဖွင့်လှစ်ပို့ချ သည့် စာပြုသင်တန်းများတွင် ဘာသာပြန်ဆို ရေးသားမှု ကို သင်ကြားပေးသည်။

ပန်းသာမစာဉ (၁၉၃၆)၊ ရေနံ (၁၉၄၀)၊ အဖေ့ အမွေပြဇာတ် (၁၉၄၁)၊ အမေလေးတွေ့ (၁၉၅၀)၊ ကွန်မြူနစ်ဝါဒနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး (၁၉၅၀)၊ ခြေ လေးချောင်း တော်လှန်ရေး (၁၉၅၁)၊ ဒီမိုကရေစီဆိုတာ (၁၉၅၄)၊ ကွန်မြူနစ်ဘာမိုင်း (၁၉၅၅)၊ တထောင့်တည (၁၉၅၈)၊ ဗုဒ္ဓ၏ စကြဝဠာတရား (၁၉၅၇)၊ တိုင်းပြည့် ရန်သူပြဇာတ် (၁၉၆၃)၊ သူခိုးအာမက် (၁၉၆၁) စသည့် ပုံနှိပ်စာအုပ်ပေါင်း ၃၃ အုပ် ရေးသားခဲ့သည်။ သတင်း စာနှင့် မဂ္ဂဇင်းတို့တွင်လည်း တခန်းရပ်ပြဇာတ် ၁၈ ပုဒ်၊ သိပ္ပံဆောင်းပါး ၂၈ ပုဒ်၊ အထွေထွေဆောင်းပါး ၄၅ ပုဒ် တို့ကို ပြုစုခဲ့သည်။ ကမ္ဘာ ၁ပတ်လည် ရက်ရှစ်ဆယ်စာအုပ် ဖြင့် ၁၉၅၉–၆၀ ခုနှစ် ယူနက်စကို ဘာသာပြန်ဆု ရရှိ သည်။

၁၉၈၀ ပြည့်နှစ် ဇွန်လ ၇ ရက်နေ့တွင် နိုင်ငံတော် ကောင်စီက သခင်ဘသောင်းအား နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမ ဆင့်ကို ချီးမြှင့်သည်။

၁၉၈၁ ခုနှစ် ဧပြီလ ၂၁ ရက် ညနေ ၅ နာရီခွဲတွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်သန်းကြည် နှင့် သားတယောက်၊ သမီးတယောက် ကျန်ရစ်သည်။

ဘအေး၊ ဦး (ပြည်ထောင်စုဝှေတံဆိပ်) (ခရစ် ၁၉၂၀–၁၉၈၁)။ ။ဦးဘအေးကို အဖဦးဘိုးမျှင်၊ အမိဒေါ်သစ်တို့မှ ၁၉၂၀ ပြည့်နှစ် ဧပြီလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ ရန်ကုန်မြို့ရှိ စိန့်ဖီးလစ်အင်္ဂလိပ် အလယ်



ဦးဘအေး

တန်းကျောင်းတွင် စတင် ပညာသင် ကြားသည်။ ၁၉၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိခဲ့ပြီး ၁၉၄၀ ပြည့်နှစ်တွင် ဝိဇ္ဇာ(အင်္ဂလိပ်စာဂုဏ်ထူး) ဘွဲ့ကို ရရှိသည်။ ၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မဂ္ဂင်း အယ်ဒီတာ အဖြစ် ဆောင်ရွက်သည်။ ဥပဒေ ဝိဇ္ဇာ ဘွဲ့ကိုလည်း ရရှိသည်။

၁၉၄၀–၄၂ ခုနှစ်အတွင်း အင်္ဂလိပ်ဘာသာ နည်းပြ ဆရာအဖြစ် အမှုထမ်းသည်။ ၁၉၄၂ ခုနှစ်မှစ၍ ပျဉ်းမနား နယ်စီးရဲဗိုလ်မှူး၊ ဗမာ့ကာကွယ်ရေး တပ်မတော်နှင့် နယ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးအရာရှိအဖြစ် လည်းကောင်း၊ ၁၉၄၃–၄၅ ခုနှစ်အတွင်း ရွှေကျင် နယ်စီးရဲ ဗိုလ်မှူးအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ပြီးနောက် ရန်ကုန် မြို့မ ရဲဝန်ထောက် ဖြစ်လာသည်။ ၁၉၄၅ ခုနှစ် မတ်လ တော် လှန်ရေးတွင် ပါဝင်ခဲ့၍ မော်ကွန်းဝင်တတိယအဆင့်ရရှိခဲ့သည်။

၁၉၄၇ မှ ၁၉၄၈ ခုနှစ်အထိ ပုသိမ်ခရိုင်ရဲဝန်မှ ရန်ကုန် လက်ထောက်ရဲမင်းကြီးအဖြစ်ပြောင်းရွှေ့ဆောင်ရွက်သည်။

၁၉၄၈ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ရန်ကုန်မြို့ဒုတိယရဲမင်းကြီးနှင့် သတင်းထောက်လှမ်းရေး ရဲအထူးဌာနတွင် လက်ထောက်ရဲမင်းကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၂–၆၂ ခုနှစ်အတွင်း ရှမ်းပြည် စစ်အုပ်ချုပ်ရေး ဒေသရဲမင်းကြီး၊ တောင်ကြီး ဥတ္တရတိုင်း ရဲမင်းကြီး၊ စစ်ရဲဗိုလ်ချုပ်၊ ဒုတိယရဲချုပ် စသည့် ရာထူး အသီးသီးတွင် ဆောင်ရွက်ခဲ့သည်။ ၁၉၅၁–၅၂ ခုနှစ် နှင့် ၁၉၅၇–၅၈ ခုနှစ် များတွင် သက်ကြီးတက္ကသိုလ် (နောင် လုပ်သားကောလိပ်) တွင် အင်္ဂလိပ်ဘာသာကထိကအဖြစ် စေတနာ့ဝန်ထမ်း ဆောင်ရွက်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ဒုတိယရဲချုပ်၊ ၁၉၆၇–၇၂ ခုနှစ်အတွင်း ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးဝန်ကြီးဌာန အတွင်းဝန်၊ ၁၉၆၂–၇၄ ခုနှစ်အတွင်း ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီအဖွဲ့ အတွင်းရေးမှူး စသည့်တာဝန်များကို ထမ်းဆောင်သည်။

၁၉၆၇–၁၉၇၂ ခုနှစ်အတွင်း ဗဟိုဥပဒေစိစစ်ရေးအဖွဲ့ဝင်၊ ၁၉၆၇–၇၂ ခုနှစ်အတွင်း ဗဟို မြေယာကော်မတီအဖွဲ့ဝင်၊ ၁၉၇၁–၇၃ ခုနှစ်အတွင်း နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင်၊ ၁၉၇၁–၇၆ ခုနှစ်အတွင်း ဗဟိုပြည်သူ့အလုပ်သမားကောင်စီဝင်၊ ၁၉၇၄ ခုနှစ် ပထမအကြိမ် ပြည်သူ့ လွှတ်တော် အစည်းအဝေးအတွက် ကိုတင် ပြင်ဆင်ရေး အဖွဲ့ငယ်၏ အတွင်းရေးမှူးစသည့် တာဝန်များကို ဆောင်ရွက်ခဲ့သည်။

၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပြည်သူ့ဝန်ထမ်း ရွေးချယ်လှန့်ကျင့်ရေးအဖွဲ့၊ ညွှန် ကြား ရေး မှူး ချုပ် အ ဖြစ် ဆောင်ရွက်သည်။

၁၉၇၈ ခုနှစ် ဇန္နဝါရီလတွင် နှလုံး ရောဂါ ကြောင့် အငြိမ်းစားယူခဲ့သည်။ ဦးဘအေးသည် ရဲပုညကုသလအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ နာယကအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။


အိန္ဒိယ၊ အင်္ဂလန်၊ အမေရိကန်၊ ဂျပန်၊ ဟောင်ကောင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံများသို့ သွားရောက်၍ လေ့လာဆည်းပူးခဲ့သည်။

ဦးဘအေးသည် ဝဏ္ဏကျော်ထင်ဘွဲ့၊ သီရိပျံချီဘွဲ့နှင့်ပြည်ထောင်စု ရွှေတံဆိပ် (သူရသတ္တိနှင့် အမှုထမ်းကောင်း) တို့ကိုလည်း ရရှိခဲ့သည်။

ဦးဘအေးသည် ၁၉၈၁ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ကွယ်လွန်သည်။ ဇနီး ဒေါ်ရင်ရင်မြ၊ (ဌာနမှူး၊ ပညာရေးတက္ကသိုလ်) ကျန်ရစ်သည်။

ဘုရှ, ဂျော့ (ခရစ် ၁၉၂၄) ။ ။ဂျော့ဘုရှသည် အမေရိကန်ဒုတိယသမ္မတအဖြစ် ရွေးချယ်ခြင်းခံရသူ ဖြစ်သည်။

ဂျော့ဘုရှကို မက်ဆာချူးဆက်ပြည်နယ် မီလတန်မြို့၌ ၁၉၂၄ ခုနှစ်တွင် မွေးဖွားသည်။ ဂျော့ဟားဘတ်ဝေါလကာဘုရှသည် ပရိစကော့နှင့် ဒေါ်ဂိုသီဘုရှတို့၏ သားသမီး ငါးယောက်အနက် ဒုတိယမြောက် သားဖြစ်သည်။ ဂျော့သည် ၁၉၄၂ ခုနှစ်တွင် အင်ဒိုဗာမြို့ရှိ ပီးလစ်အကယ်ဒမီကျောင်းတွင် ပညာသင်ကြားခဲ့ပြီး၊ အသက် ၁၈ နှစ်အရွယ်



အမေရိကန် ဒုတိယသမ္မတ ဂျော့ဘုရှ

တွင် လေယာဉ် မောင်းလက်မှတ် ရရှိခဲ့ပြီး လေယာဉ်မှူး အဖြစ် အမှုထမ်းခဲ့လေသည်။ ၁၉၄၅ ခုနှစ်၌ ယေးတက္ကသိုလ်မှ ဘောဂဗေဒဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သည်။

၁၉၅၉ ခုနှစ်တွင် ရီပတ်ဘလီကင်နိုင်ငံရေး ခေါင်းဆောင်တဦးဖြစ်လာသည်။ ၁၉၆၄ ခုနှစ်တွင် အလယ်အလတ် လမ်းစဉ်ရှိသူ လက်ရှိ ဒီမိုကရက်တစ် အထက်လွှတ်တော် အမတ် ယာဘိုရော့ချအား ယှဉ်ပြိုင်အရွေးခံရာ မဲအနည်းငယ်ဖြင့် ရှုံးခဲ့သည်။ နှစ် နှစ်အကြာတွင် ဟူစတန်မြို့၌ အရွေးခံရာတွင် အနိုင်ရရှိသဖြင့် ဟူစတန်မြို့၌ ပထမဆုံး ရီပတ်ဘလီကင် ကိုယ်စားလှယ် ဖြစ်လာသည်။


၁၉၇၁ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ဂျော့ဘုရှသည် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်အဖြစ် ဆောင်ရွက်ရသည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ရီပတ်ဘလီကင် အမျိုးသားကော်မတီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အမေရိကန် သံတမန်အဖြစ် လည်းကောင်း ဆောင်ရွက်ရုန် သမ္မတဂျယ်ရယ်ဖို့က ခန့်ခဲ့သည်။

၁၉၇၆ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ဗဟိုထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ) ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၇၉ ခုနှစ် မေလ ၁ ရက်နေ့တွင် ရီပတ်ဘလီကင် သမ္မတလောင်းအဖြစ် အရွေးခံမည် ဖြစ်ကြောင်း ကြေငြာသည်။

သမ္မတလောင်း ရော်နယ်ရေဂင်က ဘခြေခံရွေးကောက်ပွဲပြီးသည်နှင့်တပြိုင်နက် ဒုတိယသမ္မတလောင်းအဖြစ် ပူးတွဲ အရွေးခံရန် ဂျော့ဘုရှအား ရွေးချယ်ခဲ့လေသည်။

ဘူတန်နိုင်ငံ။ ။ဟိမဝန္တာတောင်ခြေအရှေ့ပိုင်း၊ အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့အကြား တွင် တည်ရှိသည်။ လူဦးရေ၏ ၇၅ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်ဖြစ်၍ ကျန် ၂၅ ရာခိုင်နှုန်းမှာ ဟိန္ဒူဘာသာဝင် ဖြစ်သည်။

မြောက်ဘက်ပိုင်းတွင် တောင်ထူထပ်၍ အလယ်ပိုင်းတွင် မြေဩဇာကောင်းသည့် ချိုင့်ဝှမ်းရှိပြီး၊ တောင်ပိုင်းတွင် သစ်တောများ ရှိသည်။ ဆန်နှင့်ပြောင်းကို အဓိက စိုက်ပျိုးသည်။ ၁၆ ရာစုနှစ်က တိဗက်တို့၏ အုပ်ချုပ်မှု အောက်တွင် ရှိခဲ့ပြီး ၁၉ ရာစုနှစ်တွင် ဗြိတိသျှတို့၏ ဩဇာလွှမ်းမိုးမှု များပြားလာသည်။ ၁၉၁၇ ခုနှစ်တွင် ဘုရင်စနစ်ကို ထူထောင်၍ ဗြိတိသျှတို့၏ ကာကွယ်စောင့် ရှောက်ခံ ဖြစ်လာသည်။



အကျယ်အဝန်း။	။၁၉,၃၀၅ စတုရန်းမိုင်
လူဦးရေ။	။၁၃,၀၀,၀၀၀
မြို့တော်။	။သင်ဖူးမြို့

နိုင်ငံအကြီးအကဲမှာ ဘုရင်ကျစ်မီဆင်ဝမ်ချပ် ဖြစ်သည်။ စီမံကိန်း ဒုတိယဝန်ကြီး ဒါရှိုလင်ပင်ကျိုးက ငါးနှစ်စီမံကိန်း (၁၉၈၁–၈၆) တွင် နိုင်ငံတခုလုံးအတွက်ဖူလုံသော စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရန် တင်ပြသည်။ ယင်း စီမံကိန်းနှင့်အတူ စက်မှုလုပ်ငန်းနှင့် လူအင်အား စီမံကိန်းတို့ကိုလည်း တင်ပြသည်။ ယင်း ငါးနှစ် စီမံကိန်းအတွက် အမေရိကန် ဒေါ်လာ ၄၀၈ သန်း ကုန်ကျမည်ဖြစ်ရာ ဒေါ်လာ ၁၂၅ သန်းကို နိုင်ငံတော် အစိုးရက ကုန်ကျခံ၍ ဒေါ်လာ ၁၆၂ သန်းကို အိန္ဒိယမှ ချေးယူကာ ကျန်ငွေကို ကုလသမဂ္ဂလက်အောက်

ခံ အဖွဲ့အစည်း အ သီး သီး မှ အထောက်အပံ့ယူရန် စီစဉ် ထားကြောင်း ၁၉၇၁ ခုနှစ် ဧပြီလ အတွင်းက ထုတ် ပြန် ကြေငြာခဲ့သည်။ ၁၉၇၁ ခုနှစ် ဇွန် လ အ တွင်း က လည်း အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး နာရာဆင်ဟာ ရောင်း သည် ဘူတန်နိုင်ငံသို့ သုံးရက်မျ လာရောက်ခဲ့ပြီး သင်ဖူးမြို့ နှင့် ကာလကတ္တား လေကြောင်းလမ်းဖွင့်လှစ်ရန်နှင့် ဘူတန် နိုင်ငံအတွက် အသံလွှင့်ရုံတခု တည်ဆောက်ရန် ကိစ္စများ အပါအဝင် နှစ်နိုင်ငံ အကျိုးပြု လုပ်ငန်းများကို ဆွေးနွေး ခဲ့သည်။

ဘက်စုံစိုက်ပျိုးမွေးမြူရေး။ ။ပြည်ထောင်စု ဆိုရှယ် လစ် သမ္မတ မြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေး နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော စက်မှုလက်မှု နိုင်ငံအဖြစ်သို့ စိမံကိန်း စနစ်ဖြင့် ချီတက်လျက် ရှိသည်။

ထို့ပြင် မွေးမြူရေး လုပ်ငန်းကို စိုက်ပျိုးရေးလုပ်ငန်းများ နှင့် တွဲဖက်လုပ်ဆောင်သောအခါ နိုင်ငံတော်၏ ရိက္ခာဖြည့် ဆည်းမှု၌ ထိရောက်လာသည်။ ယခုအခါတွင် ခေတ်မီ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာများကို ပြည်သူများ အတွင်း ကျယ်ပြန့်စွာ စိမ့်ဝင်သွားနိုင်ခဲ့သည်နှင့်အမျှဘက်စုံ စိုက်ပျိုး မွေးမြူရေးမှာလည်း တိုးတက် အောင်မြင်မှုများ ရှိလာသည်။

အနှစ် နှစ်ဆယ် နှစ်ရှည် စိမံကိန်း၏ နောက်ဆုံးနှစ် ဖြစ်သော ၁၉၉၃–၉၄ ခုနှစ်၌ ၁၉၇၃–၇၄ ခုနှစ် ကထက် တမျိုးသားလုံး၏ တဦးချင်းအသားတင်ထုတ်လုပ်မှု နှစ်ဆ တိုးလာရန် ရည်ရွယ်ထားသည်။

ယခုအခါတွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုး ရန်နှင့် နိုင်ငံတော်၏ အလိုအပ်ဆုံးသီးနှံများ ပိုမိုထုတ်လုပ် နိုင်ရန် သီးနှံပုံစံ ပြောင်းလဲစိုက်ပျိုးရေးကိုလည်း စတင် ဆောင်ရွက်လျက်ရှိသည်။ ဥပမာအားဖြင့် ရေ လုံလုံ လောက်လောက်မရရှိ စပါးမစိုက်ပျိုးနိုင်သော ဒေသများ တွင် စပါးအစား နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်သည့် ဆီထွက်သီးနှံ ပဲ၊ ပြောင်း၊ ဝါ တို့ကို ရွေးချယ်စိုက်ပျိုးခြင်း မျိုး ဖြစ်သည်။

ယင်းသို့ စိုက်ပျိုးမှုမှ ရရှိလာသည့် ပိုလျှံသီးနှံများ၊ သီးနှံ ဘေးထွက် ပစ္စည်း များကို မွေးမြူရေး အစားအစာ အဖြစ် အကျိုးရှိစွာ အသုံးချပြီး မွေးမြူရေး လုပ်ငန်းများ ကိုလည်း တိုးချဲ့လျက်ရှိသည်။ တဖန် မွေးမြူရေးလုပ်ငန်း များမှ တိရစ္ဆာန်ဘေးထွက်ပစ္စည်းများ၊စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးရေး လုပ်ငန်းများတွင် အသုံးချ ကြပြန်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်း များကို ဒွန်တွဲ၍ ထားရှိပါက တိုင်းပြည်၏ ရိက္ခာဖြည့်ဆည်းရေးတွင် ပိုမို တိုးတက်မှု ရရှိလာမည် ဖြစ်သဖြင့် ယင်းလုပ်ငန်း နှစ်ခုကို တွဲဖက်၍ ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ သွားရန်ရှိသည်။

ဘက်စုံစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ပိုမို တိုးတက် အောင်မြင်မှု ရရှိ လာစေရေး အ တွက် ၁၉၈၀ ပြည့် နှစ် မတ်လတွင် ရန်ကုန်မြို့ မြေပဒေသာကျွန်း ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန်ပြပွဲနှင့် ပြိုင်ပွဲကို ပြန်လည်ဆန်းသစ်၍ ကျင်းပ ပေးခဲ့သည်။ ၁၉၇၁ ခုနှစ်မှ စတင်၍ ယင်းပြပွဲ ပြိုင်ပွဲတွင် စိုက်ပျိုးရေးသာမက မွေးမြူရေးကိုပါ တွဲဖက် ပြသသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပြည်သူများ စိတ်ဝင် စားလာစေရန် ခေတ်မီသိပ္ပံနည်းကျတိုးတက်သည့် စိုက်ပျိုး မွေးမြူရေး နည်းပညာရပ်များကို လုပ်သား ပြည်သူများ အကြား စိမ့်ဝင်ပျံနှံ့လာစေရေးအတွက် နွေခေါင်ခေါင်တွင် စိုက်ပျိုး၍ မရစကောင်းဟူသော အယူအဆ ဟောင်း ကို စွန့်ပယ်နိုင်ရန်၊ တနိုင်မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ မွေးမြူပါက မိသားစုတစုအတွက် ဝင်ငွေအနေဖြင့် အကျိုး အမြတ် မည်မျှရရှိနိုင်သည်ကို လက်တွေ့ပြသရန်၊ ဘက်စုံ မွေးမြူရေးကို ပညာပေးပြသရန် စသော ရည်ရွယ်ချက်များ ထားရှိ၍ မြေပဒေသာကျွန်း ပြပွဲပြိုင်ပွဲ များကို ကျင်းပ ပြုလုပ်ခြင်းဖြစ်သည်။


စိုက်ပျိုးရေး ကဏ္ဍ၌ စပါး အထူး အထွက်တိုးရေးကို အားသွန်ကြိုးပမ်းခဲ့ရာတွင် ၁၉၇၈–၇၉ ခုနှစ်၌ တကော ဘင်း ၁၀၀ ကျော်ထွက်အောင် စိုက်ပျိုးနိုင်သည့် လယ်ယာ သူရဲကောင်း ၁၀၀၀ ကျော်၊ ၁၉၇၉–၈၀ ပြည့်နှစ်၌ ၂၀,၀၀၀ ကျော်နှင့် ၁၉၈၀–၈၁ ခုနှစ်၌ ၅၀,၀၀၀ ကျော် ပေါ်ထွက် လာခဲ့သည်။

၁၉၈၀–၈၁ ခုနှစ်တွင် အရေးကြီးသီးနှံ ၁၉ မျိုးကို ရွေး ချယ်၍ တမြို့နယ်လုံး အထူး အထွက်တိုး အစီအစဉ်ဖြင့် မြို့နယ်ပေါင်း ၁၁၅ မြို့နယ်တွင် အကောင်အထည် ဖော် ဆောင်ရွက်သည်။

၁၉၈၀–၈၁ ခုနှစ် စိုက်ပျိုး ရာသီတွင် တပြည်လုံး၌ သီးနှံ ၁၀ မျိုးကို အထူးအထွက်တိုးအောင် စံပြ စိုက်ပျိုး နိုင်သည့် လယ်ယာ သူရဲကောင်းကြီး ၁၀ ဦး ပေါ်ထွက် ခဲ့သည်။

ထိုသူများမှာ စပါးတကော အထွက်နှုန်း တင်း ၃၁၀ ထွက်ရှိအောင် စိုက်ပျိုးနိုင်သူ ရန်ကုန်တိုင်း ကော့မှူး မြို့နယ်မှ ဦးကျော်သိန်း၊ အစေ့ထုတ် ပြောင်းသီးနှံတွင် တကော ၁၇၆ ဒသမ ၂၂ တင်း ထွက်ရှိအောင် စိုက်ပျိုး နိုင်သူ စစ်ကိုင်းတိုင်း တန့်ဆည် မြို့နယ်မှ ဦးဘတင့်၊ ဂျုံသီးနှံ တကော ၁၂၂ ဒသမ ၃၄ တင်း ထွက်ရှိအောင် စိုက်ပျိုးနိုင်သူ မန္တလေးတိုင်း မေမြို့ မြို့နယ်မှ ဦးစိုင်းရွှေလှ၊ ကုလားပဲ တကော ၅၇ ဒသမ ၇၃ တင်း ထွက်ရှိအောင်

ဘင်္ဂလားဒေ့ရှပြည်သူ့သမ္မတနိုင်ငံ။ ။၁၉၇၁ ခုနှစ် ဇန္နဝါရီလတွင် အဖွဲ့ဝင်ခြောက်ဦး ပါဝင်သော ဂျပန်လှေတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဒက္ကားမြို့တွင် ရက်သတ္တတပတ် နေထိုင်ခဲ့သည်။



သမ္မတဇီယာရာမန်၊ဘဏ္ဍာရေးဝန်ကြီး ဆေးဖာရာမန်တို့သည် ၁၉၇၁ ခုနှစ် ဇန္နဝါရီလတွင် ဆအူးဒီအာရေဗျနိုင်ငံတို့ဖမြို့၌ ကျင်းပသော အစ္စလာမ် ထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့သည်။

ဂျပန်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းရှင်ကြီးများအဖွဲ့၏ ဖိတ်ကြားချက်အရ အဖွဲ့ဝင် ၁၀ ဦး ပါဝင်သော ဘင်္ဂလားဒေ့ရှ ကုန်သွယ်ရေးနှင့် စက်မှုကိုယ်စားလှယ်အဖွဲ့သည် ဖေဖွဲ့ရီလ၌ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ထိုလအတွင်း၌ပင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းသည် ဘင်္ဂလားဒေ့ရှ နိုင်ငံတွင် သုံးရက်ကြာ နေထိုင် လည်ပတ်သည်။

ဧပြီလအတွင်း ကမ္ဘာ့ဘဏ်မှ ဦးဆောင်သော အနောက်နိုင်ငံများနှင့် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ ၂၅ နိုင်ငံပါဝင်သည့် ဘဏ္ဍာငွေထောက်ပံ့ရေးအဖွဲ့နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ ဆေးဖာရာမန် ဦးဆောင်သော ဘင်္ဂလားဒေ့ရှ ကိုယ်စားလှယ်အဖွဲ့ဝင် ၁၁ ဦးတို့သည် ပါရီမြို့၌ ဆွေးနွေးခဲ့သည်။

သမ္မတဇီယာရာမန်သည် ဝန်ကြီးတဦးနှင့် တံဖက်ဝန်ကြီးသုံးဦးကို ဧပြီလ ၅ ရက်နေ့တွင် ရာထူးမှထုတ်ပယ်လိုက်

အကျယ်အဝန်း။	။၅၅,၁၂၆ စတုရန်းမိုင်
လူဦးရေ။	။၇,၇၆,၆၀,၀၀၀
မြို့တော်။	။ဒက္ကားမြို့

စိုက်ပျိုး နိုင်သူ ပဲခူးတိုင်း ကြို ပင် ကောက် မြို နယ် မှ ဦးကြင်မောင်၊ထောပတ်ပဲ တကေ ၆၃ တင်းထွက်ရှိအောင် စိုက်ပျိုးနိုင်သူ မကွေးတိုင်း ပွင့်ဖြူမြို့နယ်မှ ဦးအောင်သိန်း၊ မြေပဲတကေ ၂၄၁ ဒသမ ၄၃ တင်းထွက်ရှိအောင် စိုက်ပျိုး နိုင်သူ ပဲခူးတိုင်း သနပ်ပင် မြို့နယ်မှ ဦး မောင် တင်၊ နှမ်း တဧက ၂၀ ဒသမ ၄၇ တင်း ထွက် ရှိ အောင် စိုက်ပျိုးနိုင်သူ မကွေးတိုင်း မကွေးမြို့နယ်မှ ဦးအောင်မြို့၊ နေကြာတကေ ၉၂ ဒသမ ၁၆ တင်းထွက်ရှိအောင် စိုက်ပျိုး နိုင်သူ ပဲခူးတိုင်း ကျောက်တံခါး မြို့နယ်မှ ဦး ချစ် လှ၊ ကြံတကေ ၆၀ ဒသမ ၁၉ တန် ထွက်ရှိအောင် စိုက်ပျိုး နိုင်သူ ပဲခူးတိုင်း ဖြူးမြို့နယ်မှ ဦးသိန်းမောင်၊ တကေတွင် အာလူးပိဿာ ၁၂,၀၀၀ ကျော် ထွက်ရှိအောင် စိုက်ပျိုး နိုင်သူ ရှမ်းပြည်နယ် ကလော မြို့နယ်မှ ဦးစိုးမြင့် တို့ ဖြစ်လေသည်။

ယခုအခါ ဘင်္ဂစုံစိုက်ပျိုးမွေးမြူရေးအတွက် အထောက်အကူ ပြုနိုင်ရန် ၁၉၇၀ ပြည့်နှစ် မေလမှ စ၍ စိုက်ပျိုးရေးမွေးမြူရေး ကေဒါ သင်တန်းများကို ပြည်နယ်နှင့် တိုင်းများ တွင် ဖွင့် လှစ် ပို့ ချ လျက် ရှိ သည်။ နောင် တွင် မြို့နယ် ကျေးရွာအဆင့်အထိ ဖွင့်လှစ်ပို့ချရန် ရည်ရွယ်ချက် ရှိသည်။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ လယ်ယာ ကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို တတိယ လေးနှစ်စီမံကိန်း၏ အခြေခံနှစ်တွင် ၁၉၆၉–၇၀ ခုနှစ် ပုံမှန်စျေးနှုန်းများအရ ကျပ် ၃၄၈ ဒသမ ၉၈ ကုဋေဖိုး ထုတ်လုပ်နိုင်ခဲ့သဖြင့် တတိယလေးနှစ် စီမံကိန်း ကာလအတွင်း တနှစ် ပျမ်းမျှ ၈ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။အကောင်အထည် ဖော်မှု ရာခိုင်နှုန်းအနေဖြင့် တနှစ် ပျမ်းမျှ ၁၀၂ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့သည်။

သားငါးကဏ္ဍ ထုတ်လုပ်မှု အပိုင်းတွင် အသားတင် ထုတ်လုပ်မှု တန်ဖိုးကို စီမံကိန်း၏ အခြေခံနှစ်၌ ပုံမှန် စျေးနှုန်းများအရ ကျပ် ၈၉ ဒသမ ၅၉ ကုဋေဖိုး ထုတ်လုပ် ခဲ့ရာမှ တတိယလေးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်တွင်ကျပ် ၁၀၉ ဒသမ ၀၂ ကုဋေဖိုး ထုတ်လုပ်နိုင်ခဲ့သည့်အတွက် စီမံကိန်း ကာလအတွင်း၌ တနှစ်ပျမ်းမျှ ၅ ရာခိုင်နှုန်း တိုးတက် ခဲ့လေသည်။ အကောင်အထည် ဖော်မှုရာခိုင်နှုန်းမှာ တနှစ်ပျမ်းမျှ ၁၀၀ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်။

စတုတ္ထလေးနှစ်စီမံကိန်းတွင် လယ်ယာကဏ္ဍမှ အသားတင်ထုတ်လုပ်မှုတန်ဖိုး တနှစ်ပျမ်းမျှ ၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်သွားရန် ရည်မှန်းထားပြီး သားငါးကဏ္ဍမှ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ တနှစ်ပျမ်းမျှ ၈ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်သွားရန် ရည်မှန်းထားခဲ့လေသည်။

သည်။ ပြီလအတွင်း၌ပင် သမ္မတဇီယာရာမန်သည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသို့ ငါးရက်ကြာမျှ အလည်အပတ်သွားခဲ့သည်။

၁၉၇၁ ခုနှစ် မေလ ၃၀ ရက်နေ့ နံနက်လေးနာရီခွဲခန့်တွင် စစ်တကောင်းမြို့ အစိုးရည့်ဂေဟာ၌ လက်နက်ကိုင် စစ်သားတစုက ဘင်္ဂလားဒေ့ရှသမ္မတဇီယာရာမန်အား လုပ်ကြံသတ်ဖြတ်လိုက်သည်။ လုပ်ကြံမှုခေါင်းဆောင်မှာ စစ်တကောင်းဒေသတပ်မှူး ဗိုလ်ချုပ် မန်ဇူးအာမက် ဖြစ်သည်။ နံနက် ၉ နာရီတွင် ၂၅ ဦး တော်လှန်ရေးဦးဆောင်ကောင်စီဖွဲ့စည်းထားကြောင်း၊ ပါလီမန်ဖျက်သိမ်းကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပယ်ဖျက်ကြောင်း စသည်တို့ကို ကြေငြာလိုက်သည်။ ထို့ပြင်ဗိုလ်ချုပ်ကြီးငါးဦးတို့ကိုရာထူးမှထုတ်ပယ်လိုက်ကြောင်းကိုလည်း ပုန်ကန်သူများက ကြေငြာသည်။ မိနစ်ပိုင်းအတွင်း ဒုတိယသမ္မတ အဗ္ဗဒပ် ဆတ္တားက ယာယီသမ္မတအဖြစ် တာဝန်ယူပြီး တနိုင်ငံလုံး အရေးပေါ်အခြေအနေကြေငြာသည်။ ထို့ပြင် အစိုးရအဖွဲ့သည် တည်မြဲလျက်ရှိကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ မပျက်မယွင်း တည်ရှိဆဲဖြစ်ကြောင်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး အာရှတ်၊ ဗိုလ်မှူးချုပ် ချောက်ဒူရီနှင့် လေတပ် အကြီးအကဲများဦးဆောင်၍ ပုန်ကန်မှုကို ဖြိုခွင်းလိုက်ကြောင်း ကြေငြာသည်။ တံခါးပိတ် စစ်ခုံရုံးက စစ်ဘက်အရာရှိ ၁၂ ဦးကို သေဒဏ်ပေးလိုက်သည်။ နိုင်ငံတဝန်းလုံးရှိ တပ်ဖွဲ့များကို အစိုးရသစ္စာခံစေသည်။ ပုန်ကန်မှုခေါင်းဆောင် မန်ဇူးသည် အပေါင်းပါများ ဇနီး သားသမီးများနှင့်အတူ



သမ္မတဇီယာရာမန်၏ ရုပ်အလောင်းကို ဒက္ကားမြို့တွင် ဤသို့သင်္ဂြိုဟ်ခဲ့သည်။

စစ်တကောင်းမြို့မှ မြောက်ဘက်သို့ကားနှင့် ထွက်ခွာသွားစဉ် ဖမ်းဆီးခံရပြီး စစ်သားတစုက မန်ဇူးအား ပစ်သတ်ခဲ့ကြသည်။

ဇွန်လ၌ အဖွဲ့ဝင် လေးဦးပါဝင်သော ဘင်္ဂလားဒေ့ရှ စီမံကိန်း ကော်မရှင်သည် အိန္ဒိယစီမံကိန်း ကော်မရှင် မိုဟာမက်ဖာဇယ်နှင့် စီမံကိန်း လုပ်ငန်းများကို နယူးဒေလီမြို့၌ ဆွေးနွေးကြသည်။

ကမ္ဘာ့ဘဏ်မှ ဘင်္ဂလားဒေ့ရှသို့ လယ်ယာစိုက်ပျိုးရေးစီမံကိန်းအတွက် ဒေါ်လာသန်း ၄၀ ချေးခဲ့သည်။

ဘင်္ဂလား ပင်လယ်တွင်းရှိ နယူးမိုးကျွန်းပိုင်ဆိုင်မှုနှင့် အခြားကိစ္စများအတွက် နိုင်ငံခြားရေးဝန်ကြီး ရှမ်ဆူဟတ်နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး နာရာဆင်ဟာရောင်းတို့သည် စက်တင်ဘာလတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဆွေးနွေးကြသည်။


မေလ ၃၀ ရက်နေ့မှစ၍ ကြေငြာခဲ့သော တနိုင်ငံလုံး အရေးပေါ် အခြေအနေ ကြေငြာချက်ကို အစိုးရက စက်တင်ဘာလ ၂၃ ရက်နေ့တွင် ရုပ်သိမ်းလိုက်သည်။

ဘင်္ဂလားဒေ့ရှ သမ္မတရွေးကောက်ပွဲကို ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပရာ သမ္မတ လောင်း ၃၀ ပါဝင်ယှဉ်ပြိုင်သည်။ မဲပေးနိုင်သူဦးရေ ၂၁ သန်း ကျော်ရှိသည့်အနက် အဗ္ဗဒတ်ဆတ္တားက ၁၄ သန်းကျော် (၆၅ ဒသမ ဂ ရာခိုင်နှုန်း) ရရှိခဲ့သည်။ ဆတ္တားသည် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် သမ္မတသစ်အဖြစ်ကျမ်းသစ္စာကျိန်ဆိုပြီးနောက် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် အဖွဲ့ဝင် ၂၄ ဦးပါဝင်သော အစိုးရသစ်ကို ဖွဲ့စည်းသည်။

ဒီဇင်ဘာလတွင် သမ္မတဆတ္တားသည် နိုင်ငံခြားရေးဝန်ကြီး ရှမ်ဆူဟတ်၊ ဘဏ္ဍာရေးဝန်ကြီး ဆေဖာရာမန်၊ လေကြောင်းဌာနဝန်ကြီး မာယီဒုအစ္စလမ် ဂျက်ဒါရာတို့နှင့်အတူ ဆအူးဒီအာရေဗျဘုရင်ခါလက်နှင့် နှစ်နိုင်ငံဆက်ဆံရေးဆွေးနွေးရန် မက္ကာနှင့် မဒီနာမြို့များသို့ သွားရောက်ခဲ့သည်။

မြစ်ဝှမ်းဖွံ့ဖြိုးရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဒက္ကားမြို့၌ ရက်သတ္တတပတ်ကြာ ကျင်းပခဲ့ရာ အိန္ဒိယ၊ နီပေါ၊ ဘူတန်၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှမှ ကိုယ်စားလှယ် ၁၁၀ တက်ရောက်ကြသည်။

မကွေးတိုင်း။ ။မကွေးတိုင်းသည် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် တည်ရှိ၍ ၁၇,၃၀၅ စတုရန်းမိုင် ကျယ်ဝန်းသည်။ နေထိုင်သော လူမျိုးများမှာ မြန်မာ၊ အင်္ဂျင်းနှင့် ရခိုင်လူမျိုးများ ဖြစ်သည်။ စုစုပေါင်း လူဦးရေ ၃၀,၆၇,၇၈၂ ဦးရှိပြီး ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူပေါင်း ၁၆,၀၂,၆၆၀ ဦး ရှိသည်။ မကွေးတိုင်းတွင် ပြည်သူလွှတ်တော် ကိုယ်စား



လှယ် ၃၉ ဦး၊ တိုင်းအဆင့် ဂ၂ ဦး၊ မြို့နယ်အဆင့် ၂,၀၃၀ ဦးနှင့် ရပ်ကွက် ကျေးရွာအုပ်စု အဆင့် ၁၆,၀၆၄ ဦး တို့ကို ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရွေးချယ် တင်မြှောက် ထားသည်။ မြို့နယ် ၂၅ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၁,၆၉၅ ခု တို့ဖြင့် ဖွဲ့စည်းထားသည်။

အဓိက စိုက်ပျိုးသီးနှံများမှာ စပါး၊ နှံစားပြောင်း၊ မြေပဲ၊ နှမ်း၊ ဝါ၊ ပဲမျိုးစုံ၊ မြန်မာဆေးနှင့် ဗာဂျီးနီးယား ဆေးများဖြစ်ကြသည်။ နှမ်းနှင့်မြေပဲ ဖြစ်ထွန်းအောင်မြင်ဆုံး ဒေသဖြစ်သည်။ ၁၉၇၀–၇၁ ခုနှစ်တွင် မကွေးတိုင်း အတွင်း စိုက်ပျိုးမြေကေသုံးသန်းကျော်အထိ ရှိလာသည်။ သီးနှံအထွက် တိုးအောင်လည်း ဆည်မြောင်း စီမံကိန်း၊ ကျေးရွာရေရရှိရေး စီမံကိန်း၊ မြေယာ ဖေါ် ထုတ်ပြုပြင်ရေးနှင့် စိုက်ကွင်းများ တည်ထောင်ရေး စီမံကိန်း၊ သီးနှံမျိုးစေ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ရေစုပ်စက်များဖြင့် ရေပေးဝေရေး စီမံကိန်းတို့ကို ချမှတ် လုပ်ဆောင်နေပြီဖြစ်သည်။

မကွေးတိုင်း၏ အထင်ရှားဆုံး သယံဇာတပစ္စည်းမှာ ရေနံဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေနံ စတင် ထွက်ရှုနှင့် ရေနံအများဆုံး ထွက်ရှိရာဒေသလည်း ဖြစ်သည်။ ရေနံချောင်း၊ ချောက်ရေနံမြေများနှင့် မင်းဘူး စကုမ္ပဏီနယ် အတွင်းရှိ မန်းရေနံမြေများတွင် ရေနံအများဆုံး ထွက်သည်။ မန်းရေနံတွင်းများကို ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝရီလမှ စတင် တူးဖော်ခဲ့ရာ ယခုအခါ ရေနံတွင်း စုစုပေါင်း ၂၀၀ ခန့် ရှိနေပြီ ဖြစ်သည်။ ၁၉၇၀–၁၉၇၁ ခုနှစ်တွင် ရေနံစိမ်း အမေရိကန်စည် ၁၀ ဒသမ ၃ သန်းနှင့် သဘာဝ ဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၁၃,၀၂၆ အထိ ထုတ်လုပ် နိုင်ခဲ့သည်။


မကွေးတိုင်း၏ အဓိက ဆက်သွယ်ရေး လမ်းကြောင်းမှာ ရောဝတီ မြစ်ဖြစ်သည်။ ရောဝတီမြစ် အနောက် ဘက်ခြမ်းတွင် မော်တော်ကား လမ်းများသာရှိသည်။ မိုင်တရာကျော် ရှည်သည့် အမ်း၊ငဖဲ၊မင်းဘူးလမ်းနှင့်ဖောက်လုပ်ဆဲဖြစ်သော ပုသိမ်–မုံရွာ ကားလမ်းမကြီးတို့သည် မကွေးတိုင်း၏ လမ်းပန်း ဆက်သွယ်ရေးအတွက် များစွာ အားထားနေရသော လမ်းများ ဖြစ်ကြသည်။

မကွေးတိုင်းတွင် ဒေသတွင်း စက်မှုလက်မှု လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ၁၉၇၀–၇၁ ခုနှစ်တွင် တည်ဆောက်ပြီး တည်ဆောက်ဆဲ ပြည်သူပိုင်စက်ရုံအလုပ်ရုံ စုစုပေါင်း ၂၂၅ ရုံ ရှိသည်။ ယင်းတို့တွင် ဘိလပ်မြေစက်ရုံ၊ စလေဓာတ်မြေဩဇာစက်ရုံ၊ ကျွန်းချောင်း ဓာတ်မြေဩဇာစက်ရုံ၊ ရေနံချက်စက်ရုံများ၊ ပခုက္ကူ စီးကရက်စက်ရုံ၊ ဝါဇလုပ်ငန်း စက်ရုံများမှာ စီမံကိန်းဝင် စက်ရုံများ ဖြစ်ကြလေသည်။ ပခုက္ကူ၊ ဂန့်ဂေါနှင့် ဆောမြို့နယ်များမှ ထုတ်လုပ်သည့် ချည်ထည်များမှာ နာမည်ကျော်ကြားသည်။

မကွေးတိုင်း၌ ၁၉၇၀–၇၁ ခုနှစ်တွင် ကျောင်းစုစုပေါင်း ၂,၅၃၀ ရှိ၍ ဆရာ၊ ဆရာမ ၉,၅၃၇ ဦးဖြင့် ကျောင်းသူ ကျောင်းသားပေါင်း ၄ ဒသမ ၆ သိန်းကို ပညာသင်ကြားပေးလျက် ရှိသည်။ အခြား အသက်မွေး ပညာသင် ကျောင်းများဖြစ်သော စက်မှုလက်မှုအထက်တန်းကျောင်း၊ စိုက်ပျိုးရေးအထက်တန်းကျောင်း၊ အထက်တန်းယက်ကန်းကျောင်းများကို ဖွင့်လှစ်ပေးထားသည့်အပြင် မကွေး ဒီဂရီကောလိပ်၊ ပခုက္ကူနှင့် ရေနံချောင်း ကောလိပ်များကိုပါ ဖွင့်လှစ်ထားသည်။

ကျန်းမာရေးကဏ္ဍ အနေဖြင့်လည်း ၁၉၇၀–၇၁ ခုနှစ်တွင် တိုင်းအတွင်း ဆေးရုံပေါင်း ၅၁ ရုံအထိ ရှိလာပြီဖြစ်ပြီး ကျန်းမာရေး ဝန်ထမ်းများကိုလည်း တိုးချဲ့ခန့်ထားပေးခဲ့လေသည်။

မလေးရှားနိုင်ငံ။ ။မလေးရှား ဝန်ကြီးချုပ် အဖြစ် ၁၉၇၆ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သော ဒါတုတ် ဟူစိန်အွန်းသည် မလေးအမျိုးသား ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ အဖြစ် ပြန်လည်အရွေးမခံကြောင်းနှင့် ဝန်ကြီးချုပ်ရာထူးမှ စွန့်လွှတ်ကြောင်း မေလ ၁၅ ရက်နေ့က ကြေငြာသည်။



မလေးအမျိုးသားညီညွတ်ရေးအဖွဲ့ အထွေထွေညီလာခံက ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မာဟာသီယာမိုဟာမက်အား ဥက္ကဋ္ဌသစ်အဖြစ် ဇွန်လ ၂၆ ရက်နေ့က ရွေးချယ်ခဲ့သည်။ မာဟာသီယာသည် ၁၉၇၆ ခုနှစ်မှစ၍ ဒုတိယ ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်မှစ၍ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးအဖြစ် လည်းကောင်း၊ ပူးတွဲ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ဒုတိယ ဥက္ကဋ္ဌရာထူးအတွက် ပညာရေးဝန်ကြီး မူဆာဟီတမ်နှင့် ဘဏ္ဍာရေးဝန်ကြီး တန်ကူတန် ဆရီ ရာဇလေ တို့ ယှဉ်ပြိုင်အရွေးခံရာတွင် ပညာရေးဝန်ကြီး မူဆာဟီတမ်အရွေးခံရသည်။

ဇူလိုင်လ ၁၆ ရက်နေ့တွင်ဒေါက်တာမာဟာသီယာသည် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ ဇူလိုင်လ ၁၈ ရက်နေ့တွင် ဝန်ကြီးအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနကို ဝန်ကြီးချုပ်ဒေါက်တာမာဟာသီယာက တိုက်ရိုက်ကိုင်တွယ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနကိုမူ ဒုတိယဝန်ကြီးချုပ်လက်အောက်တွင်ထားရှိသည်။

အစိုးရအဖွဲ့သစ်တွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် လွှတ်တော် အတွင်းရေးမှူး စုစုပေါင်း ၅၉ ဦးအထိ တိုးချဲ့ခန့်ထားသည်။ ဤသို့ တိုးချဲ့ခန့်ထားခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိပ်တန်းဦးစားပေး လုပ်ဆောင်ရန် ဖြစ်သည်ဟု သတင်းစာရှင်းလင်းပွဲ၌ ဒေါက်တာမာဟာသီယာက ပြောကြားသည်။

အကျယ်အဝန်း။	။၁,၂၀,၃၂၀ စတုရန်းမိုင်
လူဦးရေ။	။၁,၃၉,၂၃,၂၁၅
မြို့တော်။	။ကွာလာလမ်ပူမြို့

၁၉၇၆ ခုနှစ် ဧပြီလတွင် ရွေးချယ်ခဲ့သော ဆာဘား ပြည်နယ်အဖွဲ့ကို ၁၉၈၁ ခုနှစ် ဖေဖွဲ့ဝရီလ ၂၁ ရက်နေ့က ဖျက်သိမ်းလိုက်ပြီး ရွေးကောက်ပွဲသစ်ကို ကျေးလက်ဒေသများတွင် မတ်လ ၂၃ ရက်မှ ၂၈ ရက်နေ့ထိလည်းကောင်း၊ မြို့များ၌ မတ်လ ၂၈ ရက်နေ့တွင်လည်းကောင်း ကျင်းပခဲ့သည်။

၁၉၇၀ ပြည့်နှစ်က ပိတ်ပင်ခဲ့သော ဒေါက်တာမာဟာသီယာရေးသားခဲ့သည့် "အကျပ်အတည်းကြုံနေသော မလေးရှား" အမည်ရှိ စာအုပ်ကို ပြန်လည် ထုတ်ဝေခွင့်ပေးကြောင်း ဇူလိုင်လ ၃၀ ရက်နေ့က ကြေငြာသည်။ ယင်းစာအုပ်၌ မလေး လူအဖွဲ့အစည်းတွင် မလေး လူမျိုးနှင့် တရုတ်မျိုးနွယ်များ ဆက်နွယ်ပုံအနေအထားကို တင်ပြရေးသားထားသည်။

ဇူလိုင်လ ၃၀ ရက်နေ့မှာပင် နိုင်ငံရေးအကျဉ်းသား ၂၁ ဦးကို လွှတ်လိုက်ကြောင်း အစိုးရက ကြေငြာသည်။

အငြင်းပွားနေသော ဥပဒေကြမ်း နှစ်ရပ်ကို ဧပြီလ ၉ ရက်နေ့တွင် အထက်လွှတ်တော်က အတည်ပြုလိုက်သည်။ ယင်းဥပဒေကြမ်း နှစ်ရပ်အနက် အဖွဲ့အစည်းများ ပြင်ဆင်ချက်ဥပဒေကြမ်းကို နှုတ်ဖြင့် ဆန္ဒပေး သဘောတူပြီးဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက် ဥပဒေကြမ်းကို ထောက်ခံမဲ ၁၁၈ မဲ၊ ကန့်ကွက်မဲ ၁၂ မဲဖြင့်အတည်ပြုခဲ့ကြသည်။

အဖွဲ့အစည်းများပြင်ဆင်ချက် ဥပဒေကြမ်းမှာ ၁၉၆၆ ခုနှစ် အဖွဲ့အစည်းများ အက်ဥပဒေကို ပြင်ဆင်ထားခြင်းဖြစ်သည်။ နိုင်ငံရေးနှင့်သက်ဆိုင်သည်ဖြစ်စေ၊ မသက်ဆိုင်

မလေးရှားဝန်ကြီးချုပ်အဖြစ်မှ အနားယူသွားသော ဟူစိန်အွန်းက ဝန်ကြီးချုပ်သစ် ဒေါက်တာ မဟာသီယာအား ဂုဏ်ပြု၍ ဝမ်းမြောက်စွာ နှုတ်ဆက်နေပုံ




သည်ဖြစ်စေ၊ အသင်းအဖွဲ့မှန်သမျှမှတ်ပုံတင်ရမည်ဟု ၁၉၆၆ ခုနှစ် အဖွဲ့အစည်းအက်ဥပဒေတွင် ဖော်ပြထားသည်။ နိုင်ငံရေးအသင်းအဖွဲ့မဟုတ်ဟု မှတ်ပုံတင်ပြီး နိုင်ငံရေးရာကိစ္စများတွင် ပါဝင် ပတ်သက်နေပါက အဖွဲ့အစည်းများ၏ မှတ်ပုံတင်အရာရှိက အရေးယူပိုင်ခွင့် ရှိသည်။ မှတ်ပုံတင် အရာရှိ၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ပြည်ထဲရေးဝန်ကြီးဌာနကိုသာ အယူခံလွှာ တင်သွင်းနိုင်သည်။ လက်ရှိအဖွဲ့အစည်းများက ဤဥပဒေကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ကြသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်ဥပဒေကြမ်းတွင် တိုင်းပြည်၌ အရေးအခင်းကြုံလာပါက အရေးပေါ်အခြေအနေကြေငြာရန် နိုင်ငံအကြီးအကဲအား အာဏာလွှဲပြောင်းပေးအပ်သည်ဟု ပါရှိသည်။ နိုင်ငံ၏ လုံခြုံရေးကို ထိပါးနှောင့်ယှက်ရန်ခြိမ်းခြောက်လျှင်သော်လည်းကောင်း၊ ဥပဒေနှင့် အမိန့်များကို ချိုးဖောက်၍ အန္တရာယ်ကျရောက် မည့် ဆဲ ဆဲ အချိန်အခါမျိုး၌သော်လည်းကောင်း အရေးပေါ်အခြေအနေကို ကြေငြာရမည်။ တဖန် လွှတ်တော် နှစ်ရပ်လုံး၏ ကြားကာလ သက်တမ်းတွင် အထက်ပါအခြေအနေမျိုးကြုံကြိုက်ပါက အာဏာပေးအပ်ခြင်းခံရသော နိုင်ငံအကြီးအကဲက အရေးပေါ်အခြေအနေကို ကြေငြာပေးရမည်ဖြစ်သည်။

၁၉၈၁ ခုနှစ် မတ်လတွင်ကျင်းပသော လွှတ်တော် အစည်းအဝေး၌ ဟူစိန်အွန်းက ၁၉၈၁-၈၅ ခုနှစ်အတွင်း အမျိုးသား စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းကိုတင်သွင်းခဲ့သည်။ ယင်းစီမံကိန်းတွင် ၁၉၈၀ ပြည့်နှစ်က တမျိုးသားလုံး အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ မလေးရှားဒေါ်လာသန်း ၂၆,၁၈၈ ရှိခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ဒေါ်လာသန်း ၃၃,၈၂၄ ရှိမည်ဟုလည်းကောင်း၊ ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍသည် အဓိက စီးပွားရေးကဏ္ဍကြီးတရပ်ဖြစ်လာပြီး အလုပ်လက်မဲ့ ရာခိုင်နှုန်းမှာ ၅ ဒသမ ၃ မှ ၄ ဒသမ ၉ သို့ ကျဆင်းသွားမည်ဟု လည်းကောင်း ပါရှိသည်။ ထို့ပြင် ပြည်ပပို့ကုန်နှင့် သွင်းကုန်တိုးတက်နှုန်းမှာ ၉.၇ ရာခိုင်နှုန်းနှင့် ၈.၆ ရာခိုင်နှုန်းအသီးသီးရှိပြီး နိုင်ငံခြားငွေပိုင်ဆိုင်မှုမှာ ၁၉၈၅ ခုနှစ်တွင် မလေးရှားဒေါ်လာသန်း ၂၀,၀၀၀ ရှိလိမ့်မည်ဟု ခန့်မှန်းထားသည်။

မာနိတ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ချောင်းဦးမြို့၊ မဟာဓမ္မာရုံကျောင်းတိုက် (မြန်မာ ၁၂၆၂)။ ။ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ တံသာရွာ အာဘ ဦးကျော်သောင်း အမိ ဒေါ်ဝန်တို့မှ သက္ကရာဇ် ၁၂၆၂ ခုနှစ်၊ တပေါင်းလပြည့်



ဆရာတော် ဘဒ္ဒန္တမာနိတ

ကျော် ၁၃ ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။

အသက် ၁၂ နှစ် အရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကိုင်းရွာ၊ မင်္ဂလာဘုံကျောင်းတိုက် ဆရာတော်ဦးမဉ္ဇုကို ဥပဇ္ဈာယ်ပြု၍ ရှင်မာနိတဟူသော ဘွဲ့အမည်ဖြင့် သာမဏေဘောင်သို့ရောက်ရှိပြီး ကိုင်းရွာသူနပါသာဒိကကျောင်းတိုက် ဆရာတော် ဦးကောဏ္ဍည ထံတွင် ပထမငယ်တန်းဆိုင်ရာ ကျမ်းစာများကိုသင်ယူလျက် ၁၇ နှစ်အရွယ်တွင် အစိုးရ ပထမပြန် စာမေးပဲ့၌ ပထမငယ်တန်းကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၀၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁ ရက် တနင်္ဂနွေနေ့တွင် မုံရွာမြို့နယ်၊ ကိုင်းရွာ မင်္ဂလာဘုံကျောင်းတိုက် ခဏ္ဍသိမ်တော်မြတ်၌ သာစည်ကျေးရွာ သုံးဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး ဦးစန္ဒိမာကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အရှင်မာနိတဟူသော ဘွဲ့အမည်ဖြင့်ပင် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော် ဘုရားကြီးသည် သိက္ခာတော် တဂါအရှည်တွင် မုံရွာမြို့ မဟာလယ်တီကျောင်းတိုက် ပထမဆရာတော် ဘုရားကြီး၏ ခြေတော်ရင်းသို့ ချဉ်းကပ်ပြီး လိုအပ်သော ပထမလတ်တန်းဆိုင်ရာ ကျမ်းစာများကို သင်ယူခဲ့သည်။ ထို့နောက် ၁၂၀၅ ခုနှစ်တွင် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးသူရိယာဘိဝံသ ထံတော်သို့ ချဉ်းကပ်လျက် ပထမကြီးတန်းဆိုင်ရာ ကျမ်းစာများကို ဆက်လက်သင်ကြားတော်မူခဲ့သည်။ ထို့နောက် ၁၂၀၇ ခုနှစ်မှစ၍ ချောင်းဦးမြို့

မဟာဓမ္မာရုံကျောင်းတိုက် ဆရာတော် ဦးဒီပမာလာ အဂ္ဂမဟာပဏ္ဍိတထံတော်တွင်လိုအပ်နေသေးသောပိဋကတ် ကျမ်းစာ ပါဠိတော် အဋ္ဌကထာ ဋီကာများကို ဆိုဝါလိုက်ဝါနှင့်တကွ ဆက်လက်သင်ကြားတော်မူသည်။

အမျိုးသားစာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့်အစိုးရပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတွင် အောင်မြင်တော်မူခဲ့သည်။

ချောင်းဦးမြို့ မဟာဓမ္မာရုံကျောင်းတိုက်၌ ပိဋကတ် ကျမ်းစာများကို ပါဠိတော် အဋ္ဌကထာ၊ ဋီကာများ သင်ကြားယင်း ဆရာတော်ဘုရားကြီးအား ကူညီ၍ စာဝါများကို ပို့ချပေးနေစဉ် ၁၂၉၂ ခုနှစ်သို့ရောက်သောအခါ မဟာဓမ္မာရုံ ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူရာ တိုက်တာတာဝန်များကို လွှဲအပ်ခြင်း ခံခဲ့ရသည်။

တိုက်တာ တာဝန်ကို လက်ခံခဲ့ပြီးလျှင် နာယကဆရာတော်အဖြစ်ဖြင့် စာသင်သား အပေါင်းတို့အား စာမေးပွဲဆိုင်ရာ ကျမ်းစာများကို လည်းကောင်း၊ ပိဋကတ်ကျမ်းစာ ပါဠိတော် အဋ္ဌကထာ ဋီကာများကိုလည်းကောင်း ပို့ချလာခဲ့ရာ ၁၃၁၄ ခုနှစ်တွင် ဓမ္မာစရိယနှင့် ပါဠိတက္ကသိုလ် အက်ဉပဒေအရ ပါဠိတက္ကသိုလ်ကျောင်းတိုက် အဖြစ်ကိုရရှိပြီးလျှင် ပါဠိတက္ကသိုလ်ကျောင်းအုပ်အဖြစ်ဖြင့်လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် အဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။


ဝိနိစ္ဆယဋ္ဌာန အက်ဉပဒေအရ ၁၃၁၁ ခုနှစ်မှစ၍ မုံရွာခရိုင်၊ ခရိုင်ဝိနည်းဓိရ် အဖြစ်ဖြင့် ဝိနိစ္ဆယဋ္ဌာန အက်ဉပဒေသက်တမ်းတလျှောက်လုံး အဓိကရဏ်းမှုခင်းများစွာတို့ကို ဖြေရှင်းဆောင်ရွက်တော် မူခဲ့သည်။ ၁၃၁၇ ခုနှစ်တွင် ဆဋ္ဌသင်္ဂီတိကာရကပါဠိဝိသောဓကအဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့သည်။

၁၃၄၁ ခုနှစ်၊ တပို့တွဲလမှစ၍ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၏ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး ဖြစ်မြောက်ရေး သံဃာ့ဝန်ဆောင် ဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ ၁၃၄၂ ခုနှစ်၊ နယုန်လတွင် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် အဖြစ်ဖြင့် လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် စိတ္တဝိဘာဝနီကျမ်း၊ စေတသိကဝိဘာဝနီကျမ်း၊ ရူပဝိဘာဝနီကျမ်းများကို လက်ရေးမူဖြင့် ပြုစုတော်မူခဲ့သည်။

၁၃၄၂ ခုနှစ်၊ နှတ်တော်လပြည့်ကျော် ၁၃ ရက်နေ့တွင် နိုင်ငံတော်ကောင်စီမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်း ခံရသည်။

မာလာရီ၊ဒေါ် (မြန်မာ ၁၂၄၂ – ၁၃၀၄)။ ။စစ်ကိုင်းတောင်ရိုး သမိဒ္ဓါဒယ ချောင် ဆ ရာ ကြီး ဒေါ်မာလာရီကို ညောင်တုံးမြို့ ခတ္တိယရွာကြီးတွင် မြန်မာသက္ကရာဇ် ၁၂၄၂ ခုနှစ် နတ်တော်လပြည့်ကျော် ၁၄ ရက် ကြာသပတေးနေ့၌ အဘ ဦးစက်ဖော် အမိ ဒေါ်အိုင်တို့မှ ဖွားမြင်သည်။ မွေးချင်း ညီအစ်မနှစ်ယောက်အနက် အကြီးဖြစ်သည်။ ဒေါ်မာလာရီ၏ ငယ်မည်မှာ မဖွားကြင်ဖြစ်သည်။



ဒေါ်မာလာရီ

၁၂၅၉ ခုနှစ်တွင် ဖျာပုံမြို့နယ် သမိန်ထောရွာ တောင်ကျောင်း ဘုန်းကြီးထံတွင်ဆယ်ပါးသီလ ခံယူပြီး မဖွားကြင် ဘဝမှ သီလရှင် မမာလာရီဘဝသို့ကူးပြောင်းခဲ့သည်။

၁၂၆၂ ခုနှစ်တွင် ရန်ကုန်မြို့သို့ပြောင်းရွှေ့လာကာ ရေတာရှည်တောရ ဦးဘိုးသာဇရပ်၌နေလျက် စာပေဆက်လက်ဆည်းပူးသည်။ ၁၂၆၆ ခုနှစ်တွင် ညောင်တုံးမြို့၌ ထရံကာဆရာတော်လူထွက် ထရံကာဆရာကြီးထံ၌ သဒ္ဒါအဘိဓမ္မာများ ဆက်လက်သင်ယူသည်။

ထို့နောက်ကျေးဇူးရှင် ဆရာတော်ကြီးများဖြစ်ကြသော မဟာဂန္ဓာရုံဆရာတော်၊ ချမ်းအေးဆရာတော်၊ မစိုးရိမ်ဆရာတော်၊ ရေကန်ချောင်ဆရာတော်၊ တောင်ဘိလူးဆရာတော်၊ စည်ရှင်ဆရာတော်တို့ထံတွင် တပည့်ခံယူကာ မဟာဂန္ဓာရုံဆရာတော်ပြဋ္ဌာန်းတော်မူသော သီလရှင်ဥပဒေများအတိုင်း စစ်ကိုင်းတောင်ရိုးရှိ သမိဒ္ဓါဒယ ချောင်ကို အုပ်ချုပ်ခဲ့သည်။ တပည့်များကိုလည်း ထရံကာ ဆရာကြီးနည်းအတိုင်း ကျမ်းရိုးကျအောင် ပို့ချသည်။ သီလရှင် တပည့်များ စာပေပရိယတ္တိဘက်၌ များစွာတိုးတက်စေရန် သမိဒ္ဓါဒယ ပရိယတ္တိအခြေပြု အာဂမယုတ္တိ စာပြန်ပဲ့ကို ၁၂၈၈ ခုနှစ်မှစ၍နှစ်စဉ်ကျင်းပပေးခဲ့သည်။ ၁၃၀၂ ခုနှစ်တွင်

ဒေါ်မာလာရီဦးဆောင်၍ သီလရှင်သာသနောဒယ အသင်းကြီးမှစဲစည်းကာ ယင်းအဖွဲ့ကြီးမှတာဝန်ယူ၍ မင်္ဂလာတံခွန်စာမေးပွဲနှင့် သာသနာ့တံခွန်စာမေးပွဲများလည်း ကျင်းပပြုလုပ်ပေးသည်။ ၁၂၉၉ ခုနှစ် ပထမပြန် စာမေးပွဲနှင့် စပ်လျဉ်း၍ နည်းဥပဒေများပြင်ဆင်ရန် ပထမပြန်စာမေးပွဲစုံစမ်းရေး ကော်မတီကို အစိုးရက ဖွဲ့စည်းပေးခဲ့ထာ ထိုကော်မတီတွင် ဒေါ်မာလာရီသည် အဖွဲ့ဝင်တဦးအဖြစ် ပါဝင်သည်။

ဒေါ်မာလာရီ၏ ပရိယတ္တိသာသနာပြု တိုက်ခွဲများမှာ မော်လမြိုင် အိမ်တော်ရတိုက်၊ ရန်ကုန်မြို့ အလယ်တောရ သမိဒ္ဓေါဒယ မော်လမြိုင်တိုက်၊ ရန်ကုန်မြို့ ဟံသာဝတီ သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်တိုက်၊ မြန်အောင်မြို့ သမိဒ္ဓေါဒယ သုခိတာရာမတိုက်သစ်၊ ပြုန်တန် ဆာမြို့ သမိဒ္ဓေါဒယ ဓမ္မဇောတိကာရုံ စာသင်တိုက်၊ စစ်ကိုင်းတောင်ရိုး ဇေယျသိဂီချောင်တို့မှာ သမိဒ္ဓေါဒယချောင်ခွဲ၊ တိုက်ခွဲများပင် ဖြစ်သည်။ ယင်းစာသင်တိုက်များမှ ပထမကျော်ဘွဲ့ရ၊ ဓမ္မာစရိယဘွဲ့ရ သီလရှင်များ များစွာ ပေါ်ထွက်ခဲ့ပြီး ဖြစ်သည်။

ဆရာကြီးသည် သင့်လျော်မည့် တပည့်များကို အထောက်အပံ့ပေး၍ တရားအားထုတ်ရန် ရိပ်သာများသို့ ပို့ပေးသည်။ တရားရှု မှတ်နည်းများကို စနစ်တကျ သင်ပြပေးသည်။

သာသနာ့တာဝန်ကို နှစ်ပေါင်း ကိုးဆယ်ကျော် ထမ်းဆောင်ခဲ့သော ဆရာကြီးဒေါ်မာလာရီသည် ၁၃၄၂ ခုနှစ် တပို့တွဲလဆုတ် ၂ ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင်၌ ကွယ်လွန်သည်။

မီးထရောင်း, ဖရန့်စ္စာ။ ။

(ပြင်သစ်နိုင်ငံ—ရှု)



ဟော့စနီမူဘာရက်

မူဘာရက်, ဟော့စနီ (ခရစ် ၁၉၂၉) ။ ။အီကျစ်သမ္မတ မူဘာရက်သည် သမ္မတ အနှစ်ဝါဆဒတ်လုပ်ကြံခံရပြီးနောက် အီကျစ်နိုင်ငံ၏သမ္မတရာထူးကို ဆက်ခံသူ ဖြစ်သည်။ မူဘာရက်ကို ၁၉၂၉ ခုနှစ်တွင် နိုင်းမြစ်ဝှမ်းရှိ မင်နော်ဖီယာပြည်နယ်၌ မွေးဖွားခဲ့သည်။ အသက် ၂၀ အရွယ်တွင် အီကျစ်စစ်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး အီကျစ် လေတပ်မတော်တွင် အမှုထမ်းခဲ့သည်။

မူဘာရက်သည် ဆိုဗီယက် ပြည်ထောင်စုတွင် တိုက်လေယာဉ်မှူးသင်တန်းကို တက်ရောက် အောင်မြင်ခဲ့သည်။ ထူးချွန်သော လုပ်ရည်ကိုင်ရည် များကြောင့် ၁၉၆၉ ခုနှစ် တွင် အီကျစ်နိုင်ငံ လေတပ် စစ်ဦးစီးချုပ်ရာထူးကို ရရှိခဲ့လေသည်။ နောက် သုံးနှစ်အကြာတွင် သမ္မတ ဆဒတ်သည် မူဘာရက်အား လေတပ်စစ်သေနာပတိချုပ်အဖြစ် ရာထူးတိုးမြှင့် ခန့်အပ်ခဲ့သည်။

၁၉၇၃ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် ဖြစ်ပွားသော အာရပ် အစ္စရေး တိုက်ပွဲတွင် အီကျစ်လေတပ်၏ လျှပ်တပြက် လေကြောင်း တိုက်ခိုက်မှုကြောင့် အီကျစ်ကြည်းတပ်ဖွဲ့ဝင်များ စူးအက်တူးမြောင်းကို ဖြတ်ကျော်နိုင် ခဲ့ပြီး ၁၉၆၇ ခုနှစ်၊ ခြောက်ရက်စစ်ပွဲတွင် ဆုံးရှုံးခဲ့သော အာရပ်နယ်မြေအချို့ကို အစ္စရေးတို့လက်မှ ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ ထို့ကြောင့်လည်း သမ္မတ ဆဒတ်သည် လေတပ်စစ်သေနာပတိချုပ် မူဘာရက်အပေါ် ပို၍နှစ်သက် အားရပြီး လက်ရုံးသဖွယ် အားကိုးအားထား ပြုခဲ့လေသည်။

ထို့ကြောင့် ၁၉၇၅ ခုနှစ်တွင် ဆဒတ်သည် သူ၏ရာထူးနှင့် နိုင်ငံရေးအမွေကို ဆက်ခံမည့်သူ အဖြစ် မူဘာရက် အား စိတ်တိုင်းကျ ရွေးချယ်ကာ ဒုတိယ သမ္မတ အဖြစ် ခန့်အပ်ခဲ့လေသည်။

ဒုတိယ သမ္မတအဖြစ် တာဝန် ဝတ္တရားများကို ထမ်းဆောင်နေစဉ် မူဘာရက်သည် အမျိုးသား ဒီမိုကရက်တစ်ပါတီ၏ အထွေထွေ အတွင်းရေးမှူးအဖြစ် တဲ့ဖက်တာဝန်ယူထားသည်။ အီကျစ် တပ်မတော်၏ လက်နက်ပြန်လည် တပ်ဆင်ရေး အစီအစဉ်တွင် လည်းကောင်း၊ ထောက်လှမ်းရေးလုပ်ငန်းများတွင် လည်းကောင်း၊ သမ္မတရုံး၏ လုပ်ငန်းများပုံမှန်လည်ပတ်ရေးတွင် လည်းကောင်း မူဘာရက်သည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ခဲ့သည်။ အထူးသဖြင့် သမ္မတဆဒတ်၏ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးနှင့် ပတ်သက်သော နိုင်ငံတကာ ဆွေးနွေးပွဲများတွင် အမြဲပါဝင်၍

အကြံဉာဏ်များပေးခဲ့ရသည်။ သမ္မတ ဆဒတ်နှင့် ခြောက်နှစ်ခွဲခန့် အနီးကပ် နေထိုင်ကာ အယုံကြည်ရဆုံး၊ သစ္စာအရှိဆုံး ပုဂ္ဂိုလ်အဖြစ် နိုင်ငံအုပ်ချုပ်ရေးများကို တွဲ၍ လုပ်ကိုင်ခဲ့ရသည်။

မစ္စတာ မူဘာရက်သည် လွန်ခဲ့သော အနှစ် ၃၀ ခန့်မှစ၍ ဆိုဗီယက်နှင့် အနောက်ကမ္ဘာသို့ ရောက်ရှိခဲ့သည့် အပြင် အာရပ်ကမ္ဘာ အနှံ့သို့လည်း သွားရောက်ခဲ့လေသည်။ အင်္ဂလိပ်နှင့် ရုရှ ဘာသာစကားကိုလည်း တတ်ကျွမ်းသည်။

၁၉၈၁ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် သမ္မတ ဆဒတ် လုပ်ကြံခံရသော စစ်ရေးပြ အခမ်းအနား၌ သမ္မတ၏ လက်ယာဘက်ဘေးတွင် မူဘာရက်လည်း အတူ ရှိနေခဲ့သည်။ အခင်းဖြစ်ပွား၍ လက်ဝဲလက်တွင် ဒဏ်ရာအနည်းငယ်ရသော်လည်း အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

သမ္မတ ဆဒတ် ကွယ်လွန်သွားသဖြင့် ဒုတိယ သမ္မတဖြစ်သော မူဘာရက်အား အီဂျစ် သမ္မတဧလောင်း အဖြစ် အတိုက်အခံ ဆိုရှယ်လစ် လေဘာ ပါတီကပင် ထောက်ခံခဲ့သည်။ အောက်တိုဘာလ ၁၃ ရက်တွင် ပြုလုပ်သော ဆန္ဒခံယူပွဲတွင် ပြည်သူများ၏ တခဲနက် ထောက်ခံမှုကို ရရှိခဲ့သည်။ ကိုင်ရိုမြို့၌ ဆောက်ခံမဲ ၉၉ ရာခိုင်နှုန်းနှင့် အခြားသော မဲဆန္ဒနယ်မြေ အများစုတွင် ရာခိုင်နှုန်းပြည့်နီးပါး ရရှိခဲ့လေသည်။

မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး။ ။

ပထမအကြိမ် ပြည်သူ လွှတ်တော် စတုတ္ထ အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး အန္တရာယ်ကို နှိမ်နင်းတိုက်ဖျက်လျက်ရှိလေသည်။

၁၉၈၀–ခု ခုနှစ် ဘိန်းရာသီတွင် သက်ဆိုင်ရာ ပါတီကောင်စီတို့၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူကာ တပ်မတော်၊ ပြည်သူရဲတပ်ဖွဲ့နှင့် လုပ်သားပြည်သူတို့ပူးပေါင်းပြီး ရှမ်းပြည်နယ်တွင် ငရဲပန်းအဆင့် ၁ စစ်ဆင်ရေးဖြင့်လည်းကောင်း၊ အခြားပြည်နယ်နှင့် တိုင်းများတွင် ဒေသန္တရ စစ်ဆင်ရေးဖြင့်လည်းကောင်း ဘိန်းခင်းများကို ဖျက်ဆီးခဲ့သည်။ ဘိန်းရာသီကုန်ဆုံးသည့် ၁၉၈၁ ခုနှစ် မတ်လကုန်အထိ ရှမ်းပြည်နယ်တွင် ၆,၈၅၁ ဒသမ ၀၂ ဧကာ၊ ကချင်ပြည်နယ်တွင် ၅၃ ဧကာ၊ ချင်းပြည်နယ်တွင် ၉ ဒသမ ၅ ဧကာ၊ စုစုပေါင်း ဘိန်းခင်း ၆,၉၁၃ ဒသမ ၅၂ ဧကာကို ဖျက်ဆီး နှိမ်နင်းခဲ့သည်။

မူးယစ်ဆေးဝါး အန္တရာယ်၏ ပင်ရင်းတခု ဖြစ်သော ဆေးခြောက်ပင်သည် ရာသီဥတုနှင့် မြေနေရာ ဒေသမရွေး စိုက်ပျိုး ဖြစ်ထွန်းလွယ်သည့် အပင်မျိုး ဖြစ်သဖြင့် ဆေးခြောက်ပင် စိုက်ပျိုးမှုကို မျက်ခြည်မပြတ် စုံစမ်းထောက်လှမ်း၍ အရေးယူ ဆောင်ရွက်လျက်ရှိ၏။ ၁၉၈၁ ခုနှစ် ပထမ ခြောက်လပတ်အတွင်း တနင်္သာရီတိုင်း၌ ဆေးခြောက်ပင် သုံးပင်၊ ရန်ကုန်တိုင်း၌ ဆေးခြောက်ပင် ခြောက်ပင်၊ ရှောဝတီတိုင်း၌ ဆေးခြောက်ပင် ၂၇၀ နှင့် ချင်းပြည်နယ်၌ ဆေးခြောက်ပင် ၅၀၀ စုစုပေါင်း ဆေးခြောက်ပင် ၇၇၉ ပင်ကို ဖျက်ဆီးနိုင်ခဲ့သည်။

မူးယစ်ဆေးဝါး အန္တရာယ် တားဆီး ကာကွယ်ရေး အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ် ဖောက်ကားမှုများကို ဖော်ထုတ် ဖမ်းဆီးခြင်း၊ စားသုံးသူများကို ဖမ်းဆီး အရေးယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အထူးစစ်ဆင်ရေး ဆောင်ရွက်ချက်အဖြစ် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်က ဦးစီးကွပ်ကဲ၍ ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ်ရှိ မြန်မာနိုင်ငံနှင့် နယ်စပ်ဖြစ်သော လွယ်လန်းကာကူးဒေသတွင် ၁၉၈၁ ခုနှစ် မတ်လ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အထိ မိုးဟိန်းအဆင့် ၆ စစ်ဆင်ရေး ဆင်နွှဲခဲ့ရာ ဘိန်းချက်စခန်းများမှ ဘိန်းချက်ပစ္စည်းများနှင့် ဓာတုဗေဒ ဆေးဝါး အများအပြားကို သိမ်းဆည်းရရှိခဲ့သည်။

ထို မိုး ဟိန်း အဆင့် ၆ စစ်ဆင်ရေးတွင် ဘိန်းစိမ်း၊ ဘိန်းမည်း ၈၆၈ ဒသမ ၇၉၁ ကီလိုဂရမ်၊ ဘိန်းဖြူ ၂၄ ဒသမ ၅၃ ကီလိုဂရမ်၊ ပင်နယ်စလင်နှစ်ပုလင်းနှင့် ဘိန်းဖြူ၊ ၁၀ ကျပ်တန် ဘိန်းဖြူ ၁၃ ထုပ်၊ ဘိန်းချေး ၇၃ ဒသမ ၅,၆၂၅ ဂရမ်၊ ဘိန်းဆီ ၄၅ ဒသမ ၀၂ ဂရမ်၊ ဘိန်းခင်း ၆,၃၂၄ ဒသမ ၈၃ ကော၊ ဆေးခြောက် ၇၀ ဒသမ ၃၃၆ ကီလိုဂရမ်နှင့် ဆေးခြောက်ရွာပိုက် ခြောက်စုံတို့ကိုဖမ်းဆီးရမိ၍ ဖျက်ဆီးနိုင်ခဲ့သည်။

ထို့အပြင် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၏ အခန်း ၁၂၊ အပိုဒ် ၅၆ အရ မှတ်ပုံတင်ခြင်းနှင့် ဆေးဝါးကုသခြင်းကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခဲ့ရာ မြို့နယ်ပေါင်း ၃၁၄ မြို့နယ်အနက် ၁၅၉ မြို့နယ်တွင် ဖွဲ့စည်းပြီး မှတ်ပုံတင်ခြင်းနှင့် ဆေးဝါးကုသခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး တာဝန်ဝတ္တရားများ ဆောင်ရွက်ရာတွင် ပြည်သူရဲတပ်ဖွဲ့ဝင်များသည် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူရဲတပ်ဖွဲ့ မူခင်းသိပ်ပွဲ၌ သင်တန်းများ ပို့ချပေးလျက်ရှိ၏။ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးစုံစမ်းမှု သင်တန်း အမှတ်စဉ် ၁၄ ကို ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နေ့မှ မတ်လ ၇ ရက်နေ့အထိ ဖွင့်လှစ်ပြီး ပြည်သူရဲတပ်ဖွဲ့ဝင် သင်တန်းသား ၃၉ ဦးတို့ကို လည်းကောင်း၊ သင်တန်း အမှတ်စဉ် ၁၅ ကို မတ်လ ၂၃ ရက်နေ့မှ ဧပြီလ ၁၁ ရက်နေ့

အထိ ဖွင့်လှစ်ပြီး သင်တန်းသား ၃၉ ဦးတို့ကို လည်းကောင်း သင်တန်းပေးခဲ့သည်။

ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေး ရန်ပုံငွေဖြင့် ဝယ်ယူမွေးမြူခဲ့သော မြည်းများသည် ၁၉၈၁ ခုနှစ် ဇွန်လ ကုန်တွင် အကောင် ၃၀ ရှိသည်။ ဘိန်းအစားထိုး မွေးမြူရေးခြံဖြစ်သော ဟဲဟိုးခြံမှ ဝက် ၂၁ ကောင်၊ ကြက်အကောင် တထောင်ကျော်ကို ဘိန်းအစားထိုးနယ်မြေများသို့ ဖြန့်ဖြူးပေးခဲ့သည်။ ထိုဟဲဟိုးခြံတွင် နွား ၃၇ ကောင်၊ ဝက် ၃၂ ကောင်၊ ကြက် ၃,၄၁၁ ကောင် မွေးမြူလျက်ရှိသည်။

အလယ်တန်းနှင့်အခြေခံပညာအဆင့်မြင့်တန်းကျောင်းသား ကျောင်းသူများ၏ မူးယစ်ဆေးဝါး အန္တရာယ် ဆိုင်ရာ ပန်းချီပြိုင်ပွဲဝင် ကားများကို စိစစ် ရွေးချယ်ပြီး ပြပွဲတရပ်ကို ၁၉၈၁ ခုနှစ် ဇန္နဝါရီလအတွင်း ကျင်းပကာ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် "သူတို့ ဆေးလိပ် သောက်ကြသလား" ရုပ်ပြ ပညာပေးစာစောင်ကို လည်းကောင်း၊ ဆေးလိပ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ကို ရှောင်ကြဉ်ရန် ဆောင်ပုဒ်များကို လည်းကောင်း ပုံနှိပ်ထုတ်ဝေခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် မူးယစ်ထုံထိုင်း ဘေးဖြစ်စေသော ဆေးဝါးများအန္တရာယ် တိုက်ဖျက်နှိမ်နင်းရေးနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များနှင့်အညီ လူထုပညာပေးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ သတင်း၊ သတင်းစာအာဘော်၊ ဖတ်စရာ မှတ်စရာ အခန်းများမှ လည်းကောင်း၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဟာသပြောချက်၊ ဆွေးနွေးချက်ပုံစံများဖြင့်လည်းကောင်း၊ တေးသီချင်းဖြင့် လည်းကောင်း အသံလွှင့်ခဲ့သည်။

ဘိန်းအစား အခြားသီးနှံများ အစားထိုး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ဆောင်ရန် နိုင်ငံတော်က စနစ်တကျ စီမံဆောင်ရွက်လျက်ရှိရာ အခြေစိုက်စခန်း ၃ ခုနှစ်ခု၊ တိုးချဲ့ပညာပေးစခန်း ခြောက်ခုနှင့် ရွှေတန်းစခန်း ကိုးခုကို ဖွင့်လှစ်ထားသည်။ အဆိုပါ စခန်းများတွင် နှစ်စဉ် မြို့နယ်အလိုက် အစားထိုးမည့် ဧရိယာနှင့် သင့်လျော်သည့် သီးနှံများ ရွေးချယ်သတ်မှတ်ခြင်း၊ သီးနှံမျိုးစေ့များ စုဆောင်း၍ ဒေသခံဖြန့်ဖြူးခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးမွှားကာကွယ်ဆေးများကို အခမဲ့ဖြန့်ဖြူးခြင်းနှင့် နယ်လှည့်ပညာပေးရုပ်ရှင်နှင့် ရုပ်သေများ ပြသ၍ စည်းရုံးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဘိန်းဒေသ အခြားသီးနှံများ အစားထိုး စိုက်ပျိုးရေးနှင့် မွေးမြူရေးအဖွဲ့သည် ဖွင့်လှစ်ထားသော စခန်းများတွင် စပါး၊ ဂျုံ၊ ပြောင်းဖူး၊ မြေပဲ၊ ဟင်းသီးဟင်းရွက်၊ ပဲပုပ်၊ အာလူးစသည့် နှစ်ချင်းသီးနှံပင်များနှင့်သစ်ကြားသီးပင်၊ သစ်တော့ပင်၊ ပန်းသီးပင်၊ သနပ်ဖက်ပင်၊ လက်ဖက်ပင်၊ လိမ္မော်ပင်၊ ကော်ဖီပင်၊ မက်မန်းပင်၊ လိုက်ချီးပင်၊ လောင်ဂန်ပင်၊ တည်ပင်၊ ထောပတ်ပင် စသည့် ပျိုးပင်များကို ဖြန့်ဖြူးပေးရာ ယခုအခါတွင် ဘိန်းအစား နိုင်ငံနှင့် လူမျိုးကို အကျိုးပြုမည့် အခြား သီးနှံပင်များကို အစားထိုးစိုက်ပျိုးနိုင်ကြပြီ ဖြစ်သည်။

နိုင်ငံတော်တွင် လက်ရှိ ဆောင်ရွက်လျက် ရှိသော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများအနက် ဆေးဝါးကုသရေးအဖွဲ့ငယ်ကိုလည်း ဖွဲ့စည်း၍ စီမံချက်များချမှတ်ကာ မူးယစ်ဆေးဝါးအန္တရာယ်ကို လုံးဝပပျောက်သွားသည်အထိ ရေရှည်ဦးတည်ချက်ထားရှိပြီး ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ရန်ကုန်မြို့စိတ်ရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးနှင့် တောင်ကြီးမြို့ စပ်စံထွန်းဆေးရုံကြီးများရှိ မူးယစ်ဆေးစွဲ ရောဂါကုသရေးဌာနများကို တိုးချဲ့တည်ထောင်လျက်ရှိသည်။ လားရှိုးမြို့တွင် မူးယစ်ဆေးစွဲ ရောဂါကုသဆောင်ကို ဖွင့်လှစ်ပေးပြီးဖြစ်သည်။ ထို့ပြင် သရက်မြို့နှင့် မြစ်ကြီးနားမြို့တွင် ဘိန်းဖြတ်ဆေးရုံကို ဆောက်လုပ် ဖွင့်လှစ်ပေးခဲ့သည်။

၁၉၈၁ ခုနှစ် ဇွန်လ ၁ ရက်နေ့စွဲဖြင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့က အမိန့်အမှတ် ၂/၈၁ ကို ထုတ်ပြန်ကြေငြာခဲ့သည်။ ထိုကြေငြာချက်တွင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဖမ်းဆီးရမိခြင်းအပေါ် နိုင်ငံတော်က ဆုငွေများ ချီးမြှင့်မည့် အစီအစဉ်ဖြစ်သည်။

ဖမ်းဆီးရမိသော ဆေးဝါးတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းကို နိုင်ငံတော်အတွက် သတ်မှတ်ပြီး ကျန် ၅၀ ရာခိုင်နှုန်းကို ဆုငွေသတ်မှတ်ထားသည်။ ဆုငွေပမာဏကို အပုံ ၅၀ ပုံပြီး ပထမအပုံ ၂၀ ကို သတင်းပေးသူ၊ ဒုတိယအပုံ ၂၀ ကို နိုင်ငံတော်ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဖွင့်ထားသည့် ဗဟိုရန်ပုံငွေ၊ ကျန် ၁၀ ပုံကို စုံစမ်းသည့်အဖွဲ့၊ ရှာဖွေသည့်အဖွဲ့အား ချီးမြှင့်မည်ဖြစ်သည်။ ထို့ပြင် ပြစ်မှုကျူးလွန်ရန် ကြံစည်နေကြောင်း သတင်းပေးသူ၊ ဖမ်းမိအောင် ကူညီသူတို့ကိုလည်း ထိုက်သင့်သောဆုငွေ ချီးမြှင့်မည်ဟု ပါရှိလေသည်။

မေမေဝင်း၊ ဒေါ် (မြန်မာ ၁၂၇၀-၁၃၄၃)။ ။ရုပ်ရှင်သရုပ်ဆောင် ဒေါ်မေမေဝင်းကို အဘ ဦးဖိုးစိန်၊ အမိဒေါ်အေးခင်တို့မှ မြန်မာသက္ကရာဇ် ၁၂၇၀ ပြည့်နှစ်တွင် မွေးဖွားသည်။ မြစ်ဝကျွန်းပေါ် ဒေသ မလက်တိုရွာ ဇာတိ ဖြစ်သည်။ အမည်ရင်းမှာ ဒေါ်ခင်မြမြ ဖြစ်သည်။



ဒေါ်မေမေဝင်း

ယေ်ရွယ်စဉ်အခါကပင် ရုပ်ရှင်လုပ်ငန်းတွင် ဝါသနာထုံသည်။ ရန်ကုန်မြို့သို့ သွားရောက်ကာ ဒါရိုက်တာ ဆရာခန့်၏ ယူနိုက်တက် အတ်တစ်ကုမ္ပဏီမှ ထုတ်လုပ်သော ထိပ်ထိပ်ကြဲ ဇာတ်ကားတွင် စတင် ပါဂင်သရုပ်ဆောင်ခဲ့သည်။

မြမြအမည်နှင့်ပင် အေဝမ်းရုပ်ရှင်၌ ညဉ့်ဦးယံ(၁၉၃၃)၊ စိမ်းရွှေရွှေ (၁၉၃၄)၊ ဒွေးညီနောင်(၁၉၃၄)၊ အောင်ပင်လယ်(၁၉၃၄)၊ သံခမောက် (၁၉၃၅) စသည့် ရုပ်ရှင်ဇာတ်ကားများတွင် သရုပ်ဆောင် ပါဝင်ခဲ့သည်။

တဖန် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီသို့ ဝင်ရောက်ပြီး ခေတ်ဆန်သူ အသံထွက် ဇာတ်ကားကို ၁၉၃၆ ခုနှစ်တွင် ရိုက်ကူးခဲ့သည်။ ထိုအချိန်မှစ၍ မေမေဝင်းဟူသော အမည်သို့ ပြောင်းလဲခေါ်သည်။

အချစ်ဆုံးနှင့် ဗိုလ်အောင်ဒင် အသံထွက်ရုပ်ရှင်ဇာတ်ကားများသည် မေမေဝင်း၏ သရုပ်ဆောင်အကောင်းဆုံးသော ဇာတ်ကားများအဖြစ် အသိအမှတ်ပြုကြသည်။

အချစ်ဆုံး ရုပ်ရှင်ဇာတ်ကားနှင့် ဗိုလ်အောင်ဒင် ရုပ်ရှင်ဇာတ်ကား နှစ်ကားစလုံးကိုပင် ညွှန်မြန်မာရုပ်ရှင်(ဗြိတိသျှဘားမားရုပ်ရှင် ကုမ္ပဏီ) ကပင် ၁၉၃၉ ခုနှစ်နှင့် ၁၉၄၀ ပြည့်နှစ်တွင် ရိုက်ကူးခဲ့သည်။

ဒေါ်မေမေဝင်းသည် ရဲအရာရှိ ဦးမောင်ဝင်းနှင့် ငယ်ရွယ်စဉ်ကပင် အိမ်ထောင်ကျခဲ့ပြီး တဦးတည်းသော သမီး ဘေဘီဝင်း ကျန်ရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မအူပင်မြို့ မလက်တိုရွာသို့ ပြန်လည်ရောက်ရှိ ခိုလှုံနေပြီး နောက် စစ်ပြီးခေတ်တွင် ဦးစိန်အောင်မင်းဇာတ်နှင့်လိုက်၍ ရွှေပိုင်း ပြဇာတ်များတွင် ပါဝင်ကပြခဲ့သည်။ ရုပ်ရှင်များတွင်လည်း လူကြီးခန်းမှ ပါဝင်သရုပ်ဆောင်ခဲ့သည်။

ဒေါ်မေမေဝင်းသည် အသက် ၇၃ နှစ် (၁၃၄၃ ခုနှစ် နှစ်ဆန်းတရက်နေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

မော်တွန်း(ခရစ် ၁၈၉၆–၁၉၈၁)။ ။တရုတ် စာရေးဆရာကြီး မော်တွန်း၏နာမည်ရင်းမှာ ရှင်ယန်ပင်းဖြစ်၍ ၁၈၉၆ ခုနှစ် ဇူလိုင်လ ၄ ရက် စနေနေ့တွင် မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူမှာ ဆေးဆရာဖြစ်၍ မော်တွန်း ကိုးနှစ်သားအရွယ်၌ ကွယ်လွန်သည်။ မိခင်ဖြစ်သူသည် ရှေးတရုတ်စာပေများ၌ နှံစပ်သူဖြစ်သဖြင့် မော်တွန်း၏ စာပေဝါသနာကို အထောက်အကူပြုခဲ့သည်။



စာရေးဆရာကြီး မော်တွန်း

မော်တွန်းသည် ပီကင်းတက္ကသိုလ်၌ သုံးနှစ်မျှတက်ရောက် သင်ကြားခဲ့သော်လည်း ဘွဲ့ယူသည်အထိ ဆက်လက်သင်ကြားခြင်း မပြုချေ။

၁၉၁၆ ခုနှစ်၌ မော်တွန်းသည် ရှန်ဟဲမြို့ရှိ စာပေထုတ်ဝေရေး တိုက်တတိုက်၌ အလုပ်လုပ်ခဲ့ရာ ထိုစာပေတိုက်နှင့် ဆက်စပ်လျက်ရှိသော စာသင်ကျောင်း၌ အင်္ဂလိပ်စာ ပို့ချခဲ့သည်။ ထိုစာပေတိုက်ထုတ် ကျောင်းသားမဂ္ဂဇင်း စာစောင်ကို ကူညီတည်းဖြတ်ပေး၍ ကျောင်းသားများနှင့် ပတ်သက်သော ဆောင်းပါးများကို ရေးပေးသည်။ အမေရိကန်ကလေးပုံပြင်များကို ဘာသာပြန်ပေးရသည်။

မော်တွန်း၏ ပထမဆုံးစာမူသည် ၁၉၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ပုံနှိပ် ထုတ်ဝေခြင်းခံရသည်။ ထိုစာမူ၏အမည်မှာ "စာရေးဆရာ၏ တာဝန်သည် အဘယ်နည်း" ဖြစ်သည်။

၁၉၂၁ ခုနှစ်၌ မော်တွန်းသည် စာပေသုတေသနအဖွဲ့စတင်ဖွဲ့စည်းရာ၌ ပါဝင်ခဲ့သည်။ ထိုနှစ်၌ပင် ရှန်ဟဲမြို့ရှိ လစဉ်ထုတ် "ဝတ္ထုတိုမဂ္ဂဇင်း"၌ စာတည်းအဖြစ် ဆောင်ရွက်သည်။ သူ၏ကြိုးပမ်းမှုကြောင့် ထိုစာပေမဂ္ဂဇင်းသည် ရှေ့တန်းသို့ရောက်ခဲ့ပြီး အရောင်းရလည်း တိုင်ကျယ်လာသည်။ စာရေးဆရာသစ်များကိုလည်း မွေးထုတ်နိုင်ခဲ့သည်။

၁၉၂၇ ခုနှစ်၌ ဟန်ကောမြို့မှထုတ်ဝေသည့် "ပြည်သူ့နေ့စဉ်" သတင်းစာကို တည်းဖြတ်ခဲ့သည်။

၁၉၂၅ – ၂၇ ခုနှစ် တော်လှန်ရေး ကျဆုံးသည့်နောက် ၁၉၂၇ ခုနှစ်တွင် "မော်တွန်း" ဟူသော ကလောင်အမည်ဖြင့် ပထမဆုံးဝတ္ထုများ ရေးခဲ့ရာ ထိုဝတ္ထုများမှာ "စိတ်ပျက်ခြင်း" "ဝေခွဲ၍မရနိုင်ခြင်း" နှင့် "ရှာဖွေခြင်း" တို့ဖြစ်၏။ ထိုဝတ္ထုများမှာ တော်လှန်ရေးကျဆုံး၍ စိတ်ဓာတ်ကျရသည့် အကြောင်းများဖြစ်၏။ ထိုဝတ္ထု သုံးပုဒ်ကို စုပေါင်း၍ "နေကြတ်ခြင်း" ဟူသော အမည်သစ်ဖြင့် ၁၉၃၀ ပြည့်နှစ်၌ပြန်လည်ထုတ်ဝေသောအခါ၊ တော်လှန်ရေးအတွေ့အကြုံ အခက်အခဲများသည် နေကြတ်သကဲ့သို့ ယာယီကိစ္စများသာ ဖြစ်ကြောင်းဖြင့် ထိုစာအုပ်၌ ဖော်ပြခဲ့သည်။ ထိုစာအုပ် ထုတ်ဝေပြီးနောက် မော်တွန်းသည် ကူမင်တန် စုံထောက်ပုလိပ်များ၏ဘေးရန်မှလွတ်ကင်းရန်ဂျပန်နိုင်ငံသို့ ထွက်သွားခဲ့သည်။ တနှစ်ခန့်ကြာ၍ ရှန်ဟဲ့မြို့သို့ ပြန်လည်ရောက်ရှိသောအခါ တရုတ်စာပေလောကဌ မော်တွန်းသည် ထိပ်တန်းအဆင့် ရောက်နေပေပြီ။

မော်တွန်း၏ အခြားကျော်ကြားသော ဝတ္ထုမှာ "သန်းခေါင်ယံ" ဖြစ်၏။ ထိုဝတ္ထုကို ၁၉၃၃ ခုနှစ်၌ ထုတ်ဝေသည်။ ဤဝတ္ထုသည် တရုတ်စာပေသစ် ပေါ်ထွန်းရေး၌ အရေးပါခဲ့ပြီး မော်တွန်းအား ပြည်တွင်းပြည်ပ နာမည်ကျော်စေသော ဝတ္ထုဖြစ်သည်။ ထိုဝတ္ထုကို အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်နှင့် ရုရှဘာသာတို့ဖြင့် ဘာသာပြန်ဆိုပြီး ဖြစ်သည်။


ဂျပန်ဆန့်ကျင်ရေး စစ်ပွဲကာလအတွင်း မော်တွန်းသည် တရုတ်ပြည်တွင်း၌ အနှံ့အပြား ခရီးထွက်ကာ စာပေနှင့် စပ်လျဉ်း၍ ရေးသား ဟောပြောခဲ့ပြီး မဂ္ဂဇင်းများကို တည်းဖြတ်ခြင်း၊ ယဉ်ကျေးမှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟူ၍ ဖြစ်ပေါ်လာသောအခါ မော်တွန်းသည် ယဉ်ကျေးမှု ဝန်ကြီးအဖြစ် ပထမဆုံးခန့်အပ်ခြင်းခံရပြီး ၁၅ နှစ်ကြာမျှ ဆောင်ရွက်ခဲ့သည်။ တရုတ်စာရေးဆရာအဖွဲ့၌လည်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ထိုအဖွဲ့သို့ တရုတ်ယွန်ငွေ ၂,၅၀,၀၀၀ ကိုလည်း လှူဒါန်းခဲ့သည်။ ထိုငွေမှာ နှစ်စဉ် အကောင်းဆုံး ဝတ္ထုများကို ဆုပေးရန် ထားရှိသည့် ရန်ပုံငွေသို့ ကူပံ့ခြင်း ဖြစ်ပေသည်။

မော်တွန်းသည် ၁၉၆၁ ခုနှစ် မတ်လ ၂၇ ရက်သောကြာနေ့၌ ပီကင်းမြို့တွင် ကွယ်လွန်သည်။

မော်ရီတေးနီးယား အစ္စလာမ် သမ္မတနိုင်ငံ။ ။

မော်ရီတေးနီးယား အစ္စလာမ်သမ္မတနိုင်ငံ၌ ၁၉၆၁ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် မအောင်မြင်သော အာဏာသိမ်းပွဲ



တရပ် ဖြစ်ပွားခဲ့သည်။ ယင်းအာဏာသိမ်းပွဲကို မော်ရီတေးနီးယားစစ်တပ်မှ တပ်ပြေးဗိုလ်မှူးကြီးနှစ်ဦးက ခေါင်းဆောင်သည်။

အာဏာသိမ်းသူများသည် မတ်လ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် သမ္မတနန်းတော်၊ စစ်တပ် ဌာနချုပ်နှင့် မြို့တော်နေ့ချေ့ရှိ အသံလွှင့်ရုံများကို တိုက် ခိုက် ကြသည်။ နှစ်နာရီခန့် တိုက်ပွဲဖြစ်ပွားပြီးနောက် နိုင်ငံသည် မိမိတို့လက်ထဲတွင်သာရှိကြောင်း မော်ရီတေးနီးယားဝန်ကြီးချုပ်က အသံလွှင့်ကြေငြာခဲ့သည်။ ထိုနေ့မှစ၍ ဇွန်လ ၂ ရက်နေ့အထိ နေဝင်မီးငြိမ်း အမိန့်ကို ထုတ်ပြန် ကြေငြာလိုက်သည်။ လူပေါင်း ၆၀ ခန့် ကိုလည်းဖမ်းဆီးရမိသည်။

အာဏာသိမ်းခေါင်းဆောင် တပ်ပြေးဗိုလ်မှူးကြီးနှစ်ဦးတို့သည် ယခင်က အမျိုးသားကယ်တင်ရေး စစ်ကော်မတီ (စီအမ်အက်စအင်) ၏ အဖွဲဝင်များဖြစ်ရုံသာမက မော်ရော့ကိုကို လိုလားသော ဒီမိုကရက်တစ်မော်ရီတေးနီးယား မဟာမိတ်ပါတီ (အေအမ်ဒီ) ကို တည်ထောင်သူ အဖွဲဝင်များလည်းဖြစ်သည်။ အာဏာသိမ်းပွဲတွင်ပါဝင်သော ကွန်မန်ဒိုများသည် ပြင်သစ်၊ဆီနီဂေါနိုင်ငံတို့မှတဆင့် မော်ရော့ကိုနိုင်ငံသို့ လာခဲ့ကြပြီး မော်ရော့ကို၏ စစ်ရေးအကူအညီ ရယူခဲ့ကြောင်း မော်ရီတေးနီးယားနိုင်ငံ အကြီး အကဲ ဒုတိယဗိုလ်မှူးကြီး ဟောဒယ်လာက ၁၈ ရက်နေ့တွင် တိုင်းပြည်သို့ အသံလွှင့်ကြေငြာသည်။

မအောင်မြင်သောအာဏာသိမ်းပွဲတွင် ပါဝင်ခဲ့ကြသော တပ်မတော်အရာရှိ လေးဦးအား နိုင်ငံတော်သစ္စာဖောက်မှု၊ တပ်ပြေးမှု၊ လူသတ်မှု စသည့် ပြစ်မှုမျှားဖြင့် အထူးခုံရုံးမှ မတ်လ ၂၄ ရက်တွင် သေဒဏ် ပေးခဲ့လေသည်။ အခြားငါးဦးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် တသက်တကျွန်း၊ ကျန်သုံးဦးအား ယင်းတို့မျက်ကွယ်တွင် စစ်ဆေး၍ သေဒဏ် ကျခံစေရန် ဧပြီလ ၁၉ ရက်နေ့ကအမိန့်ချမှတ်ခဲ့သည်။

မတ်လ ၁၇ ရက်နေ့တွင် အမျိုးသားကယ်တင်ရေး စစ်ကော်မတီ၏ အထူးအစည်းအဝေးတရပ်ကို ကျင်းပသည်။ အာဏာသိမ်းရန် ကြိုးပမ်းမှုတွင် မော်ရော့ကိုနိုင်ငံ ပါဝင်ကြောင်း စွပ်စွဲကာ မော်ရော့ကိုနိုင်ငံနှင့် သံတမန် အဆက်အသွယ်ဖြတ်တောက်ရန် ထိုအစည်းအဝေးက ဆုံးဖြတ်လိုက်သည်။ မော်ရီတေးနီးယားနိုင်ငံ၏ စွပ်စွဲချက်များကို မော်ရော့ကို နိုင်ငံက ငြင်းပယ်ခဲ့သည်။

မတ်လ ၁၈ ရက်နေ့က ပါရီမြို့တွင် ထုတ်ပြန်ကြေငြာခဲ့သော ဒီမိုကရက်တစ်မော်ရီတေးနီးယား မဟာမိတ်ပါတီ၏ ကြေငြာချက်အရ မော်ရီတေးနီးယားနိုင်ငံ၏ မအောင်မြင်သော အာဏာသိမ်းပွဲတွင် ပြင်ပအကူအညီများ လုံးဝမပါဝင်ကြောင်း သိရှိရသည်။

မတ်လ ၁၆ ရက်နေ့တွင် အယ်ဂျီးရီးယားသမ္မတဗိုလ်မှူးကြီး ဘင်ဂျဒစ်ချက်ဒလီက မော်ရီတေးနီးယား နိုင်ငံကို အပြည့်အဝ ထောက်ခံကြောင်း သဝဏ်လွှာတစောင်ပေးပို့သည်။ ထိုနေ့မှာပင် လစ်ဗျာအစိုးရက မော်ရီတေးနီးယားနိုင်ငံကို ထောက်ခံကြောင်း ကြေငြာလေသည်။ ၁၇ ရက်နေ့တွင် မော်ရီတေးနီးယား ဝန်ကြီးများကောင်စီက ဆိုနီဂေါနိုင်ငံသည် အာဏာသိမ်းပွဲတွင် မပါဝင်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။ ထိုနေ့တွင်ပင် အေအမ်ဒီပါတီဝင် ခုနစ်ဦးအား ဆီနီဂေါနိုင်ငံမှ နှင်ထုတ်ပစ်ရန် မော်ရီတေးနီးယားနိုင်ငံ၏ မေတ္တာရပ်ခံချက်ကို ဆီနီဂေါနိုင်ငံက သဘောတူလိုက်သည်။ မော်ရီတေးနီးယားနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်ခွင့်၊ နယ်မြေ တည်တံ့ခိုင်ခွင့်နှင့် ကြားနေခွင့်ရှိရေးတို့အတွက် အမေရိကန်နိုင်ငံက ထောက်ခံကြောင်း အာမခံချက် ပေးသည်။

ဧပြီလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ မော်ရီတေးနီးယား ဝန်ကြီး မစ္စတာဘနေးဂျာရာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် လစ်ဗျာနိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့သည်။ ထရီပိုလီမြို့တော်တွင် ကျင်းပသော နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးပွဲသို့ ပေါ်လစ်ဆာရီယို အဖွဲ့၏ အတွင်းရေးမှူးချုပ် မစ္စတာ မိုဟာမက်အက်ဗဒယ်လာဇစ်လည်း တက်ရောက်သည်။ ယင်းဆွေးနွေးပွဲတွင် မော်ရီတေးနီးယားနိုင်ငံနှင့် ဆဟာရ အာရပ်ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့သည် တနိုင်ငံတည်းအဖြစ် စည်းလုံးရန် လစ်ဗျာနိုင်ငံခေါင်းဆောင် ဗိုလ်မှူးကြီး ကဒတ်ဖီက အဆို

ပြုသည်။ ထို့နောက် နှစ်နိုင်ငံ ပူးတွဲကြေငြာချက် တရပ်ကို ထုတ်ပြန်သည်။

ဧပြီလ ၂၅ ရက်နေ့မှစ၍ အမျိုးသားကယ်တင်ရေး စစ်ကော်မတီ (စီအမ်အက်စအင်) ၏ အစည်းအဝေးကိုနှစ်ရက်ကြာ ကျင်းပခဲ့ပြီးနောက် အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းသည်။

ဤသို့ဖြင့် ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလမှ စတင်ခဲ့သည့် အရပ်သားအစိုးရ၏ အုပ်ချုပ်မှုသည် အဆုံးသတ်ခဲ့သည်။ သို့သော် မော်ရီတေးနီးယား ခေါင်းဆောင်ပိုင်းအတွင်း သဘောထားကွဲလွဲမှုများ ဆက်လက်ရှိနေခဲ့သည်။ လစ်ဗျာကို လိုလားပြီး အနောက်ဆာဟာရ ပဋိပက္ခတွင် ပေါ်လစ်ဆာရီယို ပြောက်ကျားများ၏ လုပ်ရပ်ကို ထောက်ခံသည့် ဒုတိယဗိုလ်မှူးကြီး ဟောဒယ်လာအပါအဝင် အမျိုးသားဝါဒီများကတဘက်၊ လစ်ဗျာနိုင်ငံ၏ သြဇာလွှမ်းမိုးမှု၊ မော်ရီတေးနီးယားနိုင်ငံ မြောက်ပိုင်းတွင် ပေါ်လစ်ဆာရီယိုတို့၏ အခြေခံစခန်းများ ထားရှိမှုတို့ကို ဆန့်ကျင်သည့် အီရတ်လိုလားသူများ (သို့မဟုတ်) အာရပ်အမျိုးသားဝါဒီများက တဘက်ဖြစ်သည်။ အီရတ်လိုလားသူများက မော်ရီတေးနီးယားနိုင်ငံအား ကြားနေနိုင်ငံအဖြစ် ထားလိုကြသည်။

ယခု အသစ်ဖွဲ့စည်းလိုက်သော အစိုးရအဖွဲ့သစ်တွင် ခန့်အပ်ခဲ့သည့် စစ်အရာရှိများသည် အများအားဖြင့် အီရတ်လိုလားသောအုပ်စုမှ ဖြစ်သည်။


အစိုးရအဖွဲ့သစ်တွင် ဒုတိယဗိုလ်မှူးကြီး တာယာဦးဆောင်ကာအဖွဲ့ဝင် ၁၅ ဦး ပါဝင်သည်။ဒုတိယဗိုလ်မှူးကြီး တာယာသည် ၁၉၇၈ ခုနှစ် ဇူလိုင်လအတွင်း သမ္မတ မော့တာအူဒါဒါအား ဖြုတ်ချချိန်မှ ၁၉၇၉ ခုနှစ် မတ်လအထိ ကာကွယ်ရေး ဌာနအကြီးအကဲအဖြစ် ထမ်းဆောင်ခဲ့သူ ဖြစ်ယည်။

တဖန် အမျိုးသား ကယ်တင်ရေး စစ်ကော်မတီ (စီအမ်အက်စအင်) အမြဲတမ်းအတွင်းရေးမှူး အဖွဲ့၏ ဝန်ကြီးဖြစ်လာသည်။ ၁၉၇၉ ခုနှစ် ဇွန်လတွင် အမျိုးသားရဲတပ်ဖွဲ့၏ တပ်မှူးအဖြစ် လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ် ဧပြီလတွင် တပ်မတော် စစ်ဦးစီးချုပ်အဖြစ် လည်းကောင်း၊ ခန့်အပ်ခြင်းခံရပြီး ယခုဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးအဖြစ် ထမ်းဆောင်ခြင်း ဖြစ်သည်။

အကျယ်အဝန်း။	။၄,၁၉,၂၂၉ စတုရန်းပိုင်
လူဦးရေ။	။၁၆,၃၀,၀၀၀
မြို့တော်။	။နောဲချောမြို့

မက္ကဆီကိုသမ္မတနိုင်ငံ။ ။မက္ကဆီကိုနိုင်ငံသည် ၁၉၄၀ ပြည့်နှစ်မှစ၍ လယ်ယာစိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် လူမှုရေးလုပ်ငန်းများတွင် တိုးတက်မှုများရှိခဲ့သည်။

တကမ္ဘာလုံးရှိ မထုတ်လုပ်ရသေးသည့် အရန် ခနေဂက် စိမ်း စုစုပေါင်း၏ ငါးထုခိုင်နှုန်းသည် မက္ကဆီကိုနိုင်ငံတွင်



ရှိသည်။ ကမ္ဘာ့ဖလော်စပါထုတ်လုပ်မှု၏ ၂၀ ဒသမ ၁ ရာခိုင်နှုန်းခန့် ထုတ်ရှိပြီး ကမ္ဘာ့အရန်ဖလော်စပါ စုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းသည်လည်း မက္ကဆီကိုနိုင်ငံတွင် ရှိသည်။ ကမ္ဘာ့ငွေထုတ်လုပ်မှု၏ ၁၄ ဒသမ ၃ ရာခိုင်နှုန်းသည် မက္က ဆီကိုနိုင်ငံမှ ထုတ်ရှိပြီး ကမ္ဘာ့အရန်ငွေစုစုပေါင်း၏ ၁၃ ဒသမ ၉ ရာခိုင်နှုန်းသည်လည်း မက္ကဆီကိုနိုင်ငံတွင် ရှိသည်။ မက္ကဆီကိုနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံသယံဇာတ စတုတ္ထ မြောက် အများဆုံးတွေ့ရှိထားသည့် နိုင်ငံဖြစ်သည်။ သံမဏိ ထုတ်လုပ်ရေး အတွက် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံ၍ ၁၉၈၂ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းတိုးတက်ထုတ်လုပ်ရန် စီမံကိန်းများချမှတ်ဆောင် ရွက်လျက်ရှိသည်။ လက်တင်အမေရိက နိုင်ငံများတွင် မော်တော်ကား ဒုတိယ အများဆုံးထုတ်လုပ်သည့် နိုင်ငံ ဖြစ်သည်။

မက္ကဆီကိုနိုင်ငံသည် အခြား လက်တင်အမေရိကနိုင်ငံ များထက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ထိန်း ထားနိုင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်က စီးပွားရေးတိုးတက် မှုသည် ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး နောင်တွင်လည်း မက္ကဆီကို ရေနံလုပ်ငန်းမှ အကောက် အခွန်များရရှိကာ ဝင်ငွေတိုးလာမည် ဖြစ်သည်။ ၁၉၈၁ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံ၏ စီးပွားရေးကို ၁၉၇၆ ခုနှစ် ကထက် ရာခိုင်နှုန်း ၄၀ တိုးချဲ့ လုပ်ဆောင်နေသည်။ မက္ကဆီကိုနိုင်ငံ၏ ပို့ကုန်အားလုံးအနက် ရေနံပို့ကုန်သည် ၁၉၈၀ ပြည့်နှစ်တွင် ၆၅ ရာခိုင်နှုန်းရှိပြီး ၁၉၈၁ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းရှိအောင် ဆောင်ရွက်သည်။ ဆင်းရဲချမ်းသာ ကွာဟမှု လျော့နည်းရေးအတွက် ၁၉၈၂ ခုနှစ် နှစ်ကုန် ပိုင်းတွင် အလုပ်အကိုင်သစ် လေးသန်းခန့်ကို ဖန်တီးပေး နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

အစိုးရအဖွဲ့နှင့် နိုင်ငံအကြီးအကဲမှာ သမ္မတ လိုပက်ပေါ်တီလိုဖြစ်သည်။။ ၁၉၈၁ ခုနှစ် ဇွန်လ ၈ ရက် နေ့က ပေါ်တီလိုသည် အမေရိကန်သမ္မတ ရေဂင်နှင့် တွေ့ဆုံ ဆွေးနွေးသည်။ ကာရစ်ဘီယံဒေသရှိ နိုင်ငံများ၏စီးပွားရေး နှင့် နိုင်ငံရေးလွတ်လပ်ခွင့်ကို ပိုမိုခိုင်မာအောင် ဆောင်ရွက် မည်ဟု သဘောတူညီခဲ့ကြသည်။အမေရိကန်ပြည်ထောင်စု တွင် မက္ကဆီကိုနိုင်ငံသား ငါးသောင်းတို့ အလုပ်လုပ်ကိုင်ခွင့် ရရှိရေးနှင့် အမေရိကန်နိုင်ငံတွင် ဥပဒေနှင့်မညီပဲ ဝင်ရောက် နေထိုင်သည်ဟု ထင်ရသော မက္ကဆီကိုနိုင်ငံသား ၂ ဒသမ ၃ သန်းအား လွှတ်ငြိမ်းချမ်းသာခွင့်ပေးရေး ကိစ္စများကို ဆွေးနွေးခဲ့သည်။

အကျယ်အဝန်း။	။၇,၆၁,၆၀၁ စတုရန်းမိုင်
လူဦးရေ။	။၇,၁၉,၁၀,၀၀၀
မြို့တော်။	။မက္ကဆီကိုမြို့

အယ်ဆာဗေဒို အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် လက်ဝဲပြောက်ကျားများအား ထောက်ခံကြောင်းကို ၁၉၈၁ ခုနှစ် သြဂုတ်လတွင် မက္ကဆီကိုနိုင်ငံက ပြင်သစ်နိုင်ငံနှင့် ပူးတွဲကြေငြာသည်။

ဖွံ့ဖြိုးပြီး ချမ်းသာကြွယ်ဝသော ကမ္ဘာ့မြောက်ပိုင်း နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲတောင်ပိုင်းနိုင်ငံများအကြား တောင် မြောက်ဆွေးနွေးပွဲကို ၁၉၈၁ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် မက္ကဆီကိုနိုင်ငံ ကန်ကွန်မြို့၌ ကျင်းပသည်။

မန္တလေးတိုင်း။ ။မန္တလေးတိုင်းသည် စတုရန်းမိုင် ပေါင်း ၁၄,၂၉၅ ကျယ်ဝန်းသည်။ လူဦးရေ ၄၂,၃၆,၉၉၆ ခန့် ရှိရာ မြန်မာ၊ ကရင်၊ ကယား၊ ချင်း၊ ပအို၀်၊ မွန်၊ ရှမ်းစသော တိုင်းရင်းသားမျိုးစုံ ထွေနှော နေထိုင်လျက် ရှိသည်။ မြို့နယ် ၂၉ မြို့နယ်၊ ရပ်ကွက် ကျေးရွာအုပ်စုပေါင်း ၁,၇၉၆ ခုတို့ဖြင့် ဖွဲ့စည်းထားသော မန္တလေးတိုင်းတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူပေါင်း ၂၂,၉၆,၁၅၆ ဦးရှိပြီး ပြည်သူ လူတ်တော် ကိုယ်စားလှယ် ၅၃ ဦး၊ တိုင်းအဆင့် ၉၃ ဦး၊ မြို့နယ်အဆင့် ၂,၅၃၈ ဦးနှင့် ရပ်ကွက် ကျေးရွာအုပ်စုအဆင့် ၁၈,၀၉၆ ဦးတို့ကိုပြည်သူကိုယ်စားလှယ်များအဖြစ်ရွေးချယ် တင်မြောက်ထားသည်။ မန္တလေးမြို့သည် တိုင်းမြို့တော် ဖြစ်သည်။

မန္တလေးတိုင်း၏ အဓိကစီးပွားရေးလုပ်ငန်းသည် လယ် ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ အဓိက စိုက်ပျိုးသီးနှံ များမှာ စပါး၊ ဂျုံ၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ဝါ၊ ပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်၊ မြန်မာဆေး၊ ဗာဂျီးနီးယားဆေး၊ နေကြာနှင့် ထန်းတို့ ဖြစ်သည်။

၁၉၇၀–ဂ၁ ခုနှစ်တွင် သီးနှံစိုက်ပျိုးရေးယာကော ၁ ဒသမ ၇ သန်းအထိ တိုးခဲ့လာနိုင်ခဲ့သည်။ စိုက်ပျိုးရေးဆိုင်ရာ စီမံကိန်းများ ဖြစ်သည့် ချောင်းမကြီး ရေလှောင်တမံစီမံကိန်း၊ ဆည်တော်ကြီး ရေလှောင်တမံ စီမံကိန်း၊ ကင်းတား ဘက်စုံရေလှောင်တမံစီမံကိန်း၊ ရေစုပ်စက်များဖြင့် ရေပေးရေးစီမံကိန်း၊ ဆည်မြောင်း (၁) စီမံကိန်း၊ မြေယာ ဖော်ထုတ်ပြုပြင်ရေးနှင့် စိုက်ကွင်းများတည်ထောင်ရေးစီမံကိန်း၊ သီးနှံမျိုးစေ့တိုးတက်ရေးစီမံကိန်း စသည့်မြန်မာနိုင်ငံ သီးနှံဖွံ့ဖြိုးရေး စီမံကိန်း များကိုလည်း မန္တလေးတိုင်း အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းတွင် စက်မှု လက်မှုလုပ်ငန်းများ တိုးခဲ့ဆောင်ရွက်လျက်ရှိရာ ၁၉၇၀–ဂ၁ ခုနှစ်တွင် လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများဆိုင်ရာ စက်ရုံအလုပ်ရုံများနှင့် ကုန်ကြမ်းပစ္စည်းထုတ်လုပ်သော စက်ရုံအလုပ်ရုံများအပါအဝင် ပြည်သူပိုင်စက်ရုံ အလုပ်ရုံပေါင်း ၃၃၀ အထိ ရှိလာပြီဖြစ်သည်။

မန္တလေးတိုင်းသည် ခရီးလမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်သော ဒေသဖြစ်သဖြင့် လူနေထူထပ်သည်။ ၁၉၇၀–ဂ၁ ခုနှစ်တွင် ကျောင်းသူကျောင်းသား ၇ ဒသမ ၁ သိန်းရှိရာ ဆရာ ဆရာမပေါင်း ၁၄,၇၃၃ ဦးတို့က တာဝန်ယူ သင်ကြားပေးလျက် ရှိသည်။ ကျောင်းသားဦးရေ တိုးတက်သည်နှင့်အမျှ ကျောင်းများကိုလည်း တိုးခဲ့၍ ဖွင့်လှစ်ခဲ့ရာ မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အခြေခံပညာ အဆင့်မြင့်တန်းကျောင်း စုစုပေါင်း ၂,၈၆၀ အထိ ရှိလာပြီဖြစ်သည်။ ထို့ပြင် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများဖြစ်သော ဆရာအတတ်သင်သိပ္ပံ၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံ၊ စက်မှုလက်မှုသိပ္ပံ၊ဆောင်းဒါးယက်ကန်းကျောင်း၊ မန္တလေးတက္ကသိုလ်၊ဆေးတက္ကသိုလ်၊စိုက်ပျိုးရေးတက္ကသိုလ်နှင့် ကောလိပ်များကိုပါ ဖွင့်လှစ်ထားသည်။


မန္တလေးတိုင်းတွင် ဒေသဆိုင်ရာကျန်းမာရေး တိုးတက်စေရန် ဆေးရုံနှင့် ဆေးပေးခန်းများ တိုးခဲ့၍ ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၇၀–ဂ၁ ခုနှစ်တွင် ဆေးရုံ ၅၇ ရုံထိ ဖွင့်လှစ်ထားရှိပြီး ဖြစ်သည်။

မြန်မာနိုင်ငံတော်၊ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ။

၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်ကောင်စီအမိန့်ကြော်ငြာစာ အမှတ် ၁/၇၁ အရ အဘိဓမ္မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ခံတော်ကို ဆရာတော်ကြီးတပါးက လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆရာတော်ကြီးခြောက်ပါးတို့ကလည်းကောင်း ရရှိသည်။

ထိုနေ့၌ နိုင်ငံတော်ကောင်စီသည် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်ရရှိသူနှင့် ဒုတိယဆင့်ရရှိသူတို့အား နိုင်ငံတော်ကောင်စီ အမိန့်ကြော်ငြာစာ အမှတ် ၂/၇၁ ဖြင့် ချီးမြှင့်အပ်နှင်းခဲ့သည်။ ထို့ပြင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ တံဆိပ်များ၊ တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့များ၊ တံဆိပ်များနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ တံဆိပ်များကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၃/၇၁ ဖြင့်လည်းကောင်း၊ အငြိမ်းစားစစ်မှုထမ်း ၃၄၅ ဦးနှင့် စစ်မှုထမ်းဆဲစစ်မှုထမ်း ၇,၃၀၇ ဦး၊ စုစုပေါင်း ၇,၇၃၂ ဦးတို့အား စစ်မှုထမ်းကောင်း တံဆိပ်များကို နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၄/၇၁ ဖြင့်လည်းကောင်း ချီးမြှင့်အပ်နှင်းခဲ့သည်။ (ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ — ၅၊)

ဇန်နဝါရီလ ၁၁ ရက်နေ့တွင် နိုင်ငံတော်ကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၇/၇၁ အရ အောင်ဆန်းတံခွန်ဘွဲ့ကို ကွယ်လွန်သူဗိုလ်မှူးကြီး၏ဇနီး မစွမ်းမိဆိုင်ယိုစုဇူကီးက ရရှိသည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဗြိတိသျှဘုရင်မ၏ အတိုင်ပင်ခံကောင်စီဝင်နှင့် ဗြိတိသျှပါလီမန်အမတ် မစွတာ အာသာဂျော့ဘော်တမ်လီအားလည်း အောင်ဆန်းတံခွန်ဘွဲ့ ချီးမြှင့်အပ်နှင်းခဲ့သည်။





နိုင်ငံတော်သမ္မတကြီး ဦးစန်းယုနှင့်အဖွဲ့အား အမှတ် (၂) သတ္တုတူးဖော်ထုတ်လုပ်ရေး ကော်ပိုရေးရှင်း ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်တင့်က သတ္တုစက်ရုံလုပ်ငန်းအရပ်ရပ်ကို ရှင်းလင်းတင်ပြစဉ်

မတ်လ ၂၅ ရက်နေ့ဟူ၍ နိုင်ငံတော်ကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၂၉/၈၁ အရ လွှတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့် ရွှေဦး၊ လွှတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ၃၄ ဦးနှင့် လွှတ်လပ်ရေးမော်ကွန်းဝင် တတိယအဆင့် ၁၆၆ ဦးတို့ရရှိသည်။

ကိုရိုးယား ဒီမိုကရက်တစ် ပြည်သူ သမ္မတနိုင်ငံဝန်ကြီးချုပ် လီယွန်အုတ်သည် ဇန္နဝါရီလ ၁၃ ရက်နေ့တွင် လည်းကောင်း၊ တရုတ်ပြည်သူ သမ္မတနိုင်ငံ ဝန်ကြီးချုပ် ကျောက်ကျိယန်သည် ဇန္နဝါရီလ ၂၆ ရက်နေ့တွင်လည်းကောင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိခဲ့သည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းသည် ကျိုက္ကဆံကွင်းရှိ ၃၄ နှစ်မြောက်ပြည်ထောင်စုနေ့ ပြခန်းများကို သွားရောက် လေ့လာကြည့်ရှုသည်။ ထို့ပြင် အင်း လျား ကန် ဟိုတယ် ၌ ၁၈ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသမှုကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့နံနက်ကသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ကြီးမှူး ကျင်းပသော တိုင်းရင်းသားယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁၃ ရက်နေ့နံနက်ပိုင်းတွင် အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းက လမ်းညွှန်မိန့်ခွန်းမြွက်ကြားခဲ့သည်။

နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းနှင့်အဖွဲ့သည် မတ်လ ၈ ရက်မှ ၉ ရက်နေ့အထိ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေအတွင်းသို့ သွားရောက်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်ရေပေးဝေရေး၊ ဆည်မြောင်း ထိန်းသိမ်းရေးနှင့် သစ်တောများ ပြုန်းတီးမှုမရှိစေရန် ထိန်းသိမ်းရေးများကို လမ်းညွှန်မှုပေးခဲ့သည်။

နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းသည် မြေပဒေသာကျွန်း စိုက်ပျိုးမွေးမြူရေးပြပွဲပြိုင်ပွဲကို မတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် ကြည့်ရှုလေ့လာသည်။ မတ်လ ၂၆ ရက်နေ့တွင် နိုင်ငံတော် သမ္မတကြီးသည် တပ်မတော်နေ့ပြပွဲကို ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းနှင့်အဖွဲ့သည် မေလ ၅ ရက်နေ့မှ ၉ ရက်နေ့အထိ အနောက်တောင်တိုင်း စစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ မြောင်းမြကုန်နီစက်ရုံ၊ ပုသိမ်မြို့မှုန့်စက်ရုံ၊ ကန်ကြီးဒေါင့်အနီးရှိ အမှတ် (၂) စက်မှုဝန်ကြီးဌာန မြန်မာ့ရေနံကော်ပိုရေးရှင်းမှ စမ်းသပ်တူးဖော်လျက်ရှိသည့် တံတားဦး ရေနံအစမ်းတွင်းစခန်း၊ ကြံခင်းမြို့ရှိ အမှတ် (၂) ဘိလပ်မြေစက်ရုံ၊ ကြံခင်းမြို့နယ်အတွင်းရှိ ထန်းတပင် ရေနံအစမ်းတွင်း၊ ပန်းတောင်းမြို့နယ် ထုံးဘိုရှိ အကြီးစားစက်မှု

လုပ်ငန်း ကော်ပိုရေးရှင်းအမှတ် (၄) စက်ရုံ၊ ညောင်ခြေထောက်ရှိ အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်း အမှတ် (၅) စက်ရုံ၊ ဆင်တဲရှိ အကြီးစားစက်မှုလုပ်ငန်း ကော်ပိုရေးရှင်း အမှတ် (၃) စက်ရုံ၊ မြောက် နဝင်းဆည်တွင် ရေဝင်မှုအခြေအနေ၊ ဆည်မြောင်းထိန်းသိမ်းမှုအခြေအနေ၊ ဆည်ရေပေးဝေမှု အခြေအနေ၊ ရွှေတောင်မြို့ရှိချည်မျှင်နှင့် အထည်စက်ရုံ စီမံကိန်းတည်ဆောက်မှု အခြေအနေများကို လှည့်လည်စစ်ဆေး ကြည့်ရှုခဲ့သည်။

ဇူလိုင်လ ဂ ရက်နေ့၌ နိုင်ငံတော်ကောင်စီက ကြီးမှူးကျင်းပသော မြန်မာစာပေဆိုင်ရာ ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းက လမ်းညွှန်မိန့်ခွန်း မြွက်ကြားသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စတုတ္ထအကြိမ် ပါတီညီလာခံကို ဩဂုတ်လ ၃ ရက်နေ့မှ ဂ ရက်နေ့အထိ မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးတက္ကသိုလ်ရှိ ညီလာခံခန်းမ၌ ကျင်းပခဲ့သည်။ ပါတီညီလာခံကိုယ်စားလှယ်များက ဗဟိုကော်မတီဝင် ၂၆၀ ကို ရွေးချယ်တင်မြှောက်ခဲ့သည်။ ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပသော မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေး၌ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် ဦးနေဝင်းအား ရွေးချယ် တင်မြှောက်သည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များကို ရွေးချယ် တင်မြှောက်ရာ ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ဦသောင်းကြည်အား လည်းကောင်း၊ တွဲဖက် အထွေထွေ အတွင်းရေးမှူးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး အေးကိုအား လည်းကောင်း ရွေးချယ် တင်မြှောက်သည်။

ထို့နောက် ပါတီလုပ်ငန်းစီစစ်ရေးကော်မတီဝင် ကိုးဦးကို လည်းကောင်း၊ ပါတီ စည်းကမ်း ထိန်းသိမ်းရေး ကော်မတီဝင် ၂၀ ကိုလည်းကောင်း အသီးသီး ရွေးချယ်တင်မြှောက်ကြသည်။ ပါတီလုပ်ငန်း စီစစ်ရေးကော်မတီနှင့် ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီ အစည်းအဝေးများက သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် ရွေးချယ် တင်မြှောက်ပွဲ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းကြည်က ရွေးချယ် တင်မြှောက်ခြင်းခံရသော ပါတီလုပ်ငန်းစီစစ်ရေးကော်မတီနှင့် ပါတီစည်းကမ်း ထိန်းသိမ်းရေး ကော်မတီတို့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ တာဝန်ပေးအပ်ခြင်း ခံရသော ဗဟို အလုပ်အမှုဆောင် ကော်မတီကို အထောက်အကူပြုရမည့် အတွင်းရေးမှူးများ၊ ဗဟိုဌာနမှူးများနှင့် ဗဟိုလုပ်ငန်းအဖွဲ့ အစည်းများ၏ ဌာနမှူးများ၊ ဗဟိုရေးရာကော်မတီ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ဒေသပါတီကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ အမည်စာရင်းကိုကြေငြာသည်။ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စတုတ္ထအကြိမ် ပါတီညီလာခံ — ရှု။)

ရန်ကုန်တိုင်း တိုင်းလုံးကျွတ် စာတတ်မြောက်ရေး အောင်ပွဲနှင့် ပြပွဲပြိုင်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အင်ဗိုင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ ရန်ကုန်တိုင်းရှိ မြို့နယ်ပေါင်း ၃၉ မြို့နယ်တွင် မြို့နယ်လုံးကျွတ် စာတတ်မြောက်ရေး စခန်းသိမ်းအောင်ပွဲများကို မေလမှ စတင်ပြီး ကျင်းပနိုင်ခဲ့ရာ နောက်ဆုံး သြဂုတ်လ ၂၅ ရက်နေ့တွင် အောင်မြင်စွာ ပြီးဆုံးခဲ့သည်။ မြို့နယ်ပေါင်း ၃၀ ရှိ စာမတတ်သူ ဦးရေစုစုပေါင်း ၄၂,၉၉၂ အနက် ၄၁,၀၆၃ ဦးသည် စာတတ်မြောက်ခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းက အနုပညာရှင်များနှင့်တွေ့ဆုံမိတ်ဆက်ရန်နှင့် အနုပညာလောကမှ မိတ်ဟောင်းဆွေဟောင်းများကို တွေ့ဆုံဂုဏ်ပြုရန် စက်တင်ဘာလ ၂၆ ရက်နေ့ ညနေ ၆ နာရီခွဲတွင် အလုံလမ်း သမ္မတအိမ်တော်ဝင်း၌ ညစာ စားပွဲဖြင့် တည်ခင်းကျွေးခဲ့သည်။

အောက်တိုဘာလ ၄ ရက်နေ့မှ ၁၈ ရက်နေ့အတွင်း တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲများကို နိုင်ငံတဝန်းလုံးတွင် ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့သည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ပေါင်း ၄၇၅ ဦးကို ရွေးချယ်တင်မြှောက်ခဲ့သည်။ ဆန္ဒမဲပေးမှု အခြေအနေမှာ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၁,၆၇,၂၀,၃၄၁ ဦးအနက် ၁,၅၈,၁၇,၂၆၃ ဦး ဆန္ဒမဲပေးသည့်အတွက် ဆန္ဒမဲပေးသည့် ရာခိုင်နှုန်းမှာ ၉၄ ဒသမ ၆ ဖြစ်သည်။

နိုဝင်ဘာလ ၆ ရက်နေ့တွင် ကျင်းပသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ တတိယအကြိမ်မြောက် အစည်းအဝေး၌ ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက မိန့်ခွန်းပြွက်ကြားသည်။ သမ္မတကြီး ဦးနေဝင်း၏မိန့်ခွန်းတွင် တွေ့ရှိထားသောရေနံများကို အမြတ်အစွန်း အများဆုံးရအောင် လိမ္မာစွာသုံးရန်လိုကြောင်းနှင့် နိုင်ငံသားဖြစ်မှုဥပဒေ တိတိကျကျ လုပ်ရန်လိုကြောင်း မိန့်ကြားသွားသည်။ ယင်း အစည်းအဝေးတွင် ဝန်ကြီးချုပ် ဦးမောင်မောင်ခကလည်း ရေနံမြေသစ်များ ထပ်မံတွေ့ရှိခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာလ ဂ ရက်နေ့တွင် ရန်ကုန်မြို့ အလုံလမ်း သမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပသည်။ မြန်မာ့ဆိုရှယ်လစ်

လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းကြည်သည် ၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ နံနက်တွင် ကွယ်လွန်သွားသဖြင့် လစ်လပ်သွားသော ပါတီ အထွေထွေအတွင်းရေးမှူးနေရာအတွက် တဝဖက် အထွေထွေအတွင်းရေးမှူး ဦးအေးကိုအား လည်းကောင်း၊ လစ်လပ်သွားသော တဝဖက် အထွေထွေအတွင်းရေးမှူးနေရာတွင် ဗဟိုအလုပ်အမှဆောင် ကော်မတီဝင် ဗိုလ်မှူးချုပ် တင်ဦးအား လည်းကောင်း ဗဟိုကော်မတီဝင်များက လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးချယ် တင်မြှောက်ကြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးကို နိုဝင်ဘာလ ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးမှ နိုင်ငံရေးတာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် ကာလ လေးနှစ်မပြည့်စေကာမူ နိုင်ငံရေး ပင်စင်ခံစားခွင့် ရှိစေရေးအတွက် ဆုံးဖြတ်ခဲ့သည်။

ထိုအစည်းအဝေးမှပင် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတကြီးအဖြစ် ဦးစန်းယုကို ရွေးချယ်ခြင်း၊ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးအဖြစ် ဦးအေးကိုအား ရွေးချယ်ခြင်း၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မတီ၊ လွှတ်တော်ရေးရာ ကော်မတီ၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ကော်မရှင်တို့ကို ဖွဲ့စည်းခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီ ပဉ္စမအကြိမ် အစည်းအဝေးကို ၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးမှ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှဆောင် ကော်မတီတွင် လစ်လပ်သည့် ဗဟိုအလုပ်အမှဆောင် ကော်မတီဝင်နေရာအတွက် ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ် ထွန်းရီအား လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ် တင်မြှောက်ခဲ့သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယုတို့သည် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျို့ကွဆံကွင်းရှိ ဒုတိယအကြိမ် တောင်သူလယ်သမား အစည်းအရုံးညီလာခံ ကိုယ်စားလှယ်များ လေ့လာကြည့်ရှုရန် ပြသထားသည့် လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း၏ စိုက်ပျိုးရေးပြခင်းကို ကြည့်ရှုလေ့လာ၍ လိုအပ်သည်များကို ဆွေးနွေး လမ်းညွှန်သွားကြသည်။


ဒုတိယအကြိမ် တောင်သူလယ်သမား အစည်းအရုံး ညီလာခံကို နိုဝင်ဘာလ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အထိ ရန်ကုန်မြို့ ကျို့ကွဆံကွင်းရှိ ဆရာစံခန်းမ၌ ကျင်းပခဲ့သည်။

ဒုတိယအကြိမ် အလုပ်သမား အစည်းအရုံးညီလာခံကို ဒီဇင်ဘာလ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျို့ကွဆံကွင်းရှိ ဆရာစံခန်းမ၌ ကျင်းပသည်။ ထိုညီလာခံကြီးမှပင် အလုပ်သမား အစည်းအရုံး ညီလာခံကိုယ်စားလှယ်များက ဆန္ဒမဲပေး၍ ဗဟိုဦးစီးအဖွဲ့ဝင်များကို ရွေးချယ်ခဲ့ကြသည်။

မွန်ပြည်နယ်

မွန်ပြည်နယ်။ ။မွန်ပြည်နယ်ရှိ လူဦးရေစုစုပေါင်းသည် ၁၄,၈၃,၀၃၉ ဦးဖြစ်၍ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ ဦးရေမှာ ၇,၉၉,၃၄၉ ဦးဖြစ်သည်။

မွန်ပြည်နယ်ကို မြို့နယ် ၁၀ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာ အုပ်စုပေါင်း ၅၀၅ ခုတို့ဖြင့် ဖွဲ့စည်းထားသည်။ မွန်ပြည်နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၂၀ ဦး၊ ပြည်နယ်အဆင့် ၆၇ ဦး၊ မြို့နယ်အဆင့် ၁၄၉ ဦးနှင့် ရပ်ကွက် ကျေးရွာအုပ်စုအဆင့် ၄,၈၁၁ ဦးကို ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရွေးချယ်တင်မြှောက်ထားသည်။ ပြည်နယ်မြို့တော်သည် မော်လမြိုင်မြို့ဖြစ်သည်။ မွန်ပြည်နယ်နေ့သည် မတ်လ ၁၉ ရက်နေ့ဖြစ်သည်။



မွန်ပြည်နယ်သည် ဘောင်တန်းများနှင့် ပင်လယ်ပြင်အကြား တည်ရှိနေသဖြင့် မြေမျက်နှာပြင် ကျဉ်းမြောင်းသော်လည်း နုန်းမြေလွင်ပြင်နှင့် ဂဝံကမ်းရိုးတန်းများရှိသဖြင့် စိုက်ပျိုးရေး ဖြစ်ထွန်းသော ဒေသဖြစ်သည်။ ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းသည်လည်း စိုက်ပျိုးရေးပင်ဖြစ်ရာ စပါး၊ ရာဘာ၊ ကြံ၊ ကွမ်းသီး၊ အုန်းသီး တို့ကို အထူးစိုက်ပျိုးကြသည်။ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ ကဲ့ကော၊ တည်ငံး စသည့် သီးနှံများလည်း ဖြစ်ထွန်းအောင်မြင်သည်။ မွန်ပြည်နယ် ဒေသအတွင်း မုဒုံ၊ သံဖြူဇရပ် မြို့နယ်များတွင် ရာဘာ ပြန်လည်ထူထောင်ရေး စီမံကိန်းကို ၁၉၇၉–ဂဝ ပြည့်နှစ်မှ စတင်၍ ဆောင်ရွက်လာရာ ၁၉၈၂–ဂ၃ ခုနှစ်တွင် လုပ်ငန်းစီမံကိန်းများ ပြီးစီးမည်ဖြစ်သည်။ ယင်းစီမံကိန်း ပြီးစီးပါက ၁၅ နှစ်အတွင်း ရာဘာတန်ချိန် ၂၀,ဝဝဝ ပိုမိုထွက်ရှိလာမည် ဖြစ်သည်။ ၁၉၆၁ – ၆၂ ခုနှစ်က မွန်ပြည်နယ်တွင် စိုက်ပျိုးမြေကဂ ဒသမ ၂ သိန်း ရှိခဲ့ရာမှ ၁၉၈ဝ–ဂ၁ ခုနှစ်တွင် ဧရိယာ ၉ ဒသမ ၃ သိန်းအထိ ရှိလာသဖြင့် ၎က ၁ ဒသမ ၁ သိန်းခန့် တိုးခဲ့လုပ်ကိုင် နိုင်သည်။

မွန်ပြည်နယ်တွင် စက်မှုလုပ်ငန်းများလည်း တိုးတက်လျက်ရှိရာ ၁၉၈ဝ–ဂ၁ ခုနှစ်တွင် စက်ရုံအလုပ်ရုံပေါင်း ၃ဝ ရှိလာပြီ ဖြစ်သည်။ စစ်တောင်း စက္ကူစက်၊ မုဒုန် ပန်းကန်စက်၊ ဘီးလင်း သကြားစက်များအပါအဝင် စက်ရုံအလုပ်ရုံများက လူသုံးကုန်ပစ္စည်းနှင့် အိမ်သုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။ ဘိလူးကျွန်း ချောင်းဆုံမြို့နယ် ရွာလွတ်ရွာမှ ဆေးတံလုပ်ငန်း၊ ပလတ်စတာအရုပ် အမျိုးမျိုးလုပ်ငန်းနှင့် ရာဘာထွက်ပစ္စည်းအမျိုးမျိုး လုပ်ငန်းတို့မှာလည်း အထူးအောင်မြင်သည်။


မွန်ပြည်နယ်သည် ပင်လယ်ပြင်နှင့် နီးကပ်စွာတည်ရှိခြင်းကြောင့် ပင်လယ်ပြင်ကိုမှီ၍ စီးပွားရေးလုပ်ငန်းများ တွင်ကျယ်လျက်ရှိသည်။ ပင်လယ်ရေ ရရှိသောဒေသများဖြစ်သည့် သံဖြူဇရပ်၊ ခမ်းကြီး၊ ကျိုက္ခမီ၊ ပင၊ တရုပ်၊ တောင်ပုံ၊ ပလိုင်းကီး၊ နှစ်ကရင်၊ ပေါင်မြို့နှင့် စက်စဲဒေသများတွင် နေလှန်း ဆားချက်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ပင်လယ်ငါးဖမ်းလုပ်ငန်းကိုလည်း တွင်ကျယ်စွာ လုပ်ကိုင်နေကြရာ ရေးမြို့နယ် ရေးမြစ်ဝအနီးရှိ ဇီးဖြူသောင်ရွာသည် ပင်လယ်ငါးဖမ်းလုပ်ငန်းတွင် အထူး အောင်မြင်ထင်ရှားသည်။ သတ္တုတူးဖော်ရေး လုပ်ငန်းကိုလည်း ပြည်နယ်အတွင်း လုပ်ကိုင်လျက်ရှိရာ ပြည်သူပိုင် ကျောက်မိုင်းများမှ ခနောက်စိမ်း၊ ရွှံစေးဖြူ၊ ခဲမဖြူများကို နှစ်စဉ် တိုးတက်တူးဖော်ထုတ်လုပ်နိုင်ခဲ့သည်။ ဂဝံကျောက်၊ ဂဝံအုတ်ပြား၊ ရေတွင်းကျောက်များလည်း တူးဖော် ထုတ် လုပ်ခဲ့သည်။

မွန်ပြည်နယ်တွင် ၁၉၈ဝ–ဂ၁ ခုနှစ်၌ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အခြေခံပညာ အဆင့်မြင့်တန်းကျောင်း စုစုပေါင်း ၉ဝ၂ ကျောင်းအထိ တိုးခဲ့ ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသူကျောင်းသားပေါင်း ၂ ဒသမ ၆ သိန်းကို ဆရာ ဆရာမ ၅,၆၆ဝ ဦးက ပညာသင်ကြားပေးလျက်ရှိသည်။ ဆရာအတတ်သင်သိပ္ပံ၊ စက်မှုလက်မှု အထက်တန်းကျောင်း၊ စိုက်ပျိုးရေးသိပ္ပံ၊ အထက်တန်း ယက်ကန်းကျောင်း၊ ကူးသန်းရောင်းဝယ်ရေး ပညာသင်ကျောင်းများနှင့် ကောလိပ်များကိုလည်း ဖွင့်လှစ်ထားသည်။ မွန်ပြည်နယ်တွင် ၁၉၈ဝ–၁၉၈၁ ခုနှစ်၌ ကျန်းမာရေးဆိုင်ရာ ဖျံဖြိုးတိုးတက်မှုအတွက် ဆေးရုံ ၁၈ ရုံ၊ ကျေးလက် ကျန်းမာရေးဌာန ၄၁ ခုနှင့် တိုင်းရင်းမြန်မာ ဆေးကုဌာန သုံးခုအထိ တိုးခဲ့ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေး ဝန်ထမ်းများကိုလည်းတိုးတက်ခန့်ထားခဲ့သည်။

ရခိုင်ပြည်နယ်။ ။ရခိုင်ပြည်နယ်တွင် လူဦးရေ ၁၉,ဝဝ,၄၅၇ ဦး ရှိသည်။ ရခိုင်ပြည်နယ်ကို မြို့နယ် ၁၇ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာ အုပ်စုပေါင်း ၁,၁၆ဝ အုပ်စုတို့ဖြင့် ဖွဲ့စည်းထားသည်။ ရခိုင်ပြည်နယ်သည် စတုရန်းမိုင်ပေါင်း ၁၄,၂ဝဝ ခန့် ကျယ်ဝန်းသည်။ ရခိုင်ပြည်နယ်မှ ဆန္ဒမဲပေးနိုင်ခွင့် ရှိသူပေါင်း ၉,၆၅,၅၅၄ ဦးရှိ၍ ပြည်သူလုတ်တော်ကိုယ်စားလှယ် ၂၅ ဦး၊ ပြည်နယ်အဆင့် ၇၃ ဦး၊ မြို့နယ်အဆင့် ၁,၄၂၆ ဦး၊ ရပ်ကွက်ကျေးရွာ အုပ်စုအဆင့် ၁၈,၄၅၉ ဦးတို့ကို ပြည်သူ ကိုယ်စားလှယ်များအဖြစ် ရွေးချယ်တင်မြှောက်ထားသည်။

ရခိုင်ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းပင် ဖြစ်သည်။ အဓိက စိုက်ပျိုးသီးနှံများမှာ စပါး၊ ငရုတ်၊ မြန်မာဆေး၊ အုန်း၊ ကွမ်းသီးနှင့် ဓနိတို့ဖြစ်ကြသည်။ ရေသွင်း စိုက်ပျိုးရေးကိုလည်း ဆောင်ရွက်လျက်ရှိရာ စပါးစိုက်ဧက ၄ဝဝဝ ကျော်ကိုလည်း ရေသွင်းစိုက်ပျိုးခဲ့သည်။ ၁၉၈ဝ - ဂ၁ ခုနှစ်တွင် ပြည်နယ်တခုလုံး၌ စိုက်ပျိုးဧကပေါင်း ၉ ဒသမ ၄ သိန်းခန့် အထိ တိုးခဲ့စိုက်ပျိုးလာနိုင်သည်။ ရခိုင်ပြည်နယ် ရေဘေးကာကွယ်ရေး အပိုင်း (၂) စီမံကိန်းကို အမ်း၊ မြေပုံ၊ ပေါက်တောမြို့နယ်များတွင် ၁၉၇၉ - ဂဝ ပြည့်နှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၉၈၂ - ဂ၃ ခုနှစ်တွင် လုပ်ငန်းပြီးစီးမည် ဖြစ်သည်။ ယင်းလုပ်ငန်းစီမံကိန်းတခုလုံး ပြီးစီးပါက မြေရိယာဧက ၂၂,၃၉၃ ကို ရေဘေးမှ ကာကွယ်ပေးနိုင်မည် ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ဘင်္ဂလားပင်လယ်ပြင်ကြီးနှင့် ကပ်လျက် တည်ရှိနေခြင်းဖြင့် ရာသီဥတု မျှတသည်။ ကမ်းရိုးတန်းတလျှောက်ရှိ ကမ်းဦးရေတိမ်ပိုင်းတွင် မြန်မာ့ရေနံကော်ပိုရေးရှင်းက ကမ်းလွန် ရေနံရှာဖွေရေး လုပ်ငန်းကို



လုပ်ဆောင်လျက်ရှိသည်။ ရသေ့တောင်မြို့နယ်၊ ဖရုံကာကျွန်း၊ မာန်အောင်ကျွန်း၊ ရမ်းဗြဲကျွန်း၊ မူဝဲကျွန်းတို့မှလည်း ရေနံအနည်းငယ်ထွက်သည်။ ၁၉၇၉-၈၀ ပြည့်နှစ်မှ အစပြု၍ လေးထောင်၊ ဟိန်းဇန် ရေနံမြေသစ်များမှ ရေနံစိမ်း အမေရိကန် စည် ၂၀,၀၀၀ ခန့် ထုတ်လုပ်ပေးသည်။ နေလှန်းဆားလုပ်ငန်းကိုလည်း သံတွဲ၊ တောင်ကုတ်၊ ကျောက်ဖြူမြို့နယ်များတွင် အောင်မြင်စွာ လုပ်ကိုင်နိုင်ကြသည်။ အခြား စီးပွားရေးလုပ်ငန်းတခုဖြစ်သော ပင်လယ်ငါး ပုစွန်ဖမ်းဆီးရေးလုပ်ငန်းကလည်း ပြည်တွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ရောင်းချရေးအတွက် များစွာ အထောက်အကူပြုနေလေသည်။ ငါးလုပ်ငန်း စီမံကိန်းကို အမ်းမြို့တွင်လည်းကောင်း၊ ငါးလုပ်ငန်း အထောက်အကူပြု လုပ်ငန်း စီမံကိန်းကို ကျောက်ဖြူ၊ စစ်တွေ၊ မြေပုံ၊ ရမ်းဗြဲ၊ မာန်အောင် နှင့် ပေါက်တော မြို့နယ်များတွင်လည်းကောင်း၊ ငါးပုစွန်ဖမ်းဆီးရေးစီမံကိန်းကို ကျောက်ဖြူမြို့နယ်တွင်လည်းကောင်း၊ ပုစွန်ဖမ်းဆီးရေး စီမံကိန်းကို သံတွဲမြို့နယ် သဇြဂျိုင်ကျေးရွာတွင်လည်းကောင်း အသီးသီး ဆောင်ရွက်လျက် ရှိကြသည်။

ရခိုင်ပြည်နယ်တွင် ရခိုင်ရိုးမတောင်တန်းကြီးရှိနေသည့်ပြင် ကမ်းမြောင်ဒေသဖြစ်သဖြင့် မြေပြန့်လွင်ပြင်နည်းပါးသည်။ တောတောင် ထူထပ်သဖြင့်လည်း သစ်တောကြိုးဝိုင်းရေယာသည် ၅၂,၅၃၀ စတုရန်းမိုင်အထိပင် ရှိသည်။ ထို့ပြင် ပြည်နယ်တွင်း မြစ်ချောင်း ပေါများသဖြင့် ကုန်းလမ်းခရီးထက် ရေလမ်းခရီးက ပိုမိုပေါက်ရောက်တွင်ကျယ်လျက်ရှိသည်။ ပြည်နယ် ပြည်မ ဆက်သွယ်ရေးတွင်လည်း ရေကြောင်း၊ လေကြောင်း ပို့ဆောင်ရေးတို့ကို ပိုမိုအားထားနေရသည်။ ပြည်နယ်တွင်း သွားလာရေးတွင် ပိုမိုလွယ်ကူ ခရီးပေါက်စေရန် များစွာ အထောက်အကူပြုသော ကျောက်တန်းချောင်းတံတား တည်ဆောက်မှုလုပ်ငန်းသည် လုံးဝ ပြီးစီးသွားပြီဖြစ်ရာ ၁၉၈၁ ခုနှစ်စက်တင်ဘာလ ၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ယင်းတံတားသည် စစ်တွေနှင့် ရသေ့တောင်မြို့သွား ကားလမ်းပေါ်တွင် တည်ရှိပြီး ပေပေါင်း ၃၄၀ ရှည်လျား၍ ၁၁ ပေခွဲ ကျယ်သည်။

ရခိုင်ပြည်နယ်တွင် ၁၉၈၀-၈၁ ခုနှစ်၌ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အခြေခံပညာအဆင့်မြင့်တန်းကျောင်း စုစုပေါင်း ၁,၃၇၆ ကျောင်းရှိပြီး ကျောင်းသူ ကျောင်းသားပေါင်း ၂ ဒသမ ၄ သိန်းနှင့် ဆရာ ဆရာမပေါင်း ၅,၅၇၈ ဦး ရှိသည်။ ဆရာ အတတ်သင်ကျောင်း၊ စိုက်ပျိုးရေး အထက်တန်းကျောင်း၊ စစ်တွေ ကောလိပ်တို့ကိုလည်း ဖွင့်လှစ်ထားသည်။

ပြည်နယ် လူထုကျန်းမာရေးအတွက် နှစ်စဉ် တိုးတက်ဆောင်ရွက်လျက်ရှိရာ ၁၉၈၀-၈၁ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ စုစုပေါင်းဆေးရုံ ၃၄ ရုံ၊ ကျေးလက် ကျန်းမာရေးဌာန ၈၇ ခုအထိ တိုးခွဲ၍ ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများကိုလည်း တိုးမြှင့်ခန့်ထားနိုင်ခဲ့သည်။

ရေဂင်, ရော်နယ်ဝီလ်ဆင် (ခရစ် ၁၉၁၁)။ ။ အကြိမ် ၄၀ မြောက် အမေရိကန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသော ရော်နယ်ရေဂင်ကို ၁၉၁၁ ခုနှစ်၊ ဖေဖွာရီလ ၆ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ အီလီနွိုင်းပြည်နယ်၊ ကမ်ပီကိုမြို့လေးတွင်မွေးဖွားသည်။ ဖခင်ဂျန်အက်ဒွပ် ရေဂင်သည် အိုင်းရစ်သွေးပါသော ရိုမန်ကက်သလစ် ဘာသာဝင်တဦးဖြစ်သည်။ မိခင်ဖြစ်သူ နယ်လီသည် ပရိုတက်စတင့်ဘာသာဝင်ဖြစ်လာသဖြင့် ရေဂင်သည်လည်း ပရိုတက်စတင့်ဘာသာဝင် ဖြစ်လာသည်။

ရေဂင်သည် အားကစားဘက်တွင်ထူးချွန်သောကြောင့် ကောလိပ်တွင် ကျောင်းလခတဝက် ထောက်ပံ့ကြေးရရှိခဲ့သည်။ ကောလိပ်၌ စီးပွားရေးနှင့်လူမှုရေးဘာသာရပ်များကို အဓိကဘာသာရပ်များအဖြစ် သင်ယူခဲ့သည်။ အီလီနွိုင်းပြည်နယ် ဥရီကာကောလိပ်မှ ဘွဲ့ရသည်။

၁၉၃၇ ခုနှစ်တွင် မိတ်ဆွေတဦး၏ စီစဉ်ပေးချက်အရ ရေဂင်သည် ဟောလိဝုဒ်တွင် ဝါနာဘရားသားရုပ်ရှင်နှင့်



အဓမရိကန်သမ္မတ ရော်နယ်ရေဂင်

စမ်းသပ်ရိုက်ကူးရာ အောင်မြင်သဖြင့် ရုပ်ရှင်လောကသို့ ရောက်လာခဲ့သည်။ ရေဂင်သည် ၂၇ နှစ်မျှ ရုပ်ရှင်နယ်တွင် ကျင်လည်ခဲ့ပြီး ဇာတ်ကားပေါင်း ၅၅ ကားတွင် ပါဝင်ခဲ့သည်။ ကင်းစရိုး(၁၉၄၁)၊ စတွန်းဝမ်နင် (၁၉၅၀) ဇာတ်ကားတို့သည် လူကြိုက်အများဆုံး ဖြစ်ခဲ့သည်။

စစ်ပြီးသည့်နောက် ရေဂင်သည် ရုပ်ရှင်သရုပ်ဆောင်အသင်း၏ ဥက္ကဋ္ဌအဖြစ် ခြောက်နှစ်တိုင်တိုင် ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ရုပ်ရှင်လုပ်ငန်းကောင်စီ ဥက္ကဋ္ဌအဖြစ် ရွေးကောက်ခံရပြီး၊ ကောင်စီ၏ ဘုတ်အဖွဲ့တွင် ၁၀ နှစ်မျှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ရုပ်ရှင်မင်းသမီး ဂျိန်းဝီးမင်းနှင့်အိမ်ထောင်ပြုပြီး၊ ၁၉၄၈ ခုနှစ်တွင် ကွာရှင်းခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ယခုလက်ရှိဇနီး ရုပ်ရှင်မင်းသမီးနန်စီဒေးဗီးစ်နှင့် လက်ထပ်သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၆ ခုနှစ်အတွင်း လေဘပ်မတော်တွင် စစ်မှုထမ်းခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ရေဂင်သည် ဂျင်နရယ် အီလက်ထရစ်ကုမ္ပဏီ၏ အပတ်စဉ်ရုပ်မြင်သံကြားအစီအစဉ် တင်ဆက်သူအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ရေဂင်သည် ပြည်နယ် ၃၀ နယ်ရှိ ဂျင်နရယ် အီလက်ထရစ် အမှုထမ်းများ အပါအဝင် အမေရိကန်များအား လှည့်လည်ဟောပြောမှုများ ပြုလုပ်ခဲ့ရာ တခါတရံ တနေ့တည်း ၁၄ ကြိမ် မိန့်ခွန်းပြောခဲ့ရသည်။

ဒီမိုကရက်တစ် ပါတီဝင်တဦးဖြစ်သူ ရေဂင်သည် ၁၉၆၀ ပြည့်နှစ်တွင် ရီပတ်ဘလီကင်ပါတီ သမ္မကလောင်း ရစ်ချတ်နစ်ဆင်အတွက် မဲဆွယ်ပေးခဲ့သည်။ ၁၉၆၂ ခုနှစ်၌ နစ်ဆင်သည် ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲ၌ ဝင်ရောက် ယှဉ်ပြိုင်သောအခါ ရေဂင်သည် ရီပတ်ဘလီကင်ပါတီသို့ပြောင်းကာ၊ နစ်ဆင်အတွက် မဲဆွယ်ပေးခဲ့သည်။

၁၉၆၄ ခုနှစ်တွင် ဘယ်ရီဂိုးလ်ဝါတားအား သမ္မတလောင်းအဖြစ် ရီပတ်ဘလီကင်များကရွေးချယ်သောအခါ၌ ရေဂင်သည် ဂိုးလ်ဝါတားအတွက် မဲဆွယ်သော ကယ်လီဖိုးနီးယားပြည်သူအဖွဲ့၏ တွဲဖက်ဥက္ကဋ္ဌဖြစ်လာသည်။ ဤတွင် ရေဂင်သည် နေ့ချင်းညချင်းထင်ရှားသော နိုင်ငံရေးသမားဖြစ်လာသည်။

၁၉၆၆ ခုနှစ်မှ၊ ၁၉၇၄ ခုနှစ်အထိ ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် နှစ်ကြိမ်တိုင်တိုင် ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၇၅ ခုတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးဘဝကို စွန့်လွှတ်ခဲ့သည်။ နိုင်ငံရေးကိုမူ မစွန့်လွှတ်ခဲ့ချေ။

၁၉၇၆ ခုနှစ်တွင် ရီပတ်ဘလီကင်ပါတီ၏ သမ္မတလောင်းရွေးချယ်ပွဲတွင် ထိုစဉ်က လက်ရှိသမ္မတ ဂျရယ်ဖို့ဒ်ကို ယှဉ်ပြိုင်ခဲ့ရာ မဲအရေအတွက် ၁,၁၀၇ မဲ၊ ၁,၀၇၀ မဲဖြင့် ပွတ်ကာသီကာ ရှုံးနိမ့်ခဲ့သည်။ ထိုနှစ်သမ္မတရွေးကောက်ပွဲတွင် ဖို့ဒ်သည် ဒီမိုကရက်တစ်ပါတီမှ ကာတာကို ရှုံးနိမ့်ခဲ့သည်။

၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဂျင်မီကာတာကို ရေဂင်သည် အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ ပြည်နယ် ၄၄ နယ်တွင်နိုင်၍၊ မဲဆန္ဒရှင်များ၏ ၅၁ ရာခိုင်နှုန်းသော ထောက်ခံမဲကိုလည်းကောင်း၊ သမ္မတရွေးချယ်မည့် ကိုယ်စားလှယ်မဲ ၄၈၉ မဲကိုလည်းကောင်း ရရှိသည်။ ကာတာသည် ကိုယ်စားလှယ်မဲ ၄၉ မဲသာရရှိလေသည်။

၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရေဂင်သည် သမ္မတ တာဝန် စတင်ထမ်းဆောင်သည်။ ၂၈ ရက်နေ့တွင် ပြည်တွင်း လောင်စာဆီ၊ ဓာတ်ဆီထုတ်လုပ်မှုနှင့် စျေးနှုန်းအပေါ် ထိန်းချုပ်ထားခြင်းကို ပယ်ဖျက်ခဲ့သည်။

ပြည်တွင်းအမြတ်ခွန်လျှော့ချရေးအတွက် ဆောင်ရွက်ခဲ့ရာ ၁၉၈၁ ခုနှစ် ဇူလိုင်လတွင် လွတ်တော်နှစ်ရပ်၏ထောက်ခံမှုကို ရရှိခဲ့သဖြင့် အခွန်ထမ်းပြည်သူတို့အပို့ လာမည့်ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာသန်း ၂,၅၀,၀၀၀ သက်သာသွားမည်ဖြစ်သည်။

၁၉၈၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် သမ္မတရော်နယ် ရေဂင်အား လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုဖြစ်ပွားခဲ့ရာ သမ္မတရေဂင်သည် ဝဘက်ရင်အုံတွင် ဒဏ်ရာရရှိသွားသည်။

၁၉၈၁ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ရေဂင်သည် ချေးထွန်းမုံး ထုတ်လုပ်ရေးလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့သည်။ ဥရောပရှိ မဟာမိတ်နိုင်ငံများနှင့် ဆွေးနွေးပြီးလျှင် ဆိုဗီယက်၏ သာလွန်နေသော စစ်လက်နက်အင်အားကို ဟန့်တားနိုင်ရန် ဥရောပ၌ ချေးထွန်းမုံးများ ထားရှိရမည်ဟု ရေဂင်က အမိန့်ပေးခဲ့သည်။

ရေနံ တင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ (အိုပက်)။ ။အိုပက်ခေါ် ရေနံတင်ပို့ ရောင်းချသော နိုင်ငံများအဖွဲ့ကို ၁၉၆၀ ပြည့်နှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ရေနံတင်ပို့ရောင်းချသော နိုင်ငံများအတွင်း ရေနံမူဝါဒနှင့်ပတ်သက်၍ တပြေးညီဖြစ်ရန်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း ပြုနိုင်ရန်၊ အကျိုးစီးပွား လုံခြုံမှုရရှိစေရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၁၃ နိုင်ငံရှိသည်။


၁၉၇၁ ခုနှစ် မေလ၊ ဩဂုတ်လ၊ စက်တင်ဘာလများတွင် အိုပက်အဖွဲ့၏ အစည်းအဝေးများကို ကျင်းပခဲ့သည်။ မေလ ၂၅ ရက်နေ့တွင် အိုပက်အဖွဲ့၏ အစည်းအဝေးကို ဂျနီဗာမြို့တွင် ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ဆော်ဒီအာရေဗျနိုင်ငံအား ယင်း၏ လက်ရှိရေနံဈေးနှုန်းကို မြှင့်တင်ရန်နှင့် ထုတ်လုပ်မှုလျှော့ချရန် ဖိအားပေးတိုက်တွန်းခဲ့ကြသည်။ လက်ရှိအားဖြင့် ဆော်ဒီအာရေဗျနိုင်ငံက ရေနံတစည်ကို ၃၂ ဒေါ်လာဖြင့် ရောင်းနေခဲ့ပြီး အခြားအဖွဲ့ဝင်နိုင်ငံများက ရေနံတစည်ကို ၃၆ ဒေါ်လာ ရောင်းခဲ့သည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ အခြားနိုင်ငံများမှ ဈေးနှုန်းလျှော့ပါက မိမိ၏ဈေးနှုန်းကို မြှင့်တင်မည်ဟု ဆော်ဒီအာရေဗျက ဈေးနှုန်းညှိနှိုင်းရန် ပြောကြားခဲ့သည်။

ယင်းအစည်းအဝေးအပြီးတွင် အိုပက် ဝန်ကြီးများသည် ၁၉၇၁ ခုနှစ်ကုန်အထိ ရေနံဈေးနှုန်းကို ထိန်းသိမ်းထားရန် ဆုံးဖြတ်ခဲ့ကြပြီး ရေနံ ထုတ်သူ နိုင်ငံအများစုအနေဖြင့် ထုတ်လုပ်မှုကို အနည်းဆုံး ၁၀ ရာခိုင်နှုန်းလျှော့ချရန် ဆုံးဖြတ်ခဲ့ကြသည်။ ဆော်ဒီအာရေဗျ ရေနံဝန်ကြီးက ရေနံဈေးနှုန်း ညှိနှိုင်းမရသေးမီ ဆော်ဒီအာရေဗျက ၃၂ ဒေါ်လာဈေးပင် ထားဦးမည်ဟု ပြောခဲ့သည်။ မေလ ၃၁ ရက်နေ့တွင်မူ ဆော်ဒီအာရေဗျ ရေနံဝန်ကြီးက ၁၉၇၁ ခုနှစ်မကုန်မီအတွင်း ထုတ်လုပ်မှုလျှော့ချခြင်း၊ ဈေးနှုန်း မြှင့်တင်ခြင်း ပြုမည်မဟုတ်ဟု ပြောကြားခဲ့သည်။

၁၉၇၁ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် အိုပက်အဖွဲ့ဝင်နိုင်ငံများ၏ အရေးပေါ် အစည်းအဝေးကို ဂျနီဗာမြို့တွင် ကျင်းပခဲ့သည်။ ယင်းအရေးပေါ် အစည်းအဝေးမှာ ရေနံဈေးနှုန်းနှင့် ထုတ်လုပ်မှုကို ညှိနှိုင်းရန်အတွက်ပင် ဖြစ်သည်။ အာရေဗျ အကောင်းစား ရေနံကို တစည်လျှင် ၃၅ ဒေါ်လာ ဈေးနှုန်းရောင်းချရေးကို ညှိနှိုင်းကြမည်ဟု အီရတ်ရေနံဝန်ကြီးက ပြောကြားခဲ့သည်။ ဆော်ဒီအာရေဗျက ယင်း၏ဈေးနှုန်းကို ၃၄ ဒေါ်လာထိ မြှင့်တင်ပေးရန် အသင့်ရှိသော်လည်း အယ်ဂျီးရီးယား၊လစ်ဗျား၊ဗင်နီဇွဲလား စသော တင်းမာသော နိုင်ငံများက ၃၆ ဒေါ်လာကိုသာ ရည်ညွှန်းဈေးနှုန်းအဖြစ် ထားလိုကြသည်။ ဆော်ဒီအာရေဗျက ၃၄ ဒေါ်လာကိုသာ အများဆုံး အခြေခံ ဈေးနှုန်းအဖြစ် ထားလိုကြောင်း တင်ပြသောအခါ အိုပက်အဖွဲ့ဝင်အများစုက ဆော်ဒီအာရေဗျ ပြန်ကြားရေးဝန်ကြီးက အိုပက်၏ တရားဝင် ကြမ်းခင်းအနိမ့်ဆုံးဈေး ဖြစ်သော ၃၂ ဒေါ်လာကို ကာကွယ်ရန် ကြိုးစားမည်ဟု ပြောခဲ့သည်။

ရေနံဈေးနှုန်းမှာ ဆော်ဒီအာရေဗျက ၃၂ ဒေါ်လာသတ်မှတ်လိုပြီး အယ်ဂျီးရီးယားနှင့် လစ်ဗျတို့က ဒေါ်လာ ၄၀ သတ်မှတ်ရန် ဆန္ဒရှိခဲ့ကြသည်။

၁၉၇၁ ခုနှစ် ဒီဇင်ဘာလတွင် အာဘူဒါဘီမြို့တော်(အာရပ်စော်ဘွားများနိုင်ငံ) တွင် အိုပက်အစည်းအဝေးကို ကျင်းပခဲ့ကြသည်။ ယင်းအစည်းအဝေးအပြီးတွင် ဈေးနှုန်း



ရေနံ တင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ အစည်းအဝေးကို အာဘူဒါဘီမြို့တော်တွင် ကျင်းပခဲ့သည်။

လျှော့ချရေးနှင့် ပတ်သက်၍ သဘောတူညီမှု ရခဲ့ကြသည်။ ယင်းသဘောတူညီမှုအရ ဆင့် ၂၀ မှ ၃၀ ထိ စေ့းချရန် သဘောတူခဲ့ကြသည်။ ဆအူးဒီအာရေဗျ ရေနံဝန်ကြီး ဇိတ်ယာမာနီက အိုပက်၏ ခရစ်စမတ်လက်ဆောင်ပင် ဖြစ်သည်ဟု ပြောခဲ့သည်။ ယင်းအစည်းအဝေးတွင် အမေရိကန် နိုင်ငံကို စီးပွားရေးအရ အရေးယူရန် လစ်ဗျက တင်ပြခဲ့သော်လည်း ယင်းပြဿနာမှာ နိုင်ငံရေးပြဿနာသာ ဖြစ်သည်ဟု ငြင်းပယ်ခဲ့ကြသည်။

အိုပက် ၁၃ နိုင်ငံမှ တနေ့ထုတ်လုပ်မှုမှာ စည်ထောင်ပေါင်း ၂၀,၄၁၉ ဖြစ်ပေသည်။ ဆအူးဒီအာရေဗျသည် အိုပက်ထုတ်လုပ်မှု၏ ၄၅ ရာခိုင်နှုန်းကို ထုတ်လုပ်သည်။


အီရန်–အီရတ် နှစ်နိုင်ငံ၏ ပင်လယ်ကွေ့စပ်ပွဲသည် အိုပက်အဖွဲ့၏ ရေနံထုတ်လုပ်မှုကို ကျဆင်းစေရုံမျှမက စျေးနှုန်းတွင်ပါ ထိခိုက်ခဲ့သည်။

အိုပက်အဖွဲ့၏ မေလ အစည်းအဝေးက ဒေါက်တာ မတ်ဆက်တာနင်နန်ဂျူးမားကို အိုပက်အဖွဲ့ အတွင်းရေးမှူး အဖြစ် ရွေးချယ်ခဲ့သည်။ အိုပက်အဖွဲ့ ဥက္ကဋ္ဌ ရာထူးကို ၁၉၇၀ ပြည့်နှစ် ဘာလီအစည်းအဝေးမှစ၍ လက်ခံ ဆောင်ရွက်လာသော အင်ဒိုနီးရှား ရေနံဝန်ကြီး ဆူဘရိုတိုထံမှ အာရပ်စော်ဘွားများနိုင်ငံ ရေနံဝန်ကြီး ဇိတ်မိနာ အယ် အိုတေဘာက ဒီဇင်ဘာလတွင် လွှဲပြောင်း လက်ခံယူခဲ့သည်။

ရေဝတာဘိဝံသ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးမြို့ တောင်သမန်ကျောင်းတိုက်၊ ပုသိမ်ကျောင်း(မြန်မာ ၁၂၆၃)။ ။ဆရာတော်သည် ချောက်မြို့နယ် ပခန်းငယ်ရွာ၌ ခမည်းတော်ဦးအောင်သာ၊ မယ်တော် ဒေါ်ရာဆယ်တို့မှ မြန်မာသက္ကရာဇ် ၁၂၆၃ ခုနှစ် ဝါခေါင်လဆန်း ၇ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။မွေးချင်းခုနစ်ယောက်အနက် အကြီးဆုံးဖြစ်သည်။

အသက် ၁၄ နှစ်အရွယ်တွင် ဘိုးဘွားမိဘတို့က ရှင်သာမဏေအဖြစ်သို့ ရောက်အောင် ချီးမြှင့်ကြသည်။ သာမဏေဘွဲ့မှာ ရှင်ရေဝတဟု တွင်သည်။ အသက် ၂၀ သို့ ရောက်သောအခါ ပုသိမ်မြို့၊အရှေ့ပိုင်း ကံကြီးထောင့်မြို့နယ်၊ အဓလောက်ရွာ လယ်ပိုင်ရှင်များ ဖြစ်ကြသော ဦးဖိုး၊ ဒေါ်သာလိမိသားစုတို့က ၁၂၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဆရာတော်ကြီး အရှင်စာရိတကိုဥပဇ္ဈာယ်ပြု၍ ပဉ္စင်းအဖြစ် သို့ ရောက်တော်မူသည်။

ထို့နောက် မန္တလေးမြို့၊ ဘုရားကြီးတိုက် ဦးဝိမလ စာချကျောင်း၌ သိတင်းသုံးသော ဘဒ္ဒန္တဝိမလာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ(မူလ) စာချဆရာတော်နှင့်အတူ ညောင်တုန်းမြို့သို့ ရောက်သောအခါ ဦးကာကျော်နှင့် အလက်ံာများကို သင်ယူသည်။ ညောင်တုန်းနေစဉ် အစိုးရ ပထမငယ်တန်းနှင့် ညောင်တုန်း ပရိယတ္တိ အလတ်တန်းကို အောင်မြင်ခဲ့သည်။



ဆရာတော်ဘဒ္ဒန္တ ရေဝတာဘိဝံသ


ထို့နောက် မန္တလေးမြို့သို့ ပြန်ပြီးလျှင် အနောက်ပြင် ခင်မကန် အလယ်တိုက်ကြီး၌ တိုက်ကြပ်ဆရာတော်ကြီးထံ ပါရာဇိကအဋ္ဌကထာကျမ်းများကိုလည်းကောင်း၊ မန္တလေး အဘိဓမ္မာပါရဂူ ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ ထေရ်မြတ်ထံတွင် ကခ်ံဝိတရဏီ အဋ္ဌကထာ၊ ဋီကာကျော်နှင့် အဋ္ဌသာလိနီ မူလဋီကာ၊ နေတ္တိပါဠိအဋ္ဌကထာ၊ အလက်ံာ စာကိုယ်နှင့် ဋီကာသစ်ကျမ်းများကိုလည်းကောင်း သင်ယူခဲ့သည်။ ထိုသို့သင်ယူစဉ် အလက်ံာရ စာကိုယ်နှင့် ဋီကာသစ်နိဿယကိုစာသင်ယင်း နေ့စဉ် ရေးသားခဲ့လေသည်။ ထို့နောက် ခင်မကန်တိုက် စကုတိုက်တို့တွင် စာပေပရိယတ္တိများကို ဆက်လက်သင်ယူခဲ့သည်။

ရဟန်းဝါ ၁၀ ဝါရပြီးနောက် ပုသိမ် ကျောင်းတွင် ကျောင်းထိုင်ကာ ပရိယတ္တိစာပေကို ပို့ချခဲ့သည်။

ဆရာတော်သည် လွတ်လပ်ရေးခေတ်တွင် ဝိနိစ္ဆယ ဥပဒေရေးဆွဲရေး အဖွဲဝင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဝိနည်းဓိရိုအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေး၊ သံဃာ့ဝန်ဆောင် အဖွဲတွင် အကျိုး ဆောင်ချုပ် ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲတွင် ဒုတိယဥက္ကဋ္ဌ အဖြစ်လည်း ကောင်း ဆောင်ရွက်တော်မူလျက်ရှိစဉ် သက္ကရာဇ် ၁၃၉၂ ခုနှစ် တွင် နိုင်ငံတော်ကောင်စီက အဂ္ဂမဟာ ပဏ္ဍိတ ဘွဲတံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်း ခံရသည်။

ရိုမေးနိုးယား ဆိုရှယ်လစ် သမ္မတ နိုင်ငံ။ ။သတ္တုလုပ်ငန်း၊ လူသုံးကုန်ပစ္စည်း စက်မှုလုပ်ငန်း အမျိုးမျိုးတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေရန် ရည်သန်၍ ဝန်ကြီးများ အဖွဲ့ကို ပြင်ဆင် ဖွဲ့စည်းကြောင်း အမိန့်တရပ်ကို ရိုမေးနီးယားနိုင်ငံတော်ကောင်စီက ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်သည်။



၁၉၇၁ ခုနှစ် ဖေဖွဲ့ဝါရီလနှင့် မတ်လအတွင်းကလည်း ရိုမေးနီးယား ကွန်မြူနစ်ပါတီ အတွင်းရေးမှူးများအဖွဲ့၊ ဝန်ကြီးများအဖွဲ့၊ အလုပ်သမားသမဂ္ဂ၏ ခေါင်းဆောင်ပိုင်းတို့ကို ပြောင်းလဲ ဖွဲ့စည်းမှုများ ဆက်တိုက် လုပ်ခဲ့သည်။ အမျိုးသား စိုက်ပျိုးရေး ကောင်စီကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

အလုပ်သမား သမဂ္ဂသည် ရိုမေးနီးယား စီးပွားရေးကဏ္ဍ၏ ဦးစားပေးမှုကို ပြန်လည်လျာထား သတ်မှတ်ရေးတွင်အရေးပါသော အဖွဲ့အစည်းဖြစ်သည်။ ရိုမေးနီးယား၏ စက်မှုကဏ္ဍတွင် လျင်မြန်စွာ တိုးတက်လာသည့်အလျောက် စိုက်ပျိုးရေးကဏ္ဍကိုလည်း ပိုမို၍ အလေးထားဆောင်ရွက်ရန် စိုင်းပြင်းနေပေသည်။

၁၉၇၁ ခုနှစ် ဖေဖွဲ့ဝါရီလ ၁၉ ရက်မှ ၂၁ ရက် အထိ ဗူခါရက်မြို့တွင် စိုက်ပျိုးဖေး လုပ်သားများ၏ စီမံခန့်ခွဲရေး ကောင်စီများ ဒုတိယအကြိမ် ညီလာခံကို ကျင်းပခဲ့သည်။

အကျယ်အဝန်း။	။၉၁,၂၀၀ စတုရန်းမိုင်
လူဦးရေ။	။၂,၂၃,၀၀,၀၀၀
မြို့တော်။	။ဗူခါရက်မြို့

စိုက်ပျိုးရေးကဏ္ဍနှင့် စားသောက်ကုန်ထုတ်လုပ်ရေး စက်မှုကဏ္ဍမှကိုယ်စားလှယ်ပေါင်း ၁၁,၀၀၀ တက်ရောက်ခဲ့သည်။ အမျိုးသားစိုက်ပျိုးရေးကောင်စီ၏ဥက္ကဋ္ဌသစ်အဖြစ် မစ္စတာ အီမီဗိုဗူးကို ရွေးချယ်တင်မြှောက်သည်။ ထိုကောင်စီသည် ရိုမေးနီးယား စိုက်ပျိုးရေး မူဝါဒအရ ကြီးကြပ်ကွပ်ကဲမှု၊ အကျိုးတူ ညှိနှိုင်းဆောင်ရွက်မှုတို့ကို အဓိကထား ဆောင်ရွက်သည်။

၁၉၇၁ ခုနှစ် စက်တင်ဘာလတွင်ကျင်းပသော ရိုမေးနီးယား ကွန်မြူနစ်ပါတီ အစည်းအဝေး၌ ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတ ချောင်ဆက်စကူးသည် စိုက်ပျိုးရေး ပြုပြင် ပြောင်းလဲမှု စီမံကိန်းများ အောင်မြင်စွာ အကောင်အထည် ဖော်ရာတွင် ဒုတိယဝန်ကြီး အပါအဝင် စိုက်ပျိုးရေး အရာရှိများသည် စိုက်ပျိုးရေး လုပ်သားများနှင့် ရင်ပေါင်တန်းဆောင်ရွက်၍ ဒီမိုကရေစီအရ ဦးဆောင်မှုပေးရန် သတိပေး ပြောကြားခဲ့သည်။ ထိုအစည်းအဝေးမှ စိုက်ပျိုးရေးတက္ကသိုလ်များနှင့် လယ်ယာမြေများ ပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများ အရှိန်မြှင့် ဆောင်ရွက်ရေးတို့အတွက် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

ရန်ကုန်တိရစ္ဆာန် ဥယျာဉ်နှစ် ၈၀ ပြည့်။ ။ကမ္ဘာတွင် ရှားပါးသော တောရိုင်းတိရစ္ဆာန်များကို လူအများကြည့်ရှုလေ့လာနိုင်ရန် နိုင်ငံအသီးသီး၌ တိရစ္ဆာန်ဥယျာဉ်များ ဖွင့်လှစ်၍ ပြသကြသည်။ ထို့ပြင် တိရစ္ဆာန် ဥယျာဉ်များသည် ကမ္ဘာအရပ်ရပ်မှ ရှားပါးသော တောရိုင်းတိရစ္ဆာန်များကို စုဆောင်းပြီး မျိုးဆက် တိမ်ကောလုနီးပါးရှိသော တိရစ္ဆာန်အချို့ကို မျိုးဆက်မပြတ်စေရန် မျိုးပွားပေးလျက်ရှိကြသည်။

တကမ္ဘာလုံးတွင် ထိုကဲ့သို့ တောရိုင်းတိရစ္ဆာန်မျိုးစုံကို စုဆောင်း ပြသထားသည့် တိရစ္ဆာန်ဥယျာဉ်ကြီး ပေါင်းခြောက်ရာကျော်ခန့်ရှိရာတွင် နှစ်စဉ် လူဦးရေတသန်းကျော်ခန့် လေ့လာကြည့်ရှုကြသော တိရစ္ဆာန်ဥယျာဉ်ကြီး ဆယ်ခုပါဝင်သည်။ ထိုတိရစ္ဆာန်ဥယျာဉ်ကြီး ဆယ်ခုတွင် မြန်မာနိုင်ငံရှိ ရန်ကုန် တိရစ္ဆာန် ဥယျာဉ်ကြီးသည်လည်း တခု အပါအဝင်ဖြစ်လေသည်။

ရန်ကုန် တိရစ္ဆာန် ဥယျာဉ်ကြီးသည် ရန်ကုန် မီးရထားဘူတာကြီး၏ မြောက်ဘက် မိုင်ဝက်ခန့်အကွာ၊ ကန်တော်ကြီး၏ တောင်ဘက်စွန်းတွင် တည်ရှိသည်။ ထိုရန်ကုန် တိရစ္ဆာန် ဥယျာဉ်ကို ၁၉၀၁ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၀၆ ခုနှစ် ဇန္နဝါရီလတွင် အင်္ဂလန်ပြည် ဝေလမင်းသားနှင့် ကြင်ယာတော်တို့က အခမ်းအနားဖြင့် ဖွင့်လှစ်ကာ ဝိတိုရိယဘုရင်မအထိမ်းအမှတ် ပန်းခြံနှင့်တိရစ္ဆာန် ဥယျာဉ်ဟု အမည်ပေးခဲ့သည်။ ထိုစဉ်က သီပေါမင်း၏

ဆင်ဖြူတော်သည် ရန်ကုန် တိုင်းဒေသကြီးဥယျာဉ်တွင် ပြသခဲ့ပြီး ၁၉၁၀ ခုနှစ်တွင် သေဆုံးခဲ့သည်။

ထို့ပြင် ရန်ကုန် တိုင်းဒေသကြီး ဥယျာဉ် စည်ပင်သာယာရေးအတွက် ဥပဒေရှိခဲ့ရာ ယခင်က ထိုဥပဒေကို ၁၉၀၈ ခုနှစ် ဝိတိုရိယ ဘုရင်မ အထိမ်းအမှတ် ဥပဒေဟုခေါ်တွင်ခဲ့ပြီး ၁၉၅၁ ခုနှစ်မှစ၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ပန်းမန် ဥယျာဉ် ပြင်ဆင်ချက် ဥပဒေဟုခေါ်တွင်ခဲ့လေသည်။

ထို့နောက် ၁၉၆၂ ခုနှစ်တော်လှန်ရေးအစိုးရ လက်ထက်တွင် ရန်ကုန်တိုင်းဒေသကြီးဥယျာဉ်၏ အုပ်ချုပ်ရေးအဖွဲ့ဟောင်းကို ဖျက်သိမ်းပြီး ရန်ကုန်တိုင်းဒေသကြီးဥယျာဉ်၏ကြီးကြပ်ရေးအဖွဲ့သစ်ကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ရန်ကုန် တိုင်းဒေသကြီးဥယျာဉ်၏ ကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီးဥယျာဉ်ကို ပိုမို၍ စနစ်တကျ မွမ်းမံပြုပြင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းများ ပြုလုပ်ခဲ့သည်။

ယခုအခါ ရန်ကုန် တိုင်းဒေသကြီး ဥယျာဉ်၏ သက်တမ်းသည် နှစ်ပေါင်း ၈၀ ပြည့်ပြီဖြစ်သည်။ ယခင်က ရန်ကုန် တိုင်းဒေသကြီးဥယျာဉ် အခြေအနေသည် အဆောက်အအုံနှင့် ခြံဝင်း ၅၂ ခုသာရှိခဲ့ပြီး ဧရိယာ ၄၂ ဒသမ ၀၂ ဧကသာ ကျယ်ဝန်းသည်။ တော်လှန်ရေးအစိုးရလက်ထက်သို့ ရောက်လာသောအခါ တိုင်းဒေသကြီးများပြသရန် အဆောက် အအုံများကို မွမ်းမံ တိုးချဲ့ ဆောက်လုပ်ခဲ့ပြီး အကျယ်အဝန်းကိုလည်း ၂၇ ဒသမ ၂၃ ဧက ထပ်မံတိုးချဲ့ခဲ့သည်။ ယခုအခါ တိုင်းဒေသကြီးဥယျာဉ်၏ အကျယ်အဝန်းမှာ ဧရိယာ ၆၉ ဒသမ ၂၅ ဧကရှိပြီဖြစ်လေသည်။

ရန်ကုန် တိုင်းဒေသကြီးဥယျာဉ်တွင်နို့တိုက်သတ္တဝါမျိုးပေါင်း ၉၉ မျိုးတွင် ကောင်ရေပေါင်း ၆၇၆ ကောင်၊ ကျေးငှက်အမျိုးပေါင်း ၇၀ တွင် ကောင်ရေပေါင်း ၄၉၆ ကောင်၊ တွားသွားသတ္တဝါမျိုးပေါင်း ၁၆ မျိုးတွင် ကောင်ရေပေါင်း ၉၃ ကောင် စုစုပေါင်းတိုင်းဒေသကြီးကောင်ရေ ၁,၂၆၅ ကောင် မွေးမြူ ပြသထားသည်။ တိုင်းဒေသကြီး အမျိုးအစားထဲတွင် အသားစား တိုင်းဒေသကြီးများ ဖြစ်သော ကျား၊ ခြင်္သေ့၊ ကျားသစ်၊ အမေရိကန်ကျားသစ်၊ တောင်ခြင်္သေ့၊ အမ်လိုက်ကျားသစ်၊ လင့်ကြောင်၊ ဆားဗယ်ကြောင်၊ သစ်ကြောင်၊ တောကြောင်၊ တက်ဝံအမျိုးမျိုးနှင့် တောခွေးအမျိုးမျိုးတို့ကို လုံခြုံသော နေထိုများတွင် ပြသထားသည်။

ထို့အပြင် မျောက်အမျိုးပေါင်း ၂၀ ရှိထုတွင် ဟနုမန်မျောက်၊ မျောက်ပင့်ကူ၊ မျောက်သူတော်၊ဘာဘွန်းမျောက်များအပြင် ဂေါရိလာ လူဝံ၊ အူရန်အူတန်လူဝံ၊ ချင်ပန်ဇီမျောက်ဝံတို့ ပါဝင်သည်။ ထို့ပြင် မြင်းကျား၊မြည်း၊ မြည်းပု၊ လားရိုင်း၊ ကြံ့ဖွေ့၊ သမင်၊ ဒရယ်မျိုးနွယ်ဝင် ရွှေသမင်၊ စီကာသမင်၊ ပဉ္စရွပသမင်၊ ဇင်္ဃသမင်၊ သမင်ပြောက်၊ ဆတ်၊ ချေ၊ ဒရယ်စသည်တို့ကိုလည်း ပြသထားလေသည်။

ငှက်မျိုးနွယ် တိရစ္ဆာန်များတွင် အော့စထရစ်ငှက်ကုလားအုတ်၊ အီမျူးငှက် ကုလားအုတ်၊ နန်ဒူးငှက်ကုလားအုတ်၊ ကက်ဆိုဝါရီ ငှက်ကုလားအုတ်၊ ငှက်ကြီးတုံးစပ်၊ ကြိုးကြာ၊ငှက်ကျား၊ ငှက်ကုလား စသည့် အရွယ်အစား ကြီးမားသော ငှက်များနှင့် ရေဘဲ၊ ချိုး၊ ကျေးရစ်၊ လင်းတ၊ ဒီးဒုတ်၊ ကုပ်ကရူး၊ ဥဩ၊ ငှက်ခါး၊ လင်းယုန်စသည့် ငှက်ငယ်များကို မွေးမြူထားသည်။ တိရစ္ဆာန်ကြီးများဖြစ်သည့် ဆင်၊ သစ်ကုလားအုတ်၊ ဘိုတလုံး ကုလားအုတ်၊ ဘိုနှစ်လုံးကုလားအုတ်၊ ရေမြင်း၊ ရေမြင်းပု၊ ဆတ်ကုလား တို့အပြင် မီကျောင်း၊ လိပ်၊ မြွေ၊ ဖွတ် တို့ကိုပါ စုဆောင်းပြသထားသည်။

တိရစ္ဆာန်များကို ရှာဖွေစုဆောင်းသောအခါ တိရစ္ဆာန်ချင်း လဲလှယ်သော အစီအစဉ်ဖြင့် စုဆောင်းသည်။ အမေရိကတိုက်နှင့် ဥရောပတိုက်ရှိ တိရစ္ဆာန် ဥယျာဉ်ကြီးများမှ တိရစ္ဆာန်များကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးရှိ တိရစ္ဆာန်များဖြင့် လဲလှယ်ကာ စုဆောင်းလျက်ရှိသည်။


တိရစ္ဆာန်များကို ရှာဖွေစုဆောင်းပြသရာ၌ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ကြီးသည် ရှားပါးသော တိရစ္ဆာန်များကိုပြသထားနိုင်သည်မှာ ထူးခြားချက်တရပ်ဖြစ်သည်။

ကမ္ဘာပေါ်တွင် အထူးရှားပါးပြီး မည်သည့် တိရစ္ဆာန် ဥယျာဉ်မျှ မပြသနိုင်သည့် ဆင်ဖြူမျိုးကို ရန်ကုန်တိရစ္ဆာန် ဥယျာဉ်ကြီးတွင် ပြသနိုင်ခဲ့သည်။ ယခုအခါ ယင်းဆင်ဖြူသည် ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ထို့ပြင် မြန်မာပြည်မြောက်ပိုင်းဒေသတွင် ပေါက်ဖွားသည့် သားမင်းနှင့် တောဆိတ်နို့တို့ကိုလည်း ပြသထားသည်။ အာဖရိက တောင်ပိုင်းတွင် သာတွေ့ရှိနိုင်ပြီး မျိုးပြုန်းမည်ကို စိုးရိမ်နေရသော ကြံ့ဖွေ့နှစ်ကောင်လည်းရှိသည်။

တဖန် ဂျပန်၊ တရုတ်ပြည် မြောက်ပိုင်းနှင့် မန်ချူးရီးယား ပြည် တို့တွင် ပေါက်ဖွားသော သမင်မျိုး ဖြစ်သည့် ပဉ္စရွပသမင်ကိုလည်း ပြသထားသည်။ ယခုအခါ ပဉ္စရွပသမင်မျိုးသည် တိရစ္ဆာန်ဥယျာဉ်အချို့၌သာရှိ၍ မျိုးဆက်ပြုန်းလုနီးပါးရှိနေပြီဖြစ်သည်။

ရန်ကုန် တိရစ္ဆာန် ဥယျာဉ်ကြီးသည် ရှားပါးသည့် တိရစ္ဆာန်များကို ရှာဖွေ စုဆောင်း ပြသနိုင်ခြင်းနှင့် တိရစ္ဆာန်များ မျိုးဆက် ပြန့်ပွားအောင် ဆောင်ရွက် နိုင်ခြင်းတို့အပြင် သစ်ပင်ပန်းမန်များကိုလည်း စုဆောင်း စိုက်ပျိုးထားသည်။ ယခုအခါ သစ်ပင်အမျိုးပေါင်း ၂၂၃ မျိုးရှိပြီး သစ်ပင်ပေါင်း ၃,၈၃၂ ပင်ခန့်ရှိသည်။

ထို့အပြင် တိရစ္ဆာန် ဥယျာဉ်၏ အရှေ့ဘက်တွင် အဆောက်အအုံသစ်ကြီး ဆောက်လုပ်ပြီး သဘာဝသမိုင်းပြတိုက်ကို ဖွင့်လှစ်ထားသည်။ ယင်းသဘာဝသမိုင်းပြတိုက်တွင် ဘူမိဗေဒ ပြခန်း၊ သစ်တောပြခန်း၊ နို့တိုက် သတ္တဝါ



ရန်ကုန်တိုင်းအတွင်း လျှပ်စစ်ဓာတ်အား တပ်ဆင်ထားသောအင်အားမှာ ၁၉၈၀–၈၁ ခုနှစ်တွင် ရေနွေးငွေအား ကီလိုဝပ် ၆၀,၀၀၀၊ ဒီဇယ်ဆီအား ၇,၀၇၈ ကီလိုဝပ် နှင့် သဘာဝဓာတ်ငွေ့အား ကီလိုဝပ် ၃၆,၉၀၀ အထိ တိုးခဲ့၍ အသုံးပြုလာနိုင်ခဲ့သည်။

ရန်ကုန်တိုင်းအတွင်း ပညာရေးဆိုင်ရာ လုပ်ငန်းများတိုးခဲ့ဆောင်ရွက်လျက်ရှိရာ ၁၉၈၀–၈၁ ခုနှစ်တွင် မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အခြေခံပညာအဆင့်မြင့်တန်းကျောင်း စုစုပေါင်း ၁,၉၈၀ ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ယင်း ကျောင်းများတွင် ဆရာဆရာမပေါင်း ၁၇,၇၀၂ ဦးဖြင့် ကျောင်းသူ ကျောင်းသားပေါင်းရှစ်သိန်းခန့်ကို တာဝန်ယူ ပညာသင်ကြားပေးလျက်ရှိသည်။ ဆရာအတတ်သင်သိပ္ပံကျောင်း၊ စက်မှုလက်မှုသိပ္ပံကျောင်း၊ တက္ကသိုလ်နှင့် ကောလိပ်များ၊ စာပေးစာယူသင်တန်း၊ ဘွဲ့လွန် ဆေးပညာသင်တန်းကျောင်းများလည်း ဖွင့်လှစ်ထားသည်။

ကျန်းမာရေး ကဏ္ဍ၌ ၁၉၈၀–၈၁ ခုနှစ်တွင် ဆေးရုံပေါင်း ၅၁ ရုံ၊ လူမှုဖူလုံရေး ဆေးပေးခန်း ၅၅ ခန်း၊ ကျေးလက် ကျန်းမာရေးဌာန ၆၆ ခု၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန ၁၈ ခု၊ ဒေသန္တရ ကျန်းမာရေးဌာန ၃၅ ခုနှင့် တိုင်းရင်းဆေးကုဌာန ၁၂ ခုတို့ကို ဖွင့်လှစ်ထားရှိသည်။


များနှင့်ကျေးငှက်များ ပြခန်း၊ ငါးများ၊ တွားသွား သတ္တဝါများ ကုန်းတပိုင်း ရေတပိုင်း သတ္တဝါများ ပြခန်းများရှိသည်။

သဘာဝသမိုင်း ပြတိုက်ကဲ့သို့ပင် ရန်ကုန် တိရစ္ဆာန်ဥယျာဉ်၏ မြောက်ဘက်ဝင်ပေါက်အနီးတွင် ငါးပြတိုက်ကို ဆောက်လုပ်ပြသထားသည်။

ငါးပြတိုက်တွင် ပြသထားသော ငါးများမှာ ပြည်တွင်းနှင့် ပြည်ပရှိ အလှပြ ငါးမျိုးများဖြစ်သည်။ ပြသထားသည့်ငါးများသည် နိုင်ငံခြားတိုင်းပြည်များတွင် ရှိသော အသားစားသည့် ပေါရိသငါးစိမ်းပြာ၊ ငါး မုတ်ဆိတ်၊ ၁၂ ပေအထိကြီးထွားသည့် ရောင်ပြေးငါး၊ ကိုယ်ပျောက်ငါးနှုန်း စသည့် ငါးများအပြင် ပြည်တွင်း အလှပြငါးနှင့် မွေးမြူရေးငါး ၁၇ မျိုးတို့ကို ပြသထားလေသည်။

ရန်ကုန်တိုင်း။ ။ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၏ မြို့တော် ရန်ကုန်မြို့ကို အစဲ့ပြု၍ ထင်ရှားသော တိုင်းဖြစ်သည်။ ရန်ကုန်တိုင်းကို မြို့နယ် ၃၉ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စုပေါင်း ၁၂,၁၄၄ ခု တို့ဖြင့် ဖွဲ့စည်းထားသည်။ လူဦးရေစုစုပေါင်း ၃၄,၈၆,၃၃၉ ဦးရှိ၍ မဲဆန္ဒပေးပိုင်ခွင့်ရှိသူပေါင်း ၁၉,၆၆,၇၄၀ ဦးရှိသည်။ ရန်ကုန်တိုင်းမှ ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး၊ တိုင်းအဆင့် ၈၉ ဦး၊ မြို့နယ်အဆင့် ၂,၅၅၈ ဦးနှင့် ရပ်ကွက်ကျေးရွာ အုပ်စုအဆင့် ၁၂,၂၀၆ ဦးတို့ကို ရွေးချယ်တင်မြှောက်ထားသည်။

ရန်ကုန်တိုင်းသည် ဧရာဝတီတိုင်းပြီးလျှင် စိုက်ပျိုးရေးတွင် အအောင်မြင်ဆုံး တိုင်းဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်ပြင် မိုးကောင်းစွာရရှိပြီး ရာသီဥတုညီညွတ်မှုတမှုကြောင့် စိုက်ပျိုးရေး အထူးအောင်မြင်သည်။ ခရမ်း၊ ကျောက်တန်း၊ သုံးခွ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ လှည်းကူး၊ တိုက်ကြီး၊ ထန်းတပင်၊ သန်လျင်မြို့နယ်များတွင် ဆန်စပါးအထွက်ကောင်းသည်။ မြေပဲ၊ ဂုန်လျော်၊ ပဲမျိုးစုံ၊ ကြက်ပေါင်စေး၊ ကြံစသည့် သီးနှံများကိုလည်း အဓိကထားစိုက်ပျိုးသည်။ သီးနှံအမျိုးမျိုး စိုက်ကေသည် ၁၉၈၀–၈၁ ခုနှစ်တွင် ကော ဒသမ ၅ သန်းကျော်အထိ ရှိလာသည်။ စိုက်ပျိုးမြေကေများ တိုးတက်လာစေရေး၊ သီးနှံအထွက် တိုးရေးတို့အဘွက် စိုက်ပျိုးရေးဆိုင်ရာ စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ အောက်မြန်မာပြည် စပါးစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ မြေယာဖော်ထုတ်ပြုပြင်ရေးနှင့် စိုက်ကွင်းများ တည်ထောင်ရေး စီမံကိန်း၊ သီးနှံမျိုးစေ့ တိုးတက်ဖွံ့ဖြိုးရေး စီမံကိန်း၊ စပါးအထူးအထွက်တိုးစီမံကိန်းနှင့် စပါးအလေအလွင့်ထိန်းသိမ်းရေး စီမံကိန်းများ ပါဝင်သည်။



မြန်မာရုပ်ရှင် ထူးချွန်ဆုပေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ရုပ်ရှင်ထူးချွန်ဆု၊ မြန်မာ (၁၉၇၉–၈၀)။ ။၁၉၇၉ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ချွန်ထူးဆုများ ချီးမြှင့်သည့် အခမ်းအနားကို ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့ ဂေါ်ဒင် လမ်းရှိ ယဉ်ကျေးမှု ကဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မြင့်က အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုအသီးသီးကို ချီးမြှင့်သည်။ ဆုချီးမြှင့်ခြင်းသည် ၁၉၇၉ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ် နှစ်နှစ်အတွက် ဖြစ်၏။ ၁၉၇၉ ခုနှစ်အတွင်း ရုံတင်ပြသသည့်မြန်မာဇာတ်ကားပေါင်း ၆၆ ကားရှိသည်။ ၁၉၈၀ ပြည့်နှစ်တွင် မြန်မာဇာတ်ကားပေါင်း ၇၀ တိတိ ဖြစ်သည်။

နှစ်နှစ်အတွင်း မြန်မာရုပ်ရှင်ကား အသီးသီး၌ သရုပ်ဆောင်ဆု၊ ဇာတ်ပို့ဆု၊ ဒါရိုက်တာဆု၊ ဇာတ်ကားဆု စသည်ဖြင့် ဆုရရှိသူများသည် အောက်ပါအတိုင်းဖြစ်သည်။

၁၉၇၉ ခုနှစ်

စဉ်	ဆုအမည်	ဆုရရှိသူ	ဇာတ်ကားအမည်
၁။	ဓာတ်ပုံဆု	ကိုစန်းမောင်	ကျော်ကိုချစ်မလား၊ ဇော်ကိုချစ်မလား
၂။	အမျိုးသားဇာတ်ပို့ဆု	ကောလိပ်ကျင်နေဝင်း	အကာကအချစ်၊ အနှစ်ကမေတ္တာ
၃။	အမျိုးသမီး ဇာတ်ပို့ဆု	ဒေါ်စိန်ခင်	အကာကအချစ်၊ အနှစ်ကမေတ္တာ
၄။	အမျိုးသား ဇာတ်ဆောင်ဆု	ကျော်ဟိန်း	အကာကအချစ်၊ အနှစ်ကမေတ္တာ
၅။	အမျိုးသမီး ဇာတ်ဆောင်ဆု	ချိုပြုံး	ချစ်အမျှ

၁၉၈၀ ပြည့်နှစ်

စဉ်	ဆုအမည်	ဆုရရှိသူ	ဇာတ်ကားအမည်
၁။	ဓာတ်ပုံဆု	ချစ်မင်းလူ (ခေါ်) ကိုအေးသိန်း	နွေရွှေပ
၂။	အမျိုးသားဇာတ်ပို့ဆု	ကိုစိမ်းအောင်	မှတပါး အခြားမရှိပြီ
၃။	အမျိုးသမီးဇာတ်ပို့ဆု	မြင့်မြင့်ခင်	မှတပါး အခြားမရှိပြီ
၄။	အမျိုးသမီး ဇာတ်ဆောင်ဆု	မေဝင်းမောင်	ကြည်ပြာ
၅။	ဒါရိုက်တာဆု	ဦးကြိုးမြင့်	ကြည်ပြာ
၆။	ဇာတ်ကားဆု	ယမုံနာရုပ်ရှင်ကုမ္ပဏီ	ကြည်ပြာ

ရုပ်ရှင်ထူးချွန်ဆု (အမေရိကန်)

(၁၉၇၁ ခုနှစ်အတွက် ရုပ်ရှင်အနုပညာနှင့် သိပ္ပံအဖွဲ့က ချီးမြှင့်သော အော်စကာထူးချွန်ဆုများ)


ဇာတ်ကားအမည်	ဆုအမည်	ဆုရရှိသူ
ရွှေရောင်ရေကန်ကလေးပေါ်မှာ On Golden Pond	အမျိုးသားဇာတ်ဆောင်ဆု	ဟင်နရီ ဖွန်းဒါး
″	အမျိုးသမီးဇာတ်ဆောင်ဆု	ကက်သရင်း ဟက်ဘန်း
မီးစစ်ယာဉ်များ Chariots of Fire	ဇာတ်ကားဆု	ဗြိတိသျှရုပ်ရှင်(ဟျူဟတ်ဆင်ညွှန်ကြားသည်)
အာသာ Arthur	အမျိုးသားဇာတ်ပို့ဆု	ဆာ ဂျွန်ဂီးလဂွတ်
လက်ဝဲသမားများ Reds	ဒါရိုက်တာဆု	ဝါရင် ဘက်တီ
″	အမျိုးသမီးဇာတ်ပို့ဆု	မော်ရင်းစတေပယ်တန်
″	ဓာတ်ပုံဆု	ဗစ်တိုရီယို စတိုရာရို
″	ဂုဏ်ထူးဆောင်ဆုများ	ဘာဘာရာ စတင်ဝစ် ဒင်နီကေး အယ်လဗတ် ဘရောင့်ကိုလီ ဂျီးဆက်ဝေါလကား ဖူဂျီဂျပန်ရုပ်ရှင်ကုမ္ပဏီ

ရှမ်းပြည်နယ်။ ။ရှမ်းပြည်နယ်သည် မြန်မာ နိုင်ငံ၏ အရှေ့အလယ်ပိုင်းတွင် တည်ရှိပြီး ဧရိယာ စတုရန်းမိုင်ပေါင်း ၆၁,၀၉၁ ကျယ်ဝန်းသည်။ တနိုင်ငံလုံး အကျယ်အဝန်း၏ လေးပုံတပုံခန့်ကျယ်ဝန်းသဖြင့် ရှမ်းပြည်နယ်သည် အကျယ်ဝန်းဆုံး ပြည်နယ်ဖြစ်သည်။

ရှမ်းပြည်နယ်တွင် စုစုပေါင်း လူဦးရေ ၇၂,၄၃,၃၁၃ ဦး ရှိသည်။ ရှမ်းပြည်နယ်ကို မြို့နယ် ၅၂ မြို့နယ်၊ ရပ်ကွက် ကျေးရွာအုပ်စုပေါင်း ၁,၉၃၂ အုပ်စု တို့ဖြင့် ဖွဲ့စည်းထားသည်။ မဲဆန္ဒ ပေးခွင့် ရှိသူပေါင်း ၁၇,၀၁,၃၁၀ ဦး ရှိပြီး ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၅၉ ဦး၊ ပြည်နယ်အဆင့် ဂဖ ဦးနှင့် မြို့နယ်အဆင့် ၃,၁၆၂ ဦးတို့ကို ပြည်သူကိုယ်စားလှယ်များအဖြစ် ရွေးချယ်တင်မြှောက်ထားသည်။ ရှမ်းပြည်နယ်၏ မြို့တော်သည် တောင်ကြီးမြို့ဖြစ်ပြီး ပြည်နယ်နေသည် ဖေဖွဲ့ရီလ ၇ ရက်နေ့ ဖြစ်သည်။

ရှမ်းပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ အဓိက စိုက်ပျိုးသီးနှံများမှာ စပါး၊ မြေပဲနှင့် ပဲမျိုးစုံ၊ အာလူး၊ လက်ဖက်၊ ကျုံ၊ ငရုတ်၊ ဝါ၊ ဗာဂျီး နီးယား ဆေးများဖြစ်သည်။ အေးမြသော ရာသီဥတု ရှိသဖြင့် လိမ္မော်၊ သစ်တော်၊ မက်မန်း၊ ပန်းသီးနှင့် စပျစ်သီးများလည်း စိုက်ပျိုး ဖြစ်ထွန်းသည်။ ၁၉၇၀–၇၁ ခုနှစ်တွင် ရှမ်းပြည်နယ်၌ သီးနှံအမျိုးမျိုးစိုက်ပျိုး ကေသည် ၁၃ ဒသမ ၄ သိန်း အထိ တိုးတက်လာသည်။ ရေသွင်းစိုက်ပျိုးမှုကြောင့် စိုက်ပျိုးကေများ တိုးခဲ့လာနိုင်သဖြင့် ဟဲဟိုးချိုင့်ဝှမ်းဆည်မြောင်း၊ ဘန်းယဉ်ဆည်မြောင်း၊ နန်းကပ်ဆည်၊ နန်းခွပ်ဆည်၊ မိုင်းပါလျှိဆည်၊ နန်းရန် ရေလှဲဆည်၊ မိုင်း ဆတ် ချိုင့်ဝှမ်းဆည်၊ မိုင်းလှိ ရေလှဲဆည်၊ မိုင်းလုံဆည် တို့ကို များစွာအားထားရသည်။ ဘိန်းနှင့် မူးယစ်ဆေးဝါးပင်များ စိုက်ပျိုးခြင်းကို ဥပဒေအရ တားမြစ်ပြီး ဘိန်းအစားထိုး သီးနှံများ စိုက်ပျိုးရေးစီမံကိန်းများ ချမှတ် ဆောင်ရွက်လျက် ရှိသည်။ ဟဲဟိုးမြို့နယ်တွင်လည်း ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေး စီမံကိန်းကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အောင်မြင်နေသည်။


ရှမ်းပြည်နယ်သည် သယံဇာတကြွယ်ဝသော ပြည်နယ်တခုဖြစ်သည့်အားလျော်စွာ ရတနာသိဂ်သတ္တုတွင်း၊ နမ္မတူဘော်တွင်း၊ ဘော်ဆိုင်း သတ္တုတွင်းများမှ ခဲစင်၊ ခနောက်



စိမ်းခဲ၊ သန့်စင်သပ်မှုန့်၊ ကြေးနီ၊ နီကယ် စပိုက်စ်၊ ငွေစင်၊ ဆာလ်ဖိုက် ခဲသတ္တုရှိုင်း၊ ခဲချော်ချေး များ ကို နှစ် စဉ် တိုးတက်ထုတ်နိုင်ခဲ့သည်။ ပြည်တွင်းဘိလပ်မြေစက်များနှင့် အခြားစက်မှုလက်မှု လုပ်ငန်းများမှ လိုအပ်သော ဂေါ်ဒန် ကျောက်ကိုလည်း သိပေါ ဂေါ်ဒန်ကျောက်လုပ်ငန်းမှ တနှစ် ထက်တနှစ်တိုးချဲ့ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ရှမ်းပြည်နယ်တွင် ပြည်သူပိုင် စက်ရုံ အလုပ်ရုံပေါင်း ၁၄၆ ရုံ ရှိပြီး ပြည်နယ် ဒေသဆိုင်ရာ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံသို့ လာရောက် ကြသော နိုင်ငံခြားဧည့်သည်များ၊ ကမ္ဘာလှည့် ခရီးသည် များ၊ ပြည်တွင်း ခရီးသည်များ အနားယူ တည်းခိုနိုင်ရန် အတွက် ကလောဟိုတယ်လုပ်ငန်း စိမ်ကိန်းကို ၁၉၈၀–၈၁ ခုနှစ်မှ စတင်ချမှတ် ဆောင်ရွက်လျက် ရှိသည်။

ရှမ်းပြည်နယ်တွင် ၁၉၈၀–၈၁ ခု နှစ် ၌ စု စု ပေါင်း ကျောင်းသား ကျောင်းသူဦးရေ ၃ ဒသမ ၁ သိန်းရှိရာ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အခြေခံပညာ အဆင့်မြင့်တန်းကျောင်း၊ စုစုပေါင်း ၁,၇၆၁ ကျောင်းတွင် ဆရာ ဆရာမပေါင်း ၇,၂၄၃ ဦး တို့က တာဝန်ယူ ပညာ သင်ကြား ပေးလျက် ရှိ သည်။ ထို့ပြင် အသက်မွေးဝမ်း ကျောင်း ပညာသင်ကျောင်းများဖြစ်ကြသော စက်မှုလက်မှု အထက်တန်းကျောင်း၊ စိုက်ပျိုး မွေးမြူရေး အထက်တန်း ကျောင်းများနှင့် ကောလိပ်ကျောင်းများကိုပါ ဖွင့်လှစ် ပေးထားသည်။ ပြည်နယ် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် ရည်ရွယ်၍ ရှမ်းပြည်နယ်တွင် ဆေးရုံ၊ ဆေးပေး ခန်းနှင့် အခြားကျန်းမာရေး ဌာနများ၊ တန့်ထက်တန့် တိုးချဲ့ဖွင့်လှစ်ပေးခဲ့ရာ ၁၉၈၀–၈၁ ခုနှစ်တွင် ဆေးရုံ ၇၉ ရုံနှင့် ဆေးပေးခန်း ၃၁ ခုအထိ ရှိလာခဲ့သည်။

လူဝီ, ကျိုး (ခရစ် ၁၉၁၄–၁၉၈၁)။ ။ကျိုးလူဝီသည် ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ ပြိုင်ပွဲသမိုင်းတွင် ချန်ပီယံဘွဲ့ကို အရှည်ကြာဆုံး ထိန်းသိမ်း ထားနိုင်ခဲ့သော ကပွလီလူမျိုး လက်ဝှေ့ကျော်တဦး ဖြစ်သည်။ အမည်ရင်း အပြည့်အစုံမှာ ကျိုးဇက်လူဝီဘားရိုး ဖြစ်သည်။အမေရိကန်နိုင်ငံတောင်ပိုင်း အလာဘားမားပြည်နယ်တွင် ၁၉၁၄ ခုနှစ် မေလ ၁၃ ရက်နေ့၌ မွေးဖွားသည်။



ကျိုးလူဝီ

ကျိုးလူဝီသည် အပျော်ထမ်း လက်ဝှေ့သမားဘဝဖြင့် အစပြုခဲ့ပြီး ၁၉၃၄ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု အပျော်ထမ်း အားကစား အဖွဲ့ကြီး၏ ၁၇၅ ပေါင်တန်းတွင် ဝင်ပြိုင်ခဲ့ရာ ချန်ပီယံနှင့် ရွှေလက်သီး ချန်ပီယံဘွဲ့ကိုရရှိခဲ့ သည်။အပျော်ထမ်းလက်ဝှေ့လောကတွင် အောင်မြင်မှုများ ရရှိပြီးနောက် ၁၉၃၄ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှ အစပြု၍ ကြေးစား လက်ဝှေ့လောကသို့ ဝင်လာခဲ့သည်။ ထိုနေ့တွင် ကျိုးလူဝီ၏ ပထမဆုံး ကြေးစားလက်ဝှေ့ပွဲအဖြစ် ချီကာဂို မြို့၌ ထိုးသတ်ခဲ့ရာ ပြိုင်ဘက် ကျက်ကရက်တင်ကို ပထမ အချီ၌ပင် အလဲထိုး အနိုင်ရခဲ့သည်။ လူဝီသည် ကြေးစား လက်ဝှေ့ပွဲ ၂၇ ပွဲကို ဆက်တိုက် အောင်ပွဲဆင်ပြီးနောက် ၁၉၃၆ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် ကျာမန်လက်ဝှေ့ကျော်

မက်ရွဲမလင်းနှင့် တွေ့ခဲ့ရာ ၁၂ ချီတင်အလဲထိုးခြင်းကိုခံရ၍ ရှုံးနိမ့်ခဲ့သည်။

၁၉၃၇ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ချီကာဂိုမြို့၌ ကျင်းပသော ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ပြိုင်ပွဲတွင် ချန်ပီယံဂျိမ်းကျေဘရက်ဒေါ့်ကို ရှစ်ချီတွင် အလဲထိုး၍ ချန်ပီယံသရဖူကို ရယူခဲ့သည်။ ချန်ပီယံဖြစ်လာပြီးနောက် သရဖူကာကွယ်ပွဲများကို ထိုးသတ်ယင်း စိန်ခေါ်သူ ဂျာမန် လက်ဝှေ့ကျော် မက်ရွဲမလင်းကို ၁၉၃၈ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် အလဲထိုးကာ ရာဇဝင်ကြွေး ဆပ်နိုင်ခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံအဖြစ် ၁၂ နှစ်တိုင်တိုင် ရပ်တည်ခဲ့သည်။ သရဖူ ကာကွယ်ပွဲပေါင်း ၂၅ ပွဲ ထိုးသတ်ခဲ့ရာရှုံးပွဲမရှိပဲ ၂၁ ပွဲသည် အလဲထိုး၍ အနိုင်ယူခဲ့သောပွဲများ ဖြစ်သည်။ ဂျိုးလူဝီသည် ဒုတိယကမ္ဘာစစ်အတွင်း၌ အမေရိကန် ကြည်းတပ်မတော်တွင် လေးနှစ်တာမျှ စစ်မှုထမ်းခဲ့သည်။


၁၉၃၉ မှ ၁၉၄၂ ခုနှစ်အတွင်းကာလသည် ဂျိုးလူဝီ၏ လျှမ်းလျှမ်းတောက် အောင်မြင်မှုရရှိသည့်ကာလဖြစ်သည်။ ၁၉၄၀ ပြည့်နှစ် ဒီဇင်ဘာလမှ ၁၉၄၁ ခုနှစ် ဇွန်လ အတွင်း ချန်ပီယံသရဖူကိုခုနစ်ကြိမ်တိတိ ကာကွယ်ထိုးသတ်ခဲ့သည်။ ဂျိုးလူဝီသည်၁၉၄၁ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် နယူးယောက်မြို့၌ဂျာစီဂျိုးဝေါလ်ကော့ကို ၁၁ ချီတွင် အလဲထိုးပြီး ၁၉၄၂ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ရှုံးပွဲမရှိ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံအဖြစ်မှအနားယူသွားခဲ့သည်။

ဂျိုးလူဝီသည် လက်ဝှေ့ပွဲများမှ ဝင်ငွေများစွာ ရရှိခဲ့သော်လည်း အသုံးအစဲ့မတတ်ခြင်းကြောင့် ကြွေးတင်သည်အထိ ကျပ်တည်းလာခဲ့သည်။ အစိုးရသို့ ပေးဆောင်ရန် အခွန်အကောက် ကြွေးများကိုပါ ရင်ဆိုင်ခဲ့ရသည်။ ထိုပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်ရန် လက်ဝှေ့လောကသို့ တစ်ကျော့ပြန်ဝင်ကာ ၁၉၅၀ ပြည့်နှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ချန်ပီယံဖြစ်နေသူ အက်ဇက်ချားနှင့် နယူးယောက်၌ သရဖူလုပွဲထိုးသတ်ခဲ့ရာ ၁၅ ချီတွင် အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ ထိုနောက်တဖန် ၁၉၅၁ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ရော်ကီမာစီယားနိုးနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ရှစ်ချီတွင် ကြိုးဝိုင်းအပြင်သို့ လွှင့်စဉ်ကျပြီး အလဲပွဲနှင့် ရှုံးရသည်။ ထိုပွဲသည် ဂျိုးလူဝီ၏ နောက်ဆုံး ကြိုးစားခဲ့သော ယှဉ်ပြိုင်ပွဲဖြစ်သည်။

ဂျိုးလူဝီသည် ကြေးစားလက်ဝှေ့ပွဲ ၇၁ ပွဲ ထိုးသတ်ခဲ့ရာ ၆၈ ပွဲ အနိုင်ရရှိခဲ့သည်။ ၅၄ ပွဲမှာ အလဲထိုးအနိုင်ယူသောပွဲများ ဖြစ်သည်။ ရှုံးနိမ့်ခဲ့သောပွဲများမှာ ချန်ပီယံမဖြစ်မီနှင့် အနားယူပြီး တစ်ကျော့ပြန်ဝင်လာချိန် တို့တွင်ဖြစ်ပြီး ချန်ပီယံကာလ ၁၂ နှစ် အတွင်း၌ ရှုံးပွဲ မရှိခဲ့ချေ။ ၁၉၇၅ ခုနှစ်တွင် လူဝီသည် ရာစုနှစ်ဝက်အတွင်း အကောင်းဆုံး လက်ဝှေ့သမားအဖြစ် ရွေးချယ်ခြင်းခံရသည်။

ဂျိုးလူဝီသည် အသက်အရွယ်ကြီးရင့်လာသည့်နောက် နာတာရှည်ရောဂါကို သုံးနှစ်ကျော်မျှ အသည်းအသန် ခံစားခဲ့ရာမှ ၁၉၈၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် နီဗားဒါးပြည်နယ် လာ့ဗေးဂါရှိ ဒယ်ဇတ်စပရင်း ဆေးရုံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

လက်ဗန္ဓန်သမ္မတနိုင်ငံ။ ။၁၉၇၅ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် လက်ဗန္ဓန်နိုင်ငံ ဘေရွတ်မြို့တော် ဆင်ခြေဖုံးရှိ ခရစ်ယာန်ဘာသာဝင်များ နေထိုင်ရာဒေသတွင် ပါလက်စတိုင်း လူမျိုးအချို့ စီးနင်းလိုက်ပါလာသော ဘတ်စကားတစီးကို ဖလန်ဂေးခရစ်ယာန်ပါတီဝင်များက တိုက်ခိုက်ခဲ့ကြသဖြင့် ပါလက်စတိုင်း ၂၆ ဦး သေဆုံးခဲ့သည်။



ထိုအရေးအခင်းကြောင့် ဘေရွတ်မြို့တွင် ပါလက်စတိုင်းပြောက်ကျားများနှင့် ဖလန်ဂေးပါတီတို့၏ တိုက်ပွဲများဖြစ်ပွားလာပြီး ဖလန်ဂေးပါတီဘက်မှ အခြားခရစ်ယာန်အဖွဲ့အစည်းများက ကူညီခဲ့ကြသကဲ့သို့ ပါလက်စတိုင်းတို့ဘက်မှ မူဆလင်အဖွဲ့များက ကူညီခဲ့ကြသဖြင့် မူဆလင်နှင့် ခရစ်ယာန်တို့၏ တိုက်ပွဲများ တနိုင်တလုံးသို့ ပျံ့နှံ့သွားသည်။ ထိုဘာသာရေးပဋိပက္ခမှ လက်ဝဲလက်ယာ အဓိကရုဏ်းသို့ လည်းကောင်း၊ လူမျိုးရေး တိုက်ပွဲများသို့ လည်းကောင်း ကူးစက်လာခဲ့သည်မှာ ၁၉၇၁ခုနှစ်တိုင်အောင်ပင်ဖြစ်သည်။

၁၉၇၁ ခုနှစ် ဧပြီလအတွင်းတွင် ဘေရွတ်မြို့တော်အရှေ့ဘက် ၂၅ မိုင်ကွာရှိ ဇာလေမြို့၌ ဖလန်ဂေးပါတီဝင်များနှင့်

ဆီးရီးယားတပ်များ တိုက်ခိုက်ကြသည်။ ဇာလေမြို့သည် ခရစ်ယာန်အုပ်စုများ၏ အခြေခံမြို့ဖြစ်ပြီး လူဦးရေနှစ်သိန်းခန့်ရှိသည်။ မြို့ကိုဆီးရီးယားတပ်က ဝိုင်းထားပြီး အမြောက်များ၊ တင့်ကားပစ်သေနတ်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

ခရစ်ယာန်ပြောက်ကျားများကလည်း အမြောက်များဖြင့် ပြန်လှန်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ တဖန် ဘေရွတ်မြို့တော်ကို အစိမ်းရောင်မျဉ်းကြောင်းခေါ် နယ်ခြားမျဉ်းဖြင့် ပိုင်းခြားထားသည့် နေရာတွင် ဆီးရီးယားနှင့် လက်ဗန္ဓန် လက်ဝဲအင်အားစုကတဘက် ခရစ်ယာန် လက်ယာအင်အားစုက တဘက် တိုက်ခိုက်ကြသည်။ တချိန်တည်းမှာပင် လက်ဗန္ဓန်တောင်ပိုင်းမှ ဗိုလ်မှူး ဟာဒက်၏တပ်များက ပါလက်စတိုင်းစခန်းများဖြစ်သော တိုင်ယာနှင့် ဆီဒုန်မြို့များကို တိုက်ခိုက်သက့်သို့ အစွရေး လေထီးတပ်နှင့် လေယာဉ်များကလည်း ကျေးရွာများကို ပစ်ခတ် ဗုံးကြဲကြသည်။

အကျယ်အဝန်း။	။၄,၀၁၅ စတုရန်းမိုင်
လူဦးရေ။	။၃၁,၆၀,၀၀၀
မြို့တော်။	။ဘေရွတ်မြို့

ပြီလ ၂၈ ရက်နေ့တွင် ဇာလေနယ်မြေပေါ် သို့ ပျံသန်းလာသော ဆီးရီးယား ရဟတ်ယာဉ် နှစ်စင်းကို အစွရေးဖန်တွမ် ဂျက်လေယာဉ်တို့က ပစ်ချသဖြင့် ၂၉ ရက်နေ့တွင် ဆိုဗီယက်လုပ် 'ဆမ် ၆' ဒုံးပျံစခန်းကို ဘီကားစခန်း၌ ဖွင့်လှစ်လိုက်ပြီးနောက် ကျူးကျော် ပျံသန်းလာသမျှသော အစွရေး လူမဲ့ထောက်လှမ်းရေးလေယာဉ်များကို ပစ်ချခဲ့ရာ နှစ်လအတွင်းလေယာဉ်လေးစင်းကို ပစ်ချနိုင်ခဲ့သည်။

ဤတွင် ဆီးရီးယားဒုံးကျည်စခန်းများကို ဗုံးကြဲချမှုန်းရမည်ဟု အစွရေးဝန်ကြီးချုပ် ဗယ်ဂင်က မေလ ၁၂ ရက်နေ့တွင် အမိန့်ထုတ်လိုက်သည်။ ဆီးရီးယားတပ်များကလည်း ဘီကားစစ်မျက်နှာ၌ စစ်အင်အား တိုးဖြည့်လိုက်သည်။ မေလ ၂၀ ရက်နေ့တွင် လက်ဗန္ဓန်ရှိ ဆီးရီးယားဒုံးကျည်စခန်းများကို အစွရေးကတိုက်ခိုက်ဖျက်ဆီးရာ လူ ၂၆ ဦး သေဆုံးသည်။ ထိုဒုံးကျည်စခန်းကို ပါလက်စတိုင်း အမျိုးသားတို့က ကူပ်ကဲသည်။

ယင်းတိုက်ခိုက်မှုသည် စစ်ပွဲအသွင်သို့ ဦးတည်လျက်ရှိသောကြောင့် စစ်မီးမပြန့်စေရန်အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စုနှင့် အာရပ်အဖွဲ့ချုပ်တို့က ကြိုးပမ်းခဲ့ကြသည်။

အမေရိကန်အစိုးရသည် မစ္စတာဖိလစ်ဟာဘစ်ကိုအထူးသံအမတ်ကြီးအဖြစ်ခန့်အပ်၍ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများသို့ စေလွှတ်သည်။ မစ္စတာ ဟာဘစ်သည် လက်ဗန္ဓန်နှယ်ဖွားဖြစ်၍ လက်ဗန္ဓန်ဘာသာစကားကို ရေမွန်စွာပြောတတ်သဖြင့် လက်ဗန္ဓန်အရေးဖြေရှင်းရာ၌ အထူးအားကိုးရသူ ဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုကလည်း လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဂျော်ဂျီကော်နီယင်ကို ကိုစေလွှတ်ကာ မစ္စတာ ဟာဘစ်နှင့်တွဲ၍ လုပ်ဆောင်စေသည်။ ယင်းသို့ စေ့စပ်ဖြေရှင်းကြသဖြင့် အစွရေးနှင့် ဆီးရီးယားတို့ အတော်အသင့် ပြေလည်သွားကြသည်။ ဆမ် ၆ ဒုံးကျည်အချို့ကို ဆီးရီးယားအစိုးရက ရုပ်သိမ်းသွားခဲ့သည်။

ဆီးရီးယားတပ်၊ပါလက်စတိုင်းတပ်နှင့်လက်ဝဲလက်ဗန္ဓန်တပ်တို့က ဟန့်တားသောကြောင့် အခိုက်အတန့်အားဖြင့် ပစ်ခတ်မှုရပ်စဲသွားသည်။ တချိန်တည်းမှာပင် အစွရေး

အစွရေးလေယာဉ်များ၏ ပစ်ခတ်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသော လက်ဗန္ဓန်ပြည်သူများကို ဤသို့ ပြုစုစောင့်ရှောက်ကြသည်။



တပ်၏ထိုးစစ်အရိပ်အရောင်ကို မြင်ရသဖြင့် ပါလက်စတိုင်းတို့သည် စစ်ရေးအသင့်ရှိကြစေရန် တပ်လှန့်ထားကြသည်။

ရှည်လျားလှသောပြည်တွင်းစစ်ကြောင့် လူ ၁၂၀၀၀ ကျော်သေကြေပျက်စီးခဲ့ရပြီး လူပေါင်း ၃၀,၀၀၀မှ ၄၀,၀၀၀ အထိ ဒဏ်ရာရရှိခဲ့ကြသည်။ ပြည်သူ ၁,၇၀,၀၀၀ ကျော်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသည်။ ရာဇောင်ချီသော လက်ဗန္ဓန် အမျိုးသားတို့သည် ပြည်ပသို့ ထွက်ပြေးခိုလှုံကြလေသည်။


၁၉၇၁ ခုနှစ်အတွင်း သေဆုံးသူဦးရေမှာ စုစုပေါင်း ၂,၁၀၀ ဖြစ်၍ ယခင်နှစ်ကထက် ၇၀၀ ပိုသည်။ လက်ဗန္ဓန် တောင်ပိုင်းတွင်ဖြစ်ပွားသော ပါလက်စတိုင်း ကွန်မန်ဒိုနှင့် အစ္စရေးပစ်ခတ်မှုအပြင် ဘေရွတ်တွင် ဇူလိုင်လက အစ္စရေးတို့၏ လေကြောင်း တိုက်ခိုက်မှုတို့ကြောင့် လူ ၅၀၀ သေဆုံးခဲ့သည်။

ခရစ်ယာန်နှင့် မူဆလင်လက်ဖြောင့်တပ်သားချင်း ပစ်ခတ်မှုကြောင့် သေဆုံးသူ ၃၀၀၊ ရှီယိုက်မူဆလင်နှင့်လက်ဝဲကိုဏ်းသားတို့ပစ်ခတ်မှုကြောင့် လူ ၁၀၀၊ လက်ယာကိုဏ်းဖလန်ဂေးတပ်နှင့် ဆီးရီးယားတပ်တိုက်ပွဲတွင် လူ ၂၀၀ သေဆုံးခဲ့သည်။ မော်တော်ယာဉ်ထဲ၌ ဗုံးထည့်ထားပြီး လျှို့ဝှက်ဖောက်ခွဲမှုအပါအဝင် အခြားသော အကြမ်းဖက်မှုမျိုးစုံကြောင့် သေဆုံးကြသူဦးရေမှာ ၁၅၀ ဖြစ်သည်။

ထိုအနှိဒ္ဌာရုံများကို ပယ်ဖျောက် ဟန့်တားနိုင်ရန် တောင်ပိုင်းရှိ လက်ဗန္ဓန်အမြဲတမ်းတပ်သားဦးရေကို ဂ၀၀ မှ ၁,၃၅၀ သို့ တိုးဖြည့်လိုက်ပြီး လူ ၆၀၀၀ ခန့်ထိ အင်အားရှိသော ကုလသမဂ္ဂကြားခံတပ် (ယူနီဖီး) နှင့်လက်တွဲတာဝန်ထမ်းဆောင်စေသည်။ အာရပ်ဟန့်တားရေးတပ် (အာဒီအက်ဖ) ၃၀,၀၀၀ ကလည်း ဆက်လက်၍ တာဝန်ယူလျက်ရှိသည်။ ယူနီဖီးတပ်ကို အိုင်ယာလန်လူမျိုး ဒုတိယဗိုလ်ချုပ်ကြီး ဝီလျံကယ်လာဟန်က ဦးစီးသည်။

ပြည်တွင်းစစ်ကြောင့် နိုင်ငံ၏စီးပွားရေးအခြေအနေမှာ အလွန်ဆိုးရွားနေသည်။ တိုင်းပြည်၏ ဝင်ငွေသည်လည်း ခန့်မှန်းသလောက် မရချေ။ ၁၉၇၁ ခုနှစ် ပထမနှစ်ဝက်အတွင်း ကောက်ခံရရှိငွေသည် ခန့်မှန်းထားသောငွေကြေးပမာဏ၏ တဝက်သာဖြစ်သည်။ ရသုံးငွေလျာထားချက်ဘတ်ဂျက်တွင် ၃၅ ရာခိုင်နှုန်း လိုငွေပြလျက်ရှိစဉ် ယခင်က အလွန်ခိုင်မာခဲ့သော လက်ဗန္ဓန် ပေါင်ငွေတန်ဖိုးမှာလည်း ၃၄ ရာခိုင်နှုန်းကျဆင်းသွားလေသည်။ သို့ရာတွင် ပြည်ပရောက် လက်ဗန္ဓန်အမျိုးသားတို့က အမိနိုင်ငံသို့ပြန်ပို့သောငွေကြောင့် နိုင်ငံ၏ဝင်ငွေထွက်ငွေစာရင်းတွင် ပိုငွေပြနိုင်သည်။ ထိုအခက်အခဲ အကျပ်အတည်းကို ကျော်လွှားနိုင်ရန် သမ္မတ အီလီယက် ဆာကစ်နှင့် ဝန်ကြီးချုပ် ဝက်ဇန်တို့သည် အားသွန်ကြိုးပမ်းလျက်ရှိသည်။

လစ်ဗျ ပြည်သူဆိုရှယ်လစ်အာရပ်သမ္မတနိုင်ငံ။ ။ လစ်ဗျနိုင်ငံ၏ အကြီးအကဲဖြစ်သော ဗိုလ်မှူးကြီး မိုအမ္မာ အယ် ကဒတ်ဖီသည် မိမိ ဦးဆောင်ခဲ့သော တော်လှန်ရေး ဦးစီးကောင်စီကို ၁၉၇၂ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ဖျက်သိမ်း၍ အာဏာကို ပြည်သူများ လက်သို့ ပြန်လည်ပေးအပ်ကြောင်း ကြေငြာခဲ့သည်။ လစ်ဗျ အာရပ် ပြည်သူသမ္မတနိုင်ငံ ဟူသော အမည်ကိုလည်း "လစ်ဗျ ပြည်သူ ဆိုရှယ်လစ် အာရပ် သမ္မတနိုင်ငံ"ဟု ပြောင်းလဲ ခေါ်တွင်စေခဲ့သည်။



၁၉၇၁ ခုနှစ်တွင် နိုင်ငံခြားတွင် ဖွင့်လှစ် ထားရှိသော လစ်ဗျ သံရုံးများကို လစ်ဗျ ပြည်သူ ဗျူရိုမှူး အဖြစ်သို့ အမည်ပြောင်းလဲသည်။ ပြည်သူဗျူရိုကို သံအမတ်ကြီးတဦးတည်းက စီမံခန့်ခွဲမည့် အုပ်ချုပ်မှု စနစ်ကို ပယ်ဖျက်ပြီး ပုဂ္ဂိုလ် ငါးဦး ပူးပေါင်း ပါဝင်သော အုပ်ချုပ်မှုအဖွဲ့က သံအမတ်ကြီးအစား အုပ်ချုပ်မည် ဖြစ်သည်။ ထိုပုဂ္ဂိုလ် ငါးဦးတွင် လစ်ဗျ ပြည်သူတို့၏ မဲပေး ရွေးချယ်ခြင်း ခံရသော ကိုယ်စားလှယ်တဦး ပါဝင်သည်။

ကမ္ဘာ့ နိုင်ငံပေါင်း ၄၀ ခန့်တွင် ရှိသော လစ်ဗျ သံရုံးများကို ဤသို့ ပြောင်းလဲရာတွင် အချို့ သံရုံးများ၌ မူလ သံအမတ်ကြီးသည် ရာထူး စွန့်လွှတ်ရပြီး၊ အချို့ သံအဖွဲ့ဝင် တို့သည် ကော်မတီဝင်အဖြစ် ဆက်လက် ပါဝင်ခွင့် ရသည်။

နိုင်ငံတကာရှိ လစ်ဗျ သံရုံးများကို လစ်ဗျ ပြည်သူ ကိုယ်စားလှယ်ရုံးများ အဖြစ်သို့ ပြောင်းလဲလိုက်သည့် အကြောင်းကို ဆိုင်ရာအစိုးရများသို့ လစ်ဗျအစိုးရက တရားဝင် အကြောင်းကြားခဲ့သည်။ ထိုသို့ အကြောင်းကြားရာ၌

လစ်ဗျ နိုင်ငံသည် ၁၉၆၁ ခုနှစ်က ချုပ်ဆိုထားသော သံတမန်ရေးရာ ဆိုင်ရာ ဗီယင်နာ စာချုပ်ကို လေးစားလိုက်နာပါမည်ဟု ကတိပေးခဲ့ရသည်။ ထို့ကြောင့် နိုင်ငံတကာရှိ လစ်ဗျ သံရုံးများကိုသက်ဆိုင်ရာ အစိုးရများက ဆက်လက်၍ လက်ခံခဲ့ကြသည်။ လစ်ဗျနိုင်ငံ၏ လုပ်ရပ်သည် ကမ္ဘာ့ သံတမန်ရေးရာ အပိုင်းတွင် ထူးခြားသော လုပ်ရပ် တခု ဖြစ်လေသည်။

အမေရိကန် ပြည်ထောင်စုနှင့် လစ်ဗျ နိုင်ငံတို့၏ နှစ်နိုင်ငံ ဆက်ဆံရေးသည် ယနေ့တိုင် ပြေလည်မှု မရှိသေးသည်ကို တွေ့ရသည်။ ၁၉၆၁ ခုနှစ်၊ မေလတွင် အမေရိကန် ပြည်ထောင်စုရှိ လစ်ဗျ ရုံးအမှုထမ်း ၂၇ ဦးကို အမေရိကန် ပြည်ထောင်စုမှ ထွက်ခွာစေခဲ့သည်။

အကြမ်းဖက်သမား အားပေးမှု၊ ကျူးကျော်မှုများနှင့် စပ်လျဉ်း၍ လစ်ဗျတပ်များသည် အာဖရိကတိုက် အလယ်ပိုင်းရှိ ချဒ် ပြည်တွင်းသို့ ဝင်ခဲ့ကြောင်း၊ မြောက်ပိုင်း အိုင်ယာလန်ရှိ အိုင်းရစ် ပြောက်ကျား များမှအစ ဖိလစ်ပိုင် နိုင်ငံရှိ မိုရို သူပုန်များအဆုံး အကြမ်းဖက် တိုက်ခိုက်သူများကို လစ်ဗျ အစိုးရက အားပေးခဲ့ကြောင်း စသည်ဖြင့် အမေရိကန် အစိုးရက ထောက်ပြခဲ့သည်။

လစ်ဗျ အမေရိကန် ဆက်ဆံရေးသည် တနေ့တခြား ပိုမို၍ ဆိုးလာသည်။ လစ်ဗျသို့ စစ်လက်နက် ပစ္စည်းများ မတင်ပို့ကြရန် မဟာမိတ် အစိုးရများသို့ အမေရိကန်က တိုက်တွန်းအပြီး သုံးလအကြာ ၁၉၆၁ ခုနှစ် ဩဂုတ်လတွင် ဆီဒရာ ပင်လယ်ကွေ့၌ အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့လေသည်။ လစ်ဗျနိုင်ငံ မြောက်ဘက်ကမ်းခြေရှိ ဆီဒရာ ခေါ် ဆာတေး ပင်လယ်အော်တွင် အမေရိကန် အမှတ် ၆ ရေတပ်၏ တိုက်လေယာဉ် ရှစ်စင်းက လစ်ဗျ လေယာဉ် နှစ်စင်းကို ပစ်ချခဲ့သည်။ ထို့ကြောင့် အမေရိကန် သမ္မတ မစ္စတာ ရေဂင်သည် လစ်ဗျတွင် ရေနံလုပ်ငန်း၊ လေယာဉ်မောင်း လုပ်ငန်းစသည်တို့တွင် အ လုပ် လုပ် နေကြသော အမေရိကန် အမျိုးသား ၁,၅၀၀ အား မိခင်တိုင်းပြည်သို့ အမြန် ပြန်လာကြရန် ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက် နေ့တွင် အမိန့် ထုတ်ပြန်သည်။

လစ်ဗျ အစိုးရသည် မြေထဲ ပင်လယ်တွင်းရှိ ကမ်းလွန် ရေနံရှာဖွေရေးနှင့် စပ်လျဉ်း၍ မော်လတာကျွန်းနှင့် လည်းကောင်း၊ အိမ်နီးချင်း တျူနစ်ဇီးယား နိုင်ငံနှင့် လည်းကောင်း အငြင်းပွားခဲ့ရသည်။ လစ်ဗျနိုင်ငံ၏ အိမ်နီးချင်း နိုင်ငံ အိဂျစ်၊ ဆူဒန် စသည်တို့နှင့်လည်း မသင့်မြတ်ခဲ့ချေ။

ဆူဒန် သမ္မတ နိမေးရီးထံမှ အာဏာသိမ်းရန် ကြံသူများကို လစ်ဗျက အားပေးသည်ဟု နိမေးရီးက ယူဆခဲ့သည်။ လစ်ဗျနိုင်ငံနှင့် ဆအူးဒီအာရေဗျ နိုင်ငံတို့၏ ဆက်ဆံရေး မှာလည်း မပြေလည်ခဲ့ချေ။ အစွယ်လာမ် သာသနာရေးနှင့် စပ်လျဉ်း၍ လစ်ဗျနိုင်ငံက ပုတ်ခတ် ပြောဆိုသောကြောင့် ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလတွင် နှစ်နိုင်ငံသံအဆက်အသွယ် ဖြတ်ခဲ့သည်။ ၁၄ လကြာမျှ သံတမန်အဆက်အသွယ်ဖြတ်ခဲ့ပြီးနောက် ၁၉၈၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့၌ သံတမန် ပြန်လည် ဆက်သွယ်မည် ဖြစ်ကြောင်းကြေငြာသည်။ အီရန် - အီရတ် အရေးအခင်းတွင် အီရတ်နှင့် လစ်ဗျတို့ သံအဆက်အသွယ်ဖြတ်ခဲ့ရာမှ ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပြန်လည်ဆက်သွယ်သည်။

လစ်ဗျနိုင်ငံသည် ဆီးရီးယားနိုင်ငံနှင့် ပူးပေါင်းရေး အစီအစဉ်ကို ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလကပင် လုပ်ဆောင်ခဲ့သော်လည်း ပြည် ထောင် စု ကြီး အဖြစ်သို့ မရောက်သေးချေ။

လစ်ဗျနိုင်ငံသည် ချဒ်နိုင်ငံ ပြည်တွင်းစစ်အတွက် လစ်ဗျ တပ်များကို ပေးပို့ခဲ့ရာ အာဖရိက ညီညွတ်ရေး အဖွဲ့နှင့်ချဒ်သမ္မတတို့၏ တောင်းဆိုချက်အရ ၁၉၈၁ ခုနှစ်တွင် လစ်ဗျတပ်များကို ချဒ်နိုင်ငံမှ ပြန်လည် ရုပ်သိမ်းပေးခဲ့လေသည်။

အကျယ်အဝန်း။	။၆,၇၉,၅၃၆ စတုရန်းမိုင်
လူဦးရေ။	။၂၉,၀၀,၀၀၀
မြို့တော်။	။ထရီပိုလီမြို့

ရေနံဖြင့် ချမ်းသာ ကြွယ်ဝသော လစ်ဗျ နိုင်ငံသည် ၁၉၆၁ ခုနှစ် ဒီဇင်ဘာလတွင် ပျမ်းမျှ နေ့စဉ် စည်ပေါင်းတသန်း နှစ်သိန်းမျှ ထုတ်လုပ်သောကြောင့် နှစ်ဦးကထက် နှစ်ဆတိုးလာသည်။ အကယ်၍ ဝယ်လိုသူရှိလျှင် စည်တသန်း လေးသိန်း အထိ နေ့စဉ် ထုတ်ရောင်း နိုင်မည်ဟု ဆိုသည်။ ရေနံလုပ်ငန်းတွင် အလုပ် လုပ်နေကြသော အမေရိကန် အမျိုးသား ၁၀၀၀ ကျော်တို့သည် အမေရိကန် သမ္မတရောင်၏ ခေါ် ယူချက်အရ လစ်ဗျနိုင်ငံမှ ပြန်သွားကြစေကာမူ နိုင်ငံ၏ ရေနံလုပ်ငန်းကို ထိခိုက်ရန် မရှိပါဟု လစ်ဗျအစိုးရက ကြေငြာခဲ့သည်။ ကမ္ဘာ့ အကြီးဆုံး အမေရိကန် ကုမ္ပဏီဖြစ်သော အက်ဆွန် ကုမ္ပဏီက လစ်ဗျရှိ ရေနံလုပ်ငန်းကို ရပ်ဆိုင်းရန် စီစဉ်မှုကို လစ်ဗျအစိုးရနှင့် ဆက်လက် ဆွေးနွေးဆဲပင် ဖြစ်သည်။

ဝိသဒ္ဒဂ္ဂ၊ ဆရာတော်ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ၊ လက်ပံတန်းမြို့ သဒ္ဓမ္မဇယအဘိဓမ္မာ ညဝါတက္ကသိုလ်၊ (မြန်မာ ၁၂၆၂)။

ဆရာတော် ဘဒ္ဒန္တ ဝိသဒ္ဒဂ္ဂသည် ပဲခူးတိုင်း၊ လက်ပံတန်းမြို့၊ ၃ လမ်းရပ် ဆေးဆရာကြီး ဆရာတုတ်၊ ဒေါ်ပုတို့မှ



အဘိဓေမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ
ဆရာတော် ဘဒ္ဒန္တဝိသဒ္ဓဥာဏ

၁၂၆၂ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။ မွေးချင်း ခြောက်ယောက်တွင် အကြီးဆုံးဖြစ်သည်။

ဆရာကြီး ဦးစိန်ကျောင်း၌ အလယ်တန်းအထိ ပညာသင်ယူခဲ့သည်။ ၁၆ နှစ်သားအရွယ်တွင် လက်ပံတန်းမြို့ မဟာဇေယျပုန္နဝ ဆရာတော်ကြီး ဦးပဏ္ဍိ ထံတွင် ရှင်သာမဏေပြုလျက် ရှင်ဝိရိယ အမည်ဖြင့် ရှင်ကျင့်ဝတ်၊ သဒ္ဒါ၊ သဂြိဟ်တို့ကိုသင်ကြားလေ့လာကာ လက်ပံတန်းမြို့ရှိ ရှင်သာမဏေ စာပြန်ပုံကို ဖြေဆိုအောင်မြင်လေသည်။

ဆရာတော်ကြီး ဦးပဏ္ဍိသည် ရှင်သာမဏေ၏ လှုံ့လ ဝိရိယ ဇဲ့သတ္တိတို့ကို သိမြင်သဖြင့် စာပေပရိယတ္တိ တိုးတက်ကြီးပွားရန် မျှော်လင့်ပြီး ဓနုဖြူ တောင်ပေါ်ကျောင်းသို့ ဓမ္မကထိက ဦးမဟာပဏ္ဍိတနှင့်အတူ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ဦးကောသလ္လအထံ ပို့လွှတ်၍ စာပေများကို အထူးလေ့လာ သင်ကြားယင်း ယင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ လက်ပံတန်းမြို့ ဒေါ်မှိန်နှင့် ရွှေပန်းထိမ်ဆရာကြီး ဦးဘိုးစံ၊ ဒေါ်ဒေါင်းဥတို့က ရဟန်းဒါယကာပြုလုပ်ပြီး ၁၂၀၂ ခုနှစ်တွင် ဓနုဖြူ သဒ္ဓမ္မဇောတိကာရာမ တောင်ပေါ်ကျောင်း(ခဏ္ဍ)သိမ်၌ ရဟန်းအဖြစ်သို့ ရောက်သည်။

ဓနုဖြူ ဆရာတော်ကြီး ခြေတော်ရင်း၌ ပညာသင်ကြားနေစဉ် ထိုပဂ္ဂိုလ်၏ ဥာဏ်အမြင် ကြည်လင်သန့်ရှင်းပုံကို တွေ့မြင်ရသဖြင့် ဦးဝိသဒ္ဓဥာဏဟု ဘွဲ့သစ်မှည့်ပေးလေသည်။ မဟာဒ္ဓဝိရဂိုဏ်း စာပြန်ပုံအသီးသီး၌ ဝင်ရောက်ဖြေဆိုရာ အတန်းတိုင်း၌ အောင်မြင်လေသည်။ ဝိနည်းငါးကျမ်း၊ သုတ္တန္တ၊ ဒီဃနိကာယ်၊ အင်္ဂကထာနှင့် ဋ္ဌိကာ အစုံပါဝင်သော မဟာဝိနယဓရ ဒီဃနိကာယ ဗဟုသုတ မဟာဒ္ဓဝိရဂိုဏ်း စာမေးပွဲကြီး၌ အမြင့်ဆုံးအတန်းမှ ဝိနယဓရ မဟာ ပထမကျော် အောင်ပန်းကို ရဟန်း သုံးဝါ အရွယ်တွင် ဖြေဆိုအောင်မြင်လေသည်။

ရဟန်းမဖြစ်မီကပင် ရှင်သာမဏေကျင့်ဝတ် ရဟန်းကျင့်ဝတ် ဝိနည်းသိက္ခာပုဒ်တို့၌ မြတ်စွာဘုရားဆရာသမားတို့၏ ပညတ်ချက်ကို သူမတူအောင် လေးလေးစားစား ဂရုထားလိုက်နာသဖြင့် ကွမ်းစား၊ ဆေးသောက်၊ ဆေးငုံခြင်း၊ မြို့တွင်းရွာတွင်း ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်း၊ ဝိနည်းနှင့်မညီသောသက်နှံးရောင် ဆင်မြန်းခြင်းတို့ကို အမြဲတမ်းပယ်တော်မူသည်။

ရဟန်း သုံးဝါအရ မန္တလေး သက္ကသီဟ စာမေးပွဲကို ဖြေဆိုရန် ရည်မှန်းပြီး ရတနာပုံနေပြည်တော်သို့သွားလျက် မဟာဝိသုဒ္ဓါရုံဌေကျင်တိုက် (အဘိဓေမဟာရဋ္ဌဂုရု) စံကင်း ဆရာတော်၊ အာဘယာရာမဆရာတော်၊ ထီးလင်းတိုက်၊ ဒက္ခိဏာရုံတိုက်၊ ရွှေရေးဆောင်တိုက်များမှ ဆရာတော်ကြီးများထံ စာလိုက်ခဲ့ပြီး၊ ရေနံချောင်းမြို့၊ မန္တလေးတိုက်၌ စာပေသင်ကြားကာ ဓနုဖြူမြို့သို့ ပြန်ခဲ့၍ ရဟန်း ခုနစ် ဝါတွင် အစိုးရ ပထမကြီးတန်းကို ဖြေဆိုအောင်မြင်လေသည်။ ရှေးအခါက စာချတန်း မရှိသဖြင့် ယင်းပထမကြီးတန်းကိုပင် သုံးကြိမ်တိတိ ဖြေဆိုအောင်မြင်လေသည်။

စာပေသင်ကြား ပို့ချယင်းပင် ရဟန်း ကိုးဝါ အရွယ်တွင် လက်ပံတန်းမြို့ ဆရာတော်ကြီး ဦးပဏ္ဍိက လောကဦးသျောင် ဘုရားအနီး ပရိတ္တာရုံကျောင်း ကို လွှဲအပ်သဖြင့် ဓနုဖြူဆရာတော်ကြီး၏ ခွင့်ပြုချက်အရ ၁၂၉၁ ခုနှစ်၌ ဓနုဖြူတောင်ပေါ် ကျောင်းမှ သံဃာတော် ၃၀ ကျော်ဖြင့် သဒ္ဓမ္မဝေဒယ စာသင်တိုက်အဖြစ် ပြောင်းလဲ ဖွင့်လှစ်ခဲ့သည်။

ဆရာတော်သည် အောက်ယမိုက် ငါးကျမ်းအဖွင့် ယမကတ္ထ ဝိဘာဝနီ ပထမတွဲကိုလည်းကောင်း၊ အထက်ယမိုက် ငါးကျမ်းအဖွင့် ဒုတိယတွဲကိုလည်းကောင်း၊ ရှေးဦးစွာ ရေးသားပြီး ပဋ္ဌာန်းအဘိဓမ္မာ ညဝါအဖွင့် ပဋ္ဌာန သာရဝိဘာဝနီ ကျမ်းတို့နှင့်တကွ မာတိကာ၊ ဓာတုကထာ၊ အလင်္ကာ၊ ဆန်းကျမ်းအဖွင့်စသည့် ကျမ်းပေါင်းများစွာတို့ကိုလည်း ဆက်လက် ရေးသားတော်မူသည်။

၁၂၉၆ ခုနှစ်တွင် ပရိတ္တာရုံနေရာ၌ အခြေအနေမပေးသဖြင့် လက်ပံတန်းမြို့ သာသနာပြု ဒါယကာကြီးများ၏ ပင့်ဖိတ်ချက်အရ နောက်တဖန် လက်ပံတန်းမြို့အရှေ့ (ယခုပြည်သူဆေးရုံသစ်ကြီး) အနီး၌ ညဝါဖြစ်သော အဘိဓမ္မာပိဋကတ်တော်ကို အသားပေး အလေးထားသော အားဖြင့် သဒ္ဓမ္မောဒယအဘိဓမ္မာ ညဝါတက္ကသိုလ် စာသင်တိုက်ဖွင့်ကာ သံဃာတော် ၁၀၀ ခန့်အား စာပေများ ပို့ချခဲ့သည်။

ဤသို့ပင် သာသနာအကျိုး ဂိုဏ်းဂဏအကျိုး သည်ပိုးဆောင်ရွက်စဉ်ပင် မဟာဒ္ဓဝိရဂိုဏ်းမှ **မဟာဒ္ဓဝိရအနုနာယက**

ဩဇဝါဒါစရိယ ဘွဲ့တံဆိပ်ဆက်ကပ်၍ ဆဋ္ဌသင်္ဂါယနာတင်ကြိုးလာသောအခါ၌ ကျရောက်ထုတာဝန်ကို အားသွန်လေးစား လုပ်အားပေးတော်မူလျက် သံဂီတိကာရကဩ သာနသောဓေယျ - ပါဠိ မြန်မာ ပဋ္ဌိဝိသောဓက စသည် အားဖြင့် ဆောင်ရွက်တော်မူသည့်အလျောက် ၁၃၁၀ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းခံရသည်။

၁၃၄၁ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

သဘာဝဘေးဒဏ် (၁၉၇၁)။ ။လူတို့သည် မိုးလေဝသအခြေအနေကို ကြိုတင်ခန့်မှန်းနိုင်ရန် မုန်တိုင်းထောက်လှမ်းရေး ကိရိယာသစ်များတိတ်ခြင်း၊ မိုးလေဝသဂြိုဟ်တုများကို အာကာသသို့ လွှတ်တင်ခြင်းစသည့် လေ့လာကြိုးပမ်းမှုများကို တနှစ်ထက်တနှစ် တိုးတက်လုပ်ဆောင်နေသည်။ ငလျင် ကြိုတင် ခန့်မှန်းနိုင်ရေးကိုလည်း ဘူမိဗေဒပညာရှင်တို့က စူးစမ်း ကြံဆောင်လျက်ရှိသည်။

သို့သော် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူဓာတ်လွန်ကဲခြင်းနှင့် မုန်တိုင်းကျရောက်ခြင်း စသည့် ဘေးဒဏ်များကြောင့် လွန်ခဲ့သောနှစ်များက နှစ်စဉ် လူဦးရေပေါင်း ၂,၅၀,၀၀၀ သေဆုံးခဲ့ရပြီး၊ ပစ္စည်းဆုံးရှုံးမှု တန်ဖိုးသည် ဒေါ်လာ ကုဋေပေါင်း ၂၅,၀၀၀ ခန့် ရှိသည်။ ငလျင်ကြောင့် မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းတို့သည်လည်း နှစ်စဉ် ဖြစ်ပွားနေသည်။ ၁၉၇၁ ခုနှစ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးမှုများရှိခဲ့သည်။

လျင် – ၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ရီယန်ပြည်နယ် အနောက်ပိုင်း၊ စတိုလို့တောင်ကြား ဒေသတွင် ရစ်ခတာစကေး ၆ ဒသမ ဂ ရှိသော ငလျင်ကြောင့် လူဦးရေ ၃၀၀၀ ရှိသည့်အနက် ၂၀၀၀ သေဆုံးသည်။ ထိုလ ၂၄ ရက်နေ့က တရုတ်ပြည်သူသမ္မတနိုင်ငံ စီချမ်ပြည်နယ် အနောက်တောင်ပိုင်းတွင် ရစ်ခတာစကေး ၆ ဒသမ ၉ ရှိသော ငလျင်လှုပ်၍ လူပေါင်း ဂ၅၀ သေဆုံးပြီး၊ ၂၅,၀၀၀ ဒဏ်ရာရခဲ့သည်။

ဧပြီလ ၁၇ ရက်နေ့တွင် ပီရူးနိုင်ငံအလယ်ပိုင်း အေယာကူချို ပြည်နယ်တွင် ပြင်းထန်သော ငလျင်ကြောင့် လူခြောက်ယောက်သေဆုံးပြီး အဆောက်အအုံများ ပျက်စီးခဲ့သည်။ ဇွန်လ ၂၃ ရက်တွင် ငလျင်ထပ်မံလှုပ်ပြန်ရာ လူ ၁၀၀ သေဆုံးပြီး လူ ၂၀,၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ရသည်။

ဇွန်လ ၁၆ ရက်နေ့တွင် အီရန်အရှေ့တောင်ပိုင်းရှိ ကာမန်ပြည်နယ်၌ ရစ်ခတာစကေး ၆ ဒသမ ဂ ရှိသော ငလျင်ကြောင့် ဂိုဗတ်မြို့တမြို့လုံး ပျက်စီးသွားသည်။ လူ ၁,၀၂၀ ယောက် သေဆုံး၍ ၇၀၀၀ သေဆုံးပြီး၊ ၂၅,၀၀၀ ဒဏ်ရာရခဲ့သည်။

ဩဂုတ်လ ၁၁ ရက်နေ့တွင် ပီရူးနိုင်ငံအလယ်ပိုင်း ကာဆာမာကာ ဒေသ၌ ငလျင်ကြောင့် လူ ၁၀၀ သေဆုံးပြီး၊ ၂၀,၀၀၀ ခန့် ဒဏ်ရာရခဲ့သည်။

ဩဂုတ်လ ၂၆ ရက်နေ့တွင် ပီရူးနိုင်ငံ အမေဇုန်မြစ်ဝှမ်းဒေသ၌ ငလျင်ကြောင့် လူ ၁၀၀ သေဆုံးပြီး၊ ၂၀,၀၀၀ ခန့် ဒဏ်ရာရခဲ့သည်။

စက်တင်ဘာလ ၁ ရက်နေ့တွင် ဂြိုဟ်တုဓာတ်ပုံများအရ ဆီးနှင်းမုန်တိုင်းသည် ဖလော်ရီဒါပြည်နယ်ကို ကျော်လွန်၍ ဂျော်ဂျီယာပြည်နယ်ဘက်သို့ ဦးတည်လာနေကြောင်း သိရသည်။ ဆီးနှင်းမုန်တိုင်းသည် ဖလော်ရီဒါပြည်နယ်ကို ဖြတ်သန်းသွားစဉ် ဆီးနှင်းပမာဏ လက်မ ၁၀ ခန့် ရရှိခဲ့သည်။ ဆီးနှင်းမုန်တိုင်းသည် ဖလော်ရီဒါပြည်နယ်ကို ဖြတ်သန်းသွားစဉ် ဆီးနှင်းပမာဏ လက်မ ၁၀ ခန့် ရရှိခဲ့သည်။

စက်တင်ဘာလ ၂ ရက်နေ့တွင် ဆီးနှင်းမုန်တိုင်းသည် ဂျော်ဂျီယာ

ဧပြီလ ၁၅ ရက်နေ့က ဘင်္ဂလားဒေ့ရှနိုင်ငံ နိုအခါလီ နယ်၌ တော်နာဒိုမုန်တိုင်းကျပြန်သဖြင့် လူ ၇၀ သေဆုံးပြီး ၁၂,၀၀၀ ဒဏ်ရာရသည်။ အိမ်နှင့်စိုက်ခင်း အများအပြား ပျက်စီးကုန်သည်။ ထိုနေ့မှာပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူဘေးပြည်နယ်တွင် မိုးသီးမုန်တိုင်းကျသဖြင့် စပါးနှင့် ဂျုံစိုက်ခင်း ဟက်တာ ၃၇,၀၀၀ ပျက်စီးသည်။

ဧပြီလ ၂၀ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု ဥက္ကလာ ဟိုးမားပြည်နယ်ကို တော်နာဒိုမုန်တိုင်း ဖြတ်သွား ရာ လူ ငါးဦးသေဆုံးပြီး ဒေါ်လာသုံးကုဋေဖိုးခန့် ပျက်စီးခဲ့သည်။

ဇူလိုင်လ ၁ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ အယ်လဗေးပြည်နယ်တွင် မုန်တိုင်းကျရာ လူ ၁၄၀ သေဆုံးပြီး စိုက်ခင်းများ ပျက်စီးသည်။ ဆုံးရှုံးမှုသည် ဒေါ်လာ နှစ်သန်း ဖြစ်သည်။ နိုဝင်ဘာလတွင်လည်း လူဇန်ကျန်းတွင် တိုင်ဖုန်းမုန်တိုင်းကြောင့် ၂၅ ယောက်သေပြီး ဒေါ်လာ သုံးကုဋေငါးသန်းဖိုး ဆုံးရှုံးခဲ့သည်။

ဩဂုတ်လ ၂၃ ရက်နေ့တွင် ဂျပန်နိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းတွင် တိုင်ဖုန်းမုန်တိုင်းကျ၍ မိုးသည်းထန်စွာ ရွာသွန်းရာ လူ ၄၀ သေဆုံးပြီး လူတရာ ဒဏ်ရာရသည်။ နေရာပေါင်း ၃၆၀ တွင် မြေပြိုသည်။

စက်တင်ဘာလ ၁ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ တောင်ပိုင်း ကမ်းရိုးတန်းဒေသ၌ တိုင်ဖုန်းမုန်တိုင်းကျရောက်ရာ လူ ၁၂၀ ကျော်သေဆုံးပြီး လူသုံးသောင်း အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ ဂျပန်နိုင်ငံတွင် ထို မုန် တိုင်း ကြောင့် ပင် ကျူးရှူးကျွန်း၌ လူငါးယောက်သေဆုံးသည်။

အောက်တိုဘာလ ၄ ရက်နေ့က တရုတ် ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ်တွင် လေမုန်တိုင်းတိုက်ခတ်ရာ လူ ၂၄၀ သေ၍ လူတသိန်း အိုးမဲ့အိမ်မဲ့ဖြစ်ရသည်။

အောက်တိုဘာလ ၇ ရက်နေ့တွင် မက္ကဆီကိုနိုင်ငံ ဆင်နာလိုအာပြည်နယ်တွင် မုန်တိုင်းကျသဖြင့် လူတရာကျော်သေပြီး လူ ၄၀,၀၀၀ အိုးမဲ့အိမ်မဲ့ ဖြစ်ရသည်။ ဆုံးရှုံးမှုသည် ဒေါ်လာသန်း ၄၀ ဖိုးရှိသည်။

အောက်တိုဘာလ ၁၉ ရက်နေ့တွင် အီရန်နိုင်ငံအနီးရှိ ဟောမုတ်ဇ် ရေလက်ကြားတွင် လေပြင်းတိုက်ခတ်သဖြင့် တံငါသည်နှင့် သင်္ဘောသား ၂၀၀ ကျော် သေဆုံးသည်။

ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အိန္ဒိယအရှေ့ပိုင်း၌ တနာရီမိုင် ၉၀ နှုန်း မုန်တိုင်းကြောင့် လူခုနစ်ဦးသေဆုံးပြီး လူတသိန်း အိုးမဲ့အိမ်မဲ့ဖြစ်ရသည်။

ဒီဇင်ဘာလ ၂၀ ရက်နေ့က ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းပြည်နယ်ရှစ်ခုတွင် တိုင်ဖုန်းလေမုန်တိုင်းကြောင့် လူ ၅၀ သေဆုံးပြီး လူပေါင်း ၃,၁၉,၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ကုန်သည်။ ထိုလေမုန်တိုင်းသည် တနာရီ ၁၀၂ မိုင်နှုန်း တိုက်ခတ်သည်။ တံတားများ၊ အဆောက်အအုံများ၊ စိုက်ခင်းများ ပျက်စီးခဲ့ရသည်။

အပူအအေးဒဏ် – ဇန်နဝါရီလ ၁၈ ရက်နေ့က အိန္ဒိယပြည် မြောက်ပိုင်းတွင် အအေးဓာတ် လွန်ကဲမှုကြောင့် လူ ၃၀၀ ခန့် သေဆုံးသည်။

နိုဝင်ဘာလတွင် စပိန်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းတွင် မိုးခေါင်သဖြင့် ဒေါ်လာ ၁၀၅ သန်းဖိုးခန့် စိုက်ခင်းများ၊ အိမ်မွေးတိရစ္ဆာန်များ ဆုံးရှုံးသည်။

ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၌ အအေးလှိုင်းဒဏ်ကြောင့် ဥတ္တရပရဒေသပြည်နယ်မှ လူငါးဦး၊ ဗီဟာပြည်နယ်မှ လူ ၄၆ ဦး သေဆုံးသည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဗီဟာပြည်နယ်၌ လူ ၇၄ ဦး သေဆုံးသည်။

ဒီဇင်ဘာလတွင် မော်ရေ့ကို နိုင်ငံ၌ နိုင်ငံသမိုင်းတလျှောက် အဆိုးဝါးဆုံးသော မိုးခေါင်မှုကြုံတွေ့ခဲ့ရသည်။

ဒီဇင်ဘာလက ဗဟုဇီးနိုင်ငံတွင် မိုးခေါင်မှုကြောင့် နိုင်ငံအရှေ့မြောက်ပိုင်း၏ ၈၄ ဒသမ ၇ ရာခိုင်နှုန်း၊ လူဦးရေ ၂၁ သန်း ထိခိုက်ခဲ့ရလေသည်။

သောင်း၊ ဆရာ (ပန်းတေ့ပညာရှင်)၊ (မြန်မာ ၁၂၇၇ – ၁၃၄၃)။ ။ဆရာသောင်းကို မြန်မာသက္ကရာဇ် ၁၂၇၇ ခုနှစ်၌ မုံရွာမြို့ အထက်ချင်းတွင်းမြစ်တဘက်ကမ်းရှိ ကျောက်မျက်ရွာတွင် အဘ ဦးကြွယ်၊ အမိ ဒေါ်နှင်းရီ တို့မှ မွေးဖွားသည်။

အသက် ၁၄၄ တောင်၊ အမြင့် ၃၈ တောင်ရှိ၍ မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံး လျောင်းတော်မူကြီးဖြစ်သော ရန်ကုန်မြို့ ခြောက်ထပ်ကြီး ရွှေသာလျောင်း ဆင်းတုတော်ကြီးကို ဦးစီးခေါင်းဆောင်ပြုလုပ်သူမှာ ပန်းတော့ပညာရှင်



ပန်းတေ့ပညာရှင် ဆရာသောင်း

သောင်းကြည်၊ ဦး (ခရစ် ၁၉၂၃ – ၁၉၈၁)။ ။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းကြည်သည် လက်ပံတန်းမြို့၌ ၁၉၂၃ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် အဖ ဦးဘိုးကြန်၊ အမိ ဒေါ်ကြာတို့မှ မွေးဖွားသည်။ ၁၉၃၈ - ၃၉ ခုနှစ် အထွေထွေကျောင်းသားသပိတ်၌ ပါဝင်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ၁၀ တန်းအောင်၍ ၁၉၄၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ပထမနှစ် ဥပစာတန်း အောင်မြင်သည်။ ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ ဝင်ရောက်ခဲ့သည်။



ဦးသောင်းကြည်

ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် ဗိုလ်သင်တန်းတက်ပြီး အောက်မြန်မာပြည် ထောက်လှမ်းရေးဌာနတွင် တာဝန်ယူ၍ သဃ်ုခရိုင် တာဝန်ခံဗိုလ်အဖြစ် ဆောင်ရွက်သည်။ ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း ၃ တွင် တပ်စုမှူး၊ စက်အမြောက်တပ်ရင်းတွင် တပ်ခွဲမှူး၊ တပ်ရင်း ၅ တွင် တပ်ရင်းမှူးအဖြစ် ဆောင်ရွက် ခဲ့သည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးကာလတွင် မျိုးချစ်ဗမာ့တပ်မတော် တိုင်းအမှတ် ၆ ၌ တပ်ရင်းမှူးတာဝန်ယူခဲ့သည်။ မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပြီး ဗမာ့တပ်မတော် ပြန်လည် ဖွဲ့စည်းသောအခါ အမှတ် ၃ ဗမာ့သေနတ်ကိုင် တပ်ရင်း၌ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်း ခံရသည်။

၁၉၄၈ ခုနှစ်မှစ၍ အမှတ် ၃ ဗမာ့သေနတ်ကိုင်တပ်ရင်း၏ ဒု-တပ်ရင်းမှူး၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ဦးစီးအရာရှိ (ဒုတိယတန်း)၊ အမှတ် ၂ ဗမာ့သေနတ်ကိုင်တပ်ရင်းတွင် တပ်ရင်းမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး စစ်ရုံး၌ ဦးစီး (ပ) တာဝန်၊ လေ့ကျင့်ရေး လက်ထောက်စစ်ရေးချုပ်နှင့် စစ်ရာထူးခန့်အတွင်းဝန် တာဝန်များ ထမ်းဆောင်ခဲ့သည်။

မြိတ် ဆရာသောင်း ဖြစ်သည်။ မြိတ် ဆရာသောင်းသည် ခြောက်ထပ်ကြီး ရွှေသာလျောင်း ဆင်းတုတော်ကြီး အပါအဝင် တင်ပျဉ်ခွေ၊ ရပ်တော်မူ၊ လျောင်းတော်မူ အင်္ဂတေ ဆင်းတုတော် အဆူပေါင်း တရာကျော်ကို မြန်မာနိုင်ငံတွင် တည်ဆောက်ခဲ့သည်။

မူလ ခြောက်ထပ်ကြီး ရွှေသာလျောင်းကို ဖြိုဖျက်၍ လက်ရှိ လျောင်းတော်မူကြီးကို မြန်မာသက္ကရာဇ် ၁၃၂၀ ပြည့်နှစ်မှ စတည်ခဲ့ရာ ၁၃၂၈ ခုနှစ်တွင် ပြီးမြောက်သည်။

ဆရာသောင်း၏ ဆရာ ဆရာမြသည် မြိတ်မြို့အပိုင် ပလောက်ရွာ တောင်ပိုင်းကျောင်း၌ ဆယ်တောင်ပြည့် တင်ပျဉ်ခွေဆင်းတုတော်တဆူ တည်ရန် အလုပ်လက်ခံရရှိရာ ဆရာသောင်းက ကူညီတည်ဆောက်ပေးသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသဖြင့် ဆရာသောင်းသည် ပလောက်မှာပင် အခြေစိုက်ခဲ့သည်။ စစ်ကြီးပြီးသွားလျှင် ပလောက်မှ မြိတ်မြို့သို့ ပြောင်းရွှေ့နေထိုင်သည်။ ထိုအချိန်မှစ၍ မြိတ်ဆရာသောင်းဟု ကျော်ကြားလာသည်။

စစ်ပြီးကာလတွင် ဆရာသောင်းသည် မြိတ်မြို့ ဘုရားငါးဆူ ကျောင်းတိုက်အတွင်း၌ လူအရွယ် အင်္ဂတေ ရုပ်လုံး ၁၅၀ မျှ ပါဝင်သော နိပါတ်ဇာတ်ထုပ်များ ထုလုပ်သည်။ ရုပ်လုံးများကို ဆေးရောင်စုံခြယ်၍ နောက်ခံပန်းချီ ရှုခင်းများပါရှိရာ ကြည့်ရှုသူများ၏ ချီးကျူးခြင်း ခံရသည်။ နှစ်အတန်ကြာသောအခါ ထားဝယ်မြို့ တောက်ထိန်တောင် ကျောင်းတိုက်အတွင်း လူအရွယ် အင်္ဂတေရုပ်လုံး ၂၀၀ မျှ ပါရှိသော ဝေဿန္တရာဇာတ်ထုပ် ပြုလုပ်ခဲ့သည်။ အထူးလက်ရာမြောက်သော ရုပ်လုံးများဖြစ်သည်။

ဆရာသောင်းသည် ပန်းတေ့ ပညာအပြင် ပန်းချီ၊ ပန်းပု၊ ပန်းပွတ်၊ ပန်းပဲ၊ မှန်စီရွှေချနှင့် ဗီသုကာပညာများကိုပါ တတ်ကျွမ်းသည်။ အင်္ဂတေ ဆင်းတုတော်များကို ပြုလုပ်သည့်အခါ နည်းစနစ်များကို စာနှင့် ရေးမှတ်ထားခြင်း မရှိ။ ဦးစွာ တကြောင်းဆွဲပုံကို ရေးဆွဲသည်။ ယင်းပုံအရ အချိုးအစားကိုယူ၍ တည်သွားသည်သာ ဖြစ်သည်။ ရန်ကုန်ခြောက်ထပ်ကြီး ရွှေသာလျောင်း တည်ရာတွင် အစိတ်အပိုင်းပုံပေါင်း ၆၀၀ မျှ ရေးဆွဲခဲ့ရသည်ဟု သိရသည်။ သင်းကျစ်တော်၊ ဥက္ကာလုံမွေးရှင်တော်နှင့် မီအုံးတော်မှ မှန်စီရွှေချများသည် ဆရာသောင်း၏လက်ရာဖြစ်သည်။

ဆရာသောင်းသည် သုံးဆယ်မြို့ သပြေကုန်းကျောင်းတိုက်အတွင်း ဥဿံတော် ၄၂ ပေ ရှိသော ဆင်းတုတော်ကြီးတဆူ တည်ဆောက်ခဲ့သည်။ ရှမ်းပြည်နယ်၊ ရွှေညောင်မြို့ စခန်းကြီးကျောင်းတိုက်အတွင်း မုခ်ဝ ဆင်းတုတော်လေးဆူကို တည်သည်။ နောက်ဆုံး ဆင်းတုတော်ကို တည်ဆဲတွင် ဆရာသောင်းသည် တောင်ကြီးမြို့၌ ၁၉၈၁ ခုနှစ် မေလ ၆ ရက်နေ့တွင် ကွယ်လွန်သည်။

သိန်းညွန့်၊ ဒေါ် (ခရစ် ၁၉၁၇–၁၉၈၁)။ ။ဝန်ထမ်း ရွေးချယ်လှေကျင့်ရေး အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်သိန်းညွန့်သည် ပြည်မြို့၌ အဖ ဦးဆယ်၊ အမိ ဒေါ်ငွေရှင်တို့မှ ၁၉၁၇ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် မွေးဖွားသည်။



ဒေါ်သိန်းညွန့်

ငယ်စဉ်က ပြည်မြို့ အမျိုးသားအထက်တန်းကျောင်း၊ အစိုးရအထက်တန်းကျောင်းနှင့် တောင်ငူမြို့ စိန့်ဂျိုးဇက် ကွန်ဗင့်အထက်တန်းကျောင်းများတွင် ပညာသင်ခဲ့သည်။ ၁၀ တန်း အောင်ပြီးသည့်အခါ ရန်ကုန်တက္ကသိုလ်တွင် ပညာဆက်လက် ဆည်းပူးခဲ့သည်။

ဂျပန်ခေတ်တွင် ပေါက်ခေါင်းမြို့သို့ ပြောင်းရွှေ့နေထိုင်သည်။ ပေါက်ခေါင်းမြို့တွင် အာရှလူငယ် အစည်းအရုံးဖွဲ့စည်းရာ၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ အင်္ဂလိပ်စာဌာန နည်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်သည်။

၁၉၄၈ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ရရှိပြီး နည်းပြမှ လက်ထောက်ကထိက ရာထူးသို့ တိုးမြှင့်ခံရသည်။ ၁၉၄၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ ပညာတော်သင်အဖြစ် သွားရောက်သည်။ အပြန်တွင် ကထိကအဖြစ် ရာထူးတိုးမြှင့်ခြင်းခံရသည်။ ဒေါ်သိန်းညွန့်သည် အင်းလျားဆောင် အဆောင်မှူးတာဝန်ကိုပါထမ်းဆောင်သည်။ ၁၉၅၅ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ ပညာတော်သင်အဖြစ် သွားရောက်သည်။

၁၉၆၆ ခုနှစ်မှ ၁၉၇၇ ခုနှစ်ထိ ပညာရေးတက္ကသိုလ်တွင် ပါမောက္ခအဖြစ် ဆောင်ရွက်သည်။ ၁၉၇၇ ခုနှစ်တွင် အငြိမ်းစားယူခဲ့ပြီး၊ ပညာရေးတက္ကသိုလ်၌ အထူးအရာရှိအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်သည်။ ၁၉၇၈

၁၉၅၂ ခုနှစ်မှ ၁၉၅၉ ခုနှစ်ထိ တပ်မဟာ ၈ တပ်မဟာမှူး၊ တပ်မဟာ ၁ တပ်မဟာမှူး၊ တပ်မဟာ ၁၀ တပ်မဟာမှူး၊ စစ်ရုံး ပြည်စောင့်တပ် ညွှန်ကြားရေးမှူး၊ တပ်မတော် (ရေ) စစ်ဦးစီး ဗိုလ်မှူးကြီး တာဝန်များကို ထမ်းဆောင်သည်။ ၁၉၆၁ ခုနှစ်တွင် အရွှေတောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးအဖြစ်လည်းဆောင်ရွက် ခဲ့သည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီဝင်အဖြစ် တာဝန်ယူသည်။ ၁၉၆၄ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေး၊ သစ်တောရေးနှင့် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး ဝန်ကြီးဌာနများ၌ ဝန်ကြီးအဖြစ် လည်းကောင်း၊ ပါတီစည်းရုံးရေး ဗဟိုကော်မတီဝင်၊ တောင်သူလယ်သမားရေးရာ ဌာနကြီး အတွင်းရေးမှူး တာဝန်များကိုလည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၆၉ ခုနှစ်မှစ၍ ဗဟို ပြည်သူ့ တောင်သူလယ်သမား ကောင်စီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ ဥက္ကဋ္ဌအဖြစ် လည်းကောင်း ထမ်းဆောင် ခဲ့သည်။ ၁၉၇၁ ခုနှစ်မှစ၍ ၁၉၇၆ ခုနှစ် အရေးပေါ် ပါတီညီလာခံအထိ တဲ့ဖက်အထွေထွေ အတွင်းရေးမှူးနှင့် တပ်မတော် ပါတီ ကော်မတီဝင်အဖြစ် တာဝန်ယူခဲ့သည်။ အရေးပေါ် ပါတီညီလာခံအပြီးနှင့် ၁၉၇၇ ခုနှစ် တတိယအကြိမ် ပါတီညီလာခံတွင် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်၊ တဲ့ဖက် အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများအဖွဲ့ဝင်၊ တပ်မတော် ပါတီကော်မတီဝင်အဖြစ် ဆက်လက် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်မှ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အထိ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မတီဝင်၊ နိုင်ငံတော် ကောင်စီဝင်အဖြစ် တာဝန်ထမ်းဆောင် သည်။ စတုတ္ထအကြိမ် ပါတီညီလာခံတွင် အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

၁၉၇၄ ခုနှစ်နှင့် ၁၉၇၈ ခုနှစ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ ကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲများတွင် ရွှေဘိုမြို့နယ် မဲဆန္ဒနယ်မြေ (၁) မှ လည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်မြေ (၁) မှ လည်းကောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။

ပါတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းကြည်အား နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်ကို နိုင်ငံတော်ကောင်စီက ၁၉၈၁ ခုနှစ်တွင် ချီးမြှင့်အပ်နှင်းသည်။

ပါတီအထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတော်ကောင်စီဝင် ဦးသောင်းကြည်သည် ၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

ခုနှစ်၊ ဧပြီလမှစ၍ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဝင် ဖြစ်လာသည်။ ၁၉၇၁ ခုနှစ် တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် တာမွေမြို့နယ် မဲဆန္ဒနယ် အမှတ် ၂ မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။


ဒေါ်သိန်းညွန့်သည် ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကွယ်လွန်သည်။



မသမာသူတဦး၏ လုပ်ကြံမှုကြောင့် သမ္မတ ရော်နယ် ရေဂင်သည်ရင်အုံတွင် ဒဏ်ရာရရှိခဲ့သည်။

အမေရိကန်ပြည်ထောင်စု။ ။အမေရိကန် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူ အလက်ဇန္ဒားဟိတ်က တရုတ်ပြည်သူသမ္မတနိုင်ငံနှင့် ပုံမှန်ဆက်ဆံသွားလာရေးကို ထိပ်တန်းဦးစားပေး သတ်မှတ်လုပ်ဆောင်သွားမည်ဟု ဇန္နဝါရီလ ၁၁ ရက်နေ့တွင် ကြေငြာသည်။

တိုက်ချင်းပစ် ဒုံးပျံကို၊ ဖျက်ဆီးပစ်နိုင်သည့် လေဆာရောင်ခြည်လက်နက်ကို အမေရိကန်လေတပ်က အောင်မြင်စွာ စမ်းသပ်နိုင်ပြီဖြစ်ကြောင်း ဇန္နဝါရီလ ၁၆ ရက်နေ့တွင် ကြေငြာသည်။ အီရန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် အမေရိကန် ဓားစာခံ ၅၂ ဦး ပြန်လွှတ်ရေးဆိုင်ရာ သဘောတူညီချက်ကို ဇန္နဝါရီလ ၁၉ ရက်နေ့တွင် လက်မှတ်ရေးထိုးကြသည်။



သမ္မတသစ် ရော်နယ်ရေဂင်က အမေရိကန်ပြည်ထောင်စု၏ သမ္မတအဖြစ် ဇန္နဝါရီလ ၂၀ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။ ဒုတိယသမ္မတမှာ ရီပတ်ဘလီကင်ပါတီမှ ဂျော့ဘုရှ်ဖြစ်သည်။ ထိုနေ့မှာပင် အီရန်နိုင်ငံ၌ ၄၄၄ ရက်ကြာမျှ ဓားစာခံအဖြစ် ဖမ်းဆီးထားခြင်း ခံရသော အမေရိကန် သံအမှူထမ်း ၅၂ ဦးကို တီဟီရန် အာဏာပိုင်များက ပြန်လွှတ်ပေးခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ငွေကြေးဖောင်းပွမှုမှာ နှစ် ၆၀ အတွင်း အဆိုးရွားဆုံးဖြစ်၍ အမေရိကန် အလုပ်လက်မဲ့ဦးရေမှာလည်း ရှစ်သန်းနီးပါး ရှိနေသည်ဟု ဝါရှင်တန်မြို့တွင် သမ္မတရော်နယ်ရေဂင်က မတ်လ ၂ ရက်နေ့၌ ထုတ်ဖော်ပြောကြားလေသည်။

သမ္မတ ရော်နယ်ရေဂင်က ဂျပန်ဝန်ကြီးချုပ်ဟောင်း တာကေအို ပူကူဒါအား အိမ်ဖြူဌာန မတ်လ ၂၀ ရက်နေ့တွင် လက်ခံတွေ့ဆုံသည်။ သမ္မတရုံးခန်းတွင် တွေ့ဆုံရာ၌ ဒုတိယသမ္မတ ဂျော့ဘုရှ်နှင့် နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဟိတ်တို့လည်း တက်ရောက်ကြလေသည်။ မတ်လ ၃၀ ရက်နေ့တွင် သမ္မတရော်နယ်ရေဂင်မှာ လုပ်ကြံခံရသဖြင့် ဝဲဘက်ရင်အုံတွင် ဒဏ်ရာရရှိပြီး သမ္မတ၏ သတင်းဘက်ဆိုင်ရာအတွင်းဝန် ဂျိမ်းစဘရက်ဒီနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်တဦးတို့လည်း ဒဏ်ရာရရှိကြလေသည်။

အကျယ်အဝန်း။	။၃၆,၁၈,၄၆၇ စတုရန်းမိုင်
လူဦးရေ။	။၂၂,၆၅,၀၄,၈၂၅
မြို့တော်။	။ဝါရှင်တန်မြို့

ဧပြီလ ၁၂ ရက်နေ့တွင် ကိုလံဗီယာအမည်ရှိအာကာသ လွန်းပျံယာဉ်ကို ပထမဆုံးအကြိမ် အောင်မြင်စွာ ပစ် လွှတ်၍ ကမ္ဘာကို ၃၆ ကြိမ်တိတိ ရစ်ပတ်ပျံသန်းပြီးနောက် ကမ္ဘာမြေပြင်သို့ ချောမောညင်သာစွာ ပြန်ဆင်းသက်ခဲ့ သည်။ဧပြီလ ၂၄ ရက်နေ့တွင် ဆိုဗီယက်ပြည်ထောင်စုအား သီးနှံမထောင်းရန် ပိတ်ပင်ထားခြင်းကို သမ္မတရေဂင်က ပြန်လည်ရုပ်သိမ်းလိုက်လေသည်။

သီးနှံတင်ပို့မှုရပ်ဆိုင်းခြင်းကိုပယ်ဖျက်လိုက်ခြင်းကြောင့် ၁၉၈၁ နှစ်တွင် အမေရိကန် - ဆိုဗီယက် ကုန်သွယ်ရေးနှစ်ဆ တိုးပြီး သွင်းကုန်နှင့် ပို့ကုန် စုစုပေါင်း ဒေါ်လာ သန်း ၄၀၀၀ ဖိုးခန့် ရှိလာသည်။ ၁၉၈၁ ခုနှစ်အတွင်း အမေရိ ကန်ပြည်ထောင်စုမှ တရုတ်ပြည်သူသမ္မတနိုင်ငံသို့ ကုန် ပစ္စည်းဒေါ်လာသန်း ၄၀၀၀ ဖိုး တင်ပို့ပြီး တရုတ်ပြည်သူ သမ္မတနိုင်ငံမှ ကုန်ပစ္စည်းဒေါ်လာသန်း ၁,၇၀၀ ဖိုး အမေ ရိကန်ပြည်ထောင်စုက ပြန်လည်တင်သွင်းလိမ့်မည်ဟု ခန့် မှန်းထားလေသည်။ ၁၉၈၁ ခုနှစ်အတွင်း အမေရိကန်ပြည် ထောင်စုမှ ဆိုဗီယက်ပြည်ထောင်စုသို့ ကုန်ပစ္စည်းစုစုပေါင်း ဒေါ်လာသန်း ၃,၂၀၀ ဖိုး တင်ပို့မည်ဖြစ်ပြီး ဆိုဗီယက် ပြည်ထောင်စုမှ ကုန်ပစ္စည်း ဒေါ်လာသန်း ၈၀၀ ဖိုးခန့် တင်သွင်းမည် ဖြစ်လေသည်။

၁၉၈၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ သီးနှံ ထွက်မှာ စံချိန်တင်လုနီးပါး ရောက်ရှိမည်ဖြစ်၏။ ပြောင်း တန်ချိန် ၁၉၆ သန်း ထွက်မည်ဟု ခန့်မှန်းထားသည်။ ဂျုံ ထွက်နှုန်းမှာ တန်ချိန် ၂၄ ဒသမ ဂ သန်းထွက်မည်ဟု ခန့် မှန်းထား၍ ဝါဂွမ်း၊ ပဲပိစပ်နှင့် နှံစားပြောင်းထွက်နှုန်း တိုးဖွယ်ရာရှိသည်။

အမေရိကန်တရားရုံးချုပ်တွင် ပထမဆုံး အမျိုးသမီး တရားသူကြီးအဖြစ်ခန့်ထားရန် အရှိုင်းနားပြည်နယ်မှတရား သူကြီးတဦးဖြစ်သူစန္ဒရာအိုကွန်နာ(၅၁ နှစ်)အား ဇူလိုင်လ ၉ ရက်နေ့တွင် သမ္မတရေဂင်က ရွေးချယ်လိုက်သည်။ အို ကွန် နာ သည် အမေရိကန်တရားလွှတ်တော်ချုပ်တွင် ပထမဆုံး အမျိုးသမီး တရားသူကြီး အဖြစ် တာဝန်ထမ်း ဆောင်ရန် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။

သမ္မတ ရေဂင်အစိုးရသစ်သည် ဆိုဗီယက် စစ်အင်အား ကြီးထွားလာသည်ဟူသော အကြောင်းပြချက်ဖြင့် ၁၉၈၁ ခုနှစ် မတ်လအတွင်းက အမေရိကန်သမိုင်းတွင် ငြိမ်းချမ်း သော ကာလအတွင်း၌ အကြီးမားဆုံးသော စစ်အသုံး စရိတ်ဘတ်ဂျက်ကို ကွန်ဂရက် လွှတ်တော်သို့ တင်ပြ ခဲ့သည်။ စစ်အင်အားကို ငါးနှစ်စီမံကိန်းချ၍ ၁၉၈၁ ခု ဘဏ္ဍာရေးနှစ်တွင် ဒေါ်လာကုဋေ ၁၇,၁၀၀ သုံးစွဲရန် လျာ ထားပြီး နှစ်စဉ်တိုးတက်၍ ၁၉၈၆ ခုနှစ်တွင် ဒေါ်လာ ကုဋေ ၃၆,၇၅၀ သုံးစွဲရန် လျာထားလေသည်။ အမေရိ ကန်ရေတပ်သည် ၁၉၉၀ ပြည့်နှစ်တွင် စစ်သင်္ဘောအစင်း ၆၀၀ ပိုင်ဆိုင်မည်ဖြစ်၏။ ယခုလက်ရှိသင်္ဘောစင်းရေမှာ ၄၅၆ စင်း ဖြစ်လေသည်။ အမေရိကန်အထက်လွှတ်တော် က သမ္မတရေဂင် တောင်းဆိုခဲ့သည့် ကာကွယ်ရေးစရိတ်ကို ဒီဇင်ဘာလ ၅ ရက်နေ့က အတည်ပြုခဲ့သည်။

သမ္မတရေဂင်အစိုးရ၏ နိုင်ငံခြားရေးဝါဒမှာ ဆိုဗီယက် ပြည်ထောင်စုအား လည်းကောင်း၊ အရှေ့အလယ်ပိုင်း အာဖရိကနှင့် အလယ်ပိုင်းအမေရိကဒေသတို့တွင် ဆိုဗီယက် တို့ ပါဝင်ပတ်သက်နေသော ပြဿနာများအား လည်း ကောင်း၊ တင်းတင်းမာမာ ကိုင်တွယ် ဖြေရှင်းလိုသည်။ တောင်ကိုရီးယား၊ ပါကစ္စတန်၊ တျွန်စ်ဇီးယား၊ တူရကီ၊ ထိုင်း စသောနိုင်ငံများအား ပြင်ပကျူးကျော်ရန်စမှုကို မိမိ တို့ဘာသာ ကာကွယ်ရာ၌ ကူညီရေးကို ဆတက်ထမ်းပိုးတိုး ပြီး ရေဂင်အစိုးရက ဆောင်ရွက်လိုသည်။

ပိုလန်နိုင်ငံတွင် မငြိမ်သက်မှုများကြောင့် ဆိုဗီယက် တို့ ဝင်ရောက်စွက်ဖက်လာမည့် အရေးကို အမေရိကန် ပြည်ထောင်စုက သတိဖြင့် ဟန့်တားနေရသည်။ ဆိုဗီယက် ဝင်ရောက်စွက်ဖက်လျှင် အမေရိကန် - ဆိုဗီယက် လက်နက် ထိန်းချုပ်ရေး ဆွေးနွေးပွဲ ကျင်းပရန် အလားအလာများ ပျက်စီးသွားမည် ဖြစ်လေသည်။ ဆိုဗီယက် - အမေရိကန် လက်နက် ထိန်းချုပ်ရေး ဆွေးနွေးပွဲ ကျင်းပရန်၊ အလား အလာများ မှေးမှိန်နေ၏။ ပြိတိန်၊ အနောက်ဂျာမနီနှင့် အီတလီနိုင်ငံတို့က အမေရိကန်ဒုံးပျံများလက်ခံရန် သဘော တူပြီး ဖြစ်သည်။

အနောက်ဥရောပ မဟာမိတ်များက အမေရိကန် - ဆိုဗီယက် ဆက်ဆံရေး တိုးတက်အောင် ဆောင်ရွက်ရန် အမေရိကန်ပြည်ထောင်စုအား တိုက်တွန်းကြလေသည်။

၁၉၈၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့၌ အီဂျစ် သမ္မတအန္နဝါဆဒတ် လုပ်ကြံခံရ၍ ကွယ်လွန်သဖြင့် စျာပန အခမ်းအနားသို့ တက်ရောက်ရန် သမ္မတရေဂင်က သမ္မတ ဟောင်းများ ဖြစ်ကြသော ရစ်ချတ်နစ်ကဆင်၊ ဂျယ်ရယ်ဖို့ နှင့် ဂျင်မီကာတာတို့အား စေလွှတ်ခဲ့သည်။

အောက်တိုဘာလ ၂၈ ရက်တွင်အောဂတ်စ ကင်းထောက် လေယာဉ်မျှားကို ဆအူးဒီအာရေဗျ နိုင်ငံသို့ ရောင်းချရန် အမေရိကန်လွှတ်တော်ကသဘောတူအတည်ပြုလိုက်သည်။

အမျိုးသားစာပေဆု၊မြန်မာနိုင်ငံ။ ။ပြန်ကြားရေး ဝန်ကြီးဌာနသည် ၁၉၆၂ ခုနှစ်ထုတ် စာအုပ်များမှစ၍ စာပေဆုများချီးမြှင့်ခဲ့သည်။ ထိုစဉ်ကမူ အနုပညာစာပေ ဆိုင်ရာဆုဟု အမည်တွင်၍ ၁၉၆၅ ခုနှစ်မှစပြီး အမျိုးသား စာပေဆုဟု အမည်တွင်ခဲ့သည်။ အမျိုးသားစာပေဆု စိစစ်

ရွေးချယ်ရေးကော်မတီသည် နှစ်စဉ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်အဖွဲ့၌ မှတ်ပုံတင် ထားသည့် စာအုပ်များအနက်မှ ဘာသာရပ် ၁၃ မျိုးတွင် စည်းကမ်းနှင့်ညီညွတ်သော စာအုပ်များကို ဖတ်ရှုစဉ်းစားခဲ့ကြသည်။ ယင်းစာအုပ်များမှ စာပေနှင့် စာနယ်ဇင်းဆိုင်ရာ မူဝါဒ ခုနစ်ချက်၊ စာပေဆုစိစစ်ရေးဆိုင်ရာ မူဘောင်တို့ဖြင့် ကိုက်ညီသော စာအုပ်များကို စိစစ် ရွေးချယ်ပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် အမျိုးသားစာပေဆု ချီးမြှင့်ရန် ဆုံးဖြတ်ရွေးချယ်ကြသည်။

၁၉၈၀ ပြည့်နှစ်အတွက် ဝတ္ထုတိုပေါင်းချုပ်ဆု၊ကဗျာဆု၊ စာပဒေသာဆု၊ ဘာသာပြန် (ရသ) စာပေဆု၊ ကလေးစာပေဆု၊ သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) ဆု ဟူ၍ အမျိုးသားစာပေဆု ခြောက်ဆု ချီးမြှင့်သည်။

၁၉၈၀ ပြည့်နှစ်
အမျိုးသားစာပေဆု
ရရှိသူများ

ဝတ္ထုတိုပေါင်းချုပ်
မဂ္ဂင်းဝတ္ထုရှည်များ – မိုးမိုး (အင်းလျား)

ကဗျာ
စမ်းရေစီး သံ ကဗျာများ – မောင်ကြင်နွယ်

စာပဒေသာ
ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး – လယ်တွင်းသား စောချစ်

ဘာသာပြန် (ရသ) စာပေ
တထောင့်တည် ပုံပြင်များ (၁) – ကျော်လှိုင်ဦး

ကလေးစာပေ
ပုလဲမိုးဦးပုံ ဝတ္ထုတိုများ – စန္ဒာမြင့်

သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ)
ကလေးကျန်းမာရေးနှင့် ရွှဖထောင့် အထွေထွေ – ဒေါက်တာဘတင်ဦး (ကလေးဆေးရုံကြီး)

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း စာပေဗိမာန်အဖွဲ့၏ ၁၉၈၀ ပြည့်နှစ် အတွက် အမျိုးသား စာပေဆုနှင်းသဘင် အခမ်းအနားကို ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက် (၁၃၄၃ ခုနှစ် နတ်တော်လဆန်း ၁ ရက်) နေ့တွင် ဂေါ ဒဝင်လမ်းယဉ်ကျေးမှုလေဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မြင့် တက်ရောက် အမှာစကားပြောကြားပြီး အမျိုးသားစာပေဆုရ ပုဂ္ဂိုလ်ခြောက်ဦးတို့အား တဦးလျှင် ငွေကျပ် ခြောက်ထောင်စီနှင့်ဆုလက်မှတ်များကို ချီးမြှင့်ပေးအပ်လိုက်သည်။

အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အေစီယင်)။ ။ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ နှင့် ထိုင်းနိုင်ငံတို့ပါဝင်သော အေစီယင်အဖွဲ့ကို ၁၉၆၇ ခုနှစ်တွင် ဖွဲ့စည်းသည်။ ယင်းအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း၏ အဓိကရည်ရွယ်ချက်များတွင် အရှေ့တောင်အာရှ ဒေသအတွင်းရှိ အဖွဲဝင် နိုင်ငံများ၏ နိုင်ငံ ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်ဟူသော အချက်ပါရှိသည်။ အဖွဲဝင်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်သည်သာမက ပြည်ပမှ အကူအညီများ ယူပြီး ရင်း နှီး မြှုပ် နှံ ခွင့်လည်း ပေးခဲ့သည်။ ပြည်ပမှ ရင်းနှီး မြှုပ်နှံ မှုတွင် အမေရိကန် ပြည်ထောင်စုက ဒေါ်လာ သန်းပေါင်း ဂ ဂဝဝ၊ ဂျပန် နိုင်ငံက ဒေါ်လာသန်းပေါင်း ၇၀၀၀ ခန့် ရင်းနှီးထားသည်။

၁၉၇၁ ခုနှစ် နှစ်ဆန်း ပိုင်းတွင် ဂျပန် ဝန်ကြီးချုပ် ဆူဇူကီးသည် အေစီယင်အဖွဲဝင်နိုင်ငံများသို့ အလည်အပတ် သွားရောက် ခဲ့သည်။

၁၉၇၁ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံသို့ အစိုးရ ညှိနှိုင်းသည်အဖြစ် အလည်အပတ်ရောက်ရှိသည့် သိရီလင်္ကာနိုင်ငံ ဝန်ကြီးချုပ် ပရီမာဒါဆာက သိရီလင်္ကာ နိုင်ငံသည် အေစီယင် အဖွဲသို့ ဝင်ရောက်ဆောင်ရွက်လိုကြောင်း ကမ်းလှမ်းလိုက်သည်။

အေစီယင် အဖွဲဝင် နိုင်ငံများသည် မိမိတို့ နိုင်ငံများ၏ လယ်ယာ ထွက်ကုန် တိုး တက် ထွက်ရှိရေး၊ သယံဇာတ ပစ္စည်းများ တိုးခြဲထုတ်လုပ်ရေး၊ မြေရိုင်းများဖော်ထုတ်ပြီး တိုးခဲ့ စိုက်ပျိုးရေး စသည်တို့အတွက် ပြည်ပမှ ငွေချေးယူပြီး ဆောင် ရွက် လာခဲ့သည်။ ပြည်ပမှ ချေး ယူ ပြီး ဆောင်ရွက် လာခဲ့မှု ကြောင့် လည်း စီး ပွား ရေး အ ခြေအနေမှာ အသင့်အတင့် ကောင်းမွန်လာသည်။

၂၀ ဆုစု နောက်ပိုင်းမှစ၍ အာရှတိုက်တွင် မတည်ငြိမ်မှုများ ဆက်လက် ဖြစ်ပွား လာသည်။ အေစီယင် အဖွဲ့ထူထောင်စ အခါနှိမ့်စ၍ ဗီယက်နမ် စစ်ပွဲ (၁၉၆၀–၇၅)၊ ကမ်ပူးချား ပြဿနာ (၁၉၇၈)၊ တရုတ်–ဗီယက်နမ် နယ်စပ် ပြဿနာ (၁၉၇၉) စသည့် မတည်ငြိမ်မှုများ ဖြစ်ပွားလာခဲ့သည်။ ထိုင်းနိုင်ငံနှင့် ကမ်ပူးချား နိုင်ငံများ အကြား ပဋိပက္ခ ဖြစ်ပွားမှုများ၊ နယ်စပ်ပြဿနာများ၊ အာရှတိုက် နိုင်ငံ အများအပြားတွင် လူမျိုးရေး ပြဿနာများ၊ စီးပွားရေး ပြဿနာရပ်များမှာလည်း ဖြစ်ပွားလျက် ရှိသည်။ အေစီယင် နိုင်ငံများသည် နိုင်ငံရေး မတည်ငြိမ်မှုများ

ကြောင့် ဒေသလုံခြုံရေးနှင့် ငြိမ်းချမ်းရေးမရှိသဖြင့် စစ်ရေးတွင် ငွေအမြောက်အမြား သုံးစွဲလာရသည့်အတွက် စီးပွားရေး အခြေအနေ ကောင်းမွန်တိုးတက်သင့်သလောက် မတိုးတက်ခဲ့ချေ။

၁၉၇၁ ခုနှစ် မေလ ၂၉ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ကျကာတာ မြို့၌ အေစီယင် အဖွဲ့၏ စီး ပွား ရေး ဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး ကျ င် း ပ သ ည် ။ စ က် မှု လုပ်ငန်းများ၊ ခဘတ်သတ္တု လုပ်ငန်းများနှင့် လောင်စာ စွမ်းအင်ဆိုင်ရာ ကော်မတီ၊ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် ငါးထုတ်လုပ်ရေး ကော်မတီ၊ သယ်ယူ ပို့ဆောင် ရေးနှင့် လမ်းပန်း ဆက် သွယ် ရေး ကော်မတီ၊ ကုန်သွယ်ရေးနှင့် ကမ္ဘာလှည့် ခရီးသည်များ လုပ် ငန်း ဆိုင် ရာ ကော်မတီ အသီးသီး၏ ဆောင်ရွက်ချက်များကို ဆွေးနွေး၍ လုပ်ငန်း သစ် များ တိုးခဲ့ ဆောင်ရွက်ရေး တို့ ကို လည်း ညှိ နှိုင်း ဆုံးဖြတ်သည်။

အေစီယင် အဖွဲ့သက်တမ်း ၁၄ နှစ် ပြည့်သည့် ၁၉၇၁ ခုနှစ်တွင် အဖွဲ့ဝင် ငါးနိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီးများ၏ ၁၄ ကြိမ်မြောက် အစည်းအဝေးကို ၁၉၇၁ ခုနှစ် ဇွန်လ ၁၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ ဖိလစ်ပိုင် နိုင်ငံ မနီလာ မြို့၌ ကျင်းပသည်။ နိုင်ငံခြားရေး ဝန်ကြီးများ အစည်း အဝေးအပြီး စာမျက်နှာ ၁၇ မျက်နှာ ရှိသည့် သဘောတူ ကြေငြာ စာတမ်းတရပ် ထုတ်ပြန် ခဲ့ သည်။ ထိုကြေငြာ စာ တမ်း တွင် ကမ်ပူးချား နိုင်ငံ အတွင်းသို့ ဗီယက်နမ် တပ်များ ဝင်ရောက် နေခြင်းသည် အရှေ့တောင် အာရှ လုံခြုံရေးနှင့် ငြိမ်းချမ်း ရေးကို ခြိမ်းခြောက် နေကြောင်း၊ ထိုဒေသ လုံခြုံရေးနှင့် ငြိမ်းချမ်းရေး ရရှိမှုအတွက် နယူး ယောက်မြို့တွင် ကျင်းပမည့် ကမ်ပူးချား နိုင်ငံနှင့်ပတ်သက် သည့် အပြည်ပြည် ဆိုင်ရာ ကွန်ဖရင့်သို့ ဗီယက်နမ် နိုင်ငံ ပါဝင်တက်ရောက်ရန် တိုက်တွန်းပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပူးပေါင်း ဆောင်ရွက် ရေးနှင့် သြစတြေးလျ၊ ကနေဒါ၊ ဂျပန်၊ နယူးဇီလန်၊ ဥရောပ ဘုံစျေးအဖွဲ့၊ အမေရိကန် ပြည် ထောင် စု တို့ နှင့် လည်း တိုးတက် ပူး ပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း စသည်တို့ ပါဝင်သည်။

၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်မှ ၁၉ ရက်နေ့အထိ ကျင်းပ ခဲ့သည့် အေစီယင် ယဉ်ကျေးမှုနှင့် ပြန်ကြားရေး ကော်မတီ စတုတ္ထ အကြိမ်မြောက် အစည်းအဝေး၌ ၁၉၇၁ ခုနှစ် အတွင်း အသံလွှင့် လုပ်ငန်းနှင့် ရုပ်မြင်သံကြား အစီ အ စဉ် များ ကို ချမှတ် ဆောင်ရွက် သွား ရန် ဆုံးဖြတ် လိုက်သည်။ မေလ ၁၈ ရက် နေ့တွင် ထိုင်းသတင်းဌာန (တီ အင် အေ) သည် အေစီယင် သတင်းဖလှယ်ရေးအဖွဲ့ တွင် ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ် လိုက်သည်။မနီလာမြို့၌ ကွန်ပျူတာစနစ်သုံး ဖိလစ်ပိုင်သတင်းဌာနတွင် အကောင်အထည်ဖော် လှုပ်ရှားနေသည့် အေစီယင် သတင်း ဖလှယ်ရေး အဖွဲ့သို့ ထိုင်းနိုင်ငံသည် စ တု တ္ထ အ ကြိမ် မြောက် ဝင်ရောက် လာသူ ဖြစ် သည်။ ယင်းအဖွဲ့တွင် မလေးရှား သတင်းဌာန (ဘာနာမာ)၊ အင်ဒိုနီးရှား သတင်း ဌာန (အန်တာရာ) နှင့် ဖိလစ်ပိုင် သတင်း ဌာန (ပီအင်အေ) တို့သည် လက်ရှိလုပ်ဆောင်လျက်ရှိကြသည်။

အေစီယင်၏ ပထမဆုံး အကြိမ် စာ ရေး ဆရာများ ညီလာခံကို ၁၉၇၁ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် မနီလာမြို့၌ စတင် ကျင်းပသည်။

စက်တင်ဘာလ ၁၁ ရက်နေ့တွင် အာရှနိုင်ငံစုံ သတင်း ဖလှယ်ရေး လုပ်ငန်း အကောင်အထည် ဖော်ရေးကို ရှေးရှုလျက် အေစီယင် အမျိုးသား သတင်း ဌာန လေးခုသည် အိန္ဒိယ၊ တောင်ကိုရီးယား သတင်းဌာန များနှင့် သတင်း ဖလှယ်ရေး သဘောတူညီချက်တရပ်ကို လက်မှတ်ရေးထိုး ကြသည်။ အေစီယင်နှင့် တောင်ကိုရီးယားတို့ ပူးပေါင်း



အေစီယင် အဖွဲ့ဝင် ငါးနိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီးများ၏ ၁၄ ကြိမ်မြောက်အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသည်။

အခြေအနေ၊ လက်ငင်းလုပ်ငန်းများနှင့် တခုတည်းသော အလုပ်သမားအစည်းအရုံးပေါ် ပေါက်ရေး စသည့် ခေါင်းစဉ်များပါဝင်သော အလုပ်သမားရေးရာ ကြေငြာချက်ကို ထုတ်ပြန်ခဲ့ပြန်သည်။

၁၉၆၃ ခုနှစ်တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ကျင်းပသော အလုပ်သမား နှီးနှောဖလှယ်ပွဲသည် ပထမဆုံးသော အလုပ်သမားနှီးနှောဖလှယ်ပွဲဖြစ်သည်။ ထိုနှီးနှောဖလှယ်ပွဲ နောက်ဆုံးနေ့၌ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင် တက်ရောက်၍ အလုပ်သမားများအကျိုးအတွက် လမ်းညွှန်ချက် ပေးသွားသည်။

သို့ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ ဆိုရှယ်လစ်စနစ်တည်ဆောက်ရာတွင် ပါဝင်ကြမည့် အလုပ်သမားတို့၏ စည်းရုံးရေး၊ အလုပ်ခွင်သာယာရေး၊ စနစ်ဘက္ခ တာဝန်ထမ်းဆောင်ရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ သက်သာချောင်ချိရေး အစီအစဉ်များ ပြုလုပ်နိုင်ရေးနှင့် အလုပ်သမားကောင်စီ (ယခု အလုပ်သမားအစည်းအရုံး) ထူထောင်ရေးတို့အတွက် ၁၉၆၃ ခုနှစ်စက်တင်ဘာလ ၂၁ ရက်နေ့တွင် ပြည်သူ့အလုပ်သမားကောင်စီ အကောင်အထည်ဖော်ရေး အလုပ်အမှုဆောင်ကော်မတီကို အလုပ်သမားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးခဲ့သည်။

ထိုအဖွဲ့သည် ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေမူကြမ်းကို ရေးဆွဲကြသည်။

ထိုဥပဒေမူကြမ်းကို ၁၉၆၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့မှ မေလ ၄ ရက်နေ့အထိ ချောက်မြို့တွင် ကျင်းပခဲ့သော အလုပ်သမား နှီးနှောဖလှယ်ပွဲတွင်တင်ပြ၍ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေ (မူကြမ်း)နှင့် အလုပ်သမား ကောင်စီဖွဲ့စည်းပုံ (မူကြမ်း)တို့ကို ဆွေးနွေး အတည်ပြုခဲ့သည်။

၁၉၆၅ ခုနှစ် အလုပ်သမားနှီးနှောဖလှယ်ပွဲကို ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

၁၉၆၆ ခုနှစ်နှင့် ၁၉၆၇ ခုနှစ် တို့တွင် အလုပ်သမား နှီးနှောဖလှယ်ပွဲများကို ရန်ကုန်မြို့ ကျိုက္ကဆံ ကွင်းတွင် ကျင်းပပြီး၊ ၁၉၆၈ ခုနှစ် ဧပြီလ ၂၇ ရက်တွင် အလုပ်သမားထုတရပ်လုံးကို ဦးဆောင်မှုပေးမည့် ဗဟိုပြည်သူ့ အလုပ်သမားကောင်စီကို ဖွဲ့စည်းသည်။

၁၉၇၄ ခုနှစ် အရေးပေါ် ပါတီညီလာခံတွင် လူထုလူတန်းစား အဖွဲ့အစည်းများကို ဆိုရှယ်လစ် ဒီမိုကရေစီ အဆောက်အအုံနှင့်အညီ ဖွဲ့စည်းနိုင်ရန် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းရေးဆွဲရာတွင်အခြေခံရမည့်မူများချမှတ်ပေးသည်။

ယင်းမူများနှင့်အညီ ဗဟိုပြည်သူ့အလုပ်သမားကောင်စီ ဗဟိုအလုပ်အမှုဆောင် ကော်မတီသည် အခြေခံ အလုပ်

အလုပ်သမား အစည်းအရုံး။ ။တော်လှန်ရေး ကောင်စီသည် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် မြန်မာနိုင်ငံတော်၏ အာဏာကို ထိန်းသိမ်း စောင့်ရှောက်ခဲ့သည်။ ထို့နောက် ၁၉၆၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် တော်လှန်ရေးကောင်စီ၏ ဝါဒသဘောထားကို ကြေငြာခဲ့သည်။ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်သည် လယ်သမား၊ အလုပ်သမားနှင့် အခြားသောလုပ်သားထု၏ စည်းရုံးရေး အင်အားကို အဓိကအားဖြင့် အခြေပြုလျက် ဆိုရှယ်လစ်စနစ်ကို တည်ဆောက်မည်ဟူ၍ ဝါဒသဘောထား ကြေငြာချက်တွင် ပါရှိသည်။

တော်လှန်ရေးကောင်စီသည် ဆိုရှယ်လစ် လူဘောင်သို့ ချီတက်ရာတွင် အခြေခံ အင်အားတရပ်ဖြစ်သည့် အလုပ်သမားများအပေါ် ထားရှိသည့် သဘောထားခုနစ်ချက်ကို ၁၉၆၃ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထို့နောက် ၁၉၆၃ ခုနှစ် ဧပြီလ၃၀ ရက်နေ့တွင်အလုပ်သမား အဓိပ္ပာယ် ဖွင့်ဆိုချက်၊ ရည်မှန်းချက်၊ နိုင်ငံတော်၏အခြေခံအင်အား၊ စီးပွားရေး ပန်းတိုင်၊ အလုပ်သမား တို့၏ အခန်းကဏ္ဍ၊ လုပ်ငန်းအမျိုးမျိုး၊ ပိုင်ဆိုင်မှုများ၊ လက်ရှိ

အလုပ်သမား အစည်းအရုံး
ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ

စဉ်	အမည်	တာဝန်
၁။	ဦးအုန်းကျော်	ဥက္ကဋ္ဌ
၂။	ဦးဘငြိမ်း	ဒု-ဥက္ကဋ္ဌ
၃။	ဦးအောင်မို	ဒု-ဥက္ကဋ္ဌ
၄။	သူရ ဦးတင်မြတ်	အတွင်းရေးမှူး
၅။	ဦးဘထွေး	တွဲဖက်အတွင်းရေးမှူး
၆။	ဦးထွန်းလွင်	။
၇။	ဦးထွန်းရှိန်	အလုပ်အမှုဆောင်
		ကော်မတီဝင်
		(အချိန်ပြည့်)
၈။	ဦးသာထွန်းအောင်	။
၉။	ဦးတင်အေး	။
၁၀။	ဦးမြအောင်	။
၁၁။	ဦးစောချစ်စိန်	။
၁၂။	ဦးသာနိုး	။
၁၃။	ဦးသိန်းထွန်း	။
၁၄။	ဦးဘကြည်	။
၁၅။	ဦးစိန်	။
၁၆။	ဦးထွန်းလင်း	။
၁၇။	ဦးလှရွှေ	။
၁၈။	ဦးတင်မြင့်	။
၁၉။	ဒေါ်မြင့်မြင့်ဆွေ	။
၂၀။	ဦးခင်စိုး	။
၂၁။	ဦးကြည်သိန်း	။
၂၂။	ဦးအောင်ခင်	။
၂၃။	ဦးအုန်းကြည်	အလုပ်အမှုဆောင်
		ကော်မတီဝင်
		(အချိန်ပိုင်း)
၂၄။	ဦးမောင်ချို	။
၂၅။	ဦးမောင်အုံး	။
၂၆။	ဒေါက်တာမောင်ရှိန်	။
၂၇။	ဦးသန်းတင်	။
၂၈။	ဦးစိန်ရ	။
၂၉။	ဦးတင်ဦး	။
၃၀။	ဦးကျော်ထိန်	။
၃၁။	ဦးကျော်ငြိမ်း	။
၃၂။	ဦးခင်မောင်ကြီး	။
၃၃။	ဗိုလ်မှူးကြီးထွန်းလှဖြူ	။
၃၄။	ဦးဘိုးဟန်	။
၃၅။	ဦးမြဘူး	။

သမားကောင်စီအထိ ချပြဆွေးနွေးကာ အကြံဉာဏ်များ ရယူ၍ အလုပ်သမားအစည်းအရုံး ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းကို ရေးဆွဲခဲ့၏။ ယင်းအခြေခံစည်းမျဉ်းကို အလုပ်သမား အစည်းအရုံးကြီး၏ ၁၉၇၇ ခုနှစ် ပထမအကြိမ် ညီလာခံက အတည်ပြု ပြဋ္ဌာန်းခဲ့သည်။

၁၉၇၇ ခုနှစ် သြဂုတ်လအတွင်း ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြင့်ဌ်ကျင်းပသည့် ပထမအကြိမ် အလုပ်သမား အစည်းအရုံးညီလာခံမှစ၍ လုပ်သားထုအတွင်း စည်းရုံးရေးစွမ်းရည် ပိုမိုမြင့်မားလာသည်။

ပထမအကြိမ် အလုပ်သမားအစည်းအရုံး ညီလာခံကျင်းပနေချိန်တွင် မြို့နယ်အစည်းအရုံးပေါင်း ၂၅၀၊ မြို့နယ်စည်းရုံးရေးကော်မတီပေါင်း ၃၄ ခု၊ အခြေခံ အစည်းအရုံးပေါင်း ၉၀၀၀ ကျော် ဖွဲ့စည်းနိုင်ပြီး အလုပ်သမားဦးရေ ၁၃ သိန်း ကျော်ကိုလည်း အစည်းအရုံးဝင်များအဖြစ် စည်းရုံးနိုင်ခဲ့သည်။


ဒုတိယအကြိမ် အလုပ်သမား အစည်းအရုံး ညီလာခံကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဆရာစံခန်းမတွင် ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပ သည်။

ဒုတိယအကြိမ် အလုပ်သမား အစည်းအရုံး ညီလာခံကျင်းပချိန်တွင် မြို့နယ်အစည်းအရုံးပေါင်း ၂၆၀၊ မြို့နယ်စည်းရုံးရေးကော်မတီ ၂၇ ခုကို ဖွဲ့စည်းထားပြီး အခြေခံအစည်းအရုံး ၉,၄၂၆၊ အလုပ်သမားဦးရေ ၁၄,၃၁,၃၀၆ ဦး ရှိလာပြီဖြစ်သည်။

ဒုတိယအကြိမ် အလုပ်သမားအစည်းအရုံး ညီလာခံမှ မှတ်တမ်းတင်ခြင်း ငါးရပ်၊ အတည်ပြုခြင်း ခြောက်ရပ်နှင့် ဆုံးဖြတ်ချက် ရှစ်ရပ်ကို ချမှတ်သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုကို ခံယူပြီး ဒုတိယအကြိမ်ညီလာခံသက်တမ်းအတွင်း အလုပ်သမား အစည်းအရုံးမှ ဆောင်ရွက်သွားရမည့် ဗဟို အလုပ်အမှုဆောင်ကော်မတီဝင်များကို ရွေးချယ်တင်မြှောက်သည်။

အာဂျင်တီးနားသမ္မတနိုင်ငံ။ ။အာ ဂျင် တီး နား နိုင်ငံသည် ဖက်ဒရယ် သမ္မတနိုင်ငံဖြစ်၍ တောင်အမေရိက တိုက်တွင် ဒုတိယအကြီးဆုံးနိုင်ငံဖြစ်သည်။ ၁၅၁၅ ခုနှစ်မှ စ၍ စပိန်တို့၏လက်အောက် ကျရောက်ခဲ့ပြီးနောက် ၁၈၁၆ ခုနှစ်မှ လွတ်လပ်ရေးရရှိခဲ့သည်။ ၁၈၈၀ ပြည့်နှစ်နောက်ပိုင်း ဆယ်စုနှစ်များအတွင်း အီတလီ၊ ဂျာမန်နှင့် စပိန်လူမျိုး အမြောက်အမြား ဝင်ရောက် အခြေစိုက် နေထိုင်လာကြရာမှ ခေတ်မီနိုင်ငံအဖြစ်သို့ ပြောင်းလဲစပြုလာသည်။ လက်တင် အမေရိကနိုင်ငံများအကြား၌ ချမ်းသာ၍ ပညာထွန်းကားသော စက်မှုနိုင်ငံကြီးအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းလာခဲ့ကြသည်။ ၁၉၂၀ ပြည့်လွန်နှစ်များအတွင်း လူမှုရေးပြု



ပြင်ပြောင်းလဲမှုများကို ဥပဒေပြု ဆောင်ရွက်လာခဲ့သည်။ သို့သော် ၁၉၃၀ ပြည့်နှစ်မှ ၁၉၄၆ ခုနှစ်အတွင်းတွင် စစ်တပ်မှ အာဏာသိမ်းမှုများ၊ နိုင်ငံရေး အုံကြွမှုများ ပေါ်ပေါက်ခဲ့သည်။

၁၉၃၆ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဒိုမင်ဂို ပီရွန်သည် အာဏာရရှိလာပြီး အာဏာရှင်စနစ်ကို ထူထောင်ခဲ့သည်။ ကိုးနှစ်တာအတွင်း စက်မှုအလုပ်သမားများ၏ ဝင်ငွေကို ၄၇ ရာခိုင်နှုန်းတိုးတက်စေသော အစီအမံများ ပြုလုပ်နိုင်ခဲ့သော်လည်း လွတ်လပ်စွာ ရေးသားခွင့် ပြောဆိုခွင့်များကို ပိတ်ပင်၍ ဘာသာရေးကျောင်းများလည်း ပိတ်ပင်ခဲ့သည်။ အာဂျင်တီးနားနိုင်ငံသည် ထိုအချိန်မှစ၍ ကြွေးထူသော နိုင်ငံအဖြစ်သို့ ရောက်လာရသည်။

၁၉၅၅ ခုနှစ်တွင် စစ်တပ်မှ အာဏာသိမ်းမှုကြောင့် ပီရွန်သည် စပိန်နိုင်ငံသို့ ထွက်ပြေးရသည်။ ထို့နောက် စစ်အစိုးရ၊ အရပ်သားအစိုးရ ပြောင်းလဲမှုများ ဆက်တိုက်ပေါ် ပေါက်၍ နိုင်ငံရေးမတည်မငြိမ်ဖြစ်ခဲ့ရသည်။ ပီရွန်သည် ၁၉၇၃ ခုနှစ်တွင် အာဏာပြန်လည်ရရှိလာသည်။ သမ္မတဖြစ်လာပြီး ၁၀ လခန့်ကြာသော် ပီရွန် ကွယ်လွန်သဖြင့် ဒုတိယသမ္မတဖြစ်သော ဇနီး မစွက် အစွဘယ် ပီရွန်က ဆက်လက် အုပ်ချုပ်သည်။

၁၉၇၆ ခုနှစ်တွင် မစွက်ပီရွန်ကို ဖြုတ်ချ၍ စစ်အုပ်ချုပ်ရေး ကောင်စီတရပ်က အာဏာ သိမ်းသည်။ ထို စစ်အုပ်ချုပ်ရေးကောင်စီက ဗိုလ်ချုပ်ဗီဒယ်လာကို သမ္မတအဖြစ် ခန့်အပ်သည်။ ဗီဒယ်လာ အစိုးရလက်ထက်တွင် သူပုန်များနှင့် လက်ဝဲဝါဒီများကို နှိမ်နင်းတိုက်ခိုက်၍ လူပေါင်း

အကျယ်အဝန်း။	။၁၀,၇၂,၀၆၇ စတုရန်းမိုင်
လူဦးရေ။	။၂,၇၃,၀၀,၀၀၀
မြို့တော်။	။ဗျူနိုအေရိုမြို့

၅၀၀၀ ခန့်ကို ဖမ်းဆီးသည်။ ထိုကိစ္စနှင့် စပ်လျဉ်း၍ အမေရိကတိုက် လူအခွင့်အရေး ကော်မရှင်က အာဂျင်တီးနားနိုင်ငံတွင် တရားဥပဒေမဲ့ ဖမ်းဆီး ချုပ်နှောင်ခြင်းတို့ကို ပြုမူနေကြောင်းအစီရင်ခံခဲ့ရာ အာဂျင်တီးနားအစိုးရက ငြင်းဆိုခဲ့သည်။

၁၉၈၁ ခုနှစ် မတ်လတွင် အာဂျင်တီးနားနိုင်ငံ အစိုးရအဖွဲ့သစ်သည် ယခင်ကရှိနေသော လွတ်လပ်စွာ ရောင်းဝယ်ရေးမူဝါဒကို ပြောင်းလဲလိုက်ပြီး တိုးတက်လာသောအခြေအနေသစ်များ ဖြစ်ပေါ် လာစေရန် ကြိုးပမ်း သည်။ အစိုးရအဖွဲ့သစ်သည် ပို့ကုန်များကို အထောက်အကူပြုနိုင်ရန် အာဂျင်တီးနားနိုင်ငံသုံး ပီဆိုဇိုတန်ပိုး လျှော့ချခြင်း၊ သွင်းကုန်များကို လျှော့ချ၍ ကုန်သွယ်ရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးမြှင့်လုပ်ကိုင်ရန် အရေးပေါ် ချေးငွေများကို ချေးငှားခြင်းစသော လုပ်ငန်းရပ်များကို ဆောင်ရွက်သည်။

အလုပ်လက်မဲ့ဦးရေသည် ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလမှစ၍ သုံးဆခန့်ပိုမိုများပြားလာသည်။

အာဂျင်တီးနားနိုင်ငံသုံး ပီဆိုဇိုတန်ပိုးသည် များစွာကျဆင်းလာခဲ့ရာ ၁၉၈၁ ခုနှစ် ဇွန်လတွင် ဗျူနိုအေရိုမြို့ကုန်သွယ်ရေးဆိုင်ရာ ငွေလဲလှယ်နှုန်းသည် အမေရိကန်တဒေါ်လာလျှင် ပီဆိုဇို ၂,၂၀၀ အထိ တန်ပိုးကျဆင်းသွားသည်။ ငွေဖောင်းပွမှုနှုန်းသည် ၁၉၈၀ ပြည့်နှစ်တွင်

၇၇ ဒဿမ ၅ ထုခိုင်နှုန်း ရှိခဲ့ဆုမှ ၁၉၇၁ ခုနှစ်ကုန်တွင် ထုခိုင်နှုန်း ၁၅၀ ခန့် ရှိလာသည်။

၁၉၇၂ ခုနှစ်မှစတင် အကောင်အထည် ဖော်ခဲ့သော အာဂျင်တီးနားနှင့် ဥရောပဘုံစျေးအဖွဲ့တို့၏ ကုန်သွယ်ရေး စာချုပ်ကို ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ရပ်ဆိုင်းလိုက်ရန် အာဂျင်တီးနားနိုင်ငံက သဘောတူလိုက်သည်။ ကမ္ဘာ့အကောက်ခွန်နှင့် ကုန်သွယ်ရေးဆိုင်ရာ အထွေထွေသဘောတူညီချက်အရ အမဲသား ကုန်စည်အပေါ် အကောက်ခွန်လျှော့ပေါ့ရေး သဘောတူညီချက် တရပ်ကို ချမှတ်ပြီး ဖြစ်သဖြင့် အာဂျင်တီးနားအတွက် ဥရောပဘုံစျေးအဖွဲ့နှင့် စာချုပ် သီးခြားချုပ်ဆိုရန် မလိုတော့၍ ရပ်ဆိုင်းခဲ့ခြင်း ဖြစ်သည်။

၁၉၇၉ ခုနှစ်တွင် ဖျက်သိမ်းခံရသော (ပီရွန်ဝါဒီ) အထွေထွေလုပ်သား မဟာမိတ်အဖွဲ့(စီဂျီတီ)သည် အလုပ်လက်မဲ့ တိုးပွားနေမှု၊ လုပ်ခ လစာ နိမ့်ကျနေမှုတို့ကို ဆန့်ကျင်သည့် အထွေထွေ သပိတ်ကြီး တရပ်ကို ၁၉၈၁ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် ဆင်နွှဲခဲ့သည်။ ထိုသပိတ်သည် အမျိုးသားလုံခြုံရေး ဥပဒေကို ချိုးဖောက်ရာ ရောက်မည်ဟု အစိုးရကသတိပေးနေသည့် ကြားက ဆင်နွှဲခဲ့ခြင်း ဖြစ်သည်။ ထိုသပိတ်တွင် အလုပ်သမားထု၏ ၂၀ ထုခိုင်နှုန်းသာ ပါဝင်ကြပြီး၊ စီဂျီတီ အထွေထွေအတွင်းရေးမှူးချုပ် အပါအဝင် ခေါင်းဆောင်များ အဖမ်းခံရသည်။


အာဂျင်တီးနား သမ္မတဟောင်း မစွတ် ပီရွန်ကို ၁၉၇၆ ခုနှစ်တွင် စစ်တပ်က ဖြုတ်ချ၍ အာဏာသိမ်းခဲ့ချိန်မှစ၍ အကျယ်ချုပ်ထားခဲ့ဆုမှ ၁၉၈၁ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် လွှတ်ပေးလိုက်သဖြင့် စပိန်နိုင်ငံသို့ ပြောင်းရွှေ့သွားသည်။

တောင် အမေရိကတိုက် တောင်ဘက်စွန်း ကိပ်ဟွန်းအင်္ဂမ္မ မိုင် ၄၈၀ ခန့် ကွာဝေးသော ဖောက်ကလင်ကျွန်းစုကို ဗြိတိသျှတို့ သိမ်းပိုက်ခဲ့သည့် ၁၈၃၃ ခုနှစ်မှစ၍ အာဂျင်တီးနားနိုင်ငံက ထိုကျွန်းစုကို အစဉ်တစိုက် တောင်းဆိုလျက် ရှိသည်။ အာဂျင်တီးနား အစိုးရ၏ တရားဝင် လူဦးရေစာရင်းတွင် ဖောက်ကလင်ကျွန်းစု လူဦးရေကိုပါ ထည့်သွင်း တွက်ချက်ထားသည်။

၁၉၆၅ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံက ထို အငြင်းပွားမှုကို ငြိမ်းချမ်းစွာ ဆွေးနွေး ညှိနှိုင်းကြရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ဗြိတိန်နှင့် အာဂျင်တီးနားနိုင်ငံတို့သည် အာဂျင်တီးနားနှင့် ဖောက်ကလင်ကျွန်းစုတို့ လေကြောင်း၊ ရေကြောင်း ဆက်သွယ်နိုင်ရေး၊ စာပို့ ကြေးနန်းလုပ်ငန်း တိုးတက် လုပ်ဆောင်ရေး သဘောတူညီချက်ကို ချမှတ်သည်။ ၁၉၇၄ ခုနှစ်တွင် ဖောက်ကလင် ကျွန်းစုသို့ ကုန်ပစ္စည်းများ ပို့ဆောင်ရေးနှင့် ၎ရန် ထောင်းချရေးဆိုင်ရာ သဘော တူညီချက် နှစ်ရပ်ကို နှစ်နိုင်ငံညှိနှိုင်း ချမှတ်နိုင်ခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ် ဧပြီလမှစ၍ ဖောက်ကလင် ပြဿနာကို နှစ်နိုင်ငံ ကိုယ်စားလှယ် အဖွဲ့များ ကျယ်ကျယ် ပြန့်ပြန့် ဆွေးနွေးစပြုလာသည်။ ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလတွင် နယူးယောက်မြို့၌ ဆက်လက် ဆွေးနွေးကြသောအခါ ကျွန်းစုရှိ သယံဇာတများ ဖော်ထုတ်ရေးအတွက် နှစ်နိုင်ငံ ပူးတွဲကြိုးပမ်းနေစဉ်အတွင်း ပိုင်ဆိုင်မှု အငြင်းပွားခြင်းကို ဆိုင်းငံ့ထားရန် ဗြိတိသျှတို့က အဆိုပြုလာရာ အာဂျင်တီးနားနိုင်ငံက ပယ်ချခဲ့သည်။

အာနန္ဒပဏ္ဍိတာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် (မြန်မာ ၁၂၆၄)။ ။ဆရာတော်သည် အောင်လံမြို့နယ် ရွှေပန်းတောတိုက် ဇီန်ရွာ ကျောင်းဒါယကာ ဦးစံထူး၊ ကျောင်းဒါယိကာမ ဒေါ်ဒေါ်ဆေးတို့မှ ၁၂၆၄ ခုနှစ် ဝါဆိုလပြည့်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်သော တတိယမြောက် သားဖြစ်သည်။ အမည်မှာ မောင်ကျော်ရုံဖြစ်သည်။



ဆရာတော် ဘဒ္ဒန္တ အာနန္ဒ ပဏ္ဍိတာ ဘိဝံသ

၁၂၀၀ ပြည့်နှစ်တွင် မန္တလေးမြို့ မဟာ ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်ကြီး၌ တတိယ ရွှေကျင်သာသနာပိုင် ဒုတိယ ဝိသုဒ္ဓါရုံ ဒီပဲရင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ် ပြု၍ရွှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။အဂ္ဂမဟာပဏ္ဍိတ ဂန္ဓကာရက ဝိသုဒ္ဓါရုံ စည်ရှင် ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ရှင်အာနန္ဒပဏ္ဍိတ ဟူသော ဘွဲ့မည်ကို ချီးမြှင့်ပေးခဲ့သည်။

ဆရာတော်သည် ၁၂၀၄ ခုတွင် မန္တလေးမြို့၊ မဟာ ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်ကြီး၌ တတိယ ရွှေကျင်သာသနာပိုင် ဒုတိယ ဝိသုဒ္ဓါရုံ ဒီပဲရင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ် ပြု၍ရွှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတ ဂန္ဓကာရက ဝိသုဒ္ဓါရုံ စည်ရှင် ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ရှင်အာနန္ဒပဏ္ဍိတ ဟူသော ဘွဲ့မည်ကို ချီးမြှင့်ပေးခဲ့သည်။

ဆရာတော်သည် ၁၂၀၄ ခုတွင် မန္တလေးမြို့၊ မဟာ ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်ကြီးအတွင်း ခရစ္စာသိမ်၌ ရွှေကျင်

နိကာယဓမ္မသေနာပတိ ဒုတိယဝိသုဒ္ဓါရုံ ဒီပဲရင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

၁၅ နှစ်အရွယ်တွင် အစိုးရပါဠိပထမပြန်ပဲ့ ဖြေဆိုရာ ပထမငယ်တန်းကို အောင်ခဲ့သည်။ အစိုးရ ပထမပြန်ငယ်-လတ်တန်းမျှားနှင့် မန္တလေးမြို့၊မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ ကျင်းပသော ဝိသုဒ္ဓါရုံ ပရိယတ္တိအထိမ်းအမှတ် စာမေးပွဲကြီးတွင်လည်း ငယ်-လတ်-ကြီးသုံးတန်းလုံး အောင်မြင်ရာတွင် အကြီးတန်း၌ ဝိသေသ၊ ဝိသေသတရ၊ ဝိသေသတမ ဂုဏ်ထူး သုံးခုနှင့်တကွ အောင်မြင်၍ ဝိသုဒ္ဓါရုံဝံသာလင်္ကာရ သဒ္ဓမ္မပါလပဏ္ဍိတဓဇ ဝိသေသတမ ပထမကျော် ဟူသော ဘွဲ့တံဆိပ်နှင့်တကွ တိုက်တာ၏ ဆုလက်မှတ် အထပ်ထပ်ရခဲ့သည်။

အစိုးရ ပါဠိပထမပြန် အကြီးတန်း၌ အောင်သဖြင့် ပထမကျော် အရှင်အာနန္ဒ ပဏ္ဍိတာဘိဝံသ ဟူသော ဘွဲ့တံဆိပ်လက်မှတ်တို့ကိုလည်းကောင်း၊ မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ အသင်းကြီးမှ ကျင်းပသော သက္ကသီဟစာမေးပွဲကြီးတွင်လည်း စာသင်တန်းနှင့် စာချတန်းကို ဒုတိယ အောင်မြင်၍ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဦးအာနန္ဒ ပဏ္ဍိတာဘိဝံသ ဟူသော ဘွဲ့တံဆိပ် ဆုလက်မှတ်တို့ကို လည်းကောင်း ရရှိခဲ့သည်။

ဝိနည်းတော် စာမေးပွဲများတွင်လည်း ၁၂၇၇ ခုနှစ်၊ ပျဉ်းမနား သာဝတ္ထိမြို့ ဝိနည်းစာမေးပွဲ၌ သာဝတ္ထိပုညဝန္တ ဝိနယပထမကျော် ဟူသော ဘွဲ့လက်မှတ်ကိုလည်းကောင်း၊ ၁၂၇၇ ခုနှစ်မှာပင် မေမြို့ သာသနာ့ နုဂ္ဂဟအာသင်းကြီးမှ နှစ်စဉ်ကျင်းပမြဲ ဝိနည်း စာမေးပွဲ၌ မေမြို့ သာသနာအာသာဆုံး အောင်မှတ်ရသဖြင့် ပဂ္ဂလဝိသေသဘွဲ့တံဆိပ်ဖြင့် မေမြို့နဂရဝိနယ ပထမကျော်ဟူသောဘွဲ့လက်မှတ်ကို လည်းကောင်း ရရှိခဲ့လေသည်။

ရဟန်းသိက္ခာ ကိုးဝါအရတွင် ဂန္ဆကာရက အဂ္ဂမဟာပဏ္ဍိတ ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်၏ စေလွှတ်ချက်ဖြင့် မေမြို့၌ ဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်ဟူသောအမည်ဖြင့် စာသင်တိုက်ဖွင့်ခဲ့ရာ သံဃာ ၅၀ ကျော်မျှရှိခဲ့၍ မေမြို့ဆရာတော်လေးဟု အမည်တွင်ခဲ့သည်။

ထိုကဲ့သို့မေမြို့၌စာသင်တိုက်ဖွင့်ကာစာပေကျမ်းဂန်များကို ပို့ချ၍ သာသနာ့ကိစ္စအဝဝကို အားထုတ်နေစဉ် သက္ကရာဇ် ၁၃၀၂ ခုနှစ်၌ ရန်ကုန်မြို့ အရိယဓမ္မ ပညာတော်သင်အဖွဲ့မှ ဟိန္ဒူနှင့် သက္ကတ ဘာသာများကို သင်ကြားရန် ရွေးချယ်စေလွှတ်သော ခြောက်ပါးတွင် တပါး အပါအဝင်ဖြစ်၍ အိန္ဒိယပြည် ဗာရာဏသီမြို့၌ ပညာဒင်ရန် လိုက်ပါသွားပြီး အိန္ဒိယပြည် ဗာရာဏသီမြို့ ဟိန္ဒူယူနိဗာစိတီသက္ကတကောလိပ်၌ သက္ကတပညာများကို သင်ကြားနေစဉ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ အဆက်အသွယ်ပြတ်ကာ ဗာရာဏသီ၌ ခြောက်နှစ်ကြာသွားသည်။ စစ်ပြီးခေတ် မြန်မာနိုင်ငံသို့ ပြန်ရောက်သောအခါ အဂ္ဂမဟာပဏ္ဍိတဂန္ဆကာရကစည်ရှင် ဆရာတော်ဘုရားကြီးက ဗာရာဏသီ ဆရာတော်ဟုကင်ပွန်းတပ်ပေးတော်မူ၍ ဗာရာဏသီ ဆရာတော်ဟုနာမည်တွင်နေသည်။

စည်ရှင်ဆရာတော်ဘုရားကြီး ပို့လွန်တော် မူသောအခါ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင် သံဃာတော်များက ပြန်ပင့်ကြ၍ သက္ကရာဇ် ၁၃၁၁ ခုနှစ်တွင် မေမြို့မှ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ပြန်၍သီတင်းသုံးကာ သာသနာရေးကိစ္စများကို အားပေးဆောင်ရွက်ခဲ့သည်။

ကျောင်းပေါင်း ၁,၇၀၀ ကျော်၊ သံဃာပေါင်း ၁၆,၀၀၀ ကျော်ရှိ ရွှေကျင်နိကာယ ဂိုဏ်းလုံးဆိုင်ရာ ဝန်ဆောင်နာယကအဖွဲ့၏ အကျိုးတော်ဆောင်အဖြစ်ဖြင့် ရွှက်ဆောင်၍ ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးများ၌ သုံးကြိမ် တိုင် တိုင် အ စည်း အ ဝေး အကျိုးဆောင်လုပ်၍ ရွှက်ဆောင်ခဲ့သည်။

ဆဋ္ဌသင်္ဂါယနာတင်စဉ် ပါဠိပဋိဝေသဓက အဖွဲ့တွင် ပါဝင်၍ ပါဠိပဋိဝေသဓက ကိစ္စများကို လည်းကောင်း၊ ပါဠိတက္ကသိုလ်များရှိစဉ်က ပါဠိတက္ကသိုလ် ကိုယ်စားလှယ်အဖြစ်လည်းကောင်း ရွှက်ဆောင်ခဲ့သည်။

ဆရာတော် ရေးသားခဲ့သော ကျမ်းဂန်တို့မှာ ပါဠိရဝဒပဂရုကျမ်းငယ်၊ တေလ ကဋ္ဌာဟ နိဿကျမ်း၊ သက္ကတစာကျနိတိနိဿကျမ်း(စာမူ)၊ ဘာသာ ရူပသိဒ္ဓိ (စာမူ)၊ ဒုတိယ ရွှေကျင်နိကာယမှတ်တမ်း (အုပ်ကြီး)၊ တတိယ ရွှေကျင်နိကာယ မှတ်တမ်း (အုပ်ကြီး) တို့ ဖြစ်သည်။

သက္ကရာဇ် ၁၃၁၅ ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက (ရွှေကျင်သာသနာပိုင်) စံကင်းဆရာတော် ဘုရားကြီး၏ စေလွှတ်ချက်ဖြင့် သီဟိုဠ်ကျန်းကုလမ္မမြို့ (ကောလမ္မမြို့) မဟာ ဝိသုဒ္ဓါရုံမကျောင်းတိုက်၌ သီဟိုဠ်ကျန်း ရွှေကျင် နိကာယ မဟာနာယကခန့်အပ်လွှာကို အခမ်းအနားကြီးပြုလုပ်၍ သွားရောက်ခန့်အပ်ခဲ့ရသည်။

ပြည်မြို့၌စာသင်တိုက်ဖွင့်၍ သာသနာပြုရန် ပင့်ဆောင်ပြန်၍ သက္ကရာဇ် ၁၃၂၁ ခုနှစ်တွင် မန္တလေးမှ ကြွလာတော်မူ၍ ပြည်မြို့၌ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်ဟူသော အမည်ဖြင့် သံဃာတရာကျော် စာသင်၊ စာချများနှင့် လောကုတ္တရာ စာပေပညာသက်သက် သင်ကြားနေသော ကျောင်းသား ၄၀ ခန့် အမြဲရှိကာ ဓူရန့်စ်ပြာ သာသနာလုပ်ငန်းများစွာကို ယခုတိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်)။ ။ကုလသမဂ္ဂအဖွဲ့ကြီး၏ ပင်မအဖွဲ့ကြီးခြောက်ဖွဲ့အနက် စီးပွားရေးနှင့် လူမှုရေးကောင်စီသည် လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အာရှနှင့်အရှေ့ဖျားဆိုင်ရာစီးပွားရေးကော်မရှင် (အီးကဖီး) (ယခု အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်) ကို ၁၉၄၇ ခုနှစ် မတ်လတွင်လည်းကောင်း၊ ဥရောပဒေသဆိုင်ရာ စီးပွားရေးကော်မရှင်ကိုလည်း ထိုလတွင်ပင်လည်းကောင်း၊ လက်တင်အမေရိက ဒေသဆိုင်ရာ စီးပွားရေး ကော်မရှင်ကို ၁၉၄၈ ခုနှစ် ဖေဖွဲ့ဂရီလတွင်လည်းကောင်း၊ အာဖရိကဒေသဆိုင်ရာ စီးပွားရေး ကော်မရှင်ကို ၁၉၅၈ ခုနှစ် ဧပြီလတွင်လည်းကောင်း၊ အနောက်အာရှဒေသဆိုင်ရာ စီးပွားရေးကော်မရှင်ကို ၁၉၇၄ ခုနှစ် ဇန်နဝါရီလတွင်လည်းကောင်း အသီးသီး ဖွဲ့စည်းခဲ့လေသည်။

အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်

မူလဖွဲ့စည်းစက "အာရှနှင့် အရှေ့ဖျားဆိုင်ရာ စီးပွားရေးကော်မရှင်" (အီးကဖီး) ဟုအမည်တွင်လေသည်။ သို့သော် ၁၉၇၄ ခုနှစ် ဩဂုတ်လတွင် စီးပွားရေးနယ်ပယ်ကိုသာမက လူမှုရေးနယ်ပယ်သို့ပါ တိုးချဲ့ဆောင်ရွက်ရန်နှင့် သင့်လျော်သည့် ပထဝီနယ်မြေ အကျုံးဝင်စေရန်အတွက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်) ဟု ပြောင်းလဲ ခေါ်ဆိုခဲ့လေသည်။ တခါတရံ အာရှနှင့် ပစိဖိတ်၏ လွှတ်တော်ဟုပင် ခေါ်ဆိုကြသည်။

ညီလာခံများ

ဤကော်မရှင်သည် ညီလာခံကို နှစ်စဉ်မတ်လ သို့မဟုတ် ဧပြီလများတွင် ကျင်းပလေ့ရှိသည်။ပထမအကြိမ်ညီလာခံကို ၁၉၄၇ ခုနှစ် ဇွန်လ ၁၆ ရက်မှ ၂၅ ရက်နေ့အထိ တရုတ်ပြည်သူသမ္မတနိုင်ငံ ရှန်ဟဲမြို့တွင် ကျင်းပခဲ့သည်။ တက်ရောက်ခဲ့သော နိုင်ငံများမှာ ဩစတြေးလျ၊ တရုတ်၊ ပြင်သစ်၊ အိန္ဒိယ၊ နယ်သာလန်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဆိုဗီယက်၊ ဗြိတိန်နှင့် မြောက်အိုင်ယာလန်၊ အမေရိကန်ပြည်ထောင်စု တို့ဖြစ်လေသည်။ ထို ၁၀ နိုင်ငံသည် ကော်မရှင်၏ မူလအဖွဲ့ဝင်များဖြစ်ကြသည်။

၃၇ ကြိမ်မြောက် ညီလာခံကို ၁၉၈၁ ခုနှစ် မတ်လ ၁၀ ရက်နေ့မှ ၂၁ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည်။

အဖွဲ့ဝင်နိုင်ငံများ

လက်ရှိ အက်စကက်အဖွဲ့ဝင် ၃၅ နိုင်ငံရှိပြီး ယာယီအဖွဲ့ဝင်နိုင်ငံ ကိုးနိုင်ငံရှိသည်။

တင်းပြည့်အဖွဲ့ဝင်နိုင်ငံများမှာ ကိုရီးယား သမ္မတနိုင်ငံ၊ ဒီမိုကရက်တစ် ကမ်ပူးခြား၊ အာဖဂန်စတန်၊ ဩစတြေးလျ၊ ဂျပန်၊ စင်ကာပူ၊ ဆမိုးအားကျွန်းစု၊ ဘင်္ဂလားဒေ့ရှ်၊ ဆော်လမွန်ကျွန်းစု၊ ဆိုဗီယက်ပြည်ထောင်စု၊ တရုတ်ပြည်သူသမ္မတနိုင်ငံ၊ တုန်ဂါ၊ ထိုင်း၊ နယူးဇီလန်၊ နီပေါ၊ မြန်မာ၊ နော်ရွေး၊ နယ်သာလန်၊ ပါကစ္စတန်၊ ပါပူးအာ နယူးဂီနီ၊ ပြင်သစ်၊ ဖိလစ်ပိုင်၊ ဖီဂျီ၊ ဗီယက်နမ်၊ ဘူတန်၊ မလေးရှား၊ မော်ဒိုက်၊ မွန်ဂိုလီးယား၊ ဗြိတိန်၊ လော၊ သီရိလင်္ကာ၊ အမေရိကန်၊ အီရန်၊ အင်ဒိုနီးရှား၊ အိန္ဒိယတို့ဖြစ်သည်။

ယာယီအဖွဲ့ဝင်များမှာ ဗဟိုးနေး၊ ဟောင်ကောင်၊ ကွတ်ကျွန်းစု၊ ဂူအမ်၊ ကီရိဘာတီ၊ နိယူး၊ ပစိဖိတ်ကျွန်းများ (ကုလသမဂ္ဂအစောင့်ရှောက်ခံနယ်မြေ)၊ တူဗလူ၊ ဗာန္ဒူးတူးတို့ ဖြစ် သည်။

ထို့ကြောင့် အက်စကက် တာဝန်ယူဆောင်ရွက်ရသည့် ဒေသအကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၃၁ သန်းရှိသည်။

အမှုဆောင်အတွင်းရေးမှူး

ကော်မရှင်၏ အကြီးအကဲသည် အလုပ်အမှုဆောင်အတွင်းရေးမှူးဖြစ်သည်။ ၎င်းကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ရွေးချယ်ခန့်ထားရသည်။ အတွင်းရေးမှူးအဖြစ် ခန့်အပ်ထားခြင်း ခံခဲ့ရသူများမှာ အိန္ဒိယနိုင်ငံမှ ပီ၊အက်၊ လောကနသန် (၁၉၄၇-၅၆)၊ စီဗို့နရစိမှန် (၁၉၅၆-၅၉)၊ မြန်မာနိုင်ငံမှ ဦးညွန့် (၁၉၅၉-၇၁)၊ အင်ဒိုနီးရှားနိုင်ငံမှ ဂျေ၊ ဘီ၊ ပီမထားမစ် (၁၉၇၁-၈၁)၊ လက်ရှိအတွင်းရေးမှူးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရှား၊ အေ၊ အမ်၊အက်စ ကိဗရိယာဖြစ်၍၊ ၁၉၈၁ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ တာဝန်ထမ်းဆောင်သည်။

ဌာနချုပ်တည်နေရာ

ကော်မရှင်ရုံးကို ၁၉၄၉ ခုနှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖွင့်လှစ်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ရုံးတည်ရာ အဆောက်အအုံ အနီးတွင် သီးသန့်အဆောက်အအုံဆောက်ရန် တရားဝင် သတ်မှတ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် အက်စကက် ဆက်သွယ်ရေးရုံးကို နော်ရွေးကျွန်း၌ ဖွင့်လှစ်ခဲ့သည်။

ရန်ပုံငွေ

၁၉၄၉ ခုနှစ် ပုံမှန် ရသုံးငွေစာရင်းသည် ၅,၉၂,၀၀၀ ဒေါ်လာဖြစ်ပြီး၊ ၁၉၈၀-၈၁ ခုနှစ်တွင် ဒေါ်လာ ၂၃ သန်းအထိ တိုးတက်ခဲ့သည်။



အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် လက်ရှိအတွင်းရေးမှူး ရှား၊ ဒေး၊ အမ်၊ အက်စ ကိဇရိယာ

ရည်မှန်းချက်

ဤကော်မရှင်သည် ၁၉၇၄ ခုနှစ်မှစ၍ အောက်ပါ ကဏ္ဍကြီး ခြောက်ခုကို အလေးပေး ဆောင်ရွက်လျက် ရှိသည်။

၁။ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး၊
၂။ စွမ်းအင်၊
၃။ ကုန်ကြမ်းနှင့်ကုန်ပစ္စည်းများ၊
၄။ နည်းပညာလွှဲပြောင်းပေးရေး၊
၅။ နိုင်ငံတကာကုန်သွယ်ရေးနှင့် ပြည်ပငွေပင်ငွေရင်း လွှဲပြောင်းပေးရေး၊
၆။ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်သည်။

ကော်မရှင်သည် မိမိနယ်မြေဒေသ အတွင်းရှိ မဖွံ့ဖြိုးသေးသောနိုင်ငံများ (ကုန်းပိတ်နိုင်ငံများနှင့် ပစိဖိတ်ကျွန်းများ အပါအဝင်) နှင့် ဝင်ငွေကောင်းသော နိုင်ငံများအကြား လူမှုရေးနှင့် စီးပွားရေးကဏ္ဍဟမ္မ အနည်းဆုံးဖြစ်စေရန် အထူးအလေးပေးဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းအစီအစဉ်များကိုလည်း ဒေသအဆင့်၊ နယ်မြေအဆင့်၊ နိုင်ငံအဆင့်ဟူ၍ အဆင့်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယန္တရားများ

ကော်မရှင်၏ လက်အောက်တွင် ကော်မတီ ကိုးခုကိုလည်း ဖဲစည်းထားသည်။ ၎င်းတို့မှာ –

၁။ လယ်ယာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊
၂။ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကော်မတီ၊
၃။ စက်မှု၊ နည်းပညာ၊ လူအခြေစိုက်မှုနှင့်ပတ်ဝန်းကျင် ကော်မတီ၊
၄။ သယံဇာတကော်မတီ၊
၅။ လူဦးရေကော်မတီ၊
၆။ လူမှုဖွံ့ဖြိုးရေးကော်မတီ၊
၇။ စာရင်းအင်းကော်မတီ၊
၈။ ကုန်သွယ်မှုကော်မတီ၊
၉။ ပို့ကုန်နှင့် ပို့ဆောင်ဆက်သွယ်ရေး ကော်မတီတို့ဖြစ်၏။

ကော်မရှင်အဖွဲ့ဝင် နိုင်ငံများ၏ အစိုးရကိုယ်စားလှယ်များက သက်ဆိုင်ရာ ကော်မတီအစည်းအဝေးများသို့ တက်ရောက် ဆွေးနွေးလေ့ရှိကြသည်။ သို့သော် အထက်ပါ ကော်မတီကိုးခုနှင့်အကျုံးမဝင်သောအရေးကြီးသည့်ကိစ္စရပ်များကိုဆွေးနွေးရန် အထူးကွန်ဖရင့်ကိုလည်း နှစ်စဉ် ကျင်းပပေးလေသည်။ တဖန် ၁၉၇၄ ခုနှစ် အကြိမ် ၃၀ မြောက် ညီလာခံမှ အကြံပေးကော်မတီကို ဖွဲ့စည်းခဲ့သည်။

အက်စကက်ကော်မရှင်သို့ အောက်ပါ ကော်မတီများကလည်း အစီရင်ခံကြရလေသည်။

– မဲခေါင်မြစ်ဝှမ်း အောက်ပိုင်း စူးစမ်း ညှိနှိုင်းရေး ကော်မတီ၊
– အာရှကမ်းလွန်ဒေသရှိ သယံဇာတများ ပူးပေါင်းရှာဖွေရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီ၊
– တောင်ပစိဖိတ် ကမ်းလွန်ဒေသရှိ သယံဇာတများ ပူးပေါင်းရှာဖွေရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီ၊
– ဒေသဆိုင်ရာ သယံဇာတများ ဖွံ့ဖြိုးရေးဗဟိုဌာန၊
– ကုန်းပိတ် နိုင်ငံများအတွက် အထူးအဖွဲ့၊
– တိုင်ဖွန်း လေမုန်တိုင်း ကော်မတီ၊
– အပူပိုင်းဒေသ ဆိုင်ကလုံးမုန်တိုင်း အဖွဲ့ (ကမ္ဘာ့မိုးလေဝသ အဖွဲ့)၊
– ဒေသဆိုင်ရာ သင်တန်းများနှင့် သုတေသနဌာနများ အုပ်ချုပ်မှု၊ နိုင်ငံအစိုးရစုံ ကောင်စီတို့ ဖြစ်လေသည်။

၁၉၇၁ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော အစီအစဉ်များ

မဲခေါင်မြစ်ဝှမ်းအောက်ပိုင်းစူးစမ်းညှိနှိုင်းရေးကော်မတီသည် မြစ်ဝှမ်းစီမံကိန်း၊ ကုန်းပိုင်း၊ ရေပိုင်း အရင်းအမြစ်များ ဖွံ့ဖြိုးရေး၊ ရေကြောင်းသွားလာမှု တိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်း၊ စွမ်းအင်၊ စက်မှုနှင့် သတ္တုလုပ်ငန်း၊ ရေအားလျှပ်စစ်နှင့် မိုးလေဝသလုပ်ငန်း ဟူသော အစီအစဉ်ခြောက်ခု ခွဲခြားလုပ်ဆောင်လျက်ရှိသည်။

၁၉၇၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် မဲခေါင်မြစ်ဝှမ်း အောက်ပိုင်း၌ ဇလဗေဒ စခန်း ၃၁၇ ခု၊ မိုးလေဝသစခန်း ၃၀၉ ခု ဖြင့် မြစ်ဝှမ်းစီမံကိန်းဆိုင်ရာ အချက်အလက် စာရင်းဇယားများကို စုဆောင်းပြီးစီးခဲ့သည်။ ၂၀၀၀ ပြည့်နှစ် အထိ ရေကြောင်းနှင့် အရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက် ကျယ်ပြန့်စွာ အကောင်အထည်ဖော်သွားနိုင်ရန်လမ်းညွှန်စီမံကိန်း တရပ်ကို ၁၉၇၀ ပြည့်နှစ်က ရေးဆွဲခဲ့သည်။ ထိုစီမံကိန်းကို ပြန်လည်ညှိနှိုင်း ပြုပြင်ရေးအတွက် ၁၉၇၁ ခုနှစ် အတွင်း ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ မြေပုံရေးဆွဲခြင်း၊ ဂြိုဟ်တုဖြင့် ထောက်လှမ်း စိစစ်ခြင်း၊ စာရင်းဇယား များကို တိုးချဲ့ စုဆောင်းခြင်း၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများမှ လေ့လာခြင်း၊ လူမှုရေးဆိုင်ရာ စီမံချက်များ ရေးဆွဲခြင်း စသည့် ကြိုးပမ်းချက်များ ပါဝင်သည်။

စက်မှုစိုက်ပျိုးရေး စွမ်းအင်ထုတ်လုပ်ရေးနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းများ စီမံချက်ကိုလည်း ၁၉၇၂ ခုနှစ်တွင် တိုးချဲ့ အကောင်အထည်ဖော်သွားနိုင်ရန် ၁၉၇၁ ခုနှစ်တွင် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးမှုသည် အက် စ က က် ၏ အဓိက စိတ်ဝင်စားမှုဖြစ်သည်။ ထို့ကြောင့် သီးနှံ၊ ပဲ စသည်တို့ စိုက်ပျိုးထုတ်လုပ်ရေးကို အထူး အင်အား စိုက်ထုတ် ဆောင်ရွက်ခဲ့သည်။ ၎င်းသီးနှံများအတွက် သက်ဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေး ဗဟိုဌာနကို ၁၉၇၁ ခုနှစ် နှစ်ဦးတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘိုဂေါမြို့တွင် စတင် ဖွင့်လှစ် ဆောင်ရွက်သည်။

ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများကို အကျိုးရှိရှိ အသုံးပြုနိုင်ရေး အတွက် ကွပ်ကဲမှု အစီအစဉ်များ၊ ထောက်ပံ့ရောင်းချရေး အစီအစဉ်များ၊ အတတ်ပညာ ပူးပေါင်းဖလှယ်ရေး စသည်တို့ကို ဦးစီး ဆောင်ရွက်ပေးခဲ့လေသည်။

တိုင်ဖုန်း လေမုန်တိုင်း ကော်မတီသည် လက်တွေ့ စမ်းသပ် ဆောင်ရွက်မှု ဗဟိုဌာနကို ဂျပန်ပြည် တိုကျိုမြို့၌ ဖွင့်လှစ်ပြီး ၁၉၇၁ ခုနှစ် ဇူလိုင်လမှစတင်၍ ကြိုတင်စမ်းသပ် ဆောင်ရွက်မှုတရပ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှု လျော့ပါးရေး၊ မုန်တိုင်း အခြေအနေ ကြိုတင်ခန့်မှန်းနိုင်စွမ်းနှင့် သတိပေးနိုင်စွမ်းတိုးတက်ရေး၊ သတိပေးချက်နှင့်အညီ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့ အတွက် ရည်ရွယ်သည်။ ထိုကြိုတင်စမ်းသပ်ဆောင်ရွက်မှုမှရရှိသော အကျိုးရလဒ်များကို ၁၉၇၂ ခုနှစ်နှင့် ၁၉၇၃ ခုနှစ် တိုင်ဖုန်းမုန်တိုင်းရာသီများအတွင်း ဆောင်ရွက်မည့် အစီအစဉ်များ၌ လက်တွေ့ အသုံးချသွားမည် ဖြစ်သည်။


၁၉၇၁ ခုနှစ်သည် ကုလသမဂ္ဂ၏ တတိယဖွံ့ဖြိုးတိုးတက်ရေး ဆယ်စုနှစ်သို့ ချဉ်းနင်း ဝင်ရောက်လာသော နှစ်ဖြစ်သည့် အားလျော်စွာ စီးပွားရေးအရှိန်အဟုန် မြင့်မားရေး၊ အလုပ်အကိုင် ပိုမိုရရှိရေး၊ ဝင်ငွေ မျှတရေး၊ အခြေခံလိုအပ်ချက်များ ပိုမိုပြည့်ဝရေး၊ ဖွံ့ဖြိုး တိုးတက်ရေးတွင် အမျိုးသမီးနှင့် လူငယ်များအား အပြည့်အဝ ပါဝင်ဆောင်ရွက်ရေး စသည်တို့ကိုဦးတည်ကာ ဆောင်ရွက်လျက်ရှိသည်။ စားနပ်ရိက္ခာ၊ စွမ်းအင်၊ နည်းပညာ၊ စက်မှုလက်မှုနှင့် ငွေကြေး နယ်ပယ်များတွင်လည်း ကိုယ့်အားကိုယ်ကိုး စနစ်ကို ဖန်တီးပေးလျက် ရှိသည်။

ထို့ကြောင့်ပင် နိုင်ငံတကာ စီးပွားရေးပုံစံသစ်၊ ဒေသအဆင့် ပူးပေါင်းဆောင်ရွက်မှု၊ တောင်မြောက်ဆွေးနွေးပဲ့စသည်တို့ဖြင့် အာရှနှင့် ပစိဖိတ်ဒေသ ဖွံ့ဖြိုး တိုးတက်မှု အောင်မြင်ရေးအတွက် နည်းဗျူဟာများ ချမှတ်ရာတွင် အက်စကက်သည် ၁၉၇၀ ပြည့်လွန်နှစ်များ၏ အတွေ့အကြုံများကို လေ့လာမှတ်သား သင်ခန်းစာယူကာ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ၌ ရည်မှန်းချက် အောင်မြင်ရေးကို ရှေးရှုလျက် ရှိလေသည်။

အီကွစ်အာရပ်သမ္မတနိုင်ငံ။ ။အီကွစ် အစ္စရေး ငြိမ်းချမ်းရေးကိစ္စများကို ဆောင်ရွက်ရာမှ အစပြု၍ အာရပ်နိုင်ငံအများစု၏ ဆန့်ကျင် ရန်လိုမှုကို ခံခဲ့ရသော အီကွစ်နိုင်ငံသည် အမေရိကန်၊ ဥရောပ စသော အနောက်နိုင်ငံများမှ စီးပွားရေး၊ စစ်ရေးအကူအညီများကို ရယူခဲ့သည်။

ဇွန်လ ၄ ရက်နေ့တွင် အစ္စရေးဝန်ကြီးချုပ် ဗယ်ဂင်နှင့် အီကွစ်သမ္မတဆဒတ်တို့သည် အစ္စရေးတို့ သိမ်းပိုက်ထားသော ဆိုင်းနိုင်းဒေသရှိ ရှမ်အယ်ရှိတ်မြို့တွင် ဆွေးနွေးကြရာ၌ လက်ဗန္ဓနှိုင်းရှိ ပါလက်စတိုင်း အခြေစိုက်စခန်းများကို အစ္စရေးနိုင်ငံက ထိုးဖောက်တိုက်ခိုက်မှု အဆုံးသတ်ရန်ကိစ္စ ပါဝင်သည်။

အီကွစ်သမ္မတ ဆဒတ်သည် ဇွိတိသျှဝန်ကြီးချုပ် မစ္စက်မာဂရက်သက်ချာ၏ ဖိတ်ကြားချက်အရ သြဂုတ်လ ၂ ရက်နေ့တွင် ဇွိတိန်နိုင်ငံ လန်ဒန်မြို့သို့ သွားရောက်ပြီး မစ္စက်သက်ချာနှင့် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးကိစ္စကို ဆွေးနွေးခဲ့သည်။



လန်ဒန်မြို့မှတဆင့် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်၍ ကိုးရက်ကြာ နေထိုင်ခဲ့ပြီးနောက် အမေရိကန် သမ္မတ ရော်နယ်ရေဂင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဩဂုတ်လ ၃ ရက်နေ့တွင် ဝါရှင်တန်မြို့၌ ဆိုင်းနိုင်းဒေသ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ ထားရှိရေး သဘောတူစာချုပ်ကို အမေရိကန် နိုင်ငံဆိုင်ရာ အီဂျစ် သံအမတ်ကြီး အာရှရဖ်ဂေါ်ဘယ်နှင့် အမေရိကန်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး အက်ဖရီယမ်အီဗရွန်တို့သည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဟိတ်နှင့် အတူ လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစာချုပ်တွင် ၁၉၇၂ ခုနှစ် ဧပြီလ၌ အစ္စရေးတပ်များအပြီးတိုင် ရုပ်သိမ်းသွားရေး ကိစ္စလည်း ပါဝင်သည်။

ဩဂုတ်လ ၂၅ ရက်နေ့တွင် အစ္စရေး ဝန်ကြီးချုပ် ဗယ်ဂင်နှင့် အီဂျစ်သမ္မတ ဆဒတ်တို့သည် အီဂျစ်နိုင်ငံ အလက်ဇန်ဒရီးယားမြို့တွင် တွေ့ဆုံကာ ၁၄ လကြာရပ်နား ထားသော ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေး ကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးကြသည်။ ဂျော်ဒန်အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်နယ်မြေ၌ နေထိုင်ကြသော ပါလက်စတိုင်း အမျိုး သား တသန်းခွဲတို့အား ကိုယ်ပိုင် အုပ်ချုပ်ခွင့်ပေးရေးကိစ္စနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ သဘော ကွဲလွဲမှုများရှိဆဲ ဖြစ်သဖြင့် စက်တင်ဘာလတွင် ထပ်မံ ဆွေးနွေးရန် သဘောတူခဲ့သည့်အလျောက် အီဂျစ်နိုင်ငံ ဝန်ကြီးအဆင့် ဆွေးနွေးပွဲများကို စက်တင်ဘာလ ၂၃ ရက် နေ့မှစ၍ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပခဲ့လေသည်။

အီဂျစ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဆက်ဆံရေးသည် ကောင်းမွန်ခဲ့သည်။ ဆိုဗီယက် ပြည်ထောင်စု၏ အန္တရာယ်ကို ကာကွယ်နိုင်ရေးအတွက် အီဂျစ်နိုင်ငံ၏ ပင်လယ်နီ ကမ်းခြေတလျှောက်တွင် လျှပ်တပြက်စစ်ဆင်ရေးတပ် တစိတ်တဒေသထားရှိရန် အမေရိကန် ပြည်ထောင်စုအား သမ္မတဆဒတ်က မေတ္တာရပ်ခံခဲ့သည့် အလျောက် လိုအပ်လာလျှင် ယင်းတပ်ဖွဲ့ကို သုံးရန်အတွက် ပင်လယ်နီဆိပ်ကမ်း ရပ်စဘာနတ်မြို့ရှိ လေတပ်နှင့် ရေတပ်စခန်းကို အဆင့်တိုးမြှင့်ရန် အမေရိကန် ပြည်ထောင်စုသည် ယမန်နှစ်က သဘောတူခဲ့သည်။ ရပ်စဘာနတ် လေတပ်နှင့် ရေတပ် အခြေစိုက်စခန်းတွင် စစ်ရေး အထောက်အကူပြု အဆောက်အအုံများ တည်ဆောက်ရေးအတွက် အမေရိကန် ဒေါ်လာငွေ ၁၀၆ သန်း ထောက်ပံ့ရန် စီစဉ်ထားသည်။

သမ္မတဆဒတ်သည် မိမိ၏ လုပ်ရပ်များနှင့် ပတ်သက်၍ ပြည်သူများ၏ တခဲနက်ထောက်ခံမှုကို ရခဲ့သလို ဘာသာရေးအုပ်စုများ၏ တင်းမာမှုနှင့် အတိုက်အခံ ပါတီများ၏ ထိုးနှက်ဝေဖန်မှုကိုလည်း ခံခဲ့ရလေသည်။

၁၉၇၁ ခုနှစ် ဇွန်လတွင် ကိုင်ရိုမြို့၌ မူဆလင်များနှင့် ကော့ပတစ်ခရစ်ယာန်များ ပဋိပက္ခဖြစ်ပြီး လူ ၁၇ ဦးသေဆုံးခဲ့သည်။ ထိုကိစ္စနှင့်စပ်လျဉ်း၍ ဆဒတ်သည် အစ္စလာမ် အခြေခံဝါဒီများ၊ ကော့ပတစ်ဘာသာရေး ဝါဒီများနှင့် သတင်းစာဆရာ၊ နိုင်ငံရေးသမား၊ ရှေ့နေ၊ ပါမောက္ခများ အပါအဝင် အစိုးရလမ်းစဉ်ကို ဆန့်ကျင်သူ လူပေါင်း ၁,၅၃၆ ဦးကို ဖမ်းဆီးလိုက်သည်။ ကော့ပတစ် ခရစ်ယာန်ဘုန်းတော်ကြီး ရှိနောဒါးကို နယ်နှင်ဒဏ်ပေးပြီး အစ္စလာမ် အခြေခံဝါဒီအဖွဲ့အစည်းများက ထိန်းချုပ်ထားသော ဗလီ ၆၅ ခုကို အစိုးရက သိမ်းယူ၍ ပဂ္ဂလိကပိုင် ဗလီ ၄၀၀၀ ခန့်ကိုလည်း ထိန်းသိမ်းခဲ့သည်။

၁၉၈၁ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် စစ်ရေးပြအမေးအနားသို့ တက်ရောက်အလေးပြု ခံယူနေသော အီဂျစ်သမ္မတ ဆဒတ်အား စစ်ဝတ်စုံဝတ်ထားသူ လူတစုက လက်ပစ်ဗုံး၊ စက်သေနတ်၊ ရိုင်ဖယ်သေနတ်တို့ဖြင့် ပစ်ခတ်လုပ်ကြံသဖြင့် အသက်ဆုံးရှုံးခဲ့ရသည်။ သမ္မတနှင့်အတူ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာသော သမ္မတ၏ စစ်ဘက် အကြံပေးအရာရှိ ဗိုလ်ချုပ် ဟာဆန်အာလမ်နှင့် ကော့ပတစ် ဘုန်းတော်ကြီး ဆင်မြူရယ်အပါအဝင် လူ ၁၁ ဦး သေဆုံးခဲ့သည်။ ဗယ်လဂျီယံ သံအမတ်ကြီး၊ ကျူးဗား သံအမတ်ကြီး၊ ဩစတြေးလျသံရုံးအတွင်းဝန်၊ အမေရိကန် စစ်ဘက် အရာရှိများ အပါအဝင် လူ ၂၅ ဦး ဒဏ်ရာရရှိခဲ့သည်။

အကျယ်အဝန်း။	။၃,၀၆,၀၂၂ စတုရန်းမိုင်
လူဦးရေ။	။၄,၂၀,၀၀,၀၀၀
မြို့တော်။	။ကိုင်ရိုမြို့

လုပ်ကြံမှုတွင် အီဂျစ်အမြောက်တပ်မှ ဗိုလ်တဦးဖြစ်သူ ခါလက် အာမက် ရှော်ကီ အယ် အစ္စလမ်ဘူလီက ဦးဆောင်၍ စစ်ဝတ်စုံဝတ် အရပ်သားသုံးဦးပါဝင်သည်။ လုပ်ကြံသူ အစ္စလမ်ဘူလီသည် တရားမဝင်ကြေငြာထားသော အယ် ကပ်ဖာဝါဟီဂျရာ ဘာသာရေးအဖွဲ့အစည်းမှ အဖွဲ့ဝင်တဦးဖြစ်သည်။ လုပ်ကြံသူများအနက် တဦးကိုအသေဖမ်းမိပြီး ကျန်သုံးဦးကိုမူ ဒဏ်ရာများဖြင့် ဖမ်းမိခဲ့သည်။

သမ္မတဆဒတ် ကွယ်လွန်သွားပြီးနောက် ဒုတိယသမ္မတ ဗိုလ်ချုပ်ကြီး ဟော့စနီမူဘာရက်ကို အီဂျစ် ပြည်သူ့လွှတ်တော်က သမ္မတရာထူးဆက်ခံရန် အောက်တိုဘာလ ၇ ရက်ညက အဆိုပြုလျှောထားလိုက်သည်။ မူဘာရက်အား သမ္မတရာထူးကို ဆက်ခံရန်အတွက် အာဏာရပါတီ ဖြစ်သော အမျိုးသား ဒီမိုကရက်တစ်ပါတီကသာမက အတိုက်အခံဆိုရှယ်လစ် လေဘာပါတီကလည်း ထောက်ခံသည်။ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်သော ဆန္ဒခံယူပွဲတွင် မူဘာရက်သည် ပြည်သူများ၏ တခဲနက်ထောက်ခံမှုကို ရရှိခဲ့သည်။ ပါလီမန်အမတ် ၃၃၃ ဦးအနက် ၃၃၀ က ထောက်ခံမဲ ပေးကြသည်။ ကိုင်ရိုမြို့၌ ထောက်ခံမဲ ၉၉ ရာခိုင်နှုန်းနှင့် အခြားသော မဲဆန္ဒနယ်မြေ အများစုတွင် ရာခိုင်နှုန်းပြည့် မဲရရှိခဲ့သည်။

မူဘာရက်သည် အီဂျစ်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် လွတ်တော်သို့ ၅၅ မိနစ်ကြာ မိန့်ခွန်းပြောကြားရာတွင် သမ္မတဟောင်း ဆဒတ်ချမှတ်ခဲ့သော လမ်းစဉ်မူဝါဒအတိုင်း ဆက်လက် ကျင့်သုံးသွားမည် ဖြစ်ကြောင်း ပြည်တွင်းဘာသာရေးအစွန်းရောက် ဝါဒီများကိုမူ ပြတ်ပြတ်သားသား အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသွားသည်။

နိုင်ငံခြားသတင်းထောက်များနှင့် တွေ့ဆုံရာတွင်လည်း သမ္မတ မူဘာရက်က သမ္မတဟောင်း ဆဒတ်ချမှတ်သော လမ်းစဉ်မူဝါဒအတိုင်း ဆောင်ရွက်၍ ဒေးဗစ်စခန်းသဘောတူညီမှုကို လေးစားကာ ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုင်ရာ စေ့စပ်ဆွေးနွေးပွဲများ အောင်မြင်ရေးအတွက် ဆောင်ရွက်ရာတွင် အမေရိကန်ပြည်ထောင်စု၊ အစ္စရေးနိုင်ငံတို့နှင့် ပူးပေါင်းလုပ်ကိုင်သွားမည်ဟု ကတိပြုလေသည်။

မစ္စတာဆဒတ် ကွယ်လွန်ပြီးနောက် အီဂျစ်နိုင်ငံအား အမေရိကန်က ဆက်လက် ထောက်ပံ့ကြောင်း ပြသရန်



သမ္မတဟော့စနီမူဘာရက်ကို ဆူဒန်သမ္မတ နိမေရီနှင့် အတူ တွေ့ရပုံ

အီဂျစ် ပြည်သူ့လွှတ်တော်တွင် သမ္မတသစ် ကျမ်းသစ္စာ မကျိန်ဆိုမီ ကွယ်လွန်သူ သမ္မတဆဒတ်အား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် မတ်တတ်ရပ် အလေးပြုနေပုံ



အတွက် ဝေဟင်မှ ကြိုတင်သတိပေး ထိန်းချုပ်ရေးစနစ်သုံး အောဝက်စ လေယာဉ်နှစ်စီးကို ပေးပို့ရာ အောက်တိုဘာလ ၁၅ ရက်နေ့က အီဂျစ်နိုင်ငံသို့ ရောက်ရှိသည်။


သမ္မတ မူဘာရက်သည် အာရပ်ကမ္ဘာမှ အာရပ်နိုင်ငံများနှင့်လည်း သင့်တင့်စွာဆက်ဆံရန် ဆန္ဒရှိသည်။ မူဘာရက်က အီဂျစ်နိုင်ငံသည် လစ်ဗျနိုင်ငံနှင့် သော်လည်းကောင်း၊ အခြားအာရပ်နိုင်ငံ တခုခုနှင့်သော်လည်းကောင်း စစ်မက်တိုက်ခိုက်လိမ့်မည်မဟုတ်ကြောင်း၊ အီဂျစ်နိုင်ငံတွင် ရောက်ရှိနေသော အေဝက်စ လေယာဉ်များသည် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်သာ ဖြစ်ကြောင်း၊ အာရပ်နိုင်ငံများကလည်း အီဂျစ်အပေါ် ထားရှိသော မိမိတို့၏သဘောထား ရပ်တည်ချက်များကို ပြန်လည် သုံးသပ်သင့်ကြောင်း ပြောကြားခဲ့သည်။

မစ္စတာဆဒတ် မကွယ်လွန်မီက "ဘရိုက်စတား စစ်ရေးလေ့ကျင့်မှု-၇၂" ဟု အမည်ပေးထားသော အီဂျစ် အမေရိကန်ပူးတွဲ စစ်ရေးလေ့ကျင့်မှုတရပ် ဆင်နွှဲရန်သဘောတူခဲ့သည်။

ယင်းလေ့ကျင့်မှုကို ကိုင်ရိုမြို အနောက်ဘက် အီဂျစ်သဲကန္တာရအတွင်း၌ နိုဝင်ဘာလ ၁၄ ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်သည်။ အမေရိကန်စစ်သား ၄၀၀၀ ခန့်နှင့် အီဂျစ်စစ်သား ၄၀၀၀ ခန့်တို့သည် ယင်းလေ့ကျင့်မှုကို ၁၀ ရက်ကြာ ပူးတွဲလေ့ကျင့်ပြီး အမေရိကန် စစ်သားများသည် အီဂျစ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ ပြန်လည် ထွက်ခွာသွားသည်။

အီရတ်သမ္မတနိုင်ငံ။ ။၁၉၇၉ ခုနှစ်တွင် အာဏာသိမ်းပြောင်းဆက်ခံခဲ့သော အီရတ်သမ္မတ ဆတ်ဒမ်ဟူစိန်သည် စက်မှုလုပ်ငန်းနှင့် စစ်ဘက်ကို အထောက်အပံ့ပေးနိုင်သည့် နျူးကလီးယား ဓာတ်ပေါင်းဖိုများကို တည်ဆောက်ထူထောင်ရန် ကြိုးပမ်းသည်။ အီရတ်အစိုးရသည် အကျူးမှုလက်နက် မပြန့်ပွားရေးစာချုပ်ကို ၁၉၆၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့်အလျောက် သမ္မတ ဟူစိန်၏ ရည်မှန်းချက်သည် အကျူးမှုလက်နက် ထုတ်လုပ်ရေးမဟုတ်ပဲ ငြိမ်းချမ်းရေး အကျိုးပြု လျှပ်စစ်စွမ်းအင် ထုတ်လုပ်ရေးအတွက်သာ ဖြစ်သည်ဟု ကြေငြာခဲ့သည်။

အီရတ်မြို့တော် ဘဂ္ဂဒက်မြို့ တောင်ဘက် ၁၀ မိုင်ခဲ့အကွာ အယ်လကျူဝိုင်သာ သဲကန္တာရအတွင်း တမ်မုဇ်မြို့တွင် နျူးကလီးယားဓာတ်ပေါင်းဖိုကို တည်ဆောက်ကြသည်။ ပြင်သစ်နိုင်ငံက နျူးကလီးယား စက်ယန္တရားများနှင့် ဓာတ်ဟစ္စည်းများပေးပို့ကူညီသည်။ ထို့ပြင် သုတေသနရေးရာနှင့် ဓာတ်ခဲ့စမ်းသပ်ခန်း အဆောက်အအုံလေးခုကို အီတလီနိုင်ငံက ကူညီတည်ဆောက်ပေးသည်။



ထိုဓာတ်ပေါင်းဖိုဂို ထုတ်လုပ်မှုသည် ကျေနပ်လောက်အောင် တိုးတက်ခဲ့သည်။ အီရတ်သမ္မတ ဆတ်ဒမ်ဟူစိန်သည် နျူးကလီးယား လက်နက် ထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန် ရည်ရွယ်ခဲ့သည်။

ပြင်သစ်နိုင်ငံ တူလုန်းမြို့အနီး လာဆင်းဆူမားမြို့ရှိ နျူးကလီးယားစက်မှုလုပ်ငန်းအတွင်းသို့ ၁၉၇၉ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် အမည်မသိလူတစု ဝင်ရောက်၍ ဗုံးဖောက်ခဲ့ဖျက်ဆီးသဖြင့် ဓာတ်ပေါင်းဖိုဂို အစိတ်အပိုင်းများ ပျက်စီးသွားသောကြောင့် အီရတ်သို့တင်ပို့မည့် အစီအစဉ်မှာ နှစ်နှစ်နှောင့်နှေးသွားခဲ့ရသည်။ ဤလုပ်ရပ်သည် အစွေးလျှို့ဝှက်ဂိုဏ်း မောဒ်ဆက်ဂို လက်ချက်ဟု အီရတ်တို့က စွပ်စွဲခဲ့သည်။

၁၉၈၀ ပြည့်နှစ် စက်တင်ဘာလတွင် အီရတ်နှင့်အီရန် စစ်ပွဲစတင်သည်။ အကျူးမှု ဓာတ်ပေါင်းဖိုရှိရာသို့ အီရန်လေတပ်က ဝင်ရောက် တိုက်ခိုက်သောအခါ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ထုတ် သတင်းစာက အီရတ်တို့၏နျူးကလီးယားလုပ်ငန်းစဉ်သည် အစွေးကိုသာ ရည်မှန်းတည်ဆောက်ထားခြင်းဖြစ်ကြောင်း ထုတ်ဖော်ကြေငြာခဲ့သည်။ ထိုမျှသာမက အီရတ်နိုင်ငံသည် များမကြာမီ ကီလိုတန် ၂၀ ရှိသော ဟီရိုရှီးမားဗုံးပုံစံဖြစ်သည့် အကျူးမှုဗုံးများတီထွင်ဖန်တီးနိုင်တော့မည်ဟူသော သတင်းကိုလည်း တပါတည်း ထုတ်ပြန်လိုက်သည်။

အကျယ်အဝန်း။	။၁,၂၂,၀၀၀ စတုရန်းမိုင်
လူဦးရေ။	။၁,၃၀,၈၀,၀၀၀
မြို့တော်။	။ဘဂ္ဂဒက်မြို့

ဤသတင်းအရ အထူးစိုးရိမ်မိသော အစ္စရေး အစိုးရသည် တိုင်းပြည်အမှတ်အသား တစုံတရာ ဖော်ပြမထားသော လေယာဉ်များလွှတ်ကာ တမ်မုဇ် ဓာတ်ပေါင်းဖိုနေရာများကို ဓာတ်ပုံရိုက်စေခဲ့သည်။

တမ်မုဇ်နျူးကလီးယားစက်ရုံ၏အခြေအနေကို အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်ဌာန (အိုင်အေအီးအေ)က ဇန္နဝါရီလက စုံစမ်းစစ်ဆေးရာတွင် အီရတ်သည် အဏုမြူမပြန့်ပွားရေးစာချုပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်းမရှိဟု မှတ်ချက်ချသည်။

သို့ဖြစ်စေကာမူ အစ္စရေးအစိုးရက စိတ်ချယုံကြည်ခြင်းမရှိပေ။ အိုင်အေအီးအေဌာနက မသိသောမြေအောက်အထပ်တထပ်တွင် အဏုမြူပုံး ထုတ်လုပ်သည်ဟု အစ္စရေးက ယူဆသည်။

အစ္စရေးတွင်လည်း အီရတ်ကဲ့သို့ နျူးကလီးယား ဓာတ်ပေါင်းဖိုရှိသည်။ နိဂက် သဲကန္တာရ၊ ဒိုင်မိုနာတွင် တည်ဆောက်ထားသည်။ အဏုမြူမပြန့်ပွားရေး စာချုပ်ကို အစ္စရေးက လက်မှတ်ထိုးမထားသောကြောင့် အိုင်အေအီးအေအဖွဲ့သည် ထိုစခန်းကို စစ်ဆေးခြင်းမပြုနိုင်ပေ။

၁၉၈၁ ခုနှစ် ဇွန်လ ၇ ရက် တနင်္ဂနွေနေ့ည နေ ၅ နာရီ ၁၀ မိနစ်တွင် အစ္စရေးအက်ဖ ၁၆ ဗုံးကြဲ တိုက်လေယာဉ် ရှစ်စင်းသည် အက်ဖ ၁၅ တိုက်လေယာဉ် ခြောက်စင်း၏ အကာအကွယ်ကိုယူကာ အီရတ် နျူးကလီးယား ဓာတ်ပေါင်းဖိုကိုလာရောက် ဗုံးကြဲသည်။

အီရတ် လေယာဉ်ပစ် အမြောက်တပ်နှင့် အကာအကွယ် တပ်များက တုံ့ပြန်တိုက်ခိုက်ခြင်း မပြုနိုင်ခဲ့ချေ။ ဒေါ်လာသန်း ၂၆၀ အထိ အကုန်အကျခံကာ ဆောက်လုပ်ထားသော နျူးကလီးယားဓာတ်ပေါင်းဖိုသည် အကြီးအကျယ် ပျက်စီးသွားလေသည်။ နျူးကလီးယား သုတေသန ဓာတ်ခွဲစမ်းသပ်ရေးဌာနမှာမူ ထိခိုက်ပျက်စီးခြင်းမရှိချေ။

အစ္စရေး၏ ကျူးကျော် စော်ကားမှုကို အီရတ်က နိုင်ငံစုံအဖွဲ့အစည်းများသို့ တိုင်ကြားလိုက်သည်။ ဤသို့ဖြင့် အီရတ်သည် အီရန်စစ်နှင့် အစ္စရေးရန်တို့ကို ရင်ဆိုင်နေရသည်။ စစ်စရိတ်ကုန်ကျငွေက များနေစဉ် ရေနံထုတ်ရောင်းနိုင်သော်လည်း ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ၌ တနေ့လျှင် စည်ခြောက်သိန်းသာ ထုတ်ရောင်းနိုင်တော့သည်။

ရေနံများကို ဟောမုဇ်ရေလက်ကြားမှ တင်ပို့ခြင်း မပြုနိုင်သဖြင့် တူရကီနှင့် ဆီးရီးယားနိုင်ငံများကိုဖြတ်၍ မြေထဲပင်လယ်ဆိပ်ကမ်းမြို့များသို့ ရေနံပိုက်လိုင်းများဖြင့် ပို့ကာ ဖောက်သည်နိုင်ငံများသို့ ရောင်းချရသည်။

၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အီရတ်နှင့် ဆအူးဒီအာရေဗျအစိုးရတို့သည် နယ်နိမိတ်စာချုပ် ချုပ်ဆိုကြသည်။ ထိုစာချုပ်ကို ဆအူးဒီအာရေဗျ ပြည်ထဲရေးဝန်ကြီး မင်းသားကြီး အဗ္ဒဒူအဇစ်နှင့် အီရတ်ပြည်ထဲရေးဝန်ကြီး ဆာဒေါင်ရှကီးတို့လက်မှတ်ရေးထိုးသည်။




ပြည်သူလူထုနှင့် တရင်းတနှီး တွေ့ဆုံဆွေးနွေးနေသော အီရတ်သမ္မတ ဆတ်ဒမ်ဟူစိန်ကို တွေ့ရပုံ

ဒီဇင်ဘာလတွင် ဘဂ္ဂဒက်မြို့သို့ သွားရောက်သော စိုက်ပရပ် သမ္မတ စပိုင်ရိုကီပရီလာနောက စစ်ပြီးဆုံး သင့်ပြိုဖြစ်ကြောင်းနှင့် စစ်ပြီးဆုံးရန် တောင်းဆိုသော အီရတ်၏ တောင်းဆိုချက်ကို အီရန်က လက်ခံသင့်ပြီ ဖြစ်ကြောင်း တိုက်ဘွန်းပြောကြားသည်။

ကုလသမဂ္ဂ၏ ဖျန်ဖြေရေးကိုယ်စားလှယ်အဖြစ် ဆောင် ရွက်နေသော ဆွီဒင် ဝန်ကြီးချုပ်ဟောင်း အိုလော့ပမ်း၏ ကြိုးပမ်းမှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများ၏ ကိုယ်စားလှယ်ပုဂ္ဂိုလ် လေးဦးအဖွဲ့တို့၏ စစ်ပြီးဆုံးရေး ကြိုးပမ်းမှုများသည် မအောင်မြင်သေးချေ။

အီရတ်၊ အီရန်စစ် ပြီးဆုံးရေးအတွက် ကြိုးပမ်းဆောင် ရွက်နေသော ဘင်္ဂလားခေါင်းဆောင်လေးဦးမှာ အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး နာရာဆင်ဟာရော်၊ ကျူးဘား နိုင်ငံခြားရေးဝန်ကြီး ပီယိုလီ၊ ဇမ်ဘီးယား နိုင်ငံခြားရေးဝန် ကြီး လာမက်ဂိုမာနှင့် ကုလသမဂ္ဂရှိ ပါလက်စတိုင်းလွတ် မြောက်ရေးအဖွဲ့ ကိုယ်စားလှယ် အိုင်တာဇီ တို့ဖြစ်သည်။

အီရန်၊ အီရတ်စစ် ပြီးဆုံးရေးအတွက် နောက်ဆုံး ကြိုးပမ်းမည့်သူများမှာ ဆီးရီးယားနှင့် ကူဝိတ်အစိုးရတို့ ဖြစ်သည်။ အာရပ်နိုင်ငံအချင်းချင်း သွေးကွဲစေသော အီရန် - အီရတ်စစ် ပြီးဆုံးစေရန် ဆီးရီးယား နိုင်ငံခြားရေး ဝန်ကြီးက အီရန်ကို ဆွေးနွေး သိမ်းသွင်းမည်။ ကူဝိတ် နိုင်ငံခြားရေးဝန်ကြီးက အီရတ်ကိုစည်းရုံးမည်ဟု ကတိပြု ကြသည်။



အီရန်သမ္မတနိုင်ငံ။ ။ဘာသာရေးခေါင်းဆောင် အယာတိုလာခိုမေနီသည် ရှားဘုရင်လက်မှ အာဏာကို သိမ်းယူကာ ၁၉၇၉ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အီရန်အစ္စလာမ် သမ္မတနိုင်ငံကို ထူထောင်ခဲ့သည်။

အီရန်နိုင်ငံသည် ပြည်တွင်းမငြိမ်သက်မှုများနှင့် အခက် အခဲများကို ရင်ဆိုင်နေရသည်။ မူဂျာဟီဒင် ဂိုဏ်း၏ ရန်၊ ကာ်လူမျိုးတို့၏ တိုက်ပြန်တိုက်ခိုက်မှု၊ အိဂျစ်တွင် ခိုလှုံနေသော ရီဇာပါလဗီနှင့် ဘုရင်စနစ် လိုလားသူတို့၏ ရန်စသည်တို့ကို ရင်ဆိုင် နေရသည်။ ရီဇာပါလဗီသည် ကွယ်လွန်သူ ရှား ဘုရင်၏ သားဖြစ်၍ ခိုမေနီကို ဆန့်ကျင်နေသူဖြစ်သည်။

အမေရိကန် ဓားစာခံအရေးအခင်းနှင့် စပ်လျဉ်း၍ နှစ် နိုင်ငံအကြား ဧစ္စယ်ဖျန်ဖြေရေးကို အယ်ဂျီးရီးယားနိုင်ငံက ဆောင်ရွက် ပေးခဲ့သည့်အတွက် အီရန်ပိုင်ငွေအချို့ကို ပြန် ပေးရေးအစီအစဉ်များကို သဘောတူညီကြပြီးနောက် ဓား စာခံလွှတ်ရေးလုပ်ငန်းများ ပေါ်ထွက်လာပြီး ၁၉၈၁ ခုနှစ်၊ ဇန္နဝါရီလ ၂၀ ရက်နေ့တွင် ဓားစာခံ ၅၂ ဦးကို လွှတ်ပေး ခဲ့သည်။ ဓားစာခံများ လွှတ်ပေးရေးသဘောတူညီချက်အရ အီရန်နိုင်ငံပိုင် ဒေါ်လာသန်း ၄၀၀၀ ၏ထက်ဝက်ကို အီရန် ကရလိုက်သည်။ ကျန်ရရန်ငွေများကို နောင်တွင် ဆက် လက်၍ ပြေရှင်းဆောင်ရွက်ရန် ဖြစ်သည်။တချိန်တည်းတွင် ဥရောပ အနောက်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့က အီရန်နှင့် စီးပွားရေး အဆက်ဖြတ်မှုကို ရုပ်သိမ်းပေးခဲ့သည်။

၁၉၈၁ ခုနှစ် နှစ်ဦးပိုင်းတွင် ဓားစာခံအရေးကို ပြေရှင်း နိုင်ခဲ့သော်လည်း ခေါင်းဆောင်အချင်းချင်း ပဋိပက္ခဖြစ်မှု သည် ပို၍ကြီးထွားလာသည်။ ဘာသာရေးအခြေခံ ဝါဒီ ဘုန်းကြီးများနှင့် အလယ်အလတ်ဝါဒီများအကြား ပဋိပက္ခ များ ပွားများလာသည်။

သမ္မတဟောင်း မက်ဒီဗဇာဂန်၊ နိုင်ငံခြားရေးဝန်ကြီး ဟောင်း ဂုတ်ဗဇာဒေး၊ သမ္မတဗာနီဆာဒါတို့သည် အလယ် အလတ်ဝါဒီများဖြစ်ပြီး ဝန်ကြီးချုပ် အလီဇာဂျေး၊ တရားရုံး ချုပ်တရားသူကြီး ဘီဟာက်ရှတီ၊ အစ္စလာမ် ရီပတ်ဘလီ ကင် ပါတီခေါင်းဆောင် ဘဟိုနာတို့သည် ဘာသာရေးယုံကြည် ချက်၌ စိတ်ထက်သန်သူများ ဖြစ်သည်။ ဘာသာရေး အခြေခံဝါဒီများနှင့် အလယ်အလတ်ဝါဒီများ၏ အားပြိုင် မှုတွင် ဘာသာရေးအခြေခံသမားတို့က အင်အားကောင်း လာသဖြင့် သမ္မတဗာနီဆာဒါကို ၁၉၈၁ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် စစ်ဦးစီးချုပ်ဆုထူးမှ အယာတိုလာ ခိုမေနီက ရုပ်သိမ်းလိုက်သည်။ တဖန် ဇွန်လ ၂၂ ရက်နေ့တွင် ဗာနီ ဆာဒါသည် သမ္မတဆုထူးမှ ဖယ်ရှားခြင်း ခံခဲ့ရသည်။

အကျယ်အဝန်း။ ။၆,၃၆,၃၆၃ စတုရန်းမိုင်
လူဦးရေ။ ။၃,၈၀,၈၀,၀၀၀
မြို့တော်။ ။တီဟီရန်မြို့



အီရန်သံချပ်ကား စစ်ကြောင်းတကြောင်း ရွေ့တန်းစစ်မျက်နှာသို့ ချီတက်နေပုံ

ဤတွင် ဗာနီဆာဒါသည် မူဂျာဟီဒင်ခေါင်းဆောင် ရာဂျာဗီနှင့် ပေါင်းမိပြီး ခိုမေနီအစိုးရကို ဆန့်ကျင်ခဲ့သည်။

ရာဂျာဗီ၏ကူညီမှုအရ ဗာနီဆာဒါသည် အီရန် တပ်မတော်မှ လေယာဉ်ဖြင့် ပြင်သစ်နိုင်ငံသို့ ဇူလိုင်လ ၂၉ ရက်တွင် ထွောက်ရှိပြီးနောက် ဗာနီဆာဒါနှင့်ရာဂျာဗီသည် အမျိုးသားခုခံကာကွယ်ရေး ကောင်စီခေါ် အဝေးထောက် အစိုးရအဖွဲ့ကို ဩဂုတ်လ ၂ ရက်နေ့တွင် ဖွဲ့စည်းသည်။ ပြင်သစ်အစိုးရက ဗာနီဆာဒါနှင့် ရာဂျာဗီကို အီရန်ဆန့်ကျင်ရေး လှုပ်ရှားမှု မပြုရန် သတိပေးခဲ့သည်။

ဗာနီဆာဒါအား ထုတ်ပယ်ခဲ့ပြီးနောက် အီရန်နိုင်ငံ၏ ဒုတိယအကြိမ် သမ္မတ ရွေးကောက်ပွဲကို ၁၉၈၁ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် ကျင်းပရာ အလီရာဂျေးနှင့် အခြားသုံးဦး ယှဉ်ပြိုင်အရွေးခံကြသည်။ အလီရာဂျေးက မဲပေးနိုင်သူ ၁၄ သန်းအနက် ၁၂ ဒသမ ၂ သန်း (၈၈ ရာခိုင်နှုန်း)၏ ထောက်ခံမဲဖြင့် သမ္မတအရွေးခံရသည်။

သမ္မတသစ်ရာဂျေးသည် အစ္စလာမ် ရီပတ်ဘလီ ကင်ပါတီ (အိုင်အာပီ) ခေါင်းဆောင် မိုဟာမက် ရာဗတ် ဘဟိုနာအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခဲ့သည်။ ဝန်ကြီးချုပ်သစ်က အဖွဲ့ဝင် ၂၁ ဦးပါသော အစိုးရအဖွဲ့သစ်ကို လွှတ်တော်သို့တင်ပြခဲ့ရာ လွှတ်တော်မှ ဩဂုတ်လ ၃ ရက်နေ့တွင် အတည်ပြုခဲ့သည်။

ထိုအတောအတွင်း အီရန်နိုင်ငံ တိဟီရန်မြို့တော်နှင့် အခြားမြို့ကြီးများတွင် ပြင်းထန်သော ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်။ ပထမဦးဆုံး ဗုံးပေါက်ကွဲမှုသည် ကွမ်သာသနာရေးမြို့တော်တွင် ဇွန်လ ၂၅ ရက်နေ့၌ ဖြစ်ပေါ်ခဲ့သည်။ တဖန် ဇွန်လ ၂၉ ရက်နေ့တွင် တိဟီရန်မြို့ အိုင်အာပီ ဌာနချုပ်၌ ဗုံးပေါက်ကွဲရာ ပါတီ၏ အာဏာအရှိဆုံး ခေါင်းဆောင်နှင့် တရားရုံးချုပ် တရားသူကြီး အယာတိုလာဘီဟာက်ရှတီ၊ ဝန်ကြီးအဖွဲဝင်ငါးဦး၊ ဒုတိယဝန်ကြီးခြောက်ဦး၊ လွှတ်တော်အမတ် ၂၇ ဦးအပါအဝင် လူပေါင်း ၇၄ ဦးသေဆုံးခဲ့သည်။ ယင်းပေါက်ကွဲမှုနှင့် စပ်လျဉ်း၍ အစိုးရက လူ ၉၀ ကျော်ကို သုတ်သင် ကွပ်မျက်လိုက်သည်။

၁၉၈၁ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် သမ္မတ အလီရာဂျေးနှင့် ဝန်ကြီးချုပ် ဘဟိုနာတို့သည် ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသည်။ ဗုံးပေါက်ကွဲမှု ကြောင့် ခေါင်းဆောင် နှစ်ဦးနှင့် အခြားပုဂ္ဂိုလ် ခြောက်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိသည်။ ထိုဗုံးခွဲမှုတွင် သံသယရှိသော မူဂျာဟီဒင်နှင့် အခြားအဖွဲအစည်းများမှ လူ ၎၆ ဦးကို ကွပ်မျက်ခဲ့သည်။

ထိုအတွင်း တိဟီရန် တရားရုံးမှ ညွှန်ကြားရေး မှူးဆယတ်နာဆာ၊ ရွှေနေချုပ် အလီဂိုဒပ်စီ၊ အယာတိုလာခိုမေနီ၏ အနီးကပ်ဆုံး လက်ထောက်တဦးဖြစ်သူ မက်ဒါနီတို့မှာလည်း ရန်သူတို့၏လုပ်ကြံသတ်ဖြတ်ခြင်းကို ခံရသည်။

အောက်တိုဘာလ ၁ ရက်နေ့တွင် လေယာဉ်ပျက်ကျရာ၌ ကာကွယ်ရေးဝန်ကြီး မူဆာနမ်ဂျူးနှင့် အီရန် စစ်ခေါင်းဆောင်အများအပြား ပါဝင်သဖြင့် ကြီးမားသောဆုံးရှုံးမှု ဖြစ်ခဲ့သည်။

ကွယ်လွန်သူ သမ္မတရာဂျေး၏နေရာအတွက် တတိယ အကြိမ်သမ္မတရွေးကောက်ပွဲကို အောက်တိုဘာလ ၂ ရက် နေ့တွင်ကျင်းပရာ ခေါင်းဆောင်ငါးဦး ယှဉ်ပြိုင် အရွေးခံသည်။ အိုင်အာပီခေါင်းဆောင် အလီခါမေနီသည် မဲပေးနိုင်သူ ၁၆ သန်း ဂ သိန်းအနက် ၁၆ သန်းကျော်၏ ထောက် ခံမဲကိုရ၍ သမ္မတဖြစ်လာသည်။

အီရန်ပါလီမန်၌ သမ္မတသစ် အလီခါမေနီသည် အောက် တိုဘာလ ၁၃ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ထိုနေ့မှာပင် မူဂျာဟီဒင် ပြောက်ကျားအဖွဲဝင် ၂၂ ဦးကို ကွပ်မျက်လိုက်ကြောင်းနှင့် ဇွန်လမှစ၍ ကွပ်မျက်ပြီးသူ ဦးရေ ၁,၇၀၀ ရှိကြောင်း တီဟီရန်အသံလွှင့်ဌာနက ကြေ ငြာသည်။

နုတ်ထွက်သွားသောအီရန်ဝန်ကြီးချုပ်မိုဟာမက်ကနီ၏ နေထုတွင် အလီအက္ကဘာဗဲလာယာတီကို သမ္မတအလီ ခါမေနီက ရွေးချယ်သတ်မှတ်ပေးခဲ့သည်။ သို့ရာတွင် အမေ ရိကန်၌ ဆေးပညာသင်ကြားခဲ့သော ဒေါက်တာဗဲလာ ယာတီကို ပါလီမန်က ကန့်ကွက်ပယ်ချသဖြင့် အောက်တို ဘာလ ၂၇ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီး ဟူစိန်မူဆာဗီ ကို ဝန်ကြီးချုပ်အဖြစ် အမည်စာရင်း တင်သွင်းလိုက်သည်။ မူဆာဗီသည် အိုင်အာပီပါတီဝင်ဖြစ်သည်။

မူဆာဗီကို မကျလစ်ခေါ် အီရန်ပါလီမန်က အောက်တို ဘာလ ၂၉ ရက်နေ့တွင် အတည်ပြုလိုက်သည်။ နိုဝင်ဘာလ ၂ ရက်နေ့တွင် မူဆာဗီတင်ပြသော ကက်ဘိနက်အဖွဲဝင် စာရင်းကို ပါလီမန်လွှတ်တော်က အတည်ပြုသည်။ လေယာဉ်ပျက်ကျ၍ ကွယ်လွန်သော ကာကွယ်ရေးဝန်ကြီး မူဆာနမ်ကျူး၏နေထုတွင် မိုဟာမက် ဆလီမီကို ခန့်ထား သည်။ ဒေါက်တာ ဗဲလာယာတီသည် နိုင်ငံခြားရေး ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

နိုင်ငံခြားဆက်သွယ်ရေးတွင် အမေရိကန်နှင့် ဆက်ဆံ ရေးသည် ယခင်ကဲ့သို့ ဆိုးရွားမှုမရှိသော်လည်း ပြင်သစ်နှင့် ဆက်ဆံရေးသည် တင်းမာလာခဲ့သည်။ သမ္မတဟောင်း ဗာနီ ဆာဒါ၊ မူဂျာဟီဒင် ခေါင်းဆောင် ထုဂျာဗီနှင့် ရှားဘုရင် လက်ထက်က နောက်ဆုံးဝန်ကြီးချုပ်ဖြစ်ခဲ့သောဘတ်တီယာ အပါအဝင် စစ်ဘက်နယ်ဘက် အထွဋ် အများအပြားကို ပြင်သစ်နိုင်ငံက ခိုလှုံခွင့်ပေးထားသည်။ ပြင်သစ်မှ အီရန် သို့ပေးပို့သော ဒုံးပျံတင်သင်္ဘော သုံးစင်းအနက် တစင်းကို အီရန်ဘုရင့်ဂိုဏ်းသားတို့က အပိုင်စီးထု ထိုအပိုင်စီးသူ ၂၀ ကိုလည်း ပြင်သစ်နိုင်ငံက နိုင်ငံရေးခိုလှုံခွင့် ပေးခဲ့သည်။

၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် စတင် ခဲ့သော အီရန်၊ အီရတ်စစ်ပွဲမှာ ၁၉၈၁ ခုနှစ်ကုန်သည်ထိ မပြီးဆုံးသေးပေ။ ထိုစစ်ကြောင့် တနေ့လျှင် ဒေါ်လာ ၁၄ သန်းခန့် အီရန်ကသုံးစွဲလျက်ရှိသည်။ အိုးမဲ့အိမ်မဲ့ဖြစ်သွား သော ပြည်သူတသန်းရှစ်သိန်းအတွက် ဒေါ်လာသန်း ၈၀၀ သုံးစွဲရမည်ဟု အီရန် လက် ထောက် ပြည် ထဲ ရေး ဝန် ကြီး မိုစတာဖာမီဆလင်းက ၁၉၈၁ ခု မေလ ဂ ရက် နေ့ က အစိုးရ ရုပ်မြင်သံကြားအစီအစဉ်မှ ပြောကြားသည်။

ဤသို့သော အခက်အခဲများကြားမှ အီရန်အစိုးရသည် စီးပွားရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေရသည်။ ၁၉၈၁ ခုနှစ်တွင် တနေ့လျှင် ရေနံစည် တသန်းခန့်ထုတ်ရောင်းခဲ့ရာ ၁၉၈၂ ခုနှစ်တွင် စည်နှစ်သန်းထိ ထုတ်ရောင်းရန် စီစဉ် လျက်ရှိသည်။ တချိန်တည်းမှာပင် ဘန့် ဒါ ခို မေ နီ မြို့ ရှိ အီရန် ဂျပန်ဖက်စပ် ရေနံခာတုစက်ရုံကြီးတွင် ရင်းနှီး မြှုပ်နှံငွေ ထပ်လောင်းထည့်သွင်းရန် အီရန် ရေနံဝန်ကြီးက ဂျပန် မစ်ဆို့ကုမ္ပဏီသို့ မေတ္တာရပ်ခံခဲ့သည်။

ဥရောပဘုံစျေးအဖွဲ့ (အီးအီးစီ)။ ။ဥရောပဘုံစျေး အဖွဲ့ (အီးအီးစီ) ကို ၁၉၅၈ ခုနှစ်တွင် စတင် ဖွဲ့စည်း ထူထောင်ခဲ့ပြီး အဖွဲဝင်နိုင်ငံပေါင်း ၁၀ နိုင်ငံရှိသည်။ ဥရောပ နိုင်ငံများအတွင်း စီးပွားရေးကိစ္စအဝဝတွင် တူညီ သော အကျိုးစီးပွားနှင့်ပူးပေါင်းဆောင်ရွက်ကြရန် ရည် ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်လေသည်။

၁၉၈၁ ခုနှစ်အတွင်းတွင် အီးအီးစီအဖွဲ့၏ ၁၉ ကြိမ် မြောက်၊ အကြိမ် ၂၀ မြောက်နှင့် ၂၁ ကြိမ်မြောက် အစည်းအဝေးများကို မတ်လ၊ ဇွန်လနှင့် နိုဝင်ဘာလ များတွင် ကျင်းပခဲ့ပြီး ဥရောပစီးပွားရေးရာနှင့် နိုင်ငံတကာ ရေးရာများကို ဆွေးနွေးခဲ့ကြသည်။

၁၉ ကြိမ်မြောက် အီးအီးစီ ထိပ်သီးအစည်းအဝေးကို ၁၉၈၁ ခုနှစ် မတ်လတွင် နယ်သာလင်နိုင်ငံ မာစထရစ်မြို့ တွင် ကျင်းပခဲ့ရာ အီးအီးစီအဖွဲဝင် ၁၀ နိုင်ငံ၏ ခေါင်း ဆောင်များ တက်ရောက်ခဲ့ကြပြီး နယ်သာလင်ဝန်ကြီးချုပ် က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းအစည်း အဝေးသည် အဖွဲဝင် ၁၀ နိုင်ငံ၏ ပထမဆုံး အစည်းအဝေး ဖြစ်သည်။ ယခင်က အဖွဲဝင်ကိုးနိုင်ငံသာ ရှိခဲ့ပြီး ဂရိနိုင်ငံ သည် ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အီးအီးစီ အဖွဲဝင်ဖြစ်လာခဲ့သည်။

အီးအီးစီ၏ မတ်လအတွင်းက ကျင်းပခဲ့သောအစည်း အဝေးတွင် ဥရောပစီးပွားရေး၊လူမှုရေးနှင့်နိုင်ငံတကာရေးရာ များကိုဆွေးနွေးခဲ့ကြသည်။ ဥရောပငွေကြေးဟောင်းပွမ္ပန်း ကြီးထွားလာခြင်းသည် ကုန်ထုတ်လုပ်မှု၊ စီးပွားရေးနှင့် ငွေကြေးလည်ပတ်မှုတို့ကို ခြိမ်းခြောက်လျက် ရှိကြောင်း၊ စိုးရိမ်ဖွယ်ရာ ကောင်းသော လူငယ်ထု အလုပ်လက်မဲ့ ပြဿနာကို ဥရောပ လူအဖွဲ့အစည်းတရပ်လုံးက ပြေရှင်း သင့်ကြောင်း စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

လောင်စာစုံမ်းအင် မူဝါဒ၊ ပင်လယ်ငါးဖမ်းပြဿနာနှင့် အီးအီးစီနိုင်ငံများအတွင်း နိုင်ငံကူးလက်မှတ် ထုတ်ပေးရေး များအပြင် နိုင်ငံတကာရေးရာကိစ္စများကိုလည်း အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

စက်မှုနိုင်ငံကြီးများနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများအကြား ဆွေးနွေးကြသော တောင်မြောက်ဆွေးနွေးပွဲ ကျင်းပခြင်း ဖြင့် အကျိုးကျေးဇူးရရှိကြောင်း အတည်ပြု ပြောကြား သည်။ လက်ဗန္ဓနပြဿနာနှင့်စပ်လျဉ်း၍ လက်ဗန္ဓနနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစား သင့် ကြောင်း ကုလ သမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့၏ ဆောင်ရွက်ချက်ကို အပြည့် အဝ အကောင်အထည်ဖော်မှသာ ယင်းပြဿနာ တိုးတက်မှု ရနိုင်ကြောင်း ဆွေးနွေးသဘောတူညီခဲ့ကြသည်။

အကြိမ် ၂၀ မြောက် အီးအီးစီထိပ်သီး အစည်းအဝေး ကို လူဇင်းဘတ်နိုင်ငံတွင် ၁၉၇၁ ခုနှစ် ဇွန်လ၌ ကျင်းပ ခဲ့သည်။ ယင်းအစည်းအဝေးတွင် ပြည်တွင်းစေးကွက်၊ အမေရိကန်နှင့်ဥရောကြေးဆက်ဆံမှု၊ဂျပန်နိုင်ငံနှင့်ကုန်သွယ်မှု၊ သံမဏိစျေးနှုန်း ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတကာရေးရာနှင့် စပ် လျဉ်း ၍ တောင်မြောက် ဆွေးနွေးပွဲဆိုင်ရာ အီးအီးစီ အထွေထွေကောင်စီ၏ သဘော ထားကို အတည်ပြုရေး၊ အာဖဂန်စတန်နိုင်ငံတွင် ပြည်ပ စွက်ဖက်မှုကင်း၍ အာဖဂန်ပြည်သူများ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်ရရှိရေး၊ ကမ်ပူးချားပြဿနာကို ကုလသမဂ္ဂ အထွေထွေ ညီလာခံဆုံးဖြတ်ချက်အရ ဖြေရှင်းပြီး လွတ်လပ်၍ ကြား နေသော ကမ်ပူးချားနိုင်ငံ ထူထောင်ရေး၊ လုံခြုံရေး ကောင်စီ၏ အခြေခံမူနှင့်အညီ နမီးဗီးယား ပြဿနာကို ဖြေရှင်းရေး စသည်တို့ကို ဆွေးနွေးကြသည်။ ထို့ပြင် အစ္စရေးက အီရတ်နျူးကလီးယားဓာတ်ပေါင်းဖိုကို ဗုံးကြဲ တိုက်ခိုက်သဖြင့် အစ္စရေးနိုင်ငံအား လုံခြုံရေးကောင်စီက ရှုတ်ချသောအဆိုကိုလည်းအီးအီးစီကငေထောက်ခံခဲ့ကြသည်။

၂၁ ကြိမ်မြောက် အီးအီးစီ ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာလတွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ၁၀ နိုင်ငံထိပ်သီးတို့သည် ဥရောပ ဒွေကြေးစနစ်အပေါ် ပြန်လည်သုံးသပ်ရန် သဘောတူခဲ့ ကြသည်။ အီးအီးစီခေါင်းဆောင်များသည် အဖွဲဝင်နိုင်ငံ များအတွင်း ဒွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် အမေရိကန် ဂျပန်နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်မှု ပြုရန် သဘောတူခဲ့ကြသည်။

ဥရောပပါလီမန်ဥက္ကဋ္ဌ ဆိုင်မွန်ဗီသည် ဇူလိုင်လ ၁၇ ရက် နေ့တွင် တရုတ်ပြည်သူသမ္မတနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ထိုသို့ရောက်ရှိစဉ် တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး အီးအီးစီနှင့် တရုတ်ပြည်သူသမ္မတနိုင်ငံတို့ ပူးပေါင်းဆောင် ရွက်မှုပြုရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အီးအီးစီအနေဖြင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ကြိုးပမ်းမှုတွင် မည်သို့မည်ပုံ ပါဝင်ဆောင်ရွက်နိုင်မည်ကို လေ့လာရန်အတွက် နယ်သာလင်နိုင်ငံခြားရေးဝန်ကြီးသည် မေလအတွင်း၌ အရှေ့အလယ်ပိုင်း ဒေသနိုင်ငံများသို့ ခရီး ထွက်ခဲ့သည်။ နယ်သာလင် နိုင်ငံခြားရေးဝန်ကြီးသည် ဂျော်ဒန်၊ ဆီးရီးယား၊ မော်ရိုကို၊ အီရတ်၊ တျူးနစ် ဇီးယား၊ အီဂျစ်၊ လက်ဗန္ဓနန့်နှင့် အစ္စရေးနိုင်ငံများသို့ သွား ရောက်ခဲ့ပြီး ပီအယ်အိုခေါင်းဆောင် ယာဆာအာရဖတ်နှင့် လည်းဘေရွတ်မြို့တွင်တွေ့ဆုံခဲ့သည်။ယင်းခရီးစဉ်မှရရှိသော အချက်အလက်များကို အကြိမ် ၂၀ မြောက် အီးအီးစီ ထိပ်သီးအစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းခဲ့ခြင်း ဖြစ်သည်။

ဆိုင်းနိုင်းနိုင်ငံစုံတပ်ဖွဲ့တွင် ပါဝင်ရေးအတွက် အီးအီးစီ အဖွဲဝင်နိုင်ငံများအတွင်း သဘောတူညီမှု မရရှိဟူသော သတင်းနှင့် အီးအီးစီအဖွဲဝင်နိုင်ငံများအတွင်း အရှေ့အလယ် ပိုင်း အရေးအခင်းနှင့် ပတ်သက်၍ သဘောထား ကွဲပြား ခဲ့သည်ဟူသောသတင်းများမှာ မမှန်ကန်ကြောင်း အီးအီးစီ အရာရှိများက ငြင်းဆိုခဲ့ကြသည်။ ဒီဇင်ဘာလ ၁၅ ရက် နေ့တွင်မူ အစ္စရေးက ဂိုလန်ကုန်းမြင့်အား သိမ်းပိုက်ခြင်း ကို ဆန့်ကျင်ကြောင်း အီးအီးစီ နိုင်ငံခြားရေးဝန်ကြီးများ က ကြေငြာခဲ့သည်။

အောက်စလေယာဉ်။ ။ခေတ်မီကင်းထောက် ရေဒါ လေယာဉ် ဖြစ်သည်။ အင်္ဂလိပ်အက္ခရာ အတိုကောက် အော၊ ဒဗလျူ၊ အော၊ စီ၊ အက်စ ဖြစ်၍ "ဝေဟင်မှ ကြိုတင်သတိ ပေး ထိန်းချုပ်ရေးစနစ်သုံး လေယာဉ်" ဟူ၍ အဓိပ္ပာယ် ရသည်။

အမေရိကန်ပြည်ထောင်စု ဘိုးအင်းကုမ္ပဏီမှ ထုတ်လုပ် ပြီး တီအက်ဖ ၃၃ အင်ဂျင်လေးလုံးတပ်ဆင်ထားသည်။လေ ယာဉ်အမြင့် ၄၂ ပေ၊အလျား ၁၂၅ ပေနှင့် တောင်ပံတဘက် စွန်းမှ တဘက်စွန်း ၁၄၅ ပေရှိသည်။ ယာဉ်၏အလေးချိန် သက်သက် ၁,၇၂,၀၀၀ ပေါင်ရှိသည်။ အများဆုံးဝန်ချိန် ၃,၂၅,၀၀၀ ပေါင်ဖြင့် ပျံသန်းနိုင်သည်။ အမြင့်ပျံတနာရီ မိုင် ၆၀၀ နှုန်းခန့်၊ အနိမ့်ပျံတနာရီ မိုင် ၃၀၀ နှုန်းခန့်ပျံသန်း နိုင်သည်။ ပုံမှန်အားဖြင့် အမြင့်ပေ ၄၀,၀၀၀ အထက်မှနေ၍ ပျံသန်းထောက်လှမ်းနိုင်သည်။ ဆီထပ်မံဖြည့်တင်းခြင်းမပြု ရပဲ ၁၂ နာရီ တောက်လျှောက် ပျံသန်းနိုင်သည်။

အောက်စလေယာဉ် ထုတ်လုပ်ရေး စီမံချက်ကို ၁၉၆၃ ခု နှစ်တွင် စတင်ခဲ့သည်။ အောက်စသည် အခြေခံအားဖြင့် အမှတ် ၇၀၇-၃၂၀ ဘီ ဘိုးအင်းဂျက်လေယာဉ်ကို အီး-၃ အော ကင်းထောက်လေယာဉ်အဖြစ် ပုံစံပြောင်းထားခြင်း

ဖြစ်သည်။ ယင်းကို ၁၉၇၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် စမ်းသပ်ပျံသန်းခဲ့သည်။ ယခုအခါ နေတိုးစစ်စာချုပ်ဝင် နိုင်ငံများတွင် ၁၈ စင်းနှင့် အမေရိကန် လေတပ်တွင် ၃၄ စင်း ရှိသည်။

အေဝက်စလေယာဉ်တွင် လက်နက် တပ်ဆင်ထားခြင်း မရှိခေ့။ သို့သော် အဆင့်မြင့်ရေဒါများနှင့် ဆန်းပြားသော အီလက်ထရွန်နစ် ထောက်လှမ်းရေး ပစ္စည်းကိရိယာမျိုးစုံကို တပ်ဆင်ထားသည်။ လေယာဉ်ကိုယ်ထည်၏ နောက်ပိုင်း အပေါ်ဘက်တွင် အချင်းဝက် ပေ ၃၀ နှင့် အထူခြောက် ပေရှိသော သံပရာခြမ်း လိပ်ခုံးကြီး ရှိသည်။ ယင်းလိပ်ခုံး အတွင်းတွင် အကျယ် ၂၄ ပေ၊ အမြင့် ၅ ပေ ရှိပြီး တမိနစ် လျှင် ခြောက်ကြိမ်ကျ လည်ပတ်နေသော သဘင်းဖမ်းယူ ထုတ်လွှင့်သည့် ရေဒါနှင့် ကွန်ပျူတာ ကိရိယာများ တပ်ဆင်ထားသည့်အပြင် အထူးခေတ်မီသည့် ဘက်စုံ ထောက်လှမ်းရေး ကိရိယာများလည်း တပ်ဆင်ထားသည်။

အေဝက်စ အီး-၃အေ တစင်းလျှင် ဒေါ်လာသန်း ပေါင်း ၅၀၀ ခန့် တန်ဖိုးရှိသည်။ ဒေါ်လာ သန်း ၁၀၀ ခန့်မှာ ယင်းကွန်ပျူတာများအတွက် ကုန်ကျရသည်။ ယင်း ကွန်ပျူတာများသည် တစက္ကန့်လျှင် အလုပ်မျိုးစုံ လုပ်ဆောင်နိုင်သည်။ အေဝက်စတွင် လေသူရဲ လေးဦးနှင့် ထိန်းသိမ်းကွပ်ကဲရေးစနစ်ကို ကိုင်တွယ်ထိန်းသိမ်းသူ ၁၃ ဦး တာဝန်ထမ်းဆောင်သည်။

အေဝက်စလေယာဉ်သည် ပျံသန်းရေးနှင့် ထောက်လှမ်းရေး လေယာဉ် ဖြစ်သကဲ့သို့ စီမံကွပ်ကဲထိန်းသိမ်းရေး ဌာနလည်း ဖြစ်သည်။ ကွန်ပျူတာလမ်းညွှန်စနစ်၊ မိုက်ကရို ဝေ့ဗျားကို အသုံးပြု၍ ရန်သူလေယာဉ်အား ကြိုတင် ထောက်လှမ်းနိုင်ရုံမျှမက လေကြောင်းတိုက်ခိုက်ရေး စနစ် တခုလုံးကို အမြန်ဆုံး ကြိုတင်ပြင်ဆင် ကွပ်ကဲလမ်းညွှန် ပေးနိုင်သည်။ ပေ ၂၉,၀၀၀ အမြင့်မှ ပျံသန်းယင်း ထောက် လှမ်းလိုသည့် ပစ်မှတ်နှင့် ယင်း၏မိုင် ၂၀၀ စက်ဝန်းအတွင်း တနာရီမိုင် ၉၀ နှုန်းအထက်အမြန်နှုန်းဖြင့် လှုပ်ရှားပျံသန်း နေသော ရန်သူပစ်မှတ်အားလုံးကို အသေးစိတ် ကြည့်နိုင် သည့်ပြင် မြေပြင်ရေဒါများထောက်လှမ်းမရသည့် ယာဉ် ရထား သွားလာလှုပ်ရှားမှုတို့ကိုပါ အကုန်အစင် သိနိုင်စွမ်း ရှိသည်။ ယင်းသို့ လှုပ်ရှားထောက်လှမ်းမှုများကို အခြား ရေဒါခန်းများက ဖမ်းမိနိုင်စွမ်းမရှိပဲ ယင်းကသာ အခြား လေယာဉ်ပျံသန်းပုံအလုံးစုံကို ဖမ်းယူနိုင်စွမ်းရှိသည်။



အေဝက်စခေါ် ဝေဟင်မှ ကြိုတင်သတိပေးထိန်းချုပ်ရေးစနစ်သုံးလေယာဉ်ကို ဝေဟင်တွင် ဆီဖြည့်ပေးနေပုံ

ထို့ပြင် ရန်သူလေယာဉ် လာတိုက်မည့်အကြောင်း ကြို တင်သတိပေးနိုင်ခြင်း၊ လေကြောင်းတိုက်ပွဲကို ညွှန်ကြား နိုင်ခြင်း၊ ရန်သူလေယာဉ်ကို ဆီးကြိုတိုက်ခိုက်နိုင်ရန် မိမိ လေယာဉ်များကို ကြိုတင်ခေါ်ထားနိုင်ခြင်း၊ ရန်သူနယ်မြေ အတွင်းသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက် ထောက် လှမ်းနိုင်ခြင်း၊ မိမိကွန်ပျူတာမှ မြေပြင် ကွန်ပျူတာသို့ ပို့၍ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်နိုင်ခြင်း၊ မိုက်ကရိုဝေ့ကို တွင်ကျယ်စွာ သုံးသပြင့် ထိရောက်မြန်ဆန်မှု ရှိခြင်း စသည့် ရည်မှန်းချက် ၁၃ ခုကို တပြိုင်တည်း ဆောင်ရွက်နိုင်သည်။ ထို့ပြင် လေယာဉ်ကို ရန်သူက ပြန် ပေးဆွဲသွားခြင်းမျိုးမှ ကာကွယ်နိုင်ရန် လိုအပ်ပါက မြေ ပြင်မှနေ၍ လေယာဉ်အား ဖောက်ခွဲပစ်နိုင်သော ကိရိယာ လည်း တပ်ဆင်ထားသည်။ အေဝက်စ၏ အီလက်ထရွန်းနစ် တုံ့ပြန်နှောင့်ယှက်မှု နည်းစနစ်သည် ရန်သူ၏ ရေဒါနှောင့် ယှက်မှုများကို ကျော်လွှားနိုင်စွမ်း ရှိသည်။

အောက်စသည် လေယာဉ်သမိုင်းတလျှောက်တွင် အဖိုးအတန်ဆုံးနှင့် အစွမ်းအထက်မြက်ဆုံး ကင်းထောက် ရေဒါ လေယာဉ် ဖြစ်သည်။ ထိုနည်းတူ စွမ်းအားထက်မြက်သော ဆိုဗီယက်ပြည်ထောင်စုလုပ် လေယာဉ် အမျိုးအစားမှာ တီယူ–၁၆၆ မော့စ အမျိုးအစား ဖြစ်နိုင်ကြောင်း ခန့်မှန်းထားကြသည်။

ဆအူးဒီအာရေဗျနိုင်ငံသို့ အောက်စ ငါးစင်းအပါအဝင် စစ်လက်နက်ပစ္စည်းများ ရောင်းချပေးရေးကိစ္စကို ၁၉၈၁ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် အမေရိကန် အထက်လွှတ်တော်မှ သဘောတူ အတည်ပြုခဲ့သည်။


ရောဝတီတိုင်း။ ။ရောဝတီ တိုင်းသည် ရောဝတီမြစ်၏ မြစ်ဝကျွန်းပေါ် ဒေသပင် ဖြစ်သည်။ မြေပြန့်လွင်ပြင်ပေါများ၍ မြစ်ချောင်းများကလည်း ကွန်ချာသဖွယ် ယှက်သန်းနေကြသည်။


ရောဝတီတိုင်းကို မြို့နယ် ၂၆ မြို့နယ်၊ ရပ်ကွက် ပေါင်း ၂၀၇ ခုနှင့်ကျေးရွာအုပ်စုပေါင်း ၁၉၂၂တို့ဖြင့် ဖွဲ့စည်းထားသည်။ တိုင်း၏ အကျယ်အဝန်းသည် ၁၃,၅၆၇ စတုရန်းမိုင် ဖြစ်ပြီး တိုင်းမြို့တော်သည် ပုသိမ်မြို့ဖြစ်သည်။ တိုင်းအတွင်း၌ မြန်မာ၊ ကရင်၊ ချင်း တိုင်းရင်းသားများ အများအပြား ရောနှော နေထိုင်ကြရာ စုစုပေါင်း လူဦးရေ ၄၅,၀၃,၇၄၂ ဦးရှိပြီး မဲဆန္ဒ ပေးပိုင်ခွင့် ရှိသူ ၂၅,၄၈,၀၇၉ ဦးရှိသည်။ ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၅၀ ဦး၊တိုင်းအဆင့် ၉၃ ဦး၊ မြို့နယ် အဆင့် ၂,၅၉၁ ဦးနှင့် ရပ်ကွက်ကျေးရွာအုပ်စုအဆင့် ၂၂,၀၀၇ ဦးတို့ကို ပြည်သူ ကိုယ်စားလှယ်များအဖြစ် ရောဝတီတိုင်းမှ ရွေးချယ်တင် မြှောက်ထားသည်။

ရောဝတီတိုင်းသည် မြစ်ဝကျွန်းပေါ် မြေနုကျွန်းဒေသ ဖြစ်သဖြင့် မြေဆီ သြဇာ ကြွယ်ဝသည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသည် တိုင်း၏အဓိက စီးပွားရေး လုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံ၏ စပါးအထွက်အကောင်း ဆုံးတိုင်း ဖြစ်သည်။ စပါးအပြင် မြေပဲ၊ ဂုန်လျော်၊ ဆေး၊ ငရုတ်၊ ကြက်သွန်၊ ပဲမျိုးစုံတို့လည်း စိုက်ပျိုး ဖြစ်ထွန်းသည်။ အုန်းသီး၊ ငှက်ပျောသီး များလည်း အထွက်နှုန်းကောင်းသည်။ ၁၉၈၀ - ၈၁ ခုနှစ်တွင် ရောဝတီတိုင်း အတွင်း သီးနှံအမျိုးမျိုး စိုက်ကေမှာ ဂ ဒသမ ၇ သန်းနီးပါး ရှိသည်။ စပါး တမျိုးတည်းပင် စိုက်က သုံးသန်းကျော်ရှိပြီး စပါးအဝယ်ဒိုင်များက စပါးတင်း သိန်းပေါင်း ၇၁၂ ဒသမ ၁၃ သိန်းကို ဝယ်ယူ ရရှိခဲ့လေသည်။ ရောဝတီတိုင်း အတွင်း စပါး အထူးအထွက်တိုးရေးအတွက် စီမံကိန်းစပါး (၁)နှင့် စီမံကိန်းစပါး (၂) တို့ကို အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။ မြစ်ဝကျွန်းပေါ် အလယ်ပိုင်း ဒေသကို ကိုယ်စားပြုသည့် ဝါးခယ်မမြို့နယ် ရွှေလောင်းကျွန်း စီမံကိန်းနှင့် မြစ်ဝကျွန်းပေါ် အောက်ပိုင်းဒေသကို ကိုယ်စားပြုသည့် ဖျာပုံမြို့နယ် ဇင်းဘောင်ကျွန်း စီမံကိန်းများကိုလည်း ချမှတ် ဆောင်ရွက်လျက် ရှိသည်။

ရောဝတီတိုင်းတွင် ကျွန်းသစ်နှင့် သစ်မာ ထုတ်လုပ်မှုလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။ သစ်နှင့် မီးသွေးထုတ်လုပ်နိုင်သော လမု၊ ကနစို စသော ဒီရေ သစ်တောများလည်း ရှိသည်။ မြန်မာနိုင်ငံ သစ်ထုတ်လုပ်မှုတွင် ခေတ်မီသစ်ထုတ်လုပ်ရေး နည်းစနစ်တရပ်ကို ပထမဦးဆုံး လေ့လာဆည်းပူးသည့် လုပ်ငန်း စီမံကိန်း တရပ်လည်း ဖြစ်သော ကောင်းကင်ကြိုးဖြင့် သစ်ထုတ်ရေး စီမံကိန်းကို ပုသိမ် အနောက်မြို့နယ် ချောင်းသာ ကြိုးဝိုင်းနှင့် ရှောပြာဒေသတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းအရ ၁၉၈၁ - ၈၂ ခုနှစ်တွင် ပြီးစီးပါက နှစ်စဉ် သစ်မာ တန်ချိန် ၁၀,၀၀၀ ကို ထုတ်လုပ်ခေးနိုင်မည် ဖြစ်သည်။

ရောဝတီတိုင်းသည် မြစ်ချောင်းများ ပေါများ၍ ရေလမ်းခရီးဖြင့် ပို့မှု ခရီးတွင်ကျယ်သည်။ မီးရထားလမ်းဟူ၍ ကြံ့ခင်း၊ ဟသံ်ဝတ၊ ပုသိမ် လမ်းတလမ်းသာ ရှိသည်။ ရောဝတီတိုင်းအတွင်းမှ အစပြုသော ပုသိမ် မုံရွာ ကားလမ်းမကြီးသည် အနှစ် ၂၀ စီးပွားရေး စီမံကိန်းဝင် လမ်းမကြီး





ဖြစ်ပြီး ရောဝတီမြစ် အနောက်ဘက်ကမ်းရှိ ရောဝတီတိုင်းမှ ရွှစ်မြို့နယ်၊ ပဲခူးတိုင်းမှ တမြို့နယ်၊ မကွေးတိုင်းမှ ၁၀ မြို့နယ်နှင့် စစ်ကိုင်းတိုင်းမှ နှစ် မြို့နယ် စုစုပေါင်း ၂၁ မြို့နယ်ကို ဖြတ်သန်းသွားမည်ဖြစ်သဖြင့် ကူးသန်း သွားလာရေး လွယ်ကူ ပေါက်ရောက်နိုင်တော့မည် ဖြစ်သည်။

တိုင်းအတွင်း မြစ်ချောင်း အင်းအိုင် များစွာ ရှိခြင်းကြောင့် ရောဝတီတိုင်းတွင် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် လုပ်ငန်းများ အကြီးအကျယ် လုပ်ကိုင်ကြသည်။ တိုင်းအတွင်းတွင် အင်းပေါင်း ၁,၇၆၆ အင်းရှိရာ ရေချို ငါး၊ ပုစွန် ဖမ်း လုပ်ငန်းကိုလည်း ကျယ်ကျယ် ပြန့်ပြန့် လုပ်ကိုင်ကြသည်။ ကြက် ဘဲ မွေးမြူရေး လုပ်ငန်း၊ သင်ဖျာ လုပ်ငန်း၊ ချည်ထည် လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ ၁၉၈၀-၈၁ ခုနှစ်၌ ရောဝတီတိုင်း အတွင်းတွင် ပြည်သူပိုင် စက်ရုံ အလုပ်ရုံပေါင်း ၆၉ ရုံအထိ ရှိလာပြီ ဖြစ်သည်။ ယင်းစက်ရုံများတွင် မြောင်းမြ ဂုန်နီစက်ရုံ၊ ပုသိမ် မှန်စက်ရုံ၊ ကြံခင်း ဘိလပ်မြေစက်ရုံ၊ မြန်အောင် ရေနံမြေနှင့် သဘာဝ ဓာတ်ငွေ့သုံး လျှပ်စစ် ဓာတ်အားပေး စက်များသည် ထင်ရှားသည်။

ရောဝတီတိုင်း အတွင်းရှိ တိုင်းရင်းသားများ၏ ပညာရေးကဏ္ဍ တိုးတက် ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်လျက် ရှိရာ ၁၉၈၁-၈၂ ခုနှစ်တွင် မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အခြေခံပညာ အဆင့်မြင့်တန်းကျောင်း စုစုပေါင်း ၃,၂၄၅ ကျောင်းအထိ တိုးခဲ့၍ ဖွင့်လှစ်လာနိုင်ခဲ့ပြီး ကျောင်းသူ ကျောင်းသားပေါင်း ၆ ဒသမ ၇၅ သိန်းကို ဆရာ ဆရာမ ပေါင်း ၁၄,၉၃၅ ဦးဖြင့် သင်ကြားပေးလျက် ရှိသည်။ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများ ဖြစ်သော ဆရာ အတတ်သင်ကျောင်းများ၊ စိုက်ပျိုး မွေးမြူရေးအထက်တန်းကျောင်း၊ စက်မှုလက်မှု အထက်တန်းကျောင်းများနှင့် ပုသိမ်ဒီဂရီကောလိပ်ကို ဖွင့်လှစ်ထားရှိသည်။

တိုင်းအတွင်း ပြည်သူလူထု ကျန်းမာရေးအတွက် လုပ်ငန်းများ တိုးတက် ဆောင်ရွက်လျက်ရှိရာ ၁၉၈၀-၈၁ ခုနှစ်တွင် ရောဝတီတိုင်းတွင် ဆေးရုံပေါင်း ၅၉ ရုံ၊ ဆေးပေးခန်း ၁၈ ခန်းနှင့် ကျေးလက် ကျန်းမာရေး ဌာန ၁၆၇ ဌာနအထိ ဖွင့်လှစ်ထားရှိသည်။

အယ်ဆာဗေဒိုနိုင်ငံ။ ။အယ်ဆာဗေဒို အစိုးရအဖွဲ့ကို ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ပြန်လည်ဖွဲ့စည်းရာ အုပ်ချုပ်ရေး ကောင်စီဝင် ဟိုစေး နပိုလီယန် ဒွာတေသည် သမ္မတ၊ ဗိုလ်မှူးကြီး ဂျိုင်းမေး အဌဒူ ဂူတီရက်က ဒုတိယ သမ္မတနှင့် စစ်သေနာပတိ ဖြစ်လာသည်။

အယ်ဆာဗေဒို အစိုးရ၏ လက်ယာ ပိုမိုယိမ်းလာမှုကြောင့် လက်ဝဲ အဖွဲ့အစည်းများ၊ ဆိုရှယ်ဒီမိုကရက်တစ် များ၊ ခရစ်ယာန် ဒီမိုကရက်တစ်အခွေါနှင့် တောင်သူလယ်သမား အဖွဲ့အစည်းများ၊ ကျောင်းသားများ၊ အလုပ်သမား သမဂ္ဂများ၊ ဘာသာရေး အဖွဲ့အစည်းများမှ ပဂ္ဂိုလ်များသည် ဒီမိုကရက်တစ် တော်လှန်ရေးတပ်ဦးကို ဖွဲ့စည်းပြီး အစိုးရကို ပိုမိုဆန့်ကျင်လာခဲ့ကြသည်။

၁၉၈၁ ခုနှစ် ဇန်ဝါရီလ ၁၀ ရက်နေ့တွင် ဒီမိုကရက်တစ် တော်လှန်ရေးတပ်ဦး ပြောက်ကျားတပ်ဖွဲ့များက အစိုးရတပ်ဖွဲ့များကို စတင်ထိုးစစ်ဆင်ကြသည်။ ဆန်ဆေဗာဒို မြို့တော်မှ တိုက်ပွဲစတင်ပြီး ကျေးလက်ဒေသများသို့တိုင် ဆက်လက်ဖြစ်ပွားခဲ့သည်။ ပြောက်ကျားများသည် ကျေးလက်ကိုသိမ်း၍ မြို့ကြီးကိုဝိုင်းသည့် မဟာဗျူဟာစစ်ဆင်ရေးကို ကျင့်သုံးခဲ့ကြသည်။ မိုရာဇန်နှင့် ရှာလတန်နန် ကိုပြည်နယ်ရှိ မြို့ငယ်နှစ်မြို့ကို ပြောက်ကျားများက ခေတ္တာမျှသိမ်းပိုက်ထားနိုင်ခဲ့သည်။ တချိန်တည်းမှာပင် မြို့ကြီးများ၌ အထွေထွေ သပိတ်မှောက်မှုကြီးတရပ် ဆင်နွှဲရန်လည်း ပြည်သူတို့ကို လှုံ့ဆော်ခဲ့သည်။ သို့ရာတွင် ငါးရက်တာ ကြာသော အဆိုပါထိုးစစ်ကြီးတွင် လူပေါင်း ၁,၁၀၀ ခန့် သေဆုံး၍ အောင်မြင်မှုမရပဲ ရပ်ဆိုင်းလိုက်ရသည်။

သမ္မတ ရော်နယ်ရေဂင် ဦးဆောင်သည့် အမေရိကန် အစိုးရသစ်သည် အယ်ဆာဗေဒိုနိုင်ငံသို့ နောက်ထပ်စစ်ရေးနှင့် စီးပွားရေးအကူအညီ ဒေါ်လာ ၇၃ သန်းပေး

အကျယ်အဝန်း။	။၈၂,၅၉ စတုရန်းမိုင်
လူဦးရေ။	။၄၈,၁၀,၀၀၀
မြို့တော်။	။ဆန်ဆေဗာဒိုမြို့

ကမ်းရန် ကွန်ဂရက်လွှတ်တော်သို့ တင်ပြခဲ့သည်ဟု ဖေဖွဲ့ရီလ ၂၃ ရက်နေ့က ထုတ်ပြန်ကြေငြာသည်။

အယ်ဆာဗေဒို အာဏာသိမ်း အစိုးရအဖွဲ့ဝင်ဟောင်း တဦးဖြစ်သူ ဗိုလ်မှူးကြီး အဒေါ်ဖို မက်ဂျနိုသည် ထိန်းသိမ်းခံထားရာမှ လွတ်မြောက်လာပြီဖြစ်၍ အယ်ဆာဗေဒိုနိုင်ငံမှ ထွက်ခွာသွားလိမ့်မည်ဟု မတ်လ ၂၂ ရက်နေ့က စစ်ဘက်မှပြောခဲ့သည်။

အယ်ဆာဗေဒို ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ရှဖစ်ဟန်ဇယ်က သတင်းစာ ကွန်ဖရင့်တခုတွင် မိမိတို့ ပြောက်ကျားများအနေဖြင့် အမေရိကန်၏ စစ်ရေးအကူအညီပေးမှု ရပ်ဆိုင်းရေးအပေါ် အခြေခံပြီး အစိုးရအာဏာပိုင်များနှင့် ဆွေးနွေးရန် အသင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ သို့ရာတွင် မိမိတို့၏အခွင့်အရေး လုံခြုံမှုမရသေးမီ လက်နက်ချအပ်မည် မဟုတ်ဟု မတ်လ ၂၄ ရက်နေ့က ပြောကြားခဲ့သည်။

အစိုးရ၏ ဖိတ်ခေါ်ကမ်းလှမ်းချက်အရ လက်နက်ချအပ်ခဲ့သော ပြောက်ကျားသူပုန်ပေါင်း အနည်းဆုံး ၃၀၀၀ ခန့်ရှိပြီဖြစ်ကြောင်း အစိုးရ လွှတ်ငြိမ်းချမ်းသာခွင့် ကော်မရှင်က ပြီလ ၁၀ ရက်နေ့တွင် ကြေငြာသည်။

အယ်ဆာဗေဒို အစိုးရတပ်များသည် ပြောက်ကျားတို့လပေါင်းများစွာ အခိုင်အမာခိုအောင်းနေခဲ့သည့် ဆန်ဆေဗာဒိုမြို့တော်မြောက်ဘက် ၂၉ မိုင်အကွာရှိ စူရှီတိုတိုမြို့ကို အလုံးအရင်းနှင့် မြေလှန်တိုက်ခိုက် ဖျက်ဆီးခဲ့သည်။ ဤအကြိမ်မှာ တတိယအကြိမ်မြောက် အကြီးအကျယ် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အယ်ဆာဗေဒိုပြည်နယ်နှစ်ခုခွဲ အစိုးရတပ်နှင့် ပြောက်ကျားတိုက်ပွဲများ ပြင်းထန်လျက်ရှိပြီး မြောက်ပိုင်းပြည်နယ်တခုဖြစ်သော ရှာလတန်နန်ကို ဒေသခွဲ အပြင်းထန်ဆုံးဖြစ်သည်။ ထိုဒေသရှိ ပြောက်ကျားစခန်းများကို စစ်လေယာဉ်များ၊ လောင်ချာများဖြင့် တိုက်ခိုက်ခြေမှုန်းလျက်ရှိသည်ဟု စစ်ဘက်မှ မေလ ၂၆ ရက်နေ့က ကြေငြာခဲ့သည်။ ၁၉၇၀ ပြည့်နှစ် ဇန်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံရေးဆူပူအုံကြွမှုအတွင်း အသတ်ခံရသူပေါင်း ၂၂,၀၀၀ ရှိပြီဟု တရားရေး အာဏာပိုင်များက ပြောကြားခဲ့သည်။

မေလ ၂၉ ရက်နေ့တွင် လက်ဝဲ ပြောက်ကျားများနှင့် အစိုးရတပ်များ ဆန်ဆေဗာဒိုမြို့လယ်၌ တနာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် အစိုးရတပ်များက အခြေအနေထိန်းထားနိုင်ပြီး ပြောက်ကျားများ ဆုတ်ခွာပေးခဲ့ရသည်။


အစိုးရတပ်များသည် ဆန်ဆေဗာဒိုမြို့တော်၏ မြောက်နှင့်အရှေ့ဘက်ရှိ ပြောက်ကျားအခြေစိုက်စခန်း နှစ်ခုကို အပြင်းအထန်တိုက်ခိုက် ခြေမှုန်းခဲ့သည်။ မြို့တော်မှ ၃၆ မိုင်အကွာရှိ ချင်ချွန်တက်ပက် မီးတောင်တဝိုက်တွင် ဇွန်လ ၃ ရက်နေ့မှ စ၍ ကြည်းကြောင်း လေကြောင်း တိုက်ပွဲအပြင်းထန်ဆုံး ဖြစ်သည်။

လက်ဝဲပြောက်ကျားတို့က အာဏာရ လက်ယာကိုဏ်း စစ်အစိုးရနှင့် နိုင်ငံရေးအရ ပြေရှင်းရေး စေ့စပ်ဆွေးနွေးရန်

အယ်ဆာဗေဒိုအစိုးရအဖွဲ့၏ သမ္မတ ဟိုစေးနပိုလီယန်ဒွာတေ
ဦးဆောင်သော အယ်ဆာဗေဒိုအစိုးရအဖွဲ့၏ အုပ်ချုပ်မှု ကောင်စီဝင်များ



အင်ဒိုနီးရှား သမ္မတနိုင်ငံ။ ။အင်ဒိုနီးရှား သမ္မတနိုင်ငံသည် ကမ္ဘာပေါ်တွင် ကျွန်းအများဆုံး ပါဝင်ဖွဲ့စည်းထားသော ကျွန်းစုနိုင်ငံဖြစ်သည်။ ကျွန်းကြီးငါးကျွန်းနှင့်



ကျွန်းငယ်ပေါင်း ၁၃,၆၇၇ ကျွန်းရှိသော အင်ဒိုနီးရှားနိုင်ငံသည် အီကွေတာ၏ တဘက်တချက်တွင် တည်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံများအနက် ပဉ္စမမြောက် နိုင်ငံဖြစ်သည်။ အင်ဒိုနီးရှားအစိုးရက စပါးစိုက်ကွင်းများ တိုးခဲ့ခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသုံးစွဲခြင်း၊ စီမံကိန်းသစ်များ ချမှတ်ထားခြင်းနှင့် မျိုးကောင်းမျိုးသန့်များ ဝယ်ယူအသုံးပြုလာခြင်း တို့ကြောင့် စပါးအထွက်နှုန်း တိုးတက်လာခဲ့ရာ ၁၉၈၁ ခုနှစ်တွင် ဆန်တန်ချိန် ၂၃ သန်းခန့် ထွက်ရှိခဲ့သည်။ ပြည်တွင်းစားသုံးမှုတန်ချိန် ၁၉ သန်းခန့်နှင့် ဆန်ပြတ်လပ်မှုကို ရှောင်တိမ်းရေးအတွက် ဆန်တန်ချိန် သုံးသန်းခန့် သိုလှောင်ထားရန်လျာထားသည်။ မူလက နှစ်စဉ် ဆန်တင်သွင်းနေရရာမှ ၁၉၈၁ ခုနှစ်တွင် ပြည်တွင်းစားသုံးမှု ပူလုံလာပြီး ပြည်ပသို့ပင်တင်ပို့ရောင်းချရန် မျှော်မှန်းနိုင်ပြီဖြစ်လေသည်။

အင်ဒိုနီးရှားနိုင်ငံသည် ရေနံထုတ်လုပ်မှုနှင့် ပြည်ပသို့ တင်ပို့ရောင်းချမှု တိုးမြင့်ခဲ့ရာတွင် ရေနံဈေးနှုန်းမြင့်တက်လာမှုကြောင့် နိုင်ငံခြားငွေများစွာ ရရှိခဲ့သည်။ ၁၉၈၀–

အကျယ်အဝန်း။	။၇,၄၄,၀၀၀ စတုရန်းမိုင်
လူဦးရေ။	။၁၅,၄၇,၁၅,၂၁၁
မြို့တော်။	။ဂျာကာတာမြို့

အသင့်ရှိကြောင်းဖြင့် ဇူလိုင်လ ၂၂ ရက်နေ့က ရုတ်တရက် ကြေငြာခဲ့သည်။

လက်ဝဲပြောက်ကျားတို့အား အပြီးတိုင် ခြေမှုန်းမည့် ထိုးစစ်ကြီးတရပ်ကို လမ်ပါမြစ်အနီးရှိ အရှေ့ဘက်ဒေသ တခွင်၌ အကြီးအကျယ် ဆင်နွှဲခဲ့ရာ ယင်း တိုက်ပွဲသည် ၁၉၈၁ ခုနှစ်အတွင်း အကြီးမားဆုံး ထိုးစစ်ကြီးဖြစ်သည်ဟု ဆိုသည်။

ဆန်ဆေဗာဒို့မြို့တော်မှ ၂၉ မိုင်အကွာရှိ စူရှိတိုတို့မြို့ပတ်ဝန်းကျင်မှ ကျေးရွာများသို့ ပြောက်ကျားများ ဝင်ရောက်တပ်စွဲထားနိုင်ခဲ့သည်ဟု နိုဝင်ဘာလ ၂ ရက်နေ့က ကြေငြာခဲ့သည်။ စူရှိတိုတို့မြို့သည် မြောက်ပိုင်းသို့ ဆက်သယ်ရေး အဓိကလမ်းတွင်ရှိပြီး ပြောက်ကျားများက ယင်းသို့သိမ်းပိုက်ထားခြင်းဖြင့် မြောက်ပိုင်း ရှာလတန်နန်ဂို ပြည်နယ်ရှိ အစိုးရတပ်များထံ ရိက္ခာပို့လမ်းကြောင်းကို ဖြတ်တောက်ထားနိုင်ခဲ့သည်။

အယ်ဆာဗေဒိုသမ္မတက လက်ဝဲဝါဒီများအား လုတ်လပ်ရေးနှင့် ဒီမိုကရေစီရေးကို အစစ်အမှန် ယုံကြည်ပါက လာမည့် ၁၉၈၂ ခုနှစ် မတ်လတွင်ကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီ ပြည်သူလူထုကို မိမိတို့၏ ရည်မှန်းချက်များနှင့် ပတ်သက်၍ ပြောလိုသမျှ ထုတ်ဖော် တင်ပြကြရန် နိုဝင်ဘာလ ၃၀ ရက်နေ့က တိုက်တွန်းလိုက်ပြီး သူ့အား ပဂ္ဂလိကလုပ်ငန်းများ၏ ရန်သူအဖြစ် မှားယွင်းစွာ စွပ်စွဲခဲ့ကြသည့် အစွန်းရောက် လက်ယာ ဝါဒီများကိုလည်း ဝေဖန်ပြောကြားခဲ့သည်။

အယ်ဆာဗေဒိုနိုင်ငံမှ ခြေလျင်တပ်သား ၁,၆၀၀ ကို ၁၉၈၂ ခုနှစ် ဇန္နဝါရီလမှစ၍ စစ်အခြေစိုက်စခန်း နှစ်ခုတွင် ၁၆ ပတ်ကြာ စစ်သင်တန်းပေးမည်ဟု အမေရိကန် ပင်တဂွန် စစ်ဌာနချုပ်က ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ပြောကြားလိုက်သည်။

အိုပက်။ ။(ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ — ရှု။)

အက်စကက်။ ။(အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင် — ရှု။)

အင်္ဂလန်နိုင်ငံ။ ။(ဗြိတိန်နိုင်ငံ — ရှု။)

၈၁ ခုနှစ် ပြည်ပ ငွေပေးငွေယူရှင်းတမ်းတွင် ပိုငွေဒေါ်လာ သန်းပေါင်း ၃၀၀၀ ခန့် ရှိလာမည်ဟု ခန့်မှန်းထားသည်။ သို့ရာတွင် ငွေဖောင်းပွမှု၊ အလုပ်လက်မဲ့ဦးရေ ကြီးထွားလာမှုနှင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ တတိယငါးနှစ်စီမံကိန်းဖြစ်သည့် ၁၉၇၉–၈၄ ခုနှစ် သက်တမ်းအတွင်း၌ အလုပ်လက်မဲ့ဦးရေ လျော့ပါးလာစေရေး အတွက် လုပ်ငန်းသစ်များ တိုးခဲ့ရေးကို အဓိကဦးစားပေး ဆောင်ရွက်ယင်း တဘက်တွင်လည်း ငွေဖောင်းပွမှုနှုန်း တဖြည်းဖြည်း လျော့နည်းလာစေရန် ကြိုးပမ်းလာခဲ့ရာ ၁၉၇၉ ခုနှစ်က ငွေဖောင်းပွမှုနှုန်း ၃၃ ဒသမ ၄ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၁၉၈၁ ခုနှစ်တွင် ၂၇ ဒသမ ၇ ရာခိုင်နှုန်းသို့ ကျဆင်းလာသည့်အထိ ဆောင်ရွက်နိုင်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် အသွင်အမျိုးမျိုးဖြင့် ပြုလုပ်နေသော လောင်းကစားမှုများကို သမ္မတ၏ ညွှန်ကြားချက်များနှင့် အညီ တားမြစ်ပိတ်ပင်သွားမည် ဖြစ်ရာ တရားမဝင် လောင်းကစားမှု ပြုသူများကို အကာ အကွယ်ပေးရန် ကြိုးပမ်းသူများအား လည်း အတိအကျ အရေးယူဆောင်ရွက်သွားမည်ဟု ဆိုသည်။ လောင်းကစား ဝိုင်းများ၌ အလုပ်လုပ်ကိုင်နေသော လုပ်သားဦးရေ ၃၀၀၀ ခန့်အတွက် အလုပ်လက်မဲ့ ပြဿနာဖြစ်ပေါ်လာမှုကို လူ အင်အားဝန်ကြီးဌာနက ကူညီဖြေရှင်းသွားမည်ဟု ၁၉၈၁ ခု ဇန္နဝါရီလ ၁၁ ရက်နေ့တွင် ကြေငြာသည်။ ဂျာကာတာမြို့ အုပ်ချုပ်ရေးအဖွဲ့တွင် အဆိုပါလောင်းကစားမှုများမှ အင်ဒို နီးရှားနိုင်ငံ သုံးငွေသန်း ၁၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၇ သန်းခန့်) အကောက်ခွန်ရရှိခဲ့ရာမှ လျော့နည်းသွား မည် ဖြစ်သော်လည်း လောင်းကစားမှုကြောင့် အကျင့် စာရိတ္တပျက်ပြားမှုနှင့် နှိုင်းစာလျှင် မထောင်းတာလှုပါဟု ဂျာကာတာ ဒုတိယအုပ်ချုပ်ရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ချော်မိန့်က ထုတ်ဖော်ပြောကြား ခဲ့လေသည်။

အင်ဒိုနီးရှားနိုင်ငံ ဆုမတ္ထရာကျွန်း မြောက်ပိုင်းတွင် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အေဆီယင်) အတွက် ယူရီးယားဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရန် ဂျပန် နိုင်ငံက အင်ဒိုနီးရှားနိုင်ငံသို့ ယန်းငွေကုဋေ ၁,၇၉၀ ထပ်မံ ချေးငှားရန် ၁၉၈၁ ဇန္နဝါရီလ ၁၃ ရက်နေ့တွင် သဘော တူခဲ့သည်။

အေဆီယင်အဖွဲဝင်နိုင်ငံများသို့ ၁၃ ရက်ကြာခရီးလှည့် လည်လျက်ရှိသော ဂျပန်ဝန်ကြီးချုပ် ဇင်ကို ဆူဇူကီးသည် အင်ဒိုနီးရှားသမ္မတဆူဟာတိုနှင့် နှစ်ကြိမ်တွေ့ဆုံဆွေးနွေးပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် ကတိပေးခဲ့သည်။ အင်ဒို နီးရှားနှင့် အဓိကရေနံဖောက်သည် ဂျပန်နိုင်ငံပါဝင်သည့် လောင်စာစွမ်းအင် ကော်မရှင်အဖွဲ့တခုကို ၁၉၈၁ ခုနှစ် အတွင်း ဖွဲ့စည်းရန် သဘောတူကြောင်း ကြေငြာသည်။



အင်ဒိုနီးရှားနိုင်ငံသို့ အစိုးရ ည့်သည်တော်အဖြစ် ရောက်ရှိလာသော ကူဝိတ်နိုင်ငံအကြီးအကဲ ဇီတ်ဂျာဘာအယ် အာမက်အယ်ဆာဘားကို သမ္မတ ဆူဟာတိုနှင့်အတူတွေ့မြင်ရပုံ၊ ဝေနံထုတ်လုပ်ဖက်နိုင်ငံအချင်းချင်း အကျိုးတူကိစ္စများ ဆွေးနွေးခဲ့သည်။



အမယ်ကြီးအို အောင်ဝိန်

အကဖြင့် လည်းကောင်း၊ အပျော်ထမ်းဝင်ရောက် ကပြကူညီခဲ့သည်။

ထိုစဉ်က အတူကပြသော ယိမ်းသမလေး မသောင်းတင်သည် မန္တလေးမြို့သို့ ရောက်သွားပြီး မကြာမီ နာမည်ကျော် အငြိမ့်မင်းသမီး ဖြစ်လာသည်ကို အားကျမိကာ မင်းသားကြီးဖြစ်အောင်ကျိုက်လတ် ဒေါ်သင်၊လူ ရွှင်တော်ဦးဉာဏ်ကျယ်တို့ထံတွင် အကသင်သည်။

ထို့နောက် ကိုအောင်သိန်းကို ဇာတ်မင်းသား အဖြစ် ဦးထွန်းညွန့်-ဒေါ်မြမေတို့က စင်တင်ပဲ့ထုတ်ပြီး ပထမတွင် စစ်ကွင်းမြို့၌ ကပြရသည်။ ထို့ပြင် လက်ပံတန်း၊ လှည်းကူး၊ ဖောင်ကြီး၊ ဝါးကျောင်း အစရှိသည့် မြို့ရွာများသို့ အောင်မြစိန်အမည်ဖြင့် လှည့်လည်ကပြရသည်။

တဖန် အောင် သိန်း ကျော် အမည်ဖြင့်လည်းကောင်း၊ ဇာတ်မင်းသား အောင်စိန်အမည်ဖြင့်လည်းကောင်း၊ ကပြပြန်သည်။ ဇာတ်ကနေယင်းမှပင် ဇာတ်လမ်း ရေးသားသည့် ပညာများကို သင်ကြားပြီးဇာတ်လမ်းများရေးသားခဲ့လေသည်။

မင်းသားအောင်စိန်သည် ဇာတ်ကသည့်အခါ ဇာတ်နှင့် အံဝင်ခွင်ကျဖြစ်မည့်ဇာတ်လမ်းမျိုးတွင် အမယ်ကြီးအို နှင့်တူအောင် ကပြနိုင်စွမ်းရှိသောကြောင့် နောင်အခါတွင် အမယ်ကြီးအိုအောင်စိန်ဟူသော အမည်သည် ကျော်ကြားထင်ရှားလာသည်။ မင်းသားအောင်စိန်၏ မူလရုပ်ရည်ကမူ ဖြူဖြူခန့်ခန့်နှင့် အရပ်အမောင်း ကောင်းသည်။

အမယ်ကြီးအိုအောင်စိန်သည် နောင်တွင် ရွှေမန်းတင်မောင်နှင့် တွဲဆိုမိကြသည်။ရွှေမန်းတင်မောင် ဇာတ်တွင် မင်းသားကြီးအဖြစ် ကပြအသုံးတော် ခံခဲ့သည်။ ရွှေမန်းတင်မောင်နှင့်အတူ တွဲဖက်ကာ ညီအစ်ကို၊ သားအဖ၊

အင်ဒိုနီးရှားနိုင်ငံသည် ၁၉၇၀ ပြည့်နှစ်မှစ၍ ပြည်တွင်းအထပ်သား လုပ်ငန်းကို မြှင့်တင်နိုင်ရန်အတွက် နိုင်ငံခြားသို့ သစ်လုံးများ လျှောချောင်းရန် မူချမှတ်ခဲ့သဖြင့် ၁၉၇၁ ခုနှစ်အတွက် ဂျပန်နိုင်ငံသို့ သစ်လုံးများတိုးတက်ရောင်းချခြင်းကို မပြုခဲ့ချေ။

အင်ဒိုနီးရှား နိုင်ငံပိုင် ပါတာမီနာ ရေနံ ကုမ္ပဏီနှင့် တောင်ကိုရီးယားမှ နမ်ဆန်ဖွံ့ဖြိုးရေး ကုမ္ပဏီတို့သည် ဂျာဗားကျွန်း အရှေ့ဘက်ရှိ မဒူရာဒေသတွင် ရေအောက်ရေနံရှာဖွေရေး လုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ရန် ၁၉၇၁ ခုနှစ် ဇန္နဝါရီလ ၂၀ ရက်နေ့တွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။

အင်ဒိုနီးရှားအစိုးရသည် ၁၉၇၁ ခုနှစ်အတွင်း သကြားစက်ရုံ ငါးခုကို တည်ဆောက်မည်ဖြစ်သည်။ ၁၉၇၄ ခုနှစ်အမီ သကြားစက်ရုံ ၁၁ ရုံ တည်ဆောက်ရေး စီမံကိန်း၏ တစိတ်တဒေသအဖြစ် စတင် အကောင်အထည် ဖော်ခြင်းဖြစ်သည်။

အိမ်ရာဆောက်လုပ်ရေး စီမံကိန်းများတွင် တန်ဇားနီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ တန်ဇားနီးယား နိုင်ငံတွင် လူနေအိမ်များ တည်ဆောက်ရာတွင် ကူညီရန် အင်ဒိုနီးရှား အိမ်ရာဆောက်လုပ်ရေး ပါရဂူ ခြောက်ဦးကို စေလွှတ်ပေးခဲ့သည်။

၁၉၇၁ ခုနှစ် မေလ ၇ ရက်နေ့တွင် အင်ဒိုနီးရှားပြည်တွင်းတွင် ထုတ်လုပ်သော ပထမဆုံး ဒုံးပျံကို ပါမင်းဟုတ် ဒုံးပျံစခန်းမှ ပစ်လွှတ်ခဲ့သည်။

ကျူးဗားနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ၁၀ နှစ်ကြာမျှ သံတမန် အဆက်အသွယ် ဖြတ်တောက်နေခဲ့ရာမှ ၁၉၇၁ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့မှစ၍ ပုံမှန် သံတမန်ဆက်သွယ်မှုများ ပြုလုပ်ခဲ့သည်။

အိန္ဒိယနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည်စက်မှုလုပ်ငန်းနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ကြရန် နှစ်နိုင်ငံသဘောတူညီချက်တရပ်ကို ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် လက်မှတ် ရေးထိုးကြသည်။

စအောင် စိန် ၊ အ မယ် ကြီး အို (မြန် မာ ၁၂၆၄–၁၃၄၂)။ ။အမယ်ကြီးအို အောင်စိန်ကို ၁၂၆၄ ခုနှစ်တွင် ရန်ကုန်မြို့ ကြက်တန်းသာယာကုန်း၌ မွေးဖွားသည်။ မိဘများမှာ ဦးအောင်မြတ်နှင့် ဒေါ်ငွေရှိတို့ ဖြစ်သည်။ မွေးချင်းညီအစ်ကို နှစ်ဦးအနက် အကြီး ဖြစ်သည်။ အမယ်ကြီးအိုအောင်စိန်၏ ငယ်မည်မှာ မောင်အောင်သိန်း ဖြစ်သည်။ ငယ်စဉ်က ဘုရားပြဇာတော်၏ ဘုန်းကြီးပျံပွဲတွင် တိုးနယား အကဖြင့် လည်းကောင်း၊ လူပြက်နတ်ပြက်

အောင်စိန်၊ အမယ်ကြီးအို

ရှင်ဘုရင် အစရှိသည့် အခန်းများတွင် ပါဝင် ကပြခဲ့သည်။

ဗုဒ္ဓဝင်ဇာတ်လမ်းများကို အများဆုံးရေးသားခဲ့၍ ဗုဒ္ဓဝင်စာရေးဆရာကြီးဟူ၍ပင် ခေါ်ကြလေသည်။ ဦးအောင်စိန် ရေးသားခဲ့သောဇာတ်လမ်းများကို အသံသွင်းခဲ့သည်။ ရှင်မောဂ္ဂလန်၊ ယောသက၊ မြတ်ဗုဒ္ဓ၏ ဒုက္ကရစရိယာ ကျင့်တော်မူခန်း အစရှိသော ဇာတ်လမ်းများသည် အမယ်ကြီးအိုအောင်စိန်၏ လက်ရာများဖြစ်သည်။


အမယ်ကြီးအိုအောင်စိန်သည် သဘင်ကောင်စီဝင်တဦးလည်း ဖြစ်သည်။

အမယ်ကြီးအို အောင်စိန်သည် ၁၉၈၁ ခုနှစ် ဖေဖွဲ့ဝါရီလ ၁၆ ရက်နေ့၊ အသက် ၇၉ နှစ်အရွယ်တွင်ကွယ်လွန်ခဲ့သည်။

အစ္စရေးနိုင်ငံ။ ။၁၉၈၁ ခုနှစ် ဧပြီလအတွင်း၌ လက်ဗန္ဓနိုင်ငံတွင် ဆီးရီးယားတပ်များနှင့် ခရစ်ယာန်ဘာသာဝင်လက်ဗန္ဓန်ပြည်သူစစ်များတိုက်ခိုက်လာကြရာမှ ခြောက်နှစ်ကြာ အပစ်အခတ်ရပ်စဲခဲ့သော လက်ဗန္ဓန်ပြည်တွင်းစစ်ပြန်လည်ဖြစ်ပွားခဲ့သည်။ တဆက်တည်းမှာပင် လက်ဗန္ဓန်နိုင်ငံ အတွင်း၌ ဆီးရီးယားနှင့် အစ္စရေးတပ်များ ပစ်ခတ်မှုများကြောင့် ဆီးရီးယား - အစ္စရေးတင်းမာမှုများ ဖြစ်ပွားပြန်သည်။



အစ္စရေးပါလီမန်၌ ဝန်ကြီးချုပ် ဗယ်ဂင်အပါအဝင် အမတ်အများစုက ဂိုလန် ကုန်းမြင့်ဥပဒေ ပြဋ္ဌာန်းခြင်းကို တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။



ဆီးရီးယားတပ်များနှင့် ခရစ်ယာန်တပ်များ တိုက်ခိုက်နေစဉ်အတွင်း အစ္စရေးလေတပ်က ဆီးရီးယား ရဟတ်ယာဉ်နှစ်စင်းကို ဧပြီလ ၂၉ ရက်နေ့တွင် ပစ်ချခဲ့သည်။ ထို့ကြောင့် အစ္စရေးနှင့် ဆီးရီးယားတို့ ဆက်ဆံရေးတင်းမာလာခဲ့ပြီး ဆီးရီးယားနိုင်ငံက ဆိုဗီယက်ပြည်ထောင်စုလုပ်ဆမ် ၆ ဒုံးပျံများကို လက်ဗန္ဓန်နိုင်ငံ ဘေကားတောင်ကြားဒေသသို့ ပေးပို့ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ ထို့အပြင် ဆီးရီးယားတပ်များသည် လက်ဗန္ဓန်နိုင်ငံ တောင်ပိုင်းရှိ မျဉ်းနိုကိုဖြတ်လျက် လီတာနီမြစ်တလျှောက်မှ အစ္စရေးမြောက်ပိုင်းနယ်စပ်ဒေသအထိ ချီတက်ခဲ့ကြသည်။

အစ္စရေးနှင့် ဆီးရီးယားပဋိပက္ခကြောင့် အရှေ့အလယ်ပိုင်း ဒေသ၏ ငြိမ်းချမ်းရေးကို အဟန့်အတား ဖြစ်လာနိုင်သဖြင့် ပြဿနာကို ငြိမ်းချမ်းစွာ အဖြေရှာရေးအတွက် အမေရိကန်ပြည်ထောင်စုသည် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဖီးလစ်ဟာဘစ်အား သမ္မတ ရေဂင်၏ အထူးသံတမန်အဖြစ် ဆီးရီးယား၊ လက်ဗန္ဓန်နှင့် အစ္စရေးနိုင်ငံများသို့ စေလွှတ်ခဲ့သည်။ အလားတူပင် ဆိုဗီယက်ပြည်ထောင်စုကလည်း ထိုအရေးနှင့်စပ်လျဉ်း၍ ပထမလက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဂျော်ဂျီကော်နီယန်ကိုအား ဆီးရီးယားနိုင်ငံသို့ စေလွှတ်ခဲ့သည်။

အမေရိကန်သံတမန် ဖီးလစ်ဟာဘစ်သည် မေလ ၁၁ ရက်နေ့တွင် အစ္စရေးဝန်ကြီးချုပ် ဗယ်ဂင်နှင့် တွေ့ဆုံခဲ့

အကျယ်အဝန်း။	။၈,၂၁၉ စတုရန်းမိုင်
လူဦးရေ။	။၃၈,၈၀,၀၀၀
မြို့တော်။	။ဂျရုဇလမ်းမြို့

သည်။ ဖီးလစ်ဟာဘစ်သည် ရက်သတ္တနှစ်ပတ်ကြာ လွန်းပျံခရီးဖြင့် အစွဲရေး၊ ဆီးရီးယား၊ လက်ဗန္ဓနန်နှင့် ဆအူးဒီအာရေဗျနိုင်ငံများသို့ သွားရောက်၍ လှည့်လည် ဆွေးနွေးခဲ့သော်လည်း ပြတ်သားသောအဖြေကို မရရှိမှုကြောင့် သမ္မတ ရေဂင်နှင့်ဆွေးနွေးရန် မေလ ၂၇ ရက်နေ့တွင် အမေရိကန်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

လက်ဗန္ဓနန်အရေးအခင်းနှင့် စပ်လျဉ်း၍ အီဂျစ်သမ္မတ အန္ဝါဆဒတ်နှင့် အစွဲရေးဝန်ကြီးချုပ် ဗယ်ဂင်တို့သည် ဆိုင်းနိုင်းဒေသရှိ အစွဲရေးတို့ သိမ်းပိုက်ထားသော ရှမ်အဲလ်ရှိတ်၌ ဇွန်လ ၄ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် အစွဲရေးဝန်ကြီးချုပ် ဗယ်ဂင်က လက်ဗန္ဓနန်ရှိ ပါလက်စတိုင်းအခြေခံစခန်းများကို တိုက်ခိုက်ခြင်းမပြုရန်အီဂျစ်သမ္မတ၏ ပန်ကြားချက်ကို မိမိတို့က ပယ်ချခဲ့ကြောင်း ပြောကြားသည်။

ဆီးရီးယားဒုံးပျံအရေးအခင်းကြောင့် ဆီးရီးယားနှင့် အစွဲရေးတို့ ဆက်ဆံရေး တင်းမာနေစဉ်အတွင်း အစွဲရေးတို့က အီရတ်နိုင်ငံ၏ မြို့တော် ဘဂ္ဂဒက်မြို့ အနီးရှိ တမ်မုဇ် ရှားကလီးယား ဓာတ်ပေါင်းဖိုကို ဇွန်လ ၇ ရက်နေ့တွင် ရှုတ်တရက်ဝင်ရောက်ဗုံးကြဲဖျက်ဆီးခဲ့သည်။ ထိုစက်ရုံသည် ဘဂ္ဂဒက်မြို့တော်နှင့် ၁၀ မိုင်ကျော် အကွာတွင် တည်ရှိပြီး ပြင်သစ်နိုင်ငံကတည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ အစွဲရေးတို့သည် ယင်း စက်ရုံကို အမေရိကန်လုပ် အက်ဖ ၁၆ အမျိုးအစားဗုံးကြဲတိုက်လေယာဉ်ရှစ်စင်းနှင့် အက်ဖ ၁၅ အမျိုးအစား တိုက်လေယာဉ် ခြောက်စင်းတို့ဖြင့် သွားရောက် တိုက်ခိုက်ခဲ့ကြသည်။

အီရတ်သည် အစွဲရေးကို တိုက်ခိုက်ရန် အဏုမြူဗုံးများ ထုတ်လုပ်ရေးကို စီစဉ်လျက်ရှိသဖြင့် မိမိတို့က ခုခံစစ်အနေဖြင့် ထိုကဲ့သို့ တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်ဟု အစွဲရေးနိုင်ငံက ကြေငြာခဲ့သည်။

အီရတ်နိုင်ငံကမူ ရှားကလီးယား ဓာတ်ပေါင်းဖိုသည် ငြိမ်းချမ်းရေးအတွက် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အစွဲရေး၏ ကျူးကျော်မှုကို အရေးယူပေးပါရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ဇွန်လ ဂ ရက်နေ့တွင် ပန်ကြားခဲ့သည်။ ထို့ပြင် အာရပ်အဖွဲ့ချုပ်၏ အစည်းအဝေးခေါ်ယူပေးပါရန်လည်း အာရပ်အဖွဲ့ချုပ်သို့ ပန်ကြားခဲ့သည်။

ထိုဗုံးကြဲမှုသည် အရွှေအလယ်ပိုင်းဒေသ တခုလုံး၏ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ခြင်းဖြစ်ကြောင်း အာရပ်နိုင်ငံများက ဝိုင်းဝန်းရှုတ်ချခဲ့ကြသည်။ တချိန်တည်းမှာပင် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာနက အစွဲရေးနိုင်ငံအား လှုတ်ချခဲ့ပြီး အစွဲရေးနိုင်ငံသို့ ပေးပို့ရန်ရှိသော အက်ဖ ၁၆ စစ်လေယာဉ် လေးစင်းပေးပို့ရေးကို ရပ်ဆိုင်းလိုက်ကြောင်း ဇွန်လ ၁၀ ရက်နေ့တွင် ကြေငြာခဲ့သည်။



အရွှေအလယ်ပိုင်းဆိုင်ရာ အမေရိကန် အထူးသံတမန် ဖီလစ်ဟာဘစ်သည် ဝန်ကြီးချုပ် ဗယ်ဂင်နှင့် တွေ့ဆုံခဲ့စဉ်

ဇွန်လ ၁၉ ရက်နေ့တွင်ကျင်းပသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးသည် အစ္စရေး၏ကျူးကျော်ပုံးကြဲမှုကို ပြင်းထန်စွာရှုတ်ချကြောင်းနှင့် ပျက်စီးသွားသော ဟန်ဖိုးကို အီရတ်နိုင်ငံအား ပေးလျော်ရန်ဟူသော အဆိုတရပ်ကို အမေရိကန်ပြည်ထောင်စုအပါအဝင် အဖွဲ့ဝင် ၁၅ နိုင်ငံက အညီအညွတ် ဆုံးဖြတ်ခဲ့ကြသည်။


၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံခြားရေးဝန်ကြီးမိုရှေဒါယန်းသည် ဂျော်ဒန်မြစ်၏ အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်းများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေးတွင် မစ္စတာဗယ်ဂင်၏ တင်းမာသော သဘောထားကို မကျေနပ်၍ အစိုးရအဖွဲ့မှနုတ်ထွက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် အတွင်းတွင်လည်း ကာကွယ်ရေးဝန်ကြီး အီဇာဝိုက်ဇမန်းသည် ကာကွယ်ရေးအသုံးစရိတ် ဖြတ် တောက် ခြင်း ကို မကျေနပ်၍ နုတ်ထွက်ခဲ့ပြန်သည်။ ထို့နောက် ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း အာဘိုက်အခံ လေဘာပါတီက ဦးဆောင်လျက် အစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းခဲ့ရာ မစ္စတာ ဗယ်ဂင်အစိုးရသည် သုံးမဲသာ ကပ်၍ အနိုင်ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ် ဇန္နဝါရီလတွင် ဘဏ္ဍာရေးဝန်ကြီး ဟော်ရိဝစ်သည် ကျောင်းဆရာများ လစာတိုးရေးနှင့် ပတ်သက်၍ မကျေမနပ်ဖြစ်ကာ နုတ်ထွက်ခဲ့ပြန်သည်။

ထိုသို့ အစိုးရအဖွဲ့အတွင်းမှ ဝန်ကြီးများ နုတ်ထွက်ခဲ့ကြခြင်း၊ ပြည်တွင်းစီးပွားရေးနှင့် လူမှုရေးအကျပ်အတည်းများကြီးမားလာခြင်းတို့ကြောင့် အတိုက်အခံပါတီများက ရွေးကောက်ပွဲကို စောချ၍ ကျင်းပပေးရန် တောင်းဆိုလာကြရာ ၁၉၈၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင်ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ခဲ့ရသည်။

၁၉၈၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပခဲ့ပြီး ဇူလိုင်လ ၅ ရက်နေ့တွင် ထုတ်ပြန်သော အစ္စရေးရေဒီယို ကြေငြာချက်၌ လီကွတ်ပါတီက ၄၈ ဦး (ယခင် ၄၃ ဦး)၊ လေဘာပါတီက ၄၇ ဦး(ယခင် ၃၂ ဦး) ရရှိခဲ့ကြသည်။

အစ္စရေး လွှတ်တော်တွင် အမတ်ဦးရေ ၁၂၀ ရှိသည့် အနက် ထက်ဝက်ကျော် အမတ်ဦးရေရရှိမှသာ အစိုးရဖွဲ့နိုင်မည်ဖြစ်ရာ ပါတီကြီး နှစ်ခုစလုံးသည် ကျန်ပါတီငယ်များနှင့် ပူးပေါင်းရန် ကြိုးပမ်းခဲ့ကြသည်။ ထိုအတွင်း မစ္စတာဗယ်ဂင်၏ လီကွတ်ပါတီက အမျိုးသားဘာသာရေးပါတီမှ ခြောက်ဦး၊ အဂူဒတ်အစ္စရေးပါတီမှ လေးဦးနှင့် တမီပါတီမှ သုံးဦးတို့ဖြင့် ပူးပေါင်း၍ အစိုးရဖွဲ့စည်းမည် ဖြစ်ကြောင်း ကြေငြာနိုင်ခဲ့သဖြင့် အစ္စရေး သမ္မတ ယစ်ဇတ်နာဗွန်က မစ္စတာ ဗယ်ဂင်အား အစိုးရ ဖွဲ့စည်းရန် ဇူလိုင်လ ၁၄ ရက်နေ့တွင် တာဝန်ပေးခဲ့လေသည်။

အိန္ဒိယပြည်ထောင်စုသမ္မတနိုင်ငံ။ ။အိန္ဒိယ ပြည်ထောင်စု သမ္မတ နိုင်ငံသည် ၁၉၄၁ ခုနှစ်တွင် ဆိုဗီယက် ပြည်ထောင်စုနှင့် ကုန်သွယ်မှုနှင့်စီးပွားရေး ဆက်ဆံမှုမျှားအမျှားဆုံး ပြုလုပ်ခဲ့သည်။ အိန္ဒိယနှင့် ဆိုဗီယက် ပြည်ထောင်စုတို့၏ ကုန်သွယ်မှုသည် ၁၉၇၉–၈၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁,၅၂၆ သန်း ရှိခဲ့ရာမှ ၁၉၈၁ ခုနှစ်တွင် ဒေါ်လာ ၂,၂၀၀ သန်းဖိုး ရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အိန္ဒိယသို့ ဆိုဗီယက် သမ္မတ ဗရက်ဇျက် ရောက်ရှိခဲ့စဉ်က လက်မှတ်ရေးထိုးခဲ့သည့် ၁၉၈၁–၈၅ ငါး



နှစ် ကုန်သွယ်ရေး သဘောတူညီချက်အရ နှစ်နိုင်ငံ ကုန်သွယ်ရေး ပမာဏသည် ၁၉၈၅ ခုနှစ်တွင် လက်ရှိ ပမာဏထက် နှစ်ဆတိုးလိမ့်မည်ဟု မျှော်မှန်းထားသည်။ ဆိုဗီယက်က အိန္ဒိယနိုင်ငံသို့ ရေနံရှာဖွေရေး လုပ်ငန်း၊ ရေနံချက်လုပ်ငန်း၊ သတ္တုရှာဖွေရေးလုပ်ငန်း၊ ခဘတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံး ကိရိယာများ ထုတ်လုပ်ရေးလုပ်ငန်း၊ ဆေးဝါးလုပ်ငန်း၊ အသေးစားနှင့် အကြီးစား စက်ကိရိယာ ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် သိုးမွေးမြူရေးလုပ်ငန်းများနှင့် အခြားလုပ်ငန်းများတွင် အကူအညီများပေးခဲ့သည်။ အိန္ဒိယနိုင်ငံ၏ စက်မှု စိုက်ပျိုးရေးနှင့် ပညာရေးလုပ်ငန်း အမျိုးမျိုးအတွက် စီမံကိန်းလုပ်ငန်းပေါင်း ၇၀ ကျော်တွင် ကူညီခဲ့သည်။

ဆိုဗီယက် ပြည်ထောင်စုသည် အိန္ဒိယနိုင်ငံ တောင်ပိုင်း ဝိသာခါပတ္တနမ်တွင် တည်ဆောက်မည့် အကြီးစား သံမဏိစက်ရုံအတွက် အမေရိကန်ဒေါ်လာ ၂၄၅ သန်း ချေးငှားရန် ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့က သဘောတူ



အိန္ဒိယနိုင်ငံနယူးဒေလီမြို့သို့ တရားဝင်အလည်အပတ်ရောက်ရှိလာသော တရုတ်နိုင်ငံခြားရေးဝန်ကြီး ဟွမ်ဟွာ ကို ဝန်ကြီးချုပ် မစ္စက် အင်ဒီရာဂန္ဓီက ကြိုဆိုနှုတ်ဆက်နေပုံ

ခဲ့သည်။ အဆိုပါ ချေးငွေကို ဆိုဗီယက် ပြည်ထောင်စုမှ နှစ်နိုင်ငံ ဆက်ဆံရေး တင်းမာမှု လျော့ပါးလာခြင်းပင် ယေယူမည့် စက်ပစ္စည်းနှင့် ကိရိယာများအတွက် အသုံးပြုရန် ဖြစ်သည်။ အပြန်အလှန်အားဖြင့် အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သော ရွှေပီးငွေ ၉၄ သန်း (ဒေါ်လာ ၁၀ သန်းကျော်) တန်ဖိုးရှိသော သံတိုသံစများ အလိုအလျောက် သယ်ယူပို့ဆောင်ပေးသည့် စက်များနှင့် ကြိတ်စက်များကို ဆိုဗီယက် ပြည်ထောင်စုက ဝယ်ယူရန် ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့က စာချုပ် ချုပ်ခဲ့သည်။

ဂင်္ဂါမြစ်ရေ ခဲ့ဝေသုံးစွဲရေးနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှနိုင်ငံနှင့် လက်ရှိသဘောတူညီချက်မှာ ၁၉၇၅ ခုနှစ် နိုဝင်ဘာလထိ အတည်ဖြစ်ပြီး သဘောတူညီချက် အသစ်တရပ် ထပ်မံညှိနှိုင်းရမည် ဖြစ်သည်။ ဂင်္ဂါမြစ်ဝှိ နယူးမိုးကျွန်း (တောင်တယ်ပက်တီကျွန်း) ပိုင်ဆိုင်ခွင့် အငြင်းပွားမှုကို ပြေရှင်းဆွေးနွေးရန် ဘင်္ဂလားဒေ့ရှ နိုင်ငံခြားရေးဝန်ကြီး ရှမ်ဆူဟတ်သည် ၁၉၇၁ ခုနှစ် နိုဝင်ဘာလအတွင်းက နယူးဒေလီမြို့သို့ ရောက်ရှိခဲ့သည်။

၁၉၇၁ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ နိုင်ငံခြား ဆက်ဆံရေးတွင် အထင်ရှားဆုံး တိုးတက်မှုမှာ တရုတ် အိန္ဒိယ ခရီးစဉ်ကို ဝန်ကြီးချုပ် အင်ဒီရာဂန္ဓီက ကြိုဆိုနှုတ်ဆက်နေပုံ

ပြည်ထောင်စုမှ နှစ်နိုင်ငံ ဆက်ဆံရေး တင်းမာမှု လျော့ပါးလာခြင်းပင် ဖြစ်သည်။ တရုတ် နိုင်ငံခြားရေးဝန်ကြီး ဟွမ်ဟွာသည် ၁၉၇၁ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ အလည်အပတ် ရောက်ရှိခဲ့ပြီး ကာလကြာရှည် စွာ ရှိခဲ့သော နှစ်နိုင်ငံ နယ်စပ် ပြဿနာကို ဆွေးနွေးရန် သဘောတူညီမှု ရရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ နိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများ၏ အစည်းအဝေးကို နယူးဒေလီမြို့တွင် ၁၉၇၁ ခုနှစ် ဖေဖွာရီလ ၉ ရက် နေ့မှ ၁၃ ရက်နေ့ထိ ကျင်းပခဲ့သည်။

အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း ရာဂျာစတန် ပြည်နယ်တွင် ၁၉၇၁ ခုနှစ် ဇူလိုင်လအတွင်းက ဖြစ်ပွားသော ရေဘေးအန္တရာယ်ကြောင့် စုစုပေါင်း လူ ၅၅၃ ဦး သေဆုံးပြီး ၂၂၆ ဦး ပျောက် ဆုံး ခဲ့ သည်။ စက်တင်ဘာလ အတွင်း၌လည်း အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တရပရဒေသ ပြည်နယ် နေရာအချို့တွင် ရေလွှမ်းမိုးမှုကြောင့် ရေဘေး ဒုက္ခသည် ၈၅,၀၀၀ ခန့်အတွက် လေကြောင်းမှ ရိက္ခာချ ပေးခဲ့ရသည်။

အိန္ဒိယနိုင်ငံသည် သီပွဲအချက်အလက်များ စုဆောင်းရေး ကိရိယာနှင့် ဓာတ်ပုံရိုက်ကိရိယာတို့ ပါဝင်သော ရောဟဏီ အမည်ရှိ ဂြိုဟ်တုကို ဘင်္ဂလားပင်လယ်အော် အတွင်းရှိ ဆရိဟာဒိကျွန်းမှ ၁၉၈၁ ခု မေလ ၃၁ ရက်နေ့တွင် အာကာသသို့ လွှတ်တင်ခဲ့သည်။ အဆိုပါ ဂြိုဟ်တုသည် အလေးချိန် ၈၃ ပေါင်ရှိသည်။ ယင်းဂြိုဟ်တုကို အဓိလောင်

အကျယ်အဝန်း။	။၁၂,၂၉,၃၃၇ စတုရန်းမိုင်
လူဦးရေ။	။၆၆,၃၃,၂၆,၀၀၀
မြို့တော်။	။နယူးဒေလီမြို့



အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရဒေသမှ
ပါလီမန်အမတ်အဖြစ် ရွေးကောက်ခံရန်
စည်းရုံးရေးဆင်းနေသူ ရာဂျစ်ဂန္ဒီ



ဦးအုန်း

စာသုံး၍ လေးဆင့်ပျံသန်းသော ၁၇ တန်ရှိ ဒုံးယာဉ်ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ရောဟဏီဂြိုဟ်တုသည် ပစ်လွှတ်ပြီး ၁၂ မိနစ်ကျော် အကြာတွင် မူလ စီစဉ်ထားသော ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ရောက်ရှိသွားပြီး အိန္ဒိယနိုင်ငံအတွင်းရှိ မြေပြင်စခန်းများနှင့် အဆက်အသွယ်ရခဲ့သည်။ အဆိုပါ ဂြိုဟ်တု၏သက်တမ်းသည် ရက်ပေါင်း ၉၀ ဖြစ်မည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်း သော်လည်း အာကာသတွင် ကိုးရက်သာ ပျံသန်းခဲ့သည်။

အုန်း၊ ဦး (ခရစ် ၁၉၁၃–၁၉၈၁)။ ။အဘ ဦးသန့် အမိ ဒေါ်စုန်မေတို့မှ ၁၉၁၃ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့တွင် တောင်ငူမြို့၌ မွေးဖွားသည်။ ငယ်စဉ်က တောင်ငူမြို့ရှိ စိန့်လု သာသနာပြုကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ထိုကျောင်းမှ ၁၀ တန်း အောင်မြင်ခဲ့ပြီးနောက် ရန်ကုန် တက္ကသိုလ်တွင် ပညာဆက်လက် ဆည်းပူးခဲ့သည်။ ပညာသင်ယင်း မြန်မာ့အလင်း သတင်းစာတိုက်တွင် သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။ ဥပဒေ ဝိဇ္ဇာဘွဲ့အတွက် ဆက်လက်ဆည်းပူးယင်း တက္ကသိုလ် သမဂ္ဂတွင် ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်သည်။

၁၉၃၆ ခုနှစ်တွင် တက္ကသိုလ်သမဂ္ဂသပိတ်တိုက်ပွဲနှင့် ကြုံရာ ဥပဒေဝိဇ္ဇာကို မဖြေဖြစ်တော့ပေ။

တက္ကသိုလ် သပိတ်ကြီး လှုန်ပြီးသော အချိန်တွင် အစိုးရ၏ ပညာတော်သင်အဖြစ်ဖြင့် အင်္ဂလန်နိုင်ငံ လီဒ်တက္ကသိုလ်တွင် လူမှုဝန်ထမ်းပညာရပ်ကို သင်ယူခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံသို့ မပြန်တော့ပဲ မဟာပညာရေးဘွဲ့ကို ဆက်လက်ဆည်းပူး ရယူခဲ့သည်။

အင်္ဂလန်နိုင်ငံတွင် နေထိုင်စဉ် မြန်မာနိုင်ငံမှ လွတ်လပ်ရေးအတွက် အရေးဆိုရန် လာရောက်ကြသော ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ကိုယ်စားလှယ်အဖွဲ့အား အကူအညီများစွာပေးခဲ့သည်။

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ကူးသန်းရောင်းဝယ်ရေးနှင့် သမဝါယမဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည်။ ၁၉၄၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ မြန်မာနိုင်ငံ၏ ပထမဆုံး သံအမတ်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်း ခံရပြန်သည်။

၁၉၅၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုဆိုင်ရာ မြန်မာနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ယူရသည်။

၁၉၅၆ ခုနှစ်တွင် သံအမတ်ကြီးအဖြစ်မှ အငြိမ်းစားယူ၍ မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။

၁၉၅၇-၅၈ ခုနှစ်နှင့် ၁၉၆၀-၆၂ခုနှစ် (တော်လှန်ရေးအစိုးရတက်သည်အထိ) ဝန်ကြီးချုပ်၏ အတိုင်ပင်ခံအရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ရန်ကုန်မြို့ ကလေး ဆေးရုံကြီးမှ ဆရာဝန် ဒေါ်သက်သက်နွယ်နှင့် လက်ထပ်သည်။

၁၉၇၀ ပြည့်နှစ် ဇွန်လတွင် နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်ကို ရရှိခဲ့သည်။

၁၉၇၁ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်သူ ဆေးရုံကြီး၌ အဆုတ်ကင်ဆာရောဂါ ဖြင့်ကွယ်လွန်ခဲ့သည်။

အကွဲရာစဉ်အညွှန်း

(၁၉၀၂ ခုနှစ် အကွဲရာစဉ်အညွှန်း)

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အကွဲရာစဉ်ဖြင့်ထည့်သွင်းဖော်ပြထားပါသည်။ မြန်မာ့စွယ်စုံကျမ်း၌ အသုံးပြုထားသော ကာရန်စနစ်အတိုင်း စီစဉ်ထည့်သွင်းပါသည်။ ဦး၊ ဒေါ်၊ ဆရာ စသည့်အသုံးအနှုန်းများကို အမည်၏နောက်၌ ထားရှိပါသည်။ ဂဏန်းအမှတ်များသည် စွယ်စုံနှစ်ချုပ်ပါ အကြောင်းရပ်များ၏ စာမျက်နှာကို ညွှန်းပါသည်။ ပုံစံဆိုသော် ကချင်ပြည်နယ် ၅၄၊ ၁၂၈၊ ၂၅၉။ ဟုဖော်ပြထားရာ ကချင်ပြည်နယ်အကြောင်းရပ်သည် နှစ်ချုပ် ၁၉၀၂ စာမျက်နှာ ၅၄ တွင်လည်းကောင်း၊ စာမျက်နှာ ၁၂၈ တွင်လည်းကောင်း၊ စာမျက်နှာ ၂၅၉ တွင်လည်းကောင်း ဖော်ပြထားကြောင်းကို ညွှန်းဆိုပါသည်။

က

ကချင်ပြည်နယ် ၅၄၊ ၁၂၈၊ ၂၅၉။
ကဒတ်ပီ, ကာနယ်ပိုအမွာအယ် ၁၉၀၊ ၂၀၂။
ကနိတီ, အီလီးယပ်စ် ၂၂၂။
ကနေဒါနိုင်ငံ ၆၂၊ ၁၁၆၊ ၁၂၉။
ကပိဇာ ၁၃၅။
ကဗင်ဒစ်ရှစမ်းသပ်ခန်း ၁၂၉-၁၃၆။
ကယားပြည်နယ် ၅၄၊ ၁၃၆။
ကရာမန်လစ်, ကွန်စတင်တိုင်း ၁၆၃။
ကရူးဂါးအမျိုးသားညီလျာခံ ၇၀။
ကရိန်ဒ်, အာချီဗားဂျိုးဇက် ၁၃၀။
ကရင်ပြည်နယ် ၅၄၊ ၁၃၉။
ကလေးကျန်းမာရေးပညာ ၁၂၂။
ကာတာ, ဂျင်မီ ၁၀၇၊ ၂၇၁၊ ၂၉၀။
ကာတာနိုင်ငံ ၁၀၀။
ကာနီယာ, စတန်နစ္စလော ၂၃၀။
ကာဘိုးဆည် ၁၀၃။
ကာလဝမ်းထောဂါ ၁၁၉။
ကာလှို, ဝှမ် ၁၇၆။
ကာဟီလူ ဘေးမဲ့တော ၆၀။
ကိစရိယာ, ရွာ၊ အော၊ အမ်၊ အာ.ကိစ ၂၉၀။
ကီပရီယာနော, စပိုင်ရို ၁၀၁။
ကုလသမဂ္ဂ ၁၀၄၊ ၁၄၀၊ ၁၄၂၊ ၁၄၄၊ ၁၄၆၊ ၁၄၇၊ ၁၅၀၊ ၁၅၂၊ ၁၅၆၊ ၁၅၉၊ ၂၀၈၊ ၂၁၂၊ ၂၁၆၊ ၂၁၈၊ ၂၂၇၊ ၂၆၀၊ ၂၉၆။
ကုလသမဂ္ဂ၊ ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့(အန်တက်) ၁၄၂။
ကုလသမဂ္ဂ၊ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ၁၆၁၊ ၂၂၃။
ကုလသမဂ္ဂ၊ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများဆိုင်ရာ ညီလာခံ ၁၄၁။
ကုလသမဂ္ဂ၊ လောင်စာစွမ်းအင်သစ်နှင့် ပြန်လည်အသုံးချနိုင်သော လောင်စာစွမ်းအင်ဆိုင်ရာညီလာခံ ၁၄၃။
ကူဝိတ်နိုင်ငံ ၁၄၂၊ ၁၈၈။
ကေလာသတောင် ၆၉။
ကဲရိုက်ခ် ၆၃။
ကော့စတာရိကာသမ္မတနိုင်ငံ ၂၂၀၊ ၂၄၃။
ကိုကိုကြီး၊ ဦး ၁၄၆။
ကိုမိုရော့စ်နိုင်ငံ ၁၄၂။
ကိုရီးယားဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံ ၁၄၆။
ကိုရီးယားသမ္မတနိုင်ငံ ၁၁၂၊ ၁၁၄၊ ၁၁၇၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၄၀၊ ၂၃၂၊ ၂၄၀၊ ၂၄၂၊ ၂၄၈။
ကိုရွှတက်, ဖာရိ ၂၀၅။
ကိုလိုဆီယမ်အဆောက်အအုံ ၈၀၊ ၈၁။
ကိုလံဗီယာအာကာသလွန်းပျံယာဉ် ၂၉၀။
ကင်ချောင်အီ ၁၄၇။
ကင်ဆာထောဂါ ၁၁၉၊ ၁၂၃။
ကင်ညာသမ္မတနိုင်ငံ ၁၄၉၊ ၁၇၂၊ ၁၉၄။
ကင်ဒရူး ၁၃၆။
ကင်ဒေးယုံ ၁၄၈။
ကင်ပင်, လူးဝစ်ဟာရီဏ ၂၄၂။
ကင်အိဆွန်း ၁၄၇။
ကင်းကောလိပ်ခဲ့ပယ် ၈၅။
ကင်းခရေ့ဘူတာရုံ ၈၇။
ကင်းတားရေလှောင်တမံ ဘက်စုံစိမ်းကိန်း ၁၅၀။
ကိုင်အမ်ဆိုက်ဘန်, ဒေါက်တာ ၂၂၃။
ကတ်စထြို, ဖီဒယ် ၁၉၄။
ကန့်ကွန်မြို့ ၂၆၄။
ကုန်းပိတ်နိုင်ငံများ ၁၄၃၊ ၂၉၉။
ကိပ်ဗာဒီနိုင်ငံ ၁၄၂။
ကမ်ပူးချားနိုင်ငံ ၁၄၀၊ ၂၉၂၊ ၂၉၈၊ ၃၀၈။
ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ၁၂၀။
ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ချုပ် ၁၄၄။
ကမ္ဘာ့ဘဏ် ၁၄၄။
ကမ္ဘာ့အကောက်ခွန်နှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေ သဘောတူညီချက်(ဂတ်) ၁၁၅၊ ၁၁၇၊ ၂၉၆။
ကမ္ဘာ့ဓနုဂြိုဟ် ၁၁၇၊ ၁၁၈။
ကျူဘာစ်, လွှဝိ ၈၇။
ကျူးဗားနိုင်ငံ ၂၁၁၊ ၂၂၁၊ ၃၁၅။
ကျော်စိုး၊ ဦး ၁၅၂။
ကျောက်ကျီယန် ၁၉၉၊ ၂၀၄၊ ၂၁၃၊ ၂၆၆။

အကွရာစဉ်အညွှန်း

ကျောက်မီးသွေး ၆၁။
ကျောက်မျက်ရတနာပြပွဲ (၁၉၈၁) ၁၅၃။
ကျောက်ရောဂါ ၁၁၉။
ကျတ်သင်းဘေးမဲ့တော ၆၉။
ကျုံတန်းရေနံမြေ ၆၅။
ကြက်ညှာချောင်းဆိုးရောဂါ ၁၂၂။
ကွန်စတန်တီနိုပိုမြို့ ဂ၂။
ကွန်ပျူတာ ၁၁၄၊ ၁၁၉၊ ၁၆ဂ၊ ၂၉၁၊ ၃၀၉။
ကွမ်တမ်သီအိုရီ ၁၃၀။

ခ

ခရီဆတဲလ်နန်းတော် ဂ၇။
ခါမေနီ, ဟိုဂျာတိုလက်စလမ်အလီ ၁၅၄၊ ၃၀၇။
ခါလက်၊ ဘုရင် ၂၅၃။
ခဲဆိပ်သင့်ခြင်း ၁၅၄။
ခိုမေနီ, အယာတိုလာ ၃၀၅။
ခင်ခင်လေး၊ ဒဂုန် ၁၅၆။
ခင်ညွန့်၊ ဒေါ် (ယုဝတီ) ၁၅၇။
ခေါင်းဖြတ်စက် ၂၃၂။
ချားလ်မင်းသား ၁၈၉၊ ၂၄၇။
ချီလီသမ္မတနိုင်ငံ ၁၅၈၊ ၂၂၆၊ ၂၂၇။
ချင်းပြည်နယ် ၅၄၊ ၁၅၉၊ ၂၅၉။
ချောင်ဆက်စကူး, နီကိုလိုင် ၂၇၄။
ချဒ်သမ္မတနိုင်ငံ ၁၄၂၊ ၁၆၀၊ ၂၀၃။
ချန်ချင်း ၂၀၃။
ချန်ဒူးဝမ် ၁၄၀။
ခွဲစိတ်ကုပညာ ၁၁၀။

ဂ

ဂရိနိုင်ငံ ၁၆၂။
ဂရိဗီသုကာ ၀၀။
ဂါစီယာ, ပိုလီကာပိုပက် ၂၂၀။
ဂါစီယာ, လူကတ် ၁၇၅။
ဂါဇာကမ်းမြောင်ဒေသ ၃၀၁။
ဂီရက်, အက်ဒွပ် ၂၂၉။
ဂီးလဂွတ်, ဆာဂျွန် ၂၇၀။
ဂေါ့သစ်ဗီသုကာ ၇၀၊ ဂ၄။
ဂိုမူးလကား, ဝါဒီစလော ၂၂၉။
ဂိုလန်ကုန်းမြင့် ၁၄၁၊ ၃၀၀။
ဂင်းနီနိုင်ငံ ၁၄၂။
ဂင်းနီဗစ်ဆောနိုင်ငံ ၁၄၂။
ဂိုင်ယာနား ၁၄၀၊ ၂၄၂။
ဂုဏ်ထူးဆောင်ဘွဲ့များ၊
ဂုဏ်ထူးဆောင်တံဆိပ်များ ၁၆၃၊ ၂၄၁။
ဂုဏ်ဘာ၏၊ ဦး ၁၆၅။

ဂန္ဒီ, အင်ဒီရာ ၁၅၀၊ ၂၃၅။
ဂျပန်နိုင်ငံ ၆၂၊ ၁၀၉၊ ၁၁၃၊ ၁၁၆၊ ၁၄၀၊ ၁၅၀၊ ၁၅၆၊ ၁၉၅၊ ၂၀၀၊ ၂၃၅၊ ၂၅၁၊ ၂၆၈၊ ၃၀၀၊ ၃၀၇၊ ၃၁၄။
ဂျမေကာနိုင်ငံ ၂၄၃။
ဂျရွားဆလမ်းမြို့ ၁၄၁၊ ၁၈၇။
ဂျာမနီနိုင်ငံ၊ ပြည်ထောင်စုသမ္မတ ၁၁၁၊ ၁၁၆၊ ၁၅၂၊ ၁၆၉၊ ၁၉၆၊ ၁၉၉၊ ၂၉၀။
ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ၁၄၀၊၁၇၁။
ဂျာရူဇယ်စကီး, ရိုဆီယက် ၂၃၀။
ဂျာဝါရာ, ဆာဒေါ်ဒါ ၁၈၉။
ဂျီနီဗာမြို့ ၂၁၇။
ဂျီဗူတီသမ္မတနိုင်ငံ ၁၇၂။
ဂျီယိုဒယ်ဆစ်ဒုမ်း ၈၉။
ဂျော်ဒန်နိုင်ငံ ၁၄၀၊ ၁၇၃၊ ၁၈၈၊ ၁၉၀။
ဂျွိုစဖာဆင်, ဗရိုင် ၁၃၆။
ဂျစ်မိဆင်ဝမ်ချပ် ၂၅၀။
ဂျမ်ဗီ ၂၁၀။
ဂွာတီမာလာ သမ္မတနိုင်ငံ ၁၇၄၊ ၂၃၉။
ဂွီဗာရာ, အင်နီဘယ် ၁၇၅။

င

ငရဲပန်းစစ်ဆင်ရေး ၂၅၉။

စ

စပီး, ပီတာ ၈၆။
စပယ်ရိ, ရော်ဂျာ ၂၂၁။
စပိန်နိုင်ငံ ၁၄၀၊ ၁၇၅၊ ၂၀၆။
စမိတ်, ဆာဇောဘတ် ၈၇။
စာပေဗိမာန် စာပေနှီးနှောဖလှယ်ပွဲနှင့် စာကမ်းဖတ်ပွဲများ ၁၇၆။
စာပေဗိမာန် စာမူဆု ၁၇၇။
စီယယ်နာကဲသီဒရယ် ၈၄။
စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ပဋိပက္ခြိုးရေးအပွဲ (အိုအီးစီဒီ) ၁၁၁၊ ၁၁၇။
စူဇူကီး, မီဆိုင်ယို ၁၆၄။
စူဇူကီး, ဟချီရော ၁၆၄။
စေးပျစ်ရွပဗေဒ ၁၃၃။
စောဒီထူး၊ ဦး ၁၇၉။
စောလှထွန်း၊ ဒေါက်တာ ၁၇၉။
စက္ကူရုပ်ချိုးပညာ ၁၈၀။
စက်ရုပ် ၁၆၈။
စိုက်ပရပ် သမ္မတနိုင်ငံ ၁၈၁။
စိုက်ပျိုးမွေးမြူရေး ကေဒါသင်တန်း ၂၅၂။
စင်ကာပူ သမ္မတနိုင်ငံ ၁၁၂၊ ၁၁၄၊ ၁၁၇၊ ၁၈၂၊ ၂၉၈။
စစ်ကိုင်းတိုင်း ၅၄၊ ၁၈၂။
စန်းယု၊ ဦး (နိုင်ငံတော် သမ္မတကြီး) ၄၂၊ ၄၄၊ ၄၆၊ ၄၈၊ ၅၂၊ ၉၅၊ ၂၆၈။
စိန့်ဂျိန်ဗီယဲ စာကြည့်တိုက် ၈၇။
စိန့်ပီတာဝတ်ကျောင်းတော် ၈၅။
စိန့်မိုင်ကယ်ခရစ်ဝတ်ကျောင်း ၈၃။
စိန့်လောရင့်ဇိုမက်ဂီအို ခရစ်ဝတ်ကျောင်း ၈၂။
စိန့်အက်တီယန်ခရစ်ဝတ်ကျောင်း ၈၃။
စံပြလုပ်သား စီမံကိန်း ၁၈၃။
စံဝင်း၊ ဦး ၁၈၄။
စံသာအောင်၊ ဦး ၁၈၅။

ဆ

ဆကူရာဥချို, ယိုရှိအို ၁၆၇။
ဆဒတ်, အန္နဝါအယ် ၁၈၆၊ ၂၄၇၊ ၂၅၈၊ ၂၉၀၊ ၃၀၀၊ ၃၁၇။
ဆလင်, ဆလင်အာမက် ၁၄၀။
ဆလမ်, အဗ္ဒဒူ ၁၃၃။
ဆအူးဒီအာရေဗျ ၆၅၊ ၁၁၇၊ ၁၇၃၊ ၁၈၈၊ ၁၉၀၊ ၂၅၃၊ ၂၈၃၊ ၃၀၄။
ဆာကစ်, အီလီယက် ၂၈၂။
ဆိန်ဂမ်ဗီယာ ပြည်ထောင်စု ၁၈၉။
ဆီးရီးယားနိုင်ငံ ၁၇၄၊ ၁၈၈၊ ၁၉၀၊ ၁၉၁၊ ၂၈၁၊ ၃၁၁။
ဆူဇူကီး, ဇင်ကို ၁၆၇၊ ၃၁၄။
ဆူဒန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ၁၄၂၊ ၁၅၀၊ ၁၇၂၊ ၁၉၁။
ဆေးပညာ ၁၁၈၊ ၁၃၆၊ ၂၂၁။
ဆေးရုံသမ္မတနိုင်ငံ ၁၉၃။
ဆိုက်ကိုင်း, အက်ဒွပ် ၂၁၁။
ဆိုတ်လို, ကာလဗို ၁၇၅၊ ၁၇၆။
ဆိုဗီယက်ပြည်ထောင်စု ၅၉၊ ၆၃၊ ၁၇၀၊ ၁၇၁၊ ၁၇၆၊ ၁၉၃၊ ၂၀၆၊ ၂၈၁၊ ၂၈၈၊ ၂၉၀၊ ၃၀၁၊ ၃၁၀။
ဆိုမားလီးယား ၁၄၂၊ ၁၇၂၊ ၁၇၃။
ဆောက်လုပ်မှုအင်ဂျင်နီယာပညာ ၇၀၊ ၈၁။
ဆိုက်ဗေးရီးယားဒေသ ၁၇၀၊ ၁၉၅၊ ၁၉၆။
ဆည်တော်ကြီးရေလှောင်တမံ ၂၆၅။
ဆတ္တား, အဗ္ဗဒပ် ၂၅၃။
ဆန်တိုယာမာဟို, အန်တိုနီယိုဒို ၂၂၀။
ဆမ်နဂျိုမာ ၂၁၇။

ကုန်ကျစရိတ်ကို ကြိုတင်ခန့်မှန်းခြင်း ၁၂၈။
ကုန်ကျစရိတ်ကို ထိန်းချုပ်ခြင်း ၁၂၈။
ကုန်ကျစရိတ်ကို ထိန်းသိမ်း

ကြက်သွေး (ရေနံချေး) ၂၇၅
ကြက်သွေးစိမ်းဆေးခြယ်သည့် ၂၁၄၊ ၂၁၅၊ ၂၁၆ ပုဒ်မများ ၂၆၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄ ပုဒ်မများ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄ ပုဒ်မများ
ကြက်သွေးနီ ၂၅၁
ကြက်သွေးဖြူ ၂၅၆
ကြက်သွေးဝါ ၂၅၂
ကြက်သွေးအစိမ်း ၂၅၄
ကြက်သွေးအပြာ ၂၅၃
ကြက်သွေးအမဲ ၂၅၅
ကြက်သွေးအရောင်စုံ ၂၅၇
ကြက်သွေးအရောင်စုံ ၂၅၈
ကြက်သွေးအရောင်စုံ ၂၅၉
ကြက်သွေးအရောင်စုံ ၂၆၀
ကြက်သွေးအရောင်စုံ ၂၆၁
ကြက်သွေးအရောင်စုံ ၂၆၂
ကြက်သွေးအရောင်စုံ ၂၆၃
ကြက်သွေးအရောင်စုံ ၂၆၄
ကြက်သွေးအရောင်စုံ ၂၆၅
ကြက်သွေးအရောင်စုံ ၂၆၆
ကြက်သွေးအရောင်စုံ ၂၆၇
ကြက်သွေးအရောင်စုံ ၂၆၈
ကြက်သွေးအရောင်စုံ ၂၆၉
ကြက်သွေးအရောင်စုံ ၂၇၀
ကြက်သွေးအရောင်စုံ ၂၇၁
ကြက်သွေးအရောင်စုံ ၂၇၂
ကြက်သွေးအရောင်စုံ ၂၇၃
ကြက်သွေးအရောင်စုံ ၂၇၄
ကြက်သွေးအရောင်စုံ ၂၇၅
ကြက်သွေးအရောင်စုံ ၂၇၆
ကြက်သွေးအရောင်စုံ

ကျောင်းသားအသင်းအဖွဲ့များ၏ ရည်ရွယ်ချက်များ ၅၀။

အကွက်ရာဇဝင်အညွှန်း

ဟောင်ကောင်ကျွန်း ၁၁၂၊ ၁၁၄၊ ၂၉၈။
ဟစ်စတိုရီဇမ်း ၈၇။
ဟွန်ဒူးရပ်သမ္မတနိုင်ငံ ၂၂၀၊ ၂၄၃။
ဟွန်နက်ကာ, အဲရစ် ၁၇၁။

အ

အကိရာယိုရှိဇဝါ ၁၈၀။
အစားထိုးလောင်စာ ၆၀၊ ၆၂၊ ၁၁၃။
အဏုမြူဆော့ဖ်ဝဲခြည် ၁၂၅။
အတွင်းဟင်းလင်းဇွင် ၈၁၊ ၈၄။
အထက်ဗော်လတာနိုင်ငံ ၁၄၂။
အနာကြီးရောဂါ ၁၂၀။
အနောက်တောင်အာဖရိက
ပြည်သူ့အဖွဲ့ (ဆွာပို) ၂၁၀၊ ၂၁၇။
အနောက်တိုင်း ဗီသုကာလက်ရာ ၇၇-၉၀။
အပြောက်ဗီသုကာ ၇၈၊ ၈၄။
အပြည်ပြည်ဆိုင်ရာ ငွေကြေး
ရန်ပုံငွေအဖွဲ့ ၁၁၆။
အပြည်ပြည်ဆိုင်ရာ စီးပွားရေး
စနစ်သစ် ၁၄၁။
အပြည်ပြည်ဆိုင်ရာသဘာဝ
ထိန်းသိမ်းရေးအဖွဲ့ချုပ် ၇၀။
အပြည်ပြည်ဆိုင်ရာအဏုမြူ
စွမ်းအင်ဌာန (အိုင်အေအီးအေ) ၃၀၄။
အမေရိကန်ပြည်ထောင်စု ၅၈၊ ၅၉၊ ၆၂၊
၇၀၊ ၈၇၊ ၁၁၀၊ ၁၁၁၊
၁၁၆၊ ၁၄၀၊ ၁၅၉၊ ၁၆၇၊
၁၇၄၊ ၁၈၇၊ ၁၉၉၊ ၁၉၅၊
၁၉၉၊ ၂၂၀၊ ၂၂၅၊ ၂၂၆၊
၂၃၈၊ ၂၅၀၊ ၂၇၁၊ ၂၈၁၊
၂၈၃၊ ၂၈၅၊ ၂၉၉၊ ၃၀၁၊
၃၀၃၊ ၃၁၁၊ ၃၁၃၊ ၃၁၄။
အမျိုးသားစာပေဆု(မြန်မာနိုင်ငံ) ၂၉၀။
အရွှေတောင်အာရှနိုင်ငံများအဖွဲ့
(အေစီယင်) ၁၁၄၊ ၁၆၉၊
၂၉၁၊ ၃၀၄။
အလုပ်သမားအစည်းအရုံး ၂၉၃။
အလယ်ပိုင်းအာဖရိကနိုင်ငံ ၁၄၂။
အသားဝါရောဂါ ၁၁၉။
အသားအရောင်ခွဲခြားမှုဝါဒ ၁၄၀၊ ၂၀၈။
အာဇာနည်ပန်းတိုင် ၁၀၈။
အာဏာသိမ်းစစ်တပ် ၁၀၆။
အာဖဂန်စတန်နိုင်ငံ ၁၄၀၊ ၁၄၂၊ ၁၉၅၊
၂၂၅၊ ၂၉၈။
အာဖရိကညီညွတ်ရေးအဖွဲ့ ၂၁၈၊ ၂၈၃။
အာဖရိကဦးချိုဒေသ ၁၇၃။
အာမင်, အီဒီ ၂၁၁။
အာရဖတ်, ယာဆာ ၁၆၉၊ ၃၀၈။
အာရပ်စော်ဘွားများပြည်ထောင်စု ၁၈၈။
အာရပ်မို့ုင်, ဒင်နီရယ်တီ ၁၄၃၊ ၁၄၉၊ ၁၅၀။
အာရပ်အဖွဲ့ချုပ် ၁၈၈။
အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ
စီးပွားရေးနှင့် လူမှုရေးကော်မရှင်
(အက်စကက်) ၂၉၈။
အာဝမ်းဒါးနိုင်ငံ ၁၄၂။
အိုဂျစ်အာရပ်သမ္မတနိုင်ငံ ၇၉၊ ၁၁၇၊ ၁၉၂၊
၂၄၆၊ ၂၅၈၊ ၃၀၀။
အိတလီနိုင်ငံ ၆၄၊ ၈၄၊ ၈၆၊ ၁၁၂၊ ၁၁၆၊
၁၉၆၊ ၂၉၀။
အိတို့, မာဆာယိုရှိ ၁၆၇။
အိနာမိုမိဇူထနီ ၁၆၄။
အိဖဲလ်မျော်စင် ၈၇၊ ၈၈။
အိဗရင်း, ကီနန် ၂၀၅။
အိရတ်သမ္မတနိုင်ငံ ၁၁၇၊ ၁၄၂၊ ၁၇၉၊ ၂၀၉၊
၃၀၃၊ ၃၁၇။
အိရန်နိုင်ငံ ၅၉၊ ၇၉၊ ၁၁၇၊ ၁၅၄၊ ၂၀၅၊
၂၀၉၊ ၂၉၀၊ ၃၀၅။
အိလက်တီဇမ်းအနုပညာဝါဒ ၈၇။
အိလက်ထရွန် ၁၃၀၊ ၁၃၅။
အိသိယိုးပီးယားနိုင်ငံ ၁၄၂၊ ၁၇၂၊ ၁၉၃။
ဥမင်ပေါင်းကူးများ ၇၈။
ဥရောပဘုံစျေးအဖွဲ့ (အီးအီးစီ) ၁၁၁၊ ၁၆၃၊
၁၆၈၊ ၁၉၆၊
၂၀၃၊ ၂၀၆၊ ၃၀၀။
အီတလီနိုင်ငံ ၆၄၊ ၈၄၊ ၈၆၊ ၁၁၂၊ ၁၁၆၊
၁၉၆၊ ၂၉၀။
အီတို့, မာဆာယိုရှိ ၁၆၇။
အီနာမိုမိဇူထနီ ၁၆၄။
အီဖဲလ်မျော်စင် ၈၇၊ ၈၈။
အီဗရင်း, ကီနန် ၂၀၅။
အီရတ်သမ္မတနိုင်ငံ ၁၁၇၊ ၁၄၂၊ ၁၇၉၊ ၂၀၉၊
၃၀၃၊ ၃၁၇။
အီရန်နိုင်ငံ ၅၉၊ ၇၉၊ ၁၁၇၊ ၁၅၄၊ ၂၀၅၊
၂၀၉၊ ၂၉၀၊ ၃၀၅။
အီလက်တီဇမ်းအနုပညာဝါဒ ၈၇။
အီလက်ထရွန် ၁၃၀၊ ၁၃၅။
အီသီယိုးပီးယားနိုင်ငံ ၁၄၂၊ ၁၇၂၊ ၁၉၃။
ဥမင်ပေါင်းကူးများ ၇၈။
ဥရောပဘုံစျေးအဖွဲ့ (အီးအီးစီ) ၁၁၁၊ ၁၆၃၊
၁၆၈၊ ၁၉၆၊
၂၀၃၊ ၂၀၆၊ ၃၀၀။
အူချီယာမာ, အိုကီမာဆာ ၁၈၀။
ဇော်ဝတီတိုင်း ၅၅၊ ၃၁၀။
အောဇ်စလေယာဉ် ၁၇၀၊ ၁၈၈၊ ၂၉၀၊
၃၀၃၊ ၃၀၈။
အယ်ဂျီးရီးယားနိုင်ငံ ၁၄၂၊ ၁၄၅၊၁၈၈။
အယ်ဆာမေဒိုနိုင်ငံ ၂၃၂၊ ၂၄၃၊ ၂၆၄၊ ၃၁၁။
အယ်လဘေးနီးယားနိုင်ငံ ၁၉၇။
အယ်အာမက် အယ်ဆာဘား,
ဇီတ်ဂျာဘာ ၁၄၅။
အော့တဝါမြို့ ၁၂၉။
အော်ဒါ (အခြေခံတိုင်များ) ၇၉။
အော်ရိဂါမီ ၁၈၀။
ဩစတြီးယား ၁၆၉၊ ၁၉၆။
ဩစတြေးလျနိုင်ငံ ၆၂၊ ၁၁၃၊ ၁၁၄။
အိုပက် ၁၁၇၊ ၂၇၂။
အိုပင်ဟိန်းမား, မစ္စလီလီယန် ၁၈၀။
အိုဘိုတေ, မိလတန် ၁၄၉။
အိုမန်နိုင်ငံ ၁၁၇၊ ၁၈၈။
အိုလင်းပစ်အားကစားနန်းတော် ၈၉။
အက်ကွာဒေါ်နိုင်ငံ ၂၂၆။
အက်ခရိုပိုလစ် ၇၉။
အက်စတွန် ၁၃၅။
အက်ဆ်ပရက်ရှန်နီဇမ်း ၈၈။
အက်တီဒွန်, ဟက်ဆန်ဂူးလက် ၁၇၂။
အက်တမ်ရှုပဗေဒ ၁၃၅။
အိုက်စလန်ကျွန်း ၆၄။
အင်ကိုမို့, ဂျိုရှွဝါ ၁၉၉။
အင်ဂိုလာနိုင်ငံ ၁၇၂။
အင်တာဗရှန် ၁၂၆။
အင်တီဂွာနှင့် ဗာဗူဒါနိုင်ငံ ၁၄၀။
အင်ဒိုနီးရှားနိုင်ငံ ၇၁၊ ၁၁၄၊ ၂၀၅၊ ၂၉၂၊
၂၉၈၊ ၃၁၃။
အောင်စိန်၊ အမယ်ကြီးအို ၃၁၅။
အိုင်စတိုင်း ၁၃၀။
အိုင်စတိုင်းတာဝါအဆောက်အအုံ ၈၈။
အိုင်ဆိုတုပ် ၁၃၁၊ ၁၃၅။
အိုင်ယာလန်သမ္မတနိုင်ငံ ၁၄၀။
အစ္စရေးသမ္မတနိုင်ငံ ၁၄၁၊ ၁၄၂၊ ၁၄၄၊
၁၈၈၊ ၁၉၁၊ ၂၁၅၊ ၂၈၁၊
၃၀၃၊ ၃၀၈၊ ၃၁၆။
အိန္ဒိယပြည်ထောင်စု သမ္မတနိုင်ငံ ၇၁၊ ၂၂၅၊
၂၅၁၊ ၂၅၃၊ ၂၈၆၊
၂၉၈၊ ၃၁၁၊ ၃၁၈။
အုန်း၊ ဦး ၃၂၀။
အိပ်စရေးလိုင်းကွေ့ခြင်းနည်း ၁၃၆။

ခ၅၂၄